http://www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးအပ်သော

နိုင်ငံတော်သီးခြားဝိနည်းခုံရုံးအဖွဲ့အမှတ် (၁၇/၂၀၁၁)

၏

# ရှင်ဉာဏဦးဆောင်သော မိုးပြာကိုဏ်းသားတို့၏

# အယူဝါဒအပေါ်

ဓမ္မ—အဓမ္မ အငြင်းပွားမှုစစ်း

ဆုံး ဖြတ် ချက်

သာသနာနှစ်-၂၅၅၅ ကောဇာနှစ်-၁၃၇၃ ခရစ်နှစ်-၂၀၁၁

http://www.dhammadownload.com

http://www.dhammadownload.com



# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးအပ်သော
# နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇/၂၀၁၀) ၏

## ဆုံး ဖြတ် ချက်

### နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | တာဝန် | အသက်/သိက္ခာ | ကျောင်း/ကျောင်းတိုက် | မြို့ |
|---|---|---|---|---|---|
| ၁။ | ဘဒ္ဒန္တကဝိန္ဒာစာရ (အဂ္ဂမဟာပဏ္ဍိတ) | (သဘာပတိ) | ၇၆/၅၆ | ဓမ္မလင်္ကာရရေအေးလျှပ်စစ်ကျောင်း | သာစည်မြို့ |
| ၂။ | ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | (အဖွဲ့ဝင်) | ၆၅/၄၅ | မင်းကျောင်းပထမပြန်စာသင်တိုက် | သန်လျင်မြို့ |
| ၃။ | ဘဒ္ဒန္တသောဘဏ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | (အဖွဲ့ဝင်) | ၆၃/၄၃ | မဟာဝိသုတာရာမအလယ် | ပခုက္ကူမြို့ |
| ၄။ | ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ (သ-စ-အ ဓမ္မာစရိယ) | (အဖွဲ့ဝင်) | ၆၂/၄၂ | သာသနာ့ဇောတာရုံကျောင်းတိုက် | မတ္တရာမြို့နယ် |
| ၅။ | ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (သ-စ-အ ဓမ္မာစရိယ) | (အဖွဲ့ဝင်) | ၅၇/၃၇ | ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ် | မန္တလေးမြို့ |

| | | |
|---|---|---|
| စောဒက | = | ဘဒ္ဒန္တအဂ္ဂဉာဏပါ (၆) ပါး၊ ချမ်းမြသာစည်ကျောင်းတိုက်၊ ဘုရားချောင်းရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| စုဒိတက | = | ရှင်ဉာဏဦးဆောင်သည့် မိုးပြာဂိုဏ်းသားများ၊ အနုဝါဒယဉ်ကျေးမှုမိုးပြာခြံ၊ ကျီကုန်းရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| အကြောင်းအရာ | = | မိုးပြာဂိုဏ်းသားတို့၏ အယူဝါဒအပေါ် ဓမ္မ-အဓမ္မအငြင်းပွားမှုခင်း |
| စတင်ဖွဲ့စည်းသည့်နေ့ | = | ၁၃၇၃-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက် (၂၈-၁-၂၀၁၁) သောကြာနေ့၊ |
| ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ | = | ၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက် (၁၅-၁၁-၂၀၁၁) အင်္ဂါနေ့။ |

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမနှင့် ပဋိညာဉ် | က |
| ၂။ | သဘာပတိ ဆရာတော်ကြီး၏ ဩဝါဒ | ဂ |
| ၃။ | မိုးပြာဝိနိစ္ဆယ မဟာနိဒါန်း | ၁ |
| ၄။ | မိုးပြာဝါဒဝိနိစ္ဆယ | ၁၅ |
| ၅။ | "အမှတ်(၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၀ |
| ၆။ | "အမှတ်(၂) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၅ |
| ၇။ | "အမှတ်(၃) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၂ |
| ၈။ | "အမှတ်(၄) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၇ |
| ၉။ | "အမှတ်(၅) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၄၆ |
| ၁၀။ | "အမှတ်(၆) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၅၂ |
| ၁၁။ | "အမှတ်(၇) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၅၇ |
| ၁၂။ | "အမှတ်(၈) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၆၃ |
| ၁၃။ | "အမှတ်(၉) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၆၉ |
| ၁၄။ | "အမှတ်(၁၀) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၈၆ |
| ၁၅။ | "အမှတ်(၁၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၉၀ |
| ၁၆။ | "အမှတ်(၁၂) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၉၈ |
| ၁၇။ | "အမှတ်(၁၃) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၀၈ |
| ၁၈။ | "အမှတ်(၁၄) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၁၄ |
| ၁၉။ | "အမှတ်(၁၅) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၁၉ |
| ၂၀။ | "အမှတ်(၁၆) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၂၅ |
| ၂၁။ | "အမှတ်(၁၇) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၃၀ |
| ၂၂။ | "အမှတ်(၁၈) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၃၃ |
| ၂၃။ | "အမှတ်(၁၉) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၃၈ |
| ၂၄။ | "အမှတ်(၂၀) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၄၃ |
| ၂၅။ | "အမှတ်(၂၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၄၉ |
| ၂၆။ | "အမှတ်(၂၂) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၆၀ |
| ၂၇။ | "အမှတ်(၂၃) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၇၀ |
| ၂၈။ | "အမှတ်(၂၄) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၇၈ |
| ၂၉။ | "အမှတ်(၂၅) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၈၆ |
| ၃၀။ | "အမှတ်(၂၆) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၁၉၃ |
| ၃၁။ | "အမှတ်(၂၇) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၀၀ |

http://www.dhammadownload.com

## မိုးပြာဝိနိစ္ဆယ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | "အမှတ်(၂၈) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၀၈ |
| ၃၃။ | "အမှတ်(၂၉) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၁၄ |
| ၃၄။ | "အမှတ်(၃၀) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၂၁ |
| ၃၅။ | "အမှတ်(၃၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၂၆ |
| ၃၆။ | "အမှတ်(၃၂) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၃၁ |
| ၃၇။ | "အမှတ်(၃၃) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၃၅ |
| ၃၈။ | "အမှတ်(၃၄) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၄၃ |
| ၃၉။ | "အမှတ်(၃၅) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၆၅ |
| ၄၀။ | "အမှတ်(၃၆) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၇၆ |
| ၄၁။ | "အမှတ်(၃၇) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၈၄ |
| ၄၂။ | "အမှတ်(၃၈) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၂၉၆ |
| ၄၃။ | "အမှတ်(၃၉) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၀၃ |
| ၄၄။ | "အမှတ်(၄၀) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၁၄ |
| ၄၅။ | "အမှတ်(၄၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၂၅ |
| ၄၆။ | "အမှတ်(၄၂) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၃၃ |
| ၄၇။ | "အမှတ်(၄၃) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၃၈ |
| ၄၈။ | "အမှတ်(၄၄) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၄၈ |
| ၄၉။ | "အမှတ်(၄၅) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၅၇ |
| ၅၀။ | "အမှတ်(၄၆) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၆၂ |
| ၅၁။ | "အမှတ်(၄၇) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၇၀ |
| ၅၂။ | "အမှတ်(၄၈) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၈၂ |
| ၅၃။ | "အမှတ်(၄၉) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၈၇ |
| ၅၄။ | "အမှတ်(၅၀) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၉၀ |
| ၅၅။ | "အမှတ်(၅၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၉၅ |
| ၅၆။ | "အမှတ်(၅၂) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်" | ၃၉၈ |
| ၅၇။ | "အဓမ္မဝါဒဟောင်းများကို ရေးသားထားခြင်း ဟုတ်/မဟုတ်စိစစ်ဆုံးဖြတ်ချက်" | ၄၀၄ |
| ၅၈။ | "နိဂမနကထာနှင့် ဥယျောဇနကထာ" | ၄၁၃ |
| ၅၉။ | "မေတ္တာရပ်ခံ တိုက်တွန်းလွှာ" | ၄၂၉ |
| ၆၀။ | "နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇/၂၀၁၁) ၏ဆုံးဖြတ်ချက် ပုံစံ (၇)" | |

http://www.dhammadownload.com


## "ပဏာမနှင့် ပဋိညာဉ်"

(က) **မိစ္ဆာဝါဒဝိသောဓေန္တံ ၊ ဓမ္မစက္ကံ ပဝတ္တယံ ။**
**ဝိဘဇ္ဇဝါဒီ ဥက္ကဋ္ဌံ ၊ နတွာ သမ္ဗုဒ္ဓပူဇိတံ ။**
**ဓမ္မံ အရိယသံဃဥ္စ ၊ ကရိဿာမ ဝိနိစ္ဆယံ ။**
(ခ) **ပါဠိဋ္ဌေဝ တဗ္ဗဏ္ဏနဥ္စ ၊ ပဿိတွာန ယထာတထံ ။**
**သာသနဿ ဝိသဒါယ ၊ ဋီကာယာ စာဘိဝုဒ္ဓိယာ ။**

(က) **မယံ**= ဓမ္မ+အဓမ္မ ခွဲခြားပြဖို့ သံယာ့ဦးတင် ထေရ်အရှင်တို့ တာဝန်ပေးရာ ချိန်အခါဝယ် ကောင်းစွာလေးမူ ခံယူဆောင်ရွက်ကြရပါကုန်သော ကဝိန္ဒာစာရ-စန္ဒိမာဘိဝံသနှင့် သောဘန+ ဝိသုဒ္ဓါဘိဝံသ-ဝါသေဋ္ဌာဘိဝံသ ဘွဲ့နာမဖြင့် အမှတ် (၁၇) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ခေါ်ဆိုမှည့်ခေါ် တပည့်တော်တို့သည်၊ **မိစ္ဆာဝါဒဝိသောဓေန္တံ**= မျက်စိလည်သူ ပမာတူပင် ရှစ်ခွင်ဒိသာ ဟုတ်မှန်ပါလည်း မှန်စွာမသိ သူ၏အမြင့်သူ့အထင်သာ ဟုတ်မှန်ရာဟု မှားယွင်းစွာ ပြောဟောကြောင်းဖြစ်သော မိစ္ဆာဝါဒကို သုတ်သင်ဖြိုခွင်း ထူးခြားစွာသန့်ရှင်းစင်ကြယ်စေတော်မူတတ်ထသော၊ **ဓမ္မစက္ကံ**= သမဏ ဗြဟ္မဏ နတ်ဒေဝါနှင့် တစ်ဖြာမာရ ဘဝဂ္ဂပြဟ္မာ သုံးဖြာလောက ရှိသမျှတွင် တစ်စုံတစ်ယောက်မျှ မလည်စေအပ် အဖြစ်စေအပ်နိုင်သော ပဋိဝေဓဉာဏ်, ဒေသနာတော်ဉာဏ် တည်းဟူသော ဓမ္မရတနာ ဘီးစကြာကို၊ **ပဝတ္တယံ**= သဗ္ဗဉ်ဉာဏ်အား စွမ်းပကားဖြင့် မနားမရပ် လည်ပတ်လိမ့်စေ ဖြစ်စေတော်မူတတ်ထသော၊ **ဝိဘဇ္ဇဝါဒီ-ဝိဘဇ္ဇဝါဒိနံ**= ကောင်းဆိုးနှစ်တန် မှားအမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပြောဆို ဟောကြားလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့၏။ (ဝါ) ကောင်း+ဆိုးနှစ်တန် မှားအမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပြောဆို ဟောကြားလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့တွင်၊ **ဥက္ကဋ္ဌံ**= တုသော်မတူ ပြိုင်မူမရ သုံးလောကဦးသျှောင် ဘုန်းခေါင်ဥက္ကဋ္ဌ အမြတ်ဆုံးဖြစ်တော်မူသော၊ **ဗုဒ္ဓဥ္စ**= သစ္စာလေးပါး ဉေယျဓမ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ (ဝါ) အနုဗုဒ္ဓ သာဝကဉာဏ် မဆက်ဆံဘဲ နက်နဲစူးရှ ဝဇီရပမာ လေးသစ္စာကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ **သမ္ဗုဒ္ဓပူဇိတံ**= ယုံကြည်မြတ်နိုး ကြိုးကြိုးစားစား ကျင့်သောအားဖြင့် အခြားမမြော် သင့်လျော်လျောက်ပတ် ဘုရားကိုယ်တော်မြတ်သည် ပူဇော်အပ် တော်မူအပ်သော၊ **ဓမ္မဥ္စ**= ကိလေသာရန် အတန်တန်ကို တွန်းလှန်ဖြိုဖျက် နှိပ်စက်ခုတ်ထွင် အောင်မြင် တော်မူတတ်သော မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ **ပုညက္ခေတ္တံ**= (ပါဌသေသ) ကုသိုလ်ကောင်းမှု စုစုစိုက်ပျိုး အမျိုးမျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တော်မူသော၊ **အရိယသံဃဥ္စ**= မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထအရိယာသံဃာတော်မြတ် အပေါင်းကို လည်းကောင်း၊ **နတွာ နမာမ**= ဘယလာဘ ကုသစာရ မိစ္ဆာဂတိ မငြိမောဟ ကင်းစင်ပလျက် ကြည်စွသဒ္ဓါ စေတနာဖြင့် လွန်စွာမြတ်နိုး ရှိခိုးကြကုန်ပါ၏ မြတ်စွာဘုရား။ (ဝါ) ဂုဏ်တော်အထူးထူး မျှော်ရည်စူးလျက် ချီးကျူးမြတ်နိုး ကိုင်းညွတ်ကျိုးကာ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။ နတွာ- ဘယာလာဘ ကုလစာရမိစ္ဆာဂတိ မငြိမောဟ ကင်းစင်ပလျက် ကြည်စွသဒ္ဓါ စေတနာဖြင့် လွန်စွာမြတ်နိုး

http://www.dhammadownload.com


ရှိခိုးကြကုန်ပြီး၍ (ဝါ) ဂုဏ်တော်အထူးထူး မျှော်ရည်စူးလျက် ချီးကျူးမြတ်နိုး ကိုင်းညွတ်ကျိုးကာ ရှိခိုးကြပါကုန်ပြီး၍၊

(ခ) **ပါဠိဉ္စေဝ**= ဘုရားဟောဖော် မုခပဒ်ပါဠိတော်ကိုလည်းကောင်း၊ **တဗ္ဗဏ္ဏနဉ္စ**= ကျမ်းပြုအရာ လိမ္မာပေါ်ထင် အရှင်မြတ်တို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ **ဋီကာ** အဖြာဖြာတို့ကိုလည်းကောင်း ၊ **ပဿိတွာန**=ကြည့်ရှုကြကုန်လျက်၊ ယထာတထံ= ပါဠိ, **အဋ္ဌကထာ ဋီကာ**လာတိုင်း (ဝါ) ဘုရားဟောဖော် ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ မိန့်ဆိုလာသည့်**အတိုင်း**၊ **သာသနဿ**= အံ့ဘွယ်ရှစ်ဖြာ ပြည့်စုံစွာသည့် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး၏။ (ဝါ) **သိက္ခာ**သုံးရပ် အကျင့်မြတ်၏တည်ရာ သာသနာတော်မြတ်ကြီး၏၊ **ဝိသဒါယ စ**= မိစ္ဆာညစ်ကြေး မြူမှေးမတင် သန့်ရှင်းစင်ကြယ်ပါစေခြင်း အကျိုးငှာလည်းကောင်း၊ **ဌိတိယာ စ**= မယိမ်းမယိုင် ကျောက်စာတိုင်ဟန် မြဲမြံခိုင်ခံ့ တည်တံ့ပါစေခြင်း အကျိုးငှာလည်းကောင်း၊ **အဘိဝုဍ္ဎိယာ စ**= တိုးတက်ပြန့်ပွား ထွန်းကားပါစေခြင်းအကျိုးငှာ လည်းကောင်း၊ **ဝိနိစ္ဆယံ ဓမ္မာဓမ္မဝိနိစ္ဆယံ**= ဓမ္မ, အဓမ္မ ဝိနိစ္ဆယကို (ဝါ) ပစ္စုပ္ပန်ကမ္ဘဝါဒ ဓမ္မမညီ သွေဖီမှန်လှ အဓမ္မသတ် မှန်သင့်မြတ်သော အဆုံးအဖြတ်ကို၊ **ကရိဿာမ**= သာသနာနောင်ရေး မြော်ခေါ်တွေး၍ ရေးသားပြုပြင် စီရင်ကြပါကုန်အံ့ (ဝါ) ဆုံးဖြတ်ကြပါကုန်အံ့။ ။

http://www.dhammadownload.com


# နိုင်ငံတော်သီးခြားဝိနည်းဆိုင်ရာအဖွဲ့
## အမှတ် (၁၇/၂၀၁၁)
## သဘာပတိဆရာတော်၏ ဩဝါဒကထာ

ဆ ဝိဝါဒမူလာနိ ဣဓာဝုသော ဘိက္ခု ကောဓနော ဟောတိ ဥပနာဟီ။ ယောသော အာဝုသော (လ) သော သံဃေ ဝိဝါဒံ ဇနေတိ၊ ယော ဟောတိ ဝိဝါဒေါ ဗဟုဇနာဟိတာယ ဗဟုဇနာသုခါယ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဧဝရူပံ စေ တုမှေ အာဝုသော ဝိဝါဒမူလံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သမနုပဿေယျာထ၊ တတြ တုမှေ အာဝုသော တဿေဝ ပါပကဿ ဝိဝါဒမူလဿ ပဟာနာယ ဝါယမေယျာထ။ (ဒီ-၃၊ ၂၀၄)

ဟူ၍ သုတ်ပါထိက ပါဠိတော်သင်္ဂီတိသုတ်၌ လာရှိသည့်အတိုင်း ဝိဝါဒဖြစ်ရခြင်း၏ အကြောင်းရင်းများကား-

(၁) အမျက်ထား ရန်ငြိုးသိုမှု။

(၂) သူ့ဂုဏ်ကျေးဇူးကို ချေဖျက်မှု၊ ပြိုင်ဆိုင်မှု။

(၃) မနာလို မရှုစိမ့်နိုင်မှု ဝန်တိုမှု။

(၄) သဘောထားမဖြောင့်စင်းပဲ စဉ်းလဲကောက်ကျစ်မှု၊ ကိုယ့်အပြစ်ကို ဖုံးလွှမ်းလှည့်ပတ်မှု။

(၅) အဆင့်နိမ့်သော အယူအဆ မှားသောအယူအဆရှိမှု။

(၆) မိမိအပြစ်ကို မစွန့်လွှတ်နိုင်၊ ဆုပ်ကိုင်ထားမှု

တို့ဖြစ်ပါသည်။

တရားကိုယ်အားဖြင့် လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ, ဒိဋ္ဌိစသော အကုသိုလ်တရားဆိုးအစုတို့သာဖြစ်ကြောင်း တွေ့ရပေသည်။ ဓမ္မ-အဓမ္မငြင်းခုံသူတို့သည် ဤတရားဆိုးတို့၏ အပြစ်ကို ကြည့်ရှုကြ၍ ပုဂ္ဂိုလ်တို့အပေါ်၌ အပြစ်မမြင်ကြရန် အထူးလိုအပ်လှပေသည်။

ပုထုဇဉ်တို့၏သဘောမည်သည် ဆိုခဲ့သောအကုသိုလ်တရားဆိုးများ ပူးဝင်သက်ရောက်ခြင်းခံရသည့်အခါတွင် မည်သူမဆို အမှန်ကိုအမှား၊ အမှားကိုအမှန်ဟူ၍မြင်ကာ အမှန်ကိုစွန့်လွှတ်တတ်ကြကုန်သည်။

ဤနည်းအားဖြင့်အမှားတို့သည်သာဆင့်ကာဆင့်ကာ ဖြစ်ပေါ်လာကြရပြီးအားကြီးလာသည့်အခါစိတ်ထဲတွင်သာမထားနိုင်ကြတော့ပဲ နှုတ်အားဖြင့် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား ပြစ်မှားလွန်ကျူးခြင်းများပြုလုပ်ပြီး ရိုသေကိုင်းရှိုင်းမှုများမရှိမူ၍ သံဃာတော်၌ငြင်းခုံခြင်းကို ဖြစ်စေပေတော့သည်။

ထိုထက်လွန်စွာ ကြီးထွားလာသောအခါဝယ် -

(၁) အတ္တာနုဝါဒဘယ = မိမိကိုယ်ကို မိမိစွပ်စွဲနှိပ်စက်သည့်ဘေး၊

http://www.dhammadownload.com


(၂) ပရာနုဝါဒဘယ = သူတစ်ပါးတို့က စွပ်စွဲနှိပ်စက်သည့်ဘေး၊
(၃) ဒဏ္ဍဘယ = တုတ်, ဓား, လက်နက်ဆွဲကိုင်တိုက်မှုဖြစ်ခြင်း၊ မင်းပြစ် မင်းဒဏ်သင့်ခြင်းစသော ဒဏ္ဍဘေး၊
(၄) ဒုဂ္ဂတိဘယ = သေသည်၏အခြားမဲ့၌ အပါယ်သို့ကျရောက်ရခြင်းဘေး၊

ဟူသော ဘေးကြီးလေးပါးသင့်ရောက်တတ်ပေသည်။

ဘေးကြီးလေးပါးတို့တွင် (၁) မှ (၃) ထိဘေးတို့သည် လက်ရှိဘဝ၌ပင် သင့်ရောက်သော ဘေးများဖြစ်သည်။ ဤသို့သောဘေးများသင့်သည့်အခါ လူအများတို့၏အကျိုးစီးပွား ပျက်စီးမှု (ဗဟုဇနအဟိတ)၊ လူအများတို့၏ ချမ်းသာခြင်းကင်းမှု (ဗဟုဇနအသုခ)၊ ကိုယ်စိတ်ပင်ပန်းဆင်းရဲမှုတို့ ဖြစ်ကြရကုန်သည်။

ထို့ကြောင့် ဆိုခဲ့ပြီးသော အငြင်းအခုံဖြစ်ရခြင်းအကြောင်းတရား (ဝိဝါဒမူလ) တို့ကို ဖယ်ရှားမှု မပြုနိုင်ပါက (ဝါ) မိမိ၏စိတ်အစဉ်၌ တည်နေကိန်းအောင်းခွင့်ပြုထားပါက ဤသို့တည်နေကိန်းအောင်းသည့်အချိန်မှစ၍ တည်ရာ, ကိန်းရာပုဂ္ဂိုလ် မည်သူမဆို စိတ်ချမ်းသာမှုကင်းရပေတော့သည်။ ထိုမှတဆင့်တက်ကာ ကိုယ်ဆင်းရဲမှုမျိုးစုံ အဖုံဖုံတို့ဖြစ်ကြရလေတော့သည်။

ထို့ကြောင့် ဘုရားပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့က ဤသို့သောဝိဝါဒမူလတရားများကို မိမိတို့၏ စိတ်အစဉ်မှာသော်လည်းကောင်း၊ သူတစ်ပါးတို့၏စိတ်အစဉ်မှာသော်လည်းကောင်း တွေ့မြင်သိရှိရပါက ယင်းသိမ်ဖျင်း, သေးနုတ်, ယုတ်မာလှစွာသော ဝိဝါဒမူလတရားများကို ဖယ်ရှားရန်လုံ့လပြုကြဖို့အရေးကို အလေးထား၍ သြဝါဒပေးတော်မူခဲ့ကြပေသည်။

ယခု (ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ) အမည်ခံပုဂ္ဂိုလ်တို့သည်လည်း မိမိသူတစ်ပါး နှစ်ဦးသားတို့ ဆင်းရဲကြောင်းဖြစ်သော အကုသိုလ်တရားများကိုဖယ်ရှားကြ၍ ကောဓ ဥပနာဟစသော တရားဆိုးတို့ကို လက်မခံကြကုန်ပဲ ရခဲလှစွာသော ဗုဒ္ဓုပ္ပါဒ, မနုဿတ္တ, ပဗ္ဗဇိတ အဖြစ်များကိုရရှိခိုက်အချိန်၌တစ်ဘဝထက် တစ်ဘဝ, တစ်နှစ်ထက်တစ်နှစ်, တစ်လထက်တစ်လ, တစ်နေ့ထက်တစ်နေ့, တစ်ချိန်ထက်တစ်ချိန် လောကီ လောကုတ္တရာဂုဏ်သိရ်တို့ တိုးပွားကြောင်းသူတော်ကောင်းတရားတို့ကို ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေဟု ဦးစွာမေတ္တာပို့သအပ်ပါသည်။

သာသနာသက္ကရာဇ် ၂၅၅၅-ခု၊ မြန်မာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်၊ သောကြာနေ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ၂၈-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃၄၆/(နိုင်/သီးခြား)-၁၂/၁/ဝိ-မဟာန ဖြင့် လုပ်ထုံးလုပ်နည်းများအပိုဒ်-၅၇ (င) အရ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇/၂၀၁၁) ကို ဖွဲ့စည်းခြင်းအမိန့်ထုတ်ပြန်၍ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဘုရားချောင်းရပ်ကွက်၊ ချမ်းမြသာစည်ကျောင်းတိုက်မှ စောဒကဘဒ္ဒန္တအဂ္ဂဉာဏပါ (၆) ပါးတို့ကတင်သွင်းသော မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရွာ၊ အနုပါဒယဉ်ကျေးမှု မိုးပြာခြံ၌ နေထိုင်သူစုဒိတက ရှင်ဉာဏဦးဆောင်သည့် မိုးပြာဂိုဏ်းသားတို့၏ အယူဝါဒအပေါ်၌ ဓမ္မ-အဓမ္မအငြင်းပွားသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော်၊ လုပ်ထုံးလုပ်နည်းများ

http://www.dhammadownload.com


နှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် တာဝန်ပေးအပ်ခဲ့ပါသည်။

ယင်းသို့တာဝန်ပေးအပ်ခဲ့ပါသောကြောင့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇/၂၀၁၁) တွင် ပါဝင်ကြကုန်သောဆရာတော်များသည် မိမိတို့ဆိုင်ရာကျောင်းတိုက်တာဝန် အစရှိသည့် ဆောင်ရွက်ဖွယ် တာဝန်ကိစ္စများလှသည့်ကြားမှ ဤဓမ္မ-အဓမ္မအငြင်းပွားမှုကိစ္စကို စိစစ်သုံးသပ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် လုံ့လစိုက်ထုတ်ဆောင်ရွက်ကြရပါသည်။ ယင်းသို့ဆောင်ရွက်ရာ၌ -

(၁) ဆက်စပ်နွယ်ဝင် သံယောဇဉ်ဖြင့် ချစ်ခင်ခြင်းကြောင့် မလားရောက်အပ်သော ဆန္ဒာဂတိ၊

(၂) မိမိကိန်းသူ တစ်ပါးသူကို ဖြူစင်စိတ်ပျက် အနေခက်အောင် နှိပ်စက်ဖျက်ဆီး မုန်းတီးတတ်သော ဒေါသကြောင့် မလားရောက်အပ်သော ဒေါသာဂတိ၊

(၃) လာမည့်ဘေးရန် ပူပန်စိုးနှောင့် ကြောင့်ကြတွေးတောကာ ကြောက်ရွံ့ခြင်းကြောင့် မလားရောက်အပ်သော ဘယာဂတိ၊

(၄) ဓမ္မ-အဓမ္မ သ္ဘာဝကို ကျနဝေဖန် အမှားအမှန်ကို သိရန်ခဲယဉ်း ပညာဉာဏ်ကင်းကွာ မိန်းမောတွေဝေကာ ဘာလုပ်ရမှန်းမသိ မောဟဖိစီးခြင်းကြောင့် မလားရောက်အပ်သော မောဟာဂတိ

ဟူသော အဂတိတရားလေးပါးလုံးသို့ မလားရောက် မလိုက်စားဘဲ -

**န စ အာမိသံ နိဿာယ၊ န စ နိဿာယ ပုဂ္ဂလံ။**

**ဥဘော ဧတေ ဝိဝဇ္ဇေတွာ၊ ယထာဓမ္မော တထာ ကရေ။** (ဝိ-၅၊ ၂၈၄)

**အာမိသမှီ ပုဂ္ဂိုလ်မှီ သွေဖီမဖြတ်ရ၊**

**တရားနှင့်ညီ တရားမှီ တည်ကြည်မျှတ ဆုံးဖြတ်ကြ**-ဟူသည်နှင့်အညီ ဆက်ဆံသိက္ခမ်းမှု ကင်းပ နာမည်ကိုပင် ကြားဖူးရုံမျှသာရှိ၍ အာမိသ+ပုဂ္ဂလ ငဲ့ကွက်ဖွယ်အကြောင်းမရှိ၊ အဂတိကင်းကွာ သန့်ရှင်းမှန်ကန်စွာဖြင့် -

**ပါဠိ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော၊**

**ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။** (ဝိ၊ ၄-၁၊ ၃၄၆၊ ဝိသင်္ဂဟ-၃၁၆)

ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ အနုသာသနီဂါထာလာစကားရပ်အရ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာတို့နှင့် နှီးနှောတိုက်ဆိုင်၍ ဓမ္မ+အဓမ္မ ဖြစ်သင့်/မဖြစ်သင့် ထောက်ချဉ့်စေ့ ကြည့်ရှုသုံးသပ်ကာ ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းအရှိန်အဝါ မည်သည့်မျက်နှာကိုမျှ ထောက်ငဲ့ဖွယ်ရာမလိုပဲ မြတ်စွာဘုရား၏ ထေရဝါဒသာသနာတော်ကြီး အဓမ္မဝါဒကင်းကွာ ကောင်းမွန်သန့်ရှင်းစွာ တိုးတက်ထွန်းကား ပြန့်ပွားစေရေးကိုသာ အလေးပြု၍ဆုံးဖြတ်ကြပါမည်။

သို့ပါသောကြောင့် ဗုဒ္ဓသာသနမာမက အတိ ဝိယ ဝိသုဒ္ဓါပေက္ခဖြစ်တော်မူကြသည့် စောဒက ပုဂ္ဂိုလ်ဆရာတော်များနှင့် မိုးပြာဝါဒဗုဒိတကပုဂ္ဂိုလ်တို့အနေဖြင့် "အနိုင်ရပြီ-ရှုံးနိမ့်သည်" ဟု သဘောမထားကြပဲ တစ်ဆူတည်းသောမြတ်ဗုဒ္ဓ၏ သာမုက္ကံသိက+ပါဝစန အလိုတော်ကျ ထေရဝါဒပိဋကတ်+

http://www.dhammadownload.com



နိကာယ်ကျမ်းစာတို့၌လာရှိသော အဆိုအမိန့်အရ ဤသည်ကား ဓမ္မဝါဒဖြစ်၏။ ဤသည်ကား အဓမ္မဝါဒဖြစ်၏ဟု ဆုံးဖြတ်ခြင်းကိုသာ အဓိကပဓာနထားလျက် ခံယူကြစေလိုပါကြောင်းနှင့် ရည်မှန်းချက်, ဦးတည်ချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းကျော် မဂ္ဂင်လမ်းမတော်ကြီးပေါ်သို့ ကမ္မဿကတာဒိဋ္ဌိအခြေခံ+ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်ဉာဏ်ဖြင့် ပဋိဝေဓ သာသနာ မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ နာ+ဟော+ရွတ်+ကြံ ဟူသောပရိယတ္တိအလုပ်၊ အားထုတ်မှန် ဟူသောပဋိပတ္တိလုပ်ငန်းစဉ်များကို အမှားစွန့်ပြင် အမှန်လမ်းစဉ်အတိုင်း ကျင့်ဆောင်နိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားရင်း သဘာပတိဆရာတော်၏ အဖွင့်ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

ဘဒ္ဒန္တကဝိန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
သဘာပတိဆရာတော်
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇/၂၀၁၁)

http://www.dhammadownload.com


# မိုးပြာ ပဏ္ဍုပဋ္ဌာနကမ္မဝါဒ ဝိနိစ္ဆယ
# မဟာနိဒါန်း

ဝိဘဇ္ဇဝါဒီဖြစ်တော်မူသော မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ နံနက် အရုဏ်တက်လုနီးနီးအချိန်ဝယ် မလ္လာမင်းတို့၏ ကုသိနာရုံပြည် အင်ကြင်း တော၌ ပရိနိဗ္ဗာန် စံဝင်တော်မူ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးနောက် (၇)ရက် အကြာတွင် မြတ်စွာဘုရားအပေါ် သုဘဒ္ဒမည်သော တောထွက် ရဟန်းကြီး ပြောကြားသော -**အလံ, အာဝုသော, မာ သောစိတ္ထ, မာ ပရိဒေဝိတ္ထ, သုမုတ္တာ မယံ တေန မဟာသမဏေန; ဥပဒ္ဒုတာ စ ဟောမ- 'ဣဒံ ဝေါ ကပ္ပတိ, ဣဒံ ဝေါ န ကပ္ပတီ'တိ၊ ဣဒါနိ ပန မယံ ယံ ဣစ္ဆိဿာမ တံ ကရိဿာမ, ယံ န ဣစ္ဆိဿာမ န တံ ကရိဿာမာ"တိ (စူဠဝ. ၄၃၇; ဒီ. နိ. ၂.၂၃၂)** "ငါ့ရှင်တို့ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ယခုအခါ ငါတို့သည် ရဟန်းကြီးဂေါတမ၏ လက်အောက်မှ ကောင်းစွာ လွတ်မြောက်ကြရကုန်ပြီ၊ ရဟန်းကြီးဂေါတမသည် ငါတို့ကို ဤအရာကို ပြုသင့်၏၊ ဤအရာကို မပြုသင့် စသည်ဖြင့် ငါတို့ကို အရာရာ ချုပ်ချယ်ခဲ့၏။ ယခုမူကား ငါတို့ ပြုလိုရာကို ပြုကြကုန်အံ့။ ငါတို့ မပြုချင်သည်ကို မပြုဘဲ နေကြကုန်အံ့"- ဟူသော စကားကို ကြားရ၍ တတိယသာဝက ဖြစ်တော်မူသော ရှင်မဟာကဿပ မထေရ်မြတ်သည် ဓမ္မသံဝေဂရတော်မူပြီးလျှင် သင်္ဂါယနာတင်ရန် အကြံ ဖြစ်တော်မူ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးရာ၌ သရီရရုပ် အလောင်းကို (၇)ရက်, နံ့သာ ထင်းပုံဖြင့် မီးပူဇော်ရာ (၇)ရက်, ဓါတ်တော်ပူဇော်ပွဲ (၇)ရက် အားဖြင့် စုစုပေါင်း (၂၁)ရက်တိုင်အောင် ပြဟ္မာနတ်လူ သုံးဘုံလူတို့က ပူဇော်ကြ၏။ ၎င်း(၂၁) ရက်မြောက်ဖြစ်သော နယုန်လဆန်း(၅)ရက်နေ့၌ ဓာတ်တော်များကို အသီးသီး ဝေဖန်ကြ၏။ ထိုဓါတ်တော်ဝေဖန်ရာနေ့၌ စည်းဝေး ရောက်လာကြကုန်သော ရဟန်းတော်တို့ကား မရေတွက်နိုင် လောက်အောင် များပြားလှပေ၏။

ထိုသို့များပြားလှသော ရဟန်းတော်များ အနက်မှ ခေါင်းဆောင်ဖြစ်တော်မူသော တတိယသာဝက ဖြစ်တော်မူသော မဟာကဿပသည် သံဃာတော်(၇)သိန်း ကို စည်းဝေးစေလျက် သုဘဒ္ဒမည်သော တောထွက် ရဟန်းကြီး၏ မြတ်စွာဘုရားအပေါ် ပြောကြားသော မသင့်လျော် မလျောက်ပတ်သော စကားကို ပြန်လည်၍ မိန့်ကြားတော်မူပြီးလျှင် သာသနာတော်အဓွန့်ရှည်စွာ တည်တံ့ နိုင်ရန်အတွက် သင်္ဂါယနာတင်ဖို့ မိန့်ကြားတော်မူ၏။ ထိုမထေရ် ကြီး(၇)သိန်းတို့ကလည်း သင်္ဂါယနာတင်ဖို့ရန် သဘောတူညီကြ၏။ သင်္ဂါယနာတင်ပွဲတွင် ပါဝင်ဆောင်ရွက် နိုင်ရန် ရဟန်းတော်များကို ရွေးကောက်ဖို့ ရှင်မဟာကဿပကို တိုက်တွန်းကြ၏။ ရှင်မဟာကဿပသည် တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇ ဧတဒဂ်ရ ရဟန္တာ(၄၉၉)ပါးကို ရွေးကောက်တော်မူ၏။ နောက်မှ သံဃာတော်များ၏ဆန္ဒအရ အရှင်အာနန္ဒာမထေရ်ကို ရွေးကောက်တော်မူ၏။ ထို သင်္ဂါယနာတင်ပွဲ၌ ပါဝင်ဆင်နွှဲမည့် ရဟန်းသံဃာတော် စုစုပေါင်း (၅၀၀)တည်း။

ရှင်မဟာကဿပဦးဆောင်သော တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇရဟန္တာမထေရ်ကြီး (၅၀၀)တို့သည် ရာဇဂြိုဟ်ပြည်ရှင် အဇာတသတ်မင်းကို ဒါယကာပြု၍ ၎င်းရာဇဂြိုဟ်ပြည် ဝေဘာရတောင်နံရံ

စရည်းပင်ပေါက်ရာ လိုဏ်ဂူ၌ ဝါခေါင်လဆန်း(၅)ရက်နေ့မှ စ၍ တပေါင်းလွှတ် (၅)ရက်အထိ (၇)လ တိုင်တိုင် သင်္ဂါယနာတင်ကြ၏။ ၎င်းပထမ သင်္ဂါယနာတင်ပွဲကြီး အပြီး၌ သင်္ဂါယနာတင်မထေရ်မြတ်တို့က အရေးကြီးသော မူကြီး ၃-ချက်ကို တညီတညွတ်တည်း သဘောတူ ဆုံးဖြတ် ချမှတ်တော်မူခဲ့ကြ၏၊ ထိုမူကြီး ၃-ချက် သည်ကား စစ်မှန်သော ထေရဝါဒသာသနာတော်၏ အုတ်မြစ် ပေတည်း။

## "ထေရဝါဒစည်းကမ်း (၃)ချက်"

၎င်းမူကြီး ၃ ချက်မှာ -

၁။ သံယော အပညတ္တံ န ပညပေတိ- သံဃာတော်သည် မြတ်စွာဘုရား မပညတ်ခဲ့သည်ကို အသစ် ပညတ်ခြင်းကို မပြုအံ့။

၂။ ပညတ္တံ န သမုစ္ဆိန္ဒတိ- မြတ်စွာဘုရား ပညတ်ခဲ့သည်ကို ဖြုတ်ပယ် ဖျက်ဆီးခြင်း မပြုအံ့။

၃။ ယထာပညတ္တံ သိက္ခာပဒေသု သမာဒါယ ဝတ္တတိ- မြတ်စွာဘုရား ပညတ်ခဲ့သော သိက္ခာပုဒ်များကို ရိုသေစွာ လိုက်နာ ကျင့်သုံးပါအံ့- ဟူသည်တို့ ဖြစ်သည်။

အထက် ဖေါ်ပြပါ မူကြီး သုံးခုအတိုင်း လိုက်နာပြီးလျှင် မြတ်စွာဘုရား၏ ပါဠိတော်ကို ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်း ထုတ်ပယ်ခြင်း လုံးဝမပြုဘဲ မူလအရှိအတိုင်းသာ တရိုတသေ ထိန်းသိမ်းစောင့် ရှောက်လျက် ကျင့်ကြံနေထိုင်သော သံဃာတော်အပေါင်းကို နောက်ပိုင်း၌ ထေရဝါဒဂိုဏ်းဟု ခေါ်တွင် လာကြသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးရာ နှစ်တစ်ရာအတွင်း၌ မည်သည့်ဂိုဏ်းမှ ပေါ်ပေါက်လာခြင်း မရှိသေးပါ၊ မြတ်စွာဘုရား ဟောကြားခဲ့သည့် တရားတော်များကို ဖြည့်စွက်ပြင်ဆင်ခြင်း မပြုဘဲ မူရင်း အရှိအတိုင်း လိုက်နာကျင့်သုံးနေထိုင်ကြသော သံဃာတော်များသာ ရှိကြပါသည်။

## "ဒုတိယသင်္ဂါယနာ"

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးနောက် နှစ်တစ်ရာကျော်သောအခါ သုသုနာဂမင်း၏ သားဖြစ်သော ကာလာသောကမင်း၏ လက်ထက်၌ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတော်များသည် ဝိနည်းပါဠိတော်ကို ပြင်ဆင်သော အချက် ၁၀-ချက် (ဒသဝတ္ထု) ကို ဖော်ထုတ်လာကြ၏။ ထိုအကြောင်းအရာကို ကြားသိသော အရှင်မဟာယသသည် ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ ဝိနည်းတော်ကို ပြင်ဆင်သော အချက် (၁၀) ချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ရန်အတွက် ဝေသာလီပြည်သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူ၏။ အရှင် မဟာယသ၏ အားထုတ်တိုက်တွန်းမှုကြောင့် ဝေသာလီပြည်၌ ရဟန်းတော် ပေါင်း (၁၂) သိန်း စုဝေး၍ ဝဇ္ဇီတိုင်းသားရဟန်းတို့ တီထွင်သော အချက် (၁၀) ချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ကာ ဝဇ္ဇီတိုင်းသား ရဟန်းတို့ကိုလည်း နှင်ထုတ်လိုက်၏။ ထိုအဓိကရိုဏ်းကို ငြိမ်းအေးစေပြီးသောအခါ စည်းဝေးကြွရောက် လာကြသော သံဃာတော် (၁၂) သိန်းတည်းမှ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်ကြီး (၇၀၀) ကို သင်္ဂါယနာ တင်ရန်အတွက် ရွေးကောက်လိုက်ပြီး ကာလာသောကမင်း၏ အာဏာစက် အကူညီကို ခံယူကာ ဝေသာလီပြည် ဝါလိကာရုံ ကျောင်း၌ ရှေးအခါက အရှင်မဟာကဿပ အမှူးရှိသော မထေရ် (၅၀၀) တို့သည် သံဂါယနာတင်သည်နှင့် တူညီစွာ ဒုတိယအကြိမ်မြောက် သံဂါယနာတင်တော်မူကြသည်။

http://www.dhammadownload.com



## "စင်ပြိုင်သင်္ဂါယနာ"

ဒုတိယ သင်္ဂါယနာတင် မထေရ်တို့က နှင်ထုတ်အပ်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်မှ ထွက်ခွါ၍ အနယ်နယ်အရပ်ရပ်ရှိ ဗာလအဓမ္မဝါဒီ ပုဂ္ဂိုလ်များကို စည်းရုံး လျှက် နောက်လိုက်ရဟန်း (၁၀၀၀၀) ရသောအခါ ကောသမ္ဗီ ပြည်တွင် စင်ပြိုင် သင်္ဂါယနာတင်ကြကုန်၏။ ၎င်းအဓမ္မဝါဒီ ဝဇ္ဇီတိုင်းသားတို့၏ သင်္ဂါယနာကို အချို့သော နယ်စား မြို့စားများက အားပေးကြ၏။ ထိုအဓမ္မဝါဒီ ဝဇ္ဇီတိုင်းသား ရဟန်းတို့က မိမိတို့၏ သင်္ဂါယနာကို မဟာသင်္ဂီတိဟု အမည် တပ်ကြ၏။ မဟာသံဃိက ဂိုဏ်းဟုလည်း အမည် တပ်ကြ၏။

**နိက္ကဍ္ဍိတာ ပါပဘိက္ခူ ထေရေဟိ ဝဇ္ဇိပုတ္တကာ၊**
**အညံ ပက္ခံ လဘိတွာန၊ အဓမ္မဝါဒီ ဗဟူ ဇနာ၊**
**ဒသသဟဿာ သမာဂန္တွာ၊ အကံသု ဓမ္မသင်္ဂဟံ၊**
**တသ္မာယံ ဓမ္မသင်္ဂီတိ၊ မဟာသင်္ဂီတိတိ ဝုစ္စတိ၊** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

၎င်းအဓမ္မဝါဒီ ဝဇ္ဇီတိုင်းသား တို့၏ သင်္ဂါယနာတင်ပွဲ၌ အရှင်မဟာကဿပ အရှင်အာနန္ဒာ စသော ရဟန္တာ မထေရ် တို့၏ စနစ်တကျစီမံထားမှုများကို ဖျက်လိုဖျက်ဆီးပြုလုပ်ကြ၏။ ပါဠိကိုလည်းပြင်ဆင်ကြ၏။ အနက်ကိုလည်း တလွဲတချော် ဖွင့်ဆိုကြ၏။ တိုက်ရိုက်အဓိပ္ပါယ်ယူရမည့်အရာ၌ သွယ်ဝိုက်၍ အဓိပ္ပါယ် ယူကုန်၏။ မိမိတို့စိတ်ကြိုက် မတွေ့သော သုတ် ဝိနည်းကို ဖြုတ်ပယ်ကြ၏။ မိမိတို့၏ ဓလေ့စရိုက်နှင့် ညီသော သုတ်ဝိနည်းအသစ်များကို ထပ်မံ၍ ထည့်သွင်းကြ၏။ ဝိနည်း (၅) ကျမ်းမှ ပရိဝါပါဠိတော်ကို ဖြုတ်ပယ်ကြ၏။

အဘိဓမ္မာ ပိဋကတ်တစ်ခုလုံးကိုလည်း ဖြုတ်ပယ်ကြ၏။ အဘိဓမ္မာ ကျမ်းအသစ်ကိုလည်း ရေးသား ကြကုန်၏။ ပဋိသမ္ဘိဒါ ပါဠိတော်နှင့် မဟာနိဒ္ဒေသစူဠနိဒ္ဒေသပါဠိတော်တို့ကိုလည်း ပယ်ထုတ်ကြကုန်၏။ ဇာတကပါဠိတော်မှ ဇာတ်တချို့ကို ဖြုတ်၍ အသစ်စီရင် ထည့်သွင်းကြကုန်၏။

သင်္ကန်းဝတ်ရုံပုံများကိုလည်း တမျိုးတမည် တည်ထွင်ကြလေ၏။ ရဟန်းအသုံးအဆောင် ပရိက္ခရာများကိုလည်း ပြုပြင် တီထွင်ကြကုန်၏။ နေပုံထိုင်ပုံ စားပုံသောက်ပုံ သွားပုံ လာပုံများကိုလည်း တမျိုးတဖုံ တီထွင်ကြကုန်၏။ သင်္ကန်းချုပ်ပုံ များကိုလည်း အင်္ကျီပုံ ဘောင်းဘီပုံ စသည်ဖြင့် အဆန်းထွင်၍ တီထွင်ကြကုန်၏။ မြတ်စွာဘုရား၏ သာသနာတော်နှင့် ဆန့်ကျင်အောင် ပြုပြင်ကြကုန်၏။

**မဟာသင်္ဂီတိကာ ဘိက္ခူ ဝိလောမံ အကံသု သာသနေ၊**
**ဘိန္ဒိတွာ မူလသင်္ဂဟံ၊ အညံ အကံသု သင်္ဂဟံ၊**
**အညတြ သင်္ဂဟိတံ သုတ္တံ၊ အညတြ အကရိံသု တေ၊**
**အတ္ထံ ဓမ္မဉ္စ ဘိန္ဒိံသု၊ ဝိနယေ နိကာယေသု စ ပဉ္စသု၊ပ၊**
**အတ္ထံ ဓမ္မဉ္စ ဘိန္ဒိံသု၊ ကေဒေသဉ္စ သင်္ဂဟံ၊**
**ဂန္ထဉ္စ ကေဒေသဉ္စိ၊ ဆဍ္ဍေတွာ အညံ အကံသု တေ၊**
**နာမံ လိင်္ဂံ ပရိက္ခာရံ၊ အာကပ္ပကရဏီယာနိ စ၊**
**ပကတိဘာဝံ ဇဟိတွာ၊ တဉ္စ အညံ အကံသု တေ၊** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

http://www.dhammadownload.com


## "ဂိုဏ်းကွဲအစ မဟာသံဃိက"

ဤသို့ မဟာသင်္ဂီတိ ကာရကဖြစ်သော အဓမ္မဝါဒီဝဇ္ဇီတိုင်းသား ရဟန်းတို့၏ ကောသမ္ဗီ စင်ပြိုင်သင်္ဂါယနာမှစ၍ မြတ်စွာဘုရား၏ သာသနာတော်၌ မဟာသံဃိကဂိုဏ်းဟူ၍ စတင်ပေါ်ပေါက်လာ၏။ ထိုသို့ မြတ်စွာဘုရား၏ ပါဠိတော်များကို ဖြည့်စွက် ပြင်ဆင်မှုကို ပြုသော မဟာသံဃိကဂိုဏ်း ပေါ်ပေါက်လာသည်မှစ၍ အရှင်မဟာကဿပစသော မထေရ်တို့ သင်္ဂါယနာတင်ခဲ့ မှတ်တမ်းပြုခဲ့သော ဝါဒကို သိသူတို့က ဝါဒမြတ်စွာဘုရား၏ ပါဠိတော်များကို ဖြည့်စွက်ပြင်ဆင်မှုမပြုဘဲ ပဌမသင်္ဂါယနာတင် အရှင်မဟာကဿပ စသော မထေရ်တို့ စီစဉ်ထားသည့်အတိုင်း တရိုတသေ လိုက်နာကျင့်သုံးသော သံဃာတော်များကို ထေရဝါဒဂိုဏ်းဟုခေါ်ဝေါ်ရိုးပြုကြ၏။

ထေရဝါဒဂိုဏ်းဟူသည် သီးခြားခွဲထုတ်၍ တစ်ခုအနေဖြင့် တည်ထောင်သည် မဟုတ်။ အယူဝါဒ မတူကြသော မဟာသံဃိကဂိုဏ်းနှင့် အမည်ချင်း မရောထွေးစေလိုသူတို့က ထေရဝါဒဂိုဏ်းဟု ခေါ်ဝေါ်ကြခြင်းသာ ဖြစ်၏။ ထေရဝါဒဂိုဏ်းသားတို့ကား ရှင်မဟာကဿပ အစရှိသော မထေရ်မြတ် အဆက်ဆက်တို့ ဆောင်အပ်သော အယူအဆများကို ရိုသေလေးစား လိုက်နာ၏။ မဟာသံဃိကဂိုဏ်း သံဃာတို့သည် အရှင်မဟာကဿပ စသော မထေရ်မြတ်အဆက်ဆက်တို့ ဆောင်အပ်သော အယူအဆများကို မရိုသေကြ။ မလေးစားကြ။ မလိုက်နာ မျက်ကွယ်ပြုကြ၏။ ဆန့်ကျင်ဘက်ပြုကြ၏။

ဤ၌ ထေရဝါဒဟူသည် သင်္ဂါယနာ (၂) တန် တင်ထားအပ်သော မြတ်စွာဘုရား၏ မူရင်း ပါဠိတော်တို့ သာတည်း။ ထိုမူရင်း ပါဠိတော်များကို အရှင်မဟာကဿပစသော မထေရ်တို့သည် စောင့်ရှောက်အပ်, ဆောင်အပ်သော ဝါဒဖြစ်သောကြောင့် ထေရဝါဒဟု ခေါ်သည်။ ထိုထေရဝါဒကို လေးစား လိုက်နာသူ သံဃာတော်များကို ထေရဝါဒဂိုဏ်းဟု ခေါ်ဝေါ်ကြ၏။

**သဗ္ဗံ ထေရဝါဒန္တိ ဒွေသင်္ဂီတိယော အာရုဠှာ ပါဠိ။ သာ ဟိ မဟာသံဃိကာဒိဘိန္နလဒ္ဓိကာပဟိ ဝိဝေစေတုံ ထေရဝါဒေါတိ ဝုတ္တာ၊ အယဉ္စိ ဝိဘဇ္ဇဝါဒေါ မဟာကဿပထေရာဒီဟိ အသင်္ကရတော ရက္ခိတော အာနီတော စာတိ ထေရဝါဒေါတိ ဝုစ္စတိ ။** (ဝိမတိ၊၁။၃၀။)

**သဗ္ဗံ ထေရဝါဒန္တိ ဒွေသင်္ဂီတိယော အာရုဠှာ ပါဠိယေဝေတ္ထ ထေရဝါဒေါတိ ဝေဒိတဗ္ဗော။** (သာရတ္ထ၊၁။ ၁၃၅။)

သစ်ပင်တို့တွင် ပင်ညောင်ပင်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ ရှင်မဟာကဿပ စသော မထေရ် အဆက်ဆက်တို့သည် စောင့်ရှောက်အပ်,ဆောင်အပ်သော ယုတ်လျော့မှု ပိုလွန်မှု မရှိသော ထေရဝါဒ သည်သာ အမြတ်ဆုံးတည်း။ ထေရဝါဒသည်ကား ပင်ညောင်ပင်ကြီးနှင့် တူ၏။ ကြွင်းသော မဟာသံဃိက ဂိုဏ်း စသော ဂိုဏ်းတို့သည်ကား ပင်ညောင်ပင်၌ ဖြစ်သော ကျီးပေါင်းများနှင့် တူကုန်၏။

**နိဂြောဓောဝ မဟာရုက္ခော၊ ထေရဝါဒါနမုတ္တမော။**
**အနူနံ အနဓိကဥ္စ၊ ကေဝလံ ဇိနသာသနံ။**
**ကဏ္ဍကာ ဝိယ ရုက္ခမှိ၊ နိဗ္ဗတ္တာ ဝါဒသေသကာ။** (သာရတ္ထ၊၁။၁၁၉။)
**ပဌမေ ဝဿသတေ နတ္ထိ၊ ဒုတိယေ ဝဿသတန္တရေ။**
**ဘိန္နာ သတ္တရသဝါဒါ၊ ဥပ္ပန္နာ ဇိနသာသနေ။** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

http://www.dhammadownload.com


ပင်ညောင်ပင်ကြီးနှင့်တူသော ထေရဝါဒမှ ကိုင်းပေါင်းနှင့်တူသော မဟာသံဃိကဂိုဏ်းသည် သာသနာတော်နှစ် (၁၀၀) ကျော်အတွင်း ဒုတိယသင်္ဂါယနာတင်ပြီးရာအခါမှ စတင်၍ ဂိုဏ်းကွဲများ ဆက်၍ ဆက်၍ ပေါ်ပေါက်လာတော့၏။

## "ဂိုဏ်ခွဲမှ ဂိုဏ်းပွါးများပြာထွက်"

ရှေ့ဆောင်လမ်းပြဖြစ်သော မဟာသံဃိကဂိုဏ်းမှ ဂေါကုလိကဂိုဏ်းနှင့် ဧကဗျောဟာရိက (ဧကဗ္ဗောဟာရိက) ဂိုဏ်းဟု (၂) ဂိုဏ်း ကွဲထွက်လာ၏။

**အကံသာ' စရိယဝါဒ် တော၊ မဟာသံဂီတိနာမကာ၊**

**တတော ဂေါကုလိကာ ဇာတာ၊ ဧကဗ္ဗောဟာရိကာပိ စ။**

ထို (၂) ဂိုဏ်းတို့တွင် ဂေါကုလိကဂိုဏ်းမှ ပဏ္ဏတ္တိဝါဒ (ပညတ္တိဝါဒ) ဂိုဏ်း၊ ဗာဟုလိကဂိုဏ်း (ဗဟုဿုတိယ)ဟု ဂိုဏ်း (၂) ခု ထပ်မံပေါ်ပေါက်လာပြန်၏။

ထို (၂) ဂိုဏ်းတို့တွင် ဗာဟုလိယ(ဗဟုဿုတိယ) ဂိုဏ်းမှ စေတိယဂိုဏ်းဟု ဂိုဏ်းကွဲ တစ်ခုပေါ်လာ၏။

ဤသို့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်တစ်ရာကျော် နှစ်ရာ အတွင်း၌ မဟာသံဃိကဂိုဏ်းမှ ဂိုဏ်းခွဲ (၅) ခု ပေါ်ပေါက်လာ၏။ ၎င်း (၅) ဂိုဏ်း၌ မဟာသံဃိက ဂိုဏ်းပါ ထည့်၍ ပေါင်းလျှင် (၆) ဂိုဏ်းဖြစ်လာ၏။

**ဂေါကုလိကေဟိ ပဏ္ဏတ္တိ- ဝါဒါ ဗာဟုလိကာပိ စ၊**

**စေတိယဝါဒါ တေသွေဝ၊ သမတာသံဃိကာ ဆ တေ။**

## "ပင်စည်မှလည်း ထပ်မံခွဲ"

ထိုကာလအတွင်း၌သာလျှင် ပင်မဖြစ်သော ထေရဝါဒဂိုဏ်းမှ မဟိသာသကဂိုဏ်းနှင့် ဝဇ္ဇီပုတ္တကဂိုဏ်းဟု ဂိုဏ်းခွဲ (၂)ခု ပေါ်ထွက်လာပြန်၏။

**ပုနာပိ ထေရဝါဒေဟိ၊ မဟီသာသကဘိက္ခဝေါ၊**

**ဝဇ္ဇီပုတ္တကဘိက္ခူ စ၊ ဒုဝေ ဇာတာ ဣမေ ခလု။** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

ထို(၂) ဂိုဏ်းတို့တွင် မဟိသာသကဂိုဏ်းမှ

(၁) သဗ္ဗတ္ထိဝါဒဂိုဏ်း (၂) ဓမ္မဂုတ္တိယဂိုဏ်း ဟု ဂိုဏ်းခွဲ (၂)ခု ပေါ်လာပြန်၏။

**မဟီသာသကဘိက္ခူဟိ၊ ဘိက္ခူ သဗ္ဗတ္ထဝါဒိနော၊**

**ဓမ္မဂုတ္တိယဘိက္ခူ စ၊ ဇာတာ ခလု ဣမေ ဒုဝေ၊** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

ထို (၂) ဂိုဏ်းတို့တွင် သဗ္ဗတ္ထိဝါဒဂိုဏ်းမှ ကဿပိကဂိုဏ်းဟု ထပ်မံ၍ ပေါ်ထွက်လာ၏။ ၎င်းကဿပိကဂိုဏ်းမှ သင်္ကန္တိက ဂိုဏ်း ခွဲထွက်ပြန်၏။ ၎င်းသင်္ကန္တိကဂိုဏ်းမှ သုတ္တဝါဒဂိုဏ်းခွဲ ထွက်၏။

**ဇာတာ သဗ္ဗတ္ထိဝါဒီဟိ၊ ကဿပိယာ တတော ပန၊**

**ဇာတာ သင်္ကန္တိကာ ဘိက္ခူ၊ သုတ္တဝါဒါ တတော ပန၊** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

[ဝဇ္ဇီပုတ္တကဂိုဏ်းမှ (၁) ဓမ္မုတ္တရိယဂိုဏ်း (၂) ဘဒြယာနိက ဂိုဏ်း (၃) ဆန္နာဂါရိကဂိုဏ်း (၄) သမ္မိတိယဂိုဏ်း ဟု ဂိုဏ်းခွဲ (၄) ခု ထပ်မံ၍ ဖြစ်ပေါ်လာ၏။]

http://www.dhammadownload.com


ဤသို့လျှင် ထေရဝါဒမှ ဂိုဏ်း ခွဲပေါင်း (၁၁) ခု ဖြစ်ပေါ်လာ၏။ မူလဖြစ်သော ထေရဝါဒဂိုဏ်းကို ထည့်လျှင် (၁၂) ဂိုဏ်းဖြစ်၏။

ထေရဝါဒဂိုဏ်း ၁၂ ဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်း ၆ ဂိုဏ်း စုစုပေါင်း သာသနာနှစ် (၂၀၀) အတွင်း ဒုတိယသင်္ဂါယနာနောက်ပိုင်း၌ ဂိုဏ်းကြီး (၁၈) ဂိုဏ်းဖြစ်ပေါ်လာ၏။ (ကထာဝတ္ထု၊၄။၁၀၆။)

**ထေရဝါဒေန သဟ တေ၊ ဟောန္တိ ဒ္ဓါဒသိ'မေဝိ စ၊**

**ပုဗ္ဗေ ဝုတ္တဆဝါဒါ စ၊ ဣတိ အဋ္ဌာရသာ ဓိလာ၊** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

ထို (၁၈) ဂိုဏ်းတို့တွင် ထေရဝါဒဂိုဏ်းသည် မူလသင်္ဂီတိ မူလနိကာယမှ မကွဲမပြားသော အဘိန္နကဂိုဏ်းတည်း။ ကြွင်းသော (၁၇) ဂိုဏ်းတို့ကား မူလသင်္ဂီတိ မူလနိကာယမှ ကွဲပြားသော ဘိန္နဝါဒတို့သာတည်း။

**သတ္တရသဘိန္နဝါဒါ၊ ကေဝါဒေါ အဘိန္နကော၊**

**သဗ္ဗေဝဋ္ဌာရသ ဟောန္တိ၊ ဘိန္နဝါဒေန တေ သဟ၊** (ဝိသုဒ္ဓိမဂ္ဂ။၁၇။)

## "တတိယသင်္ဂါယနာကာလ ဂိုဏ်းကွဲပြားမှု"

သာသနာတော်နှစ်တစ်ရာ (ဘီစီ ၄၄၄) ၌ ဒုတိယ အကြိမ် သင်္ဂါယနာတင်အပြီး သာသနာနှစ် ၂၃၅ (ဘီစီ ၃၀၉) ခုနှစ်၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ဦးစီးသော ပဋိသမ္ဘိဒါပတ္တတိပိဋကဓရ ရဟန္တာ မထေရ်မြတ်ကြီး (၁၀၀၀) တို့သည် သီရိဓမ္မာသောကမင်းကို ဒါယကာပြု၍ ပါဋလိပုတ်ပြည် အသောကာရုံ ကျောင်းတိုက်ကြီး၌ အရှင်မဟာကဿပနှင့် အရှင်မဟာယသတို့ ဓမ္မနှင့် ဝိနယကို သံဂါယနာ တင်ခဲ့ကြ သကဲ့သို့ သာသနာ့ အညစ်အကြေးများကို သုတ်သင်လျှက် (၉) လတိုင်တိုင် တတိယအကြိမ်မြောက် သင်္ဂါယနာ တင်တော်မူကြသည်။

ထေရဝါဒမှ ခွဲထွက်သွားသော မဟာသင်္ဂီတိဂိုဏ်းသည် ရှင်မဟာယသတို့ ဒုတိယသင်္ဂါယနာ တင်ချိန်၌ ပထမအကြိမ် အဖြစ် စင်ပြိုင်သင်္ဂါယနာတင်ခဲ့ကြ၏။ ယခုအရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်တို့ တတိယအကြိမ် သင်္ဂါယနာတင်ရာ၌လည်း တတိယသင်္ဂါယနာမှ ထုတ်ပယ်ခြင်းခံရသော သဗ္ဗတ္ထိဝါဒ ဂိုဏ်းခေါ် သဗ္ဗာသတိဝါဒီဂိုဏ်းစသော ဂိုဏ်းကွဲများသည်လည်း မိမိတို့သဘောတူရာ စုရုံး၍ ရာဇဂြိုဟ်အနီး နာဠန္ဒမြို့၌ ဒုတိယအကြိမ် စင်ပြိုင်သင်္ဂါယနာ တင်ကြ၏။

ဤသို့ ထေရဝါဒ တတိယသင်္ဂါယနာတင်ပြီးနောက် အသောကမင်း၏ နောက်ဆုံးမင်းဆက်ဖြစ်သော ဗရိဟာဒရဋ္ဌကို ၎င်း၏ စစ်သူကြီး ဗြဟ္မဏဝါဒီ သုင်ပုရှာမိတြ (ပုသျှမိတြသုင်) က လုပ်ကြံ၍ ထီးနန်းကို သိမ်းယူသည်။ ၎င်းမင်းဆက်ကို ဆုင်မင်းဆက်ဟူ၍၎င်း မိတြမင်းဆက်ဟူ၍၎င်း ခေါ်သည်။ ၎င်း ဆုင်မင်းသည် ဗုဒ္ဓဘာသာဝင် မဟုတ်၊ ဗြဟ္မဏဘာသာဝင် ဖြစ်၏။ ဗုဒ္ဓဘာသာညှိုးချိန်ဖြစ်၍ မတည်နိုင်သောအခါ ဗုဒ္ဓဘာသာ ရဟန်းတို့သည် မဇ္ဈိမအရပ်မှ အခြားအရပ်သို့ ပြောင်းရွှေ့ ထွက်ခွာသွားကြ၏။

(ဦးဖိုးကျား၊ မဟာယာန။ ၂၆။)

ထေရဝါဒဗဟိုဂိုဏ်းဌာနသည် အိန္ဒိယအလယ်ပိုင်း တောင်ဘက် ဝေဒိသာမြို့အနီး စေတိယတောင်သို့ ပြောင်းရွှေ့၏။

http://www.dhammadownload.com



သဗ္ဗာသတိဝါဒီဂိုဏ်းသည် ယမုံနာမြစ်အထက်ပိုင်း အနောက်ဘက်ကမ်းရှိ မထုရာမြို့နီး ဥရုမုဏ္ဍတောင်သို့ ပြောင်းရွှေ့၏။ အခြားသော ဂိုဏ်းဝင် သံဃာများလည်း ဆုင်မင်း၏ အာဏာစက် လွတ်ကင်းရာသို့ ပြောင်းရွှေ့ခဲ့ကြရ၏။

သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းတို့သည် ဗြဟ္မဝါဒီပုဏ္ဏားဘုရင်တို့ သဘောကျ ကျေနပ်စေရန် ပါဠိတော်၏အနက်, အဓိပ္ပါယ်ကို ပြင်ဆင်ရုံသာမက သက္ကဋဘာသာဖြင့် သင်ယူပို့ချ ဟောပြောကြကုန်၏။ ထို့ကြောင့် မြောက်ပိုင်း ဗုဒ္ဓဘာသာ၏ ပါဠိတော်များမှာ ဗုဒ္ဓတားမြစ်ခဲ့သော သက္ကဋဘာသာဖြင့် ရှိကြ၏။ ထေရဝါဒဂိုဏ်း တောင်ပိုင်းဗုဒ္ဓဘာသာသည်ကား တည်ရာဌာန ရွှေ့လျောခဲ့သော်လည်း ဗြဟ္မဝါဒီတို့ အကြိုက်ကို လိုက်၍သက္ကဋဘာသာဖြင့် မပြောင်းလဲမူ၍ ရှေးမူကို မဖျက်ဘဲ မာဂဓဘာသာဖြင့်သာ ရှိ၏။ မာဂဓဘာသာဖြင့် သင်ကြားပို့ချခဲ့၏။

သာသနာနှစ် ၆၀၀- ခန့်တွင် 'သက'ခေါ် 'ကုရှဲရှက' အနွယ်ဝင် ဘုရင်တို့သည် အာဖဂန်နစ္စတန် ဖလူချီစတန်, ဂန္ဓာရ, ကသ္မီရစသော အိန္ဒိယ အနောက်မြောက်ပိုင်းမှ စ၍ အိန္ဒိယအလယ်ပိုင်း မထုရာ တိုင်အောင် ဝင်ရောက်၍ လွှမ်းမိုးအုပ်စိုးကြ၏။ ထိုမင်းဆက်ကို သကမင်းဆက်ဟုရင်း ကုရှာနမင်းဆက်ဟုရင်း ခေါ်၏။

ထို သကမင်းဆက်တို့တွင် ကနစ်ရှကမည်သောမင်းသည် သာသနာနှစ် ၆၅၀ ခန့်၌ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ပိဋကတ်များကို သင်္ဂါယနာ တင်ခဲ့၏။ သူ၏ရည်ရွယ်ချက်မှာ ဂိုဏ်းကွဲ ဝါဒကွဲများကို ညှိနှိုင်း၍ တညီတညွတ်တည်း ဖြစ်သွားစေရန်တည်း။ (၂၅၀၀ ခရီး ။၈၄။)

ထိုကနိရှကမင်း၏ သင်္ဂါယနာတင်ပွဲ၌ ပါဝင်သော အဿဃောသမထေရ်သည် "ဗုဒ္ဓစရိတ"မည်သော ဘုရားဖြစ်စဉ် ကျင့်စဉ် ကျမ်းတစ်စောင်ကို စီရင်ရေးသားခဲ့၏။

ယင်းအဿဃောသမထေရ်ကို မဟာယာနဂိုဏ်းဝင်များက အလေးအမြတ် ထားခဲ့၏။ ၎င်း၏ ဗုဒ္ဓစရိတကျမ်းသည် မဟာယာနဝါဒပေါ်ပေါက်ဖို့အတွက် မျိုးစေ့သဖွယ် ဖြစ်ခဲ့၏။ ရှင်အဿဃောသမထေရ် အစပျိုးခဲ့သော မဟာယာနမျိုးစေ့ကို ရှင်နာဂအဇ္ဇုနက မြေတောင်မြှောက်ပေးခဲ့ရာ အနှစ် ၃၀၀- အတွင်း အလွန် လူကြိုက်များ၍ ထင်ရှားသောဝါဒ ဖြစ်သွားခဲ့သည်။ (ဦးဖိုးကျား၊ မဟာယာန။ ၃၈။)

ဤသို့အားဖြင့် မြောက်ပိုင်းမဟာယာန ဗုဒ္ဓဘာသာတွင် ရှင်နာဂအဇ္ဇုနသည် ၎င်းဂိုဏ်းကို တည်ထောင်ခဲ့သူ ဟူ၍ နာမည်ကြီးခဲ့၏။

နာဂအဇ္ဇုနအမည်၌ နာဂဟူသည်မှာ နဂါးကို ကိုးကွယ်သော အမျိုးဟု အဓိပ္ပါယ် ရ၏။ "နဂါးကို ကိုးကွယ်သော အမျိုး ဖြစ်၍ နာဂဟု အမည်ပေး၏။ ခေါင်းပေါ်၌ မြွေဟောက်ပါးပျဉ်းမိုးလျက် မြွေဟောက်များရစ်ပတ်ထားသော နာဂအဇ္ဇုန၏ ရုပ်ပုံတူကို နာလန္ဒတက္ကသိုလ်၏ ကျောင်းအုတ် နံရံ၌ တွေ့မြင်၏။ အဇ္ဇုန၏ အဓိပ္ပါယ်မှာ ဖေါက်ကြံ့ပင် (ထောက်ကြံ့)တည်း။ ဖေါက်ကြံ့ (ထောက်ကြံ့)ပင်ရိပ်၌ မွေးဖွားသောကြောင့် အဇ္ဇုနဟု အမည်ပေး၏။ ထို့ကြောင့် နာဂအဇ္ဇုနဟူသည် နဂါးကို ကိုးကွယ်သော အမျိုးဝယ် ဖေါက်ကြံ့ (ထောက်ကြံ့)ပင်ရိပ်၌ မွေးဖွားသူဟု အဓိပ္ပါယ်ရ၏။ (၂၅၀၀ ခရီး ။၈၁၂၆။)

နာဂအဇ္ဇုနဟု ပေါ်ပေါက်လာမည်ကို ဗုဒ္ဓက ဗျာဒိတ်ထားခဲ့သည်ဟု ဆိုကြ၏။ ၎င်း၏ မွေးရပ်မှာ ရှေးခေတ် အခေါ် ဝိဒဗ္ဘတိုင်း ဤခေတ်အခေါ် ဒက်ကန်ကုန်းမြင့်ဒေသ အမရာဝတီနှင့် နာဂအဇ္ဇုနကုဏ္ဍတည်း။

ဗုဒ္ဓသည် လူ့ပြည်၌ သာဝကလမ်းစဉ်ကိုသာ ဟောခဲ့၏။ ပါတာလခေါ် နဂါးပြည်တွင် ပို၍နက်နဲ ခက်ခဲသော ဗောဓိသတ္တလမ်းစဉ်နှင့် သုညဝါဒကို ဟောခဲ့၏။ နာဂအဇ္ဇုနကို နဂါးပြည် ပါတာလ နန်းတော်သို့

http://www.dhammadownload.com


ပင့်၍ နဂါးမင်းက သုညဝါဒကို သင်ပေးလိုက်၏။ ထို့ကြောင့် ဤဝါဒကို နဂါးပြည်မှ နာဂအဇ္ဈုနက ယူဆောင်ခဲ့သည်ဟု ဆိုကြ၏။

နဂါးပြည်မှဆောင်ယူခဲ့သော သုညဝါဒများကို လက်ခံသော ဂိုဏ်းကို ရှေ့ပိုင်း၌ မဓျမိကဂိုဏ်းဟု ခေါ်သည်။ သဒ္ဓမ္မပုဏ္ဍရီကကျမ်းနှင့် ပညာပါရမိတာကျမ်းများသည် ဤမဓျမိကဂိုဏ်း၏ ပါဠိတော်များ ဖြစ်ကုန်၏။

ထိုမဓျမိကဂိုဏ်းသည်

(၁) အလက္ခဏ-ကိုယ်ပိုင်လက္ခဏာမရှိခြင်းကို အခြေပြု၍ သုညဝါဒကို လက်ခံ၏။

(၂) အတ္တနှင့် အနတ္တကို ထပ်တူပြု၏။

(၃) သတ္တဝါတိုင်း ဘုရားဖြစ်နိုင်သည်ဟု ဆို၏။

၎င်း မဓျမကဂိုဏ်းမှ နောက်ပိုင်း၌ မဟာယာနဂိုဏ်းဟု ဝါဒသစ် ဂိုဏ်းအသစ် ဖြစ်ပေါ်လာ၏။

မဟာယာနဂိုဏ်းသည် မဓျမိကဂိုဏ်း၏ သုညဝါဒမှသာ ဆင်းသက်လာသည်မဟုတ်၊ အသင်္ဂနှင့် ညီတော် ဝသုဗန္ဓုတို့ တည်ထောင်သော ယောဂါစာရဂိုဏ်း ဝိညာဏဝါဒမှ ဆင်း သက်လာသည်ဟုလည်း ဆိုနိုင်ပြန်၏။

မဓျမိကဂိုဏ်း၏ သုညဝါဒနှင့် ယောဂါစာရဂိုဏ်း၏ ဝိညာဏဝါဒတို့မှ မဟာယာနဟူ၍ ဖြစ်ပေါ်လာသည်။

ဤသို့ မဟာယာနဂိုဏ်း၏အစကို ကြည့်လိုက်လျှင် ကနိရှကမင်း၏ သင်္ဂါယနာတင်ပွဲ၌ ဦးစီးခဲ့သော အဿဃောသ မထေရ် ပြုစုခဲ့သော ဗုဒ္ဓစရိတာကျမ်း၌ သုံးနှုံးခဲ့သော -

၁။ သာဝကယာန

၂။ ပစ္စေကဗုဒ္ဓယာန

၃။ သမ္မာသမ္ဗုဒ္ဓယာန ဟူသော အသုံးနှုံးများမှ ယာနဟူသော စကားမှ စတင်ခဲ့ကြောင်း တွေ့ရှိရ၏။

ယင်းဝေါဟာရ၌ ယာန'ဟူသော ဝေါဟာရသည် ယခုထေရဝါဒကျမ်းဂန်တို့၌ သုံးနှုန်းသော ဗောဓိ'ဟူသော ဝေါဟာရပင်ဖြစ်ပါ၏။

သာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ ဟူသော ဗောဓိသုံးမျိုးကို ဝေါဟာရပြောင်း၍ သာဝကယာန, ပစ္စေကယာန, သမ္မာသမ္ဗုဒ္ဓယာနဟူသော ယာနသုံးမျိုးဟု ခေါ်ဝေါ် သုံးနှုန်းခြင်းသာ ဖြစ်၏။

၎င်းသာသနာနှစ် (၇၀၀)အတွင်းမှာပင် ပေါ်ပေါက်လာ ခဲ့သော မဓျမကဂိုဏ်းသားများက သာဝကယာနနှင့် ပစ္စေကဗုဒ္ဓယာနတို့မှာ မိမိတကိုယ်တည်းသာ နိဗ္ဗာန်ကူးနိုင်၍ တကိုယ်ကောင်းအကျင့်သာ ဖြစ်၏။ သတ္တဝါတို့ကို ကယ်တင်နိုင်သော အကျင့် မဟုတ်။ ဗုဒ္ဓယာနကျင့်စဉ်သည်သာလျှင် သတ္တဝါတို့ကို ကယ်တင်နိုင်သော အကျင့်ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓယာနသည်သာ အမြတ်ဆုံး မဟာယာန ဖြစ်၍ ၎င်းအကျင့်ကိုသာ ကျင့်သုံးအပ်၏။ သာဝကယာန, ပစ္စေကဗုဒ္ဓယာနများကို မကျင့်သုံးအပ်ဟု သဒ္ဓမ္မပုဏ္ဍရီကကျမ်း တွင် ဖော်ပြထား၏။

ဗုဒ္ဓယာနသည်သာ အမြတ်ဆုံးဖြစ်၍ ကျင့်သုံးအပ်၏။ သာဝကယာန, ပစ္စေကဗုဒ္ဓယာန ၂ မျိုးကို မကျင့်သုံးအပ်ဟူသော အယူနှင့်ပတ်သက်၍ အငြင်းပွားမှုသည် သာသနာနှစ်(၉၀၀) ဝန်းကျင်တဝိုက်၌ ယောဂါစာရဂိုဏ်း ပေါ်ပေါက်လာသောအခါ အထွတ်အထိပ်သို့ ရောက်လာသည်။

ဗုဒ္ဓယာနသည်သာ အမြတ်ဆုံး မဟာယာန ဖြစ်၍ ၎င်းအကျင့်ကိုသာ ကျင့်သုံးအပ်၏။ သာဝကယာန,

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓယာနများကို မကျင့်သုံးအပ်ဟူသော သဒ္ဓမ္မပုဏ္ဍရိကကျမ်းလာ အယူကို လက်ခံကြသော မဓျမိက ဂိုဏ်းသားတို့က ၎င်းအယူအဆအသစ်ကို လက်မခံသော သဗ္ဗတ္ထိဝါဒဂိုဏ်းသား၊ သုတ္တန္တိကဂိုဏ်းသား၊ ယောဂါစာရဂိုဏ်းသားအချို့ကို **ဟီနယာနဟု နှိပ်ကွပ်၍ ခေါ်ဝေါ်ခဲ့၏။**

ထိုအခါ ၎င်းအယူအဆအသစ်ကို လက်ခံသော **မဓျမိကဂိုဏ်းသားတို့သည် အလိုအလျောက် မဟာယာနအဖြစ်သို့ ရောက်ရှိသွားတော့၏။** (ကမ္ဘာ့ပတ်၍ ဘုရားရှာခြင်း။ ၁၉၆။)

စင်စစ်တမူကား ထေရဝါဒဂိုဏ်းကို ဟီနယာနဂိုဏ်းဟု **ခေါ်သည် မဟုတ်**။ ၎င်းတို့ ဂိုဏ်းကွဲ အချင်းချင်းသာလျှင် ဗုဒ္ဓယာန သက်သက်ကိုသာ လက်ခံကျင့်သုံးလျှင် မဟာယာနဟု၎င်း၊ ယာန သုံးခုလုံးကို လက်ခံလျှင် ဟီနယာနဟု၎င်း ခေါ်ဝေါ်ကြသည်။

အချုပ်အားဖြင့် ရှင်အသဃောသ၏ ယာနဟူသော **စကားမှစ၍ အရှင်နာဂအဇ္ဇုန၏ မဓျမိကသုညဝါဒနှင့် ရှင်အသင်္ဂနှင့် ဝသုဗန္ဓုတို့၏** ယောဂါဝစရဝိညာဏဝါဒတို့မှ သာဝကယာနနှင့် **ပစ္စေကဗုဒ္ဓယာန ၂-ပါးကို ပယ်၍** ဗုဒ္ဓယာနကိုသာ လက်ခံသော ဝါဒကို မဟာယာနဝါဒဟု ခေါ်ဝေါ်ရိုး ပြုကြသည်။

## မဟာယာန–ဟီနယာန

မဟာ-ကြီးကျယ်သော၊ ယာန-ယာဉ်။

သတ္တဝါအားလုံးကို နိဗ္ဗာန်သို့အရောက် သယ်ယူပို့ဆောင်ပေးနိုင်သော ကြီးကျယ်သောယာဉ်ဟု ဆိုလိုသည်။

မဟာယာနဝါဒအလို တစ်ဦးတစ်ယောက် လွတ်မြောက်မှုသည် လွတ်မြောက်မှု အစစ်မဟုတ်၊ တစ်လောကလုံး တစ်ယောက်မကျန် အကုန်အစင် လွတ်မြောက်မှုသာ လွတ်မြောက်မှုအစစ်ဖြစ်သည်ဟု ဆို၏။

မိမိတစ်ဦးတည်း နိဗ္ဗာန်ရောက်စေနိုင်မည့် ရဟန္တာကျင့်စဉ် (သာဝကယာန)နှင့် ဘုရားငယ်ကျင့်စဉ် (ပစ္စေကဗုဒ္ဓယာန)တို့ကို လုံးဝပစ်ပယ်၍ ဘုရားလောင်းလမ်းစဉ် (သမ္မာသမ္ဗုဒ္ဓယာန)တစ်ခုတည်းကို လက်ခံသူမှသာ မဟာယာနဂိုဏ်းဝင် ဖြစ်နိုင်သည်ဟု ဆိုသည်။

မဟာယာနဟူသော ဝေါဟာရသည် သာသနာသက္ကရာဇ် ၉၀၀ ပြည့်နှစ် ပတ်ဝန်းကျင် တစ်ဝိုက်၌ ယောဂါစရဂိုဏ်း ပေါ်လာသောအခါ ဘုရားလောင်းလမ်းစဉ်အယူအဆ အထွတ်အထိပ်သို့ ရောက်ရှိလာပြီး ယင်းအယူအဆသစ်ကို လက်မခံသော သဗ္ဗတ္ထိဝါဒဂိုဏ်းသားများ, သုတ္တန္တိကဂိုဏ်းသားများ, ဝိညာဏဝါဒ ဂိုဏ်းသား အချို့တို့ကို ယင်းအယူအဆသစ်ကို လက်ခံသော မဓျမိကဂိုဏ်းသားများက "ဟီနယာန"ဟု နှိပ်ကွပ်ခေါ်ဝေါ်ခဲ့ရာမှ "မဟာယာန"ဟူသော ဝေါဟာရလည်း တွဲဖက် ပေါ်ပေါက်လာသည်။

ထေရဝါဒနှင့် ဆန့်ကျင်ကာ စင်ပြိုင်ပေါ်ပေါက်ခဲ့သော မဟာသံဃိကဂိုဏ်း၏ ဂိုဏ်းကွဲများ အချင်းချင်း မိမိ ကြိုက်နှစ်သက်ရာကို ပြုပြင် ပြောင်းလဲကြရင်းမှ အယူအဆ မတူကြသောအခါ အချင်းချင်း နှိပ်ကွပ် ခေါ်ဝေါ် သုံးနှုန်းကြရာမှ "မဟာယာန" "ဟီနယာန"ဟူ၍ ကွဲပြားလာသည်။

ယင်းအထောက်အထားကို ရှု၍ "ဟီနယာန"ဟူသော ဝေါဟာရကို ထေရဝါဒတို့အား ရည်ရွယ်၍ ခေါ်ဝေါ် သုံးနှုန်းခဲ့သည် မဟုတ်ဟု ဆိုကြသည်။ (ထေရဝါဒသည် ဟီနယာန မဟုတ်ပါ ဟူလိုသည်။)

သို့သော် သမ္မာသမ္ဗုဒ္ဓယာနခေါ် ဘုရားလောင်းလမ်းစဉ် သက်သက်ကို လက်မခံသူကို ဟီနယာနဟု ခေါ်လိုသည်ဖြစ်သောကြောင့် ဗောဓိသုံးမျိုး ယာနသုံးမျိုးလုံးကို လက်ခံ ကျင့်သုံးသော ထေရဝါဒသည်လည်း

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓယာနခေါ် ဘုရားလောင်းလမ်းစဉ် သက်သက်ကို လက်ခံသော မဟာယာနတို့အလို "ဟီနယာန" တွင် ပါဝင်နေပါတော့၏။

## မဟာယာနဂိုဏ်းစည်းကမ်း

၁။ အာလယဝိညာဉ်, ပြုသမျှသော ကုသိုလ်ကံ, အကုသိုလ်ကံမျိုးစေ့များ၏ သိုမှီးသိမ်းဆည်းထားရာဌာန ဖြစ်သော အာလယဝိညာဉ်ခေါ် ၇-ခုမြောက် သတ္တမဝိညာဉ်ရှိ သဘောတရား။

၂။ တထတာ, အာလယဝိညာဉ်၏ တည်ရာမှီရာ မူရင်းအကြောင်းတရား တထတာကို ပရမတ္ထ သစ္စာဟု ခေါ်သည်။ နိဗ္ဗာန်ဆိုသည်မှာ တည်ငြိမ်နေသော တထတာကိုပင် ခေါ်သည်။

၃။ တထာဂတ, သတ္တဝါသည် တထတာ၏ အသွင်ပြောင်းမှုဖြစ်၍ တထတာမှ ပေါ်ထွက်လာ၍ တထာဂတ မည်၏။ တနည်းအားဖြင့် သတ္တဝါသည် တထတာအဖြစ်သို့ ပြန်လည် ရောက်ရှိ သွားသောကြောင့် တထာဂတမည်၏။ (လောကကြီးတစ်ခုလုံး ဆိတ်ငြိမ်၍ တထတာအဖြစ်သို့ ရောက်သောအခါ သတ္တဝါသည်လည်း တထတာ အဖြစ်သို့ ရောက်သွားသည်။)

၄။ တထာဂတဂဗ္ဘ, တထတာသည်ပင်လျှင် တထာဂတခေါ်သော သတ္တဝါ၏ မူလအစ ကိန်းအောင်း ရာ တိုက်ခန်း(ဝမ်းဗိုက်) ဖြစ်သောကြောင့် တထာဂတဂဗ္ဘလည်း မည်၏။

၅။ ဓမ္မဓာတု တထတာမှ အသွင်ပြောင်းရန် လှုပ်ခတ်ချောက်ချားလာသောအခါ ပေါ်ထွက် လာသော လှုပ်ရှားမှု တစ်ခုစီ တစ်ခုစီတို့၏ လှုပ်ရှားမှုအားလုံးကို စုပေါင်း ခေါ်ဝေါ်သော စကြာဝဠာ လောကဓာတ်ကြီးသည် ဓမ္မဓာတု မည်၏ဟူသော မဟာယာနတို့ အသစ်တီထွင်ထားသော ဤသဘော တရားများကို လက်ခံလျှင် မဟာယာနဂိုဏ်းဝင် ဖြစ်နိုင်၏။ (၂၅၀၀-ခရီး။၁၃၂-၁၃၅။)

ရင်းသဘောတရားများကို လက် မခံလျှင် ဟီနယာနဂိုဏ်းဟု သတ်မှတ်၏။

မဟာယာနဂိုဏ်း ကြီးကျယ်ထင်ရှားရခြင်းအကြောင်းတို့မှာ ဘုရားအလောင်းဝါဒကို လူကြိုက် များလာခြင်းနှင့် လူတို့အကြိုက်လိုက်၍ ပြုပြင် သွားခြင်းတို့ကြောင့် ဖြစ်သည်။

ထိုမဟာယာနဂိုဏ်းသည် ကျပ်တည်းသော ဝိနည်းစည်းကမ်းများကိုရင်း, ခက်ခဲနက်နဲသော အဘိဓမ္မာ တရားများကိုရင်း, ခြိုးခြံစွာ ကျင့်ရသော ကမ္မဋ္ဌာန်းဘာဝနာတို့ကိုရင်း, အလေးဂရု မပြုဘဲ ဘုရား၏ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ဘုရားအလောင်းတို့၏ တန်ခိုးဣဒ္ဓိပါဒ်, ဉာဏ်ပညာ, ကရုဏာကြီးမားပုံတို့ကို ချီးမွမ်း ချီးပ၍ ၎င်းတို့၏ အစိန္တေယျ အပ္ပမေယျ မကြံအပ် မနှိုင်းယှဉ်အပ်သော ဂုဏ်တော်တို့ကို အရင်းခံ၍ မိမိလိုရာ ဆွဲငင်ချဲ့ထွင် ရေးသားပြောဆိုလေသည်။ ဗောဓိသတ္တဟူသော ဘုရားအလောင်းကို ဂုဏ်တင်၍ ချီးကျူးကာ အဝလောကီတေသွာရ, မဥ္ဇုသီရိစသော အမည်အမျိုးမျိုးပေးထား၏။ (ဦးဖိုးကျား မဟာယာန။၄၂-၃-၄။)

ဗောဓိသတ္တ ဘုရားအလောင်းဟူရာ၌ ထေရဝါဒ၌ ဘုရားဆုပန်, ဘုရား ဖြစ်မည့်သူဟုသာ ဆို၏။ မဟာယာန၌ ဘုရားအလောင်းကို နတ်ဟု ဆို၏။ တစ်ခါတစ်ရံ လူတို့ကို ကယ်တင်ရန်လူပြည်သို့ လာသည်ဟု ဆို၏။ ဗုဒ္ဓဘုရားကို ကောင်းကင်ဘုံ၌ အမြဲတည် နေစေပြီးလျှင် ထိုကောင်းကင်ဘုံဘုရားသည် လူနှင့် တိုက်ရိုက် မဆက်သွယ်နိုင်သဖြင့် ဘုရားအလောင်းက လူနှင့်ကောင်းကင် ဘုံက ဘုရားကို ဆက်သွယ်၍ ပေးရ၏။

http://www.dhammadownload.com



ဘုရားအလောင်းသည် နိဗ္ဗာန်ရောက်သွားလျှင် လူတို့၏အကျိုးကို ဆောင်ရွက် နိုင်မည် မဟုတ်။ ထို့ကြောင့် ဘုရားအလောင်းတို့သည် နိဗ္ဗာန်ကို မယူဘဲ နေရမည်ဟု ဆို၏။ ဘုရားအလောင်းသည် လူမှ စ၍ တိရိစ္ဆာန်များ အထိ အလုံးစုံသော သတ္တဝါများကို ဘုရား ဖြစ်အောင် ကူညီရမည်။ သေဆုံးမှု မရှိ၊ အမြဲတမ်းတည်ရှိနေရမည်။

**မဟာယာနဂိုဏ်း၏ ထူးခြားသောဝိသေသလက္ခဏာများမှာ**

၁။ ဗုဒ္ဓ၏ ကာယ (၃)ပါး

၂။ ဗောဓိသတ္တ ဘုရားအလောင်းဝါဒ

၃။ တထတာ နှင့် ဓမ္မဓာတု

၄။ အာလယဝိညာဉ်

၅။ မြူမှုန်များ တိရိစ္ဆာန်များ၌ ဗုဒ္ဓဘာဝ (ဘုရား ဖြစ်မည့် အလားအလာ) အနည်းနှင့် အများ ပါဝင်၏- ဟူသည်တို့ ဖြစ်ပါသည်။

## အရှင် ဉာဏ၏ ဝါဒသည် ဝိသေသဗုဒ္ဓဘာသာဟူ၏

➤ မိုးပြာ အရှင်ဉာဏသည်

"၁၉၇၄-ခုနှစ်အခြေခံဥပဒေ တည်ဆဲကာလဖြစ်တဲ့ ၁၉၈၃-ခုနှစ် ဖေဖော်ဝါရီလ ၁၀-ရက်နေ့မှာ ထေရဝါဒနှင့် ထေရဝါဒရဟန်းသမဏအဖြစ်ကို စွန့်လွှတ်ပြီး ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာနဲ့ ဓမ္မဝိဟာရီအဖြစ် ကြေညာရပ်တည်ခဲ့သူ ဖြစ်ပါတယ်" ဟု လည်းကောင်း။

➤ "ထေရဝါဒနဲ့ မဟာယာနတို့သည် တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်း ကွဲပြားကြသော်လည်း ထိုနှစ်ဂိုဏ်းသည် ရှေ့ဘဝ နောက်ဘဝ ခံယူမှု တူညီကြသည်။ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာသည် ဤခံယူမှု၌ ဤဂိုဏ်းများနဲ့ မတူသောကြောင့် ဝိသေသဗုဒ္ဓဘာသာ ဖြစ်လေသည်"- ဟုလည်းကောင်း။ (မိုးပြာကျောင်းမှ ပေးစာများ- နှာ-၃၇၄။)

➤ ထေရဝါဒဗုဒ္ဓဘာသာဟာ ပရမတ်ကို သစ္စာခံတဲ့ ဗုဒ္ဓဘာသာ ဖြစ်တယ်။ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဟာ ကံကို သစ္စာခံတဲ့ ဗုဒ္ဓဘာသာ ဖြစ်တယ်။

ဒီ ဗုဒ္ဓဘာသာ(၂)ရပ်ဟာ မိုးနဲ့ မြေပမာ အလွန်ဝေးကွာတဲ့ ဘာသာနှစ်ရပ် ဖြစ်တာ သိကြရမှာပေါ့" ဟုလည်းကောင်း ဆိုထားသည်။

## မိုးပြာဂိုဏ်းသည် မဟာယာနလော?

ဤသို့ အရှင်ဉာဏသည် မိမိ၏ ဝါဒကို ထေရဝါဒဗုဒ္ဓဘာသမှ အသီးအခြားဖြစ်အောင် ထေရ ဝါဒမှ နုတ်ထွက်ပါတယ်ဆို၊ အမျိုးမျိုး မတူကြောင်း ပြောဆိုပါသော်လည်း ဆိုသမျှသည် ထေရဝါဒဟု အများသတ်မှတ်လက်ခံထားသော သင်္ဂါယနာသုံးတန်တင်သော ပါဠိတော် အဋ္ဌကထာတို့ကို လွတ်အောင် မဆိုနိုင်ခြင်း၊ အချို့နေရာများ၌ သင်္ဂါယနာသုံးတန်တင် ထေရဝါဒပါဠိအဋ္ဌကထာတို့ကို တိုက်ရိုက်ကိုးကား ထားသည်များကို တွေ့ရသောကြောင့် လည်းကောင်း၊

http://www.dhammadownload.com



အိန္ဒိယ မြန်မာ တရုပ် ကျပန် ဗီယက်နမ် ကမ္ဘောဒီးယား ထိုင်း **သီရိလင်္ကာ** စသည်တို့၌ ရှိကြသော ဗုဒ္ဓဘာသာဝင်အများက ဗုဒ္ဓဘာသာဝင်ဆိုလျှင် မဟာယာန **ဟီနယာန** ထေရဝါဒဟုသာ သိကြ လက်ခံထားကြသည်။ ထိုမှ အတိုးအပွား လက်ခံထားသည်ဟူ၍ မရှိခဲ့စဘူးသောကြောင့် ထေရဝါဒ ဟီနယာန ဖြစ်ချင် ဖြစ်၊ မဖြစ်လျှင် မဟာယာန ဖြစ် ဤသို့သာ အများ လက်ခံကြသည်။

ယခု အရှင်ဉာဏယူသော ဝါဒသည် ဘုရားလောင်းလမ်းစဉ် အယူအဆ အထွင်အထိပ်သို့ ရောက်ရှိလာပြီး ယင်းအယူအဆကို လက်ခံသော ဝါဒလည်း မဟုတ်သောကြောင့်လည်းကောင်း။

၁။ အာလယဝိညာဉ်, ၂။ တထတာ, ၃။ တထာဂတ, ၄။ တထာဂတဂဗ္ဘ, ၅။ ဓမ္မဓာတု ဟူသော မဟာယာနတို့ အသစ်တီထွင် ထားသော ဤသဘော တရားများကို လက်ခံသော ဝါဒလည်း မဟုတ်သောကြောင့်လည်းကောင်း။ **မဟာယာန မဟုတ်ပါ။**

ထေရဝါဒလမ်းကြောင်းအတွင်းမှ ထေရဝါဒကို ဖျက်ဆီးနေသော မိမိအတွက် သက်သာခွင့်ကို ရှာနေသူ သာသနာမှီခို ကြည့်ညိုနေသူတို့၏ သဒ္ဓါစစ် သဒ္ဓါမှန်ကို ဖျက်ဆီးနေသူ သာသနာ့အတွင်းရန်သူ စင်စစ် ကေန်ဖြစ်ကြောင်း သိသာလှပါသည်။

## ထေရဝါဒဗုဒ္ဓဘာသာဖြစ်လျှင်<br>မြန်မာပြည်တွင် ဂိုဏ်းသစ် ထူထောင်ခွင့် မရှိ

➤၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည်ကျော်(၁)ရက် ၁၉၈၀-ပြည့်နှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင်-

"ယင်းနေ့ မတိုင်မီ တည်ရှိခဲ့သော ဂိုဏ်းကြီး ၉ ဂိုဏ်းကို ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနက တည်ရှိခွင့် ပြုခဲ့သည်။ နောက် ထပ်မံ၍ ဂိုဏ်းသစ်တည်ထောင်မှုကို ပိတ်ပင်တားမြစ်ခဲ့သည်"။

➤သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ အခန်း(၂) အပိုဒ်(၄)တွင်-

"ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံ ပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်"ဟူ၍ အတည်ပြုထားပါသည်။

(အကျယ်ကို ၂၃. ၁၁. ၂၀၀၈ ရက်စွဲပါ သတင်းစာများတွင် လေ့လာကြပါကုန်။)

ဥပဒေကဲ့သို့ ထပ်တူ အာဏာသက်ရောက်သော အထက်ဖော်ပြပါ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း၊ အခန်း(၂) အပိုဒ်(၄)အရ ယင်းဥပဒေကို အတည်ပြုပြီးချိန် ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်၊ ၁၉၈၀-ပြည့်နှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့၏ နောက်ပိုင်း၌ ဗုဒ္ဓဘာသာ ဂိုဏ်းအသစ် ထပ်မံ ထူထောင်ခွင့် မရှိသောကြောင့် မြန်မာနိုင်ငံတွင် ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည်ကျော်(၁)ရက် ၁၉၈၀-ပြည့်နှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ မတိုင်မီ တည်ရှိပြီး ဂိုဏ်းကြီး ကိုးဂိုဏ်းမှ တပါး အခြားဂိုဏ်းသစ်ကို တည်ထောင်ခွင့် မရှိပါ။

## လွတ်လပ်စွာ ကိုးကွယ်ခွင့်

➤တိုင်းပြည်တစ်ပြည်ရဲ့ အခြေခံဥပဒေထဲမှာ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အတိအလင်းပေး ထားတာပဲ- ဟု အကြောင်းပြ ကာကွယ်လိုကြသေး၏။

မှန်ပါ၏။ "မည်သည့်ဘာသာများကို လွတ်လပ်စွာ ယုံကြည်ခွင့် ရှိသည်"

http://www.dhammadownload.com



ဗုဒ္ဓဘာသာ ခရစ်ယာန် မွတ်စလင် ဟိန္ဒူဘာသာစသည် မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာ ကိုးကွယ်နိုင်ကြောင်း၊ နတ်ကိုးကွယ်သောဘာသာ စသည်များကိုသာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသည်ဟု ဆိုလိုသည်။ ကိုးကွယ်မှုကို မကန့်သတ် မချုပ်ချယ်ရန် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်မှာ မှန်ပါ၏။

သို့သော် ဗုဒ္ဓဘာသာဝင်များထဲမှ (မူလရှိပြီး ဂိုဏ်းကြီးကိုးဂိုဏ်းမှ)တပါး အခြားသော ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများကို လွတ်လပ်စွာ ထူထောင်ခွင့် ရှိသည် ကိုးကွယ်ခွင့်ရှိသည်ဟု ဆိုလိုသည် မဟုတ်ပေ။

အရေးကြီးသည်မှာ မည်သည့်ဘာသာမျှ မဝင်ပဲ အလွတ် နေလိုလျှင် နေနိုင်သည်၊ နေကြသည်၊ မနေပဲ ဘာသာတစ်ခု ဂိုဏ်းတစ်ခုသို့ သက်ဝင်ခဲ့လျှင်ကား ထိုဘာသာ ထိုဂိုဏ်း၏ ဘာသာရေးစည်း ဂိုဏ်းစည်းကိုမူ လေးစား လိုက်နာရမည် ဖြစ်ပါ၏။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် N G O လော?

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သံဃာထုချည်းသက်သက် သံဃဆန္ဒဖြင့်ချည်း ဖွဲ့စည်း တည်ထောင်ထားသော အဖွဲ့အစည်း မဟုတ်။ နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက် သံဃာထု၏ သဘောတူညီချက်တို့ဖြင့် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် တွဲဖက်၍ ဖွဲ့စည်း ထားသော အဖွဲ့အစည်း ဖြစ်သောကြောင့်လည်းကောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာများ ကျမ်းစာအုပ် စာမျက်နှာ(၄၃)တွင်-

"ဝိနိစ္ဆယဥပဒေကို လွှတ်တော်က အတည်ပြုပေးလိုက်တဲ့ နောက်မှာ ဝိနိစ္ဆယလုပ်ထုံး လုပ်နည်းရော၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် သူ့ရဲ့လုပ်ထုံး လုပ်နည်းတွေပါ ဆက်သွယ်ပြီး အကျိုးသက်ရောက် သွားတယ်။ အားလုံး ဥပဒေထဲ အကျုံးဝင်သွားတယ်။

ဒါ့ကြောင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းကို သာမန်အများစု ဆုံးဖြတ်ချက်လောက် မယူဆရဘူး။ အားလုံး ဥပဒေ အကျိုးသက်ရောက်သွားတယ်"ဟု ဆိုထားသည်ဖြစ်၍ ဝိနိစ္ဆယလုပ်ထုံး လုပ်နည်းရော၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် သူ့ရဲ့လုပ်ထုံး လုပ်နည်းတို့သည် နိုင်ငံတော် ဥပဒေနှင့် အလားတူ အာဏာသက်ရောက်သောကြောင့်လည်းကောင်း။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် **(N. G. O)** မဟုတ်ပါ။

နောက်ဆုံး ခြုံငုံဆိုရလျှင် "ပစ္စုပ္ပန္နကမ္မဝါဒ ဗုဒ္ဓဘာသာသည် ဤခံယူမှု၌ ဤဂိုဏ်းများနှင့် မတူ သောကြောင့် ဝိသေသဗုဒ္ဓဘာသာ ဖြစ်လေသည်"ဟု စွဲမြဲစွာ ဆိုပါလျှင် ဂိုဏ်းသစ် တည်ထောင်သည် ဖြစ်သောကြောင့် ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက် ၁၉၈၀-ပြည့်နှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ အခန်း(၂) အပိုဒ်(၄)ကို လွန်ကျူးသူ ဖြစ်သည်။

http://www.dhammadownload.com



သို့ဖြစ်ပါ၍ ဝါဒသည် ဓမ္မလော? အဓမ္မလော?ဟုပင် စိစစ် ဆုံးဖြတ်ရန် မလို၊ မိုးပြာဂိုဏ်းကို တည်ထောင်သူနှင့် ယင်းဂိုဏ်းဝင်ပုဂ္ဂိုလ်များသည် နိုင်ငံတော် ဥပဒေကို ချိုးဖောက်သူများဖြစ်၍ တည်ဆဲဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

တနည်းအားဖြင့်---

၎င်းတို့ကိုယ်တိုင်လည်း မဟာယာနဟု ဝန်ခံမှု ပြောဆိုမှု မရှိ၊ ၎င်းတို့ ဟောပြော ရေးသားချက်တို့တွင် မဟာယာနဂိုဏ်းလက္ခဏာ တစ်စုံတစ်ခုကိုမျှ မတွေ့ရ၍ မဟာယာနဂိုဏ်းဝင် မဟုတ်သောကြောင့်လည်းကောင်း၊ ၎င်းတို့၏ ဟောပြောရေးသားချက်တို့သည် ထေရဝါဒ ပိဋကတ် ပါဠိအဋ္ဌကထာတို့ကိုသာ မှီကပ်၍ ကြံဆ ဟောပြော ရေးသားသည်မှာ ထင်ရှားသောကြောင့်လည်းကောင်း၊ ထေရဝါဒ၌ပင် အတွင်းဝင်သော ဝါဒဖြစ်၍ ယင်းတို့၏ ဟောပြောရေးသားချက်များ၏ ဓမ္မ/အဓမ္မ၏ အဖြစ်ကို ထေရဝါဒ ပိဋက ပါဠိအဋ္ဌကထာတို့နှင့် ကိုက်ညီမှု ရှိ/မရှိဖြင့်သာ စိစစ် ဆုံးဖြတ်ထိုက်သော ဝါဒဖြစ်ပါသောကြောင့်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရှိ အမြင့်ဆုံး တရားဝင် သံဃအဖွဲ့အစည်းဖြစ်သောကြောင့်လည်းကောင်း ယင်းအဖွဲ့အစည်း၏ အဆုံးအဖြတ်ကို ခံယူရမည်သာ ဖြစ်ပါသည်။

---

http://www.dhammadownload.com


# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ အဖွဲ့အမှတ် (၁၇/၂၀၁၁)၏
# ပစ္စုပ္ပန္နကမ္မဝါဒ ဗုဒ္ဓဘာသာအမည်ခံ ရှင်ဉာဏဦးဆောင်သော
# မိုးပြာဝါဒဝိနိစ္ဆယ

---

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီးကုန်းရွာ၊ အနုပါဒယဉ်ကျေးမှု မိုးပြာခြံ၌ သီတင်းသုံးနေထိုင်သော ရှင်ဉာဏဦးဆောင်သည့် ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာ အမည်ခံ မိုးပြာဂိုဏ်းသားတို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်အား အခြေခံမှုစ၍ စော်ကားပုတ်ခတ်သည့် စာအုပ် စာတန်းများထုတ်ဝေခြင်း၊ ဟောပြောပြသခြင်း သင်တန်းများ ဖွင့်လှစ်၍ ပို့ချခြင်း၊ အင်တာနက်သို့ တင်၍ ကမ္ဘာအရပ်ရပ်သို့ ဖြန့်လွှင့်ခြင်းများပြုလုပ်နေ သဖြင့် ယင်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဓမ္မ အဓမ္မစိစစ်ပြီး၊ အဓမ္မအဖြစ် ဆုံးဖြတ်ပေးပါရန်-

၁။ ဘဒ္ဒန္တအဂ္ဂဉာဏ၊ ချမ်းမြေ့သာစည်ကျောင်းတိုက်၊ ဘုရားချောင်းရပ်ကွက်၊ မြောင်းမြမြို့။

၂။ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

၃။ ဘဒ္ဒန္တနာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုပင်မြို့။

၄။ ဘဒ္ဒန္တကုန္ဒာစက္ကာဘိဝံသ၊ နိရုတ္တိနယပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးမြို့။

၅။ ဘဒ္ဒန္တနန္ဒာဘိဝံသ၊ မေပါကဋ္ဌကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

၆။ ဘဒ္ဒန္တကုန္ဒာစရိယာဘိဝံသ၊ သာသနပါရဂူကျောင်းတိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

- တို့က ၂၀၀၉-ခုနှစ်၊ ဇွန်လ (၈)ရက်၊ တနင်္လာနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံသို့ စောဒနာလွှာ တင်သွင်းခဲ့ကြပေသည်။

ထိုစောဒနာလွှာအရ မိုးပြာအဖွဲ့မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ရှင်ဉာဏဦးဆောင်သော မိုးပြာဂိုဏ်းသားတို့ထံသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ၃-၉-၂၀၀၉ ရက်စွဲဖြင့် သောဓနာလွှာ တင်သွင်းရန် တောင်းခံခဲ့ပေသည်။ ထိုသို့ တောင်းခံခဲ့သော်လည်း မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်ဉာဏဦးဆောင်သော မိုးပြာဂိုဏ်းသားတို့ထံမှ သူတို့အဖွဲ့သည် ထေရဝါဒဗုဒ္ဓဘာသာအဖြစ်မှနုတ်ထွက်ပြီး၊ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာအဖြစ်သို့ ပြောင်းလဲပြီးဖြစ်၍ သောဓနာလွှာ တင်သွင်းရန်မလိုကြောင်း ၂၄-၉-၂၀၀၉ ရက်စွဲပါစာဖြင့် တင်သွင်းလာခဲ့ပေသည်။

http://www.dhammadownload.com



ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ အခန်း(၇) အပိုဒ် (၅၇) အပိုဒ်(င)နှင့် ဝိနိစ္ဆယလက်စွဲ၊ အခန်း (၁၃) အပိုဒ်(၃၂) အပိုဒ်ခွဲ (ခ)တို့အရ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်နိုင်ရန် နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၊ အဖွဲ့အမှတ် (၁၇/၂၀၁၁)ကို ၁၃၇၂ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၉)ရက် (၂၈-၁-၂၀၁၁) သောကြာနေ့တွင် ဖွဲ့စည်း၍ အောက်ပါ ဝိနည်းဓိုရ်ဆရာတော် များကို တာဝန်ပေးအပ်ခဲ့ပေသည်။

### "သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ"

| စဉ် ဘွဲ့တော် | သက်တော်/သိက္ခာ | ကျောင်း/ကျောင်းတိုက် |
|---|---|---|
| ၁။ ဘဒ္ဒန္တကဝိန္ဒာစာရ | ၇၆/၅၇ | ဓမ္မာလင်္ကာရရေအေးလျှပ်စစ်ကျောင်းတိုက် သာစည်မြို့ |
| ၂။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ | ၆၄/၄၅ | မင်းကျောင်းပဌမပြန်စာသင်တိုက် သန်လျင်မြို့ |
| ၃။ ဘဒ္ဒန္တသောဘဏ | ၆၃/၄၃ | မဟာဝိသုတာရာမအလယ်တိုက် ပခုက္ကူမြို့ |
| ၄။ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ(ရွှေကျင်) | ၆၂/၄၂ | သာသနာ့ဇောတာရုံကျောင်းတိုက် မတ္တရာမြို့ |
| ၅။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ | ၅၇/၃၇ | ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊မန္တလေး။ |

### "အရန်ဝိနည်းဓိုရ်ဆရာတော်ကြီးများ"

| | |
|---|---|
| ၆။ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ(ရွှေကျင်) | မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာအောင်မြေမြို့နယ်၊မန္တလေး |
| ၇။ဒေါက်တာဘဒ္ဒန္တရေဝတာလင်္ကာရ | ဝိဇိတာရာမပရိယတ္တိစာသင်တိုက် ပိုက်ကြီးဝဲရွာ ၊ လှည်းကူးမြို့နယ် |

### ဝိနည်းဓိုရ်ဆရာတော်များ၏သဘောထား

ဝိနည်းဓိုရ်ဆရာတော်ကြီးများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီပေးအပ်လာသည့်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ရန်နှင့် တင်ပြလာသော စောဒနာလွှာများကို ဗုဒ္ဓဒေသနာတော်နှင့် ညီ/မညီ သေချာစွာလေ့လာစိစစ်ကြပြီး ဆုံးဖြတ်ချက်ချရန် သဘောထားကြသည်။

http://www.dhammadownload.com



### "သနားဘွယ်ရာပုဂ္ဂိုလ်များဖြစ်နေခြင်း"

ပစ္ဆိုပွန်ကမ္မဝါဒ ဗုဒ္ဓဘာသာအမည်ခံ ရှင်ဉာဏဦးဆောင်သော မိုးပြာဂိုဏ်းသားတို့က မိမိတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာအဖြစ်မှ နှုတ်ထွက်ပြီးဖြစ်သည်ဟု (ဆင်ဝှေ့ရန်ရှောင်) စကားကို ပြောဆိုကြပေသည်။ ထိုသို့ပင် ပြောဆိုကြပါသော်လည်း-

ဇလပ္ပမာဏံ ကုမုဒနာဠံ၊

ကုလပ္ပမာဏံ ဝိနယောပစာနံ၊

ဗျတ္တိပ္ပမာဏံ ကထိတဝါကျံ၊

ပထဝိပ္ပမာဏံ တိဏမိလာတံ။ (လောကနီတိ၊ ပဏ္ဍိတ-၁၂)

ရေတိမ်ရေနက်ကို ကြာရိုးကို မြင်သဖြင့် သိအပ်၏။ အမျိုးယုတ်မြတ်ကို ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် သိအပ်၏၊ (ဝါ) အကျင့်ဖြင့် သိအပ်၏။ ပညာ ရှိ/မရှိကို ပြောဆိုအပ်သော စကားဖြင့် သိအပ်၏။ မြေကောင်း/ မကောင်းကို မြက်ညှိုး/မညှိုးကို မြင်သဖြင့် သိအပ်၏ဟု လောကနီတိဆရာ ဆိုသကဲ့သို့ မိုးပြာအဖွဲ့၏ ဖြေခသော စကား၊ ဟောသောတရား၊ ရေးသားသောစာပေတို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကပါဠိ အဋ္ဌကထာ ဋီကာတို့မှ ထုတ်နှုတ်ယူဆောင်၍ မိမိတို့ လိုသလို အဓိပ္ပါယ်ဖျက်ဆီးယူထားသည်တို့ကို တွေ့မြင်ရသဖြင့် ရှင်ဉာဏဦးဆောင်သော မိုးပြာ အဖွဲ့သည် ထေရဝါဒဗုဒ္ဓဘာသာထေရဝါဒ ဗုဒ္ဓသာသနာဝင်များဖြစ်ကြပြီး (ခန္ဓာကိုယ်တွင်း၌ရှိသော ရောဂါပိုးသည် ခန္ဓာကိုယ်ကို အတွင်းကနေပြီး ဖျက်ဆီးသကဲ့သို့) ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာကို အတွင်းကျကျနေလျက် ဖျက်ဆီးနေသောအဖွဲ့ ဖြစ်သည်မှာ ထင်ရှားလျက်ပင် ရှိနေပေသည်။ **(ထည့်ရန်)**

### မိုးပြာဂိုဏ်းသားတို့၏အယူဝါဒ

မိုးပြာဂိုဏ်းသားတို့သည် ဝိပဿနာဘူမိအရာကို ပြဆိုသော "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူသော ပါဠိ၌ ဓမ္မအရ နိဗ္ဗာန်မပါဝင်သည်ကို အားကိုးသမှု လက်ကိုင်ပြု၍ နိဗ္ဗာန်သည် အနတ္တမဟုတ်၊ 'အတ္တ'ဟု ယူသော ပုဂ္ဂိုလ်များဖြစ်နေသည်ကို တွေ့ရှိရသည်။ ထိုသို့ယူသဖြင့် တိတ္ထိများ ကြံဆအပ်သော 'အတ္တ'ကို အခိုင်အမာ ယူထားသော ပုဂ္ဂိုလ်များဖြစ်နေပေသည်။

### "အဓမ္မကိုပယ်ဖျက်၍ ဓမ္မကိုကာကွယ်ရန်တာဝန်"

မြတ်စွာဘုရားပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် နှစ်ပေါင်းတစ်ရာ(၁၀၀)ရှိသောအခါ ဝေသာလီပြည်၌ နေကြကုန်သော ဝဇ္ဇီတိုင်းသားရဟန်းတို့သည် (ကပ္ပတိ သိင်္ဂီလောဏကပ္ပေါ) ဆားမရှိရာအရပ်၌ သုံးဆောင်အံ့ဟု ဆားကို သားချိုဖြင့် သွားရာသို့ဆောင်ခြင်းသည်အပ်၏၊ စသည်ဖြင့် ဆယ်ပါးသောဝတ္ထုတို့ကို ပြကြကုန်၏။ ထိုအခါ ဒေသစာရီ လှည့်လည်လာသော အရှင်ယသသည် ထိုစကားကိုကြား၍-

န ခေါ ပနေတံ ပတိရူပံ ယွာဟံ ဒသဗလဿ သာသနဝိပတ္တိံ သုတွာ အပ္ပေါသုက္ကော ဘဝေယျံ၊ ဟန္ဒာဟံ အဓမ္မဝါဒိနော နိဂ္ဂဟေတွာ ဓမ္မံ ဒီပေမိ။ (ဝိ၊၄၊၁။၂၆။)

စင်စစ်ငါသည် မြတ်စွာဘုရား၏သာသနာတော်၏ ပျက်စီးခြင်းကို ကြားပါလျက် ကြောင့်ကြမဲ့နေခြင်း

http://www.dhammadownload.com



သည် မသင့်၊ ငါသည် အဓမ္မဝါဒီတို့ကို နှိမ်နင်း၍ တရား(ဓမ္မ)ကို ထွန်းလင်းစေအံ့ဟု ကြံတော်မူသကဲ့သို့ (မိုးပြာဂိုဏ်းသားတို့ ဟောသော တရား၊ ပြောသောစကား၊ ရေးသော စာပေတို့ကို ပါဠိ/အဋ္ဌကထာ/ဋီကာ) တို့နှင့် ဆန့်ကျင်သည်ကို တွေ့ရှိတော်မူကြသော စောဒကဆရာတော်တို့သည် အရှင်ယသထေရ်ကဲ့သို့ပင် ကြောင့်ကြ မဲ့နေနိုင်တော်မမူကြသည့်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ စောဒနာလွှာ တင်သွင်းခဲ့ပေသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း အရှင်ယသ၊ အရှင်သဗ္ဗကာမိ စသော မထေရ်မြတ်တို့သည် အဓမ္မဝါဒကို နှိမ်နင်းပြီး ဓမ္မဝါဒကို ထင်ရှားပြကာ အလုံးစုံသော သာသနာတော်၏ အညစ်အကြေးတို့ကို သုတ်သင်ရှင်းလင်းတော်မူကြလျက် ဒုတိယသင်္ဂါယနာတင်တော်မူကြပြီးနောက် အနာဂတ်ကာလ၌လည်း သာသနာတော်၏ ဘေးရန်ဖြစ်ဦးမည်လောဟု ကြည့်တော်မူကြရာ ဤနှစ်တစ်ရာ၏ အထက် တစ်ရာတစ်ဆယ့်ရှစ်နှစ်မြောက် (ဝါ/သာသနာတော်နှစ်(၂၁၈)နှစ်မြောက် ဓမ္မာသောကမင်းလက်ထက်၌ လာဘသက္ကာရကို အကြောင်းပြုကာ ကြီးကျယ်စွာသော ဘေးရန်ဖြစ်လိမ့်မည်၊ ထိုဘေးရန်ကို ဗြဟ္မာပြည်၌ နည်းသောအသက် ရှိသော အထက်ဗြဟ္မာတို့၏ပြည်၌ဖြစ်ရန် ပွားစေအပ်ပြီးသော အကြောင်းဖြစ်သော ဈာန်ရှိသော တိဿဗြဟ္မာကြီးမှတစ်ပါး မမြင်ကြကုန်မူ၍ တိဿဗြဟ္မာကြီးအား လူ့ပြည်၌ဖြစ်၍ သာသနာတော်ကို ချီးမြှောက်ရန် တောင်းပန်ကြကုန်၏။

ထိုသို့ တောင်းပန်ကြပြီးနောက် သိဂ္ဂဝထေရ် စဏ္ဍဝဇ္ဇိထေရ်ဟူသော မထေရ်နှစ်ပါးတို့ကို အဓိကရုဏ်းငြိမ်းပွဲ၌ မပါဝင်ကြသည့်အတွက် ဒဏ်ထားကြသည်။ မည်ကဲ့သို့ ဒဏ်ထားသနည်းဟူမူ တိဿဗြဟ္မာကြီးသည် မောဂ္ဂလိပုဏ္ဏားမိ၏အိမ်၌ ပဋိသန္ဓေ ယူလိမ့်မည်၊ တစ်ပါးက အိမ်မှထုတ်၍ ရှင်ပြုရစ်လော့၊ တစ်ပါးက ပိဋကသုံးပုံ ပါဠိအဋ္ဌကထာကို သင်ပေးရစ်လော့ဟု ဒဏ်ထားသောအားဖြင့် တာဝန်ကို လွှဲတော်မူခဲ့သည်။ ထို့အတူ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံ မိုးပြာဂိုဏ်းသားတို့၏ ဝါဒကို ရှင်းလင်းသုတ်သင်ရန် နိုင်ငံတော်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ အဖွဲ့အမှတ် (၁၇/၂၀၁၁) ဝိနည်းဓိုရ်ဆရာတော်များအား တာဝန်လွှဲအပ်တော်မူသည်။

## အဓမ္မဝါဒရှင်းလင်းရန်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လွှဲအပ်ချက်ကို နိုင်ငံတော်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ အဖွဲ့အမှတ် (၁၇/၂၀၁၁) ဝိနည်းဓိုရ်ဆရာတော်ကြီးများက လက်ခံတော်မူကြပြီး ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ အမည်ခံ မိုးပြာဂိုဏ်း၏ အဓမ္မဝါဒဟူသော ကျောက်တောင်ကြီးကို ပိဋကသုံးသွယ် နိကာယ်ငါးရပ်ပါဠိ အဋ္ဌကထာ ဋီကာ တည်းဟူသော ဝဇီရစိန် (ဝရဇိန်)လက်နက်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် သုတ်သင်ရှင်းလင်းရမည် ဖြစ်ပေသည်။

ဤသို့ရှင်းလင်းခြင်းသည်ပင် သာသနာတော်၏အညစ်အကြေးကို ကောင်းစွာ သုတ်သင် ရှင်းလင်းခြင်း ဖြစ်ပေသည်ဟု နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်များက လက်ခံယုံကြည်ကြပေသတည်း။

---

http://www.dhammadownload.com



## “မိုးပြာဂိုဏ်းဝါဒ ဓမ္မ–အဓမ္မ ဝိနိစ္ဆယ

မိုးပြာဂိုဏ်းသည် တစ်ပါးသောဂိုဏ်းများနှင့် မတူပဲ တစ်မူထူးခြားပြီး ဘုရားဟောပိဋကပါဠိ အဋ္ဌကထာ၊ ဋီကာတို့ကို မိမိတို့လိုသလို ယူဆရေးသားဟောပြောနေသော ထေရဝါဒကိုလည်း လက်မလွှတ်သော ထေရဝါဒဗုဒ္ဓဘာသာကိုလည်း အခြေခံမှုစ၍ ဆန့်ကျင်ဖျက်ဆီးနေသော ဝါဒဖြစ်သည်။

ယင်းသို့ဖြစ်၍ စောဒကဆရာတော် (၆)ပါးတို့က

**ကာလေန စောဒေတိ ဘူတေန၊ သဏှေန အတ္ထသံဟိတေန။**

**မေတ္တာစိတ္တော စောဒေတိ၊ နော ဒေါသန္တရော။ ဧဒိသော ဝုစ္စတိ ဓမ္မစောဒကော။** (ဝိ၊၅။ ၂၈၀။) ဟူသော ပရိဝါပါဠိတော်နှင့်အညီ လျောက်ပတ်သောအခါ၌ ဟုတ်မှန်သဖြင့် သိမ်မွေ့သဖြင့် အကျိုးစီးပွားနှင့် စပ်သဖြင့် မေတ္တာစိတ်ရှိသည် ဖြစ်၍ စောဒနာတင်သွင်းကြသည်။ ဒေါသစိတ်ရှိသည်ဖြစ်၍ စောဒနာလွှာ တင်သွင်းကြခြင်း မဟုတ်ပေ။ သို့ဖြစ်၍ “ဓမ္မစောဒက”ဟု ဆိုအပ်၏။

ဤသို့ စောဒကဆရာတော်များက စောဒနာထားသည်ကို စုဒိတကအဖွဲ့က “**စုဒိတကေန ဒွီသု ဓမ္မေသု ပတိဋ္ဌာတဗ္ဗံ၊ သစ္စေ စ အကုပ္ပေ စ**” (ဝိ၊၅။ ၂၈၃။) ဟူသော ပရိဝါပါဠိတော်နှင့်အညီ ဝစီသစ္စာ၌ လည်းကောင်း၊ အမျက်မရှိသည်၏အဖြစ်၌လည်းကောင်း တည်၍သောနောလွှာတင်သွင်းသင့်ပေသည်။ **ထိုသို့ တင်သွင်းသင့်သော်လည်း သောဓနာလွှာတင်သွင်းမှု မပြုခြင်းသည် စုဒိတကကျင့်ဝတ်ပျက်၍ အားနည်းချက် ဖြစ်နေပေသည်။**

စောဒကဆရာတော်တို့၏ စောဒနာချက်များကို စုဒိတက မိုးပြာဂိုဏ်းက သောဓနာလွှာ တင်သွင်းမှု မပြုဘဲနေပြီး မျက်နှာလွှဲခဲပစ် လုပ်ထားသည့်အတွက် စောဒနာလွှာ၊ သောဓနာလွှာတို့ကို ယှဉ်စပ်၍ ဆုံးဖြတ်ရမည့် ဝိနိစ္ဆယဆရာတော်များအနေဖြင့် [(**အနုပစိတကုသလသမ္ဘာရေဟိ ဒုပ္ပညေဟိ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ ဒုက္ခောဂါဟံ အလဗ္ဘနေယျပတိဋ္ဌ**) (ဝိ-ဋ-၁၊ ၁၉)] ယုန်ငယ်စသော သတ္တဝါတို့သည် မဟာသမုဒ္ဒါကို သက်ဝင် နိုင်ခဲသကဲ့သို့လည်းကောင်း၊ ရအပ်သော တည်ရာ မရှိသကဲ့သို့လည်းကောင်း၊ ကုသိုလ်ဟူသော အဆောက်အဦးကို မဆည်းပူးခဲ့ကုန်သော ပညာနည်းသော အမျိုးသားတို့သည် ဆင်းရဲသဖြင့် သက်ဝင်အပ်ကုန်၏။ ရအပ်သော တည်ရာ မရှိကုန်- ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာဆရာ မိန့်တော်မူသကဲ့သို့ ထင်ရာမြင်ရာ ရေးသားဟောပြောထားသော မိုးပြာဂိုဏ်း၏တရား၊ စာပေတို့ကို ကြည့်ရှုရာ၌ အခက်အခဲရှိနေကြပေသည်။

ထိုသို့ပင်ဖြစ်သော်လည်း စောဒကဆရာတော်တို့၏ စောဒနာလွှာပါ စကားရပ်တို့ကို ကြည့်ရှုသုံးသပ်၍-**န စ အာမိသံ နိဿာယ၊ န စ နိဿာယ ပုဂ္ဂလံ။**

**ဥဘော ဧတေ ဝိဝဇ္ဇေတွာ၊ ယထာဓမ္မော တထာကရေ။** (ဝိ၊၅။ ၂၈၄။)

ဟူသော ပရိဝါပါဠိတော်နှင့်အညီ အာမိသပုဂ္ဂလ နှစ်ဝတို့ကို ဇဲ့ညှာထောက်ထားမှု မပြုကြဘဲ တရားအား လျော်စွာ ဖြစ်သင့်သည်ကို ဆုံးဖြတ်ကြရပေမည်။

http://www.dhammadownload.com



## "အမှတ်(၁) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်"

ဝိမုတ္တိဒေသနာ။၇၊၈၊၉၊၁၀-၌ မိုးပြာအရှင်ဉာဏ ဟောပြောရေးသားထားသော-

"ဗုဒ္ဓဘုရားကတော့ လူတွေ အပြစ်ပြောသွားပြီ။ မင်းကံနဲ့ ကံရဲ့အကျိုးဝိပါက်ဆိုပြီးတော့ (ပ) ကံလုပ်သူက ကံလုပ်သလိုဖြစ်ပြီးတော့ နောက်ထပ်ထပ်ပြီး ကံလုပ်ချင်တယ်(ပ)ကံလုပ်သူဖြစ်တယ်၊"

(ဝိမုတ္တိဒေသနာ။၇)

"အဲ့နောက်ကျတော့ တစ်ခါထပ်ပြီးတော့ ကံပြန်လုပ်ချင်တယ်၊ ဩော်. . . ကောင်းတာတွေပဲ ထပ်လုပ်တော့ မကောင်းဘူးလားလို့ မေးရင် သူဒီထဲမှာပဲ လည်နေရပြီးဆိုတော့ ဘယ်ကောင်းတော့မလဲ (ပ) အဲဒီ ကောင်းတဲ့ကံက မလွတ်တော့ဘူး။" (ဝိမုတ္တိဒေသနာ-၈)

"အဲဒီလိုဆိုတော့ ကံလုပ်ပြီလို့ဆိုရင် အဲဒီကံက မထွက်တတ်တော့ဘူး၊ ဒီကံက မထွက်တတ် တော့ဘူး ဆိုရင် ဒီကံကြီးက ကိုယ့်ကို ရစ်ပတ်နေပြီး ကောင်းတဲ့ကံလုပ်ရင်လည်း ကောင်းတဲ့ကံကြီးက ကိုယ့်ကိုရစ်ပတ်နေပြီ။ ကောင်းတဲ့ကံဆိုတာ ကိုယ်အနစ်နာခံတဲ့ကံပေါ့၊ ကိုယ်အနစ်နာခံတာလုပ်ရင်လည်း ကိုယ်အနစ်နာခံတာ ကြီးက ရစ်ပတ်နေပြီး" (ဝိမုတ္တိဒေသနာ-၉)

"ကိုယ်နစ်နာအောင်လုပ်တဲ့ သူကြတော့လည်း အစကတည်းကိုက ကိုယ်အနစ်နာခံတာဆိုတော့ ကိုယ်ပဲ ခံရတာပေါ့။ ကိုယ်ကတော့ ဘယ်လောက် အနစ်နာခံနိုင်မှာမို့လည်း။ ကိုယ်လည်းလူတစ်ယောက်ပဲဟာ ဘယ်လောက်ခံနိုင်မှာ။ အဲဒါကို သိရမယ်။ အဲဒီတော့ ဆိုလိုတာကတော့ မကောင်းတဲ့ကံလုပ်လို့ မကောင်း တဲ့ ကံကြီးက ရစ်ပတ်နေပြီဆိုရင် ဒီလူ လွတ်လပ်သေးလား။" (ဝိမုတ္တိဒေသနာ-၁၀) ဟူသော ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

"ကုသိုလ်ကို ထပ်ကာထပ်ကာ လုပ်လို့ မကောင်းဘူး"ဟူသော ဟောပြောရေးသားချက်နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာ-၌

ဓမ္မဝိဟာရီ အရှင်ဉာဏ၏ ဟောပြောချက်တို့၌ အကျဉ်းချုပ်ကြည့်ရလျှင်-

ကုသိုလ်အလုပ်ပဲ ဖြစ်ဖြစ်၊ အကုသိုလ် အလုပ်ပဲ ဖြစ်ဖြစ်၊ တစ်ခါလုပ်မိရင် ဆက်ကာဆက်ကာ မပြတ်ဆက်တိုက်လုပ်နေတတ်လို့ မကောင်းဘူး။ ဒီအလုပ်က ရစ်ပတ်နေပြီ၊ ရစ်ပတ်လည်နေပြီ ဟုဆိုထားခြင်းဖြစ်ကြောင်း၊

ယင်းသို့ အဓိပ္ပါယ်သက်ရောက်အောင် ဆိုထားသော အမှတ်(၁) စောဒနာလွှာပါ မိုးပြာ အရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြော ရေးသားထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

စုဒိတက၏ ချေပချက်ကိုကား မတွေ့ရပါ။

http://www.dhammadownload.com



## စုဒိတကတို့၏ သဘောထား

စုဒိတကတို့ သောဓနာ တင်လွှာကို မတွေ့ရ။

စောဒကတို့ တင်ပြသော သက်သေခံ စာအုပ်များ၌ စောဒကတို့ စောဒနာသည့်အတိုင်း ဟောပြော ရေးသားချက်ကို တွေ့ရသည်။ ယင်းဟောပြော ရေးသားချက်သည်ပင် စုဒိတကတို့၏ သဘောထားဖြစ်သည်။

အမှာ။ ။ **စောဒနာလွှာအားလုံးတို့၌ စုဒိတကတို့၏ သဘောထားသည် အထက်ပါအတိုင်းသာ ဖြစ်သည်။**

### "ဝိနည်းခိုရ်ဆရာတော်တို့၏ သုံးသပ်ချက်"

နံပါတ်(၁)စောဒနာလာ ဓမ္မဝိဟာရီ အရှင်ဉာဏ၏ ဟောပြောချက်တို့ကို ကောက်ချက်ချခဲ့သော်-

ဒါန **အစရှိသောကုသိုလ်အလုပ်များကို လုပ်ခြင်းသည် ကိုယ်အနစ်နာခံသော အလုပ် ဖြစ်သည်။**

**တစ်ကြိမ်လုပ်မိက ထပ်ကာထပ်ကာ လုပ်ချင်နေသည့်အတွက် မကောင်းသောအလုပ်ဖြစ်သည်။**

ကိုယ်နစ်နာမည့်အလုပ်ကို မလုပ်သင့်ဟု ကုသိုလ်ပြုခြင်းကို ပယ်သောစကား များ ဖြစ်နေသည်ကို တွေ့ရှိရပေသည်။

ထိုသို့ ရှင်ဉာဏဦးဆောင်သည့် မိုးပြာဂိုဏ်းသားတို့က ကုသိုလ်ပြုလုပ်မှုကို ပယ်ထားခြင်း ဖြစ်နေသဖြင့် အောက်ပါပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသည်ကို တွေ့ရှိရပေသည်။

## ကုသိုလ်ကို ထပ်တလဲလဲ အမြန်ပြုသင့်ကြောင်းနှင့် ပြုနည်းပြ သာဓကများ

**➤တမလွန်၌ သတ္တဝါတို့၏ တည်ရာ ကုသိုလ်**

တသ္မာ ကရေယျ ကလျာဏံ ၊ နိစယံ သမ္ပရာယိကံ။

ပုညာနိ ပရလောကသ္မိံ ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။ (သံ၊၁။၇၂။)

ထို့ကြောင့် တမလွန်၌ အကျိုးရှိသော ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

ကုသိုလ် ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်၏ဟု မြတ်စွာဘုရား ဟောတော်မူသည်နှင့် လည်းကောင်း။

**➤ကုသိုလ်မှန်လျှင် ကောင်းသည်ချည်းသာ**

ကုသိုလ်အလုပ်သည် နည်းနည်းလုပ်သည် ဖြစ်စေ၊ များများလုပ်သည်ဖြစ်စေ၊ ကောင်းသည်မှာ အမှန်ပင် ဖြစ်ပါ၏။ ကောင်းသည်ဖြစ်၍သာ "ထပ်ကာ ထပ်ကာ ပြုရမည်ဖြစ်ကြောင်းနှင့် ကုသိုလ်ပြုချင်စိတ် အမြဲထားရမည်။ ကုသိုလ်ကောင်းမှုပြုခြင်းသည် ဖြစ်လေရာ သံသရာဝယ် ကြီးကျယ်သော ချမ်းသာကို ဖြစ်စေ၏ "ဟု မြတ်စွာဘုရားက -

" ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ။

တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။ ( ဓမ္မ။ ၃၀။ ) ဟု မိန့်တော်မူခဲ့၏။

ဤဒေသနာတော်ကို ရှု၍ ကုသိုလ်သည် ထပ်တလဲလဲ ပြုထိုက်သော တရား ဖြစ်ကြောင်း၊ ကြိုးစား၍ အကြိမ်ကြိမ် အထပ်ထပ်ပြုရမည်ဖြစ်ကြောင်း သိသာလှပါ၏။

http://www.dhammadownload.com



## ➤ကုသိုလ်ဆိုတာ ကြောက်စရာ မဟုတ်

" မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ ယဒိဒံ ပုညာနိ။

ကောင်းမှု ကုသိုလ်မှန်သမျှ ချမ်းသာသုခကို ရစေနိုင်သောကြောင့် ချမ်းသာသုခ၏ အမည်ဖြစ်သည့် အတွက် မည်သည့် ကုသိုလ်ကိုမှ မကြောက်ဘဲ ကုသိုလ်ကို ကြိုးစားအားထုတ်ကာ ပြုလုပ်ရမည်" ဟုလည်းကောင်း၊ (အံ၊ ၂။ ၄၆၅။ ဣတိဝုတ်။ ၂၀၅။)

## ➤ဝိဝဋ္ဋနိဿိတဖြစ်အောင် လှူမှ သမ္ဗာပဋိပဒါဖြစ်

ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ဥစ္ဆုက်ယာဂုမတ္တဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတံ၊ ဝိဝဋ္ဋပက္ခိကတ္တာ သမ္ဗာပဋိပဒါဝ ဟောတိ။ (သံ၊၄၊၂။၁၈။)

နိဗ္ဗာန်ကို ရရန်တောင့်တ၍ ပြုလုပ်သော တစ်ဇွန်းစာမျှသော ယာဂုဆွမ်းကုသိုလ်နှင့် တစ်ဆုပ်စာမျှသော ဟင်းရွက်အလှူကုသိုလ်သည်ပင် နိဗ္ဗာန်ရောက်ဖို့အတွက် မှန်ကန်သည့် အကျင့်ဖြစ်၏" ဟုလည်းကောင်း၊

## ➤သမ္ဗာပဋိပဒါသည် ဧကန် အရဟတ္တဖိုလ်ကို ဆိုက်ရောက်စေနိုင်

"ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတု"တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဥပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ သဏ္ဍောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။ (သံ၊၄၊၂။၁၈။)

အာသဝေါတရားတို့ကုန်ရာနိဗ္ဗာန်ကို ရည်မှန်းတောင့်တ၍ ပြုလုပ်သော ဒါနကုသိုလ် သည် အရဟတ္တဖိုလ်ကိုလည်း ပေးစွမ်းနိုင်၏။ ပစ္စေကဗောဓိဉာဏ်ကိုလည်း ပေးစွမ်းနိုင်၏။ သဗ္ဗညုတဉာဏ်ကိုလည်း ပေးစွမ်းနိုင်၏။ ထိုကုသိုလ်သည် အရဟတ္တဖိုလ်ကို မရောက်ဘဲ မပြီးဆုံးနိုင်"ဟုလည်းကောင်း မိန့်ဆိုထားသည့်အတွက် ဒါနစသော ကုသိုလ် ကောင်းမှုကို ပြုလုပ်ရမည်ဖြစ်၏။

## ➤ဝိဝဋ္ဋနိဿိတကုသိုလ်မှန်လျှင် ငယ်သည်ဟု အထင်မသေးသင့်

တေန " ဝိဝဋ္ဋူပနိဿယကုသလံ နာမ ယောနိသော ဥပ္ပါဒိတံ အပ္ပကႛန္တိ န စိန္တေတဗ္ဗံ၊ အနုက္កမေန လဒ္ဓပစ္စယံ ဟုတွာ ဝမ္မမာနံ ခုဒ္ဒကနဒီ ဝိယ ပက္ခန္ဒမဟောဒယာ သမုဒ္ဒံ အနုက္ကမေန နိဗ္ဗာနမဟာသမုဒ္ဒမေဝ ပုရိသံ ပါပေတီတိ ဒီပေတိ။ (အံ၊ဋီ၊၁။၉၇။)

ထို့ကြောင့် အသင့်အားဖြင့် ဖြစ်စေအပ်သော ဝိဝဋ္ဋူပနိဿယကုသိုလ်ကို (နိဗ္ဗာန်ကို ဆုတောင်း၍ ပြုအပ်သောဒါနစသော ကုသိုလ်ကို) အနည်းငယ်မျှဟူ၍ မကြံစီအပ်။ အစဉ်အားဖြင့် ရအပ်သောအကြောင်း ရှိသည်ဖြစ်၍ ကြီးပွားသော၊ အဟုန်ဖြင့် ပြေးသွားသော ရေအလျဉ်ရှိသော မြစ်ငယ်သည် မဟာသမုဒ္ဒရာသို့ ဆိုက်ရောက်သကဲ့သို့ အစဉ်အားဖြင့် နိဗ္ဗာန်ကို ရည်မှန်း၍ ပြုအပ်သော ဒါနစသော ကုသိုလ်ရှင်ကို နိဗ္ဗာန် ဟူသော မဟာသမုဒ္ဒရာ သို့သာ ရောက်စေ၏ဟု ပြ၏။

http://www.dhammadownload.com



➤ကုသိုလ်လုပ်လျှင် ထပ်ခါတလဲလဲ လုပ်

ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ။

တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

သတ္တဝါ တစ်ဦးတစ်ယောက်သည် ကုသိုလ်ကို ပြုမိလျှင် ထိုကုသိုလ်ကို ထပ်ကာတလဲလဲပြုရာ၏။ ထိုကောင်းမှု၌ နှစ်သက်ခြင်း အားထုတ်ခြင်းကို ပြုလေရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှု၏ တိုးပွားခြင်းသည် ချမ်းသာသို့ ရောက်အောင် ဆောင်တတ်၏။

(ဓမ္မ။၃၀။)

➤ကုသိုလ်ကို အနည်းငယ်ဟူ၍ အထင်မသေးသင့်

" မာဝ မညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။

ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။

ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ။ (ဓမ္မ၊၄၊၂။၁၃။)

ကုသိုလ်ကောင်းမှုကို အနည်းငယ်ဟူ၍ အထင်မသေးရ၊ ရေတစ်စက်ချင်း ကျသဖြင့် ရေအိုးကြီး ပြည့်ရ၏။ ထို့အတူ ပညာရှိသည် ကုသိုလ်ကို အနည်းငယ်စီ စုပေါင်း ဆည်းပူး၍ ကုသိုလ်ဖြင့် ပြည့်၏" ဟု မိန့်ဆိုထား၏။

➤ကုသိုလ်ဖြင့် အကုသိုလ်အညစ်အကြေး သုတ်သင်

" ဖြဟ္မဏ ပဏ္ဍိတနာမ ခဏေ ခဏေ ထောကံ ထောကံ ကုသလံ ကရောန္တော အနုပုဗ္ဗေန အတ္တနော အကုသလမလံ နီဟရန္တိယေဝါ"တိ ဝတွာ ဣမံ ဂါထမာဟ-

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။

ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။ (ဓမ္မ၊၄၊၂။၂၁၇။)

အိုပုဏ္ဏား ပညာရှိတို့မည်သည် အခွင့်ရတိုင်း အခွင့်ရတိုင်းသော ခဏ၌ အနည်းငယ် အနည်းငယ်သော ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ကုန်လျက် အစဉ်သဖြင့် မိမိ၏ အကုသိုလ်ဟူသော အညစ်အကြေးကို ဆေးကြောထုတ်နှုတ် သုတ်သင်ပယ်ရှားကြရာ၏" ဟု မိန့်တော်မူထား၏။

➤ကုသိုလ်လုပ်တာ မနှေးနဲ့

"အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။

ဒန္ဓဉှိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော။

ကုသိုလ်ကောင်းမှုကို လျင်လျင်မြန်မြန် ပြုကုန်ရာ၏။ အကုသိုလ်မှ စိတ်ကို တားမြစ်ရာ၏။ ကုသိုလ်ကောင်းမှု နှေးနှေးပြုသော သူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏"ဟု မိန့်ဆိုထား၏။ (ဓမ္မ။၃၀။)

➤ကုသိုလ်ပြုလိုစိတ်ဖြစ်လျှင်ပင် အလွန်ကျေးဇူးများ

" စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ၊

စုန္ဒ ငါဘုရားသည် ကုသိုလ်တရားတို့၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ ဟုဟော၏" ဟု မိန့်တော်မူထား၏။ (မ၊ ၁။ ၅၂။ မ၊ ၄၊ ၁။ ၁၉၄)

http://www.dhammadownload.com



➤ကမ္မဿကတာဉာဏ်သက်ဝင်ပြီးလှူ

ဒဝံ ဇာနနသမတ္တေ ကမ္မသ္မိံ ကမ္မဿကတညာဏေ ဌတွာ ဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထံ သမာဒိယိတွာ သုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတွာ နိဗ္ဗာနံ ပတ္တာနံ သတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။ (သာရတ္ထ-၂-၆၃)

ဤသို့ သိခြင်းငှာ စွမ်းနိုင်သော ဤကမ္မဿကတဉာဏ်၌တည်၍ များစွာသော အလှူကိုပေးလှူ၍ သီလကိုပြည့်စေ၍ (ဖြည့်ကျင့်၍) ဥပုသ်သီလကို ကောင်းစွာယူ၍ (ကောင်းစွာ တည်ဆောက်၍) ချမ်းသာ တစ်ခုဖြင့် ချမ်းသာတစ်ခုကို၊ စည်းစိမ်တစ်ခုဖြင့် စည်းစိမ်တစ်ခုကို အစဉ်ခံစားပြီး၍ နိဗ္ဗာန်သို့ရောက်ကုန်သော သတ္တဝါတို့၏ အရေအတွက် အပိုင်းအခြားမရှိပေ။

အထက်ပါ ဘုရားရှင်၏ ဟောပြောချက်နှင့် အဋ္ဌကထာဋီကာဆရာတို့၏ ဖွင့်ဆိုချက်တို့ကို ကြည့်သော အားဖြင့် ကုသိုလ်ကောင်းမှုသည် ပြုလုပ်လေ ကောင်းလေ ဖြစ်၏။ မြတ်စွာဘုရားသည်ပင် ကုသိုလ် ကောင်းမှုကို ပြုလုပ်ရမှာ မကြောက်ဖို့ အခွင့်သာတိုင်း လုပ်ဖို့ တိုက်တွန်း တော်မူထား၏။ အကယ်၍ ကုသိုလ်ကောင်းမှုသည် မကောင်းရိုး အကျိုးမရှိရိုး မှန်လျှင် ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ တိုက်တွန်းမည် မဟုတ်ပါ။

ဤသို့ ပြဆိုအပ်ပြီးသည့်အတိုင်း စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၁)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၁)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၂) စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

(ဝိမုတ္တိဒေသနာ - ၈၊၁၀-တို့၌ မိုးပြာအရှင်ဉာဏ ဟောပြောရေးသားထားသော-

ဘာလိုလဲဆိုတော့ ကောင်းတာလုပ်တယ်လို့ဆိုတာ ကိုယ်ကနေပြီးတော့ အနစ်နာ အများကြီး ခံရတာ အနစ်နာခံတဲ့လူကို ကောင်းတဲ့ကံ လုပ်သူလို့ ဒီလိုပြောရမှာပေါ့။ သူများကို နစ်နာအောင်လုပ်တဲ့ လူကျတော့ မကောင်းတဲ့ကံ လုပ်သူလို့ ဒီလို ပြောရမှာပေါ့။ သူများကို မကောင်းတဲ့ကံနဲ့ သူများ နစ်နာအောင်ပဲ လုပ်လုပ်၊ ကိုယ်အနစ်နာခံရအောင်ပဲ လုပ်လုပ် ဘယ်သူ ကြာကြာ ခံနိုင်မှာတုန်း။ ဒါ လူလမ်းစဉ်မဟုတ်ဘူးလို့ ဒီလိုပြောရမှာပေါ့နော်။ (ဝိမုတ္တိဒေသနာ။၈)

ကိုယ်နစ်နာအောင်လုပ်တဲ့ သူကျတော့လည်းပဲ အစကတည်းက ကိုယ်အနစ်နာ ခံတာဆိုတော့ ကိုယ်ပဲ ခံရမှာပေါ့။ ကိုယ်ကကော ဘယ်လောက် အနစ်နာ ခံနိုင်မှာမို့လို့လဲ။ ကိုယ်ကလည်း လူတစ်ယောက်ပဲဟာ ဘယ့်လောက်ခံနိုင်မှာလဲ။ အဲဒါကိုသိရမယ်။ (ဝိမုတ္တိဒေသနာ။၁၀)ဟူသော ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏ၏ အထက်ပါ ဟောပြောရေးသားချက်ကို အကျဉ်းချုပ်၍ ကြည့်လျှင် -

" ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲ လုပ်လုပ် ဒါဟာ လူရဲ့ လမ်းစဉ်မဟုတ်ဘူး"

' ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းသည် လူ့လမ်းစဉ် မဟုတ် ' ဟု ပြောဆို ထားခြင်း ဖြစ်၏။

ထိုဟောပြောချက်သည် ဝိမာနဝတ္ထု အဋ္ဌကထာ,သီလက္ခန်အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့ကို ကိုးကား၍ထေရဝါဒပိဋကတ်တော်လာ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါကြောင်း တင်ပြကြသည်။

### ဝိနည်းခိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော ထို အမှတ်(၂)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြောရေးသားချက်များနှင့်ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော် အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒဖြစ်,မဖြစ် စိစစ်သုံးသပ်တော် မူကြမည်ဖြစ်ပါသည်။

အထက်ပါစောဒနာစကားရပ်များကို ကောက်ချက်ချခဲ့သော် ကုသိုလ်ကောင်းမှုလုပ်တဲ့သူသည် ကောင်းကံ လုပ်တဲ့သူ၊ အနစ်နာခံသူ။ အလှူခံပုဂ္ဂိုလ်သည် သူများနစ်နာအောင် မကောင်းကံ လုပ်တဲ့သူ၊ ထိုသူနှစ်ဦးလုံး လုပ်တဲ့ လမ်းစဉ်ဟာ လူလမ်းစဉ် မဟုတ်ဘူးဟု ဆိုလိုရင်းဖြစ်သည်ကို တွေ့ရှိရသည်။

ထိုသို့တွေ့ရှိရသောကြောင့် လူမည်ပုံနှင့် လူကျင့်ဝတ်တို့ကို ထုတ်ဖော်၍ ရှင်းလင်းပြရန် လိုအပ်သည့်အတွက် ရှင်းလင်း၍ ပြပါအံ့။

http://www.dhammadownload.com



## "လူမည်ပုံ"

သတိသူရဘာဝပြဟ္မစရိယယောဂျတာဒိဂုဏေဟိ ဥက္ကဋ္ဌမနတာယ မနော ဥဿန္နံ ဧတေသန္တိ မနုဿာ။ (ဝိဘာဝနီဋီ။၁၆၂။)

**ထိုဋီကာပါဌ်၌လိုရင်းကား-** 'မနော ဥဿန္နံ ဧတေသန္တိ မနုဿာ' ဖြစ်သည်။

**အဓိပ္ပါယ်ကား-** ထိုဇမ္ဗူဒိပ် ကျွန်းသားတို့အား မြတ်သောစိတ်ရှိသောကြောင့် လူမည်ကုန်၏ဟု ဖြစ်သည်။

**သတိ (လ) ဥက္ကဋ္ဌမနတာယ**-ဖြင့် ဥဿန္နု၏အကြောင်းကို ပြသည်။

**အဓိပ္ပါယ်ကား-** မြတ်သောသတိ၊ ရဲရင့်သောအဖြစ်၊ မြတ်သော ရဟန်းပဥ္စင်းပြုခြင်း‌ငှါ လျောက်ပတ်သော အကျင့်နှင့်ယှဉ်သောအဖြစ် အစရှိသော ဂုဏ်တို့ကြောင့် မြတ်သောစိတ်ရှိသည်၏ အဖြစ်ကြောင့် ဥဿန္နုဖြစ်သည်ဟူသော အဓိပ္ပါယ်ကို ပြသည်။

"မနဿ ဥဿန္နတာယ မနုဿာ"။ (သာရတ္ထ၊၂။၁၉။)

စိတ်၏မြတ်သည်၏အဖြစ်ကြောင့် လူမည်၏ (ဝါ) လူဟူ၍ ခေါ်သည်။

ကစ္စည်းသဒ္ဒါကြီး- မနုပူရသုဏာဒီဟိ ဥဿန္နသိသာ- သုတ်၌ကား-

**-မနုဿော**- ကုသိုလ်တရား အကုသိုလ်တရားတို့ကို သိတတ်သောကြောင့် လူ။

-ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော။

**-မနုဿော**- အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သောကြောင့် လူ၊

-ကာရဏာကာရဏံ မနတိ ဇာနာတီတိ မနုဿော။

-မနုဿော- အကျိုးရှိသည်မရှိသည်ကို သိတတ်သောကြောင့် လူ။

-အတ္ထာနတ္ထံ မနတိ ဇာနာတီတိ မနုဿော။

**-မနုဿော- အစီးအပွားရှိသည် မရှိသည်ကို သိတတ်သောကြောင့် လူ။**

-ဟိတာဟိတံ မနတိ ဇာနာတီတိ မနုဿော။ (ဓာတုပစ္စဒီပနီ။၂၁၂။)

## "လူနှင့် လူ့အလုပ်"

ဤသို့ပြဆိုပြီးသည့်အတိုင်း ကုသိုလ် အကုသိုလ်ကို သိပြီး၊ အကုသိုလ်ကိုပယ်၍ ကုသိုလ်ကိုပြုသော သူသည် လူအစစ်ဖြစ်၍ ကုသိုလ်ပြုလုပ်ပြီး၊ အကုသိုလ်ကို ပယ်ခြင်းသည် လူ့အလုပ်ဖြစ်ပေသည်။

## လူလေးမျိုးပြ (ဝါ) လူ့အလုပ်ပြ သာဓက

မြတ်စွာဘုရားသည် လူ့အလုပ်ကို ပြတော်မူလို၍ အောက်ပါလူလေးမျိုးကိုခွဲခြား၍ ဟောပြတော်မူသည်။

၁။ ဣဓေကစ္စော အတ္တနာ ဒါနံ ဒေတိ၊ ပရံ န သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒံ လဘတိ၊ နော ပရိဝါရသမ္ပဒံ။

၂။ ဧကစ္စော အတ္တနာ ဒါနံ န ဒေတိ၊ ပရံ သမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊ နော ဘောဂသမ္ပဒံ။

၃။ ဧကစ္စော အတ္တနာ စ န ဒေတိ၊ ပရဉ္စ န သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ နေဝ ဘောဂသမ္ပဒံ လဘတိ၊ န ပရိဝါရသမ္ပဒံ။ ဝိဃာသာဒေါ ဟုတွာ ဝိစရတိ။

http://www.dhammadownload.com



၄။ ကေစ္စော အတ္တနာ စ ဒေတိ၊ ပရဥ္စ သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒဥ္စေဝ လဘတိ၊ ပရိဝါရသမ္ပဒဥ္စ။

"မြန်မာပြန်"

၁။ ▪လှူသာ လှူ၍ လှူဖို့ရန် မတိုက်တွန်းသောသူ။

ဤသာသနာတော်၌ အချို့သောသူ (လူ)သည် မိမိသာလျှင် အလှူကိုလှူ၏။ သူတပါးကို မတိုက်တွန်း မနှိုးဆော်၊ ထိုသူ (လူ)သည် ဖြစ်လေရာရာ ဖြစ်လေရာရာဘဝ၌ စည်းစိမ်ပြည့်စုံခြင်းကို ရ၏။ အခြံအရံ ပြည့်စုံခြင်းကို မရ။

၂။ ▪ ကိုယ်တိုင်ကား မလှူ လှူဖို့ရန်သာ တိုက်တွန်းသောသူ။

အချို့သောသူ (လူ)သည် မိမိကား အလှူကိုမပေးလှူ၊ သူတစ်ပါးကိုကား တိုက်တွန်းနှိုးဆော်၏၊ ထိုသူ (လူ)သည် ဖြစ်လေရာရာ ဖြစ်လေရာရာဘဝ၌၊ အခြံအရံပြည့်စုံခြင်းကို ရ၏။ စည်းစိမ်ပြည့်စုံခြင်းကို မရ။

၃။ ▪ကိုယ်တိုင်လည်း မလှူ လှူဖို့ရန်လည်း မတိုက်တွန်းသောသူ။

အချို့သောသူ (လူ)သည် မိမိလည်း မပေးမလှူ၊ သူတစ်ပါးကိုလည်း မတိုက်တွန်း မနှိုးဆော်၊ ထိုသူ (လူ)သည် ဖြစ်လေရာရာ ဖြစ်လေရာရာဘဝ၌ စည်းစိမ်ပြည့်စုံခြင်းကိုလည်းမရ။ အခြံအရံပြည့်စုံခြင်း ကိုလည်း မရ စားကြွင်းစားသူ လူဆင်းရဲဖြစ်၍ လှည့်လည်ရ၏။

၄။ ▪ကိုယ်တိုင်လည်းလှူ လှူဖို့ရန်လည်း တိုက်တွန်းသောသူ။

အချို့သောသူ (လူ)သည် မိမိလည်းပေးလှူ၏၊ သူတစ်ပါးကိုလည်း တိုက်တွန်းနှိုးဆော်၏၊ ထိုသူ (လူ)သည် ဖြစ်လေရာရာ ဖြစ်လေရာရာဘဝ၌ စည်းစိမ်ပြည့်စုံခြင်းကိုလည်းရ၏၊ အခြံအရံပြည့်စုံခြင်းကို လည်း ရ၏။

## "လူ့လေးမျိုးပြ လင်္ကာ"

၁။ ကိုယ်ကသာလှူ၊ သူများမူ၊ မလှူစေခဲ့ပါ။
စည်းစိမ်သာများ၊ ခြွေရံရှား၊ တစ်ပါးကျိုးပေးမှာ။

၂။ ကိုယ်က မလှူ၊ သူများမူ၊ ပေးလှူစေခဲ့ပါ။
ခြွေရံသာများ၊ စည်းစိမ်ရှား၊ တစ်ပါးကျိုးပေးမှာ။

၃။ ကိုယ်လည်းမလှူ၊ သူများမူ၊ မလှူစေခဲ့ပါ။
စည်းစိမ်လည်းပါး၊ ခြွေရံရှား၊ ဆိုးဝါးကျိုးပေးမှာ။

၄။ ကိုယ်ကလည်းလှူ၊ သူများမူ၊ ပေးလှူစေခဲ့ပါ။
စည်းစိမ်လည်းပွား၊ ခြွေရံများ၊ ထင်ရှားကျိုးပေးမှာ။

ဤသို့ အလှူပေးမှုနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် (လူ)လေးမျိုးလေးပါးခွဲခြား၍ ဟောတော်မူအပ်သော တရားများ ထင်ရှားရှိပါလျက် ရှင်ဉာဏ ဦးဆောင်သည့် မိုးပြာဂိုဏ်းသားတို့က အလှူပေးမှုသည်

http://www.dhammadownload.com



ကိုယ်အနစ်နာခံတာဖြစ်၍ လူ့လမ်းစဉ်မဟုတ်ဟုဆိုခြင်းသည်၊ (ဗုဒ္ဓဓမ္မနှင့်) ဆန့်ကျင်သောအဓမ္မဝါဒသာ ဖြစ်ကြောင်း ထင်ရှားနေပေသည်။

## တနည်း– လူ့အလုပ်ပြ သာဓက

ဧဝဉ္စေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ။ (ဣတိဝုတ်-၂၀၇)

ရဟန်းတို့ သတ္တဝါတို့သည် (လောကလူသားတို့သည်) လှူဒါန်းခြင်းဒါန၊ ဝေဘန်ခွဲခြမ်းခြင်း သံဝိဘာဂ၏ အကျိုးကို ငါဘုရားသိတော်မူသကဲ့သို့ သိမည်ဆိုလျှင် ထိုသူ (လူ)တို့သည် မပေးမလှူကုန်မူ၍ မသုံးဆောင် ကြကုန်ရာ၊ မိမိတို့ စားဖို့ထားသော အရာကိုပင် ပေးလှူကုန်ရာ၏။ ထိုဒါနသံဝိဘာဂ၏အကျိုးကို သိနေကြသည့် သတ္တဝါ(လူ)တို့၏ စိတ်ကို၊ နှမြောတွန့်တိုခြင်းဟူသော မစ္ဆရိယအညစ်အကြေးသည် လုယက်၍ (လွှမ်းမိုး၍) မတည်နိုင်ရာ-ဟူ၍ မြတ်စွာဘုရားသည် ဣတိဝုတ်ဒါနသုတ်၌ ဟောတော်မူအပ်သော လူများပြုလုပ်ရမည့် လုပ်ငန်းပြ ဒေသနာတော်ကိုလည်း သိနိုင်ပါသည်။

**ထိုမှတစ်ပါး ဝိမာနဝတ္ထုအဋ္ဌကထာလာ လူလေးဖြာကို ပြဆိုပါဦးအံ့။**

## တနည်း လူ့လေးမျိုးပြသာဓက

၁။ ယောဟိ မနုဿဇာတိကောပိ သမာနော ပါဏာတိပါတာဒိံ အကတ္တဗ္ဗံ ကတွာ ဒဏ္ဍာရဟော တတ္ထ တတ္ထ ရာဇာဒိတော ဟတ္ထစ္ဆေဒါဒိကမ္မကာရဏံ ပါပုဏန္တော မဟာဒုက္ခံ အနုဘဝတိ အယံ မနုဿနေရယိကော နာမ။

အကြင်သူသည် လူဇာတ်ဝင် လူသားစင်စစ်ဖြစ်ပါလျက် ပါဏာတိပါတအစရှိသော မပြုအပ်သော အမှုတို့ကို ပြုလုပ်ခြင်းကြောင့် ပြစ်ဒဏ်ပေးရန် ထိုက်တန်သည်ဖြစ်၍ ထိုထိုအပြစ်၌ မင်းစသည်မှ လက်ကိုဖြတ်ခြင်း စသော အမှုကိုပြုခြင်းသို့ ရောက်သည်ဖြစ်၍ ကြီးစွာသောဆင်းရဲကို ခံစားရ၏။ ဤသူ (လူ)သည် **လူငရဲသား** မည်၏။

၂။ အပရော မနုဿဇာတိကောပိ သမနော ပုဗ္ဗေကတကမ္မုနာ ယာသစ္ဆာဒနမ္ပိ န လဘတိ ၊ ခုပ္ပိပါသာဘိဘူတော ဒုက္ခဗဟုလော ကတ္ထစိ ပတိဋ္ဌံ အလဘမာနော ဝိစရတိ၊ အယံ မနုဿပေတော နာမ။

တစ်ယောက်သောသူ (လူ)သည် လူသားစင်စစ်ဖြစ်လျက် ရှေးကပြုခဲ့ဖူးသော မကောင်းမှု ကံကြောင့် (ရှေးကကုသိုလ်ကောင်းမှုကို မပြုခဲ့သောကြောင့်) အစားအစာအဝတ်အထည်ကိုမျှလည်းမရ၊ ဆာလောင်ခြင်း ဆင်းရဲဖြင့် နှိပ်စက်ခံနေရသည်ဖြစ်၍ ဆင်းရဲကြီးစွာဖြင့် တစ်စုံတစ်ခုသောအရပ်၌ ရပ်တည်ရာကိုမရပဲ ကစဉ့်ဘကလျား ပြေးလွှားရှာဖွေနေရ၏။ ဤသူ (လူ)သည် **လူပြိတ္တာ**မည်၏။

http://www.dhammadownload.com



၃။ အပရော မနုဿဇာတိကောဝ သမာနော ပရာဓီနဝုတ္တိပရေသံ ဘာရံ ဝဟန္တော ဘိန္နမရိယာဒေါ ဝါ အနာစာရံ အာစရိတွာ ပရေဟိ သန္တဇ္ဇိတော မရဏဘယ-ဘီတော ဂဟနနိဿိတော ဒုက္ခဗဟုလော ဝိစရတိ ဟိတာဟိတံ အဇာနန္တော နိဒ္ဒါဝိဇယစ္ဆာ-ဒုက္ခဝိနောဒနာဒိပရော။ အယံ မနုဿတိရစ္ဆာနော နာမ။

တစ်ယောက်သောသူ(လူ)သည် လူသားစင်စစ်ဖြစ်လျက် သူတစ်ပါးတို့နှင့်စပ်၍ အသက်မွေးရပြီး သူတစ်ပါးတို့၏တာဝန်ဝတ္တရားများကို ထမ်းဆောင်လျက်မနေမနား သွားလာနေရသူမျိုးနှင့် လူ့လောက စည်းမျဉ်းဥပဒေကို ဖျက်ဆီးကျော်နင်း၍ မလုပ်အပ်သည်ကို လုပ်သဖြင့်၊ အစိုးရမင်းစသော တစ်ပါးသော သူတို့က ခြိမ်းခြောက်မှုကြောင့် သေဘေးကို ကြောက်၍ တောချုံပိတ်ပေါင်းကို မှီခိုဝင်အောင်းကာ အိပ်လိုခြင်း၊ ဆာလောင် ခြင်း ဆင်းရဲကို ပယ်ဖျောက်ရုံမှတစ်ပါး အခြားမည်သည့် အကြောင်းအကျိုး ဟုတ်သည် မဟုတ်သည်ကိုမျှ မစဉ်းစားနိုင်ဘဲ ဒုက္ခကြီးစွာဖြင့် လှည့်လည်ပြေးသွားနေရ၏။ ဤသူသည် **လူတိရစ္ဆာန်မည်၏။**

၄။ ယော ပန အတ္တနော ဟိတာဟိတံ ဇာနန္တော ကမ္မဖလံ သဒ္ဒဟန္တော ဟိရောတ္တပ္ပသမ္ပန္နော ဒယာပန္နော သဗ္ဗသတ္တေသု သံဝေဂဗဟုလော အကုသလကမ္မပထေ ပရိဝဇ္ဇေန္တော ကုသလကမ္မပထေ သမာစရန္တော ပုညကိရိယဝတ္ထူနိ ပရိပူရေတိ၊ အယံ မနုဿဓမ္မေ ပတိဋ္ဌိတော ပရမတ္ထတော မနုဿော နာမ။

အကြင်သူသည်ကား မိမိ၏အကျိုးရှိသည်မရှိသည်ကို သိသည်ဖြစ်၍ ကံ, ကံ၏အကျိုးကို ယုံကြည်လျက် ဒုစရိုက်တရားတို့မှ ရှက်ခြင်းကြောက်ခြင်းဟုဆိုအပ်သော ဟိရိဩတ္တပ္ပတရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၌ သနားခြင်းကရုဏာနှင့်ယှဉ်သည်ဖြစ်၍ သံဝေဂများသည့် အလျောက် အကုသိုလ်ကမ္မပထ တရားတို့ကို ရှောင်ကြဉ်ကာ၊ ကုသိုလ်ကမ္မပထတရားတို့ကို ကောင်းစွာ ပြုကျင့်သည်ဖြစ်၍ ပုညကြိယာဝတ္ထု တို့ကို ပြည့်စုံစေ၏။ (ဖြည့်ကျင့်၏) ဤသူ(လူ)သည် လူတို့ပြုကျင့် အပ်သော မနုဿဓမ္မ၌တည်သောကြောင့် ပရမတ္ထအားဖြင့် လူမည်၏။ **ပရမတ္ထလူမည်၏။** (ဝိမာန၊၄။၁၉၊၂၀။)

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ဝိမာနဝတ္ထုအဋ္ဌကထာအရသည်လည်း အကုသိုလ်တရားသည် ပယ်အပ်သော တရား၊ ကုသိုလ်တရားသည်လူတို့ပြုကျင့်အပ်သော လူ့ကျင့်ဝတ်တရားဟု ထင်ရှားသောကြောင့် မိုးပြာဂိုဏ်း၏ "ကောင်းတာပဲလုပ်လုပ် မကောင်းတာပဲလုပ်လုပ်) ဒါဟာလူ့ရဲ့ လမ်းစဉ် မဟုတ်ဘူး"ဟူသော စကားသည် ဓမ္မ၏ ဆန့်ကျင်ဘက် အဓမ္မဝါဒသာ ဖြစ်နေပြန်ပေသည်။

(မှတ်ချက်) ဆိုခဲ့ပြီးသော (ကံ) တရားတို့သည် မနုဿဓမ္မ လူတို့ကျင့်အပ်သော တရားဟူ၍ ပြတော်မူလိုသော အဋ္ဌကထာဆရာသည်

မနုဿေ သတ္တနိကာယေ မနုဿဘာဝံ ပတ္တာ မနုဿဓမ္မစ္စ အပ္ပဟာယ ဌိတာတိ အတ္တော။ (ဝိမာန၊၄။၂၀။) ဟူ၍ ဖွင့်ပြတော်မူသည်။

အဓိပ္ပါယ်ကား လူဇာတ်ရှိသော သတ္တဝါအပေါင်း၌ လူ၏အဖြစ်သို့ရောက်ကုန်သော လူတို့သည် လူတို့ ကျင့်အပ်သော မနုဿဓမ္မကို မစွန့်မပယ်မူ၍ တည်အပ်၏။ ဤကား မနုဿေသု မနုဿဘူတာ ဟူသော ပုဒ်၏ အနက်တည်း။

http://www.dhammadownload.com



ဘုရားအလောင်းတော် သူတော်ကောင်းကြီးတို့သည် ဝေနေယျသတ္တဝါတို့အား သနားခြင်း ကရုဏာ၊ အကြောင်းဥပါယ်တို့၌ လိမ္မာခြင်းပညာ ဤတရား နှစ်ပါးရှေ့သွားပြု၍ ဒါန သီလ စသောပါရမီ (၁၀)ပါးတို့ ဖြည့်ကျင့်တော်မူကြ၏။ ထိုသို့ပါရမီဖြည့်ကျင့်ရာ၌ ဒါနပါရမီ တစ်ခုတည်းကို လေ့လာကြည့်လျှင်ပင် -

သီလက္ခန်အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ - (ဒီ၊ ဋ္ဌ၊ ၁။၆၀။ မ၊ ဋ္ဌ၊ ၁၊ ၄၇။ အံ၊ ဋ္ဌ၊ ၁၊ ၈၀။)

၁။ အင်္ဂပရိစ္စာဂ = ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊

၂။ နယနပရိစ္စာဂ = မျက်လုံးကို စွန့်ခြင်း၊

၃။ ဓနပရိစ္စာဂ = ဥစ္စာကို စွန့်ခြင်း၊

၄။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း၊

၅။ ပုတ္တဒါရပရိစ္စာဂ = သားမယားတို့ကို စွန့်ခြင်း ဟူသော သာမန်လူသားတို့ မလုပ်နိုင် မလှူနိုင်သော အလွန်ကြီးကျယ်သော လှူဒါန်းမှုကြီးတို့ကို ပြုလုပ်တော်မူကြ၏။

မူလပဏ္ဏာသအဋ္ဌကထာ (စာ- ၃၀၈) နှင့် ဣတိဝုတ်အဋ္ဌကထာ (စာ- ၁၁၁)တို့၌မူ ဓနပရိစ္စာဂ အစား အတ္တပရိစ္စာဂ = မိမိကိုယ်ကို (အသက်ကို)စွန့်ခြင်းဟုဖွင့်ဆိုထား၏။

ဗုဒ္ဓဝံသအဋ္ဌကထာ၌မူ နယနပရိစ္စာဂအစား ဇီဝိတပရိစ္စာဂ = အသက်ကိုစွန့်ခြင်းဟု ဖွင့်ဆိုထား၏။

ထိုဖွင့်ဆိုချက်တို့ကို ကြည့်သောအားဖြင့် ဘုရားအလောင်းသူတော်ကောင်းတို့သည် ခန္ဓာကိုယ်၏ အပြင်ဘက်ဖြစ်သော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို လှူဒါန်းခြင်း၊ မိမိ၏ အသက်ကိုပင် လှူဒါန်းခြင်းဟူသော လှူဒါန်းမှု သုံးမျိုးတို့ကို တွေ့ရ၏။ သဗ္ဗညုတဉာဏ်တော် ရရှိရန်အတွက် ဤသို့ လှူဒါန်းခြင်းသည် လူ့လမ်းစဉ်အတိုင်း လျှောက်လှမ်း နေခြင်းဖြစ်ပါသည်။ သူတော်ကောင်း လမ်းစဉ်အတိုင်း လျှောက်လှမ်းနေခြင်း ဖြစ်ပါသည်။

ဤအဋ္ဌကထာစကားတို့ကို ရှုလျှင် လှူဒါန်းခြင်းကောင်းမှုပြုခြင်းလမ်းစဉ်သည် လူသာမန်တို့ အတွက် လမ်းစဉ်ဖြစ်ရုံမျှမက လူတို့၏ဆရာ ဘုရားရှင်၏ လျှောက်လှမ်းနေကျ လမ်းစဉ်ဖြစ်သည်ကို သိအပ် သိနိုင်ပါသည်။

ထိုလူလေးမျိုးတို့တွင် လူစစ်စစ်ပုဂ္ဂိုလ်များသည် ကံကံ၏အကျိုးကို ယုံကြည်သည့်အလျောက် အကုသိုလ်ကို ရှောင်ကြဉ်၍ ကုသလကမ္မပထတရား(၁၀)ပါးနှင့် ပုညကိရိယဝတ္ထု(၁၀)ပါးတို့ကို ပြုလုပ် ဆောင်ရွက်သူများ အဖြစ်တွေ့ရ ၏။ ထို့ကြောင့် ထိုကုသလကမ္မပထတရား(၁၀)ပါးနှင့် ပုညကိရိယ(၁၀)ပါး တို့သည် လူတို့ပြုကျင့်ရမည့် တရား(မနုဿဓမ္မ) များဖြစ်ကြောင်းထင်ရှားပါသည်။ ထိုတရားများကို ကျင့်ခြင်းသည် လူ့လမ်းစဉ်ကို လျှောက်နေခြင်းဖြစ်သည်။

ဤသို့ ပြဆိုအပ်ပြီးသည့်အတိုင်း စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂)စောဒနာလွှာပါ "ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းသည် လူ့လမ်းစဉ် မဟုတ် ' စသော အရှင်ဉာဏ ဟောပြော ရေးသား ထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂)စောဒနာလွှာပါ 'ကုသိုလ် ကောင်းမှု ပြုလုပ်ခြင်းသည် လူ့လမ်းစဉ် မဟုတ်' စသော အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၃)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဝိမုတ္တိဒေသနာ၊ စာ-၅၊၁၁၊၁၂၊၆၂၊၆၃-စသည်၌ မိုးပြာအရှင်ဉာဏ ဟောပြောရေးသားသော-

"အဲ လွတ်လပ်ကလေးမှ မရဘူးဆိုရင် ဘာမှ မရဘူး။ အဲဒီတော့ ဗုဒ္ဓဘာသာဖြင့်ရင် လွတ်လပ်ရမယ်။ အဲဒီတော့လွတ်လပ်တယ်ဆိုတာ ဘာလွတ်လပ်တာတုန်း၊ ဘာကလွတ်လပ်ရမှာတုန်း လို့ မေးယင် ဟောဒီ ကံတွေက လွတ်လပ်ရမှာ၊ ဒီကံကနေပြီးတော့ လွတ်လပ်ရမယ်။ အဲဒီကံတွေက လွတ်လပ်သွားပြီဆိုယင် မကောင်းတဲ့ကံတွေ မလုပ်ဘူး။ ကောင်းတဲ့ကံတွေလည်း မလုပ်ဘူး။ မကောင်းတဲ့ကံတွေက လူကိုပတ်ပြီးနေပြီဆိုတော့ ဘယ်လိုလုပ်လို့ ဖြစ်ပါတော့မလဲ။ ကောင်းတဲ့ကံတွေကကော ဆိုတော့ ကောင်းတဲ့ကံတွေကလည်း လူပတ်နေပြီ။ လူပတ်နေပြီဆိုတော့ လူလည်းမလွတ်လပ်တော့ဘူး "။

(ဝိမုတ္တိဒေသနာ၊ စာ-၁၁၊၁၂)

"အဲဒီနေရာမှာ လွတ်လပ်ကို သေသေချာချာပြောမယ်။ တကယ်တော့ လွတ်လပ်တယ်လို့ဆိုတာ လူမှုဒုက္ခ တွေက လွတ်လပ်တာကိုပြောတာ။ ပထမပြောခဲ့တဲ့ ကျုပ်တို့ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာတွေဟာ လွတ်လပ်ရမယ် ဟုတ်ပြီ။ ဒုတိယတစ်ခွန်းပြောပြီး။ ဘာပြောသလဲဆိုတော့ ဘာကလွတ်လပ်ရမလဲ ဆိုတော့ ဒုက္ခတွေက လွတ်လပ်ရမယ် လို့ ဒီလိုပြောမယ်နော်။ ဘာကလွတ်လပ်ရမတဲ့လဲ (ဒုက္ခတွေကလွတ်လပ်ရမှာပါ)" ။ (ဝိမုတ္တိဒေသနာ၊ စာ-၅)

" တကယ်တော့အရိယာဆိုတဲ့ စကားက စင်ကြယ်သူ အဓိပ္ပါယ်ရပါတယ်။ သန့်ရှင်းသူလို့ အဓိပ္ပါယ်ရပါတယ်။ ဖြူဖွေးသူလို့ အဓိပ္ပါယ်ရပါတယ်။" (ဝိမုတ္တိဒေသနာ၊ စာ-၆၂)

" ဒီလိုဆိုယင် လွတ်လပ်တဲ့လူဖြစ်ယင် စင်ကြယ်သူဖြစ်ပြီလား၊ မဖြစ်ဘူးလား။ (ဖြစ်ပါပြီဘုရား) ကဲ-ဒီလိုဆိုယင် လွတ်လပ်တဲ့သူဖြစ်ဖို့အတွက် စင်ကြယ်ဖို့လိုပါသလား၊ မလိုဘူးလား။ (လိုပါတယ်ဘုရား) စင်ကြယ်ဖို့ လိုတယ်ဆိုယင် မစင်ကြယ်တဲ့ ကြေးညှော်တွေကို ကျုပ်တို့ သိဖို့လိုသလား၊ မလိုဘူးလား။ (လိုပါတယ်ဘုရား)။ " (ဝိမုတ္တိဒေသနာ၊ စာ-၆၂)

" အခုလည်းပဲ ကျုပ်တို့က လွတ်လပ်ချင်ကြပြီနော်။ လွတ်လပ်ချင်တယ်ဆိုရင် ကျုပ်တို့ကိုယ်ပေါ်မှာ တက်နေတဲ့ ကံကြေးညှော်တွေ၊ သတ္တဝါကြေးညှော်တွေ၊ သံသရာကြေးညှော်တွေ၊ ကိလေသာကြေးညှော်တွေ သန့်စင်ဖို့အတွက် ကျုပ်တို့လိုအပ်သလား-မလိုအပ်ဘူးလား။ (လိုအပ်ပါတယ်ဘုရား)။ "ဟူကုန်သော (ဝိမုတ္တိဒေသနာ၊ စာ-၆၃) ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

ရှင်ဉာဏ၏စာကို အကျဉ်းချုပ်ကြည့်လျှင်-

"ကံအလုပ်တွေ လုပ်နေသမျှ ဒုက္ခက မလွတ်"ဟု ဟောထားခြင်းဖြစ်ပါသည်ဘုရား။

ရှင်ဉာဏသည် ပစ္စုပ္ပန်ကမ္မဝါဒဟု ဝါဒတစ်ခု တည်ထောင်ကာ ကံ,ကံ၏အကျိုး မရှိဟူသော လမ်းစဉ်၊ သုံးဆယ့် တစ်ဘုံ မရှိဟူသော လမ်းစဉ်၊ ရှေးဘဝ နောက်ဘဝမရှိဟူသောလမ်းစဉ်တို့ကို ဟောပြောပြသ ဝါဒဖြန့်လျက် ရှိပါသည်ဘုရား။

မိုးပြာအရှင်ဉာဏ၏ 'ကံတွေလုပ်နေသမျှ ဒုက္ခက မလွတ်၊ ကံတွေ မလုပ်မှ ဒုက္ခက လွတ်လပ်တယ်

http://www.dhammadownload.com



" ဟူသော ဟောပြောချက်နှင့် စပ်၍ ဥဒါန်းပါဠိတော်စသည်၌-

" သစေ ဘာယထ ဒုက္ခဿ၊ သစေ ဝေါ ဒုက္ခမပ္ပိယံ။

မာကတ္ထ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော။

ဆင်းရဲမှာ ကြောက်သောသူတို့သည် အကယ်၍ဆင်းရဲကို မလိုချင်လျှင် ယုတ်မာသော အမှုကို မပြုနှင့် " ဟု မိန့်ဆိုထားသောကြောင့် (ဥဒါန။၁၃၇။နေတ္တိ။၁၀၉။ပေဋကော။၁၉၆။) ဆင်းရဲမှ လွတ်မြောက်လိုလျှင် မကောင်းမှုအကုသိုလ် မပြုနှင့်ဟု ဆိုသဖြင့် ကုသိုလ်ကောင်းမှုကို ပြုရမည် ဟူသော အဓိပ္ပါယ်ထွက်ပါသည်။

ဥဒါန်းအဋ္ဌကထာ၌လည်း

"အပါယ်ဘုံသို့ ရောက်ခြင်း၊ သုဂတိဘုံသို့ ရောက်သော်လည်း အသက်တိုခြင်း စသည်ကို အလို မရှိသူသည် သူ့အသက်သတ်ခြင်းစသော မကောင်းမှုအကုသိုလ်ကို မပြုလင့်၊ ထိုမကောင်းမှု အကုသိုလ်ကို ပြုခြင်းသည် အပါယ်ဆင်းရဲ စသည်မှ လွတ်ခြင်းမည်သည် မရှိနိုင်" ဟု မိန့်ဆိုထားသောကြောင့် (ဥဒါန၊ ၄။၂၆၇။) ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသူတို့သည် မကောင်းမှု အကုသိုလ်ကို မပြုဘဲ ကုသိုလ် ကောင်းမှုကိုသာ ပြုရမည်ဖြစ်ကြောင်း ထင်ရှားပါသည်။

**" စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။**

**ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။**

**ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။**

**မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။**

**သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။** (ဓမ္မ။၆၅။။)

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှုတ်၊ စိတ်-တို့ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းပါက အလုံးစုံသော ဒုက္ခတို့မှ လွတ်မြောက်နိုင်၏"ဟု ဟောတော်မူထား သောကြောင့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟု ဆိုအပ်သော သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံကျိုးကုတ် အားထုတ်ပါက အလုံးစုံသော ဒုက္ခတို့မှ လွတ်မြောက်နိုင်ပါသည်။ ထိုသိက္ခာသည်လည်း ကုသိုလ်တရားပင်ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်အလုပ်ကို လုပ်၍ ဒုက္ခမရောက်နိုင်၊ ဒုက္ခမှ လွတ်မြောက်နိုင်ခြင်းသာ ဖြစ်ပါသည်။

"ဗုဒ္ဓံ ဓမ္မံ သံဃံ ပန သရဏံ ဂန္တွာ သကလဝဋ္ဋဒုက္ခာ ပမုစ္စတိ။ (ဓမ္မ။၄၂။၁၅၉။)
ဘုရား တရား သံဃာကို ကိုးကွယ်ခြင်းသည် အလုံးစုံသော ဆင်းရဲဒုက္ခမှ လွတ်၏"

"အကရောန္တံ ခေါ ပန ပါပကမ္မံ အပိ နုခေါ ဒုက္ခံ ဖုသေယျာတိ။ နော ဟေတံ ဘန္တေ၊ အကရောန္တံ ဟိ ဘန္တေ ပါပကမ္မံ ကုတော ဒုက္ခံ ဖုသိဿတီတိ။ (အံ၊၁။၅၀၄။)

မကောင်းမှု အကုသိုလ်ကို မပြုလုပ်သော ထိုသူကို ကိုယ်စိတ်ဆင်းရဲသည် တွေ့ထိပါဦးမည်လော၊? ဤဒုက္ခသည် တွေ့ထိနှိပ်စက်ခြင်း မဖြစ်နိုင်ပါဘုရား။ ထိုစကားဟာ အမှန်ပင် ဖြစ်ပါသည်။ မကောင်းမှု အကုသိုလ်ကို မပြုလုပ်သောသူကို အဘယ့်ကြောင့် ဒုက္ခက တွေ့ထိ နှိပ်စက်ပါလိမ့်မည်နည်းဟု လျှောက်ထားကြ၏ "ဟု မိန့်ဆိုထားသောကြောင့်

http://www.dhammadownload.com



အမှတ်(၃)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော ထို အမှတ်(၃)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်များနှင့်ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော် ၊ အဋ္ဌကထာစသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒဖြစ်,မဖြစ် စိစစ်သုံးသပ်တော် မူကြမည်ဖြစ်ပါသည်။

**အမှတ်(၃) စောဒနာလွှာကို ကောက်ချက်ချခဲ့သော် အောက်ပါအချက်များကိုတွေ့ရသည်-**

၁။ ကံတွေလုပ်နေတာဟာဒုက္ခဖြစ်တယ် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတွေဟာ ကံက (လူမှုဒုက္ခ) လွတ်လပ်ရမည်။

၂။ လွတ်လပ်သူဖြစ်ရင် စင်ကြယ်သူဖြစ်ရင် အရိယာဖြစ်ပြီ။

၃။ အတိတ်၊ အနာဂတ်ဘဝမရှိ (၃၁)ဘုံမရှိ ပစ္စုပ္ပန်သက်သက်သာရှိသည်။

## " (၁)အချက် စိစစ်ခြင်း "

(၁) ကံတွေ လုပ်နေတာ ဒုက္ခဖြစ်တယ်ဟူသောစကား(ကံ)အရ အကုသိုလ်ကံ၊ ကုသိုလ်ကံနှစ်မျိုးနှင့် ဆက်ဆံနေပေသည်။ ထိုနှစ်မျိုးတွင်၊ အကုသိုလ်ကံက ဆိုးကျိုးပေးလို့ မကောင်းကံဖြစ်သည်။ ကုသိုလ်ကံက ကောင်းကျိုးပေးလို့ ကောင်းကံဖြစ်ပေသည်။ ထို့ကြောင့်-

ယထာကမ္မံ ဂမိဿန္တိ ၊ ပုညပါပဖလူပဂါ။
နိရယံ ပါပကမ္မန္တာ ၊ ပုညကမ္မာ စ သုဂတိံ ။ (သံ။၉၆။)

သတ္တဝါအားလုံးတို့သည်၊ ကောင်းကျိုး မကောင်းကျိုးကို ခံစားရကုန်၍ မိမိတို့၏ ကံအားလျော်စွာ လားရကုန်လတ္တံ့။ မကောင်းမှုကိုပြုသော သူတို့သည် ငရဲသို့လားကုန်လတ္တံ့၊ ကောင်းမှုကို ပြုသောသူတို့သည် နတ်ပြည်သို့ လားကုန်လတ္တံ့။ ဟူ၍ သဂါထာဝဂ္ဂ ကောသလသံယုတ်၌ မြတ်စွာဘုရားဟောတော်မူသည်။

ထိုဒေသနာတော်အရ ကုသိုလ်ကံသည် ဒုက္ခမဖြစ်ပေ။ အကုသိုလ်ကံသာ ဒုက္ခဖြစ်ပေသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ အမည်ခံပုဂ္ဂိုလ်တို့ ဆိုလိုသော(ကံ)ဟူသည်၊ ပေးသူသည်ကုန်သွား၍ မကောင်း။ (ယူ)သူသည် ရရှိ၍ ကောင်းသည်။ ထိုကံ(လူမှုဒုက္ခ)က လွတ်လပ်ရမည်ဟု ဆိုလိုရင်းဖြစ်၍ ဆိုခဲ့ပြီးသော ဒေသနာတော်နှင့် ဆန့်ကျင်နေပေသည်။

## "(၂)အချက် အရိယာနှင့်စပ်၍ စိစစ်ခြင်း"

အရိယာဟူသည်- "အရိယောတိ ပုထုဇ္ဇနဘူမိံ အတိက္ကန္တော" (သံ၊ဋ၊၂။၅၅။)

**အရိယာ**= ပုထုဇဉ်၏ အဖြစ်ကို လွန်သောပုဂ္ဂိုလ်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရား၏တပည့် သာဝကတို့ ရ၏။

http://www.dhammadownload.com



"အရိယာတိ အာရကတ္တာ ကိလေသေဟိ, အနယေ န ဣရိယနတော, အယေ ဣရိယနတော, သဒေဝကေန လောကေန စ အရဏီယတော ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ ဗုဒ္ဓသာဝကာ စ ဝုစ္စန္တိ။
(အဘိ၊ဋ္ဌ၊၁။၃၈၄။ သံ၊ဋ္ဌ၊၂။၂၃၁။ သာရတ္ထ၊၁။၁၃။)

အရိယာ= ကိလေသာတို့မှ ကောင်းစွာ အလွန်ဝေးကွာသော (သူ) မြတ်စွာဘုရား။

အရိယာ= အစီးအပွားမဟုတ်သော အကျင့်၌ လူကို မဖြစ်စေတတ် မကျင့်စေတတ်သောသူ။

အရိယာ= အစီးအပွားဖြစ်သော အကျင့်၌ ဖြစ်စေ တတ်သောသူ။

အရိယာ= နတ်နှင့်တကွသောလူသည် ဆည်းကပ်အပ်သောသူ။ ဟူ၍ အဋ္ဌကထာ ဋီကာဆရာတို့ မိန့်ဆိုတော်မူကြသည့်အတိုင်း သိကြရမည်ဖြစ်သည်။

ယင်းအရိယာပုဒ်၏ အဖွင့်တို့ကို ရှု၍ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံသူတွေဟောပြောသောကံ ကြေးညှော်တွေ, သတ္တဝါ ကြေးညှော်တွေ, သံသရာကြေးညှော်တွေ, ကိလေသာကြေးညှော်တွေ သန့်စင်ရုံမျှဖြင့် အရိယာ မဖြစ်နိုင်သည်မှာ ထင်ရှားနေပေသည်။

## " (၃)အချက် စိစစ်ခြင်း "

**"အနမတဂ္ဂေါယံ ဘိက္ခဝေ, သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ၊** (သံ။၁။၃၈၆-၇။)

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု အဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာ နှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည်မထင်။

**"အနမတဂ္ဂေါယံ, ဘိက္ခဝေ, သံသာရော၊ပ၊ ကေပုဂ္ဂလဿ, ဘိက္ခဝေ, ကပ္ပံ သန္ဓာဝတော သံသရတော သိယာ ဝေံ မဟာ အဋ္ဌိကင်္ကလော အဋ္ဌိပုဉ္ဇော အဋ္ဌိရာသိ ယထာယံ ဝေပုလ္လော ပဗ္ဗတော, သစေ သံဟာရကော အဿ, သမ္ဘတဉ္စ န ဝိနဿေယျ၊ တံ ကိဿ ဟေတု? အနမတဂ္ဂေါယံ, ဘိက္ခဝေ,သံသာရော၊ပ၊ အလံ ဝိမုစ္စိတု"န္တိ၊** (သံ၊၁။၃၉၂။)

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ ရဟန်းတို့ တစ်ကမ္ဘာပတ်လုံး ပြေးသွားကျင်လည်သော ပုဂ္ဂိုလ်တစ်ယောက်၏ ဤသို့များစွာ အရိုးဆက် အရိုးပုံ အရိုးစုသည် စုပေါင်းသိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်ပျက်ခဲ့မူ ဤဝေပုလ္လတောင်နှင့် အမျှဖြစ်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း---ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင် ။ ပ ။ လွတ်မြောက်ခြင်းငှာ သင့်လှတော့သည်သာတည်းဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။

ဤဒေသနာတော်အရ ပစ္စုပ္ပန်၊အတိတ်၊အနာဂတ် ကာလ,ဘဝသုံးပါးကို မြတ်စွာဘုရား ဟောထားတော်မူပါလျက် ပစ္စုပ္ပန်အတိတ် အနာဂတ် ကာလ/ဘဝသုံးပါးမရှိ ဟူသော အမိုက်ပွယ် သက်ရောက်သော

http://www.dhammadownload.com



အမှတ်(၃)စောဒနာပါ မိုးပြာအရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များ ဖြစ်သည်ဟု အမှတ်(၁၇) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့ဝင် ဆရာတော်များက သုံးသပ်တော်မူ ကြသည်။

(၃၁)ဘုံမရှိ ဆိုသော စကားသည်လည်း----

န ခေါ ပနာဟံ ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အတ္တနာ သီလသမ္ပန္နတရံ အညံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ၊ ယမဟံ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ။ (သံ၊၁။၁၄၁)

စင်စစ်သော်ကား အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက်နေနိုင်လောက်သော မိမိထက် အထူးသဖြင့် သီလနှင့်ပြည့်စုံသည့် အခြားသော သမဏကိုသော်လည်းကောင်း၊ ဗြာဟ္မဏကိုသော် လည်းကောင်း၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့်သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ငါမမြင်ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်နှင့်လည်းကောင်း။

-သတ္တလောကာ သတ္တဝိညာဏဋ္ဌိတိယော။ (ဝိဋ္ဌ၊၁။၉၀။)
ဩကာသလောကတို့သည် ဝိညာဉ်၏ တည်ရာ (၇)ပါး၏ အစွမ်းအားဖြင့် (၇)ပါးရှိကုန်၏။

သတ္တဝိညာဏဋ္ဌိတိယောတိ နာနတ္တကာယာ နာနတ္တသညိနော၊ ဧကတ္တကာယာ ဧကတ္တသညိနော ဟေဋ္ဌိမာ စတ္တာရော အာရုပ္ပါတိ ဣမာသတ္တ " ဝိညာဏံ တိဋ္ဌတိ ဧတ္ထာတိ ဝိညာဏဋ္ဌိတိယော" တိ ဝုစ္စန္တိ။ (သာရတ္ထ၊၁။၂၄၃)

ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာဋီကာတို့နှင့်လည်း ဆန့်ကျင်လျက်ပင်ဖြစ်ပေသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း (၃၁)ဘုံရှိကြောင်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများ များစွာ ရှိပါလျက် ထိုထို ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို မျက်ကွယ်ပြုလျက် ဖွတ်မိုက်၍ ဟောပြောရေးသားနေခြင်း ဖြစ်သော ကြောင့် သိသိနှင့် တမင်သက်သက် မှားသော အမှားဖြစ်ကာ (၃၁)ဘုံမရှိဟူသော စကားသည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက် ဖြစ်သည်ဟု အမှတ်(၁၇) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့ဝင် ဆရာတော်များက သုံးသပ်တော်မူ ကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၃)စောဒနာလွှာပါ မိုးပြာအရှင်ဉာဏ၏ "ကံမလုပ်မှ လွတ်လပ်တယ် " စသော ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင် နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်

---------- ----------

http://www.dhammadownload.com



## အမှတ်(၄)ဓာတနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

(ဝိမုတ္တိဒေသနာ၊ စာ-၁၂၊၁၃၊၁၄၊အရှင်ဉာဏက

" တကယ်တော့ ကံဆိုတဲ့ စကားကိုယ်တိုင်ကိုက အဆိုး မယုံကြည် ' သင်္ခါရာ ဒုက္ခာ'၊ မြတ်စွာ ဘုရားက ပြောတယ်၊ ယဒါ ပညာယ ပဿတိ။ တကယ်တော့ သင်္ခါရာ -**အလုံးစုံသော ကံတရားတို့ဟာ ဒုက္ခတွေပဲလို့၊** အဲဒီလိုမျိုးပြောတယ်။ " (ဝိမုတ္တိဒေသနာ၊ စာ-၁၂)

" ဘာဖြစ်လို့။ မကောင်းတဲ့ကံတွေ ဒုက္ခဆို ထားပါတော့။ **ကောင်းတဲ့ကံတွေကလည်း** လူတွေကို ရစ်ပတ်နေတာပဲ။ လူတွေရစ်ပတ်နေတဲ့အခါကြတော့ ကောင်းတဲ့ကံကိုက ရှိုးရှိုးတိုတိုလေး အနက်ဖွင့်မယ်နော်။

**ကိုယ်အနစ်နာ ခံတာဟာ ကောင်းတဲ့ကံ။** ကောင်းတဲ့ကံဆိုတာ ဘာတဲ့လဲ။

ကိုယ်နစ်နာဖို့ အနစ်နာခံတာ။

အဲဒီတော့ ကိုယ်အနစ်နာခံ တာဟာ ကောင်းတဲ့ကံဆိုတော့ ကောင်းတဲ့ကံကို အဓိပ္ပါယ်ဖော်ယင် တကယ် ကတော့ ကိုယ်အနစ်နာခံတာ ဘယ်လောက် အနစ်နာ ခံနိုင်မှာလဲ။

လူဟာ ကိုယ်အနစ်နာခံလို့ ကောင်းပါ့ မလား။ (မကောင်းပါဘူး)။ မကောင်းဘူး။

သူများကို အနစ်နာခံစေဖို့ကော ကောင်းပါ့မလား။ **(မကောင်း ပါဘူး)။**

**သူများနစ်နာအောင် လုပ်တဲ့လူလည်း ဒုက္ခရောက်မှာပဲ။**

**ကိုယ်အနစ်နာခံတဲ့လူလည်း ဒုက္ခ ရောက်မှာပဲ။" (ဝိမုတ္တိဒေသနာ၊ စာ-၁၂/၁၃)**

" အဲဒီလိုဆိုရင် မြတ်စွာဘုရားက ဒုက္ခကိုပြောပြီး။ ဒုက္ခကိုဘယ်လိုပြောသလဲဆိုတော့ ဒကာ ဒကာမတို့ **ဒုက္ခဆိုတာ** ဘာတဲ့လဲ။ (ကံပါဘုရား)။ ကံတွေပဲဘုရား။

တကယ်တော့ အဲဒီကံတွေကို လွတ်မြောက်အောင် လုပ်ရမှာပဲ" (ဝိမုတ္တိဒေသနာ၊ စာ-၁၃)

" ကံဆိုတာ သူများနစ်နာအောင် လုပ်ယင်လုပ်၊ မလုပ်လို့ရှိယင် ကိုယ် အနစ်နာခံတာလုပ်။ ကိုယ်အနစ်နာခံ တာ လုပ်တာဟာလည်း ကံပဲ။ သူများနစ်နာအောင် လုပ်တာလည်းပဲ ကံပဲ။ ဒီနှစ်ခုကိုပဲ ကံလို့ ပြောတာ။ **သူများနစ်နာအောင် လုပ်ယင် မကောင်းတဲ့ကံ။ ကိုယ် အနစ်နာခံရတာ လုပ်ယင်လည်း မကောင်းတဲ့ကံ။**" (ဝိမုတ္တိဒေသနာ၊ စာ-၁၃)

ကိုယ်အနစ်နာခံရအောင်လုပ်တာတွေက ဘာတွေလည်းဆိုတော့ ကာမကုသိုလ်တွေလည်း ပါတယ်။ **ကာမကုသိုလ်ဆိုတာ လူ(ကိုယ်)အနစ်နာခံတဲ့ လုပ်ငန်း။**

ရူပကုသိုလ်လည်းပါတယ်။ **ရူပကုသိုလ်ဆိုတာလည်း ကိုယ်အနစ်နာ ခံရတဲ့ လုပ်ငန်း။**

အရူပကုသိုလ်ဆိုတာလည်းပါတယ်။ **ဒီအရူပကုသိုလ်ဆိုတာဟာလည်း ကိုယ်အနစ်နာခံတာ** ပဲလို့ ဒီလိုပဲ ပြောရမယ်။ အဲဒီလိုပြောလို့ ကံတွေကို ကိုယ်အနစ်နာခံရတဲ့ ကံတွေကို ကုသိုလ်ကံလို့ ဒီလိုပြောရမယ် " (ဝိမုတ္တိဒေသနာ၊ စာ-၁၄)

"အဲဒီ **ကုသိုလ်ကံတွေဟာ** သုခတွေလား၊ ဒုက္ခတွေလား (ဒုက္ခတွေပါဘုရား)။ ဒုက္ခပေါ့၊

http://www.dhammadownload.com



ဒီလိုဆိုယင် **အဲဒီကံတွေက လွတ်လပ်ရမှာလား၊ မလွတ်လပ်ရမှာလား။ (လွတ်လပ်ရမှာပါ)။** လွတ်လပ်ရမှာ" (ဝိမုတ္တိဒေသနာ၊ စာ-၁၄)

အနည်းဆုံးကိုယ်နစ်နာအောင် ပြောဆိုပုံ၊ ပြုမူပုံ၊ နေထိုင်ပုံကလေး နည်းနည်းပြောရမယ်ဆိုရင်-

ဆိုကြပါစို့ တရားထိုင်တာ၊ ပုတီးစိပ်တာပေါ့။ ပုတီးစိပ်မယ်ဆိုရင် ဘာလုပ်ရမလဲဆိုလို့ရှိယင် ကိုယ့်ကိုကိုယ် ချုပ်တည်းမယ်။

ပုတီးစိပ်တဲ့သူဟာ လွတ်လွတ်လပ်လပ်နေလို့ ရမှာလား၊ ချုပ်တည်းထားရမှာလား၊ (ချုပ်တည်းထားရမှာပါ)။

ချုပ်တည်းရမှာ ချုပ်တည်းရပြီဆိုကတည်းက ကိုယ်လုပ်သင့်တာ လုပ်နိုင်ပါ့မလား။ (မလုပ်နိုင်ပါ)။

မလုပ်နိုင်ဘူးဆိုကတည်းက မလုပ်နိုင်ယင် ကိုယ်နစ်နာပြီပေါ့။

အဲဒီလိုပဲ တမျိုးမဟုတ် တမျိုးနဲ့ တရားထိုင်ပြီဆိုပါတော့။ တရားထိုင်ပြီဆိုကတည်းက ဒီလူ လွတ်လွတ်လပ်လပ် လုပ်လို့ကိုင်လို့ ရနိုင်ပါဦးမလား။(မရနိုင်ပါဘူး)။

ဒီလူကော လွတ်လပ်ပါ့မလား။ (မလွတ်လပ်ပါ ဘူး)။ မလွတ်လပ်ဘူး။

အဲဒါဟာ တကယ်ကို ကိုယ်အနစ်နာခံတာ၊

ပြောမယ်ဆိုရင်တော့ အစား ဆိုရင်လည်း အဲ . . လျှော့စား။ အဝတ်ဆိုရင်လည်းပဲ လျှော့ဝတ်။ အသုံးဆိုတာကိုလည်း လျှော့သုံးဆိုတာ လိုပဲ အကုန်လုံးနစ်နာရပြီပေါ့။

အဲဒီလို အနစ်နာခံနေရတာဖြစ်တဲ့အတွက် အဲဒီ ကုသိုလ်တွေဟာလည်းပဲ လူကို မလွတ်လပ်စေတဲ့ဟာတွေ၊ ဒုက္ခဖြစ်စေတဲ့ ဟာတွေလို့ ဒီလိုပြောရမှာပေါ့။

တကယ်ဆို မြတ်စွာဘုရားကတော့ ဒါကို ဒုက္ခလို့မပြောဘဲ

ကိုယ့်ရဲ့ အပြုအမူ အပြောအဆို အနေအထိုင်တွေကို ဒုက္ခ၊

ဒါတွေနဲ့ လွန်ကျူးတဲ့ လုပ်ရပ်တွေကို ကောင်းတာပဲ ဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် အဲဒါကို ဒုက္ခလို့ပြောတယ်။ (ဝိမုတ္တိဒေသနာ၊ စာ-၁၇)

ကျုပ်တို့ဘုရားပေးမှာက ဘာကိုပေးမှာတဲ့လဲ။ (လွတ်လပ်မှုပါ)။ လွတ်လပ်မှုကိုပါ။

အဲဒီတော့ လွတ်လပ်တော့ လွတ်လပ်ချင်ပြီ။ ဟုတ်ပြီ။ လွတ်လပ်အောင်အတွက် ဘာက မလွတ်လပ်နေတာတုန်း။ ဘာကနေ လွတ်လပ်ရမှာတုန်း ဆိုတာကို သိဖို့လိုပါတယ်။ ဒီလိုဆိုတော့

လွတ်လပ်ရမှာက ဘာက လွတ်လပ်ရမှာတုန်းဆိုတော့ ဒုက္ခက လွတ်လပ်ရမှာပဲ။

ဒုက္ခဆိုတာ ဘာလဲလို့ဆိုတော့ ကံနဲ့ ကံရဲ့အကျိုး ဝိပါတ်တွေလို့၊ ဒါ- မသိကြဘူးလားဗျာ။ (သိကြပါတယ်ဘုရား)" ဟူကုန်သော (ဝိမုတ္တိဒေသနာ၊ စာ-၁၈) ဟောပြောရေးသားချက် တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

http://www.dhammadownload.com


## ဓာဝကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏက

**"ကောင်းသည့်ကံပဲ လုပ်လုပ်၊ မကောင်းသည့်ကံပဲ လုပ်လုပ် ဒုက္ခပဲ"**ဟု ဟောပြောနေခြင်းသည် ကျော်ကသဘော်ာဆရာတော်တို့၏ "လုပ်သမျှ ဒုက္ခ"ဟူသော ဝါဒကို ကျင့်သုံး နေရာရောက်သည်။

'ကောင်းသည့်ကံပဲလုပ်လုပ် မကောင်းသည့်ကံပဲ လုပ်လုပ် ဒုက္ခပဲ 'ဟူသော ဟောပြောချက်တို့သည် ကံကို ပယ်ဖို့ ဟောပြောထားသော ဟောပြောချက် ဖြစ်သောကြောင့် အရှင်ဉာဏသည် အကိရိယဒိဋ္ဌိအယူကို စွဲမြဲစွာ ယူထားသူဖြစ်သည်။

"အကုသိုလ်ကံသည် ရှောင်ကြဉ်ရမည့် တရားဖြစ်သော်လည်း ကုသိုလ်ကံသည် ပြည့်စုံအောင် ကြိုးစားအားထုတ်ရမည့် တရားဖြစ်သောကြောင့်" "ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့ကို မလုပ်ဖို့ ဟောပြောရေးသားချက်များသည် ကျမ်းဂန်နှင့် ဆန့်ကျင်ပါသည်။

**'ကံတရားဟာ ဒုက္ခပဲ၊ ကံတွေ လုပ်ရင် ဒုက္ခဖြစ်မှာပဲ'** ဟူသော ဟောပြောချက်သည် ကုသိုလ်ကံကို မလုပ်ဖို့ တားမြစ်ရာ ရောက်နေပါသည်။ ယင်းဟောပြောချက်သည် ဓမ္မပဒလာ 'သဗ္ဗေ သင်္ခါရာ ဒုက္ခာ' ဟူသော ပါဠိနှင့် ဆန့်ကျင်သည်။

'ဝိမုတ္တိဒေသနာ ခေါ် လွတ်ရေးဒေသနာ' စာအုပ်စာမျက်နှာ(၁၂)၌- "တကယ်တော့ ကံဆိုတဲ့ စကားကိုယ်တိုင်ကိုက အဆိုး။ မယုံကြည့် ' သဗ္ဗေ သင်္ခါရာ ဒုက္ခာ'၊ မြတ်စွာ ဘုရားက ပြောတယ်။ ယဒါ ပညာယ ပဿတိ၊ တကယ်တော့ သဗ္ဗေ သင်္ခါရာ ၊ အလုံးစုံသော ကံတရားတို့ဟာ ဒုက္ခတွေပဲလို့ အဲဒီလို မျိုးပြောတယ် "ဟူသော ဟောပြောရေးသားချက်သည်

"သဗ္ဗေ သင်္ခါရာတိ ကာမဘာဝါဒီသု ဥပ္ပန္နာ ခန္ဓာ။ (ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၅)

" သဗ္ဗေ သင်္ခါရာ အနိစ္စာတိ ပစ္စယေဟိ သင်္ခရီယန္တီတိ "သင်္ခါရာ "တိ လဒ္ဓနာမာ ပဉ္စက္ခန္ဓာ။ (နေတ္တိ၊ ၄။ ၂၅၃)

"သဗ္ဗေ သင်္ခါရာတိ ဆဋ္ဌာရမ္မဏသင်္ဂဟာ သဗ္ဗေ တေဘူမကာ ပဉ္စက္ခန္ဓာ။ (ထေရ၊ ၄၊ ၂။ ၂၅၅) အဋ္ဌကထာစကားတို့နှင့် ဆန့်ကျင်ပါသည်။

"ကိုယ်အနစ်နာခံရအောင် လုပ်တာတွေက ဘာတွေလဲဆိုတော့ ကာမကုသိုလ်တွေလည်း ပါတယ်။ ကာမကုသိုလ်ဆိုတာ လူ(ကိုယ်)အနစ်နာခံတဲ့လုပ်ငန်း၊ ရူပကုသိုလ်လည်း ပါတယ်။ ရူပကုသိုလ် ဆိုတာလည်း ကိုယ်အနစ် နာခံရတဲ့လုပ်ငန်း။ အရူပကုသိုလ်ဆိုတာလည်း ပါတယ်။ ဒီအရူပကုသိုလ်ဆိုတာဟာလည်း ကိုယ်အနစ်နာ ခံတာပဲလို့ ဒီလိုပြောရမယ်။ အဲဒီလိုပြောလို့ ကံတွေကို ကိုယ်အနစ်နာခံရတဲ့ ကံတွေကို ကုသိုလ်ကံလို့ ဒီလိုပြောရမယ်။ ဒီကုသိုလ်ကံတွေဟာ သုခတွေလား၊ ဒုက္ခတွေလား၊ (ဒုက္ခတွေပါဘုရား) ဒုက္ခပေါ့ "ဟူသော (ဝိမုတ္တိဒေသနာ၊ ၁၄) ဟောပြောချက်သည်-

" အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ " (အဘိ၊ ၄၊ ၁။ ၈၂)

" ကုသိုလ်ကောင်းမှုဆိုတဲ့ ရွှေအိုးဟာ ရန်သူတွေ မအောင်နိုင်တဲ့အတွက် တမလွန်ဘဝအထိ လိုက်ပါ

http://www.dhammadownload.com


လာတယ်။ စည်းစိမ်ဥစ္စာတွေကို ပယ်စွန့်ပြီး တမလွန် ဘဝပြောင်းသွားတာတောင် အဲဒီရွှေဖရုံကို ယူသွားလို့ ရပါတယ်။ ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်း၊ စကြာဝတေးမင်း၊ နတ်မင်းဆိုတဲ့ လူမင်း နတ်မင်းအဖြစ်ကို ဒီကုသိုလ် ရွှေအိုးကြောင့် ရနိုင်ပါတယ်။

ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိ ဉာဏ်ဆိုတဲ့ အကျိုးအားလုံးကို ဒီကုသိုလ်ရွှေအိုးကြောင့် ရနိုင်တယ် " (ခုဒ္ဒကပါဌ။၁၀။)

" က္ကမ မောဒတိ ပေစ္စ မောဒတိ၊ ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။ ( ခု၊ ၁။ ၁၅။)
" ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။ (ဓမ္မ။၃၀။) ဟူသော စကားတော်တို့နှင့် ဆန့်ကျင်ပါသည်။

## ပုတီးစိပ်လို့ ရတဲ့ ကုသိုလ်ဟာ ဒုက္ခဟုတ်/မဟုတ်

အရှင်ဉာဏ၏ - "ဘုရားထိုင် ပုတီးစိပ် စတဲ့ ကုသိုလ်အလုပ်တွေဟာ ကိုယ့်ကိုယ်ကို ချုပ်တည်း ထားရတဲ့အတွက် ဒုက္ခဖြစ်တယ် " ဟူသော ပြောပြောချက်သည် -

" ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနမနုတ္တရံ။
က္ကမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။ (အပ၊ ၁။ ၇၆။)

တိံသကပ္ပသဟဿာနိ၊ ဒေဝလောကေ ရမိဿသိ။
အသီတိက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇံ ကရိဿသိ။
သဟဿက္ခတ္တုံ စက္ကဝတ္တိ၊ ရာဇရဇ္ဇေ ဘဝိဿသိ။

ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောဿသိ တံ သဗ္ဗံ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။
ဘဝါဘဝေ သံသရန္တော၊ မဟာဘောဂံ လဘိဿတိ။
ဘောဂေ တေ ဦနတာ နတ္ထိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။ ( အပ၊ ၁။ ၇၆။)

-ဘုရားရှင်၏ဂုဏ်တော်ကို အထပ်ထပ် အခါခါ ပွားများသူသည်
- အရိယာတို့၏ သဒ္ဓါတရားနှင့် အလားတူစွာ ခိုင်မာသော သဒ္ဓါတရားရှိခြင်း၊
- သတိတရားကြီးမားခြင်း၊
- အလွန်နက်နဲသော ပညာတရားရှိခြင်း၊
- ကုသိုလ်တရား အစဉ်တိုးပွားခြင်း၊
- နှစ်သက်ဝမ်းမြောက်မှု ပီတိတရားများ အစဉ်တိုးပွားခြင်း၊
- ဘေးကြီး ဘေးငယ်တို့ကို နှိပ်နင်းနိုင်ခြင်း၊
- ဆင်းရဲဒုက္ခဟူသမျှကို ပပျောက်စေနိုင်ခြင်း၊
- ဘုရားရှင်နှင့်အတူတကွ နေထိုင်သည်ဟုမှတ်ထင်ခြင်း

http://www.dhammadownload.com


- ဘုရား၏ ဂုဏ်တော်များ ကိုယ်မှာတည်သဖြင့် စေတီတော်သဖွယ် အပူဇော်ခံထိုက်သူဖြစ်ခြင်း၊
- ဘုရား ဖြစ်လိုစိတ်များ ဖြစ်ပွားကာ ပါရမီကုသိုလ်တို့ကို အားထုတ်ခြင်း၊
- မိမိရှေ့တွင် ဘုရားရှင် သီတင်းသုံးနေသကဲ့သို့ ရှိ၍ တစုံတခု မကောင်းမှုပြုလုပ်ရန် ရှက်, ကြောက်ခြင်း၊
- ယခုဘဝ မဂ် ဖိုလ်ကို မရလျှင်လည်း ကောင်းရာသုဂတိဘဝသို့ ရောက်ရန်သေချာခြင်း "ဟူသော (ဝိသုဒ္ဓိ၊ ၁။ ၂၀၆။) စကားတော်တို့နှင့် ဆန့်ကျင်ပါသည်။

## ' တရားထိုင်ခြင်း အလုပ်သည် ဒုက္ခမဟုတ်၊ မဟုတ် '

မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်၌ -

" ရဟန်းတို့. တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်တရားလေးပါးကို ငါဘုရား ဟောသည့် နည်းအတိုင်း ခုနစ်နှစ်ပတ်လုံး ပွါးများသည်ရှိသော် ထိုပုဂ္ဂိုလ်သည် ယခုဘဝမှာပဲ အရဟတ္တဖိုလ်ကို ဖြစ်စေ၊ စွဲလမ်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကိုဖြစ်စေ မုချရမည်ဟု မျှော်လင့်အပ်၏။

ရဟန်းတို့ ခုနစ်နှစ်ကိုထားဦး တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်တရားလေးပါးကို ငါဘုရား ဟောသည့်နည်းအတိုင်း ခုနစ်ရက်မျှ ပွါးများသည်ရှိသော် ထိုပုဂ္ဂိုလ်သည် ယခုဘဝမှာပင်လျှင် အရဟတ္တဖိုလ်ကို ဖြစ်စေ့, စွဲလမ်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကိုဖြစ်စေ မုချရမည်ဟု မျှော်လင့်အပ်၏" ဟု ဟောထားပါသည်။ ( ဒီ၊ ၂။ ၂၅၁။ )

တစ်ဖန် ဤမဟာသတိပဋ္ဌာနသုတ်၌ပင် -

" ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ( ဒီ၊ ၂၊ ၂၃၁။ )

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ် ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွတ်မြောက် ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ ယင်းခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း" ဟု မိန့်ဆိုထားပါသည်။

သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာသတိပဋ္ဌာနသုတ်အဖွင့်၌လည်း -

" ဤသတိပဋ္ဌာန် လမ်းစဉ်ဖြင့်ပင် ဤကမ္ဘာမှ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း အလွန်ရှိသည်တို့၏ အထက်၌ တစ်ခုသောကမ္ဘာ၌ပင် ဖြစ်တော်မူကုန်သော တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ၊ ဒီပင်္ကရ အမည် ရှိကြကုန်သော ဘုရားရှင်တို့ကို အစပြု၍ သကျနွယ်ဖွားအကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားလျှင် အဆုံးရှိကုန်သော တစ်ဆူမက များကုန်သော ဘုရားရှင်တို့လည်းကောင်း၊ အရာမက များစွာကုန်သော ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့လည်းကောင်း၊ မရေမတွက်နိုင်ကုန်သော အရိယာသာဝကတို့လည်းကောင်း ဤသို့သော သတ္တဝါ အလုံးစုံတို့သည် စိတ်၏ အညစ်အကြေးကို ဆေးကြောမျှောကြကုန်၍ မြတ်သော နိဗ္ဗာန်သို့ ရောက်တော်မူကြကုန်ပြီ" ဟု မိန့်တော်မူထား ပြန်ပါသည်။ ( ဒီ၊ ဋ္ဌ၊ ၂။ ၃၃၈။)

အထက်ပါ ပါဠိတော်၊ အဋ္ဌကထာလာ စကားရပ်တို့ကို ကြည့်သောအားဖြင့် တရား အားထုတ်သော အလုပ်သည် ဒုက္ခလည်းမဟုတ်၊ ဒုက္ခဖြစ်ကြောင်းလည်း မဟုတ်သောကြောင့် "တရားထိုင် ။လ။ တဲ့ ကုသိုလ်အလုပ်တွေဟာ ကိုယ့်ကိုယ်ကို ချုပ်တည်းထားရတဲ့အတွက် ဒုက္ခဖြစ်တယ် " ဟူသော ဟောပြောချက်သည် - အဆိုပါ ပါဠိတော် အဋ္ဌကထာစကားတို့နှင့် ဆန့်ကျင်ပါသည်-ဟု စာဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com



## ဝိနည်းနိုင်ရိဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော ထို အမှတ်(၄)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြောရေးသားချက်များနှင့်ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော် ၊ အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒဖြစ်,မဖြစ် စိစစ်သုံးသပ်တော် မူကြမည်ဖြစ်ပါသည်။

အရှင်ဉာဏက"ကောင်းသည့်ကံပဲ လုပ်လုပ်၊ မကောင်းသည့်ကံပဲလုပ်လုပ် ဒုက္ခပဲ" ဟု ဟောပြောနေခြင်းသည်- (စောဒနာလွှာ။ စာ-၉) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် ညီညွတ်ခြင်း မရှိပါ။

ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋော၊ အန္တောဂဓာ တဿ ကုန္နဒိယော ယာကာစိ သမုဒ္ဒင်္ဂမာ။ ဧဝမေဝံ ဘိက္ခဝေ ယဿ ကဿစိ ကာယဂတာ သတိ ဘာဝိတာ ဗဟုလီကတာ၊ အန္တောဂဓာ တဿ ကုသလာ ဓမ္မာ ယေကေစိ ဝိဇ္ဇာဘာဂိယာတိ။

(အံ၊၁။၄၄။)

ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို မဟာသမုဒ္ဒရာကိုစိတ်ဖြင့် ပျံ့နှံ့အောင်ရှုနိုင်ငြားအံ့၊ သမုဒ္ဒရာသို့ သက်ဆင်းကုန်သော မြစ်ငယ်ဟူသမျှတို့သည် ထိုသူ၏ (စိတ်၌) အတွင်းဝင်ပြီ ဖြစ်ကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင်လျှင် မည်သည့်ပုဂ္ဂိုလ်မဆို ဆံစသော ရုပ်အပေါင်း၌ ဖြစ်သော ကာယဂတာသတိကိုပွားများနိုင်ငြားအံ့၊ အဖန်ဖန် အလေ့အလာ ပြုနိုင်ငြားအံ့။ ဝိဇ္ဇာအဖို့အစု၌ ဖြစ်ကုန်သော ကုသိုလ်တရားဟူသမျှတို့သည် ထိုသူ၏ (ဘာဝနာစိတ်၌) အတွင်းဝင်ပြီးဖြစ်ကုန်၏ဟု မိန့်တော်မူ၏။

ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော။ ဗုဒ္ဓါနုဿတိ။ အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ သံဝတ္တတီတိ။

(အံ၊၁။၃၂။)

ရဟန်းတို့ ပွားများအပ် အဖန်ဖန်အလေ့အလာပြုအပ်သော တစ်ခုသောတရားသည် စင်စစ်အားဖြင့် (ဝဋ်ဆင်းရဲ၌) ငြီးငွေ့ခြင်းငှာ ၊ တပ်မက်မှုကင်းခြင်းငှာ ရာဂစသည်တို့ ချုပ်ခြင်းငှာ ကိလေသာတို့ ငြိမ်းအေးခြင်းငှာ (လက္ခဏာယာဉ်သို့တင်၍) အထူးသိခြင်းငှာ (သစ္စာလေးပါးကို) ထိုးထွင်း၍သိခြင်းငှာ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှာဖြစ်၏။ တစ်ခုသော တရားဟူသည် အဘယ်နည်းဟူမူ မြတ်စွာဘုရား၏ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိ တရားတည်း။ ရဟန်းတို့ပွားများအပ် အဖန်ဖန်အလေ့အလာပြုအပ်သော ဤတစ်ခုသော (ဗုဒ္ဓါနုဿတိ)တရားသည် စင်စစ်အားဖြင့် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ တပ်မက်မှုကင်းခြင်းငှာ ရာဂစသည်တို့ ချုပ်ခြင်းငှာ ကိလေသာတို့ငြိမ်းအေးခြင်းငှာ (လက္ခဏာယာဉ်)သို့ တင်၍ အထူးသိခြင်းငှာ (သစ္စာလေးပါးကို) ထိုးထွင်း၍ သိခြင်းငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာဖြစ်၏ဟု (မိန့်တော်မူ၏) ပြဆိုအပ်ပြီးသော အင်္ဂုတ္တရ ပါဠိတော်၌ (ဘာဝိတော)ဟူသောပါဌ်ဖြင့် ပွားများအပ်၏။ (ပွားများရမည်)ဟု ပြတော်မူ၏။ (ဗဟုလီကတော) ဟူသောပါဌ်ဖြင့် အကြိမ်ကြိမ် အထပ်ထပ်ရှုမှတ်ပွားများရမည် ဟု ပြတော်မူ၏။ ထို့ကြောင့်-

http://www.dhammadownload.com



စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတန္တိ ဧတ္ထ သမထဝိပဿနာ ဝသေန ဘာဝိတဉ္စေဝ ပုနပ္ပုနကတဉ္စ စိတ္တံ အဓိပ္ပေတံ ။ (အံ၊ဋ၊၁၊၄၄-၅။)

ဆိုခဲ့ပြီးသော အင်္ဂုတ္တရပါဠိတော်၌၊ ဘာဝိတာ ဗဟုလီကတာကို ဘာဝိတာတိ ဝဍ္ဎိတာ ဗဟုလီကတာတိ ပုနပ္ပုနံ ကတာ ။ (အံ၊ဋ၊၃၊၉၅။)ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။

ထိုမှတစ်ပါး- အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ ---

ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒ္ဓယ မုတ္တမံ ။
ပဋိပတ္တိရသဿါဒံ၊ ပတ္ထယန္တေန သာသနေ။ (အဘိဓမ္မတ္ထသင်္ဂဟ။၆၈။)

သာသနာတော်၌ ဈာနသုခ ဖလသုခ စသည်အပြားရှိသော အမြိုက်နိဗ္ဗာန်ကို အလိုရှိသော အမျိုး ကောင်းသားသည်၊ သမထ ဝိပဿနာဟူသောနှစ်ပါးသော ဘာဝနာကို မချာ နေ့ညပွားများ အားထုတ်အပ်၏။ (ပွားများအားထုတ်ရမည်။)

ပဋိပတ္တိရသဿာဒန္တိ ဈာနသုခဖလသုခါဒိဘေဒံ သမထဝိပဿနာပဋိပတ္တိရသဿာဒံ။ (ဝိဘာဝနီဋီ။၂၇၇။)

ရှင်ဉာဏဦးဆောင်သော (မိုးပြာဂိုဏ်းသားတို့၏) "ကောင်းသည့်ကံပဲ လုပ်လုပ်၊ မကောင်းသည့် ကံပဲလုပ်လုပ် ဒုက္ခပဲ" ဟူသော ဟောပြောရေးသားချက်သည် ပြဆိုအပ်ပြီးသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော ဟောပြောရေးသားချက်သာ ဖြစ်ပေသည်။

အရှင်ဉာဏရေးသားထားသော ဝိမုတ္တိဒေသနာခေါ် လွတ်လပ်ရေးဒေသနာစာအုပ် စာမျက်နှာ(၁၂)၌-

"တကယ်တော့ ကံဆိုတဲ့ စကားကိုယ်တိုင်ကိုက အဆိုး။ မယုံကြည့် "သဗ္ဗေ သင်္ခါရာ ဒုက္ခာ မြတ်စွာဘုရားက ပြောတယ်။ ယဒါ ပညာယ ပဿတိ။ တကယ်တော့ သဗ္ဗေသင်္ခါရာ၊ အလုံးစုံသော ကံတရားတို့ဟာ ဒုက္ခတွေပဲလို့ ဒီလိုမျိုးပြောတယ် " ဟု ရေးသားထားပါသည်။ (စောဒနာလွှာ-၁၀)

ဤစောဒနာနှင့်ပတ်သက်၍ သင်္ခါရအပြားနှင့် ယှဉ်သင့်သော သင်္ခါရတို့ကို ဖော်ပြ၍ ရှင်းလင်း သုံးသပ်ရမည် ဖြစ်ပေသည်။

## သင်္ခါရအပြား

သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ၊ သင်္ခတတရားတို့ကို ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရမည်၏။ ထိုသင်္ခါရသည်

က။ ပဋိစ္စသမုပ္ပါဒ်နည်း၌ လာသော သင်္ခါရ၊

ခ။ သင်္ခါရ ယမိုက်ပါဠိတော်၌ လာသော သင်္ခါရ၊

ဂ။ သဗ္ဗေသင်္ခါရာ ဒုက္ခာ စသည်၌ လာသော သင်္ခါရဟူ၍ သုံးမျိုးရှိပေသည်။ ထိုတွင်

## က။ ပဋိစ္စသမုပ္ပါဒ်နည်း၌လာသော သင်္ခါရကား

၁။ ပုညာဘိသင်္ခါရ၊ ၂။ အပုညာဘိသင်္ခါရ၊ ၃။ အာနေဥ္စာဘိသင်္ခါရဟူ၍ သုံးပါးအပြားရှိ၏။

http://www.dhammadownload.com



၁။ ထိုတွင် ဒါန၊ သီလ၊ ဘာဝနာမယ၊ ကာယ၊ ဝစီ၊ မနောသင်္ခါရ ကာမာဝစရကုသိုလ်စေတနာ(၈)ခု၊ ရူပါဝစရ ကုသိုလ်စေတနာ(၅)ခု ပေါင်း (၁၃)ခုသည် ပုညာဘိသင်္ခါရ မည်၏။

၂။ ပါဏာတိပါတာဒိမယ ကာယ,ဝစီ,မနောသင်္ခါရ အကုသိုလ်စေတနာ (၁၂)ခုသည် အပုညာဘိသင်္ခါရ မည်၏။

၃။ ဘာဝနာမယမနောသင်္ခါရ အရူပကုသိုလ်စေတနာ (၄)ခုသည် အာနေဉ္ဇာဘိသင်္ခါရ မည်၏။

ဤသင်္ခါရတို့သည် လောကီကုသိုလ်ဟူသော စေတနာကို ကောက်ရမည်ဖြစ်၍ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟူသည်နှင့် အညီ (ကံ) ဖြစ်၏။

## အကျိုးသင်္ခါရ အကြောင်းသင်္ခါရ

ယင်းသင်္ခါရ(ကံ)သည် အကျိုးသင်္ခါရ အကြောင်းသင်္ခါရဟူ၍ နှစ်ပါးပြား၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ သင်္ခါရကား အကျိုးသင်္ခါရဖြစ်၏။ ယင်းကို **'သင်္ခရီယန္တီတိ သင်္ခါရာ'**ဟု ကမ္မသာနေဝိဂ္ဂဟ ပြုအပ်၏။

သင်္ခါရပစ္စယာ ဝိညာဏံ၌ သင်္ခါရကား အကြောင်းသင်္ခါရဖြစ်သည်။ ယင်းကို **'သင်္ခရောန္တီတိ သင်္ခါရာ'** ဟု ကတ္တုသာနေဝိဂ္ဂဟပြုအပ်၏။

ဤ(က)အမှတ်ပြ ပဋိစ္စသမုပ္ပါဒ်နည်း၌ လာသော သင်္ခါရသည် အကျိုးတလှည့်၊ အကြောင်းတစ်ခါဖြစ်၍၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၌ပါသော သင်္ခါရနှင့် သက်ဆိုင်မှု မရှိပေ။

## ခ။ သင်္ခါရ ယမိုက်ပါဠိတော်၌လာသော သင်္ခါရကား၊

၁။ ကာယသင်္ခါရ၊ ၂။ ဝစီသင်္ခါရ၊ ၃။ စိတ္တသင်္ခါရဟူ၍ သုံးပါး အပြားရှိ၏။

၁။ ထိုတွင် "အဿာသပဿာသာ ကာယသင်္ခါရော"ဟူသော ပါဠိတော်အရ အဿာသပဿာသသည် ကာယသင်္ခါရမည်၏။

၂။ "ဝိတက္ကဝိစာရာ ဝစီသင်္ခါရော"ဟူသော ပါဠိတော်အရ ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရမည်၏။

၃။ "ဝေဒနာ စ သညာ စ စိတ္တသင်္ခါရော၊ ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော" ဟူသော ပါဠိတော်အရ ဝိတက် ဝိစာရတို့ကိုထား၍ ကြွင်းသော စေတသိက်တို့သည် စိတ္တသင်္ခါရ မည်၏။ (ယမက၊၂။၁။)

ဤသင်္ခါရ သုံးပါးသည်လည်း (ကံ)နှင့် သက်ဆိုင်မှုမရှိပေ။ ထို့ကြောင့် သဗ္ဗေ သင်္ခါရာ ဒုက္ခာ၌ ပါရှိသော သင်္ခါရနှင့်လည်း သက်ဆိုင်မှု မရှိသည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com



## ၈။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ–စသည်၌ သင်္ခါရ– အရ

၁။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၌ သင်္ခါရအရကို ကာမဘဝစသည်တို့၌ ဖြစ်ကုန်သော ဥပါဒါနက္ခန္ဓာငါးပါးတို့သည် သင်္ခါရမည်ကုန်၏ဟု ဓမ္မပဒအဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည့်အတိုင်း ယူရမည်။

သဗ္ဗေ သင်္ခါရာတိ ကာမဘဝါဒီသု ဥပ္ပန္နာ ခန္ဓာ။ (ဓမ္မ၊၄၊၂။၂၅၅)

၂။ အနိစ္စာ ဝတ သင်္ခါရာ၌ သင်္ခါရ-အရကို သံယုတ်အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း အလုံးစုံသော တေဘူမကသင်္ခါရတို့ကို ယူရမည်။

အနိစ္စာ ဝတ သင်္ခါရာတိ သဗ္ဗေ တေဘူမကသင်္ခါရာ။ (သံ၊၄၊၁။၂၉။)

ဤသို့ ပြဆိုအပ်ပြီးသော အဋ္ဌကထာများအရ သင်္ခါရအရ (ကံ)ကို ယူရမည်-ဟူ၍ ဖွင့်တော်မမူကြသောကြောင့် (စောဒနာလွှာ-နှာ-၁၀)ပါ "တကယ်တော့ သဗ္ဗေသင်္ခါရာ၊ အလုံးစုံသော ကံတရားတို့ဟာ ဒုက္ခတွေပဲလို့ အဲဒီလို ပြောထယ်။" ဟူသော မိုးပြာကိုဏ်းအရှင်ဉာဏ၏ ဟောပြောရေးသားချက်သည် အဆိုပါ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါသည်။

### ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၄)စောဒနာလွှာပါ " ကံတရားဟာ ဒုက္ခပဲ " စသော ဟောပြောရေးသားချက်နှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော အရှင်ဉာဏ၏ ဟောပြောရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

http://www.dhammadownload.com



## အမှတ်(၅)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဝိမုတ္တိဒေသနာ၊ စာ- ၃၇၊ ၃၈တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

" ကာမကုသိုလ်တွေ ရူပကုသိုလ်တွေ မလုပ်ရဘူးဆိုတော့ သူများကို မပေးရ မကမ်းရတော့ ဘူးလား၊ မကူရ မညီရတော့ဘူးလား၊ မစောင့်ရ မရှောက်ရတော့ဘူးလား။ ကူရ ညီရမှာပေါ့။ စောင့်ရ ရှောက်ရမှာပေါ့။ ကိုယ့်စိတ် ကလေးနဲ့ကိုယ် လုပ်စမ်းပါ။ **ကိုယ်စိတ်ကလေးနဲ့ ကိုယ်လုပ်စမ်းပါ ဆိုတာက လွတ်လွတ် စိတ်လေးနဲ့ လုပ်စမ်းပါ။** ဘာပြုလို့ ကူညီတာလဲ။ ကူညီထိုက်တဲ့ အကြောင်း အရာကို ပြောပြစမ်းပါ။ ဘာပြုလို့ စောင်မတာလဲ။ စောင်မထိုက်နေတဲ့ အကြောင်းအရာကို ပြောပြစမ်းပါ။

မပြောပြတတ်ဘဲနဲ့ စောင်မချင်လို့ကို စောင်မတာ၊ ကူညီချင်လို့ကို ကူညီတာဆိုယင်တော့ ကိလေသာနဲ့ လုပ်တာ လို့ ဒီလိုပြောရမှာပေါ့နော်။ ကိလေသာနဲ့ လုပ်လိုက်တာက ကံ။' ( ဝိမုတ္တိဒေသနာ၊ စာ- ၃၇ )

" ကူညီတာတို့၊ စောင့်ရှောက်တာတို့၊ ပေးကမ်းတာတို့ ဆိုတဲ့ဟာတွေက ပြောမယ်ဆိုလို့ရှိယင် ဒါက ကံမမြောက်ဘူး။ ဘာကံမှ မမြောက်ဘူး။ " ဟူသော ( ဝိမုတ္တိဒေသနာ၊ စာ- ၃၈) ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏသည် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ကိုင်ထား၏။ တစ်ဖက်က ကူညီတာ၊ စောင်မတာဟာ ကံမြောက်တယ်။ တစ်ဖက်က ကူညီတာ၊ စောင့်ရှောက်တာ၊ ပေးကမ်းတာ ကံမမြောက်ဘူးဟု ဆိုထား၏။ အရှင်ဉာဏ ဆိုလိုသည်က "ကူညီစောင့်ရှောက် ပေးကမ်း၍ ကံမြောက်လျှင် ထိုကုသိုလ်ကံသည် သံသရာ လည်တတ်၍ အပြစ်ရှိသည် "ဟု ဆိုလို၏။

အရှင်ဉာဏက -

" ကာမ၊ ရူပ ၊ အရူပ ကုသိုလ်တွေကကော သံသရာ မဖြစ်ဘူးလား။(ဖြစ်ပါတယ်)။

ဖြစ်တယ် ဆိုတော့ သူကော အပြစ် မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ အတူတူပဲနော်။

အဲဒီလိုဆိုတော့ ဒီအကုသိုလ်တွေ မလုပ်ရဘူး။ ကာမကုသိုလ်တွေ မလုပ်ရဘူး။ ရူပကုသိုလ်တွေ မလုပ်ရဘူး။" ဟု ဆိုထား၏။ (ဝိမုတ္တိဒေသနာ၊ စာ- ၃၇) ထို့ကြောင့် အရှင်ဉာဏသည် ကူညီ စောင့်ရှောက် ပေးကမ်းမှုကို ကံမမြောက်ဟု ဆိုထားခြင်းဖြစ်ပါကြောင်း။

## ကူညီစောင့်ရှောက် ပေးကမ်းမှုတို့သည် ကံမြောက်/မမြောက်

ကိုယ်နှင့် ပြုလုပ်သည့်အလုပ်၊ နှုတ်နှင့်ပြောဆိုသည့်အလုပ်၊ စိတ်နှင့်ကြံသည့်အလုပ် ဟူသော ကံတရားများသည် လှုံ့ဆော်သည့် အကြောင်းတရားမရှိဘဲ အလိုလိုဖြစ်ပေါ်လာသည် မဟုတ်ပေ။ စေတနာ စေတသိက်၏ လှုံ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ်၏။

http://www.dhammadownload.com


မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ -
ကမ္မမ္ပိ ဟိ ဘဂဝါ ကမ္မန္တိ ပညပေတိ ယထာ ဣမသ္မိံယေဝ **သုတ္တေ စေတနမ္ပိ**။ (မဋ္ဌ၊၃။၃၈။)
မြတ်စွာဘုရားသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒု**စရိုက် ဟူ**သောကံကိုလည်း ကံဟု ပညတ်တော်မူ၏။ စေတနာကိုလည်း ကံဟူ၍ ပညတ်တော်မူ၏"ဟု မိန့်တော်မူသောကြောင့် လည်းကောင်း၊

စေတနာမူလကတ္တာ ကမ္မဿ။ ( မ၊ ဋ၊ ၃။ ၃၈။)
ကာယကံ ဝစီကံ မနောကံ၏ စေတနာလျှင် အကြောင်းအရင်းရှိသည်၏ အဖြစ်ကြောင့် ကံဟူ၍ ဟောတော်မူအပ်၏။"ဟု ဆိုထားသောကြောင့်လည်းကောင်း။
အင်္ဂုတ္တရပါဠိတော်၌ -
စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။ စေတယိတွာ ကမ္မံ ကရောတိ။ (အံ၊၂။၃၆၃။)
ချစ်သားရဟန်းတို့ စေတနာကို ကံဟူ၍ ငါဘုရား ဟောတော်မူ၏။ စေတနာက စေ့ဆော်တိုက်တွန်းသောကြောင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြု၏-ဟု ဟောတော်မူထားသောကြောင့်လည်းကောင်း၊

အင်္ဂုတ္တရနိကာယ်၌ -
" ရဟန်းတို့ စေ့ဆော်မှု စေတနာနှင့်တကွ ပြုလုပ်ဆည်းပူးအပ်သော ကံတို့၏ အကျိုးသည် မခံစားရဘဲ ကင်းပျောက်သွားလိမ့်မည်ဟု ငါမဆို။ ထိုကံ၏အကျိုးကို မျက်မှောက်ဘဝ၌ဖြစ်စေ၊ အခြားမဲ့ ဘဝ၌ဖြစ်စေ၊ တတိယ ဘဝစသော ဘဝအဆက်ဆက်၌ဖြစ်စေ ခံစားရ၏။ ရဟန်းတို့ စေ့ဆော်မှု စေတနာနှင့် တကွ ပြုလုပ်ဆည်းပူးအပ်သော ကံတို့၏ အကျိုးကို မခံစားရဘဲ ဒုက္ခကုန်ဆုံးသွားလိမ့်မည်ဟု ငါမဆို။ " ဟု မိန့်တော်မူထားသောကြောင့်လည်းကောင်း၊ (အံ၊၃။၄၉၇။)

အဋ္ဌသာလိနီ အဋ္ဌကထာ၌ -
" ဧဝမေဝ ဣမသ္မိံ ကမ္မဿကတဉာဏေ ဌတွာ ဣမေ သတ္တာ ဗဟုံ ဝဋ္ဋဂါမိကမ္မံ အာယူဟိတွာ သုခေန သုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ ဂဏနပထံ ဝီတိဝတ္တာ။
" ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏ "ဟု နားလည်ကာ ကံ၊ ကံ၏အကျိုးကို ယုံကြည်သူ (ကမ္မဿကတာ သမ္မာဒိဋ္ဌိရှိသူ)သည် ဝဋ်ကို လည်စေတတ်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံများစွာ အားထုတ်၍ ဘဝကောင်းနှင့် ပြည့်စုံခြင်း၊ စည်းစိမ်ဥစ္စာပေါများခြင်း ဟူသော ချမ်းသာသုခကို တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက် မြင့်မြင့် ခံစားကာ ရဟန္တာ ဖြစ်သွားကြသော ပုဂ္ဂိုလ်များ ရေတွက်၍ မရအောင်ပင် များပြားလှကြောင်း" ဖွင့်ဆို ထားသောကြောင့် လည်းကောင်း၊ (အဘိ၊ ဋ၊ ၁။ ၄၃၄။)

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌လည်း - (အဘိ၊ ဋ၊၂။ ၃၉၇။)
" ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝသော ယောကျ်ားသည် လှည်းပေါင်းငါးရာတို့၌ ထောပတ် ပျားရည် တင်လဲ ဆား နှမ်း ဆန်စသော ရိက္ခာများကို တင်၍ ကန္တာရ ခရီးခဲကို သွားသည် ရှိသော် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြစ်ပေါ်လာပါက အသုံးအဆောင်အားလုံး ယူခဲ့ပြီး ဖြစ်သောကြောင့် တောင်တောင် ဤဤ ကြံစည်ထိတ်လန့်မှုမရှိဘဲ ချမ်းချမ်းသာသာ ဘေးမရှိရာ

http://www.dhammadownload.com



အရပ်သို့ ရောက်နိုင်သကဲ့သို့ ဤအတူ (ဒုစရိုက် ဆယ်ပါးသည် ကိုယ်ပိုင်ဥစ္စာ မဟုတ်၊ သုစရိုက်ဆယ်ပါးသည် ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟု သိစွမ်းနိုင်သော) ကမ္မဿကတ ဉာဏ်၌ တည်လျက်များစွာသော အလှူကိုပေးလှူ သီလကိုဖြည့်ကျင့်, ဥပုသ်ကို ဆောက်တည်၍ ချမ်းသာအဆင့်ဆင့် စည်းစိမ်အဆင့်ဆင့် ခံစားပြီးလျှင် နိဗ္ဗာန်သို့ ရောက်ကုန်သော သူတော်ကောင်းတို့၏ အရေအတွက်ကား အပိုင်းအခြား မရှိနိုင်၊ ဂဏန်းမပြနိုင် " ဟု ဖွင့်ဆိုထားသောကြောင့်လည်းကောင်း၊

စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှုနှုတ်မှု စိတ်မှုတို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာကျသော အကြောင်း တရားဖြစ်သည်။ မည်သည့် အလုပ်ကိစ္စမဆို စေတနာမပါလျှင် မထမြောက် မအောင်မြင်နိုင်။ စေတနာပါရှိမှသာ ထမြောက် အောင်မြင်နိုင်သည်။ ထိုကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ဟူသော ကံတရားမှန်သမျှ စေတနာရှိမှ ဖြစ်ပေါ်လာ၏။

အမှန်အားဖြင့် ကံဆိုသည်မှာ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုပင် ခေါ်ခြင်းဖြစ်၏။ သို့သော်လည်း ထိုကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများသည် စေတနာကြောင့်သာ ထမြောက် အောင်မြင်ကြသောကြောင့် အကျိုးတရားများဖြစ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၏ ကံဟူသော နာမည်ကို အကြောင်းရင်း စေတနာ ပေါ်တင်စား၍ ဖလူပစာရနည်းအားဖြင့် အကြောင်းရင်းစေတနာကိုပင် ကံတရားဟု ခေါ်ရသည်။

စေတနာပါလျှင် ကမ္မပထမြောက်ပါသည်။ ကမ္မပထမြောက်လျှင် ထိုကံ၏ အကျိုးဆက်ကြောင့် ယခုဘဝ နိဗ္ဗာန်ရလျှင် ရ၊ ပါရမီကုသိုလ် မျိုးစေ့အားနည်း၍ နိဗ္ဗာန် မရသေးလျှင် သံသရာတစ်ခွင် ကျင်လည်နေရဦးမည်သာ ဖြစ်ပါသည်။

ကူညီမှု၊ စောင့်ရှောက်မှု၊ ပေးကမ်းမှုပြုရာ၌ -

ပရေသံ ပူဇာနုဂ္ဂဟကာမတာယ အတ္တနော ဝိဇ္ဇမာနဝတ္ထု ပရိစ္စဇနဝသပ္ပဝတ္တာ-စေတနာ ဒါနံ နာမ။ (အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ။၁၇၆။)

သူတစ်ပါးတို့ကို ပူဇော်လို၊ ချီးမြှောက်လိုသောကြောင့် မိမိမှာ ထင်ရှားရှိသောဝတ္ထုကို စွန့်လှူခြင်း၏ အစွမ်းဖြင့် ဖြစ်သော စေတနာမျိုးကို ဒါနဟု ဆိုရ၏,ဟူသော ဋီကာစကားနှင့် ညီညွတ်သောကြောင့် ကူညီမှု၊ စောင့်ရှောက်မှု၊ ပေးကမ်းမှုပြုခြင်းသည် ဒါနလည်းဖြစ်သည်၊ ကံလည်းမြောက်ပါသည်။

သို့ဖြစ်ပါ၍ အမှတ်(၅)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြော ရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော် ၊ အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

ဤအမှတ်(၅)စောဒနာလွှာပါ စောဒကတို့ တင်ပြသော မိုးပြာအရှင်ဉာဏ ဟောပြော ရေးသားသော စကားရပ်၌ဆိုလိုရင်း စကား သုံးချက်ကို တွေ့ရသည်။ အစဉ်အတိုင်း သုံးသပ်ပေအံ့။

http://www.dhammadownload.com



၁။ "ကိလေသာဖြင့် ပေးကမ်းစွန့်ကြဲမှု လုပ်ခြင်းသည် (ကံ)မမြောက်ဘူး။
ကံမမြောက်သည့်အတွက် ပေးကမ်းစွန့်ကြဲမှု မလုပ်ရ"

## ကိလေသာဖြင့် ပေးကမ်းစွန့်ကြဲမှု

ပိဋကချိန်ခွင်ဖြင့် တင်ကြည့်သည့်အခါ အောက်ပါ ပါဠိတော်ကို တွေ့ရှိရပေသည်။

ရာဂံ ဉပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ (ပ) ဉပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန၊ ၁။ ၄၉။)

ဤပါဠိတော်၏ အဓိပ္ပါယ်ကား- ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို အကြောင်းပြု၍ အလှူကို ပေးလှူ၏။ သီလကို ဆောက်တည်၏။ ဥပုသ်သုံးခြင်းကို ပြု၏။ (ပ) ထိုကာမကုသိုလ်သည် အကျိုးပေးသည့်အခါ ဉပနိဿယသတ္တိဖြင့် ကျေးဇူးပြု၍ အကျိုးပေး၏ဟု ဖြစ်ပါသည်။

ဤပါဠိတော်အရ (ရာဂ=ကိလေသာ)ဖြင့် ပေးကမ်းစွန့်ကြဲခြင်းသည် ဒါန(ကံ)မြောက်၍ အကျိုးပေးသည်ကို တွေ့ရသောကြောင့်၊ စောဒကဆရာတော်များ တင်ပြထားသည့် "ကိလေသာဖြင့် ပေးကမ်း စွန့်ကြဲမှု လုပ်ခြင်းသည် (ကံ)မမြောက်ဘူး။" ဟူသော အဓိပ္ပါယ် သက်ရောက်သည့် (ဝိမုတ္တိဒေသနာ)ပါ စကားရပ်များသည် အထက်ဖော်ပြပါ ပဋ္ဌာန်းပါဠိတော်နှင့် မညီညွတ်ပဲ ဖြောင့်ဖြောင့်ဆန့်ကျင်သော စကားရပ်များ ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ၂။ ကုသိုလ်လဲ အကုသိုလ်လိုပဲ အပြစ်ရှိသတဲ့

" ကာမ၊ ရူပ ၊ အရူပ ကုသိုလ်တွေကကော သံသရာ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်)။
ဖြစ်တယ်ဆိုတော့ သူကော အပြစ်မရှိဘူးလား၊(ရှိပါတယ်ဘုရား)။ အတူတူပဲနော်။
အဲဒီလိုဆိုတော့ ဒီအကုသိုလ်တွေ မလုပ်ရဘူး။ ကာမကုသိုလ်တွေ မလုပ်ရဘူး။
ရူပကုသိုလ်တွေ မလုပ်ရဘူး။ " (ဝိမုတ္တိဒေသနာ၊ စာ- ၃၇) (စောဒနာလွှာ၊စာ-၁၄)

ဤတင်ပြချက်ကို ကောက်ချက်ချခဲ့သော်၊ အကုသိုလ်လည်း မလုပ်ရ၊ ကာမကုသိုလ် ရူပကုသိုလ်ကိုလည်း မလုပ်ရ (တစ်နည်း) ကာမ၊ရူပ၊ အရူပကုသိုလ်တွေက သံသရာဖြစ်လို့ အပြစ်ရှိတယ်၊ အပြစ်ရှိလို့ အကုသိုလ်နှင့် တူတယ်၊ မလုပ်ရဟု ဆိုရင်းဖြစ်သည်ကိုတွေ့ရှိရသည်။

## "ကုသိုလ် အကုသိုလ်တို့၏ သဘာဝ"

ထိုတွေ့ရှိချက်အရ ကုသိုလ်၊ အကုသိုလ်တို့၏ သဘောကို ထုတ်ဖော်၍ ရှင်းပြရန် လိုအပ်သောကြောင့် ရှင်းပြပါအံ့။

ကုသလသဒ္ဒကို အဋ္ဌသာလိနီအဋ္ဌကထာ၌ ----

ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။ (အဘိ၊ဋ္ဌ၊၁။၈၁။)
ဟူ၍ ဖွင့်ပြတော်မူသည်။

**အဓိပ္ပါယ်ကား။** ပညာရှိတို့ စက်ဆုပ်အပ်၊ ကဲ့ရဲ့အပ်ကုန်သော၊ ယုတ်မာကုန်သော အကုသိုလ်

http://www.dhammadownload.com



(ကိလေသာ) တရားတို့ကို၊ တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေတတ်၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာ တုန်လှုပ်စေတတ်၊ သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးတတ်သော တရားတို့သည် ကုသိုလ် မည်ကုန်၏ ဟူ၍ဖြစ်သည်။ ဆိုခဲ့ပြီးသော အဋ္ဌကထာပါဠိတို့တွင်-

သလယန္တိ-စလယန္တိ-ဟူသောပါဠိဖြင့် ကာမကုသိုလ်ကို ပြ၏။

သလယန္တိ ကမ္ပေန္တိ-ဟူသော ပါဠိဖြင့် မဟဂ္ဂုတ်ကုသိုလ်ကို ပြ၏။

သလယန္တိ ဝိဒ္ဓံသေန္တိ-ဟူသော ပါဠိဖြင့် လောကုတ္တရာ(မဂ်)ကုသိုလ်ကို ပြ၏။

ဤသို့လျှင် ကိလေသာပယ်စဉ် ပဟာန်အားဖြင့်- ကာမကုသိုလ်သည် တဒင်္ဂပဟာန်ဖြင့် (ကိလေသာ)ကို ပယ်သည်။

ရူပကုသိုလ် အရူပကုသိုလ်ဟူသော (မဟဂ္ဂုတ်ကုသိုလ်)သည် ဝိက္ခမ္ဘနပဟာန်ဖြင့် (ကိလေသာ)ကို ပယ်သည်။

လောကုတ္တရာ(မဂ်)ကုသိုလ်သည် သမုစ္ဆေဒပဟာန်ဖြင့် (ကိလေသာ)ကိုပယ်သည်။

ဤသို့အားဖြင့် ကိလေသာကိုပယ်သတ်ရာ၌ အဆင့်ဆင့်ပယ်သတ်ပြီးမှ နိဗ္ဗာန်သို့ ရောက်မည် ဖြစ်သောကြောင့် ကုသိုလ်မှန်သမျှ မပြုအပ်သော ကုသိုလ် မရှိ၊ ပြုရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် အရှင်ဉာဏ၏ (ဝိမုတ္တိဒေသနာ စာ-၃၇ ပါ) ကာမကုသိုလ်တွေ မလုပ်ရဘူး၊ ရူပကုသိုလ်တွေ မလုပ်ရဘူးစသော စကားများသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်၊ အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော စကားများ ဖြစ်ကုန်၏ဟု သုံးသပ်တော်မူကြသည်။

## " အကုသိုလ်၏သဘော "

အဆွေခင်ပွန်း၏ ဆန့်ကျင်ဘက်ဖြစ်သော သူတို့သည် ရန်သူမည်ကုန်သကဲ့သို့လည်းကောင်း၊ လောဘ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည် အလောဘအစရှိသည် မည်ကုန်သကဲ့သို့ လည်းကောင်း၊ ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည် အကုသိုလ်မည်ကုန်၏။ ထို့ကြောင့် -

န ကုသလာ အကုသလာ၊ မိတ္တပဋိပက္ခာ အမိတ္တာ ဝိယ၊ လောဘာဒိပဋိပက္ခာ အလောဘာဒယောပိ စ ကုသလပဋိပက္ခာတိ အတ္ထော။ (အဘိ၊ဋ္ဌ၊၁။၈၁။)

ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူပါသည်။

ဤသို့ အဋ္ဌကထာ ဆရာမိန့်ဆိုချက်အရ ကုသိုလ်နှင့် အကုသိုလ်သည် အတူတူ မဟုတ်ပေ။

ထို့ကြောင့် "သူကောအပြစ်မရှိဘူးလား။(ရှိပါတယ်ဘုရား)အတူတူပဲနော်"ဟု ကုသိုလ်နှင့်အကုသိုလ် တူသယောင်ယောင် ပြဆိုထားသော ဝိမုတ္တိဒေသနာပါ စကားများသည် မဟုတ်မဟတ် ဝေ့လည် ချောင်ပတ် ဆိုထားခြင်းသာ ဖြစ်သောကြောင့် ယင်းဟောပြော ရေးသားမှုသည် ပိဋကတ်စာပေများနှင့် ဆန့်ကျင်သော ဟောပြောရေးသားမှု ဖြစ်သည်ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော် မူကြသည်။

၃။ ကူညီစောင့်ရှောက်ပေးကမ်းတာ ကံ မြောက်/မမြောက်

http://www.dhammadownload.com


ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံဂိုဏ်းက "ကူညီတာတို့ စောင့်ရှောက်တာတို့ ပေးကမ်းတာတို့ ဆိုတဲ့ ဟာတွေက ပြောမယ်ဆိုလို့ရှိရင် ဒါက ကံမမြောက်ဘူး။ ဘာကံမှမမြောက်ဘူး"ဟူ၍ ပြောဆိုရေးသားမှုနှင့် ပတ်သက်၍ အပေးအယူမြောက်က (ကံ)မြောက်သည်ကို တစ်ဖန်ထပ်၍ ပြဆိုပါဦးအံ့။

ဝိနည်းဒေသနာတော်အလိုအားဖြင့် ပေးလှူအံ့ ပြုအံ့ဟု နှုတ်မြွက်ပြောဆိုခြင်းဖြင့် အလှူဒါနမြောက်၏။ အဘိဓမ္မာဒေသနာတော်အလိုအားဖြင့် ထင်ရှားရှိသော ဝတ္ထုကို အာရုံပြု၍ ပေးလှူအံ့ဟု စိတ်ဖြင့်ကြံစည်သော အခါမှ စ၍ ဒါနမြောက်၏။ ထို့ကြောင့် -

ဝိနယပရိယာယံ ပတ္တာ ဟိ "ဒဿာမိ ကရိဿာမီတိ ဝါစာ ဘိန္နာ ဟောတီ"တိ ဣမိနာ လက္ခဏေန ဒါနံ နာမ ဟောတိ။ အဘိဓမ္မပရိယာယံ ပတ္တာ ပန ဝိဇ္ဇမာနဝတ္ထုံ အာရဗ္ဘ "ဒဿာမီ"တိ စိန္တိတကာလတော ပဋ္ဌာယ ကုသလံ ဟောတိ။ (အဘိ၊ဋ္ဌ၊၁။၁၁၉။) ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူပါသည်။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ပါဠိ၊ အဋ္ဌကထာများအရ အလှူ (ကံ) မမြောက်သော ပေးကမ်းမှုဟူ၍ မတွေ့ရှိပဲ စိတ်ဖြင့်ကြံစည်ရုံမျှဖြင့်ပင်လျှင် အလှူ(ကံ)မြောက်သည်ကိုသာ တွေ့ရှိရသောကြောင့် "ကူညီတာတို့ စောင့်ရှောက်တာတို့ ပေးကမ်းတာတို့ ဆိုတဲ့ ဟာတွေက ပြောမယ်ဆိုလို့ရှိရင် ဒါက ကံမမြောက်ဘူး။ ဘာကံမှ မမြောက်ဘူး"ဟူ၍ ဟောပြောရေးသားမှုသည် ပိဋကတ်စာပေများနှင့် ဆန့်ကျင်သော ဟောပြောရေးသားမှု ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ပေါင်းရုံးသုံးသပ်ချက်

ဤသို့ ပြဆိုအပ်ပြီးသော သုံးသပ်ချက်များအရ အမှတ်(၅) စောဒနာလွှာ၌ စောဒကဆရာတော်များ တင်ပြထားသည့် ဝိမုတ္တိဒေသနာပါ-မိုးပြာဂိုဏ်းအရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် အဆိုပါ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ဓမ္မ၏ ဆန့်ကျင်ဘက်၊ အဓမ္မဝါဒများသာ ဖြစ်ကြောင်း နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များက ရှုမြင်သုံးသပ်ကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့၏ အမှတ်(၅)စောဒနာလွှာပါ "ကူညီတာတို့ စောင့်ရှောက်တာတို့ ပေးကမ်းတာတို့ ဆိုတဲ့ ဟာတွေက ပြောမယ်ဆိုလို့ရှိရင် ဒါက ကံမမြောက်ဘူး။ ဘာကံမှမမြောက်ဘူး" စသော ဟောပြောရေးသားချက်နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၆)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဝိမုတ္တိဒေသနာ၊ စာ- ၃၉၊ ၄၀၊ ၄၁-၌ အရှင်ဉာဏ ဟောပြောရေးသားသော-

" ကံတွေ အပြစ်ဖြစ်တယ်၊ ကံတွေအပြစ်ဖြစ်တယ်၊ ကံတွေအပြစ်ဖြစ်တော့ ခင်ဗျားတို့က မလွတ်လပ်တော့ ဘူး။ တကယ်လို့များ ခင်ဗျားတို့က လူတစ်ယောက်ယောက်ကို ကြင်နာသနားပြီး ပေးကမ်းကြည့်။ ဘာမှ မဟုတ်ဘဲနဲ့ ပေးကမ်းကြည့်။ ပေးကမ်းကြည့်တော့ ဘာဖြစ်တုန်းဆို နောက်လည်း ပေးကမ်းချင်မှာပဲ။ နောက်ပေးကမ်းချင်တော့လည်း ထပ်ပေးကမ်းမှာပဲ။ ပေးကမ်းတော့လည်းပဲ နောက်တခါ ဒီ့ထက်ပိုပြီး ပေးကမ်းချင်မှာပဲ။

ကျုပ်တို့ဓမ္မဆရာကြီး ဦးရန်အောင်ဗျာ။ သူငယ်ငယ်တုန်းက သီလရှင်တွေကို ဆန်လောင်းခဲ့တယ်။ ဆန်စိမ်းလောင်းတယ်။ ဆန်လေးလောင်းတော့ သူ့အမေက လက်ကလေးကိုကိုင်ပြီးတော့ သီလရှင်လောင်းမယ့် ဆန်ခွန်း ကလေးကို ကိုင်ပြီး ဒီလို လောင်းတာပေါ့နော်။ အဲဒီတော့ သူကနေပြီးတော့ အောင်မယ် . . သီလရှင်လာယင် ဒီလိုပဲလောင်းတယ် ဖြစ်နေပြီပေါ့နော်။ သီလရှင်လာရင် သူပဲ ဆန်လှူမယ်ဆိုတာ ဖြစ်နေတော့ ဒါနဲ့သူကတော့ကြီးလာပြီးတော့ တက္ကသိုလ်ကျောင်းသားတွေ ဘာတွေဖြစ်။ ကျောင်းဆရာတွေ ဘာတွေဖြစ်သွားပြီပေါ့။ နောက်ကြတော့ အိမ်ထောင်ကျပြီးတော့ သားလေး၂-ယောက်လည်း မွေးလာ။ အံမယ် . . သူ့သားလေးတွေကို သူငယ်ငယ်တုန်းလိုပဲ ဆန်လောင်းစေချင်တယ်တဲ့ဗျာ -ကဲ . . .။

သူတို့ရပ်ကွက်မှာ သီလရှင်မရှိဘူး။ သာကေတမှာ တချိန်တုန်းကပေါ့နော်။ ခုတော့ ပေါပါတယ်နဲ့ တူပါတယ်ဗျာ။ သီလရှင်မရှိတော့ ဘယ်မှာသွားရှိတုန်းဆို အလုံမှာမှ သီလရှင်ရှိတာ။ အလုံမှာမှ သီလရှင်ရှိတော့ အလုံသီလရှင်တွေကို သွားပြီးဖိတ်။ ကြည့်စမ်းဗျာ။ ဝဋ်များ ဘယ်လောက်များ လိုက်, လိုက်သလဲဆိုတာနော်။ ငယ်ငယ်တုန်းက သူဆန်လောင်းခဲ့တာလေးမှိုပြီး သကာလ ကိုယ့်ကလေးတွေ ပေါ်လာတော့ ကိုယ့်ကလေးတွေကိုလည်း ကိုယ့်တုန်းက လိုပဲ လောင်းစေချင်တယ်ပေါ့ဗျာ။

သီလရှင်မရှိတော့ အလုံသွားဖိတ်။ 'အမယ်လေး. . ဆရာလေးတို့က ဝေးလွန်းတယ်၊ မလာနိုင်ဘူး'လို့ သီလရှင်တွေက ပြောလိုက်တော့ ကျွန်တော်ကားငှါးပေးပါ့မယ်ဆိုပြီး သူက ကားငှါးပေးတယ်။ အခုခေတ်တာဆို ကားခက (၃၀၀၀ိ/)လောက် ပေးရမှာဗျနော်။ အလုံကဆိုတော့ သုံးထောင်တောင် ကမှာ မဟုတ်ပါဘူး။ ကားကြီး နေမှာကိုး။ ဟုတ်လား။ အဲဒီ ကားငှါးပေးပြီးတော့ အိမ်ရောက်လို့ရှိယင် ဖျော်ရည်တွေဘာတွေနဲ့ ဧည့်ခံသေးတယ်။ သီလရှင်တွေကို ဧည့်ခံပြီးတော့ သီလရှင်တွေကို အရပ်ထဲကို ဆွမ်းဆန်ခံလိုက်ပို့ရသေးတယ်။ နောက်ပြီး သီလရှင်တွေကို ကိုယ့်အိမ်က နေပြီး ဆွမ်းဆန်၊ နို့ဆီဘူး တစ်လုံးနှစ်လုံး စသည် သီလရှင်တပါးစီကို ပိုပိုမိုမို လောင်းလိုက်ရမှာ ပေါ့နော။ ဆိုလိုတာကတော့ ဝဋ်လိုက်တာ အကြောင်း ပြောတာနော်။

ဝဋ်ဆိုတာက ကျုပ်တို့ပေးတာက ကောင်းမှုပဲ။ ပေးတာဟာ ကုသိုလ်ကောင်းမှုပဲ မဟုတ်ဘူးလားဗျာ။ (ဟုတ်ပါတယ်ဘုရား)။ ဒီကုသိုလ်ကကော ဝဋ်မလိုက်ဘူးလား။ (လိုက်ပါတယ်)။ ဝဋ်လိုက်တယ်ဗျ။ ဝဋ်လိုက်တာမှ အဲဒီလိုမျိုးကြီးကို လိုက်တာဗျာ။ ဒါ- အဲဒီတော့ . ဆိုလိုတာကတော့ မပေးထိုက်ဘဲနဲ့များ မပေးမိလိုက်ကြပါစေနဲ့။ ဒါလေး ပြောရမယ်ဗျာ။"ဟူသော (ဝိမုတ္တိဒေသနာ၊ စာ-၃၉၊၄၀၊၄၁)ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

http://www.dhammadownload.com



## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏ၏ ဝဋ်ဟူသောအယူအဆသည် သူပြောပြောသော စကားရပ်နှင့်ပင် သိသာလှ၏။ အရှင်ဉာဏက- "ဝိပါက်ဆိုတဲ့ဟာကဖြင့်ယင် တစ်သာသနာတော်လုံး မသိဘူးတဲ့ဗျာ။ ကဲ - တသာသနာတော်လုံး မသိဘူးလို့သာဆိုတာ မသိနိုင်စရာလည်း မဟုတ်ဘူး။ နိုးနေမှတော့ဖြင့် သူနိုးဖြစ်ပြီပေါ့။ ဒါ- ဝိပါက်ပဲပေါ့။ " ဟုလည်းကောင်း ။ (ဝိမုတ္တိဒေသနာ၊ စာ- ၅၁)

"ဘာမှမဟုတ်ဘဲနဲ့ ပေးကမ်းကြည့်၊ ပေးကမ်းကြည့်တော့ နောက်ထပ်ပေးကမ်းချင်တယ်။ ပေးကမ်းချင်တော့ ထပ်ပေးကမ်းတယ် "ဟု လည်းကောင်းဆိုထား၏။

ဤသဘောကိုပင် ဝဋ်လိုက်သည်ဟု ဆိုထား၏။

အရှင်ဉာဏသည် ကံကိုပယ်လိုသဖြင့် အံမျိုးမျိုးဟောနေ၏။ ကုသိုလ်လုပ်ရင် အပြစ်ရှိတယ် ကုသိုလ်လုပ်ရင် သံသရာလည်တယ်။ ဝဋ်လိုက်တယ်။ တနည်းအားဖြင့် ကံကိုပယ်ဖို့ အမျိုးမျိုး ဟောနေခြင်း ဖြစ်သည်။ ကုသိုလ်ကံသည် ဝဋ်မလိုက်၊ ဝဋ်မလည်ပေ။ ကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့်သာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရခြင်း ဖြစ်၏။ ကုသိုလ်ကံ မပြုဘဲ မဂ် ဖိုလ် နိဗ္ဗာန်ကို မရနိုင်ပေ။

## 'ဝဋ္ဋ'အဓိပ္ပါယ်နှင့် ဝဋ်လည်ပုံ

ဝဋ်ဟူသောစကားသည် 'ဝဋ္ဋ'ဟူသောပါဠိစကားမှ ဆင်းသက်လာသော စကားဖြစ်၏။ ဝဋ်ဟူသည် အဆက်မပြတ်တရစပ်လည်နေသော သဘောပင် ဖြစ်၏။ ထိုဝဋ်သည် -

၁။ ကိလေသဝဋ် ၂။ ကမ္မဝဋ်

၃။ ဝိပါကဝဋ် ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် -

၁။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဤသုံးပါးသည် ကိလေသဝဋ်မည်၏၊

၂။ သင်္ခါရ, ကမ္မဘဝဟု ခေါ်ဆိုအပ်သော လောကီကုသိုလ်, အကုသိုလ် စေတနာကံသည် ကမ္မဝဋ်မည်၏၊

၃။ ကံ၏အကျိုးဖြစ်သော ဘဝသစ် ရုပ်နာမ်ခန္ဓာသည် ဝိပါကဝဋ်မည်၏။ (ဝိညာဏ်, နာမ်ရုပ်, သဠာယတန-စသည်ပင်တည်း)။

ပုထုဇဉ်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့မပယ်ရသေးခြင်းကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ကိလေသဝဋ်များရှိနေသည့်အတွက် ကုသိုလ်, အကုသိုလ်ကံ တည်းဟူသော ကမ္မဝဋ်တို့ ဖြစ်ကြသည်။ ထိုကမ္မဝဋ်ကြောင့် ကံ၏အကျိုးဖြစ်သည့် ဘဝအသစ် ရုပ်နာမ်ခန္ဓာဟူသော ဝိပါကဝဋ် ဖြစ်ရပြန်လေသည်၊ ဤကား ဝဋ်သုံးပါးလည်နေပုံတည်း။

> ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော. . . ဒုက္ခတော. . . အနတ္တတော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ၊. . . . . သကဒါဂါမိဖလံ သစ္ဆိကရေယျ။ . . . အနာဂါမိဖလံ သစ္ဆိကရေယျ။ . . . အရဟတ္တဖလံ သစ္ဆိကရေယျ။ (သံ၊ ၂။၁၃၆။)
>
> သီလရှိသော ရဟန်းသည် ဤဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ . . . ဒုက္ခ . . . အနတ္တဟု အသင့်အတင့် နှလုံးသွင်း ဝိပဿနာရှုမှတ်သည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုဖို့ရန် အကြောင်းမှန်တယ် " ဟု ဆိုထား၏။

http://www.dhammadownload.com



ထို့ကြောင့်သီလတရားပြည့်စုံအောင် စောင့်ထိန်း၍ ဥပါဒါနက္ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါးတင် ဆင်ခြင်ရှုမှတ်သဖြင့် သောတာပန်၊ သကဒါဂါမ်။ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်၏။

အရဟတ္တမဂ်ဖြစ်သည်နှင့် တပြိုင်နက် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တည်းဟူသော ကိလေသဝဋ်သည် ချုပ်ငြိမ်း ပြတ်စဲလေသည်။ ထိုရဟန္တာ၏ သန္တာန်၌ ကိလေသဝဋ်မရှိတော့သည့်အတွက် အတိတ်က ပြုခဲ့သော ကံဟောင်းတို့သည် ပဋိသန္ဓေအကျိုး(ဘဝသစ်အကျိုး)ကို မပေးနိုင်ကြတော့ပေ၊ ကုသိုလ်ကံ အသစ်လည်း နောက်ထပ်မဖြစ်တော့ပေ၊ အကြောင်းဖြစ်သော ကမ္မဝဋ်မဖြစ်တော့ဘဲ ငြိမ်းစဲသွားခြင်းကြောင့် အကျိုးဖြစ်သော ဝိပါကဝဋ်(ဘဝသစ် ရုပ်နာမ်ခန္ဓာ) မဖြစ်တော့ဘဲ ပြတ်စဲချုပ်ငြိမ်းလေသည်၊ ဤသို့ ဝဋ်သုံးပါးတို့ ပြတ်စဲချုပ်ငြိမ်း သွားခြင်းကိုပင် နိဗ္ဗာန်ဟု ခေါ်ဆိုသည်။ (လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယ၊ ၇၈၉)

ထို့ကြောင့် အမှတ်(၆)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဝဋ်အယူအဆသည်လည်းကောင်း၊ ကုသိုလ်လုပ်၍ ဝဋ်လည်သည်၊ ဝဋ်လိုက်သည် ဟူသော ဟောပြောချက်သည်လည်းကောင်း ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော်၊ အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

အထက်ပါစောဒနာစကားရပ်တို့တွင်

**"ဝဋ်ဆိုတာ ကျုပ်တို့ပေးတာက ကောင်းမှုဘဲ ပေးတာဟာ ကုသိုလ် ကောင်းမှုပဲ (ပ) ဒါလေး ပြောရမယ်ဗျာ"** ဟူသောစကားဖြင့်၊ အကြောင်း ကုသိုလ်ကံကို ပယ်ရမည်ဟု ပြောလိုရင်း ဖြစ်သည်ကို တွေ့ရှိရသည်။

**ဝိပါက်ဆိုတဲ့ဟာကဖြင့်ရင် (ပ) သူခိုးဖြစ်ပြီပေါ့၊ ဒါဝိပါက်ပေါ့။** ဟူသောစကားဖြင့် အကျိုးဝိပါက်ကို ပယ်ရမည်ဟု ပြောလိုရင်း ဖြစ်သည်ကို တွေ့ရှိရသည်။

## "အယူဝါဒကို ဗုဒ္ဓဘာသာဟု အမည်ပေးထားသော်လည်း"

ဤသို့ အကြောင်းအကျိုး နှစ်မျိုးကို ပယ်သည်ကို တွေ့ရှိရသောကြောင့်၊ အရှင်ဉာဏ ဦးဆောင်သည့် ပစ္စုပ္ပန္နကမ္မဝါဒဗုဒ္ဓဘာသာ အမည်ခံယူသော သူတို့သည် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ ဟူသော ဒိဋ္ဌိသုံးမျိုးသို့ သက်ရောက်၍ နေပေတော့သည်။

ဤဒိဋ္ဌိသုံးမျိုးတို့တွင် နတ္ထိကဒိဋ္ဌိသည် အကျိုးဝိပါက်ကို ပယ်သည်။ အကိရိယဒိဋ္ဌိသည် အကြောင်းကံကို ပယ်သည်။ အဟေတုကဒိဋ္ဌိသည် အကြောင်းအကျိုး နှစ်မျိုးလုံးကို ပယ်သည်။

ထိုနှစ်မျိုးတို့တွင် အကြောင်းကံကို တားမြစ်(ပယ်)သဖြင့် အကျိုးဝိပါက်ကိုလည်း တားမြစ်(ပယ်)သည် မည်၏။ အကျိုးဝိပါက်ကို တားမြစ်(ပယ်)သဖြင့်လည်း အကြောင်းကံကို တားမြစ်(ပယ်)သည် မည်၏။ ဤသို့သော အကြောင်းကြောင့် နှစ်ပါးစုံကို တားမြစ်(ပယ်)တတ်ကုန်သော အလုံးစုံသော သူတို့သည်

http://www.dhammadownload.com



အနက်သဘောအားဖြင့် နတ္ထိကဝါဒရှိသူတို့သည်လည်းကောင်း၊ အဟေတုကဝါဒရှိသူ တို့သည်လည်းကောင်း၊ အကိရိယဝါဒရှိသူ တို့သည်လည်းကောင်း ဖြစ်ကုန်၏။

ထို့ကြောင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ အောက်ပါအတိုင်းမိန့်တော်မူ၏။

ဣမာသု ပန တီသု ဒိဋ္ဌီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကိရိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယမ္ပိ ပဋိဗာဟတိ၊ တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ၊ ဣတိ သဗ္ဗေပေ အတ္ထတော ဥဘယပဋိဗာဟကာ နတ္ထိကဝါဒါ စေဝ အဟေတုကဝါဒါ စ အကိရိယဝါဒါ စ ဟောန္တိ။ (မ၊ဋ္ဌ၊၂။၈၅။)

**ဘာမှမဟုတ်ဘဲနဲ့ ပေးကမ်းကြည့်၊ ပေးကမ်းကြည့်တော့ နောက်ထပ်ပေးကမ်းချင်တယ်၊ ပေးကမ်းချင်တော့ ပေးကမ်းတယ်။** ဟူသော စကားသည်လည်း ကံ,ကို ပယ်လို၍ ပြောသောစကားသာ ဖြစ်သည်။

အရှင်ဉာဏသည် ထိုစကားကို ပြောဆိုခြင်းသည် အောက်ဖော်ပြပါစကားကို ဆန့်ကျင်မျက်ကွယ်ပြု၍ ဆိုခြင်းသာဖြစ်ပေသည်။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ကုသိုလ်တစ်မျိုးမျိုးကို ပြုလုပ်ပြီးသည့်အခါ "ဒါယကော စာဂေန န တပ္ပတိ" ဟူသည်နှင့်အညီ မိမိပြုလုပ်ပြီးသည့်ကုသိုလ်၌ ရောင့်ရဲတင်းတိမ်မှု မရှိဘဲ "ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော"ဟူသော သမ္မပ္ပဓာန်လုံ့လနှင့်အညီ ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းသည်လည်း ရှေးရှေးကုသိုလ်က နောက်နောက်ကုသိုလ်အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၍ ပြုလုပ်နိုင်ခြင်း ဖြစ်ပေသည်။ ထိုသို့ဖြစ်၍-

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ (ပဋ္ဌာန၊၁။၇။)ဟူ၍ ပဋ္ဌာန်းပါဠိတော်၌ မြတ်စွာဘုရားဟောတော်မူသည်။

ထိုမှတစ်ပါး မြတ်စွာဘုရားသည် ဓမ္မပဒပါဠိတော်၌

အမျိုးကောင်းသားသည် ကုသိုလ်ကောင်းမှုကို အကယ်၍ပြုသည်ဖြစ်အံ့။ ထိုကုသိုလ်ကောင်းမှုကို အဖန်ဖန်တလဲလဲ ပြုရာ၏။ ထိုကုသိုလ်ကောင်းမှု၌ နှစ်သက် အားထုတ်ခြင်းကို ပြုလုပ်ရာ၏။ အဘယ်ကြောင့်နည်းဟူမူ ကုသိုလ်ကောင်းမှု၏ တိုးပွားခြင်းသည် ချမ်းသာသို့ ရောက်အောင် ဆောင်တတ်၏။

ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ ။<br>
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။ (ဓမ္မ။၁၀။)

ထိုမှတစ်ပါးလည်း။ အနည်းငယ်ပြုအပ်သော ကုသိုလ်ကံသည် အကျိုးပေးသော အားဖြင့် မရောက်လာလတ္တံ့ဟု ကုသိုလ်ကောင်းမှုကို မထီမဲ့မြင် မမှတ်ထင်ရာ၊

http://www.dhammadownload.com



ရေတစ်ပေါက်တစ်ပေါက်မျှ ကျခြင်းဖြင့် ရေအိုးကြီးသည်လည်း ပြည့်သကဲ့သို့ ပညာရှိသော သူသည် အနည်းငယ် အနည်းငယ်မျှလည်းဖြစ်သော ကုသိုလ်ကောင်းမှုကို ပွားများစေမှု၊ လုံ့လပြုသည်ရှိသော် ကုသိုလ်ကောင်းမှုဖြင့် ပြည့်လေ၏။

မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ။ (ဓမ္မပဒ-၁၁)

ဤသို့ပြဆိုအပ်ပြီးသည့်အတိုင်း၊ အမှတ်(၆)စောဒနာလွှာပါ မိုးပြာဂိုဏ်း၏ ဝိမုတ္တိဒေသနာလာ စကားရပ်တို့သည် ဆိုအပ်ခဲ့ပြီးသော ပါဠိ၊ အဋ္ဌကထာတို့ကို မျက်ကွယ်ပြု၍ ဖောက်လွှဲဖောက်ပြန် အမှန်မဟုတ်ပဲ မိမိတို့ လိုသလို ယူဆပြောဆိုထားသော စကားများဖြစ်၍ အဆိုပါ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များသာ ဖြစ်သည်ဟူ၍ ဝိနည်းဓိုရ်ဆရာတော်များက တညီတညွတ်တည်း သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းအပ်သော အမှတ်(၆)စောဒနာလွှာပါ "ကုသိုလ်ကံတွေ ဆက်တိုက်လုပ်နေပါက ဝဋ်လိုက်ခြင်းဖြစ်တယ်" စသော ဝဋ်အယူအဆနှင့် စပ်လျဉ်းသော အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၇)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဝိမုတ္တိဒေသနာ၊ စာ- ၄၂-၌ မိုးပြာအရှင်ဉာဏ ဟောပြောရေးသားထားသော-

" ပေးထိုက်တာ မပေးမိယင်လည်းပဲ စာရိတ္တသီလပျက်တယ်၊ မပေးထိုက်တာကို ပေးမိပြန်ယင်လည်း စာရိတ္တသီလ ပျက်တယ်လို့ ဒီလို ပြောရမှာပေါ့နော်"ဟူသော (ဝိမုတ္တိဒေသနာ၊ စာ- ၄၂) ဟောပြောရေးသားချက်ဘို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏ၏ 'မပေးထိုက်တာကို ပေးမိယင် စာရိတ္တသီလပျက်တယ်' ဟူသော စကား၌ မပေးထိုက်သော ပုဂ္ဂိုလ်သည် မည်သို့သော ပုဂ္ဂိုလ်များဖြစ်သနည်း? အဘယ့်ကြောင့် မပေးထိုက် ပါသနည်း? မေးမြန်းဖို့ စိစစ်ဖို့ လိုပါ၏။

မြတ်စွာဘုရားက ဒက္ခိဏာဝိဘင်္ဂသုတ်၌ -

"သံဃေ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ။"

(မ၊ ၃။ ၂၉၆၊)

ဂေါတမီ ဤဝတ်စုံကို သံဃာအား လှူဒါန်းလော့၊ သံဃာအား လှူဒါန်းလျှင် ငါဘုရားကိုလည်း ပူဇော်ရာ မည်လိမ့်မယ်။ သံဃာကိုလည်း ပူဇော်ရာ မည်လိမ့်မယ်" ဟု မိန့်တော်မူထား၏။

တစ်ဖန် ဤဒက္ခိဏာဝိဘင်္ဂသုတ်၌ -

" အာနန္ဒာ ပုဂ္ဂိုလ်တစ်ဦးချင်းတို့အား လှူခြင်းတို့သည် -

၁။ မြတ်စွာဘုရားအား လှူခြင်း၊ ၂။ ပစ္စေကဗုဒ္ဓါအား လှူခြင်း၊ ၃။ ရဟန္တာအား လှူခြင်း၊
၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသောပုဂ္ဂိုလ်အား လှူခြင်း၊
၅။ အနာဂါမ်ပုဂ္ဂိုလ်အား လှူခြင်း၊
၆။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသော ပုဂ္ဂိုလ်အား လှူခြင်း၊
၇။ သကဒါဂါမ်ပုဂ္ဂိုလ်အား လှူခြင်း။
၈။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသော ပုဂ္ဂိုလ်အားလှူခြင်း၊
၉။ သောတာပန် ပုဂ္ဂိုလ်အား လှူခြင်း၊
၁၀။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသော ပုဂ္ဂိုလ်အားလှူခြင်း၊
၁၁။ သာသနာပဝယ် ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသော ပုဂ္ဂိုလ်အား လှူခြင်း၊
၁၂။ သီလရှိသော ပုထုဇဉ်အား လှူခြင်း၊ ၁၃။ သီလမရှိသော ပုထုဇဉ်အား လှူခြင်း၊
၁၄။ တိရစ္ဆာန်အား လှူခြင်း ဟူ၍ တစ်ဆယ့်လေးပါးရှိ၏။

အာနန္ဒာ ထိုအလှူ တစ်ဆယ့်လေးပါးတို့တွင် တိရစ္ဆာန်အား လှူခြင်း၌ တစ်ရာသော အကျိုးကို မျှော်လင့် အပ်၏။ သီလမရှိသော ပုထုဇဉ်အား လှူခြင်း၌ တစ်ထောင်သော အကျိုးကို မျှော်လင့်အပ်၏၊ သီလရှိသော ပုထုဇဉ်အား လှူခြင်း၌ တစ်သိန်းသောအကျိုးကို မျှော်လင့်အပ်၏။ သာသနာပဝယ် ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသော ပုဂ္ဂိုလ်အား လှူခြင်း၌

http://www.dhammadownload.com



ကုဋေတစ်သိန်းသောအကျိုးကို မျှော်လင့်အပ်၏၊ သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသော ပုဂ္ဂိုလ်အား လှူခြင်း၌ မရေတွက် မနှိုင်းယှဉ်နိုင်သော အကျိုးကို မျှော်လင့်အပ်၏၊ သောတာပန်ပုဂ္ဂိုလ်အား လှူခြင်းစသည်တို့၌မူ ဆိုဖွယ်မရှိချေ။ " ဟူ၍ မိန့်တော်မူထား၏။
(မ၊ ၃။ ၂၉၇။)

ဘုရားရှင်မိန့်ကြားထားသော အလှူခံပုဂ္ဂိုလ် (၁၄)ယောက်တို့ကိုကြည့်လျှင် မပေးထိုက်သော ပုဂ္ဂိုလ်ဟူ၍ မတွေ့ရပေ။ အရှင်ဉာဏက ဘယ်လိုပုဂ္ဂိုလ်မျိုးကို မပေးစေချင်ပါသနည်း၊ အဘယ့်ကြောင့် မပေးစေ လိုပါသနည်း သူကိုယ်တိုင်ကမူ - နှစ်စဉ် နှစ်တိုင်း ပူဇော်ပွဲများ ပြုလုပ်၍ အပူဇော်ကို ခံယူကာ အခြားသူများကိုတော့ မပေးထိုက်ဟု ဆိုနေ၏။

အရှင်ဉာဏက -

" သူတို့ရပ်ကွက်မှာ သီလရှင်မရှိဘူး။လ။ ကိုယ့်ကလေး တွေ ကိုလည်း ကိုယ့်တုန်းကလိုပဲ လောင်းစေချင်တယ်ပေါ့ဗျာ။ " (ဝိမုတ္တိဒေသနာ၊ စာ- ၄၀ )

ဝင်ဆိုတာ့ ကျုပ်တို့ပေးတာက ကောင်းမှုပဲ။ လ။ ဒါလေးပြောရမယ်ဗျာ"ဟု (ဝိမုတ္တိဒေသနာ၊ စာ- ၄၁ ) ဆိုထား၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ -

" ယံ ဘဂဝတာ ဣဒံ ကတ္တဗ္ဗ "န္တိ ပညတ္တသိက္ခာပဒပူရဏံ၊ တံ စာရိတ္တံ။ (ဝိသုဒ္ဓိ၊၁။၁၁။)

မြတ်စွာဘုရားက " ဤအရာကို ပြုကျင့်အပ်၏"ဟု ပညတ်အပ်သော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ မည်၏။ "ဟု ဆိုထား၏။

မဟာဗုဒ္ဓဝင်၌လည်း -

" ဆရာမိဘ ကလျာဏ မိတ်ကောင်း စသည့် ပုဂ္ဂိုလ်မြတ်တို့အား အရိုအသေပြုခြင်း အစရှိသည့် အပြစ်ကင်းစင် အကျိုးထင်သော အမှုတို့ကို ပြုကျင့်ခြင်းသည် စာရိတ္တသီလ မည်၏။ " ဟု မိန့်ဆိုထားပါသည်။ ( မဟာဗုဒ္ဓဝင်-ပတွဲ၊ ဒု-ပိုင်း၊ စာ-၂၀၂ )

ထိုစာရိတ္တသီလကိုဖြည့်ကျင့်ရာ၌ - ဤအကျင့်များကို ကျင့်လျှင်ကောင်းသော အကျင့်ဖြစ်၍ နောက်အခါ ကောင်းကျိုး ရနိုင်သည်ဟု ယုံကြည်ခြင်းသည် သဒ္ဓါဖြစ်၏။ ရှက်ဆောင်ရာ၌ မပျင်းမရိအားထုတ် လုပ်ကိုင်မှုသည် ဝီရိယဖြစ်၏။ ဤအကျင့်ကို ကျင့်က အကျိုးရှိမည်ဟု ယုံကြည်ပြီးလျှင် ထိုယုံကြည်ချက်အတိုင်း ကျင့်ကြံမှု ပြီးစီးအောင် အားထုတ်သူဖြစ်မှသာ စာရိတ္တသီလ ပြည့်စုံနိုင်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ -

"သဒ္ဓါဝီရိယသာဓနံ စာရိတ္တံ။ (ဝိသုဒ္ဓိ၊၁။၁၁။)

စာရိတ္တသီလကို သဒ္ဓါဝီရိယတို့ဖြင့် ပြီးစေအပ်၏။ "ဟု မိန့်ဆိုထား၏။

စရိယာပိဋက အဋ္ဌကထာ၌ -

" ဘုရားအလောင်းတော်သည် ကလျာဏမိတ်စစ်ဖြစ်ကြသူတို့အား အခါမလပ်ရှိခိုးမှု ခရီးဦးကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပြုမှု ဆည်းကပ်မှုတို့ကို ပြုတော်မူ၏။ မကျန်းမာ

http://www.dhammadownload.com


သူတို့အား ကိုယ်တိုင်ကြပ်မတ်၍ ဝေယျာဝစ္စအမှု ပြုတော်မူပေ၏။ " ဟူသည်ဖြင့် အလောင်းတော်ကြီးများ စာရိတ္တသီလဖြည့်ကျင့်တော်မူပုံကို အကျယ်တဝင့် ဖွင့်ဆိုရေးသားထားတော်မူ၏။ (စရိယ၊ ဋ္ဌ။ ၃၀၃။)

ထိုထို ပါဠိတော်၊ အဋ္ဌကထာလာ စကားရပ်တို့ကို ကြည့်သောအားဖြင့် မပေးထိုက်သော ပုဂ္ဂိုလ်ဟူ၍ မရှိ၊ ပေးလှူလျှင်လည်း စာရိတ္တသီလမပျက်ပါ။

ထို့ကြောင့် အမှတ်(၇)စောဒနာလွှာပါ အရှင်ဉာဏ-၏ "ပေးထိုက်တာ မပေးမိယင်လည်းပဲ စာရိတ္တသီလပျက်တယ်၊ မပေးထိုက်တာကို ပေးမိပြန်ယင်လည်း စာရိတ္တသီလ ပျက်တယ်" ဟူသော ဟောပြောရေးသားချက်သည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော် ၊ အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

အမှတ်(၇) စောဒနာလွှာပါ (ဝိမုတ္တိဒေသနာ၊ စာ- ၄၂) လာ မိုးပြာအရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့ကို ကောက်ချခဲ့သော်။

၁။ ပေးထိုက်သော အလှူဝတ္ထု ။ ၂။ မပေးထိုက်သော အလှူဝတ္ထု။
၃။ ပေးထိုက်သောအလှူခံပုဂ္ဂိုလ်။ ၄။ မပေးထိုက်သောအလှူခံပုဂ္ဂိုလ်ဟူ၍ (၄)မျိုး တွေ့ရသည်။

ယင်း(၄)မျိုးကိုစပ်၍ ယူခဲ့သော်-

၁။ပေးထိုက်သော အလှူဝတ္ထုကို ပေးထိုက်သော အလှူခံပုဂ္ဂိုလ်အား မပေးလျှင် စာရိတ္တသီလ ပျက်။
၂။ပေးထိုက်သော အလှူဝတ္ထုကို မပေးထိုက်သော အလှူခံပုဂ္ဂိုလ်အားပေးလျှင်လည်း စာရိတ္တသီလပျက်။
၃။မပေးထိုက်သော အလှူဝတ္ထုကို ပေးထိုက်သော အလှူခံပုဂ္ဂိုလ်အားပေးလျှင်လည်း စာရိတ္တသီလပျက်။
၄။မပေးထိုက်သော အလှူဝတ္ထုကို မပေးထိုက်သော အလှူခံပုဂ္ဂိုလ်အားပေးလျှင်လည်း စာရိတ္တသီလပျက်။
ဟူ၍ရသည်။

## အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်

အလှူဝတ္ထုသည် ဝိနည်းဒေသနာတော်နည်း၊ အဘိဓမ္မာဒေသနာတော်နည်း၊ သုတ္တန်ဒေသနာတော်နည်း ဟူ၍ သုံးပါးရှိသည်။

## " ဝိနည်းဒေသနာတော်နည်း(၄)ပါး "

အလှူဝတ္ထုသည် ဝိနည်းဒေသနာတော်နည်းအားဖြင့်-

၁။ စီဝရဒါန = သင်္ကန်းအလှူ ။
၂။ ပိဏ္ဍပါတဒါန = ဆွမ်းဘောဇဉ်အလှူ ။
၃။ သေနာသနဒါန = ကျောင်းအိပ်ရာနေရာအလှူ။
၄။ ဘေသဇ္ဇဒါန = ဆေးပစ္စည်းအမျိုးမျိုးအလှူဟူ၍ လေးပါးရှိသည်။

http://www.dhammadownload.com



## " အဘိဓမ္မာဒေသနာတော်နည်း(၆)ပါး "

အဘိဓမ္မာဒေသနာတော်နည်းအားဖြင့်-

၁။ ရူပဒါန = အဆင်းအမျိုးမျိုးရူပါရုံအလှူ ။

၂။ သဒ္ဒဒါန = အသံအမျိုးမျိုးသဒ္ဒါရုံအလှူ ။

၃။ ဂန္ဓဒါန = အနံ့အမျိုးမျိုးဂန္ဓာရုံအလှူ။

၄။ ရသဒါန = စားဘွယ်သောက်ဘွယ်အမျိုးမျိုးရသာရုံအလှူ။

၅။ ဖောဋ္ဌဗ္ဗဒါန = သက်န်း၊ကျောင်းစသော အထိအတွေ့အမျိုးမျိုး ဖောဋ္ဌဗ္ဗာရုံအလှူ။

၆။ ဓမ္မဒါန = တရားဟောခြင်း၊ စာပေသင်ကြားပို့ချခြင်းစသော အသိဉာဏ် အမျိုးမျိုးပေးသည့် ဓမ္မာရုံအလှူဟူ၍ ခြောက်ပါးရှိသည်။

## " သုတ္တန်ဒေသနာတော်နည်း(၁၀)ပါး "

သုတ္တန်ဒေသနာတော်နည်းအားဖြင့်-

၁။ အန္နဒါန = ဆွမ်း၊ထမင်း၊ အစားအစာအလှူ။

၂။ ပါနဒါန = သောက်/သုံးရေ အဖျော်ယမကာအလှူ။

၃။ ဝတ္ထဒါန = အဝတ်အထည်၊ သင်္ကန်း စသည်အလှူ။

၄။ ယာနဒါန = ဖိနပ်၊ထီး၊စသော ယာဉ်အလှူ။

၅။ မာလာဒါန = ပန်းမျိုးစုံအလှူ။

၆။ ဂန္ဓဒါန = နံ့သာခဲ၊ နံ့သာတုံး၊အမွှေးတိုင်၊ အမျိုးမျိုးအလှူ။

၇။ ဝိလေပနဒါန = နံ့သာပျောင်း၊ နံ့သာရည်၊ အမျိုးမျိုးအလှူ။

၈။ သေယျဒါန = ညောင်စောင်း၊ အင်းပျဉ်၊အိပ်ရာ၊နေရာ အမျိုးမျိုးအလှူ။

၉။ အာဝါသဒါန = ကျောင်း၊ဇရပ်၊သိမ်၊ဓမ္မာရုံ စသည်အမျိုးမျိုးအလှူ။

၁၀။ ပဒီပေယျဒါန = ဆီမီးစသည် မီးအမျိုးမျိုးအလှူဟူ၍ ဆယ်ပါးရှိပါသည်။

ပြဆိုခဲ့ပြီးသော သင်္ကန်းအစရှိကုန်သော ပစ္စည်းလေးပါးတို့တွင်လည်းကောင်း၊ ရူပါရုံအစရှိသော အာရုံ ခြောက်ပါးတို့တွင်လည်းကောင်း၊ အန္နအစရှိကုန်သော ဒါနဝတ္ထုဆယ်ပါးတို့တွင်လည်းကောင်း၊ ထိုထိုဒါနဝတ္ထုကို လှူသောသူအား။ သင်္ကန်းစသည်တို့ကိုဖြစ်စေသည်မှ ရှေးအဘို့၌လည်းကောင်း၊ လှူဆဲကာလ၌လည်းကောင်း၊ နောက်၌သောမနဿနှင့်ယှဉ်သောစိတ်ဖြင့် အောက်မေ့ရာ၌လည်းကောင်း၊ သုံးပါးသောကာလ၌ဖြစ်သော စေတနာသည် ဒါနမယဖြစ်သော ပုညကြိယဝတ္ထုမည်၏။

တတ္ထ စီဝရာဒီသု စတူသု ပစ္စယေသု ရူပါဒီသု ဝါ ဆသု အာရမ္မဏေသု အန္နာဒီသု ဝါ ဒသသု ဒါနဝတ္ထူသု တံတံ ဒေန္တဿ တေသံ တေသံ ဥပ္ပါဒနတော ပဋ္ဌာယ ပုဗ္ဗဘာဂေ ပရိစ္စာဂကာလေ ပစ္ဆာ သောမနဿစိတ္တေန အနုဿရဏကာလေစာတိ တီသု ကာလေသု ပဝတ္တာ စေတနာ ဒါနမယံ ပုညကိရိယဝတ္ထုနာမ။ (အဘိ၊၄၊၁။၂၀၂။)

## "အလှူခံပုဂ္ဂိုလ်ကို ဖော်ပြခြင်း"

အလှူပုဂ္ဂိုလ်သည် ပုဂ္ဂလိကအလှူခံပုဂ္ဂိုလ်၊ သံဃိကအလှူခံပုဂ္ဂိုလ် ဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင် ပုဂ္ဂလိက အလှူခံပုဂ္ဂိုလ်သည် အောက်ပါအတိုင်း (၁၄)ပါးရှိသည်။ (သရုပ်ပါပြီး)

http://www.dhammadownload.com



ထို(၁၄)ယောက်သော အလှူခံပုဂ္ဂိုလ်တို့အားပေးလှူလျှင် ဆင့်ကာဆင့်ကာတိုး၍ ကောင်းကျိုးများပေးနိုင်ကြောင်းကိုလည်း စောဒကတို့ ဖော်ပြကြပြီးဖြစ်သည်။

## " သံဃိက အလှူ (၇)မျိုး "

၁။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်အခါ ဘုရားအမှူးရှိသော ဘိက္ခုဘိက္ခုနီသံဃာ။
၂။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် ဘိက္ခု ဘိက္ခုနီသံဃာ။
၃။ ဘိက္ခုသံဃာ။ ၄။ ဘိက္ခုနီသံဃာ။
၅။ သံဃာမှညွှန်ကြားအပ်သော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ။
၆။ သံဃာမှညွှန်ကြားအပ်သော ဘိက္ခုသံဃာ။
၇။ သံဃာမှညွှန်ကြားအပ်သော ဘိက္ခုနီသံဃာဟု သံဃိကအလှူခံပုဂ္ဂိုလ်(၇)ပါးရှိပါသည်။

အာနန္ဒာ အနာဂတ်ကာလ၌၊ သံဃာ့အနွယ်ကိုယူတတ်ကုန်သော၊ လည်ပင်း၌ သင်္ကန်းရစ်ပတ်၍ သွားကြကုန်သော၊ ဒုဿီလပါပဓမ္မပုဂ္ဂိုလ်တို့ဖြစ်ကြလိမ့်မည်၊ ထိုဒုဿီလပုဂ္ဂိုလ်တို့၌ သံဃာကို ရည်ရွယ်၍ လှူကြလိမ့်မည်၊ ထိုအခါ၌လည်း သံဃိကအလှူကို အသင်္ချေယျအပ္ပမေယျဟူ၍ ငါဟောတော်မူ၏။ အာနန္ဒာ တစ်စုံတစ်ခုသော အကြောင်း ကြောင့် သံဃိကအလှူထက်ပုဂ္ဂလိက အလှူကိုအကျိုးကြီးသည်ကို ငါမဟောဟူ၍ ဘုရားဟောတော်မူ၏။

ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဍာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ။ န တွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။ (မ၊၃။ ၂၉၉။)

ဤသို့ပြဆိုအပ်ပြီးသော အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့တွင် မလှူထိုက်သော အလှူဝတ္ထု၊ မလှူထိုက်သော အလှူခံပုဂ္ဂိုလ်ဟူ၍ မပါရှိဘဲ မည်သည့်ဝတ္ထုကို၊ မည်သည့်ပုဂ္ဂိုလ်အားမဆို လှူလျှင် အကျိုးခံစားရပြီး၊ မလှူလျှင် အပြစ်မရှိ အကျိုးမခံစားရသည်ကိုသာတွေ့ရသည်။ လှူခြင်း မလှူခြင်း ဟူသော အကြောင်းကြောင့် စာရိတ္တ သီလပျက်သည်ဟူ၍လည်း မတွေ့ရပေ၊ ပေးလှူခြင်းဒါနသည် (ပရိစ္စာဂလက္ခဏာ) ရှိသည်။ သီလသည် (သီလန လက္ခဏာ)ရှိသည်။ ဤသို့ လက္ခဏာခြင်းမတူညီခြင်း ကြောင့် ပေးခြင်း၊ မပေးခြင်းကိုအကြောင်းပြု၍ (စာရိတ္တသီလ) ပျက်ရန်အကြောင်းလည်းမရှိပေ။

ထို့ကြောင့် ပေးထိုက်တာမပေးမိရင်လည်းပဲ (လ)စာရိတ္တသီလပျက်တယ်လို့ ဒီလိုပြောရမှာပေါ့နော်ဟူသော အရှင်ဉာဏ၏ (ဝိမုတ္တိဒေသနာ စာ-၄၂)ပါ စကားရပ်တို့သည် ဓမ္မမဖက်(အဓမ္မ)သက်သက်သာ ဖြစ်သည် ဟူ၍ နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များကသုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



## "စာရိတ္တသီလအကြောင်း"

စာရိတ္တသီလဟူသည် မြတ်စွာဘုရားက ဤအကျင့်ကိုပြုကျင့် အပ်၏ဟု ပညတ်အပ်သော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်-

**ယံ ဘဂဝတာ " ဣဒံ ကတ္တဗ္ဗ " န္တိ ပညတ္တသိက္ခာပဒပူရဏံ၊ တံ စာရိတ္တံ၊ (ဝိသုဒ္ဓိ၊၁။၁၁။) ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အဋ္ဌကထာဆရာတော် မိန့်တော်မူ၏။**

ထိုစာရိတ္တသီလကို ကျင့်လျှင် ကောင်းသောအကျင့်ဖြစ်၍ နောက်အခါ၌ ကောင်းကျိုး ခံစားရမည်ဟု ယုံကြည်ခြင်းသဒ္ဓါတရား၊ ဖြည့်ကျင့်ရာ၌ မပျင်းမရိအားထုတ်လုပ်ကိုင်ဆောင်ရွက်ခြင်း ဝီရိယတရားတို့ဖြင့် ဖြည့်ကျင့်မှသာ စာရိတ္တသီလပြည့်စုံနိုင်သည်။ ထို့ကြောင့်

**တတ္ထ သဒ္ဓါဝီရိယသာဓနံ စာရိတ္တံ။ (ဝိသုဒ္ဓိ၊၁။၁၁။) ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အဋ္ဌကထာဆရာ မိန့်တော်မူ၏။**

**ထိုမှတပါး၊ ဝေယျာဝစ္စ၊ အပစာယနတို့နှင့် စူဠဝါလာ အာဒိဗြဟ္မစရိယက၊ အာဘိသမာစာရိက** ကျင့်ဝတ်များသည် စာရိတ္တသီလများပင်ဖြစ်သည်။

ထို့ကြောင့် စာရိတ္တသီလသည် ဒါနနှင့် လုံးဝသက်ဆိုင်မှုမရှိသည်မှာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားလျက်ပင်ရှိပေသည်။

ဤသို့ ပြဆိုအပ်ပြီးသော သုံးသပ်ချက်များအရ အမှတ်(၇) စောဒနာလွှာ၌ စောဒကဆရာတော်များ တင်ပြထားသည့် ဝိမုတ္တိဒေသနာပါ-မိုးပြာဂိုဏ်းအရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် အဆိုပါ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ဓမ္မနှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များသာ ဖြစ်ကြောင်း နိုင်ငံတော်သီးခြားဝိနိစ္ဆယအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက ရှုမြင်သုံးသပ်ကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၆)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြောရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြောရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၈)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

(ဝိမုတ္တိဒေသနာ၊ စာ- ၅၁၊၅၂၊၅၇၊၅၈-တို့၌ အရှင်ဉာဏ ဟောပြောရေးသားသော-

"အဲဒီလို ချာချာလည်နေရတာ လူတိုင်းသိပြီဆိုမှတော့ ပေါ်ပြီပေါ့၊ သတ္တဝါ၊ ကိုယ့်အပေါ်မှာ နတ်ကောင်ကြီး ဖြစ်နေမလား။ ပြိတ္တာကောင် ဖြစ်နေမလား၊ တစ္ဆေကောင် ဖြစ်နေမလား၊ သရဲကောင် ဖြစ်နေမလား၊ ဘီလူးကောင် ဖြစ်နေမလား။ ပေါ်ပြီပေါ့။ ပေါ်ပြီဆိုရင်လည်းပဲ ဒီအကောင်ကတော့ ငါ့တော့ လာပြီး နှိပ်စက်နေပြီဟေ့ ဆိုပြီးသကာလ ဒုက္ခကို မြင်ပြီပေါ့။ အဲဒီလိုမြင်ပြီဆိုမှတော့ ခင်ဗျားတို့ အရိယသစ္စာဆိုတာကို မမြင်ချင်လို့ကို မရတော့ဘူး။ အခုနက ပြောတာတွေကို ခင်ဗျားတို့ကနေပြီးတော့ ပရိယတ်အဖြစ်နဲ့ ဆည်းပူးလိုက်လို့ သိသွားပြီယင် ပဋိပတ်အဖြစ်နဲ့ 'အဲ-ဟုတ်သားပဲ၊ ငါ့ဒီလို တွေးရတာတော့ ဒါ ကာမကိလေသာပဲ၊ ရူပကိလေသာပဲ။ ဒီလိုမြင်တာ။ အဲ-ဒါ ကာမကိလေသာ၊ ရူပကိလေသာ၊ အရူပကိလေသာ၊ ခင်ဗျားတို့က သိနေယင် မဆင်ခြင်ဘဲ နေလို့ကို မရတော့ဘူး၊ အာရုံတွေ ကလည်း ကာမအာရုံ၊ ရူပအာရုံ၊ အရူပ်အာရုံဆိုတာ သိနေမှတော့ ထင်ရှားချက်က သိနေပြီဆိုယင် ဒါကို ခင်ဗျားတို့က မဆင်ခြင်ဘဲ နေလို့ကို မရတော့ဘူး။" (ဝိမုတ္တိဒေသနာ၊ စာ- ၅၁၊၅၂)

**" အဲဒီ ဒုက္ခကို ဒို့မလိုချင်တော့ဘူး။ မလိုချင်ကောင်းဘူးဘဲလို့ သမုဒယဘက်ကို မလိုချင်တော့ဘူး။ သမုဒယကို ပယ်ပြီလို့ဆိုတဲ့အခါကျတော့ ဒီဒုက္ခက ဘယ်လိုလို့(လုပ်) ခင်ဗျားတို့ဆီ ပြန်လာဖြစ်တော့မှာလဲ။ အဲဒီလို မျိုးလို အဲဒီဒုက္ခပြန်လာပြီး မဖြစ်တော့ဘူးဆိုယင် ခင်ဗျားတို့က . . ဒုက္ခအရိယသစ္စာ။ သိတာက မဂ္ဂအရိယသစ္စာ။ အသိခံရတဲ့ ဒုက္ခတွေကို သိတာက ဒုက္ခအရိယသစ္စာ။ အဲဒါရဲ့အကြောင်းက သမုဒယအရိယသစ္စာ၊ အဲဒါတွေငြိမ်းတာက နိရောဓအရိယသစ္စာ ဆိုတော့**

ကဲ -ကျုပ်တို့ မြတ်စွာဘုရားကပေးတဲ့ လွတ်လပ်တယ်လို့ ဆိုတဲ့ နိရောဓအရိယသစ္စာဆီကို မရောက်ဘူးလားဗျာ။ (ရောက်ပါတယ်ဘုရား)။ ( ဝိမုတ္တိဒေသနာ၊ စာ- ၅၂ )

"လွတ်လပ်တယ်ဆိုတာ ကိုယ့်အပေါ်မှာ အကောင်တကောင်ကောင်ရှိယင် လွတ်လပ်ပါ့မလား။ (မလွတ်လပ်ပါဘုရား)။ မလွတ်လပ်ပါဘူးနော်။ ကိုယ့်အပေါ် ဘာကောင်မှ မရှိဘူးဆိုလို့ကတော့ ဒီလူ လွတ်လပ်ပြီပေါ့နော။ လွတ်လပ်အောင်ကလည်း ကံရှိယင် အကောင်က မရှိဘဲ နေပါ့မလား။(ရှိမှာပါဘုရား)။ ကံရှိယင် အကောင်ကတော့ ရှိမှာပဲ။ ဘာကောင်မှ မရှိချင်ဘူးဆိုယင် ဘာကံမှ မလုပ်ဘဲ နေရမှာပဲ။ ဘာကံမှ မရှိဆိုလို့ရှိယင် ဘာအကောင်ပလောင်က ရှိဦးမှာလဲ။ (မရှိတော့ပါဘုရား) ဘာကံမှ မရှိလို့ရှိယင် ဘာက မလွတ်လပ်တာလို့ ပြောဖို့ ရှိသေးရဲ့လား။ (မရှိတော့ပါဘုရား)။ မရှိဘူး၊ လွတ်လပ်ပြီ။"ဟူကုန်သော ( ဝိမုတ္တိဒေသနာ၊ စာ- ၅၇/၈ ) ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

http://www.dhammadownload.com



## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏသည် (၃၁)ဘုံအယူအဆကို လက်မခံပေ။ ( ၃၁)ဘုံဆိုတာမရှိဟု ယူဆ၏။ ထို့ကြောင့် နတ်ဆိုတာ မရှိ၊ ပြိတ္တာဆိုတာ မရှိ၊ တစ္ဆေဆိုတာ မရှိ၊ သရဲဆိုတာ မရှိဟု ဆို၏။ သီးခြားဘုံ မရှိ၊

ရှိနေသော နတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့သည်လည်း လူ၏ကိုယ်ပေါ်မှာသာ ရှိ၏ဟု ဆို၏။

လူသည်ပင် တိရစ္ဆာန်စိတ်ပေါက်၍ တိရစ္ဆာန်ဖြစ်လိုက်၊ ပြိတ္တာစိတ်ပေါက်၍ ပြိတ္တာဖြစ်လိုက်၊ တစ္ဆေ၊ သရဲစိတ်ပေါက်၍ တစ္ဆေသရဲဖြစ်လိုက်၊ နတ်စိတ်ပေါက်၍ နတ်ဖြစ်လိုက်ဟု ယူဆ၏။ သီခြားဘုံဟူ၍ မရှိဟု ဆို၏။ ထို့ကြောင့်ပင် သူ၏ဘာသာကို ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဟု ဆိုထား၏။ အတိတ်ကံ မရှိ၊ အနာဂတ်အကျိုး မရှိ၊ ပစ္စုပ္ပန်တည့်တည့် ကံကိုသာ ယုံကြည်လက်ခံထား၏။

## အရှင်ဉာဏအလို သစ္စာလေးပါး

➤လူပေါ်၌ သတ္တဝါကောင်ကြီး ပူးနေ ရောက်နေသည်ကို သိခြင်းသည်ပင် ဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိခြင်းဟု ဆိုထား၏။ (ဒုက္ခသစ္စာကို ပိုင်းခြား၍သိသည်ဆိုရာ၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ရှုမှတ်ပွားများ၍ သိသည် မဟုတ်၊)

➤၎င်း ဒုက္ခသစ္စာကို သိခြင်းသည် မဂ္ဂအရိယသစ္စာဟု ဆိုထား၏။

➤ထိုဒုက္ခကို မလိုချင်သည်ပင်လျှင် သမုဒယသစ္စာကို ပယ်ခြင်းဟု ဆိုထား၏။

➤ဒုက္ခ, သမုဒယငြိမ်းတာက နိရောဓသစ္စာကို ရောက်ခြင်းဟုဆိုထား၏။

အရှင်ဉာဏ၏ အရိယသစ္စာလေးပါး သိခြင်းဟုဆိုရာ၌ ပရမ်းပတာနိုင်လှ၏ အာဂမ, သဘာဝ ကင်းမဲ့၏။

အရှင်ဉာဏ၏ သစ္စာလေးပါးသိပုံ ကျင့်စဉ်သည် -

" ယဿာ ပန ကာယဝေဒနာစိတ္တဓမ္မေသု ကိဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ။ ( ဒီ၊၄၊၂။၃၃၉။ )

ကာယ,ဝေဒနာ,စိတ္တ,ဓမ္မ ဟူသော တရားလေးပါးတို့တွင် တစ်ပါးပါးကို မသုံးသပ်မူ၍ မဂ်ကို ပွားစေခြင်းမည်သည် မရှိ " ဟူသောစကား၊

" တတ္ထ ပဌမမဂ္ဂဉာဏံ တာဝ သမ္ပာဒေတုကာမေန အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ။ (ဝိသုဒ္ဓိ၊၂၊ ၃၁၂ ။)

မဂ်လေးပါးတို့တွင် ပဌမမဂ်ကို ပြီးစေလိုသောသူသည် ဝိပဿနာရှုမှတ်မှုမှတပါး တစ်စုံတစ်ခုသော ပြုဖွယ်မည်သည် မရှိချေ " ဟူသော စကား၊

" ပုဗ္ဗေ ခေါ် သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏန္တိ။ ( သံ၊၁။၃၄၄။ )

သုသိမ တရား၌တည်သော ဝိပဿနာဉာဏ်သည် ရှေးဦးစွာ ဖြစ်၏။ နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်သည် နောက်မှ ဖြစ်၏ " ဟူသောစကား။

ယတော ခေါ အာဝုသော ဘိက္ခု စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ။ တ္တောဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ။

( သံ၊၂၊ ၃၉၆။ သံ၊၄၊၃။ ၉၇။ )

http://www.dhammadownload.com



ငါ့ရှင်ရဟန်း မဟာဘုတ်လေးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိလျှင် ဉာဏ်အမြင်သည် (မဂ်လေးပါးသည်) ကောင်းစွာစင်ကြယ်၏ " ဟူသောစကား၊

ယတော ခေါ အဝုသော ဘိက္ခု ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ။ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ။

(သံ၊ ၂၊ ၃၉၆။ သံ၊ ၄၊ ၃။ ၉၇။)

ငါ့ရှင်ရဟန်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိလျှင် ဉာဏ်အမြင်သည် ကောင်းစွာ စင်ကြယ်၏။ မဂ်ဉာဏ်ရ၏။"ဟူသော စကားတို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။

ထို့ကြောင့် အရှင်ဉာဏ-၏ "အရိယသစ္စာလေးပါး " ဟောပြောရေးသားချက်နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော အမှတ်(၈)စောဒနာလွှာပါ ဟောပြောရေးသားချက်တို့သည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော် အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

"အရိယသစ္စာလေးပါး " ဟောပြောရေးသားချက်နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော အမှတ်(၈) စောဒနာလွှာပါ မိုးပြာအရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့တွင်

၁။ "အဲဒီလို ချာချာလည်နေရတာ (ပ) ဒီအကောင်ကြီးကတော့ ငါတော့လာပြီး နှိပ်စက်နေပြီပေါ့ ဆိုပြီး သကာလ ဒုက္ခကို မြင်ပြီပေါ့- ဟူသော၊ ဝိမုတ္တဒေသနာစကားရပ်ဖြင့် ဘုံ(၃၁)ဘုံ ပယ်သည်ကို ပြသည်။

နတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုတာ ဘုံသီးခြားမရှိ လူ့ခန္ဓာပေါ်မှာသာရှိနေသည်ဟု ဆိုလိုရင်း ဖြစ်သည်ကို တွေ့ရသည်။

ဘုံ(၃၁)ရှိသည်ကို အမှတ်(၃)စောဒနာ စိစစ်ချက်၌ ဖော်ပြပြီးဖြစ်သော်လည်း ယခုတဖန်ထပ်၍ ပြဆိုပါဦးအံ့----

မြတ်စွာဘုရားသည် ဝိနယပိဋက ပါရာဇိကဏ်ပါဠိတော်၌ အောက်ပါအတိုင်းဟောတော်မူသည်။

**သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။ (ဝိ၊၁။၁။)**

အဓိပ္ပါယ်ကား- ထိုမြတ်စွာဘုရားသည် ကာမာဝစရနတ်ပြည်ငါးထပ်နှင့်တကွသော ဝသဝတ္တီနတ်ပြည်နှင့် တကွသော ဗြဟ္မာပြည်နှစ်ဆယ်နှင့်တကွသော ဩကာသလောကကို သာသနောဂဓ သာသနပစ္စတ္ထိက သမဏ ဗြာဟ္မဏနှင့်တကွသော သမ္မုတိနတ်ဟု ဆိုအပ်သော မင်း,, ကြွင်းသောလူနှင့်တကွသော ဤသတ္တလောကကို ကိုယ်တော်တိုင် ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူ၍ မျက်မှောက်ပြုတော် မူ၍ (နတ်လူတို့ကို) အများအားဖြင့်

http://www.dhammadownload.com



ယင်း ပါဠိတော်ကို အဋ္ဌကထာဆရာက အောက်ပါအတိုင်းဖွင့်ပြတော်မူသည်။

တတ္ထ သဒေဝကဝစနေန ပဉ္စကာမာဝစရဒေဝဂ္ဂဟဏံ ဝေဒိတဗ္ဗံ၊ သမာရကဝစနေန ဆဋ္ဌကာမာဝစရဒေဝဂ္ဂဟဏံ၊ သဗြဟ္မကဝစနေန ဗြဟ္မကာယိကာဒိဗြဟ္မဂ္ဂဟဏံ၊ သဿမဏ-ဗြာဟ္မဏီဝစနေန သာသနဿ ပစ္စတ္ထိက ပစ္စာမိတ္တသမဏဗြာဟ္မဏဂ္ဂဟဏံ၊ သမိတပါပဗာဟိတ-ပါပသမဏဗြာဟ္မဏဂ္ဂဟဏဉ္စ၊ ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ၊ သဒေဝမနုဿဝစနေန သမ္မုတိဒေဝအဝသေသမနုဿဂ္ဂဟဏံ၊ ဧဝမေတ္ထ တီဟိ ပဒေဟိ ဩကာသလောကော၊ ဒွီဟိ ပဇာဝသေန သတ္တလောကော ဂဟိတောတိ ဝေဒိတဗ္ဗော။ (ဝိ၊ဌ၊၁။၉၇။)

ဤသို့ပြဆိုအပ်ပြီးသော ပါဠိအဋ္ဌကထာတို့ဖြင့် (၃၁)ဘုံထင်ရှားရှိပါလျက် (၃၁)ဘုံမရှိဟု အဓိပ္ပါယ် သက်ရောက်သော မိုးပြာအရှင်ဉာဏ၏ ဟောပြော ရေးသားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသော ဟောပြောရေးသား ထားချက်များသာ ဖြစ်ကုန်၏ဟု နိုင်ငံတော်သီးခြားဝိနည်းခုံရုံအဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက သုံးသပ်တော်မူကြသည်။

၂။ အဲဒီလိုမြင်ပြီဆိုမှတော့ ခင်ဗျားတို့ အရိယသစ္စာဆိုတာကို မမြင်ချင်လို့ကို မရတော့ဘူး (ပ) အရှုပအာရုံ ဆိုတာ သိနေမှတော့ ထင်ရှားချက်က သိနေပြီဆိုယင် ဒါကို ခင်ဗျားတို့က မဆင်ခြင်ဘဲ နေလို့ကို မရတော့ဘူး။ ( ဝိမုတ္တိဒေသနာ၊ စာ- ၅၁/၅၂ )

အဲဒီ ဒုက္ခကို ဒို့မလိုချင်တော့ဘူး(ပ)လွတ်လပ်တယ်ဆိုတဲ့ နိရောဓအရိယသစ္စာဆီကို မရောက်ဘူးလားဗျာ။ (ရောက်ပါတယ်ဘုရား) ( ဝိမုတ္တိဒေသနာ၊ စာ- ၅၂ )

**ဖော်ပြပါစကားရပ်တို့ဖြင့်**- သညာသိ၊ ဝိညာဉ်သိ၊ ပညာသိဟူသော အသိသုံးမျိုးတို့တွင် သညာသိ သိရုံမျှဖြင့်သာ အရိယသစ္စာကို သိပြီး၊ ကိလေသာပယ်သတ်မှု မပြုဘဲ ပယ်သတ်နိုင်ရန် ရှုမှတ်ပွားများမှု မပြုဘဲ ဆင်ခြင်ရုံမျှသာ ဆင်ခြင်ရုံဖြင့်၊ နိရောဓအရိယသစ္စာသို့ ရောက်သည်ဟု ဆိုလိုရင်း ဖြစ်သည်ကို တွေ့ရှိရသည်။

ထိုသို့တွေ့ရသောကြောင့် အသိသုံးမျိုး၊ ကိလေသာ၊ ကိလေသာကို ပယ်သတ်မှု၊ ရှုမှတ်ပွားများမှုကို ဖော်ပြ၍ သုံးသပ်ပြပါအံ့။

## " အသိသုံးမျိုး "

၁။ **သညာသိ**= သညာသည် အညိုစသည်တို့၏ အစွမ်းဖြင့်အမှတ်ပြုသိခြင်းကို ပြုတတ်၏။ လက္ခဏာကို ထိုးထွင်း၍ သိခြင်းငှာ မစွမ်းနိုင်။ ကလေးများ ရွှေကို သိသည်နှင့် တူ၏။

၂။ **ဝိညာဉ်သိ**= ဝိညာဉ်သည် အညိုစသည်ကို အမှတ်ပြု၍ သိရုံမျှ မဟုတ်ဘဲ အနိစ္စစသော သာမညလက္ခဏာကို ဖုသနစသော ဝိသေသလက္ခဏာများကိုလည်း သိခြင်းငှာ စွမ်းနိုင်၏။ လုံ့လပြု၍ မဂ်သို့ရောက်စေခြင်းငှာ မစွမ်းနိုင်။ မိခင်များ ရွှေကို သိသည်နှင့်တူ၏။

၃။ **ပညာသိ**= ပညာသည် အညိုစသည်ကိုလည်း သိ၏။ သာမညလက္ခဏာ၊ ဝိသေသလက္ခဏာ များကိုလည်း သိ၏။ ဝိပဿနာကို ပွား၍ မဂ်သို့လည်း ရောက်စေနိုင်၏။ ပန်းထိမ်သည်များ ရွှေကို သိသည်နှင့် တူ၏။

http://www.dhammadownload.com



သညာ တာဝ နီလာဒိဝသေန သဥ္ဇာနနမတ္တံ ကရောတိ၊ လက္ခဏပဋိဝေဓံ ကာတုံ န သက္ကောတိ၊ ဝိညာဏံ လက္ခဏပဋိဝေဓမ္ပိ သာဓေတိ၊ ဥဿုက္ကိတွာ ပန မဂ္ဂံ ပါပေတုံ န သက္ကောတိ၊ ပညာ ပန တိဝိဓမ္ပိ ကရောတိ၊ ဗာလဂါမိကဟေရညိကာနံ ကဟာပဏာဝဗောဓနေမေတ္ထ နိဒဿနန္တိ။ (ဝိဘာဝနီ-ဋီ။၁၁၂။)

သူငယ် အသပြာ၊ မြင်သောအခါ၌၊ ညိုဝါအရွေ၊ သိလေ မှန်စွာ၊ အသပြာဟူ၊ သေချာ မသိ၊ ဂါမိကဟူ၊ ရွာသူမူကား၊ ဖြူဝါတတွေ၊ ညိုရွှေဒင်း၊ တကြောင်း အသပြာ၊ သိရုံသာတည်း။ တန်ရာ အဖွဲ့၊ မည်မျှ အဖိုး၊ သိရိုး မရှိ၊ ဟေရညိက၊ နာမအမည်၊ ပန်းထိမ်သည်ကား၊ တပါး မကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကို၊ အကုန်မှန်စွာ၊ သိလေရာ၏၊ သညာဝိညာဉ်၊ ပညာယှဉ်လျက်၊ ဤသုံးချက်နှင့်၊ ယထာက္ကမ၊ တူလေစွဟု၊ မိန့်ထင်ဋီကာ ဆိုသတည်း။ (ဂဏ္ဌိသစ်။၁၂၃။)

ကလေး၊ မိခင်၊ ပန်းထိမ်ရှင်တို့၊ ရွှေစဉ်ကိုသာ၊ သိခြင်းရာသို့၊ သညာမှတ်ရုံ၊ ဝိညာဉ်တုံမူ၊ သိမှုသာသိ၊ ပညာသိ၊ အသိ စုံလင်စွာ။

ဤသို့ပြဆိုပြီးသည့်အတိုင်း သညာသိ၊ သိရုံမျှဖြင့်၊ အရိယသစ္စာကို မသိနိုင်ပေ။ ထို့ကြောင့် အမှတ်(၈) စောဒနာလွှာပါ "သညာသိ သိရုံမျှဖြင့်သာ အရိယသစ္စာကို သိပြီး၊ ကိလေသာပယ်သတ်မှု မပြုဘဲ ပယ်သတ်နိုင်ရန် ရှုမှတ်ပွားများမှု မပြုဘဲ ဆင်ခြင်ရုံမျှသာ ဆင်ခြင်ရုံဖြင့်၊ နိရောဓအရိယသစ္စာသို့ ရောက်သည်"ဟု အဓိပ္ပါယ် သက်ရောက်သော အရှင်ဉာဏ၏ ဝိမုတ္တိဒေသနာပါ ဟောပြော ရေးသားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသော ဟောပြောရေးသားထားချက်သာ ဖြစ်ပေသည်ဟု နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## " ကိလေသာ "

ဤလောဘအစရှိသည်တို့ဖြင့် စိတ်သည် ပူပန်တတ်သောကြောင့် ကိလေသာမည်ကုန်၏။(တစ်နည်း) ဤလောဘအစရှိသည်တို့ဖြင့် စိတ်ကို နှိပ်စက်တတ်သောကြောင့် ကိလေသာမည်ကုန်၏။

ထိုကိလေသာတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူ၍ ဆယ်ပါးရှိသည်။ ထို့တွင် တစ်ပါးတစ်ပါး၌ အနုသယကိလေသာ, ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာဟု သုံးပါးစီရှိသည်။

စိတ္တံ ကိလိဿတိ ဥပတပ္ပတိ ဗာဓီယတိ ဝါ ဧတေဟီတိ ကိလေသာ။ (ဝိဘာဝနီဋီ။၂၂၁။)

ဝီတိက္ကမကိလေသာကို သီလဖြင့် ပယ်သတ်အပ်၏။ ပရိယုဋ္ဌာနကိလေသာကို သမာဓိဖြင့် ပယ်သတ်အပ်၏။ အနုသယကိလေသာကို အရိယမဂ်ပညာဖြင့် ပယ်သတ်အပ်၏။

**ဝိနယပိဋကေ စ ဝီတိက္ကမပ္ပဟာနံ ကိလေသာနံ, ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ၊ သုတ္တန္တပိဋကေ ပရိယုဋ္ဌာနပ္ပဟာနံ, ပရိယုဋ္ဌာနပဋိပက္ခတ္တာ သမာဓိဿ၊ အဘိဓမ္မပိဋကေ အနုသယပ္ပဟာနံ အနုသယပဋိပက္ခတ္တာ ပညာယ၊** (ဝိ႒၊၁။၁၈။)

ဆိုခဲ့ပြီးသည့်အတိုင်း ကိလေသာကို ပယ်သတ်နိုင်ရန် သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်ပါးကို ရှုမှတ်ပွားများ အားထုတ်ရမည်ဖြစ်သည်။

http://www.dhammadownload.com



## တဏှာအရှုပ် ပယ်ခွါဖြုတ်

ပဋိသန္ဓေပညာရှိ၍ ပြင်းစွာအားထုတ်မှုရှိသော ရင့်ကျက်သည့်ပညာရှိသော (သံသရာဘေးကို) ရှုလေ့ရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍ (သမာဓိ)စိတ်ကိုလည်းကောင်း၊ (ဝိပဿနာ)ပညာကို လည်းကောင်း၊ ပွားစေလျက် ဤဖွဲ့ယှက်သော တဏှာကို ဖြေရှင်းနိုင်ရာ၏။ ထိုသဘောကို ပြတော်မူလို၍-

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။

အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။ (သံ၊၁။၁၃။)ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

ဤသို့ပြဆိုအပ်ပြီးသည့် သမထ ဝိပဿနာဘာဝနာကို ရှုမှတ်ပွားများပြီး ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ပြီးမှသာ အရိယသစ္စာသိရမည်ဖြစ်သောကြောင့် အမှတ်(၈) စာေဒနာလွှာဖြင့် တင်သွင်းအပ်သော အရှင်ဉာဏ၏ ဝိမုတ္တိဒေသနာပါ ဟောပြော ရေးသားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသော ဟောပြောရေးသားထားချက်များသာ ဖြစ်ပေသည်ဟု နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက သုံးသပ်တော်မူကြသည်။

**အမှာ။** ။ [လွတ်လပ်တယ်ဆိုတာ (ပ) ဘာကံမှ မရှိလို့ရှိရင် ဘာက မလွတ်တာလို့ ပြောဖို့ ရှိသေးရဲ့လား။ (မရှိတော့ပါဘူး ဘုရား) မရှိဘူး လွတ်လပ်ပြီဟူသော ဝိမုတ္တိဒေသနာပါစာနှင့်ပတ်သက်၍ အမှတ်(၆) စာေဒနာ စိစစ်ချက်၌ စိစစ်ပြီးဖြစ်၍ အထူးစိစစ်ပြရန်မလိုတော့ပေ။]

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၈)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



# အမှတ်(၉)စာဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊ စာ- ၂/၃ စသည်၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

" ဘုရားကိုယ်က ရောင်ခြည်တန်းတွေလည်း တဝင်းဝင်း တလျှက်လျှက် ထွက်နေတယ်။ မြေရှိုး မိုးပျံတွေလည်း ဘုရားက လုပ်လို့ရတယ်။ ဘုရားအရုပ်မောင်းကလည်း ဆယ့်ရှစ်တောင်ရှိတဲ့အထိ ဖြစ်တယ်။ ဘုရားဟာ တန်ခိုးမပြရဘူးဆိုတဲ့ သူချမှတ်တဲ့ စည်းကမ်းကို သူမလိုက်နာဘဲ တန်ခိုးပြပြီး နတ်ပြည်လည်းတက် အဘိဓမ္မာလည်း ဟောခဲ့တဲ့အထိ ရှိနေပြီ။

ဘုရားဟာ သတ္တဝါတွေကို ချွတ်လွှတ်ဖို့ရန် ခွေးတွေ၊ ဝက်တွေ၊ နွားတွေလည်း ဖြစ်ခဲ့ဖူးတယ်။ သူတောင်းစား၊ အလုပ်သမား၊ မင်း၊ အမတ်တွေအဲဖြစ် တပြောင်းတပြန် ပြုလုပ်နေသူ ဖြစ်တယ်။ ဒီလို အစစတွေ ပေါင်းလိုက်ရင် ဘုရားဟာ လူနားလည်စရာ မရှိတော့တဲ့အဖြစ် ရောက်သွားတယ်။ လူဟာ သူသိဖူးတာနဲ့ ဆက်စပ်မရရှင် ဘာသိလို့ ရမှာလဲ။

**"တရားမှုန်လို့ ဘုရားမှုန်"**

ဘုရားဆီမှာ လူအသိနဲ့ ဆက်စပ်မရတာတွေ ရှိနေတယ်လို့ သိကြတာဟာ လူတွေ တရားမှာ မှုန်ဝါးရာက ဖြစ်လာတဲ့ မှုန်ဝါးတဲ့ တရားပုံတွေပဲ ဖြစ်တယ်။

ဒီနေ့တော့ ဒီပုံတွေက လူတွေကို လွှမ်းမိုးနေကြပြီ။ မှုန်ဝါးဝါး ဘုရားပုံတွေဟာ တရားလေ့လာသူ တွေကို တရားမှန်သိဖို့ရာ အနှောင့်အယှက်တွေ ဖြစ်စေလိမ့်မယ်။ မှုန်ဝါးဝါးဘုရားရဲ့ ဟောကြားချက်ဟာ မှုန်ဝါးဝါးတရားပဲ ဖြစ်နေမှာပဲ။ မှုန်ဝါးဝါးတရားက လူတွေကို လွတ်လပ်ရာဆီ ဘယ်လိုသယ်မှာလဲ။

**"တရားပြောဘို့ ဘုရားမှန်လို"**

ဒါကြောင့် လူတွေလွတ်လပ်ဖို့အတွက် တရားကို ပြောရမှာ ဖြစ်ပေမယ့် မှုန်မှုန်ဝါးဝါးတရား ပြောလို့ မဖြစ်ဘူး။ မှုန်မှုန်ဝါးဝါးတရား မပြောရင် လူတွေသိနေကြတဲ့ မှုန်မှုန်ဝါးဝါးဘုရားက ကန့်ကွက် လိမ့်မယ်။

ဒါကြောင့် တရားမပြောခင် မှုန်မှုန်ဝါးဝါး မဟုတ်တဲ့ဘုရားကို လက်ဦးပြောရမှာဖြစ်တယ်။

( ဘုရား၊ စာ- ၂/၃ )

**"တရားမမြင်သူတွေ မြင်တဲ့ ဘုရားပုံ"**

ဘုရားရှင်ဟာ ဒီကနေ့ ဗုဒ္ဓဘာသာဝင်တွေ သိနေကြတာနဲ့ မတူပဲ ရှိလိမ့်မယ်။ ဒီကနေ့ ဗုဒ္ဓဘာသာ ဝင်တွေ သိနေကြတဲ့ ဘုရားရှင်ဟာ လူသားနဲ့ မတူဘူး။ လူမဟုတ်တဲ့ တခြားဘာလို့လဲ ပြောစရာ မရှိတဲ့ သူတစ်ယောက် ဖြစ်နေတယ်။ ဘာဖြစ်ဖြစ် သိလိုက်ပြီး ဘာဖြစ်ဖြစ် လုပ်နိုင်တယ်။ ဘာမှ မဖြစ်တာ မရှိသူ ဖြစ်နေတယ်။ မိုးပေါ်လည်း လမ်းလျှောက်နိုင်တယ်။ ရေပေါ်လည်း သွားနိုင်တယ်။ မြေကြီးထဲလည်း ငုပ်နိုင်တယ်။ အဝေးလည်းမြင်နိုင် ကြားနိုင်တယ်။ ချက်ချင်းရောက်အောင်လည်း သွားနိုင်တယ်။ စကြဝဠာမက ကြီးလည်း ပြနိုင်တယ်။ မြူမှုန်လောက်သေးလည်း ပြနိုင်တယ်။ ရုပ်သွင် အမျိုးမျိုးလည်း လုပ်ပြနိုင်တယ်။ ဒီလိုဖြစ်နေတယ်။ ( ဘုရား၊ စာ-၉၀ )

**"ဘုရားပညတ်ချက် ဘုရားမကျော်"**

ရဟန်းတွေက ဘုရားကို ပြောပိုင်ခွင့်ရအောင် လုပ်တယ်။ ဘုရားဟာ ရဟန်းတွေကို ပညတ်ပြီး သူက မလိုက်နာရင် သူ့ကို ရဟန်းတွေက ပြောခွင့် ရှိတာဘဲ။ ဒါကြောင့် သူ့ပညတ်ချက်ကို သူမကျော်မှာ အသေအချာပါ။ မာနကြီးမင်းကို ချွတ်ဘို့ မင်းမြောက်တန်ဆာဝတ် မင်းအဖြစ်ဖန်ဆင်း တန်ခိုးပြတာ လုံးဝ

http://www.dhammadownload.com



မရှိထိုက်ပါဘူး။ ရှိတယ်ဆိုရင် နောက်လူတွေ လုပ်ထားတာပါ။ ဒီလိုတစ်မျိုးလည်း နောက်လူတွေ လုပ်တာ ရှိသေးတယ် အဲဒါက ဘုရားနတ်ပြည်တက်ပြီး အဘိဓမ္မာ ဟောတာဘဲ။ နတ်ပြည်တက် တရားဟောတာကို ရှေးက သီဟိုဠ်သားတွေ လုပ်တာလို့ သိရတယ်။ ( ဘုရား၊ စာ- ၁၀၅ )

"ဘုရားတန်ခိုးမပြ"

သူတို့ဟာ ပိပိရိရိ လုပ်တယ်။ ဘုရားတန်ခိုးပြပုံ တစ်ခမ်းတနား လုပ်တယ်။ တိတ္ထိတွေနဲ့ ပြိုင်ဘို့ ပြတာလို့ များတောင် လုပ်ထားတယ်။ ပြမယ့် နေရာမှာ ဆွမ်းခံရာက ရလာတဲ့ သရက်သီးကို ဆွမ်းစားပြီး ဆက်စားတယ်။ သရက်စေ့ကို မြေချစိုက်လိုက်တယ်။ သပိတ်ဆေးရေနဲ့ လောင်းလိုက်တယ်ဆိုရင်ဘဲ ထွန်တုံးလောက်ရှိတဲ့ သရက်ညှောင့်ကြီး ထလာတယ်။ ချက်ချင်းမြင့်တက် အခက်အရွက်တွေနဲ့ အုံ့ဆိုင်း ဝေဆာတဲ့ သရက်ပင်ကြီး ဖြစ်လာတယ်။

" ဘုရားဟာ အဲဒီသရက်ဖြူပင်ကြီးအောက်မှာ လူသူ့ပရိသတ်အများကို ပြသမှု လုပ်တယ်။ နားတစ်ဖက်က ရေအလျှံတွေ။ ကျန်နားတစ်ဘက်က မီးအလျှံတွေ နှာခေါင်းပေါက်တွေကလည်း ဒီလိုဘဲ ရေမီးအလျှံတွေ ထွက်နေတာကို လုပ်ပြတယ်လို့ ဆိုတယ်။ ပြီးတဲ့အခါမှာ နတ်ပြည်ကို နှစ်လှမ်းသုံးဖဝါးနဲ့ အရောက်ကြွတယ်လို့ လုပ်ထားတယ်။ နတ်ပြည်မှာ သုံးလကြာအောင် အဘိဓမ္မာကို တစ်ဆက်ထဲ ဟောတယ်လို့လည်း လုပ်ထားတယ်။ ဘုရား ဒီလိုလုပ်ခွင့် မရှိတာကို သီဟိုဠ်သားတွေ သိတယ်။ ဒီတော့ ဒီလိုလုပ်ခွင့် ရှိသလို ဖြစ်အောင်လည်း သူတို့ လုပ်ကြသေးတယ်။ အဲဒီက ဘုရားက ဘုရားကို တန်ခိုးပြဖို့ တောင်းပန်ပုံ၊ ဘုရားက ဘုရင့်အာဏာကို ဘုရင်လိုက်နာဖို့ မလိုသလို ဘုရားအာဏာလည်း ဘုရား လိုက်နာဘို့ မလိုဘူး ပြောပုံမျိုး လုပ်ထားသေးတယ်။ ဒါဟာ သူတို့ လုပ်ကြတာပါ။ ဘုရား မလုပ်ပါဘူး" ( ဘုရား၊ စာ- ၁၀၆ )

"ဘုရားဟာ တန်းခိုး တစ်စုံတစ်ရာ ရတဲ့ပုံ မရှိဘူး။ ဒါပေမယ့် ပြသလိုတွေ အများအပြား သိနေကြတယ်။ အခုအခါမှာ ဘုရားရုပ်တု အတော်များများဟာ အကောင်းဆုံး မင်းမြောက်တန်ဆာ ဝတ်ဆင်ထားတဲ့ ပုံတွေ ဖြစ်နေတာ တွေ့ရတယ်။ ဒီပုံတွေရဲ့ အညွှန်းက ဘုရားတန်ခိုးပြမှုကို ညွှန်းနေတယ်။

တစ်ချိန်မှာ ဘုရားဟာ အလွန်မာနကြီးတဲ့ မင်းတစ်ပါးကို ချွတ်တယ်။ ချွတ်ပုံက ဘုရားဟာ အဲဒီမင်းထက် အဆင့်များစွာဖြစ်တဲ့ ဝတ်စားနေထိုင်မှုနဲ့ ဝတ်စားနေထိုင်ပြတယ်လို့ ဆိုတယ်။ အဲဒီမင်းဟာ မာန်ကျပြီး တရားရသွားတယ်ပေါ့။

ဘုရားဟာ ဒီလိုမဟုတ်ပါဘူး။ တန်ခိုးပြ တရားမဟောဖို့ သူပညတ်ထားတာဘဲ။ သူပညတ်တာကို သူမကျော်ပါဘူး။ ဘုရားဟာ ရဟန်းများဆီမှာ သိတင်းကျွတ်ချိန် 'ပဝါရဏာ'ပြုပါတယ်" ( ဘုရား၊ စာ- ၁၀၇ )

"လူ့သဘောလွန်တဲ့ တန်ခိုးဟာ မျက်လှည့်တွေဘဲ။ ဘုရားဟာ ဒီလို ယုတ်ညံ့တာတွေကို မလုပ်ဘူး။ သီဟိုဠ်သားတွေ ရေးတဲ့ ဘုရားနတ်ပြည်တက်စာမှာပါတဲ့ သရက်ဖြူပင်ရင်း တန်ခိုးအစုံပြတယ် ဆိုတာတွေဟာ ဒါမျိုးတွေဘဲ။" ( ဘုရား၊ စာ- ၁၁၀ )

"ဘုရားလည်း တန်ခိုးပြတဲ့အတွက် ဒီလိုဘဲ ဂုဏ်မရဘဲ ဂုဏ်ပျက်ဖို့တောင်ဖြစ်ပါတယ်။ ဒီတန်ခိုးမျိုးကို မျက်လှည့်သမား ကလေးတွေတောင် ပြနိုင်ကြတာ ဖြစ်လို့ပဲ။"ဟူသော (ဘုရား၊ စာ- ၁၁၁။) ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

http://www.dhammadownload.com



## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်ကို့သည် ရောင်ခြည်တော်နှင့် တန်ခိုးတော်ကို မယုံကြည်ကြောင်း လက်မခံကြောင်း ရေးသားထားသည့် ဟောပြောရေးသားချက်များဖြစ်ပါသည်။

အရှင်ဉာဏက ရောင်ခြည်တော် ထွက်သည့်ဘုရား၊ တန်ခိုးပြသည့်ဘုရားကို "တရားကို ပြောရမှာ ဖြစ်ပေမယ့် မှုန်မှုန်ဝါးဝါး တရားပြောလို့ မဖြစ်ဘူး၊ မှုန်မှုန်ဝါးဝါးတရား မပြောရင် လူတွေသိနေကြတဲ့ မှုန်ဝါးဝါးဘုရားက ကန့်ကွက်လိမ့်မယ်"ဟု မှုန်ဝါးဝါးဘုရားဟု ဆိုထား၏။

## ဘုရားရှင်မှာ ရောင်ခြည်တော် ရှိကြောင်းနှင့် ကွန့်မြူးပုံ

ဘုရားရှင်မှာ ရောင်ခြည်တော်လည်း ကွန့်မြူး၊ တန်ခိုးလည်းရှိ၊ ပြလည်း ပြပါကြောင်းကို-အဋ္ဌသာလိနီ အဋ္ဌကထာ၌ -

**အထဿ စတုဝီသတိသမန္တပဋ္ဌာနံ သမ္မသန္တဿ ကေန္တတော သဗ္ဗညုတညာဏံ မဟာပကရဏေယေဝ ဩကာသံ လဘိ၊ ယထာ ဟိ တိမိရပိင်္ဂလမဟာမစ္ဆော စတုရာသီတိယောဇနသဟဿဂမ္ဘီရေ မဟာသမုဒ္ဒေယေဝ ဩကာသံ လဘတိ, ဧဝမေဝ သဗ္ဗညုတညာဏံ ကေန္တတော မဟာပကရဏေယေဝ ဩကာသံ လဘိ၊** (အဘိ၊ဋ္ဌ၊၁။၁၄။)

မြန်မာပြန်-

အားထုတ်တော်မူရာ ထိုအခါ၌ ၂၄-ပါးသော သမန္တပဋ္ဌာန်းကို အားထုတ်တော်မူသော မြတ်စွာဘုရား၏ သဗ္ဗညုတညာဏ်တော်သည် စင်စစ်အားဖြင့် ပဋ္ဌာန်းကျမ်းကြီး၌သာလျှင် ကျက်စားခွင့် ရလေ၏။

ဥပမာ ထင်အောင်ပြဦးအံ့။ တိမိရပိင်္ဂလမည်သော ဝေလငါးကြီးသည် ယူဇနာပေါင်း (၈)သောင်း (၄)ထောင် အနက်ရှိသော သမုဒ္ဒရာကြီး၌သာလျှင် ကျက်စားခွင့်ကို ရသကဲ့သို့ ထို့အတူ သဗ္ဗညုတညာဏ်တော်သည် စင်စစ်အားဖြင့် ပဋ္ဌာန်းကျမ်းကြီး၌သာလျှင် ကျက်စားခွင့် ရလေပြီ။

"သတ္ထု ဧဝံ လဒ္ဓေါကာသေန သဗ္ဗညုတညာဏေန ယထာသုခံ သဏှသုခုမဓမ္မံ သမ္မသန္တဿ သရီရတော နီလပိတလောဟိတောဒါတမဉ္ဇိဋ္ဌပဘဿရဝသေန ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမိံ သု။ (အဘိ၊ဋ္ဌ၊၁။၁၄ ။)

မြန်မာပြန်-

မြတ်စွာဘုရားသည် ဤသို့ရအပ်သော အခွင့်ရှိသော သဗ္ဗညုတညာဏ်တော်ဖြင့် အလိုရှိတိုင်း သိမ်မွေ့နူး ညံ့သော တရားတော်ကို သုံးသပ်တော်မူလတ်သော် ကိုယ်တော်မှ ညိုသောရောင်ခြည်တော်, ရွှေသောရောင်ခြည်တော်, နီသော ရောင်ခြည်တော်, ဖြူသော ရောင်ခြည်တော်, မောင်းသောရောင်ခြည်တော်, ပြိုးပြိုးပြက်ထွက်သော ရောင်ခြည်တော် တို့၏ အပြားအားဖြင့်(၆)ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ထွက်တော် မူကြကုန်ပြီ။

အယဥ္စ နေဝ ဗုဒ္ဓါနံ အဓိဋ္ဌာနိဒ္ဓိ, န ဘာဝနာမယိဒ္ဓိ။ သဏှသုခုမဓမ္မံ ပန သမ္မသတော လောကနာထဿ လောဟိတံ ပသီဒိ၊ ဝတ္ထုရူပံ ပသီဒိ၊ ဆဝိဝဏ္ဏော ပသီဒိ၊ စိတ္တသမုဋ္ဌာနာ ဝဏ္ဏဓာတု သမန္တာ အသီတိဟတ္ထမတ္တေ ပဒေသေ နိစ္စလာဝ အဋ္ဌာသိ။ (အဘိ၊ဋ္ဌ၊၁။၁၅။)

http://www.dhammadownload.com



မြန်မာပြန်-

ဆက်ဦးအံ့၊ ဤတန်ခိုးတော်သည် ဘုရားရှင်၏ အဓိဋ္ဌာန်ခြင်းကြောင့် ဖြစ်သော တန်ခိုးတော်လည်း မဟုတ်၊ ဘာဝနာကြောင့်ဖြစ်သော တန်ခိုးတော်လည်း မဟုတ်၊ အဟုတ်သော်ကား သိမ်မွေ့နူးညံ့သော သမန္တပဋ္ဌာန်းကို သုံးသပ်တော်မူသော သတ္တလောက၏ ကိုးကွယ်ရာ မြတ်စွာဘုရား၏ သွေးတော်သည် ကြည်လင်ပြီး ဟဒယဝတ္ထုရုပ်သည် ကြည်လင်ပြီး၊ စိတ်ကြောင့်ဖြစ်သော(ဝါ) စိတ်လျှင်အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သော အဆင်းဓာတ်တော်သည် ထက်ဝန်းကျင် အတောင်(၈၀)အတိုင်းအရှည်ရှိသော အရပ်၌ မတုန်မလှုပ်သာလျှင် တည်လေပြီ။

ဣမ တထာဂတော ယမကပါဋိဟီရံ ကရောတိ အသာဓာရဏံ သာဝကေဟိ၊ ဥပရိမကာယတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ၊ ဟေဋ္ဌိမကာယတော ဥဒကဓာရာ ပဝတ္တတိ . . . (ပ) . . . ဆန္နံ ဝဏ္ဏာနံ ပီတကာနံ လောဟိတကာနံ ဩဒါတာနံ မဉ္ဇိဋ္ဌာနံ ပဘဿရာနံ၊ ဘဂဝါ စင်္ကမတိ။ (ပဋိသံ။ ၁၂၀-၁၂၁။)

မြန်မာပြန်-

ဤသာသနာတော်၌ မြတ်စွာဘုရားသည်(သာဝကတို့နှင့် မဆက်ဆံသော) ရေမီးအစုံတန်ခိုး ပြာဋိဟာကို ပြတော်မူ၏။ အထက်ဖြစ်သောကိုယ်တော်မှ မီးအလျှံဖြစ်၏။ အောက်ဖြစ်သောကိုယ်တော်မှ ရေအယဉ်ဖြစ်၏။. . (ပ). . . ညို+ရွှေ+နီ+ဖြူ+မောင်း+ပြိုးပြိုးပြက်ရှိကုန်သော ရောင်ခြည်တော် (၆)မျိုးတို့၏(အလယ်၌)မြတ်စွာဘုရားသည် စင်္ကြံကြွတော်မူ၏ဟု မိန့်ဆိုထားပါကြောင်း။

သို့ဖြစ်ပါ၍ ဘုရားရှင်မှာ ရောင်ခြည်တော် ခြောက်သွယ် တကယ်ရှိ၍ တကယ်ကွန့်မြူးပါကြောင်း။ ရောင်ခြည်တော် ကွန့်မြူးသည့်ဘုရားသည် မှုန်မှုန်ဝါးဝါးဘုရား မဟုတ်ပါကြောင်း။

## ၂။ "ဘုရားမှာ တန်ခိုး မရှိ၊ တန်ခိုး မပြ"ဟူသော ဟောပြောချက်တို့တွင်

တန်ခိုးနှင့်ပတ်သက်၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ -

" ဣဓ ဘိက္ခု အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ၊ ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ၊ အာဝိဘာဝံ တိရောဘာဝံ တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ။ ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောတိ သေယျထာပိ ဥဒကေ။ ဥဒကေပိ အဘိဇ္ဇမာနေ ဂစ္ဆတိ သေယျထာပိ ပထဝိယံ။ အာကာသေပိ ပလ္လင်္ကေန ကမတိ သေယျထာပိ ပက္ခီ သကုဏော။ ဣမေပိ စန္ဒိမသူရိယေ ဧဝံမဟိဒ္ဓိကေ ဧဝံမဟာနုဘာဝေ ပါဏိနာ ပရာမသတိ ပရိမဇ္ဇတိ၊ ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတီတိ။ ( ပဋိသံ။ ၃၈၅ ။)

မြန်မာပြန်-

ဤသာသနာတော်၌ ရဟန်းသည် များသော အပြားရှိသော တန်ခိုးအစုကို ခံစား၏။ တစ်ယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏။ အများဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်လာ၏။ ကိုယ်ထင်ရှား ဖြစ်စေ၏။ ကိုယ်ပျောက်စေ၏၊ နံရံတဖက်

http://www.dhammadownload.com



တံတိုင်းတဖက် ပောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ ခွေလျက် အတောင်ရှိသောငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကို လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာပြည် တိုင်အောင်လည်း ကိုယ်ဖြင့် (မိမိ) အလိုအတိုင်း ဖြစ်စေ၏။ " ဟု မိန့်ထား၏။

( ပဋိသံ၊ မြန်မာပြန်-၄၄၈။)

ထိုပါဠိကိုပင် တစ်ဖန်ဖွင့်ဆိုသည်က -

" ဧကောပိ ဟုတွာ ဗဟုဓာ ဟောတီတိ ပကတိယာ ဧကော ဗဟုကံ အာဝဇ္ဇတိ၊ သတံ ဝါ သဟဿံ ဝါ သတသဟဿံ ဝါ အာဝဇ္ဇတိ၊ အာဝဇ္ဇိတွာ ဉာဏေန အဓိဋ္ဌာတိ "ဗဟုလော ဟောမီ"တိ၊ ဗဟုလော ဟောတိ။ ယထာ ယသ္မာ စူဠပန္ထကော ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ။ (ပဋိသံ၊ ၃၈၅။ ဝိသုဒ္ဓိ၊ ၂။ ၁၅။ )

**မြန်မာပြန်** -

**တစ်ဦးတည်း ဖြစ်လျက်လည်း အများအပြားဖြစ်၏** ဟူသည် ပြကတေ့အားဖြင့် တစ်ဦးတည်း သည် အများကို ဆင်ခြင်၏၊ အရာကိုလည်းကောင်း အထောင်ကိုလည်းကောင်း အသိန်းကို လည်းကောင်း ဆင်ခြင်၏။ ဆင်ခြင်ပြီးဉာဏ် ဖြင့် "အများဖြစ်စေ" ဟု အဓိဋ္ဌာန်၏၊ အများဖြစ်၏။ အသျှင်စူဠပန္ထကသည် တဦးတည်းဖြစ်လျက်လည်း အများအပြား ဖြစ်သကဲ့သို့ ဤအတူပင် စိတ် အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် တဦးတည်း ဖြစ်လျက်လည်း အများအပြား ဖြစ်၏။ " ( ပဋိသံ၊ မြန်၊ ၄၄၉ )

မြတ်စွာဘုရားသည် ဇီဝကအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကျောင်းတော်မှ ထွက်ကြွတော်မူပြီးနောက် ဇီဝက၏ အစေခံက ဆွမ်းစားလာပင့်သော အချိန်ကာလအတွင်းမှာပင် အရှင်စူဠပန်သည် မိမိကိုယ်ကို ကိုယ်ပေါင်း တစ်ထောင်လောက် ဖန်ဆင်း၍ ပျော်မွေ့စရာကောင်းသော သရက်တောကျောင်း၌ နေတော်မူ၏။ ထိုအခါ ထိုအစေခံယောကျ်ားသည် သွား၍ သင်္ကန်း အရောင်တို့ဖြင့် တပြိုင်နက်တောက်ပနေသော အရံကို မြင်သဖြင့် ပြန်လာပြီးလျှင် "အရှင်ဘုရား, ကျောင်းအရံသည် ရဟန်းတို့ဖြင့် ပြည့်၍နေပါ၏။ အဘယ်အရှင်သည် စူဠပန်မထေရ်ဟူ၍ မသိပါ"ဟု လျှောက်၏။ ထိုအစေခံယောကျ်ားကို မြတ်စွာဘုရားသည် "သွားချေဦး, လက်ဦး မြင်သော ရဟန်း၏ သင်္ကန်းစွန်းကို ကိုင်ပြီးလျှင် အရှင့်ကို မြတ်စွာဘုရား ခေါ်တော် မူသည်ဆို၍ ပင့်ခဲ့"ဟု မိန့်တော်မူ၏၊ ထိုသူသည် သွား၍ အရှင်စူဠပန်၏ သင်္ကန်းစွန်းကို ကိုင်မိသော ခဏ၌ ပင်လျှင် ဖန်ဆင်းအပ်သော "နိမ္မိတ" ရဟန်းပွားအားလုံး ကွယ်ပျောက်ကုန်၏။

အရှင်စူဠပန်သည် ထိုသူကို "သင် သွားနှင့်တော့"ဟု လွှတ်လိုက်၍ မျက်နှာသစ်ခြင်း စသော ကိုယ်ကိစ္စကို ပြုပြီးမှကြွရာ ထိုသူမရောက်မီ ရောက်၍ မိမိနေရာ၌ နေလေ၏၊ ဤသို့ ကိုယ်ပွားတစ်ထောင် အရံပြည့်အောင် ဖန်ဆင်းခြင်းကို ရည်၍ "အရှင်စူဠပန်မထေရ် ကဲ့သို့တည်း"ဟူသော စကားကိုဆိုအပ်၏။ (ဝိသုဒ္ဓိ၊၂၁၇။ ဝိသုဒ္ဓိမြန်၊၂။၂၂၄။)

ဗဟုဓာပိ ဟုတွာ ဧကော ဟောတီတိ ပကတိယာ ဗဟုကော ဧကံ အာဝဇ္ဇတိ၊ အာဝဇ္ဇိတွာ ဉာဏေန အဓိဋ္ဌာတိ "ဧကော ဟောမီ"တိ၊ ဧကော ဟောတိ။ ယထာ ယသ္မာ စူဠပန္ထကော ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ။ ဧဝမေဝံ သော ဣဒ္ဓိမာ စေတောဝသိပ္ပတ္တော ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ။ ( ပဋိသံ။၃၈၆ ။)

http://www.dhammadownload.com



မြန်မာပြန်-

**အများအပြားဖြစ်လျက်လည်း တစ်ဦးတည်းဖြစ်၏ဟူသည် ပြကတေ့အားဖြင့်** အများသည် တဦးတည်းကို ဆင်ခြင်၏၊ ဆင်ခြင်ပြီး၍ ဉာဏ်ဖြင့် "တဦးတည်းဖြစ်စေ"ဟု အဓိဋ္ဌာန်၏။ တဦးတည်းဖြစ်၏။ အသျှင်စူဠပန္ထကသည် အများအပြားဖြစ်လျက်လည်း တဦးတည်း ဖြစ်စေသကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် အများအပြားဖြစ်လျက်လည်း တဦးတည်းဖြစ်၏။(ပဋိသံ၊ မြန်။၄၄၉။)

**အာဝိဘာဝန္တိ ကေနစိ အနာဝဋံ ဟောတိ အပ္ပဋိစ္ဆန္နံ ဝိဝဋံ ပါကဋံ။** (ပဋိသံ။၃၈၆။)

ကိုယ်ထင်းရှားဖြစ်စေ၏ ဟူသည် တစုံတခုဖြင့် မပိတ်ဆီးမဖုံးလွှမ်းဘဲ ဖွင့်လှစ်ထင်ရှားခြင်း ဖြစ်၏။

ဤအာဝိဘာဝ ပြာဋိဟာကို အဘယ်သူပြဘူးသနည်းဟူမူ - မြတ်စွာဘုရားပြဘူး၏။ ထိုစကားမှန်သည်- **ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါ ပင့်လျှောက်အပ်သည် ဖြစ်၍** သာဝတ္ထိပြည်မှ ခုနစ်ယူဇနာဝေးကွာသော သာကေတမြို့သို့ ဝိသကြုံနတ်သားဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတို့ဖြင့် ကြွတော်မူရာ၌ ထိုအခြင်းအရာဖြင့် အဓိဋ္ဌာန်တော်မူခြင်းကြောင့် သာကေတမြို့၌ နေကုန်သော သူတို့သည် သာဝတ္ထိပြည်သူတို့ကို မြင်ကုန်၏၊ သာဝတ္ထိပြည်သူတို့သည်လည်း သာကေတ မြို့နေသူတို့ကို မြင်ရကုန်၏၊ သာကေတမြို့လယ်၌ ဆင်းသက်တော်မူ၍ မြေကို နှစ်ခြမ်းခွဲပြီးလျှင် **အဝီစိတိုင်အောင် ပြတော်မူ၏။ ကောင်းကင်ကိုလည်း နှစ်ဖြာဖယ်ရှားပြီးလျှင် ဗြဟ္မာ့ပြည်တိုင်အောင် ပြတော်မူ၏။** (ဝိသုဒ္ဓိ၊ ၂။ ၁၉။ ဝိသုဒ္ဓိမြန်၊ ၂။ ၂၂၇။)

**တစ်မျိုးကား သီဟိုဠ်ကျွန်း တလင်္ဂရအရပ်၌ သီတင်းသုံးသော ဓမ္မဒိန္နထေရ်သည်လည်း** တိဿကျောင်းတိုက် စေတီပြင်၌ နေ၍ "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပဏ္ဏကပဋိပဒံ ပဋိပန္နော ဟောတိ" အစရှိသော အပဏ္ဏကသုတ်ကို ဟောလျက် ယပ်တောင်ကို ချထားလိုက်၏။ အဝီစိတိုင်အောင် တပြင်တည်းကဲ့သို့ ဟင်းလင်းပွင့်၏။ ထို့နောက် ယပ်တောင်ကို အထက်သို့ မြှောက်လိုက်သောအခါ ဗြဟ္မာ့ပြည်တိုင်အောင် တပြင်တည်း ဟင်းလင်းပွင့်၏။ အရှင်ဓမ္မဒိန္နမထေရ်သည် ငရဲဘေးဖြင့် ခြိမ်းခြောက်၍လည်းကောင်း၊ နတ်ပြည် ချမ်းသာဖြင့် ဖြားယောင်း၍လည်းကောင်း တရားဟောတော်မူ၏။ အချို့သောသူတို့သည် သောတာပန်ဖြစ်ကုန်၏။ အချို့ သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ ဖြစ်ကြကုန်၏။ " ဟုလည်းကောင်း။

(ဝိသုဒ္ဓိ၊ ၂၊ ၂၀။ ဝိသုဒ္ဓိမြန်၊ ၂၃၀။)

**" တိရောဘာဝန္တိ ကေနစိ အာဝဋံ ဟောတိ ပဋိစ္ဆန္နံ ပိဟိတံ ပဋိကုဇ္ဇိတံ။**

ကိုယ်ပျောက်စေ၏ ဟူသည် တစုံတခုဖြင့် ပိတ်ဆီးဖုံးလွှမ်းလျက် ပိတ်ဆို့မှောက်ထားခြင်းဖြစ်၏။

( ပဋိသံ၊ ၃၈၆။ ဝိသုဒ္ဓိ၊ ၂၊ ၁၈ ။)

ဧတံ ပန ပါဋိဟာရိယံ ကေန ကတပုဗ္ဗန္တိ ? ဘဂဝတာ။ ဘဂဝါ ဟိ ယသံ ကုလပုတ္တံ သမီပေ နိသိန္နံယေဝ ယထာ နံ ပိတာ န ပဿတိ၊ ဧဝ မကာသိ။ ( ဝိသုဒ္ဓိ၊ ၂၊ ၂၁ ။)

ဤတိရောဘာဝပြာဋိဟာကို အဘယ်သူ ပြဘူးသနည်း? မြတ်စွာဘုရားသည် ပြတော်မူဖူး၏။ မြတ်စွာဘုရားသည် ယသသတိုးသားကို အနီး၌ နေပါလျက်ပင် ဖခင်သူဌေးကြီး မမြင်အောင်ပြတော်မူ၏။ "ဟု လည်းကောင်း ဖွင့်ဆို ရှင်းလင်းထားပါသည်။

( ဝိသုဒ္ဓိ၊ မြန်၊ ၂၊ ၂၃၂ )

http://www.dhammadownload.com

http://www.dhammadownload.com



"မင်းပြစ်စိုးဒဏ် ခတ်ရပါမည်ဘုရား။ "

" သင်မင်းကြီး ကိုယ်တိုင်ကတော့ ထိုသရက်သီးကို စားနိုင်ခွင့်ရပါသလော။ "

" ရပါသည်အရှင်ဘုရား၊ တပည့်တော်အား ဒဏ်ခတ်ရန်မလိုပါ၊ တပည့်တော်သည် မိမိ၏ ပစ္စည်းဥစ္စာကိုသာ ခံစားမည်ဖြစ်ပါသည်။ "

" မြတ်သောမင်းကြီး ယူဇနာသုံးရာ ကျယ်ဝန်းသော ဤပြည်အဝန်း၌ သင်မင်းကြီး၏ အာဏာစက် ပြန့်နှံ့ ဖြစ်ထွန်းသကဲ့သို့ ထို့အတူပင် ငါဘုရား၏ အာဏာသည်လည်း (အာဏာခေတ်) စကြဝဠာ ကုဋေတစ်သိန်း၌ ပြန့်နှံ့ ဖြစ်ထွန်းသည်။ ငါဘုရားအတွက် သိက္ခာပုဒ် ပညတ်မှု မရှိ၊ အခြားတပည့် သာဝကများအတွက် သိက္ခာပုဒ်ပညတ်မှု ရှိသည်။ ငါဘုရားသည် တန်ခိုးပြာဋိဟာ ပြသမှုကို ပြုပေအံ့။ "

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား အဘယ်အခါ၌ တန်ခိုးပြာဋိဟာပြသမှုကို ပြုတော်မူကြမည်နည်း။"

" မြတ်သောမင်းကြီး ယနေ့မှ နောက်လေးလလွန်မြောက်သောအခါ ဝါဆိုလပြည့်နေ့၌ တန်ခိုးပြာဋိဟာ ပြသမှုကို ပြုပေအံ့။ "

" ဘုန်းတော်ကြီးသောမြတ်စွာဘုရား အဘယ်အရပ်၌ ပြုတော်မူကြမည်နည်း။ "

" မြတ်သောမင်းကြီး သာဝတ္ထိပြည်ဝယ် ကဏ္ဍမ္ဗသစ်ပင် အနီး၌ ပြုတော်မူမည်။ "

(ဇာတက၊ ဋ၊ ၄။ ၂၆၃။ အပါဒါန်၊ ဋ၊ ၁။ ၁၃၀။ မဟာဗုဒ္ဓဝင်၊ တတိယတွဲ။ ၅၀၀ ။)

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးအား မိန့်ကြားပြီး လေးလပြည့်၍ ဝါဆိုလပြည့် ရောက်သောအခါ တန်ခိုးပြဋိဟာပြရန် ဝိသကြုံနတ်သား ဖန်ဆင်းသည့် ရတနာမဏ္ဍပ်သို့ ကြွတော်မူ၏။ ထိုမဏ္ဍပ်၌ ဘုရားရှင်နှင့်တကွ တပည့်ရဟန်းပရိသတ်၊ လူပရိသတ်တို့ စည်းဝေး တည်နေကြ၏။ စကြာဝဠာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း စည်းဝေး ညီညာ ရောက်ရှိကြလေ၏။ ထိုအစည်းအဝေး၌ ယရဏီအမည်ရှိသော အမျိုးသမီးက -

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် ဤစကြာဝဠာ တိုက်အတွင်း၌ ရှိရင်းစွဲ ပထဝီမြေကြီးကို ရေပြုလုပ်ကာ စကြဝဠာတတိုက်လုံး ရေတပြင်တည်း ဖြစ်အောင် ဖန်ဆင်းပြီးနောက် ရေကြက်မကဲ့သို့ ရေ၌ငုတ်လျှိုးပြီးလျှင် အရှေ့စကြဝဠာ အနားရေ၌ မိမိကိုယ်ကို ဖော်ပြပါမည်၊ ထို့အတူ အနောက်စကြဝဠာ အနားရေ, မြောက်စကြဝဠာ အနားရေ, တောင်စကြဝဠာ အနားရေတို့၌လည်း မိမိကိုယ်ကိုဖော်ပြပါမည်။ ထို့အတူ အလယ်၌လည်း မိမိကိုယ်ကို ဖော်ပြပါမည်။ " ဟုလည်းကောင်း။ ( ဗုဒ္ဓဝင်၊ တတွဲ။ စာ- ၅၁၂ ။)

စူဠအနာထပိဏ်က -

" ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တပည့်တော်သည် (၁၂) တဆယ့်နှစ် ယူဇနာရှိသော ဗြဟ္မာမင်း၏ ကိုယ်သဏ္ဌာန် အတ္တဘောကို ဖန်ဆင်းပြီးလျှင် ဤပရိသတ်၏ အလယ်၌ မိုးကြီးထစ်ချုန်း မြည်ဟည်းသံနှင့်မခြား ကြီးမားပြင်းထန်သော အသံဖြင့် ဗြဟ္မာ၏ လက်ပမ်းပေါက် (လက်ခမောင်း)ခတ်ခြင်း မည်သော လက်ပမ်းပေါက် (လက်ခမောင်း) ခတ်မှုကို ပြုပါမည်။ "ဟု လည်းကောင်း။ ( ဗုဒ္ဓဝင်၊ တတွဲ။ စာ- ၅၁၄။)

http://www.dhammadownload.com



ခုနှစ်နှစ်အရွယ် စိရာ သာမဏေရီမကလေးက -

" ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် မြင်းမိုရ်တောင်, စကြဝဠာတောင်, ဟိမဝန္တာတောင် ဤတောင်ကြီးသုံးလုံးတို့ကို တန်ခိုးအာနုဘော်ဖြင့် ယူဆောင်ခဲ့၍ ဤပြာဋိဟာပြပွဲသဘင် ဆင်ယင်ရာဌာန၌ အစဉ်လိုက် အတန်းလိုက် ချထားပါမည်၊ ယင်းသို့ တန်းထားပြီးနောက် တပည့်တော်မသည် ဟင်္သာငှက်မကလေးကဲ့သို့ ထိုထိုတောင်ကြီးသုံးလုံးတို့မှ ထွက်ခဲ့ကာ မငြိမကပ်လွတ်လပ်စွာ ပျံသန်းသွားလာမှုကို ပြပါမည်။ " ဟုလည်းကောင်း၊ ( ဗုဒ္ဓဝင်၊ တတွဲ။ စာ- ၅၁၅။)

ခုနှစ်နှစ်အရွယ် စုန္ဒမည်သော ရဟန္တာသာမဏေငယ်လေးက -

" ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်သည် ဇမ္ဗူဒိပ်ကျွန်း၏ အောင်လံတံခွန် သဖွယ်ဖြစ်သော ဇမ္ဗုသပြေပင်ကြီးကို ပင်စည်မှကိုင်၍လှုပ်ကာ ဇမ္ဗုသပြေသီးတို့ကို ယူဆောင်ခဲ့ပြီးလျှင် ဤယခုစည်းဝေးနေကြသည့် ပရိသတ်ကို ကျွေးပါမည်၊ တာဝတိံသာ နတ်ပြည်ရှိ ပင်လယ်ကသစ်ပွင့်တို့ကို ယူဆောင်ခဲ့ပြီးလျှင် ဤပရိသတ်အား ပေးပါမည်။ " ဟုလည်းကောင်း၊ ( ဗုဒ္ဓဝင်၊ တတွဲ။ စာ- ၅၁၆။)

ဥပ္ပလဝဏ်ထေရီမက - ( ဗုဒ္ဓဝင်၊ တတွဲ၊ စာ- ၅၁၇ )

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်မသည် (၁၂)တဆယ့်နှစ်ယူဇနာ အတိုင်းအရှည် ရှိသော ပရိသတ်ကို ဖန်ဆင်းယူဆောင်၍ (၃၆)သုံးဆယ့်ခြောက်ယူဇနာ အဝန်းအဝိုင်းရှိသော စကြဝတေးမင်း၏ ပရိသတ်ဖြင့် ခြံရံအပ်လျက် စကြာမင်းအသွင် ဖန်ဆင်းလာရောက်၍ အရှင်မြတ်ဘုရားတို့ကို ရှိခိုးပါမည်။ "ဟု လည်းကောင်း၊

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က -

" ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်သည် တန်ခိုးပြဋိဟာ ပြသမှုကို ပြုပါရစေဘုရား။

" ချစ်သား မောဂ္ဂလာန် သင်ချစ်သားသည် တန်ခိုးပြာဋိဟာပြမှုကို အဘယ်သို့ ပြုမည်နည်း။ "

" ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား။ တပည့်တော်သည် မြင်းမိုရ်တောင်မင်းကို သွားကြား၌ ထားပြီးလျှင် မုံညင်းစေ့ကလေးသဖွယ် ပရိသတ်အလယ်၌ စားဝါး၍ တင်ပြပါမည်ဘုရား။"

"အခြားဘယ်လိုများ တန်းခိုးပြသမှု ပြုဦးမည်နည်း။ "

" ဤမဟာပထဝီမြေကြီးကို သင်ဖျာကလေးကဲ့သို့ ခေါက်လိပ်ပြီးလျှင် လက်ချောင်းကြား၌ ထား၍ ပြပါမည်ဘုရား။ "

" အခြားဘယ်လို တန်ခိုးပြသမှု ပြုဦးမည်နည်း။"

" မဟာပထဝီဤမြေကြီးကို အိုးထိန်းစက်(အိုးဖုတ်သမားတို့၏ မြေကြိတ်သော ယန္တရားဘီး)ကဲ့သို့ အထက် အောက်လည်အောင် ပြုပြီးလျှင် လူအများအပေါင်းကို ဤမြေကြီး၏ အောက် အပြင်၌ ရှိသော မြေဆီမြေလွှာ မြေဩဇာကို စားပါစေမည် (ကျွေးပါမည်)ဘုရား။

http://www.dhammadownload.com



" အခြားဘယ်လို တန်ခိုးပြသမှု ပြုဦးမည်နည်း။"

" မဟာပထဝီဤမြေကြီးကို လက်ဝဲလက်ဖဝါးပေါ်၌ ထားပြီးလျှင် ဤသတ္တဝါ များကိုမူ အခြားကျွန်း၌ ထား၍ ပြပါမည်ဘုရား။ "

" အခြားဘယ်လို တန်ခိုးပြသမှု ပြုဦးမည်နည်း။"

" ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . တပည့်တော်သည် မြင်းမိုရ်တောင်ကို ထီးရိုးသဖွယ် ပြုလုပ်ပြီးလျှင် မဟာပထဝီမြေကြီးကို ထီးရွက်ပမာအထက်သို့ မြှောက်ချီကာ မြင်းမိုရ်တောင်၏ ဦးထိပ်၌ ထားပြီးလျှင် ထီးလက်စွဲသော ရဟန်းတစ်ပါးကဲ့သို့ လက်တဖက် တည်းဖြင့် စွဲကိုင်၍ ကောင်းကင်၌ လူးလာ တုံ့ခေါက် စင်္ကြံလျှောက်၍ ပြပါမည်ဘုရား။ " ဟူ၍ လည်းကောင်း၊ ( မဟာဗုဒ္ဓဝင်၊ တတိယတွဲ။ စာ- ၅၁၇ ။)

အသီးသီး လျှောက်ထားကြသော်လည်း ဘုရားရှင်သည် ၎င်းတို့၏ တန်ခိုးကို အသိ အမှတ် ပြုတော်မူ၍ တန်ခိုးပြာဋိဟာပြခြင်းကိုမူ ခွင့်ပြုတော်မမူပေ။ ဘုရားရှင် ကိုယ်တော်တိုင်ပင် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပါသည်။ ( မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၅၂၀ )

" ကတမ တထာဂတော ယမကပါဋိဟာရိယံ ကရောတိ အသာဓာရဏံ သာဝကေဟိ၊ ဥပရိမကာယတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ, ဟေဋ္ဌိမကာယတော ဥဒကဓာရာ ပဝတ္တတိ။ "

ဤသာသနာတော်၌ မြတ်စွာဘုရားသည် တပည့်သာဝကတို့နှင့် မဆက်ဆံသော ယမိုက်ပြာဋိဟာကို ပြုတော်မူ၏။ ကိုယ်တော်အထက်ပိုင်းက မီးပုံကြီးဖြစ်၍၊ ကိုယ်တော် အောက်ပိုင်းက ရေအယဉ်ဖြစ်၏။ " ဟု မိန့်ဆိုဖွင့် ပြထားပါကြောင်း။

( ပဋိသံ။ ၁၂၀။ ဝိသုဒ္ဓိ၊ ၂။ ၂၂ ။)

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာနှင့် ပြည့်စုံသလို တပည့်ရဟန်း၊ ရဟန်းမနှင့် လူဥပါသကာ ဥပါသိကာမတို့၏ တန်ခိုးပြာဋိဟာတို့နှင့် ပြည့်စုံမှုကို အသိအမှတ် ပြုတော်မူခဲ့ကြောင်းကို-

အင်္ဂုတ္တိုရ်ပါဠိတော်၌ -

" ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလာနော"တိ ဣဒ္ဓိမန္တတာယ ဧတဒဂ္ဂေ ဌပေသိ။ ( အံ၊ ၁။ ၂၃။ ထေရ၊ ၄၊ ၂။ ၄၈၂။ )

" ရဟန်းတို့ တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် မဟာမောဂ္ဂလာန်သည် အသာဆုံးအမြတ်ဆုံးဖြစ်ပေ၏။"ဟု တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံသော အရာဝယ် အမြတ်ဆုံး အသာဆုံး ဧတဒဂ်ထားတော်မူခဲ့ပါကြောင်း။

ဥပ္ပလဝဏ္ဏာထေရီမကိုလည်း-

" ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ " ဟု ဘိက္ခုနီမတို့တွင် တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသည့်အရာဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ် ထားတော် မူခဲ့ပါသည်ဘုရား။

ဘုရားရှင်သည် အရှင်ပိဏ္ဍောလဘာရဒွါဇပြသည့် တန်ခိုးကဲ့သို့ သတ္တဝါတို့အား အကျိုး မများသော တန်ခိုးပြခြင်းမျိုးကိုလည်းကောင်း၊ ကေဝဍ္ဍသူကြွယ်တောင်းပန်သော တန်ခိုးပြခြင်းမျိုးကို လည်းကောင်း၊ အံ့ဩဖွယ်ဖြစ်အောင်ကြံ ဆောင်၍ ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိဟာရိယတို့ဖြင့် တန်ခိုးပြခြင်းမျိုး ကိုလည်းကောင်း၊ ဤကဲ့သို့သော

http://www.dhammadownload.com



အကျိုးမများသည့် တန်ခိုးပြခြင်းမျိုးတို့ကို ဘုရားရှင်ကဲ့ရဲ့တော်မူသည်။ "တန်ခိုးရှိမှန်း လူမသိစေရ" ဟုပင် မိန့်ကြားတော် မူခဲ့သည်။

သို့ရာတွင် ဝေနေယျဗန္ဓာသယ (ကျွတ်ထိုက်သောသတ္တဝါ)တို့၏ အလိုဆန္ဒအား လျော်စွာ တန်ခိုးပြ ခြင်းကိုကား ဘုရားရှင်ကိုယ်တော်တိုင် တိုက်တွန်းတော်မူသည်။

သာဓကအားဖြင့် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် အရှင်သာဂတသည် ဘုရားရှင်၏ အလုပ်အကျွေးအဖြစ်ဖြင့် ရှိနေ၏။ စမ္ပာမြို့နေ ကောဠိဝိသ အမျိုးအနွယ် သူဌေးသား သောဏသည် နူးညံ့သိမ်မွေ့၏။ သူ၏ ခြေဖဝါးပြင်၌ အမွေးနုများ ပေါက်နေ၏။

ဗိမ္ဗိသာရမင်းကြီးသည် သူအုပ်ချုပ်သော ရွာပေါင်း ရှစ်သောင်းတို့မှ လူထုအား အစည်းအဝေးခေါ်၏။ သောဏကိုလည်း အစည်းအဝေးသို့တက်ရောက်ရန် ဆင့်ခေါ်ထားသည်။ ထို့ကြောင့် သောဏအား ဆွေမျိုးများက ထမ်းစင်ဖြင့် ထမ်း၍ မင်းကြီးထံ ပို့ပေးကြသည်။ သူ၏ မိဘများကလည်း "ချစ်သား သင်၏ ခြေတို့ကို မင်းကြီးကြည့်ရှုလို၍ ခေါ်တာ ဖြစ်လိမ့်မည်။ မင်းကြီးဘက်သို့ ခြေမဆန့်လင့်။ မင်းကြီးရှေ့၌ ခြေကို မြင်ရအောင် တင်ပျဉ်ခွေ ထိုင်ပါ" ဟု မှာလိုက်ကြသည်။

ဗိမ္ဗိသာရမင်းကြီးသည် သောဏ၏ ခြေဖဝါးမှ အမွေးတို့ကို ကြည့်ရှု၍ အစည်းအဝေး တက်ရောက် လာသော လူထုကြီးအား ပစ္စုပ္ပန်ဘဝ၌ ခံစားရသော အကျိုးတရားတို့ကို ပြောပြဆုံးမ၏။ တမလွန်ဘဝ၌ ဖြစ်သော အကျိုးတရားတို့ကို သိလိုပါမူ ဘုရားရှင်ထံသို့ သွားရောက်ချဉ်းကပ်ကြပါဟု ဆုံးမ၍ ဘုရားရှင်ထံ လွှတ်လိုက်သည်။

ထိုလူများသည် အရှင်သာဂတထံ ချဉ်းကပ်၍ ဘုရားရှင်အား ဖူးမြော်လိုပါကြောင်း လျှောက်ထား ကြသည်။ အရှင်သာဂတသည် လူထုကြီးရှေ့မျှောက်မှာပင် လှေခါးဦးတွင် ခင်းထားသော ကျောက်ဖျာ၌ ငုတ်လျှိုး၍ ဘုရားရှင်ရှေ့တော်မှောက်၌ ပေါ်ပေါက်ပြီး ဘုရားရှင်အား လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "သာဂတ ထိုသို့ ဖူးမြော်လိုကြမူ ကျောင်းစွန်းအရိပ်၌ နေရာခင်းလော့" ဟု မိန့်တော်မူသည်။ အရှင်သာဂတသည် နေရာခင်းရန် အင်းပျဉ်ကို ယူ၍ ဘုရားရှင်၏ ရှေ့တော်မှ မြေ၌ ငုပ်လျှိုးကာ လူထုပရိသတ်ရှေ့ လှေခါးဦး ကျောက်ဖျာ၌ ပေါ်၍ ကျောင်းစွန်းအရိပ်တွင် နေရာခင်းလေသည်။

ထိုအခါ ဘုရားရှင်သည် ကျောင်းတော်မှထွက်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူသည်။ သို့ရာတွင် လူထုပရိသတ်ကြီးမှာ အရှင်သာဂတအပေါ်၌သာ အာရုံညွတ် စိတ်ဝင်စားနေကြပြီး ဘုရားရှင်အပေါ် စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေကြသည်။ ဘုရားရှင်သည် အရှင်သာဂတအား "ချစ်သား သာဂတ သို့ဖြစ်လျှင် အတိုင်းထက်အလွန် တန်ခိုးပြာဋိဟာကို ပြဦးလော့ "ဟု တိုက်တွန်းတော်မူသည်။

ဘုရားရှင်၏ တိုက်တွန်းခွင့်ပြုတော်မူချက်အရ အရှင်သာဂတသည် ကောင်းကင်သို့ ပျံတက်၍ ကောင်းကင် ပြင်၌ စင်္ကြံသွား၏။ ရပ်၏။ ထိုင်၏။ လျောင်း၏။ အခိုးအလျှံကိုလည်း လွှတ်၏။ ကွယ်ပျောက်၏။ ဤသို့စသည် တန်ခိုး အမျိုးမျိုးတို့ကို ပြပြီးနောက် ကောင်းကင်မှ ကွယ်ပျောက်၍ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းဦးခိုက်လျက် "မြတ်စွာဘုရား . . မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာပါတည်း "ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထား၏။

http://www.dhammadownload.com



ထိုအခါ လူထုပရိသတ်ကြီးသည် "အချင်းတို့ အံ့ဖွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပေစွ၊ တပည့်တောင်မှ ဤမျှလောက် တန်ခိုးကြီးနေသေးလျှင် ဆရာမူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း၊ သာလွန်၍ အံ့ဩဖွယ်ရာ တန်ခိုးကြီးမည်သာတည်း "ဟု အောက်မေ့ကြကာ ဘုရားရှင်၌ အာရုံစိုက် စိတ်ဝင်စားလာကြပါကြောင်း။ ( ဝိ၊ ၃။ ၂၆၅ ။)

ပါဠိတော်အဋ္ဌကထာတို့၌ ဘုရားရှင် ရောင်ခြည်တော် ကွန့်မြူးကြောင်း၊ တန်ခိုးလည်းရှိပါကြောင်း၊ ပြလည်း ပြပါကြောင်း အကိုးသာဓက ထုတ်ဆောင်ပြကြလျက် ဘုရားရှင်၏ ရောင်ခြည်တော်နှင့် တန်ခိုးတော်ကို မယုံကြည်ကြောင်း၊ လက်မခံကြောင်း ရေးသားထားသည့် ဟောပြောရေးသားချက်များဖြစ်သော အမှတ် (၉) စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြောချက်တို့သည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော်၊ အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

အမှတ် (၉)စောဒနာလွှာ၌ ဖော်ပြခဲ့ပြီးသော စောဒကဆရာတော်များတင်ပြသည့်စာများကို ကောက်ချက်ချခဲ့သော်-

(က) မြတ်စွာဘုရား၏ ကိုယ်ခန္ဓာတော်မှ ရောင်ခြည်တော် ထွက်ပေါ်ခြင်းမရှိ။

(ခ) မြတ်စွာဘုရားသည် အသိဉာဏ်မရှိ မှုန်ဝါးဝါး ဘုရားဖြစ်၍ ဟောတော်မူသော တရားတော်များသည်လည်း မှုန်ဝါးဝါးတရားဖြစ်သည်။

(ဂ) မြတ်စွာဘုရား၌ မည်သည့်တန်ခိုးတော်မှမရှိ၍ တန်ခိုးမပြ ဟူ၍ သုံးချက်သာရရှိသည်။ ထိုသုံးချက်ကို အသီးသီးစိစစ်၍သုံးသပ်ရမည်ဖြစ်၍ အသီးသီးသုံးသပ်ပြပါအံ့။

## (က) " မြတ်စွာဘုရား၏ ကိုယ်ခန္ဓာတော်မှရောင်ခြည်တော်ထွက်ပေါ်မှု "

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် ဗောဓိပင်မှအနောက်မြောက်အရပ်လေးခုမြောက် သတ္တာဟ ရတနာဃရ၌ စံနေတော်မူသောအခါ ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာန ဟူသော အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသည်။

ထိုသို့ သုံးသပ်ဆင်ခြင်တော်မူရာဝယ်၊ ဓမ္မသင်္ဂဏီစသော အောက်(၆)ကျမ်းတို့ကို၊ သုံးသပ်ဆင်ခြင်တော် မူရာ၌ ကိုယ်တော်မြတ်၏ ခန္ဓာတော်မှ ရောင်ခြည်တော်များ ထွက်ပေါ်ခြင်းမရှိပေ။ မဟာပကရဏပဋ္ဌာန်း ကျမ်းကြီးကို ဆင်ခြင်သုံးသပ်တော်မူသည့်အခါ မြတ်စွာဘုရားသခင်၏ သဗ္ဗညုတဉာဏ်တော်သည်။ ဥပမာ၊ တိမိရပိင်္ဂလ စသော ငါးကြီးတို့သည်၊ ယူဇနာပေါင်းရှစ်သောင်း လေးထောင် အနက်ဆောင်သော မဟာ သမုဒ္ဒရာ၌သာ ရွှင်မြူးပျော်ပါးရာ ရဘိသကဲ့သို့ ကေဝလအားဖြင့် မဟာပကရဏပဋ္ဌာန်းကျမ်းကြီး၌ ဉာဏ်ကျက် စားရာရတော်မူသည်။

မြတ်စွာဘုရားသည် ဤသို့ရအပ်သော ကျက်စားခွင့်ရှိသည့် သဗ္ဗညုတဉာဏ်တော်ဖြင့် အလိုရှိတိုင်း အလွန် သိမ်မွေ့နူးညံ့ထူးခြားသော တရားတော်ကို သုံးသပ်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်မှ-

(၁)နီလ - ညိုသောရောင်ခြည်တော်၊ (၂)ပီတ - ရွှေသောရောင်ခြည်တော်၊

http://www.dhammadownload.com



(၃)လောဟိတ = နီသောရောင်ခြည်တော်၊ (၄)ဩဒါတ = ဖြူသောရောင်ခြည်တော်၊
(၅)မဉ္ဇိဋ္ဌ = မောင်းသောရောင်ခြည်တော်၊ (၆)ပဘဿရ = ပြိုးပြိုးပြက် ရိုးရိုးရဲ
တခဲနက်သော ရောင်ခြည်တော် ဟူသော ရောင်ခြည်တော်ခြောက်သွယ် တို့သည် ထိုထိုကိုယ်အရပ်မှ ထွက်ပေါ် ကွန့်မြူး၍လာကြပါသည်။ ထို့ကြောင့် -

သတ္ထု ဇဝံ လဒ္ဓေါကာသေန သဗ္ဗညုတဉာဏေန ယထာသုခံ သဏှသုခုမမဓ္မံ သမ္မသန္တဿ သရီရတော၊ နီလပီတလောဟိတောဒါတမဉ္ဇိဋ္ဌပဘဿရဝသေန ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမိံ သု။ (ဘာ၊၄၊၁။၁၄။)ဟူ၍ အဋ္ဌကထာဆရာမိန့်တော်မူ၏။

## (ဓ) " မှုန်ဝါးဝါးဘုရား၊ မှုန်ဝါးဝါးတရားမဟုတ်ပုံ"

မြတ်စွာဘုရားသည် အရှင်ဉာဏပြောသကဲ့သို့ အသိဉာဏ်မရှိသော မှုန်ဝါးဝါးဘုရားမဟုတ်ပါ၊ ဆယ်ပါးသော အသိဉာဏ်ရှိသော (ဒသဗလ)ဉာဏ်တော်ရှင်ဖြစ်ပါသည်။

### " ဒသဗလဉာဏ်တော် (၁၀)ပါး"

၁။ ဌာနာဋ္ဌာနဉာဏ် = ဤကားအကြောင်းဟုတ်၏၊ ဤကားအကြောင်းမဟုတ်ဟု ထိုထိုအကျိုး၏ အကြောင်းဟုတ်-မဟုတ်ကို သိသောဉာဏ်။

၂။ ကမ္မဝိပါကဉာဏ် = ထိုထိုသတ္တဝါတို့ပြုအပ်သော အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် ကံ အားလုံးတို့၏ အကျိုးပေးနိုင်၊ မပေးနိုင်ကို အမှန် သိသောဉာဏ်။

၃။ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်= ကံကို အားထုတ်ဆဲ၌ပင် ထိုထိုသတ္တဝါတို့၏ကံကို ''ဤကံကား နိရယစသော ဂတိသို့သွားရောက်စေတတ်၏။ ဤကံကား နိဗ္ဗာန်သို့သွားရောက်စေတတ်၏''ဟု သိသောဉာဏ်။

၄။ အနေကဓာတုနာနာဓာတုလောကဉာဏ်= ခန္ဓာစသည်တို့၏ ဥပါဒိန္နအနုပါဒိန္နစသော များသော သဘောမတူ ထူးခြား အမျိုးမျိုးကွဲပြားသောသဘောကို ခွဲခြားဝေဖန်၍ သိသောဉာဏ်။

၅။ နာနာဓိမုတ္တိကတာဉာဏ်= ထိုထိုသတ္တဝါတို့၏ အထူးထူးသောအလို နှလုံးသွင်း အဇ္ဈာသယဓာတ်သဘော ပင်ကိုယ်စိတ်နေစိတ်ထားကို အမှန်သိနိုင်သောဉာဏ်။

၆။ အာသယာနုသယဉာဏ်= ချွေချွတ်ရမည့် ဝေနေယျတို့၏ သဒ္ဓါ , ဝီရိယ , သတိ , သမာဓိ, (ဣန္ဒြိယပရောပရိယတ္တ) ပညာဟူသော ဣန္ဒြေတို့၏ အနုအရင့်ကို အာသယ, အနုသယ စသည်နှင့်တကွ သိစွမ်းနိုင်သောဉာဏ်။

၇။ ဈာနာဒိသံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်= ဈာန်(၄)ပါး၊ ဝိမောက္ခ(၈)ပါး၊ သမာဓိ(၃)ပါး၊ သမာပတ်(၉)ပါးတို့၏ ညစ်နွမ်းဆုတ်ယုတ်ခြင်း၏ အကြောင်း (ဝသီဘော် မမြောက်ခြင်း= သံကိလေသ) ဖြူစင်တိုးတက်ခြင်း၏ အကြောင်း (ဝသီဘော်မြောက်ခြင်း= ဝေါဒါန) ဝင်စားရာမှ ထနိုင်ခြင်း၊ မဝင်စားနိုင်ခြင်း၏ အကြောင်း။(ပဂုဏဈာန်, ဘဝင် , အထက်ဖိုလ် ၂ ပါး ဝုဋ္ဌာန)ကို သိစွမ်းနိုင်သောဉာဏ်။

၈။ ပုဗ္ဗေနိဝါသဉာဏ် = ရှေးရှေးအတိတ်ဘဝကို ပြန်လည်အောက်မေ့နိုင်သော သတိနှင့်ယှဉ်သောဉာဏ်။

၉။ စုတူပပါတဉာဏ် = မိမိသူတပါးတို့၏ စုတိ ပဋိသန္ဓေ (စုတေသေခါနီး၌ ပစ္စုပ္ပန် ရုပ်ရုံနှင့် ပဋိသန္ဓေ

http://www.dhammadownload.com



နေပြီးခါစဖြစ်သော ပစ္စုပ္ပန်ရူပါရုံ)ကို မြင်အောင်ကြည့်ပြီး၍ အမျိုးစည်းစိမ် ဂုဏ်သိရ်အားဖြင့် ယုတ်ညံ့သူ၊ မြင့်မြတ်သူ၊ အဆင်းလှသူ၊ အရုပ်ဆိုးသူ၊ ချမ်းသာသူ၊ ဆင်းရဲသူတို့ကို သိမြင်နိုင်သော အဘိညာဉ်ဉာဏ်။

(ဒိဗ္ဗစက္ခုဉာဏ်ဟုလည်းခေါ်၏။)

၁၀။ အာသဝက္ခယဉာဏ် - အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်ဟူ၍ ဉာဏ်တော်(၁၀)ပါးရှိပါသည်။

ဤဉာဏ်တော်(၁၀)ပါးသည် ဘုရားရှင်တို့၌သာရှိ၏။ ယင်းဉာဏ် တို့နှင့်ပြည့်စုံမှသာ သဗ္ဗညုပုဂ္ဂိုလ်ဟု ဝန်ခံနိုင်၏။ ပရိသတ်အလည်၌ မကြောက်မရွံ့ရဲဝံ့စွာ ဟောပြောနိုင်၏။ ပဋိဝေဓ ထိုးထွင်းဉာဏ်နှင့်ဒေသနာဟောပြဉာဏ်ဟူသော စက်ယန္တရားကို လည်အောင် လှည့်နိုင်၏။

(ဗုဒ္ဓဝံသ၊၄။၄၂။)

မြတ်စွာဘုရားသည် ဖော်ပြခဲ့ပြီးသော ဉာဏ်တော်(၁၀)ပါးနှင့် ပြည့်စုံတော်မူသော ဘုရားဖြစ်တော်မူ၍ အရှင်ဉာဏပြောသကဲ့သို့ မှုန်ဝါးဝါးဘုရားမဟုတ်ဟု မှတ်ရမည်။

ဒသဗလဉာဏ်တော်ရှင် မြတ်စွာဘုရားဟောတော်မူအပ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တရားများသည် အစ၊အလယ်၊အဆုံး၌ ကောင်းခြင်းရှိသော အနက်သဒ္ဒါ ပဒဗျဉ္ဇနနှင့် ပြည့်စုံသော၊ ဥပနေတဗ္ဗမရှိ အလုံးစုံပြည့်စုံသော၊ အပနေတဗ္ဗမရှိ ထက်ဝန်းကျင်အားဖြင့် စင်ကြယ်သော တရားတော်များဖြစ်ပါသည်။ အရှင်ဉာဏပြောသကဲ့သို့ မှုန်ဝါးဝါးတရားတော်များ မဟုတ်ဟုပင် မှတ်ရမည်။ ထို့ကြောင့်-

သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ။ (ဒီ၊၁။၈၂။)ဟူ၍ သီလက္ခန်ပါဠိတော်၌ မြတ်စွာဘုရားဟောတော်မူသည်။

(မှတ်ချက်) အလားတူပါဠ်များ ပါဠိတော်၌ များစွာရှိပါသည်။

## (ဂ) " တန်ခိုးရှိ၍ တန်ခိုးပြသော ဘုရား"

မြတ်စွာဘုရား၌ မည်သည့်တန်ခိုးမှ မရှိ၍ တန်ခိုးမပြဟု၊ အရှင်ဉာဏက ဆိုထားသည့်အတွက် တန်ခိုးတော် (၁၀)ပါးနှင့် တန်ခိုးပြတော်မူပုံကို ဖော်ပြရပေမည်။

### " တန်ခိုးတော် (၁၀)ပါး "

တန်ခိုးဣဒ္ဓိသည်၊

| | | | |
|---|---|---|---|
| ၁။ | အဓိဋ္ဌာနိဒ္ဓိ | ၆။ | အရိယိဒ္ဓိ |
| ၂။ | ဝိကုဗ္ဗနိဒ္ဓိ | ၇။ | ကမ္မဝိပါကဇိဒ္ဓိ |
| ၃။ | မနောမယိဒ္ဓိ | ၈။ | ပုညဝတောဣဒ္ဓိ |
| ၄။ | ဉာဏဝိပ္ဖါရိဒ္ဓိ | ၉။ | ဝိဇ္ဇာမယိဒ္ဓိ |
| ၅။ | သမာဓိဝိပ္ဖါရိဒ္ဓိ | ၁၀။ | တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ။ |

ဟူ၍ ဆယ်ပါးရှိပါသည်။

http://www.dhammadownload.com



## " ရှင်းလင်းချက် အကျဉ်း"

၁။ ဆိုခဲ့ပြီးသော ဣဒ္ဓိတန်ခိုး ဆယ်ပါးတို့တွင် တစ်ယောက်တည်းဖြစ်လျက် အရာအထောင် စသည်ဖြစ်သော တန်ခိုးသည်၊ အဓိဋ္ဌာန်သည်၏ အစွမ်းဖြင့်ဖြစ်သောကြောင့် အဓိဋ္ဌာနိဒ္ဓိမည်၏။

(ဤအဓိဋ္ဌာနိဒ္ဓိသည် ဘုရား၊ ပစ္စေကဗုဒ္ဓါအရိယာသာဝကတို့နှင့်သာ ဆက်ဆံ၏)

၂။ ပြကတေ့သော အဆင်းကိုစွန့်၍ သူငယ်အဆင်း၊ နဂါးအဆင်း၊ ဂဠုန်အဆင်းစသော အထူးထူးအပြားပြားသော အဆင်းသဏ္ဌာန်ကို ဖြစ်စေသော တန်ခိုးသည် ဝိကုဗ္ဗနိဒ္ဓိမည်၏။

၃။ မိမိကိုယ်တွင်းမှ တခြားတပါးသော ကိုယ်ကိုဖြစ်စေခြင်းငှာ 'မယံ အဇ္ဈတ္တရေ အညော ကာယော ဟောတု'-ဟု အဓိဋ္ဌာန်ခြင်းသည် ကိုယ်အတွင်း၌ စိတ်ဖြင့်ပြီးသော ကိုယ်၏ဖြစ်ခြင်းကြောင့် မနောမယိဒ္ဓိမည်၏။

၄။ အရဟတ္တမဂ်ဉာဏ်ဖြစ်သည်မှ ရှေးအဘို့၌လည်းကောင်း၊ နောက်အဘို့၌လည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်၏အာနုဘော်အစွမ်းကြောင့်ဖြစ်သော အထူးသည် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။

၅။ သမာဓိဖြစ်သည်မှ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း ထိုခဏ၌လည်းကောင်း သမာဓိ၏ အာနုဘော်အစွမ်းကြောင့်ဖြစ်သော အထူးသည် သမာဓိဝိပ္ဖါရိဒ္ဓိမည်၏။

၆။ စက်ဆုပ်ဖွယ်သော အာရုံစသည်တို့၌ စက်ဆုပ်ရွံရှာဖွယ်မရှိဟု နေလေ့ရှိသော အဖြစ်သည် အရိယိဒ္ဓိမည်၏။

၇။ ငှက်စသည်တို့၏ ကောင်းကင်၌သွားခြင်း၊ နတ်တို့၏ကောင်းကင်၌သွားခြင်း၊ ကမ္ဘာဦးလူတို့၏ ကောင်းကင်၌သွားခြင်းသည်၊ ကမ္မဝိပါကဇိဒ္ဓိမည်၏။

၈။ စကြာမင်းစသည်တို့၏ စစ်အင်္ဂါနှင့်တကွ ကောင်းကင်သို့သွားနိုင်ခြင်းအစရှိသောအဖြစ်သည်၊ ပုညဝတောဣဒ္ဓိမည်၏။

၉။ ဝိဇ္ဇာဓိုရ်စသည်တို့သည် မိမိအတတ်ကိုသရဇ္ဈာယ်၍ ကောင်းကင်သို့သွားခြင်းစသောအဖြစ်သည် ဝိဇ္ဇာမယိဒ္ဓိမည်၏။

၁၀။ ထိုထိုသို့သော လုံ့လတို့ကြောင့် ထိုထိုသို့သောအမှုတို့၏ ပြည့်စုံခြင်းသည် တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိမည်၏။

> ဣဒ္ဓိယောတိ ဒသ ဣဒ္ဓိယော။ ကတမာ ဒသ အဓိဋ္ဌာနာ ဣဒ္ဓိ၊ ဝိကုဗ္ဗနာ ဣဒ္ဓိ၊ မနောမယာ ဣဒ္ဓိ , ဉာဏဝိပ္ဖါရာ ဣဒ္ဓိ , သမာဓိဝိပ္ဖါရာ ဣဒ္ဓိ , အရိယာ ဣဒ္ဓိ , ကမ္မဝိပါကဇာ ဣဒ္ဓိ၊ ပုညဝတော ဣဒ္ဓိ , ဝိဇ္ဇာမယာ ဣဒ္ဓိ , တတ္ထ တတ္ထ သမ္မာပယောဂပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ။ (ဗုဒ္ဓဝံသ၊၄။၄၀။)

## " တန်ခိုးပြတော်မူပုံ"

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း တန်ခိုးရှိတော်မူသော မြတ်စွာဘုရားသည် အောက်ပါအတိုင်း တန်ခိုးပြတော် မူသည်။

ထိုအခါ မြတ်စွာဘုရားသည် စကြဝဠာတိုက်တစ်သောင်းတို့၌၊ အာလောကကသိုဏ်းကို ဖြန့်တော်မူ၍ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စားတော်မူပြီး၊ ထိုဈာန်မှထ၍ ဆင်ခြင်တော်မူ၍ အဓိဋ္ဌာန်စိတ်ဖြင့် ကောင်းကင်သို့ပျံတက်တော်မူ၍ ထိုဆွေမျိုးအပေါင်းတို့၏ ဦးခေါင်းတို့၌ ခြေ၌ကပ်သော မြေမှုန့်ကို

http://www.dhammadownload.com



ကဲ့ဖြန့်ဘိသကဲ့သို့၊ များစွာသော နတ်လူတို့၏ အလယ်၌ ရေမီး အစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူပါသည်။

အထ ဘဂဝါ ဒသသဟဿ စက္ကဝါဠေသု အာလောကဖရဏံ ကတွာ အဘိညာပါဒကံ စတုတ္ထဇ္ဈာနံ သမာပဇ္ဇိတွာ တတော ဝုဋ္ဌာယ အာဝဇ္ဇေတွာ အဓိဋ္ဌာနစိတ္တေန အာကာသမဗ္ဘုဂ္ဂန္တွာ တေသံ ဉာတီနံ သီသေသု ပါဒပံသုံ ဩကိရမာနော ဝိယ မဟတိယာ ဒေဝမနုဿပရိသာယ မဇ္ဈေ ယမကပါဋိဟာရိယံ ဒဿေတိ။ (ဗုဒ္ဓဝံသ -၅-၄၆)

ဤသို့ ပြဆိုအပ်ပြီးသည့်အတိုင်း မြတ်စွာခန္ဓာတော်မှ ရောင်ခြည်တော်ထွက်ပေါ် ကွန့်မြူးတော်မူပုံပါဠိနှင့် မြတ်စွာဘုရားသည် (ဒသဗလ)ဉာဏ်တော်ရှင်ဖြစ်၍ ထိုဉာဏ်အားလျော်စွာ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းသောတရားကိုဟောပုံပြပါဠိတို့ ထင်ရှားရှိပြီး ဣဒ္ဓိဆယ်ပါးရှိ၍ မိမိဣဒ္ဓိအား လျော်စွာ ပြသင့်သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူကြောင်း သာဓကခိုင်မာလျက်ပင်ရှိသည်။

ထိုသာဓကပါဠိများကို အဝိဇ္ဇာမှောင်ဖုံးအုပ်နေ၍ မြင်အောင် မကြည့်ဘဲ ရောင်ခြည်တော် မရှိ၊ မှုန်ဝါးဝါးဘုရား၊ မှုန်ဝါးဝါးတရား၊ တန်ခိုးမရှိ တန်ခိုးမပြစသည်ဖြင့် ပြောဟော ရေးသားသော အရှင်ဉာဏ၏ စကား၊ တရားစာများသည် ဂူဓမ္မဝါဒသာဖြစ်သည်ဟု ဆိုရန်မှတပါး အခြား မရှိတော့ပေ။

## မြောက်မြီးဖြင့် မြောက်ကို စီရသော်

အမှတ်(၉)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်တို့တွင်

"ဘုရားဟာ တန်ခိုးမပြရဘူးဆိုတဲ့ သူချမှတ်တဲ့ စည်းကမ်း"ဟူသော စကားဖြင့်ပင် မိုးပြာ အရှင်ဉာဏသည် ဘုရားရှင်၏ တပည့်များ၌လည်းကောင်း၊ ဘုရားရှင်၌လည်းကောင်း တန်ခိုးရှိသည်၏ အဖြစ်ကို လက်ခံယုံကြည်ပြီး ဖြစ်ပါ၏။

ရှင်းဦးအံ့။ ။ အကြောင်းအတ္ထုပ္ပတ် မပေါ်လျှင် ဘုရားရှင်သည် သိက္ခာပုဒ်ကို ပညတ်တော်မမူသည်ကို မိုးပြာ အရှင်ဉာဏ သိပြီးဖြစ်ပါ၏။ ဘုရားရှင်သည် တပည့်ရဟန်းတွေထဲမှ တန်ခိုးရသူ တန်ခိုးပြသူ ရှိသောကြောင့်သာ ထိုသိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်ပါ၏။ ဘုရားရှင်သည် တပည့်ရဟန်းတွေထဲမှ တန်ခိုးရသူ တန်ခိုးပြသူ မရှိလျှင် တန်ခိုး မပြရဟု ပညတ်ရန် မလိုပါ။

ထို့ကြောင့် မိုးပြာ၏ "ဘုရားဟာ တန်ခိုးမပြရဘူးဆိုတဲ့ သူချမှတ်တဲ့ စည်းကမ်း"ဟူသော စကားဖြင့်ပင် မိုးပြာ အရှင်ဉာဏသည် ဘုရားရှင်၏ တပည့်များ၌လည်းကောင်း၊ ဘုရားရှင်၌လည်းကောင်း တန်ခိုးရှိသည်၏ အဖြစ်ကို လက်ခံယုံကြည်ပြီး ဖြစ်ပါ၏။

သို့ပါ၍ မိုးပြာ၏ "ဘုရားဟာ တန်းခိုး တစ်စုံတစ်ရာ ရတဲ့ပုံ မရှိဘူး။" စသော ဟောပြောရေးသား ချက်များသည် ထေရဝါဒ ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်သော စကားသာ ဖြစ်ပါကုန်၏။

## ပေါင်းချုံးသုံးသပ်ချက်

မိုးပြာအရှင်ဉာဏသည် ထေရဝါဒ သင်္ဂါယနာခြောက်တန်တင် ပါဠိအဋ္ဌကထာဋီကာတို့ကို အရှိအတိုင်း လက်မခံလိုသူ၊ ပါဠိတော်ဖြစ်စေ အဋ္ဌကထာဖြစ်စေ ၎င်း၏ အယူအဆနှင့် ကိုက်ညီလျှင် ဗုဒ္ဓပါဝစနအဖြစ် ဗုဒ္ဓအယူအဆအဖြစ် လက်ခံမည်၊ ပါဠိတော်ဖြစ်လိုက ဖြစ်ပါစေ, ၎င်း၏ အယူအဆနှင့်

http://www.dhammadownload.com



မကိုက်ညီလျှင် ပြင်ထားသည် စာမှားနေသည် နောက်လူတွေထည့်ထားသည် စသည် အမျိုးမျိုး အကြောင်းပြ ပယ်ချခဲ့သည်ချည်းဖြစ်သည်။

ယခု ဤစောဒနာပါ ရောင်ခြည်တော် တန်ခိုးတော်အရာသည်လည်း သာမန် လောကအမြင်မျှဖြင့် မည်သို့မျှ မဖြစ်နိုင်သော အကြောင်းအရာများ ဖြစ်နေသောကြောင့် လောကခေတ်လူငယ်များ လက်တွေ့မှ ယုံချင်ကြသူများကို အမိအရ ထောက်ပြလျက် အဋ္ဌကထာစကားများကိုပင် ချပြ ပြောပြပြီး ခေတ်လူများကို ကိုယ့်ဖက် အသေအချာပါအောင် သွေးဆောင်နိုင်ဖို့ အပိုင်ကွက် အသုံးချလိုဟန် အကြံရှိ ဟန်တူ၏။

ခေတ်လူတို့ မယုံကြည်နိုင်လောက်သော သာမန်လူသားဖြစ်လျှင် ဘယ်သို့မျှ မဖြစ်နိုင်သော ရောင်ခြည်တော် တန်ခိုးတော်တို့ကို ယုတ္တိမတန်သော စကားများ ဖြစ်ကြောင်း အဋ္ဌကထာစကား အတော်များများကို ယူ၍ ပြထားသည်။ ယင်းမယုံကြည်ဖွယ် အဋ္ဌကထာ စကားများကိုလည်း သီဟိုဠ်သားများ ထည့်သွင်းထားကြောင်း ဟောပြောသွားသည်။

စောဒကပုဂ္ဂိုလ်များ့ကလည်း ဤထေရဝါဒ သင်္ဂါယနာခြောက်တန်တင် ပါဠိအဋ္ဌကထာတို့ကိုပင် အကိုးအကားပြ ပုံစံထုတ်၍ ရောင်ခြည်တော်ရှိပါကြောင်း တန်ခိုးရှိပါကြောင်း ရောင်ခြည်တော် လွှတ်ပါကြောင်း တန်ခိုးပြပါကြောင်း တင်ပြကြသည်။

အကျဉ်းချုပ်ရသော် မကြံစည်အပ်သောအရာကို ကြံစည်နေကြ၊ ငြင်းခုံ နေကြသည်။

ဝိနည်းမိုရ်ဆရာတော်ကြီးများကား မူလကပင် ထေရဝါဒပိဋကတ်ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ညီ မညီ နှိုင်းညှိ၍ ယင်းထေရဝါဒပိဋကတ်ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်မှု ရှိမရှိကိုသာ သုံးသပ် ဆုံးဖြတ်ကြသည်ဖြစ်သောကြောင့်-

ဤသို့ ပြဆိုအပ်ပြီးသော ပါဠိအဋ္ဌကထာကျမ်းများအလို သုံးသပ်ချက်များအရ "ရောင်ခြည်တော်နှင့် တန်ခိုးမယုံကြည် "ဟူသော ဟောပြောရေးသားချက်နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော အမှတ်(၉) စောဒနာလွှာ၌ စောဒကဆရာတော်များ တင်ပြထားသည့် ( ဘုရား၊ စာ- ၂-၃-စသည်၌ပါသော- မိုးပြာဂိုဏ်း အရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် အဆိုပါ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များသာ ဖြစ်ကြောင်း နိုင်ငံတော် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များက ရှုမြင် သုံးသပ်ကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၉)စောဒနာလွှာပါ အရှင်ဉာဏ၏ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

--------------------------------

http://www.dhammadownload.com



## အမှတ်(၁၀)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊ စာ-၂၀၊၂၁-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"ဆွမ်းစားပြီး နေရဋ္ဌရာမြစ်ကလေးဘေးက ခွါလာခဲ့တော့ မြက်ရိတ်သမားတစ်ဦးဆီက မြက်ဆုပ်အချို့ အလှူခံ လာခဲ့တယ်။ ဗောဓိညောင်ပင်အောက်သွားပြီး မြက်တွေနဲ့ နေရာကလေးလုပ်ပြီး တရားရှာ မဆုံးသမျှ ဒီကမရွှေ့တော့ဘူး လို့ ဆုံးဖြတ်ခဲ့တယ်။ " (ဘုရား၊ စာ-၂၀)

"ဒီတရားတွေအတွက် ပေးခဲ့ရတာက တိုင်းပြည်နဲ့ထီးနန်း။ အခု သူရနေတာက သစ်ပင်အောက်က မြက်အခင်းပေါ်မှာ။ " (ဘုရား၊ စာ-၂၁)

"လူ့လောကရဲ့ စနစ်အသစ်တည်ဆောက်ဘို့ရာ သူဟာ လူ့လောကရဲ့ အပြင်ဘက်က ညောင်ပင် အောက် မြက်ပုံပေါ်မှာ နေရတဲ့ အဖြစ်ရောက်နေပြီးလား " (ဘုရား၊ စာ-၂၁) ဟူသော ဟောပြောချက် တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အရှင်ဉာဏသည် မြက်ရှစ်ဆုပ်မှ အပရာဇိတပလ္လင် ဖြစ်သွားသည်ကို လက်မခံလိုပေ။ အလောင်းတော်၏ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့သည်ကိုလည်း လက်မခံပေ။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့သည်ကို လက်ခံလျှင် သူ၏(အရှင်ဉာဏ၏) ပစ္စုပ္ပန် ကမ္မဝါဒသည် အမှားဟုသာ ဆိုရာရောက်သောကြောင့် လက်မခံခြင်း ဖြစ်ပါသည်။ ထိုသို့ အလောင်းတော် မြတ်၏ ပါရမီကောင်းမှု ကုသိုလ်အဟုန်တို့ကို ယုံကြည်လက်ခံမှု မရှိ၊ အလောင်းတော် လက်မှ ကြဲဖြန့်သော မြက်ရှစ်ဆုပ်သည် မြက်၏အသွင် ကွယ်ပျောက်၍ အပရာဇိတပလ္လင်အဖြစ်သို့ ရောက်သွားသည်ကိုလည်း လက်မခံနိုင်သောကြောင့်-

" သိဒ္ဓတ္ထသည် မြက်တွေနဲ့ နေရာကလေးလုပ်ပြီး " ဟုလည်းကောင်း၊

" မြက်ခင်းပေါ်မှာ "ဟုလည်းကောင်း၊

" ညောင်ပင်အောက် မြက်ပုံပေါ်မှာ " ဟုလည်းကောင်း သုံးနှုန်းထားသော မယဉ်မကျေး အသုံးအနှုန်း တို့သည် ဗုဒ္ဓဝံသ၊ ၄၊ ၉၊ ၃၃၇။ အပါဒါန်၊ ၁၊ ၈၅။-စသည်တို့၌ ဟောပြော ဖွင့်ဆိုချက်များနှင့် ဆန့်ကျင် နေပါကြောင်း တင်ပြထားကြသည်။

## "ဝိနည်းဓိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်"

ဝိနည်းဓိုရ်ဆရာတော်များသည် စောဒကဆရာတော်တို့၏ တင်ပြလျှောက်ထားချက်တို့ကို သေချာစွာ ကြည့်ရှုသုံးသပ်၍ ထေရဝါဒ မှတ်တိုင် ပါဠိအဋ္ဌကထာတို့နှင့် ညီညွတ်မှု ရှိ/မရှိ၊ မှန်ကန်မှု ရှိ/မရှိ စိစစ်ကြပေမည်။

မိုးပြာအရှင်ဉာဏ-သည် မိမိလက်ကိုင်ပြုထားသော ပစ္စုပ္ပန်ကမ္မဝါဒကိုသာ အမှန်ဟု လက်ကိုင် ထားပြီး ဘုရားအလောင်း ဗောဓိပင်သို့ ရှေးရှုကြွတော်မူသည့်အခါ လမ်းခရီး၌ သောတ္ထိယ မြက်ထမ်းသမား လှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်ကို ယူ၍ ဗောဓိပင်သို့ ကြွတော်မူကာ အရှေ့အရပ်အဖို့၌ တည်လျက် မြက်ရှစ်ဆုပ်ကို အဖျားမှ ကိုင်၍ ဖြန့်ကြတော်မူသောအခါ (၁၄)တောင် ပမာဏရှိသော အပရာဇိတပလ္လင်

http://www.dhammadownload.com



ဖြစ်ပေါ်လာသည်ဟူသော ဖွင့်ဆိုချက်များကို လက်မခံလိုသောကြောင့် ထိုအပရာဇိတပလ္လင် ပေါ်ပေါက်လာသည်ကို မျက်ကွယ်ပြု၍ "မြက်တွေနဲ့ နေရာကလေးလုပ်ပြီး" "မြက်အခင်းပေါ်မှာ" "ညောင်ပင်အောက် မြက်ပုံပေါ်မှာ"စသည်ဖြင့် ဘုရားအလောင်းတော်၏ လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်းတော်မူခဲ့သော ပါရမီကုသိုလ် အဟုန်ကြောင့် မြက်အသွင် ပျောက်၍ အပရာဇိတပလ္လင်အဖြစ်သို့ ရောက်တော်မူသည်ကို သေးသိမ်သွားအောင် ပါရမီကုသိုလ်အဟုန်တို့ကို မယုံကြည်နိုင်အောင် အသိဉာဏ် တစ်ထွာ တစ်မိုက်ဖြင့် အလွန်မိုက်မဲစွာ သုံးနှုန်းထားသည်ကို တွေ့မြင်ရပေသည် ။

**မဟာသတ္တော ဝနသဏ္ဍေ ဒိဝါဝိဟာရံ ကတွာ သာယနှသမယေ သောတ္ထိယေန ဒိန္နာ အဋ္ဌ တိဏမုဋ္ဌိယော ဂဟေတွာ ဗောဓိမဏ္ဍံ အာရုယှ ဒက္ခိဏဒိသာဘာဂေ အဋ္ဌာသိ။ သော ပဒေသော ပဒုမိနိပတ္တေ ဥဒကဗိန္ဒု ဝိယ အကမ္ပိတ္ထ။ မဟာသတ္တော, "အယံ မမ ဂုဏံ ဓာရေတုံ န သက္ကောတီ"တိ ပစ္ဆိမဒိသာဘာဂံ အဂမာသိ, သောပိ တထေဝ အကမ္ပိတ္ထ။ ဥတ္တရဒိသာဘာဂံ အဂမာသိ, သောပိ တထေဝ အကမ္ပိတ္ထ။ ပုရတ္ထိမဒိသာဘာဂံ အဂမာသိ, တတ္ထ ပလ္လင်္ကပ္ပမာဏံ ဌာနံ သုနိခါတဣန္ဒခီလော ဝိယ နိစ္စလမဟောသိ။ မဟာသတ္တော "ဣဒံ ဌာနံ သဗ္ဗဗုဒ္ဓါနံ ကိလေသဘဉ္ဇနဝိဒ္ဓံသနဋ္ဌာန"န္တိ တာနိ တိဏာနိ အဂ္ဂေ ဂဟေတွာ စာလေသိ။ တာနိ စိတ္တကာရေန တူလိကဂ္ဂေန ပရိစ္ဆိန္နာနိ ဝိယ အဟေသုံ။ ဗောဓိသတ္တော, "ဗောဓိံ အပ္ပတွာ ဣမံ ပလ္လင်္ကံ န ဘိန္ဒိဿာမီ"တိ စတုရင်္ဂဝီရိယံ အဓိဋ္ဌဟိတွာ ပလ္လင်္ကံ အာဘုဇိတွာ နိသီဒိ။** (မ၊ဋ္ဌ၊၂။၈၈။)

ထိုအပရာဇိတပလ္လင်နှင့်ပတ်သက်၍ အပါဒါနအဋ္ဌကထာ(၁-၈၅)၌ -

ဗောဓိသတ္တော "ဣဒံ သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတွာ အစလဋ္ဌာနံ ကိလေသပဉ္ဇရဝိဒ္ဓံသနဋ္ဌာန"န္တိ ဥတွာ တာနိ တိဏာနိ အဂ္ဂေ ဂဟေတွာ စာလေသိ၊ တာဝဒေဝ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ၊ တာနိပိ ခေါ တိဏာနိ တထာရူပေန သဏ္ဌာနေန သဏ္ဌဟိံသု၊ ယထာရူပံ သုကုသလော စိတ္တကာရော ဝါ ပေါတ္ထကာရော ဝါ အာလိခိတုမ္ပိ သမတ္ထော နတ္ထိ-ဟုလည်းကောင်း။ (အပ၊ဋ္ဌ၊၁။၈၅။)

ဗုဒ္ဓဝံသအဋ္ဌကထာ ၊ (စာမျက်နှာ-၃၃၇)-၌လည်း-

တာဝဒေဝ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ ။ တာနိ စ တိဏာနိ စိတ္တကာရေန လေခါဂဟိတာနိ ဝိယ အဟေသုံ-ဟုလည်းကောင်း ဖွင့်ဆိုထားသည်ကို တွေ့ရှိရပေသည်၊

အဓိပ္ပါယ်မှာ "ဘုရားအလောင်းတော်သည် ဤအရပ်ကား ခပ်သိမ်းသော ဘုရားရှင်တို့၏ ပလ္လင်တော် ပေါက်ရောက်ရာဌာန, ကိလေသာ ရန်သူတို့ကို ဖျက်ဆီးတော် မူရာဌာနဟု သိရှိတော်မူပြီး သောတ္ထိယမြက်ထမ်းသမား ပေးလှူလိုက်သော မြက်ရှစ်ဆုပ်တို့ကို အဖျားမှ ကိုင်ကာ ကြဲဖြန့်တော်မူသော ခဏ၌ပင် ထိုမြက်ရှစ်ဆုပ်တို့သည် တစ်စုံ တစ်ယောက်သော အလွန်ကျွမ်းကျင်လိမ္မာသည့် ပန်းချီဆရာ, ပန်းပုဆရာသည်ပင် ရေးခြင်း, ထုဆစ်ခြင်းငှါ မစွမ်းနိုင်သော အလွန်ဆန်းကြယ်စွာသော ပန်းချီကား ချပ်ကြီးကဲ့သို့ တစ်ဆယ့်လေးတောင် ပမာဏရှိသော ရတနာပလ္လင်ကြီးဖြစ်လျက် အလွန်အံ့ဩဘွယ် ကောင်းသော ပုံသဏ္ဌာန်ဖြင့် တည်ရှိကုန်၏"ဟု ဖွင့်ဆိုထားပါသည်။

ထိုနည်းတူစွာ ဗုဒ္ဓဝံသအဋ္ဌကထာ၌ ပလ္လင်္ကဝေမတ္တကို ဖွင့်ဆိုတော်မူရာဝယ် ကကုသန် မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် ၂၆-တောင် ပမာဏရှိ၏။

http://www.dhammadownload.com



ကောဏာဂုံ မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် အတောင် ၂၀-ပမာဏရှိ၏။ ကဿပ မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် ၁၅-တောင် ပမာဏရှိ၏။ ဂေါတမ မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် ၁၄-တောင် ပမာဏရှိ၏-ဟု ဖွင့်ဆိုတော်မူထားသည်ကို လေ့လာ တွေ့ရှိရပေသည်။

**ပလ္လင်္ကဝေမတ္တံ နာမ ။ပ။ ကကုသန္ဓဿ ဆဗ္ဗီသတိဟတ္ထော, ကောဏာဂမနဿ ဝီသတိဟတ္ထော, ကဿပဿ ပန္နရသဟတ္ထော, ဂေါတမဿ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ၊ အယံ ပလ္လင်္ကဝေမတ္တံ နာမ၊** (ဗုဒ္ဓဝံသ၊ဌ၊၃၅၀။၃၅၁။)

ဝိနည်းမဟာဝါ အဋ္ဌကထာ အဇပါလကထာစသည်တို့၌လည်း ပလ္လင်တော်မှ စဉ်းငယ်အရှေ့အရပ် ယွန်းသော မြောက်အရပ်အဖို့၌ ရပ်တော်မူ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဆည်းပူးတော်မူအပ်ကုန်ပြီးသော ပါရမီတော်တို့၏ အစွမ်းတော်ကြောင့် ရအပ်သော အရပ်ဖြစ်သော ပလ္လင်တော်နှင့် ဗောဓိပင်ကို မမှိတ်သော မျက်လုံးတော်တို့ဖြင့် ကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး လွန်စေတော်မူသည်ဟု ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရပေသည်။

**ပလ္လင်္ကတော ဤသက် ပါစီနနိဿိတေ ဥတ္တရဒိသာဘာဂေ ဌတွာ စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမနဋ္ဌာနံ ပလ္လင်္ကံ ဗောဓိရုက္ခဉ္စ အနိမိသေဟိ အက္ခီဟိ ဩလောကယမာနော သတ္တာဟံ ဝီတိနာမေသိ၊**

(ဝိ၊ဌ၊၃။၂၃၈-၉။ မ၊ဌ၊၂။၈၉။ ခုဒ္ဒ၊၁။ဌ။၄၇။ ဥဒါန်၊ဌ။၉၂။ ဣတိဝုတ်၊ဌ၊၁၀။)

ပရိတ္တဋီကာ၌လည်း ဘုရားအလောင်းတော်သည် သုဇ္ဇာတာ (ဝါ) သောတ္ထိယ မြက်ထမ်းသမား လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို အလှူခံတော်မူခဲ့၍ ဗောဓိမဏ္ဍိုင် ကုန်းတော်ပေါ်သို့ တက်ပြီးလျှင် ဗောဓိပင်၏ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက် အဖျားမှ ကိုင်ကာ ကြဖြန့်လိုက်သည်နှင့် တပြိုင်နက် များစွာသော ကပ်ကမ္ဘာကာလတို့က ဆည်းပူးတော်မူခဲ့သော ပါရမီကောင်းမှု ကုသိုလ်တို့၏ တန်ခိုးအာနုဘော်ကြောင့် မြေမှ ပေါ်ထွက်လာသော အပရာဇိတပလ္လင်တော်သည် အလုံးစုံသော ရတနာတို့ဖြင့် ပြီး၏။ တစ်ဆယ့်လေးတောင် အမြင့် အနံ ရှိ၏။ ထိုတစ်ဆယ့်လေးတောင်နှင့် လိုက်လျောသင့်လျော်သော အလျား ရှိ၏။ မြေပြင်တစ်ခုလုံး၏ အထွဋ်လည်း ဖြစ်ပေ၏။ ဗောဓိပင်၏ အနီး လေးတောင်ထွာကွာသော နေရာဌာနမှာ ဖြစ်ပေါ်လာသော ပလ္လင်တော် ဖြစ်၍ ဗောဓိပလ္လင်မည်၏ဟု ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရပေသည်။

သုဇ္ဇာတယေန တိဏဟာရကေန အဋ္ဌတိဏမုဋ္ဌိ ဂဏှိတွာ ပုဗ္ဗုတ္တရဒိသာဘာဂေ ဌိတော တာနိ အဂ္ဂေ ဂဟေတွာ စာလေန္တေ်ကွဏော အနေကကပ္ပေါပစိတပါရမိတ္တာနုဘာဝေန ပထဗျာ ဥဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဒသဟတ္ထုစ္စဝိတ္ထာရော တဒနုရူပါယာမော ဘူမိကဏ္ဏိကော အပရာဇိတပလ္လင်္ကော ဗောဓိဿ သမီပေ စတုဟတ္ထန္တရေ ဌာနေ ပဝတ္တော ပလ္လင်္ကော ဗောဓိပလ္လင်္ကော။ (ပရိတ္တဋီကာ။ ရတနသုတ်အဖွင့်။)

မဏိဒီပဋီကာ၌လည်း မြက်ရှစ်ဆုပ်ကို ကြဲသော ခဏ၌ မနှိုင်းယှဉ်အပ်သော ကမ္ဘာပတ်လုံး

http://www.dhammadownload.com



ဆည်းပူးတော်မူအပ်သော ပါရမီတော်၏ အာနုဘော်ကြောင့် မြေမှ ပေါ်ပေါက်လာသော အပရာဇိတ ပလ္လင်တော်သည် အလုံးစုံသော ရတနာတို့ဖြင့် ဆန်းကြယ်၏။ အလွန်မြတ်သော ပတ္တမြားဖြင့် ပြီး၏။ နတ်နှင့် တကွသော လောက၌ တစ်စုံတစ်ယောက်သောသူသည် ပြုခြင်းငှါ မတတ်ကောင်းသော သဘောရှိ၏။ တစ်ဆယ့်လေးတောင် အကျယ်ရှိ၏။ ထိုနှင့် သင့်လျော်သော အလျားရှိ၏။ အခြေ မရှိသောကြောင့် မြေမှ မလွတ်သည်ဖြစ်၍ တည်သောမြေကြီး၏ ဦးဆောက်ပန်းသဖွယ် ဖြစ်၍ ဝရဇိန်နေရာဖြစ်၏ဟု မိန့်ဆိုထား သည်ကို လေ့လာတွေ့ရှိရပေသည်။

အဋ္ဌတိဏမုဋ္ဌိ ကိရဏကဏ္ဍော အပရိမိတပပ္ပေါပစိတပါရမိတာနုဘာဝေန ပထဝိတော ဥဋ္ဌိတော သဗ္ဗရတနဝိစိတ္တော အတိဝ ရမဏီယော သဒေဝကေ လောကေ ကေနစိ ကာတုံ အသက္ကုဏေယျရူပေါ စုဒ္ဒသဟတ္ထဝိတ္ထာရော တဒနုရူပါယာမော အပါဒကတ္တာ ပထဝိယော အမုတ္တော ဟုတွာ သဏ္ဌိကော ပထဝိဝဋံသကော ဝဇိရာသနဘူတော အပရာဇိတပလ္လင်္ကော။ (မဏိဒီပဋီကာ)

ဤနေရာ၌ ပလ္လင်တော်နှင့် ပတ်သက်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ရေးသား ပြုစုတော်မူသော မဟာဗုဒ္ဓဝင်ပထမတွဲ ဒုတိယပိုင်း၌ ပါရှိသည့် မှတ်သားဖွယ်ကိုလည်း လေ့လာနိုင်ရန် တင်ပြအပ်ပါသည်။

## ပလ္လင်္က (၂) မျိုး

ပလ္လင်သည် (၁) အာဘုဇနပလ္လင် (၂) အာသနပလ္လင်ဟု နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင် နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ- တင်ပလ္လင်ခွေထိုင်နေ၏ဟူသော မဟာသတိပဋ္ဌာနသုတ် စသည်တို့၌လာသော တင်ပလ္လင်ခွေ ထိုင်နေခြင်းမျိုးကို အာဘုဇနပလ္လင်ဟူ၍ မှတ်ယူ ရာ၏။ နေထိုင်ဘွယ်ရာ အခင်းအထူးကို အာသနပလ္လင်ဟူ၍ မှတ်ယူရာ၏။

ထိုနေထိုင်ဘွယ်ရာ အခင်းအထူးတည်းဟူသော အာသနပလ္လင်သည် သေဋ္ဌိပလ္လင် ရာဇပလ္လင် နာဂပလ္လင် ဒေဝပလ္လင် ဓမ္မပလ္လင် ဗောဓိပလ္လင်စသည်ဖြင့် များစွာ ရှိ၏။ ထိုတွင် အလုံးစုံသော ဘုရား အလောင်းတော်တို့ မဟာဗောဓိပင် အရင်း၌ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို မရသမျှ ဤနေရာမှ ငါ မထတော့ပြီဟု လှုလှုခိုင်မြဲ အဓိဋ္ဌာန်စွဲကာ တင်ပလ္လင်ခွေ ထိုင်နေရာ ဌာနအထူးသည် ဗောဓိပလ္လင် မည်၏။ ထိုဗောဓိပလ္လင်ကိုပင် မာန်ငါးပါးကို (ကိုယ်တော်မြတ်က မရှုံးဘဲ) အောင်ပွဲယူရာ ဖြစ်၍ အပရာဇိတပလ္လင် ဟူ၍လည်းခေါ်၏။

ထိုပလ္လင်တော်မှာ ဗောဓိမဏ္ဍိုင် ကုန်းတော်ပေါ် အတောင် တစ်ရာ မြင့်၍ အလွန်တင့်တယ်သော ဗောဓိပင်၏ အရင်း အရှေ့ဖက် မျက်နှာ လေးတောင်ကွာ ဌာနတွင် ဘုရားအလောင်းတော်များ မြြက်ရှစ်ဆုပ်ကို ဖြန့်ကြလိုက်သည်နှင့် တစ်ပြိုင်နက် ဖြည့်ဆည်းပူးတော် မူခဲ့သော ပါရမီကောင်းမှု ကုသိုလ်ကံ အဟုန်တို့ ကြောင့် မြေအပြင်မှ ပေါ်ပေါက်လျက် ရတနာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်တင့်တယ်သော ပလ္လင်တော် ဖြစ်သည်။

http://www.dhammadownload.com



ဤပလ္လင်ကို ဘုရားအလောင်းတော်တို့ ဇောဓိခေါ် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ထိုးထွင်းသိမြင်ရာ (ဘုရားဖြစ်ရာ) ပလ္လင်ဖြစ်သောကြောင့် (ပါဠိလို) ဗောဓိပလ္လင်္က၊ (မြန်မာလို) ဗောဓိပလ္လင် ဟူ၍ ခေါ်၏။ (မဟာဗုဒ္ဓဝင်၊ ပ-တွဲ၊ ဒုတိယပိုင်း။ ၅၈၁-၅၈၄။)

ယင်းအဖွင့်ကို ထောက်ဆလျက် အပရာဇိတပလ္လင်နှင့် ပတ်သက်၍ ဘုရား၊ စာ-၂၀၊၂၁-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-"မြက်တွေနဲ့ နေရာကလေးလုပ်ပြီး" "မြက်ခင်းပေါ်မှာ" "ညောင်ပင်အောက် မြက်ပုံပေါ်မှာ"ဟူသော ဟောပြောချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များဖြစ်၏ဟု သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၅၀) စောဒနာလွှာပါ အပရာဇိတပလ္လင်နှင့် ပတ်သက်၍ ဘုရား၊ စာ-၂၀၊ ၂၁-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-"မြက်တွေနဲ့ နေရာကလေးလုပ်ပြီး" "မြက်ခင်းပေါ်မှာ" "ညောင်ပင်အောက် မြက်ပုံပေါ်မှာ"ဟူသော ဟောပြောချက်တို့သည် ပါဠိအဋ္ဌကထာ တို့နှင့် ဆန့်ကျင်သဘာဝယုတ္တိလည်း မရှိသောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို နိုင်ငံတော်သီးခြားဝိနည်းမှုခုံရုံးအဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၁)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊စာ-၉၁၊၉၅၊၉၉-တို့၌ အတုလဂုဏ်နှင့်ပတ်သက်၍ အရှင်ဉာဏ ဟောပြောရေးသားသော-

“ဘုရားဟာ ဘာမှ မသိစရာ သူကြီး မဟုတ်ဘူး။ သူ့အတွေးအခေါ် အပြောအဆိုနဲ့ လှုပ်ရှားမှုတွေဟာ လူနားလည်စရာ နယ်ပယ်က နည်းနည်းမှ မလွတ်ဘူး။ နားလည်စရာ အလွယ်ဆုံးနဲ့ အကောင်းဆုံးဖြစ်တယ်။ ဘုရားရဲ့ ဂုဏ်ရည်ဟာ ဒါပဲဖြစ်တယ်။ ဘုရားဂုဏ်ဟာ ဘယ်သူနဲ့မှ မတူလို့ 'အတုလ'ဂုဏ် ရတာမဟုတ်ဘူး။ လူတိုင်းနားလည်အောင်၊ လူနဲ့ အတူဆုံး ဖြစ်လို့ 'အတုလ'ရတာ ဖြစ်တယ်။ လူတိုင်းဟာ နားလည်လို့ရသူတွေ မဟုတ်ဘူး။ ဘုရားက လူနားလည်လို့ ရသူဆိုတော့ ဘုရားဟာ ဒီမှာပဲ သူများနဲ့ မတူတာဖြစ်တယ်။ သူ့ 'အတုလ'ဘွဲ့ဟာ ဒါရဲ့ ဘွဲ့ပဲ။ ( ဘုရား၊ စာ-၉၁ )

“ဘုရားစကားတွေဟာ လူအားလုံးရဲ့ နားကို ကြားစေနိုင်အောင် ချောမွတ်လွန်းလှတယ်။ ဒီတော့ ဘုရားဟာ လူနဲ့ မတူသူ မဟုတ်၊ လူနဲ့ အတူလွန်းဆုံးသူ၊ သူ့လို တူလွန်းတဲ့ အတူမရှိသူသာ ဖြစ်တယ်။ ” ( ဘုရား၊ စာ- ၉၅ )

“ဘုရားဆီမှာတော့ လူတစ်ဦးချင်း ဆီမှာသာရှိတဲ့ ကိုယ်နှုတ်နှလုံး အမှုမျိုး မရှိဘူး၊ လူအားလုံးဆီမှာ အတူရှိပြီး သာမညကျတဲ့ ကိုယ်နှုတ်နှလုံးပဲ ရှိတယ်။ ဒါကြောင့် ဘုရားဟာ သာမညဖြစ်တယ်။ သာမညဟာ သာမန်နဲ့ အရတူပဲ။ ဘုရားက သူဟာ သာမန်ဖြစ်တယ်လို့ ခံယူသူပဲ။ အဓိပ္ပါယ်က လူအားလုံးမှာ အတူအညီရှိတဲ့ လက္ခဏာနဲ့ တူညီတဲ့ လူလို့ဖြစ်တယ်။ ဒါကြောင့် ဘုရားဟာ ဘာမှန်းမသိရတဲ့သူ မဟုတ်ဘူး။ လူနှင့် မတူသူ မဟုတ်ဘူး လူနှင့် အတူဆုံးသူ ဖြစ်တယ် ”ဟု (ဘုရား၊ စာ- ၉၉) ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကဆရာတော်တို့၏ သဘောထား

အရှင်ဉာဏ၏ အထက်ပါ ဟောပြောချက်သည် 'ဘုရားရှင်သည် အလုံးစုံကို သိသူ မဟုတ်၊ လူများ သိသလောက်ပင် သိသူ၊ လူနှင့် တူသူ'ဟု ဆိုလိုထားခြင်း ဖြစ်၏။

တယော မေ ဘိက္ခဝေ အဂ္ဂပ္ပသာဒါ။ ကတမေ တယော? ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ရူပိနော ဝါ အရူပိနော ဝါ သညိနော ဝါ အသညိနော ဝါ နေဝသညိနာသညိနော ဝါ၊ တထာဂတော တေသံ အဂ္ဂမက္ခာယတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

( ခု၊ ၁၊ ၂၅၄။ အံ၊ ၁၊ ၃၄၃။ အံ၊ ၂၊ ၂၉။ ခု၊ ၁၀၊ ၁၆၂ )

မြန်မာပြန်

ရဟန်းတို့ အမြတ်ဆုံးတို့၌ ကြည်ညိုခြင်းတို့သည် ဤသုံးပါးတို့တည်း၊ အဘယ် သုံးပါးတို့နည်း- ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသောသတ္တဝါ များသောအခြေ ရှိသောသတ္တဝါ ရူပသတ္တဝါ အရူပသတ္တဝါ သညီသတ္တဝါ အသညီသတ္တဝါ နေဝသညီနာသညီသတ္တဝါ ဟူသမျှတို့တွင် ပူဇော်အထူးကို

http://www.dhammadownload.com



ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ဘုရား၌ ကြည်ညိုကုန်သူတို့သည် အမြတ်ဆုံးပုဂ္ဂိုလ်၌ ကြည်ညိုသည် မည်ကုန်၏။ အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသူတို့အား အမြတ်ဆုံးအကျိုး ဖြစ်နိုင်၏။ ( ခု၊ မြန်၊ ၁၊ ၂၃၉။)

အထက်ပါ ပါဠိတော်၌ ဘုရားရှင်သည် ကာမ ရူပ အရူပဟူသော(၃၁)ဘုံတွင် အမြတ်ဆုံး ပုဂ္ဂိုလ် အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် သိတော်မူသော ပုဂ္ဂိုလ်ဟု ဆိုထားသဖြင့် မည်သူနှင့်မျှ မတူကြောင်း ထင်ရှားနေပါသည် ဘုရား။

အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ(စာ-၇၁)၌-

"သီလာဒီဟိ ဂုဏေဟိ ကေနစိ အသဒိသော။ နတ္ထိ ဧတဿ ဝါ တုလော သဒိသောတိ အတုလော သဒေဝကေ လောကေ အဂ္ဂပုဂ္ဂလဘာဝတော။

မြတ်စွာဘုရားသည် သီလအစရှိသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့်မျှ တူတော် မမူသောကြောင့် ချိန်ခွင်နှင့်တူသော ဉာဏ်ပညာနှင့် နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်မဟုတ် ထို့ကြောင့် မြတ်စွာဘုရားကို 'အတုလ' ဟု ဆိုရခြင်းဖြစ်ပါသည်။

(တစ်နည်း) နတ်နှင့်တကွသော လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သောကြောင့် တူသော ပုဂ္ဂိုလ်မရှိရကား မြတ်စွာဘုရားကို 'အတုလ'ဟု ဆိုရခြင်းဖြစ်ပါသည်။

မိလိန္ဒပဉှာ ပါဠိတော်၌ -

**"သန္တိ ခေါ ပန, မဟာရာဇ, ဘဂဝတော သာဝကာ ကောသနိကာ, တေ ဇီဝိတဟေတုပိ ဒုတိယံ ဘောဇနံ န ဘုဉ္ဇန္တိ, ဘဂဝါ ပန, မဟာရာဇ, ဒုတိယမ္ပိ ယာဝ တတိယမ္ပိ ဘောဇနံ ဘုဉ္ဇတိ, ယေ တေ, မဟာရာဇ, ဘိက္ခူ ကောသနိကာ, တေ တေန အင်္ဂေန အတိရေကာ, အနေကဝိဓာနိ, မဟာရာဇ, တာနိ ကာရဏာနိ တေသံ တေသံ တံ တံ သန္တာယ ဘဏိတာနိ။ ဘဂဝါ ပန, မဟာရာဇ, အနုတ္တရော သီလေန သမာဓိနာ ပညာယ ဝိမုတ္တိယာ ဝိမုတ္တိဉာဏဒဿနေန ဒသဟိ စ ဗလေဟိ စတူဟိ ဝေသာရဇ္ဇေဟိ အဋ္ဌာရသဟိ ဗုဒ္ဓဓမ္မေဟိ ဆဟိ အသာဓာရဏေဟိ ဉာဏေဟိ,။ပ။**

**"တွဉ္စ, မဟာရာဇ, မနုဿေသု ကောေ ဇာတိမာ ဟောတိ, ကောေ ဓနဝါ, ကောေ ဝိဇ္ဇဝါ, ကောေ သိပ္ပဝါ, ကောေ သူရော, ကောေ ဝိစက္ခဏော, သဗ္ဗေပေတေ အဘိဘဝိယ ရာဇာ ယေဝ တေသံ ဥတ္တမော ဟောတိ, ဝေမေဝခေါ, မဟာရာဇ, ဘဂဝါ သဗ္ဗသတ္တာနံ အဂ္ဂေါ ဇေဋ္ဌော သေဋ္ဌော။** ( မိလိန္ဒ။ ၂၁၁။)

မြန်မာပြန်

မင်းမြတ် မြတ်စွာဘုရားသည် သီလအားဖြင့်လည်းကောင်း၊ သမာဓိအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း အရဟတ္တဖိုလ်အားဖြင့်လည်းကောင်း၊ အရဟတ္တဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်အားဖြင့်လည်းကောင်း၊ အားတော်ဆယ်ပါး တို့ဖြင့်လည်းကောင်း၊ ဝေသာရဇ္ဇဉာဏ်လေးပါးတို့ဖြင့်လည်းကောင်း၊ တဆယ့် ရှစ်ပါးသော ဘုရားဂုဏ်ကျေးဇူးတရားတို့ဖြင့်လည်းကောင်း၊ အသာဓာရဏဉာဏ် ခြောက်ပါး တို့ဖြင့်လည်းကောင်း၊ အတုမရှိပေ၊ အလုံးစုံသော ဘုရားအရာ၌လည်း အတုမရှိပေ။

http://www.dhammadownload.com



မင်းမြတ် ဤလောက၌ လူတို့တွင် တစ်ယောက်သောသူသည် အမျိုးဇာတ်နှင့် ပြည့်စုံ၏။ တစ်ယောက်သော သူသည် ဥစ္စာရှိ၏။ တစ်ယောက်သောသူသည် ပညာရှိ၏။ တစ်ယောက်သော သူသည် လက်မှု အတတ်ရှိ၏။ တစ်ယောက်သောသူသည် ရဲစွမ်းသတ္တိရှိ၏၊ တစ်ယောက်သော သူသည် မြော်မြင်တတ်၏။ ထိုအလုံးစုံသောသူတို့ကိုလည်း လွှမ်းမိုးလွန်ကဲ၍ မင်းသည်သာလျှင် ထိုသူတို့ထက်မြတ်၏။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့ထက် မြတ်၏။ ကြီး၏။ ထူး၏။ (မိလိန္ဒ၊ မြန်၊ ၂၂၆)

တစ်ဖန် မိလိန္ဒပဉှာ ပါဠိတော်၌ပင် -

မိလိန္ဒမင်းသည် "အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားသည် အတုမရှိ မြတ်ပါသလော" ဟု မေးလျှောက်၏။ " မင်းမြတ် မြတ်စွာဘုရားသည် အတုမရှိ မြတ်သည် မှန်၏ "ဟု (မိန့်တော်မူ၏)။ " အသျှင်ဘုရားနာဂသေန မမြင်ဘူးပါပဲလျက် "မြတ်စွာဘုရားသည် အတုမရှိ မြတ်၏"ဟု အဘယ်သို့ သိပါသနည်း"ဟု (လျှောက်၏)။

" မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း? မဟာသမုဒ္ဒရာကို မမြင်ဘူးသေးသော သူတို့သည် မဟာသမုဒ္ဒရာသည် ကျယ်၏။ အစောက်နက်၏။ မရေတွက်နိုင်။ သက်ဝင် ကူးခပ်နိုင်ခဲ၏။ အကြင်မဟာသမုဒ္ဒရာ၌ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ ဟူသော ဤမြစ်ကြီးငါးသွယ်တို့သည် အမြဲမပြတ် စီးဝင်ကုန်၏၊ ထိုမဟာသမုဒ္ဒ၏ ယုတ်လျော့သော အဖြစ်သည်လည်းကောင်း, ပြည့်လျှံသောအဖြစ်သည်လည်းကောင်း, မထင်နိုင်လေဟု သိနိုင်ကုန်ရာသလော"ဟု (မေးတော်မူ၏)။ " အသျှင်ဘုရားဟုတ်ပါ၏ သိနိုင်ကုန်ရာပါ၏"ဟု (လျှောက်၏)။ "မင်းမြတ် ဤအတူသာလျှင် ကြီးမြတ်တော်မူကုန်သော ပရိနိဗ္ဗာန်ဝင်စံတော်မူကုန်ပြီးသော တပည့်သာဝကတို့ကို မြင်ရသောကြောင့် မြတ်စွာဘုရားသည် အတုမရှိမြတ်၏ ဟူ၍ သိနိုင်ရာ၏" (မိန့်တော်မူ၏) ( မိလိန္ဒ၊ မြန်၊ ၇၉ )

မြတ်စွာဘုရားသည် ဖွားတော်မူခါစပင် မြောက်ရပ်သို့ ခြေခုနစ်လှမ်း ကြွတော်မူပြီး ရပ်လျက်

၁။ အဂ္ဂေါဟ မသ္မိ လောကဿ၊ ငါသည် လူသုံးပါးတို့တွင် အမြတ်ဆုံးဖြစ်၏။
၂။ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ ငါသည် လူသုံးပါးတို့တွင် အကြီးအကဲဆုံးဖြစ်၏။
၃။ သေဋ္ဌောဟ မသ္မိ လောကဿ၊ ငါသည် လူသုံးပါးတို့တွင် အချီးမွမ်းအပ်ဆုံးဖြစ်၏။
၄။ အယမန္တိမာ ဇာတိ၊ ဤယခု ပဋိသန္ဓေတည်နေရခြင်းကား ငါ့အဖို့ရာ နောက်ဆုံး ပဋိသန္ဓေတည် နေရခြင်းဖြစ်၏။
၅။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ၊ ယခုအခါ၌ ငါအဖို့ရာ တဖန်ဘဝသစ် ဖြစ်ရခြင်း မရှိတော့ပြီ " ဟူသော ရဲရဲတောက် ကြုံးဝါး မြွက်ဆိုခဲ့၏။

ထိုစကား၌လည်း 'ငါသည် လောက၌ အမြတ်ဆုံး၊ အကြီးဆုံး၊ အချီးမွမ်းအပ်ဆုံး 'ဟု ဆိုထားပါသည်။ ( မ၊ ၂။ ၁၆၄။)

သို့ပါ၍ အမှတ်(၁၁) စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် "ဘုရားရှင်သည် အလုံးစုံကို သိသူမဟုတ်၊ လူများ သိသလောက်ပင် သိသူ ၊ လူနှင့်တူသူ" ဆိုထားခြင်းဖြစ်၍ ခုဒ္ဒက,အင်္ဂုတ္တရ,မိလိန္ဒပဉှပါဠိတော်များ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ ဖွင့်ဆိုချက်တို့နှင့် ဆန့်ကျင်ပါကြောင်း တင်ပြထားကြပေသည်။

http://www.dhammadownload.com



## ဝိနည်းခိုရ်ဆရာတော်တို့၏ သုံးသပ်ချက်

ဝိနည်းခိုရ်ဆရာတော်များသည် စာဒကဆရာတော်များ တင်ပြချက်များနှင့်ပတ်သက်၍ ပါဠိတော်, အဋ္ဌကထာ,ဋီကာစသည်များကို အထောက်အထားပြု၍ မှန်-မမှန် , အဓမ္မဝါဒဖြစ်-မဖြစ် စိစစ် သုံးသပ်တော်မူကြပေမည်။

ဒီဃနိကာယ,မဟာဝဂ္ဂပါဠိတော် (စာမျက်နှာ-၁၃)၌ ဗောဓိသတ္တဓမ္မတာများကို ဟောတော်မူရာတွင် (၁၅)ခု မြောက် ဓမ္မတာကို-

ဓမ္မတာ ဧသာ ဘိက္ခဝေ သမ္ပတိဇာတော ဗောဓိသတ္တော သမေဟိ ပါဒေဟိ ပတိ-ဋ္ဌဟိတွာ ဥတ္တရာဘိမုခေါ သတ္တပဒဝီတိဟာရေန ဂစ္ဆတိ သေတမှိ ဆတ္တေ အနုဓာရိယမာနေ၊ သဗ္ဗာ စ ဒိသာ အနုဝိလောကေတိ၊ အာသဘိံ ဝါစံ ဘာသတိ "အဂ္ဂေါဟမသ္မိ လောကဿ, ဇေဋ္ဌောဟမသ္မိ လောကဿ, သေဋ္ဌောဟမသ္မိ လောကဿ, အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"တိ။ အယမေတ္ထ ဓမ္မတာ။ - ဟု ဟောတော်မူပါသည် ။

ဘုရားအလောင်းတော်မြတ်သည် ဖွါးတော်မူစကပင် မြောက်အရပ်သို့တူရှု ခုနစ်ဘဝါး (ခုနစ်လှမ်း)လှမ်း ကြွတော်မူပြီး၍ ရပ်တန့်တော်မူလျက် (၁)ငါသည် လူသုံးပါးတို့တွင် အမြတ်ဆုံးဖြစ်၏။ (၂)ငါသည် လူသုံးပါးတို့တွင် အကြီးအကဲဆုံးဖြစ်၏။(၃)ငါသည် လူသုံးပါးတို့တွင် အချီးမွမ်းအပ်ဆုံး ဖြစ်၏။ (၄)ဤယခု ပဋိသန္ဓေတည်နေခြင်းကား ငါ့အဖို့ရာ နောက်ဆုံး ပဋိသန္ဓေ တည်နေရခြင်းဖြစ်၏။ (၅)ယခုအခါ၌ ငါ့အဖို့ရာ တဖန်ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ-ဟူသော အာသဘိဝါစာ-ရဲရဲတောက် စကားကို ကြုံးဝါး မြွက်ဆိုတော်မူသည်ကို ထောက်ဆ၍ ဘုရားရှင်သည် လောက၌ အမြတ်ဆုံး အကြီးဆုံး, အချီးမွမ်းအပ်ဆုံး-ဖြစ်သည်ကို တွေ့ရှိရပေသည် ။

အင်္ဂုတ္တရပါဠိတော်၊ဧကကနိပါတ၊ဧကပုဂ္ဂလဝဂ္ဂ၊အပိုဒ်(၁၇၄)စာမျက်နှာ(၂၂)၌-

ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အဒုတိယော အသဟာယော အပ္ပဋိမော အပ္ပဋိသမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော အသမော အသမသမော ဒွိပဒါနံ အဂ္ဂေါတိ။

ရဟန်းတို့ ဤသတ္တလောက၌ အရဟံဂုဏ်ရှင်,သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာ ဘုရားဟူသော တုဘက်ကင်းမြောက် တစ်ယောက်တည်းသော ပုဂ္ဂိုလ်ဖြစ်သည်ရှိသော်

**အဒုတိယော**။ ပြိုင်ဖက်ဖြစ်သော နှစ်ယောက်မြောက်သောသူမရှိ,

**အသဟာယော**။ အတ္တဘာဝ ပဋိဝေဓဓမ္မအားဖြင့် တူသော အဖော်မရှိ,

**အပ္ပဋိမော**။ တူသောအတ္တဘော ရှိသောသူ မရှိ, အတ္တဘောအားဖြင့်တူသောသူ မရှိ,

**အပ္ပဋိသမော**။ဒေသနာအားဖြင့် ပြိုင်ဖက်ဖြစ်သောသူမရှိ,

**အပ္ပဋိပုဂ္ဂလော**။ငါဘုရားဟု ဝန်ခံခြင်းဖြင့် ပြိုင်ဖက်ဖြစ်သောသူ မရှိ,

**အသမော**။တစ်စုံတစ်ယောက်သူနှင့်မတူ,

**အသမသမော**။ တစ်စုံတစ်ယောက်သော သူနှင့် မတူသော ဝိပဿီအစရှိသော ရှေးဘုရားတို့နှင့်သာ တူသည်ဖြစ်၍ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်၏-ဟု ဟောတော်မူသည်ကို ထောက်ဆ၍လည်းကောင်း၊

http://www.dhammadownload.com



ခုဒ္ဒကနိကာယ ၊ ဣတိဝုတ္တကပါဠိ ၊ပဉ္စမဝဂ္ဂ၊အဂ္ဂပ္ပသာဒသုတ္တ၊အပိုဒ်(၉၀)စာမျက်နှာ(၂၅၄)၌-

တယော မေ ဘိက္ခဝေ အဂ္ဂပ္ပသာဒါ ၊ ကတမေ တယော။ ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ရူပိနော ဝါ အရူပိနော ဝါ သညီနော ဝါ အသညီနော ဝါ နေဝသညိနာသညိနော ဝါ တထာဂတော တေသံ အဂ္ဂမက္ခာယတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ။

ရဟန်းတို့ အမြတ်ဆုံးတို့၌ ကြည်ညိုခြင်းတို့သည် ဤသုံးပါးတို့တည်း၊ အဘယ် သုံးပါးတို့နည်း ဟူမူကား၊ ရဟန်းတို့ အခြေမရှိသော သတ္တဝါ, အခြေနှစ်ချောင်းရှိသော သတ္တဝါ, အခြေလေးချောင်းရှိသောသတ္တဝါ, များသော အခြေရှိသော သတ္တဝါ, ရူပီသတ္တဝါ, အရူပီသတ္တဝါ, သညီသတ္တဝါ, အသညီသတ္တဝါ, နေဝသညာနာသညီသတ္တဝါဟူသမျှတို့ တွင် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံး-ဟု ဆိုအပ်၏-ဟု ဟောတော်မူသည်ကို ထောက်ဆ၍လည်းကောင်း၊

ဒီဃနိကာယ် ၊သုတ်ပါထေယျပါဠိတော် ( စာမျက်နှာ-၁၁၁)၌-

ယဉ္စ စုန္ဒ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ။

စုန္ဒ အကြင်ညဉ့်၌(ဝါ)အကြင်ညဉ့်ပတ်လုံး မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော မဖေါက်မပြန် အမှန် ကိုယ်တိုင် ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိတော်မူပြီ-ဟု ဟောတော်မူသည်ကို ထောက်ဆ၍ လည်းကောင်း ။

ဝိနည်းမဟာဝါ ပါဠိတော်(စာမျက်နှာ-၁၂)၌ ဂယာနှင့်ဗောဓိမဏ္ဍိုင်အကြား ဥပကအာဇီဝက တက္ကတွန်းကြီးနှင့် တွေ့ဆုံရာ၌ ဘုရားရှင် ကိုယ်တိုင် မိန့်ဆိုတော်မူသော-

န မေ အာစရိယော အတ္ထိ ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝသ္မိံ လောကသ္မိံ ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

ငါ့မှာ လောကုတ္တရာ ဆရာမရှိ၊ ငါနှင့်တူသော သူသည်မရှိ၊ နတ်နှင့်တကွသော ဤလောကကြီး၌ ပြိုင်ဖက်ဖြစ်သော ပုဂ္ဂိုလ်မရှိ-ဟူသော ဒေသနာတော်ကို ထောက်ဆ၍ လည်းကောင်း။

မြတ်စွာဘုရားရှင်၏ သတ္တလောက၌လည်းကောင်း, ဩကာသလောက၌လည်းကောင်း အမြတ်ဆုံး ပုဂ္ဂိုလ် ၊ အတူမရှိသောပုဂ္ဂိုလ်, ပြိုင်ဖက်မရှိသော ပုဂ္ဂိုလ်, အလုံးစုံသော တရားတို့ကို သဗ္ဗညုတဉာဏ်ဖြင့် ကိုယ်တော်တိုင် သိတော်မူသော ပုဂ္ဂိုလ်အဖြစ်ကို တွေ့ရှိရပေသည်။

ထိုပါဠိတော်များနည်းတူ အောက်ဖေါ်ပြပါ အဋ္ဌကထာ+ဋီကာတို့၌လည်း မြတ်စွာဘုရားရှင်၏ အတုလ, အသဒိသ, အပ္ပဋိပုဂ္ဂလ ဖြစ်ပုံတို့ကို ဖေါ်ပြထားသည်ကို တွေ့ရှိရပေသည်။

တတ္ထ ဒေဝမနုဿာ ဂန္ဓပုပ္ဖမာလာဒီဟိ ပူဇယမာနာ "မဟာပုရိသ တုမှေဟိ သဒိသော တွေ နတ္ထိ ၊ ကုတော ဥတ္တရိတရော"တိ အာဟံသု။ဝေံ ဒသဒိသာ အနုဝိလောကေတွာ အတ္တနာ သဒိသံ အဒိသွာ ဥတ္တရဒိသာဘိမုခေါ သတ္တပဒဝီတိဟာရေန အဂမာသိ ။

(ဗုဒ္ဓဝံသ၊၄။၃၂။ အပ၊၄၊၁။၆၄၊၆၅။)

http://www.dhammadownload.com



ဘုရားအလောင်းတော်မြတ် မွေးဖွားတော်မူရာ၌ နတ်လူတို့သည် နှံ့သာပန်းစသည်တို့ဖြင့် ပူဇော်ကြကုန်လျက် "အလောင်းတော်မြတ် သင်တို့နှင့် တူသောသူသည် ဤသတ္တလောက၌မရှိ သင်ထက် ပို၍ လွန်မြတ်သော သူသည်ကား အဘယ်မှာ ရှိပါအံ့နည်း "ဟုပြောဆိုကြကုန်၏။ ဤသို့လျှင် အရပ် ဆယ်မျက်နှာတို့ကို ကြည့်ရှုလျက် မိမိနှင့် တူသောသူကို မတွေ့မမြင်ရသဖြင့် မြောက်အရပ်သို့ ရှေးရှု ခုနစ်ဘဝါး လှမ်းကြွတော်မူလေ၏။

ဥပရိ ဘဝဂ္ဂံ ဟေဋ္ဌာ အဝီစိံ ပရိယန္တံ ကတွာ တိရိယံ အပရိမာဏာသု လောကဓာတူသု သဗ္ဗသတ္တေ အဘိဘဝတိ သီလေနာပိ သမာဓိနာပိ ပညာယပိ ဝိမုတ္တိယာပိ ဝိမုတ္တိဉာဏ-ဒဿနေနပိ၊ န တဿ တုလာ ဝါ ပမာဏံ ဝါ အတ္ထိ၊ အတုလော အပ္ပမေယျော အနုတ္တရော ရာဇာတိရာဇာ ဒေဝဒေဝေါ သက္ကာနမတိသက္ကော ဗြဟ္မာနမတိဗြဟ္မာ။ (ဒီ၊ဌ၊၁။၆၆။ မ၊ဌ၊၁။ ၅၃။ ဥဒါန၊ဋ္ဌ။၁၁၆။ ဣတိဝုတ်၊ဌ။၁၁၄။ မဟာနိ၊ဌ။၁၅၈။ စူဠနိ၊ဌ။၆၂။ ပဋိသံ၊ဌ၊၁။၁၉၆။)

အထက်ဘဝဂ် အောက်အဝီစိတိုင်အောင် အဆုံးအပိုင်းအခြားပြု၍ ပတ်ဝန်းကျင် အတိုင်းအရှည် မရှိကုန်သော လောကဓာတ်တို့၌ အလုံးစုံသော သတ္တဝါတို့ကို သီလ,သမာဓိ, မဂ်ပညာ, အရဟတ္တဖိုလ်, အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်တော်အားဖြင့် လွှမ်းမိုးတော်မူနိုင်၏။ ထိုမြတ်စွာဘုရားအား နှိုင်းချိန်စရာ, နှိုင်းယှဉ်ကြောင်း မရှိပေ၊ မြတ်စွာဘုရားသည် သီလစသော ဂုဏ်အားဖြင့် အတူရှိတော်မမူ, မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင်, မိမိထက် မြတ်သောပုဂ္ဂိုလ် ရှိတော်မမူ ( ဝါ ) အမြတ်ဆုံးဖြစ်တော်မူ၏။ မင်းအပေါင်းတို့သည် ပူဇော်ထိုက်သောမင်း, နတ်ထက်နတ်, သိကြားတို့ထက် လွန်ကဲသော သိကြား, ဗြဟ္မာတို့ထက် လွန်ကဲသော ဗြဟ္မာ ဖြစ်တော်မူ၏။

ဥပရိ ဘဝဂ္ဂံ ဟေဋ္ဌာ အဝီစိနိရယံ ပရိယန္တံ ကတွာ တိရိယံ အပရိမာဏာသု လောကဓာတူသု ဘဂဝါ သဗ္ဗသတ္တေ အဘိဘဝတိ သီလေနာပိ သမာဓိနာပိ ပညာယပိ ဝိမုတ္တိယာပိ။ န တဿ တုလာ ဝါ ပမာဏံ ဝါ အတ္ထိ၊ အသမော အသမသမော အပ္ပဋိမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော အတုလော အပ္ပမေယျော အနုတ္တရော ဓမ္မရာဇာ ဒေဝဒေဝေါ သက္ကာနံ အတိသက္ကော ဗြဟ္မာနံ အတိဗြဟ္မာ၊ တတော ဧဝ အယံ န ကေနစိ အဘိဘူတော။
(အံ-ဋီ၊၂။၂၅၂။)

ဤပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ,ဋီကာအဖွင့်တို့ကိုထောက်ဆ၍ မြတ်စွာဘုရားရှင်သည် လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်, အတူမရှိသောပုဂ္ဂိုလ်, ပြိုင်ဖက်မရှိသော ပုဂ္ဂိုလ်, နှိုင်းယှဉ်စရာမရှိသော ပုဂ္ဂိုလ်, အလုံးစုံသော တရားတော်တို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကိုယ်တော်တိုင် သိတော်မူသော ပုဂ္ဂိုလ် ဖြစ်တော်မူကြောင်း စိစစ် တွေ့ရှိရပေသည်။

ထို့ကြောင့် စောဒကဆရာတော်များ တင်ပြလျှောက်ထားသည့် အမှတ် (၁၁) စောဒနာလွှာပါ (ဘုရားစာ-၉၁၊၉၅၊၉၉)တို့၌ အတုလဂုဏ်နှင့် ပတ်သက်၍ အရှင်ဉာဏ ဟောပြော ရေးသားသော-

http://www.dhammadownload.com



"ဘုရားရှင်သည် အလုံးစုံကို သိသူ မဟုတ်၊ လူများသိ သလောက်ပင် သိသူ၊ လူနှင့် တူသူ"ဟု အဓိပ္ပါယ် သက်ရောက်သော ဟောပြော ရေးသားချက်များသည် ပါဠိအဋ္ဌကထာဋီကာတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များ ဖြစ်သည်ဟု သုံးသပ်တော်မူကြပါသည် ။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၁၁) စောဒနာလွှာပါ ဘုရား၊ စာ-၉၁၊၉၅၊၉၉-တို့၌ အတုလဂုဏ်နှင့် ပတ်သက်၍ အရှင်ဉာဏ ဟောပြောရေးသားသော- "ဘုရားရှင်သည် အလုံးစုံကို သိသူမဟုတ်၊ လူများသိ သလောက်ပင် သိသူ၊ လူနှင့် တူသူ"ဟု အဓိပ္ပါယ်သက်ရောက်သော ဟောပြောချက်တို့သည် ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

## အမှတ်(၁၂)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

http://www.dhammadownload.com



## အမှတ်(၁၂)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊ စာ-၁၀၀/၁၀၁၊၁၀၃၊၁၀၄- တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော -

"ဘုရားလည်း ခွင့်ပြုလိုက်ပါတယ်။ ရဟန်းတွေလည်း ပြန်ရောက်လာကြတာပေါ့။ ဒါကိုကြည့်ရင် ဘုရားဟာ ရဟန်းတွေ ဆူဆူညံညံ အသံကြောင့် စိတ်ဆင်းရဲမှု ခံစားရတာ တွေ့ရတယ်။ ဘုရားဟာ ဒုက္ခအဆုံးကို ရောက်ပြီးပေမယ့် ခံစားမှု ဆင်းရဲတော့ သူများလိုဘဲ ခံစားရတယ်။ ခံစားမှုဆင်းရဲဟာ ဘုရားပယ်တဲ့ ဒုက္ခမဟုတ်ဘူး။ ဒါကြောင့် ခံစားစရာကို သူများလိုဘဲ ဘုရားခံစားရတယ်။ ( ဘုရား၊ စာ-၁၀၀/၁၀၁ )

"တစ်ခါဇေတဝန်ကျောင်းနားမှာ ရှင်းလင်းလုပ်ကိုင် ဘည်ဆောက်နေတာကို ဘုရား တွေ့သွားတယ်။ ဘုရားစုံစမ်းတော့ တိတ္ထိရဲ့ ကျောင်းဆောက်တာ ဖြစ်နေတယ်။ တိတ္ထိတွေက ဘုရားကြီးပွားတာ ဇေတဝန် မြေခံကောင်း လို့ဘဲ၊ တို့လည်းကြီးပွားအောင် ဒီနားကပ်ပြီး ကျောင်းဆောက်မယ်။ ဒီလို စိတ်ကူးနဲ့ ဆောက်ကြတာဘဲ။ ဒါကို သူတို့က ကောသလမင်းဆီ မကန့်ကွက်နိုင်အောင်လို့ ငွေတစ်သိန်း လာဘ်ထိုး လုပ်ရတာ။ တိတ္ထိကျောင်း ဆောက်တာကို ဘုရားသိတော့ ဘုရားက သူ့တပည့်ကြီးတွေကို ကောသလထံ လွှတ်တယ်။ ကောသလ ကလည်း ဒီကိစ္စနဲ့ လာမှန်းသိလို့ တစ်ယောက်မှ အတွေ့မခံဘူး။ အထပ်ထပ် လွှတ်တယ်။ ဘယ်သူမှ မတွေ့ခဲ့ရဘူး။ နောက်ဆုံးမှာ ဘုရားကိုယ်တိုင် သွားတွေ့တယ်။ ကောသလ ရှောင်လို့ မရတော့ဘူး။ အတွေ့ ခံရတယ်။ ဘုရားက တိတ္ထိကျောင်းကို ကန့်ကွက်ပြတယ်။ ကောသလက ငွေပြန်ပေးပြီး ကျောင်းကို ဖယ်ရှားခိုင်းပေးရတယ်။"

"ဒီအဖြစ်အပျက်ဟာ ဘုရားရဲ့ ခံစားမှုနဲ့ ပတ်သတ်တဲ့ အဖြစ်အပျက်ဘဲ ၊ တုန့်ပြန်စရာကို အသက်ဝင် ဝင်တုန့်ပြန်တာ တွေ့ရတယ်။" (ဘုရား၊စာ- ၁၀၁၊၁၀၄)

"ဒီမှာ ဘုရားပြောခဲ့တဲ့ စကားတစ်ခု မှတ်သားစရာဘဲ။ "ရဟန်းတွေကို ငါဆောင်ထားတာ မဟုတ်ဘူး"တဲ့။ ဒီစကားကို သူများတွေ နားမလည်စရာဘဲ။ ဒါပေမဲ့ ဒါဟာ သူ့ သဘောထားဘဲ။ ဒီအချက်ဟာလည်း ဘုရားခံစားချက်နဲ့ ပတ်သက်တဲ့ အချက်တစ်ခုဘဲ" ( ဘုရား၊ စာ- ၁၀၃၊၁၀၄ )

" နောက်ဆုံးတစ်ချက်က ဒေဝဒတ်က ဘုရားဆီက ဂိုဏ်းခွဲသွားတဲ့ လုပ်ငန်းပဲ။ ဒေဝဒတ်ဟာ ဘုရားကို ပြိုင်ဆိုင်ပြီး ဂိုဏ်းခွဲတယ်။ သံဃာတစ်ချို့ သူ့နောက်ပါသွားတယ်။ ဘုရားအနေနဲ့ ဒီလိုဖြစ်ရတာဟာ ဘယ်လိုနေမလဲ သူ့တပည့်ကြီး သာရိပုတ္တရာနဲ့ မောဂ္ဂလာန် တို့ကို ပါသွားတဲ့ ရဟန်းတွေကို ပြန်စည်းရုံး ခိုင်းတယ်။ အတော်များများ ပြန်ပါလာပေမယ့် ဒေဝဒတ်နဲ့ တစ်ချို့ကတော့ ခွဲကျန်ခဲ့တာဘဲ။ နောက်ပိုင်းမှာ သူ့ကို အမျိုးမျိုး စိတ်အနှောက် အယှက် ဖြစ်အောင် လုပ်တာပဲ။ ရာဇဂြိုဟ်ထီးနန်းကို အပိုင်စီးတယ်။ သူ့ကို သေကြောင်းကြံ တယ်။ ဒေဝဒတ်က ကန်တော့ လာတာကိုတောင် ဘုရားက လက်မခံဘူး။

ဒီတော့ ဒေဝဒတ်နဲ့စပ်လို့ ဘယ်လို ခံစားရသလဲဆိုတာ သိသာတယ်။ အခု လေ့လာ ခဲ့ရတာတွေဟာ ခံစားမှုနဲ့ စပ်ပြီး ဘုရားရဲ့ ခံစားရပုံနဲ့ ခံစားမှုကို တုန့်ပြန်ပုံ အမျိုးမျိုးအကြောင်း သိရချက်ဘဲ။ ဒါတွေအရ ဘုရားဟာ အသည်းနှလုံး မရှိသူ မဟုတ်ဘူး။ အသည်းနှလုံးရှိရှိ ခံစားပြီး ဦးနှောက်ရှိရှိ တုန့်ပြန်သူဖြစ်ကြောင်း သိရချက်ပဲ ဖြစ်တယ်။ " ဟူသော ( ဘုရား၊ ၁၀၄ ) ( ဘုရား၊ စာ-၁၀၀/၁၀၁ )

ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

http://www.dhammadownload.com


## စောဒကဆရာတော်တို့၏ သဘောထား

အနာဂါမ်ပုဂ္ဂိုလ်သည်ပင် ဒေါသကို အကြွင်းမဲ့ ပယ်ထားကြောင်း အဘိဓမ္မာတတ်ဖူးသည့် ရဟန်း၊ ရှင်၊ လူ မည်သူမဆို သိထားပြီးဖြစ်သောကြောင့် အရှင်ဉာဏ၏ အထက်ပါဟောပြောချက်တို့နှင့် ပတ်သက်၍ ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင် နေကြောင်းကို အထူးပင် ထျောက်ထားဖွယ် လိုမည် မထင်ပါကြောင်း.

အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်၌ -

" အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ န လဗ္ဘန္တိ။ (စာ- ၆၉)

အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနမနဝသေသပ္ပဟာနေန အနာဂါမီ နာမ ဟောတိ အနာဂန္တာ ဣတ္ထတ္တံ။ ( စာ - ၁၆၄ )

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သတ်ထား၏။" ဟု မိန့်ထား၏။

ဝိသုဒ္ဓိမဂ်နှင့် ဓာတုကထာတို့၌လည်း ထို့အတူပင် မိန့်ဆိုထားပါသည်ဘုရား။

( ဝိသုဒ္ဓိ၊ ၂၊ ၃၁၇။ အဘိ၊ ၃၊ ၁၁၉ )

အနာဂါမ်ပုဂ္ဂိုလ်သည် ဒေါသပယ်ထားပြီးဖြစ်၍ စိတ်ဆင်းရဲမှုမရှိလျှင် ရဟန္တာနှင့် ဘုရားရှင်တို့မှာ ဆိုဖွယ်ရာမရှိ၊ စိတ်ဆင်းရဲမှုမရှိ ဧကန်ဖြစ်သောကြောင့်လည်းကောင်း။

မိလိန္ဒပဉှာ၌ -

ရဟန္တာပုဂ္ဂိုလ်တို့သည် နောက်ထပ် အသစ်တစ်ဖန် ပဋိသန္ဓေ မနေတော့ပါ။ ထိုပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော ဒုက္ခဝေဒနာကို ခံစားရဦးမည်လော? အချို့သော ဝေဒနာကို ခံစားရ၍ အချို့သော ဝေဒနာကို မခံစားရတော့ပါ။ အဘယ်ဝေဒနာကို ခံစားရ၍ အဘယ်ဝေဒနာကို မခံစားရတော့ပါသနည်း? ကိုယ်၌ဖြစ်သော ကာယိကဒုက္ခဝေဒနာကိုသာ ခံစားရ၍ စိတ်၌ဖြစ်သော စေတသိကဒုက္ခဝေဒနာကို မခံစားတော့ပါ။ အဘယ့်ကြောင့် ကာယိကဒုက္ခဝေဒနာကို ခံစားရ၍ စေတသိကဒုက္ခဝေဒနာကို မခံစားတော့သနည်း? ရဟန္တာပုဂ္ဂိုလ်တို့သည် ကာယိကဒုက္ခဝေဒနာဖြစ်ခြင်း၏ အကြောင်းတရားများကို မပယ်ရ သေးသောကြောင့် ကာယိကဒုက္ခဝေဒနာကိုသာ ခံစားရသေး၏၊ စေတသိကဒုက္ခဝေဒနာ ဖြစ်ကြောင်း တရားများကိုမူ ပယ်သတ်ပြီးဖြစ်သောကြောင့် စေတသိကဒုက္ခဝေဒနာကို မခံစားရတော့ပါ။" ဟု မိန့်ဆိုထားသောကြောင့်လည်းကောင်း။ ( မိလိန္ဒ၊ ၄၄ )

မိလိန္ဒပဉှာ၌ပင် မိလိန္ဒမင်းကြီးက 'အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့် တပည့်ပရိသတ်ကို အမျက်ထွက်ပြီး နှင်ထုတ်တာလား 'ဟု မေးလာသည့်အခါ - အရှင်နာဂသေနက -

မင်းမြတ်"ငါဘုရားသည် အမျက်ထွက်လေ့မရှိ ဒုစရိုက်ကြောင့် သစ်ငုတ်ကင်း၏"ဟု ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ အသျှင်သာရိပုတြာ အသျှင်မဟာ မောဂ္ဂလာန်မထေရ်တို့ကိုလည်း ပရိသတ်နှင့်တကွ နှင်ထုတ်တော်မူ၏၊ ထိုသို့နှင်ထုတ်ခြင်း သည်ကား အမျက်ထွက်ခြင်းကြောင့် နှင်ထုတ်တော်မူသည် မဟုတ်။

မင်းမြတ် ဤလောက၌ တစုံတယောက်သော ယောကျာ်းသည် သစ်မြစ်ကြောင့် သော်လည်းကောင်း၊ သစ်ငုတ်ကြောင့် သော်လည်းကောင်း၊ ကျောက်ကြောင့် သော်လည်း ကောင်း၊ အိုးခြမ်းခွဲကြောင့် သော်လည်းကောင်း မညီမညွတ်သော မြေအဘို့ကြောင့် သော်လည်းကောင်း၊ မြေကြီးပေါ်၌ ချော်၍ လဲကျ၏။ မင်းမြတ် မြေကြီးသည် အမျက် ထွက်သည် ဖြစ်၍ ထိုသူကို လဲစေသလော ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား မဟုတ်ပါ၊ မြေကြီးအား အမျက်ဒေါသသည်လည်းကောင်း၊ ဝမ်းမြောက်ကြည်ရွှင်ခြင်းသည်လည်းကောင်း မရှိပါ။ မဟာပထဝီမြေကြီးသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ပါ၏၊ ထိုညံ့ဖျင်းသူသည် မိမိအလိုလိုသာလျှင် ချော်၍လဲပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားတို့အား အမျက်ထွက်ခြင်းသည် လည်းကောင်း၊ ကြည်လင်ရွှင်ပျခြင်းသည် လည်းကောင်း မရှိပါ၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ချစ်ခြင်း မုန်းခြင်းမှ လွတ်တော် မူကုန်၏၊ စင်စစ်သော်ကား ကိုယ်တိုင်ပြုအပ်သော မိမိ၏အပြစ်ကြောင့်သာလျှင် ထိုသူတို့ကို နှင်ထုတ်အပ်ကုန်၏။

မင်းမြတ် ဤလောက၌ မဟာသမုဒ္ဒရာသည် သေသော အကောင်ပုပ်နှင့် အတူမနေ၊ မဟာသမုဒ္ဒရာ၌ အကြင်သေသော အကောင်ပုပ်သည်ရှိ၏၊ ထိုသေသော အကောင်ပုပ်ကို လျင်စွာသာလျှင်ထုတ်ပယ်၏၊ ကုန်းသို့ (တင်ပို့) ဖယ်ရှား၏၊ မင်မြတ် မဟာသမုဒ္ဒရာသည် အမျက်ထွက်သည်ဖြစ်၍ထိုအကောင်ပုပ်ကို ထုတ်ပယ်သလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မဟုတ်ပါ၊ မဟာသမုဒ္ဒရာအား အမျက်ထွက်ခြင်းသည်လည်းကောင်း၊ ကြည်လင်ရွှင်ပျခြင်းသည်လည်းကောင်း မရှိပါ။ မဟာသမုဒ္ဒရာသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ပါ၏ဟု (လျှောက်၏)။ မင်းမြတ် ဤအတူသာလျှင် မြတ်စွာဘုရားတို့အား အမျက်ထွက်ခြင်းသည် လည်းကောင်း၊ ကြည်လင်ရွှင်ပျခြင်းသည်လည်းကောင်း မရှိ၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (သစ္စာလေးပါးတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရား တို့သည် ချစ်ခြင်း မုန်းခြင်းမှ လွတ်တော်မူကုန်၏။ စင်စစ်သော်ကား ကိုယ်တိုင်ပြုအပ်သော မိမိ၏အပြစ်ကြောင့်သာလျှင် ထိုသူတို့ကို နှင်ထုတ်အပ်ကုန်၏။

မင်းမြတ် မြေ၌ ချွတ်ချော်သည်ဖြစ်၍ လဲကျသကဲ့သို့ ထို့အတူ မြတ်စွာဘုရား သာသနာတော်မြတ်၌ ချွတ်ချော်သည်ဖြစ်၍ နှင်ထုတ်အပ်၏။ မင်းမြတ် မဟာသမုဒ္ဒရာ၌ အသေကောင်ပုတ်ကို ထုတ်ပယ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရား သာသနာတော်မြတ်၌ ချွတ်ချော်သူကို နှင်ထုတ်အပ်၏။ မင်းမြတ် မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အကျိုးကို အလိုရှိတော်မူ၍ အစီအပွားကို အလိုရှိတော်မူ၍ ချမ်းသာခြင်းကို အလိုရှိတော်မူ၍ စင်ကြယ်ခြင်းကို အလိုရှိတော်မူ၍ "ဤသို့ နှင်ထုတ်သဖြင့် ဤရဟန်းတို့သည် ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်းတို့မှ လွတ်ကုန်လတ္တံ့"ဟု နှလုံးသွင်းလျက် နှင်ထုတ်တော်မူ၏ဟု (မိန့်တော်မူ၏)။

(မိလိန္ဒ၊ မြန်။ ၁၉၉ )

တစ်ဖန် မြတ်စွာဘုရားက -

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်မှာမူကား ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ စိုးရိမ်, ပူဆွေး, ငိုကြွေး, မြည်တမ်း, စိတ်ပင်ပန်းခြင်းလည်း မဖြစ်၊ မေ့မြောသွားခြင်းလည်းမရှိ၊ စိတ်ဆင်းရဲခြင်း စိတ်ညစ်ခြင်းစသော စိတ်ဝေဒနာကို မခံစားရသော်လည်း ကိုယ်ဆင်းရဲမှု၊ ကိုယ်ပင်ပန်းမှုစသည့် ကိုယ်၌ ဖြစ်သော ဒုက္ခဝေဒနာကိုမူ ခံစားရပေသေးသည်။

ရဟန်းတို့- ဥပမာအားဖြင့်ဆိုသော် ပထမအကြိမ်သာ ငြောင့်စူးခံရ၍ ထိုငြောင့်တစ်ချောင်းတည်းဖြင့်သာ ဝေဒနာခံစားရသော ယောက်ျားနှင့် တူပေသည်။

ရဟန်းတို့- ထိုငြောင့်တစ်ချောင်းသာ အစူးခံရသော ယောက်ျားကဲ့သို့ အကြားအမြင်ရှိသော အရိယာ သာဝကသည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါတွင် စိုးရိမ်, ပူဆွေး, မြည်တမ်း, စိတ်ပင်ပန်းခြင်းလည်းမရှိ မေ့မြောသွားခြင်း လည်းမရှိ စိတ်ဆင်းရဲမှု စိတ်ညစ်မှုစသော

http://www.dhammadownload.com



စိတ်ဝေဒနာကို မခံစားရသော်လည်း ကိုယ်ဆင်းရဲ ပင်ပန်းမှုစသော ကာယိကဒုက္ခဝေဒနာကိုမူ ခံစားရပေသေးသည်။

အရိယာသာဝကသည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါတွင် အမျက်ဒေါသ ထွက်ခြင်း၊ စိတ်ဆိုးခြင်းများ မဖြစ်တော့။ ထို့ကြောင့် ထိုအရိယာသာဝကအား ဒုက္ခဝေဒနာကြောင့် ဖြစ်သည့် ပဋိဃာနုသယလည်း မကိန်းတော့၊ မဖြစ်ပေါ်တော့ချေ။ ထိုအရိယာသာဝကသည် ယင်းဒုက္ခဝေဒနာနှင့် ကြုံတွေ့ရသည့် အခါတွင် ကာမချမ်းသာမှတပါး ဒုက္ခဝေဒနာ၏ လွတ်မြောက်ရာကို သိသောကြောင့် ကာမချမ်းသာကို မနှစ်သက် မလိုချင်၊ ထို့ကြောင့် ထိုအရိယာသာဝကအား သုခဝေဒနာကြောင့်ဖြစ်သော ရာဂါနုသယသည် မကိန်းတော့၊ မဖြစ်ပေါ်တော့ချေ။

ထိုအရိယာသာဝကသည် ဝေဒနာတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကိုလည်းကောင်း၊ ဟုတ်တိုင်း မှန်စွာသိ၏။ယင်းသို့သိသောကြောင့် ထိုအရိယာသာဝကအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် မကိန်းတော့ မဖြစ်ပေါ်တော့ချေ။

ထိုအရိယာသာဝကသည် ဒုက္ခဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ ဒုက္ခဝေဒနာကို ခံစား၏၊ သုခဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ သုခဝေဒနာကို ခံစား၏။ ဥပေက္ခာဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ ဥပေက္ခာဝေဒနာကို ခံစား၏။

ရဟန်းတို့-အကြားအမြင်ရှိသော အရိယာသာဝကကို ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်ပူဆွေး ငိုကြွေးမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့နှင့် မယှဉ်စပ်သူ၊ ဆင်းရဲဒုက္ခနှင့် မယှဉ်စပ်သူဟု ငါဘုရားဟော၏"ဟု မိန့်ကြား တော်မူ ထားသောကြောင့်လည်းကောင်း။ (သံ၊ ၂။ ၄၀၉။ သံ၊ ဋ၊ ၃။ ၁၁၇)

ပဏ္ဍာသ အဋ္ဌကထာ၌လည်း -

မာရောပိ ဒေဝပုတ္တော ဗောဓိသတ္တဿ သတော မဟာဘိနိက္ခမနတော ပဋ္ဌာယ ဆဗ္ဗဿာနိ ဂဝေသမာနော ကိဉ္စိ အနာရာဓနီယံ နာဒ္ဒသ၊ အန္တမသော စေတောပရိဝိတက္ကမတ္တမ္ပိ။ မာရော ကိရ စိန္တေသိ "သစဿ ဝိတက္ကိတမတ္တမ္ပိ အကုသလံ ပဿိဿာမိ။ တတ္ထေဝ နံ မုဒ္ဓနိ ပဟရိတွာ ပက္ကမိဿာမီ"တိ။ သော ဆဗ္ဗဿာနိ အဒိသွာ ဗုဒ္ဓဘူတမ္ပိ ဧကံ ဝဿံ အနုဗန္ဓိတွာ ကိဉ္စိ ဝဇ္ဇံ အပဿန္တော ဂမနသမယေ ဝန္ဒိတွာ။ (မ၊ ဋ၊ ၂။၂၇၉။)

မာရ်နတ်သည်လည်း ဘုရားလောင်းသိဒ္ဓတ္ထ တောထွက်လာချိန်ကစပြီး (၆)နှစ်ကြာ အပြစ်ရှာသည်ရှိသော် ဘုရားလောင်း၏ မနှစ်သက်စရာ အပြစ်တစ်စုံတစ်ရာကို မတွေ့ရပါ။ အောက်ထစ်ဆုံးအားဖြင့် စိတ်အကြံကိုမျှ မတွေ့ရပါ။ မာရ်နတ်သည် "အကယ်၍ ဘုရားလောင်း၌ အကုသိုလ်ဝိတက်ကိုမျှ တွေ့ခဲ့ရင် ထိုနေရာ၌ပင် ဘုရားလောင်းကို ဦးထိပ်မှာ ပုတ်ခတ်ပြီး ဖဲသွားမယ် "ဟု ကြံစည်နေ၏။ မာရ်နတ်သည် ၆-နှစ်ပတ်လုံး ဘုရားလောင်း၌ အပြစ်မတွေ့သည်ဖြစ်၍ ဘုရားဖြစ်ပြီးနောက် တစ်နှစ်ကြာအောင် နောက်က လိုက်ကာ အပြစ်ရှာသော်လည်း စိုးစဉ်းအနည်းငယ်သော အပြစ်ကို မတွေ့သောကြောင့် မာရ်နတ်သည် သွားသည့်အခါ -

http://www.dhammadownload.com



"ကြီးသော လုံးလဝီရိယ ရှိသော်မူသော၊ ကြီးသောဘုန်းရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား တန်းခိုး အခြံအရံတို့ဖြင့် တောက်ပတော်မူပါ၏။ အလုံးစုံသောရန် အလုံးစုံသောဘေးတို့မှ လွန်တော်မူပါ၏။ ဂေါတမ အနွယ်ဖြစ်သော အရှင်းဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏"ဟုဆိုကာ ရှိခိုးသွားလေ၏ " ဟု ဖွင့်ဆိုထားသောကြောင့် လည်းကောင်း။ ( သံ၊ ၁။ ၁၂၂ ။) (မ၊ ဋ၊၂။၂၇၉။)

အနာဂါမ်၊ ရဟန္တာတို့မှာ စိတ်ဆင်းရဲမှု မရှိကြောင်း, ဘုရားလောင်းမှာပင် ကာမဝိတက်၊ ဗျာပါဒဝိတက်တို့ ရှာမတွေ့လေလျှင် ဘုရားရှင်၌ စိတ်ဆင်းရဲမှု ဒေါမနဿဝေဒနာ မရှိကြောင်း ထင်ရှားနေပါသဖြင့် အရှင်ဉာဏ၏ အမှတ်(၁၂) စောဒနာလွှာပါ ဟောပြောချက်များသည် ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါကြောင်း ၎င်းတို့၏ သဘောထားကို တင်ပြကြသည်။

## "ဝိနည်းဓိုရ်ဆရာတော်တို့၏ စိစစ်သုံးသပ်ချက်"

ဝိနည်းဓိုရ်ဆရာတော်များသည် စောဒကဆရာတော်များ တင်ပြလျှောက်ထားချက် များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်လာ စကားရပ်များကို အထောက်အထားပြု၍ မှန်/မမှန် အဓမ္မဝါဒဖြစ်-မဖြစ် စိစစ်သုံးသပ်တော်မူကြမည်ဖြစ်ပါသည် ။

## ဝေဒနာဘေဒနှင့် လက္ခဏာ

အာရုံကိုခံစားခြင်း လက္ခဏာရှိသော ဝေဒနာသည် သဘာဝအားဖြင့် တစ်ပါးတည်း ဖြစ်သော်လည်း ဇာတိဘေဒအားဖြင့် ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာဟု သုံးပါးပြားပါသည်။ ထိုသုံးပါးကိုပင် သဘာဝဘေဒအားဖြင့် ခွဲဝေလျှင် သုခဝေဒနာ,ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ-ဟု ငါးပါးပြားပါသည် ။

-သာ ပန ဝေဒယိတလက္ခဏေန သဘာဝတော ဧကဝိဓာပိ ဇာတိဝသေန တိဝိဓာ ဟောတိ ကုသလာ , အကုသလာ , အဗျာကတာစာတိ ။

-သာ သဘာဝဘေဒတော ပဉ္စဝိဓာ ဟောတိ သုခံ ဒုက္ခံ သောမနဿံ ဒေါမနဿံ ဥပေက္ခာတိ။ (ဝိသုဒ္ဓိ၊၂။၉၀။)

ထိုတွင်-

သုခဝေဒနာသည် ဣဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိပါသည်။
ဒုက္ခဝေဒနာသည် အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိပါသည် ။
သောမနဿဝေဒနာသည် ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိပါသည် ။
ဒေါမနဿဝေဒနာသည် အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိပါသည် ။
ဥပေက္ခာဝေဒနာသည် အလယ်အလတ်ဖြစ်သော အာရုံကို ခံစားခြင်းလက္ခဏာရှိပါသည်။

-တတ္ထ ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ သုခံ ၊ အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ ဒုက္ခံ၊ ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ သောမနဿံ ၊ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ ဒေါမနဿံ၊ မဇ္ဈတ္တဝေဒယိတလက္ခဏံ ဥပေက္ခာ။ (ဝိသုဒ္ဓိ၊၂။၉၁။)

http://www.dhammadownload.com



ထိုသို့ ဝေဒနာတို့သည် မိမိတို့ဆိုင်ရာ အာရုံအမျိုးမျိုးကို ခံစားတတ်သည်ဟု ဆိုသော်လည်း ကိလေသာတို့မှ လွတ်မြောက်ပြီးသော ဘုရား,ရဟန္တာစသော အရိယာပုဂ္ဂိုလ်တို့ အာရုံ(၆)ပါး၌ ခံစားပုံကို ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်၊ ဝပ္ပသုတ်၌ အောက်ပါအတိုင်း ဟောတော်မူထားသည်ကို တွေ့ရှိရပေသည် ။

"ဝပ္ပ ကောင်းစွာ ကိလေသာတို့မှ လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန္တာ ဖြစ်သော ရဟန်းသည် ခြောက်ပါးကုန်သော မပြတ်မစဲမြဲသော နေကြောင်း ဥပေက္ခာတို့ကို ကောင်းစွာ ရအပ်ကုန်၏။ ထိုရဟန်းသည် မျက်စိဖြင့် အဆင်းရူပါရုံကို မြင်၍, နားဖြင့် အသံသဒ္ဒါရုံကိုကြားရ၍, နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို နမ်းရှူ၍, လျှာဖြင့် အရသာ ရသာရုံကို လျက်၍, အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍, မနောဝိညာဏ်ဖြင့် သဘောဓမ္မာရုံကို သိ၍ ဣဋ္ဌာရုံ၌ စွဲမက်မှု ရာဂ၏အစွမ်းဖြင့် ဝမ်းမြောက်သော စိတ်မဖြစ်၊ အနိဋ္ဌာရုံ၌ ဒေါသ၏ အစွမ်းဖြင့် မုန်းတီးသော မကောင်းစိတ်မရှိ ၊ ကောင်း ဆိုးနှစ်ရပ် အလယ်အလတ်အာရုံ တွေ့ကြုံရမှု သတိပြုသည် ကောင်းစွာဆင်ခြင် သိမြင်သည်ဖြစ်၍ ကောင်းဆိုးနှစ်ရပ် အလယ်အလတ်အာရုံ တွေ့ကြုံရမှု လျစ်လျူရှုလျက်နေ၏"။

ဧဝံ သမ္မာ ဝိမုတ္တစိတ္တဿ ခေါ ဝပ္ပ ဘိက္ခုနော ဆ သတတဝိဟာရာ အဓိဂတာ ဟောန္တိ။ သော စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမ္မနော၊ ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။ သောတေန သဒ္ဒံ သုတွာ။ ပ ။ ဃာနေန ဂန္ဓံ ဃာယိတွာ ။ ပ ။ ဇိဝှါယ ရသံ သာယိတွာ။ ပ ။ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ။ ပ ။မနသာ ဓမ္မံ ဝိညာယ နေဝ သုမနော ဟောတိ - ပ - သမ္ပဇာနော။ (အံ၊၁။၅၁၉။)

ထို့ပြင် အရိယာပုဂ္ဂိုလ်တို့၏ အာရုံ(၆)ပါး၌ မတုန်လှုပ်ပုံကိုလည်း ဝိနည်းမဟာဝါပါဠိတော် သောဏကောဠိဝိသဝတ္ထု၌ အောက်ပါအတိုင်း ဟောတော်မူထားသည်ကို တွေ့ရပေသည် ။

အရှင်ဘုရား ဤသို့ ကိလေသာတို့မှ ကောင်းစွာလွတ်ပြီးသော စိတ်ရှိသော ရဟန်းအား အားရှိကုန်သော စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော အဆင်းတို့သည် စက္ခုပသာဒအားထင်ခြင်းသို့, သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော အသံတို့သည် , ဃာနဝိညာဉ်ဖြင့် သိအပ်ကုန်သော အနံ့တို့သည်, ဇိဝှါဝိညာဉ်ဖြင့် သိအပ်ကုန်သော အရသာတို့သည် , ကာယဝိညာဉ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်, မနောဝိညာဉ်(စိတ်)ဖြင့် သိအပ်ကုန်သော သဘောတရားတို့သည် စိတ်အား ထင်ခြင်းသို့ ရောက်သော်လည်း ထိုရဟန်း၏ စိတ်ကို မယူနိုင်ကုန်။ ထိုရဟန်း၏စိတ်သည် ကိလေသာတို့နှင့် မရောသည်ဖြစ်၍ တည်ကြည်၏။ မတုန်လှုပ်ခြင်းသို့ရောက်၏။ စိတ်၏ အဖြစ်အပျက်ကိုလည်း ရှု၏။ ဥပမာအားဖြင့် အပေါက်မရှိသော အခေါင်းမရှိသော တခဲနက်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ ကြီးစွာသော လေအထုတို့ တိုက်ခတ်သော်လည်း ထိုကျောက်တောင်ကို မရွေ့စေနိုင်,မလှုပ်စေနိုင်, ထိုမှဤမှ မတုန်လှုပ်စေနိုင်သကဲ့သို့ ဖြစ်ပါသည်။

ဧဝံ သမ္မာ ဝိမုတ္တစိတ္တဿ ဘန္တေ ဘိက္ခုနော ဘုသာစေပိ စက္ခုဝိညေယျာ ရူပါ စက္ခုဿ အာပါထံ အာဂစ္ဆန္တိ ၊နေဝဿ စိတ္တံ ပရိယာဒိယန္တိ။ အမိဿီကတမေဝဿ စိတ္တံ ဟောတိ။ ဌိတံ အာနေဉ္ဇပ္ပတ္တံ။ ဝယဉ္စဿာနုပဿတိ။ ဘုသာ စေပိ သောတဝိညေယျာ သဒ္ဒါ ။ပ။ ဃာနဝိညေယျာ ဂန္ဓာ ။ပ။ ဇိဝှါဝိညေယျာ ရသာ ။ပ။ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ ။ပ။ မနောဝိညေယျာ ဓမ္မာ မနဿ အာပါထံ အာဂစ္ဆန္တိ ။ နေဝဿ စိတ္တံ ။ပ။ ဝယဉ္စဿာနုပဿတိ။

http://www.dhammadownload.com



သေယျထာပိ ဘန္တေ သေလော ပဗ္ဗတော အစ္ဆိဒ္ဒေါ အသုသိရော ဧကဃနော ပုရတ္ထိမာယ စေပိ ဒိသာယ အာဂစ္ဆေယျ ဘုသာ ဝါတဝုဋ္ဌိ။ နေဝ နံ သင်္ကမ္ပေယျ နသမ္ပကမ္ပေယျ န သမ္ပဝေဓေယျ။ ပစ္ဆိမာယ စေပိ ဒိသာယ ။ပ။ ဥတ္တရာယ စေပိ ဒိသာယ ။ပ။ ဒက္ခိဏာယ စေပိ ဒိသာယ ။လ။ န သမ္ပဝေဓေယျ။ (ဝိ၊၃။ ၂၇၁။)

အထက်ဖော်ပြပါ ပါဠိတော်တို့ကို ထောက်ဆပါက ကိလေသာတို့မှ ကောင်းစွာလွတ်ပြီးသော စိတ်ရှိသော အရိယာပုဂ္ဂိုလ်တို့ သန္တာန်၌ ဣဋ္ဌာရုံ၌ စွဲမက်သော ရာဂ၏ အစွမ်းဖြင့် ဝမ်းမြောက်သော စိတ်မဖြစ်ပုံ, အနိဋ္ဌာရုံ၌ ဒေါသ၏ အစွမ်းဖြင့် မုန်းတီးသော မကောင်းသော စိတ်မဖြစ်ပုံ, ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ သတိ,သမ္ပဇဉ်တို့ဖြင့် ဆင်ခြင်သိမြင်၍ အလယ် အလတ်အားဖြင့် လျစ်လျူရှု၍နေပုံ, အာရုံ(၆)ပါးကြောင့် မတုန်လှုပ်ပုံတို့ကို သိနိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် အဋ္ဌကထာဆရာများကလည်း ထေရ၊ဋ္ဌ၊၂။၁၆၅-၌

"အရဟတ္တံ ပတ္တတော ပဋ္ဌာယ ပန အရိယာ မဇ္ဈတ္တာဝ ဟောန္တိ" = အရဟတ္တဖိုလ်သို့ ရောက်သည့်အချိန်မှစ၍ အရိယာ ပုဂ္ဂိုလ်တို့သည် ကောင်းဆိုးနှစ်တန် အလယ်အလတ် အာရုံ၌ လျစ်လျူရှုလျက်နေတော်မူကုန်၏"ဟု ဖွင့်ဆိုတော် မူကြသည်ကို လေ့လာတွေ့ရှိရ ပေသည် ။

ထို့ပြင် အကြားအမြင်ရှိသော အရိယာသာဝကတို့၏ ဒုက္ခဝေဒနာ စသည်တို့နှင့် တွေ့ကြုံရသည့်အခါ ခံစားပုံ စိတ်ဖြစ်ပုံတို့ကိုလည်း သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ၊ သလ္လသုတ်၌ -

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာသာဝကသည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ စိုးရိမ် ပူဆွေး ငိုကြွေး မြည်တမ်း စိတ်ပင်ပန်းခြင်းလည်း မဖြစ်၊ တွေဝေခြင်းသို့လည်း မရောက်၊ စိုးရိမ်ခြင်းစသော စိတ်ဝေဒနာကို မခံစားရသော်လည်း ကိုယ်ဆင်းရဲမှု စသော ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာကိုမူကား ခံစားရပေသည်၊ ဥပမာအားဖြင့် တစ်ကြိမ်သာ ပြောင့်စူး ခံရ၍ ထိုပြောင့်တစ်ချောင်းတည်းဖြင့်သာ ဝေဒနာခံစားရသော ယောက်ျားနှင့် တူပေသည်။

**အရိယာသာဝကသည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ အမျက်ဒေါသ ထွက်ခြင်း စိတ်ဆိုးခြင်းများ မဖြစ်။** ထို့ကြောင့် အရိယာသာဝကအား ဒုက္ခဝေဒနာကြောင့် ဖြစ်သော ပဋိဃာနုသယသည် မကိန်းနိုင်ချေ။ ထိုအရိယာ သာဝကသည် ယင်းဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ ကာမချမ်းသာမှတပါး ဒုက္ခဝေဒနာ၏ လွတ်မြောက်ရာကို သိသော ကြောင့် ကာမချမ်းသာကို မနှစ်သက်, မလိုချင်။ ထို့ကြောင့် ထိုအရိယာသာဝကအား သုခဝေဒနာကြောင့် ဖြစ်သော ရာဂါနုသယသည် မကိန်းနိုင်ချေ။

ထိုအရိယာသာဝကသည် ဝေဒနာတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကို လည်းကောင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ထိုသို့ သိသောကြောင့် ထိုအရိယာသာဝကအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် မကိန်းနိုင်ချေ။

ထိုအရိယာသာဝကသည် သုခဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ သုခဝေဒနာကို ခံစား၏။ ဒုက္ခဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ ဒုက္ခဝေဒနာကို ခံစား၏။ ဥပေက္ခာဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ ဥပေက္ခာဝေဒနာကို ခံစား၏။

သုတဝါ စ ခေါ ဘိက္ခဝေ အရိယသာဝကော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော န သောစတိ န ကိလမတိ န ပရိဒေဝတိ န ဥရတ္တာဠိ ကန္ဒတိ န သမ္မောဟံ အာပဇ္ဇတိ။ သော

http://www.dhammadownload.com



ဇကံ ဝေဒနံ ဝေဒယတိ ကာယိကံ၊ န စေတသိကံ။ သေယျထာပိ ဘိက္ခဝေ ပုရိသံ သလ္လေန ဝိဇ္ဈေယျ။ တမေနံ ဒုတိယေန သလ္လေန အနုဝေဓံ န ဝိဇ္ဈေယျ။ ဧဝံ ဟိ သော ဘိက္ခဝေ ပုရိသော ဧကေသလ္လေန ဝေဒနံ ဝေဒယတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ သုတဝါ ။ပ။ န စေတသိကံ။ တဿာယေဝ ခေါ ပန ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော ပဋိဃဝါ န ဟောတိ၊ တမေနံ ဒုက္ခာယ ဝေဒနာယ အပ္ပဋိဃဝန္တံ ယော ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော, သော နာနုသေတိ။ သော ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော ကာမသုခံ နာဘိနန္ဒတိ။ တံ ကိဿ ဟေတု ၊ ပဇာနာတိ ဟိ သော ဘိက္ခဝေ သုတဝါ အရိယသာဝကော အညတြ ကာမသုခါ ဒုက္ခာယ ဝေဒနာယ နိဿရဏံ ၊ တဿ ကာမသုခံ နာဘိနန္ဒတော ယော သုခါယ ဝေဒနာယ ရာဂါနုသယော ၊ သော နာနုသေတိ။ သော တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ၊ တဿ တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနတော ယော အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ၊ သော နာနုသေတိ ။ သော သုခဉ္စ ဝေဒနံ ဝေဒယတိ ၊ ဝိသညုတ္တော နံ ဝေဒယတိ ။ ဒုက္ခဉ္စ ဝေဒနံ ဝေဒယတိ၊ ဝိသညုတ္တော နံ ဝေဒယတိ ။ အဒုက္ခမသုခဉ္စ ဝေဒနံ ဝေဒယတိ ၊ ဝိသညုတ္တော နံ ဝေဒယတိ ။ (သံ၊၂ ။၄၁၀၊၄၁၁။)

အထက်ဖော်ပြပါ ပါဠိတော်ကို ထောက်ဆပါက အရိယာသာဝကတို့ သန္တာန်၌ ကာယိကဝေဒနာသာ ဖြစ်၍ စေတသိကဝေဒနာ မဖြစ်ပုံ, ဝေဒနာတို့နှင့် တွေ့ကြုံခံစားသည့်အခါ၌လည်း ကိလေသာနှင့် မယှဉ်မူ၍ ခံစားပုံတို့ကို သိရှိရပေသည် ။

ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာယိကဝေဒနာ,စေတသိကဝေဒနာ နှစ်မျိုးလုံးကို ခံစားရပုံနှင့် ရဟန္တာပုဂ္ဂိုလ်အား ကာယိကဝေဒနာတစ်မျိုးကိုသာ ခံစားရပုံ အကြောင်းကို မိလိန္ဒပဉှာပါဠိတော်၊ အရဟန္တဝေဒနာဝေဒိယနပဉှ(နှာ-၂၄၆)၌ အောက်ပါအတိုင်း မိန့်ဆိုထားပေသည် ။

အရှင်ဘုရား နာဂသေန အဘယ်အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိုယ်၌ လည်းဖြစ် စိတ်၌လည်းဖြစ်သော ဝေဒနာကို ခံစားပါသနည်း ?ဟု လျှောက်၏။ မင်းမြတ် စိတ်ကို မပွါးများ မထုံအပ်သည်၏အဖြစ်ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိုယ်၌လည်းဖြစ် စိတ်၌လည်း ဖြစ်သော ဝေဒနာကို ခံစား၏ ။

"အကြင် အကြောင်းကြောင့် ရဟန္တာသည် ကိုယ်၌ဖြစ်သော တစ်ခုတည်းသော ဝေဒနာကိုသာ ခံစား၏၊ စိတ်၌ဖြစ်သော ဝေဒနာကို မခံစား၊ ထိုအကြောင်းကား အဘယ်ပါနည်း? ဟု လျှောက်၏။ မင်းမြတ် ရဟန္တာ၏ စိတ်သည် ပွါးစေအပ်ပြီး ကောင်းစွာ ပွါးများစေအပ်ပြီး ဆုံးမ ယဉ်ကျေးပြီး ကောင်းစွာဆုံးမ ယဉ်ကျေးပြီး ကောင်းစွာနာယူပြီး ဆိုဆုံးမတိုင်း လိုက်နာပြီး ဖြစ်၏။ ထိုရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိသည် ရှိသော် အမြဲမရှိ"အနိစ္စ"ဟူ၍ မြဲစွာစွဲယူ၏၊ သမာဓိတည်းဟူသော တိုင်၌ စိတ်ကို မြဲစွာ ဖွဲ့ချည်ထား၏၊ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုစိတ်သည် သမာဓိတည်းဟူသောတိုင်၌ ဖွဲ့ချည်ထား အပ်သည်ရှိသော် မယိမ်းမယိုင် မတုန်လှုပ် တည်တံ့၏၊မပျံ့လွင့်၊ ထိုရဟန္တာ၏ ကိုယ်သည် ဝေဒနာဖြင့် ဖေါက်ပြန် ပြန့်နှံ့ခြင်းကြောင့် တွန့်ခွေ၏၊ မစောင့်ထိန်းနိုင် တပြောင်းပြန်ပြန် ဖြစ်၏၊ မင်းမြတ် အကြင် အကြောင်းကြောင့် ရဟန္တာသည် ကိုယ်၌ဖြစ်သော တခုတည်းသော ကာယိကဝေဒနာကိုသာ ခံစား၏ ၊ စိတ်၌ဖြစ်သော စေတသိကဝေဒနာကိုကား မခံစား၊ ဤအရာ၌ ဤသည်ကား အကြောင်းတည်းဟု ဖြေတော်မူ၏" ။

(မိလိန္ဒ။မြန်။၂၆၄)

http://www.dhammadownload.com



## ဘုရားရှင်က တတ္ထိအရာမ်ကျောင်း ဆောက်လုပ်ခွင့် မပြုရန် တားမြစ်ရပုံ

ပသေသနဒီကောသလမင်းသည် တိတ္ထိတို့ထံမှ ငွေတစ်သိန်းလာဘ်စား၍ ဇေတဝန်ကျောင်း နောက်ကျောဘက်၌ တိတ္ထိအရာမ်ကျောင်း ဆောက်လုပ်ခွင့်ပြုသဖြင့် ဆောက်လုပ်နေသည်ကို ဘုရားရှင် သိတော်မူသည့်အခါ ရဟန်းတော်များကို တစ်ကြိမ်, အဂ္ဂသာဝကနှစ်ပါးကို တစ်ကြိမ်, ယင်းသို့ နှစ်ကြိမ် တိုင်တိုင် မင်းကြီးထံ စေလွှတ်၍ တိတ္ထိအရာမ်ကျောင်း ဆောက်လုပ်ခွင့် မပြုရန် တားမြစ်ခိုင်းတော်မူပါသည်။

မည်သို့သော ရည်ရွယ်ချက်ဖြင့် ဘုရားရှင် တားမြစ်ခိုင်းတော်မူသနည်း?ဟူမူ တိတ္ထိအရာမ်ကျောင်း ဆောက်လုပ်မှုကို သိတော်မူသည့်အခါ ဘုရားရှင်က အရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ ဤတိတ္ထိတို့သည် သာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်ကြသဖြင့် ရဟန်းသံဃာအား ရဟန်းသံဃာ မချမ်းသာမှုကို ဖြစ်စေသော ကျောင်းကို ပြုကြလိမ့်မည်။ မင်းကြီးအား ပြောကြား၍ တားမြစ်စေလော့"ဟု မိန့်တော်မူသည်ကို ထောက်ဆ ပါက ဘုရားရှင်သည် ဆူဆူညံညံ အသံကြောင့် စိတ်ဆင်းရဲမှု ခံစားရသဖြင့် တားမြစ်ခိုင်းသည် မဟုတ်ဘဲ သာသနာနောင်ရေး အရှည်မျှော်တွေးတော်မူ၍သာ တားမြစ်ခိုင်းသည်ကို သိရှိနိုင်ပေသည်။

မင်းကြီးသည် ရဟန်းတော်များနှင့် အဂ္ဂသာဝကနှစ်ပါးတို့ကို အတွေ့မခံသည့်အခါ ဘုရားရှင် ကိုယ်တော်တိုင် နန်းတော်သို့ ကြွတော်မူပြီး "မင်းကြီး ဤမည်သော အမှုကို သင်ပြုအပ်ပြီ"ဟု တိုက်ရိုက် မိန့်တော်မမူဘဲ "အကြောင်းအားလျော်စွာသာလျှင် သိစေအံ့"ဟု နှလုံးသွင်းတော်မူ၍ "မြတ်သော မင်းကြီး ရဟန်းတော်များမည်သည် အချင်းချင်း ပြင်းစွာပုတ်ခတ် ရန်ဖြစ်ခြင်းငှါ မအပ်ပါ။ ရှေးအခါကလည်း ရသေ့ အချင်းချင်း ပြင်းစွာပုတ်ခတ် ရန်ဖြစ်စေသောကြောင့် တိုင်းပြည်နှင့် တကွ မင်းပါ သမုဒ္ဒရာသို့ ဝင်ခဲ့ဘူးပြီ"ဟု အတိတ်ဆောင်ကာ ဘရုဇာတ်ကို ဟောတော်မူပါသည်။

ထိုသို့ ဘုရားရှင်က ဘရုဇာတ်ကို အတိတ်ဆောင်၍ ဟောတော်မူမှသာ ဘုရားရှင်တို့၏ စကားတော် မည်သည် သက်ဝင်ယုံကြည်ထိုက်သော စကားဖြစ်သောကြောင့် မင်းကြီးသည် မိမိပြုအပ်သောအမှုကို မှတ်၍ "ငါသည် မစူးစမ်း မဆင်ခြင်မူ၍ မပြုအပ်သော အမှုကို ပြုမိပြီ"ဟု သတိရပြီး မင်းချင်းတို့အား တိတ္ထိတို့ကို နှင်ထုတ်ခိုင်းပါသည်။ ဤပြဆိုခဲ့ပြီးသော အကြောင်းအရာကို ထောက်ဆပါကကလည်း ဘုရားရှင်သည် တိတ္ထိအရာမ်ကျောင်းကို မဆောက်ရန် တားမြစ်စေခြင်းသည် ကောသလမင်းကြီးအား တံစိုးလက်ဆောင် ယူ၍ မတရား ဆုံးဖြတ်သော ဘရုမင်းကြီးကဲ့သို့ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရန် မဟာကရုဏာတော်ဖြင့်သာ ကျောင်းဆောက်လုပ်ခွင့် မပြုရန် တားမြစ်စေခြင်းဖြစ်သည်ကို သိရှိနိုင်ပေသည်။

ထို့ကြောင့် ဘုရားရှင်က တိတ္ထိအရာမ်ကျောင်းကို ဆောက်လုပ်ခွင့် မပြုရန် တားမြစ်စေခြင်းသည် မိုးပြာ အရှင်ဉာဏ ပြောသကဲ့သို့ ဆူဆူညံညံ အသံကြောင့် စိတ်ဆင်းရဲမှု ခံစားရသဖြင့် တုံ့ပြန်သည် မဟုတ်ဘဲ သာသနာတော် နောင်ရေးနှင့် ကောသလမင်းကြီးအား ပျက်စီးမှု မတွေ့ကြုံ မခံစားရစေရန် ရည်ရွယ်တော် မူ၍သာ တားမြစ်စေခြင်း ဖြစ်ပါသည်။ (သံ၊ဌ၊၃။၃၁၄။၃၁၅။ဇာ၊ဌ၊၂။၁၅၅။)

http://www.dhammadownload.com



## ဒေဝဒတ် ဘုရားကို မဖူးမြင်နိုင်ပုံ

ဒေဝဒတ်သည် ဝတ္ထုငါးမျိုးကို တောင်းဆိုခြင်း, သံဃာကို သင်းခွဲခြင်း, ဘုရားရှင်ကို သတ်ရန် ကြံစည်ခြင်း စသည်ကိုပြု၍ နောက်ဆုံးသေခါနီးသောအခါ ဘုရားရှင်အား ဖူးမြင်ရန် အဖန်ဖန် တောင်းပန်၍ ၎င်း၏တပည့်များက ညောင်စောင်းပေါ်တင်၍ ဆောင်ယူလာသောအခါ ဘုရားရှင်က

"ချစ်သားရဟန်းတို့ ထိုဒေဝဒတ်သည် ထိုအတ္တဘောဖြင့် ငါဘုရားကို ဖူးမြင်ခြင်းငှါ မရလတ္တံ့"ဟု မိန့်တော်မူ၏။ ထိုသို့ဖြစ်ခြင်းသည် ဘုရားရှင်က ဒေဝဒတ်အပေါ် စိတ်ဆိုး၍ အာဃာတထား၍ မိန့်ဆိုခြင်း မဟုတ်။ အမှန်ကား ဒေဝဒတ်သည် ဝတ္ထုငါးမျိုးကို တောင်းဆိုသော ကာလမှစ၍ တဖန် ဘုရားရှင်ကို ဖူးမြင်းခြင်းငှါ မရနိုင်ခြင်းသည် ဓမ္မတာသဘောကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့်"ဒေဝဒတ်က ကန်တော့လာတာကိုတောင် ဘုရားက လက်မခံဘူး"ဟု မိုးပြာဆရာကြီး ဆိုခြင်းသည် ဓမ္မတာသဘောကို အမှန်အကန်မသိဘဲ မိမိဆိုလိုသော အယူဝါဒကို ရှေ့တန်းတင်၍ ဆိုခြင်းမျှသာ ဖြစ်ပေသည်။

န ဘိက္ခဝေ သော တေနတ္တဘာဝေန မံ ပဿိတုံ လဘိဿတီတိ။ ဒေဝဒတ္တော ကိရ ပဉ္စန္နံ ဝတ္ထူနံ အာယာစိတကာလတော ပဋ္ဌာယ ပုန ဗုဒ္ဓံ ဒဋ္ဌုံ န လဘတိ၊ အယံ ဓမ္မတာ။ (ဓမ္မ၊ဋ္ဌ၊ ၁ ။ ၉၄)

ထိုသို့ ဆိုအပ်ခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ စကားရပ်တို့ကို ထောက်ဆ၍ စောဒက ဆရာတော်များ တင်ပြလျှောက်ထားသည့် အမှတ်(၁၂) စောဒနာလွှာပါ မိုးပြာအရှင်ဉာဏ-၏ ဟောပြောချက် ရေးသားချက်များသည် သင်္ဂါယနာတင် ထေရဝါဒ ပါဠိအဋ္ဌကထာဋီကာတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များ ဖြစ်သည်ဟု သုံးသပ်တော်မူကြပါသည် ။

### ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၁၂) စောဒနာလွှာပါ ဘုရား၊ စာ-၁၀၀၊၁၀၁၊၁၀၃၊၁၀၄- တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော- "ဘုရားမှာ စိတ်ဆင်းရဲမှုကို ခံစားတယ်"ဟု အဓိပ္ပါယ်သက်ရောက်သော ဟောပြောချက်တို့သည် ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၃)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား၊ စာ- ၁၅၃၊၁၅၄၊ ၁၅၅-၌ မိုးပြာအရှင်ဉာဏ ဟောပြောရေးသားထားသော-

" အတွေ့မှ အထူးအားဖြင့် လိင်ဆက်ဆံမှု မေထုန်မှု အတွေ့မှ ကာမဂုဏ် မဟုတ်ဘူး။ အာရုံငါးပါးကို ကိုယ့်လိုအင်နဲ့ တွေ့ထိမှုတွေဟာ ကာမဂုဏ်တွေပဲ။ ဒါတွေကို မှားယွင်းကျက်စားတာဟာ ကာမဂုဏ်မှားယွင်း ကျက်စားမှုပဲ။" ( ဘုရား၊ စာ- ၁၅၃ )

"မှားယွင်းကျက်စားမှုကို အဓိပ္ပါယ် နည်းနည်း ဖွင့်ရမယ်။ ကာမဂုဏ် ကျက်စားတာ မှားယွင်းကျက်စားနဲ့ မမှားမယွင်း ကျက်စား နှစ်မျိုးနှစ်စား ရှိတယ်။ စားစရာတွေလည်း ကာမဂုဏ်တွေပဲ။ ဝတ်စရာတွေလည်း ကာမဂုဏ်တွေပဲ။ ကျန်တဲ့ လူ့အသုံးအဆောင် ပစ္စည်းတွေအားလုံးလည်း ကာမဂုဏ်တွေပဲ။ အသုံးကို လွန်ပြီး အကြိုက်အစွဲအလျောက် ကျက်စားတာဟာ မှားယွင်းတဲ့ ကျက်စားမှုဘဲ။" (ဘုရား၊ စာ- ၁၅၄ )

" ကာမဂုဏ် မှားယွင်းကျက်စားရှောင်မှုဟာ ကိုယ့်ကာမပိုင် မဟုတ်သူကို မေထုန်ပြုမှုလို့ အဓိပ္ပါယ်ရမှာ မဟုတ်ဘူး။ ပစ္စည်း အသုံးအဆောင်အားလုံးမှာ အကြောင်းမဲ့ သုံးဆောင်မှု ( ဖြုန်းတီးမှု)တွေဖြစ်လာမယ်, လိုအပ်တာထက် ပိုပြီး စားတာ, ဝတ်တာ, သုံးဆောင်တာတွေဟာ ကာမဂုဏ် မှားယွင်းခြင်းတွေဘဲ။ကာမပိုင် ဖိုမပင် ဖြစ်ပါစေ၊ အကြောင်းမဲ့ လိင်ဆက်ဆံမှုဖြစ်ရင် ကာမဂုဏ် မှားယွင်းကျက်စားမှုဖြစ်မယ်" ( ဘုရား၊ စာ- ၁၅၄ )

" စားတယ်, ဝတ်တယ်, သုံးဆောင်တယ်, ကြည့်တယ်အစရှိတာတွေလည်း ကိုယ်နဲ့ပဲ လုပ်ရတာဖြစ်တယ်။ ဒီကိုယ်နဲ့ အမှုတွေမှာ မှားယွင်းကျက်စားတာတွေဟာ ကာမဂုဏ်မှားယွင်းကျက်စားတာ တွေဘဲ" ( ဘုရား၊ စာ- ၁၅၅ )

"အလှအပတစ်ခုကို အပျော်သဘောသက်သက်နဲ့ ကြည့်မယ်ဆိုရင် ကာမဂုဏ်မှားယွင်း ကျက်စားမှုက လွတ်ဖို့ မရှိဘူး။ အဲဒီအာရုံကို အပျော်သဘောသက်သက် ဆွဲမြူညို့ယူလည်း ဒီလိုပဲ။ သီချင်း ဂီတကို အကြောင်းတစုံတစ်ရာ မရှိဘဲ ခံစားရဖို့အတွက် နားထောင်သီဆိုတာလည်း အပျော် သက်သက်ပေါ့။ ဒါဆိုရင် ကာမမိစ္ဆာစာရပဲ။ ကိုယ်က မွေးထားတဲ့ ခလေးကို အကြောင်းမရှိဘဲ နမ်းရှုံ့ ပွေ့ဖက်တာလည်း ကာမဂုဏ်မှားယွင်းကျက်စားမှုဖြစ်တယ်။ ခလေးရဲ့ ကျန်းမာရေး ကိုယ်အနံ့ အငွေ့သိဖို့ နမ်းတာ, ပွေ့ဖက်တာတွေဟာ အဲဒါတွေရဲ့ အကြောင်းတွေပဲ။ ကာမပိုင်လင်မယားလည်း ဒီအတိုင်းပဲ။ ကာမပိုင်ဖြစ်ပေမယ့် အပျော်သဘောသက်သက် နမ်းရှုံ့ပွေ့ဖက်ရင် အမှားပဲ။ တစ်စုံတစ်ခုကို တွေ့သိဖို့ နမ်းရှုံ့ ပွေ့ဖက်မှ ကာမဂုဏ်မှားယွင်းကျက်စားမှုမှ လွတ်မယ်။" ဟူသော ( ဘုရား၊ စာ- ၁၅၅ ) ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အမေ့ဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

http://www.dhammadownload.com



## စောဒကတို့၏ သဘောထား

အရှင်ဉာဏသည် 'ကာမေသုမိစ္ဆာစာရ' ၌ ကာမေသုကို ' အာရုံငါးပါး' ဟု ဘာသာပြန်၍ 'အာရုံငါးပါးကို မှားမှား ယွင်းယွင်း ခံစားပါက ကာမေသုမိစ္ဆာစာရ ကံထိုက်သည်' ဟုဆိုထားပါကြောင်း၊ ကိုယ့်သား သမီးကို ပွေ့ဖက် နမ်းရှုံ့မှုကိုပင် ကာမေသုမိစ္ဆာစာရဟု ဆိုထားပါကြောင်း။

စောဒကပုဂ္ဂိုလ်တို့က ကာမဆိုသည်မှာ မေထုန်အကျင့်ပင်ဖြစ်၍၊ ကာမေသုမိစ္ဆာစာရ ဆိုသည်မှာ မေထုန်အကျင့် (မေထုန်ဝတ္ထု)တို့၌ တကယ်ကျဲရဲထိုက်စွာ ယုတ်မာသောအကျင့်ကို ခေါ် ဆိုခြင်း ဖြစ်ပါကြောင်း ပါဠိအဋ္ဌကထာဋီကာတို့ကို ကိုးကား၍ တင်ပြထားကြသည်။

## ဝိနည်းမိုရ်ဆရာတော်တို့၏ စိစစ်ချက်

ထို အမှတ်(၁၃)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြောရေးသားချက်များနှင့်ပတ်သက်၍ ထေရဝါဒလာ ပါဠိတော်၊ အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြမည်ဖြစ်ပါသည်။

**စောဒနာ (၁၃) စောဒနာဥပနာ၌ ပါဝင်သော အရှင်ဉာဏ ဆိုသော စကားကို အသေအချာ စိစစ်ကြည့်လျှင်- ကာမေသုမိစ္ဆာစာရပုဒ်၌**

**က- ကာမအရကောက်= အာရုံ ငါးပါးကို ကိုယ့်လိုအင်နဲ့ တွေ့ထိမှုတွေဟာ ကာမဂုဏ်တွေပဲ။**

**ခ- မိစ္ဆာစာရ= အသုံးကို လွန်ပြီး အကြိုက်အစွဲအလျှော့ ကျက်စားတာဟာ မှားယွင်းတဲ့ ကျက်စားမှု။-ဟု ဆိုလိုရင်း စကား အဓိပ္ပါယ် နှစ်ချက် တွေ့ရသည်။**

**ယင်းစကားကို နားလည်အောင် ဖြောင့်ကြည့်လျှင်-**

**မည်သည့် ကာမဂုဏ်ကို မဆို လိုသလောက် သုံးလျှင် ကာမေသုမိစ္ဆာစာရ မဖြစ်။**

**လိုအပ်တာထက် ပိုပြီး သုံးဆောင်လျှင် ကာမဂုဏ် မှားယွင်းမှုဖြစ်။**

**ကာမပိုင် ဖိုမပင် ဖြစ်ပါစေ၊ အကြောင်းမဲ့ လိင်ဆက်ဆံမှုဖြစ်ရင် ကာမဂုဏ် မှားယွင်း ကျက်စားမှု ဖြစ်၏။ ဘယ်မိန်းမဖြစ်ဖြစ် လိုသလောက် လိင်ဆက်ဆံလျှင် ကာမဂုဏ် မှားယွင်းကျက်စားမှု မဖြစ်ဟု ဆိုလိုဟန် ရှိသည်။**

**ကမေသုမိစ္ဆာစာရ၌ ကာမအရကောက်ကို ပိုယူ, မိစ္ဆာစာရအမှုကို လျှော့ယူထားသည်။**

**မိစ္ဆာစာရဖြစ် မဖြစ် အပိုင်း၌ သူ့အယူအဆသည် ပို၍ပင် သဘောကျစရာ ဖြစ်သည်။**

**လိုသည်ထက် ပိုသုံးလျှင် မိစ္ဆာစာရဖြစ်သည်။ ချဲ့ပြီး တွေးယူလိုက်လျှင် ကြိုက်သလောက်ချဲ့ တွေးနိုင်သည်။**

**သုံးသင့် သုံးထိုက်တာထက် ပိုသုံးလျှင် မိစ္ဆာစာရ။**

**ရသင့် ရထိုက်တာထက် ပိုယူလျှင် မိစ္ဆာစာရ။**

**ကိုယ်နဲ့ ထိုက်တန်တဲ့ နေရာထက် ပိုရောက်အောင် သွားရင် ယူရင် မိစ္ဆာစာရ စသည်ဖြင့် ကြိုက်သလောက် ချဲ့ပြီး တွေးနိုင်၏။ ကောင်းသလိုလို။**

**သို့သော် ထိုမှာဖက်မှာ ကောင်းသလိုလို ဖြစ်အောင် ယောင်ပြ ပိုယူပြပြီး**

**နောက်ကွယ်မှ အကြံအစီသည်ကား ကြောက်လန့်ဖွယ်ရာ ဖြစ်၏။**

**ကိုယ်ပိုင် လင် မလို၊ ကိုယ်ပိုင် မယား မလို၊ သွားလိုရာ သွား။**

**လိုတာထက် ပို မသုံးနဲ့။ သုံးသင့်သလောက်သာ သုံး၊ မိစ္ဆာစာရ မဖြစ်၊ ကြောက်စရာ၊**

<u>ဘုရားအလိုကို စင်စစ် မုန်စွာ ဆိုရပါသော်- - - -</u>

http://www.dhammadownload.com



## ကာမ–ဘေဒနှင့် အရကောက်

ကာမ-သည် ဝတ္ထုကာမ၊ ကိလေသာကာမ-ဟု နှစ်မျိုးရှိပါသည်၊ ထိုတွင် ဝတ္ထုကာမ ဟူသည် နှစ်သက်မြတ်နိုးဖွယ်ဖြစ်သော ရူပါရုံစသည်တို့နှင့် သက်ရှိ၊သက်မဲ့ အရာဝတ္ထုအားလုံး ဖြစ်ပါသည်။

ကိလေသာကာမ-ဟူသည်ကား ကာမဂုဏ်ကို လိုချင်တောင့်တတတ်သော လောဘ,ဆန္ဒထက် တိုးတက်၍ စွဲမက်တတ်သော လောဘ, နိမိတ္တ အနုဗျဥ္စနကို ကြံစည်တတ်သော လောဘ, သက်ပ္ပထက် တိုးတက်၍ စွဲမက်တတ်သော လောဘ, ရာဂထက် တိုးတက်၍ စွဲမက်တတ်သော လောဘ-စသည်တို့ ဖြစ်ပါသည် ။

ကာမာတိ ဥဒ္ဒါနတော ဒွေ ကာမာ ဝတ္ထုကာမာစ ကိလေသကာမာစ ။ ကတမေ ဝတ္ထုကာမာ- မနာပိကာ ရူပါ မနာပိကာ သဒ္ဒါ မနာပိကာ ဂန္ဓာ မနာပိကာ ရသာ မနာပိကာ ဖောဋ္ဌဗ္ဗာ အတ္ထရဏာ ပါဝုရဏာ ဒါသိဒါသာ- ပ -ယံကိဉ္စိ ရဇနီယံ ဝတ္ထု၊ ဝတ္ထုကာမာ ။ (မဟာနိဒ္ဒေသ-ပါ၊၁)

ကတမေ ကိလေသကာမာ-ဆန္ဒော ကာမော ,ရာဂေါ ကာမော, ဆန္ဒရာဂေါ ကာမော, သင်္ကပ္ပေါ ကာမော, ရာဂေါ ကာမော ,သင်္ကပ္ပရာဂေါ ကာမော။ (မဟာနိ။၂။ အဘိ၊၂။၂၆၆။)

ထိုတွင် ကိလေသာကာမ-အရ ကာမဂုဏ်ကို လိုချင်တောင့်တတတ်သော လောဘရ၍ ဝတ္ထုကာမ- အရ အလိုရှိအပ်သော နှစ်သက်မြတ်နိုးဖွယ်ဖြစ်သော တေဘူမကဝဋ်တရားတို့ကို ရပါသည်။

ကာမာဝစရာတိ ဧတ္ထ ဒုဝိဓော ကာမော ကိလေသကာမော, ဝတ္ထုကာမော စ၊
ကိလေသကာမော ဆန္ဒရာဂေါ ၊ ဝတ္ထုကာမော တေဘူမကဝဋ္ဋံ ။ (ပဋိသံ၊၄။၂၆၈။)

ဘုရားရှင်သည် ဝတ္ထုကာမ+ကိလေသာကာမ အရဖြစ်သော ကာမတရားတို့ကို ပယ်ကြရန်, လွတ်မြောက်အောင် ကျင့်ရန် , အလွန်အကျွံ မခံစားရအောင် စောင့်ထိန်းရန် ဟောတော်မူသည်ကို အောက်ဖေါ်ပြပါ ပါဠိတော်များ၌ တွေ့ရှိရပြီး မိစ္ဆာစာရနှင့် တွဲကာ မှားယွင်းစွာ ခံစားမှုဖြစ်ပုံ ဟောတော်မူသည်ကိုကား မတွေ့ရှိရပေ ။

-ဆိန္ဒ သောတံ ပရက္ကမ ၊ ကာမေ ပနူဒ ဗြာဟ္မဏ ။
နပ္ပဟာယ မုနီ ကာမေ၊ နေကတ္တမုပပဇ္ဇတိ။ (သံ၊၁။၄၆။)

-က္လတိ က္လမေဟိ စ ကာမေဟိ ၊ က္လမေဟိ စ အကုသလေဟိ ဓမ္မေဟိ ဝိဝိစ္စော ဟောတိ။
(ဝိ၊၁။၅။ ဒီ၊၁။၃၃။ ဒီ၊၂။၁၅၂။ ဒီ၊၃။၆၅။ မ၊၂။၁၀။ မ၊၃။၁၄။ အဘိ၊၁။၄၄။ အဘိ၊၂။၂၆၆။ အဘိ၊၄။၁၆၈။ အဘိ၊၅။၃၅၁။)

တတ္ထ အလောဘဿ ပါရိပူရိယာ ဝိဝိစ္စော ဟောတိ ကာမေဟိ။ (ပေဋကော။၂၆၂။)

## ကာမေသုမိစ္ဆာစာရ–ဟူသည်

ပဥ္စသီလ၌ ဟောတော်မူသော ကာမေသုမိစ္ဆာစာရ-၌ "ကာမေသု"အရကား ကိလေသာကာမ, ဝတ္ထုကာမ တို့ကို ယူရသည်မဟုတ်-ရာဂအားဖြင့်တူကုန်သော သူနှစ်ယောက်တို့၏အကျင့် (ဝါ) မေထုန်အကျင့် (ကာမမှု)ကို ယူရပါသည်။

မိစ္ဆာစာရ-အရကား မေထုန်အကျင့်တို့၌ စင်စစ်ကဲ့ရဲ့ထိုက်သော ယုတ်မာသောအကျင့် ဖြစ်ပါသည်။ ထို့ကြောင့် "ကာမေသု မိစ္ဆာစာရ"ဟူသည်မှာ ရာဂအားဖြင့် တူကုန်သော မိန်းမ,ယောကျ်ား နှစ်ဦးသားတို့၏ မေထုန်အကျင့်၌ စင်စစ်ကဲ့ရဲ့ထိုက်သော ယုတ်မာစွာ ကျင့်ခြင်း ဖြစ်ပါသည် ။

http://www.dhammadownload.com



(၁) ကာမေသုတိ မေထုနသမာစာရေသု မေထုနဝတ္ထုသု ဝါ၊

(၂) မိစ္ဆာစာရောတိ ဧကန္တနိန္ဒိတော လာမကစာရော စ။ (ဒီ၊၄၊၃။ ၂၃၁၊ သံ၊၄၊၂။ ၁၃၄။ အဘိ၊၄၊၁။ ၁၄၁။ ပဋိသံ၊၄၊၁။ ၂၀၄။ မဟာနိ၊၄။ ၉၉။)

## မေထုနဓမ္မ၏ သဘာဝ

ထိုစကားနှင့်ဆက်စပ်၍ မေထုနဓမ္မ-၏ အဓိပ္ပါယ်ကို ပြဆိုပါဦးမည် ။

မေထုနဓမ္မ-မေထုန်အကျင့်-ဟူသည် , ယုတ်မာသော သူတို့၏အကျင့် ,ရွာနေသူ လူတို့၏ အကျင့်, မကောင်းမှုကို ယိုစီးတတ်သောအကျင့်ဖြစ်၍, ရုန့်ရင်းကြမ်းတမ်းသော ရေဆေးခြင်းကိစ္စ အဆုံးရှိသော ဖုံးကွယ်ရာ၌ ပြုအပ်သော နှစ်ယောက် နှစ်ယောက်သော ယောကျ်ား+မိန်းမတို့သည် ရောက်အပ်သော အကျင့်(ဝါ)ပြုအပ်သောအကျင့် ဖြစ်ပါသည် ။

မေထုနဓမ္မော နာမ ယော သော အသဒ္ဓမ္မော ဂါမဓမ္မော ဝသလဓမ္မော ဒုဋ္ဌုလ္လော ဩဒကန္တိကော ရဟဿော ဒွယံဒွယသမာပတ္တိ။ (ဝိ၊၁။ ၃၄။ မဟာနိ။ ၁၀၇။)

ထိုအကျင့်ကို အဘယ့်ကြောင့်"မေထုနဓမ္မ"ဟုခေါ်ဆိုရသနည်းဟူမူ- ရာဂဖြင့် တပ်စွမ်း ကုန်သော ပြင်းစွာ တပ်စွမ်းကုန်သော ရာဂဖြင့်စွတ်စိုကုန်သော ရာဂဖြင့် ထိုးကျင့်ကုန်သော ထက်ဝန်းကျင်မှ ပိုင်းခြား၍ ယူအပ်သော စိတ်ရှိကုန်သော တူသောသူနှစ်ယောက်တို့၏ အကျင့်ဖြစ်သောကြောင့် ထိုအကျင့်ကို "မေထုနဓမ္မ"ဟု ခေါ်ဆိုရပါသည် ။

-ကိံ ကာရဏာ ဝုစ္စတိ မေထုနဓမ္မော၊ ဥဘိန္နံ ရတ္တာနံ သာရတ္တာနံ အဝဿုတာနံ ပရိယုဋ္ဌိတာနံ ပရိယာဒိန္နစိတ္တာနံ ဥဘိန္နံ သဒိသာနံ ဓမ္မော၊ တံကာရဏာ ဝုစ္စတိ မေထုနဓမ္မော။ (မဟာနိ။ ၁၀၇။)

## ကာမေသုမိစ္ဆာစာရ အရ – ဖြစ်,မဖြစ်

ထို့ကြောင့် ယောကျ်ားတို့၏ မိမိကာမပိုင် ဇနီးမယားနှင့် ဆက်ဆံပျော်ပါးခြင်း၊ မိန်းမတို့၏ မိမိ၏ကာမပိုင် ယောကျ်ားနှင့် ဆက်ဆံပျော်ပါးခြင်းတို့မှာ လောကသဘာဝအားလျော်စွာ ဆက်ဆံ ပျော်ပါးခြင်း ဖြစ်၍ မကဲ့ရဲ့ထိုက်သဖြင့် ယုတ်မာသည်ဟု မဆိုသာသောကြောင့် ကာမေသုမိစ္ဆာစာရ မဖြစ်ပါ ။

အခြားသော တစ်ဦးနှင့် တစ်ဦးနမ်းရှုံ့မှု၊ ကလေးကို ချိုပိုးနမ်းရှုံ့မှု-စသည်တို့မှာ အဘယ်မှာ ကာမေသု မိစ္ဆာစာရ ဖြစ်ပါမည်နည်း - မည်သို့မျှ မဖြစ်နိုင်ပေ။

မိမိ၏ ကာမပိုင် ဇနီးမယားမှတပါး မသွားလာထိုက်သူ အမျိုးသမီး(၂၀)နှင့် ဆက်ဆံပျော်ပါးခြင်း ပြုပါက ယုတ်မာသော မသူတော်တို့၏ အလိုသဘောဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာထိုက်သော အမျိုးသမီးတို့၌ လွန်ကျူးကြောင်း ဖြစ်သော စေတနာသည် ကာမေသု မိစ္ဆာစာရ ဖြစ်ပါသည် ။

လက္ခဏတော ပန အသဒ္ဓမ္မာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ အဂမနီယဋ္ဌာနဝီတိက္ကမ-စေတနာ ကာမေသု မိစ္ဆာစာရော။ (ဒီ၊၄၊၃။ ၂၃၁။ သံ၊၄၊၂။ ၁၃၄။ အဘိ၊၄၊၁။ ၁၄၁။ ပဋိသံ၊၄၊၁။ ၂၀၄။ မဟာနိ၊၄။ ၉၉။)

http://www.dhammadownload.com



## ကာမေသု မိစ္ဆာစာရပြစ်ရန် အင်္ဂါလေးတန်

ကာမေသု မိစ္ဆာစာရ အရာ၌-

၁။ မသွားလာထိုက်သော အဂမနီယဝတ္ထုဖြစ်ခြင်း၊ ၂။ ထိုဝတ္ထု၌ မှီဝဲလိုသော စိတ်ရှိခြင်း။ ၃။ မှီဝဲမှုလုံ့လကို ပြုခြင်း၊ ၄။ မဂ်အချင်းချင်းကျင့်ခြင်းကို သာယာခြင်း - ဟူသော အင်္ဂါ ( ၄ ) ပါးနှင့် ပြည့်စုံမှသာ ကာမေသု မိစ္ဆာစာရကံ ထိုက်ပါသည်။ (မ၊ဋ၊၁။၂၀၃။ သံ၊ဋ၊၂။၁၃၅။ ပဋိသံ၊ဋ၊၁။၂၀၄။)

## အဂမနီယ ဌာန (၂၀)

အဂမနီယဝတ္ထုဟူသော အင်္ဂါနှင့် စပ်၍ မသွားလာထိုက်သော အမျိုးသမီးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ မာတုရက္ခိတာ | - | မိခင်စောင့်ရှောက်အပ်သော မိန်းမ ။ |
| ၂။ ပိတုရက္ခိတာ | - | အဘစောင့်ရှောက်အပ်သော မိန်းမ ။ |
| ၃။ မာတာပိတုရက္ခိတာ | - | မိဘနှစ်ပါးလုံး စောင့်ရှောက်အပ်သော မိန်းမ ။ |
| ၄။ ဘာတုရက္ခိတာ | - | အစ်ကိုကြီးငယ် စောင့်ရှောက်အပ်သော မိန်းမ ။ |
| ၅။ ဘဂိနိရက္ခိတာ | - | အစ်မညီမတို့ စောင့်ရှောက်အပ်သော မိန်းမ ။ |
| ၆။ ဉာတိရက္ခိတာ | - | ဆွေမျိုးတို့ စောင့်ရှောက်အပ်သော မိန်းမ ။ |
| ၇။ ဂေါတ္တရက္ခိတာ | - | အနွယ်တူသူတို့ စောင့်ရှောက်အပ်သော မိန်းမ ။ |
| ၈။ ဓမ္မရက္ခိတာ | - | အတူတကွ တရားကျင့်ဖော်တို့ စောင့်ရှောက်အပ်သော မိန်းမ။ |
| ၉။ သာရက္ခာ | - | စောင့်အရှောက်ရှိသောမိန်းမ ။ |
| ၁၀။သပရိဒဏ္ဍာ | - | မင်းပြစ်မင်းဒဏ် မကင်းသောမိန်းမ ။ |
| ၁၁။ ဓနက္ကီတာ | - | ဥစ္စာဖြင့် ဝယ်အပ်သောမိန်းမ ။ |
| ၁၂။ ဆန္ဒဝါသိနီ | - | ဆန္ဒသဘောတူသဖြင့် ပေါင်းသင်းနေထိုင်သော မိန်းမ။ |
| ၁၃။ ဘောဂဝါသိနီ | - | စည်းစိမ်ဥစ္စာပေး၍ ပေါင်းသင်းနေထိုင်သော မိန်းမ ။ |
| ၁၄။ ပဋဝါသိနီ | - | အဝတ်တန်ဆာအတွက် ပေါင်းသင်းနေထိုင်သော မိန်းမ ။ |
| ၁၅။ ဩဒပတ္တကိနီ | - | ရေခွက်၌ လက်စုံချ၍ ပေါင်းသင်းနေထိုင်သော မိန်းမ ။ |
| ၁၆။ ဩဘတစုမ္ဗဋကာ | - | ချအပ်သော ခေါင်းခုရှိသော မိန်းမ ။ |
| ၁၇။ ဒါသီဘရိယာ | - | ကျွန်လည်းဟုတ် မယားလည်းဟုတ်သော မိန်းမ ။ |
| ၁၈။ ကမ္မကာရီ | - | အစေခံမယားဖြစ်သောမိန်းမ ။ |
| ၁၉။ ဓဇာဟဋာ | - | စစ်အောင်သဖြင့် ယူဆောင်အပ်သော သုန့်ပန်းတို့တွင် မယားအဖြစ် သိမ်းပိုက်အပ်သော မိန်းမ ။ |
| ၂၀။ မုဟုတ္တိကာ | - | ရက်အနည်းငယ် ခဏမျှမယားပြုအပ်သော မိန်းမ ။ |

တတ္ထ အဂမနီယဋ္ဌာနံ နာမ ပုရိသာနံ တာဝ မာတုရက္ခိတာ - ပ - ဝီသတိ ဣတ္ထိယော။ ဣတ္ထီသု ပန ဒွိန္နံ သာရက္ခသပရိဒဏ္ဍာနံ ဒသန္နဉ္စ ဓနက္ကီတာဒီနန္တိ ဒွါဒသန္နံ ဣတ္ထီနံ အညေ ပုရိသာ ။ ဣဒံ အဂမနီယဋ္ဌာနံ နာမ ။ (မဟာနိ၊ဋ၊၅။၉၉-စသည် )

http://www.dhammadownload.com



## ပေါင်းရုံးသုံးသပ်ချက်

အထက်ဖော်ပြပါ အဋ္ဌကထာအဖွင့်တို့ကိုရှု၍ အချုပ်အားဖြင့် မှတ်ရန်မှာ- မာတုရက္ခိတာ-စသော မိန်းမ(၈)ယောက်တို့သည် မိမိကာမကို သူများအား ပေးသော်လည်း မိစ္ဆာစာရ မဖြစ်၊ သာရက္ခာ-စသော မိန်းမ(၁၂)ယောက်တို့ကား မိမိယောက်ျားမှတပါး အခြားယောက်ျားအား မိမိကာမကို ပေးလျှင် မိစ္ဆာစာရ ဖြစ်၏။ ယောက်ျားတို့မှာ ကိုယ်ပိုင် မယားမှတပါး မာတုရက္ခိတ-စသော မိန်းမ(၂၀)လုံးကို ကျူးလွန်ပါက မိစ္ဆာစာရ ဖြစ်ပါသည်။

ငါးဖြာအာရုံကာမဂုဏ်ခံစားမှု၊ ကလေးပွေ့မှု၊ မိမိကာမပိုင်ကို မှီဝဲမှုတို့သည် ကမ္မပထမြောက်သော ကာမေသုမိစ္ဆာစာရကံ မဟုတ်ကြောင်း ထင်ရှားသည်။

အရှင်ဉာဏ-သည် ကာမေသုမိစ္ဆာစာရ-ပုဒ်၌ပါသော"ကာမေသု"အရကို အခြား အရာဌာနတို့၌ ပါသော "ကာမ"ပုဒ်တို့၏ အရတို့နှင့် ရောထွေး၍ မိမိစိတ်ကြိုက် "ကာမေသု မိစ္ဆာစာရ"ဖြစ်ပုံ ဟောပြော ရေးသားထားသည်ကို တွေ့ရပေသည်။

သို့ပါ၍ စောဒကများ စောဒနာထားသော စောဒနာ (၁၃)ပါ ဂရုသီလနှင့် ဆက်စပ်သော ဤကာမေသုမိစ္ဆာစာရပုဒ်အရာ၌ ကာမ, ကာမေသုမိစ္ဆာစာရတို့၏ သဘောကို ဟောပြောရေးသား ထားသော ရှင်ဉာဏ၏ ကာမေသုမိစ္ဆာစာရပုဒ်ဆိုင်ရာ ဟောပြော ရေးသား ချက်များသည် ကမ္မပထမြောက်သော ကာမေသုမိစ္ဆာစာရပုဒ် အဖွင့်တို့နှင့် ဆန့်ကျင်၏ဟု သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

ပြဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာတို့၌ မိန့်ဆိုချက်များကို ထောက်ဆ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၁၃)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြောရေးသားချက်များသည် ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

http://www.dhammadownload.com


## အမှတ်(၁၄)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား- စာ- ၁၆၀-၁၆၁-၁၆၃-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

ဂရုဓမ္မသီလ မလိမ်ရသိက္ခာပုဒ်မှာ ယူရမယ့်မလိမ်ရပုံကို **ဘုရားဘယ်လို ဖွင့်တယ်လို့ ကြည့်ရမယ်။ စကားမှန်မှု** အားလုံးကို ရှောင်ရှားခြင်းလို့ ဒီသိက္ခာပုဒ်အရ ယူရမယ့် ပုဒ်မရှိဘူး။ ဘုရားဟာ ဝိနည်းပညတ်ချက်မှာ မမှန်စကားကို အမျိုးအစားနှစ်ခု ခွဲခြားပြီး ပညတ်တာရှိတယ်။ **ကိုယ့်ဘဝနဲ့စပ်ပြီး ပြောတဲ့ မမှန်စကားနဲ့ ကိုယ့်ဘဝမဟုတ်တဲ့အရာကို ပြောတဲ့မမှန်စကားတွေဘဲ။**

ကိုယ့်မှာမရှိဘဲ ရှိတယ်ပြောတာမျိုး ကိုယ့်မှာမဖြစ်ဘဲ ဖြစ်တယ်ပြောတာမျိုး ကိုယ်မသိဘဲ သိတယ်ပြောတာမျိုး ဒါတွေဟာ ကိုယ့်ဘဝနဲ့စပ်ပြီးပြောတဲ့ မမှန်စကားတွေဘဲ။ **တခြားမဟုတ်စကား** တွေကတော့ ကိုယ့်ဘဝနဲ့မစပ်တာမျိုး ပေါ့။ ချိုတဲ့အစာကို မချိုဘူး။ နီးတဲ့အရာကို မနီးဘူး။ ကြီးတဲ့အရာကို မကြီးဘူး။ ရှိတဲ့အရာ ဖြစ်တဲ့အရာကို မရှိဘူး မဖြစ်ဘူး။ အစရှိတဲ့ဘဝနဲ့ မပတ်သက်တဲ့ နေရာတွေမှာ ပြောဆိုချက်တွေဟာ မမှန်တဲ့စကားတွေဘဲ ဒါတွေဟာ ကိုယ့်ဘဝမဟုတ်တဲ့အရာတွေကို ပြောတဲ့ မမှန်စကားတွေဘဲ။

ဒီမမှန်တဲ့စကားနှစ်မျိုးဟာ လိမ်တာတွေပဲ။ ဒီသိက္ခာပုဒ်မှာ **ဒီနှစ်လိမ်လုံး** ရဖို့မရှိဘူး။ ရှေ့တစ်လိမ်ပဲ ရယူဖို့ ရှိတယ်။ နောက်တစ်လိမ်ပဲ သိက္ခာပုဒ်အရ အကျုံး **မဝင်လောက်ဘူး။** နောက်လိမ်နည်းမျိုးနဲ့ လိမ်လို့ မလိမ်ရတဲ့ ဂရုဓမ္မသီလမပျက်ဘူးလို့ ဆိုတယ်။ ( ဘုရား၊ စာ-၁၆၀ )

ဒါကြောင့် လိမ်တာနဲ့စပ်ပြီး အပျော်ပြောင်တောင် မပြောဝံ့ရလို့ သိနေတာတွေကို ကျော်လွှားရမယ်။ ကိုယ်မှာ ရှိတဲ့ပစ္စည်း သူလာတောင်းတဲ့အခါ မပေးနိုင်လို့ မရှိဘူးပြောလဲ လိမ်တာလို့ ဒီသီလမှာ ယူဖို့ မဟုတ်ဘူး။ ကိုယ်ရောင်းတဲ့ပစ္စည်း အမြတ်ရအောင် ပိုပြောထားတဲ့ဈေးကို အရင်းအတိုင်းဈေးပါပဲလို့ ပြောတာလည်း ဒီသီလမှာ လိမ်တာ မမြောက်ဘူး။ ဒီလိုမျိုးတွေကို အများအပြားသိရမယ်။

(ဘုရား၊ စာ- ၁၆၁ )

"ဒီစာတွေအရ လိမ်တာဟာ မကောင်းတာချည်း မဟုတ်ဘူးလို့ ဆိုလိုတယ်။ မကောင်းတဲ့ လိမ်တာရှိသလို မကောင်းတာ မဟုတ်တဲ့ လိမ်တာလည်းရှိတယ်လို့ ဆိုရာ ရောက်တာပေါ့။ ဒီတော့ မကောင်းတဲ့ လိမ်တာကို ကွဲကွဲပြားပြား သိမှ ဖြစ်မယ်။ ဒါမှ ဂရုဓမ္မသီလက တားတဲ့ လိမ်တာကိုသိရမယ်" ( ဘုရား၊ စာ-၁၆၃ ) ဟူကုန်သော ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အရှင်ဉာဏသည် 'ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာ'ဟူ၍ နာမည်တတ်ကာ အဖွဲ့အစည်းကြီး တစ်ခုဖွဲ့ထားကြောင်း၊ ထိုအဖွဲ့အစည်းကြီး၏ ခေါင်းဆောင်သည် အရှင်ဉာဏဖြစ်နေကြောင်း၊ အရှင်ဉာဏသည် သူ၏ အဖွဲ့ဝင်အားလုံးတို့အား သတ်နည်းအမျိုးမျိုး ခိုးနည်းအမျိုးမျိုး လိမ်ညာနည်းအမျိုးမျိုး မူးယစ်သေစာသုံးစွဲနည်း အမျိုးမျိုးတို့ကို သင်ကြားပေးနေကြောင်း၊ တစ်နည်း ပြောရလျှင် သီလသာသနာ၊ သမာဓိသာသနာ၊ ပညာ သာသနာကို ဖျက်ဆီးနေပါကြောင်း၊ တစ်မျိုးလျှောက်ထားရလျှင် ပရိယတ်သာသနာ၊ ပဋိပတ်သာသနာ၊ ပဋိဝေဓသာသနာကို အုပ်စုဖွဲ့၍ ဖျက်ဆီးနေပါကြောင်း။

အရှင်ဉာဏပြောဆိုရေးသားနေသော လိမ်လည်မှု နှစ်မျိုးလုံးသည် မုသာဝါဒဖြစ်၍ သီလသိက္ခာ ပျက်စီးပါကြောင်း ပါဠိအဋ္ဌကထာဋီကာတို့ကို ကိုးကား၍ တင်ပြထားကြသည်။

http://www.dhammadownload.com



## ဝိနည်းဓိုရ်ဆရာတော်တို့၏ စိစစ်သုံးသပ်ချက်

မုသာဝါဒ-ဟူသောသိက္ခာပုဒ်ကို ဂရုဓမ္မနိစ္စသီလ၌ "မုသာဝါဒါ ဝေရမဏီ"ဟုလည်းကောင်း၊ သီလက္ခန်စသော ပါဠိတော်တို့၌ "မုသာဝါဒံ ပဟာယ"စသည်ဖြင့်လည်းကောင်း၊ ဟောတော်မူသည်ကို တွေ့ရှိရပေသည်။

မုသာဝါဒ-၌ မုသာ-သည် နိပါတ်ပုဒ်ဖြစ်၏။ ၎င်း မုသာသဒ္ဒါသည် မှားယွင်းသော (ပြောသည့်အတိုင်း မမှန်သော) ကိုယ်အမူအရာ, နှုတ်အမူအရာ ဟူသော အနက်ကို ဟော၏။

ဝါဒသဒ္ဒါသည် ပြောဆိုခြင်း၊ (ဝါ) ပြောဆိုကြောင်း စေတနာဟူသော အနက်ကို ဟော၏။

ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်ပြောဆိုမှုကို ရှေးရှုသောသူ၏ သူတပါး အကျိုးစီးပွားကို ပျက်ပြားစေတတ်သော နှုတ်ဖြင့် လိမ်ညာခြင်း ဝစီပယောဂ, သို့မဟုတ် ကိုယ်ဖြင့် လိမ်ညာခြင်း ကာယပယောဂတို့ကို ဖြစ်တတ်သော အကုသိုလ်စေတနာသည် မုသာဝါဒမည်၏။

**တစ်နည်းအားဖြင့်** မုသာ-အရ အရာဝတ္ထုက ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပြောတိုင်း မဟုတ်သော ဝတ္ထု-ကိုရပါသည်။ ဤအလို မဟုတ်မမှန်သောဝတ္ထုကို အဟုတ်အမှန် လုပ်၍ သိစေကြောင်း စေတနာသည် မုသာဝါဒမည်၏။

ထိုပြဆိုခဲ့ပြီးသော ဖွင့်ဆိုချက်များအရ ကိုယ်အမူအရာ, နှုတ်အမူအရာ တစ်ခုခုဖြင့် ညားဝါးဖြန်းသန်း၍ ပြောဆိုမှု, ရေးသားမှုဟူသမျှတို့သည် "မုသာဝါဒ" ဖြစ်သည်ဟု မှတ်ရပေမည် ။

မုသာဝါဒါတိ အလိကဝစနာ တုစ္ဆဝစနာ ။ (အံ၊၁။၁၉၇။)

-မုသာတိ ဝိသံဝါဒနပုရေက္ခာရဿ အတ္ထဘဉ္ဇနကော ဝစီပယောဂေါ ကာယ-ပယောဂေါ ဝါ။ ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒကကာယဝစီပယောဂသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ အပရော နယော- မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု၊ ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ။ လက္ခဏတော ပန အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာဝိညတ္တိသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ (ဒီ၊ဋ္ဌ၊၁။ ၇၁။ ဝိမာန၊ဋ္ဌ၊၁။ ၆၅။ မ၊ဋ္ဌ၊၁။ ၂၀၃။ သံ၊ဋ္ဌ၊၂။၁၁၅။ ပဋိသံ၊ဋ္ဌ၊၁။၂၀၅။)

မုသာဝါဒါတိ အဘူတဝါဒကော။ (အဘိ၊ဋ္ဌ၊၂။၃၆၅။)

## မုသာဝါဒ၏အင်္ဂါများ

မုသာဝါဒအရာ၌ အင်္ဂါ(၄)ပါးရှိပုံကို-

၁။ အတထံ ဝတ္ထု- မဟုတ်မမှန်သောဝတ္ထုဖြစ်ခြင်း၊

၂။ ဝိသံဝါဒနစိတ္တံ- မှားယွင်းစေလိုသော စိတ်ရှိခြင်း၊

၃။ တဇ္ဇော ဝါယာမော- ထိုမှားယွင်းစေလိုသော ကိုယ်နှုတ်တို့ဖြင့် လှုံ့လပြုခြင်း၊

၄။ တဒတ္ထဝိဇာနနံ- ထိုလိမ်ညာလိုအပ်သော အနက်အဓိပ္ပါယ်ကိုသိခြင်း-စသည်ဖြင့်

သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာစသည်တို့၌ ဖွင့်ဆိုထားသောကြောင့် လူတို့၏မုသာဝါဒမှာ အင်္ဂါလေးပါးစုံလျှင် မုသာဝါဒ လည်းဖြစ် သီလလည်းပျက်၍ ကမ္မပထလည်းမြောက်သည်ဟု ဆိုလိုပါသည်။

(ခုဒ္ဒကာ၊ဋ္ဌ။၂၁။)

http://www.dhammadownload.com



**တဿ စတ္တာရော သမ္ဘာရာ- အတတံ ဝတ္ထု, ဝိသံဝါဒနစိတ္တံ, တဇ္ဇော ဝါယာမော, ပရဿ တဒတ္ထဝိဇာနနန္တိ။** (ပဋိသံ၊၄၊၁။ ၂၀၅။)

ရဟန်းတော်များဆိုင်ရာ မုသာဝါဒ၌ ၁။ လိမ်လည်လိုသောစိတ်၊ ၂။ လိမ်လည်မှုပယောဂ- ဤအင်္ဂါနှစ်ပါးစုံလျှင် ပါစိတ်အာပတ်သင့်သည်ဟု (ကင်္ခါအဋ္ဌကထာ-၁၉၀) ၌ ဖွင့်ဆိုတော်မူပါသည်။

## ကမ္မပထမြောက်/မမြောက်

မုသာဝါဒအရာ၌ အင်္ဂါလေးပါးရှိရာတွင် "တဒတ္ထ ဝိဇာနန"အရ လိမ်သည့်အတိုင်း အနက်အဓိပ္ပါယ် သိ၍ ယုံကြည်မှုဖြစ်မှသာ ကမ္မပထမြောက်ပါသည်။ လိမ်သော်လည်း သူတပါးကမယုံလျှင်, မိမိလည်း စိတ်ချမ်းသာအောင် လူတစ်ဖက်သားလည်း ရာဇဝတ်မှုလွတ်အောင် လိမ်၍ပြောဆိုရာ, မိမိပစ္စည်းကို တောင်းခံလာရာ၌ ရှိပါလျက် မရှိဟု လိမ်၍ပြောဆိုရာ-စသည်တို့၌ မုသာဝါဒ ဖြစ်သော်လည်း သူတပါး အကျိုးစီးပွါးမပျက်သောကြောင့် ကမ္မပထမမြောက်ဟု မှတ်ရပါမည်။

ထိုကြောင့် အဋ္ဌကထာတို့၌ လူတို့၌ဖြစ်တတ်သော မုသာဝါဒနှင့် ရဟန်းသာမဏေတို့၌ ဖြစ်တတ်သော မုသာဝါဒကို အောက်ပါအတိုင်း ခွဲခြား၍ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရှိရပေသည် ။

> လူတို့မှာ မိမိ၏ ဥစ္စာကို ပေးခြင်းငှါ အလိုမရှိသည်၏အဖြစ်ကြောင့် မရှိပါဟု လိမ်၍ ပြောဆိုခြင်း မျိုးသည် အပြစ်မကြီးသော်လည်း မုသာဝါဒဖြစ်ပါသည်။ သူတပါးအကျိုးစီးပွါး ပျက်ပြားအောင် မတရား သက်သေခံ၍ မဟုတ် မမှန် လိမ်ညာပြောဆိုခြင်းမျိုးသည် မုသာဝါဒလည်း ဖြစ်,ကမ္မပထလည်း မြောက်၍ အပြစ်လည်းကြီးပါသည် ။
>
> ရဟန်းသာမဏေတို့မှာ အနည်းငယ်မျှသော ဆီ,ထောပတ်တို့ကို ရသော်လည်း ပြောင်လှောင် ပျက်ရယ် လိုသောသဘောဖြင့် "ယနေ့ရွာထဲမှာ ဆီတွေမြစ်ကြီးလို စီးနေသည်"ဟု ပူရဏကထာနည်းဖြင့် စကားပိုစကားလျှံ ပြောဆိုခြင်းမျိုးသည် အပြစ်မကြီးသော်လည်း မုသာဝါဒဖြစ်ပါသည် ။
>
> မမြင်အပ်သော အကြောင်းအရာကို မြင်၏၊ မကြားအပ်သော အကြောင်းအရာကို ကြား၏-စသည်ဖြင့် လိမ်ညာ၍ ပြောဆိုခြင်းသည် မုသာဝါဒဖြစ်၍ သီလသိက္ခာ ပျက်စီးကာ အပြစ်လည်း ကြီးပါသည် ။
>
> ဂဟဋ္ဌာနံ အတ္တနော သန္တကံ အဒါတုကာမတာယ နတ္ထီတိအာဒိနယပ္ပဝတ္တော အပ္ပသာဝဇ္ဇော၊ သက္ခိနာ ဟုတွာ အတ္ထဘဉ္ဇနတ္ထံ ဝုတ္တော မဟာသာဝဇ္ဇော ။ ပဗ္ဗဇိတာနံ အပ္ပကမ္ပိ တေလံ ဝါ သပ္ပိံ ဝါ လဘိတွာ ဟသာဓိပ္ပါယေန " အဇ္ဇ ဂါမေ တေလံ နဒီ မညေ သန္ဒတီ"တိ ပူရဏကထာနယေန ပဝတ္တော အပ္ပသာဝဇ္ဇော၊ အဒိဋ္ဌံယေဝ ပန "ဒိဋ္ဌ"န္တိ အာဒိနာ နယေန ဝဒန္တာနံ မဟာသာဝဇ္ဇော ။ (ဒီ၊၄၊၁။၇၁။ မ၊၄၊၁။ ၂၀၃။ သံ၊၄၊၂။၁၃၅။ ဝိမာန၊၄။၁၆၅။ အဘိ၊ ၄၊ ၁။ ၁၄၂။ ပဋိသံ၊၄၊၁။ ၂၀၅။)

http://www.dhammadownload.com



## လိမ်နည်းနှစ်မျိုး

အရှင်ဉာဏဆိုသော မုသာဝါဒနှစ်မျိုးကို ဝိနည်းသိက္ခာပုဒ်အမည်ဖြင့် ခွဲခြားလျှင်
၁။ စတုတ္ထပါရာဇိကလာ လိမ်ညာပြောဆိုမှုမျိုး
၂။ မုသာဝါဒသိက္ခာပုဒ်လာ လိမ်ညာပြောဆိုမှုမျိုးတို့ ဖြစ်ကြသည်။

## သီလပျက်/မပျက်

အရှင်ဉာဏက အထက်ဖော်ပြပါ လိမ်လည်နည်း နှစ်မျိုးတို့တွင် နံပါတ် (၁)လိမ်ညာပြောဆိုမှုမျိုးသာ မုသာဝါဒသိက္ခာပုဒ်အရ အပြစ် ရှိသည်။ သီလ ပျက်စီးသည်။

နံပါတ်(၂) လိမ်ညာပြောဆိုမှုမျိုးကား မုသာဝါဒ သိက္ခာပုဒ်အရ အပြစ်မရှိ သီလမပျက်ဟု ဆိုသည်။

'ချိုတဲ့အရာကို မချိုဘူး၊ နီးတဲ့အရာကို မနီးဘူး၊ ကြီးတဲ့အရာကို မကြီးဘူး၊ ရှိတဲ့အရာ ဖြစ်တဲ့အရာကို မရှိဘူး မဖြစ်ဘူး။'စသည့်လိမ်ညာပြောဆိုမှုသည် မုသာဝါဒပင်ဖြစ်ပါသည်။

အထက်ပါ မုသာဝါဒအင်္ဂါလေးချက်ဖြင့် စိစစ်ကြည့်၍ အင်္ဂါလေးချက်ညီလျှင် သီလပျက်စီး၏။ အင်္ဂါလေးချက် မညီလျှင် သီလ မပျက်ဟု မှတ်ရမည်။

လိမ်လည်ပြောဆိုသောသူ၏ သီလပျက်/မပျက်ကို လိမ်လည်ပြောဆိုသော အခြင်းအရာဖြင့် သို့မဟုတ် ကိုယ့်ဘဝနဲ့စပ်ပြီး ပြောတဲ့ မမှန်စကား, ကိုယ့်ဘဝ မဟုတ်တဲ့အရာတွေကို ပြောတဲ့ မမှန်စကား အမျိုးအစားတို့ဖြင့် သတ်မှတ် ဖွင့်ဆိုချက်ကို ပါဠိတော် အဋ္ဌကထာတို့၌ မတွေ့ရ။

သို့ပါ၍ စောဒကများ စောဒနာထားသော စောဒနာ (၁၄)ပါ မုသာဝါဒပုဒ် ဆိုင်ရာ မိုးပြာ အရှင်ဉာဏ၏ ဟောပြော ရေးသားချက်များသည် မုသာဝါဒပုဒ် အဖွင့်များနှင့် ဆန့်ကျင်၏ဟု ဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော်မူကြပါသည်။

## ယောင်ဝါးဝါး ဟောပြောချက်

(ဘုရား၊ စာ-၁၆၀ )၌ ပြောဆို ရေးသားထားချက်တို့ကို အသေအချာ ဖတ်ရှုကြည့်လျှင်

"ဒီမမှန်တဲ့စကားနှစ်မျိုးဟာ လိမ်တာတွေပဲ။ ဒီသိက္ခာပုဒ်မှာ ဒီနှစ်လိမ်လုံး ရဖို့မရှိဘူး။ ရှေ့တစ်လိမ်ပဲ ရယူဖို့ ရှိတယ်။ **နောက်တစ်လိမ်ပဲ သိက္ခာပုဒ်အရ အကျုံး မဝင်လောက်ဘူး။** နောက်လိမ်နည်းမျိုးနဲ့ လိမ်လို့ မလိမ်ရတဲ့ ဂရုဓမ္မသီလမပျက်ဘူးလို့ ဆိုတယ်။"

"နောက်တစ်လိမ်ပဲ သိက္ခာပုဒ်အရ အကျုံး မဝင်လောက်ဘူး။"ဟူသောစကားကို ရှင်ဉာဏသည် အနိုင်အမာ အထောက်အထားမရှိပဲ မိမိထင်ရာကို ပြောပြီး ဘုရားဟောဟု ဆိုနေသူ ဖြစ်ကြောင်း ထင်ရှား ပါသည်။ **မဝင်လောက်ဘူး** ဟူသောစကားနှင့် **မဝင်ဘူး** ဟူသောစကားနှစ်ခွန်း၏ အတိမ်အနက် အလွန် ကွာခြားလွန်းပါသည်။ မဝင်လောက်ဘူးဆိုသော စကားသည် အလွန် မရေ မရာ နိုင်လွန်းသော စကား ဖြစ်ပါသည်။ ယောင်ဝါးဝါး ဟောပြောချက်သာ ဖြစ်ပါသည်။

ယုံကြည် ကိုးစားသူများအတွက် "ငါသည် ဤမျှလောက် မသေမချာ ဟောပြောချက်မျိုးကို လက်ခံ ယုံကြည်မိလေစွ"ဟု နောင်မှ နောင်တရသူ မဖြစ်ရလေအောင် စိစစ်ပြ လိုက်ပါသည်။

http://www.dhammadownload.com



## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၁၄) စောဒနာလွှာပါ အရှင်ဉာဏ၏ ဘုရား- စာ- ၁၆၀-၁၆၁-၁၆၃-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-"ဂရုဓမ္မသီလ မလိမ်ရသိက္ခာပုဒ်မှာ"စသော ဟောပြောရေးသားချက်များသည် ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြောရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၅)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား၊ ၁၆၈၊၁၆၉၊၁၇၅၊၁၇၇-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

" ဂရုဓမ္မသီလမှာတော့ သေရည်သေရက် သောက်ခြင်းက ရှောင်ရမယ်လို့ မဟုတ်ဘူး။ သူ့သိက္ခာပုဒ်ပါဠိက သေရည်သေရက်ကို မေ့လျော့တဲ့ နေရာထိ ရောက်အောင် ယစ်မူးခြင်းမှ ရှောင်ကြဉ်ရမယ် ဆိုတာမျိုး အဓိပ္ပါယ်ရှိတယ်။ သူရာမေရယပါနာ ဝေရမဏီလို့ မဟုတ်ဘူး။ သူရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ လို့ဖြစ်တယ်။ ဒီပါဠိနှစ်ခုဟာ အဓိပ္ပါယ် မတူဘူး။ ဒုတိယပါဠိက သေရည်သေရက် မူးယစ်စာကို မေ့လျော့တဲ့ နေရာအထိ ယစ်မူးခြင်းမှ ရှောင်ကြဉ်မယ် ဆိုတာမျိုး အဓိပ္ပါယ်ရှိတယ်။" (ဘုရား၊ ၁၆၈၊၁၆၉ )

" ဒီတော့ ဒီသိက္ခာပုဒ်အဓိပ္ပါယ်ဟာ သေရည်သေရက် (မူးယစ်ဆေးဝါး) မသောက်သုံးရဘူးလို့ အဓိပ္ပါယ်မရဘူး။ မေ့လျော့တဲ့အထိ ဒါတွေကို မသောက်သုံးရဘူးလို့ အဓိပ္ပါယ်ရတယ်။ ဒါကြောင့် ဒီသိက္ခာပုဒ်အနက်ကို လွန်ပြီး မယူသင့်ကြဘူး။ လွန်ယူတော့ မလိုက်နာနိုင်တာ ဖြစ်သွားတယ်။ ကြိုက်မိုက် လိုက်နာတော့ လူ့လောကမှာ လူစဉ် မမီဘဲ လူသင်းကွဲကြီးဖြစ်နိုင်တယ်။ " ( ဘုရား၊ ၁၆၉ )

"ဂရုဓမ္မသီလရဲ့ သေရည်သေရက်နှင့်စပ်တဲ့ ရှောင်ကြဉ်ရမယ့် အပိုင်းဟာ မသောက်ရလို့ မဟုတ်ဘဲ မေ့လျော့တဲ့နေရာအထိ မသောက်ရလို့ ဖြစ်တယ်ဆိုတာ ထင်ရှားတာပဲ။ "( ဘုရား၊ ၁၇၅ )

"ဒါကြောင့် လက်တွေ့မှာ အရက်ကို မလွန်အောင်သောက်ရင် သီလမပျက်ဘူး။ ဒီတော့ စောင့်စည်းမှု ဆိုတာ မသောက်ဖို့ မဟုတ်ဘဲ မလွန်ဖို့လို့ပဲ ဖြစ်ဖို့ရှိတယ်။ "

" ဒါတွေအရ ဂရုဓမ္မသီလ မသောက်ရအနက်ဟာ မေ့လျော့အောင် အလွန်မသောက်ရလို့သာ ဖြစ်တယ်" ( ဘုရား၊ ၁၇၇ )ဟူကုန်သော ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြောရေးသားထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

အရှင်ဉာဏသည် အရက်သောက်ဖို့ အားပေး၏။ လိမ်ညာပြောဖို့ အားပေး၏။ ခိုးဖို့နှင့် တိရစ္ဆာန်တွေကို သတ်ဖို့ အားပေးနေ၏။ သုရာမေရယသိက္ခာပုဒ်အရ အရက်သောက်လိုလျှင် သောက်လို့ရ၏။ မမူးအောင် သောက်လျှင် သီလမပျက်ဟုဆို၏။ အရှင်ဉာဏ၏ လက်ဖြစ်အဋ္ဌကထာ၊ ဋီကာစကားတို့သည် ပြောင်မြောက် လှ၏။ သာသနာတော်ကို ဖျက်ဆီးမည့် စကားတို့ ဖြစ်နေ၏။

သို့ဖြစ်ပါ၍ စောဒကဆရာတော်များက အမှတ်(၁၅)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြောရေးသားချက်များသည် သာသနာတော်ကို ဖျက်ဆီးမည့်စကားများဖြစ်ပြီး ကင်္ခါအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ သုတ်ပါထေယျအဋ္ဌကထာ၊ မဟာနိဒ္ဒေသအဋ္ဌကထာ-စသော အဋ္ဌကထာများ၏ မိန့်ဆိုချက်များနှင့် မညီညွတ်သဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ် ပေးရန် တင်ပြလျှောက်ထားကြသည် ။

http://www.dhammadownload.com



## "ဒိနည်းခိုရ်ဆရာတော်တို့၏ စိစစ်သုံးသပ်ချက်"

**သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ-ပုဒ်၌ အသေးစိတ် သိဖွယ်--**

သုရာမေရယသိက္ခာပုဒ်လာ ပါဠိပုဒ်များကို တစ်ပုဒ်စီခွဲခြား၍ ကြည့်လျှင်-

သုရာ တစ်ပုဒ်၊ မေရယ တစ်ပုဒ်၊မဇ္ဇ တစ်ပုဒ်၊ ပမာဒ တစ်ပုဒ်၊ ဋ္ဌာန တစ်ပုဒ် ပေါင်း ငါးပုဒ် ပါရှိသည်။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ-ဟူသော သိက္ခာပုဒ်၌

**သုရာဟူသည် -** " ပိဋ္ဌာဒီဟိ ကတံ မဇ္ဇံ သုရာ၊ ( ကင်္ခါ။ ၂၃၈။ )

မုန့်မှုန့် အစရှိသည်တို့ဖြင့် ပြုအပ်သော သေရည်သည် သုရာမည်၏။

ထိုသုရာသည် ၁။ ပိဋ္ဌသုရာ -ဆန်မှုန့်ဖြင့် ပြုလုပ်သောသေရည်၊
၂။ ပူဝသုရာ -မုယောမုန့် ဂျုံမုန့်ဖြင့် ပြုလုပ်သောသေရည်၊
၃။ ဩဒနသုရာ -ထမင်းဖြင့် ပြုလုပ်သောသေရည်
၄။ ကိဏ္ဏပက္ခိတ္တသုရာ -တဆေးမှုန့်ကိုခတ်၍ ပြုလုပ်သောသေရည်၊
၅။ သမ္ဘာရသံယုတ္တသုရာ-သေရည်ဖြစ်ကြောင်းများကို စုပေါင်း၍ ပြုလုပ်သော သေရည်--ဟု(၅)မျိုးပြားပါသည် ။

"သုရာ နာမ ပိဋ္ဌသုရာ ဩဒနသုရာ ပူဝသုရာ ကိဏ္ဏပက္ခိတ္တာ သမ္ဘာရသံယုတ္တာတိ ပဉ္စဝိဓာ။ (ဒီ၊ ၄၊ ၃။ ၁၂၇။ သံ၊ ၄၊ ၃။ ၃၃၄။ မဟာနိ၊၄။ ၃၁၀။)

**မေရယဟူသည် -** " ပုပ္ဖါဒီဟိ ကတော အာသဝေါ မေရယံ။ ( ကင်္ခါ။ ၂၃၈။ )

ပန်းပွင့် အစရှိသည်တို့ဖြင့် ပြုအပ်သော အရက်သည် မေရယမည်၏။

ထိုမေရယသည် -

၁။ ပုပ္ဖါသဝ -သစ်ပွင့်မှဖြစ်သောအရက်၊
၂။ ဖလာသဝ -သစ်သီးမှဖြစ်သောအရက်၊
၃။ ဂုဠာသဝ -တင်လဲမှဖြစ်သောအရက်၊
၄။ မဓွာသဝ -မုဒရက်ရည်မှဖြစ်သောအရက်၊
၅။သမ္ဘာရသံယုတ္တ -အရက်ဖြစ်ကြောင်းများကို စုပေါင်း၍ဖြစ်သော အရက်- ဟု (၅)မျိုးပြားပါသည် ။

မေရယော နာမ ပုပ္ဖါသဝေါ ဖလာသဝေါ ဂုဠာသဝေါ မဓွာသဝေါ သမ္ဘာရသံယုတ္တော။
(ဝိ၊၂။၁၄၆။ ဒီ၊၄၊၃။၁၂၇။ ခုဒ္ဒကာ၊၄။၁၇။ အဘိ၊၄၊၂။၃၆၅။ မဟာနိ၊၄။၃၁၀)

**မဇ္ဇ-ဟူသည်**

သုရာနှင့်မေရယနှစ်မျိုးသည် မူးယစ်စေတတ်သောကြောင့် (ဝါ) သောက်သူကို အရူးကဲ့သို့ ယစ်မူးအောင်ပြုတတ်သောကြောင့် မဇ္ဇမည်ပါသည် ။(တစ်နည်း)သောက်စားလျှင် မူးယစ်စေနိုင်သော အခြားတစ်စုံ တစ်ခုသော အရာသည်လည်း မဇ္ဇမည်ပါသည် ။

-တဒုဘယမ္ပိ မဒနီယဋ္ဌေန မဇ္ဇံ ။

-တံ သဗ္ဗမ္ပိ မဒကရဏဝသေန မဇ္ဇံ ။

http://www.dhammadownload.com



-မဇ္ဇန္တိ တဒုဘယမေဝ မဒနီယဋ္ဌေန မဇ္ဇံ ၊ ယံ ဝါ ပနညမ္ပိ ကိဉ္စိ အတ္ထိ မဒနိယံ ၊
ယေန ပီတေန မတ္တော ဟောတိ ပမတ္တော ၊ ဣဒံ ဝုစ္စတိ မဇ္ဇံ ။
(ဒီ၊၄၊၃။၁၂၇။ ခုဒ္ဒကာ၊၄။၁၇။ အဘိ၊၄၊၂။၃၆၅။ မဟာနိ၊၄။၃၁၀။)

ပမာဒဋ္ဌာန (သုရာမေရယမဇ္ဇပမာဒဋ္ဌာန)

သေရည်အရက်ကို သောက်သုံးကြောင်းဖြစ်သော စေတနာသည် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ပမာဒဋ္ဌာန(သုရာမေရယမဇ္ဇပမာဒဋ္ဌာန)မည်ပါသည်။

-ယာယ စေတနာယ တံ ပိဝန္တိ ၊ သာ ပမာဒကရဏတ္တာ ပမာဒဋ္ဌာနံ ။ (အဘိ၊၄၊၂။၃၆၅)

-ပမာဒဋ္ဌာနန္တိ ပမာဒကရဏံ ၊ ယာယ စေတနာယ တံ မဇ္ဇံ ပိဝတိ၊ တဿေတံ အဓိဝစနံ။
(ဒီ၊၄၊၃။၁၂၇၊ ခုဒ္ဒကာ၊၄။၁၇။ မဟာနိ၊၄။၃၁၀။)

-သုရာမေရယသင်္ခါတံ မဇ္ဇံ ယာယ ပမာဒစေတနာယ ပိဝန္တိ ၊ သာ သုရာမေရယ-
မဇ္ဇပ္ပမာဒေါတိ ဝုစ္စတိ ။ (သံ၊၄၊၁။၁၃၃။)

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ-

ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်သုံး ကြောင်းဖြစ်သော စေတနာသည် သုရာမေရယမဇ္ဇပမာဒဋ္ဌာနမည်ပါသည် ။

အရှင်ဉာဏကမူ' လွန်အောင်မသောက်ရင် သီလသိက္ခာမပျက် ထို့ကြောင့်အလွန် အကျွန် မသောက်ဘဲ ထိန်းထိန်းသိမ်းသိမ်း သောက်ကောင်း၏။ ဤသို့ အလွန်ကျွန် မသောက်ခြင်းသည် သီလ သိက္ခာလည်းမပျက်၊ မဂ်လာ လည်းမပျက်'ဟု ဆိုထားသော်လည်း

ကင်္ခါဝိတရဏီ အဋ္ဌကထာနှင့် ပါစိတျာဒိ အဋ္ဌကထာတို့၌မူ -

တဒုဘယမ္ပိ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေနာပိ ပိဝတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။
(ကင်္ခါ။၂၃၈။ )

အန္တမသော ကုသဂ္ဂေနပိ ပိဝတီတိ ဧတံ သုရံ ဝါ မေရယံ ဝါ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေန ပိဝတောပိ ပါစိတ္တိယမ္ပိ အတ္ထော။ ( ဝိ၊ ၄၊ ၂။ ၁၂၇။ )

"သေရည်အရက် မဖြစ်သေးသော်လည်း သေရည်ဖြစ်အောင် ဆန်မှုန့်စသည်ကို သင့်လျော်သော ရေဖြင့်နယ်၍ လုပ်ထားလျှင်လည်းကောင်း၊ အရက်ဖြစ်အောင် သစ်မည်စည်ပွင့်၊ အုန်းပွင့်၊ ထန်းပွင့် စသည်ကို စိမ်ထားလျှင်လည်းကောင်း၊ သေအရက်တို့၏ အမျိုးဖြစ်ပြီ။ ထိုမျိုးမှစ၍ သမန်းမြက် ဖျားဖြင့်သော်လည်း သောက်သော ရဟန်းအား ပယောဂတိုင်း ပယောဂတိုင်း၌ ပါစိတ်အာပတ်သင့်၏ " ဟုဖွင့်ဆိုထားပါသည်။

သို့ဖြစ်၍ သေရည် အရက်ကို သောက်လိုသော စေတနာနှင့် တစ်စက်၊ နှစ်စက်မျှသောက်လျှင်ပင် သုရာမေရယသိက္ခာပုဒ်အလို သီလပျက်စီးပါသည်။

http://www.dhammadownload.com



## သုရာမေရယသိက္ခာပုဒ် ကမ္မပထအင်္ဂါလေးပါး

၁။ သေရည်အရက် စသော မူးယစ်စေတတ်သည့် အရာတစ်မျိုးမျိုးဖြစ်ခြင်း၊

၂။ သေရည်အရက်ကို သောက်လိုစိတ်ရှိခြင်း၊

၃။ သောက်စားနိုင်ရန် လုံ့လပြုခြင်း၊

၄။ ခံတွင်း သို့မဟုတ် ခန္ဓာထဲသို့ဝင်ခြင်းတို့ဖြစ်ပါသည်။ ( ခုဒ္ဒကာ၊၄။၁။ )

'လွှန်လွှန်ကျွန်ကျွန်မသောက်ဘဲ ထိန်းထိန်းသိမ်းသိမ်းသောက်ခြင်းသည်လည်း' အထက် ဖော်ပြပါ အင်္ဂါလေးရပ်နှင့် ညီညွတ်နေသဖြင့် သိက္ခာပုဒ်ပျက်စီးသည်။ မင်္ဂလာပျက်၍ အမင်္ဂလာဖြစ်သည်။

## သေရည်အရက်သောက်သင့်ပါသလော?

အရှင်ဉာဏ-က "အရက်ကို မလွန်အောင်သောက်လျှင် သီလမပျက်ဘူး" "ဂရုဓမ္မသီလ မသောက်ရ အနက်ဟာ မေ့လျော့အောင် အလွန်မသောက်ရလို့သာ ဖြစ်တယ်" ဟု ဆိုထားသော်လည်း ဘုရားရှင်အလိုအားဖြင့်-

-ပိဝေယျာတိ အန္တမသော ကုသဂ္ဂေနပိ ပိဝတိ အာပတ္တိပါစိတ္တိယဿ။ (ဝိ၊၂။၁၄၆။)

-တဒုဘယမ္ပိ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေနပိ ပိဝတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။ (ကင်္ခါ။၂၃၈)

-အန္တမသော ကုသဂ္ဂေနပိ ပိဝတီတိ ဇတံ သုရံဝါ မေရယံဝါ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေန ပိဝတောပိ ပါစိတ္တိယမ္ပိ အတ္ထော ။ (ဝိ၊၄၊၂။၁၂၇)

ဟူသော ပါဠိအဋ္ဌကထာတို့၌ သေရည်အရက်ဆိုလျှင် သေရည်အရက်ဖြစ်အောင် ဆိုင်ရာ အဆောက် အဦတို့ကို စိမ်၍ အိုး၌ထည့်ရာအခါမှစ၍ အယုတ်ဆုံး သမန်းမြက်ဖျားမျှသော်လည်း မသောက်ကောင်း သောက်လျှင် ရဟန်းတော် များအား ပါစိတ်အာပတ်သင့်ကြောင်း ဖွင့်ဆိုထားသည်ကို ထောက်ဆ၍ သေရည်အရက်ကို သောက်လိုသော စေတနာဖြင့် တစ်စက်, နှစ်စက်မျှ သောက်လျှင်ပင် သုရာမေရယ သိက္ခာပုဒ်သီလ ပျက်စီးတတ်သောကြောင့် ယင်းသိက္ခာပုဒ်ကို ခံယူဆောက်တည်ထားသော သူသည် သေရည်အရက်ကို မလွန်အောင်သော်လည်ကောင်း, လွန်အောင်သော်လည်းကောင်း မသောက်သင့် ကြောင်း သိရှိရပေသည်။

ထို့ပြင် "ကောဋ္ဌာသတော ပဉ္စပိ ကမ္မပထာ ဧ "ဟု သိက္ခာပဒဝိဘင်္ဂအဋ္ဌကထာ (၃၆၆)၌ ပါဏာတိပါတ-စသော သိက္ခာပုဒ်ငါးပါးလုံးကို "ကမ္မပထ"ဟု ဆိုထားသောကြောင့် ပါဏာတိပါတ-စသော ရှေ့သိက္ခာပုဒ်လေးပါး တို့ကဲ့သို့ သုရာပါနသည်လည်း ဆေးဝါးအမှတ်ဖြင့် သောက်သည်ဖြစ်စေ, သောက်ပြီးမည်သည့် ဒုစရိုက်ကိုမျှ မပြုသည်ဖြစ်စေ ကမ္မပထမြောက်သည်သာဖြစ်ပါသည် ။

ထိုမှတစ်ပါး ပါဏာတိပါတ-စသော ကံငါးပါးတို့တွင် ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းသည် လူပင်ဖြစ်သော်လည်း ရူးသောအဖြစ်ကို ဖြစ်စေသဖြင့် အရိယာတို့ တရား၏ အန္တရာယ်ကို ပြုတတ်သောကြောင့် ပါဏာတိပါတ-စသော လေးပါးသော ကံတို့ထက် အပြစ် ပို၍ ကြီးသည်ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဖွင့်ဆိုသည်ကို ထောက်ဆ၍လည်းကောင်း၊ ဓမ္မပဒအဋ္ဌကထာ ၌လည်း မကောင်းမှုကံမည်သည်ကို အနည်းငယ်ဟူ၍ အထင်အမြင် မသေးအပ်၊ မထီမဲ့မြင် မခန့်မငြား

http://www.dhammadownload.com



မပြုအပ်ဟု ဖွင့်ဆိုသည်ကို ထောက်ဆ၍လည်းကောင်း၊ ပါဏာတိပါတ-စသော ကံလေးပါးတို့ထက် အပြစ်ပို၍ကြီးသော မဟာသာဝဇ္ဇဖြစ်သည့် သေရည်သေရက်ကို လုံး၀ မသောက်သင့်ကြောင်း မှတ်သားသင့်ပေသည်။

အပိစေတ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော။ ကသ္မာ? မနုဿဘူတဿပိ ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယ ကရဏတော။ (ခုဒ္ဒကာ၊၄၁၁၉။)

ပါပကမ္မံ နာမေတံ အပ္ပကန္တိ န အဝမညိတဗ္ဗံ။ (ဓမ္မ၄၊၁။၁၇၈။၄၊၂။၁၁။)

--- အချို့သောသူတို့ကလည်း အရှင်ဉာဏကဲ့သို့ပင် သေရည်အရက်ကို မူးအောင်ရူးအောင်မဟုတ်ပဲ နည်းနည်း ပါးပါး စားဝင်အိပ်ပျော် မိမိနှင့်လျော်ရုံမျှ သပ္ပါယဖြစ်လောက်ရုံ မတ္တညုထုံးရှုလျက် အသုံးပြုသူများမှာ သီလမပျက် ဒုစရိုက်မဖြစ်ပါ-ဟု ဖေးဖေးမမ ပြောဆိုကြသည်ကိုလည်း သိရပေသည် ။

အချုပ်အားဖြင့် ဘုရားရှင်က သေရည်အရက်ကို သိက္ခာပဒသီလအနေဖြင့် သတ်မှတ်ထားရုံမက **"ပမာဒဋ္ဌာန"** ဟု ဟောတော်မူထားသည်ကို ထောက်ဆပါက **မည်မျှကြီးမားသော** အပြစ်ဖြစ်သည်ကို သတိပြုသင့်ပေသည် ။

## ပမာဒ-၏ အပြစ်ကြီးပုံ

-နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ ။ (အံ၊၁။၁၀။)

-နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ ။ (အံ၊၁။၁၄။)

"ချစ်သားရဟန်းတို့ မဖြစ်ပေါ်သေးသော အကုသိုလ်တရားများ ဖြစ်ပေါ်စေသော, ဖြစ်ပေါ်ပြီးသော ကုသိုလ် တရားတို့မှ ယုတ်လျော့စေတတ်သော, များစွာသော အကျိုးမဲ့ကို ဖြစ်စေတတ်သော "ပမာဒ"မှ တပါးသော အခြားသော တရားကို ငါးဘုရားမြင်တော်မမူ"ဟု ဟောတော်မူသည်ကို ထောက်ဆပါကလည်း မဖြစ်ပေါ်သေးသော အကုသိုလ် တရားများ ဖြစ်အောင်, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့မှ ယုတ်လျော့အောင် များစွာသောအကျိုးမဲ့ကို ဖြစ်အောင် ပြုတတ်သော "ပမာဒ"၏ ဌာနအမှန် အကြောင်းခံဖြစ်သော သေရည်အရက်ကို မည်သို့သော ရည်ရွယ်ချက်မျိုးနှင့်မျှ မသောက်သင့်ကြောင်း ကောင်းစွာမှတ်ယူသင့်ပေသည်။

ပိဋကတ္တယပါရဂူ ကျမ်းပြုအကျော် လယ်တီဆရာတော်ဘုရားကြီးကလည်း ၁၂၇၉-ခုနှစ်တွင် ဒီပဲယင်းမြို့နယ်ရှိ ဒါယကာတို့အား ရေးသားဆုံးမတော်မူအပ်သော " ဒီပဲယင်း သေရည်သေရက် မေတ္တာစာ" ၌-

"သို့ပါသော်မူ ၊ အချို့လူက ၊ အပူကြွ၍ ၊ ကြောမမျိုးမျက် ၊ ညောင်းညာတက်လျှင်၊ သေရက်တကျိုက် ၊ သောက်မျိုလိုက်က ၊ ပြိုက်ပြိုက်ကျလျှော ၊ ရောဂါတွေ မျောသောကြောင့်၊ ဆေးသဘော ဝါးအမှတ်၊ အတန်ငယ် သုံးလတ်မူ၊ ကျမ်းဂန်တတ် ဝိနည်းရှောင်၊ အကျိုးပေး မရှိပေါင်ဟု၊ သီလကြောင် ဆင်ခြေနှင့်၊ အထွေထွေ ပြောကြားလည်း၊ မြတ်ဘုရား ဒေသနာတွင်၊ ရောဂါ၏ဖြစ်ကြောင်းဟု၊ နည်းလမ်းဟောင်း အရှိသားမို့၊ သတိထား ဆိပ်ဆိပ်နေ၊ ဉာဏ်တမျိုး

http://www.dhammadownload.com



မပွေနှင့်၊ လွန့်လေလေ မှောက်မှားသော၊ သောက်စားမှုစရိုက်ဆိုးကို၊ တိုက်ချိုးကာ နှိမ်နင်း၍၊ ကွင်းနိုင်သမျှရှောင်သွေ ၊ အနံ့မှမခံလေဘဲ ၊ စိတ်သံဝေ ဝိရတီဖြင့်၊ မနသီ ဖြောင့်စင်းအောင်၊ နှလုံး သွင်းထားကြစေလိုကြောင်း"ဟု ရေးသားဆုံးမသြဝါဒ ပြုထားသည်ကိုလည်း လေ့လာတွေ့ရှိရပေသည်။

အထက်ပါ အဌကထာအဖွင့်တို့ကို ထောက်၍ သေရည်အရက်ကို မူးအောင် သောက်သည် ဖြစ်စေ၊ မမူးအောင် သောက်သည်ဖြစ်စေ သုရာမေရယသိက္ခာပုဒ်ဖြင့် သီလပျက်ပါသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၁၅) စောဒနာလွှာပါ ဘုရား၊ ၁၆၈၊၁၆၉၊၁၇၅၊၁၇၇-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော- " ဂရုစမ္မသီလမှာတော့ သေရည်သေရက် သောက်ခြင်းက ရှောင်ရမယ်လို့ မဟုတ်ဘူး။"စသော ဟောပြော ရေးသားချက်များသည် ပါဠိအဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၆)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား၊ စာ- ၁၇၇ ၌ အရှင်ဉာဏ ဟောပြော ရေးသားအပ်သော-

၁။ "ကိုးပါးသီလက နောက်လူတွေ ထွင်သွားတဲ့ သီလ"

၂။ "ဆယ်ပါးသီလက ကိုရင်တွေရဲ့ သီလ၊ လူတွေပါ စောင့်တာက နောက်လူတွေ ထွင်လုပ်ချက်ပဲ" ဟူသော ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြော ရေးသားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

ဤသို့ ဆိုခြင်းသည် အင်္ဂုတ္တိုရ်ပါဠိတော်တို့ကို ကုန်စင်အောင် မလေ့လာဖူး၍ အရှင်ဉာဏသည် "ကိုးပါးသီလကို နောက်လူတွေ ထွင်သွားတဲ့သီလ"ဟု ဆိုနေပါကြောင်း၊ "ဆယ်ပါးသီလကို လူတွေပါ စောင့်နေတာကိုလည်း နောက်လူတွေ ထွင်လုပ်ချက်ဟု ဆိုနေပါကြောင်း" အရှင်ဉာဏ၏ ဟောပြောချက် တို့သည် ပါဠိတော်အဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါကြောင်း အင်္ဂုတ္တရပါဠိတော်,အံ၊၄၊၁။၂၃၁။ ၌ ဖွင့်ဆိုထားသော မြတ်စွာဘုရားကို စောင့်ရှောက်သော ညီနောင်သုံးယောက်တို့၏ အကြောင်းတို့ကို ထုတ်ပြလျက် စောဒကဆရာတော်များ၏ သဘောထားကို တင်ပြကြသည်။

### ဝိနည်းဓိုရ်ဆရာတော်များ၏ စိစစ်ချက်

အမှတ်(၁၆)စောဒနာလွှာပါ အရှင်ဉာဏ-၏ ကိုးပါးသီလ,ဆယ်ပါးသီလနှင့်ပက်သက်သည့် အဆိုအမိန့်ကို ထေရဝါဒလာ ပါဠိတော်, အဋ္ဌကထာများနှင့် ညီ,မညီ သုံးသပ်တော်မူကြမည် ဖြစ်ပါသည်။

### ဗုဒ္ဓဟောပြ ကိုးပါးသီလ

ကိုးပါးသီလကို ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်၊ သီဟနာဒဝဂ်၊ နဝင်္ဂုပေါသထ သုတ်၌ အောက်ပါအတိုင်း ထုတ်ဖော်၍ ဟောတော်မူထားသည်ကို တွေ့ရှိရပေသည်။

"ရဟန်းတို့ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊တန်ခိုးကြီး၏၊ ကြီးသောပျံ့နှံ့ခြင်းရှိ၏။ ရဟန်းတို့ အဘယ်သို့ ကျင့်သုံး အပ်သော အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင် ကြီးသနည်း၊ ကြီးသော ပျံ့နှံ့ခြင်းရှိသနည်း။--ပ--။

မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို၊ သုံးခုမြောက်အရပ်မျက်နှာကို၊ လေးခုမြောက်အရပ် မျက်နှာကို ပျံ့နှံ့စေ၍နေ၏။ ဤသို့သောနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေလျက်နေ၏။ ဤနဝမအင်္ဂါနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့ကျင့်သုံးအပ်သော အင်္ဂါကိုးပါးတို့နှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပျံ့နှံ့ခြင်းရှိ၏။"

http://www.dhammadownload.com



-နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။ကထံ ဥပဝုတ္ထော စ ဘိက္ခဝေ နဝဟင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။-ပ-။ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ။ဣမိနာ နဝမေန အင်္ဂေန သမန္နာဂတော ဟောတိ ။ ဧဝံ ဥပဝုတ္ထော ခေါ ဘိက္ခဝေ နဝဟင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရောတိ။ (အံ၊၃။၁၉၂၊၁၉၃။)

ဘုရားရှင်ဟောတော်မူသော အင်္ဂုတ္တိုရ်ပါဠိတော်, နဝင်္ဂုပေါသထသုတ်၌ ရှေးဦးစွာ ကိုးပါးသီလ တည်းဟူသော ဥပုသ်ကို စောင့်သုံးခြင်း၏အကျိုးတို့ကို ဟောတော်မူပြီး ကိုးပါးသီလ၏သရုပ်ကို ပါဏာတိပါတ-သိက္ခာပုဒ်မှစ၍ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တိုင်အောင် ရှစ်ပါးသီလနည်းတူ ထုတ်ပြတော်မူပြီး အဆုံး၌ "မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ"ဟုကိုးခုမြောက် သိက္ခာပုဒ်ကို စောင့်သုံးပုံနှင့်တကွဟောတော်မူထားသည်ကို ထောက်ဆ၍လည်းကောင်း၊

## မေတ္တာသည် မုချအားဖြင့် ဘာဝနာ

"ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတောတိ ဝုတ္တံ။" (အံ၊ဋ္ဌ၊၃။၂၆၆။) (ဝေနေယျတို့၏ အလို၏အစွမ်းဖြင့် မေတ္တာဘာဝနာကို ထည့်၍ နဝင်္ဂသမန္နာဂတောဟူ၍ ဆိုအပ်၏)

နောင်လူများက "မေတ္တာပို့ခြင်းသည် သီလ မဟုတ်၊ ဘာဝနာသာ ဖြစ်၏"ဟု ကြံဆကြ၍ မေတ္တာသဟဂတေန စသည်ဖြင့် ကိုးပါးသီလ ခံယူဆောက်တည်မှု၌ အငြင်းပွါးဖွယ် သံသယဝင်ဖွယ် ရှိသောကြောင့် မေတ္တာ ပို့ခြင်းသည် မုချအားဖြင့် သီလ မဟုတ်၊ ဘာဝနာသာ ဖြစ်ပါသော်လည်း ဤမေတ္တာဘာဝနာကို သီလအရာ၌ ဥပစာအားဖြင့် ထည့်သွင်း ဟောကြားသည်ကို နာကြားခွင့်ရလျှင် ကျွတ်တမ်းဝင်လတ္တံ့ဖြစ်သော ပုဂ္ဂိုလ်၏အလို ပုဂ္ဂလဇ္ဈာသယ၏ အစွမ်းအားဖြင့် မေတ္တာဘာဝနာကို သီလအရာ၌ ထည့်သွင်းလျက် နဝင်္ဂုပေါသထသီလ= အင်္ဂါကိုးပါး ရှိသော ဥပုသ်သီလကို ဘုရားရှင် မိန့်တော်မူထားကြောင်း အဋ္ဌကထာဆရာတော် ဖွင့်ဆို ထားသောကြောင့်လည်းကောင်း။

ကိုးပါးသီလသည် ဘုရားရှင်ကိုယ်တော်တိုင် ဝေနေယျဇ္ဈာသယ၏ အစွမ်းဖြင့် ဟောကြားတော်မူထားသော သီလဖြစ်၍ နောက်လူတွေ ထွင်ထားသောသီလမဟုတ်ကြောင်း ထင်ရှားစွာ သိရှိနိုင်ပါသည်။

## ကိုရင်ကျင့်ရ ဆယ်ပါးသီလ

ပါဏာတိပါတာ ဝေရမဏီ-အစရှိသော ဆယ်ပါးသောသိက္ခာပုဒ်တို့ကို ဘုရားရှင်သည် သားတော် ရာဟုလာကို ရှင်ပြုပေးပြီးနောက် ကပိလဝတ်နေပြည်တော်မှ သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ သီတင်းသုံးတော်မူသည့်အခါ သာမဏေများက ကျွန်ုပ်တို့၏ သိက္ခာပုဒ်မည်မျှရှိပါသနည်း

http://www.dhammadownload.com



မည်မျှသော သိက္ခာပုဒ်တို့၌ ကျင့်ရမည်နည်း-စသည်ဖြင့်လျှောက်ထားသည်ကို အကြောင်းပြု၍

"အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဒသသိက္ခာပဒါနိ၊ တေသု စ သာမဏေရေဟိ သိက္ခိတုံ၊ ပါဏာတိပါတာ ဝေရမဏီ ။ပ။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ"တိ"။ (ဝိ၊၃။ ၁၁၇) ဟု

ဘုရားရှင် ကိုယ်တော်တိုင် သာမဏေတို့အတွက် ဆယ်ပါးသီလကို ပညတ်တော်မူခဲ့ပါသည်။

-တာနိစ သာဝတ္ထိယံ ဝုတ္တာနိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ အာယသ္မန္တံ ရာဟုလံ ပဗ္ဗဇေတွာ ကပိလဝတ္ထုတော သာဝတ္ထိ အနုပ္ပတ္တေန သာမဏေရာနံ သိက္ခာပဒဝဝတ္ထာပနတ္ထံ။ (ခုဒ္ဒကာ၊ဋ္ဌ။၁၄။)

## ငါး ရှစ် ဆယ်ဝ လူ့သီလ

ထိုသို့ ပညတ်တော်မူချက်အရ ဆယ်ပါးသီလသည် သာမဏေ(ကိုရင်)တို့၏ သီလဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ဆယ်ပါးသီလသည် သာမဏေတို့စောင့်ထိန်းခံယူသည့်သီလဖြစ်၍ လူတို့ မစောင့်ထိန်းကောင်းဟု အကြောင်းနှင့်တကွပြဆိုသော ပါဠိ,အဋ္ဌကထာ,ဋီကာ-စသည်တို့ကို မတွေ့မမြင်ရပေ။ များသောအားဖြင့် ငါးပါးသီလ, ဆယ်ပါးသီလတို့ကို လူတို့ကျင့်ရာတရား ဆောက်တည်သင့်သည့် တရားဟု အဋ္ဌကထာ-စသည်တို့၌ ဖွင့်ဆိုထားသည်ကို သာတွေ့ရပေသည်။ ထိုတွင်အနည်းငယ်မျှသော အဋ္ဌကထာအဆိုအမိန့်တို့ကိုသာ ထုတ်နှုတ်ဖော်ပြပါမည်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ သီလပ္ပဘေဒကထာ၌ ဥပါသကာ, ဥပါသိကာမတို့အား နိစ္စသီလ၏ အစွမ်းဖြင့် ငါးပါးသီလ, စွမ်းနိုင်လျှင် အားထုတ်နိုင်လျှင် ဆယ်ပါးသီလ, အဋ္ဌင်္ဂဥပေါသထသီလတို့သည် ဂဟဋ္ဌသီလ (လူတို့စောင့်ထိန်းရမည့်သီလ)ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရပေသည်။

-ဥပါသကဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ, သတိ ဝါ ဥဿာဟေ ဒသ, ဥပေါသထင်္ဂဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။ (ဝိသုဒ္ဓိ၊၁။၁၅)

ထိုနည်းတူစွာ အင်္ဂုတ္တရအဋ္ဌကထာ ဥပေါသထသုတ်, သီလုပေါသထအရာ သီလတို့ကို အဖန်တလဲလဲ ဆင်ခြင်ရန် ဟောတော်မူရာဝယ် "သီလေန သဒ္ဓိံ သံဝသတိ"နှင့်"သီလဥ္စဿ အာရဗ္ဘ စိတ္တံ ပသီဒတိ" ပါဠိတို့၌ ပါဝင်သော "သီလ"အရကို အဋ္ဌကထာဆရာတော်က "မိမိ၏ ငါးပါးသီလနှင့် ဆယ်ပါးသီလ" တို့ကိုယူရမည်ဟု ဖွင့်ဆိုတော်မူသည်ကိုလည်း တွေ့ရှိရပေသည်။

-သီလေန သဒ္ဓိန္တိ အတ္တနော ပဉ္စသီလဒသသီလေန သဒ္ဓိံ။

သီလဥ္စဿ အာရဗ္ဘာတိ ပဉ္စသီလံ ဒသသီလဥ္စ အာရဗ္ဘ။ (အံ၊ဋ္ဌ၊၂။၁၉၆။)

ထိုမှတပါးဥရုဝေလကဿပတ္ထေရဝတ္ထုအဖွင့် အင်္ဂုတ္တရအဋ္ဌကထာ၌ ဖုဿဘုရားရှင်၏ လက်ထက်တော် အခါက လူပုဂ္ဂိုလ်များ ဆယ်ပါးသီလ စောင့်ထိန်းကြပုံကို အောက်ပါအတိုင်း ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရပေသည်။

-အထနေတံ ဧတဒဟောသိ "အမှေဟိ ဒသဗလံ ပဋိဇဂ္ဂန္တေဟိ အနုစ္ဆဝိကံ ကာတုံ

http://www.dhammadownload.com



ဝဋ္ဋတီ"တိ ဧကံ အမစ္စံ ဉပ္ပါဒကဋ္ဌာနေ ဌပေတွာ ဧကံ အာယဝယဇာနနကံ ကတွာ ဧကံ ဗုဒ္ဓုပ္ပမုခဿ ဘိက္ခုသံဃဿ ပရိဝေသကဋ္ဌာနေ ဌပေတွာ အတ္တနော ဒသသီလာနိ သမာဒါယ တေမာသံ သိက္ခာပဒါနိ ရက္ခိံသု။ (အံ၊ဋ္ဌ၁။၂၃၁။)

သုတ်မဟာဝါအဋ္ဌကထာ, ပုဗ္ဗျုပနိဿယသမ္ပတ္တိကထာ အဖွင့်၌လည်း ပဒုမုတ္တရဘုရားရှင်၏ ညီတော်ဖြစ်သော အရှင်အာနန္ဒာအလောင်း သုမနမင်းသားသည် ဘုရားရှင်အား ဝါတွင်းသုံးလ လုပ်ကျွေးခွင့်ဆု ရရှိသွားသည့်အခါ ဝါတွင်းသုံးလပတ်လုံး အဝတ်နှစ်ထည်မျှသာ ဝတ်၍ ဆယ်ပါးသီလတို့ကို ဆောက်တည် ကျင့်သုံးကြောင်းဖွင့်ဆိုထားသည်ကိုလည်း တွေ့ရှိရပေသည်။

-တသ္မာ အဟံ တေမာသံ ဒွေ သာဋကေ နိဝါသေတွာ ဒသသီလာနိ သမာဒိယိတွာ ဣဓေဝ ဝသိဿာမိ။ (ဒီ၊ဋ္ဌ၊၂။၈၁။)

**ဤနေရာမှစ၍ အကျယ်ပွားမည့် အကြောင်းကြောင့် မြန်မာပြန်ခြင်းမပြုတော့ဘဲ ပါဠိမာဂဓ သက်သက်ကိုသာ အထောက်အထား သိနိုင်ရန် ထုတ်ဆောင် တင်ပြပါမည်။**

ဉပါသကောပါသိကာနံ ယထာသမာဒါနဝသေန ဧကံ ဝါ ဒွေ ဝါ တီဏိ ဝါ စတ္တာရိ ဝါ ပဉ္စ ဝါ အဋ္ဌ ဝါ ဒသ ဝါ သိက္ခာပဒါနိ ဟောန္တိ။ (ပဋိသံ၊ဋ္ဌ၁။၁၈၈။)

ဉပေါသထဒိဝသေ ပါတောဝ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ဒသသီလလက္ခဏ-ညုနော ဉပါသကဿ ဝါ ဉပါသိကာယ ဝါ သန္တိကေ ဝါစံ ဘိန္ဒိတွာ ဉပေါသထင်္ဂါနိ သမာဒါတဗ္ဗာနိ ။ (အံ၊ဋ္ဌ၊၂။၂၀၀။)

ဂိဟိနော ဒသသီလပဉ္စသီလာနိ ပစ္စဝေက္ခန္တဿာပိ၊ ဒုဗ္ဘိက္ခဘယာဒီသု ပဏီတံ ဘောဇနံ သဗြဟ္မစာရီနံ ဒတွာ 'ဧဝံ နာမ အဒမှာ'တိ စာဂံ ပစ္စဝေက္ခန္တဿာပိ။(သံ၊ဋ္ဌ၃။၁၉၈။)

အထ နေသံ ဇေဋ္ဌဘာတာ ပဉ္စသတေ ပုရိသေ အာဒါယ ဒသသု သီလေသု ပတိဋ္ဌာယ ဒွေ ကာသာယာနိ အစ္ဆာဒေတွာ ။ (သံ၊ဋ္ဌ၃။၉။)

ဉပါသကသိက္ခာတိ ဉပါသကေဟိ သိက္ခိတဗ္ဗသိက္ခာ ၊ သာ ပဉ္စသီလ ဒသသီလဝသေန ဝေဋ္ဋတိ။ ဉပါသိကာသိက္ခာတိ ဉပါသိကာဟိ သိက္ခိတဗ္ဗသိက္ခာ၊ သာပိ ပဉ္စသီလ ဒသသီလဝသေန ဝေဋ္ဋတိ။ (သမ္မော။၃၂၉။)

သော'သာဓု ဘန္တေ 'တိ ဝုတ္တပ္ပဋိပါဋိယာ သဗ္ဗံ ကတွာ ပုန ထေရံ ပုစ္ဆိ "တတော ဉတ္တရိံ အညံ ကိံကရောမိ ဘန္တေ"တိ။ အာဝုသော တီဏိ သရဏာနိ ဂဏှ၊ ပဉ္စသီလာနိ ဂဏှာဟီတိ။ တာနိပိ ပဋိဂ္ဂဟေတွာ တတော ဉတ္တရိံ ပုစ္ဆိ။ တေန ဟိ ဒသသီလာနိ ဂဏှာဟီတိ။ "သာဓု ဘန္တေ"တိ ဂဏှိ။ သော ဧဝံ အနုပုဗ္ဗေန ပုညကမ္မဿ ကတတ္တာ အနုပုဗ္ဗသေဋ္ဌိပုတ္တော နာမ ဇာတော ။ (ဓမ္မ၊ဋ္ဌ၁။၁၈၉။)

http://www.dhammadownload.com



သီလဝန္တောတိ ဥပါသကတ္တေ ပတိဋ္ဌာယ ပဉ္စဟိပိ ဒသဟိပိ သီလေဟိ သမန္နာဂတာ။ (သံ၊ဋ္ဌ၊၁။၃၂၂။)

သီလသမ္ပတ္တိ သီလဖလံ ၊ ပဉ္စသီလဒသသီလာနိ အခဏ္ဍာနိ ကတွာ ရက္ခန္တဿ ဟိ သီလသမ္ပတ္တိယေဝ သီလဖလံ နာမ ဟောတိ ။ (သံ၊ဋ္ဌ၊၃။၁၂၆။)

အနုဋ္ဌာပိ ခေါ ဒေဝီ ပဉ္စဟိ ကညာသတေဟိ အန္တေပုရိကာသတေဟိ သဒ္ဓိံ ဒသသီလာနိ သမာဒိယိတွာ။ (ဝိ၊ဋ္ဌ၊၁။၆၇။)

ပဉ္စင်္ဂဒသင်္ဂသီလံ တာဝ သီလမေဝ ။ တဉှိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။ ဥပ္ပန္နေ ဗုဒ္ဓေ တဿ ဗုဒ္ဓါပိ သာဝကာပိ မဟာဇနံ သမာဒပေန္တိ ၊ အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါ စ ကမ္မဝါဒိနော စ ဓမ္မိကာ သမဏဗြာဟ္မဏာ စက္ကဝတ္တီ စ မဟာရာဇာနော မဟာဗောဓိသတ္တော စ သမာဒပေန္တိ။ (ဂိ၊ဋ္ဌ၊၁။ ၂၀၉။)

ထိုပြဆိုခဲ့ပြီးသော ဖွင့်ဆိုချက်များအရ ဆယ်ပါးသီလကို လူများစောင့်ထိန်းခြင်းသည် နောက်လူတွေ ထွင်လုပ်ချက် မဟုတ်ဘဲ ရှေးဘုရားရှင်များ လက်ထက်တော်အခါကပင် စောင့်ထိန်းခဲ့ကြကြောင်း ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ပါသည်။

အထက်ပါ ပါဠိတော်အဋ္ဌကထာစကားတို့ကို ထောက်ဆ၍ ပုဂ္ဂလဋ္ဌာသယ၏ အစွမ်းအားဖြင့် မေတ္တာဘာဝနာကို သီလအရာ၌ ထည့်သွင်းလျက် နဝင်္ဂုပေါသထသီလ၊ အင်္ဂါကိုးပါးရှိသော ဥပုသ်သီလကို ဘုရားရှင်ကိုယ်တော်တိုင် တိုက်ရိုက်ဟောကြားထားသောကြောင့်လည်းကောင်း၊ လူတို့ ကျင့်ထိုက်သော ဂဟဋ္ဌသီလ၌ ဆယ်ပါးသီလကို ထည့်သွင်း ဖွင့်ဆိုကြသောကြောင့်လည်းကောင်း၊ (ဘုရား၊ စာ- ၁၇၇) ၌ အရှင်ဉာဏ ဟောပြော ရေးသားအပ်သော-

၁။ "ကိုးပါးသီလက နောက်လူတွေ ထွင်သွားတဲ့ သီလ"

၂။ "ဆယ်ပါးသီလက ကိုရင်တွေရဲ့ သီလ၊ လူတွေပါ စောင့်တာက နောက်လူတွေ ထွင်လုပ်ချက်ပဲ" ဟူသော ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်သော ဟောပြောရေးသား ချက်များဖြစ်၏ဟု ဝိနည်းမှုခိုင်ရှဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၁၆) စောဒနာလွှာပါ အရှင်ဉာဏဟောပြောရေးသားထားသော "ကိုးပါးသီလက နောက်လူတွေ ထွင်သွားတဲ့ သီလ" "ဆယ်ပါးသီလက ကိုရင်တွေရဲ့ သီလ၊ လူတွေပါ စောင့်တာက နောက်လူတွေ ထွင်လုပ်ချက်ပဲ"ဟူသော ဟောပြော ရေးသားချက်တို့သည် ထေရဝါဒ ပါဠိအဋ္ဌကထာ ဋီကာ တို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြား ဝိနည်းမှုခိုင်ရှအဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၇)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား၊ ၁၇၉ ၌ အရှင်ဉာဏ ဟောပြောရေးသားထားသော

**" အဲဒီအထဲက ဥပေါသထသီလရဲ့ အနက်အချို့ လွှန်နေတာကို ကြုံနေတာမို့ နည်းနည်း** ပြောမယ်၊ ဒါလည်း ဘုရားရုပ်လွှာရဲ့ ကြည်လင်မှုကို မြင်ရဖို့ ရှိတယ် "

"ဥပေါသထသီလထဲက အဗြဟ္မစရိယဟာ ကာမေသုမိစ္ဆာစာရနဲ့ အရတူ ဖြစ်တယ်။ ဒါကို ကာမေသု မိစ္ဆာစာရအဖွင့်တုန်းက ပြောခဲ့ပြီ။ ဒီနှစ်ပုဒ် အရကွဲပြား ယူမိတာ လွှန်တာပဲ။ ဒါသတိထားရမယ်။ "ဟူသော ဟောပြောရေးသားထားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

အဗြဟ္မစရိယပုဒ်နှင့် ကာမေသုမိစ္ဆာစာရပုဒ်တို့ အရမတူပါကြောင်းကို ပါဠိအဋ္ဌကထာတို့ကို ကိုးကား၍ ပြဆိုလျက် အမှတ်(၁၇)စောဒနာလာ အရှင်ဉာဏ၏ ဟောပြော ရေးသားချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကဆရာတော်များ၏ သဘောထားကို တင်ပြကြသည်။

### ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

ဝိနည်းမိုရ်ဆရာတော်များသည်အမှတ်(၁၇)စောဒနာလွှာပါ အရှင်ဉာဏ-၏"အဗြဟ္မစရိယဟာ ကာမေသု မိစ္ဆာစာရနဲ့ အရတူဖြစ်တယ်"ဟူသော ဟောပြောရေးသားချက်နှင့်ပတ်သက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ၏ စံဖြစ်သော ပါဠိတော်,အဋ္ဌကထာတို့နှင့် ညီ/မညီ စိစစ်သုံးသပ်ဝေဘန်ကြမည် ဖြစ်ပေသည်။

### အဗြဟ္မစရိယ

အဗြဟ္မစရိယ-ဟူသော ပုဒ်နှင့်ပတ်သက်၍ သီလက္ခန်ပါဠိတော်(၆၀)နှင့်(အံ-၃၊ပါ-၇၉) မူလပဏ္ဏာသပါဠိတော် (၂၃၇)တို့၌-"အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ အာရာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ" မမြတ်သော အကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်မာသောအကျင့်ကို ကျင့်လေ့မရှိ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏"ဟု ဘုရားရှင် မိန့်တော်မူပါသည်။

ယင်းပါဠိတော်အရ "အဗြဟ္မစရိယ" ဟူသည် မမြတ်သောအကျင့်, ယုတ်မာသောအကျင့်, ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်-ဟု မှတ်ယူရပါမည်။

ထို့ကြောင့် သာရတ္ထဋီကာ၌"အဗြဟ္မစရိယမည်သော မမြတ်သော နှစ်ယောက် နှစ်ယောက်သော (မိန်းမ, ယောကျ်ား)တို့သည် ရောက်အပ်, ကျင့်အပ်သော မေထုန်အကျင့်ဖြစ်သည်။

ထိုမေထုန်အကျင့်သည် "အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ" စသည်ဖြင့် ရှုက်အပ်သောကြောင့် အဗြဟ္မစရိယာ=မချီးမွမ်းအပ်သော အကျင့်လည်းမည်၏။

(အဗြဟ္မာ အသေဋ္ဌာ အပသတ္ထာ စရိယာ အဗြဟ္မစရိယာ- ဟုပြ)

http://www.dhammadownload.com



(တနည်း) မမြတ် ယုတ်ညံ့ကုန်သော မိန်းမ,ယောကျ်ားနှစ်ဦးသား တို့၏အကျင့်ဖြစ်သောကြောင့် **အဗြဟ္မစရိယာ-** မမြတ်ကုန်(ဝါ)ယုတ်ညံ့ကုန်သော မိန်းမယောကျ်ားနှစ်သားတို့၏ အကျင့်လည်း မည်၏။ (အဗြဟ္မာနံ အသေဋ္ဌာနံ နိဟီနာနံ ဣတ္ထိပုရိသာနံ စရိယာ အဗြဟ္မစရိယာ- ဟုပြု)

(တနည်း) မမြတ်သော အကျင့်ဖြစ်သောကြောင့် **အဗြဟ္မစရိယာ-**မမြတ်သောအကျင့်လည်း မည်၏။ (အဗြဟ္မာ အသေဋ္ဌာ စရိယာ အဗြဟ္မစရိယာ-ဟု ပြု။)

"အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ အာရာစာရီ ဝိရတော မေထုနံ ဂါမဓမ္မာ။ (မ၊ ၁။၂၃၇။)

**အဗြဟ္မစရိယာ မေထုနာ ဝိရမေယျ။** (ပါစိတ်ယော။၅၈၂။)
**အဗြဟ္မစရိယာ ဝိရမေယျ မေထုနာ။** (ပရိဝါ၊၄။၁၈၂။)
**အဗြဟ္မစရိယာတိ အသေဋ္ဌစရိယတော။** (အံ၊၄၂။ ၁၉၉။ သာရတ္ထ၊၃။၄၇၈။)
**တတ္ထ အဗြဟ္မစရိယာတိ အသေဋ္ဌစရိယတူတာ၊ မေထုနာတိ မေထုနဓမ္မသမာ-ပတ္တိတော။** (သုတ္တနိ၊ ၄၂။၁၀၇။)

-အဗြဟ္မစရိယံ နာမ အသေဋ္ဌစရိယံ ဒွယံဒွယသမာပတ္တိ၊ သာ ဟိ "အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယျော" တိအာဒိနာ ဟီဠိတတ္တာ အသေဋ္ဌာ အပ္ပသတ္တာ စရိယာတိ ဝါ အသေဋ္ဌာနံ နိဟီနာနံ ဣတ္ထိပုရိသာနံ စရိယာတိ ဝါ အသေဋ္ဌစရိယံ, အသေဋ္ဌစရိယတ္တာ "အဗြဟ္မစရိယ"န္တိ စ။ (သာရတ္ထဋီ၊၃၊၂၅၁)

ထိုနည်းတူစွာ သီလက္ခန်ဋီသစ်(၁၊၃၃၂)၌လည်း"အဗြဟ္မာနံ နိဟီနာနံ အဗြဟ္မံ ဝါ စရိယံ ဝုတ္တိ အဗြဟ္မစရိယံ မေထုနဓမ္မော"- မမြတ်သော ယုတ်ညံ့သော သူတို့၏အကျင့် (တနည်း) မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်သည် အဗြဟ္မစရိယမည်၏"ဟု ဖွင့်ဆိုတော်မူပါသည် ။

## အဗြဟ္မစရိယ၏ တရားကိုယ်

အဗြဟ္မစရိယ-အရ တရားကိုယ်ကောက်လျှင် မိန်းမယောကျ်ားနှစ်ဦးသားတို့၏ မေထုန်မှီဝဲလိုသောအလိုဖြင့် ကာယဒွါရ၌ဖြစ်သော မဂ်အချင်းချင်းကျင့်ခြင်းကို ဖြစ်စေတတ်သော စေတနာရပါသည် ။ ထိုစေတနာသည်ပင် "အဗြဟ္မစရိယ"ဖြစ်ပါသည် ။

**အတ္တတော ပန အသဒ္ဓမ္မသေဝနာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိ-သမုဋ္ဌာပိကာ စေတနာ အဗြဟ္မစရိယံ၊** (သာရတ္ထဋီ၊၃၊၂၅၁။)

အဗြဟ္မစရိယန္တိ အသေဋ္ဌစရိယံ၊ ဒွယံဒွယသမာပတ္တိမေထုနပဋိသေဝနာ ကာယဒွါရပ္ပဝတ္တာ အသဒ္ဓမ္မပ္ပဋိသေဝနဋ္ဌာနဝီတိက္ကမ စေတနာ။ (ခုဒ္ဒက၊၄။၁၆။)

အဗြဟ္မစရိယန္တိ အသေဋ္ဌစရိယံ ၊ မဂ္ဂေနမဂ္ဂပဋိပတ္တိသမုဋ္ဌာပိကာ မေထုနစေတနာ။ (ဝိမတိ-ဋီ-၂၊၁၁၅)

http://www.dhammadownload.com



## အဗြဟ္မစရိယနှင့် ကာမေသုမိစ္ဆာစာရ တူ-မတူ သုံးသပ်ချက်

ထိုဖွင့်ဆိုချက်များအရ "အဗြဟ္မစရိယ"သိက္ခာပုဒ်ဟူသည် ယောကျ်ားများအတွက် အမျိုးသမီးအားလုံးနှင့် အမျိုးသမီးများအတွက် အမျိုးသားအားလုံးနှင့် ရှာသူတို့၏ အလေ့ဖြစ်၍ မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်ကို မကျင့်ဘဲ လုံးဝရှောင်ကြဉ် ထိန်းသိမ်းရသည့် သိက္ခာပုဒ် ဖြစ်သည်။

ကာမေသုမိစ္ဆာစာရ-သိက္ခာပုဒ်သည်ကား"အသဒ္ဓမ္မာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ အဂမနီယဋ္ဌာနဝီတိက္ကမစေတနာ ကာမေသုမိစ္ဆာစာရော"(သံ၊ဋ္ဌ၊၂။၁၃၄။ မ၊ဋ္ဌ၊၁။၂၀၂။ ပဋိသံ၊ဋ္ဌ၊၁။၂၀၄။) စသည်ဖြင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(၁၄) စသည် တို့၌ ဖွင့်ဆိုချက်အရ ယုတ်မာသော မသူတော်တို့၏ အလိုဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာ ထိုက်သော အမျိုးသမီးတို့၌ လွန်ကျူးကြောင်း စေတနာသည် "ကာမေသုမိစ္ဆာစာရ"ဖြစ်၍ မိမိ၏ ကာမပိုင် ဇနီးမောင်နှံအချင်းချင်းတို့ ပေါင်းဖော်မှီဝဲနိုင်ပြီး အမျိုးသား များမှာ မသွားလာထိုက်သူ အမျိုးသမီး(၂၀)တို့နှင့်လည်းကောင်း၊ ကာမပိုင်ရှိသော အမျိုးသမီး (၁၂)ယောက်တို့မှာ အခြားသော အမျိုးသားများ နှင့်လည်းကောင်း ပေါင်းဖော်မှီဝဲခြင်းမပြုရ-ဟု တားမြစ်သော သိက္ခာပုဒ်ဖြစ်ပါသည်။

**အတ္ထတော ပန အသဒ္ဓမ္မသေဝနာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ မဂ္ဂေနမဂ္ဂ-ပ္ပဋိပတ္တိသမုဋ္ဌာပိကာ စေတနာ အဗြဟ္မစရိယံ၊** (သာရတ္ထဋီ၊၃၊၂၅၁။)

**အသဒ္ဓမ္မာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ အဂမနီယဋ္ဌာနဝီတိက္ကမစေတနာ ကာမေသုမိစ္ဆာစာရော။** ( သံ၊ ဋ္ဌ၊ ၂။ ၁၃၄။ မ၊ ဋ္ဌ၊ ၁။ ၂၀၂။ ပဋိသံ၊ ဋ္ဌ၊ ၁၊ ၂၀၄။ )

သို့ဖြစ်ပါ၍ အဗြဟ္မစရိယ နှင့် ကာမေသုမိစ္ဆာစာရ-သိက္ခာပုဒ်တို့သည် အဓိပ္ပါယ် သဘာဝအားဖြင့်လည်းကောင်း၊ အရကောက်အားဖြင့်လည်းကောင်း ကွဲပြားခြားနားကြ၍ လုံးဝမတူသော သိက္ခာပုဒ်များဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

### ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အရှင်ဉာဏ၏ အမှတ်(၁၇) စောဒနာလွှာပါ "ဥပေါသထသီလထဲက အဗြဟ္မစရိယဟာ ကာမေသုမိစ္ဆာစာရနဲ့ အရတူ ဖြစ်တယ်။ " စသော ဟောပြောရေးသားထားချက်သည် ထေရဝါဒ ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ"ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၈) စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊ ၁၈၀စသည် ၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

" ဒီသီလထဲမှာ ကခြင်း၊ ဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်-ရှုနားထောင်ခြင်းတွေ ရှောင်ကြဉ်ရမယ်ဆိုတဲ့ သိက္ခာပုဒ် တစ်စိတ်တစ်ဒေသပါတယ်။ ဒီသိက္ခာကို မကျိုးမပေါက်အောင် က,တာ ဆိုတာ တီးမှုတ်တာနှင့် ကြည့်ရှု နားထောင်တာတွေ မလုပ်ရဘူးလို့ သိနေကြတယ်။ ဒါမမှန်ဘူး။ "

" လောကရဲ့ အကျိုးရှိရာ ရှိကြောင်း အမှန်အကန်အကြောင်းတရာတွေနဲ့ က,ပြ၊ ဆိုပြ၊ တီးမှုတ်ပြ အဲဒါတွေကို ကြည့်ရှု နားထောင်ကြလို့ ဒီသီလမပျက်ဘူး။ ဒါကို ပုံစံနည်းနည်းထုတ်မယ်။"

( ဘုရား၊ ၁၈၀ )

"ဉပုသ်စောင့်လျက်နဲ့ ဘုန်းကြီးအနားမှာ အောင်ခြင်း(၈)ပါးကို သရုပ်ဖော်တဲ့ အက ကမယ်ဆိုရင် ဖြစ်ဖြစ်၊ အဲဒီသရုပ်ဖော် သီချင်းဆိုရင်ဖြစ်ဖြစ် အဲဒီသီချင်းတော့ တီးမှုတ်ရင်ဖြစ်ဖြစ် အဲဒါတွေကို ကြည့်ရှု နားထောင်ရင်ဖြစ်ဖြစ် ဒီဉပုသ်သီလ မပျက်ဘူး။

ထုတ်ခဲ့တဲ့ ပုံစံထဲမှာ ဘုရားကြောင်းပဲ ဖြစ်နေတယ်။ တခြားအကြောင်းဖြစ်တဲ့ စီးပွါးရေး၊ နိုင်ငံရေး၊ ရွာရေး၊ ရပ်ရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ချစ်ရေး၊ ကြိုက်ရေး၊ တိုက်ခိုက်ရေးပါမကျန် အရေး အားလုံးထဲမှာ လူလောက ပျက်စီးကြောင်း ဖြောင့်တံကျင်မဟုတ်တဲ့ အကြောင်းအရာဆိုရင် ဒီသိက္ခာပုဒ် မပျက်ဘူးလို့ မှတ်ရမယ်" ( ဘုရား၊ ၁၈၁ ) ဟူကုန်သော ဟောပြောရေးသားထားချက် တို့သည် ဗုဒ္ဓ တရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အရှင်ဉာဏသည် မြတ်စွာဘုရားရှင် ဟောကြားထားသော ငါးပါးသီလသိက္ခာပုဒ်များ၊ ရှစ်ပါးသီလ သိက္ခာပုဒ်များကို တစ်ခုချင်း၊ တစ်ခုခြင်း အဆင့်ဆင့် ဖျက်ဆီးနေပါကြောင်းနှင့် ကခုန်ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်းပြုသော်လည်း သီလမပျက်ဟူသော ဟောပြော ရေးသားချက်သည် ပါဠိတော်အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကဆရာတော်များ၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

ဝိနည်းခိုရ်ဆရာတော်များသည်အမှတ်(၁၈)စောဒနာလွှာပါ အရှင်ဉာဏ-၏"ကခုန်ခြင်း သီဆိုခြင်း တီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်း ပြုသော်လည်း သီလမပျက်-ဟူသော ဟောပြောရေးသားချက်နှင့် ပတ်သက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ၏ စံဖြစ်သော ပါဠိတော်,အဋ္ဌကထာတို့နှင့် ညီ/မညီ စိစစ်သုံးသပ်ဝေဘန်ကြမည် ဖြစ်ပေသည်။

နစ္စဂီတသိက္ခာပုဒ်၌ နစ္စ,ဂီတ,ဝါဒိတ-တို့၏ သရုပ်ကို ပါစိတျာဒိအဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုတော်မူပါသည် ။

http://www.dhammadownload.com



ယံ ကိဉ္စိ နစ္စန္တနဋ္ဋဒယော ဝါ နစ္စန္တသောဏ္ဍာ ဝါ၊ အန္တမသော မောရသုဝမက္ကဋာဒယောပိ၊ သဗ္ဗမ္ပေတံ နစ္စမေဝ။ ယံကိဉ္စိ ဂီတန္တိ ယံကိဉ္စိ နဋာဒီနံ ဝါ ဂီတံ ဟောတု အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယဂုဏူပသံဟိတံ သာဓုကီဠိတဂီတံ ဝါ အသံယတဘိက္ခူနံ ဓမ္မဘာဏကဂီတံ ဝါ၊ သဗ္ဗမ္ပေတံ ဂီတမေဝ။ ယံကိဉ္စိ ဝါဒိတန္တိ တန္တိဗဒ္ဓါဒိဝါဒနီယဘဏ္ဍဝါဒိတံ ဝါ ဟောတု ကုဋဘေရိ ဝါဒိတံ ဝါ အန္တမသော ဥဒကဘေရိဝါဒိတမ္ပိ၊ သဗ္ဗမ္ပေတံ ဝါဒိတမေဝ။ (ဝိ၊၄၊၃။၂၀၁။)

**နစ္စ**- ကခြေသည် ဇာတ်သမားအစရှိသော သူတို့၏ ကခြင်း၊သေသောက်ကြူးတို့၏ ကခြင်း၊ အယုတ်ဆုံးအားဖြင့် ဥဒေါင်း,ကျေးသား,မျောက် အစရှိသော တိရစ္ဆာန်တို့၏ကခြင်း၊ မြွေအလမ္ပာယ်ပြရာ၌ မြွေကခြင်း စသည်တို့သည် နစ္စ မည်ပါသည် ။

**ဂီတ**- ကချေသည်တို့ သီဆိုအပ်သော သီချင်း၊ အရိယာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်စံရာအခါ၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့်စပ်သော သူတော်ကောင်းတို့ ပျော်မြူးကြောင်းဖြစ်သော သီချင်း၊ မစောင့်စည်းသော ဓမ္မကထိကရဟန်းတို့၏ တရားဟောသောအခါ သီချင်းသံပေါက်အောင် အသံရှည်ဆွဲ၍ ဟောအပ်သော တရားသီချင်း စသည်တို့သည် ဂီတ မည်ပါသည် ။

**ဝါဒိတ**-ညှို့ဖြင့်ဖွဲ့အပ်သော တူရိယာ အစရှိသော တီးမှုတ်အပ်သော ဘဏ္ဍာ၏ တီးမှုတ်သံ ၊ အိုးစည်တီးသံ အယုတ်ဆုံးအားဖြင့် ရေစည်တီးသံ-စသည်သည် ဝါဒိတမည်ပါသည် ။

## နစ္စဂီတ – စသည်တို့မှ ရှောင်ကြဉ်တော်မူပုံ

ဘုရားရှင်က သီလက္ခန်ပါဠိတော်(၆၀)၌ မိမိကိုယ်တော်တိုင် နစ္စဂီတ-စသည်မှ ရှောင်ကြဉ်တော်မူပုံကို " နစ္စဂီတဝါဒိတဝိသူကဒဿနာ ပဋိဝိရတော ဟောတိ"ဟု ဟောတော်မူ၍ အင်္ဂုတ္တရပါဠိတော်၊ အဋ္ဌကနိပါတ်၊ သံခိတ္တူ ပေါသထသုတ်(အံ-၃၊၈၀)၌ သတ္တမအင်္ဂါနှင့် ပြည့်စုံရန်

"ယာဝဇီဝံ အရဟန္တော နစ္စဂီတဝါဒိတ ဝိသူကဒဿန မာလာဂန္ဓဝိလေပန ဓာရဏမဏ္ဍန ဝိဘူသနဋ္ဌာနံ ပဟာယ နစ္စဂီတဝါဒိတဝိသူကဒဿနမာလာဂန္ဓဝိလေပန ဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနာ ပဋိဝိရတာ၊ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ နစ္စဂီတဝါဒိတဝိသူကဒဿနမာလာဂန္ဓဝိလေပန ဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနံ ပဟာယ နစ္စဂီတဝါဒိတဝိသူကဒဿနမာလာဂန္ဓဝိလေပန ဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနာ ပဋိဝိရတော၊ ဣမိနာပင်္ဂေန အရဟတံ အနုကရောမိ ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတိ"တိ-ဟု ဟောတော် မူပါသည်။ (အံ။၃၊၈၀)

ထိုသို့ နစ္စဂီတ ရှောင်ကြဉ်မှုနှင့်ပတ်သက်၍ ဘုရားရှင်၏ ဟောတော်မူလိုရင်း အဓိပ္ပါယ်ကို အဋ္ဌကထာဆရာများက အောက်ပါအတိုင်း ဖွင့်ဆိုတော်မူကြပါသည် ။

သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋာဏီဘူတံ ဒဿနန္တိ ဝိသူကဒဿနံ။

အတ္တနာ နစ္စနနစ္စာပနာဒိဝသေန နစ္စာ စ ဂီတာ စ ဝါဒိတာ စ အန္တမသော မယူရနစ္စာဒိဝသေနာပိ ပဝတ္တာနံ နစ္စာဒီနံ ဝိသူကဘူတာ ဒဿနာစာတိ နစ္စဂီတဝါဒိတဝိသူကဒဿနာ။ နစ္စာဒီနိ ဟိ အတ္တနာ ပယောဇေတုံ ဝါ ပရေဟိ ပယောဇေတုံဝါ ပယုတ္တာနိ ပဿိတုံ ဝါ နေဝ ဘိက္ခူနံ ဘိက္ခုနီနဉ္စ ဝဋ္ဋန္တိ ။ (ဒီ၊၄၊၁။၇၅၊၇၆။ မ။၄၊၁။၁၁၃။ သံ၊၄၊၂။၃၃၅။ အံ၊၄၊၂။၁၉၈)

http://www.dhammadownload.com



နစ္စဂီတစသည်ကို ကြည့်ရှုနားထောင်ခြင်းသည် "သဗ္ဗပါပဿ အကရဏံ" စသော ဘုရားရှင်၏ အဆုံးအမ တော်အား မသင့်လျော်သည်၏အဖြစ်ကြောင့် ဆန့်ကျင်ဘက်ကို ထင်ရှားပြတတ်သော စိတ်ကျင်သဖွယ်ဖြစ်သော ကြည့်ရှု နားထောင်ခြင်းသည် ဝိသူကဒဿန မည်၏။ ကိုယ်တိုင်ကခြင်း, သူတပါးတို့ကို ကစေခြင်း-အစရှိသည်တို့၏ အစွမ်းဖြင့် ကခြင်း,သီဆိုခြင်း,တီးမှုတ်ခြင်း,အယုတ်ဆုံးအားဖြင့် ဥဒေါင်းကခြင်း-အစရှိသည် တို့၏ အစွမ်းဖြင့်ဖြစ်သော ကခြင်းစသည်တို့ကို ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက် စို့ပမာ ဖီလာဖြစ်သောကြောင့် ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်တော်မူ၏။

**ထိုစကားသည်မှန်၏** ၊ ဘိက္ခု-ရဟန်းများနှင့် ဘိက္ခုနီ-ရဟန်းမိန်းမများသည် ကခြင်း စသည်တို့ကို ကိုယ်တိုင် ပြုလုပ်ခြင်းငှါလည်းကောင်း၊သူတပါးကို ပြုလုပ်စေခြင်းငှါ လည်းကောင်း၊ သူတပါးပြုလုပ်သည်ကို ကြည့်ရှုခြင်းငှါလည်းကောင်း မအပ်ကုန်-ဟု ဖွင့်ဆိုတော်မူကြပါသည်။

( ဒီ၊ ဋ္ဌ၊ ၁၊ မြန်၊ ၁၄၃ )

အထက်ပါဖွင့်ဆိုချက်အရ နစ္စဂီတတို့ကို ကိုယ်တိုင်လည်း မက, မဆိုကောင်း၊ အက, အဆိုလည်း မခိုင်းကောင်း၊ သူတစ်ပါး ကနေ,ဆိုနေသည်တို့ကိုလည်း မကြည့်ရှု,နားမထောင်ကောင်း-ဟု **အဓိပ္ပါယ်ရပါသည်။**

**သို့သော် - -**

-ဝိသူကဒဿနန္တိ ကိလေသုပ္ပတ္တိပစ္စယတော ကုသလပက္ခဘိန္ဒနေန ဝိသူကာနံ ဒဿနံ, ဝိသူကဘူတံ ဝါ ဒဿနံ ဝိသူကဒဿနံ။ (ခုဒ္ဒကဋ္ဌ။၂၆။)

-နစ္စာဒီနဉှိ ဒဿနံ သဆန္ဒရာဂပ္ပဝတ္တိတော သဒ္ဓေပတော "သဗ္ဗပါပဿ အကရဏ"န္တိ အာဒိနယပ္ပဝတ္တံ ဘဂဝတော သာသနံ န အနုလောမေတိ။ သာရတ္ထ၊၃။၂၅၂။ ဟူသော **အဋ္ဌကထာ+ဋီကာဖွင့်များအရ**

ကိလေသာဖြစ်ဘို့ရာ ကုသိုလ်အဘို့ကို ဖျက်ဆီးဘို့ရာ ဆန္ဒရာဂဖြစ်ဘို့ရာ အကြောင်းဖြစ်သော ဝိသူကဒဿနသည်သာ ဘုရားရှင်၏ သာသနာတော်အား မသင့်လျော်သော သာသနအနနုလောမဖြစ်သည်-ဟု ဆိုသဖြင့် အဆုံးအမတော်၏ ဆန့်ကျင်ဘက် စိတ်ကျင်သဖွယ် မဖြစ်သော နစ္စဂီတတို့ကို တစ်ခါတရံ ကြည့်ရှုနားထောင်ခြင်း သည်ကား အပ်၏-ဟု မှတ်ရပေမည်။

ထို့ကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ,သိက္ခာပဒအခန်း(နှာ-၂၆)၌

**"ဓမ္မူပသံဟိတမ္ပိ စေတ္ထ ဂီတံ န ဝဋ္ဋတိ-တရားနှင့်စပ်ယှဉ်စေကာမူ ဂီတသည်မအပ်"**၊

**"ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတိ-ဂီတနှင့်စပ်ယှဉ်သော တရားကား အပ်၏"**-ဟု မိန့်ဆိုထားပေသည် ။

ထို ခုဒ္ဒကပါဌအဋ္ဌကထာအဖွင့်၌ ဓမ္မ-ဟူသည် ပဒသောဓမ္မသိက္ခာပုဒ်၌ လာသည့်အတိုင်း ပါဠိတော်, အဋ္ဌကထာများ ဖြစ်ပေသည်။ ဂီတ-ဟူသည်ကား လူမျိုးအလိုက်"သီချင်း"ဟု သတ်မှတ်ထားသော ပျို့,ကဗျာ,လင်္ကာ,တေး- အမျိုးမျိုးကို ဆိုလိုပေသည် ။

ဆိုလိုရင်းမှာ တရားဓမ္မကို ဂီတသံပေါက်အောင် မရွတ်ရ၊ ရွတ်လျှင်"န ဘိက္ခဝေ အာယတကေန ဂီတဿရေန ဓမ္မော ဂါယိတဗ္ဗော" ဟူသော စူဠဝါပါဠိတော် (နှာ-၂၄၃)အရ အပြစ်ရှိ၍ မအပ်ပါ ။ ဓမ္မကို

http://www.dhammadownload.com



ပျို့,ကဗျာ,လင်္ကာပြုလုပ်၍ ဂီတဖွဲ့လျှင်ကား အပ်ပါသည် ။ အပ်၏ဟုဆိုသော်လည်း ရဟန်း,သာမဏေများ အနေဖြင့် အထက်ပါ စူဠဝါပါဠိတော်အရ ဂီတသံဖြစ်အောင် မရွတ်ဆိုကောင်းပါ။

နားထောင်ရာ၌မူ ဝိသူကဒဿနမဖြစ်နိုင်သော ဓမ္မဂီတမျိုးဖြစ်ပါက ကုသိုလ်တရားပင် တိုးပွါးဖွယ်ရာ ဖြစ်၍ အပ်သည်ဟု မှတ်သင့်ပေသည် ။

အထက်ဖော်ပြခဲ့ပြီးသော အကြောင်းအရာတို့ကို ထောက်ဆပါက ဘုရားရှင်၏ အဆုံးအမ သာသနာတော်အား မသင့်လျော်သော ဆန္ဒရာဂဖြစ်မည့် နစ္စဂီတတို့ကို ကြည့်ရှု နားထောင်ခြင်း မပြုကောင်း၊ ကြည့်ရှုနားထောင်ပါက အပြစ်ရှိ၍ သီလပျက်ပါသည် ။

ဘုရားရှင်၏ သာသနာတော်အား သင့်လျော်လျောက်ပတ်၍ ကုသိုလ်တရား ပွါးများစေမည့် ဓမ္မဂီတမျိုးကို တစ်ခါတရံ ကြည့်ရှုနားထောင်ပါက အပြစ်မရှိ-ဟု မှတ်သားသင့်ပါသည်။

## "သိက္ခာပုဒ် စောင့်ထိန်းထားလျှင် ဓမ္မသေဝိတဗ္ဗသဒ္ဒကိုပင် နားမထောင်ကောင်း"

သက္ကပဥှသုတ်အဖွင့် (ဒီ၊ဋ၊၂။၃၆၅။) သေဝိတဗ္ဗသဒ္ဒ, အသေဝိတဗ္ဗသဒ္ဒတို့ကို ထုတ်ဆောင် ပြရာ၌ အကြောင်း၌ မှီစပ် (ဝါ) အနက်ကိုမှီသော, လောကုတ္တရာတရား (ဝါ) ရတနာသုံးပါးတရားနှင့် စပ်သော အိုးထိန်းကျွန်မ၏ ဂီတသံကိုသော်လည်း နားထောင်သူအား ကြည်လင်မှုဖြစ် သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့ ကြောင်းဖြစ်သော ဗလဝဝိပဿနာဉာဏ် ဖြစ်ငြားအံ့။ ထိုသို့သဘောရှိသော အသံမျိုးသည် သေဝိတဗ္ဗသဒ္ဒ မည်၏ဟု ဖွင့်ဆိုထားသော စကားကို "နစ္စဂီတ။လ။သမာဒိယာမိ"ဟူသော သိက္ခာပုဒ်ကို မဆောက်တည် မစောင့်ထိန်းသောသူအား မှီဝဲအပ်သည်၏ အဖြစ်မျှပရိယာယ်ဖြင့် ဆိုထားပါသည်။ ထိုသို့သဘောရှိသော အသံမျိုးကို နားထောင်သော သိက္ခာပုဒ်ကို ဆောက်တည် စောင့်ထိန်းသောသူအား ထိုသို့သဘောရှိသော အသံ၏ ဂီတသံ (ဝါ)သီချင်းသံဖြစ်သောကြောင့် သိက္ခာပုဒ်ကို စောင့်ထိန်းမှုသည် ပျက်၏-ဟု သိမှတ် အပ်ကြောင်း သီလက္ခန္ဓအဘိနဝဋီကာ-သီလက္ခန်ဋီကာသစ် ပထမအုပ် နှာ-၃၄၈-၌ ဖွင့်ဆိုထားသည်။

ဝိ၊ဋ။၃။၂၀၁။ ဝိနည်းအဋ္ဌကထာ၌ ကချေသည်တို့၏ သီချင်းသံ ဖြစ်စေ, အရိယာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်စံရာကာလ၌ ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ယှဉ်စပ်သော သူတော်ကောင်းတို့၏ မြူးတူးပျော်ပါးကစားခြင်း တေးသီချင်းသံ ဖြစ်စေ, နှုတ်ကို မစောင့်ထိန်းကုန်သော ရဟန်းတို့၏ တရားရွတ်သော ဂီတသံဖြစ်စေ, အယုတ်ဆုံးအားဖြင့် လေချွန်သံ ဖြစ်စေ, သီချင်းမဆိုမီ သီချင်းငြီးသော အသံဖြစ်စေ အလုံးစုံသော အသံသည် ဂီတမည်၏ဟု ဖွင့်ဆိုထား သည်ကို ထောက်၍ ထိုဖွင့်ဆိုသော "ထိုသို့သဘောရှိသော အသံမျိုးသည် သေဝိတဗ္ဗသဒ္ဒ မည်၏ဟု ဖွင့်ဆိုထားသော စကားကို "နစ္စဂီတ။လ။ သမာဒိယာမိ"ဟူသော သိက္ခာပုဒ်ကို မဆောက်တည် မစောင့်ထိန်းသော သူအား မှီဝဲအပ်သည်၏ အဖြစ်မျှ ပရိယာယ်ဖြင့် ဆိုထားပါသည်"ဟူသော စကားသည် မှန်၏။

**ယဥ္စ သက္ကပဥှသုတ္တဝဏ္ဏနာယံ သေဝိတဗ္ဗာသေဝိတဗ္ဗသဒ္ဒံ နိဒ္ဒိသန္တေန "ယံ ပန အတ္ထနိဿိတံ ဓမ္မနိဿိတံ ကုမ္ဘဒါသိဂီတမ္ပိ သုဏန္တဿ ပသာဒေါ ဝါ ဥပ္ပဇ္ဇတိ, နိဗ္ဗိဒါ ဝါ သဏ္ဌာတိ, ဧဝရူပေါ သဒ္ဒေါ သေဝိတဗ္ဗော"တိ (ဒီ. နိ. အဋ္ဌ. ၂.၃၆၅) ဝုတ္တံ, တံ အသမာဒိန္နသိက္ခာပဒဿ သေဝိတဗ္ဗတာမတ္တပရိယာယေန ဝုတ္တံ။ သမာဒိန္နသိက္ခာပဒဿ ဟိ ဧဝရူပံ သုဏန္တဿ သိက္ခာပဒသံဝရံ ဘိဇ္ဇတိ ဂီတသဒ္ဒဘာဝတောတိ ဝေဒိတဗ္ဗံ၊ တထာ ဟိ**

http://www.dhammadownload.com



**ဝိနယဋ္ဌကထာသု ဝုတ္တံ "ဂီတန္တိ နဋာဒီနံ ဝါ ဂီတံ ဟောတု, အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယဂုဏူပသံဟိတံ သာဓုကီဠနဂီတံ ဝါ, အသံယတဘိက္ခူနံ ဓမ္မဘာဏကဂီတံ ဝါ, အန္တမသော ဒန္တဂီတမ္ပိ, ယံ "ဂါယိဿာမာ"တိ ပုဗ္ဗဘာဂေ ဩကူဇိတံ ကရောန္တိ, သဗ္ဗမေတံ ဂီတံ နာမာ"တိ (ပါစိ. အဋ္ဌ. ၈၃၅; ဝိ. သင်္ဂ. အဋ္ဌ. ၃၄.၂၅) သီဠိသစ်၊၁။၃၄၈။**

## သုံးသပ်ချက်

အထက်ဖော်ပြပါ အဋ္ဌကထာတို့ အဆိုအရ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းများကို ကြည့်ရှု နားထောင်ခြင်းများသည် ဘုရားရှင်၏ အဆုံးအမအား မသင့်လျော်သဖြင့် ဆူးငြောင့် တံကျင်သဖွယ်ဖြစ်သော ကြည့်ရှု နားထောင်မှုဟု ခေါ် ရ၏။ ထို့ကြောင့် ကခုန်ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကိုယ်တိုင်လည်း မက, မဆို, မတီးမှုတ်ကောင်း။ သူတစ်ပါးတို့ကိုလည်း က, ဆို, တီးမှုတ် မလုပ်ခိုင်းကောင်းပေ။ ကြည့်ရှု နားထောင်ခြင်းလည်း မလုပ်ကောင်းဟု သုံးသပ်တော်မူကြသည်။

ထို့ကြောင့် စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၁၈)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြော်ရေးသားချက်များ၌ ဘုရားရှင် ဟောကြားတော်မူအပ်သော သီလသိက္ခာပုဒ် များကို ဖျက်ဆီးလိုသော ယုတ်ညံ့သော စိတ်ဓာတ်ဖြင့် "သာသနာ"ဟူသော စကားလုံးကို ပယ်ပြီး "လောကရဲ့ အကျိုးရှိရာရှိကြောင်း အမှန်အကန် အကြောင်းအရာတွေနဲ့" "အရေးအားလုံးထဲမှာ လူ့လောက ပျက်စီးကြောင်း ငြောင့်တံကျင်မဟုတ်တဲ့ အကြောင်းအရာတွေ ဆိုရင် ဗီသိက္ခာပုဒ် မပျက်ဘူးလို့ မှတ်ရမယ်" ဟူသော ဟောပြောရေးသားချက်တို့သည် ထေရဝါဒ ပိဋကတ်စာပေများနှင့် ညီညွတ်မှု မရှိဟု သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အရှင်ဉာဏ၏ အမှတ်(၁၈) စောဒနာလွှာပါ "လောကရဲ့ အကျိုးရှိရာ ရှိကြောင်း အမှန်အကန်အကြောင်းအရာတွေနဲ့ က,ပြ၊ ဆိုပြ၊ တီးမှုတ်ပြ အဲဒါတွေကို ကြည့်ရှု နားထောင်ကြလို့ ဗီသီလမပျက်ဘူး။" စသော ဟောပြောရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြော ရေးသား ထားချက်များကို အဓမ္မဝါဒအဖြစ် နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၁၉)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊ ၁၈၃ ၊၁၈၄၊၁၈၅-တို့၌ အရှင်ဉာဏ ဟောပြောရေးသားသော

" နောက်တစ်ချက်လည်း တွေ့နိုင်သေးတယ်။ အကသမားကြီး တစ်ယောက်က ဘုရား ဆည်းကပ်ပြီး တစ်နေ့မှာ သူကြားဖူးတာကို ဘုရားမေးတယ်။ ကချေသည်တွေ သေရင် ပဟာသနတ် ဖြစ်တယ်လို့ ရှေးက ပြောစကားရှိတယ်။ အဲဒါ အမှန်ပဲလားလို့ပဲ။ ဘုရားက ပဟာသငရဲကျရောက် သူလည်း ရှိတယ်ဆိုတဲ့ အကြောင်း ဖြေတယ်။ ဒီနေရာမှာ စာစောင်က မှားထားတာ ရှိတယ်။ ငရဲချည်းပဲ ကျသလိုမျိုးပေါ့။ သူတို့ရဲ့ အကပေါ် မြင်တာနဲ့ ထပ်မိအောင် ဆောင်ထားတာပဲ " ( ဘုရား၊ ၁၈၃ )

" ဒါကြောင့် အက စတာတွေဟာ လူတွေရဲ့ အဖျော်အဖြေတွေပဲလို့ သိကြတယ်။ ကသူတွေဟာ ပျော်တော် ဆက်တွေပေါ့ ။ သူတို့ သိပ်အောင်မြင်ကြရင် သေပြီးနောက်တောင်မှ သူတို့ အရည်အချင်းကို လူတွေ မမေ့ဖျောက် နိုင်ကြဘူး။ ဒီတော့ သူတို့ကို ပဟာသတွေလို့ ပြောကြတာပေါ့။ မကောင်းတဲ့ အကြောင်း အရာနဲ့ ဖျော်ဖြေသူဆိုရင် မကောင်းတဲ့သတင်းနဲ့ သတိရ ခံရမှာပဲ။ ကောင်းတဲ့အကြောင်းနဲ့ ဖျော်ဖြေသူဆိုရင် ကောင်းတဲ့သတင်းနဲ့ သတိရ ခံရမှာပဲ။ ဒါ ပဟာသငရဲနဲ့ ပဟာသနတ်ပဲ။ "

( ဘုရား၊ ၁၈၄ )

" ဒါကြောင့် ဘုရားက ပျော်တော်ဆက်တွေ အတွက် နတ်ရော ငရဲပါ ပညတ်ခဲ့မှာ အမှန်ပဲ။" ( ဘုရား၊ ၁၈၅ ) ဟူကုန်သော ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓ တရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

စောဒကဆရာတော်များက အရှင်ဉာဏ၏ 'သဘင်သည်များ သေလျှင် နတ်ပြည်လည်း ရောက်တယ်။ ငရဲပြည်လည်း ရောက်တယ် ' စသော အထက်ပါ ဟောပြော ရေးသားချက်သည် ဘုရားရှင် ဟောကြားထားသော သဠာယတနဝဂ္ဂသံယုတ်လာ တာလပုဋသုတ် ပါဠိတော်,အဋ္ဌကထာ များနှင့် ဆန့်ကျင်နေပါကြောင်း သဘောထားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသည့် အမှတ်(၁၉)စောဒနာလွှာနှင့် ပတ်သက်၍ အဓမ္မဝါဒ ဖြစ်,မဖြစ် ဘုရားရှင်ဟောကြားတော်မူအပ်သော ပါဠိတော်, အဋ္ဌကထာများနှင့် တိုက်ဆိုင်၍ စိစစ်ဝေဘန်သုံးသပ်တော်မူကြမည်ဖြစ်ပါသည် ။

အရှင်ဉာဏ-ဟောပြောရေးသားချက်၏ ဆိုလိုရင်းကို အကျဉ်းချုပ်လျှင်-

က- သဘင်သည်များ သေလျှင် နတ်ပြည်,ငရဲပြည်သို့ ရောက်သည်ဟု ဆိုလိုခြင်း။

ခ- ဘုရားရှင်က ပဟာသငရဲကျသူလည်း ရှိတယ်-ဟု ဟောကြားထားသော ပါဠိတော်ကို အမှားဟု စွပ်စွဲထားခြင်း စသည်ဖြင့် ဟောပြော ရေးသားထားခြင်းသည်တို့ကို တွေ့ရှိရပေသည်။

http://www.dhammadownload.com



## တာလပုဋသုတ်အလို ပဟာသငရဲသာရှိသည်

က။ ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါတွင် တာလပုဋ မည်သော ဇာတ်ဆရာကြီးသည် ရှေးဆရာအစဉ်အဆက်က ပြောကြားခဲ့သော"ကချေသည်များသေလျှင် ပဟာသနတ်ပြည်သို့ ရောက်၏ဟူသော ရှေးဆရာ့ဆရာ ကချေသည်တို့၏စကားကို ဘုရားရှင် အဘယ်သို့ ဆိုလိုပါသနည်း?"ဟု လျှောက်ထားတောင်းပန်ခြင်းကို သုံးကြိမ်တိုင်အောင် ပယ်တော်မူပြီး ဘုရားရှင်က အောက်ပါအတိုင်း မိန့်တော်မူပါသည်။

-အဒ္ဓါ ခေါ တျာဟံ ဂါမဏိ န လဘာမိ" အလံ ဂါမဏိ တိဋ္ဌတေတံ ၊ မာ မံ ဧတံ ပုစ္ဆီ"တိ အပိစ တျာဟံ ဗျာကရိဿာမိ ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတရာဂါ ရာဂဗန္ဓနဗဒ္ဓါ-ပ-မိစ္ဆာဒိဋ္ဌိကဿ ခေါ ပနာဟံ ဂါမဏိ ပုရိသပုဂ္ဂလဿ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဝဒါမိ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ"တိ။ (သဠာ-သံ။၄၉၄၊၄၉၅)

ဇာတ်ဆရာကြီး မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်-ဟု မချွတ်လျှင် သင့်ကို ငါပြော၍ မရခဲ့ပေ၊ သို့ဖြစ်လျှင် သင့်အား ငါဖြေကြားအံ့။ ဇာတ်ဆရာကြီး ရှေးအစကပင် သတ္တဝါတို့သည် မကင်းသော စွဲမက်မှု ရာဂရှိကုန်၏။ စွဲမက်မှုရာဂ နှောင်ကြိုးဖြင့် ဖွဲ့အပ်ကုန်၏။ မကင်းသော အမျက်ဒေါသရှိကုန်၏။ အမျက်ဒေါသ နှောင်ကြိုး ဖြင့် ဖွဲ့အပ်ကုန်၏။ မကင်းသော တွေဝေမှုမောဟရှိကုန်၏။ တွေဝေမှုမောဟနှောင်ကြိုးဖြင့် ဖွဲ့အပ်ကုန်၏။ ထိုသူတို့အား ကချေသည်သည် ပွဲအလယ် သဘင်အလယ်၌ စွဲမက်မှုကို ဖြစ်စေတတ်သော, အမျက်ထွက်စေတတ်သော,တွေဝေမှုကို ဖြစ်စေတတ်သော တရားတို့ကို အတိုင်းထက်အလွန် ရှေးရှုဆောင်၏။ ထိုကချေသည်သည် မိမိကိုယ်တိုင် ယစ်မူးမေ့လျော့ လျက် သူတစ်ပါးတို့ကို ယစ်မူးမေ့လျော့စေရကား ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပဟာသမည်သော ငရဲသို့ ရောက်ရ၏။

"ပွဲအလယ် သဘင်အလယ်၌ မှန် မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပျမွေ့လျော် စေသော ကချေသည်သည် ခန္ဓာပျက်ကြွေ သေပြီးသည်မှနောက်၌ ပဟာသမည်သော နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏"ဟူသော ထိုသူအား အယူဖြစ်ခဲ့မူ ထိုသူ၏ အယူသည် မှားသောအယူသာ ဖြစ်၏။ ဇာတ်ဆရာကြီး မှားသောအယူရှိသော ပုဂ္ဂိုလ် သတ္တဝါအား ငရဲ,တိရစ္ဆာန်ဟူသော လားရာ"ဂတိ"နှစ်ပါးတို့တွင် တစ်ပါးပါးသောလားရာ "ဂတိ"ကို ငါဟော၏-ဟု မိန့်တော်မူပါသည်။

ဤပြဆိုခဲ့ပြီးသော တာလပုဋသုတ်၌ တာလပုဋဇာတ်ဆရာကြီးအား ဘုရားရှင် မိန့်တော်မူသော စကားရပ် တို့ကို ထောက်ဆပါက ကချေသည်များသေလျှင် ပဟာသငရဲသို့ ရောက်သည်ဟုသာ တွေ့ရပြီး ပဟာသနတ်ပြည်သို့ ရောက်၏-ဟုယူလျှင် မှားသော အယူဖြစ်၍ ထိုအယူဝါဒကြောင့် သေလျှင် ငရဲဘုံ, တိရစ္ဆာန်ဘုံတို့တွင် တစ်ခုခုသော ဘုံဘဝသို့ ရောက်ရှိမည်ဟု တွေ့ရပေသည်။

http://www.dhammadownload.com



## ပါဠိတော်ကို အမှားဟု စွပ်စွဲမှု

ခ။ "ဒီနေရာမှာ စာစောင်က မှားထားတာရှိတယ်။ ငရဲချည်းပဲ ကျသလိုမျိုးပေါ့"ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူသော, သံဂါယနာခြောက်တန်တင်၍ ထေရဝါဒသံဃာတော်များက တစ်ညီတစ်ညွတ်တည်း လက်ခံထားသော သံယုတ်ပါဠိတော်ကို စာစောင်ဟု လည်းကောင်း၊ အမှားဟုလည်းကောင်း ဆိုနေခြင်းသည်-

"မိစ္ဆာဒိဋ္ဌိကော ဟောတိ ဝိပရီတဒဿနော၊ သော ဗဟုဇနံ သဒ္ဓမ္မာ ဝုဋ္ဌာပေတွာ အသဒ္ဓမ္မေ ပတိဋ္ဌာပေတိ"ဟူသော(အံ-၁၊ပါဠိ-၃၅)

အင်္ဂုတ္တိုရ်ပါဠိတော်နှင့်အညီ မိမိတို့ကိုယ်တိုင် ဖေါက်ပြန်သော မိစ္ဆာဒိဋ္ဌိအယူရှိကြပြီး အခြားများစွာသော လူတို့ကိုလည်း သူတော်ကောင်းတရားများ ကွယ်ပျောက်စေ၍ မသူတော် တရား(မိမိတို့အယူဝါဒ)၌ တည်လာအောင် ဟောပြောခြင်းသာဖြစ်သောကြောင့်-

"မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ" ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်(အံ-၁၊ပါ-၃၅)အရ အလွန်ကြီးလေးသော အပြစ်ကို ပြုလုပ်နေခြင်းသာ ဖြစ်ပေသည် ။

## ပဟာသနတ်နှင့် ပဟာသငရဲ

ငရဲကြီးရှစ်ထပ်မှ အသီးအခြားဖြစ်သော ပဟာသငရဲမည်သည်မရှိ အဝီစိငရဲ၏သာလျှင် တစ်ခုသော အထောင့်အဖို့၌ ကကုန်သကဲ့သို့ သီချင်းသီကုန်သကဲ့သို့ ကချေသည်တို့၏ အသွင်ကိုယူ၍ ကံအကျိုးပေးသည်၏အစွမ်းဖြင့် ကျက်ရဖြစ်ရပါသည် ။ ဤသို့ ကံအကျိုးပေးသည်၏အစွမ်းဖြင့် ကျက်ရဖြစ်ရသော အရပ်ကို ရည်ရွယ်၍ ပဟာသငရဲ-ဟု ဟောတော်မူအပ်၏။

ဤဆိုခဲ့ပြီးသော အဋ္ဌကထာစကားရပ်အရ ပဟာသငရဲဟူ၍ အသီးအခြားမရှိပုံ ၊ ပဟာသငရဲ-ဟု ဟောတော်မူခြင်းသည် အဝီစိငရဲ၏ တစ်ခုသော အထောင့်အဖို့၌ ကချေသည်များ ကံအားလျော်စွာ ခံကြရသည့် အသွင်အပြင် အရပ်နေရာကိုသာ ရည်ညွှန်း၍ ပဟာသငရဲ-ဟု ဟောတော်မူပုံကို သိရှိရပါသည် ။ ပဟာသနတ် ရှိသည်ဟု ပါဠိအဋ္ဌကထာတို့၌ မတွေ့ရပါ။

ပဟာသော နာမ နိရယောတိ ဝိသုံ ပဟာသနာမကော နိရယော နာမ နတ္ထိ။ အဝီစိဿေဝ ပန ဧကသ္မိံ ကောဋ္ဌာသေ နစ္စန္တာ ဝိယ ဂါယန္တာ ဝိယ စ နဋဝေသံ ဂဟေတွာဝ ပစ္စန္တိ၊ တံ သန္ဓာယေတံ ဝုတ္တံ ။ (သံ-ဋ၊၂၊၁၄၁)

## မိုးပြာရှင်ဉာဏက

**ကောင်းသတင်းနှင့် ကျော်ကြားသူကို နတ်ဟုခေါ်သည်-**
**မကောင်းသတင်းနှင့် ကျော်ကြား သူကို ငရဲဟုခေါ်သည်-ဟူ၏**

အရှင်ဉာဏ၏ ဘုရား၊ စာ-၁၈၄။ ၌ ဟောပြော ရေးသားထားသော-

" ဒီခေတ်မှာလည်း ဒါတွေရှိတာ အထင်ရှားပဲ။ သရုပ်ပျက်နှင့် နာမည်ကြီးတဲ့သူ၊ သရုပ်ဖော် ကောင်းလို့ နာမည်ကြီးတဲ့သူ၊ ပျော်ဖြေသူတွေဟာ သူ့နာမည်နဲ့သူပဲ။ သူတို့ရဲ့ ဂုဏ်သတင်းတွေဟာ သူတို့မရှိလည်း မပျောက်ဘူး။ ပဟာသနတ်နဲ့ ငရဲတွေပဲ။ နှစ်မျိုးရှိတာကို လက်ခံရမှာလို့ ဟောခဲ့မှာ ဖြစ်တယ် "ဟူသော စကားကို ထုတ်ပြ၍-

http://www.dhammadownload.com



စောဒကပုဂ္ဂိုလ်များက အရှင်ဉာဏယူဆထားသော ငရဲနှင့် **နတ်အယူအဆကို** "အရှင်ဉာဏက ကောင်းသတင်းနှင့် ကျော်ကြားသူကို နတ်ဟု သတ်မှတ်ပြီး မကောင်းသတင်းနှင့် ကျော်ကြား သူကို ငရဲဟု သတ်မှတ်ကြောင်း, 'သရုပ်ပျက်နှင့် နာမည်ကြီးသူသည် ငရဲ သရုပ်ဖော်ကောင်းနှင့် နာမည် ကြီးသူသည် နတ်'ဟုသတ်မှတ်ပါကြောင်း" တင်ပြလာသည်။

သံယုတ်အဋ္ဌကထာ၌ - ပဟာသငရဲဟူသည် ငရဲကြီးရှစ်ထပ်မှ **တသီးတခြား** သီးသန့် တည်ရှိသည့်ဘုံ မဟုတ်၊ အဝီစိငရဲကြီး၏ တခုသောအဘို့၌ ကချေသည်အသွင်အပြင်ကို ယူ၍ ကံအားလျော်စွာ အကျိုးပေးသည်၏အစွမ်းဖြင့် ကျက်ရ၏။ ဤသို့ ကံအားလျော်စွာ အဝီစိငရဲ၌ ကျက်ရသည်ကို ရည်ရွယ်၍ ပဟာသငရဲဟု ဆို၏"ဟု ဖွင့်ဆို ထားသည်။

"ပဟာသော နာမ နိရယောတိ ဝိသုံ ပဟာသနာမကော နိရယော နာမ နတ္ထိ၊ အဝီစိဿေဝ ပန ဧကသ္မိံ ကောဋ္ဌာသေ နစ္စန္တာ ဝိယ ဂါယန္တာ ဝိယ စ နဋဝေသံ ဂဟေတွာဝ ပစ္စန္တိ၊ တံ သန္ဓာယေတံ ဝုတ္တံ။

( သံ၊ ၄၊ ၂၊ ၁၄၁ )

## ပေါင်းရုံးသုံးသပ်ချက်

အထက်ဖော်ပြပါ အဋ္ဌကထာအဆိုအရ

ကချေသည်များသေလျှင် ပဟာသငရဲသို့သာ ရောက်သည်ဟု မှတ်ရပါမည်။

ပဟာသနတ်ဟူ၍လည်း မရှိ။

"ပဟာသငရဲဟူသည် အရှင်ဉာဏ ပြောသကဲ့သို့ မကောင်းသတင်းနှင့်ကျော်ကြားသူ၊ သရုပ်ပျက်နှင့်နာမည်ကြီးသူ မဟုတ်ဘဲ၊ အဝီစိငရဲကြီး၏ တစ်ခုသော အဘို့၌ ပဟာသ ငရဲဟူ၍ သုံးသပ်တော်မူကြသည်။ ပဟာသနတ်ဟူသည်ကား ရှိပင် မရှိပါပေ။

သို့ပါ၍ ဘုရား၊ ၁၈၃ ၊၁၈၄၊၁၈၅-တို့၌ အရှင်ဉာဏ ဟောပြောရေးသားသော

"- သဘင်သည်များ သေလျှင် နတ်ပြည်,ငရဲပြည်သို့ ရောက်၊

-ဘုရားရှင်က ပဟာသငရဲကျသူ လည်း ရှိတယ်-ဟု ဟောကြားထားသော ပါဠိတော်ကို အမှားဟု စွပ်စွဲ၊

- ပဟာသနတ်နှင့် ပဟာသငရဲ နှစ်မျိုးရှိ"စသည် အဓိပ္ပါယ်သက်ရောက်သော အရှင်ဉာဏ၏ ဟောပြော ရေးသားချက်များသည် ပါဠိတော်အဋ္ဌကထာစကားတို့နှင့် ဆန့်ကျင်၏ဟု သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အရှင်ဉာဏ၏ အမှတ်(၁၉) စောဒနာလွှာပါ ဘုရား၊ ၁၈၃ ၊၁၈၄၊၁၈၅-တို့၌ "'သဘင်သည်များ သေလျှင် နတ်ပြည်လည်း ရောက်တယ်။ ငရဲပြည်လည်း ရောက်တယ် ' စသော ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းမှုခိုင်းအဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## "ပစ္စုပ္ပန္နကမ္မဝါဒဟု နာမည်ပေးသော်လည်း"

အရှင်ဉာဏ၏- ( ဘုရား၊ ၁၈၃ )၌ ဟောပြောရေးသားထားသော "ဘုရားက ပဟာသငရဲကျသူလည်း ရှိတယ်ဆိုတဲ့အကြောင်းဖြေတယ်၊ ဒီနေရာမှာ စာစောင်က မှားထားတာ ရှိတယ်။ ငရဲချည်းပဲ ကျသလိုမျိုးပေါ့။ သူတို့ရဲ့ အကအပေါ်မြင်တာနဲ့ ထပ်မိအောင် ဆောင်ယားတာပဲ"ဟူသော စကားကည် ဘုရားရှင်ထံမှ ဟစ်ဆင့် ဆောင်ယူလာသော အရှင်အာနန္ဒာ မထေရ်နှင့်ပာကျ သံဂါယတနာတင် မထေရ်တို့ကို ကဲ့ရဲ့စွပ်စွဲရာ ရောက်နေပါကြောင်း, သံဂါယတနာတင်မထေရ်တို့ကို စွပ်စွဲခြင်းဖြင့် သံယုတ်ပါဠိတော်ကိုလည်း အမှားဟု ဆိုနေရာ ရောက်ပါကြောင်း စောဒကတို့၏ သဘောထားတင်ပြချက်ကို တွေ့ရသည်။

အဆိုပါ အရှင်ဉာဏ၏ စကားသည် စောဒကတို့၏ သဘောထားအတိုင်း သံဂါယတနာတင်မထေရ်တို့ကို ကဲ့ရဲ့စွပ်စွဲရာလည်း ရောက်, သံဂါယတနာတင်မထေရ်တို့ကို စွပ်စွဲခြင်းဖြင့် သံယုတ်ပါဠိတော်ကိုလည်း အမှားဟု ဆိုနေရာ ရောက်ပါ၏။

သို့သော်- သင်္ဂါယနာတင် သံယုတ်ပါဠိတော်လာ စကားတို့ကို ယူ၍ ပြောဆိုရေးသားနေသည်ကို တွေ့မြင်ရသောကြောင့် ထေရဝါဒကို စွန့်ပြီ, ပစ္စုပ္ပန္နကမ္မဝါဒကို ပြောင်းလဲ ယူလိုက်ပြီဟု နှုတ်ကပြော, စာဖြင့်ပို့နေသော်လည်း အကယ်စင်စစ် အရှင်ဉာဏက ထေရဝါဒကျမ်းဂန်တို့ကို သုံးနှုန်း၍ မိမိကိုယ်ကို ထေရဝါဒပါပဲလို့ ဝန်ခံလိုက်ရာရောက်ကြောင်း သုံးသပ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၂၀)စောဒနာလွှာ၌ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား၊၁၈၉၊၌ အရှင်ဉာဏ ဟောပြောရေးသားသော-

ဘာဝနာကို "သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ နှစ်မျိုးခွဲကြတယ်။ ဒါ ထူးမှာ မဟုတ်ပါဘူး။ ကိုယ့်ဘာဝနာကို သူများဘာဝနာနှင့် ကွဲချင်လို့ ခွဲခေါ်တာပဲ။ "

ဘာဝနာတိုင်းဟာ သမထတွေဖြစ်တယ်။ သမထဆိုတာ စိတ်အေးအောင်လုပ်တာရဲ့နာမည်ပဲ ကိုယ့်ဘာဝနာကြတော့ စိတ်အေးအောင် လုပ်တာလဲမကဘူးဆိုပြီး ဂုဏ်တင်တဲ့အနေနဲ့ ဝိပဿနာလို့ နာမည်တပ် လိုက်တာပါ။ ( ဘုရား၊ စာ- ၁၈၉ )

**"ဒါကြောင့် ဘာဝနာနှစ်မျိုးမပြားပါဘူး။ ဒါပေမယ့် ကိုယ်ရောက်တဲ့ နေမှာမူတည်ပြီး ခွဲခေါ်နေကြတာ** ဖြစ်တယ်။ ဒါတွေဟာ ဘုရားဟောတဲ့ဘာဝနာတွေ မဟုတ်ဘူး။ (ဘုရား၊ စာ- ၁၈၉ ) ဟူကုန်သော **ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြော ရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။**

### စောဒကတို့၏ သဘောထား

စောဒကဆရာတော်များက ပါဠိအဋ္ဌကထာစကားတို့ကို ကိုးကားလျက် အရှင်ဉာဏ၏ ဘာဝနာသည် သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးမရှိ၊ သမထဘာဝနာ တစ်မျိုးသာရှိ၏ဟု ဆိုထားသော အထက်ပါ ဟောပြော ရေးသားချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း **သဘောထားကို တင်ပြကြသည်။**

### အရှင်ဉာဏ၏ နောက်လိုက်များအတွက် သတိပေးချက်

အရှင်ဉာဏကို ယုံကြည်ကြကုန်သောသူတို့အတွက် သတိထားစေလိုသောအချက်ကို ထောက်ပြလိုပါ၏။

"သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ နှစ်မျိုးခွဲကြတယ်။ ဒါ **ထူးမှာ မဟုတ်ပါဘူး။** ကိုယ့်ဘာဝနာကို **သူများဘာဝနာနှင့် ကွဲချင်လို့ ခွဲခေါ်တာပဲ။ "** ဟူသော အရှင်ဉာဏ၏ စကား၌

"ဒါ ထူးမှာ မဟုတ်ပါဘူး"ဟု ပြောဆိုခြင်းသည် ပြောသူကိုယ်တိုင် သေချာတိကျစွာ မသိပါဟု ဝန်ခံ ပြောဆိုရာရောက်၏။ သေချာတိကျဆိုသောစကားဖြစ်လျှင် "ဒါ မထူးဘူး"ဟု ပြောဆိုမည် ဖြစ်၏။ **"ဒါ ထူးမှာ မဟုတ်ပါဘူး" "ဒါ မထူးဘူး"** ဤစကားနှစ်ခွန်း၏ ထိရောက်မှုသည် အလွန် ကွာခြား ပါသည်။ အရှင်ဉာဏ၏ ဆိုစကားများ၌ ထိုသို့ မတိကျ မရေရာသော အဆိုများကို ရှေ့၌လည်း တွေ့ခဲ့ပြီးပါပြီ။

ဆရာကိုယ်တိုင်က မတိမကျ မသေမချာ ဆိုနေပါလျှင် နောက်မှ လိုက်ပါသူတို့ အဘယ်သို့လျှင် အမှန်ကို သိနိုင် ပါအံ့နည်း။

### ဝိနည်းဓိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

ဝိနည်းဓိုရ်ဆရာတော်များသည်အမှတ်(၂၀)စောဒနာလွှာပါ အရှင်ဉာဏ-၏"ဘာဝနာတိုင်းဟာ သမထတွေဖြစ်တယ်။"စသော ဟောပြောရေးသားချက်နှင့်ပတ်သက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ၏ ဝံဖြစ်သော ပါဠိတော်,အဋ္ဌကထာတို့နှင့် ညီ/မညီ စိစစ်သုံးသပ် ဝေဘန်ကြမည် ဖြစ်ပေသည် ။

http://www.dhammadownload.com



စာေဒကဆရာတော်များ တင်ပြထားသည့် အထက်ပါ ရှင်ဉာဏ-၏ ဟောပြောရေးသားချက်ကို အနှစ်ချုပ် လိုက်ပါက -

-ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ-ဟု **နှစ်မျိုးမရှိ**၊

သမထဘာဝနာ တစ်မျိုးသာရှိသည်၊ ဘာဝနာတိုင်းဟာ **သမထတွေဖြစ်သည်**။

-သမထဘာဝနာ ၊ ဝိပဿနာဘာဝနာ-တို့ကို ဘုရားရှင်မဟော-ဟုတွေ့ရှိရပေသည် ။

## ဘာဝနာနှစ်မျိုး ဘုရားဟောပုံ

အရှင်သာရိပုတ္တရာသည် ရဟန်းတော်တို့ကို ငါ့ရှင်တို့ ပါဝါပြည်၌ နာဋ၏သား နိဂဏ္ဌသေဆုံးပြီးနောက် နိဂဏ္ဌတပည့်များ နှစ်ဖို့နှစ်စုကွဲ၍ ခိုက်ရန်ဖြစ်ခြင်း, ဆန့်ကျင်ခြင်းသို့ရောက်လျက် အချင်းချင်း နှုတ်လှံထိုး၍နေကြခြင်းသည် မကောင်းသဖြင့် ဟောအပ်သော **မကောင်းသော** သူတို့သည်သာ သိအပ်သော **ဝဋ်ဆင်းရဲမှ မထွက်မြောက်စေတတ်သော ကိလေသာတို့ ငြိမ်းခြင်းကို မဖြစ်စေတတ်သော ဘုရားရှင်တို့သည်** မဟောအပ်သော ဓမ္မဝိနယကို အကြောင်းပြု၍ဖြစ်နေကြခြင်းဖြစ်သည် ။

ငါ့ရှင်တို့ ငါတို့သည်ဘုရားရှင်သည် ဤတရားတော်ကို ကောင်းစွာဟောကြားတော်မူအပ်ပြီ၊ ဤတရားတော်သည် ဝဋ်ဆင်းရဲမှ ထွက်စေတတ်,ကိလေသာတို့ကို ငြိမ်းစေတတ်၍ ဤတရားတော်ကို ဘုရားရှင်တို့သည် သိစေအပ်ပြီ။

ဘုရားရှင်ဟောကြားတော်မူအပ်သော ထိုတရားတော်၌ **သင်တို့အားလုံးသည် အညီအညွတ် ရွတ်ဆိုအပ်၏**၊ ဆန့်ကျင်သော စကားကို မဆိုအပ် ၊ဤသို့ **အညီအညွတ် ရွတ်ဆိုအပ်သည်ရှိသော် ဤဘုရားသာသနာတော်သည် အရှည်ခံ၍ ကြာမြင့်စွာတည်လိမ့်မည်**။ ထိုသို့ ဘုရားသာသနာတော် အရှည်တည်ခြင်းသည် များစွာသောလူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာခြင်းငှါ သတ္တဝါတို့ကို အစဉ်စောင့်ရှောက်ခြင်းငှါဖြစ်၏-ဟု မိန့်တော်မူပြီး ဘုရားရှင်ဟောကြားတော်မူအပ်သော ဧက,ဒုက,တိက စသောတရားတို့ကို အသီးသီး မိန့်တော်မူပါသည်။

ထိုသို့ဘုရားရှင်ဟောတော်မူအပ်သော ဧက, စသောတရားတို့ကို မိန့်တော်မူရာတွင် ဒုက တရားတို့ကို မိန့်တော်မူရာ၌ ( ၂၃ )ခုမြောက်အဖြစ် "သမထော စ ဝိပဿနာ စ" ဟု မိန့်တော်မူပါသည်။ ( ဒီ-၃၊၁၇၉ )

ထိုနည်းတူစွာ ပါထိကဝဂ္ဂပါဠိတော်,ဒသုတ္တရသုတ်၌လည်း-

အခါတပါး ဘုရားရှင်သည် စမ္ပါပြည်၏အနီး ဂဂ္ဂရာအမည်ရှိသော ရေကန်၏ အနီးအနား၌ ရဟန်းတော်ပေါင်းငါးရာနှင့် သီတင်းသုံး နေတော်မူစဉ် အရှင်သာရိပုတ္တရာ မထေရ်မြတ်က ရဟန်းတော်တို့ကို "ငါ့ရှင်တို့ ငါသည် အလုံးစုံသော ဂန္ထတရားတို့မှ လွတ်စေတတ်သော ဒသုတ္တရအမည်ရှိသော သုတ္တန်ကို နိဗ္ဗာန်ကို ရခြင်းငှါ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မိန့်ဆိုပေအံ့ "ဟု မိန့်တော်မူပြီး ဒသုတ္တရမည်သော "ဒွေ ဓမ္မ"တရားတို့ကို မိန့်တော်မူရာတွင် -

"ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ၊ ကတမေ ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ။ သမထော စ ဝိပဿနာ စ ။ ဣမေ ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ။"ဟု (ဒီ၊ ၃၊ ၂၂၈။ မ၁၃။၃၃၇။ သံ၁၃။၄၈။ အံ၊၁။၅၇၀။ အံ၊၂။၃၂၇။ ပဋိသံ။၂၇။) ဘာဝေတဗ္ဗ တရားနှစ်ပါးကို သမထ , ဝိပဿနာ-ဟု မိန့်တော်မူပါသည်။

http://www.dhammadownload.com


ထို့အတူ သုတ်မဟာဝါပါဠိတော်၌လည်း-

ချစ်သားတို့ သတိပဋ္ဌာန် လမ်းစဉ်သည် သတ္တဝါတွေ စင်ကြယ်ဖို့၊ သောကပရိဒေဝ လွန်မြောက်ဖို့၊ ဒုက္ခ ဒေါမနဿချုပ်ငြိမ်းဖို့၊ အရဟတ္တဖိုလ်ရဖို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ တစ်ခုတည်းသော လမ်းကြောင်းကြီး ဖြစ်၏" ဟု ဟောကြားတော်မူသော ဤဒေသနာတော် သည်လည်း သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ပင် ဖြစ်ကြပါသည်။

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ( ဒီ၊ ၂။၂၁၃။ )

**ကာယဂတာသတိန္တိ ကာယပရိဂ္ဂါဟိကမ္ပိ ကာယာရမ္မဏမ္ပိ သတိ၊ ကာယပရိဂ္ဂါဟိကန္တိ ဝုတ္တေ သမထော ကထိတော ဟောတိ, ကာယာရမ္မဏန္တိ ဝုတ္တေ ဝိပဿနာ၊ ဥဘယေန သမထဝိပဿနာ ကထိတာ ဟောန္တိ။** (မ၃၄၄။၁၄၄။)

ထို့အတူ အင်္ဂုတ္တိုရ်ပါဠိတော် ၊ စတုက္ကနိပါတ် ၊ ပဋိပဒါဝဂ် ၊ယုဂနဒ္ဓသုတ်၌လည်း-

"ငါ့ရှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သမထလျှင်ရှေ့သွားရှိသော ဝိပဿနာကို ပွါးများ၏ ၊ သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကိုပွါးများသော ထိုရဟန်းအား (သောတာပတ္တိ) မဂ်သည်ထင်၏။

ငါ့ရှင်တို့ နောက်တစ်မျိုးကား ရဟန်းသည် ဝိပဿနာလျှင်ရှေ့သွားရှိသော သမထကို ပွါးများ၏၊ ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွါးများသော ထိုရဟန်းအား မဂ်သည်ထင်၏ ။

ငါ့ရှင်တို့ နောက်တစ်မျိုးကား ရဟန်းသည် သမထ ဝိပဿနာကို အစုံဖွဲ့၍ ပွါးများ၏၊ သမထနှင့်ဝိပဿနာကို အစုံဖွဲ့၍ ပွါးများသော ထိုရဟန်းအား မဂ်သည်ထင်၏"-စသည်ဖြင့် သမထ,ဝိပဿနာကို ထုတ်ဖေါ်၍ ဟောတော်မူပါသည်။

-ဣဓ အာဝုသော ဘိက္ခု သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ ၊ တဿ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ ။ ပုန စ ပရံ အာဝုသော ဘိက္ခု ဝိပဿနံပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ ၊ တဿ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ ။ပုန စ ပရံ အာဝုသော သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ ၊ တဿ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ ။ (အံ၁။၄၇၅။)

ထိုနည်းတူစွာ အဘိဓမ္မပိဋက ၊ ဓမ္မသင်္ဂဏီ ၊ စိတ္တုပ္ပါဒကဏ္ဍနှင့် နိက္ခေပကဏ္ဍတို့၌လည်း-

" ထိုအခါ၌ ငြိမ်သက်မှု 'သမထ' ဟူသည် အဘယ်သဘောဖြစ်သနည်း? ထိုအခါ၌ အကြင်စိတ်၏ တည်မှု ၊ ကောင်းစွာတည်မှု ၊ သက်ဝင်၍တည်မှု ၊ မရွေ့ရှားမှု ၊ မပျံ့လွင့်မှု၊ စိတ်မရွေ့ရှားမှု ၊ ငြိမ်သက်မှု ၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ' ၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်' ၊ ကောင်းစွာတည်ကြည်မှု'သမ္မာသမာဓိ'သည်ရှိ၏။ ထိုအခါ၌ ငြိမ်သက်မှု 'သမထ'ဟူသည် ဤသဘောဖြစ်၏။

ထိုအခါ၌ အထူးထူးရှုမြင်မှု 'ဝိပဿနာ'ဟူသည် အဘယ်သဘောဖြစ်သနည်း ? ထိုအခါ၌ အကြင် အပြားအားဖြင့်သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ အနိစ္စ စသည်ကို စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော သစ္စာလေးပါးတရားတို့ကို

http://www.dhammadownload.com


စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍မှတ်ခြင်းသဘော၊ ရှေ့ရှုကပ်၍ မှတ်ခြင်းသဘော၊ အသိညာဏ်ရှိသူ၏အဖြစ်၊ ကျွမ်းကျင်လိမ္မာသူ၏အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ ဝေဘန်တတ်သူ ထင်ရှားပြတတ် သူ၏အဖြစ်၊ အနိစ္စ စသည်ကို ကြံစည်ခြင်းသဘော၊ နှိုင်းချိန်ခြင်းသဘော၊ ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှင်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍သိမှု၌ ညွှတ်စေတတ်သောသဘော၊ အထူးထူး ရှုမြင်တတ်သောသဘော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော သဘော နှင်တံ တုတ်သပြာနှင့်တူသောသဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့် သိမှုပညိန္ဒြေ၊ မတုန်မလှုပ်အပြားအားဖြင့်သိမှု 'ပညာဗိုလ်'၊ အပြားအားဖြင့် သိမှုအလင်း၊ အပြားအားဖြင့်သိမှု အရောင်၊ အပြားအားဖြင့် သိမှု တန်ဆောင်၊ အပြားအားဖြင့်သိမှု ရတနာ၊ မတွေဝေမှု အမောဟ၊ သစ္စာလေးပါးတရား တို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ထိုအခါ၌ အထူးထူး ရှုမြင်မှု'ဝိပဿနာ'ဟူသည် ဤသဘော ဖြစ်၏"-ဟုဟောတော်မူပါသည်။

ကတမာ တသ္မိံ သမယေ သမထော ဟောတိ ။ ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထော သမာဓိန္ဒြိယံ သမာဓိဗလံ သမ္မာသမာဓိ။ အယံ တသ္မိံသမယေ သမထော ဟောတိ။ ကတမာ တသ္မိံ သမယေ ဝိပဿနာ ဟောတိ ။ ယာ တသ္မိံ သမယေ ပညာ ပဇာနနာ ဝိစယော ပဝိစယော ဓမ္မဝိစယော သလ္လက္ခဏာ ဥပလက္ခဏာ ပစ္စုပလက္ခဏာ ပဏ္ဍိစ္စံ ကောသလ္လံ နေပုညံ ဝေဘဗျာ စိန္တာ ဥပပရိက္ခာ ဘူရီ မေဓာ ပရိဏာယိကာ ဝိပဿနာ သမ္ပဇညံ ပတောဒေါ ပညာ ပညိန္ဒြိယံ ပညာဗလံ ပညာသတ္ထံ ပညာပါသာဒေါ ပညာအာလောကော ပညာဩဘာသော ပညာပဇ္ဇောတော ပညာရတနံ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ။ အယံ တသ္မိံ သမယေ ဝိပဿနာ ဟောတိ ။ (အဘိ၊၁။၂၅၊၂၆၂။)

ဗုဒ္ဓမတ္တညုဖြစ်တော်မူသော အဋ္ဌကထာဆရာများကလည်း သမထ,ဝိပဿနာတို့၏ အဓိပ္ပါယ် သဘာဝတ္ထများကို အောက်ပါအတိုင်း ဖွင့်ဆိုတော်မူကြပါသည် ။

ပစ္စနီကဓမ္မေ သမေတီတိ သမထော ။ အနိစ္စာဒိဝသေန ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ။ (အဘိ၊ဋ္ဌ၊၁။၉၅။)

သမထော စ ဝိပဿနာစာတိ ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတိ ဝိနာသေတီတိ သမထော။ သမာဓိဿေတံ နာမံ။ အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။ ပညာယေတံ နာမံ။ (ပဋိသံ၊ဋ္ဌ၊၁။၁၁၆။)

**(အဓိပ္ပါယ်)** ကာမစ္ဆန္ဒစသော ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ငြိမ်းစေတတ်, ဖျက်ဆီးတတ်သောကြောင့် 'သမထ' မည်၏ ။ ထိုသမထဟူသည် သမာဓိ၏ အမည်ဖြစ်၏။

အနိစ္စတာ အစရှိသည်တို့၏ အစွမ်းဖြင့် အထူးထူးသောအခြင်းအရာတို့ဖြင့် တေဘူမက တရားတို့ကို ရှုတတ်သောကြောင့် ' ဝိပဿနာ 'မည်၏ ။ ထို ဝိပဿနာဟူသည် ပညာ၏ အမည်ဖြစ်၏။

သီလသည်လည်း သမထအား ကျေးဇူးများသည်ဖြစ်၍ သမထသဒ္ဒါဖြင့် သီလကိုလည်း သိမ်းယူအပ်သောကြောင့် မဂ္ဂင်(၈)ပါးတို့တွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ နှစ်ပါးကို ဝိပဿနာ၊ ကြွင်းမဂ္ဂင်တို့ကို

http://www.dhammadownload.com


သမထဟု ယူသော နေရာလည်းရှိ၏။

တနည်းအားဖြင့် ယာနနှစ်ပါးအပေါင်း၏ အစွမ်းဖြင့် ရအပ်သော မဂ်ကို သမထဟူ၍ လည်းကောင်း ဝိပဿနာဟူ၍လည်းကောင်း အာဂမန၏ အစွမ်းဖြင့် ဆိုအပ်၏။

**သမထဝိပဿနာဘေဒတောတိ ဧတ္ထ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပါ ဝိပဿနာ, ဣတရေ သမထာတိ ဝဒန္တိ၊ သီလဉ္စ ဟိ သမထဿ ဥပကာရကတ္တာ သမထဂ္ဂဟဏေန ဂယှတီတိ တေသံ အဓိပ္ပါယော၊ အထ ဝါ ယာနဒွယဿ ဝသေန လဒ္ဓေါ မဂ္ဂေါ သမထော ဝိပဿနာတိ အာဂမနဝသေန ဝုတ္တောတိ ဒဋ္ဌဗ္ဗော။** (ဝိသုဒ္ဓိ၊ဋီ၊၂။၂၂၂။)

သစ်ပင်၏ ပတ်ဝန်းကျင်၌ ရေအုံ့ဖွဲ့ခြင်းကဲ့သို့ သီလကို မှတ်အပ်၏။ ရံဖန်ရံခါ ရေသွန်းလောင်းခြင်းကဲ့သို့ တရားနာခြင်းကို၊ ရေတားဘောင်ကို မြဲမြံစွာ ပြုခြင်းကဲ့သို့ သမထကို၊ အနီး၌ နွယ်စသည်တို့ကို နုတ်ဆောင်ခြင်း ကဲ့သို့ ကမ္မဋ္ဌာန်း၌ ချွတ်ချော်ခြင်း အပြားအားဖြင့် ချွတ်ချော်ခြင်းကို ဖြတ်ခြင်းကို၊ ရံဖန်ရံခါ ပေါက်တူးကို ယူ၍ အမြစ်ကို တူးခြင်းကဲ့သို့ ခုနစ်ပါးကုန်သော အဖန်ဖန်ရှုမြင် တတ်သော ဝိပဿနာဉာဏ်ကို သိမှတ်အပ်၏-ဟု သမ္မာဒိဋ္ဌိ၏ အရဟတ္တဖိုလ်ဟူသော အကျိုးကို ပေးနိုင်ရန် အခြံအရံ အကြောင်းများတွင်လည်း သမထနှင့် ဝိပဿနာတို့ကို ဥပမာဖြင့် နှိုင်းယှဉ်ပြဆို ထားသည်။

**ဝေသမ္ဗဒမိဒံ ဝေဒိတဗ္ဗံ၊ ရုက္ခဿ သမန္တတော ကောဋ္ဌကဗန္ဓနံ ဝိယ ဟိ သီလံ ဒဋ္ဌဗ္ဗံ, ကာလေန ကာလံ ဥဒကသိဉ္စနံ ဝိယ ဓမ္မဿဝနံ, မရိယာဒါယ ထိရဘာဝကရဏံ ဝိယ သမထော, သမီပေ ဝလ္လိအာဒီနံ ဟရဏံ ဝိယ ကမ္မဋ္ဌာနေ ခလနပက္ခလနစ္ဆေဒနံ, ကာလေန ကာလံ ခဏိတ္တိံ ဂဟေတွာ မူလခဏနံ ဝိယ သတ္တန္နံ အနုပဿနာနံ ဘာဝနာ၊ တေဟိ ပဉ္စဟိ ကာရဏေဟိ အနုဂ္ဂဟိတဿ အမ္ဗရုက္ခဿ မဓုရဖလဒါနကာလော ဝိယ ဣမဿ ဘိက္ခုနော ဣမေဟိ ပဉ္စဟိ ဓမ္မေဟိ အနုဂ္ဂဟိတာယ သမ္မာဒိဋ္ဌိယာ အရဟတ္တဖလဒါနံ ဝေဒိတဗ္ဗံ။** ။

(မ၊ဋ္ဌ၊၂။၂၄၆။ -အံ၊ဋီ၊၃။၈။)

သညာဝေဒယိတနိရောဓသမာပတ်၏ ဗဟူပကာရဓမ္မတို့တွင်လည်း သမထနှင့် ဝိပဿနာကို ကွဲ၍ ဟောကြားတော်မူသည်။

**သညာဝေဒယိတနိရောဓသမာပတ္တိယာ ခေါ, ဂဟပတိ, ဒွေ ဓမ္မာ ဗဟူပကာရာ-သမထော စ ဝိပဿနာ စာ”တိ၊ ။** (သံ၊၂။၄၈၄။)

<u>အခြား အဓိပ္ပါယ်တူ ပါဠိတော် အဋ္ဌကထာများ</u>

**ဣမေ ခေါ တေ,ဝစ္ဆ, ဒွေ ဓမ္မာ ဥတ္တရိ ဘာဝိတာ- သမထော စ ဝိပဿနာ စ-အနေကဓာတုပဋိဝေဓာယ သံဝတ္တိဿန္တိ၊ ။** (မ၊၂။၁၆၁။)

**“ဒွေ မေ, ဘိက္ခဝေ, ဓမ္မာ ဝိဇ္ဇာဘာဂိယာ၊ ကတမေ ဒွေ? သမထော စ ဝိပဿနာ စ၊** (အံ၊၁။၆၂။)

**ဘာဝနာနယောတိ ကောစိ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ, ကောစိ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ၊ ကထံ? ဣဓေကစ္စော ပဌမံ ဥပစာရသမာဓိံ ဝါ အပ္ပနာသမာဓိံ ဝါ ဥပ္ပါဒေတိ, အယံ သမထော; သော တဉ္စ တံသမ္ပယုတ္တေ စ ဓမ္မေ အနိစ္စာဒီဟိ ဝိပဿတိ, အယံ ဝိပဿနာ၊ ဣတိ ပဌမံ သမထော, ပစ္ဆာ ဝိပဿနာ၊ တေန ဝုစ္စတိ “သမထပုဗ္ဗင်္ဂမံ**

http://www.dhammadownload.com



**ဝိပဿနံ ဘာဝေတီ"တိ၊ တဿ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ, သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ, တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ, အနုသယာ ဗျန္တီဟောန္တိ, ဝံ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ၊**

**ဣဓ ပနေကစ္စော ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတွာဝ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ, အယံ ဝိပဿနာ၊ တဿ ဝိပဿနာပါရိပူရိယာ တတ္ထ ဇာတာနံ ဓမ္မာနံ ဝေါဿဂ္ဂါရမ္မဏတော ဥပ္ပဇ္ဇတိ စိတ္တဿ ဧကဂ္ဂတာ, အယံ သမထော၊ ဣတိ ပဌမံ ဝိပဿနာ ပစ္ဆာ သမထော၊ တေန ဝုစ္စတိ "ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီ"တိ၊ တဿ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ, သော တံ မဂ္ဂံ အာသေဝတိ၊ပ၊ ဗဟုလီကရောတိ, တဿ တံ မဂ္ဂံ အာသေဝတော၊ပ၊ အနုသယာ ဗျန္တီဟောန္တိ (အ. နိ. ၄.၁၇၀; ပဋိ. မ. ၂.၁), ဝံ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊**

**သမထပုဗ္ဗင်္ဂမံ ပန ဝိပဿနံ ဘာဝယတောပိ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝယတောပိ လောကုတ္တရမဂ္ဂက္ခဏေ သမထဝိပဿနာ ယုဂနဒ္ဓါဝ ဟောန္တိ၊ ဝေမေတ္ထ ဘာဝနာနယော ဝေဒိတဗ္ဗောတိ။**

(မဋ္ဌ၁။၁၁၃။)

**သမထော စ ဝိပဿနာ စာတိ စိတ္တေကဂ္ဂတာ စ သင်္ခါရပရိဂ္ဂဟဝိပဿနာဉာဏဉ္စ၊**

(အံဋ္ဌ၂။၃၃၆။)

ဖေါ်ပြခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ များအရ သမထဘာဝနာ တစ်မျိုးသာရှိသည် မဟုတ်၊ ဘာဝနာတိုင်းဟာ သမထတွေဖြစ်သည် မဟုတ်။ သမထဘာဝနာ,ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိပုံ, ထို သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်ပါးကို ဘုရားရှင် ဟောတော်မူပုံကို ကောင်းစွာ သိရှိနိုင်ပေသည်။

အထက်ဖော်ပြပါ ပါဠိအဋ္ဌကထာတို့ကို ထောက်ဆ၍ ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိသည် မှန်၏။ ယင်းနှစ်မျိုးကို ဘုရားရှင် ဟောတော်မူသောကြောင့် အမှတ်(၂၀) စာေဒနာလွှာပါ "သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ နှစ်မျိုးခွဲကြတယ်။ ဒါ ထူးမှာ မဟုတ်ပါဘူး။ ကိုယ့်ဘာဝနာကို သူများဘာဝနာနှင့် ကွဲချင်လို့ ခွဲခေါ်တာပဲ။" စသော ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်၏ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၂၀) စာေဒနာလွှာပါ "သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ နှစ်မျိုးခွဲကြတယ်။ ဒါ ထူးမှာ မဟုတ်ပါဘူး။ ကိုယ့်ဘာဝနာကို သူများဘာဝနာနှင့် ကွဲချင်လို့ ခွဲခေါ်တာပဲ။" စသော ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြောရေးသားထားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့, အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၂၁)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘုရား၊ စာ- ၁၉၃၊၁၉၄၊၁၉၅-တို့၌ အရှင်ဉာဏဟောပြောရေးသားသော

**(က)" ရှောင်ဖွယ်ဆောင်ဖွယ် မဟုတ်တဲ့ အာရုံမှာ စိတ်ထား၊ ဘုရား ဘာဝနာမဟုတ်**

စိတ်ဟာ အာရုံတစ်ခုမှာ တည်နေရင် မတွေးတတ်ဘူး။ မတွေးတတ်ရင် ရှောင်စရာနဲ့ ဆောင်စရာကို မသိဘူး။ ဒီတော့ ရှောင်နေတာလည်း မဟုတ်ဘူး။ ဆောင်နေတာလည်း မဟုတ်ဘူး။ သီလဟာ ရှောင်စရာကို ရှောင်ပြီး ဆောင်စရာကို ဆောင်နေတဲ့ လုပ်ငန်းဖြစ်တယ်။ ဒါကြောင့် **စိတ်ကို ကြိုက်ရာ အာရုံတစ်ခုမှာ တည်နေအောင်လုပ်တဲ့ ဘာဝနာဟာ သီလနဲ့ မပတ်သက်ဘူး။ သီလဆောက်တည်ပြီး** အိပ်နေတဲ့ သူလိုပဲ ဖြစ်တယ်။ အိပ်နေသူဟာ သီလပျက်နေတာ မဟုတ်သလို သီလပွားနေတာလည်း မဟုတ်ဘူး၊ ကြိုက်ရာအာရုံမှာ စိတ်တည်အောင်ထားပြီးတဲ့ ဘာဝနာလုပ်ငန်းဟာ သီလအတွက် အိပ်နေသူနဲ့ တူတယ်။ ဒါ့ကြောင့် ဒီဘာဝနာဟာ ဘယ်အမျိုးစားဖြစ်ဖြစ် ဘုရားဘာဝနာမဟုတ်ဘူး။ (ဘုရား၊စာ၊၁၉၃)

**(ခ) ဂုဏ်တော်ပွားပုံမှာ ဘုရားဘာဝနာမဟုတ်**

ဘုရားက စိတ်ပျက်နေတဲ့ သာသနာ့ဝန်ထမ်းသူ ရဟန်းတွေကို စိတ်ပျက်လို့ဖြစ်တဲ့ ကြောက်ရွံ့တွန့်ဆုတ်များ မဖြစ်ပွားအောင် နည်းပေးခဲ့တယ်။ အဲဒါက သူ့ကို အောက်မေ့ဖို့ ဒါမှမဟုတ် တရားနဲ့သံဃာကို အောက်မေ့ဖို့ပဲ။ ဒီလိုအောက်မေ့တာကိုလည်း ဒီခေတ်မှာ ဘာဝနာဆိုပြီး အတော်များများ ပွားကြတယ်။ ဒါလည်းဘုရားက ဘာဝနာအဖြစ် ဟောခဲ့တာ မဟုတ်ဘူး။ ဒါ့ကြောင့် ဒါပွားတာလည်း ဘုရားရဲ့ ဘာဝနာပွားတာ မဟုတ်ဘူး။ (ဘုရား၊စာ-၁၉၃-၄)

**(ဂ) မေတ္တာမှန်ပွား ဘုရားဘာဝနာ**

အဲဒါတွေက လူတွေပေါ် စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ စိတ်ရော ကိုယ်ပါ ဖြောင့်ဖြောင့်ဖြူးဖြူး ဆက်ဆံမှု၊ ပြောဆိုလွယ်အောင် နေထိုင်မှု၊ မာန်မထောင်မှု၊ ရောင့်ရဲမှု ဆက်ဆံရေး ဒုပြေပြစ်မှု၊ အေးဆေးမှု၊ နူးနူးညံ့ညံ့နေမှု၊ ပေါ့ပါးမှု၊ ဣန္ဒြေရမှု၊ ရင့်ကျက်မှု၊ မကြမ်းကြုတ်မှု၊ တဏှာမစွဲမှု၊ သာမန်အသိရှိသူတွေကပင် အကဲ့ရဲ့မခံရအောင် နေမှု၊ ဒီဆယ်ငါးမျိုးနဲ့ လူတွေကို ဆက်ဆံတာဟာ မေတ္တာထားတာပဲ။ မေတ္တာဘာဝနာကို ပွားတယ်ဆိုတာ နှုတ်နဲ့ ရွတ်ပွားရမှာ မဟုတ်ဘူး။ စိတ်နဲ့ မှတ်ပွားရမှာလည်း မဟုတ်ဘူး။ ဒီဆယ်ငါးမျိုးထဲက ကျသင့်ရာနဲ့ ပွားရမှာ။

ဒီဆယ်ငါးမျိုးဟာ သီလသဘော သက်ဝင်မှုနဲ့ မကင်းတဲ့အချက်တွေဖြစ်တယ်။ ဒီလိုပွားမှ မေတ္တာဘာဝနာဟာလည်း ဘုရားဟောတဲ့ ဘာဝနာဖြစ်တယ်။ မွန်းနေ ရွတ်နေတာတွေလုပ်ပြီး မေတ္တာပွားရင် ဒါလည်း ဘုရားမဟောတဲ့ ဘာဝနာပဲ ဖြစ်လိမ့်မယ်။ " ဟူသော ( ဘုရား၊ စာ- ၁၉၄/၅ ) ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အစမ္ပဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်ကို အကျဉ်းချုပ်၍ကြည့်လျှင် -

-အာရုံတစ်ခုတည်းမှာ စိတ်တည်အောင်လုပ်တာဟာ ဘုရားဘာဝနာ မဟုတ်၊

-ဘုရားဂုဏ်တော်ပွားများတာဟာ ဘုရားရဲ့ ဘာဝနာ မဟုတ်၊

-မေတ္တာပွားတာဟာ ဘုရားဟောတဲ့ ဘာဝနာ မဟုတ်'ဟူ၍ သုံးမျိုးတွေ့ရပါကြောင်း၊ အထက်ပါ ဟောပြော ရေးသား ချက်များသည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း ပါဠိတော် အဋ္ဌကထာ ဋီကာအကိုးသာကေပြလျက် စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com


## "ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်"

စောဒကဆရာတော်များက အထက်စောဒနာပါ အရှင်ဉာဏ-ဟောပြောရေးသားထားသော စကားရပ်များသည် ပိဋကတ်စာပေများနှင့် မညီသဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် ဟင်ပြ လျှောက်ထားကြသည် ။

ဝိနည်းမိုရ်ဆရာတော်များသည်အမှတ်(၂၁)စောဒနာလွှာပါ အရှင်ဉာဏ-၏ "ရှောင်ဖွယ်ဆောင်ဖွယ် မဟုတ်တဲ့ အာရုံမှာ စိတ်ထား၊ ဘုရား ဘာဝနာမဟုတ်။"စသော ဟောပြောရေးသားချက်နှင့်ပတ်သက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ၏ စံဖြစ်သော ပါဠိတော်,အဋ္ဌကထာတို့နှင့် ညီ/မညီ စိစစ်သုံးသပ် ဝေဘန်ကြမည် ဖြစ်ပေသည်။

## "အရှင်ဉာဏ၏ ဘုရားဘာဝနာအယူအဆ"

ဘုရား၊နှာ၊၁၉၁-၌ "ဘာဝနာဟာ မြန်မာလိုဆိုရင် ပွားများစရာလို့ ရမယ်။ သဒ္ဒါနက်ကတော့ ဖြစ်စေချက်လို့ ရလိမ့်မယ်။ ဖြစ်အောင်လုပ်ယူတာကို ပွားများတယ်လို့ခေါ်တယ်။ ပွားများရမယ့် အရာ တွေဟာ ပွားများစရာပဲပေါ့။ ပွားများစုရာဆိုတော့ ဘာဝနာဟာ တရားဆိုတာ ထိရောက်လိမ့်မယ်။ တရားဟာ ပွားများရမယ့်အရာ ဖြစ်တယ်။ ပွားများတယ်ဆိုတာ တရားတွေကို ပွားလာ များလာအောင် လုပ်တာပဲ။ ဒါကြောင့် ပွားစရာနဲ့ တရားဟာ အတူတူပဲ။ ဒီလောက်ဆိုရင် ဘာဝနာဟာ ဘာပဲလို့ ပေါ်ရောပေါ့။"ဟူသော အရှင်ဉာဏ၏ ဟောပြောရေးသားချက်။

"ဘာဝနာဟာ တရားဓမ္မတိုင်းမှာ ရှိတယ်။ ဒါကို ဘာဝနာလို့ ခေါ်ချင်မှ ခေါ်မယ်။ အခေါ်လည်း အတူတူပဲ။ ဒါပေမယ့် ဘာဝနာချင်းတော့ တူကြမှာ မဟုတ်ဘူး။ ဘာဝနာတိုင်းဟာ စိတ်လုပ်ငန်းတွေချည်း ဖြစ်ကြတယ်။ စိတ်လုပ်ငန်းတွေ ဆိုတာလည်း အမျိုးမျိုးများပေမယ့် စိတ်ကို အာရုံတစ်ခုမှာ ထားတာချည်း အတူတူ ဖြစ်ကြတယ်။"ဟူသော အရှင်ဉာဏ၏ ဟောပြောရေးသားချက်။

ဘုရား၊နှာ၊၁၉၁-၌ အာရုံတစ်ခုတည်းမှာ စိတ်တည်အောင်လုပ်တာဟာ ဘုရားဘာဝနာ "ဘုရားဘာဝနာဟာ သီလလည်းပါတယ်၊ သမာဓိလည်း ပါတယ်။ ပညာလည်း ပါတယ်၊ ဒီသုံးခုကလည်း စ လယ် ဆုံးအဖြစ် သုံးခုပြားပေမဲ့ ဒီသီလထဲမှာပဲ သမာဓိပညာ ဓာတ်တွေ သွင်းထားတယ်။သမာဓိ မှာလည်း သီလဓာတ် ပညာဓာတ်တွေ ဝင်နေတယ်။ ပညာမှာလည်း သီလဓာတ် သမာဓိဓာတ်တွေနဲ့ တည်ဆောက်ထားတာပဲ၊ ဒီသုံးခုကို ခွဲလို့ မရဘူး။ ခွဲရင် ဘုရားဘာဝနာ အဖြစ်က ပျက်တာပဲ။ ဘုရားဘာဝနာဟာ ဒီသုံးခုအပေါင်းရဲ့ အမည်ပဲ"-ဟူသော အရှင်ဉာဏ-၏ ဟောပြောရေးသားချက်။

ဘုရား-နှာ-၁၉၀-၌ " ဘုရားက ဘာဝနာမှာ အပိုင်းသုံးပိုင်း ရှိတယ်လို့ သတ်မှတ်ခဲ့တယ်။ ပထမ အပိုင်းက သီလပဲ၊ ဒုတိယာက သမာဓိ၊ တတိယက ပညာပဲ။ ဘုရားဘာဝနာမှာ ဒီလို သုံးပိုင်း ကွဲပေမယ့် တစ်ခုနဲ့တစ်ခု သီးခြားစီပဲ တည်ရှိတာ မဟုတ်ဘူး။ သုံးခုပေါင်းမှ ဖြစ်နေတဲ့ တစ်ခုကို ဘာဝနာလို့ ခေါ်တာဖြစ်တယ်။"ဟူသော ဟောပြော ရေးသားချက်တို့သည် အရှင်ဉာဏ၏ ဘုရားဘာဝနာ(ဘုရား၏ ဘာဝနာ/ဘုရားဟောတဲ့ ဘာဝနာ) အယူအဆဖြစ်၏။

## "ဗုဒ္ဓအလို ဘာဝနာအယူအဆ"

အယံ ခေါ ဘိက္ခဝေ, စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာ"တိ။ (မ၊၃၊၁၆၀။)

-ဘာဝေတီတိ ဝဍ္ဎေတိ၊ အတ္တနော စိတ္တသန္တာနေ ပုနပ္ပုနံ ဇနေတိ အဘိနိဗ္ဗတ္တေတီတိ အတ္ထော။ (မဋ္ဌ၊၁။၈၈။)

http://www.dhammadownload.com


ယင်းအလို- မိမိ၏ စိတ်အစဉ်၌ ကုသိုလ်စသည်တို့ကို တိုးပွါးစေတတ်, အဖန်ဖန် ဖြစ်စေတတ်သောကြောင့် ဘာဝနာမည်၏။

**ဘာဝနာတိ ဝမ္မနာ ဗြူဟနာ။ ။** (ဒီဋီ၊၃။ ၁၈၃။)

ယင်းအလို- ပွါးများခြင်းသည် ဘာဝနာမည်၏။

လောကိယဘာဝနာ လောကုတ္တရဘာဝနာဟု ဘာဝနာနှစ်မျိုးကို အလိုရှိအပ်၏။

လောကီဖြစ်ကုန်သော သီလသမာဓိပညာတို့ကို ဖြစ်စေခြင်းသည် (ဝါ) လောကီဖြစ်ကုန်သော သီလသမာဓိပညာတို့ဖြင့် စိတ်အစဉ်၌ ထုံခြင်းသည် လောကီဘာဝနာ မည်၏။

လောကုတ္တရာတရားတို့ကို ဖြစ်စေခြင်းသည် (ဝါ) လောကုတ္တရာတရားတို့ဖြင့် စိတ်အစဉ်၌ ထုံခြင်းသည် လောကုတ္တရဘာဝနာ မည်၏။

**ဒွေ ဘာဝနာ အဘိမတာ။** (ဝိသုဒ္ဓိ၊၂။၃၃၂။)

**ဒွေ ဘာဝနာ အဘိမတာတိ ဘာဝနာ ပန လောကိယဘာဝနာ လောကုတ္တရဘာဝနာတိ ဒွေယေဝ အဘိမတာ။ တတ္ထ လောကိယာနံ သီလသမာဓိပညာနံ ဥပ္ပါဒနံ, တာဟိ စ သန္တာနဝါသနံ လောကိယဘာဝနာ၊ လောကုတ္တရာနံ ဥပ္ပါဒနံ, တာဟိ စ သန္တာနဝါသနံ လောကုတ္တရဘာဝနာ၊** ဝိသုဒ္ဓိ။၂။၃၃၇။

ထိုအဖွင့်ဖြင့် ဘာဝနာမည်သည် ဖြစ်စေခြင်းနှင့် စိတ်အစဉ်၌ထုံခြင်းဟု နှစ်မျိုးကို ပြသည်။

**ဘာဝနာ နာမ ဥပ္ပါဒနာ, သန္တာနပရိဘာဝနာ စာတိ တဒုဘယံ ဒဿေန္တော "လောကိယာန"န္တိအာဒိမာဟ။** ဝိသုဒ္ဓိဋီ၊၂။၅၁၁။

"ကာယဝေဒနာစိတ္တဓမ္မေသု ကဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ။ (ဒီ၊ဌ၊၂။၃၃၉။)

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟူသော တရားတို့တွင် တစ်စုံတစ်ခုသော တရားကို မသုံးသပ်မူ၍ ဘာဝနာ မည်သည် မရှိနိုင်" ဟူသော အဋ္ဌကထာစကားအရ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့တွင် တစ်ပါးပါးကို ပွားများမှသာလျှင် ဘာဝနာဖြစ်နိုင်သည်။

**"ယထာပဋိပန္နာ မေ သာဝကာ စတ္တာရော သတိပဋ္ဌာနေ ဘာဝေန္တီ"တိအာဒီသု ဥပ္ပါဒနဝမ္မနဋ္ဌေန ဘာဝနာတိ ဝုစ္စတီတိ တဒုဘယဝသေန အတ္ထံ ဒဿေန္တော "ဘာဝိတောတိ ဥပ္ပါဒိတော ဝမ္မိတော ဝါ"တိ အာဟ။ တတ္ထ ဘာဝံ ဝိဇ္ဇမာနတံ ဂတ္တော ဂတောတိ ဘာဝိတော, ဥပ္ပါဒိတော ပဋိလဒ္ဓမတ္တောတိ အတ္ထော၊ ဥပ္ပန္နော ပန လဒ္ဓါသေဝနော ဘာဝိတော, ပဂုဏဘာဝံ အာပါဒိတော ဝမ္မိတောတိ အတ္ထော၊** (သံဋီ၊၂။၅၅၂။ သာရတ္ထ၊၂။၁၈၂။)

ရအပ်သော အာသေဝနပစ္စည်းရှိသည်ဖြစ်၍ (ကုသိုလ်တရားတို့ကို) ဖြစ်စေအပ် (ဝါ) အဝါးဝစွာ လေ့လာအပ်သည်၏အဖြစ်သို့ ရောက်စေအပ် တိုးပွါးစေအပ်သော တရားသည် ဘာဝနာမည်၏။

http://www.dhammadownload.com



## "အာရုံတစ်ခုတည်းမှာ စိတ်တည်အောင်လုပ်တာဟာ ဘုရားဟောတဲ့ ဘာဝနာ"

ဘာဝနာသည် "ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ သမထော စ ဝိပဿနာ စ"ဟူသော သုတ်ပါထေယျ (၂၂၈)။ ပဋိသမ္ဘိဒါမဂ်(၂၇)ပါဋ္ဌိတော်များအရ သမထဘာဝနာ , ဝိပဿနာဘာဝနာ-ဟု နှစ်မျိုးနှစ်စား ရှိပေသည်။

ထိုတွင် " ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတိ ဝိနာသေတီတိ သမထော၊ သမာဓိဿေတံ နာမံ"။ "အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံ နာမံ"- ဟူသော ပဋိသံ၊၁။၁၁၆-အဖွင့်အရ-

သမထသည် သမာဓိ-၏ အမည်ဖြစ်၍, ဝိပဿနာသည် ပညာ-၏ အမည် ဖြစ်ပါသည်။

ယင်းနှစ်ပါးသည် ပွါးစေအပ်သောကြောင့် ဘာဝနာမည်၏။ (ဘာဝေတဗ္ဗာတိ ဘာဝနာ-ဟုပြု)

## 'သမာဓိမည်ပုံ"

အဘယ့်ကြောင့် သမာဓိမည်သနည်း?-ဟူမူ " သမာဓာနဋ္ဌေန သမာဓိ"ဟူသော အဋ္ဌကထာပါဌ်အရ အာရုံ၌ ကောင်းစွာ တည်တတ်သော သဘောကြောင့် သမာဓိ-ဟုဆိုအပ်ပါသည်။ အဘယ်သို့ ကောင်းစွာ တည်သနည်း?ဟူမူ တစ်ခုတည်းသော အာရုံ၌ စိတ်,စေတသိက်တို့ကို အညီအညွတ် ဖရိုဖရဲ မကွဲမပြား ကောင်းစွာထားခြင်းကို ဆိုလိုပါသည်။

ထို့ကြောင့် အကြင်တရား၏ အစွမ်းအာနုဘော်ဖြင့် တစ်ခုတည်းသော အာရုံ၌ စိတ်,စေတသိက်တို့ အညီ အညွတ် ကောင်းစွာမပျံ့မလွင့် ဖရိုဖရဲမကွဲမပြားမူ၍ ကောင်းစွာတည်ခြင်း အစွမ်းသတ္တိရှိသော တရားသဘောကို သမာဓာန (ဝါ) သမာဓိဟူ၍ မိန့်ဆိုအပ်ပါသည် ။

သမာဓာနဋ္ဌေန သမာဓိ ။ ကိမိဒံ သမာဓာနံ နာမ ။ ဧကာရမ္မဏေ စိတ္တ-စေတသိကာနံ သမံ သမ္မာ စ အာဓာနံ၊ ဌပနန္တိ ဝုတ္တံ ဟောတိ ။ တသ္မာ ယဿ ဓမ္မဿာ-နုဘာဝေန ဧကာရမ္မဏေ စိတ္တစေတသိကာ သမံ သမ္မာ စ အဝိက္ခိပမာနာ အဝိပ္ပကိဏ္ဏာ စ ဟုတွာ တိဋ္ဌန္တိ ၊ ဣဒံ သမာဓာနန္တိ ဝေဒိတဗ္ဗံ ။ (ဝိသုဒ္ဓိ၊၁။၈၁။)

ထိုသမာဓိသည် ကာယဂတာသတိစသော ကမ္မဋ္ဌာန်း(၄၀)တို့တွင် တစ်ခုခုသော ကမ္မဋ္ဌာန်းကို ပွားများရ၏။ ထိုသို့ ပွားများခြင်းသည် သမထဘာဝနာ ဖြစ်ပါသည်။

## "သမထဝိပဿနာ ဘာဝနာ"

သမထသည်လည်းကောင်း၊ ဝိပဿနာသည်လည်းကောင်း ဘာဝေတဗ္ဗာတိ ဘာဝနာ= ပွါးများအပ် ဖြစ်စေအပ်သောကြောင့် ဘာဝနာမည်ပါသည်။

ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ သမထော စ ဝိပဿနာ စ။ (ဒီ၊၃၊၃။၂၂၈။)

http://www.dhammadownload.com


ထို သမထ,ဝိပဿနာနှစ်ပါးလုံးကိုပင် ကာမစ္ဆန္ဒနီဝရဏစသော ကိလေသာတို့ကို ငြိမ်းစေခြင်း အထူးထူး အပြားပြားသော အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ ဟူသော အခြင်းအရာအားဖြင့် ရှုမြင်နိုင်ခြင်း-စသော အကျိုးများဖြစ်ပေါ်နိုင်ရကား တိုးပွါးစေတတ် , မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် တစ်ကြိမ်ဖြစ်ပြီးနောက် အထပ်ထပ် ဖြစ်စေတတ်သောကြောင့် **"ဘာဝေတိ ဝဍ္ဎေတိ၊ အတ္တနော စိတ္တသန္တာနေ ပုနပ္ပုနံ ဇနေတိ အဘိနိဗ္ဗတ္တေတီတိ ဘာဝနာ"**ဟူသော ဝစနတ္ထနှင့် အညီ "ဘာဝနာ"ဟု ခေါ်ဆိုရပါသည် ။

-ဘာဝေတီတိ ဝဍ္ဎေတိ၊ အတ္တနော စိတ္တသန္တာနေ ပုနပ္ပုနံ ဇနေတိ **အဘိနိဗ္ဗတ္တေတီတိ အတ္ထော**။
(မ၄၊၁။၈၈။)

အထက်ဖော်ပြပါ ဖွင့်ဆိုချက်များအရ အာရုံတစ်ခုတည်း၌ စိတ်,စေတသိက်တို့ကို တည်အောင်ထားခြင်း မိမိသန္တာန်၌ အထပ်ထပ်တိုးပွါးအောင် အားထုတ်ခြင်းသည် "ဘာဝနာ" **(ဘုရားဟောတဲ့ ဘာဝနာ)** ဖြစ်ပါသည်။

## "သီလနှင့်ဘာဝနာ"

**-သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။**
**-သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။**
**-ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။** (ဒီ၊၂။၇၇)

သီလဖြင့်ထုံမွမ်းထားအပ်သော သမာဓိသည် **ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိ၏။ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အာနိသင်ရှိ၏။**

**သမာဓိဖြင့် ထုံမွမ်းထားအပ်သော ပညာသည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိ၏။ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အာနိသင်ရှိ၏။**

ပညာဖြင့်ထုံမွမ်းထားအပ်သော စိတ်သည် ကောင်းစွာသာလျှင် အာသဝေါ တရားတို့မှ လွတ်မြောက်၏-ဟူသော မိန့်ဆိုချက်အရ အာသဝေါတရား တို့မှ လွတ်မြောက်လျှင် သံသရာဝဋ် ဆင်းရဲ ဒုက္ခမှလည်း လွတ်မြောက်တော့မည်သာ ဖြစ်သည် ။

ထိုသို့ သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်စေရေးအတွက်-

(၁) သီလဖြင့် ထုံမွမ်းထားအပ်သော သမာဓိကို ရအောင် ထူထောင်ရမည် ။
(၂) သမာဓိဖြင့် ထုံမွမ်းထားအပ်သော ပညာကို ရအောင် ပွါးများရမည် ။

သို့မှသာလျှင် ပညာဖြင့်ထုံမွမ်းထားအပ်သော စိတ်သည် အာသဝေါတရားတို့မှ ကောင်းစွာ လွတ်မြောက်မည်ဖြစ်သည်။ ထို့ကြောင့် ဘာဝနာတရားများ အားထုတ်ရာ၌ သီလသည် အခြေခံဖြစ်၍ အရေးကြီးကြောင်း, ဘာဝနာသည် သီလနှင့် ပတ်သက်နေကြောင်းကိုလည်း သိရှိနိုင်ပေသည်။

အထက်ပါ ပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ စကားရပ်တို့ကို ထောက်ဆ၍ အာရုံတစ်ခုတည်းမှာ စိတ်တည်အောင်လုပ်ခြင်းသည် **ဘုရားဘာဝနာ၊ ဘုရားဟောသော ဘာဝနာ** ဖြစ်သည်ဟု သိရှိနိုင်ပေသည်။

http://www.dhammadownload.com



## ဗုဒ္ဓါနုဿတိနှင့် မေတ္တာတို့၏ ဘာဝနာ အမည်ပြင် တိုက်ရိုက်အသုံး

**ဗုဒ္ဓါနုဿတိ မရဏာ၊ ဘုဘာ မေတ္တာ စ ဘာဝနာ၊**
**အပ္ပမာဒါယ အာရက္ခာ၊ စတဿော မာနိတာ သတံ၊**
**၁. ဗုဒ္ဓါနုဿတိ ဘာဝနာ, ၂. မရဏာဿတိ ဘာဝနာ,**
**၃. အသုဘ ဘာဝနာ, ၄. မေတ္တာ ဘာဝနာ** (စတုရာရက္ခဒီပနီ။၁၃၇။)

**"သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊**
**ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော" တိ၊**

**တတ္ထ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တီတိ ဗုဒ္ဓဂတံ သတိံ ဂဟေတွာ သုပန္တာ, ဂဟေတွာယေဝ စ ပဗုဇ္ဈန္တာ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ နာမ၊ သဒါ ဂေါတမသာဝကာတိ ဂေါတမဂေါတ္တဿ ဗုဒ္ဓဿ သဝနန္တေ ဇာတတ္တာ တဿေဝ အနုသာသနိယာ သဝနတာယ ဂေါတမသာဝကာ၊**

**ဗုဒ္ဓဂတာ သတီတိ ယေသံ "ဣတိပိ သော ဘဂဝါ"တိအာဒိပ္ပဘေဒေ ဗုဒ္ဓဂုဏေ အာရဗ္ဘ ဥပ္ပဇ္ဇမာနာ သတိ နိစ္စကာလံ အတ္ထိ, တေ သဒါပိ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တီတိ အတ္ထော၊ တထာ အသက္ကောန္တာ ပန ကေဒိဝသံ တီသု ကာလေသု ဒွီသု ကာလေသု ကေသွိဉ္စိ ကာလေ ဗုဒ္ဓါနုဿတိံ မနသိ ကရောန္တာ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိယေဝ နာမ၊ ပ ၊**

**ဘာဝနာယာတိ မေတ္တာဘာဝနာယ၊ ကိဉ္စာပိ ဟေဋ္ဌာ ကရုဏာဘာဝနာယ ဝုတ္တတ္တာ ဣဓ သဗ္ဗာပိ အဝသေသာ ဘာဝနာ နာမ, ဣဓ ပန မေတ္တာဘာဝနာဝ အဓိပ္ပေတာ၊ သေသံ ပုဗ္ဗဂါထာယ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ၊,** (ဓမ္မ၊၄၊၂။၂၈၇။)

အံ၊ ၄၊ ၃၊ ၂၆၆ -၌ -"ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတောတိ ဝုတ္တံ။ "ဝေနေယျတို့၏ အလို၏အစွမ်းဖြင့် မေတ္တာဘာဝနာကို ထည့်၍ နဝင်္ဂသမန္နာဂတောဟူ၍ ဆိုအပ်၏" ဟု မေတ္တာကို ဘာဝနာဟု တိုက်ရိုက် ဖွင့်ဆိုထားသည်။

ဤသို့ ဗုဒ္ဓါနုဿတိကိုလည်းကောင်း၊ မေတ္တာပွါးခြင်းကိုလည်းကောင်း ဘာဝနာဟူသော အမည် ဝိသေသဖြင့် တိုက်ရိုက်သုံးထားပါသည်။

## "ဘုရားဂုဏ်တော်ပွားများတာဟာ ဘုရားဟောတဲ့ ဘာဝနာ"

ဘုရားရှင်သည် အင်္ဂုတ္တိုရ်၊ဆက္ကနိပါတ်၊အနုဿတိဋ္ဌာနသုတ်၌" ဆယိမာနိ ဘိက္ခဝေ အနုဿတိဋ္ဌာနာနိ။ ကတမာနိ ဆ? ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ။ (အံ-၂၊၂၅၁)ဟူ၍ မျက်မှောက်ဘဝ တမလွန်ဘဝ၌ဖြစ်သော စီးပွါး ချမ်းသာစသည်တို့၏ အကြောင်းဖြစ်သော အဖန်ဖန်အထပ်ထပ် အောက်မေ့ အမှတ်ရခြင်း အနုဿတိ (၆) ပါးကို ဟောတော်မူရာ၌ "ဗုဒ္ဓါနုဿတိ"ကို ရှေးဦးစွာ ဟောတော်မူပါသည် ။

http://www.dhammadownload.com



ဘုရားရှင်သည် သက္ကတိုင်း ၊ကပိလဝတ်မြို့တော်၏အနီး နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာနာမ် သာကီဝင်မင်းသားက "အရိယသာဝကသည် အဘယ်မည်သော မှီခိုနေထိုင်ရာ တရားဖြင့်များစွာ နေထိုင်သင့် ပါသနည်း"ဟူသော မေးလျှောက်ချက်အရ -

"မဟာနာမ် ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရား၏ အရဟံ-စသော ဂုဏ်တော်ကို ဆင်ခြင် အောက်မေ့၍ နေ၏။ဘုရားဂုဏ်တော်ကို ဆင်ခြင်အောက်မေ့နေရာ ထိုအခါ၌ ထိုအရိယသာဝကမှာ ရာဂထကြွ သောင်းကျန်းသော, ဒေါသ ထကြွသောင်းကျန်းသော , မောဟထကြွသောင်းကျန်းသော စိတ်သည်မဖြစ်၊ ထိုအခါ၌ ထိုအရိယသာဝက၏ စိတ်သည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ဖြောင့်တန်းစွာသွား၏။ ဖြောင့်တန်းစွာ သွားသောစိတ်ရှိသော အရိယသာဝကသည် အနက်အဓိပ္ပါယ်သဘောကို မှီ၍ဖြစ်သော နှစ်သက် ဝမ်းမြောက်မှု, ပါဠိကိုမှီ၍ ဖြစ်သော နှစ်သက်ဝမ်းမြောက်မှု, ပါဠိနှင့် အနက်အဓိပ္ပါယ်ဟူသော တရားနှင့် ဆက်စပ်သော ရွှင်လန်းဝမ်းမြောက်မှုကို ရ၏။

ရွှင်လန်းဝမ်းမြောက်သောသူမှာ နှစ်သက်မှု ပီတိသည်ဖြစ်၏။ ပီတိဖြင့် ရွှင်လန်းနှစ်သက်သော စိတ်ရှိသော သူ၏ကိုယ်သည် အပူငြိမ်း၏ ၊ အပူငြိမ်းသော ကိုယ်ရှိသော သူသည်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကို ခံစားရ၏ ။ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာရှိသူသည် စိတ်ကို အာရုံ၌ကောင်းစွာထားနိုင်၏။

မဟာနာမ် ဤအရိယာတပည့်ကို ရာဂ,ဒေါသ,မောဟ တို့ဖြင့် မငြိမ်မသက် ဖြစ်နေသောသတ္တဝါအပေါင်း၌ ငြိမ်သက်ခြင်းသို့ ရောက်လျက်နေသူ, ဒုက္ခနှင့်တကွဖြစ်သော သတ္တဝါအပေါင်း၌ ဒုက္ခမရှိပဲ နေသူ, ဝိပဿနာတရားအယဉ်သို့ ကောင်းစွာရောက်လျက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ဖြစ်ပွါးစေ၍ နေသူ ဟူ၍ ဆိုအပ်၏-"ဟု ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများပုံနှင့်ပွါးများသဖြင့် ရရှိမည့်အကျိုးတရားတို့ကို ဟောတော်မူပါသည်။ (အင်္ဂုတ္တိုရ်၊ ဆက္ကနိပါတ်၊ မဟာနာမသုတ်၊၂၅၁၊၂၅၂)

ထိုနည်းတူစွာ သုဘူတိထေရအပဒါန်၌လည်း-

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ ၊ ဘာဝနာနမနုတ္တရံ ။

ဣမံ သတိံ ဘာဝယိတွာ ၊ ပူရယိဿသိ မာနသံ။ (ထေရ၄၁၊၁၊၂၅။အပ၊၁၊၇၆။)

ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးလော့၊ ဤအမြတ်ဆုံးဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများခြင်းကြောင့် စိတ်အကြံအစည် အလိုရှိတိုင်း ပြည့်စုံလတ္တံ့ -ဟုဟောတော်မူပါသည်။

ဝိသုဒ္ဓိမဂ်၌ ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများပုံကို အောက်ပါအတိုင်း မိန့်ဆိုထားပါသည် ။

ဗုဒ္ဓါနုဿတိံ တာဝ ဘာဝေတုကာမေန အဝေစ္စပ္ပသာဒသမန္နာဂတေန ယောဂိနာ ပတိရူပသေနာသနေ ရဟောဂတေန ပဋိသလ္လီနေန"ဣတိပိ သော ဘဂဝါ အရဟံ-ပ- ဘဂဝါ"တိ ဧဝံ ဗုဒ္ဓဿ ဘဂဝတော ဂုဏာ အနုဿရိတဗ္ဗာ။ (ဝိသုဒ္ဓိ-၁၊၁၉၁)

ဗုဒ္ဓါနုဿတိကို ပွါးစေခြင်းငှါ အလိုရှိသော မတုန်မလှုပ်သက်ဝင်၍ ကြည်လင်သောသဒ္ဓါတရားနှင့်ပြည့်စုံသော ယောဂီသည် သင့်လျော်သောကျောင်း၌ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ ပြင်ပအာရုံတို့မှ ဖဲခွါလျက် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာကပ်ငြိဝင်စားသည် ဖြစ်၍

http://www.dhammadownload.com



"ကြ္တိပိ သော ဘဂဝါ အရဟံ။ပ။ဘဂဝါ"ဟူသော ဤပါဠိ၌လာသောနည်းဖြင့် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏။

အင်္ဂုတ္တရအဋ္ဌကထာ ,တတိယအုပ် (နှာ-၈၉)၌

"ဗုဒ္ဓါနုဿတိ ဘာဝေတီတိ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာနံ ဗြူဟေတိ ဝဍ္ဎေတိ"

ဗုဒ္ဓါနုဿတိ ဘာဝေတိ-ဟူသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွါးများခြင်းပင်တည်းဟု ဖွင့်ဆိုတော်မူပါသည် ။

အထက်ပါ ပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ စကားရပ်တို့ကို ထောက်ဆ၍ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ခြင်း, ပွါးများခြင်းသည် **ဘုရားဘာဝနာ=ဘုရားဟောသော ဘာဝနာ ဖြစ်သည်ဟု သိရှိနိုင်ပေသည်။**

## "မေတ္တာပွားတာဟာ ဘုရားဟောတဲ့ ဘာဝနာ"

မေတ္တာ-ဟူသည် "မေဇ္ဇတီတိ မေတ္တာ ၊သိနိယှတီတိ အတ္ထော ။ မိတ္တေ ဝါ ဘဝါ, မိတ္တဿ ဝါ ဧသာ ပဝတ္တီတိပိ မေတ္တာ" (အဘိ၊ဋ္ဌ၊၁။၂၃၇)အရ သတ္တဝါတို့ အပေါ်၌ ဗျာပါဒ (ဒေါသ)ဖြစ်ခြင်းဟူသော အစေးမစပ် **ခြောက်ကပ်ကပ်သဘော၏ ဆန့်ကျင်ဘက်ဖြစ်၍ ဉာဏ်ရှေ့သွားရှိသော သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားသော အခြင်းအရာအားဖြင့် ဖြစ်သော သဘောဖြစ်ပါသည် ။**

သတ္တေသု ဗျာပဇ္ဇနဝသေန လူခဘာဝဿ ပဋိပက္ခဘူတံ ဉာဏပုဗ္ဗင်္ဂမံ ဟိတာကာရပဝတ္တိဝသေန သိနေဟနံ ဒဋ္ဌဗ္ဗံ ၊ န တဏှာယနဝသေန ။

(ဝိသုဒ္ဓိမဟာဋီကာ-၁၊၃၇၈)

(တစ်နည်း)အကျိုးစီးပွါး၌ လိုလားသော မိတ်ဆွေဟု ခေါ်အပ်သော ခန္ဓာအစဉ်၌ ဖြစ်သော တရား, (တစ်နည်း) မိတ်ဆွေကို အာရုံပြု၍ဖြစ်သောကြောင့် မိတ်ဆွေအပေါ်၌ အာရုံပြု၍ဖြစ်သော တရား (တစ်နည်း)ချစ်တတ်သောသူ၏ ချစ်ခြင်း၏အစွမ်းဖြင့်ဖြစ်သော တရား(အဒေါသ)သည် မေတ္တာမည်ပါသည်။

မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွါးကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း(ဝါ) အကျိုးစီးပွါး ဟူသော အဖို့အစုကို ဖြစ်စေခြင်း လက္ခဏာရှိပါသည် ။

ဟိတဇ္ဈာသယော ခန္ဓပ္ပဗန္ဓော ၊ တပ္ပရိယာပန္နတာယ မိတ္တေ ဘဝါ, မိတ္တေဝါ အာရမ္မဏဘူတေ ပိယေ ပုဂ္ဂလေ ဘဝါ, မိတ္တဿ ဧသာ ပဝတ္တိ မေဇ္ဇနဝသေန ဝါတိ ဝေဒိတဗ္ဗော။

(ဝိသုဒ္ဓိဋီ၊၁။၃၇၈။)

- ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာ ။ (ဝိသုဒ္ဓိ၊၁။၃၁၁။)

ထို မေတ္တာတရားပွါးများမှုနှင့်ပတ်သက်၍ ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်၌"ရဟန်းတို့ လက်ဖျစ် တစ်တွက် ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သောစိတ်ကို အကယ်၍ နှလုံးသွင်းအံ့, ပွါးများငြားအံ့ ၊ ရဟန်းတို့ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်းမရှိမူ၍နေသူ, မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍ နေသူ, တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏။ ထို မေတ္တာနှင့်ယှဉ်သောစိတ်ကို အဖန်ဖန် အလေ့အလာပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း "-ဟု မိန့်ဆိုတော်မူပါသည်။

http://www.dhammadownload.com


အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ။ (အံ၊၁။ ၉။)

## မေတ္တာအကျိုး(၁၁)မျိုး

ထို့ပြင် မေတ္တာပွါးသဖြင့် ရရှိမည့်အကျိုးတရားတို့ကိုလည်း အောက်ပါအတိုင်း ဟောတော် မူပါသည်။

"ရဟန်းတို့ သတ္တဝါအားလုံးတို့ အပေါ်ဝယ် ဖြန့်ကြက်၍ ရှိသေသဖြင့် မှိုဝဲအပ်သော ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သော , ကပြီးသောယာဉ်ကဲ့သို့ ပြုအပ်ပြီးသော, တည်ရာ ဝတ္ထုကဲ့သို့ ပြုအပ်ပြီးသော, စွဲစွဲမြဲမြဲ ခိုင်ခိုင် ခံ့ခံ့တည်တံ့အောင် ဆောက်တည်ထားအပ်သော, ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်အပ်ပြီးသော, ဒေါသစသော ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းဖြစ်သော မေတ္တာ စေတောဝိမုတ္တိ၏ (၁၁)ပါးသော အကျိုးတရားတို့ကို မချွတ်ကေန်ရလိမ့်မည်ဟု မျှော်လင့်အပ်ကုန်၏" ။

အဘယ်(၁၁)ပါးတို့နည်း ၊ဟူမူ -

၁။ ချမ်းသာစွာအိပ်ရ၏ ။

၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရ၏ ။

၃။ မကောင်းသောအိပ်မက်ဆိုးကို မမြင်မက်ရ ။

၄။ လူတို့၏ ချစ်ခင်မြတ်နိုးမှုကို ခံယူရ၏ ။

၅။ နတ်တို့၏ ချစ်ခင်မြတ်နိုးမှုကို ခံယူရ၏ ။

၆။ နတ်တို့သည် ရင်ဝယ်သားကဲ့သို့ သနားစောင့်ရှောက်ကုန်၏ ။

၇။ ထိုမေတ္တာပွါးသောသူအား မီးသည်လည်းကောင်း , အဆိပ်သည်လည်းကောင်း, လက်နက်သည်လည်းကောင်း မရောက်မကပ် ။

၈။ မေတ္တာပွါးသောသူ၏ စိတ်သည် လျင်မြန်စွာ တည်ကြည်၏ ။

၉။ မျက်နှာအဆင်းသည် ကြည်လင်၏ ။

၁၀။ မတွေဝေသေည်ဖြစ်၍ စုတေရ၏ ။

၁၁။ ဗြဟ္မာ့ပြည်သို့ လားရ၏ ။

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယာ ပရိစိတာယ သုသမာရဒ္ဓါယ ကောဒသာနိသံသာ ပါဋိကင်္ခါ ။ (အံ-၃၊၅၄၂)

ဖော်ပြပါ မဟာဝဂ္ဂသံယုတ်ပါဠိတော်,ဥဒါနပါဠိတော်စသည်တို့၌လည်း မေတ္တာပွါးများရန် ဟောတော်မူသည်ကို တွေ့မြင်ရပါသည် ။

-မေတ္တာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟတော ဖာသုဝိဟာရာယ သံဝတ္တတိ။ (သံ၊၁။၁၁၅။)

-မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ ။ (ဥဒါန-၁၂၀)

http://www.dhammadownload.com



## "မေတ္တာသည် မဆုတ်ယုတ်ကြောင်းတရား"

သုတ်မဟာဝါပါဠိတော် ၊ မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင်က ရဟန်းတော်တို့အား အပရိဟာနိယတရား ခြောက်ပါးတို့ကို မိန့်တော်မူရာတွင် -

"ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖေါ်တို့အား မေတ္တာ(စိတ်)ဖြင့် ပြုအပ်သော ကိုယ်အမူအရာကို, မေတ္တာ(စိတ်)ဖြင့် ပြုအပ်သော နှုတ်အမူအရာကို,မေတ္တာ(စိတ်)ဖြင့် ပြုသောစိတ်အမူအရာကို မျက်မှောက် မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှုထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏ ၊ ဆုတ်ယုတ်ရန်ကား မရှိပေ"-ဟု ဟောမိန့်တော်မူ၏ ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ မေတ္တံ ကာယကမ္မံ ပစ္စုပဋ္ဌ ၁ပေဿန္တိ။ ပ ။မေတ္တံ ဝစီကမ္မံ ပစ္စုပဋ္ဌာပေဿန္တိ။ ။ပ။မေတ္တံ မနောကမ္မံ ပစ္စုပဋ္ဌာပေဿန္တိ သဗြဟ္မစာရီသု အာဝိစေဝ ရဟော စ ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူ ပါဋိကင်္ခါ ၊ နော ပရိဟာနိ ။( ဒီ-၂၆၈။ပဏ်-၁၃၉၆)

## မေတ္တာ၏ ကာယကံ , ဝစီကံ , မနောကံ ဖြစ်ပုံ

ပရိနိဗ္ဗာနသုတ်တော်၌ ကာယကံ,ဝစီကံ,မနောကံ မေတ္တာကို ရဟန်းတို့၏ အစွမ်းဖြင့် (ဝါ) ရဟန်းတော်တို့နှင့် စပ်သဖြင့် ဟောတော်မူသော်လည်း လူပုဂ္ဂိုလ်တို့၌လည်း ရအပ်ပါသည် ။ ထို့ကြောင့် အဋ္ဌကထာဆရာက မေတ္တာ ကာယကံ, ဝစီကံ,မနောကံဖြစ်ပုံကို ရဟန်းနှင့်လူ ခွဲခြား၍ အောက်ပါ အတိုင်း ဖွင့်ဆိုတော်မူပါသည် ။

ရဟန်းတို့၏ မေတ္တာစိတ်ဖြင့် အာဘိသမာစာရိကအကျင့်ကို ပြည့်စေခြင်းသည် မေတ္တာကာယကံ ဖြစ်ပါသည်။ လူတို့၏ စေတီကို ရှိခိုးခြင်းငှါ, ဗောဓိပင်ကို ရှိခိုးခြင်းငှါ , သံဃာကိုပင့်ဖိတ်ခြင်းငှါသွားခြင်း, ရွာသို့ ဆွမ်းခံဝင် လာသော ရဟန်းကို မြင်၍ ခရီးဦးကြိုဆိုခြင်း,သပိတ်ကို လှမ်းယူခြင်း, နေရာခင်း ပေးခြင်း,လိုက်ပို့ခြင်း-အစရှိသော အမှုကို ပြုခြင်းသည် မေတ္တာကာယကံဖြစ်ပါသည် ။

ရဟန်းတို့၏ မေတ္တာစိတ်ဖြင့် အာစာရပညတ္တိသိက္ခာပုဒ်ကို အပြားအားဖြင့် သိစေခြင်း, ကမ္မဋ္ဌာန်းကို ဟောပြောခြင်း, တရားဟောခြင်း ,ပိဋကတ်သုံးပုံဟုဆိုအပ်သော ဘုရားစကားတော်သည် မေတ္တာဝစီကံ ဖြစ်ပါသည်။

လူတို့၏ စေတီကိုရှိခိုးခြင်းငှါ ,ဗောဓိပင်ကို ရှိခိုးခြင်းငှါ သွားကုန်စို့ ၊ တရားနာကုန်စို့၊ ဆီမီး ပန်းကုံး ပန်းပူဇော်ခြင်းကို ပြုကုန်စို့၊ သုစရိုက်သုံးပါးတို့ကို ကျင့်ကြကုန်စို့-စသည်ဖြင့် ဖြစ်သော ဆန္ဒရှိကုန်သည် ဖြစ်သော အားတက်သရော ရှိကုန်သည်ဖြစ်၍ ဝေယျာဝစ္စကို ပြုကြကုန်လော့-အစရှိသော စကားကို ပြောဆိုရာအခါ၌ မေတ္တာဝစီကံဖြစ်ပါသည်။

ရဟန်းတို့၏ နံနက်စောစောထ၍ ကိုယ်လက်ကိုသုတ်သင်ခြင်း, စေတိယင်္ဂဏဝတ် အစရှိသည် တို့ကို ပြုပြီး၍၊ ဆိတ်ငြိမ်သောနေရာ၌ ထိုင်ပြီး "ဣမသ္မိံ ဝိဟာရေ ဘိက္ခူ သုခီ ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု"ဟု ကြံစည်ခြင်းသည် မေတ္တာမနောကံဖြစ်ပါသည်။လူတို့၏"အယျာ သုခီ ဟောန္တု အဝေရာ ဟောန္တု ၊ အဗျာပဇ္ဈာ ဟောန္တု" ဟုကြံစည်ခြင်းသည် မေတ္တာ မနောကံ ဖြစ်ပါသည်။

(ဒီ-၂၄၅၁၁၂၀/၁၂၂)

http://www.dhammadownload.com


အထက်ပါ ပြဆိုခဲ့ပြီးသော ပါဠိတော်,အဋ္ဌကထာစကားရပ်တို့ကို ထောက်ဆပါက မေတ္တာ ဘာဝနာ ပွါးများခြင်းသည် ဘုရားဘာဝနာ-ဘုရားဟောသော ဘာဝနာဖြစ်သည်ဟု သိရှိနိုင်ပေသည်။

ထိုသို့ပွါးရာ၌ ကိုယ်,နှုတ်,စိတ် သုံးပါးလုံးဖြင့် ပွါးနိုင်သည်၏ အဖြစ်ကိုလည်း ကောင်းစွာ သိရှိနိုင်ပါသည် ။

လူတွေပေါ် စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ စိတ်ရောဂါကိုပါ ဖြောင့်ဖြောင့်ဖြူးဖြူး ဆက်ဆံမှု ပြောဆိုလွယ်အောင် နေထိုင်မှု၊ မာန်မထောင်မှု၊ ရောင့်ရဲမှု ဆက်ဆံရေး ပြေပြစ်မှု အေးဆေးမှု နူးနူးညွှဲ့ညွှဲ့နေမှု ပေါ့ပါးမှု၊ ကြွေ့ရှမှု၊ ရင့်ကျက်မှု၊ မကြမ်းကြုတ်မှု၊ တဏှာမစွဲမှု၊ သာမန်အသိရှိသူတွေကပင် အကဲ့ရဲ့ မခံရအောင် နေမှု၊ ဒီဆယ်ငါးမျိုးနဲ့ လူတွေကို ဆက်ဆံတာဟာ မေတ္တာထားတာပဲဟု အရှင်ဉာဏက ဆိုထားသည်။ မေတ္တာဟူသည် အဒေါသစေတသိက်သာ ဖြစ်ပါ၏။ အရှင်ဉာဏ ပြောသော ဆယ်ငါးမျိုး ဟူသည် မေတ္တာ မဟုတ်။ အရှင်ဉာဏပြောသော ဆယ်ငါးမျိုးဟူသည် မေတ္တာဟူသော အကြောင်းကြောင့် ပေါ်ပေါက်လာသော မေတ္တာ၏ တန်ဖိုးမပြတ်နိုင်သော အကျိုးဆက် ပုံရိပ်များသာ ဖြစ်ကြသည်။

**အဒေါသောယေဝ ဟိ သတ္တေသု ဟိတဇ္ဈာသယဝသပ္ပဝတ္တော မေတ္တာ နာမ၊**
**အဘိဓမ္မတ္ထဝိဘာဝိနီ၊ ၁၁၂။**

## ပေါင်းရုံးသုံးသပ်ချက်

အာရုံတစ်ခုတည်းမှာ စိတ်ကို တည်အောင်လုပ်တာလည်း ဘုရားဘာဝနာဖြစ်သည်။

ဘုရားဂုဏ်တော်ကို အဖန်ဖန်ပွားတာတည်း ဘုရားဘာဝနာဖြစ်သည်။

မေတ္တာပွားတာလည်း ဘုရားဘာဝနာဖြစ်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂၁) စောဒနာလွှာပါ ဘုရား၊ စာ-၁၉၃၊၁၉၄၊၁၉၅-တို့၌ အရှင်ဉာဏဟောပြောရေးသားသော

(က)" ရှောင်ဖွယ်ဆောင်ဖွယ် မဟုတ်တဲ့ အာရုံမှာ စိတ်ထား၊ ဘုရား ဘာဝနာမဟုတ် အစရှိကုန်သော အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြောရေးသား ထားချက်များကို 'အဓမ္မဝါဒများ ဖြစ်ကြသည်'ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၂၂)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘုရား၊ ၃၃၊၃၄၊၃၅-တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-
" ဒုက္ခသမုဒယသစ္စာမှာ အသိလွဲပုံ ဆင်ခြင်"

" ဆင်းရဲမသိရင် ဆင်းရဲဖြစ်ကြောင်း ဘယ်သိတော့မလဲပေါ့။ ဒီတော့ ဆင်းရဲအရကို လာဘ၊ သက္ကာရ၊ သိလောကတွေကို ရချင်တာပဲ ဖြစ်တယ်လို့ ကောက်တော့တာပေါ့။ ရချင်ခြင်းကြောင့်သာ မရတာဟာ ဆင်းရဲဖြစ်တယ်လို့ ဆိုတာဘဲ။

ဒါကြောင့် လောကဟာ လာဘစတာတွေ ရချင်တာဟာ ဆင်းရဲကြောင်း ဖြစ်တယ်လို့ သတ်မှတ်ပြီး ဆင်းရဲ မဖြစ်အောင် ဆင်းရဲကြောင်းကို ပယ်မှပဲလို့ လာဘစတာတွေ ရချင်တာကို ပယ်ဖို့ကြိုးစားကြတယ်။ ပယ်တော့ လိုချင်တာတောင် မရတာဆိုတော့ မလိုချင်တော့ ပိုပြီး မရတာဖြစ်ပြီး မရတော့ ပိုဆင်းရဲတော့တာပေါ့။ " ( ဘုရား၊ ၃၃/ ၃၄ )

လာဘစတာတွေ လိုချင်တာကို ပယ်ရင် မရတာပဲ **အဖက်တင်မှာပဲ**။ မရတာဟာ ဆင်းရဲပဲ ဆိုတာတော့ မလိုချင်တာကပဲ ဆင်းရဲရဲ့ **အကြောင်းလို ဖြစ်နေတော့တာပေါ့**။ လိုချင်မှု မဖြစ်ရင် ရဖို့ဆိုတာ ဘယ်မှာ ဖြစ်တော့မှာလဲ။ လာဘ၊ သက္ကာရ၊ သိလောကတွေဟာ လောကအတွက် အသုံး ကျတာတွေ ဖြစ်တယ်။ ဒါတွေ မရှိရင် လောကဟာ အကျိုးပြီးပါ့မလားပဲ။ **ဘာအကျိုးမှ မပြီးစေနိုင်တဲ့ လောကပဲ**။ ဒုက္ခက မလွတ်ဘူးပေါ့။ ဒါကိုကြည့်ပြီး လာဘစတာတွေကို လိုချင်တာဟာ ဒုက္ခ ဖြစ်ကြောင်းလား၊ လာဘ စတာတွေအတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးချင်တာတွေဟာ ဒုက္ခရဲ့ ဖြစ်ကြောင်းလား မေးကြဖို့ ကောင်းပါတယ်။ " ဟူကုန်သော (ဘုရား။၃၄၊၃၅။) အရှင်ဉာဏ ဟောပြော ချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အစမ္ပဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်ကို အကျဉ်းချုပ်၍ကြည့်လျှင် -

"မလိုချင်၍ မရခြင်းသည် ပို၍ ဆင်းရဲ၏။ ဂလိုချင်တာဟာ ဆင်းရဲခြင်းရဲ့ အကြောင်းပဲ"ဟု တွေ့ရပါသည်။ ထိုစကားရပ်ကို ထပ်မံ၍ အကျဉ်းချုပ်ကြည့်ပါက " ဒုက္ခဖြစ်ခြင်း၏ အကြောင်းသည် မလိုချင်မှု အလောဘ ဖြစ်၏"ဟု တွေ့ရှိပါသောကြောင့် အရှင်ဉာဏ၏ အထက်ပါ ဟောပြော ရေးသားချက်များသည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

### စောဒနာဥပနာစကားကို ဦးစွာစိစစ်

" ဆင်းရဲမသိရင် ဆင်းရဲဖြစ်ကြောင်း ဘယ်သိတော့မလဲပေါ့။ ဒီတော့ ဆင်းရဲအရကို လာဘ၊ သက္ကာရ၊ သိလောကတွေကို ရချင်တာပဲ ဖြစ်တယ်လို့ ကောက်တော့တာပေါ့။ ရချင်ခြင်းကြောင့်သာ မရတာဟာ ဆင်းရဲဖြစ်တယ်လို့ ဆိုတာဘဲ။

ဒါကြောင့် လောကဟာ လာဘစတာတွေ ရချင်တာဟာ ဆင်းရဲကြောင်း ဖြစ်တယ်လို့ သတ်မှတ်ပြီး ဆင်းရဲ မဖြစ်အောင် ဆင်းရဲကြောင်းကို ပယ်မှပဲလို့ လာဘစတာတွေ ရချင်တာကို ပယ်ဖို့ကြိုးစားကြတယ်။ ပယ်တော့ လိုချင်တာတောင် မရတာဆိုတော့ မလိုချင်တော့ ပိုပြီး မရတာဖြစ်ပြီး မရတော့ ပိုဆင်းရဲ

http://www.dhammadownload.com



တော့တာပေါ့။ "ဟူသော အရှင်ဉာဏ၏ စကားကို စိစစ်သော်---

မိုးပြာဆိုသည့်အတိုင်း လာဘစတာတွေ ရချင်တာကို ပယ်ဖို့ကြိုးစားနေသူများသည် ထေရဝါဒီပုဂ္ဂိုလ်များ ဖြစ်၏။ ထို့ကြောင့် "လောက,က" ဟူသည် ထေရဝါဒီပုဂ္ဂိုလ်တို့ကို ရည်ညွှန်းဟန် ရှိသည်၊

၁။ ရချင်ခြင်းကြောင့် မရတာဟာ ဆင်းရဲဖြစ်တယ်လို့ဆို

၂။ လာဘစတာတွေ ရချင်တာဟာ ဆင်းရဲကြောင်း ဖြစ်တယ်လို့ သတ်မှတ်၊

၃။ လိုချင်တာတောင် မရတာဆိုတော့ မလိုချင်တော့ ပိုပြီး မရတာဖြစ်ပြီး မရတော့ ပိုဆင်းရဲ-

"လောကက- မရတာက ဆင်းရဲ (ဒုက္ခ) ရချင်တာ ဆင်းရဲခြင်း၏အကြောင်း (သမုဒယ)

(ယင်းလောက၏ အယူအဆသည် မသင့်ကြောင်းကို -လိုချင်တာတောင် မရတာဆိုတော့ မလိုချင်တော့ ပိုပြီး မရတာဖြစ်ပြီး)

ပိုပြီးမရတာက ပိုဆင်းရဲ (အတိဒုက္ခ) မလိုချင်တာက ပိုဆင်းရဲခြင်း၏ အကြောင်း (အတိဒုက္ခ သမုဒယ)ဟု ဖြစ်မှာပေါ့ ဟု ဆိုထားသည်။

## "သူ့အယူအဆ ယောင်ဝါးဝါးနဲ့ မြ"

"လာဘစတာ တွေကို လိုချင်တာဟာ ဒုက္ခဖြစ်ကြောင်းလား၊ လာဘ စတာတွေအတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးချင်တာတွေဟာ ဒုက္ခရဲ့ ဖြစ်ကြောင်းလား မေးကြဖို့ ကောင်းပါတယ်။" ဟူသော (ဘုရား၊ ၃၅ ) အရှင်ဉာဏ၏ ဟောပြောချက်ကို စိစစ်သော်-----

စကားကို မရေမရာ မပြတ် မသားဆိုထားသည်။ မသိလို့ မေးကြဖို့ ကောင်းတာလား? သူ့အယူအဆကို ပြောချင်တာလား? တိကျသော အဆို မဟုတ်။ (နေရာတော်တော်များများ၌ ဤသို့ ဟိုလိုလို သည်လိုလို စကားများကို တွေ့ရတတ်သည်၊)

၎င်းစကားကို ၎င်း၏အယူအဆဟု ယူလျှင်

လာဘ စတာတွေအတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးချင်တာတွေဟာ ဒုက္ခရဲ့ ဖြစ်ကြောင်း သမုဒယဟု ယူရမည်ဖြစ်သည်။

ဤသို့ဖြစ်လျှင် လာဘ စတာတွေအတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးခြင်းကြောင့် ကြုံတွေ့ရမည့် ဆင်းရဲသည် ဒုက္ခ ဖြစ်မည်။

## "ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်"

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၂)စောဒနာလွှာပါ ဟောပြော ရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

အမှတ်(၂၂)စောဒနာလွှာပါ အရှင်ဉာဏ-၏ ဟောပြောရေးသားချက်၌ သာမန်ရှုလျှင်-

"မလိုချင်၍ မရခြင်းသည် ပို၍ဆင်းရဲ၏။ မလိုချင်တာဟာ ဆင်းရဲခြင်း၏ အကြောင်းဖြစ်မည်"

ယောင်ဝါးဝါးအဆိုအလို- "လာဘ စတာတွေအတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးချင်တာတွေဟာ ဒုက္ခရဲ့ ဖြစ်ကြောင်း သမုဒယ၊ လာဘ စတာတွေအတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးခြင်းကြောင့် ကြုံတွေ့ရမည့် ဆင်းရဲသည် ဒုက္ခ ဖြစ်မည်။"

http://www.dhammadownload.com


## အလောဘ-၏ သဘာဝတ္တ

ဤ၌ရှေးဦးစွာ"အလောဘ" ၏ သဘောသဘာဝကို သိထားသင့်ပေသည်။

"န လုဗ္ဘန္တိ ဧတေန,သယံ ဝါ န လုဗ္ဘတိ,အလုဗ္ဘနမတ္တမေဝ ဝါ တန္တိ အလောဘော"။

(အဘိ၊ဋ္ဌ၊၁။၁၇၀။ဝိသုဒ္ဓိ-၂၉၄)

ယှဉ်ဖက် သမ္ပယုတ်တရားတို့၏ အာရုံ၌ မတပ်မက်တတ်ကြောင်းဖြစ်သော သဘောတရား၊

(တစ်နည်း) မိမိအလောဘကိုယ်တိုင်က အာရုံကို မတပ်မက်သော သဘောတရား၊

(တစ်နည်း) အာရုံကို မတပ်မက်ခြင်းမျှသာ ဖြစ်သော သဘောတရားသည် အလောဘ-မည်ပါသည်။

ထိုအလောဘသည် လက္ခဏာအားဖြင့် အာရုံ၌ စိတ်၏ မတပ်မက်ခြင်း,မမက်မောခြင်းသဘော၊ (တစ်နည်း) ကြာဖက်အပြင်၌ ရေပေါက်သည် မငြိကပ်သကဲ့သို့ ထို့အတူ အာရုံ၌စိတ်၏ မငြိကပ်သည်၏ အဖြစ်ဟူသော သဘောလက္ခဏာရှိပါသည်။

-အလောဘော အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏော, အလဂ္ဂဘာဝလက္ခဏော ဝါ ကမလဒလေ ဇလဗိန္ဒု ဝိယ ။ (အဘိ-ဋ္ဌ၊၁၊၁၇၀။ဝိသုဒ္ဓိ-၂၉၄)

ရသအားဖြင့် ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် မည်သည့်ဝတ္ထုကိုမျှ "ငါ့ဟာ"ဟု မသိမ်းပိုက်သကဲ့သို့ ထို့အတူ အလောဘသည်လည်း လောဘ၏ မည်သည့်အာရုံ ကာမဂုဏ်ကိုမျှ "ငါ့ဟာ,ငါ့ဥစ္စာ"ဟု စွဲလမ်းခြင်း အစွမ်းဖြင့် မသိမ်းပိုက်ခြင်းကိစ္စရှိပါသည်။

-အပရိဂ္ဂဟဏရသော မုတ္တဘိက္ခု ဝိယ။ (အဘိ-ဋ္ဌ၊၁၊၁၇၀။ဝိသုဒ္ဓိ-၂၉၄)

ပစ္စုပဋ္ဌာန်အားဖြင့် မစင်တွင်း၌ ကျရောက်နေသော ယောက်ျားသည် မိမိ၏ ခန္ဓာကိုယ်ဝယ် မစင်တွေ ငြိကပ်နေသော်လည်း စိတ်အားဖြင့် မငြိကပ်ခြင်းကိုသာ အလိုရှိသကဲ့သို့ အလောဘ၏ သဘောသည်လည်း လောဘဖြစ် စရာ -လောဘနေယျအာရုံတို့ကို အာရုံပြုသည်၏အစွမ်းဖြင့် အာရုံယူနေရသော်လည်း ထိုအာရုံတို့နှင့် ရောယှက်နေရသော် လည်း သဘောအားဖြင့် ထိုအာရုံတို့၌ မငြိမကပ်လိုသော သဘောသာရှိပါသည် ။

- အနလ္လီနဘာဝပစ္စုပဋ္ဌာနော အသုစိမှိ ပတိတပုရိသော ဝိယ ။ အဘိ-ဋ္ဌ၊၁၊၁၇၁။ဝိသုဒ္ဓိ၊၂၉၄။

-အနလ္လီနော ဘာဝေါ အဓိပ္ပါယော ဧတဿာတိ အနလ္လီနဘာဝေါ၊ ဝေဒ္ဓိ ဥပသမာယ သမေတိ။

(မူလဋီ၊၁။၉၁။)

## အလောဘနှင့် အကြောင်းအကျိုး ဆက်စပ်မှု

အလောဘသည် မပေးရက်လို ဝန်တိုခြင်းဟူသော မစ္ဆေရ အညစ်အကြေး၏ ဆန့်ကျင်ဘက် ဖြစ်၍, ဒါန၏ အကြောင်းဖြစ်ပါသည်။

**အလောဘကြောင့်** -

၁။ ထင်ရှားရှိသောအပြစ်ကို အပြစ်အားဖြင့် ဆောင်ရွက်မှတ်သားလျက် အပြစ်ဟုဝန်ခံခြင်း၊

၂။ ချစ်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သောဒုက္ခ မဖြစ်ခြင်း၊

၃။ အလောဘ၏ တဏှာ၏ဆန့်ကျင်ဘက်၏ အဖြစ်, ဇာတိဒုက္ခ၏ တဏှာဟူသော အကြောင်းရင်း ရှိသည်၏အဖြစ်ကြောင့် ဇာတိဒုက္ခမဖြစ်ခြင်း၊

http://www.dhammadownload.com


၄။ ကာမမှ ထွက်မြောက် ကြောင်းဖြစ်သော အလောဘနှင့်ယှဉ်သော နိက္ခမ္မသညာ, အသုဘဟု ဖြစ်သော အသုဘသညာတို့ဖြစ်ခြင်း၊

၅။ ဝတ္ထုအာရုံ ကာမဂုဏ်၌ဖြစ်သော ချမ်းသာမှုကို ခံစားသောအားဖြင့် အဖန်ဖန်အားထုတ်ခြင်းဟူသော အဖို့ကို ရှောင်ကြဉ်နိုင်ခြင်း၊

၆။ အဘိဇ္ဈာဟူသော ကာယအထုံးအဖွဲ့ကို ဖျက်ဆီးနိုင်ခြင်း ၊

၇။ ကာယာနုပဿနာ ,ဝေဒနာနုပဿနာ-ဟူသော သတိပဋ္ဌာန် နှစ်ပါးကို ပြီးစီးစေနိုင်ခြင်း၊

၈။ လောဘမကြီးသူသည် လောဘ၏ အာရုံဖြစ်သော မလျောက်ပတ်သော ဥတု,အိပ်ရာနေရာ အစာအာဟာရကို မမှီဝဲခြင်းကြောင့် ကျန်းမာရေးနှင့် ပြည့်စုံခြင်း၊

၉။ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံခြင်း၊

၁၀။ ဒိဗ္ဗဝိဟာရဟူသော ဈာန်လေးပါးကို ရခြင်း-စသော အကျိုးတရားများကို ရရှိနိုင်ပါသည် ။

-အလောဘော မစ္ဆေရမလဿ ပဋိပက္ခော၊ အလောဘောစေတ္ထ ဒါနဟေတု၊ အလောဘေန စေတ္ထ,ဝိဇ္ဇမာနံ ဒေါသံ ဒေါသတော ဓာရေန္တော ဒေါသေ ပဝတ္တတိ၊ အလောဘေန ပိယဝိပ္ပယောဂဒုက္ခံ န ဟောတိ၊ အလောဘေန စေတ္ထ ဇာတိဒုက္ခံ န ဟောတိ၊ အလောဘဿ တဏှာပဋိပက္ခတော, တဏှာမူလကတ္တာ ဇာတိဒုက္ခဿ။ အလောဘေန ပန ကာမသုခလ္လိကာနုယောဂအန္တဿ ပရိဝဇ္ဇနံ ဟောတိ။ တထာ အလောဘေန အဘိဇ္ဈာကာယဂန္ထဿ ပဘေဒနံ ဟောတိ၊ ပုရိမာနိ စ ဒွေ သတိပဋ္ဌာနာနိ ပုရိမာနံ ဒွိန္နံ အာနုဘာဝေန ဣဇ္ဈန္တိ ၊ အလောဘော စေတ္ထ အရောဂျဿ ပစ္စယော ဟောတိ ၊ အလောဘော စေတ္ထ ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ အလောဘော ဒိဗ္ဗဝိဟာရဿ ပစ္စယော ဟောတိ။

(အဘိ-ဋ၁၊၁၇၁/၁၇၂)

## အလောဘသည် ဆင်းရဲခြင်း၏ အကြောင်းမဟုတ်

ပြဆိုခဲ့ပြီးသော အလောဘ ၏ သဘောအဓိပ္ပါယ်နှင့် အကြောင်း,အကျိုးဖြစ်ပေါ်ပုံတို့ကို ကြည့်ရှုပါက အလောဘ(မလိုချင်တာ)သည် ဆင်းရဲခြင်း၏အကြောင်း မဟုတ်ဘဲ ချမ်းသာခြင်း၏ အကြောင်း ဖြစ်သည်ကိုသာ တွေ့မြင် ရပေသည် ။

## "ဆင်းရဲခြင်း၏ အကြောင်းတရား"

အလောဘ၏ ဆန့်ကျင်ဘက်ဖြစ်သော "လောဘ"၏ သဘောအဓိပ္ပါယ်ကိုလည်း ဆက်လက်ပြဆိုပါဦးမည်။

-သမ္ပယုတ်တရားတို့၏ အာရုံကို လိုလားတပ်မက်ကြောင်းဖြစ်သော သဘောတရား၊
(တစ်နည်း) မိမိကိုယ်တိုင် အာရုံကို လိုလားတပ်မက်တတ်သော သဘောတရား၊
(တစ်နည်း) အာရုံကို လိုလားတပ်မက်ခြင်းမျှသာ ဖြစ်သော သဘောတရားသည် လောဘ မည်ပါသည်။

-လုဗ္ဘန္တိ တေန, သယံ ဝါ လုဗ္ဘတိ, လုဗ္ဘနမတ္တမေဝ ဝါ တန္တိ လောဘော။
(အဘိ၊ဋ၁၊၊ ၂၉၁။ ဝိသုဒ္ဓိ၊၂ ။ ၉၈။)

http://www.dhammadownload.com



ထိုလောဘသည် လက္ခဏာအားဖြင့် မျောက်နဲ့စေးကဲ့သို့ **အာရုံကို** ငါ့ဟာဟူ၍ စွဲယူခြင်း သဘောရှိပါသည်။ လောဘက အာရုံကို ယူရာ၌ ယူကာမျှမတ္တ **အာရုံပြုကာမျှမတ္တကား**မဟုတ်၊ လောဘအကြီး, အငယ်အလိုက် ထိုက်သည့် အားလျော်စွာ **အာရုံကို "ဤကား** ငါ့ဟာ"ဟု တဏှာဖြင့် မြဲမြဲစွာ နှလုံးသွင်းခြင်း၏ အစွမ်းဖြင့် မြဲမြဲစွာ နှလုံးသွင်း၍ အာရုံကို မစွန့်လွှတ်နိုင်ခြင်းသဘော, တမ်းတမ်းစွဲ ငမ်းငမ်းတက် တပ်မက်ခင်မင် လိုချင်သော စွဲယူမှုမျိုးဖြစ်ပါသည်။

ရသအားဖြင့် အိုးကင်းပူပူပေါ်၌ အသားတစ်ကို ပစ်ချလိုက်ရာ အသားတစ်သည် အိုးကင်း၌ တစ်ခါတည်း ငြိကပ်နေသကဲ့သို့ ထို့အတူပင် လောဘသည် အာရုံတစ်ခုနှင့် တိုက်ဆိုင်သည့်အခါ ထိုအာရုံ အနားမှ မခွါနိုင်အောင် ငြိကပ် နေတတ်ခြင်း သဘောကိစ္စရှိပေသည်။

**ပစ္စုပဋ္ဌာန်အားဖြင့် အဝတ်၌ အမဲဆီ စက်ဆီ စသည့် အဆီတစ်ခုခု စွဲနေလျှင် လွယ်လွယ်နှင့်** စင်အောင် ချွတ်၍ မရနိုင်သကဲ့သို့ လောဘသည် အာရုံတစ်ခုခု၌ စွဲလမ်းငြိကပ်နေလျှင် ထိုအာရုံကို စွန့်လွှတ်နိုင်ခဲသော သဘောတရား မစွန့်လွှတ်နိုင်သော သဘောတရားဟု ရှေးရှုထင်လာပေသည်။

ပဒဋ္ဌာန်အားဖြင့် သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌(အသုဘတရားတို့သာ စင်စစ် ဧကန်ဖြစ်ကြကုန် လျက်)သာယာဖွယ် သုဘဟု ရှုမြင်တတ်သော **အဿာဒဒိဋ္ဌိသည်** လောဘ ဖြစ်ဖို့ရန် နီးစွာသော အကြောင်းဖြစ်ရပေသည်။

လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော မက္ကဋာလေပေါ ဝိယ။
(အဘိ၊ဋ္ဌ၊၁။၂၉၁။ဝိသုဒ္ဓိ၊၂။၉၈။)

အာရမ္မဏဂ္ဂဟဏံ"မမ ဣဒ"န္တိ တဏှာဘိနိဝေသဝသေန အဘိနိဝိသ အာရမ္မဏဿ အဝိဿဇ္ဇနံ၊ န အာရမ္မဏကရဏမတ္တံ။ (မဟာဋီ၊၂ ။၁၄၉။)

- အဘိသင်္ခရသော တတ္တကပါလေ ခိတ္တမံသပေသိ ဝိယ၊
- အပရိစ္စာဂပစ္စုပဋ္ဌာနော တေလဉ္ဇနရာဂေါ ဝိယ ၊
- သံယောဇနိယဓမ္မေသု အဿာဒ ဒဿန ပဒဋ္ဌာနော။ (အဘိ-ဋ္ဌ၊၁၊၂၉၁။ဝိသုဒ္ဓိ-၂၊၉၈)

ထိုလောဘသည် အာရုံနားက မခွါနိုင်သဖြင့် တဖြည်းဖြည်း ရင့်ကျက်တိုးပွါးလာကာ ဟဏှာမြစ်ကြီးအသွင် ပဖြစ်ဖြင့် စီးဆင်းလာမဲ့ ပိုးပွါးလာမဲ့သည်ရှိသော် အဟုန်ပြင်းစွာ စီးဆင်းလာသော မြစ်ရေအလျဉ်သည် မဟာသမုဒ္ဒရာသို့သာ ရောက်သွားသကဲ့သို့ ထို့အတူပင် လောဘသည် မိမိ(လောဘ) ကိန်းရာ သတ္တဝါကို အပါယ်ဘုံသို့သာ ယူဆောင်၍ သွားတတ်ပေသည်။

-သော တဏှာနဒီဘာဝေန ဝဍ္ဍမာနော သီဃသောတာ နဒီဝိယ မဟာသမုဒ္ဒံ, အပါယမေဝ ဂဟေတွာ ဂစ္ဆတီတိ ဒဋ္ဌဗ္ဗော။ (အဘိ-ဋ္ဌ၊၁၊၂၉၁)

## လောဘ၏ အခြားအမည်များ

ဤလောဘကိုပင် ဘုရားရှင်က ဓမ္မသင်္ဂဏီပါဠိတော်(၂၁၅)ဝိဘင်္ဂပါဠိတော်(၇၇၆)တို့၌ ပေမ,ကဏှာ, ရာဂ, သမုဒယ-စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် ဟောကြားတော်မူရာတွင် -

လောဘကို" ဒုက္ခမူလ-ဝဋ်ဆင်းရဲ၏ အခြေအမြစ်ဖြစ်သောတရား၊

http://www.dhammadownload.com



ဒုက္ခနိဒါန်-ဝဋ်ဆင်းရဲ၏ အကြောင်း ဖြစ်သောတရား ၊

ဒုက္ခပ္ပဘဝေါ-ဝဋ်ဆင်းရဲ၏ စ၍ဖြစ်ရာဖြစ်သောတရား"ဟု ဟောတော်မူပါသည် ။

ထိုနည်းတူစွာ ထမင်းဆာ,ရေငတ်သကဲ့သို့ အဆင်း,အသံ,အနံ့,အရသာ,အတွေ့အထိ ,ဓမ္မသဘောဟူသော အာရုံ(၆)ပါးတို့၌ သာမန်လိုချင်ရုံမျှမကဘဲ ကပ်ကပ်သတ်သတ် တန်းတန်းမတ်မတ် မွတ်သိပ်ဆာလောင်ခြင်း, ငတ်ခြင်း, စွဲလမ်းခြင်းကိုလည်း တဏှာဟုပင် ဓမ္မသင်္ဂဏီ,ဝိဘင်္ဂပါဠိတော်တို့၌ ဟောတော်မူပါသည် ။

သစ္စဒေသနာတော်၌ကား ဤလောဘ-တဏှာကိုပင် ပဓာနနည်းအားဖြင့်'သမုဒယ-ဒုက္ခဖြစ်ကြောင်းတရား' ဟု ဟောတော်မူပါသည် ။

## ဒုက္ခသမုဒယ–ဟု ဟောတော်မူပုံ

-တတ္ထ ကတမံ ဒုက္ခသမုဒယံ အရိယသစ္စံ ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြာတတြာဘိနန္ဒိနီ ။ သေယျထိဒံ ၊ **ကာမတဏှာ** ၊ **ဘဝတဏှာ** ၊ **ဝိဘဝတဏှာ** ၊ ဣဒံ ဝုစ္စတိ ဒုက္ခသမုဒယံ အရိယသစ္စံ ။ (အဘိ၊၂။၁၀၆။ပဋိသံ။၃၉။ သံ၊၃။ ၃၇၃။ ဝိ၊၃။၁၅။)

ထိုလေးပါးသော သစ္စာတို့တွင် ဒုက္ခသမုဒယဖြစ်သော အရိယသစ္စာသည် အဘယ်နည်း? ဟူမူ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တတ် တပ်မက်တတ်သော ရာဂနှင့်တကွဖြစ်သော , ထိုထိုအာရုံ ထိုထိုဘုံ၌ လွန်စွာ နှစ်သက်တတ်သော တဏှာ ဖြစ်သည်ဟု တဏှာ(လောဘ)ကို ဒုက္ခသမုဒယ-ဆင်းရဲဒုက္ခဖြစ်ကြောင်းတရားဟု ဟောတော် မူပါသည် ။

## တဏှာ၏ လက္ခဏာ

တဏှာသည်"ဟေတုလက္ခဏာ တဏှာ"(အဘိ၊၄၊၂။၁၂၉။ ဝိသုဒ္ဓိ၊၂။၁၅၉)တို့၌ ဖွင့်ဆိုချက်အရ ဒုက္ခ၏ အကြောင်းဖြစ်ခြင်းသဘောလက္ခဏာရှိသည်ဟု သိရပေသည်။ အဘယ့်ကြောင့် တဏှာသည် "ဟေတုလက္ခဏာ" ရှိသနည်း?ဟူမူ တဏှာသည် ဒုက္ခသစ္စာအမည်ရသော ဥပါဒါနက္ခန္ဓာငါးပါး၏ အကြောင်းရင်း သမုဒယသစ္စာတရားဖြစ်၏။ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတရား ဖြစ်ခြင်းကြောင့် တဏှာကို ဟေတုလက္ခဏာ-ဒုက္ခ၏ဖြစ်ကြောင်း သဘောလက္ခဏာ ရှိသည်ဟု ဆိုခြင်းဖြစ်ပါသည် ။

-ဒုက္ခသမုဒယတ္တာ ဟေတုလက္ခဏာ တဏှာ။ (မူလဋီ-၂၊ ၉၁)

## တဏှာသည် ဒုက္ခဖြစ်ခြင်း၏ အကြောင်း

သုတ္တနိပါတ်ပါဠိတော်၌- -

ဒုက္ခဿ ဝေ မံ ပဘဝံ အပုစ္ဆသိ(မေတ္တဂူတိ ဘဂဝါ) တံ တေ ပဝက္ခာမိ ယထာ ပဇာနံ ။
ဥပဓိနိဒါနံ ပဘဝန္တိ ဒုက္ခာ ၊ ယေကေစိ လောကသ္မိမနေကရူပါ။ (သုတ္တနိပါတ်-၄၁၃)

မေတ္တဂူ ဆင်းရဲ၏ ဖြစ်ကြောင်းအစကို ငါ့အား သင်မေး၏၊ ထိုဆင်းရဲဖြစ်ကြောင်း အစကို ငါသိသည့်အတိုင်း သင့်အား ဟောကြားပေအံ့ ၊ လောက၌ အများအပြားအားဖြင့်

http://www.dhammadownload.com



ဖြစ်ကုန်သော ဆင်းရဲအားလုံးတို့သည် ကံ ကိလေသာ စသော ဥပဓိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏-ဟု မိန့်တော်မူပါသည်။

ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ-ဟူသော ပါဠိတော်ကို သုတ္တနိပါတ်အဋ္ဌကထာ၌ ဆင်းရဲအားလုံး တို့သည် ကံ ကိလေသာ စသော ဥပဓိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏-ဟူသည် တဏှာ အစရှိသော ဥပဓိတရားလျှင် အကြောင်းရှိကုန်သည်ဖြစ်၍ ဇာတိအစရှိသော ဆင်းရဲအထူးတရားတို့သည် ဖြစ်ပေါ်ကုန်၏-ဟု ဖွင့်ဆိုတော်မူပါသည်။

-ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာတိ တဏှာဒိ ဥပဓိနိဒါနာ ဇာတိအာဒိဒုက္ခဝိသေသာ ပဘဝန္တိ။
(သုတ္တနိ၊ဋ္ဌ၊၂၃၀၅။)

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်-တဏှုပ္ပါဒသုတ်တော်၌လည်း-

- တဏှာ ဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန် သံသရံ ။
ဣတ္ထဘာဝညထာဘာဝံ ၊ သံသာရံ နာတိဝတ္တတိ။
ဝေမာဒီနဝံ ဉတွာ၊တဏှံ ဒုက္ခဿ သမ္ဘဝံ ။
ဝီတတဏှော အနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ (အံ-၁၊၃၁၆။ခု-၁၊၂၀၁၊၂၆၈)

တဏှာလျှင် အဖော်ရှိသောသတ္တဝါသည် ရှည်စွာသော ကာလပတ်လုံး ကျင်လည်ရလျက် ဤဖြစ်ပေါ်ဆဲ ခန္ဓာကိုယ် အခြားဖြစ်လတ္တံ့ ခန္ဓာကိုယ် ဟူသော(ခန္ဓာ အာယတန ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်း) သံသရာကို မလွန် မြောက်နိုင်ချေ၊ တဏှာသည် ဝဋ်ဆင်းရဲ၏ ဖြစ်ကြောင်းတည်းဟု အပြစ်ကို သိ၍ သတိရှိသော ရဟန်းသည် တပ်မက်ခြင်း မရှိဘဲ (တစ်စုံ တစ်ခုသော အာရုံကိုမျှ တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ ကျင့်ရာသတည်း-ဟု တဏှာရှိလျှင် သံသရာကျင်လည် ရပုံ, တဏှာသည် ဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်ပုံကို မိန့်တော်မူပါသည် ။

ဣတိဝုတ္တကပါဠိတော်၊ ဧကကနိပါတ်၊ ဒုတိယဝဂ္ဂ၊ တဏှာသံယောဇနသုတ်၌လည်း-

"ရဟန်းတို့ အကြင် သံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရသော သတ္တဝါတို့သည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး သံသရာ၌ ပြေးသွားကျင်လည်ကြရကုန်၏။ ထိုသံယောဇဉ်ကား တဏှာ သံယောဇဉ် ပေတည်း။ ရဟန်းတို့ တဏှာသံယောဇဉ်မှတပါး သံသရာ၌ ပြေးသွားကျင်လည် စေတတ်သော အခြားသံယောဇဉ် တစ်ခုကိုမျှလည်း ငါဘုရားမြင်တော်မမူ ၊ မှန်၏ ရဟန်းတို့ တဏှာသံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရသော သတ္တဝါတို့သည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး သံသရာ၌ ပြေးသွားကျင်လည်ရကုန်၏"ဟု တဏှာဟူသော အကြောင်းကြောင့် သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ရပုံကို ဟောတော်မူပါသည် ။

-နာဟံ ဘိက္ခဝေ အညံ ဧကသံယောဇနမ္ပိ သမနုပဿာမိ ၊ ယေန သံယောဇနေန သံယုတ္တာ သတ္တာ ဒီဃရတ္တံ သန္ဓာဝန္တိ သံသရန္တိ ၊ ယထယိဒံ ဘိက္ခဝေ တဏှာသံယောဇနံ။ တဏှာသံယောဇနေန ဟိ ဘိက္ခဝေ သံယုတ္တာ သတ္တာ ဒီဃရတ္တံ သန္ဓာဝန္တိ သံသရန္တီတိ။
(ဣတိဝုတ်-၂၀၁)

ဂေါတမမြတ်စွာ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် . ၁၀၃-ခုနှစ် ၊ ကဆုန်လပြည့်နေ့

http://www.dhammadownload.com



နေမဝင်မီ ဒေဝပုတ္တမာရ်ဟုဆိုအပ်သော မာရ်နတ်သားရန်ကို အောင်တော်မူပြီးနောက် ဝိဇ္ဇာသုံးပါးကို အစဉ်အတိုင်းရတော်မူလျက် အရဟတ္တဖိုလ်သို့ ရောက်တော်မူလတ်သော် အလွန်စင်ကြယ်သော စိတ်ရှိလျက် သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူပြီး သမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထား ဘုရားစင်စစ် ကေန်ဖြစ်တော်မူပြီးနောက် ဝမ်းမြောက်မှု ပီတိအဟုန်ဖြင့် အလုံးစုံသော ဘုရားရှင်တို့ ဘုရားဖြစ်တော် မူလျှင် ကျူးရင့်တော်မူမြဲဓမ္မတာဖြစ်သည့် ဥဒါန်းစကား ကျူးရင့်တော်မူရာ၌

"တဏှာကြောင့် အဖန်ဖန် ပဋိသန္ဓေနေရခြင်း ဆင်းရဲခံစားရပုံ"

-"ဘဝများစွာ သံသရာ၌ကျင်လည်ရပုံ"တို့ကို ထည့်သွင်းကျူးရင့်တော်မူသည်ကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပေသည် ။

- အနေကဇာတိသံသာရံ ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ ၊
ဂဟကာရံ ဂဝေသန္တော ၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ ။ (ဓမ္မပဒ-၃၆)

အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို အကြိမ်ကြိမ် ဆောက်လုပ်တတ်သူ တဏှာယောက်ျား လက်သမားကို ရှာသောငါသည် ထိုတဏှာယောက်ျား လက်သမားကို မြင်နိုင်သောဉာဏ်ကို မရသေး သဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ ။

ဓမ္မပဒပါဠိ၊ မဂ္ဂဝဂ်၊ပဉ္စမဟလ္လကဘိက္ခုဝတ္ထု(၃၄)၌လည်း-

ဝနံ ဆိန္ဒထ မာ ရုက္ခံ ၊ ဝနတော ဇာယတေ ဘယံ ။
ဆေတွာ ဝနဉ္စ ဝနထဉ္စ ၊ နိဗ္ဗနာ ဟောထ ဘိက္ခဝေါ ။

ရဟန်းတို့ တဏှာတည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်လော့၊(ပြကတေ့)သစ်ပင်ကို မခုတ်ဖြတ်ကုန်လင့် (တဏှာဟူသော)တောကြောင့်(ဇာတိစသော)ဘေးဖြစ်၏၊တဏှာဟူသော တောကြီး တောငယ်ကို ခုတ်ဖြတ်၍ တဏှာ ဟူသော တောမှ ထွက်မြောက်ကြကုန်လော့-ဟု တဏှာဟူသော အကြောင်းကြောင့် ဇာတိဒုက္ခ စသောဘေးဖြစ်ပုံကို ဟောတော်မူပါသည် ။

ထိုနည်းတူစွာ ဓမ္မပဒပါဠိတော်၊တဏှာဝဂ်၌လည်း တဏှာကြောင့် ဇာတိစသော ဆင်းရဲဒုက္ခ ဖြစ်ပုံကို အောက်ပါအတိုင်း ဟောတော်မူသည်ကို လေ့လာတွေ့ရှိရပေသည် ။

- မနုဇဿ ပမတ္တစာရိနော ၊ တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ။
သော ပ္လဝတိ ဟုရာဟုရံ ၊ ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော ။ (ဓမ္မပဒ-၆၁)

မေ့မေ့လျော့လျော့ကျင့်သော သတ္တဝါအား မာလော(ပေါက်)နွယ်ကဲ့သို့ တဏှာတိုးပွါး၏၊ သစ်သီးကို အလိုရှိသော မျောက်သည် တောတွင်း၌ တစ်ပင်မှ တစ်ပင် ခုန်လွှားကူးသန်းသကဲ့သို့ ထိုတဏှာတိုးပွါးသူသည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရာ၏။

- ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ ၊ ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။ (ဓမ္မပဒ-၆၂)

ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးပဲ ပင်စည်ကိုဖြတ်သော်လည်း သစ်ပင်သည် တစ်ဖန် ပေါက်ရောက် စည်ကားပြန်သကဲ့သို့ ဤအတူ ကိန်းအောင်းနေသော တဏှာကို

http://www.dhammadownload.com



မဖျက်ဆီးအပ်သေးသည်ရှိသော် ဤပဋိသန္ဓေနေရခြင်း စသော ဆင်းရဲသည် အဖန်ဖန်အထပ်ထပ် ဖြစ်ရ၏။

- တသိဏာယ ပုရက္ခတာ ပဇာ ၊ ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော ။
သံယောဇနသင်္ဂသတ္တကာ ၊ ဒုက္ခမုပေန္တိ ပုနပ္ပုနံ စိရာယ။ (ဓမ္မပဒ-၆၂)

တဏှာဖြင့် ဝန်းဝိုင်းခြံရံအပ်ကုန်သော သတ္တဝါတို့သည် (မုဆိုး)ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်နေကြရကုန်၏၊ ကာမရာဂ စသော သံယောဇဉ်အစေးဖြင့် ကပ်ငြိကုန်သောသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ကပ်ရောက်ကြရကုန်၏။

- ဝိတက္ကမထိတဿ ဇန္တုနော ၊ တိဗ္ဗရာဂဿ သုဘာနုပဿိနော ။
ဘိယျော တဏှာ ပဝဍ္ဎတိ ၊ ဧသ ခေါ ဒဠှံ ကရောတိ ဗန္ဓနံ ။(ဓမ္မပဒ-၆၃)

ကာမဝိတက်နှိပ်စက်အပ်သော ထက်သောရာဂရှိသော တင့်တယ်၏ဟု အဖန်ဖန်ရှုသော သတ္တဝါအား တဏှာသည် အလွန်တိုးပွါးလေ၏ ၊ ဤသူသည် မာရ်၏ အနှောင်အဖွဲ့ကို ခိုင်မြဲအောင် ပြု၏။

## တဏှာသည်.ထူးသောအကြောင်း

ဘဝသစ်ကို ဖြစ်စေရာ၌ ကံ ကိလေသာ စသောအခြားသော အကြောင်းတရားများရှိသည် မှန်သော်လည်း ကံ ကိလေသာစသည်တို့သည် တဏှာကဲ့သို့ ထူးသော အကြောင်းမဟုတ်၊ တဏှာသည်ကား ကုသိုလ်,အကုသိုလ်တို့နှင့် ကင်း၍လည်းကောင်း, ကာမာဝစရစသော ကုသိုလ်, ရူပါဝစရစသောကုသိုလ်တို့နှင့် ကင်း၍လည်းကောင်း ဘဝအသစ် ဖြစ်ခြင်း၌ ထူးသော အကြောင်းဖြစ်ပါသည် ။

နနု စ အညေပိ ကိလေသာဒယော ဘဝနိဗ္ဗတ္တိယာ ပစ္စယာဝ? သစ္စမေတံ၊ န ပန တထာ ဝိသေသပစ္စယော ယထာ တဏှာ ၊ တထာ ဟိ သာ ကုသလေဟိ ဝိနာ အကုသလေဟိ, ကာမာဝစရာဒိကုသလေဟိ စ ဝိနာ ရူပါဝစရာဒိကုသလေဟိ ဘဝနိဗ္ဗတ္တိယာ ဝိသေသပစ္စယော။
(က္ခတိဝုတ္တ၊၄။၅၆၊၅၇။အံ၊ဋီ၊၁။၂၂၈။)

အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌လည်း--

တဏှာမှ တစ်ပါးကုန်သော ဒုက္ခ၏အကြောင်းတရားများ ရှိကြပါလျက် တဏှာကိုသာ အဘယ့်ကြောင့် ဒုက္ခဖြစ်ခြင်း၏အကြောင်းဟု ဟောတော်မူပါသနည်း? ဟု မေးခွန်းထုတ်တော်မူ၍ ဆက်လက်ဖြေဆိုရာ၌ တဏှာသည် ဒုက္ခဖြစ်ခြင်း၏ ပဓာန အကြောင်းဖြစ်သောကြောင့် တဏှာကိုသာ ဒုက္ခဖြစ်ခြင်း၏အကြောင်းဟု ဟောတော်မူ ပါသည်။ ထိုစကားမှန်၏- လောကီကုသိုလ်ကံ,အကုသိုလ်ကံ ဆန်းကြယ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် လည်းကောင်း, ကံ၏ အဖေါ်သဟဲအဖြစ်သို့ ကပ်ရောက်ခြင်းကြောင့် လည်းကောင်း တဏှာသည် ဆင်းရဲဒုက္ခ၏ ထူးသောအကြောင်းဖြစ်ပါသည်။ ဤသို့ ဆင်းရဲဒုက္ခဖြစ်ခြင်း၏ ထူးသောအကြောင်းဖြစ်သောကြောင့် တဏှာသည် ဒုက္ခဖြစ်ခြင်း၏ ပဓာနအကြောင်းဖြစ်သည် ဟု တဏှာ၏ ဒုက္ခဖြစ်ခြင်း၏ ပဓာနအကြောင်းတရားဖြစ်ပုံကို မိန့်ဆိုတော်မူပါသည်။

http://www.dhammadownload.com



ကသ္မာ ပန အညေသုပိ ဒုက္ခဟေတူသု သန္တေသု တဏှာယေ၀ သမုဒယောတိ ၀ုတ္တာတိ? ပဓာနကာရဏတ္တာ ။ ကမ္မဝိစိတ္တတာ ဟေတုဘာဝေန ဟိ ကမ္မသဟာယဘာဝူပ-ဂမနေန စ ဒုက္ခဝိစိတ္တတာကာရဏတ္တာ တဏှာ ဒုက္ခဿ ဝိသေသကာရဏန္တိ ။

(အဘိဓမ္မတ္ထဝိဘာဝိနီ။ ၂၃၂။)

## ပေါင်းရုံး သုံးသပ်ချက်

အထက်ဖော်ပြခဲ့ပြီးသော ပါဠိတော်,အဋ္ဌကထာ ,ဋီကာ စကားရပ်တို့ကိုလေ့လာသုံးသပ်ပါက အလောဘ (မလိုချင်တာ)သည် ဆင်းရဲခြင်း၏ အကြောင်းမဟုတ်ပဲ ချမ်းသာခြင်း၏ အကြောင်း ဖြစ်သည်ကိုလည်းကောင်း၊ လောဘ တဏှာ ဟူသော(လိုချင်မှု)အကြောင်းကြောင့်သာ ပဋိသန္ဓေနေရခြင်း စသော ဆင်းရဲခြင်းအမျိုးမျိုးတွေ့ကြုံခံစားရသည်ကို လည်းကောင်း ထင်ရှားစွာ သိရှိနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ဘုရား၊ ၃၃၊၃၄၊၃၅တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-"မလိုချင်၍ မရခြင်းသည် ပို၍ဆင်းရဲ၏။ မလိုချင်တာဟာ ဆင်းရဲခြင်း၏ အကြောင်းဖြစ်မည်" "လာဘ စတာတွေ အတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးချင်တာတွေဟာ ဒုက္ခရဲ့ ဖြစ်ကြောင်း သမုဒယ၊ လာဘ စတာတွေ အတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးခြင်းကြောင့် ကြုံတွေ့ရမည့် ဆင်းရဲသည် ဒုက္ခဖြစ်မည်။"စသော ဟောပြောရေးသားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်၏ဟု သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ ဘုရား၊ ၃၃၊၃၄၊၃၅တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-"မလိုချင်၍ မရခြင်းသည် ပို၍ဆင်းရဲ၏။ မလိုချင်တာဟာ ဆင်းရဲခြင်း၏ အကြောင်းဖြစ်မည်" "လာဘ စတာတွေ အတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးချင်တာတွေဟာ ဒုက္ခရဲ့ ဖြစ်ကြောင်း သမုဒယ၊ လာဘ စတာတွေ အတွက် ကိုယ် နှုတ် နှလုံးလွန်ကျူးခြင်းကြောင့် ကြုံတွေ့ရမည့် ဆင်းရဲသည် ဒုက္ခ ဖြစ်မည်။"စသော ဟောပြောရေးသားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြောရေးသား ထားချက်များကို အဓမ္မဝါဒအဖြစ် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## "အမှတ်(၂၃) စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်"

( မိုးပြာကျောင်းမှ ပေးစာများ၊ ၃၅၂ )၌ အရှင်ဉာဏ ရေးသားပေးပို့ထားသော-

"ဆက်လက်ပြီး ဦးမျိုးမြင့်ရဲ့စာကို ပြန်ကြားပါမယ်။ **အမေးက- 'ခန္ဓဝဂ္ဂသံယုတ် သီလဝန္တသုတ် သုတဝန္တသုတ်တို့မှာပါတဲ့ ဥပါဒါနက္ခန္ဓာတွေကို အနိစ္စ အစရှိတာတွေနဲ့ သီလရှိသူတွေက ပွားတော့ သောတာပန်ဖြစ်၊ သောတာပန်က သည်လိုပွားတော့ သကဒါဂါမ်ဖြစ်၊ သူက အနာဂါမ် ဖြစ်အောင် ပွားတော့ အနာဂါမ်ဖြစ်။ သူက သည်လိုပွားတော့ ရဟန္တာဖြစ်၊ ရဟန္တာကလည်း ဒါထက်ပိုပြီး ပွားစရာ မရှိဖြစ်ပြီး ဒါကိုပဲ လက်ငင်းငြိမ်းချမ်းနေရဖို့ ဒါကိုပဲ ပွားတယ်လို့ ပြောထားချက်အရ ရဟန္တာမှာ ဥပါဒါနက္ခန္ဓာ ရှိသေးသလော။ မရှိတော့ပြီလော'-လို့ မေးပြုထားပါတယ်။**

**အဖြေက- သူတို့မှာ ဥပါဒါနက္ခန္ဓာ မရှိပါဘူး။ သူတို့ဟာ ပရိနိဗ္ဗုတပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သူတို့မှာ ဒုက္ခမရှိပါဘူး။ ဒုက္ခဟာ ဥပါဒါနက္ခန္ဓာရဲ့နာမည်တွေ ဖြစ်ပါတယ်။ သူတို့ဟာ ဥပါဒါန်တွေကုန်ပြီ ဖြစ်ပါတယ်။ သည်လိုဖြစ်လျက်နဲ့ သူတို့ဟာ ဥပါဒါန်မရှိဘဲ ဘယ်ဥပါဒါန်တွေကို ရှုသလဲ ပြောရမလို ဖြစ်ပါတယ်။ ဥပါဒါန်တွေရှိလို့သာ ရှုတာဖြစ်မှာပဲလို့လည်း တွေးချင့်လာကြပါတယ်။ သည်လိုတွေ မတွေးသင့်ပါဘူး။"** ( မိုးပြာကျောင်းမှ ပေးစာများ,၃၅၂ ) ဟူသော ရေးသားပေးပို့ချက်နှင့်

(ဓမ္မ-၁၄၈)၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"ပဉ္စက္ခန္ဓာဟာ ပဉ္စုပါဒါနက္ခန္ဓာ မဟုတ်ဘူး။ ကာမ,ရူပ,အရူပဘုံသားတွေဆီမှာ ပဉ္စက္ခန္ဓာလည်း ရှိတယ်၊ ပဉ္စုပါဒါနက္ခန္ဓာတွေလည်းရှိတယ်။ အောက်အောက် အရိယာပုဂ္ဂိုလ်တွေဆီမှာအထိ သည်အတိုင်း ရှိတယ်။ အရဟာပုဂ္ဂိုလ်မှာ ပဉ္စုပါဒါနက္ခန္ဓာ မရှိတော့ဘူး။ ပဉ္စက္ခန္ဓာပဲ ရှိတော့တယ်။"ဟူသော (ဓမ္မ-၁၄၈) ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

စောဒနာလွှာ၌ ပါဠိတော် အဋ္ဌကထာစကားတို့ကို ကိုးကား၍ 'ရဟန္တာပုဂ္ဂိုလ်မှာ ပဉ္စုပါဒါနက္ခန္ဓာ မရှိတော့ဘူး။ ပဉ္စက္ခန္ဓာပဲ ရှိတော့တယ်။" ဟူသော အရှင်ဉာဏ၏ အထက်ပါ ဟောပြော ရေးသားချက်များသည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## စောဒကတို့၏ ကိုးကား တင်ပြချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောရေးသားချက်နှင့် စပ်၍ နိုင်ငံတော်သီးခြားဝိနည်းခုံရုံအဖွဲ့ အမှတ်(၁၂) ဆရာတော်တို့၏ မိန့်ဆိုရှင်းပြချက်ကို တင်ပြလျှောက်ထားလိုပါသည်ဘုရား။ ထိုသို့ လျှောက်ထားသော်လည်း ဤနေရာ၌ လိုအပ်သောမိန့်ဆိုရှင်းလင်းချက်တို့ကိုသာ တင်ပြ လျှောက်ထားပါမည်ဘုရား။ ဆရာတော်တို့က -

"ဥပါဒါနက္ခန္ဓာ၏ သဘောကိုအောက်ပါအတိုင်း ဖွင့်ဆိုတော်မူကြလေသည်။

ဥပါဒါနက္ခန္ဓာတိ ဥပါဒါနဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ မဇ္ဈေ ပဒလောပေါ ဒဋ္ဌဗ္ဗော။ ဥပါဒါနသမ္ဘူတာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ တိဏဂ္ဂိ ထုသဂ္ဂိ။ ဥပါဒါနဝိဓေယျာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ရာဇပုရိသော။ ဥပါဒါနပ္ပဘဝါ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ပုပ္ဖရုက္ခော ဖလရုက္ခော။ (ပဋိသံ၊ ၄၊ ၁၊ ၁၀၂။ စူဠနိ၊ ၄၊ ၈၀)

http://www.dhammadownload.com



ဤအဋ္ဌကထာ၏ ဆိုလိုရင်းကို ဖော်ပြရလျှင် -

၁။ ဥပါဒါန်၏ အာရုံဖြစ်သော တရားတို့သည် ဥပါဒါနက္ခန္ဓာမည်၏။

၂။ ဥပါဒါန်ကြောင့် ဖြစ်ပေါ်လာသော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏။

ဥပမာ- တိဏဂ္ဂိ (မြက်မီး)၊ ထုသဂ္ဂိ (ဖွဲမီး)-တို့ကဲ့သို့တည်း။

၃။ ဥပါဒါန်သည် စီရင်အပ်သော (ဝါ) ဥပါဒါန်နှင့်စပ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏။

ဥပမာ- ရာဇပုရိသော ( မင်းချင်းယောကျာ်း)ကဲ့သို့တည်း။

၄။ ဥပါဒါန်၏ အမွန်အစ ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏။

ဥပမာ- ပုပ္ဖရုက္ခော (ပန်း၏ အမွန်အစဖြစ်သော သစ်ပင် ),

ဖလရုက္ခော ( အသီး၏ အမွန်အစဖြစ်သော သစ်ပင် )။ -

ဟူ၍ ဥပါဒါနက္ခန္ဓာ၏ သဘော(ဝါ) ဥပါဒါနက္ခန္ဓာမည်ခြင်း၏ အကြောင်းလေးပါးတို့ကို တွေ့မြင် သိရှိကြရမည် ဖြစ်ပေသည်။

အမှတ်(၂) ဖွင့်ဆိုချက်ဖြစ်သော "ဥပါဒါနသမ္ဘူတာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ တိဏဂ္ဂိ ထုသဂ္ဂိ" ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်းမှာ မြက်ကို အစွဲပြု၍ ဖြစ်သော (ဝါ) မြက်ကြောင့်ဖြစ်သော မီးသည် တိဏဂ္ဂိ (မြက်မီး)၊ ဖွဲကို အစွဲပြု၍ဖြစ်သော (ဝါ) ဖွဲကြောင့်ဖြစ်သောမီးသည် ထုသဂ္ဂိ(ဖွဲမီး) မည်သကဲ့သို့ ဥပါဒါန်ကို အစွဲပြု၍ဖြစ်သော (ဝါ) ဥပါဒါန်ကြောင့် ဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏-ဟု ဆိုလိုပေသည်။

အမှတ်(၃) ဖွင့်ဆိုချက်ဖြစ်သော "ဥပါဒါနဝိဓေယျာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ရာဇပုရိသော "ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်းမှာ ရာဇပုရိသ-မင်းချင်းယောကျာ်းသည် မင်းနှင့် ဆက်စပ်၍ရသော အမည်ဖြစ်သကဲ့သို့ (ဝါ) မင်းနှင့် ဆက်စပ်၍ မင်းချင်းယောကျာ်းကို ရာဇပုရိသဟု ခေါ်ရသကဲ့သို့ ဥပါဒါန်တို့နှင့် ဆက်စပ်နေသော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏-ဟု ဆိုလိုပေသည်။

[ ဥပါဒါနဝိဓေယျာတိ ဥပါဒါနဝိဓိ ဝုတ္တာတိ ခန္ဓာနံ တဒါယတ္တတာ ဝုတ္တာ။ ]

( ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိ - ၁၀၉ )

အမှတ်(၄) ဖွင့်ဆိုချက်ဖြစ်သော "ဥပါဒါနပ္ပဘဝါ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ပုပ္ဖရုက္ခော ဖလရုက္ခော "ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်းမှာ - အပွင့်၏ အမွန်အစသစ်ပင်ကို ပုပ္ဖရုက္ခ၊ အသီး၏ အမွန်အစသစ်ပင်ကို ဖလရုက္ခ-ဟု ဆိုရသကဲ့သို့ ဥပါဒါန်၏ အမွန်အစဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်ကုန်၏-ဟု ဆိုလိုပေသည်။

## ဘုရားရှင်၏ ခန္ဓာသည်လည်း ဥပါဒါနက္ခန္ဓာပင်

ဥပါဒါနက္ခန္ဓာဟူသည် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဖွင့်ဆိုခဲ့သည့်အတိုင်း တဏှာ,ဒိဋ္ဌိ-ဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်၍ အတိတ်ဥပါဒါန်ကြောင့် ဖြစ်လာသော လောကီခန္ဓာငါးပါးတို့ပင်တည်း။

ဥပါဒါန်တို့၏အာရုံ-ဟူရာ၌ ဥပါဒါန်ဟူသည် မိမိ၏ ဥပါဒါန်ကိုသာ ဆိုလိုသည်မဟုတ်၊ သူတစ်ပါး တို့၏ ဥပါဒါန်တို့ကိုလည်း ဆိုလိုပေသည်။ မိမိ၏ ဥပါဒါန်က မိမိ၏ လောကီခန္ဓာငါးပါးကို အာရုံပြုတွယ်တာ တပ်မက်သလို သူတစ်ပါးတို့၏ လောကီခန္ဓာငါးပါးကိုလည်း အာရုံပြု တွယ်တာတပ်မက်ပေသည်။ ထို့အတူ သူတစ်ပါးတို့၏ ဥပါဒါန်က မိမိ၏လောကီခန္ဓာငါးပါးကို အာရုံပြုတပ်မက်တွယ်တာသကဲ့သို့ သူတစ်ပါးတို့၏ လောကီခန္ဓာ ငါးပါးကိုလည်း အာရုံပြုတပ်မက်တွယ်တာတတ်ပေသည်။ ထို့ပြင်-သုံးဆယ့်တစ်ဘုံအတွင်း ဖြစ်ပေါ်လာသမျှသော လောကီခန္ဓာမှန်သမျှ အတိတ်ဘဝက ဥပါဒါန်တို့ကြောင့် ဖြစ်လာကြရသည့် ခန္ဓာများသာ ဖြစ်ပေသည်။

http://www.dhammadownload.com



ထို့ကြောင့် ဘုရားရှင်၏ လောကီခန္ဓာငါးပါးကို အာရုံပြု၍ ဆန္ဒရဟာန်း, ဝက္ကလိရဟာန်း, အမေဖြစ်သူ မာဂဏ္ဍီ, သမီးဖြစ်သူ မာဂဏ္ဍီ-စသူတို့ ချစ်ခင်တပ်မက်မှု ဖြစ်ကြသည်။ သဒ္ဓါစိတ်ဖြင့် အာရုံမပြုနိုင်ဘဲ တဏှာချစ်ဖြင့် ဘုရားရှင်ကို ချစ်ခင်ကြည်ညိုကြသူများလည်း များစွာရှိပေသည်။ ထိုသို့ချစ်ခင်ရာ တပ်မက်ရာ၌ ဘုရားရှင်၏ လောကီခန္ဓာငါးပါးသည် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောတဏှာတို့၏ တပ်မက်စွဲလမ်းရာ အာရုံပြုရာဖြစ်၍ ဘုရားရှင်၏ လောကီခန္ဓာ ငါးပါးသည် ဥပါဒါနက္ခန္ဓာသာ ဖြစ်ရသည်။

မြတ်စွာဘုရား၏ ခန္ဓာ၌ ဥပါဒါန် မရှိတော့၍ ဘုရားရှင်၏ ခန္ဓာသည် ဥပါဒါနက္ခန္ဓာ မဟုတ်၊ ခန္ဓာသာဖြစ်သည်ဟု ဟောကြားပါက- မြတ်စွာဘုရားသည် ဘုရားရှင်၏ လောကီခန္ဓာငါးပါးကိုသာ မစွဲလမ်းတော့သည် မဟုတ် အခြားအခြားသော ပုဂ္ဂိုလ်တို့၏ လောကီခန္ဓာငါးပါးတို့၌လည်း တပ်မက် စွဲလမ်းမှု မရှိတော့ပေ။ ထို့ကြောင့် အခြား ပုဂ္ဂိုလ်တို့၏ ခန္ဓာသည်လည်း (မြတ်စွာဘုရားဘက်က ကြည့်လျှင်) ဥပါဒါနက္ခန္ဓာ မဟုတ်တော့ဟု ဆိုရာရောက်ပေသည်။

ဘုရားရှင်နည်းတူ ရဟန္တာများသည်လည်း ဥပါဒါန် ကင်းသွားကြပြီဖြစ်၍ ထိုရဟန္တာများသည် အခြားပုဂ္ဂိုလ် အားလုံးတို့၏ ခန္ဓာ၌ ဥပါဒါန်စွဲလမ်းမှု မရှိသောကြောင့် (ရဟန္တာများဘက်က ကြည့်လျှင်) အခြားသူအားလုံး၏ ခန္ဓာသည်လည်း ဥပါဒါနက္ခန္ဓာ မခေါ်ရတော့ဟု အဓိပ္ပါယ် သက်ရောက်နေပေသည်။

အမှန်မှာ- ဥပါဒါန်ကင်းသူ၏ လောကီခန္ဓာငါးပါးရော၊ ဥပါဒါန်မကင်းသေးသူတို့၏ လောကီခန္ဓာ ငါးပါးတို့ပါ ဥပါဒါန်တို့၏ အာရုံနယ်ပယ်မှာ မလွတ်မြောက်နိုင်ကြဘဲ ထိုဥပါဒါန်တို့၏ အာရုံအဖြစ်သို့ ရောက်ကြ ရသောကြောင့် ဥပါဒါနက္ခန္ဓာ ချည်းသာ ဖြစ်သည် "ဟု မိန့်ဆိုရှင်းလင်းထားပါသည်ဘုရား။

( မိုးကုတ် ဝိနိစ္ဆယ၊ ၁၆၀/၅ )

ဤဆိုအပ်ခဲ့ပြီးသည်ကား စောဒကတို့၏ တင်ပြချက်တည်း။

## "ဝိနည်းခိုင်ရှိဆရာတော်များ၏ စိစစ်သုံးသပ်ချက်"

စောဒကဆရာတော်များက အထက်စောဒနာပါ အရှင်ဉာဏ-ဟောပြောရေးသားထားသော စကားရပ်များသည် ပိဋကတ်စာပေများနှင့် မညီသဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြ လျှောက်ထားကြသည် ။

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၃)စောဒနာလွှာပါ ဟောပြော ရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

## "ဥပါဒါနက္ခန္ဓဟူသည်"

ဥပါဒါနက္ခန္ဓာ-ဟူသော အသုံးအနှုန်းစကားလုံးသည် မြန်မာဘာသာသုံး ပါဠိနုသာရီစကားလုံး မြန်မာဝေါဟာရ ဖြစ်နေသည်။

ဥပ+အာဒါန+ခန္ဓ- ဟူ၍၎င်း၊ ဥပါဒါန+ခန္ဓ ဟူ၍၎င်း၊ ပုဒ် အသီးအသီးခွဲခြားပိုင်းဖြတ်၍ ဥပ+အာဒါန- ဥပါဒါန- မြဲမြန်စွာ ကပ်၍ ယူတတ်+စွဲလန်းတတ်သောတရား။ ခန္ဓ- ရုပ်+နာမ်တရား အဖို့အစု+ ရုပ်နာမ်ဓမ္မ အစုအပုံဟူ၍ အကျဉ်းအားဖြင့်မှတ်ယူရမည်။

http://www.dhammadownload.com


## "ဥပါဒါန်၏ လက္ခဏာ+ရသ+ပစ္စုပဋ္ဌာန်+ပဒဋ္ဌာန်"

**ဂဟဏလက္ခဏ**- ဖားကိုမြွေငန်း အသေဖမ်းသို့ ပြင်းထန်မြဲမြံစွာ ကပ်ယူစွဲလန်းတတ်သောကြောင့် ဥပါဒါန အမည်ရသော ဥပါဒါန်သည်- ပြင်းထန်မြဲမြံစွာ ဖမ်းယူခြင်းလက္ခဏာရှိ၏။

**အမုဉ္စနရသံ**- တဏှာ ဒိဋ္ဌိ အဘိနိဝေသ၏ အစွမ်းအားဖြင့် အာရုံကို မလွှတ်နိုင်ခြင်း အမူအရာကိစ္စရှိ၏။

**တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာန်**- တွယ်တာငြိကပ် တပ်မက်မှုတဏှာ ခိုင်မြဲသည်ဖြစ်၍ အမြင်အယူ လွဲမှားခြင်းလျှင် ဉာဏ်အားရှေ့ရှုကပ်တည် ပေါ်ထင်လာခြင်း အမူအရာပစ္စုပဋ္ဌာန်ရှိ၏။

**တဏှာပဒဋ္ဌာန်**- တဏှာတရားလျှင် နီးကပ်သောအကြောင်းရှိ၏။

[ဂဟဏလက္ခဏံ ဥပါဒါနံ၊ အမုဉ္စနရသံ၊ တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ၊ တဏှာပဒဋ္ဌာနံ။ ဝိသုဒ္ဓိ၊ဋ္ဌ ၁၊၁၆၀။]

## "ဥပါဒါန် (၄)ပါး"

ဥပါဒါန်သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်-အားဖြင့် (၄)ပါးရှိ၏။ တရားကိုယ် အားဖြင့်ကား ကာမုပါဒါန်တပါးတည်းအရ လိုချင်နှစ်သက် သာယာတပ်မက်မောတတ်သော တဏှာနှင့်၊ ကာမုပါဒါန်မှကြွင်းကျန်သော ဥပါဒါန်(၃)ပါးအရ အထင်အမြင် အယူလွဲမှားသော ဒိဋ္ဌိ-ဟူ၍ (၂)ပါးသာရှိ၏။

## "ဥပါဒါန်မည်ပုံ"

ဥပါဒိယတိ ဘုသံ ဂဏှာတီတိ ဥပါဒါနံ။ (ပဋိသံ၊ဋ္ဌ၊ ၁၊၈၄။) ဥပါဒါနန္တိ ဒဠှဂ္ဂဟဏံ၊ ဒဠှတ္တော ပနေတ္ထ ဥပသဒ္ဒေါ ဥပါယာသသ ဥပကုဋ္ဌာဒီသု ဝိယ။ (ဝိသုဒ္ဓိ၊ဋ္ဌ၊ ၁၊၂၀၃။) ဟူသော အဋ္ဌကထာပါဠ်တို့အရ ပြင်းပြင်း ထန်ထန် မြဲမြံတင်းကြပ်စွာ ကပ်ယူစွဲလန်းတတ်သောကြောင့် ဥပါဒါန်မည်ပုံကို သိမှတ်ရာ၏။

## "ဥပါဒါနက္ခန္ဓာ"

တဏှာ+ဒိဋ္ဌိတို့ဖြင့် ပြင်းထန်မြဲမြံစွာ စွဲလန်းအပ်/စွဲလန်းဘွယ်ရာဖြစ်သော ရုပ်အဖို့အစုအပုံ/ နာမ်အဖို့ အစု ဓမ္မပုဉ္ဇ ဓမ္မရာသိတို့ကို ဥပါဒါနက္ခန္ဓာဟု ခေါ်ဆိုမှတ်ယူအပ်ပေသည်။

ဥပါဒါနက္ခန္ဓာသည် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ-ဟူ၍ (၅)ပါးအပြားရှိ၏။

**ဥပါဒါနက္ခန္ဓာ**- ဥပါဒါန်တရားတို့၏ ကျက်စားရာ အာရုံဖြစ်၍ဖြစ်သော ခန္ဓာ။ ဤအနက်အဓိပ္ပါယ်ကို အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ၂၂၉-၌

> "ဥပါဒါနာနံ ဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ တေ ပန ဥပါဒါနဝိသယဘာဝေန ဂဟိတာ ရူပါဒယော ပဉ္စေဝါတိ ဝုတ္တံ 'ရူပုပါဒါနက္ခန္ဓော'တျာဒိ။"ဟူ၍လည်းကောင်း။

ပဋိသံ၊ဋ္ဌ၊ ၁၊၁၃၈-၌ "ဥပါဒါနက္ခန္ဓာတိ ဥပါဒါနဂေါစရာ ခန္ဓာ"ဟူ၍လည်းကောင်း။

အဘိ၊ဋ္ဌ၊ ၂၊၂၉-နှင့် ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ ၂၊၂၀၈-တို့၌

> "ဥပါဒါနက္ခန္ဓာတိ စေတ္ထ ဥပါဒါနဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော" ဟူ၍လည်းကောင်း။

http://www.dhammadownload.com



သာရတ္ထ-ဋီ-၁။၂၄၃-နှင့် ဝိမတိ၊ဋီ၊၁။ ၅၂-စသည်တို့၌
"ဥပါဒါနာနံ အာရမ္မဏဘူတာ ခန္ဓာ ဥပါဒါနက္ခန္ဓာ"ဟူ၍လည်းကောင်း။ ဖွင့်ဆိုသည်။

ဥပါဒါနက္ခန္ဓာ-ဥပါဒါန်၏အကြောင်းဖြစ်၍ဖြစ်ကုန်သော ခန္ဓာတို့ ဓမ္မပုဂ္ဂ ဓမ္မရာသိတို့။
ဤအနက်အဓိပ္ပါယ်ကို

ဒီ၊ဋ၊၂။၅၂-၌ "ဥပါဒါနက္ခန္ဓေသူတိ ဥပါဒါနဿ ပစ္စယဘူတေသု ခန္ဓေသု"ဟူ၍လည်းကောင်း။
ဒီ၊ဋ၊၂။၃၇၃-၌ "ဥပါဒါနဿ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနဿ ပစ္စယဘူတာ ဓမ္မပုဉ္စာ ဓမ္မရာသယောတိ အတ္ထော"ဟူ၍ကောင်း။ ဖွင့်ဆိုသည်။

ဥပါဒါနက္ခန္ဓာ- ဥပါဒါန်တို့သည် အာရုံပြုခြင်းအစရှိသည်တို့၏အစွမ်းအားဖြင့် ပြင်းထန်မြဲမြန်စွာ ကပ်ယူစွဲလန်းအပ်ကုန်သော ခန္ဓာတို့။ ဤအနက်အဓိပ္ပါယ်ကို-

ဒီ၊ဋီ၊ ၂၊၃၂၀။ မဇ္ဈိမ၊ဋီ၊ ၁၊၃၇၇-တို့၌ "ဥပါဒါနေဟိ အာရမ္မဏကရဏာဒိဝသေန ဥပါဒါတဗ္ဗာဝါ ဥပါဒါနက္ခန္ဓာ"ဟု ဖွင့်ဆိုသည်။

**ဥပါဒါနက္ခန္ဓာ-** ဥပါဒါန်တရားတို့ကြောင့် ထင်ရှားစွာဖြစ်ပေါ်လာသောခန္ဓာ၊ ဥပါဒါန်တရားတို့၏ စ၍ဖြစ်ရာဖြစ်သော ခန္ဓာ၊ ဥပါဒါန်တရားတို့ကို ဖြစ်ပေါ်စေတတ်သောခန္ဓာ။ ဤအနက်အဓိပ္ပါယ်ကို

ခုဒ္ဒကာ၊ဋ၊ ၆၈-၌ "ဥပါဒါန ဇနိတာ ဥပါဒါနဇနကာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ။ ယံ ကိဉ္စိ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏဉ္စ သာသဝံ ဥပါဒါနိယာ၊ တေသမေတံ အဓိဝစနံ"ဟု ဖွင့်ဆိုသည်။

ဤသို့ အသီးအသီး ဖွင့်ဆိုထားတော်မူကြသည့် အားလျော်စွာ ပရိယတ္တိကျမ်းဂန် ဓမ္မပေတန်တို့ဖြင့် ထောက်ဆတိုင်းတာ စိစစ်ကြည့်ရှု လေ့လာပါက ဥပါဒါနက္ခန္ဓာ၏ အနက်သဘောအဓိပ္ပါယ်ကို ပြီးပြည့်စုံစွာ သိရှိနားလည်မည်ဖြစ်ပေသည်။

## "ပဉ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့၏ ထူးခြားပုံ"

အာရမ္မဏိက အာသဝတရားတို့နှင့်တကွဖြစ်၍ အာသဝတရားတို့၏အာရုံဖြစ်ကုန်သော (သာသဝဓမ္မ) တေဘူမကတရား+လောကုတ္တရာတရားတွေ၊ အာရမ္မဏိက အာသဝတရားတို့ မရှိသည် ဖြစ်၍ အာသဝတရားတို့၏ အာရုံမဟုတ်ကုန်သော (အနာသဝဓမ္မ) တေဘူမကတရား+ လောကုတ္တရာ တရားတွေကို အားလုံးစုံကုန်သော ရုပ္ပနစသား သာမညလက္ခဏာအားဖြင့် သဘောတူရာ ရုပ်အစရှိ ကုန်သော တရားတို့ကို ပညာဖြင့် တပေါင်းတည်း ပြု၍ ကောင်းစွာသိမ်းကျုံးယူဘို့ရာ သာသဝဓမ္မ အနာသဝဓမ္မဟု အထူးမပြုဘဲ "ပဉ္စက္ခန္ဓာ"ဟူ၍ မြတ်စွာဘုရားက ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။

အာရမ္မဏိက အာသဝတရားတို့နှင့်တကွဖြစ်၍ အာသဝတရားတို့၏အာရုံတို့သာဖြစ်ကုန်သော (သာသဝဓမ္မ) တေဘူမကတရားတွေကိုတော့ ဝိပဿနာ၏ အာရုံပြုသောအားဖြင့်ဖြစ်ရာ တေဘူမက တရားတို့ကို ကောင်းစွာကျန ထင်ရှားပြတော်မူခြင်းအကျိုးငှါ "ဥပါဒါနက္ခန္ဓာ"တို့ဟူ၍ မြတ်စွာဘုရား ဟောကြားညွှန်ပြတော် မူခဲ့ပါသည်။

ဤသို့လျှင် ခန္ဓာငါးပါးတို့၏ သာသဝဖြစ်ပုံ အနာသဝဖြစ်ပုံ၊ ဥပါဒါနက္ခန္ဓာတို့၏ သာသဝဖြစ်ပုံ (၂)ပါးစုံသော ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတို့၏အထူးကို ခွဲခြားသိအပ်ပေသည်။

http://www.dhammadownload.com



အကျဉ်းအားဖြင့်ဖော်ပြရပါမူ သာသဝဓမ္မ လောကီတေဘူမကတရားဖြစ်စေ၊ အနာသဝဓမ္မ လောကုတ္တရာ တရားဖြစ်စေ ခန္ဓာဖွဲ့၍ရစကောင်းကုန်သော တရားတွေကို အားလုံးသိမ်းကျုံး၍ ပြတော်မူခြင်း အကျိုးငှါ ခန္ဓဒေသနာကို ဟောတော်မူခဲ့ခြင်းဖြစ်ပြီး ဝိပဿနာကမ္မဋ္ဌာန်းတရား စီးဖြန်း ရှုမှတ်ရာအခါဝယ် လောကုတ္တရာခန္ဓာ တရားများကို မစီးဖြန်း မရှုမှတ် မပွားများရဘဲ လောကီခန္ဓာ တေဘူမကတရားတို့ကိုသာ အာရုံပြုကာ စီးဖြန်းရှုမှတ် ပွားများရမည်ဖြစ်သောကြောင့် ဝိပဿနာဘူမိအဖြစ် ရည်မျှော်၍ လောကီသက်သက် ဥပါဒါနက္ခန္ဓဒေသနာကို ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။

ဖော်ပြပါစကားရပ်၏ သာကေပါဠိကို အဘိဓမ္မဟ္ထဝိဘာဝိနီဋီကာ၊နှာ၊ ၂၂၉-၌

"ဥပါဒါနာနံ ဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ တေ ပန ဥပါဒါနဝိသယဘာဝေန ဂဟိတာ ရူပါဒယော ပဉ္စေဝါတိ ဝုတ္တံ "ရူပုပါဒါနက္ခန္ဓော" တျာဒိ။ သဗ္ဗသဘာဝဓမ္မသင်္ဂဟတ္ထံ ဟိ သာသဝါ, အနာသဝါပိ ဓမ္မာ အဝိသေသတော "ပဉ္စက္ခန္ဓာ"တိ ဒေသိတာ။ ဝိပဿနာ-ဘူမိသန္ဒဿနတ္ထံ ပန သာသဝါဝ "ဥပါဒါနက္ခန္ဓာ"တိ။ ဟူ၍ ဖွင့်ဆိုထားပေသည်။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ အတ္တဒီပဝဂ်၊ ခန္ဓသုတ်၌လည်း

"ပဉ္စ ဘိက္ခဝေ ခန္ဓေ ဒေသေဿာမိ ပဉ္စုပါဒါနက္ခန္ဓေ စ တံ သုဏာထ။ ကတမေ စ ဘိက္ခဝေ ပဉ္စက္ခန္ဓာ၊ ယံကိဉ္စိ ဘိက္ခဝေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ အယံ ဝုစ္စတိ ရူပက္ခန္ဓော ။ပ။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဉ္စက္ခန္ဓာ။ ကတမေ စ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာ၊ ယံကိဉ္စိ ဘိက္ခဝေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ ။ပ။ ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ၊ အယံ ဝုစ္စတိ ရူပုပါဒါနက္ခန္ဓော ။ပ။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာတိ-

ဟူ၍ ဘုရားရှင်ဟောတော်မူထားသဖြင့် ပဉ္စက္ခန္ဓာနှင့် ပဉ္စုပါဒါနက္ခန္ဓာ တို့တွင် ပဉ္စက္ခန္ဓဒေသနာ၌ သာသဝဟူသောဝိသေသနပုဒ်မပါဘဲ ပဉ္စုပါဒါနက္ခန္ဓဒေသနာ၌ သာသဝံ+ဥပါဒါနိယံ ဟူသော ဝိသေသန(၂)ပုဒ် ပါဝင်နေသည်ကို သတိပြု၍ ပဉ္စက္ခန္ဓာနှင့် ပဉ္စုပါဒါနက္ခန္ဓာတို့၏ အနာသဝဖြစ်ပုံ သာသဝဖြစ်ပုံတို့ကို သိမှတ်ရပေမည်။

## "အားလုံးဟာ ဥပါဒါနက္ခန္ဓာ"

(က) ဥပါဒါန်တို့၏ ကျက်စားရာအာရုံဖြစ်ကုန်သော

(ခ) ဥပါဒါန်တို့ကြောင့် ထင်ရှားစွာဖြစ်ကုန်သော

(ဂ) ဥပါဒါန်တို့သည် စီရင်အပ်ကုန်သော

(ဃ) ဥပါဒါန်တို့၏ စ၍ဖြစ်ရာ အစအမွန်ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာတို့ မည်ကုန်၏။

ထို့ကြောင့် မသိအပ်သောအစရှိသော သိအပ်သောအစမရှိသော အစမထင်သော သံသရာ ခရီးသည် (၃၁)ဘုံသားတို့၏ ဇာတိအစ ခန္ဓာမှန်သမျှတို့သည် မကင်းမကွာသေးကုန်သော ဥပါဒါန်တရား တို့ကြောင့်သာ ဖြစ်ပေါ်ကြရသဖြင့် ဥပါဒါနက္ခန္ဓာတို့ချည်းသာဖြစ်ကုန်၏။

ဒုဝိဓာ ဟိ နိဗ္ဗာနဓာတု သဉပါဒိသေသာ စ အနုပါဒိသေသာ စ။ တတ္ထ ဥပါဒီယတေ "အဟံ မမာ"တိ ဘုသံ ဂဏှီယတီတိ ဥပါဒိ၊ ခန္ဓပဉ္စကဿေတံ အဓိဝစနံ။ ဥပါဒိယေဝ သေသော အဝသိဋ္ဌောတိ ဥပါဒိသေသော၊ သဟ ဥပါဒိသေသေန ဝတ္တတီတိ သဉပါဒိသေသာ။ နတ္ထေတ္ထ ဥပါဒိသေသောတိ အနုပါဒိသေသာ။ [ပဋိသံ၊ဋ၊ ၁၊၂၉၀။] အရ

http://www.dhammadownload.com


နိဗ္ဗာနဓာတ်သည် သဉပါဒိသေသနိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ နှစ်မျိုးနှစ်စား နှစ်ပါးအပြားရှိ၏၊ ထို (၂)မျိုးတို့တွင် "ငါ+ငါ့ဉစ္စာ"ဟု ပြင်းထန်မြဲမြံစွာ စွဲလမ်းကပ်ယူအပ်သောကြောင့် ဉပါဒိ-မည်၏၊ ဉပါဒိ-ဟူသည် ခန္ဓာငါးပါးအပေါင်း၏ အမည်ပညတ်ဖြစ်၏၊ ငါ+ငါ့ဉစ္စာဟု ပြင်းထန်မြဲမြံစွာ စွဲလန်းကပ်ယူအပ်သည့် ခန္ဓာငါးပါးအပေါင်းဟူသော ဉပါဒိသည်သာ ကြွင်းကျန်သောကြောင့် သဉပါဒိသေသ မည်၏၊ ယင်းဉပါဒိသေသနှင့်တကွဖြစ်တတ်သောကြောင့် သဉပါဒိသေသနိဗ္ဗာနဓာတ်ဟု ခေါ်၏၊ ယင်းဉပါဒိသေသ မရှိလျှင် အနုပါဒိသေသခေါ်၏။

ဒီဃာသဝဿ ယာဝတာယုကံ ဌတွာ ဥပါဒိဏ္ဏကက္ခန္ဓဘေဒေန အနုပါဒိ-သေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတဿ မဟာဝစ္ဆဥပသမော ဒဠှဗ္ဗော။ သံ၊ဋ္ဌ၊ ၂၇၇။

အရ-အာသဝကုန်ကွာ ရဟန္တာပုဂ္ဂိုလ်သည် အသက် တော်ရှည်သမျှ တည်နေပြီး၍ ဉပါဒါန်တို့သည် ပြင်းထန်စွာစွဲလန်းကပ်ယူအပ်သော ဥပါဒိဏ္ဏကခန္ဓာတို့ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းကြောင့် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ကြီးစွာသော သံသရာဝဋ်၏ ငြိမ်းအေးတော်မူခြင်းကို ဉာဏ်ဖြင့်ကပ်၍ ရှုမှတ်အပ်၏။

## " ခြုံငုံ သုံးသပ်ချက် "

အနမတဂ္ဂ သံသရာခရီးသွား (၃၁)ဘုံသားတို့သည် အဝိဇ္ဇာအရင်းခံသည့် ဉပါဒါန်တရားတို့၏ အစီအမံ အာရုံအကြောင်းတို့ကြောင့်ဖြစ်ပေါ်လာသော လောကီခန္ဓာ(၅)ပါးဖြင့် ကျင်လည်ကျက်စား ဖြစ်ပျက်သွားလာနေကြခြင်းဖြစ်သည်၊ တရားအလုပ် အားထုတ်သော်လည်း မချုပ်မငြိမ်းသေးသောဉပါဒါန်က မိမိ သူတပါး နှစ်ဦးသားတို့၏ ခန္ဓာငါးပါးကို အာရုံပြုကာ တွယ်တာတပ်မက် နှစ်သက်တတ်ပေသည်။ ဘုရားရှင်နှင့် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ် အစဉ်သန္တာန်၌ မိမိ သူတပါး နှစ်ဦးသားတို့၏ ခန္ဓာငါးပါးအပေါ်၌ တွယ်တာတပ်မက်တတ် စွဲလန်းတတ်သော တဏှာ ဉပါဒါန်တရားတို့ ချုပ်ငြိမ်းလေပြီးဖြစ်သော်လည်း ဉပါဒါန်ကြောင့် ဖြစ်ပေါ်ရရှိလာသော မူလခန္ဓာသဏ္ဍာန် အကြွင်းအကျန်ရှိနေသေးရာ ဘုရား+ရဟန္တာပုဂ္ဂိုလ်တို့မှာ ကိလေသပရိနိဗ္ဗာန်ပြုပြီးသော်လည်း ခန္ဓပရိနိဗ္ဗာန် မပြုရသေးသဖြင့်လည်းကောင်း သဉပါဒိသေသပရိနိဗ္ဗာန်ပြုပြီးသော်လည်း အနုပါဒိသေသပရိနိဗ္ဗာန် မပြုရသေးသဖြင့်လည်းကောင်း "ငါ+ငါ့ဉစ္စာ"ဟု ပြင်းထန်စွာကပ်ယူစွဲလန်းအပ်သော ဉပါဒါန်ကြောင့် ဖြစ်ပေါ်ရရှိလာခဲ့သည့် ဉပါဒိမည်သော ခန္ဓာအကြွင်းအကျန် ရှိနေသောကြောင့် မူလဘူတ ဉပါဒါနက္ခန္ဓာ မရှိတော့ဟု သာမညအတွေးအထင်, ကြားဘူးနားဝ အသိအမြင်ဖြင့် မပြောမဟောသင့်ပေ၊ ယင်းသို့ သာမညအတွေးအထင်, ကြားဘူးနားဝ အသိအမြင်ဖြင့် ဆရာကြီးလုပ်၍ပြောသမျှ ဒုရက္ခာတမေ့ဖြစ်၍ နာယူမှတ်သား လက်ခံကျင့်သုံးသူများသည်လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်မှန်းမသိ ဖြစ်သွားနိုင်ပါသည်။

"ပရတောပိ ဃောသော ဒိဋ္ဌိဋ္ဌာနန္တိ ဒုရက္ခာတဓမ္မဿဝနေန ဒိဋ္ဌိဥပ္ပတ္တိတော "ဒွေ မေ ဘိက္ခဝေ ပေတူ ဒွေ ပစ္စယာ မိစ္ဆာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတော စ ဃောသော အယောနိသော စ မနသိကာရောတိ" ဝစနတော စ ပရတော ဃောသော မိစ္ဆာဒိဋ္ဌိကတော မိစ္ဆာဒိဋ္ဌိသညုတ္တကထာ ဒိဋ္ဌီနံ ကာရဏံ။" [ပဋိသံ၊ဋ္ဌ၊ ၂၄၅။]

မကောင်းမွန် မမှန်မကန် တွေးခေါ်ကြံဆ ဟောပြအပ်သောတရားကို ကြားနာရခြင်းဖြင့် လွဲမှားသော အမြင်အယူဒိဋ္ဌိ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း သူတပါးပြောစကား နားယောင်ခြင်းနှင့် မသင့်မလျော် မမှန်မကန် နှလုံးသွင်းခြင်းတို့သည် မိစ္ဆာဒိဋ္ဌိဖြစ်ဖို့ရာ အကြောင်း+အထောက်အပံ့ နှစ်မျိုးတို့ပေတည်းဟု

http://www.dhammadownload.com



မြတ်စွာဘုရား ဟောတော်မူခြင်းကြောင့်လည်းကောင်း သူတပါးစကား နားယောင်ခြင်းသည် မိစ္ဆာဒိဋ္ဌိ ဖြစ်အောင်ပြုနိုင်ပြီး မိစ္ဆာဒိဋ္ဌိနှင့် စပ်ယှဉ် နှီးနွယ်သောစကားသည် နားထောင်သူတို့အတွက် အမြင်အယူအဆ လွဲမှားခြင်းတို့၏ အကြောင်းဖြစ်သည် ဟူသော ဗုဒ္ဓအလိုကျ အဋ္ဌကထာကျမ်းလာ စကားအရ ထင်မိထင်ရာ မှန်စွာမသိ အတ္တနောမတိဖြင့် မကြည့်ကျမ်းဂန် အယူသန်လျက် ထင်ရှားစေနိ မဟုတ်မမှန်သော အဓမ္မစကားကို ပြောလေ့ရှိသူတို့၏ ဟောတရား ပြောစကားများသည် နားထောင်ကြသူ ဉာဏ်နုသူတို့အတွက် မျက်စိလည်လမ်းမှား၍ မိစ္ဆာဒိဋ္ဌိများ ဖြစ်သွားနိုင်ဘွယ်ရာရှိပါတော့သည်။

ဥပါဒါန် ကင်းသူ၏ လောကီခန္ဓာငါးပါးရော၊ ဥပါဒါန်မကင်းသေးသူတို့၏ လောကီခန္ဓာ ငါးပါးတို့ပါ ဥပါဒါန်တို့၏ အာရုံနယ်ပယ်မှ မလွတ်မြောက်နိုင်ကြဘဲ ထိုဥပါဒါန်တို့၏ အာရုံအဖြစ်သို့ ရောက်ကြ ရသောကြောင့် ဥပါဒါနက္ခန္ဓာ ချည်းသာ ဖြစ်၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂၃)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်၏ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက စိစစ်သုံးသပ် တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂၃)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၂၄)စောဒနာလွှာ၌ စိစစ်ဆုံးဖြတ်ချက်

မိုးပြာကျောင်းမှ ပေးစာများ၊ ၂၉၈၊၂၉၉၊၃၀၀၊တို့၌ မိုးပြာရှင်ဉာဏ ဟောပြောရေးသားသော-

"တကယ်တော့ ဗောဓိသတ္တကို ဘုရားလောင်းလို့ပြန်တာကို စဉ်းစားရမှာဖြစ်ပါတယ်။ သည် ဗောဓိသတ္တ ဆိုတဲ့ စကားဟာ ပါဠိဇာတ်မှာ ပါတာမဟုတ်ပါဘူး။ ဇာတ်အဋ္ဌကထာမှာသာ ပါတာ ဖြစ်ပါတယ်။ ဒါလည်း တစ်ချက်စဉ်းစားရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ဗောဓိသတ္တကို ဘုရားလောင်းလို့ ပြန်တာကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။" မိုးပြာကျောင်းမှ ပေးစာများ။ ၂၉၈။

"ဆိုလိုတာက ဇာတ်ထဲမှာပါတဲ့ ဘုရားလောင်းဆိုတာ **တကယ့်ဘုရားလောင်းဖြစ်ကြောင်း ဘုရား ဟောခဲ့တာ မဟုတ်ဘူးဆိုတဲ့** အကြောင်းပါပဲ။ သည်တော့ **ဇာတ်ထဲက ဘုရားလောင်းကြောင့် ဇာတ်က-ပြတဲ့ ဒဿနဖြစ်တဲ့ ရှေ့နောက်ဘဝတွေဆိုတာ မမှန်ကန်ဘူး ဆိုတာ**ပါပဲ။

နောက်တစ်ချက်ဖြစ်တဲ့ ဗောဓိသတ္တကို မြန်မာပြန်ချက် ပြောပါတယ်။ ဗောဓိသတ္တကို ဘုရားလောင်းလို့ မြန်မာပြန်ပါတယ်။ တကယ်တွေ့တော့ 'ဗောဓိသတ္တ'-ဟာ 'ဗောဓိသတ္တ'-ပါပဲ။ **'ဗောဓိသတ္တ'-ဆိုတာ ဗမာလိုတော့ 'ဗောဓိသတ္တဝါ'-ဖြစ်ပါတယ်။** ဗောဓိသတ္တဝါဆိုတာ 'ဗောဓိလို့ဆိုရတဲ့ အသိဉာဏ် ရှိတဲ့ အကောင်'-လို့ အဓိပ္ပါယ်ရှိ ပါတယ်။ ဇာတ်ထဲမှာ အကောင်ပလောင်တွေ အမျိုးမျိုးပါဝင်ပါတယ်။ အဲသည် သတ္တဝါဖြစ်တဲ့ အကောင် ပလောင် အမျိုးမျိုးဟာ ဗောဓိဉာဏ်ရ အကောင်ပလောင်သတ္တဝါတွေ ဖြစ်ကြပါတယ်။ "

မိုးပြာကျောင်းမှ ပေးစာများ။ ၂၉၉။

"ဇာတ်ထဲက တိရစ္ဆာန်ဟာ တိရစ္ဆာန်က ပေါက်ဖွားတဲ့ တိရစ္ဆာန်မဟုတ်ဘဲ **ဇာတ်ဆရာ ဖန်ဆင်းထား ခံရတဲ့ တိရစ္ဆာန်**သာ ဖြစ်ပါတယ်။ သည်တော့ သည်တိရစ္ဆာန်ဟာ သူ့ကိုဖန်ဆင်းတဲ့ မိခင်ရဲ့ စရိုက်တွေ ပါလာရမှာ ဖြစ်ပါတယ်။ **သည်တိရစ္ဆာန်တွေကို ဖန်ဆင်းသူဟာ ဘုရားဖြစ်တော့** သည်တိရစ္ဆာန်တွေမှာ ဘုရားရဲ့ စရိုက်များ ဝင်နေခြင်း ဖြစ်ပါတယ်။ ဘုရားရဲ့ စရိုက်ဟာ ဗောဓိဉာဏ်ရှင်ရဲ့ စရိုက်ဖြစ်လို့ သည်တိရစ္ဆာန် တွေဟာ ဗောဓိဉာဏ်ရ တိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါတွေ ဖြစ်နေတာပါပဲ။ ဒါကြောင့် ဗောဓိသတ္တရဲ့ အနက်ဟာ ဘုရားအလောင်းလို့ မဟုတ်ပါဘူး။ ဗောဓိသတ္တာဖြစ်တဲ့ ဗောဓိဉာဏ်ရ သတ္တဝါသာ ဖြစ်ပါတယ်။

"ဟူသော ( မိုးပြာကျောင်းမှ ပေးစာများ။၃၀၀။)

ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

စောဒနာလွှာ၌ ပါဠိတော် အဋ္ဌကထာစကားတို့ကို ကိုးကား၍ " ဗောဓိသတ္တဆိုတာ ဘုရားအလောင်းတော် မဟုတ်၊ ဗောဓိသတ္တဝါဖြစ်တဲ့ ဗောဓိဉာဏ်ရ သတ္တဝါသာ ဖြစ်တယ်" ဟူသော မိုးပြာအရှင်ဉာဏ၏ အထက်ပါ ဟောပြောရေးသားချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com



## စောဒကတို့၏ ကိုးကား တင်ပြချက်

အရှင်ဉာဏသည် ဗောဓိသတ္တဟူသော ပုဒ်ကို ဘုရားလောင်းဟု **အဓိပ္ပါယ်မဖွင့်လိုပေ**။ ဗောဓိသတ္တကို ဘုရားလောင်းဟု အဓိပ္ပါယ်ဖွင့်သည်ကို လက်ခံလိုက်လျှင်လည်း သူ၏ **ပစ္စုပ္ပန်ကမ္မဝါဒ**ကို အမှားဟု ဆိုရာရောက်မည်။ ထို့ကြောင့် အရှင်ဉာဏက "ဗောဓိသတ္တကို ဘုရားလောင်းဟု မဆိုဘဲ ဗောဓိသတ္တဝါ၊ ဗောဓိလို့ဆိုတဲ့ အသိဉာဏ်ရှိတဲ့ အကောင်၊ ဗောဓိဉာဏ်ရ တိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါ"လို့ အဓိပ္ပါယ် ဖွင့်ဆိုထားပါကြောင်း ၎င်းတို့၏ သဘောထားကို တင်ပြကြသည်။

## "ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်"

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၃)စောဒနာလွှာပါ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို **လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။**

**မိုးပြာရှင်ဉာဏ၏ ပြောဟောရေးသားထားသော ဗောဓိသတ္တ- ဟူသောပုဒ်နှင့် ပတ်သက်၍ ဆက်စပ်သည့်စကားလုံးများသည် ဆင်ကန်းတောတိုး, ဒုတ်ထိုး အိုးပေါက်, ကမောက်ကမ, ရောက်တတ်ရာရာ အာစရိယဓမ္မအရိပ် ကင်းဆိတ်ပူလောင် တောင်တက် လိမ့်ကျ ဆောက်တည်ရာမရ လူ့ဗာလတို့၏ စကားလုံးများနှင့် တူနေသည်ဟု ဆိုရပေမည်။**

**ဗောဓိသတ္တဝါ ဗောဓိဉာဏ်ရသတ္တဝါ ဗောဓိဉာဏ်ရ အကောင်ပလောင်တွေဖြစ်ပါတယ် အစရှိသော အသုံးအနှုန်း စကားလုံးများနှင့် ရေးသား ချက်များသည် သဒ္ဓါစာတ်ခံရှိသော ကြားရသူ ဖတ်ရှုရသူ မိရိုးဖလာ** ဗုဒ္ဓဘာသာဝင်များနှင့် ကိုးကွယ်သည့်ဘာသာ မတူသော်လည်း လူ့ယဉ်ကျေးမှုကို မြတ်နိုးလိုလား တန်ဖိုးထားသူများအတွက် နားမချမ်းသာ မနှစ်မြို့ဘွယ်ရာ ဖြစ်သည့် ရိုင်းပြစော်ကား မယဉ်ကျေးသော ဖရုသဝါစာအသုံးအနှုန်း စကားလုံး စာသားများပါလားဟု အထင် သေးငြား အယုတ်အားဖြင့် ယူဆမှတ်ထင် သွားဘွယ်ရာရှိပေသည်။

## "ဗောဓိနှင့်သတ္တ အဓိပ္ပါယ"

ဗောဓိသတ္တ-ဟူသောပါဠိကို ဘုရားလောင်းဟု ရှေးယခင်ကပင် ပညာရှင်တို့က မှတ်သားလွယ်ကူအောင် ဘာသာပြန်ဆိုခဲ့ခြင်းကို နာနာဂန္ထန္တရ ပရိယတ္တိဗဟုသုတ ဉာဏ်အမြင်ရှိသူ အားလုံးက အစဉ်အဆက်လေးစား မြတ်နိုးစွာ လက်ခံအသုံးပြုခဲ့ကြပေသည်။

ဗောဓိသတ္တ-ဟူသောပုဒ်ကို ဗောဓိနှင့်သတ္တ နှစ်ပုဒ်ခွဲ၍၊

၁။ "ဗောဓီတိ- ရုက္ခောပိ မဂ္ဂေါပိ သဗ္ဗညုတညာဏမ္ပိ နိဗ္ဗာနမ္ပိ။

၂။ "က္ခေ ပန ဘဂဝတော အရဟတ္တမဂ္ဂ ဉာဏံ အဓိပ္ပေတံ။ အပရေ သဗ္ဗညုတညာဏန္တိပိ ဝဒန္တိ• [မ၊ဋ္ဌ၊၁။၅၆။]

၁။ဖြင့် (၁)ဗောဓိပင်၊ (၂)မဂ်ဉာဏ်၊ (၃)သဗ္ဗညုတဉာဏ်၊ (၄)နိဗ္ဗာန်ဟူ၍ (၄)မျိုးကို ဗောဓိသရုပ်ပြ အတ္ထုဒ္ဓါရသံဝဏ္ဏနာကို ဖွင့်ဆိုပါသည်။

၂။ဖြင့် ဤနေရာ၌ အရဟတ္တမဂ်ဉာဏ်+ သဗ္ဗညုတဉာဏ်ကို အရကောက် မှတ်ယူရမည်ဟု အရကောက်ပြ အဘိမေယျတ္ထသံဝဏ္ဏနာကို ဖွင့်ဆိုပါသည်။

http://www.dhammadownload.com



## အရဟတ္တမဂ်ချင်း စွမ်းရည်ကွာခြားချက်

အရဟတ္တမဂ်ဉာဏ်ဟုဆိုရာ၌ သာဝကတို့၏အရဟတ္တမဂ်ဉာဏ်သည် အချို့သောသာဝကအား ရိုးရိုး အရဟတ္တဖိုလ်ကိုသာ ပေးစွမ်းနိုင်၏။ အချို့သောသာဝကအား ဝိဇ္ဇာ(၃)ပါး၊ အချို့သော သာဝကအား အဘိညာဏ် (၆)ပါး၊ အချို့သောသာဝကအား ပဋိသမ္ဘိဒါ(၄)ပါး၊ အချို့သောသာဝကအား သာဝကပါရမီဉာဏ်ကို ပေးစွမ်းနိုင်၏။ အနုတ္တရဗောဓိကား မဖြစ်။ ပစ္စေကဗောဓိဟုဆိုအပ်သော အရဟတ္တမဂ်ဉာဏ်သည် ပစ္စေက ဗုဒ္ဓတို့အား ပစ္စေကဗောဓိဉာဏ်ကို ပေးစွမ်းနိုင်၏။ အနုတ္တရဗောဓိကား မဖြစ်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အရဟတ္တမဂ်ဉာဏ်သည်ကား တိုင်းပြည်သေဋ္ဌနင်း ဘုရင်မင်း၏ အဘိသိက်သည် အလုံးစုံလူမင်းစည်းစိမ်ချမ်းသာကို အစိုးရသည်၏အဖြစ်ကို ပေးစွမ်းနိုင်သကဲ့သို့ အလုံးစုံသော ဂုဏ်တော်တို့၏ ပြည့်စုံခြင်းကို ပေးစွမ်းနိုင်၏။ ဘုရားရှင်တို့၏ အရဟတ္တမဂ်ဉာဏ်သည် သဗ္ဗညုတဉာဏ ပဒဋ္ဌာန်ဖြစ်၍ အတူမထင် ကဲလွန် မွန်မြတ်သည့် အတုမဲ့ အနှိုင်းမဲ့ အနုတ္တရဗောဓိ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဖြစ်၏) ဟု မှတ်ယူအပ်၏။

### "ကျမ်းဂန်အလို ဗောဓိသတ္တ"

-ဗောဓိသတ္တောတိ ပဏ္ဍိတသတ္တော ဗုဇ္ဈနကသတ္တော။ ဗောဓိသင်္ခါတေသု ဝါ စတူသု မဂ္ဂေသု သတ္တော အာသတ္တော လဂ္ဂမာနသောတိ ဗောဓိသတ္တော။ဒီ၊ဋ္ဌ၊၂။၂၃၀။

-ယာထာဝတော ဥေယျံ ဗုဇ္ဈတီတိ ဗောဓိ၊ သော ဧဝ သတ္တယောဂတော ဗောဓိသတ္တောတိ အာဟ "ပဏ္ဍိတသတ္တော ဗုဇ္ဈနကသတ္တော"တိ။ ဒီ၊ဋီ၊၂။၁၉။

-ရူပါဒီသု သဉ္ဇတီတိ သတ္တော၊ နိစ္ဆန္ဒရာဂါပိ ရုဠှိယာ သတ္တာတိ ဝုစ္စန္တိ။ ဓာန်၊ဋီ၊ ၉၃။

အထက်ပါအဋ္ဌကထာဋီကာတို့အလို ဗောဓိသတ္တပုဒ်၏ အနက်ကို

မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိအပ်သိထိုက်သောတရားကို သိတတ်သော ကြောင့် ဗောဓိမည်၏။ ထိုဗောဓိ-သဒ္ဒါသည်ပင် ရူပါရုံစသား အာရုံများ၌ လိုလားကပ်ငြိ တတ်သောကြောင့် သတ္တ-မည်သောပုဒ်နှင့် ယှဉ်စပ်ထားခြင်းကြောင့် ဗောဓိသတ္တ-ဟူ၍ ခေါ်ဆိုရ၏။ ဒီဋီအလို

ဗောဓိသတ္တော- မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိအပ်သိထိုက်သောတရားကို သိတတ်သော သတ္တဝါ (ဝါ) ပညာရှိပုဂ္ဂိုလ်။ ကြောင်းကျိုးနှစ်တန် သဘောမှန်ကို ဧကန်မြင်သိ ပင်ကိုယ် သဘာဝဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သတ္တဝါ။ -ပဏ္ဍိတသတ္တော (ဗုဇ္ဈတီတိ ဗောဓိ၊ ဗောဓိ စ သော သတ္တော စေတိ ဗောဓိသတ္တော-ဟုပြု)

ဗောဓိသတ္တော- သစ္စာလေးပါးတရားကို သိလတ့်သော ပုဂ္ဂိုလ်သတ္တဝါ။ -ဗုဇ္ဈနကသတ္တော (ဗုဇ္ဈိဿတီတိ ဗောဓိ၊ ဗောဓိ စ သော သတ္တော စေတိ ဗောဓိသတ္တော-ဟုပြု)

ဗောဓိသတ္တော- ဗောဓိဟု ဆိုအပ်ကုန်သော ၄-ပါး ကုန်သော မဂ်တရားတို့၌ ပြင်းထန်စွာ လိုလား ငြိကပ်သော စိတ်ရှိသောသတ္တဝါ။ - ((ဗုဇ္ဈန္တီတိ ဗောဓိယော၊ ဗောဓီသု သတ္တော လဂ္ဂေါတိ ဗောဓိသတ္တော-ဟုပြု) ဟု သိမှတ်ရပါမည်။

http://www.dhammadownload.com



## "ပဏ္ဍာသ၊ သံယုတ်၊ အင်္ဂုတ္တရ၊ အဋ္ဌကထာတို့ အဆို"

ဗောဓိသတ္တပုဒ်နှင့်နှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်စာပေတို့၌ အဖွင့် များစွာတွေ့ရ၏။

ပဏ္ဍာသ-အင်္ဂုတ္တရ အဋ္ဌကထာအဆို-

**"ဗောဓိသတ္တဿေဝ သတောတိ ဗုဇ္ဈနကသတ္တဿေဝ သမ္မာသမ္ဗောဓိံ အဓိဂန္တုံ အရဟသတ္တဿေဝ သတော, ဗောဓိယာ ဝါ သတ္တဿေဝ လဂ္ဂဿေဝ သတော။ ဒီပင်္ကရဿ ဟိ ဘဂဝတော ပါဒမူလေ အဋ္ဌဓမ္မသမောဓာနေန အဘိနီဟာရသမိဒ္ဓိတော ပဘုတိ တထာဂတော ဗောဓိယာ သတ္တော လဂ္ဂေါ "ပတ္တဗ္ဗာ မယာ ဧသာ"တိ တဒဓိဂမာယ ပရက္ကမံ အမုဉ္စန္တောယေဝ အာဂတော၊ တသ္မာ ဗောဓိသတ္တောတိ ဝုစ္စတိ-(မ၊ဋ္ဌ၊၁။၁၁၇။ အံ၊ ဋ္ဌ၊ ၂၊ ၂၃၀။)** ဟူ၍ ဖွင့်ဆိုပြတော်မူထားပါသည်။

ဗောဓိသတ္တဿေဝ သတောတိ၊ ဗောဓိသတ္တဿေဝ သတော-ဟူသည်ကား။ ဗုဇ္ဈနကသတ္တဿေဝ၊ အလုံးစုံသောဉေယျဓမ်တရားကိုသိတတ်သော သဗ္ဗညုတဉာဏ်ကို ရခြင်းငှါထိုက်တန်သော သတ္တဝါသည် သာလျှင်။ ဝါ၊ ဉေယျဓမ်တရားအလုံးစုံကို သိတတ်သော သဗ္ဗညုတဉာဏ်၌ကပ်ငြိသော သတ္တဝါသည်သာလျှင်။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဓိဂန္တုံ၊ ရခြင်းငှါ။ ဝါ၊ သိခြင်းငှါ။ အရဟသတ္တဿေဝ၊ ထိုက်တန်သော သတ္တဝါသည်သာလျှင်။ သတော- သန္တဿ၊ ဖြစ်သော။ ဝါ၊ တနည်းကား။ ဗောဓိယာ၊ သဗ္ဗညုတဉာဏ်၌။ သတ္တဿေဝ+လဂ္ဂဿေဝ၊ ကပ်ငြိသည်သာလျှင်။ သတော- သန္တဿ၊ ဖြစ်သော။ မေ၊ ငါဘုရားအား။ ဝါ၊ ငါဘုရား၏။ ဧတံ- ဧသော ပရိဝိတက္ကော၊ ဤအကြံအစီတော်သည်။ အဟောသိ၊ ဖြစ်ပေါ်လာပြီ။

ဟိ၊ ထုတ်ဖော်ပြထား ရှေ့စကားသည် ထင်ရှားပုံသေ မှန်လှပေ၏။ (တနည်း) ဟိ-ယသ္မာ၊ အကြင့် ကြောင့်။ ဒီပင်္ကရဿ၊ ဒီပင်္ကရာ ဘွဲ့အမည်ရှိတော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေတော်၏အနီး၌။ ဝါ၊ ခြေတော်ရင်း၌။ အဋ္ဌဓမ္မသမော-ဓာနေန၊ လူ၏အဖြစ်ကိုရခြင်းအစရှိသည့် ရှစ်ပါးကုန်သော တရားတို့၏ စုံညီပေါင်းဆုံမိခြင်း ဖြင့်။ အဘိနီဟာရသမိဒ္ဓိတော၊ မိမိ၏စိတ်ကို သဗ္ဗညုတဉာဏ်တော်သို့ ရှေးရှု ဆောင်တော် မူခြင်း၏ ပြီးစီးပြည့်စုံတော်မူသည်မှ။ ဝါ၊ ဆုတောင်းခြင်း၏ ပြီးစီးပြည့်စုံတော်မူသည်မှ။ ဝါ၊ ဘုရားဆုကို ပန်ဆင်တော်မူခြင်း၏ ပြီးစီးပြည့်စုံတော်မူသည်မှ။ ပဘုတိ၊ စ၍။ တထာဂတော၊ ရှေးဘုရားရှင်တို့နည်းတူ ကြွလာခြင်းကောင်းတော်မူသော ငါတို့မြတ်စွာ ဘုရားသည်။ (အာဂတော-၌စပ်။) ဝါ၊ ရှေးဘုရားရှင်တို့ နည်းတူ ကြွလာခြင်းကောင်းတော် မူသော ငါတို့မြတ်စွာဘုရားကို။ (ဝုစ္စတိ-၌စပ်။) ဗောဓိယာ၊ သဗ္ဗညုတဉာဏ်တော်၌။ သတ္တော+လဂ္ဂေါ၊ ကပ်ငြိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ မယာ၊ ငါသည်။ "ဧသာ၊ ဤသဗ္ဗညုတဉာဏ် ဟူသော ဓမ္မဓာတ် သို့။ ဝါ၊ ဤသဗ္ဗညုတဉာဏ်ဟူသောဓမ္မဓာတ်ကို။ ပတ္တဗ္ဗာ၊ ရောက်အပ်၏။ ဝါ၊ ရအပ်၏။" ဣတိ၊ ဤသို့။ မနသိကတွာ၊ စိတ်၌ပြုတော်မူ၍။ ဝါ၊ နှလုံးသွင်းဆင်ခြင်တော် မူ၍။ တဒဓိဂမာယ၊ ထိုသဗ္ဗညုတဉာဏ်ဟူသော ဓမ္မဓာတ်ကို သိခြင်းငှါ။ ဝါ၊ ထိုသဗ္ဗညုတ ဉာဏ်ဟူသော ဓမ္မဓာတ်ကိုရခြင်းငှါ။ ပရက္ကမံ၊ လွန်မင်းစွာ အားထုတ်ခြင်းကို။ အမုဉ္စန္တော-ယေဝ၊ မစွန့်မလွှတ်သည်သာလျှင်။ ဟုတ္ဝာ၊ ဖြစ်၍။ အာဂတော၊ ကြွလာတော်မူပြီ။ တသ္မာ၊ ထို့ကြောင့်။ "ဗောဓိသတ္တော"တိ၊ "ဗောဓိသတ္တော"ဟူ၍။ ဝါ၊ ဘုရားအလောင်းတော် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

http://www.dhammadownload.com



ယင်းပဏ္ဏာသ အင်္ဂုတ္တရအဋ္ဌကထာတို့ အလို-
**ဗောဓိသတ္တော ဗုဇ္ဈနကသတ္တော**- သစ္စာလေးပါးတရားကို သိလတ့်သော ပုဂ္ဂိုလ်သတ္တဝါ။ -
(ဗုဇ္ဈိဿတီတိ ဗောဓိ၊ ဗောဓိ စ သော သတ္တော စေတိ ဗောဓိသတ္တော-ဟုပြု)
ဗောဓိသတ္တော- ဗောဓိဟု ဆိုအပ်ကုန်သော ၄-ပါး ကုန်သော မဂ်တရားတို့၌ ပြင်းထန်စွာ လိုလား
ငြိကပ်သော စိတ်ရှိသောသတ္တဝါ။ - (ဗုဇ္ဈန္တီတိ ဗောဓိယော၊ ဗောဓီသု သတ္တော လဂ္ဂေါတိ
ဗောဓိသတ္တော-ဟုပြု) ဟု သိမှတ်ရပါမည်။ (ဆိုပြီး အနက်နှစ်မျိုးကိုပင် ပြသည်။)

**<u>ဗောဓိသတ္တ ဗျုပ္ပတ် သုံးမျိုး</u>**

**၁။ ဗောဓိမာ သတ္တော ဗောဓိသတ္တော- အသိဉာဏ်ပညာရှိသည့် ရှုပ်စသား အာရုံများ၌ကပ်ငြိတတ်သော ယောက်ျားမြတ်ပုဂ္ဂိုလ် (ဘုရားလောင်းလျာ)၊**

**ဗောဓိသတ္တ-** (ဘုရားရှင်တို့၏ ခြေတော်ရင်း၌ သဗ္ဗညုတဘုရားဆုကို တောင်းသည်မှ စ၍ ထိုသတ္တဝါသည် ဖြူစင်သော ပညာရှိသာ ဖြစ်၍ အန္ဓဗာလသတ္တဝါ မဖြစ်နိုင်သောကြောင့်) သိတတ်သော အသိဉာဏ်ပညာရှိသော ပုဂ္ဂိုလ်။ (ဗုဇ္ဈတီတိ ဗောဓိ၊ ဗောဓိ အဿတ္ထီတိ ဗောဓိ။ ဗောဓိ စ သော သတ္တော စေတိ ဗောဓိသတ္တော-ဟုပြု)

၂။ **တနည်းကား** - ရေမျက်နှာပြင်မှ ပေါ်တက်၍တည်သော ရင့်သည့်ပဒုမ္မာကြာငုံသည် နေရောင်နှင့် တွေ့သဖြင့် အမှန်ပင်ပွင့်လတ့် ဖြစ်သည့်အတွက် ပွင့်တော့မည့် ပဒုမ္မာကြာငုံဟု ဆိုရသကဲ့သို့ ထို့အတူ သဗ္ဗညုတ ဘုရားရှင်တို့၏ အထံ၌ ဘုရားဖြစ်လတ့် ဟူသော နိယတဗျာဒိတ် ရအပ်ပြီးဖြစ်သောကြောင့်- အန္တရာယ်ကင်းစွာ ပါရမီတော်တို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူ၍-

**ဗောဓိသတ္တ-** မချွတ်ကေန် ပွင့်လတ့်(ဘုရားဖြစ်လတ္တံ့) ဖြစ်သည့် သတ္တဝါ။ (ဗုဇ္ဈိဿတီတိ ဝိကသိဿတီတိ ဗောဓိ။ ဗောဓိ စ သော သတ္တော စာတိ **ဗောဓိသတ္တော**။ ဗုဇ္ဈနကသတ္တော။)

၃။ **တနည်းကား** - မဂ်ဉာဏ်လေးပါးကို တောင့်တလျက် ဖြစ်တတ်သောကြောင့်-
**ဗောဓိသတ္တ**- မဂ်ဉာဏ်လေးပါး၌ လွန်စွာကပ်ငြိတတ်သော သတ္တဝါ။ (ဗောဓိယံ သတ္တော အာလဂ္ဂေါတိ ဗောဓိသတ္တော။)

**ဗောဓိသတ္တ=ဘုရားလောင်း**

ဗောဓိသတ္တဟူသောပါဠိသည် ဘုရားရှင်ကိုယ်တိုင် ပိဋကတ်+နိကာယ် ကျမ်းအသွယ်သွယ် တို့၌ ထုတ်ဖော်မိန့်ကြားတော်မူခဲ့သည်ကို တွေ့ရှိရသဖြင့် သာဓကတစ်ခုမျှ ထုတ်ဆောင်ပြရပေအံ့။

**ပုဗ္ဗေဝ မေ ဘိက္ခဝေ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓဿ ဗောဓိသတ္တဿေဝ သတော တေဒဟောသိ။** [သံ၊ ၁၊၂၅၁။]

ဘိက္ခဝေ၊ သံသရာဘေး ကြောက်ဘွယ်ရေကို မျှော်တွေးရှုဆင် သူတော်စင် ရဟန်းတို့။ မေ၊ ငါဘုရားသည်။ သမ္ဗောဓာ၊ လေးပါးကုန်သော အရိယမဂ် တရားတို့၌ ပိုင်းခြားထင်ထင် ကောင်းစွာ သိမြင်တတ်သော ဉာဏ်ဖြစ်ပေါ်လာသည်မှ။ ပုဗ္ဗေဝ၊ ပါရမီဖြည့်စဉ်

http://www.dhammadownload.com



ရှေးအဘို့အခါ၌ပင်လျှင်။ အနဘိသမ္ဗုဒ္ဓဿ၊ ရှေ့ရှုထိမိ မဖောက်ထွင်း မသိအပ်သေးသော (၄)ပါးကုန်သောသစ္စာတရားတို့ရှိသော။ ဝါ၊ သစ္စာ(၄)ပါး အမှန် တရားတို့ကို ရှေ့ရှုဖောက်ထွင်း ဉာဏ်ရောင်ဝင်းဖြင့် ထင်လင်းထိမိ ကောင်းစွာ သိတော် မမူသေးသော။ ဗောဓိ သတ္တဿေဝ၊ သစ္စာ(၄)တန် ဥဒေ ယျမဓ်ကို ကြွင်းကျန်မထင် ကုန်စင် ထိမိ သိလွှံ့သောအလောင်းတော်မြတ် ဗောဓိသတ်သည်သာလျှင်။ ဝါ၊ သစ္စာ(၄)တန် ဥဒေ ယျမဓ်ကို ကြွင်းကျန်မထင် ကုန်စင်ထိမိ သိခြင်းငှါထိုက်သော ဗောဓိလောင်းလျာသည် သာလျှင်။ ဝါ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်၌ ပြင်းထန်စွာ လိုလားငြိကပ်သော စိတ်ရှိသော ယောက်ျားမြတ်သည်သာလျှင်။ သတော၊ ဖြစ်ရစဉ်။ တနည်း- သတော သန္တဿ၊ ဖြစ်သော။ မေ၊ ငါဘုရားအား။ ဝါ၊ ငါဘုရား၏။ ဧတံ+ဧသော ပရိဝိတက္ကော၊ ဤသို့သော အကြံအစီသည်။ အဟောသိ၊ ဖြစ်ပေါ်လာပြီ။

ဤထုတ်ဆောင်ပြအပ်သော သာဓကစကားရပ်ဖြင့် ဗောဓိသတ္တ ဟူသောပါဠိသည် ဘုရားလောင်းအနက်ဟောပါဠိဖြစ်ကြောင်း ခိုင်လုံစွာသိမှတ်ရမည်။

အထက်ပါ ပါဠိအဋ္ဌကထာဋီကာစကားတို့ကို ထောက်ဆ၍ ဗောဓိသတ္တပုဒ်၏ ဘုရားလောင်းဟူသော အနက်ကို ဟောနိုင်ကြောင်း ထေရဝါဒကျမ်းများအလို မှချသိအပ် သိနိုင်ပါသည်။

## ဗောဓိသတ္တပုဒ် ဇာတကပါဠိတော်မှာ တိုက်ရိုက် ပါရှိ

(ခ) မိုးပြာရှင်ဉာဏက "ဗောဓိသတ္တဆိုတဲ့ စကားဟာ ပါဠိဇာတ်မှာ ပါတာ မဟုတ်ဘူး။ ဇာတ်အဋ္ဌကထာမှာသာ ပါတာဖြစ်ပါတယ်။ ဒါလည်း တစ်ချက် စဉ်းစားရမှာဖြစ်ပါတယ်"ဟု ဆိုထား၏။

မိုးပြာရှင်ဉာဏ၏ အထက်ပါစကားကို ကြည့်လျှင် မိုးပြာရှင်ဉာဏသည် ပိဋကတ်စာပေကို နှံ့စပ်အောင် မကြည့်ဘဲ ရမ်းကားနေသူ၊ အဋ္ဌကထာကို ပစ်ပယ်နေသူဖြစ်ကြောင်း သိရပါသည်။ ဗောဓိသတ္တဟူသော ပုဒ်ကို

= ဝိဓုရော ဗောဓိသတ္တော စ၊ ဧဝံ ဓာရေထ ဇာတကန္တိ။ (ဇာ-၁။ ၂၀၅။)

မဟာပြဟ္မာ ဗောဓိသတ္တော၊ ဧဝံ ဓာရေထ ဇာတကန္တိ။ (ဇာ-၂။ ၂၇၆။)

-ပုဗ္ဗေဝ မေ ဘိက္ခဝေ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓဿ ဗောဓိသတ္တဿေဝ သတော ဧတဒဟောသိ။ (အံ-၁။ ၂၆၁။)

-မယှံ ပိ ခေါ ဗြာဟ္မဏ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓဿ ဗောဓိသတ္တဿေဝ သတော ဧတဒဟောသိ။ (မ- ၁၊ ၂၀ )

ဒီ၊ ၂။၁၀၊၁၁။၉၁။ စသည်, မ၊၁။ ၂၀-စသည်, မ၊၃။၁၅၂၊၁၆၃၊၁၆၄-စသည်,အံ၊၁။ ၂၆၁၊၄၄၆-စသည်, အံ၊၃။၁၃၂-စသည်, သုတ္တနိ။၃၈၆-စသည်, ဇာ၊၁။ ၂၀၅-စသည်, ကထာဝတ္ထု။ ၂၁၅၊၄၅၁၊၄၅၄-စသည်, ဇာ၊၁။ ၂၀၅-စသည်, ဇာ၊၂။ ၂၇၆-စသည် ပါဠိတော် နေရာဌာနများစွာတို့၌ ဗောဓိသတ္တပုဒ်ကို တွေ့နိုင်သည်။

ထို့ကြောင့် ဗောဓိသတ္တဟူသော ပုဒ်သည် အဋ္ဌကထာတို့၌သာ ပါသည် မဟုတ်၊ ဇာတကပါဠိတော် တို့၌လည်း ပါသည်မှာ ထင်ရှားနေသည်။

http://www.dhammadownload.com


## အတိတ်ဘဝ ရှိသည်ကို ရှောင်လွှဲလို့

ဂ။ "ဇာတ်ထဲက တိရစ္ဆာန်ဟာ တိရစ္ဆာန်က ပေါက်ပွားတဲ့ တိရစ္ဆာန်မဟုတ်ဘဲ ဇာတ်ဆရာ ဖန်ဆင်းထား **ခံရတဲ့ တိရစ္ဆာန်သာ ဖြစ်ပါတယ်။** သည်တော့ သည်တိရစ္ဆာန်ဟာ သူ့ကိုဖန်ဆင်းတဲ့ မိခင်ရဲ့ စရိုက်တွေ ပါလာရမှာ ဖြစ်ပါတယ်။ **သည်တိရစ္ဆာန်တွေကို ဖန်ဆင်းသူဟာ ဘုရားဖြစ်တော့** သည်တိရစ္ဆာန်တွေမှာ ဘုရားရဲ့စရိုက်များ ဝင်နေခြင်း ဖြစ်ပါတယ်။ ဘုရားရဲ့ စရိုက်ဟာ ဗောဓိဉာဏ်ရှင်ရဲ့ စရိုက်ဖြစ်လို့ သည်တိရစ္ဆာန် တွေဟာ ဗောဓိဉာဏ်ရ တိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါတွေ ဖြစ်နေတာပါပဲ။ ဒါကြောင့် ဗောဓိသတ္တရဲ့ အနက်ဟာ ဘုရားအလောင်းလို့ မဟုတ်ပါဘူး။ ဗောဓိသတ္တဖြစ်တဲ့ ဗောဓိဉာဏ်ရ သတ္တဝါသာ ဖြစ်ပါတယ်။ (မိုးပြာကျောင်းမှ ပေးစာများ၊ ၃၀၀ )" ၌

**၁။ ဇာတ်ဆရာဖန်ဆင်းထား ခံရတဲ့ တိရစ္ဆာန်သာ ဖြစ်ပါတယ်။**

**၂။ သည်တိရစ္ဆာန်တွေကို ဖန်ဆင်းသူဟာ ဘုရားဖြစ်တော့**-ဟူသော ဤစကားနှစ်ခွန်းဖြင့် အရှင်ဉာဏသည် မြတ်စွာဘုရားကို ဇာတ်ဆရာဟု ရဲတင်းစွာ ဆိုထားသည်ကို တွေ့ရသည်။

-ဗုဒ္ဓအဝဏ္ဏဘာသန ဘုရားအား ကျေးဇူးမဲ့ကဲ့ရဲ့စကားဆိုရဲသူ ဖြစ်သည်။

-ဗုဒ္ဓအဂါရဝ အကုသိုလ်ကို ရဲရဲဝံ့ဝံ့ ဆိုရဲသူ ဖြစ်သည်။

ဘုရားဟော ပါဠိတော်၌ သူလိုရာကို ဘုရားဟောဟု ဆို၍ သူမလိုရာကို မတွေ့ဟု လည်းကောင်း၊ မူရင်းမဟုတ်ဟုလည်းကောင်း ဗုဒ္ဓဘာသာဝင်တို့ကို ယုံမှားဖြစ်အောင် ပြုနေသူ ဖြစ်သည်ဟု သုံးသပ်ကြသည်။

အထူးသဖြင့် ဇာတ်တော်လာ ဘုရားလောင်း ဖြစ်စဉ်တို့ကို လက်ခံလိုက်လျှင် ရှေ့ဘဝ နောက်ဘဝ အရှိသဘောကို လက်ခံရမည်ဖြစ်သောကြောင့် ရှေ့ဘဝ နောက်ဘဝကို ပယ်လျက် မိုးပြာရှင်ဉာဏ ကိုယ်တိုင် အသစ်တီထွင်ထားသော "ပစ္စုပ္ပန္နကမ္မဝါဒ"ကို ခိုင်မြဲစေလို၍ ဇာတကပါဠိအဋ္ဌကထာကို ပယ်ရှားသော စကားကို ဆိုနေခြင်းဖြစ်ပါသည်ဟု သုံးသပ်ရပေသည်။

## "မြွှင့် သုံးသပ်ချက်"

ဗောဓိသတ္တ-ဟူသောပါဠိသည် ဘုရားဟောပါဠိတော်များ၌ တိုက်ရိုက်ပါရှိသောပါဠိဖြစ်သည်။ ဘုရားလောင်းလျာ ပါရမီဖြည့်စဉ်ကာလက အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို မသိ မရသေးသဖြင့် ဗောဓိဉာဏ်ရပုဂ္ဂိုလ် မဖြစ်သေးသည်ကို သိသာထင်ရှားပါလျက် "ဗောဓိသတ္တဝါ ဗောဓိလို့ ဆိုရတဲ့ အသိဉာဏ်ရှိတဲ့ အကောင်, ဗောဓိဉာဏ်ရအကောင်ပလောင်"ဆိုတဲ့ စကားလုံးများသည် ဘုရားလောင်းဘဝ ဘုရားဖြစ်ပြီးသည့်ဘဝ ကာလတိုင်အောင် ရိုင်းပြစော်ကား ပြောဟောရေးသား သုံးနှုန်း ထားသော စကားလုံးစာသားများ ဖြစ်ရုံမျှမက ရှေးဘဝနောက်ဘဝမရှိလေဟန် ဗုဒ္ဓဝါဒကို ဆန့်ကျင်ကာ သာသနာဖျက်စကား စာသားများသာဖြစ်သည် ဖြစ်၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂၄)စောဒနာလွှာပါ မိုးပြာရှင်ဉာဏ၏ ဟောပြော ရေးသားထားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်၏ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက စိစစ်သုံးသပ် တော်မူကြသည်။

http://www.dhammadownload.com



## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ စောဒကပုဂ္ဂိုလ်တို့ တင်သွင်းသော အမှတ်(၂၄)စောဒနာလွှာပါ မိုးပြာအရှင်ဉာဏ၏ စောမိသတ္တနှင့်ပတ်သက်၍ ပြောဟောရေးသားထားသော ဝေါဟာရအသုံးအနှုန်း စကားလုံးစာသား များသည် ပါဠိတော်,အဋ္ဌကထာလာ ဟောမိန့်ဖွင့်ဆိုချက်များနှင့် မကိုက်ညီရုံမျှမက ရိုင်းပြ စော်ကား မသင့်လျော် မတရားသော ဟောပြောရေးသားဖြန့်ဝေခြင်းဖြစ်ရာ ထင်ရှားဧကန် ဟုတ်မှန်ကျိုးစပ်သော ဓမ္မမဟုတ် ဓမ္မ၏ဆန့်ကျင်ဘက် ပြောဟောရေးသားချက်များသာ ဖြစ်သောကြောင့် "အဓမ္မဝါဒ"ဟု နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက စိစစ်သုံးသပ် ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၂၅)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘာသာတရားကပေးသောဆုလာဘ်စာအုပ်-နှာ-၁၆-၁၇-၁၈-၂၃-၂၄-တို့၌ အရှင်ဉာဏ ဟောပြော ရေးသားထားသော-

"ခင်ဗျားတို့ ကိုးကွယ်ကြတဲ့ မြတ်စွာဘုရား။ အဲဒီမြတ်စွာဘုရားက နှစ်ပေါင်းနှစ်ထောင်နဲ့ ငါးရာကျော်လောက်က နေပြီးတော့ ပရိနိဗ္ဗာန်စံခဲ့ပြီ (ပ) ဆိုတော့ ဘယ်လိုမှ မတွေ့နိုင်တော့ပေမယ့် တကယ်လို့များ ကိုယ်က နေပြီးတော့ မသိတာ (ရှေ့ဘဝနောက်ဘဝ)ကို အစိုးမိုး မခံဘဲနဲ့ လုံးဝ ကိုယ့်အသိ တရားကိုပဲ ကိုယ်က ဦးဆောင် အဖြစ်နဲ့ ထားတော့မယ်ဆိုရင် တကယ်မြတ်စွာဘုရားလဲ တွေ့မှာလို့ ပြောချင်တယ်။ (ပ) မြတ်စွာဘုရား ဟောကြား တဲ့ တရားတော်ဆိုတာလဲပဲ နာရမှာ။ (ပ) မြတ်စွာဘုရားရဲ့ တပည့်သား သံဃာဆိုတာလဲပဲ ဧကန်ဧက သိရမှာလို့ ကျုပ်တို့က ပြောချင်တယ်"ဟု ဟောပြော ရေးသားချက်-

(ဘာသာတရားက ပေးသော ဆုလာဘ်စာအုပ်-နှာ-၁၆-၁၇)

"အဲဒီလို မြတ်စွာဘုရားနဲ့ မြတ်စွာဘုရားရဲ့ တပည့်သားတော်တွေရော မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေကိုရော သိပြီလို့ဆိုတဲ့သူကတော့ တကယ့်သာသနာတော်ကို တွေ့ပြီလို့ ဒီလို ပြောရမှာပေါ့။ အသိတရား မဟုတ်တဲ့ဟာ္တေွက အသိတရားယောင်ဆောင်ပြီးသကာလ ကိုယ့်ရှေ့မှာ ဆီးနေတာ၊ ဆို့နေတာ မခံရဘူးလို့ ဆိုလို့ရှိရင် ရတနာသုံးပါး ဘုရား တရား သံဃာကို တွေ့မယ်။ တကယ်လို့များ အသိတရားမဟုတ်တဲ့ဟာတွေက အသိတရားယောင်ဆောင်ပြီးသကာလ ကိုယ့်ရဲ့အသိရှေ့မှာ ဆီးနေတာ ဆို့နေတာ ခံရလို့ရှိရင် ဒီသူတွေဟာ ဘယ်တော့မှ ဘုရားတရားသံဃာ ရတနာသုံးပါးကို မတွေ့ရဘူး။ နေ့တိုင်းဘုရားရှိခိုး ဘုရားကို မတွေ့ရဘူး။ နေ့တိုင်းတရားအားထုတ်ချင် အားထုတ် တရားကို မတွေ့ရဘူး။ နေ့တိုင်း သံဃာကို ကိုးကွယ်ဆည်းကပ်ချင် ဆည်းကပ် နေနေ အဲဒီသူ သံဃာကို မတွေ့ရဘူး။

(၎င်းစာအုပ်-နှာ-၁၇-၁၈)

"သူ တကယ် မသိတဲ့ဟာက အသိကြီးလုပ်ပြီးသကာလ သူ့အသိဉာဏ်ရဲ့ ရှေ့ကနေပြီးတော့ ဆီးဆို့ ထားလိုက်တယ်ဆိုရင် အဲဒါကြီးက မာရ်နတ်ကြီးပဲ။ အဲဒါကြီးက ဆီးဆို့ထားလိုက်တဲ့အခါကျတော့ သူက တကယ့်ဘုရားကို မမြင်ရအောင် တကယ့်တရားကို မမြင်ရအောင် တကယ့်သံဃာကို မမြင်ရအောင် သူကလုပ်ထားတော့ **သံဃာကြီးကို ကိုယ်ထိလက်ရောက် ဆည်းကပ်နေရလဲ သူ သံဃာမှန်း မသိဘူး။ ဘုရားကို တကယ့်ကို ဖူးမြင်နေရလဲ ဘုရားမှန်းမသိဘူး။ တရားတွေကို တကယ့်ကို ကျင့်သုံးနေရလဲဘဲ တကယ့်ကို တရားမှန်းမသိဘူး။** (၎င်းစာအုပ်-စာ-၁၈။)

"မြတ်စွာဘုရားနဲ့ တွေ့တော့မယ်။ (ပ) တကယ်လို့ မသိဘဲနဲ့ သိတယ်လို့ ခံယူတာကမှ အပြစ် တင်ရင် အပြစ် မကင်းတာ။ အပြစ် ရှိတာ။ (ပ) ဟောဒီ ဘာသာတရားကို ပိတ်ဆီးထားတဲ့ အရာကြီးသာ ရှိနေရင် ဘာသာတရားဆိုတာကြီးကို လုံးဝ မမြင်စေရဘူး"ဟူသော (၎င်းစာအုပ်-၂၃-၂၄) ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

စောဒနာလွှာ၌ ပါဠိတော် အဋ္ဌကထာစကားတို့ကို ကိုးကား၍ အမှတ် (၂၅) စောဒနာပါ "ဘုရား တရား သံဃာနှင့် သာသနာတော်တို့ကို ပဋ္ဌဒွါရ+ ပဋ္ဌဝိညာဏ်တစ်ခုခုဖြင့် သိနိုင်ကြောင်း၊ ထိုသို့ သိနိုင်ခြင်းမှာ မသိတာ(ရှေ့ဘဝနောက်ဘဝ)ကို လက်မခံဘဲ တွန်းလှန်ပယ်ချနိုင်သူ-ကိုယ့်အသိတရား ကိုသာ

http://www.dhammadownload.com



ဦးဆောင်အဖြစ် ထားနိုင်သူမျိုးသာ ဖြစ်ကြောင်း"နှင့်ပတ်သက်၍ မိုးပြာ အရှင်ဉာဏ၏ ဟောပြော ရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များဖြစ်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## စောဒကတို့၏ သဘောထား တင်ပြချက်

အထက်ပါ ဟောပြောရေးသားချက်တို့ကို အကျဉ်းချုပ်လိုက်လျှင်-

"(မသိတာ၊) ရှေ့ဘဝနောက်ဘဝ အကြောင်းကို လုံးဝ လက်မခံသူ လုံးဝမသိသူသည်သာလျှင် မြတ်စွာဘုရား, တရား, သံဃာတို့ကို ဖူးရ နာရ သိရမှာ ဖြစ်သည်-ဟု ဆိုထားပါသည်။

ဗျတိရိက်ပြုလိုက်လျှင်ကား **ရှေ့ဘဝနောက်ဘ ဝအကြောင်း လုံးဝ လက်ခံသူ လုံးဝ သိနေသူ ဗုဒ္ဓဘာသာဝင်(ခေါင်းဆောင်ဆရာတော်ကြီးများနှင့် နောက်လိုက်တပည့် ရဟန်း သာမဏေ ဒကာ ဒကာမ) အားလုံးတို့သည်, မြတ်ဗုဒ္ဓကို ဖူးတွေ့ရသူများလည်း မဟုတ်ကြချေ။ တရားတော်ကို နာကြားရသူများလည်း မဟုတ်ကြချေ။ သံဃာတော်ကို သိရသူများလည်း မဟုတ်ကြချေ"**ဟု ဆိုခြင်းပင် ဖြစ်ပါသည်။

မသိတာ(ရှေ့ဘဝနောက်ဘဝ)ကို အစိုးမိုးမခံဘဲ **ရှေ့ဘဝ နောက်ဘဝ မရှိဟု လက်ခံနိုင်သူများကို ကိုယ့်အသိတရားကိုပဲ ဦးဆောင်အဖြစ်နဲ့ ထားသူဖြစ်ကြောင်း အရှင်ဉာဏက ချီးကျူးမြှောက်ပင့် ထားပါသည်။** ရှေ့ဘဝနောက်ဘဝအကြောင်းကို ပဥ္စဒွါရ+ပဥ္စဝိညာဏ်တို့ဖြင့် မသိနိုင်ခြင်းကြောင့် ရှေ့ဘဝနောက်ဘဝ မရှိကြောင်းကို လက်ခံကြရမည်ဟူ၍ အကြိမ်ကြိမ်ရေးသားထားပါသည်။

(က) ထိုရေးသားချက်အတိုင်း တိတိကျကျ မှတ်ယူရလျှင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်က ပရိနိဗ္ဗာန် ပြုတော်မူပြီးသော မြတ်ဗုဒ္ဓကို ပဥ္စဒွါရ+ပဥ္စဝိညာဏ်တို့ဖြင့် ဘယ်လိုမှ မသိနိုင်ပြီ ဖြစ်သောကြောင့် မြတ်ဗုဒ္ဓဆိုတာ မရှိဟူ၍သာ လက်ခံကြမည်ဟု ရေးသားရပေတော့မည်။ သို့ပါလျက် မြတ်ဗုဒ္ဓကို သိရမှာပဲ တွေ့ရမှာ ပဲဟု ရေးသားထားပြန်ပါသည်။ ရှေ့စကား နောက်စကား အသွားအလာ မညီတော့ပေ။ မျက်လှည့်ဆန်လှပေသည်။

ယခုအခါတွင် မြတ်ဗုဒ္ဓကို အဘယ်သို့သောသူသည် စက္ခုဒွါရ+စက္ခုဝိညာဏ်ဖြင့် တိုက်ရိုက် မြင်နိုင်အံ့နည်း။ (မမြင်နိုင်ပြီ)။ သောတဒွါရ+သောတဝိညာဏ်ဖြင့် တိုက်ရိုက်ကြားနိုင်အံ့နည်း။ (မကြားနိုင်ပြီ) ဃာနဒွါရ +ဃာနဝိညာဏ်ဖြင့် တိုက်ရိုက် သိနိုင်အံ့နည်း။ (မသိနိုင်ပြီ။) ဇိဝှါဒွါရ+ဇိဝှါဝိညာဏ်ဖြင့် တိုက်ရိုက် သိနိုင်အံ့နည်း။ (မသိနိုင်ပြီ။) ကာယဒွါရ+ကာယဝိညာဏ်ဖြင့် တိုက်ရိုက် သိနိုင်အံ့နည်း။ (မသိနိုင်ပြီ။) ဤသို့လျှင် မြတ်ဗုဒ္ဓကို မသိနိုင်ပြီ ဖြစ်ခြင်းကြောင့် မြတ်ဗုဒ္ဓကို မသိစာရင်းထဲ တည့်သွင်းပြီး အသေပိတ်ထားရမည်ဟု ဟောပြော ရေးသားသင့်သည်သာ မဟုတ်ပါလော။

သို့ဖြစ်ပါလျက် မြတ်ဗုဒ္ဓကို တွေ့ရမှာပဲဟု ဆိုလေပြီတကား။ ဤသို့ မြတ်ဗုဒ္ဓကို တွေ့ရမှာပဲဟု ဆိုလျှင် ပဥ္စဒွါရ+ပဥ္စဝိညာဏ်တို့ဖြင့် တိုက်ရိုက်မမြင်ရ, မကြားရ, မသိရသော ရှေ့ဘဝနောက်ဘဝ ကိုလည်း တွေ့ရမည် ဟုသာ ဆိုသင့်ပါသည်။ ရှေ့ဘဝနောက်ဘဝကို မသိစာရင်းထဲ ထည့်ပြီး အသေ ပိတ်ထားရမည်ဟု မဆိုသင့်ရာပေ။ အထက်ပါ အရှင်ဉာဏ၏ဆိုစကားတို့သည် ပဌာန်းပါဠိတော်လာ- "ရူပါယတန်

http://www.dhammadownload.com



စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" အစရှိသော ပါဠိတော်အရပ်ရပ်၊ အဋ္ဌကထာအရပ်ရပ်တို့နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ ဖြစ်ကြောင်း သဘောထားကို တင်ပြကြသည်။

(ခ) အနှစ်ချုပ်အားဖြင့်မူ ပဉ္စဒွါရ+ပဉ္စဝိညာဏ်တို့ဖြင့် ရှေ့ဘဝနောက်ဘဝတို့ကို သိမြင်နိုင်ခြင်း မရှိသောကြောင့် ရှေ့ဘဝ နောက်ဘဝရှိကြောင်း လက်မခံနိုင်သူ ရှင်မိုးပြာတို့၏ ပဉ္စဒွါရ+ ပဉ္စဝိညာဏ်တို့ဖြင့် သိမြင်နိုင်စရာ မရှိသောကြောင့် ဘုရား တရား သံဃာတို့ကို သိမြင်နိုင်ကြောင်း ရေးသားထားသော အဓမ္မဝါဒ စာပေများကို မြတ်ဗုဒ္ဓ ဒေသနာတော်အရပ်ရပ်နှင့် ဆန့်ကျင်လှသော အဓမ္မဝါဒသာ ဖြစ်ပါကြောင်း သဘောထားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၅)စောဒနာလွှာပါ ဟောပြော ရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

### ပဓာနကျသော ဥပနာစကား

အမှတ်(၂၅) စောဒနာလွှာ၌ စောဒကတို့တင်ပြသော အရှင်ဉာဏ၏ ဟောပြောရေးသားချက် တို့တွင်-

"တကယ်လို့များ ကိုယ်က နေပြီးတော့ မသိတာကို အစိုးမိုး မခံဘဲနဲ့ လုံးဝ ကိုယ့်အသိတရားကိုပဲ ကိုယ်က ဦးဆောင် အဖြစ်နဲ့ ထားတော့မယ်ဆိုရင် တကယ်မြတ်စွာဘုရားလဲ တွေ့မှာလို့ ပြောချင်တယ်"

"အသိတရား မဟုတ်တဲ့ဟာတွေက အသိတရားယောင် ဆောင်ပြီးသကာလ ကိုယ့်ရှေ့မှာ ဆီးနေတာ၊ ဆို့နေတာ မခံရဘူး'လို့ ဆိုလို့ရှိရင် ရတနာသုံးပါး ဘုရား တရား သံဃာကို တွေ့မယ်။"

"ဘာသာတရားကို ပိတ်ဆီးထားတဲ့ အရာကြီးသာ ရှိနေရင် ဘာသာတရားဆိုတာကြီးကို လုံးဝ မမြင်စေရဘူး" စကားရပ်တို့သည် ပဓာနကျသော စကားများဖြစ်သည်။

### ဒွါရငါးပါး ဝိညာဉ်ငါးပါး

ပဉ္စဒွါရ-ဟူသည် စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရဟူ၍ (၅)ပါးရှိ၏။

ပဉ္စဝိညာဏ်သည်လည်း စက္ခုဝိညာဏ်စသား (၅)ပါးတို့ပင်တည်း။

မျက်စိတည်းဟူသော တံခါးပေါက်ကို ဖွင့်၍ ကြည့်မြင် အပ်သော အနီးအဝေးရှိ ရုပ်အဆင်းမျိုးစုံ ရူပါရုံတို့ကို ကြည့်မြင်ရသမျှ မြင်သိစိတ် စက္ခုဝိညာဏ်ဖြင့် မြင်သိတတ်၏။

နားဝတည်းဟူသော တံခါးပေါက်ကိုဖွင့် စွင့်၍ ကြားနာအပ်သော အနီးအဝေးရှိ အသံမျိုးစုံ သဒ္ဒါရုံတို့ကို ကြားနာရသမျှ ကြားသိစိတ် သောတဝိညာဏ်ဖြင့် ကြားနာတတ် နားယောင်တတ်၏။

http://www.dhammadownload.com



အနံ့မျိုးစုံ ဂန္ဓာရုံ အရသာမျိုးစုံ ရသာရုံ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်ကား ဆိုင်ရာ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရများသို့ ထိရောက်ဆိုက်ကပ်လာမှသာ ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ဖြင့် ထိတွေ့ဆိုက်ရောက်သမျှ တို့ကို သိနိုင်ပေသည်။

## ပဉ္စဒွါရိက ပဉ္စာရုံ ပဉ္စဝိညာဏ်အားလုံးတို့သည် ပစ္စုပ္ပန်ကာလဥ္စသာ ဖြစ်နိုင်ပုံကို

"တတ္ထ စက္ခုဒွါရိက စိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဥ္စ ပစ္စုပ္ပန္နံ (ပစ္စုပ္ပန္နမေဝ)။ တထာ သောတဒွါရိကစိတ္တာဒီနမ္ပိ သဒ္ဒါဒီနိ၊ တာနိ စ ပစ္စုပ္ပန္နာနိယေဝ။"

ဤအဘိဓမ္မတ္ထသင်္ဂဟကို သင်ယူနာကြားဘူးသူဖြစ်လျှင် ဘုရား,တရား,သံဃာ,သာသနာတော် တို့ကို ပဉ္စဒွါရ+ပဉ္စဝိညာဏ် တခုခုဖြင့် သိနိုင်ကြောင်း ဟောပြောရေးသားခြင်းငှါ မဝံ့မရဲ တန်ရာ။

အတိတ်ကာလက ဘဝဖြစ်ကြောင်း ကံမျိုးစုံကြောင့် (အတိတ်အကြောင်းကံအားလျော်စွာ) ပစ္စုပ္ပန်ကာလဘဝ၌ ဖြစ်ရပြီး ပစ္စုပ္ပန်အကြောင်းကံမျိုးစုံကြောင့် အနာဂတ်ကာလဘဝဖြစ်ရသည် (အတိတ်ဘဝ+ပစ္စုပ္ပန်ဘဝ+ အနာဂတ်ဘဝဟူ၍ ကြောင်းကျိုးဆက်စပ် ဖြစ်ရသည်) ဆိုသည်ကို လက်မခံဘဲ ပယ်ရှားကာ မပြည့်စုံ မလုံလောက် မခိုင်မာသော ပစ္စုပ္ပန်ကမ္မဝါဒဖြင့် သိမ်မွေ့နက်နဲသော အဘိဓမ္မာတရားတော်ကို အခြေခံမျှ မသုံးသပ်ဘဲ အန္ဓဗာလ သာဝကတို့၏ ဆရာကြီးတစ်ဆူ ဖြစ်လို သူတို့သာ ပြောဟောရေးသား ဖြန့်ဝေရဲပေလိမ့်မည်။

## မိုးပြာအမြင် ကျမ်းဂန်နှင့် ဆန့်ကျင်

စင်စစ်အားဖြင့် မိုးပြာရှင်ဉာဏ၏ ပြောဟော ရေးသားချက်များသည် ထေရဝါဒ ပါဠိ အဋ္ဌကထာလာ စကားရပ်များနှင့် ဆန့်ကျင်လွန်းလှပေသည်။

အဘိဓမ္မာ ပဋ္ဌာန်းပါဠိတော်၌လာရှိသော -

**"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"** အစရှိသော ပါဠိတော်စကားရပ်နှင့်လည်း မကိုက်ညီဘဲ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို တွေ့ရပေသည်။

**သုဒ္ဓမနောဒွါရေ ပန ပသာဒယဋ္ဌနကိစ္စံ နတ္ထိ၊ ပကတိယာ ဒိဋ္ဌသုတဃာယိတ-သာယိတဖုဋ္ဌဝသေနေဝ တောနိ အာရမ္မဏာနိ အာပါထမာဂစ္ဆန္တိ။** အဘိ၊ဋ္ဌ၊၁။၁၁၄။

"ပန၊ မြင်အပ်ဘူးသောအာရုံစသည်တို့၏ ထင်လာပုံမှတပါး သုဒ္ဓမနောဒွါရ၌ ထင်လာပုံကို ဆိုဦးအံ့။ သုဒ္ဓမနောဒွါရေ- ပဉ္စဒွါရနှင့် မရောမယှက် သက်သက် သီးသန့် ဖြစ်သော မနောဒွါရ၌။ ပသာဒယဋ္ဌနကိစ္စံ၊ စက္ခုပသာဒစသည်ကို ထိခိုက်ခြင်းကိစ္စသည်။ နတ္ထိ၊ မရှိပေ။ ပကတိယာ၊ ဦးစွာသတ်မှတ် ပြုထားအပ်သည့် ပကတိပင်ကိုယ်သဘော အားဖြင့်။ ဒိဋ္ဌသုတဃာယိတသာယိတဖုဋ္ဌဝသေနေဝ၊ ရှေးကတွေ့မြင်အပ်ဘူးသော ရူပါရုံ, ကြားအပ်ခဲ့ဘူးသော အသံအာရုံ, နမ်းရှုအပ်ခဲ့ဘူးသော အနံ့အာရုံ, လျက်အပ်သာယာ

http://www.dhammadownload.com



အပ်ခဲ့ဘူးသော အရသာအာရုံ, တွေ့ထိအပ်ခဲ့ဘူးသော အတွေ့အထိအာရုံတို့၏ အစွမ်းကြောင့်သာလျှင်။ ဝါ၊ ရှေးက တွေ့မြင်အပ်ဘူးသော ရူပါရုံ, ကြားအပ်ခဲ့ဘူးသော အသံအာရုံ, နမ်းရှူအပ်ခဲ့ဘူးသော အနံ့အာရုံ, လျက်အပ်သာယာအပ်ခဲ့ဘူးသော အရသာအာရုံ, တွေ့ထိအပ်ခဲ့ဘူးသော အတွေ့အထိအာရုံတို့နှင့် စပ်သဖြင့်သာလျှင်။ **တောနိ အာရမ္မဏာနိ၊** အဲသည်ထိုအာရုံတို့သည်။ အာပါထံ၊ ရှေ့ရှုကျရောက် ပေါ်ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။"ဟူသော အဌသာလိနီအဌကထာ၌လာရှိသော အနွယဝါကျကို ဗျတိရေက ပြန်လှန်၍သုံးသပ်လျှင်-

ရှေးက မြင်တွေ့ကြားသိအပ်ခဲ့ဘူးကုန်သော အာရုံတို့သည်သာ ရှေ့ရှုကျရောက် ပေါ်ထင်နိုင်ကုန်သည် ဖြစ်၍ ရှေးက မမြင်တွေ့ မကြားသိအပ်ဘူးကုန်သော အာရုံတို့ သည်ကား မည်သို့မျှ မပေါ်ထင် မမြင်သိနိုင်ပါပေကုန်။

**ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော တိဋ္ဌတိ၊ ယာဝဿ ကာယော ဌဿတိ၊ တာဝ နံ ဒက္ခန္တိ ဒေဝမနုဿာ၊ ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ န နံ ဒက္ခန္တိ ဒေဝမနုဿာ။** ဒီ၊၁။၄၂။

**ဘိက္ခဝေ၊** ရဟန်းတို့။ **ဥစ္ဆိန္နဘဝနေတ္တိကော၊** အရဟတ္တမဂ်တည်းဟူသော ဓားသန်လျက်ဖြင့် အကြွင်းမဲ့ ဖြတ်အပ်ပြီးသော ဘဝတဏှာရှိသော။ တထာဂတဿ၊ ငါဘုရား၏။ ကာယော၊ ရူပကာယသည်။ တိဋ္ဌတိ၊ တည်ရှိ၏။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အဿ၊ ထို ငါဘုရား၏။ ကာယော၊ ရူပကာယသည်။ ဌဿတိ၊ တည်ရှိနေလတ္တံ့။ တာဝ၊ ထိုသို့ တည်ရှိနေသေးသမျှသော ကာလပတ်လုံး။ နံ၊ ထို ငါဘုရားကို။ ဒေဝါ ဝါ၊ နတ်တို့သည်လည်းကောင်း။ မနုဿာ ဝါ၊ လူတို့သည်လည်းကောင်း။ ဒက္ခန္တိ၊ မြင်ကြရကုန်လတ္တံ့။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည်မှ။ (တနည်း) ကာယဿ၊ ဇီဝိတိန္ဒြေ၏။ ဘေဒါ၊ ပျက်စီးသည်မှ။ ဥဒ္ဓံ၊ အထက်၌။ ဝါ၊ အထက်ဖြစ်သော နောက်ကာလ၌။ ဇီဝိတပရိယာဒါနာ၊ ဇီဝိတိန္ဒြေ၏ ပျက်စီးခြင်းကြောင့်။ နံ၊ ထို ငါဘုရားကို။ ဒေဝါ ဝါ၊ နတ်တို့သည်လည်းကောင်း။ မနုဿာ ဝါ၊ လူတို့သည်လည်းကောင်း။ န ဒက္ခန္တိ၊ မမြင်ကြရကုန်တော့လတ္တံ့။

ပါဠိတော်၌ လာရှိသော "**သေယျထာပိ ဘိက္ခဝေ**" **အစရှိသော** ဥပမာစကားရပ်၌ ဥပမာနနှင့် ဥပမေယျကို အဌကထာလာ အဖွင့်စကားကို မှီတည်၍ **အနည်းငယ် ချဲ့ပြရပါမူ** ။

ဘုရားရှင်၏ ကိုယ်တော်ကို သရက်ပင်ကဲ့သို့ မှတ်ရမည်။ သရက်ပင်ကြီး၏ အကိုင်းအခက်၌ ရှိသော အပွင့်အသီးတို့၏ အညှာကြီးကိုကား မြတ်စွာဘုရား၏ ကိုယ်တော်ကို အမှီပြု၍ ရှေ့ဘဝကာလ၌ ဖြစ်ခဲ့သော တဏှာတရားကို ရှုမြင်မှတ်သားရ ပါမည်။ အညှာကြီး၌ ဖွဲ့စပ်တည်နေသော ( ၅ )လုံးတွဲ ( ၁၂ )လုံးတွဲ (၁၈)လုံးတွဲ သရက်သီးခိုင်ကဲ့သို့ တဏှာတည်းဟူသော ဖွဲ့စပ်ရာ အညှာရှိကုန်သည်ဖြစ်၍ နောက်နောင်အခါ ဖြစ်လတ္တံ့ကုန်သော ခန္ဓာ (၅)ပါး အာယတန (၁၂)ပါး ဓာတ် (၁၈)ပါးတို့ကို ရှုမြင်မှတ်သားအပ်ကုန်၏။

**ဆက်၍ဆိုရပါမူ**- သရက်သီးအညှာ ပြတ်သွားလျှင် သရက်သီးမှည့်အားလုံးတို့သည် သရက်သီး၏ အညှာသို့သာ အစဉ်လိုက်ရကုန်သကဲ့သို့ အညှာပြတ်သည်နှင့် ပြုတ်ပြတ်ကြွေကျရသည့် နည်းတူ ဘဝခန္ဓာကို ဆောင်တတ်သည့် တဏှာတည်းဟူသော အညှာ၏ မပြုတ်မပြက်သေး (ဝါ) အရဟတ္တမဂ် ဓားသန်လျက်ဖြင့်

http://www.dhammadownload.com



မခုတ်မဖြတ်ရသေးသည့်အတွက်ကြောင့် ခန္ဓာ(၅)ပါး အာယတန (၁၂)ပါး ဓာတ်(၁၈)ပါးတို့သည် ဖြစ်နေကြရဦးမည် ဖြစ်ကုန်ရာ၏။

မိမိကိန်းရာ သတ္တဝါကို ဘဝခန္ဓာသို့ ဆောင်ပို့ပေးတတ်သော တဏှာတရားသို့ အစဉ်လိုက်ရပေကုန်၏။ ဘဝတဏှာကို အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ခုတ်ဖြတ်အပ်ပြီးပြီဆိုလျှင် အလုံးစုံကုန်သော ခန္ဓာ အာယတန ဓာတ်တို့သည်လည်း ပြတ်စဲသွားရကုန်သည်သာ ဖြစ်ပေကုန်၏။

**ဆက်၍ဆိုရပါမူ-** သရက်ပင်သည်လည်း ဖားပြုတ်၏ ကျောက်ကုန်းဆူး၌ ကိန်းအောင်းတည်ရှိသော အဆိပ်ရည် အတွေ့အထိတို့ကို အစွဲပြု၍ တရွေ့ရွေ့ အစဉ်အားဖြင့် ခြောက်သွေ့၍ သေသွားလတ်သော် "ဤအရပ်၌ ဤမည်သော သစ်ပင်ရှိခဲ့ဘူးသည်-"ဟူ၍ ပြောဆိုရရုံမျှသာ ပြောဆိုနိုင်ပြီး ထိုဒြပ်ဝတ္ထုသစ်ပင်ကိုကား တစ်စုံတစ်ယောက်ကမျှ မတွေ့မမြင်နိုင်တော့သလို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ပြီးသည်ဖြစ်၍ ထက်ဝန်းကျင်မှ ကုန်စင် ပြီးသည်၏အဖြစ်ကြောင့် တရွေ့ရွေ့ အစဉ်အားဖြင့် ခန်းခြောက် သကဲ့သို့ ဤကိုယ့်ကာယ ပျက်စီးလတ်သော် ကိုယ်ခန္ဓာ၏ ပျက်စီးပြီးသည်မှ အထက်ဖြစ်သော နောက် ကာလ၌ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ၏ ထက်ဝန်းကျင်မှ ကုန်စင်ခြင်းကြောင့် ထိုမြတ်စွာဘုရားကိုလည်း ဖြဟ္မာ နတ် လူတို့ ရှုမြင်ဖူးတွေ့ကြရတော့မည် မဟုတ်ကုန်။ **ဤကား -** အဋ္ဌကထာလာ မှတ်သားဘွယ်ရာ ဥပမာ ဥပမေယျ နှီးနှောပြပုံ အကျဉ်းတည်း။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၅၀-ကျော်က ခန္ဓပရိနိဗ္ဗာန်ပြုတော်မူပြီးသော ဘုရားရှင်ကိုလည်းကောင်း ဘုရားရှင် ကိုယ်တော်တိုင် ရွှေနှုတ်တော်မှ ထုတ်ဖော်ဟောကြားအပ်ခဲ့သော တရားအသံကိုလည်းကောင်း ထိုခေတ်က အရိယာ သံဃာတော်တို့ကိုလည်းကောင်း မည်သည့်နည်းနှင့်မျှ မဖူးတွေ့မကြားနာ မတွေ့မမြင်နိုင်ပေ။ မသိတဲ့ ရှေးဘဝ နောက်ဘဝကို လက်မခံဘဲ လုံးဝကိုယ့်အသိတရားကိုပဲ ကိုယ်က ဦးဆောင်အဖြစ်နဲ့ ထားတော့မယ်ဆိုရင်လဲ ပဋ္ဌဝါရ ပဋ္ဌဝိညာဏ်တို့ဖြင့် မမြင်မတွေ့နိုင်ပေ။

## ခြုံငုံသုံးသပ်ချက်

သို့ပါ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၅)စောဒနာလွှာပါ "ဘုရား တရား သံဃာနှင့် သာသနာတော်တို့ကို ပဋ္ဌဝါရ+ပဋ္ဌဝိညာဏ်တစ်ခုခုဖြင့် သိနိုင်ကြောင်း၊ ထိုသို့ သိနိုင်ခြင်း မှာ မသိတာ(ရှေ့ဘဝနောက်ဘဝ)ကို လက်မခံဘဲ တွန်းလှန်ပယ်ချနိုင်သူ-ကိုယ့်အသိတရားကိုသာ ဦးဆောင်အဖြစ် ထားနိုင်သူမျိုးသာ ဖြစ်ကြောင်း"နှင့်ပတ်သက်၍ ဟောပြောရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်၊အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များဖြစ်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက စိစစ်သုံးသပ်တော်မူကြပါသည်။

http://www.dhammadownload.com



## "သတိပေး နှိုးဆော်လွှာ"

ရှေးနှစ်ပေါင်း နှစ်ထောင်ငါးရာငါးဆယ်ကျော်က ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပြီးသော မြတ်စွာ ဘုရားနှင့် မြတ်စွာဘုရား၏ တရားတော်အသံ ထိုခေတ်ကသံဃာတော်နှင့် သာသနာတော်တို့ကို ပဉ္စဒွါရ+ ပဉ္စဝိညာဏ် တို့ဖြင့် ယခင်က မသိမမီသူများ ယခုအခါ မည်သို့မျှ မသိမမြင်နိုင်ပုံတို့ကို အဘိဓမ္မတ္ထ သင်္ဂဟကျမ်း အစရှိကုန်သော ကျမ်းဂန် အဋ္ဌကထာ ပါဠိတော်လာ သာဓကစကားရပ်တို့ဖြင့် မှန်ကန်စွာသိမှတ်ကြရပေမည်။

မိုးပြာရှင်ဉာဏသည် ယုတ္တိမတန် အတ္တနောမတိ သာမညဉာဏ်ဖြင့် အဘိဓမ္မာသံနောကာ မမှန်မကန် အာပေါင်အာရင်းသန်သန် ပဟေဠိဆန်သည့် အဓမ္မဝေါဟာရစကားလုံးများကိုသုံးနှုန်း၍ ယခုလက်တွေ့ ပဉ္စဒွါရ+ ပဉ္စဝိညာဏ်တို့ဖြင့် မမြင်မသိနိုင်သော ဘုရားရှင်နှင့် တရားတော်အသံ+ သံဃာတော်+ သာသနာတော်+ ရှေးဘဝ+ နောက်ဘဝတို့ကို အသေပိတ်ထား ပယ်ရှားလိုသောစိတ်ထား ရှေ့သွားပြုကာ ပြောဟောရေးသား ဖြန့်ဝေနေခြင်းဖြစ်နိုင်ပေသည်။

ယင်းသို့ ပြောဟောရေးသားဖြန့်ဝေခြင်းသည် မိမိကိုယ်တိုင် ရှေးဘဝ နောက်ဘဝ မရှိသည်ကို လက်ခံ၍ ပရိယတ္တိဗဟုသုတ ဉာဏ်မျက်လုံး ပြာနှမ်းမှုံရီ ပစ္စုပ္ပန္နကမ္မဝါဒီ အယူဝါဒအသိအမြင်ဖြင့် ဘာသာတရား လိုက်စားနာယူ ဉာဏ်နုသူတို့ကို တွေဝေစေလျက် ရှေ့နောက်နှစ်ရပ် ဘုံပြတ်ဘဝပြတ် ဥစ္ဆေဒဝါဒနယ်အတွင်းသို့ သက်ဆင်းဝင်ရောက်လာအောင် လှုပြိန်းသဘောကျ စည်းရုံးဟောပြော ရေးသားဖြန့်ဝေခြင်းဖြစ်၍ အဓမ္မဝါဒ ထွန်းကားအောင် ရဲရဲတင်းတင်း ပြုမူနေရာရောက်သည်ကို တွေ့ရှိရပေသည်။

မည်သည့်ပုဂ္ဂိုလ်က မည်သို့ပင်ဝါဒဖြန့်ပြောဟော ရေးသားဖြန့်ဝေ၍ စည်းရုံးဆွဲဆောင်စေကာမူ ဘုရားရှင်နှင့် ဂုဏ်တော်ကို ကြည်ညို၍ ဘုရားရှင်၏စစ်မှန်သောဓမ္မကို ယုံကြည်သူများသည် ဘုရားဟောဒေသနာ ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာ+ ဋီကာ ထေရဝါဒကျမ်းစာတို့၌ ဟောပြဖွင့်ဆို ထားသည့် ဓမ္မဝါဒနှင့် ဆန့်ကျင်သည့် အဓမ္မဝါဒကို ရှောင်ကြဉ်ကာ ဓမ္မကိုသာ လက်ခံကျင့်သုံးကြမည် ဖြစ်ပေသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ စောဒနာအမှတ် (၂၅)ပါ "ဘုရား တရား သံဃာနှင့် သာသနာတော်တို့ကို ပဉ္စဒွါရ+ ပဉ္စဝိညာဏ် တစ်ခုခုဖြင့် သိနိုင်ကြောင်း၊ ထိုသို့ သိနိုင်ခြင်း မှာ မသိတာ(ရှေ့ဘဝနောက်ဘဝ)ကို လက်မခံဘဲ တွန်းလှန်ပယ်ချနိုင်သူ-ကိုယ့်အသိတရားကိုသာ ဦးဆောင်အဖြစ် ထားနိုင်သူမျိုးသာ ဖြစ်ကြောင်း" နှင့်ပတ်သက်၍ မိုးပြာ အရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များဖြစ်သောကြောင့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက ယင်းဟောပြောရေးသားထားချက် များကို "အဓမ္မဝါဒ"ဖြစ်၏ဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



# အမှတ်(၂၆)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဘာသာတရားက ပေးသော ဆုလာဘ်စာအုပ်-နှာ-၂၅-၂၆-၌ မိုးပြာရှင်ဉာဏ ဟောပြော ရေးသားအပ်သော-

"ဒါဖြင့် **ဗုဒ္ဓဘာသာအလင်းရောင်က ဘာအတွက် အလင်းရောင်တုန်းလို့**ဆိုရင် (ပ) လောကကြီးမှာ သူနဲ့ ကိုယ်နဲ့ ပေါင်းရတာ။ မိနဲ့ဖနဲ့ ပေါင်းရတာ။ သားနဲ့သမီးနဲ့ ပေါင်းရတာ။ မိတ်နဲ့ဆွေနဲ့ ပေါင်းရတာ။ ပေါင်းတဲ့အခါ မှာကျတော့ တုံးကြီးလို တိုင်ကြီးလို မျက်စိနဲ့ မြင်ရတာ မဟုတ်ဘူး။ ဒီလို ပေါင်းတတ်ရဲ့လား။ ဒီလို မပေါင်းတတ်ဘူးလား။ ဒီလူဟာ ကံတွေကောင်းနေတဲ့သူမှ ဟုတ်ရဲ့လား။ ဆိုးဆိုးဆာဆာလူများလား။ ဒီသူကတော့ရော ကံတွေ ဆိုးနေတဲ့လူများလား။ ကောင်းကောင်းမွန်မွန်လူမှ ဟုတ်ရဲ့လား။ ဒါ-သိဖို့ရန်ကတော့ နေ-မီး-အလင်းရောင်တွေနဲ့ မမြင်ရဘူး။ **အနိဒဿနဏ်၊ သူက တစ်ခါတည်း မျက်စိနဲ့ မမြင်ရတဲ့အရာ။** အဲဒီလို ဖြစ်တဲ့အတွက် သူက တကယ့် ဦးနှောက်နဲ့မှ မြင်ရတာ။ အသိဉာဏ်နဲ့သာ မြင်ရတာလို့ ပြောကြစို့လေ"

(ဘာသာတရားက ပေးသော ဆုလာဘ်စာအုပ်-နှာ-၂၅-၂၆။)

"အဲဒီလိုဆိုတော့ ဒီသူ့ကို ငါဘယ်လောက်နေရာထား ပေါင်းရမလဲ။ တခြားသူကို ငါဘယ်လောက် နေရာထား ပေါင်းရမလဲဆိုတာမျိုးဟာ သူ့တန်ဖိုးတွေ သူရှိတယ်။ အဲဒီ သူ့တန်ဖိုးတွေသူ ရှိနေတဲ့ဟာကို ဒီအလင်းရောင်သာ မရလို့ရှိရင် မမြင်ရဘူး။ မြတ်စွာဘုရား ညွှန်ပြခဲ့တဲ့ **သစ္စာဓမ္မလို့ဆိုတဲ့ အလင်းရောင်သာ** မရလို့ရှိရင် မမြင်ရဘူး။ (ပ) လူမှာ အလင်းရောင်သိပ်လိုတယ်။ ဘာသာဆိုတဲ့ အလင်းရောင် သိပ်လိုတယ်"ဟူသော (၎င်းစာအုပ်-နှာ-၂၆။) ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ် ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အမှတ် (၂၆) စောဒနာလွှာ၌ စောဒကများ တင်ပြထားသော "ဒါဖြင့် ဗုဒ္ဓဘာသာအလင်းရောင်" စသော ဟောပြောရေးသားထားချက်တို့၌ ရှင်မိုးပြာတို့ သုံးနှုန်းထားသော ဝေါဟာရတို့သည် ဗုဒ္ဓဘာသာ ဝေါဟာရများကို ဖျက်ဆီးပြီး သုံးထားသော ဝေါဟာရများဖြစ်သောကြောင့် အထက်ပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်များသည် ယင်းဝေါဟာရများ ဖြစ်ပေါ်လာရာ မူရင်း ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၆)စောဒနာလွှာပါ ဟောပြော ရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

အထက်ပါ ပဓာန-ဌပနာ (၂၆)ထဲတွင် ဗုဒ္ဓဘာသာ၊ ကံကောင်းနေသူ၊ ကံဆိုးနေသူ၊ ဆိုးဆိုး ဆာဆာလူ၊ ကောင်းကောင်းမွန်မွန်လူ၊ မျက်စိနဲ့ မမြင်ရတဲ့အရာ၊ အသိဉာဏ်-ဟူသော ဝေါဟာရများ ပါရှိသည်။

http://www.dhammadownload.com



ဤဝေါဟာရများတွင် ဗုဒ္ဓဘာသာဟူသော စကားလုံးမှစ၍ ဗုဒ္ဓဘာသာဝင်တို့ အစဉ်အလာ သတ်မှတ်ထားသည့် အဓိပ္ပါယ်မျိုးကို ယူ၍ သုံးနှုန်းထားသည် မဟုတ်။ အယောင်ဆောင်ထားခြင်း၊ အနှစ်အသားကို ပစ်ထားပြီး အခွံချွတ်၍ ယူထားခြင်းမျှသာတည်း။

**ဗုဒ္ဓဘာသာ**

**"အဲဒီ သူ့တန်ဖိုးတွေသူ ရှိနေတဲ့ဟာကို ဒီအလင်းရောင်သာ မရလို့ရှိရင် မမြင်ရဘူး၊ မြတ်စွာဘုရား ညွှန်ပြခဲ့တဲ့ သစ္စာဓမ္မလို့ဆိုတဲ့ အလင်းရောင်သာ မရလို့ရှိရင် မမြင်ရဘူး။ (ပ) လူမှာ အလင်းရောင်သိပ်လိုတယ်။ ဘာသာဆိုတဲ့ အလင်းရောင် သိပ်လိုတယ်"**

မိုးပြာ၏ ယင်းစကားအလို ဗုဒ္ဓဘာသာဟူသည် **မြတ်စွာဘုရား ညွှန်ပြခဲ့တဲ့ သစ္စာဓမ္မလို့ဆိုတဲ့ အလင်းရောင်** ဖြစ်သည်။ ယင်းအလင်းရောင်ရှိမှသာ **သူ့တန်ဖိုးတွေသူ ရှိနေတဲ့ဟာကို** မြင်နိုင်သည်။

ထို့ကြောင့် ယင်းဖြင့် "ဗုဒ္ဓဘာသာအလင်းရောင်က ဘာအတွက် အလင်းရောင်တုန်း"ဟူသော စကားကို ဖြေသည်။ ဗုဒ္ဓဘာသာအလင်းရောင်က လူ့လောက ပေါင်းသင်းဆက်ဆံရေးမှာ **"သူ့တန်ဖိုးတွေသူ ရှိနေတဲ့ဟာကို မြင်နိုင်ဖို့"** အတွက် အလင်းရောင် ဖြစ်သည်။-ဟု မိုးပြာက ဆိုလိုပါသည်။

မိုးပြာရှင်ဉာဏသည် ဗုဒ္ဓဘာသာ-ဟူသော ဝေါဟာရကို **အခွံမျှကိုသာ** ယူ၍ သုံးနှုန်းထား၏။

**မှန်၏**--------

**ဗုဒ္ဓဘာသာ-ဟူသော စကားလုံးထဲမှာ** ပေါင်းသင်းရေးမျှသာ အကျုံးဝင်သည် မဟုတ်ပေ။ ပေါင်းသင်းရေးမှ စ၍ နိဗ္ဗာန် ရရေးအထိ ပါဝင်သည်။ ယခုတစ်ဘဝမျှ အရေးသာ ပါဝင်သည် မဟုတ်ပေ။ ရှေးရှေးဘဝ- ယခုဘဝတို့မှစ၍ ဘုရားရဟန္တာဖြစ်ခွင့် ရသည့် နောက်ဘဝများစွာတို့ အထိ ပါဝင်ပေသည်။ ယခုမူ မိုးပြာရှင်ဉာဏသည် ယခုတစ်ဘဝ တစ်ခဏ ပေါင်းသင်းရေးမျှကိုသာ ရည်ရွယ်၍ သုံးနှုန်းထားသောကြောင့် ဗုဒ္ဓဘာသာ-ဟူသော ဝေါဟာရကို အခွံမျှကိုသာ ယူထားခြင်း ဖြစ်ကြောင်း သိရပါသည်။

## "ဗုဒ္ဓဘာသာ အလင်းရောင် "

ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်-

ရတနာ (၃)ပါး၏ ဂုဏ်တော်များနှင့် ကံ+ကံ၏အကျိုးတရားစသည်တို့၌ မြတ်နိုးယုံကြည်မှု သဒ္ဓါတရား အထိုက်အလျောက် ရှိကြသည်အားလျော်စွာ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရာ နိဗ္ဗာန်အကျိုးငှာ လွတ်မြောက်ကြောင်းတရားတို့ကို နာယူကျင့်သုံးလျက် ရှိကြပေသည်။ ထိုပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာ အလင်းရောင်ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်ကြကုန်၍ မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးအထူး ကို ထိုက်သည်အားလျော်စွာ သိနားလည်ကြသူတို့ ဖြစ်ကြပေသည်။

**ဗုဒ္ဓစက္ခု အနုပ္ပတ္တေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။**
**တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ နနာယတိ။**

အစရှိသော ပရိဝါပါဠိတော် [ဝိ-၅၊ ၁၅၇။] ၌ လာရှိသော စကားတော်အရ-

သစ္စာဥေ ယျ ဓမ္မဉသုံ အလုံးစုံကို သိမြင်တော်မူသည်ဖြစ်၍ ဒုက္ခကြုံရှာ သတ္တဝါတို့ကို ကြင်နာ

http://www.dhammadownload.com



သနား မဟာကရုဏာတရားဖြင့် ထူးခြားစွာ အေးမြစေတော်မူတတ်သော လမင်းအသွင် ဘုရားရှင်သည် မဖြစ်ထွန်း မပေါ်ပေါက်ခဲ့သော်လည်းကောင်း၊ ပညာတန်ဆောင် အလင်းရောင်ဖြင့် မိုက်မှောင်ပယ်ခွင်း နေမင်းအလား မြတ်ဘုရားသည် မထွက်ပေါ် မတက်မလာခဲ့သော်လည်းကောင်း၊ ထိုအနိစ္စတာစသား အခြင်းအရာအားဖြင့် သဘောတူ သခ်ၤတရုပ်နာမ်တရားတို့၏ နာမပညတ်မျှသည် ထင်ရှားမည်မဟုတ်။ နာမည်ပညတ်ကိုသော်မျှ ပိုင်းခြားပိုင်ပိုင် သိအပ်နိုင်မည် မဟုတ်ပေ။

တနည်းအားဖြင့်- လောက၌ လ၏အရောင်၊ နေ၏အရောင်၊ မီး၏အရောင်၊ ပညာ၏အရောင် ဟူ၍ (၄)မျိုးရှိရာ ပညာတည်းဟူသော အရောင်အလင်းသည်သာလျှင် သစ္စာ (၄)ပါး အမှန်တရားတို့ကို မထင်ရှားအောင် ဖုံးလွှမ်းကွယ်ကာထားတတ်သော အဝိဇ္ဇာမောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်ဖျက်ဆီးတတ်သည်၏ အစွမ်းအားဖြင့် ထွန်းလင်းတောက်ပသော အရောင်အလင်းဖြစ်သော ကြောင့် လွန်ကဲထူးချွန် အမွန်မြတ်ဆုံး ဖြစ်သည်- ဟု [ အံ-၁၊ ၄၅၆ • ၄၅၇။ ] အာဘာသုတ်၊ ပဘာသုတ်၊ အာလောကသုတ်၊ ဩဘာသုတ်တို့၌ တွေ့ရှိရပေသည်။

ထို့ကြောင့် " ဗုဒ္ဓဘာသာ အလင်းရောင်က ဘာအတွက် အလင်းရောင်တုန်းလို့ ဆိုလို့ရှိရင် " ဟု တွေးတော ဆေးမောပြီး ပြော့ဆိုဘွယ် မလိုအပ်ပေ၊ **"ဗုဒ္ဓဘာသာ အလင်းရောင်သည် 'သဒ္ဓါထက်သန် အကျင့်မှန်ကို လိုလားသူတို့အား လောကီ+လောကုတ္တရာ နှစ်ဖြာကောင်းကျိုးကို ဖော်ဆောင်ညွှန်ပြ ပေးရန်အတွက်' ပေးနိုင်စွမ်းရှိသော သစ္စမဂ္ဂဒဿန အလင်းရောင်၊ ပညာအလင်းရောင်ပေတည်း"** ဟု သိမှတ်အပ်ပေသည်။

## " အကျိုးပြု မှူမှန်ပေါင်းသင်းဆက်ဆံခြင်း "

ပေါင်းသင်းဆက်ဆံရာတွင် မည်သည့်ပုဂ္ဂိုလ်မျိုးနှင့် ပေါင်းသင်းဆက်ဆံသည်ဖြစ်စေ ဆက်ဆံတတ်သောသူက မိမိ သူတစ်ပါး နှစ်ဦးသား၏ ပစ္စုပ္ပန် တမလွန် နှစ်တန်သောကောင်းကျိုးကို လိုလားရှာမှီးတတ်သူ ဖြစ်၍ ပေါင်းသင်းအပ်သော ပုဂ္ဂိုလ်သည်လည်း သူတစ်ပါး၏ လောကီလောကုတ် မယုတ်ပွားတိုး အကျိုးစီးပွားကို လိုလားသူ ဖြစ်ရမည် ဖြစ်ပေသည်။

## ' မိတ်ဆွေအစစ် (၄) ယောက် "

**အညဒတ္ထု ဟရော မိတ္တော၊ ယော စ မိတ္တော ဝစီပရော။**
**အနုပ္ပိယဉ္စ ယော အာဟ၊ အပါယေသု စ ယော သခါ။**
**ဧတေ အမိတ္တေ စတ္တာရော၊ ဣတိ ဝိညာယ ပဏ္ဍိတော။**
**အာရကာ ပရိဝဇ္ဇေယျ၊ မဂ္ဂံ ပဋိဘယံ ယထာ။** ဒီ၊၃။၁၅၂။

(၁) ယူသာယူတတ် တကယ်တုံ့ပြန် မပေးတတ်သော အညဒတ္ထုဟရ မိတ်ဆွေတု။
(၂) နှုတ်ပါးစပ်ဖြင့်သာ လောကွတ်လေမျှ ပေးတတ်သော ဝစီပရမ မိတ်ဆွေတု။
(၃) အလိုအကြိုက်လိုက်ကာ မြှောက်ပင့်ပြောဆိုတတ်သော အနုပ္ပိယဘာဏီ မိတ်ဆွေတု။
(၄) အပါယ်ရောက်ကြောင်း ပျက်စီးကြောင်းအလုပ်တို့၌ အပေါင်းအဖော်ပြုတတ်သော အပါယသဟာယ မိတ်ဆွေတု- ဟူ၍ (၄) မျိုးရှိရာ အကောင်း+အဆိုး ကြောင်း+ကျိုးမြင်သိ ပညာရှိသူသည် ဤမိတ်ဆွေအတု (၄) ယောက်တို့ကို အထူးသိနားလည်၍ ဘေးရန်ရှိသော လမ်းခရီးကို ဝေးစွာရှောင်ကြဉ် သကဲ့သို့ မဆက်မဆံ ကေန်ဝေးစွာ ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



### " မိတ်ဆွေအစစ် (၄) ယောက် "

ဥပကာရော စ ယော မိတ္တော၊ သုခေ ဒုက္ခေ စ ယော သခါ။
အတ္ထက္ခာယီ စ ယော မိတ္တော၊ ယော စ မိတ္တာနုကမ္ပကော။
ဧတေပိ မိတ္တေ စတ္တာရော၊ ဣတိ ဝိညာယ ပဏ္ဍိတော။
သက္ကစ္စံ ပယိရုပါသေယျ၊ မာတာ ပုတ္တံဝ ဩရသံ။
ပဏ္ဍိတော သီလသမ္ပန္နော၊ ဇလံ အဂ္ဂီဝ ဘာသတိ။ ဒီ၊၃။၁၅၃။

(၁) ကျေးဇူးသိတတ် ပြန်ပြုတတ်၍ ကောင်းသောစိတ်ဓာတ်ရှိသော ဥပကာရ မိတ်ဆွေစစ်။

(၂) ချမ်းသာ+ဆင်းရဲ မခွဲတူမျှ တကွဖြစ်တတ် ကောင်းသောစိတ်ဓာတ်ရှိသော သမာနသုခဒုက္ခ မိတ်ဆွေစစ်။

(၃) မကောင်းမှုရှောင်ရှား ကောင်းမှုပွားအောင် အကျိုးစီးပွားရှိသည်ကို ပြောကြားတတ်သည့် ကောင်းသောစိတ်ဓာတ်ရှိသော အတ္ထက္ခာယီ မိတ်ဆွေစစ်။

(၄) အစဉ်အားဖြင့် သနားစောင့်ရှောက်တတ်သည့် ကောင်းသောစိတ်ဓာတ်ရှိသော အနုကမ္ပက မိတ်ဆွေစစ်- ဟူ၍ မိတ်ဆွေစစ် (၄) မျိုးရှိရာ-

အကြောင်းအကျိုးမြင်သိ ပညာရှိသူသည် ဤမိတ်ဆွေစစ် (၄) ယောက်တို့ကို အထူးသိ နားလည်၍ မိခင်သည် ရင်၌ဖြစ်သော သွီးသားသို့ ချဉ်းကပ်သကဲ့သို့ ကောင်းမွန်ရိုသေစွာ ချဉ်းကပ်ရာ၏။ အကျင့်သီလနှင့် ပြည့်စုံသော ပညာရှိမိတ်ဆွေသည် တောင်ထိပ်၌ ထိန်လင်းတောက်ပသောမီးပမာ ထွန်းလင်းတောက်ပ တင့်တယ်လှပါပေ၏- ဟူသော ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် သိင်္ဂါလသုတ်၌ လာရှိသော မိတ်ဆွေတု- မိတ်ဆွေစစ်တို့ကို ရှေးဦးစွာ ခွဲခြားနားလည်၍ ထိုကျမ်းလာ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ အလုပ်ရှင်နှင့်အလုပ်သမား၊ ဆရာနှင့် ဒါယကာ။ ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာ ကျင့်ဝတ်တို့ကို မချွတ်ယွင်းစေပဲ အချုပ်အားဖြင့်

"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ" ဟူသည်နှင့်အညီ ပေါင်းသင်းဆက်ဆံ နေထိုင်ပါက ဗုဒ္ဓဘာသာ အလင်းရောင် ကျေးဇူးကို နားလည်သဘော ပေါက်နိုင်ပါသည်။

## ကံဆိုးသူ ကံကောင်းသူ

ကံဆိုးနေသူ-ဆိုးဆိုးဆာဆာလူ-ဟု သုံးရာမှာလည်း ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး မကောင်းသူများသာ အကျုံးဝင်သည်။

သို့ရာမှာလည်း "ဘုရား"စာအုပ်စသည်တို့၌ မိုးပြာဝါဒီတို့၏ အဆိုအရ ထောက်ဆကြည့်လျှင် သူတို့ ဆိုလိုသော ကံဆယ်ပါးတို့သည် မြတ်ဗုဒ္ဓဟောထားသည့် အဓိပ္ပါယ်နှင့် လုံးလုံးဆန့်ကျင်ကြောင်း သိရပါသည်။ ဥပမာပြရလျှင် လူသတ်သူသည်သာ ကာယကံမကောင်းသူ ဖြစ်သည်။ နွားဝက်စသည်တို့ကို သတ်သူသည် ကာယကံကောင်းသူ ဖြစ်သည်-စသည်မျိုးပေတည်း။ မြတ်ဗုဒ္ဓ၏ ဟောကြားချက်နှင့် ဆန့်ကျင်လှပေသည်။

http://www.dhammadownload.com



ထို့ကြောင့် ကံဆိုးနေသူ-ဆိုးဆိုးဆာဆာလူ-ဟူသော ဤစကားနှစ်လုံးကို သုံးထားခြင်းသည်လည်း ဗုဒ္ဓဘာသာ အနှစ်အသားကို လွှင့်ပစ်ပြီး ဗုဒ္ဓဘာသာ ဟန်ဆောင်၍ ဗုဒ္ဓဘာသာဝင်တို့ကို သိမ်းသွင်းရန် ဗုဒ္ဓဘာသာကို ဖျက်ဆီးရန် အရိပ်ခိုရင်း အပင်လှဲဘို့ရာ အယုံသွင်းစကားလုံးများ လက်နက်များသာ ဖြစ်ကြပါသည်။

## ကုသိုလ်တိုး အကုသိုလ်လျော့မည့်သူ ပေါင်း

ကံမကောင်းသူ ဆိုးဆိုးဆာဆာလူဖြစ်စေ, ကံကောင်းသူ ကောင်းကောင်းမွန်မွန်လူဖြစ်စေ ထိုသူ၏ သန္တာန်၌ မာယာ+သာဌေယျ+မက္ခ+ပဠာသစသည့် ပါပညစ်ဆိုး ဒုစရိုက်တရားမျိုး လျော့ပါး ကင်းစင်၍ လောကီ+လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးဖြစ်ပေါ်ပွားတိုးစေမည့် သူတော်ကောင်း တရားနှင့် မိမိစိတ်ဓာတ် ဆက်စပ်ကာ အသိဉာဏ် ရင့်သန်တိုးတက်အောင် ပေါင်းသင်းဆက်ဆံခြင်းမျိုး, သမ္မာသမ္ဗုဒ္ဓ+ပစ္စေကဗုဒ္ဓ+ဗုဒ္ဓ၏ သာဝကတို့နှင့် နီးစပ်ဆက်ဆံ နာခံမှီဝဲ ပေါင်းသင်းခြင်းမျိုးသည်သာ **အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ ▪** ဟူသော မင်္ဂလသုတ် ဒေသနာတော်အရ အသိဉာဏ်နည်း မိုက်မဲဖျင်းအ လူဗာလ (ဗာလဖြစ်ကြောင်း မကောင်းသော အပြုအမူ အကျင့်) မိတ်ဆွေတုတို့ကို ရှောင်ကြဉ်၍ အကောင်းအဆိုး အကြောင်းအကျိုးကို သိနားလည်သော ပညာရှိ (ပညာရှိဖြစ်ကြောင်း ကောင်းသောအပြုအမူ အကျင့် ) မိတ်ဆွေစစ်တို့ကို ဆည်းကပ်မှီဝဲ ပေါင်းသင်း ဆက်ဆံခြင်းမျိုးသည်သာ-

**သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။**
**သတံ သဒ္ဓမ္မ မညာယ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

ဟူသော [သံ-ပါ-၁၊ ၁၇။] ၌ လာရှိသော ဗုဒ္ဓဒေသနာတော်နှင့် လျော်ညီသော ပေါင်းသင်းဆက်ဆံခြင်းမျိုး ဖြစ်နိုင်ပါသည်။ မည်သူမဆို+မည်သူနှင့်မဆို ဒုစရိုက်အစစ်ကို ရှောင်ကြဉ်နိုင်+သုစရိုက်အစစ်ကို ဆောင်နိုင်၍ နိဗ္ဗာနဓာတ်တိုင်အောင် အကျိုးကျေးဇူး ပြုသော ပေါင်းသင်းဆက်ဆံခြင်းမျိုး ဖြစ်ရပေမည်။

## အနိဒဿနပုဒ်ကို အသုံးမှား

"ဒီလူဟာ ကံတွေကောင်းနေတဲ့သူမှ ဟုတ်ရဲ့လား။ ဆိုးဆိုးဆာဆာလူများလား။ ဒီသူကတော့ရော ကံတွေ ဆိုးနေတဲ့လူများလား။ ကောင်းကောင်းမွန်မွန်လူမှ ဟုတ်ရဲ့လား။ ဒါ-သိဖို့ရန်ကတော့ နေ-မီး-အလင်းရောင်တွေနဲ့ မမြင်ရဘူး။ အနိဒဿဏ်။ သူက တစ်ခါတည်း မျက်စိနဲ့ မမြင်ရတဲ့အရာ"

**အနိဒဿဏ်- မျက်စိနဲ့မမြင်ရတဲ့အရာ**-ဟု သုံးထားပြန်သည်။ အနိဒဿနံဟု ဆိုရမည့်အစား အနိဒဿဏံ ဟုဆို၍ ပါဠိပင် မမှန်ပေ။ ပေါင်းရေးသင်းရေးအတွက် လူကောင်းဖြစ်ပုံ လူဆိုးဖြစ်ပုံတို့သည် မမြင်ရသော အရာများတည်းဟု ဆိုလိုသည့်အတွက် အဓိပ္ပါယ် မမှန်ပေ။

ဗုဒ္ဓဘာသာတွင် ဓမ္မသင်္ဂဏီ ပါဠိတော်၌ -

"အနိဒဿနာ ဓမ္မာ"ဟူ၍ ဟောပြထားတော်မူပါသည်။ အနိဒဿနံဆိုသည်မှာ စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါး၊ ဝဏ္ဏာယတနခေါ် ရူပါရုံမှတပါးသောရုပ် (၂၇)ပါး၊ နိဗ္ဗာန် (၁)ပါး၊ (ပညတ်)တို့ကို ဆိုကြောင်း သိသာပြီး ဖြစ်ပါသည်။

http://www.dhammadownload.com



" လောကကြီးမှာ သူနဲ့ ကိုယ်နဲ့ မိနဲ့ဖနဲ့ သားနဲ့သမီးနဲ့ မိတ်နဲ့ဆွေနဲ့ ပေါင်းရတာ တုံးကြီးလို တိုင်ကြီးလို မျက်စိနှင့်မြင်ရတာ မဟုတ်ဘူး " ဟု ရှင်မိုးပြာက ပြောဆိုသော်လည်း ဘုရားဟော အရောင်အလင်း (၄) မျိုးတို့တွင် လောကကြီး၌ နေရောင်, လရောင်, မီးရောင် (၃) မျိုး တစ်မျိုးမျိုးဖြင့် မကြည့်ကြရ, မမြင်ကြရဘူးဆိုလျှင် သူမှန်း ကိုယ်မှန်း မိမှန်း ဖမှန်း သားမှန်း သမီးမှန်း မိတ်ဆွေမှန်း ရန်သူမှန်း လူမှန်း ရှင်ရဟန်းမှန်း ပုဂ္ဂိုလ်ဒြပ်ဝတ္ထု ခွဲခြားမှုပြု၍ သိနိုင်ရန် မလွယ်ကူပေ။ ပုဂ္ဂိုလ်ဒြပ်ဝတ္ထု ရူပါရုံတို့သည် သနိဒဿနတို့သာ ဖြစ်ပေကုန်၏။

**ဒဋ္ဌဗ္ဗ ဘာဝသင်္ခါတေန သဟ နိဒဿနေနာတိ သနိဒဿနာ။**

**ပဋိဟနနဘာဝသင်္ခါတေန သဟ ပဋိဃေနာတိ သပ္ပဋိဃာ။**

**သနိဒဿနာ စ တေ သပ္ပဋိဃာ စာတိ သနိဒဿနသပ္ပဋိဃာ။**

**နတ္ထိ ဧတေသံ ဒဋ္ဌဗ္ဗဘာဝသင်္ခါတံ နိဒဿနန္တိ အနိဒဿနာ၊** ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ [ နှာ-၈၉ ] ၌ ဖွင့်ဆိုချက်စကားရပ်၏ နောက်ဆုံးဝါကျကို-

ဧတေသံ၊ ထို ရူမြင်အပ် ရူမြင်ထိုက်သည်၏ အဖြစ်ဟုဆိုအပ်သော နိဒဿနနှင့် တကွဖြစ်သော သနိဒဿနတရား+ထိပါးတတ်သည်၏ အဖြစ်ဟုဆိုအပ်သော ပဋိဃသာဒနှင့် ပဋိဃာရုံတို့၏ ထိပါးခြင်း အမှုအရာနှင့်တကွဖြစ်သော သပ္ပဋိဃတရားတို့အား။ ဝါ၊ တရားတို့၏။ ဒဋ္ဌဗ္ဗဘာဝသင်္ခါတံ၊ ရူမြင်အပ် ရူမြင်ထိုက်သည်၏ အဖြစ်ဟုဆိုအပ်သော။ နိဒဿနံ၊ နိဒဿနသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ ဒဋ္ဌဗ္ဗဘာဝဟုဆိုအပ်သော နိဒဿန၏ မရှိရာ၏ အဖြစ်ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အနိဒဿနာ၊ အနိဒဿနတို့ မည်ကုန်၏။

ဓမ္မသင်္ဂဏီပါဠိတော်လာ အနိဒဿနအရ- စိတ်အကျဉ်း (၈၉)ပါး၊ စေတသိက် (၅၂)ပါး၊ ဝဏ္ဏာယတနခေါ် ရူပါရုံမှတပါးသောရုပ် (၂၇)ပါး၊ နိဗ္ဗာန်တို့ကို ကောက်ပြထားသည်။

## ပလာနုမာနနည်း

မြစ်ချောင်းတို့၌ ရေစီးဆင်းလာမှု မလာမှုကို ကြည့်ရှု၍ အထက်အညာ၌ မိုးရွာသည် မိုးမရွာဘူးဆိုသည်ကို အနုမာနနည်းဖြင့် မှန်းဆ၍ သိနိုင်သကဲ့သို့ ဤပစ္စုပ္ပန်ဘဝ၌ မချမ်းမသာ ဆိုးဆိုးဆာဆာ မကောင်းကျိုးခံနေရသူကိုလည်းင်း, ကျန်းမာချမ်းသာ ပြည့်စုံစွာ စံနေရသူကိုလည်းကောင်း တွေ့မြင်ရပါက အတိတ်ကပြုခဲ့သော ကံကို ယခုတိုက်ရိုက်မမြင်ရသော်လည်း မှန်းဆသိနိုင်ပေသည်။

ဤပစ္စုပ္ပန်ဘဝ၌ ဆင်းရဲသည်ဖြစ်စေ, ချမ်းသာသည်ဖြစ်စေ ပြုလုပ်+ပြောဆိုမှု အမူအရာနှင့် စိတ်ထားကို နီးနီးစပ်စပ် ချဉ်းကပ်ပေါင်းသင်းဆက်ဆံသူများ၏ သာမညအသိဉာဏ်ဖြင့်ပင် အနာဂတ်ကာလ ဘဝများအတွက် အကဲခတ် မျှော်မှန်းထောက်ဆ၍ သိနိုင်ပါလိမ့်မည်။

## ဗုဒ္ဓဘာသာသုံး ဝေါဟာရကို ဟန်ပြသုံး

အတိတ်ဘဝက ပြုခဲ့သောကံနှင့် ယခုပစ္စုပ္ပန်ဘဝ၌ ပြုဆဲကံကြောင့် ပစ္စုပ္ပန်ဘဝ၌ ခံစားရ စံစားရပုံ ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ဆဲအကြောင်းကံကြောင့် အနာဂတ်ဘဝ၌ အကျိုးပေးခွင့် ကြုံပါလျှင် အကျိုးပေးဦးမည့် သဘောကို ရှေ့ဘဝနောက်ဘဝ ရှောင်လွှဲကာ လက်မခံဘဲ လွတ်အောင်ပြောလိုသော်လည်း ကြိုးတန်း လမ်းလျှောက်သူသည် ယပ်တောင်ကိုကိုင်လျက် မဝင့်မရဲ လမ်းလျှောက်နေရရှာသကဲ့သို့ ဗုဒ္ဓဘာသာသုံး စကားလုံးကို ယပ်တောင်အလား ကိုင်ထားလျက် အားပြုသုံးစွဲခြင်းမျိုးသာ ဖြစ်ပေလိမ့်မည်။

http://www.dhammadownload.com



## အသိဉာဏ်ဟူသော အသုံး

အသိဉာဏ်ဟူသော ဤစကားလုံးကို သုံးနှုန်းရာ၌လည်း ပေါင်းရေးသင်းရေးအတွက် လူကောင်းဖြစ်ပုံ၊ လူဆိုးဖြစ်ပုံတို့ကို သိခြင်းဟူ၍သာ ရည်ရွယ်၍ သုံးနှုန်းကြောင်း သိရပါသည်။

ဗုဒ္ဓဘာသာဝင်တို့ သုံးနှုန်းသော အရာမှာမူ အသိဉာဏ်ဆိုသည်မှာ လောကီရေးရာမျိုးစုံ သိခြင်းများ၊ လောကုတ္တရာရေးရာ မျိုးစုံသိခြင်းများ အားလုံးနှင့် သက်ဆိုင်၍ အရာအားလျော်စွာ သုံးရသည့် အရာကျယ်သော စကားလုံး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာတို့ သုံးနှုန်းသည့် အဓိပ္ပါယ် မပြည့်စုံချေ။

ဗုဒ္ဓဘာသာ အရောင်ပြ၍ မိမိလိုရာ အယူဝါဒကို ထုတ်ဆောင်ကာ စိတ်ကူးတွေးထင် ဓမ္မလမ်းစဉ် မဝင်သည့် အဓိပ္ပါယ်သစ်, အဓိပ္ပါယ်အတုတို့ဖြင့် စည်းရုံးဆွဲဆောင် ပြောဟောသူ၏ စကားကို နားထောင်၍ နားယောင်လက်ခံသူများသည် သပ္ပုရိသူပနိဿယ+သပ္ပုရိသသံသေဝနှင့် လွဲကြပေလိမ့်မည်။

## "ခြုံငုံ သုံးသပ်ချက်"

အမှတ် (၂၆) စောဒနာလွှာ၌ စောဒကများ တင်ပြထားသော မိုးပြာရှင်ဉာဏ၏ "ဗုဒ္ဓဘာသာ အလင်းရောင်က ဘာအတွက် အလင်းရောင်တုံး ဆိုလို့ရှိလျှင် " စသော ဟောပြောရေးသား ထားချက်တို့၌ မိုးပြာရှင်ဉာဏတို့ သုံးနှုန်းထားသော ဝေါဟာရတို့သည် ဗုဒ္ဓဘာသာဝင်တို့ကို ပြောဟောမည့် စကား၌ စိတ်ဝင်စားအောင် စည်းရုံးဆွဲဆောင်သောအားဖြင့် အသံကောင်းလှပ်သည့် စကားများ၊ ဗုဒ္ဓဘာသာ ဝေါဟာရများကို ဖျက်ဆီးပြီး သုံးထားသော ဝေါဟာရများဖြစ်သောကြောင့် အထက်ပါ မိုးပြာရှင်ဉာဏ၏ "ဗုဒ္ဓဘာသာ အလင်းရောင်က ဘာအတွက် အလင်းရောင်တုံး ဆိုလို့ရှိလျှင် " စသော ဟောပြောရေးသားချက်များသည် ယင်းဝေါဟာရများ ဖြစ်ပေါ်လာရာ မူရင်း ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်၏ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ အမှတ် (၂၆) စောဒနာလွှာပါ မိုးပြာရှင်ဉာဏ၏ ပြောဟော ရေးသားချက်များကို "အဓမ္မဝါဒ" ဟု နိုင်ငံတော်သီခြားဝိနည်းမိုရ်အဖွဲ့, အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၂၇)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဘာသာတရားကပေးသေဆုလာဘ်စာအုပ်-နှာ-၃၀-၃၁-၌ အရှင်ဉာဏ ဟောပြောရေးသား ထားသော-

"ဘာသာတရားလို့ ဆိုတာဟာ အမေတို့ အဖေတို့ကလဲ ကိုးကွယ်တယ်။ ဒီထက် ဘိုးဘွားတို့ကလည်း ကိုးကွယ်တယ်။ ကိုယ့်အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတွေကလဲ **ကိုးကွယ်တယ်-ဆိုတော့ ကိုးကွယ်ပေမယ့် အဲဒါ(ဘာသာတရား)မရှိလည်း တို့ ဘာမှ သိပ်မဖြစ်ပါဘူးလို့ ထင်ချင်စရာ လိုလို ရှိတယ်။**

တကယ်လည်းပဲ ဒီကနေ့ ကိုးကွယ်ပြီးသားဖြစ်တဲ့(ရိုးရာကို)ကိုးကွယ်မှု အနေအထားအရ **နှုတ်ကြည့်ပါ။ နှုတ်ကြည့်လို့လဲ ဒီကနေ့ အခြေအနေကတော့ ပျက်မှာ မဟုတ်တော့ပါဘူး။ (ပ) ဒီကနေ့ အမေအဖေပေါ်မှာထားတဲ့ မေတ္တာ စေတနာ သဘောထား (ပ) ယုတ်လျော့မှာ မဟုတ်တော့ပါဘူး။**

(ပ) ဒါကြောင့် အဲဒီဘာသာတရားဆိုတာတောင်မှ မသိတဲ့ **အဖြစ် ရောက်ပါလိမ့်မယ်။ တကယ်လဲပဲ အကျိုးဆောင်တဲ့ အနေအထား မရှိတော့တဲ့ အတွက်ပါပဲ။ (ပ)**

အခုလောက်ရနေတဲ့ အခြေအနေက နေပြီးတော့ (ပ) ကိုယ်က လှမ်းသွားလိုက်လို့ ရလာတဲ့ဟာ ဆိုရင် မပျောက် မပျက်တော့ပါဘူး။ (အကုပ္ပါ မေ ဝိမုတ္တိလို့ မြတ်စွာဘုရား ဟောခဲ့တဲ့အတိုင်း ငါလွတ်မြောက်တာကတော့ မပျက်တော့ဘူး)လို့ အခု မိဘများနဲ့ ကိုယ်နဲ့ အတူတူ နေကြတယ်။ (ပ)

**သူတို့ကလဲ ကိုယ့်ငြိငြင်တာ မရှိဘူး။ ကိုယ်ကလဲ သူတို့ ငြိငြင်နေတာ မရှိဘူး။ လွတ်မြောက် နေတယ်-လို့ ပြောရမယ်**"ဟူသော (ဘာသာတရားက ပေးသော ဆုလာဘ်စာအုပ်-နှာ-၃၀-၃၁) ဟောပြော ရေးသားချက်သည် ဘာသာတရားသစ်၊ သစ္စာဓမ္မသစ်၊ ဝိမုတ္တိအသစ်တို့ကို ဖော်ထုတ်နေခြင်း၊ ဘုရားဟော ဒေသနာတော်နှင့် ဆန့်ကျင်ခြင်းတို့ကြောင့် စောဒနာ(၂၇)ပါ မိုးပြာအရှင်ဉာဏ၏ အယူဝါဒတို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြလာပါသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

ဖော်ပြပါ မိုးပြာရှင်ဉာဏ၏ ပြောဟောရေးသားချက်များနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာတရားနှင့် မြတ်ဗုဒ္ဓဟောထားသော အရိယသစ္စာလေးပါး၊ ဝိမုတ္တိခေါ် အရဟတ္တဖိုလ်၊ နိဗ္ဗာန်တို့ကို ပယ်ချဖျက်ဆီးပြီး ဗုဒ္ဓဘာသာယောင်ဆောင်လျက် ဘာသာတရားအတု၊ သစ္စာတရားအတု၊ ဝိမုတ္တိအတုတို့ကို ထုတ်ဖော်ရေးသားလာခြင်းနှင့် စပ်လျဉ်း၍ စောဒကပုဂ္ဂိုလ်တို့က အမှတ် (၂၇) စောဒနာလွှာကို တင်သွင်း ခဲ့ကြပါသည်။

စောဒကပုဂ္ဂိုလ်တို့သည် အထက်ပါ စောဒနာ(၂၇)ပါ မိုးပြာရှင်ဉာဏ၏ စကားထဲမှ-

(က) တကယ်လဲပဲ ဒီကနေ့ ကိုးကွယ်ပြီးသားဖြစ်တဲ့(ရိုးရာ)ကို ကိုးကွယ်မှု အနေအထားကနေ နှုတ်ကြည့်လိုက်လျှင် (မကိုးကွယ်တော့ဘဲ နေလိုက်လျှင်) ဒီကနေ့ အခြေအနေများက ပျက်မှာ လျော့မှာ မဟုတ်တော့တဲ့ အတွက်ကြောင့် အဲဒီ(ဘာသာတရား)မရှိလဲ ဘာမှ မဖြစ်ပါဘူး။

(ခ) တကယ်လဲပဲ အကျိုးဆောင်တဲ့ အနေအထား မရှိတော့တဲ့ အတွက်ကြောင့် အဲဒီ ဘာသာတရား ဆိုတာတောင်မှ မသိတဲ့အဖြစ်သို့ ရောက်ပါလိမ့်မည်။

(ဂ) အခုလောက်ရနေတဲ့ အခြေအနေကနေ ဆက်သွားလိုက်ရင် တစ်ခုခုကို ရမယ်။ အဲဒါဟာ မပျက်တော့ဘူး။ ဝိမုတ္တိ- လွတ်မြောက်မှုဖြစ်တယ်- ဟူသော အဓိကကျသော အချက် သုံးချက်ကို ထုတ်ပြ၍ (က)အမှတ်ပြ

http://www.dhammadownload.com



စကားရပ်ဖြင့် မြတ်ဗုဒ္ဓကို အကြီးအကျယ် စော်ကားချက်ဖြစ်ကြောင်း။ ဗုဒ္ဓဘာသာဝင်တို့ကို အလဲထိုးနှက်သည့် တိုက်ခိုက်ချက်ဖြစ်ကြောင်းကိုလည်းကောင်း။

အမှတ်(ခ)အချက်ဖြင့် ရှင်မိုးပြာတို့သည် ဝါဒသစ်ဘာသာသစ် ဖြန့်ဝေရာမှာ ဗုဒ္ဓဘာသာ ယောင်ဆောင်၍ မြတ်စွာဘုရား ဟောသည့်တရားစသည့် စကားလုံးတို့ဖြင့် ကိုယ်ကျိုးရှာ နေရခြင်း ဖြစ်ကြောင်း။

လက်ရှိဗုဒ္ဓဘာသာတရားက အကျိုးဆောင်နိုင် ခြင်းမရှိ ဟူ၍ (က)(ခ)တို့ဖြင့် ပြပြီးဖြစ်၍ အမှတ်(ဂ) အချက်ဖြင့် ဘုရားတု ဘုရားသစ်ဖြစ်သူ(ရှင်မိုးပြာ)၏ ဟောပြောချက် (ဘာသာတရားသစ်၊ သစ္စာဓမ္မသစ်) တို့ကိုသာ လိုအပ်ပါကြောင်းကို မိုးပြာအရှင်ဉာဏက ဆိုနေကြောင်းနှင့်

မိုးပြာအရှင်ဉာဏ၏ ဓမ္မအသစ် သစ္စာအသစ်ကို (ဘာသာတရားက ပေးသောဆုလာဘ်စာအုပ်-နှာ-၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅) ၌ အောက်ပါအတိုင်း တွေ့ရှိနိုင်ပါကြောင်း။

"၁။ ပထမတစ်ချက်က ငါလူဖြစ်တယ်။ လူဖြစ်တဲ့အတွက် ငါလူတွေနဲ့ ဆက်စပ်နေတယ်။ လူတွေနဲ့ ဆက်စပ်နေရင် ငါလူတွေနဲ့ မတိုက်မိ-မခိုက်မိဖို့ လုပ်ရမယ်။ ဘယ်လောက် လူစွမ်းကောင်းကောင်း ငါမတိုက်ဘူး။ သူတို့ တိုက်တာလဲ ခံဖို့မဟုတ်ပါဘူး။ တတ်နိုင်သမျှအထိ လွတ်အောင်လဲ ရှောင်မှာပေါ့။ ပြန်တိုက်ခြင်းကိုတော့ မပြုတော့ဘူး။ ဒါ ပထမတစ်ချက်။

၂။ ဒုတိယတစ်ချက်က- မတိုက်ဘူး။ တိုက်လာရင်တောင် ရှောင်မယ်လို့ဆုံးဖြတ်ထားတဲ့ကြားထဲက မေ့လျော့ပြီးတော့ တိုက်မိသေးတယ်ဆိုရင် အဲဒီတိုက်မိတာကို တောင်းပန်မယ်။ ပြင်ဆင်မယ်။ သည်းခံခွင့်လွှတ်ပါ။ ဒေါသ အလျှောက် ပြုမိတာပါလို့ ဒီလိုလုပ်မယ်။ ဒါ ဒုတိယတစ်ချက်။

၃။ နောက် တတိယတစ်ချက်က- အဲဒီလိုမျိုးကလေး မတိုက်မိတော့ဘူး တိုက်မိတဲ့ဟာလည်း ပြင်ပြီးနေပြီဆိုတာ တောင်မှ တိုက်ဖို့ဆီမှား ငါ့စိတ်ဓါတ်တွေ ရှိနေသေးသလား။ တိုက်ရလောက်အောင် စိတ်ဆိုး စိတ်ဆာတွေက ငါ့ကို လွှမ်းမိုးနေသေးသလားလို့ ဆိုတာကို သတိထားပါ။ ဒါ တတိယတစ်ချက်။

၄။ စတုတ္ထတစ်ချက်အဖြစ်နဲ့ အရင်တုန်းက ကိုယ်တိုက်မိခဲ့တာတွေ သူများတိုက်မိခဲ့ကြတာတွေရဲ့ အပြစ် အနာအဆာတွေ၊ ဘယ်လိုလူတွေ ကျဆုံးကြတာပဲ၊ ဆုံးရှုံးကြတာပဲလို့ ဆိုတဲ့ဟာမျိုးကို များများကြီး တွေးတာခေါ်တာ မြှော်တာမြင်တာကို လုပ်ပါ။ ဒါ စတုတ္ထတစ်ချက်။

(ပ) အဲဒီလိုမျိုး ဆိုခဲ့ရင် ဘာသာတရားရဲ့အစ အခြေချမိပြီ။ သီလ-သမာဓိလို့ ဆိုတဲ့ဟာမျိုးဖြစ်ပြီ။ အဲဒီလိုခြေချမိပြီဆိုရင်တော့ ဘာသာတရားရဲ့အလင်းရောင်ဟာ ကိုယ့်ကိုယ်ပေါ် မှာ ပိုပိုပြီးတော့ တစ်နေ့ထက် တစ်နေ့ လင်းချင်းလာလိမ့်မယ်။ အဲဒီလိုလင်းချင်းလာခဲ့လို့ရှိရင် ဘာနဲ့မှ မတိုက်မိဘဲနဲ့ ထာဝရလွတ်မြောက်မှုကြီး (ဝိမုတ္တိ)ကို ရမယ်။ အိုလဲ လွတ်မြောက်လိမ့်မယ်။ နာလဲ လွတ်မြောက်လိမ့်မယ်။ သေလဲလွတ်မြောက်လိမ့်မယ်။ ဘာက လွတ်မြောက်တုန်းဆိုရင် လူတွေနဲ့ တိုက်မိတာက လွတ်မြောက်တာပဲ။ လူတွေနဲ့မတိုက်မိရင် ဒုက္ခကလဲ မရောက်တော့ဘူး။ ဒုက္ခက လွတ်မြောက်တယ်လို့ ပြောလဲ ဖြစ်တာပေါ့"

(ဘာသာတရားကပေးသောဆုလာဘ်စာအုပ်-နှာ-၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅) ရှင်မိုးပြာ၏ သစ္စာဓမ္မ-သစ္စာလေးပါး အမှန်တရားကြီးလေးပါးတို့သည် မြတ်ဗုဒ္ဓ၏ အရိယသစ္စာ လေးပါးတို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com



## ဝိနည်းနိုင်ရဲ့ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၇)စောဒနာလွှာပါ မိုးပြာ အရှင်ဉာဏ၏ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်, အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ် သုံးသပ်တော် မူကြပါမည်။

## " ကိုးကွယ်ခဲ့ပုံ အစဉ်အလာ "

ရှေးအခါက လူသားတို့သည် ကိုးကွယ်ရာ အမျိုးမျိုးကို အကြောင်းအမျိုးမျိုးဖြင့် ကိုးကွယ်ခဲ့ကြပေသည်။လူသားတို့၏ ရိုးရာကိုးကွယ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင်-

**ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။**

**အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။** ဓမ္မပဒ-၄၁။ စသည်ဖြင့် ဟောတော်မူခဲ့ပါသည်။

ကြောက်ဘွယ် ဘေးဒုက္ခအန္တရာယ်အမျိုးတို့သည် ခြိမ်းခြောက်အပ်ကုန်, အခြောက် အလှန့် ခံကြရကုန်သော လူသားအပေါင်းတို့သည် တောင်ကုန်းတောင်ကြီးတို့ကိုလည်းကောင်း, တောစု တောအုပ်တို့ကိုလည်းကောင်း, အာရာမ် ဉယျာဉ်ခြံဃ် ခြံကြီးတို့ကိုလည်းကောင်း, သစ်ပင်ကြီးဃ်တို့ကိုလည်းကောင်း, စေတိယခေါ်သော နတ်ကွန်းနတ်နန်း တို့ကိုလည်းကောင်း, စင်စစ်အားဖြင့် များစွာကိုးကွယ်ခြင်းသို့ ရောက်ကြရကုန်၏။

### ထင်ရှားသော နတ်ကွန်းများ

ရှေးပဝေသဏီက လူသားတို့သည် အကြောင်းအမျိုးမျိုးကြောင့် ကိုးကွယ်ရာ အမျိုးမျိုး တို့ကို ကိုးကွယ်ခဲ့ကြပြီး မြတ်ဗုဒ္ဓ မပွင့်မီကပင် စေတီဟူသော အခေါ်အဝေါ် အသုံးအနှုန်းဖြင့် ဓက္ကန္တိယ ဝေသာလီ မြို့၏ အနီးဝန်းကျင်၌ သာရန္ဒဒနတ်ဘီလူးကြီး၏ နတ်ကွန်းဖြစ်သော သာရန္ဒဒစေတီ၊ ဥဒေနနတ်ဘီလူး ကြီး၏ နတ်ကွန်းကြီးဖြစ်သော ဥဒေနစေတီ၊ ဂေါတမကနတ်ဘီလူးကြီး၏ နတ်ကွန်းကြီးဖြစ်သော ဂေါတမကစေတီ၊ စာပါလနတ်ဘီလူးကြီး၏ နတ်ကွန်းကြီးဖြစ်သော စာပါလစေတီ၊ (၇)ပင် အစဉ်အတန်း ပေါက်ရောက် ကြီးထွား စီပင်နေသော " သရက်ဥယျာဉ်ကြီး၌ အုပ်စိုးနေသော နတ်မင်းကြီးတွေရှိတယ်၊ အကိုင်းအခက် အပွင့်အသီးတွေကို မချိုးမဆွတ် မခူးရဘူး, မစားရဘူး, နတ်ဖမ်းစားလိမ့်မည် " ဟူသော အယူအစွဲဖြင့် ကြောက်လန့်ရှိခိုးရာမှ စတင်၍ ကိုးကွယ်ရာဖြစ်သွားသော သတ္တမ္ဗစေတီ၊ သား, သမီးများစွာနှင့် နတ်သား, နတ်သမီး, ဇနီး, ခင်ပွန်း လင်+မယား နေရာဖြစ်သည့် အများကိုးကွယ်ရာ ဗဟုပုတ္တစေတီ- ဟူ၍ (၇)ဌာန ရှိခဲ့ပေသည်။

မြတ်ဗုဒ္ဓ မပွင့်မီကပင် နတ်စင်နတ်နန်း နတ်ကွန်းအရပ်ရပ်တို့ကို " စေတိယ " ဟူသော အမည်ဖြင့် ကြောက်လန့် လေးစားရာက ဦးကျိုးမြတ်နိုး ရှိခိုးပသရင်း ရိုးရာကိုးကွယ်မှု အစဉ်အလာ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုရပေမည်။

http://www.dhammadownload.com



## " ဘာသာဟူသည် "

မျက်မှောက်ခေတ်ကမ္ဘာကြီး၌ ထင်ရှားသော ဘာသာကြီး (၄) ခု ရှိ၏။ ယင်းဘာသာကြီးတို့မှာ-

(၁) ထူထောင်သူပုဂ္ဂိုလ်နှင့် ဘာသာတရား စတင်ပေါ်ပေါက်ရာခုနှစ် မသိသာ မထင်ရှားသော ဟိန္ဒူဘာသာ။

(၂) မွေးဖွား+ပေါ်ပေါက်ရာ သမိုင်းခုနှစ် အထောက်အထား ထင်ရှားရှိခဲ့၍ ခရစ်တော်၏ရှေ့ (၆၂၃)နှစ် စော၍ ပေါ်ပေါက်ခဲ့သော ဗုဒ္ဓဝါဒ+ဘာသာ။

(၃) ဗုဒ္ဓ၏နောက် (၆၂၃) နှစ်ကြာမှ ပေါ်ပေါက်လာသော ခရစ်ယန်ဝါဒ+ဘာသာ။

(၄) ဗုဒ္ဓ၏နောက် (၁၁၉၄)နှစ်ခန့်လောက်မှ ပေါ်ပေါက်လာသော အစ္စလာမ်ဝါဒ+ဘာသာ- ဟူ၍ လေးမျိုးတို့ပေတည်း။

ကမ္ဘာသူ ကမ္ဘာသား လူပုဂ္ဂိုလ်များသည် မိမိတို့ ဆန္ဒအလျောက် ဘာသာအသီးသီးကို ကိုးကွယ်ကြပေသည်ဟု ဆိုရပေမည်။

## ဆင်းရဲဒုက္ခမှ မလွတ်မြောက်စေနိုင်သော ကိုးကွယ်မှုသည် ကိုးကွယ်မှုအစစ်အမှန် မဟုတ်

ဂေါတမမြတ်ဗုဒ္ဓ ပွင့်ထွန်းဖြစ်ပေါ်လာပြီးနောက် ကိုးကွယ်ရာ စင်စစ်မဟုတ်သည်ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင်-

**နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။**

**နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။** [ ဓမ္မပဒ-ဂါထာ -၁၈၉။ ]

ဤတောင်တော-ဥယျာဉ်-အာရာမ်-တောစိုးသစ်ပင်-နတ်ကွင်းစေတီယ- ကိုးကွယ်ရာဟူသမျှတို့ကို ကိုးကွယ်ကြခြင်းသည်- ဘေးကုန်ကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သောကိုးကွယ်ခြင်းမဟုတ်၊ ဤသို့သော ကိုးကွယ်ခြင်းမျိုးကို စွဲမှီသမှု အကြောင်းပြု၍ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်- ဟူ၍ ရှင်းလင်းထုတ်ဖော် ဟောကြားတော်မူခဲ့ပြီး စစ်မှန်သော ကိုးကွယ်ရာတို့ကိုလည်း -

**ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။**

**စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။**

**ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။**

**အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။**

**ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။**

**ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။** [ ဓမ္မပဒ-၁၉၀-၁၉၁-၁၉၂။ ]

အမှတ်မထင် အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်အံ့။ ထိုသူသည် ဆင်းရဲအမှန် -"ဒုက္ခသစ္စာ"။ဒုက္ခဖြစ်ကြောင်းအမှန် "သမုဒယသစ္စာ"၊ ဆင်းရဲကို ကျော်လွှား လွန်မြောက်ရာအမှန် " နိရောဓသစ္စာ"၊ ဆင်းရဲဒုက္ခ၏ ငြိမ်းအေးရာ နိရောဓသစ္စာနိဗ္ဗာန် ချမ်းသာသို့ ရောက်စေတတ်သည့် အင်္ဂါ (၈)ပါးရှိသည့် မြတ်သော "မဂ္ဂသစ္စာ" - ဟူကုန်သော

http://www.dhammadownload.com



လေးပါး ကုန်သော အရိယာသူတော်ကောင်း၏အဖြစ်ကို ပြုတတ်ကုန်သော သစ္စာတရားတို့ကို မဖောက်မပြန် မှန်ကန်သော မဂ်ပညာဖြင့် မြင်နိုင်၏- **ဟူ၍ ကိုးကွယ်ရာ** အစစ်မှန်ကို ထုတ်ဖော်ဟောကြားတော်မူပြီးနောက် ဤဘုရား တရား **သံဃာ ရတနာ** (၃)ပါး အပေါင်းကို မြတ်နိုးပူဇော ကြည်သဒ္ဓါဖြင့် ကိုးကွယ်ခြင်းသည် ဘေးရန်ကုန်ကွာ လွန်စွာမြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ ဤရတနာ (၃)ပါးကို **ကိုးကွယ်** ဆည်းကပ်ခြင်းကို စွဲမှီသမှု အကြောင်းပြု၍ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရ၏- ဟူ၍ ထုတ်ဖော်ညွှန်ပြ ဟောကြားတော်မူခဲ့ပါသည်။

မည်သို့ဖြစ်စေ မည်သည့်လူသားမဆို ကိုးကွယ်ဆည်းကပ်မှု မှန်ပါက လောကီ+လောကုတ္တရာ **နှစ်ဖြာသော ချမ်းသာမှန်ကို ရရှိနိုင်ကြောင်း အခြေခံ မှတ်သားဘွယ်ရာအဖြစ် ဖော်ပြအပ်ပါသည်။**

## " မြန်မာ့ရိုးရာ ဗုဒ္ဓဘာသာ "

ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံသို့ သာသနာတော်နှစ် (၂၃၆)ဘီစီ၊၃၀၇- လောက်က ရောက်ခဲ့ကြောင်းနှင့် ဓမ္မအန္တနဖြင့်သာ ရောက်ခဲ့ပြီး စာပေအနေဖြင့်မူ နောက်နှစ်ပေါင်း များစွာကြာမှသာ ပိဋကတ်တော်များ ရောက်ရှိခဲ့သည်ဟု သုတေသီတို့က သုံးသပ်ကြပေသည်။ မြန်မာနိုင်ငံသို့ ထေရဝါဒ ပိဋကတ်တော်များ မရောက်မီ မဟာယာနဗုဒ္ဓဘာသာသည် ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်ပြည်တို့မှတဆင့် မြန်မာနိုင်ငံသို့ ရောက်နေနှင့်ပြီဖြစ်ကြောင်း အထောက်အထားကို ပုဂံ၌ တွေ့ရှိရသည်ဟု ဆိုပါသည်။

အနော်ရထာမင်း၏ ထေရဝါဒ သာသနာပြုလုပ်ငန်း၌ သုဝဏ္ဏဘူမိမှ ပုဂံပြည်သို့ ထေရဝါဒ ပိဋကတ်တော်များကို ပင့်ဆောင်လာခဲ့ကြောင်း တွေ့ရသဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာသည် ပုဂံနှင့် မဝေးလှသော ပခန်းနယ်သို့လည်း မကြာမီရောက်နိုင်ပြီး မိုးပြာရှင်ဉာဏ၏ အဘ၊ အဘိုး စသူတို့ သည်လည်း ပြန့်နှံ့ရောက်ရှိ လာသော ရိုးရာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ကြပေလိမ့်မည်ဟု ယူဆရပေသည်။

ယင်းသို့ အစဉ်အလာ ရိုးရာဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသဖြင့် ဤကားကုသိုလ်၊ ဤကား အကုသိုလ်၊ ဤတရားကား သံသရာဝဋ်လည်ကြောင်း၊ ဤတရားကား သံသရာဝဋ်လွတ်ကြောင်းတရား- ဟု ခွဲခြား သိမှတ်နိုင်ခဲ့ကြပေလိမ့်မည်။ ကိုးကွယ်ဆည်းကပ်သူတို့၏ ရိုးရာကိုးကွယ်ရာ ဗုဒ္ဓဘာသာ တရားတော်အရ ဘာဝနာလုပ်ငန်းကို ပေါက်ရောက်အောင် အားမထုတ်နိုင်ခဲ့သည်တိုင်အောင် ဒါန+သီလ လုပ်ငန်းစဉ် (၂)ရပ်ကြောင့် ဒုစရိုက်မှုလျော့ပါး ကောင်းကျိုးဖွံ့ထွား၍ နိုင်ငံနယ်မြေဒေသ ငြိမ်းချမ်းရေးကို များစွာ အထောက်အကူ ပြုနေသည်မှာ ငြင်းဆန်ဘွယ်ရာ မရှိသဖြင့် မိုးပြာရှင်ဉာဏ၏ "**တကယ်လည်းပဲ ဒီကနေ့ ကိုးကွယ်ပြီးသားဖြစ်တဲ့ (ရိုးရာကို) ကိုးကွယ်မှု အနေအထားအရ နှုတ်ကြည့်ပါ၊ နှုတ်ကြည့်လို့လဲ ဒီကနေ့ အခြေအနေကတော့ ပျက်မှာမဟုတ်တော့ပါဘူး**" ဟူသော စကားရပ်သည် ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဘာသာဝင်တရပ်လုံးကို စော်ကားတိုက်ခိုက် ဖြိုခွင်း ဖျက်ဆီးရာ ရောက်သဖြင့် အဓမ္မဝါဒ စည်းရုံးရေး စကားရပ်များသာဖြစ်ကြောင်း သုံးသပ်ရရှိပေသည်။

http://www.dhammadownload.com



## အများအကျိုးအတွက် ဘုရားပွင့်လာခဲ့

လောက၌ ဘုရားရှင်တို့သည် များစွာကုန်သော လူနတ်ပြဟ္မာ သတ္တဝါအများတို့၏ လောကီ လောကုတ္တရာ စီးပွားချမ်းသာအကျိုးငှါ စင်စစ်ကေန် အမှန်အားဖြင့် ဖြစ်ထွန်း ပွင့်ပေါ်တော်မူကြပေကုန်၏-ဟူသည်နှင့် လျော်ညီစွာ မြတ်စွာဘုရားရှင်သည် ဘုရား ဖြစ်တော်မူပြီးရာအခါမှစ၍ ပရိနိဗ္ဗာန် စံလွန်တော် မူသည်အထိ (၄၅) ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တိုင်းနိုင်ငံ-ဇနပုဒ်မြို့ရွာတို့သို့ လှည့်လည်ကြွရောက် သီတင်းသုံးကာ ဝေနေယျသတ္တဝါတို့အား လောကီလောကုတ္တရာချမ်းသာ ဖြစ်ပေါ်တိုးပွား ရရှိခံစား စံစား စေနိုင်ဘို့ရာ တရားဓမ္မ ဟောပြချီးမြှင့်တော်မူခြင်းဖြင့် များစွာသော အကျိုးစီးပွားကို ဆောင်ရွက်တော်မူ ခဲ့ပေသည်။

**ဗဟူနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။** [ထေရ၊၁။၃၂၇။]

မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင်သာ အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည်မဟုတ်ပဲ တပည့်သာဝကတို့ကိုလည်း-

**စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ မာ ဧကေန ဒွေ အဂမိတ္ထ၊**[ဝိ-၃၊၂၇။]

ရဟန်းအပေါင်းတို့ များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်း၏ အစီးအပွားကို ပြုခြင်းငှာ, များစွာသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်း၏ ချမ်းသာကို ပြုခြင်းငှာ, လူနတ်ပြဟ္မာ သတ္တဝါအပေါင်း- ဟူသော လောကကို အစဉ်အားဖြင့် ကောင်းစွာ စောင့်ရှောက်ခြင်းကို ပြုခြင်းငှာ, မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ကို ဧကန်ရထိုက်ကုန်သော နတ်လူပြဟ္မာတို့၏ မဖောက်မပြန် ဟုတ်မှန်သည့် အနက်သဘော ဟူသော နိဗ္ဗာန်အကျိုးငှာ, နိဗ္ဗာန်သို့ သွားရောက်တတ်သော မဂ်တရား အစီးအပွားအကျိုးငှာ, ဖလသမာပတ်ချမ်းသာ အကျိုးငှာ, အစဉ်အားဖြင့် လှည့်လည်သွားလာအပ်သော ခရီးဒေသစာရီကို လှည့်လည် သွားကြကုန်လော့။ တစ်ကြောင်းတည်းသော ခရီးလမ်းဖြင့် နှစ်ပါးတွဲ မသွားကြကုန်လင့် - စသည်ဖြင့် လမ်းညွှန်မိန့်ကြားကာ ဝေနေယျသတ္တဝါအများ၏ အကျိုးစီးပွားကို ဆောင်ရွက်စေတော် မူခဲ့ရာ မိုးပြာရှင်ဉာဏ၏ " အဲဒီ ဘာသာတရားဆိုဒါတောင်မှ မသိတဲ့ အဖြစ် ရောက်ပါလိမ့်မယ်။ တကယ်လည်းပဲ အကျိုးဆောင်တဲ့ အနေအထား မရှိတော့တဲ့ အတွက်ပါပဲ "- ဟူသော စကားရပ်သည် မိဘဘိုးဘွား ဆွေမျိုးများ အစဉ်အလာအားဖြင့် ကိုးကွယ်လာခဲ့တဲ့ ဘာသာတရား၏ အကျိုးဆောင်ခြင်း လက္ခဏာကို ဆန့်ကျင်ပယ်ရှားကာ ဗုဒ္ဓဘာသာကို လုံးလုံးကြီးဆန့်ကျင်သောစကားဟု စိစစ်သုံးသပ်ရပေသည်။

## " အကုပ္ပါ မေ ဝိမုတ္တိဆိုဒါ ဘာလဲ "

မိုးပြာရှင်ဉာဏ၏ "အခုလောက်ရနေတဲ့ အခြေအနေကနေပြီးတော့ (ပ) ကိုယ်က လှမ်းသွား လိုက်လို့ ရလာတဲ့ဟာဆိုရင် မပျောက်မပျက်တော့ပါဘူး။ (အကုပ္ပါ မေ ဝိမုတ္တိ-လို့ မြတ်စွာဘုရား ဟောခဲ့တဲ့အတိုင်း ငါလွတ်မြောက်တာကတော့ မပျက်တော့ဘူး) လို့ အခုမိဘများနဲ့ ကိုယ်နဲ့ အတူတူ နေကြတယ်။ (ပ) သူတို့ကလဲ ကိုယ့်ငြိငြင်တာ မရှိဘူး။ ကိုယ်ကလဲ သူတို့ငြိငြင်နေတာ မရှိဘူး။ လွတ်မြောက်နေတယ်လို့ ပြောရမယ်" ဟု ပြောဟောရေးသားထားခြင်းနှင့် စပ်လျဉ်း၍

http://www.dhammadownload.com



"မိဘနှင့် သားသမီးစသည့် ဖိတ်ဆွေကချင်းချင်း **ပေါင်သင်း ဆက်ဆံမှု** ဖာဆင်ပြေမနပဲ ပစ္စုပ္ပန်အနေ အထားအတိုင်း ရှိနေလျှင် ပြီးတာပါပဲ ဘာသာတရား မလိုပါဘူး မကိုးကွယ်ပဲ ကိုယ့်ဟာကိုယ် လှမ်းသွား မပျောက်မပျက်တော့ပါဘူး"-လို့ဆိုရာ ရောက်သည့်အပြင်

" အကုပ္ပါ မေ ဝိမုတ္တိ-လို့ မြတ်စွာဘုရား ဟောခဲ့တဲ့အတိုင်း လွတ်မြောက်တာကတော့ မပျက်တော့ဘူး-လို့ ပြောဆိုခြင်းသည် အကိုင်းအခက်ကို ခုတ်ဖြတ်ပယ်ချိုးပြီးမှ အရိပ်ခိုသူကဲ့သို့ လိုလားချက်နှင့် ပြောစကား တခြားစီဖြစ်နေပေသည်။ အကုပ္ပါ မေ ဝိမုတ္တိ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကို နားလည်ဘို့ လိုအပ်ပေသည်။

**ဉာဏဉ္စ မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယ မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။** [မ-၁၊ ၂၂၃။]

မေ-ငါဘုရားအား။ ဒဿနံ- ရအပ်ပြီးကုန်သော ဂုဏ်တော်တို့ကို မဖောက်မပြန် ဟုတ်မှန်စွာ ရှုမြင်တတ်သော။ ဝါ-တရားအလုံးစုံတို့ကို မြင်စွမ်းနိုင်သော။ ဉာဏဉ္စ• ပစ္စဝေက္ခဏာဉာဏ်သည်လည်း။ ဝါ• သဗ္ဗညုတဉာဏ်သည်လည်း။ ဥဒပါဒိ• ထင်ရှားစွာ ဖြစ်ပေါ်လာပြီ။ ကိံ• အဘယ်သို့။ ဥဒပါဒိ• ထင်ရှားစွာ ဖြစ်ပေါ်လာပါသနည်း။ မေ• ငါဘုရား၏။ ဝိမုတ္တိ• ဆန့်ကျင်ဘက် ကိလေသာညစ်ကြေး အပြစ်ဘေးတို့မှ ကင်းဝေး လွတ်မြောက်သော အရဟတ္တဖိုလ်တရားကို။ ဝါ• သည်။ အကုပ္ပါ• အကြောင်း+အာရုံ နှစ်ပါးစုံအားဖြင့် **ဆန့်ကျင်ဘက်တရားတို့သည် မဖျက်ဆီးအပ်နိုင်။ ဝါ• အကြောင်း+အာရုံ နှစ်ပါးစုံအားဖြင့်** ဆန့်ကျင်ဘက် တရားတို့ကြောင့် မပျက်စီးနိုင်။ အယံ• ဤရုပ်နာမ် ခန္ဓာတို့၏ အစဉ်းစွာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာရခြင်း သည်ကား။ ဝါ• ဤ ပဋိသန္ဓေ တည်နေရခြင်း သည်ကား။ အန္တိမာ• နောက်ဆုံး၌ဖြစ်သော။ ဇာတိ• ဇာတိတည်း။ ဝါ• ပဋိသန္ဓေ တည်နေခြင်းပေတည်း။ ဒါနိ• ဤ ယခုအခါ၌။ ပုန• နောက်ထပ်တဖန်။ ဘဝေါ• ဖြစ်ရမည့် တပါးသော ဘဝမည်သည်။ ဝါ• တပါးသော ဘဝသစ်၌ ဖြစ်ရခြင်းမည်သည်။ နတ္ထိ• မရှိတော့ချေ။ ဣတိ• ဤသို့။ ဥဒပါဒိ• ထင်ရှားစွာ ဖြစ်ပေါ်လာပြီ-ဟူသော ဒေသနာတော် အရ **အကုပ္ပါ မေ ဝိမုတ္တိ**-ဆိုသည်မှာ တိုရှင်းလိုရင်းအားဖြင့် ငါဘုရားရဲ့ အရဟတ္တဖိုလ် တရားသည် ရာဂစသော ကိလေသာတရားကို့ကြောင့် မပျက်စီးနိုင်-ဟု ဆိုလိုပေ၏။

သို့ပါ၍ ဗုဒ္ဓဘာသာယောင်ဆောင်လျက် ဘာသာတရားအတု၊ သစ္စာတရားအတု၊ ဝိမုတ္တိအတု တို့ကို ထုတ်ဖေါ်ရေးသားလာခြင်းနှင့် စပ်လျဉ်း၍ တင်သွင်းအပ်သောစာဒနာအမှတ်(၂၆)ပါ မိဘနှင့် သားသမီး စသူတို့၏ အချင်းချင်း ပုထုဇဉ်သဘာဝ ကျေးဇူးမေတ္တာကြောင့် ဆက်ဆံရေးပြေလည်မှု တခုသော အတိုင်းအတာရှိသည့် ကာလ+တစ်ဘဝတာမျှ မပျက်စီးနိုင်သည်ကို မနှိုင်းအပ်မယှဉ်သာ ကိုးကားသုံးစွဲ ပြောဆိုခြင်းဖြစ်၍ ဗုဒ္ဓဒေသနာတော် အလိုကျ ဓမ္မနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော ဟောပြောရေးသားချက်များဖြစ်၏ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



## ဆုံးဖြတ်ချက်

မိုးပြာရှင်ဉာဏသည် မဆိုင်သည့်အပေါက် ကလိုင်နှင့်ခေါက် ဆိုသလို ရာရာစစ မိဘနှင့်သားသမီး စသူတို့၏ အချင်းချင်း ပုထုဇဉ်သဘာဝ ကျေးဇူးမေတ္တာကြောင့် ဆက်ဆံရေးပြေလည်မှု တခုသော အတိုင်းအတာရှိသည့် ကာလ+တစ်ဘဝတာမျှ မပျက်စီးနိုင်သည်ကို မန္တိုင်းအပ်မယှဉ်သာ ကိုးကားသုံးစွဲ ပြောဆိုခြင်းသည် ဗုဒ္ဓဒေသနာတော် အလိုကျ ဓမ္မနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သဖြင့် မိုးပြာရှင်ဉာဏ၏ စကားသည် အဓမ္မဝါဒီ၏ အဓမ္မဝါဒစကား- ဟု စိစစ်သုံးသပ်ရသဖြင့် နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အမှတ် (၂၇) စာဒနာလွှာပါ မိုးပြာရှင်ဉာဏ၏ ဟောပြော ရေးသားချက်များကို " အဓမ္မဝါဒ" ဟု တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၂၈)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

(တဏှာရှင်းတမ်း ၊ နှာ-၁၊၂)၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"တကယ်ကျတော့ ဗုဒ္ဓဘာသာဟာ ထွန်းကားလှတယ်-ဆိုပေမယ့် အရာတည်ကလေး လောက်ပဲလို့ ပြောချင်တယ်။ ဗုဒ္ဓရဲ့ စကားလုံးတွေရဲ့ အနက်အဓိပ္ပါယ်ကို ကိုယ့်အိမ်ကိုယ့်ရာထဲမှာရှိတဲ့ ပစ္စည်းတစ်ခုခုရဲ့အနက် အဓိပ္ပါယ်ကို ပြောသလိုမျိုး ကိုယ့်ဘာသာ သိ-ထင်-မြင် ပြီး စာပေကျမ်းဂန်က အလွတ် ပြောနိုင်တဲ့သူက မရှိသလောက် ဖြစ်နေလို့ပဲ။ (ပ) ဗုဒ္ဓဒသနထဲက စကားလုံးအနက်တွေကို တကယ်လည်း မသိတတ်ကြပါဘူး" ဟူသော (တဏှာရှင်းတမ်း ၊ နှာ-၁၊၂။) ဟောပြောရေးသားချက်သည် ဗုဒ္ဓဒေသနာကိုလွန်၍ လက်ရှိဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဘာသာဝင်တို့ကို စွပ်စွပ်စွဲစွဲ ဟောပြောထားသော အဓမ္မဝါဒ အဓမ္မကိစ္စများသာဖြစ်သောကြောင့် ယင်းဟောပြောရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြလာပါသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

ဖော်ပြပါ မိုးပြာရှင်ဉာဏ၏ ပြောဟောရေးသားချက်များနှင့် ပတ်သက်၍ ယခုအခါတွင် ဗုဒ္ဓဘာသာ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများသည် မြတ်ဗုဒ္ဓဟောတော်မူအပ်သော စကားလုံးတို့၏ အနက်အဓိပ္ပါယ်ကို မသိကြသောကြောင့် ဗုဒ္ဓသာသနာတော်ကြီး မထွန်းကား သေးကြောင်း စွပ်စွပ်စွဲစွဲ ရေးသား ချက်နှင့်စပ်လျဉ်း၍ စောဒကပုဂ္ဂိုလ်တို့က အမှတ်(၂၈) စောဒနာလွှာကို တင်သွင်းခဲ့ကြပါသည်။

စောဒကဆရာတော်များက မြတ်ဗုဒ္ဓ၏ သာသနာတော်သည် ထွန်းကားလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် တိပိဋက စာမေးပွဲကြီးရှိခြင်း၊ ၎င်းစာမေးပွဲဝင် အောင်မြင်သော တိပိဋက ဆရာတော်ကြီးများ ရှိခြင်း၊ စေတိယင်္ဂဏစာမေးပွဲ စသည်များရှိခြင်း၊ ၎င်းစာမေးပွဲဝင် အောင်မြင်သော အဘိဝံသဆရာတော်များရှိခြင်း၊ နိုင်ငံတော်အစိုးရ သာသနာရေး ဌာနက ကြီးမှူးကျင်းပသည့် ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲကြီးရှိခြင်း၊ ၎င်းစာမေးပွဲကြီးကို တစ်ပြည်လုံးအနှံ့ တပြိုင်နက်ကျင်းပခြင်း၊ စာမေးပွဲဝင် အောင်မြင်သူ အများအပြားရှိခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံနေ ရဟန်းသာမဏေတို့သည် မြတ်ဗုဒ္ဓ၏ ဟောကြားချက်ပါ စကားလုံးတို့၏ အနက်အဓိပ္ပါယ်တို့ကို ကျွမ်းကျင်စွာ ပြည့်စုံစွာ သိတော်မူကြပါကြောင်း။

ပါဠိသဒ္ဒါနည်းအားဖြင့် ဓါတ်၊ ဝိဘတ်၊ ပစ္စည်းစသည်များကို လည်းကောင်း၊ ဓါတ်နက်၊ ဝိဘတ်နက်၊ ပစ္စည်းနက်၊ အစိတ်နက်၊ အပေါင်းနက် စသည်တို့ကိုလည်းကောင်း၊ အဘိဓမ္မာနည်းအားဖြင့် ဓါတ်အရ ပရမတ္ထတရားများ၊ ပစ္စည်းအရ ပရမတ္ထတရားများ၊ အစိတ်စိတ်အရ ပရမတ္ထတရားများကို သိကြပြီး ဝိဘတ်အရ-ပုဒ်လုံးအရ-အပေါင်းအရ ပညတ်ထူး ဒြပ်ထူးတို့ကိုလည်းကောင်း အသီးသီး သိတော်မူကြပါသည်။ ဝိဂ္ဂဟအားလျော်စွာ ကတ္တုရှ၊ ကမ္မရှ၊ ကရဏရှ၊ သမ္ပဒါနရှ၊ အပါဒါနရှ၊ ဩကာသရှ(ကတ္တား၌ တည်သောတရား) စသည်များနှင့် မုချတ္ထတရားများ၊ ဥပစာရတ္ထတရားများကို ကျေကျေညက်ညက် သိတော်မူကြပါကြောင်း။

ဤသို့လျှင် ပရမတ္ထ၊ ပညတ္တတ္ထ ကွဲပြားစွာ သိတော်မူကြသည့်အလျောက် နာမ်ရုပ်တရား ကွဲပြားကြပြီး တရားအကျင့် ဖြည့်ကျင့်ကြသောကြောင့် ပဋိပတ္တိဆရာတော်ကြီးများနှင့် ပဋိပတ္တိရိပ်သာ ကြီးများလည်း ရှိကြ၍ ထိုရိပ်သာတို့မှာ အဆိုပါဆရာတော်ကြီးများ၏ ညွှန်ပြမှု သွန်သင်မှုကို ခံယူလိုက်နာကာ မှတ်ရှုကျင့်ကြံနေသူများလည်း အလွန်ပင် များလှပါကြောင်း။

http://www.dhammadownload.com



မြန်မာနိုင်ငံအတွင်း၌ ပရိယတ္တိဝန်ဆောင်အစစ်များ၊ ပဋိပတ္တိဝန်ဆောင် အစစ်များရှိကြရာ ထိုဝန်ဆောင်များသည် သာသနာထွန်းကားအောင် (အရာတည်ကလေးမျှ မကအောင်) စွမ်းဆောင်နေကြသည်မှာ ထင်ရှားပါကြောင်း တင်ပြကြသည်။

သို့ဖြစ်၍ ရှင်မိုးပြာ၏ စကားအရ ဆိုလျှင်မူ တစ်နိုင်ငံလုံးမှာ ရှိနေကြသည့် ဗုဒ္ဓဘာသာဝင် အလှူရှင်များသည် သာသနာထွန်းကားအောင် မလုပ်နိုင်သူများကို အကျိုးမဲ့စွာ ပေးလှူနေကြရသည်ဟုသာ အဓိပ္ပါယ်ထွက်သော,

**ရှင်မိုးပြာသည် သူသည်သာလျှင် မြတ်ဗုဒ္ဓ၏ စကားလုံးများ၏ အနက်အဓိပ္ပါယ်သိသူ ထင်သူ မြင်သူဖြစ်ကြောင်း၊ ထိုသို့ မြင်ရာမှာလည်း စာပေကျမ်းဂန်တို့မှ အလွတ်ဖြစ်ပြီး ကိုယ်ပိုင်သိ ကိုယ်တိုင်ထင် လူစွမ်းကောင်း အမြင်မျိုးဖြင့် မြင်ပါကြောင်း။**

သို့ဖြစ်၍လည်း ရှင်မိုးပြာ၏ ရေးသားချက် ဟောပြောချက်များသည် အဓမ္မဝါဒ အဓမ္မကိစ္စများသာဖြစ်ပါကြောင်း မိမိတို့၏ သဘောထားကို တင်ပြကြသည်။

### " ဝိနည်းဓိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက် "

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၂၈)စောဒနာလွှာပါ မိုးပြာအရှင်ဉာဏ၏ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်, အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ် သုံးသပ်တော် မူကြပါမည်။

### " ဗုဒ္ဓဘာသာ သာသနာ "

**-သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။**

**-ဘာသီယတေ ကထီယတေတိ ဘာသာ။**

**-ဗုဒ္ဓဿ ဘာသာ ဗုဒ္ဓဘာသာ။**

သစ္စာလေးပါး ဥ ယျာဉ် တရားတို့ကို နိုးကြားပွင့်ထွန်း ထင်လင်း ထိမိ သိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ ဗုဒ္ဓမြတ်စွာသည် ပြောဟောတော်မူအပ် သောကြောင့် ဘာသာမည်၏။

ဗုဒ္ဓမြတ်စွာဘုရား၏ ပါဝစန အဆုံးအမ စကားတော်သည် ဗုဒ္ဓဘာသာမည်၏ - ဟူ၍ မှတ်ရာ၏။

မြတ်စွာဘုရား၏ သာသနာတော်သည် ပရိယတ္တိသာသနာ+ ပဋိပတ္တိသာသနာ+ ပဋိဝေဓသာသနာ- ဟူ၍ (၃)ပါး အပြားရှိ၏။

ထို (၃) ပါးတို့တွင် ပရိယာ ပုဏိတဗ္ဗာတိ ပရိယတ္တိ - ဟူသော ဝစနတ္ထနှင့်အညီ အဖန်ဖန် အထပ်ထပ် သင်ယူအပ် သင်ယူထိုက်သော ပိဋကသုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာအပေါင်းသည် ပရိယတ္တိမည်၏။

ပဋိပဇ္ဇိတဗ္ဗာတိ ပဋိပတ္တိ - ဟူသော ဝစနတ္ထနှင့်အညီ ကျင့်အပ် ကျင့်ထိုက်သော သီလ+စုတင်+ သမထ ဝိပဿနာ အကျင့်တရားအပေါင်းသည် ပဋိပတ္တိမည်၏။

ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓော - ဟူသော ဝစနတ္ထနှင့်အညီ ဉာဏ်ဖြင့် ဖောက်ထွင်းထိမိ သိအပ် သိထိုက်သော မဂ်+ဖိုလ်+နိဗ္ဗာန် (၉) တန်သော လောကုတ္တရာ တရားတော်မြတ်သည် ပဋိဝေဓမည်၏။

http://www.dhammadownload.com



## ပရိယတ်ရှိသူသည် ကြွင်းနှစ်ပါးပါ ဖြည့်ကျင့်နိုင်

**သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ။ ပဏ္ဍိတော ဟိ တေပိဋကံ သုတွာ ဒွေပိ ပူရေတိ ။ ပ ။ တသ္မာ ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ** = ဟူ၍ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ [ နှာ - ၄၁၂+၄၁၃ ] ၌ ဖွင့်ဆိုချက်အရ "

**ပဋိဝေဓနှင့် ပဋိပတ္တိတို့က ရံခါရှိ၍ ရံခါမရှိနိုင်သော်လည်း ပရိယတ္တိသည်သာလျှင်** သာသနာတော် တည်မြဲခြင်း၏ အဓိကလိုရင်းပမာဏ ဖြစ်သည်။ ပညာရှိသူသည် ပိဋက သုံးပုံဟူသော ပရိယတ်ကို သင်ယူနာကြားမှတ်သား၍ ပဋိဝေဓနှင့် ပဋိပတ်နှစ်ပါးတို့ကိုလည်း ပြည့်စေနိုင် ဖြည့်ကျင့်နိုင်၏။ ။ပ။ ထို့ကြောင့် ပရိယတ်တည်ရှိလျှင် သာသနာတော်တည်၏ " - ဟူ၍ ဆိုလိုပေသည်။

## သာသနာကွယ်ကြောင်း တရားအပေါင်း

**" အင်္ဂုတ္တိုရ်လာ၊ သာသနာတည်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားကိုနာ၊ စာပေကိုသင်၊ နှုတ်တွင်ကျက်ဆောင်၊ သိအောင်လည်းပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကို၊ ကျင့်လျှတ်ကောင်းစွာ၊ ဤငါးဖြာတည်း " - ဟု** ရှေးဆရာတော်များက ဗုဒ္ဓအလိုကျ လင်္ကာဆောင်ပုဒ်ကို ဖွဲ့စီရေးသားတော်မူခဲ့ကြပေသည်။

ဘုရားရှင်ကိုယ်တော်တိုင် (၄၅) ဝါ ကာလပတ်လုံး နေ့ညမနား များလှစွာ သတ္တဝါ ဝေနေယျ တို့ကို ဓမ္မမြိုက်ဆေး တိုက်ကျွေးတော်မူကာ အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် (၃)လ အကြာတွင် ရာဇဂြိုဟ်ပြည်၌ အရှင်မဟာကဿပ အမှူးပြုသော ပဋိသမ္ဘိဒါပတ္တ+ဆဠဘိည ရဟန္တာအရှင်မြတ် (၅၀၀)တို့ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်တို့ကို ပေါင်းစုရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူခဲ့ကြပြီး ဝိနည်းပိဋကကို အရှင်ဥပါလိထေရ်နှင့် တပည့်အဆက်ဆက်တို့ကလည်းကောင်း၊

ဒီဃနိကာယ်ကို အရှင်အာနန္ဒာထေရ်နှင့် တပည့်အဆက်ဆက်တို့ကလည်းကောင်း၊

မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊

သံယုတ္တနိကာယ်ကို အရှင်မဟာကဿပထေရ်နှင့် တပည့်အဆက်ဆက်တို့ကလည်းကောင်း၊

အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓထေရ်နှင့် တပည့်အဆက်ဆက်တို့ကလည်းကောင်း၊

အဘိဓမ္မပိဋကကို အရှင်သာရိပုတ္တရာထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊

ဇာတက+နိဒ္ဒေသ အစရှိသော ခုဒ္ဒကနိကာယ်ဝင် ကျမ်းများကို ဆရာတပည့် အဆက်ဆက် တို့က လည်းကောင်း၊ စဉ်ဆက်မပြတ် ခွဲဝေသတ်မှတ်ကာ တာဝန်ယူ ပို့ချ သင်ယူခြင်းဖြင့် ပရိယတ္တိ သာသနာတော်ကို **ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြပါသည်။** သင်္ဂါယနာ (၆)တန်လွန်မြောက် မျက်မှောက်ခေတ်ကာလ အထိ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများရှိ ဆရာတော်သံဃာတော်များကလည်း စွမ်းအားရှိသမျှ ထိန်းသိမ်း စောင့်ရှောက် ဆောင်ရွက်တော် မူနေကြဆဲဖြစ်ရာ ပရိယတ္တိသာသနာသည် အရာတည်ကလေးမျှ လောက်ပဲ တည်နေသည် မဟုတ်ပေ၊ ပဋိပတ္တိသာသနာသည်လည်း နိုင်ငံ+ဒေသများများ ပြန့်နှံ့ကာ တည်ထွန်းနေသည်ကို တွေ့ရမည်ဖြစ်သောကြောင့်- မိုးပြာရှင်ဉာဏ၏ " တကယ်ကျတော့ ဗုဒ္ဓ ဘာသာဟာ ထွန်းကားလှတယ်- ဆိုပေမယ့် အရာတည်ကလေးလောက်ပဲလို့ ပြောချင်တယ် " ဟူသော စကားသည် အမှန်မမြင် ကဲ့ရဲ့ဆန့်ကျင်သော စကားသာ ဖြစ်သည်ဟု သုံးသပ်ရပါသည်။

http://www.dhammadownload.com


## ဝုဏ်အင်ပြည့်ဝ ပါဝစန

ဗုဒ္ဓပါဝစန ဖြဟွစရိယဓမ္မ ဒေသနာတော်များသည် သတိပဋ္ဌာန်အစရှိသော အကျိုးအနက် အဓိပ္ပါယ်နှင့် ပြည့်စုံသောကြောင့် သာတ္ထ။

သိထိလ+ဓနိတ အစရှိသော ဗျည်းသဒ္ဒါ အက္ခရာစာလုံးနှင့် ပြည့်စုံသောကြောင့် သဗျဉ္ဇန။

ကပ်ဆောင်သွန်လောင်း ထည့်စွက်ဘွယ် တစုံတခုသော အနက်အဓိပ္ပါယ် ဒေသေတဗ္ဗဓမ္မ မရှိတော့သည့်အတွက် အလုံးစုံကုန်စင် ထက်ဝန်းကျင်မှ စုံလင်ပြည့်ဝသောကြောင့် ကေဝလပရိပုဏ္ဏ။

စွန့်ပယ်အပ် စွန့်ပယ်ထိုက်သည့် တစုံတခုသော အနက်အဓိပ္ပါယ် ဒေသေတဗ္ဗဓမ္မ မရှိတော့သည့်အတွက် အပြစ်မတင် ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သောကြောင့် ပရိသုဒ္ဓ။

ဂုဏ်အင်္ဂါတို့သာမက သီလဟူသော အစ၌ကောင်းခြင်းရှိသော အာဒိကလျာဏ။

သမာဓိဟူသော အလယ်၌ကောင်းခြင်းရှိသော မဇ္ဈေကလျာဏ။

ပညာဟူသော အဆုံး၌ကောင်းခြင်းရှိသော ပရိယောသာန ကလျာဏ - ဂုဏ်အင်္ဂါတို့နှင့်လည်း ပြည့်စုံလှပေသည်။

သို့ကလောက် အနက်အဓိပ္ပါယ်နှင့် ပြည့်စုံသော ဗုဒ္ဓပါဝစန စကားလုံးများကို အကိုးအကား သာဓကထား၍ ပြောဟောပို့ချ သင်ကြားပေးနေကြသော သာသနာပြု သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ် အဆက်ဆက် အားလုံးကို " **ဗုဒ္ဓရဲ့ စကားလုံးတွေရဲ့ အနက်အဓိပ္ပါယ်ကို ကိုယ့်အိမ်ကိုယ့်ရာ ထဲမှာရှိတဲ့ ပစ္စည်းတခုခုရဲ့ အနက်အဓိပ္ပါယ်ကို ပြောသလိုမျိုး ကိုယ့်ဘာသာသိ-ထင်-မြင်ပြီး စာပေကျမ်းဂန်က အလွတ် ပြောနိုင်တဲ့သူက မရှိသလောက် ဖြစ်နေလို့ပဲ** " - ဟု မိုးပြာရှင်ဉာဏ ပြောဟောရေးသား ဖြန့်ဝေခြင်းသည် တစ်သာသနာလုံး တစ်ကမ္ဘာလုံးရှိ သာသနာပြု-သာသနာ့ ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပုဂ္ဂိုလ်အားလုံးကို မတရားရှုတ်ချ ကဲ့ရဲ့စော်ကား ပြောဟော ရေးသားခြင်းမျိုးသာ ဖြစ်ပေသည်။ ဘုရားဟောပါဠိတော်နှင့် ထေရဝါဒ အဋ္ဌကထာ+ဋီကာကျမ်းဂန်လာ စကားအနက်အဓိပ္ပါယ်များကို လွှတ်၍ စည်းမဲ့ကမ်းမဲ့ မိမိပြောချင်ရာဝါဒကို ရှေ့တန်းတင်၍ ပြောဟောသူများသည် မိုးပြာရှင်ဉာဏတို့လို အဓမ္မဝါဒီ ပုဂ္ဂိုလ်များသာ ဖြစ်ဘွယ်ရာရှိ၍ မိုးပြာရှင်ဉာဏနှင့် ထိုပုဂ္ဂိုလ်မျိုး၏ စကားသည်လည်း မုချ အဓမ္မစကားလုံးစာသားများသာ ဖြစ်တော့သည်ဟု သုံးသပ်ရရှိပါသည်။

## "ဗုဒ္ဓဒဿန"

" ဗုဒ္ဓဒဿနထဲက စကားလုံးအနက်တွေကို တကယ်လည်း မသိတတ်ကြပါဘူး "- ဟု ဟောပြော ရေးသားထားပါသည်။

ဗုဒ္ဓဒဿန-ဟူသော အသုံးအနှုန်းသည် အဘယ်ကို ရည်ရွယ်၍ ပြောဆိုသုံးနှုန်းထားသနည်း-ဟု စဉ်းစားရ ပေမည်။ ဗုဒ္ဓဿ+ဒဿနံ ဟူသော ဝိဂြိုဟ်ဝါကျ၌ - " ယု+ဏျွ-တုမှီ၊ ပစ္စည်းတည်၊ ဆဋ္ဌီ ကံနေစေ " ဟူသော နိယံအရ ဆဋ္ဌီကမ္မတ္ထအနက်ဖြစ်၍ ဘုရားကို ဖူးမြင်ရခြင်း- ဟု အနက်မြန်မာ ပြန်ရပေမည်။

တဖန်- ဗုဒ္ဓဿ+ဒဿနံ- ဟူသော ဝိဂြိုဟ်ဝါကျဝယ် ဗုဒ္ဓဿပုဒ်ကို ရိုးရိုးဆဋ္ဌီဝိဘတ် အနက်ဆိုလျှင်- မြတ်စွာဘုရား၏-ဟူ၍ အနက်မြန်မာ ပြန်ဆိုရမည်ဖြစ်ရာ မြတ်စွာဘုရား၏ ရှုမြင်ခြင်း ဘုရား၏အမြင်ဟူ၍ သမ္မန်နှင့် ဘောအနက်ကို ကြံရပေမည်။ သို့သော် ဗုဒ္ဓဒဿန-ဟူသောပုဒ်၏ အဖွင့်ကျမ်းစာတို့၌ ဆဋ္ဌီကမ္မတ္ထ အနက်တို့ကိုသာ ဖွင့်ဆိုကြသည်ကို [ မ-ဋ္ဌ-၃၊ ၃၉။ ] ၌လည်းကောင်း၊ [ သံ-ဋ္ဌ-၁၊ ၇၀ ။] ၌လည်းကောင်း၊ [ ဝိ-ဋ္ဌ-၁၊ ၁၆၉။] ၌လည်းကောင်း- တွေ့ရပေသည်။ ဒဿန-ဟူသော အရပ်သုံးစကားကို ဗုဒ္ဓဟူသော

http://www.dhammadownload.com



ရှေ့ပုဒ်နှင့် တွဲဖက်၍ သုံးစွဲပြောဆိုခြင်းသည် ပါဠိနှင့် ပတ်သက်၍ ကြားဘူးရုံမျှရှိသော ကပ္ပိယကြီးကို ဦးပဉ္စင်းတစ်ပါးက " ဒကာကြီး ဘာချက်နေတုံး" လို့မေးရာ ကပ္ပိယကြီးက " ကေသဘုရာ့ ကေသချက်နေတာ " လို့ ပါဠိနှင့်အနက် မဆက်မဆံ ကြားဘူးနား၀ အသံဖြင့် ပြောဘိသကဲ့သို့လည်းကောင်း၊ " ဥတ္တရား မျောက်တို့သည်။ ဒက္ခိဏေး တောင်ပေါ်၌။ ဒန္တား-သွားကုန်၏။" ဟူသော ကပ္ပိယကြီး၏ ပါဠိဘာသာကို သုံးနှုန်းပြောဆိုသကဲ့သို့လည်းကောင်း၊ ပါဠိအသုံးအနှုန်း တစ်ပုဒ်လုံး၏ အနက်အဓိပ္ပါယ်ကိုမသိဘဲ ဗုဒ္ဓဒေသနာ-ဗုဒ္ဓဘာသိတ စကားလုံးထဲက-ဟု ပြောဆိုသင့်ရာ၌ ဗုဒ္ဓဒသနေ စကားလုံးထဲက-ဟု ပြောဆိုခြင်းသည်လည်း မသင့်သော အသုံးအနှုန်း စကားလုံးဖြစ်ချေသည်-ဟု ဆိုရပေမည်။

မည်သို့ဖြစ်စေ " ဗုဒ္ဓဒသနထဲက စကားလုံးအနက်တွေကို တကယ်လည်း မသိတတ်ကြပါဘူး-ဟူ၍ ပြောဟောရေးသားထားခြင်းသည် စာပေကျမ်းဂန်တို့၌ တတ်သိကျွမ်းကျင် လိမ္မာတော် မူကြကုန်သော ပရိယတ္တိ+ပဋိပတ္တိ သာသနာပြု-သာသနာ့ဝန်ဆောင် ဆရာတော်ကြီး အစဉ်အဆက်တို့ကို အထင်သေးပြား အယုတ်အားဖြင့် စွပ်စွဲရှုတ်ချ ကဲ့ရဲ့စော်ကားထားသော ပြောဟောရေးသားထားခြင်း မျိုးသာ ဖြစ်သည်-ဟု သုံးသပ်ရပေသည်။

## ခြုံငုံသုံးသပ်ချက်

သို့ပါ၍ အမှတ် (၂၈) စောဒနာလွှာပါ မိုးပြာရှင်ဉာဏ ပြောဟောရေးသားထားသော "တကယ်ကျတော့ ဗုဒ္ဓဘာသာဟာ ထွန်းကားလှတယ်-ဆိုပေမယ့် အရာတည်ကလေး လောက်ပဲလို့ ပြောချင်တယ်။လ။ ဗုဒ္ဓဒသနထဲက စကားလုံးအနက်တွေကို တကယ်လည်း မသိတတ်ကြပါဘူး၊" စသည်ဖြင့် စွပ်စွပ်စွဲစွဲရေးသားချက်နှင့် စပ်လျဉ်း၍ ဟောပြောရေးသားချက်များသည် ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အားလုံးကို မထီမဲ့မြင်ပြု၍ စွပ်စွဲရှုတ်ချ ကဲ့ရဲ့စော်ကားထားသော စကားလုံး အသုံးအနှုန်းဖြစ်၍ ထင်ရှားဧကန် ဟုတ်မှန်သော ဓမ္မ၏ ဆန့်ကျင်ဘက် ဖြစ်သော ဟောပြောရေးသားချက်များဖြစ်သည်ဟု ဝိနည်းမှိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

အမှတ် (၂၈) စောဒနာလွှာပါ မိုးပြာရှင်ဉာဏ၏ ပြောဟောရေးသားထားချက်များသည် ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အားလုံးကို မထီမဲ့မြင်ပြု၍ စွပ်စွဲရှုတ်ချ ကဲ့ရဲ့စော်ကားထားသော စကားလုံး အသုံးအနှုန်းဖြစ်၍ ထင်ရှားဧကန် ဟုတ်မှန်သောဓမ္မ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ယင်းဟောပြောရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၂၉)စာဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

တဏှာရှင်းတမ်း စာအုပ်-နှာ-၂-၃-၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"ကိုယ့်တရားဓမ္မကို လုံးဝမနာရဖူးသေး မကြားရဖူးသေးတဲ့ အသိုင်းအဝိုင်းက တရားကြိုးခွေကြားရတာက တဆင့်တွေ့ချင်လို့ ပင့်လိုက်တာကြောင့် ပြည်မြို့ကိုသွားတော့ (ပ) သည်ကနေ့ ထွန်းကားနေတဲ့ ပရမတ္ထသစ္စာကို နှစ်ရှည်လများ အားထုတ်ပြီး ဟောပြောခေါင်းဆောင်နေတဲ့ ပုဂ္ဂိုလ်ကြီး လေးငါးယောက်နဲ့ တမနက်ခင်းလုံး စကားပြောခဲ့ရတယ်။ (ပ) ခင်ဗျားတို့တောင်းဆိုတဲ့ နိဗ္ဗာန် အကြောင်းကို ကျုပ်က သိချင်မှ သိမှာ။ တကယ်လို့ ကျုပ်က သိတယ်ဆိုရင်တောင်မှ ခင်ဗျားတို့ကလဲ ကျုပ်ပြောတဲ့ နိဗ္ဗာန် ရှုချင်မှ ရှုကြမှာ။ ကျုပ်ရနေလို့ သိနေပေမယ့် ခင်ဗျားတို့က မရကြလို့ မသိကြရင် ကျုပ်ပြောလဲ ခင်ဗျားတို့ သိကြမယ် မဟုတ်ဘူး။ (ပ) ဒါကြောင့် ခင်ဗျားတို့အနေနဲ့ နိဗ္ဗာန်တို့ မဂ်ဖိုလ်တို့ အကြောင်းကို မတောင်းဆိုထိုက်ဘူး။ မတောင်းဆိုသင့်ဘူး" ဟူသော (တဏှာရှင်းတမ်း စာအုပ်-နှာ-၂-၃) ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စာဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စာဒကတို့၏ သဘောထား

အထက်ပါ-ဋပနာ(၂၉)ထဲတွင်

<u>က။ သည်ကနေ့ခေတ်မှာ ပရမတ္ထသစ္စာ ထွန်းကားနေ၍ တရား အားထုတ် သူများ အများကြီး များနေခြင်းဖြစ်ကြောင်း၊</u>

<u>ခ။ ရှင်မိုးပြာသည် တခြားသူများ မရသည့်နိဗ္ဗာန်ကို ရနေသူဖြစ်ကြောင်း၊</u>

<u>ဂ။ ရှင်မိုးပြာရထားသည့် နိဗ္ဗာန်ကို မရဖူးသူများ မသိနိုင်ခြင်းကြောင့် ယင်းနိဗ္ဗာန် အကြောင်းကို မဟောနိုင်ကြောင်း၊</u>

<u>ဃ။ တရားနာလိုသူ လူပုဂ္ဂိုလ်များအနေဖြင့် မဂ်ဖိုလ်နိဗ္ဗာန်အကြောင်း ပြောပြဖို့ မတောင်းဆို သင့်ကြောင်းများ</u> ပါဝင်နေသည်။

### ရှင်မိုးပြာ ရထားသည့် နိဗ္ဗာန်အကြောင်း

(၁) -"အယောင်ဆောင် ငါကို အားမပေးတော့ဘူး၊ မတည်ဆောက် တော့ဘူး ဆိုရင် အနတ္တ မဖြစ်တော့ဘဲ အတ္တချည်း ကျန်ပါတယ်။ ငါချည်း ကျန်ပါမယ်။ အဲဒါ နိရောဓ ဆိုက်တာ ပဲ။

ငါအပေါ်မှာ မှီပြီး ငါလဲ မဟုတ်ဘဲ ငါအယောင် ဆောင်ပြီး ငါလုပ်နေတဲ့ အရာက အနတ္တ ဖြစ်တယ်, ဒါ(အယောင်ဆောင်ငါ)ကို မမြင်ရင်လည်း တရားရဖို့က ဖြစ်ကို မဖြစ်နိုင်ဘူး။

ဒါ(အယောင်ဆောင်ငါ)ကို မြင်အောင် တကယ် စဉ်းစားကြည့်ရင်တော့လဲ သိနိုင်ပါတယ်"

(တဏှာရှင်းတမ်းစာအုပ်-နှာ-၂၆-၂၇။)

သစ္စာလေးချက်မှာ ဒုက္ခသစ္စာက အနတ္တပဲကွ။

နိရောဓက ဒုက္ခရဲ့ ဆန့်ကျင်ဘက် မဟုတ် လား။ သည်လိုဆိုရင် (ပ) နိရောဓဟာ အနတ္တရဲ့ ဆန့်ကျင်ဘက် ဖြစ်ရမှာပေါ့။ အနတ္တရဲ့ ဆန့်ကျင် ဘက်ဟာ အတ္တ မဟုတ်လား။ (ပ) နိရောဓဆိုက်တယ် ဆိုတာ အတ္တဆိုက်တာ မဟုတ်လား။ (၎င်းစာအုပ်-နှာ-၃၀။)

ထိုစကားတို့ကိုထောက်၍ -

-အတ္တဆိုက်နေခြင်းကိုပင် နိဗ္ဗာန်ရနေခြင်းဟု မှတ်။ (နိရောဓသစ္စာဟူသည်မှာ အတ္တ,ဟူလို)

http://www.dhammadownload.com



"ကျုပ်ရနေလို့ သိပေမယ့် ခင်ဗျားတို့က မရကြလို့ မသိကြဘူးဆိုရင် ကျုပ်ပြောလဲ ခင်ဗျားတို့ သိကြမယ် မဟုတ်ဘူး"-ဟူသော စကားဖြင့်-

နိဗ္ဗာန်အကြောင်းကို နိဗ္ဗာန်ရဘူးသူတို့သာ နားလည်နိုင်ခြင်းကြောင့် နိဗ္ဗာန်ရဘူးသူ တို့အားသာ ပြောပြသင့်သည်။ နိဗ္ဗာန်မရဘူးသူအား နိဗ္ဗာန်အကြောင်း မဟောကောင်းဟု ဆိုရာရောက်သည်။

ထို့ကြောင့် ယင်းစကားရပ်သည် ဝိနည်းမဟာဝဂ္ဂပါဠိတော်စသည်တို့၌ ဘုရားရှင်၏ မိန့်ခွန်းတော်ဖြစ်သော "စရထ ဘိက္ခဝေ စာရိကံ ဓမ္မံ ဒေသေထ"စသည်နှင့် ဆန့်ကျင်ပါကြောင်း၊

ထို့ကြောင့် ရှင်မိုးပြာ၏ "ဒါကြောင့် ခင်ဗျားတို့အနေနဲ့ နိဗ္ဗာန်တို့ မဂ်ဖိုလ်တို့အကြောင်းကို မတောင်းဆိုထိုက်ဘူး၊ မတောင်း ဆိုသင့်ဘူး။ စာမျက်နှာ-၃"စသော ဟောပြော ရေးသားချက်တို့သည် ဗုဒ္ဓဒေသနာတော်နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

ဖော်ပြပါ မိုးပြာရှင်ဉာဏ၏ ပြောဟောရေးသားချက်များနှင့် ပတ်သက်၍ မိုးပြာရှင်ဉာဏ ၏ **နိဗ္ဗာန်(အတု) နိဗ္ဗာန်ရသူ(အတု) နိဗ္ဗာန်တရားနာထိုက်သူ-မနာထိုက်သူ စသည်တို့နှင့် စပ်လျဉ်း၍ စောဒကပုဂ္ဂိုလ်တို့က အမှတ်(၂၉) စောဒနာလွှာကို တင်သွင်းခဲ့ကြပါသည်။**

စောဒကပုဂ္ဂိုလ်တို့ တင်သွင်းအပ်သော အမှတ် (၂၉) ပဓာနဋ္ဌပနာပါ စကားရပ်နှင့် စောဒနာစကားရပ်တို့ကို စိစစ်သုံးသပ်ရပေမည်။

"ကိုယ့်တရားဓမ္မကို လုံးဝမနာရဘူးသေး မကြားရဘူးသေးတဲ့ အသိုင်းအဝိုင်းက တရားကြိုးခွေ ကြားရတာကတစ်ဆင့် တွေ့ချင်လို့ ပင့်လိုက်တာကြောင့် ပြည်မြို့ကိုသွားတော့" **အစရှိသော မိုးပြာရှင်ဉာဏ၏** စကားရပ်အစတွင် "ကိုယ့်တရားဓမ္မကို " ဟူသော စကားလုံးကား သာမန်ပြောနေကြစကားမျိုးမဟုတ် ဓမ္မပိုင်ရှင် တစ်ယောက်အနေဖြင့် ပြောထားသောစကားဖြစ်သည်ဟု ယူဆရပေသည် ။ မိုးပြာရှင်ဉာဏ၏ တရားဟူသည် အဘယ်နည်းဟု စဉ်းစားကြည့်သော် မိုးပြာရှင်ဉာဏ၏ တရားများသည် မြတ်ဗုဒ္ဓ၏ ဒါနကထာ-သီလကထာ-သဂ္ဂကထာ-ကာမာနံ အာဒီနဝကထာ အစရှိသောဟောစဉ်တို့တွင် အကျုံးဝင်သည့် ဗုဒ္ဓအလိုကျ ဗုဒ္ဓဘာသိတ ထေရဝါဒလမ်းစဉ်ကို ဆန့်ကျင်ပြောဟော ဖွင့်ဟထားသော အဓမ္မဝါဒတရားတွေပဲ ဖြစ်ပေလိမ့်မည်ဟု ဆိုရပေလိမ့်မည် ။

## " သဘာဝနှင့် အဓယောင်ဓဆောင်အတ္တ "

လက်ရှိဘဝခန္ဓာငါးပါးရုပ်နာမ်တရားအပေါ်၌ "ဧသောဟံ ... ... ... ဤဘဝလက်ရှိ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ငါပဲ+ဤဘဝလက်ရှိ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ငါ၏အတ္တပဲ-ငါ့ဟာဘဲ" ဟု သာမန်ပုထုဇဉ်တို့ ရှိးရာ မှတ်ထင်စွဲလမ်းခြင်းမျိုးသည် အများပြောနေကြ သဘာဝအတ္တဟု မှတ်ယူရမည်။

ဤသဘာဝအတ္တမျိုးရှိသူများသည် ကလျာဏမိတ္တများနှင့်တွေ့ရသော် စစ်မှန်သော တရားဓမ္မတို့ကို ကြားနာရပါက သဒ္ဓါတရားအခြေခံ၍ ရှုမှတ်ပွါးများ အားထုတ်မှုကြောင့် ဉာဏ်စွမ်းအား ရင့်သန်ဖွံ့ထွား၍ ကျွတ်တန်းဝင်နိုင်ပေ၏။

http://www.dhammadownload.com



မိုးပြာရှင်ဉာဏနှင့် သူ့နောက်လိုက်ပုဂ္ဂိုလ်တို့၏ အတ္တသည်ကား အတိတ်ဘဝ အနာဂတ်ဘဝရှိသည်တို့ကို မယုံကြည်လက်မခံဘဲ ပစ္စုပ္ပန်ကမ္ဘဝါဒီ တစ်ဂိုဏ်းထောင် နာမည်ခံထားသူများဖြစ်ကြသည် အားလျော်စွာ သူတို့သဘောထားအရ "မမြင်ရ မသိရတဲ့ အတိတ်ဘဝ+အနာဂတ်ဘဝတို့ကို ရှိသည်ဟု မှတ်ယူစွဲလန်း လက်ခံယုံကြည်နေသော အမူအရာ သဘောလက္ခဏာသည်" အယောင်ဆောင်အတ္တဖြစ်သည်"ဟု မှတ်သားယူဆလျက် ဗုဒ္ဓဘာသာအယူဝါဒမှ ဘေးသို့ထွက်ကာ ဆန့်ကျင်ယူဆ ပြောဆိုနေကြသော စကားလုံးများ ဖြစ်သည်ဟု သုံးသပ်ရပေသည် ။

ယင်းသို့သော အယောင်ဆောင်အတ္တဝါဒ လက်ကိုင်ထားသူ မိုးပြာရှင်ဉာဏက "အယောင်ဆောင်ငါကို အားမပေးတော့ဘူး မဟည်ဆောက်တော့ဘူးဆိုရင် အနတ္တမဖြစ်တော့ဘဲ အတ္တချည်းကျန်ပါတယ် ငါချည်းကျန်ပါမယ်၊ အဲဒါ နိဗ္ဗာန်ဆိုက်တာဘဲလို့ ပြောပြလိုက်တယ်" အစရှိသော ပြောဟောချက်စကားစုများကို အကျဉ်းချုံး၍ သုံးသပ်ရပေဦးအံ့ ။

## "အတ္တနှင့် အနတ္တ"

သတ္တဝါတို့၏ ခန္ဓာကိုယ်+တစ်လောကလုံးကို အစိုးရလျက် မပျက်စီးနိုင် မြဲခိုင်ပေလစ် အနှစ်သာရ အမာခံသဘောတရားဟု သာသနာပ တိတ္ထိယတို့ ကြံဆထားအပ်သော အတ္တဟု ဆိုလို၏။

မြတ်ဗုဒ္ဓ၏ တရားတော်ကို ထဲထဲဝင်ဝင် မနာယူ မမှတ်သား အားမထုတ်ကြရသေးသူတို့ အနေဖြင့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ် ရရှိထားခဲ့သော လက်ရှိ ခန္ဓာငါးပါးအပေါ်၌ ရှေးသာသနာပ တိတ္ထိယတို့က အတ္တဇီဝ အသက်ကောင်လိပ်ပြာ ဝိညာဏ်ကောင် ဟူ၍ ကြံဆစွဲမှတ် ပြောဆိုအပ်သည့်အတိုင်း အတ္တဟု လက်ခံပြောဆို သုံးနှုန်းနေကြပေသည်။

**ယင်းသို့ အစဉ်အလာအားဖြင့် လက်ခံပြောဆိုသုံးနှုန်းနေသော အတ္တကို မြတ်စွာဘုရား ပွင့်တော်မူပြီး** မကြာမီ ဘုရားရှင်၏တရားတော်ကို နာကြားကြရသဖြင့် "ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် အတ္တမဟုတ်ဘူး- အစိုးမရဘူး အနတ္တတရားတွေပဲဟု လက်ခံယုံကြည်လာ၍ ဝိပဿနာဉာဏ်ပညာဖြင့် ထူးခြားစွာ ရှုမှတ်ရာအခါဝယ် ခန္ဓာငါးပါးဒုက္ခတရား၌ မနှစ်သက် မခင်မင် ငြီးငွေ့ရွံမုန်းကာ ကိလေသာတို့၏ ကင်းဝေးစင်ကြယ်ရာ နိဗ္ဗာန်ချမ်းသာအကျိုးငှါ လမ်းကောင်း လမ်းမတော်ကြီးဖြစ်ကြောင်း လက်ခံယုံကြည်လာကြသည်ကို-

**သဗ္ဗေ ဓမ္မာ အနတ္တာတိ ၊ ယဒါ ပညာယ ပဿတိ၊**

**အထနိဗ္ဗိန္ဒတိ ဒုက္ခေ ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ** ဟူသော ဗုဒ္ဓဘာသာဝင်များ ကြားနာရင်းနှီးပြီးဖြစ်သော ဂါထာဖြင့် သိမှတ်ရာ၏။

မြတ်ဗုဒ္ဓသည် အနတ္တတရားတော်နှင့်ပတ်သက်၍ အနတ္တလက္ခဏသုတ်ကို ဘုရား၏ အဖြစ်သို့ ရောက်တော်မူပြီး မကြာမီ ဟောတော်မူခဲ့သည်ကို ဝိနယမဟာဝဂ္ဂပါဠိတော်+ သံယုတ်ပါဠိတော်တို့၌ တွေ့ရှိရပြီး ထိုထိုသုတ်တို့၌ ဝေနေယျဗ္ဗာသယ စသော အကြောင်းအား လျော်စွာ နည်းအမျိုးမျိုးတို့ဖြင့် ဟောတော်မူခဲ့ရာ ခန္ဓာငါးပါး အစရှိသော နိဗ္ဗာန်အပါအဝင် တရားအားလုံးစုံတို့ကို အနတ္တဟု ဟောတော်မူပါသည် ။ အနတ္တပုဒ်နှင့် ပတ်သက်၍ အဋ္ဌကထာ ဋီကာတို့၌ ရသင့်သမျှ ဖွင့်ဆိုပြတော်မူကြပေသည်။

http://www.dhammadownload.com



(က) **အနတ္တာတိ"မာဇိယန္တု မာမိယန္တု"တိ ဝသေ ဝတ္တေတုံ န သက္ကာတိ အဝသဝတ္တန-ဋ္ဌေန အနတ္တာ အတ္တသုညာ အသာမိကာ အနိဿရာတိ အတ္ထော။** ဓမ္မ၊၄၊၂။၂၅၆။ ဟု အဝသဝတ္တနအနက်နှင့်

(ခ) **အသာရကဋ္ဌေနာတိ "အတ္တာ နိဝါသီ ကာရကော ဝေဒကော သယံ ဝသီ"တိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန။ ယဉ္ဟိ အနိစ္စံ ဒုက္ခံ၊ တံ အတ္တနောပိ အနိစ္စတံ ဝါ ဥဒယဗ္ဗယပီဠနံ ဝါ ဝါရေတုံ န သက္ကောတိ၊ ကုတော တဿ ကာရကာဒိဘာဝေ၀ါ၊** (ဝိသုဒ္ဓိ၊၄၊၂။၂၄၅) ဟု အသာရကအနက်တို့ကို ကျမ်းစာ များစွာတို့၌ ဖွင့်ဆိုတော်မူကြပါသည်။

အဓိပ္ပါယတ္ထအားဖြင့် ဝါဒမကွဲပြားပါပေ ။ ပရိယတ္တိကျွမ်းကျင်၍ ပဋိပတ်ကျင့်စဉ်လမ်း မှန်ပါက အယူဝါဒ တူညီမှုသဖြင့် ဝိဝါဒဖြစ်ဘွယ်ရာ မရှိချေ၊ သို့သော် **အနတ္တအစစ်အမှန်ကို** မသိနားမလည်ပဲ ထေရဝါဒပိဋကတ် နိကာယ်ကျမ်းဂန်လာ အနတ္တကို ငြင်းဆန်၍ စိတ်ကူးတွေးထင် အသိအမြင်ဖြင့် ပြောဟောထားသော မိုးပြာရှင်ဥာဏ၏ မိုးပြာဝါဒအနတ္တကား **အဓမ္မဝါဒ အနတ္တဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။**

ပိုင်းခြား၍သိအပ်သော ခန္ဓာငါးပါး ဒုက္ခ သစ္စာတရားနှင့် သမုဒယသစ္စာ လောဘတဏှာတို့၏ ချုပ်ငြိမ်းကြောင်းဖြစ်သည့် မဂ္ဂသစ္စာဘာဝနာတရားကို ပွါးများခြင်းကြောင့် ဒုက္ခ+သမုဒယတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသို့ ဆိုက်ရောက်ရခြင်းဖြစ်ရာ မိုးပြာရှင်ဥာဏ၏ "နိရောဓဆိုက်တယ်ဆိုတာ အတ္တဆိုက်တာ မဟုတ်လား" ဟူသော စကားသည် **အနတ္တဖြစ်သော နိဗ္ဗာန်ကို အတ္တ-ဟု ပြောဟောခြင်းဖြစ်၍ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို အတ္တ-ဟု မဟုတ် မတရားပြောဟောခြင်းသည်-**

**နိဗ္ဗာန ဓမ္မော အတ္တသေယာ အဘာဝတော အတ္တသုညော** ( ပဋိသံ-၄၊၂၊၂၄၆ )

**အသင်္ခတအမြိုက်နိဗ္ဗာန်တရားသည် အတ္တလုံးဝမရှိသည်၏အဖြစ်ကြောင့်ပင် အတ္တမှ ဆိပ်သုဉ်း၏-** ဟူသည်နှင့်အညီ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ သံသရာဝဋ်ဒုက္ခ ရုပ်သိမ်း အနုပ္ပါဒနိရောဓချုပ်ငြိမ်းရာ **ရည်မှန်းချက်ပန်းတိုင် လုံးလုံးကြီး လွဲမှားသဖြင့် ကျင့်စဉ် လမ်းကြောင်း အားဖြင့်လည်း** အားလုံးလွဲမှားမည်ဖြစ်သောကြောင့် အဓမ္မဝါဒသာဖြစ်ကြောင်း သုံးသပ်တော်မူကြသည်။

### " နိရောဓ + နိဗ္ဗာန် "

မိုးပြာရှင်ဥာဏ က " နိရောဓဆိုက်တယ်ဆိုတာ အတ္တဆိုက်တာ မဟုတ်လား " လို့ မဟုတ်မမှန် ပြောဆိုထားပြန်သည် ။

စင်စစ်အားဖြင့် ငါ+ငါ့ဥစ္စာ-ဟူသော အတ္တဒိဋ္ဌိ အမြင်အယူရှိနေပါက နိရောဓအစစ်သို့ မဆိုက်ရောက်နိုင်သေးပေ ။ နိရောဓနှင့် ပတ်သက်၍ မူလဋီကာ၊နှာ-၅၁-၌

**ကာရဏေ ဖလောပစာရံ ကတွာ နိရောဓပစ္စယော နိရောဓောတိ ဝုတ္တော ။**

**ကာရဏေ**= ခန္ဓာငါးပါး ချုပ်ငြိမ်းခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်၌၊ ဖလောပစာရံ-ခန္ဓာငါးပါး၏ ချုပ်ငြိမ်းခြင်းတည်းဟူသော အကျိုး၌ တင်စားခြင်းကို၊ **ကတွာ**= ပြု၍၊ **နိရောဓပစ္စယော**= ခန္ဓာငါးပါး ချုပ်ငြိမ်းခြင်း၏ အကြောင်းတရားကို၊ **နိရောဓောတိ**= နိရောဓဟူ၍ ၊ **ဝုတ္တော**= ဆိုအပ်ပြီ။

**နိရောဓ-ဟု** ဆိုသော်လည်း ချုပ်ငြိမ်းခြင်းဟူသော ဖလကို မယူအပ်။ ချုပ်ငြိမ်းကြောင်း ကာရဏဖြစ်သော နိဗ္ဗာန်ကို ယူရမည်-ဟု ဆိုလိုပေသည် ။

http://www.dhammadownload.com


**နိရောဓော ဟောတီတိ အနုပ္ပါဒေါ ဟောတိ ။ အပိ စေတ္ထ သဗ္ဗေဟေဝ တေဟိ နိရောဓပဒေဟိ နိဗ္ဗာနံ ဒေသိတံ။ နိဗ္ဗာနံ ဟိ အာဂမ္မ တေ တေ ဓမ္မာ နိရုဇ္ဈန္တိ၊ တသ္မာ တံ တေသံ တေသံ နိရောဓောတိ ဝုစ္စတိ** ။ (သံ၊၄၊၂။၁၇။)

မြန်မာပြန်- နိရောဓော ဟောတိ-ဟူသည်ကား ရုပ်နာမ်ခန္ဓာတို့၏ မဖြစ်တော့ခြင်း (ချုပ်ငြိမ်းခြင်း) ဖြစ်၏။ နိရောဓော ဟောတိ-ဟူသော ဤပါဠိ၌ စင်စစ်အားဖြင့် အလုံးစုံသာလျှင် ဖြစ်ကုန်သော ယို"နိရောဓ"ပုဒ်တို့ဖြင့် နိဗ္ဗာန်ကို မြတ်စွာဘုရားသည် ဟောကြား ညွှန်ပြတော်မူအပ်လေပြီ။ အကြင်အကြောင်းကြောင့် နိဗ္ဗာန်ကို စွဲမှီသမှုအကြောင်းပြု၍ ထိုထိုရုပ်နာမ် သင်္ခါရတရားတို့သည် ချုပ်ငြိမ်းကုန်၏။ ထို့ကြောင့် ထိုနိဗ္ဗာန်ကို ထိုထိုရုပ်နာမ်သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိရောဓဟု ခေါ်ဆိုပညတ်သမုတ်အပ်ပေ၏-ဟူသော အဋ္ဌကထာသံဝဏ္ဏနာ စကားရပ်ဖြင့် နိရောဓဟူသည် နိဗ္ဗာန်ပင်တည်းဟူ၍ သိမှတ်ရာ၏။

**နိဗ္ဗာနန္တိ ဘဝါဘဝံ့ ဝိနနတော ဝါနံ ဝုစ္စတိ တဏှာ၊ ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနန္တိ စ ပဝုစ္စတိ အမတံ အသင်္ခတံ ပရမံ သုခံ**- ဟူသော အဘိဓမ္မာဝတာရပါဠိအရ ဘဝငယ် ဘဝကြီး တစ်ဘဝနှင့် တစ်ဘဝကို ချုပ်စပ်တတ်သော ကြောင့် ဝါနဟု ဆိုအပ်သော တဏှာ၊ ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်ရာဖြစ်သောကြောင့် အမြိုက်+အသင်္ခတပရမသုခကို **နိဗ္ဗာန်-ဟု** အပြားအားဖြင့် ဆိုအပ်၏။

**ဣဒမ္ပိ ခေါ ဌာနံ ဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။** ဒီ-၂-၃၁။မ-၁၊၂၂၄။သံ-၁-၁၃၈။

**အနက်ပေး**- ယဒိဒံ ယော အယံ သဗ္ဗသင်္ခါရသမထော- အကြင်အလုံးစုံကုန်သော သင်္ခါရတရားတို့၏ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်သည်၊ ယဒိဒံ ယော အယံ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ- အကြင် အလုံးစုံကုန်သော ဥပဓိတရားလေးပါးတို့ကို **တဖန်စွန့်လွှတ်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ ယဒိဒံ ယော အယံ တဏှာက္ခယော**- အကြင်တပ်မက်တတ်စွာ တဏှာတရား၏ ကုန်ခမ်းရာဖြစ်သော နိဗ္ဗာန်သည်၊ ယဒိဒံ ယော အယံ ဝိရာဂေါ- အကြင်ကိလေသာ ရာဂ၏ တပ်စွဲခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်၊ ယဒိဒံ ယော အယံ နိရောဓော- အကြင် တေဘူမက ဝဋ္ဋဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်၊ ယဒိဒံ ယံ ဣဒံ နိဗ္ဗာနံ- အကြင်ထိုထိုဘဝနှင့် တပါးသော ဘဝ, အကျိုးနှင့် အကြောင်းကို အပ်ချုပ်သမားပမာ ချုပ်တတ် စပ်တတ် ဖာထေးတတ်သည်ဖြစ်၍ ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်လွတ်ကင်း သန့်ရှင်းစင်ကြယ်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ အတ္ထိ- ရှိ၏။ ဣဒမ္ပိ ဌာနံ- ဤနိဗ္ဗာန် ဟူသော အကြောင်းအရာကိုလည်း၊ ဒုဒ္ဒသံ- ဆင်းရဲသဖြင့် ရှုမြင်အပ်၏။ (ဝါ) ရှုမြင်နိုင်ခဲ၏။

ဤပါဠိတော် စကားရပ်အရ နိဗ္ဗာန်ချမ်းသာ **အစစ်အမှန်ကို သာမန်** ပုဂ္ဂိုလ်တို့ သာမန် အတွေးအထင်ဖြင့် ရှုမြင်ခြင်းငှါ ခဲယဉ်းလှသည်ကို သဘောပေါက် နားလည်ရပေမည်။

ယဿ စာ ဓိဂမာ သဗ္ဗ-ကိလေသာနံ ခယော ဘဝေ ။
နိဗ္ဗာနမိတိ နိဒ္ဒိဋ္ဌံ ၊ နိဗ္ဗာန ကုသလေန တံ ။ (အဘိဓမ္မာဝတာရ-၁၀၈)

စ-ဆက်၍ဆိုဦးအံ့။ ယဿ+ယဿာ ဓာတုယာ= အကြင်အငြိမ်းဓာတ်ကို။ အဓိဂမာ+အဓိဂမာယ- မဂ်အရဟတ် ဉာဏ်တော်မြတ်ဖြင့် ပိုင်းဖြတ်ထိမိ သိအပ်ရအပ်လတ်သော်။ သဗ္ဗကိလေသာနံ=

http://www.dhammadownload.com



လုံး၀ဥသုံ ကုန်အောင်စုံသော ကိလေသာတို့၏ ။ ခယော- အငွေ့မသန်း ကုန်ခမ်းခြင်းသည်၊ ဘဝေ- စင်စစ်မသွေဖြစ်ပါပေအံ့ ။ တံ- ထိုကိလေသာခပင်း ကုန်ခမ်းကင်းလတ် အငြိမ်းဓာတ်ကို၊ နိဗ္ဗာနံ ဣတိ- နိဗ္ဗာန်ဟူ၍။ နိဗ္ဗာနကုသလေန- နိဗ္ဗာန်အရာ လိမ္မာကျွမ်းကျင် ဘုရားရှင်သည်။ နိဒ္ဒိဋ္ဌံ- ထုတ်ဖေါ်မိန့်ဟ ညွှန်ပြတော်မူအပ်ပြီ ။

**ဤသို့လျှင် အနည်းငယ်မျှ ထုတ်ဆောင်ပြအပ်သည့် ထေရဝါဒပိဋကတ်နိကာယ် ကျမ်းလာ နိရောဓနှင့် နိဗ္ဗာနတို့၏ အနက်သဘော အဓိပ္ပါယ်တို့ကို ထောက်ဆကြည့်ပါမူ မိုးပြာ ရှင်ဉာဏ၏ နိရောဓဆိုက်ပုံနှင့်** နိဗ္ဗာန်ရထားပုံတို့သည် ကောင်းကင်နှင့် မြေကြီး သမုဒ္ဒရာ၏ ဟိုမှာ ဘက်ကမ်းနှင့် ဤမှာဘက်ကမ်း ဝေးသည်ထက် ဝေးကွာ ခြားနားနေပုံကို သိသာလှပေပြီ။

ပြည်မြို့၌ ပရမတ္ထသစ္စာတရားကို ယုံကြည်လေ့လာအားထားသူများနှင့် တစ်မနက် ခင်းလုံး ဆွေးနွေးစကားပြောလိုက်ရသဖြင့် တပည့်ခံမည့် ပုဂ္ဂိုလ်မျိုးတွေမဟုတ် ပြန်အုပ်မည့် လက္ခဏာကို တွေ့ရဟန်တူပေသည်။

မောင်ပိုလည်းသွားတော့ ကိုယ့်နေရာကိုယ်နေ ကျားကိုလည်းလှောင်အိမ်ထဲထားလိုက် ဆိုသလို ပိုနေမြဲ ကျားနေမြဲ ပြဿနာကြီးမလာစေဘဲ့ရာ အခြေအနေအရ အောင်မြင်စွာ ဆုတ်ခွါ တိမ်းရှောင်သောအနေဖြင့် " ဒါကြောင့် ခင်ဗျားတို့အနေနဲ့ နိဗ္ဗာန်တို့ မဂ်ဖိုလ်တို့ အကြောင်းကို မတောင်းဆိုထိုက်ဘူး မတောင်းဆိုသင့်ဘူး" ဟု ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။

ထိုကြောင့် မိုးပြာရှင်ဉာဏ၏ တရားဓမ္မသည်လည်းကောင်း ၊ အနတ္တနှင့် နိရောဓ ဆိုက်ပုံသည်လည်းကောင်း၊ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရပုံသည်လည်းကောင်း၊ ထေရဝါဒဗုဒ္ဓဒေသနာတော် များနှင့် လုံး၀ဆန့်ကျင်သော ဝါဒများသာ ဖြစ်ပါသဖြင့် အမှတ်(၂၉)စောဒနာလွှာပါ ပြောဟော ရေးသားချက်များသည် ထေရဝါဒဗုဒ္ဓဒေသနာတော်များနှင့် လုံး၀ဆန့်ကျင်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇) အဖွဲ့ဝင်ဆရာတော်များက စိစစ်သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

အမှတ် (၂၉) စောဒနာလွှာပါ မိုးပြာရှင်ဉာဏ၏ ပြောဟောရေးသားထားချက်များသည် ထေရဝါဒ ပါဠိအဋ္ဌကထာတို့နှင့်ဆန့်ကျင်၍ ဓမ္မ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၃၀)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

(တဏှာရှင်းတမ်းစာအုပ်-နှာ-၁၁-၁၂-၂၅-၂၆)တို့၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"အခု ခင်ဗျားတို့က နိဗ္ဗာန်ကို အနတ္တလို့ လုပ်လိုက်တာကတော့ ဂုဏ်ပျက်စရာ ဖြစ်သွားပြီ။ တကယ်တော့ နိဗ္ဗာန်ကို အနတ္တလို့ မပြောထိုက်ဘူး။ (ပ) သဗ္ဗေ ဓမ္မာ အနတ္တာ-လို့ဆိုထားတဲ့ ဓမ္မပဒက ဂါထာပိုဒ်ကို ကြည့်လိုက်မယ် ဆိုရင် (ပ) နိဗ္ဗာန်မပါတဲ့ ဓမ္မအားလုံးကို ဆိုလိုတာလို့ သေသေချာချာ ဖွင့်ဆိုထားတာ တွေ့ရပါလိမ့်မယ်။ ဒါ အာဂမယုတ္တိပေါ့။ သည်တော့ နိဗ္ဗာန်ကို အနတ္တလို့ ပြောတာဟာ အဋ္ဌကထာကိုလွန်ပြီး ပြောရာ ရောက်နေပါတယ်။ သဘာဝယုတ္တိနဲ့ ကြည့်မယ်ဆိုရင်လဲ အနတ္တရဲ့အနက်က အသာရကဆိုတော့ အနှစ်သာရမရှိတာကို ပြောတာ။ နိဗ္ဗာန်ဟာ ဘာတုန်း။ သာရ လား။ အသာရ လား။ တကယ်တော့ နိဗ္ဗာန်ဟာ အနှစ်သာရရှိတယ်ဆိုတာ လူတိုင်း သိနေကြတာပဲ။ သည်တော့ (ပ) နိဗ္ဗာန်ဆိုတာ အနှစ်သာရ မရှိတာကြီးလို့ ပြောရာ ရောက်နေမှာပေါ့"ဟု ဟောပြောရေးသားထားပါသည်ဘုရား။ (တဏှာရှင်းတမ်းစာအုပ်-နှာ-၁၁-၁၂)

"ပထမ ငါရှိတယ်၊ နောက် ငါမဟုတ်ဘဲနဲ့ ငါလုပ်နေတဲ့ ငါ့ကိုယ်ပေါ်မှာ ပူးနေတဲ့ အကောင် တစ်ကောင် (ငါ့ကို မှီနေတဲ့ အကောင်တစ်ကောင်)ရှိတယ်ဆိုတာကိုလည်း ခင်ဗျားတို့ သိရလိမ့်ဦးမယ်။ တကယ်တော့ သည် အယောင်ဆောင် ငါကိုလည်း ဘယ်သူမှ မသိဘူး (ပ) အယောင်ဆောင် ငါဆိုတာလည်း တကယ်ရှိနေပါတယ်။ မြတ်စွာဘုရားက အနတ္တ အနတ္တလို့ ပြောတာဟာ ငါ့ကို ငါမဟုတ်ဘူး (အနတ္တဖြစ်တယ်)လို့ ဟောတာ မဟုတ်တဲ့ အကြောင်း-။ ဟောသည့် ငါ့အပေါ်မှာပဲ ငါလည်း မဟုတ်ဘဲနဲ့ ငါအယောင်ဆောင်ပြီးတော့ ငါလုပ်နေတဲ့ အကောင်ကိုသာ အနတ္တလို့ ပြောတာဖြစ်တဲ့အကြောင်း-။ ဒါ့ကြောင့် အနတ္တကို ငြီးငွေ့ရမယ်ဆိုတာ ငါကို ငြီးငွေ့ရမှာ မဟုတ်ဘဲ ငါအယောင်ဆောင်ကိုသာ ငြီးငွေ့ရမှာ ဖြစ်တဲ့အကြောင်း-။ ပြောပြလိုက်တယ်"ဟူသော (၎င်းစာအုပ်-နှာ-၂၅-၂၆။) ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက် တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထားတင်ပြချက်

အရှင်ဉာဏ၏ အထက်ပါ ဟောပြောချက်ကို အကျဉ်းချုပ်၍ကြည့်လျှင် -

အထက်ပါ ဟောပြော ရေးသား ချက်များသည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ပါကြောင်းကို-

(က) အထက်ပါ-ဥပနာ (၃၀)ထဲမှာ အာဂမယုတ္တိအမှားနှင့် သဘာဝယုတ္တိအမှားနှစ်ခုတို့ ပါဝင်ကြသည်။ **သဗ္ဗေဓမ္မာအနတ္တာတိ-ဂါထာ**၏ အဓိပ္ပါယ်မှာ-"သဗ္ဗေ ဓမ္မာ အနတ္တာ,ဟူ၍ ဝိပဿနာပညာဖြင့် ရှုမှတ် သိမြင် နေသောအခါ၌ ခန္ဓာကို ဆောင်ရခြင်း ဆင်းရဲ၌ ငြီးငွေ့လာပြီးသော် ခန္ဓာကိုဆောင်ရခြင်းဆင်းရဲ အစရှိသော ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း စသည်ဖြင့် (ဖြစ်၍) သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်ပါသည်။ ဤသည်ကား (ကိလေသာ, အကုသိုလ်တို့မှ) စင်ကြယ်ခြင်း ဖြူစင်ခြင်း (နိဗ္ဗာန်)အကျိုးငှါ သွားရာသွားကြောင်း (မဂ္ဂင်တရား) လမ်းကြောင်းပင်တည်း"ဟူ၍ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤဂါထာ၌ပါသည့် သဗ္ဗဓမ္မအရမှာ အစကတည်းက တရားအားလုံးနှင့် ဆိုင်သည့်အရာ မဟုတ်ခြင်းကြောင့် ဝိပဿနာအရှုခံတရားတို့ကို ဟောသည့်အရာ (ဝိပဿနာဘူမိ)မျှသာ အကျုံးဝင်ပါသည်။ ဝိပဿနာဘူမိတရားဆိုသည်မှာ

http://www.dhammadownload.com



ဥပါဒါနက္ခန္ဓာခေါ် လောကီသင်္ခါရ ရုပ်နာမ်တရားစုတို့သာတည်း။ လောကုတ္တရာ စိတ် စေတသိက် နိဗ္ဗာန်တို့သည် ဝိပဿနာအရှုခံတရားမျိုး မဟုတ် ကြချေ။

ထို့ကြောင့် အဋ္ဌကထာက-**"သဗ္ဗေဓမ္မာတိ ပဥ္စက္ခန္ဓာဝ အဓိပ္ပေတာ"**ဟု ဖွင့်ပြပါသည်။ ဤအဖွင့်သည် ဝိပဿနာဘူမိအရာဖြစ်သည့်အလျောက် ဖွင့်ခြင်းဖြစ်၍ နိဗ္ဗာန်သည် အနတ္တမဟုတ် ဟူသော စကားအတွက် သက်သေခံ(သာဓက) မမြောက်ပေ။ အရာဌာနအားဖြင့် မှားနေပေသည်။

ပရိဝါပါဠိတော်လာ- **"နိဗ္ဗာနံ ပညတ္တိ စ၊ အနတ္တာတိ နိစ္ဆယာ"** နိဗ္ဗာန်နှင့် ပညတ်တို့ကို အနတ္တဟူ၍ ဆုံးဖြတ် အပ်ကုန်၏ ဟူသော သက်သေခံသည်သာလျှင် နိဗ္ဗာန်သည် အနတ္တဟုတ်၏ဟု ဆိုအပ်သော စကား အတွက် သာဓကမြောက်ပါသည်။

သဗ္ဗဓမ္မအရ နိဗ္ဗာန် မပါတဲ့ ဓမ္မအားလုံးကို ယူ-ဟု ထပ်ဆိုသဖြင့် ထပ်မှားပြန်ပေသည်။ ဝိပဿနာဘူမိ မဖြစ်သော လောကုတ္တရာတရား (စိတ်စေတသိက်)များနှင့် ပညတ်တို့လည်း မပါဝင်ကြပေ။ ထို့ကြောင့် **အဆိုပါစကားရပ်ကို** ပရိဝါပါဠိတော်နှင့် ဆန့်ကျင်နေပါသဖြင့် **အစမ္ပဝါဒအဖြစ်** ဆုံးဖြတ် ပေးပါရန် တင်ပြကြသည်။

(ခ) နိဗ္ဗာန်ကို အနတ္တဟု ကြေညာခြင်းသည် နိဗ္ဗာန်အတွက် ဂုဏ်ပျက်စရာ မရှိပါ။ အဋ္ဌကထာကို လွန်၍ အဋ္ဌကထာနှင့် မညီဟုလည်း ဆိုဖွယ်ရာ မရှိပါ။ ပါဠိမှာပင် နိဗ္ဗာန်သည် အနတ္တ ဟုတ်၏-ဟု ပါရှိပြီး ဖြစ်ပါသည်။

ရှင်မိုးပြာသည် တဏှာရှင်းတမ်း စာမျက်နှာ(၂)မှာ **"စာပေကျမ်းဂန်မှ အလွတ်-အနက် အဓိပ္ပါယ် ထင်မြင်သူ"** ဖြစ်ကြောင်း ဆိုထားပါသည်။ ထိုစကားအရဆိုလျှင် အဋ္ဌကထာကို ညွှန်ပြ နေစရာ မလိုတော့ပေ။ သို့ပါလျက် ဤနေရာကျမှ အဋ္ဌကထာကို အာဂမယုတ္တိဟုဆိုကာ ညွှန်ပြ ထားပေသည်။ ဤစကားနှစ်ရပ်မှာ ရှင်မိုးပြာ တစ်ဦးတည်းပင် ဖြစ်ပါလျက် ရှေ့နောက် ဆန့်ကျင် နေခြင်းကို ပြသသည့် စကားနှစ်ရပ် ဖြစ်နေပေသည်။ စကား သဘာဝအရ အသာစီးရဖို့အတွက် အဋ္ဌကထာကို ခုတုံးလုပ်ခြင်းမျှသာ ဖြစ်ပေသည်။ ဤသို့ ရှေ့နောက် ဆန့်ကျင်ရာများမှာ များစွာ ရှိနေကြပါသေးသည်။

(ဂ) အနတ္တကို (န+အတ္တ)ဟု ပုဒ်ခွဲ၍ အတ္တအရကို သာရဟု ကောက်ယူရခြင်းကြောင့် နိဗ္ဗာန်ကို အနတ္တဟု ဆိုလျှင် အနှစ်မရှိသောတရား ဖြစ်ချေပြီ-ဟု ဆိုလာသေးသည်။ ဤစကားမှာ မှားယွင်းစွာ ဆိုခြင်းမျှသာ ဖြစ်ပေ သည်။ ရှင်မိုးပြာ ကြည့်ရှုသည်ဟု ဆိုထားရာရောက်သည့် ဓမ္မပဒအဋ္ဌကထာ၊ ဂဝင်းဂါထာအဖွင့်မှာပင် အနတ္တကို ဤသို့ဖွင့်ပြထားပါသည်။

(၁) အနတ္တ-(န+အတ္တ)=န-ဝသဝတ္တနဟူ၍လည်းကောင်း။ အဓိပ္ပါယ်ကား ဤခန္ဓာငါးပါးတို့သည် မအိုကြပါစေသတည်း။ မသေကြပါစေသတည်းဟူ၍ မိမိအလိုအတိုင်းလိုက်စေခြင်း(ဖြစ်စေခြင်း)ငှာ မတတ်ကောင်းသည်ဖြစ်၍ အလိုသို့ မလိုက်တတ်ခြင်း(သူ့သဘာဝအတိုင်းသာ အိုတတ် သေတတ်သော သဘောရှိခြင်း) ကြောင့် ခန္ဓာငါးပါးတို့သည် အနတ္တ မည်ကုန်၏-ဟူ၍ ဖြစ်ပါသည်။

(၂) အနတ္တ-(န+အတ္တ)=အတ္တ+သုညဟူ၍လည်းကောင်း။ အဓိပ္ပါယ်မှာ - ပရမအတ္တ (သဏ္ဌာနပညတ်)မှ ကင်းဆိတ်ခြင်း (ပရမအတ္တကောင်မရှိခြင်း)ကြောင့် ဤခန္ဓာငါးပါးတို့သည် အနတ္တ ဖြစ်ပါသည်-ဟုဆိုလိုပါသည်။

http://www.dhammadownload.com



(၃) အနတ္တ-(န+အတ္တ)=န+သာရဟူ၍လည်းကောင်း။ အဓိပ္ပါယ်မှာ အဆိုပါ ပရမအတ္တ ဇီဝအတ္တဟု ဆိုအပ်သော တိတ္ထိယ(မိစ္ဆာဒိဋ္ဌိက)တို့ ကြံဆ၍ ယူထားသော အနှစ်အခဲ မရှိခြင်းကြောင့် ခန္ဓာငါးပါးတို့သည် အနတ္တ ဖြစ်ပါသည်-ဟူ၏။ **သာရ အရမှာ အနှစ်သာရဟူသော ရိုးရိုးအနက် မဟုတ်ပေ။ တိတ္ထိယတို့ ကြံဆ၍ ယူအပ်သော အတ္တကောင်ကိုသာ သာရဟု ယူရပါသည်။** ၎င်းအတ္တကိုပင် အတ္တဟု ယူရပါသည်။ ဤကဲ့သို့သော အနက်မှန်ကို ဖျက်ဆီးပြီး အနက်များကို တမင်ထည့်ထားခြင်းမျှသာ ဖြစ်ပါသည်။

(၄) အနတ္တ-(န+အတ္တ)=န+သာမိကဟူ၍လည်းကောင်း။ အဓိပ္ပါယ်မှာ မိစ္ဆာဒိဋ္ဌိတို့ ကြံဆအပ်သော ဇီဝအတ္တဟု သမုတ်အပ်သော ခန္ဓာကိုယ်ပိုင်ရှင်ကြီး မရှိခြင်းကြောင့် ခန္ဓာငါးပါးတို့သည် အနတ္တ ဖြစ်ပါသည်။ **ဤ၌ အတ္တ= သာမိကအရမှာ ရိုးရိုးပိုင်ရှင်အနက် မဟုတ်ပေ။ တိတ္ထိယတို့ ကြံဆသမုတ်ထားသော ကာရက ဝေဒက စသည်တို့ကို ပြုလုပ်သည်ဟု စွဲလမ်းခံရသည့် ဇီဝအတ္တခေါ် ဝိညာဉ်ကောင်ကိုသာ ယူရပါသည်။**

(၅) အနတ္တ-(န+အတ္တ)=န+ဣဿရဟူ၍လည်းကောင်း။ အဓိပ္ပါယ်မှာ-အဆိုပါ တိတ္ထိယတို့ ကြံဆ၍ သမုတ်အပ်သော ဇီဝအတ္တခေါ် ဖန်ဆင်းရှင်(ပြဟ္မာမင်းကြီး၊ ခရစ်တော်၊ တမန်တော်၊ အလ္လာအရှင် စသည်) မရှိခြင်းကြောင့် ခန္ဓာငါးပါးတို့သည် အနတ္တ ဖြစ်ပေသည်။ **ဤ၌လည်း အတ္တ=ဣဿရအရမှာ ရိုးရိုးအစိုးရသူ မဟုတ်ပေ။ တိတ္ထိယတို့ ကြံဆစွဲလမ်းထားသည့် ဇီဝအတ္တကောင်ပင်တည်း။**

မှန်၏။ ခန္ဓာငါးပါးတို့၌ အဆိုပါ တိတ္ထိယတို့ ကြံဆစွဲလမ်း၍ ယူအပ်သော (အတ္တ=ဝသဝတ္တန) သည်လည်း မရှိသည်မှာ သေချာလှ၏။ အတ္တ(အတ္တ)မရှိသည်မှာလည်း သေချာလှပါ၏။ အတ္တ(သာရ)မရှိသည်မှာလည်း သေချာလှပါ၏။ (အတ္တ=သာမိက) (အတ္တ=ဣဿရ)မရှိသည်မှာလည်း သေချာလှပေသည်။ ထို့ကြောင့် ဓမ္မပဒ အဋ္ဌကထာက-

> "အနတ္တာတိ 'မာ ဇီယန္တု မာ မီယန္တု'တိ ဝသေ ဝတ္တေတုံ န သက္ကာတိ အဝသဝတ္တနဋ္ဌေန အနတ္တာ- အတ္တသုညာ- (အသာရကာ) အဿာမိကာ အနိဿရာတိ အတ္ထော"(ဓမ္မပဒ၊ ၂၊ ၂၅၆)ဟု ဖွင့်ပြထားပါသည်။

ရှင်မိုးပြာသည် အဋ္ဌကထာကို ကြည့်သော်လည်း ဤအဖွင့်တို့ကိုမူ မမြင်ရှာပေ။ မသိရှာပေ။ ပါဠိတော် အဋ္ဌကထာတို့အရ သာရဆိုသည်မှာ တိတ္ထိယတို့ ကြံဆသမုတ်ထားသော အတ္တကောင်(ပရမအတ္တ၊ ဇီဝအတ္တ)ဖြစ်၍ နိဗ္ဗာန်သည် သာရရှိသည့်တရားဟု ဆိုလျှင် နိဗ္ဗာန်သည် အတ္တကောင်ရှိသည့်တရားဟု အဓိပ္ပါယ်ထွက်ပါသည်။ ဤအဓိပ္ပါယ်သည် မြတ်ဗုဒ္ဓဟောတော်မူချက်နှင့် တက်တက်စင်ကြီး လွဲမှားလှပါသည်။ (နိဗ္ဗာန်၌ သန္တိသုခဟု ဆိုအပ်သော အနှစ်သာရ- ရှိပါပေ၏။ သို့သော် အတ္တကောင် ဝိညာဉ်ကောင်ဟု ဆိုအပ်သော အနှစ်သာရ-မရှိပါ။ သို့ဖြစ်၍ <u>သာရအရ ရိုးရိုးအနှစ်သာရကိုယူ၍ နိဗ္ဗာန်သည် အနှစ်သာရရှိသည့်တရား ဖြစ်ခြင်းကြောင့် (အနတ္တ မဟုတ်ပါ။) အတ္တသာ ဖြစ်ပါသည်</u>-ဟူသော ရှင်မိုးပြာ၏စကားသည်လည်း သဘာဝယုတ္တိ မပြောက်ရုံမျှမက အဓမ္မဝါဒပင် ဖြစ်ပါပေတော့သည်။ (အတ္တဟုဆိုအပ်သော နိဗ္ဗာန်ကို ရှင်မိုးပြာ ရရှိသည်။ ရှင်မိုးပြာ ရရှိထားသည့် နိဗ္ဗာန်မျိုးကို ပုဂ္ဂိုလ်တိုင်း သတ္တဝါတိုင်းလည်း ရရှိနေကြပေသည်။) ဟူ၍ စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com



### "ဝိနည်းခိုရ်ဆရာတော်များ၏ စိစစ်ချက်"

၂၇၉။ " သဗ္ဗေ ဓမ္မာ အနတ္တာ"တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
(ဓမ္မ။ ၂၅၆။ထေရ။၃၁၇။ ကထာဝတ္ထု။၃၈၅။)

**သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ။**

**အနတ္တာတိ** " မာဇီယန္တု မာမိယန္တု" တိ ဝသေ ဝတ္တေတုံ နသက္ကာတိ အဝသဝတ္တနဋ္ဌေန **အနတ္တာ အတ္တသုညာ အဿာမိကာ အနိဿရာတိ အတ္ထော။** (ဓမ္မ႒၊၂။ ၂၅၆။)

"သဗ္ဗေ ဓမ္မာ အနတ္တာ"တိ သောတာဝဓာနံ, တံပဇာနနာ ပညာ သုတမယေ ဉာဏံ။
(ပဋိသံ။၅။)

**အနိစ္စာတိ ဟုတွာ အဘာဝဋ္ဌေန။**

**ဒုက္ခာတိ ပီဠနဋ္ဌေန။**

**သဗ္ဗေ ဓမ္မာတိ နိဗ္ဗာနမ္ပိ အန္တောကတွာ ဝုတ္တာ။**

**အနတ္တာတိ အဝသဝတ္တနဋ္ဌေန။** (ပဋိသံ႒၊၁။၅၈။)

အထက်ပါ ပါဠိတော် အဋ္ဌကထာတို့ကို လေ့လာကြည့်လျှင် သဗ္ဗေ ဓမ္မာ,ဟု ဘုရားဟောသည်ခြင်းတူ၏။ အဋ္ဌကထာဆရာတော်ကား အရာဌာနကို ရှု၍ ဓမ္မပဒပါဠိတော်လာ သဗ္ဗေ ဓမ္မာ,ပုဒ်ကို ယဒါ ပညာယ ပဿတိ, ဟူသော သဒ္ဒန္တရိတ်ကို ထောက်၍ **ဝိပဿနာဘူမိကို ပြဆိုရာဖြစ်သောကြောင့် သဗ္ဗေ ဓမ္မာ၌** သဗ္ဗသဒ္ဒါသည် အနဝသေသသဗ္ဗ မဟုတ်၊ သာဝသေသသဗ္ဗ၏ အဖြစ်သည် သိသာရကား သဗ္ဗေ ဓမ္မာ, ပုဒ်အရ ဧကဒေသျူပစာ အားဖြင့် ဝိပဿနာဘူမိဖြစ်ထိုက်သော တေဘူမကသင်္ခါရပဉ္စက္ခန္ဓာကိုသာ ယူရမည်ဟု သိစေလို၍ **သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ-** ဟု ဖွင့်တော်မူသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ သဗ္ဗေ ဓမ္မာ,ပုဒ်ကား သုတမယပညာ အရာဖြစ်၍ အကြွင်းအကျန်မရှိ သိရမည့် အရာ ဖြစ်သောကြောင့် သဗ္ဗသဒ္ဒါ၏လည်း အနဝသေသသဗ္ဗသဒ္ဒါဖြစ်ရကား နိဗ္ဗာန်ကိုလည်း သိမ်းယူရမည်ကို သိစေလို၍ **သဗ္ဗေ ဓမ္မာတိ နိဗ္ဗာနမ္ပိ အန္တောကတွာ ဝုတ္တာ-** ဟု ဖွင့်တော်မူသည်။

အဖွင့် နှစ်ခုလုံးကို အနတ္တာပုဒ်ကို ငဲ့၍ ဖွင့်ထားသည် မဟုတ်။

**အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာ နတ္တာ စ သင်္ခတာ။**

**နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။** (ဝိ၊၅။၁၅၇။) ဟူသော ပါဠိတော်သာဓကသည်လည်း နိဗ္ဗာန်၏ အနတ္တဖြစ်ကြောင်း အားကောင်းသော အကိုး သာဓကပင် ဖြစ်ပါသည်။

ဤအာဂမယုတ္တိကို ထောက်၍ နိဗ္ဗာန်၏ အနတ္တအဖြစ်သည် လျှဉ်းပါးဖွယ် မရှိ။ နိဗ္ဗာန်သည် ကေန် အနတ္တသာ ဖြစ်၏။

အရှင်ဉာဏ၏ "နိဗ္ဗာန်ကို အနတ္တလို့ လုပ်လိုက်တာကတော့ ဂုဏ်ပျက်စရာ ဖြစ်သွားပြီ။"

"သဘာဝယုတ္တိနဲ့ ကြည့်မယ်ဆိုရင်လဲ အနတ္တရဲ့အနက်က အသာရကဆိုတော့ အနှစ်သာရမရှိကာကို ပြောတာ။ နိဗ္ဗာန်ဟာ ဘာတုန်း။ သာရ လား။ အသာရ လား။ တကယ်တော့ နိဗ္ဗာန်ဟာ အနှစ်သာရရှိတယ်ဆိုဟာ ယူတိုင်း သိမနကြဟာပဲ။ သည်တော့ (ပ) နိဗ္ဗာန်ဆိုဟာ အနှစ်သာရ မရှိဟာကြီးလို့ ပြောရာ ရောက်နေမှာပေါ့" ဟူသော စကားတို့သည် အနတ္တာ အသာရကဋ္ဌေန၌ အတ္တသဒ္ဒါ သာရသဒ္ဒါသည် မုချအားဖြင့် အနှစ်သာရဟူသော အနက်ကို ဟောချေသော် ဟုတ်မှန်တန်ရာပါ၏။ စင်စစ်တမူကား-

အနတ္တဋ္ဌေနာတိ အသာရကဋ္ဌေန, အဝသဝတ္တဋ္ဌေန ဝါ။ (ပဋိသံ႒၊၂။၁၂၉။)

http://www.dhammadownload.com



အနတ္တာတိ နိစ္စသာရသုခသာရအတ္တသာရရဟိတတ္တာ **အသာရကဋ္ဌေန** အနတ္တာ, ဗာဝသဝတ္တနဋ္ဌေန ဝါ ဗာနတ္တာ။ (နေတ္တိ၊ ဋီ။ ၆၂။)

**အနတ္တာ အသာရကဋ္ဌေန။ အသာရကဋ္ဌေနာတိ "အတ္တာ နိဝါသီ ကာရကော ဝေဒကော သယံဝသီ"တိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန။ (ဝိသုဒ္ဓိ၊၂။၂၄၅။)** ဟူသော အဖွင့်တို့ကို ထောက်၍

နိစ္စသာရ သုခသာရ အတ္တသာရမှ ကင်းသည်ဖြစ်၍ နိစ္စအနှစ် သုခအနှစ် အတ္တအနှစ်ကင်းသော အနက်သဘောကြောင့် အနတ္တမည်ပါသည်။

အနတ္တ-(န+အတ္တ)= န+သာရ။ အဓိပ္ပါယ်မှာ အဆိုပါ ပရမအတ္တ ဇီဝအတ္တဟု ဆိုအပ်သော တိတ္ထိယ (မိစ္ဆာဒိဋ္ဌိက)တို့ ကြံဆ၍ ယူထားသော အနှစ်အခဲ မရှိခြင်းကြောင့် ခန္ဓာငါးပါးတို့သည် အနတ္တ ဖြစ်ပါသည်။

**ဤအရာ၌ သာရသဒ္ဒါအရ အနှစ်သာရဟူသော မုချအနက် ရိုးရိုးအနက်ကို မယူရ။ နိစ္စ, သုခ, တိတ္ထိယတို့ ကြံဆ၍ ယူအပ်သော အတ္တကောင်ကိုသာ သာရဟု ယူရပါသည်။**

**အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။**

**ယေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။ (ဓမ္မပဒ-၁၄)**

သို့ပါ၍ အရှင်ဉာဏ်ဇောင်ပြသော သဘာဝယုတ္တိသည်လည်း ယုတ္တိမရှိပါ။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၃၀) စောဒနာလွှာပါ ရှင်ဉာဏ၏ နိဗ္ဗာန်ကို အနတ္တ မဟုတ် (နိဗ္ဗာန်သည် အတ္တသာ ဖြစ်သည်)ဟူ၍ ဟောပြောချက်သည် ပါဠိအဋ္ဌကထာ တို့နှင့် ဆန့်ကျင် သဘာဝယုတ္တိလည်း မရှိသောကြောင့် ယင်းဟောပြောချက်ကို အဓမ္မဝါဒဟု နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော် မူကြသည်။

-------------------

http://www.dhammadownload.com



## အမှတ်(၃၁)စောဒနာလွှာ၌ စိစစ်ဆုံးဖြတ်ချက်

(တဏှာရှင်းတမ်းစာအုပ်-နှာ-၁၄-၁၅-၁၆)၌ အရှင်ဉာဏဟောပြော ရေးသားထားသော-

"မင်းလွင်ခြံမှာနေတုန်းက ဒကာလေးတစ်ယောက် ရောက်လာတယ်။ လူသစ်ပါ။ ဓါတ်တွေ ပရမတ်တွေကို နောကျေနေအောင် သိနေပါပြီ။ လူဟာ **တကယ်အတည်မရှိပုံ အကြောင်းမျိုးနဲ့ ဓါတ်သဘာဝတွေကို သူညရောက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို** ပြောတော့ (ပ) မင်းပြောနေတဲ့ အရာတွေကို တို့က သင်ကြားထားတာ ဆိုတော့ မင်းပြောတဲ့အတိုင်း နားလည်ပါတယ်။ မင်း အခု ပြောနေတဲ့ တရားတွေဟာ ဘယ်လိုအကျိုးတရားကို ဖြစ်ပွားစေဖို့အတွက် အားထုတ်ရတာတုန်း။ ဒီတရားတွေက မင်းကို ဘာပေးမှာတုန်းလို့ မေးလိုက်တယ်။ (ပ) နိဗ္ဗာန် ရဖို့ပါလို့ ဖြေတယ်။ (ပ) ဒီလိုဆိုရင် မင်းတရားတွေကို သွန်သာပစ်လိုက်တော့ (ပ) မင်းတရားက မင်းရှိတယ် ဆိုတာကို **အသိအမှတ်မပြုဘူးဆိုရင်** မင်းတရားက မင်းကို ဘာပေးနိုင်မှာလဲ။ နိဗ္ဗာန်ဆိုတာကို ဘယ်လိုလုပ် ပေးမှာလဲ (ပ) မင်းမှ မရှိဘဲနဲ့။ မင်းကို ပေးလို့ ရနိုင်ပါ့မလား။ တကယ်တော့ မင်းရဲ့တရားက မင်းကို တစုံတရာ **ပေးမယ်ဆိုရင် ပေးမယ့်ပစ္စည်းရှိရုံနဲ့တင် မပြီးသေးဘူး။** အပေးခံရမယ့်သူ မင်းကလည်း ရှိနေအုံးမှ ဖြစ်မှာပေါ့။ **မင်းရဲ့တရားက မင်းရှိကြောင်းကို အသိအမှတ်ပြုပေးဖို့** လိုတယ်လို့ တို့က ပြန်ဖြေလိုက်တယ်"ဟူသော (တဏှာရှင်းတမ်း စာအုပ်-နှာ-၁၄-၁၅-၁၆) ဟောပြောချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြော ရေးသား ထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

(က) ပရမတ္ထတရားတွေအကြောင်းကို သင်ယူပြီး၊ လူဆိုတာ တကယ်မတည်ပုံ မမြဲပုံတို့ကို ရှုမှတ်ကျင့်ကြံနေသူ (ဒကာတစ်ဦး)သည် အနိစ္စလက္ခဏာကိုသိကာ အနိမိတ္တ(မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)ကို ရရှိမည်။ ဒုက္ခလက္ခဏာကို သိကာ အပ္ပဏိဟိတ(မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)ကို ရရှိမည်။ အနတ္တလက္ခဏာကိုသိကာ သုညတ(မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)ကို ရရှိမည် ဖြစ်ပါသည်။

အဋ္ဌသာလိနီအဋ္ဌကထာ၌- "တတ္ထ အနိစ္စတော ဝုဋ္ဌဟန္တဿ မဂ္ဂေါ အနိမိတ္တော နာမ ဟောတိ၊ ဒုက္ခတော ဝုဋ္ဌဟန္တဿ အပ္ပဏိဟိတော၊ အနတ္တတော ဝုဋ္ဌဟန္တဿ သုညတောတိ ဇဝံ သုတ္တန္တပရိယာယေန အာဟရိတွာ ဒီပိတော"(အဘိ၊ဋ္ဌ၊၁၊ ၂၆၉)ဟု မိန့်ဆိုဖွင့်ပြထားပါသည်ဘုရား။

သို့သော်လည်း ရှင်မိုးပြာကမူ ထိုကဲ့သို့သော ဒကာတစ်ဦးနှင့် တွေ့ရာမှာ ပရမတ္ထတရားတွေအကြောင်း သင်ယူပြီး အားထုတ်တာဆိုလျှင်တော့ နိဗ္ဗာန်ရဖို့ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ယင်းတရားအားထုတ်မှုတို့ကို စွန့်လွှတ်ပစ်မှ နိဗ္ဗာန်ရမှာဖြစ်ကြောင်း ဟောပါသည်။ ထို့ပြင် မင်းနိဗ္ဗာန်ရဖို့ဆိုလျှင်-

(၁) မင်းရှိဖို့လိုသည်။

(၂) မင်းတရားက မင်းရှိကြောင်း အသိအမှတ်ပြုဖို့လိုသည်။

(၃) **သို့မှသာ မင်းတရားက မင်းကို နိဗ္ဗာန်ဆိုတာ ပေးနိုင်မည်။ ထိုအခါမှာ နိဗ္ဗာန်ကို မင်းရရှိနိုင်မည်-ဟုလည်း** ရှင်းပြပါသေးသည်။ အထက်ပါ ဌပနာစကားရပ်ထဲတွင် ရှင်မိုးပြာပြောသော နိဗ္ဗာန်၊ ဒကာကလေးပြောသောနိဗ္ဗာန် ဟု နှစ်မျိုး ပါရှိသည်။ ထိုတွင် ရှင်မိုးပြာ၏ နိဗ္ဗာန်မှာ အတ္တ-သာရခေါ် ပရမအတ္တ, ဇီဝအတ္တပေတည်း။ ဒကာ ကလေး၏ နိဗ္ဗာန်မှာ သန္တိသုခရှိသော နိဗ္ဗာန် ဖြစ်ပါသည်။

http://www.dhammadownload.com



ပရမတ္ထတရားတို့ကိုသိအောင် သင်ယူပြီး လူ၏ အတည် မရှိပုံ မမြဲပုံ ရုပ်နာမ်တို့၏ ဖြစ်ပုံ ဖြစ်ပြီးပျက်ပုံတို့ကို ရှုမှတ် လေ့ကျင့်နေလျှင် အတ္တမှ ကင်းသည့် **နိဗ္ဗာန်, အတ္တကောင်** မရှိသည့် နိဗ္ဗာန်, ရုပ်နာမ်သင်္ခါရတို့၏ နိမိတ်ဟု ဆိုအပ်သော သဏ္ဌာနပညတ်(ဒြဗ်)မရှိသည့် နိဗ္ဗာန်, **တဏှာဖြင့်တောင့်တအပ်သော ခန္ဓာဘဝစသည်များမရှိသည့် နိဗ္ဗာန်(အစစ်)ကို ရမည်သာ ဖြစ်ပါသည်။ သို့သော် ရှင်မိုးပြာဟောသည့် နိဗ္ဗာန်(အတု)ကိုမူ ရမည်မဟုတ်ချေ။**

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးက နိဗ္ဗာန်ကို ရဖို့အတွက် မုချနည်းအားဖြင့်ယူသော် မည်သည့်တရားကမျှ နိဗ္ဗာန်ကို ပေးနိုင်ခြင်း မရှိပေ။ မှန်၏။ နိဗ္ဗာန်ဆိုသည်မှာ အဖြစ်တရားလည်း မဟုတ်ဘဲ အပျက်တရားလည်း မဟုတ်ဘဲ အမြဲရှိတရား(မဖြစ်မပျက်တရား)ပင် ဖြစ်ပါသည်။ လက်ဖြင့် ကိုင်၍ ရကောင်းသည့်အရာမျိုး မဟုတ်ချေ။ **ထို့ကြောင့် မုချနည်းအားဖြင့်မူ နိဗ္ဗာန်ကို ပေးနိုင်သည့်တရားဟူ၍ မရှိကောင်းပေ။ နိဗ္ဗာန်သည်လည်း ရကောင်း သည့် တရားမျိုး မဟုတ်ပေ။** (အနုပါဒိသေသ)နိဗ္ဗာန်ကို **ရရှိနေသူဟူ၍**လည်း မရှိကောင်းပေ။

ထိုသို့ဖြစ်လျှင် မြတ်ဗုဒ္ဓသာသနာတော်၌ နိဗ္ဗာနံ သစ္ဆိကတွာ-နိဗ္ဗာန်ကို မျက်မှောက်ပြု၍-စသောစကားများ၊ နိဗ္ဗာနသုခံ အဘိလဘန္တော-နိဗ္ဗာန်ဟူသောချမ်းသာကို ရသည်ဖြစ်၍-စသောစကားများ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း-စသောစကားများ၊ နိဗ္ဗာန်ရလိုပါ၏ အရှင်ဘုရား-စသောစကားမျိုး ရှိနေကြသည် မဟုတ်လား။ အဘယ်သို့ မျက်မှောက်ပြုသနည်း။ အဘယ်သို့လျှင် ရသည်- ရောက်သည်-ဟု ဆိုနိုင်သနည်းဟု မေးစရာရှိပါသည်။ အထက်ပါ မေးစရာကောင်းသည့်စကားများ ရှိလည်းရှိ၍ အဓိပ္ပါယ်လည်း မှန်ပါသည်။

**မုချနည်းဖြင့် ယူရသည့် စကားများ မဟုတ်ကြပေ။ ဥပစာနည်းဖြင့်သာ ယူရမည့်စကားများ** ဖြစ်ကြပေသည်။

အဓိပ္ပါယ်မှာ နိဗ္ဗာန်ကိုသာ ရလိုသည့်ဆန္ဒ, နိဗ္ဗာန်ရရေး ဝိပဿနာလမ်းသို့သာ လျှောက်လှမ်းကြိုးစား အားထုတ်နေသည့် ဝီရိယ၊ ဝိပဿနာဆိုင်ရာ တရားတို့၌သာ သိမှတ်ဆင်ခြင်နေသည့် ပညာ-ဝိပဿနာအရှုခံ အာရုံတစ်ခုတည်းကိုသာ သိနေသည့်စိတ် (ဧကဂ္ဂတာယီဘာဝ-အရှုခံအာရုံ တစ်ခုတည်း၌သာ မပြောင်းမလဲ စွဲမြဲ တည်တံ့နေသည့်စိတ်--တို့က အဓိပတိတပ်လျက် နိဗ္ဗာန်ရမည့် ဝိပဿနာအလုပ်ကို လုပ်နေလျှင်- ဝိပဿနာ ဉာဏ်သည် (သတိ+သမာဓိ+ဝီရိယ)တို့၏ စွမ်းအားမြင့်လာသည်နှင့်အမျှ အဆင့်မြင့်လာပြီး အရှုခံတရား (ဥပါဒါနက္ခန္ဓာ ငါးပါးတစ်ပါးပါး၊ လောကီစိတ်-စေတသိက် ရုပ်တစ်ခုခု- ဒုက္ခနှင့် သမုဒယ)တစ်ခုခု၌ ပဋိဝေဓ- (လေ့ကျင့်ခန်း ဝပြီးသော မြှားသမား၏ မြှားသည် စက်ခွက်ငေါ် မြှားပစ်ခံအမှတ်ကို ဖောက်ဝင်သွားဘိသကဲ့သို့) သဏ္ဌာနပညတ်ဖြိုပုံရိပ်(ပရမအတ္တ-ငါကောင်-ကိုယ်ကောင်- သင်ကောင်-မင်းကောင်-သူကောင်-သူမကောင်) အသွင်အပြင်တွေကို ထိုးထွင်းဖောက်ဝင်ပြီး ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ မမြဲခြင်း၊ ဖြစ်ပြီးပျက်ခြင်း၊ အလိုသို့မလိုက်ခြင်း အစရှိသော အနိစ္စလက္ခဏာ (သို့မဟုတ်) ဒုက္ခလက္ခဏာ (သို့မဟုတ်) အနတ္တလက္ခဏာကို ထင်ထင်ရှားရှားကြီး သိမြင်လိုက်ပါသည်။ ထိုအခါတွင် ဝိပဿနာဉာဏ်သည် ရင့်ကျက်ပြီး-ပြည့်စုံပြီးဖြစ်၍ အထွတ်အထိပ်သို့ ရောက် နေပြီဖြစ်ခြင်းကြောင့် သင်္ခါရအာရုံ(အရှုခံ)အပေါ်မှာ မတည်တော့ဘဲ နိဗ္ဗာန်အာရုံကို စတင် သိမြင်လာသည်။ နိဗ္ဗာန်ကိုစ၍သိမြင်သောအခါ ဝိပဿနာဉာဏ်သည်လည်း ဂေါတြဘုဉာဏ်ဟူ၍ နာမည်သစ်ဖြစ်လာသည်။ ထို့နောင် ဆက်တိုက်ပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပေါ်လာကြသည်။ ယင်းတို့က နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်။ သိကြသည်။ **နိဗ္ဗာန်ကို လိုချင်သည့် ဆန္ဒာဓိပတိ စသည်ဖြင့် ဝိပဿနာရှုနေစဉ်မှာ နိဗ္ဗာန်ကို အနုမာန-(မှန်းဆသိ)၍ လိုချင်သည်။** ဥဒယဗ္ဗယဉာဏ်အစဉ်ဖြင့် သင်္ခါရတို့ကို ပစ္စက္ခ(တိုက်ရိုက်မြင်)လျက် ရှုမှတ်ရသည်။ ဝိပဿနာအောင်မြင်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ပေါ်သောအခါမှာမူ သင်္ခါရတရားတို့ကို

http://www.dhammadownload.com


ပဋိဝေဓ-ဖောက်ထွင်း မြင်ပြီးဖြစ်သည်။ နိဗ္ဗာန်ကို ပစ္စက္ခ-တိုက်ရိုက်မြင်လျက် ရှိသည်။

(ဂ) ဝိပဿနာအားထုတ်ချိန်မှာ နိဗ္ဗာန်ကို "အနုမာန" ပြုထားနေခြင်းကြောင့် ဝိပဿနာဉာဏ်က နိဗ္ဗာန်ဆီသို့ ပို့ပေးသကဲ့သို့ ဖြစ်နေသည်။ ဤသဘောကိုရည်ရွယ်၍"ဝိပဿနာတရားက နိဗ္ဗာန်ကို ပေးသည်"ဟုဆိုလျှင် ဆိုနိုင် ပါသည်။ ပဟိတတ္တောဟူသော ယောဂီအင်္ဂါနှင့်အညီ နိဗ္ဗာန်ရှိကြောင်း သိပြီး လိုချင်နေ၍သာလျှင် ဝိပဿနာ လုပ်နေသဖြင့် မဂ်ဖိုလ်ဖြစ်ပေါ်လာခြင်းသည် နိဗ္ဗာန်ကြောင့်ဖြစ်သည်ဟု ဆိုပါသည်။(အာရမ္မဏပစ္စယောအဖွင့်များ) ထိုနိဗ္ဗာန်ကိုပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က အာရုံပြုနေ(သိနေမြင်နေ)ပါသည်။ ဤသဘောကိုရည်ရွယ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်-နိဗ္ဗာန်ကို ရသည်-နိဗ္ဗာန်သို့ရောက်သည်-ဟုဆိုလျှင် ဆိုနိုင်ပါသည်။ ဤသို့ ဥပစာနည်းအားဖြင့် အကြောင်းအကျိုးစပ်၍ နိဗ္ဗာန်ရကြောင်းကို မှတ်ယူရမည် ဖြစ်ပါသည်။

သို့ပါသော်လည်း ရှင်မိုးပြာသည် ဤသဘောသွားတို့၌ နားမလည်ခြင်း-မသက်ဝင်နိုင်ခြင်းကြောင့် နိဗ္ဗာန်ကို ပိုက်ဆံထုတ်နှင့် ဒြဗ်တူအရာတူပြု၍ ပေးစရာ ရစရာ ယူစရာ (ပစ္စည်းကြီး)အဖြစ် မှတ်သတ်ဟောပြောနေကြောင်း တွေ့ရပါသည်။ နာကြားရသူ မှတ်သားရသူများမှာ နစ်နာလှပေစွ။ ရှင်မိုးပြာအလိုအရဆိုလျှင် နိဗ္ဗာန်ကို ရမည့်သူ ရှိခြင်း, ကျင့်ရမည့်တရားက ထိုသူရှိကြောင်းရော နိဗ္ဗာန်ရှိကြောင်းပါ သိမှုရှိခြင်းဟုဆိုသဖြင့် နိဗ္ဗာန်ရမည့်သူ(ငါ-မင်း-သူ)အတွက် နိဗ္ဗာန်ဆိုတာကြီးကို ပေးအပ်လာမည့်တရားဟူ၍ မုချအားဖြင့် ရှိသေးကြောင်း သိရပါသည်။ ထိုတရားကလည်း နိဗ္ဗာန် ရမည့်သူနှင့် နိဗ္ဗာန်တို့ကို သိတတ်သောတရားမျိုးဖြစ်၍ ပုဂ္ဂလဗျာပါရ ပါရှိသည့်တရား ဖြစ်ရပေမည်။

ထို့ပြင် ထိုတရားမှာ-ဤသူ့အား နိဗ္ဗာန်ကို ပေးသင့်ပြီ။ ထိုသူ့အားမူ နိဗ္ဗာန်ကို မပေးသင့်သေး-စသည်ဖြင့် ခွဲခြားတတ်သော သတ္တိလည်း ရှိရပေဦးမည်။ ဤသဘောတို့ကို ခြေခြေမြစ်မြစ် ကောက်ယူကြည့်လျှင် နိဗ္ဗာန်ကို ပေးတတ်သောတရား ဆိုသည်မှာ ကာရက-ဝေဒက သာမိက သယံဝသီ စသော သဘောတို့ ရှိသည့် ဇီဝအတ္တဟု သမုတ်အပ်သော ဝိညာဉ်ကောင်ကိုသာဆိုလိုကြောင်း အဖြေထွက်လာပါသည်။ တစ်ဖန် နိဗ္ဗာန်ကို ရမည့်သူ ဆိုသည်မှာလည်း ပရမအတ္တခေါ် အသွင်သဏ္ဌာန်အရိပ်နိမိတ်စုဖြစ်သည့် ဖန်ဆင်းတတ်သူနှင့် ဖန်ဆင်းခံရသူ (ငါကောင်-ကိုယ်ကောင်-သင်ကောင်-သူကောင်-စသည်)တို့ကိုဆိုလိုကြောင်း အဖြေထွက်လာသည်။ ထို့ကြောင့် ရှင်မိုးပြာသည် မြတ်ဗုဒ္ဓ၏ နိဗ္ဗာန်ကို သံယောင်လိုက်ပြီး အတ္တဝါဒကို သွတ်သွင်းနေကြောင်း ထင်ရှားလာ ပါတော့သည်။

သို့ဖြစ်၍ အမှတ်(၃၁)စောဒနာလွှာပါ ရှင်မိုးပြာ၏ဝါဒကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးမပေးကိုမူပါမှန်ဟု စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

အမှတ်(၃၁)စောဒနာလွှာပါ (တဏှာရှင်းတမ်းစာအုပ်-နှာ-၁၄-၁၅-၁၆)၌ အရှင်ဉာဏဟောပြော ရေးသားထားသော- စောဒကဥပနာစကားရပ်၌

-လူဟာ တကယ်အတည်မရှိပုံ အကြောင်းမျိုးနဲ့ ဓါတ်သဘာဝတွေကို သုည ရောက်အောင် ဘယ်လို လုပ်ရမယ်ဆိုတာကို ပြောတော့-

-နိဗ္ဗာန် ရဖို့ပါလို့ ဖြေတယ်။ (ပ) ဒီလိုဆိုရင် မင်းတရားတွေကို သွန်သာပစ်လိုက်တော့-

ဟူသော လိုရင်း စကားရပ်တို့ဖြင့် အနိစ္စသဘောစသည်ဖြင့် ရှုမှတ်, ရုပ်နာမ်ဓာတ်သဘာဝကို ချုပ်ငြိမ်းအောင် ကျင့်နေကာမျှဖြင့် နိဗ္ဗာန်ကို မရနိုင်ဟု ဆိုလိုမည်ဖြစ်ကြောင်း ကောက်ချက်ချရသည်။

http://www.dhammadownload.com


-မင်းတရားက မင်းရှိတယ် ဆိုတာကို အသိအမှတ်မပြုဘူးဆိုရင် မင်းတရားက မင်းကို ဘာပေးနိုင်မှာလဲ။ နိဗ္ဗာန်ဆိုတာကို ဘယ်လိုလုပ် ပေးမှာလဲ (ပ) မင်းမှ မရှိဘဲနဲ့၊ မင်းကို ပေးလို့ ရနိုင်ပါ့မလား။ တကယ်တော့ မင်းရဲ့တရားက မင်းကို တစုံတရာ ပေးမယ်ဆိုရင် ပေးမယ့်ပစ္စည်း ရှိရုံနဲ့တင် မပြီးသေးဘူး။ အပေးခံရမယ့်သူ မင်းကလည်း ရှိနေအုံးမှ ဖြစ်မှာပေါ့၊ မင်းရဲ့တရားက မင်းရှိကြောင်းကို အသိအမှတ်ပြုပေးဖို့ လိုတယ်-ဟူသော လိုရင်းစကားဖြင့် မိုးပြာအလို ရုပ်နာမ်ဓာတ်သဘာဝကို ချုပ်ငြိမ်းအောင် ကျင့်နေကာမျှဖြင့် နိဗ္ဗာန်ကို မရနိုင်ခြင်းသည် အရှိအတ္တကို လက်မခံသောကြောင့် (ဝါ) အနတ္တဝါဒီဖြစ်နေသောကြောင့် ဟု ဆိုလိုမည်ဖြစ်ကြောင်း ကောက်ချက်ချရသည်။

## စောဒကတို့ သဘောထားအပေါ် သုံးသပ်ချက်

စောဒကတို့ကား မိုးပြာ ပြောစကားများ၌ " မင်းနိဗ္ဗာန်ရဖို့ဆိုလျှင်-

(၁) မင်းရှိဖို့လိုသည်။

(၂) မင်းတရားက မင်းရှိကြောင်း အသိအမှတ်ပြုဖို့လိုသည်။

(၃) သို့မှသာ မင်းတရားက မင်းကို နိဗ္ဗာန်ဆိုတာ ပေးနိုင်မည်။ ထိုအခါမှာ နိဗ္ဗာန်ကို မင်းရရှိနိုင်မည်" ဟူသော စကားကို အဓိကကိုင်၍ "နိဗ္ဗာန်ဆိုသည်မှာ အဖြစ်တရားလည်း မဟုတ်ဘဲ အပျက်တရားလည်း မဟုတ်ဘဲ အမြဲရှိတရား(မဖြစ်မပျက်တရား)ပင် ဖြစ်ပါသည်။ လက်ဖြင့် ကိုင်၍ ရကောင်းသည့်အရာမျိုး မဟုတ်ချေ။"စသည်ဖြင့် ပေးခြင်း ယူခြင်း ပေးနိုင်သောသတ္တိ ယူနိုင်သော သတ္တိ ပေးရန်အရာဝတ္ထုဒြပ် လက်ခံမည့် ပုဂ္ဂိုလ်ဒြပ် စသည် ရှိ/မရှိ စသည်ကို အကျယ် ဝေဖန်၍ စောဒနာထားသည်။

## မိစ္ဆာဒိဋ္ဌိတို့အလို အတ္တာ

မိစ္ဆာဒိဋ္ဌိတို့အလို

| | |
|---|---|
| ဝသဝတ္တနအတ္တ- | အလိုသို့ လိုက်တတ်သော အတ္တ။ |
| ပရမအတ္တ- | သန္တာနပညတ်အတ္တ |
| သာရအတ္တ- | အနှစ်အခဲ (ပရမအတ္တ,ဇီဝအတ္တ)အတ္တ။ |
| သာမိကအတ္တ- | ခန္ဓာကိုယ်ပိုင်ရှင် (ဇီဝအတ္တ) အတ္တ။ |
| ကာ္လသရအတ္တ- | ဖန်ဆင်းရှင် တန်ခိုးရှင် (ဇီဝအတ္တ) အတ္တ။ |

## မိုးပြာအလို အတ္တ အနတ္တ

"အနတ္တ(ကောင်)တို့၊ အတ္တ(ကောင်)တို့ဆိုတာ ငါတို့ ကိုယ်ပေါ်မှာ ဖြစ်နေတာ။ အမေမွေးပေးလိုက်တဲ့ တို့မျက်စိ တို့နား အစစတွေနဲ့ မြင်နေ-ကြားနေတဲ့ ဖြစ်ရပ်တွေဆိုရင် ဒါ အတ္တပဲ၊ သည်အပေါ်မှာ တို့မျက်စိ တို့နားကို မှီခိုပြီး တို့မျက်စိ တို့နားနဲ့ မြင်တာ ကြားတာ မဟုတ်ဘဲနဲ့ မဟုတ်တာတွေ မြင်တာ ကြားတာတွေလဲ ရှိနေပါတယ်။ စိတ်အထင် စိတ်အမြင်နဲ့ မြင်တာ ကြားတာ တွေပေါ့။ ဒါတွေက တို့က မြင်တာ မဟုတ်ဘူး။ တို့မဟုတ်တဲ့အကောင် (အနတ္တ)က တို့အယောင်ဆောင်ပြီး မြင်ပေးနေတာ။ ဒါကို- ဘယ်လိုပြောရမလဲ ဆိုရင် အနတ္တလို့ ပြောရမှာ ဖြစ်တယ်"ဟူသော (တဏှာရှင်းတမ်း။၃၁။)လာ အရှင်ဉာဏ၏ စကားကို ရှု၍

http://www.dhammadownload.com


မျက်စိနား အစစတို့ဖြင့် မြင်နေ-ကြားနေသော ဖြစ်ရပ်တို့သည် အတ္တ။

မျက်စိနား အစစတို့ဖြင့် မြင်နေ-ကြားနေရသည် မဟုတ်ဘဲ စိတ်အထင် စိတ်အမြင်ဖြင့် မြင် ကြားသော အရာတို့သည် (ငါမဟုတ်တဲ့အကောင်၊ ငါအယောင်ဆောင်သော အကောင်) အနတ္တ- ဟု သိရသည်။

## မိုးပြာက အတ္တဟာ နိရောဓသစ္စာတဲ့

**သစ္စာလေးချက်မှာ ဒုက္ခသစ္စာက အနတ္တပဲကွ၊ နိရောဓက ဒုက္ခရဲ့ ဆန့်ကျင်ဖက် မဟုတ်လား။ ဒီလို ဆိုရင် နိရောဓဟာ ဒုက္ခရဲ့ ဆန့်ကျင်ဖက်ဆိုရင် ဒုက္ခကလည်း အနတ္တဆိုတော့ နိရောဓဟာ အနတ္တနဲ့ ဆန့်ကျင်ဖက် ဖြစ်ရမှာပေါ့။ အနတ္တရဲ့ ဆန့်ကျင်ဖက်ဟာ အတ္တ မဟုတ်လား။လ။**

**နိရောဓ ဆိုတာ ဒုက္ခဖြစ်တဲ့ အနတ္တရဲ့ ပြောင်းပြန် ဆန့်ကျင်ဖက်ဆိုတော့ နိရောဓ ဆိုက်တယ် ဆိုတာ အတ္တဆိုက်တာ မဟုတ်လား၊(တဏှာရှင်းတမ်း။၃၀။) ကိုရှု၍**

**အနတ္တသည် ဒုက္ခသစ္စာ။ အတ္တသည် နိရောဓသစ္စာ ဟု မိုးပြာ ဆို၏။**

ထို့ကြောင့် မိုးပြာ အလို မင်းလွင်ခြံမှာ နေတုံးက ရောက်လာသော တကာကလေးဆိုသူသည် ရုပ်နာမ်ဓာတ်သဘာဝကို ချုပ်ငြိမ်းအောင် ကျင့်နေပါလျက် အရှိအတ္တကို လက်မခံသောကြောင့် (ငါ) အနတ္တဝါဒီဖြစ်နေသောကြောင့်၊ အနိစ္စသဘောစသည်ဖြင့် ရှုမှတ်၊ ရုပ်နာမ်ဓာတ်သဘာဝကို ချုပ်ငြိမ်းအောင် ကျင့်နေကာမျှဖြင့် နိဗ္ဗာန်ကို မရနိုင်ဟု မိုးပြာက ဆိုခြင်းဖြစ်သည်။

## ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်

မိုးပြာပြောသော အနတ္တ အတ္တ ၊ ဒုက္ခသစ္စာ နိရောဓသစ္စာတို့မှာ ဗုဒ္ဓအလို မဟုတ်ကြောင်း ဓမ္မစက္ကပဝတ္တနသုတ်၌ပင် အလွန် သိသာထင်ရှားပြီး ဖြစ်သောကြောင့် အထူး သရုပ်ထုတ်ကာ ရှင်းရန် မလိုတော့ပါ။

သို့ဖြစ်ပါ၍ အမှတ်(၃၁) စောဒနာလွှာပါ အရှင်ဉာဏ၏ "ဒီတရားတွေက မင်းကို ဘာပေးမှာတုန်းလို့ မေးလိုက်တယ်။ (ပ) နိဗ္ဗာန် ရဖို့ပါလို့ ဖြေတယ်။ (ပ) ဒီလိုဆိုရင် မင်းတရားတွေကို သွန်သာပစ်လိုက်တော့ (ပ) မင်းတရားက မင်းရှိတယ် ဆိုတာကို အသိအမှတ်မပြုဘူးဆိုရင် မင်းတရားက မင်းကို ဘာပေးနိုင်မှာလဲ။ နိဗ္ဗာန်ဆိုတာကို ဘယ်လိုလုပ် ပေးမှာလဲ (ပ) မင်းမှ မရှိဘဲနဲ့။ မင်းကို ပေးလို့ ရနိုင်ပါ့မလား။" စသော ဟောပြော ချက်များသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များ ဖြစ်၏ဟု နိုင်ငံတော် သီးခြားဝိနည်းခိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၃၁) စောဒနာလွှာပါ အရှင်ဉာဏ၏ "ဒီတရားတွေက မင်းကို ဘာပေးမှာတုန်းလို့ မေးလိုက်တယ်။ (ပ) နိဗ္ဗာန် ရဖို့ပါလို့ ဖြေတယ်။ (ပ) ဒီလိုဆိုရင် မင်းတရားတွေကို သွန်သာပစ်လိုက်တော့ (ပ) မင်းတရားက မင်းရှိတယ် ဆိုတာကို အသိအမှတ်မပြုဘူးဆိုရင် မင်းတရားက မင်းကို ဘာပေးနိုင်မှာလဲ။ နိဗ္ဗာန်ဆိုတာကို ဘယ်လိုလုပ် ပေးမှာလဲ (ပ) မင်းမှ မရှိဘဲနဲ့။ မင်းကို ပေးလို့ ရနိုင်ပါ့မလား။" စသော ဟောပြော ချက်များသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့သည် အဓမ္မဝါဒဖြစ်၏ဟု နိုင်ငံတော် သီးခြားဝိနည်းခိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၃၂)စောဒနာလွှာ၌ စိစစ်ဆုံးဖြတ်ချက်

(တဏှာရှင်းတမ်းစာအုပ်-နှာ-၂၈၊၃၀၊၃၁။) ရှင်ဉာဏက- "အဲသည်အကောင် (အယောင်ဆောင်ငါ)က ခင်ဗျားတို့ကို ဝင်ပူးနေတဲ့အတွက် ခင်ဗျားတို့က အဲသည် **အကောင်ကို သူစိမ်းတစ်ရံဆံလို့** မထင်ကြဘူး။ အပြင် ပယောဂလို့ မထင်ကြဘူး။ ခင်ဗျားတို့လို့ပဲ ထင်နေကြတယ်။ **တကယ်တော့** အဲသည်အကောင်က **အနတ္တကောင်ဖြစ်တယ်။ အနတ္တကောင်ဟာ အတ္တကောင် မဟုတ်ဘူး။ ခင်ဗျားတို့ကသာ** အတ္တကောင် ဖြစ်ပါတယ်။ ဒါပေမယ့် အနတ္တကောင်က သူ့ကိုယ်သူ အတ္တကောင်ပါလို့ အယောင် ဆောင်ထားတဲ့အတွက် အနတ္တကောင်ကို ခင်ဗျားတို့ မမြင်ကြဘူး။ တကယ်တော့ ဒါတွေ (အတ္တကောင်-အနတ္တကောင်တွေ)ဟာ သိပ်ခက်ခဲတာတွေပါပဲ။ (ပ)။

"ဒုက္ခသစ္စာက အနတ္တပဲကွ။ နိရောဓ(သစ္စာ)ဟာ အတ္တပဲ။ (ပ)။ နိရောဓဆိုက်တယ်-ဆိုတာ အတ္တဆိုက်တာပဲ။ (ပ) အနတ္တ(ကောင်)ရဲ့ မှီခိုမှုမပါဘဲ အတ္တသက်သက်ကလေးနဲ့ တည်နိုင်အောင် ကြိုးစားပြီး ပညာနဲ့ နေတဲ့ လုပ်ငန်းကို သတိပဋ္ဌာန်အားထုတ်တယ်လို့ ပြောရတာ-ဖြစ်တယ်။ တရားနဲ့နေတယ်လို့ ပြောရတာ ဖြစ်တယ်။ (ဓမ္မဝိဟာရီဟု ဆိုလိုပါသည်။) အတ္တ(ကောင်)တို့၊ အနတ္တ(ကောင်)တို့ဆိုတာ ငါတို့ ကိုယ်ပေါ်မှာ ဖြစ်နေတာ။ အမေ မွေးပေးလိုက်တဲ့ တို့မျက်စိ တို့နား အစစတွေနဲ့ မြင်နေရ-ကြားနေရတဲ့ ဖြစ်ရပ်တွေဆိုရင် ဒါ အတ္တပဲ။ တို့မျက်စိ တို့နားနဲ့ မြင်တာ ကြားတာမဟုတ်ဘဲနဲ့ မဟုတ်တာတွေ မြင်တာ ကြားတာတွေလဲ ရှိနေပါတယ်။ စိတ်အထင် စိတ်အမြင်နဲ့ မြင်တာ ကြားတာတွေပေ့ါ။ ဒါတွေကို တို့က မြင်တာမဟုတ်ဘူး။ တို့မဟုတ်တဲ့အကောင် (အနတ္တ)က တို့ယောင်ဆောင်ပြီး မြင်ပေးနေတာ။ ဒါကို-အနတ္တလို့ ပြောရမယ်"ဟူသော (တဏှာရှင်းတမ်းစာအုပ်-နှာ-၂၈၊၃၀၊၃၁။) ဟောပြောချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြော ရေးသားထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## (၃၂)၌စောဒကတို့၏ သဘောထား

အထက်ဖော်ပြပါ ရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့၌ အနတ္တ၏အဓိပ္ပါယ်, ဒုက္ခသစ္စာ၏ အရကောက်တရား၊ သတိပဋ္ဌာန် အားကုတ်ခြင်း ၏အဓိပ္ပါယ်၊ နိရောဓ(သစ္စာ)၏ အရကောက် စသည် ပါဝင်နေ၏။

အနတ္တ၏ အဓိပ္ပါယ်မှာ-အယောင်ဆောင်ငါကို အနတ္တဟု ခေါ်ဆိုသည်။ (အမြဲရှိနေသော အရာမဟုတ် နံရံနှင့် တိုက်မိသောအခါ ထွက်လာသည့် အဖုကြီးမျိုးပင်။ ယာယီပေါ်လာသည့် ဝဲယားနာ ပွေးကွက်မျိုးပင်။ အဖျားရောဂါ နှာစီးတာမျိုးပင်ဟူ၍ ဆိုပါသည်။)

## စောဒကတို့၏ အာဘော်အကြောင်းပြ

အမှန်အားဖြင့် အဖုကြီး ထွက်လာတာမျိုးကို မြတ်ဗုဒ္ဓက ကံ စိတ် ဥတု အာဟာရ တစ်ခုခုကြောင့် ဖြစ်ပေါ်လာသည့် (ရုပ်)ဟူ၍သာ ဟောတော်မူပါသည်။ အနတ္တကောင်ဟူ၍ မဟောပါ။ ဟု စောဒကပို့က အာဘော်အကြောင်းထုတ်၏။ ဤအကြောင်းပြကို အရှင်ဉာဏ၏ အာဘောဂနှင့် မှန်းဆကြည့်လျှင်-

အနတ္တဆိုတာ "အမြဲရှိနေသော အရာမဟုတ် နံရံနှင့် တိုက်မိသောအခါ ထွက်လာသည့် အဖုကြီးမျိုးပင်။ ယာယီပေါ်လာသည့် ဝဲယားနာ ပွေးကွက်မျိုးပင်။ အဖျားရောဂါ နှာစီးတာမျိုးပင်"ဟူသော စကားမှာ ဥပမာတင်စား ဆိုထားသော စကားဖြစ်၏။

http://www.dhammadownload.com



မိုးပြာ ရှင်ဉာဏက မုချအားဖြင့် "နံရံနှင့် တိုက်မိသောအခါ ထွက်လာသည့် အဖုကြီးကို, ယာယီပေါ်လာသည့် ဝဲယားနာ ပွေးကွက်ကို, အဖျားရောဂါ နှာစီးတာကို အနတ္တ"ဟု ဆိုသည် မဟုတ်ပါ။

ပကတိခန္ဓာမှာ နံရံနှင့် တိုက်မိသောအခါ ထွက်လာသည့် အဖုကြီး, ယာယီပေါ်လာသည့် ဝဲယားနာ ပွေးကွက်, အဖျားရောဂါ နှာစီးတာသည် အမြဲရှိနေသော အရာမဟုတ်၊ နံရံသည်တို့နှင့် တိုက်မိသောအခါ ထွက်လာပေါ်လာသလို အတ္တမှာ အထင်မှား အမြင်မှားသည့်အခါမှ ပေါ်လာတတ်တဲ့ အယောင်ဆောင် အတ္တကို အနတ္တဟု အရှင်ဉာဏက ဆိုနေခြင်းဖြစ်ပါ၏။

**ထို့ကြောင့် စောဒကတို့၏ အကြောင်းပြ စကားသည် ထိရောက်သော အကြောင်းပြ မဖြစ်။**

## ဝိနည်းမိုရ်ဆရာတော်များ သုံးသပ်ချက်

"အတ္တ(ကောင်)တို့၊ အနတ္တ(ကောင်)တို့ဆိုတာ ငါတို့ ကိုယ်ပေါ်မှာ ဖြစ်နေတာ၊ အမေမွေးပေးလိုက်တဲ့ တို့မျက်စိ တို့နား အစစတွေနဲ့ မြင်နေရ-ကြားနေရတဲ့ ဖြစ်ရပ်တွေဆိုရင် ဒါ အတ္တပဲ။ တို့မျက်စိ ကိုနားနဲ့ မြင်တာ ကြားတာ မဟုတ်ဘဲနဲ့ မဟုတ်တာတွေ မြင်တာ ကြားတာတွေလဲ ရှိနေပါတယ်၊ စိတ်အထင် စိတ်အမြင်နဲ့ မြင်တာ ကြားတာတွေပေါ့။ ဒါတွေကို တို့က မြင်တာ မဟုတ်ဘူး၊ တို့မဟုတ်တဲ့အကောင် (အနတ္တ)က တို့ယောင်ဆောင်ပြီး မြင်ပေးနေတာ၊ ဒါကို-အနတ္တ လို့ ပြောရမှာ ဖြစ်တယ်"ဟူသော အရှင်ဉာဏ၏ စကားကို စိစစ်ကြည့်လျှင် --

အရှိကို အရှိအတိုင်း မြင်တတ်မှု ကြားတတ်မှု စတဲ့ အမှုတွေကို လုပ်တဲ့ မျက်စိစသည် ဤလူ့ခန္ဓာ ကိုယ်လုံးကိုယ်ထည်ကြီးဟု ဆိုအပ်သော အတ္တကောင်နှင့်

ပကတိ မျက်စိနားစသည်ဖြင့် မြင်သိမှု မဟုတ်ဘဲ ငရဲ နတ်ပြည်စသည် မရှိတာကို အရှိလုပ်ပြီး မြင်သိပေး နေသော ငါမဟုတ်ပဲ ငါလုပ်နေသော "ငါအစစ်မဟုတ်သော ငါ- အယောင်ဆောင် ငါ"ဟု ဆိုအပ်သော အနတ္တကောင်ကို ပေါ့ရမည်။ (အမှန်အားဖြင့် အဖုကြီး ထွက်လာတာမျိုး ငါမဟုတ်ပဲ ငါလုပ်ပြီး ပေါ်လာသော အယောင်ဆောင် ငါကို အရှင်ဉာဏက အနတ္တကောင်ဟု ဆိုသည်။)

## "အရှင်ဉာဏ-အလို သစ္စာလေးပါး"

ယင်းအနတ္တကောင်သည် **ဒုက္ခသစ္စာ။**

အနတ္တကောင် အပေါ်မှာ အာလယရှိနေခြင်း-ကပ်ငြိတွယ်တာ မက်မောနေခြင်းသည် သမုဒယသစ္စာ။ (တဏှာ-စာအုပ်-နှာ-၃၁-ဒုတိယစာကြောင်း-အနတ္တအပေါ်မှာ အာလယကွာပြီး သမုဒယကင်းမယ်။)

အတ္တကောင်သည် **နိရောဓ(သစ္စာ)။**

[နိဗ္ဗာန်ဟူသည်မှာ အတ္တကောင်ပင် ဖြစ်သည်။ အတ္တကောင်ဟူသည်မှာလည်း ခင်ဗျားတို့ (လူ့ခန္ဓာ ကိုယ်လုံးကြီး) ပင်ဖြစ်၏-ဟု ဆိုသည်။ လူ့ခန္ဓာကိုယ်လုံး ကိုယ်ထည်ကြီးသည် နိဗ္ဗာန်ကြီးဟု ဆိုလိုသည်။]

"(၁) ယာယီပေါ်လာသော အဖုကြီးမျိုး အနာကြီးမျိုး အစရှိသော အနတ္တကောင်၏ မှီခိုခံရခြင်းမှ ကင်းနေရမည်။ (ပကတိကျန်းမာနေရုံမျှပင်။)

(၂) ဤလူ့ခန္ဓာ ကိုယ်လုံးကိုယ်ထည်ကြီးဟုဆိုအပ်သော အတ္တကောင် သက်သက်သာ ရှိနေရမည်။

(၃) အနတ္တကောင်မှကင်းပြီး အတ္တကောင်ချည်းရှိနေအောင် ပညာဖြင့် နေရမည်။ ဤသို့ နေနိုင်ခြင်းကို သတိပဋ္ဌာန် အားထုတ်တာ"ဟု ဆိုပေသည်။

ဤသုံးချက်ထဲတွင် တတိယအချက်ပါ ပညာကိုပင် **မဂ္ဂသစ္စာဟု** ဆိုပါသည်။

http://www.dhammadownload.com



## မိုးပြာသစ္စာ ဘုရားဟောမှာ မရှိ

ရှင်ဉာဏသည် ထပ်ခါတလဲလဲ ဟောပြောရေးသားနေသော အထက်ပါ သစ္စာလေးပါးတို့ကို မြတ်ဗုဒ္ဓ ဟောတော်မူသော အရိယသစ္စာဟူ၍ပင် ဆိုထားသော်လည်း မည်သည့်ပါဠိတော်နေရာမှာမှ ယင်းလေးချက်ကို အရိယသစ္စာဟု မြတ်ဗုဒ္ဓဟောထားသည်ကို မတွေ့ရပါ။

## မိုးပြာ၏ သစ္စာ၌ ကိစ္စဉာဏ် မဖြစ်နိုင်

အဆိုပါ ဒုက္ခသစ္စာ(အနတ္တကောင် အဖုကြီး အနာကြီးမျိုး)၌ အဘယ်သို့လျှင် ကိစ္စဉာဏ် ဖြစ်သည်နည်း- ၎င်းကို ပိုင်းခြား၍သိရန် မည်သို့ လိုအပ်နေသနည်း။ မိုးပြာရှင်ဉာဏ၏ ဒုက္ခသစ္စာ (အနတ္တကောင်)ကြီးကို မသိလျှင် အဘယ်သို့ နစ်နာဖွယ်ရှိသနည်း။ သိလျှင်ရော အဘယ်သို့ ကောင်းကျိုးရှိမည်နည်း။

အဆိုပါ အနာဖုကြီးမျိုးဖြစ်သော အနတ္တကောင်(ဒုက္ခသစ္စာ)အပေါ်မှာ ငြိကပ်တွယ်တာ မက်မောခြင်း (သမုဒယသစ္စာ)၌ အဘယ်သို့လျှင် ကိစ္စဉာဏ် ဖြစ်မည်နည်း။ ၎င်း၌ တွယ်တာခြင်းကို ပယ်စွန့်ရန် မည်သို့ လိုအပ်နေသနည်း။ အနာဖုကြီးမျိုးကို မည်သူက မက်မက်မောမော လိုချင်နေမည်နည်း။ (အလွန်ထင်ရှား ပါပေ၏) မမက်မောဖွယ်ရာ၌ မက်မောခြင်းမရှိ၍ ပယ်စွန့်ခြင်းကိစ္စလည်း ရှိဖွယ်ရာ မလိုပါ။

အတ္တကောင်ကို နိရောဓသစ္စာ (နိဗ္ဗာန်)ဟု ဆိုပြန်ရာမှာလည်း အဆိုပါ အတ္တကောင်(နိရောဓသစ္စာ)၌ ကိစ္စဉာဏ် ဘယ်လိုဖြစ်ပါအံ့နည်း။ မျက်မှောက်ပြုခြင်းကို ပြုဖို့ရန် အဘယ်သို့နည်း။

## မိုးပြာပြောသော ပညာ မဂ္ဂသစ္စာ မဟုတ်

တစ်ဖန် (ပညာနဲ့နေခြင်း)ဟုဆိုကာ မဂ္ဂသစ္စာကို ပြဆိုထားသည်။ ပညာ၏ အနက်ကို မည်သို့ ယူကြောင်း မတွေ့ရသေးသော်လည်း ဗုဒ္ဓဘာသာဝင်တို့၏ ပညာမဟုတ်ကြောင်း အစမ္ပဝါဒပညာမျိုးသာ ဟုတ်ကြောင်းကတော့ ထင်ရှားပေပြီ။ ထုံးစံအရဆိုလျှင် ဤပညာက အနာကြီးအဖုကြီးမျိုး အနတ္တကို သိနေရမည်။ အနာကြီးမျိုး အနတ္တကောင် အပေါ်၌ ငြိကပ်မက်မောခြင်း ကင်းလာရမည်။

<u>ဝိပဿနာပညာပင် မဟုတ်ချေ။ မိစ္ဆာပညာ၊ မိစ္ဆာဉာဏ်ဟု ခေါ်ဆိုရမည့် အဝိဇ္ဇာ (မောဟကြီး)သာ</u> ဖြစ်ပေသည်။ ဤအဝိဇ္ဇာကြီး(မိုးပြာ၏ မဂ္ဂသစ္စာကြီး)၌ ကိစ္စဉာဏ်ဖြစ်၍ ပွားလေလေ အပါယ် လမ်းခရီး အတွက် အရှိန်ပြင်းလေလေ ဖြစ်ပေလိမ့်မည်။

ရှင်မိုးပြာ၏ အရိယသစ္စာလေးပါးတရားအတိုင်း လိုက်နာပြီး အားထုတ်နေကြသူ (အာသဝက္ခယ ဝိဟာရီ) များအားလုံး သက္ကာယ+အတ္တ+ဒိဋ္ဌိခေါ် မိစ္ဆာဉာဏ်ကြီးမှ တဆင့်ပြီးတဆင့် မြင့်ပြီးသကာလ ရှေ့ဘဝနောက်ဘဝ ပယ်မှုနှင့်စပ်၍ ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိကြီးများကို ရရှိကြလျက် နိယတမိစ္ဆာဒိဋ္ဌိက ဘဝ ရောက်ခွင့်ရကြပေသည်။ အပါယ်လေးဘုံတို့မှာ တတ္ထိယသတ္တဝါတွေ, အညာဏ သတ္တဝါတွေ စည်ကားကြ ပေတော့မည်။

### ဗုဒ္ဓအလို သစ္စာလေးပါး

လောကီစိတ်(၈၁)ပါး၊ လောကီစေတသိက်(၅၁)ပါး၊ ရုပ်(၂၈)ပါးတို့သည် ဒုက္ခသစ္စာ။

လောဘသည် **သမုဒယသစ္စာ။**

နိဗ္ဗာန်သည် **နိရောဓသစ္စာ။**

မဂ်စိတ်လေးပါး၌ရှိသော မဂ္ဂင်တရားကိုယ် (၈)ပါးသည် မဂ္ဂသစ္စာ မည်၏။

" ဣဒံ ခေါ ပန, ဘိက္ခဝေ, ဒုက္ခံ အရိယသစ္စံ- ဇာတိပိ ဒုက္ခာ, ဇရာပိ ဒုက္ခာ, ဗျာဓိပိ ဒုက္ခော, မရဏမ္ပိ ဒုက္ခံ, အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော, ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော,

http://www.dhammadownload.com



**ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ- သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။**

ကတမံ စေါ ပန, ဘိက္ခဝေ, ဒုက္ခသမုဒယံ **အရိယသစ္စံ- ယာယံ တဏှာ ပေါနဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ, သေယျထိဒံ- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။**

ကတမံ စေါ ပန, ဘိက္ခဝေ, ဒုက္ခနိရောဓံ အရိယသစ္စံ- **ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော, စာဂေါ, ပဋိနိဿဂ္ဂေါ, မုတ္တိ, အနာလယော။**

**"ကတမံ စေါ ပန, ဘိက္ခဝေ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ**- အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ, သေယျထိဒံ- သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိ။ (ဝိ၊၃။၁၃။ သံ။၃၊၃၆၉။)

မိုးပြာတို့က ဘုရားဟောဟု ကေန်လက်ခံယုံကြည်ထားသော တရားဦးဓမ္မစကြာ ဒေသနာတော်သည် သစ္စာလေးပါး သရုပ်အတွက် ငြင်းချက် ထုတ်ဖွယ်မရှိအောင် သေချာသော ဘုရားစကားတော်ပင် ဖြစ်ပါသည်။

ထိုသုတ္တန်၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်များလည်း ထင်ရှားသေချာ ညွှန်ပြပြီး ဖြစ်ပါသည်။

## ပေါင်းရုံးသုံးသပ်ချက်

သို့ပါ၍ "အနတ္တကောင်, ဒုက္ခသစ္စာ, အတ္တကောင်, နိရောဓသစ္စာ, သတိပဋ္ဌာန်အားထုတ်ခြင်း စသည့် ဝေါဟာရ များနှင့် ပတ်သက်၍ ရှင်မိုးပြာ၏ ဟောပြောရေးသားချက်များသည်လည်းကောင်း၊ မြတ်စွာ ဘုရားဟောသည့် အရိယသစ္စာဟု ဆိုကာ ရှင်မိုးပြာ ဟောပြောရေးသားနေသော အရိယသစ္စာလေးပါး (ရှင်မိုးပြာ၏ သစ္စာအသစ်လေးပါး)တို့သည်လည်းကောင်း မြတ်ဗုဒ္ဓ၏ ဓမ္မတို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက် များဖြစ်သည်ဟု သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၃၂) စာဒနာလွှာပါ ရှင်ဉာဏ၏ " "အဲသည်အကောင် (အယောင်ဆောင်ငါ)က ခင်ဗျားတို့ကို ဝင်ပူးနေတဲ့အတွက် ။လ။ တကယ်တော့ အဲသည်အကောင်က အနတ္တကောင်ဖြစ်တယ်။ အနတ္တကောင်ဟာ အတ္တကောင် မဟုတ်ဘူး။ ခင်ဗျားတို့ကသာ အတ္တကောင် ဖြစ်ပါတယ်။ ဒါပေမယ့် အနတ္တကောင်က သူ့ကိုယ်သူ အတ္တကောင်ပါလို့ အယောင် ဆောင်ထားတဲ့အတွက် အနတ္တကောင်ကို ခင်ဗျားတို့ မမြင်ကြဘူး။ (ပ)။"ဒုက္ခသစ္စာက အနတ္တပဲကွ။ နိရောဓ(သစ္စာ)ဟာ အတ္တပဲ။ (ပ)။ နိရောဓဆိုက်တယ်-ဆိုတာ အတ္တ ဆိုက်တာပဲ။ (ပ) အနတ္တ(ကောင်)ရဲ့ မှီခိုမှုမပါဘဲ အတ္တသက်သက်ကလေးနဲ့ တည်နိုင်အောင် ကြိုးစားပြီး ပညာနဲ့ နေတဲ့ လုပ်ငန်းကို သတိပဋ္ဌာန်အားထုတ်တယ်လို့ ပြောရတာ-ဖြစ်တယ်။ **တရားနဲ့နေတယ်လို့** ပြောရတာ ဖြစ်တယ်။ (တဏှာရှင်းတမ်းစာအုပ်-နှာ-၂၈၊၃၀၊၃၁။) " စသော ဟောပြော ရေးသားချက်များသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို အဓမ္မဝါဒ-ဟု နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

------------------

http://www.dhammadownload.com



## မှတ်(၃၃)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

(ဓမ္မကထာစာအုပ်-နှာ-၅၁၊ ၅၂၊ ၅၃၊ ၅၄။)၌ ဟောပြောရေးသားထားသော အရှင်ဉာဏ၏-

"စကားနက်(=စကားက ဆောင်ပြတဲ့ လောကအဖြစ်အပျက်)မသိဘဲ စကားဆောင်သူဆိုတာ လောကမှာ မရှိဘူးလား။ အများကြီးရှိတာပေါ့။

ဘယ်သူတွေလဲ။ ကလေးတို့ လူအတို့ပေါ့ ဘုရား။

ဘုရားက အဲဒီသူတွေကို ။လ။ ပဒပရမလို့ပဲ (ပြောတယ်)။

ပဒပရမလူဆိုတာ တရားမရ သူလို့ သိနေတာ ဘုရား။ ဟုတ်တာပေါ့။

ပုထုဇဉ်ပေါ့ဘုရား။ ဟုတ်တာပေါ့။

ဒီလိုဆိုတော့ သူ(မေးတာကို ပြန်ရှင်းမပြတတ်သူ)လည်း ကလေးပဲပေါ့ ဘုရား။ ဘာဖြစ်လို့လဲ?

ပုထုဇဉ်ဆိုတာ အမိုက် အကန်းပဲလို့ ဘုရားအသိအမှတ်ပြုတာပဲ ဘုရား။ ဟုတ်သားပဲ။

ကလေးကလည်း အမိုက်အကန်းပဲ မဟုတ်လား ဘုရား။ ဟုတ်ပ။ (ပ)

ဒီကလေးအဖြစ် (မေးတာကို ပြန်မရှင်းပြနိုင်သော ဗုဒ္ဓဘာသာရေးပြောသူ ဓမ္မကထိကအဖြစ်)ဟာ တကြိုးတကုတ် အားထုတ်လေ့လာပြီး မသိတာကြောင့်ပေါ့ ဘုရား။ (ပ)

ဒီကလေးကို အားထားကြတဲ့ အဲဒီလူတွေ နစ်နာကြမှာ တွေးမိလို့ပါ ဘုရား။ (ပ)

လူမှာဖြစ်တဲ့ ပြဿနာက လွတ်မြောက်အောင် မြင်နိုင်ပါ့မလား၊ ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ။ (မဖြစ်နိုင်ဟူလို) (ပ) ဒီလိုဆိုတော့ လူအသိနဲ့ ဘာထူးမှာလဲ ဘုရား။ ထူးလှမယ် မဟုတ်ဘူး။ မနုဿဓမ္မပဲ။ (ပ)

မနုဿဓမ္မသိသူချင်းတွေဆီက အခွင့်ထူးတွေ မခံယူဘူးလား ဘုရား။ ရနေတာတော့ သိတဲ့အတိုင်းပဲ။ (ဓမ္မကထာစာအုပ်-နှာ-၅၁၊ ၅၂၊ ၅၃၊ ၅၄။) ဟူသော ဟောပြောရေးသားထားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အထက်ပါ ဥပနာ(၃၃)ကို အနှစ်ချုပ်လိုက်လျှင်

(က) ဟောပြောရာတရားနှင့် စပ်၍ မေးမြန်းလာတာကို ပြန်ရှင်း မပြတတ်သော ဓမ္မကထိကရဟန်းကိုပြပြီး ယခုခေတ်ရှိ သံဃာထုကြီးတစ်ရပ်လုံး အသုံးမကျကြောင်း၊ လူတို့ထံမှ ပစ္စည်းလေးပါး ရသင့်သူများ မဟုတ်ကြဘဲ ရယူနေသူများဖြစ်၍ သူခိုးဓားပြတို့သာဖြစ်ကြောင်း ရက်ရက်စက်စက်ကြီး ပုတ်ခတ်ထားခြင်းပင် ဖြစ်ပါသည်။ လူအများနှင့် တစ်တန်းစားထဲ ဖြစ်သည့် ကလေးကလား ကလေးများသာ ဖြစ်သည်ဟုပင် ချိုးချိုးဖွဲ့ဖွဲ့ ဆိုထားပါသည်။

(ခ) ယခုခေတ်ရှိ ဗုဒ္ဓဘာသာ ရဟန်းသံဃာအားလုံးသည် ပိဋကတ်သုံးပုံလာ စကားလုံးမျှကိုသာ ဆောင်သူ ဖြစ်သည်။ လောကအဖြစ်အပျက်မခေါ် အနက်အဓိပ္ပါယ်ကိုမူ မသိကြချေ။ ပိဋကတ် သုံးပုံလာ အနက်အဓိပ္ပါယ်ကို မသိကြချေ။ ထို့ကြောင့် ပဒပရမများသာ ဖြစ်သည်-ဟူ၍ ဆိုပါသည်။ ကြက်တူရွေး ကဲ့သို့သာဖြစ်၍ စကားဆောင်သူမျှသာ ဖြစ်ခြင်းကြောင့် ကလေးများသာဟု ဆိုပါသည်။

(ဂ) ပုထုဇဉ်ဆိုတာ အမိုက်အကန်းဘဲဟုလည်းကောင်း၊ အဲဒီကလေး(မေးတာကို ပြန်မဖြေသူ) လည်းပဲ အမိုက်အကန်းပဲဟုလည်းကောင်း ဆိုပါသည်။

http://www.dhammadownload.com



(ယ) "ယခုရှိနေဆဲ သံဃာတော်တို့သည် ဈာန်မဂ်ဖိုလ်တရားမြတ်တို့ကို မရသူများဖြစ်သောကြောင့် ဉတ္တရိမနုဿဓမ္မ-လူတို့ထက်မြတ်သောတရားရှိသူများ မဟုတ်"ဟု ရှုတ်ချထားသည်။

"အရှင်ဉာဏသည်ကား လူမှာဖြစ်သည့် ပြဿနာတို့က လွတ်မြောက်အောင် မြင်နိုင်ခြင်း သိနိုင်ခြင်းကြောင့် ဉတ္တရိမနုဿဓမ္မ-လူတို့ထက်မြတ်သောတရားရှိသူ ဖြစ်၏"ဟု ဂုဏ်ယူထားသည်။

ပါဠိအဋ္ဌကထာတို့ကို တင်ပြ၍ စောဒနာလွှာ (၃၃)ပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့သည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြကြသည်။

## (က) ဝိနည်းခိုရ်ဆရာတော်တို့၏ သုံးသပ်ချက်

### ပုဂ္ဂိုလ်လေးမျိုး

ပုဂ္ဂိုလ်သည် ဉဂ္ဃဋိတညူပုဂ္ဂိုလ်။ ဝိပဉ္စိတညူပုဂ္ဂိုလ်။ နေယျပုဂ္ဂိုလ်။ ပဒပရမပုဂ္ဂိုလ်ဟု လေးမျိုးရှိသည်။

**ဝေမေဝ ဉဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျော, ပဒပရမောတိ စတ္တာရော ပုဂ္ဂလာ။**
**(ဒီ၊၄၊၂။၅၉၊)**

**ကတမော စ ပုဂ္ဂလော ဉဂ္ဃဋိတညူ? ယဿ ပုဂ္ဂလဿ သဟ ဉဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ- အယံ ဝုစ္စတိ ပုဂ္ဂလော "ဉဂ္ဃဋိတညူ"။**

**ကတမော စ ပုဂ္ဂလော ဝိပဉ္စိတညူ? ယဿ ပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထေ ဝိဘဇိယမာနေ ဓမ္မာဘိသမယော ဟောတိ- အယံ ဝုစ္စတိ ပုဂ္ဂလော "ဝိပဉ္စိတညူ"။**

**ကတမော စ ပုဂ္ဂလော နေယျော? ယဿ ပုဂ္ဂလဿ ဉဒ္ဒေသတော ပရိပုစ္ဆတော ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော ဝေဝံ အနုပုဗ္ဗေန ဓမ္မာတိသမယော ဟောတိ- အယံ ဝုစ္စတိ ပုဂ္ဂလော "နေယျော"။**

**ကတမော စ ပုဂ္ဂလော ပဒပရမော? ယဿ ပုဂ္ဂလဿ ဗဟုမ္ပိ သုဏတော ဗဟုမ္ပိ ဘဏတော ဗဟုမ္ပိ ဓာရယတော ဗဟုမ္ပိ ဝါစယတော န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတိ- အယံ ဝုစ္စတိ ပုဂ္ဂလော "ပဒပရမော"။** (ပုဂ္ဂလပညတ်။၁၄၇။)

ရှေးဘဝမှ ပါလာသည့် ကံအလျောက် ဉဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျတို့ ဖြစ်လာကြကာ-ယခုဘဝမှာပင် ထိုးထွင်းသိမြင်ကြသူများ ရှိပါသည်။ ဤပုဂ္ဂိုလ်တို့မှာ ရှေးဘဝလည်း ရှိခဲ့ပြီး ယခုဘဝလည်း ရှိကြသည်။ သို့သော် နောက်ဘဝကား ရှိသူ ရှိ၊ မရှိသူ မရှိ ဖြစ်ကြလေပြီ။ သောတာပန် သကဒါဂါမ် အနာဂါမ်တို့မှာ နောက်ဘဝ ရှိကြ သေးသည်။ ရဟန္တာတို့မှာမူ နောက်ဘဝ မရှိကြလေပြီ။ ဤပုဂ္ဂိုလ်တို့သည် ဒေသနာတော်၏ ပဒ-ပေါ် ပုဒ်အက္ခရာ ဝါကျ တို့ကိုလည်း သိကြသည်။ ပဒတ္ထခေါ် ရုပ်နာမ်ခန္ဓာ တို့၏ အဖြစ်အပျက် သဘောတရားတို့ကိုလည်း သိကြသည်။ ထို့ကြောင့် ယခုဘဝမှာပင် ပဋိဝေဓဉာဏ် ဖြစ်ပေါ် လာကြပါသည်။

ရှေးဘဝမှ ပါလာသည့်ကံတို့က မလုံလောက်သေးသောကြောင့် တရားဒေသနာတော် တို့ကို နာကြားရ သော်လည်း ပဒခေါ် ပုဒ်အက္ခရာဝါကျတို့ကိုသာ သိသူဖြစ်၍ ပဒတ္ထခေါ် ရုပ်နာမ် ခန္ဓာတို့၏ အဖြစ်အပျက် သဘော တရား တို့ကိုမူ မသိနိုင်ဘဲ ပဋိဝေဓဉာဏ်ကို မရကောင်းသော ပဒပရမပုဂ္ဂိုလ်မျိုးလည်း ရှိပါသည်။ ဤပုဂ္ဂိုလ်တို့မှာ ရှေးဘဝရှိခဲ့၊ ယခုဘဝရှိဆဲ၊ နောက်ဘဝရှိလတ္တံ့ဖြစ်၍-

http://www.dhammadownload.com


"ပဒပရမာနံ အနာဂတတ္တာယ ဝါသနာ ဟောတိ (သာရတ္ထ၊၃။၁၅၈။)အရ အနာဂတ်ဘဝမှာ ပဒတ္ထတို့ကို ထိုးထွင်းသိသော ပဋိဝေဓဉာဏ် ဖြစ်ပေါ်ကာ မဂ်ဖိုလ်ရရှိကြမည် ဖြစ်ပါသည်။

**တတ္ထ တိဏ္ဏံ ပုဂ္ဂလာနံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ထဂဝတော ဓမ္မဒေသနာ အတ္ထံ သာဓေတိ, ပဒပရမာနံ အနာဂတေ ဝါသနတ္ထာယ ဟောတိ။** (ဒီ၊ဋ္ဌ၊၂။၅၉။ဗ၀။မ၊ဋ္ဌ၊၂။၈၅။ သံ၊ဋ္ဌ၊၁။၁၈၅။သံ၊ဋ္ဌ၊၂။၄။အံ၊ဋ္ဌ၊၂။၃၃၆။မဟာနိ၊ဋ္ဌ။၃၃၇။သာရတ္ထ၊၃။၁၅၈။)

## ယခုခေတ် ရဟန်းတိုင်း ပဒပရမချည်း ဖြစ်ကြသလော

ယခုခေတ်ရှိ ရဟန်းသံဃာများသည် ပိဋကတ်သုံးပုံကို သင်ယူလေ့လာနေကြပါသည်။ ပရိယတ္တိ စာသင်တိုက်များ အထင်အရှား ရှိကြပါသည်။ ပဋိပတ်ရိပ်သာများလည်း အထင်အရှား ရှိကြသည်။ **သုတဗုဒ္ဓဖြစ်တော်မူကြသည့် တိပိဋကရေဆရာတော်များ, အဘိဓံသဘွဲ့ရ ဆရာတော်များ, ဓမ္မာစရိယဘွဲ့ရ** ဆရာတော်များ ကျမ်းဂန် နှံ့စပ်တော်မူကြသည့် ကျမ်းကြီးပေါက် ဆရာတော်ကြီးများလည်း အထင်အရှား ရှိကြပါသည်။

ထိုထိုသို့သော သံဃာတော်တို့တွင် စကားလုံးမျှသာ ဆောင်သူများလည်း ပါဝင်ကြပါသည်။ ထို သံဃာတော်များကို **ပဒံ ဧဝ ပရမံ အဿ အတ္ထီတိ ပဒပရမော**-ပုဒ်မျှသာလျှင် အလွန်ဆုံးသော အဆင့် (အတိုင်းအရှည်) ရှိသော ပဒပရမပုဂ္ဂိုလ်မျိုးဟု ဆိုရပါမည်။

ထို့ပြင် သင်ယူပြီး မေးမြန်းခြင်း လေ့ကျင့်ခြင်း စသည်ဖြင့် မဂ်ဖိုလ်သို့ ရောက်ထိုက်သော နေယျပုဂ္ဂိုလ်များလည်း ပါဝင်ကြပါသည်။

[**နေတဗ္ဗောတိ နေယျော**-သင်ယူခြင်း မေးမြန်းခြင်း လေ့ကျင့်ခြင်း ဆရာကောင်းသို့ ဆည်းကပ်ခြင်း တို့ဖြင့် ပဋိဝေဓဉာဏ်သို့ရောက်အောင် ဆောင်အပ်သောပုဂ္ဂိုလ်မျိုးဟု ဆိုလိုပါသည်။]

ဤသို့ နှစ်မျိုး ရှိရာတွင် အဘယ်သို့သော ပုဂ္ဂိုလ်သည် နေယျဖြစ်၍ အဘယ်သို့သော ပုဂ္ဂိုလ်သည် ပဒပရမ ဖြစ်သနည်း-ဟု ခွဲခြားကြည့်သော်-

## သုတဝါပုဂ္ဂိုလ် အသုတဝါပုဂ္ဂိုလ်နှစ်မျိုး

"အကြင်ပုဂ္ဂိုလ်အား ခန္ဓာငါးပါး ဓာတ်တစ်ဆယ့်ရှစ်ပါး အာယတန တစ်ဆယ့်နှစ်ပါး ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့် နှစ်ပါး သတိပဋ္ဌာန်လေးပါး စသည့်တရားတို့၌ သင်ယူခြင်း မေးမြန်းခြင်း ဆုံးဖြတ်ခြင်း (လက်တွေ့ လေ့ကျင့်ခြင်း)တို့မှ ကင်းသောကြောင့် သင်္ကာယ+အတ္တ+ဒိဋ္ဌိကို တားဆီးနိုင်သော အာဂမသုတသည် မရှိသည်သာ တည်း။ လက်တွေ့ ကျင့်အပ်သော ဒါန သီလ သမထ ဝိပဿနာ (ပဋိပတ်) ကုသိုလ်ဖြင့် ရအပ်သော တရားကို မရသေးခြင်းကြောင့် အဓိဂမသုတသည် မရှိသည်သာတည်း။ အာဂမသုတ အဓိဂမသုတ နှစ်ခုလုံးမရှိသော ထိုပုဂ္ဂိုလ်ကို အသုတဝါ ဟူ၍-သိအပ်၏"။

ဤအဋ္ဌကထာ၏ ဆိုလိုချက်ကို ဗျတိရေကနည်းဖြင့် ဆင်ခြင်လတ်သော်-ခန္ဓာငါးပါး စသည့် တရားတို့၌ လေ့လာခြင်း စသည်ဖြင့် ပြုလုပ်နေသောကြောင့် သင်္ကာယ+ အတ္တ+ ဒိဋ္ဌိကို တားဆီး နိုင်သော အာဂမသုတရှိသူ လက်တွေ့အကျင့်ဖြင့် ရအပ်သောတရားကို ရထားသောကြောင့် အဓိဂမသုတ ရှိသူ မှန်သမျှကို သုတဝါ,ဟု သိအပ်၏-ဟူ၍ အဓိပ္ပါယ်ရပါသည်။

http://www.dhammadownload.com

ယဿ ဟိ ခန္ဓဓာတုအာယတနပစ္စယာကာရသတိပဋ္ဌာနာဒီသု ဥဂ္ဂဟပရိပုစ္ဆာ-ဝိနိစ္ဆယရဟိတတ္တာ ဒိဋ္ဌိပဋိသေဓကော နေဝ အာဂမော, ပဋိပတ္တိယာ အဓိဂန္တဗ္ဗဿ အနဓိဂတတ္တာ နေဝ အဓိဂမောအတ္ထိ။ သော အာဂမာဓိဂမာဘာဝါ ဉေယျော အသုတဝါ ဣတိ။ (အဘိ၊ ဋ္ဌ၊ ၁၊ ၃၈၃။)

ဤသို့လျှင် အသုတဝါပုဂ္ဂိုလ် သုတဝါပုဂ္ဂိုလ်ဟု နှစ်မျိုးရှိရာ-ယခုခေတ်ရှိ ရဟန်းသံဃာတို့ထဲက အချို့သည် အသုတဝါ ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ အချို့ကား သုတဝါပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ အသုတဝါများသည် ခန္ဓာ အာယတန ဓာတု စသည်တို့၌ သင်ယူခြင်း မေးမြန်းခြင်း နာယူခြင်း ဆောင်ထားခြင်း ဆင်ခြင်ခြင်းတို့ မရှိသော ကြောင့် အန္ဓပုထုဇဉ် ဖြစ်ကြသည်။ သုတဝါတို့သည်ကား ခန္ဓာ စသည်တို့၌ သင်ယူခြင်း စသည်တို့ ရှိသောကြောင့် ကလျာဏပုထုဇဉ် မည်ပါသည်။

ယ[illegible] ခန္ဓာ ဓာတု အာယတနာဒီသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။ ( ဒီ၊ ဋ္ဌ၊ ၁၊ ၅၉။)

အထက်ပါ အဋ္ဌကထာတို့အရ အသုတဝါပုဂ္ဂိုလ်၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကိလေသာ စသော အကုသိုလ်တရား (များစွာ)တို့ကို ဖြစ်စေခြင်း(စသည်)ကြောင့် ပုထုဇဉ်အစစ်-ပဒပရမ ဖြစ်ကြပါသည်။ သုတဝါ ပုဂ္ဂိုလ်၊ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ကား အဓိဂမသုတ မရရှိသေးသော်မှပင် အာဂမသုတ ရရှိနေကြလျက် သက္ကာယ ဒိဋ္ဌိကြီးကို ပယ်ဆီးထားနိုင်ကြသည်ဖြစ်၍ ကိလေသာစသော အကုသိုလ်တရားတို့ကို များစွာ ဖြစ်စေခြင်း မရှိ-(အနည်း-အငယ်မျှသာ ဖြစ်စေခြင်းရှိ)သောကြောင့် (ပုထုဇဉ် **မစစ်**-ပဒပရမ မဖြစ်တော့ဘဲ) နေယျပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရှိလာကြပါသည်။ မှန်၏။ သုတဝါပုဂ္ဂိုလ်, ကလျာဏပုထုဇဉ်, နေယျပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ အာဂမသုတ အလျောက် သရဏဂုံသုံးပါး၊ ငါးပါးသီလတရားစသည်တို့ကိုကျင့်နိုင်ကြပြီ ဖြစ်သောကြောင့် သောတာပတ္တိဖိုလ်ကို ရရှိအောင် ကျင့်နေသူပင် ဖြစ်ပါတော့သည်။ သောတာပတ္တိဖိုလ်ကို အမှန်တကယ် ရရှိပြီ ဆိုလျှင်မူကား နေယျအစစ် ဖြစ်ပါတော့သည်။

သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေတိ ဧတ္ထ ဟေဋ္ဌိမကောဋိယာ တိသရဏံ ဂတော ဥပါသကောပိ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော နာမ။ တဿ ဒိန္နဒါနမ္ပိ အသင်္ချေယျံ။ အပ္ပမေယျံ။ ပဉ္စသီလေ ပတိဋ္ဌိတဿ တတော ဥတ္တရိ မဟပ္ဖလံ။
(ဥပရိ၊ ဋ္ဌ၊ ၂၂၃-၂၂၄။)

အဓိပ္ပါယ်ကား "အောက်ထစ်ဆုံး အဆင့်အားဖြင့် သရဏဂုံ သုံးပါးတည်သော ဥပါသက(ဒကာ)သည်လည်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းအကျိုးငှာ ကျင့်နေသူ မည်၏။ ထိုဥပါသက(ဒကာ)အား လှူအပ်သော အလှူသည်လည်း အသင်္ချေယျအကျိုး အပ္ပမေယျအကျိုး ရှိ၏။ ငါးပါးသီလတည်သူအား လှူလျှင်မူ ထို(အသင်္ချေယျ အပ္ပမေယျ)ထက် အကျိုးများ၏"။

ဆိုလိုသည့် အဓိပ္ပါယ်အဖြောင့်မှာ-<u>သရဏဂုံသုံးပါး တည်မြဲသူ(ဒကာ)သည် ပင်လျှင် ပဒပရမအဆင့်ထက် ကျော်လွန်၍ နေယျလမ်းစဉ်အတွင်း ချင်းနင်းဝင်ရောက်နေပြီ ဟူ၍ပင်တည်း။</u>

ယခုရှိနေဆဲ သံဃာတော်တို့တွင် ဆိုခဲ့ပြီးသုတဝါရဟန်းသံဃာတော်များ၊ ကလျာဏပုထုဇဉ် သံဃာတော် များကို နေယျပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်စာရင်းဝင်ဟု မဆို၍ မရပါ။

ယခုရှိနေဆဲ သံဃာတော်တို့တွင် ဆိုခဲ့ပြီးသုတဝါရဟန်းသံဃာတော်များ၊ ကလျာဏပုထုဇဉ် သံဃာတော် များသည် နေယျပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်စာရင်းဝင်များ စင်စစ် ကေန်ဖြစ်ကြပါသည်။

http://www.dhammadownload.com


ယခုရှိနေဆဲ သံဃာတော်တို့တွင် ခန္ဓာတရား စသည်များကို သင်ယူပြီး တတ်မြောက်ကြ၏။ သရဏဂုံသုံးပါး၊ ငါးပါးသီလ စသည်တို့ကို လေ့ကျင့်ခဲ့ကြ၏။ သမ္မာသမ္ဗုဒ္ဓဉာဏ်စသည်များ ဖြစ်ပွါးကြ၏။ ထိုသံဃာတော်တို့ကို စကားဆောင်သူ ပဒပရမမျှသာဟု မဆိုအပ်ပေ။ တရားမရသူ ကလေးများ လူအ-များဟုလည်း မဆိုအပ်ပေ။ ကိလေသာ စသည်တို့ကို များစွာဖြစ်စေတတ်သော သာမညပုထုဇဉ်(အန္ဓပုထုဇဉ်)ဟုလည်း မဆိုအပ်ဟု သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

ထို့ကြောင့် အရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့တွင် "ယခုခေတ်ရှိ ရဟန်းသံဃာတို့သည် စကားဆောင်သူမျှသာ ဖြစ်၏။ ပဒပရမမျှသာ ဖြစ်၏။ တရားမရသူများသာ [illegible]။ ကလေးသာ ဖြစ်၏။ သာမညပုထုဇဉ် အန္ဓ ပုထုဇဉ်မျှသာ ဖြစ်၏"ဟူသော အဓိပ္ပါယ်ရသည့် စကားများ-စာများသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် နိုင်ငံတော်သီခြားဝိနည်းမှုခုံရုံးအဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

--------

http://www.dhammadownload.com



## (ခ-ဂ) ဝိနည်းဓိုရ်ဆရာတော်များ သုံးသပ်ချက်

အရှင်ဉာဏပြောဟော ရေးသားသော "ပုထုဇဉ်တိုင်း **အမိုက်အကန်းဖြစ်သည်**"ဟု အဓိပ္ပါယ် သက်ရောက်သော ဟောပြောရေးသားချက်များ၊

"တစ်သာသနာလုံးမှာရှိနေကြသည့် ယနေ့ခေတ် သံဃာတော်များအားလုံး (နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများမှ စ၍ ဝတ်ခါစ ကိုရင်လေးအထိ)ကို သိမ်းကျုံး၍ ယနေ့ခေတ်သံဃာအားလုံးကို အမိုက်အကန်းချည်းဖြစ်၏"ဟူသော အဓိပ္ပါယ်သက်ရောက်သော ဟောပြောရေးသားချက်များကို တွေ့ရသည်။

(ဘာသာရေး စကားပြောသူမှန်သမျှ ဒီလိုချည်း) ဓမ္မကထာစာအုပ်၊နှာ။၆။
(အလုပ်တူ လုပ်နေကြ သူချင်း ညီညွတ်မှုသမဂ္ဂဖြစ်ဖို့ပဲ) ။ ၅၄။

## အန္ဓချည်းဖြစ်သလော?

သုတဝါ ပုထုဇဉ်များ၊ ဒိဋ္ဌိပဋိသေဓကပုထုဇဉ်များ၊ ကိလေသာ စသည်တို့ အနည်းအငယ်သာ ဖြစ်ခွင့်ရသော ပုထုဇဉ်များ၊ နေယျပုထုဇဉ်များ၊ (နေယျ စာရင်းဝင် ပုထုဇဉ်များ)လည်း ရှိကြသည်။ ဤပုထုဇဉ်များသည် အမိုက်အကန်းများ မဟုတ်ကြပါ၊ ထို့အတူ မေးတာကို ပြန်မရှင်းပြသော ဗုဒ္ဓဘာသာရေး ဟောပြောသူသည်လည်း အဆိုပါသုတဝါ စသည်များ ဖြစ်လျှင် အမိုက်အကန်း မဟုတ်ပါ။

ယဿ ခန္ဓာ ဓာတု အာယတနာဒီသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။ ( ဒီ၊ ဋ၊ ၁၊ ၅၉။)

## ဆုံးဖြတ်ချက်

ဤစကားများကို သက်သေပြု၍ အရှင်ဉာဏပြောဟော ရေးသားသော "ပုထုဇဉ်တိုင်း အမိုက်အကန်း ဖြစ်သည်"ဟု အဓိပ္ပါယ် သက်ရောက်သော ဟောပြောရေးသားချက်များ၊

"တစ်သာသနာလုံးမှာရှိနေကြသည့် ယနေ့ခေတ် သံဃာတော်များအားလုံး (နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများမှ စ၍ ဝတ်ခါစ ကိုရင်လေးအထိ)ကို သိမ်းကျုံး၍ ယနေ့ခေတ်သံဃာအားလုံးကို အမိုက်အကန်းချည်းဖြစ်၏"ဟူသော အဓိပ္ပါယ်သက်ရောက်သော ဟောပြောရေးသားချက်များသည် ပါဠိ အဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များ ဖြစ်သောကြောင့် နိုင်ငံတော်သီခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

-----

http://www.dhammadownload.com



## (ယ)ဝိနည်းခိုင်ရှိဆရာတော်များ သုံးသပ်ချက်

အရှင်ဉာဏ၏

ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများသည် သာသနာ့ဝန်ထမ်း ရဟန်းတော်မှန်သမျှတို့အား ပစ္စည်းလေးပါး လှူနေကြပါသည်။ အထူးသဖြင့် တရားဟော တရားပြတို့အား ပို၍ပင် လှူပါသေးသည်။ အလှူခံ သာသနာ့ဝန်ထမ်း ရဟန်းတော်မှန်သမျှတို့သည် အနုတ္တရပုညက္ခေတ္တ မဖြစ်။ ယခုခေတ်ရှိ တရားဟော တရားပြ များနှင့်တကွ သံဃာတော် မှန်သမျှတို့သည်(လူမှာဖြစ်သည့် ပြဿနာတို့က လွတ်မြောက်အောင် မမြင်နိုင်ကြ, မသိနိုင်ကြသော ကြောင့် လူနှင့်ဘာမျှမထူး, လူ့အသိနှင့်ဘာမျှ မထူး၍ လူတို့ထံမှ ပစ္စည်းလေးပါး အလှူခံသင့် သူများမဟုတ်)" ဟု အဓိပ္ပါယ်သက်ရောက်သော ဟောပြော ရေးသားချက်များကို တွေ့ရသည်။

အရှင်ဉာဏ၏ သဘောထားကား

လူမှာဖြစ်သည့် ပြဿနာတို့က လွတ်မြောက်အောင်-မြင်နိုင်ကြ, သိနိုင်ကြသူတို့သာလျှင် လူ့ထက် မြင့်မြတ်၍ လူ့အသိထက် ပိုသိ၍ လူတို့ထံမှ လှူဖွယ်မှန်သမျှ ခံယူထိုက်သည်။

အရှင်ဉာဏတို့က ဆက်၍ဆိုသည်မှာ- ယခုခေတ်ရှိ ရဟန်းသံဃာတော်(ဘာသာရေး စကားပြောသူ) များသည် မနုဿဓမ္မကိုသာ သိသူများသာ ဖြစ်သည်။(ဥတ္တရိမနုဿဓမ္မကို သိသူများ မဟုတ်။ (သံဃာတို့က လူတို့ထက် ဘာမှ မသာကြသောကြောင့် ဗုဒ္ဓဘာသာဝင် ဒကာဒကာမများအနေဖြင့် မနုဿဓမ္မသိသူ အချင်းချင်းအား-မလှူကြလေနှင့်ဟုလည်း ဆိုပါသေးသည်။

ဆိုလိုသည့်အဓိပ္ပါယ်မှာ အရှင်ဉာဏသည်သာ မနုဿ ဓမ္မထက်- မြင့်မြတ်သော ဥတ္တရိ မနုဿဓမ္မကို သိသူဖြစ်၍ လူမှာဖြစ်သည့် ပြဿနာတို့ကို မြင်နိုင်သိနိုင်သောကြောင့် အရှင်ဉာဏသည်သာ လူတို့လှူသမျှကို ခံယူ ထိုက်သည်။ လူတို့က အရှင်ဉာဏအားသာလျှင် လှူထိုက်သည်-ဟု ဆိုလိုပါသည်။

### မနုဿဓမ္မဝေါဟာရ

အရှင်ဉာဏသည် လူတို့မှာဖြစ်သည့် ပြဿနာ (ပဋိပက္ခ) တို့ကို မနုဿဓမ္မဟု ခေါ်ပါသည်။

မြတ်ဗုဒ္ဓကတော့ "ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ မုသာဝါဒါ ဝေရမဏီ၊ ပိသုဏဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ"တို့ကိုသာ မနုဿဓမ္မဟု ဟောတော်မူသည်။ ၎င်းဆယ်ပါးကို ကုသလကမ္မပထတရားဆယ်ပါး ဟုလည်း ခေါ်သည်။ ဤတရားဆယ်ပါးတို့ထက် မြတ်သော ဈာန်တရား မဂ်တရား ဖိုလ်တရား(ဝိမောက္ခတရား၊ သမာဓိတရား၊ သမာပတ္တိတရား၊ ဉာဏဒဿနတရား)တို့ကို ဥတ္တရိမနုဿဓမ္မခေါ်ပါသည်။

ဥတ္တရိဝါမနုဿဓမ္မာ-တိ ဒသကုသလကမ္မပထသင်္ခါတာ မနုဿဓမ္မာ-ဥတ္တရိ။ အယဉ္စ ဒသဝိဓော ဓမ္မော ဝိနာပိ အညံ သမာဒါပကံ သတ္တန္တရကပ္ပါဝသာနေ ဇာတသံဝေဂေဟိ မနုဿေဟိ သယမေဝ သမာဒိန္နတ္တာ မနုဿဓမ္မောတိ ဝုစ္စတိ။ တတော ဥတ္တရိ ပန ဈာနဝိပဿနာမဂ္ဂဖလာနိ ဝေဒိတဗ္ဗာနိ။ (အံ၊ ဋ္ဌ၊ ၁၊ ၄၄။)

ဥတ္တရိမနုဿဓမ္မန္တိ ဥတ္တရိ မနုဿာနံ ဈာယီနဉ္စေဝ အရိယာနဉ္စ ဓမ္မံ။ (ဝိ၊ ဋ္ဌ၊ ၂၊၈၀။)

ဥတ္တရိမနုဿဓမ္မဿာတိ မနုဿေ ဥတ္တိဏ္ဏဓမ္မဿ။ မနုဿေ အတိက္ကမိတွာ ဗြဟ္မတ္တံ ဝါ နိဗ္ဗာနံ ဝါ ပါပကဓမ္မဿာတိ အတ္ထော။ ဥတ္တရိ မနုဿာနံ ဝါ သေဋ္ဌပုရိသာနံ ဈာယီနဉ္စေဝ အရိယာနဉ္စ ဓမ္မဿ။ (ဝိ၊ ဋ္ဌ၊ ၂၊ ၇၃။)

http://www.dhammadownload.com


"ဥတ္တရိ ဝါ မနုဿဓမ္မာပုဒ်၌ ကုသလကမ္မပထတရားဟု ဆိုအပ်သော **မနုဿဓမ္မ** တို့ထက်မြတ်သော (ပ) ဈာန်မဂ်ဖိုလ်တရားတို့ကို **ဥတ္တရိမနုဿဓမ္မဟူ၍ သိအပ်၏။** ဆောက်တည်စေတတ်သူ(ဆရာ) မရှိသော်လည်း သတ္တန္တရကပ်ခေါ် လက်နက်ဘေးကြီး ကျရောက်ပြီးသောအခါ၌ သံဝေဂဖြစ်သော လူတို့သည် မိမိတို့အလိုလိုသာလျှင် ခံယူအပ်သောကြောင့် ဤကုသလကမ္မပထဆယ်ပါးကို **မနုဿဓမ္မ (လူ့တရား)**ဟု ခေါ်ဆိုအပ်၏"။ **(ဤကား ဖံ-၄ မြန်မာပြန်။)**

"မြတ်သောလူပုဂ္ဂိုလ်(ဈာန်ရသူ-မဂ်ဖိုလ်ရသူအရိယာ)တို့၏ **လောကီဈာန်တရား လောကုတ္တရာ** မဂ်ဖိုလ်တရားကို **ဥတ္တရိမနုဿဓမ္မ**ဟု ခေါ်ပါသည်။ လူတို့ကို **လွန်မြောက်ပြီးသော** တရားသည် ဥတ္တရိမနုဿဓမ္မ မည်ပါသည်"။ အချုပ်မှာမူ လူတို့ကိုကျော်လွန်ပြီး၍ ဗြဟ္မာအဖြစ်သို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း ရောက်စေတတ်သောတရားဟု ဆိုလိုသည်။ တနည်းကား "အထူးသဖြင့် မြတ်သောလူသား (ဈာန်ရပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်)တို့၏ ဈာန်တရား မဂ်ဖိုလ်တရားသည် ဥတ္တရိမနုဿဓမ္မ မည်ပါသည်"။ (ဤကား ဝိ-၄ မြန်မာပြန်။)

**အထက်ပါ အဋ္ဌကထာတို့ကိုကြည့်၍ မြတ်ဗုဒ္ဓ၏ မနုဿဓမ္မကို သိရပါသည်။ အရှင်ဉာဏ၏** မနုဿဓမ္မနှင့် တခြားစီသာတည်း။ မြတ်ဗုဒ္ဓ၏ ဥတ္တရိမနုဿဓမ္မကား ဈာန်တရား မဂ်ဖိုလ်တရားတို့ဖြစ်သည်။ အရှင်ဉာဏတို့ ဆိုလိုသည့် ဥတ္တရိမနုဿဓမ္မကား-လူ့မှာဖြစ်သည့် ပြဿနာက လွတ်မြောက်အောင် မြင်နိုင်ခြင်း သိနိုင်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤဥတ္တရိမနုဿဓမ္မချင်းလည်း **ကွာခြားလှပေသည်။**

ရှင်မိုးပြာတို့သည် မြတ်ဗုဒ္ဓ၏စကားလုံးကို သုံးလျှင် မြတ်ဗုဒ္ဓသတ်မှတ်ဟောထားသည့် သတ်မှတ်ချက်(အနက်အဓိပ္ပါယ်)အတိုင်းသာ သုံးသင့်ပါသည်။ အရှင်ဉာဏတို့သည် ပါဠိအဋ္ဌကထာတို့ကို နားမလည်သူများ နားလည်အောင် မလေ့လာနိုင်သူများမဟုတ်၊ ပါဠိ အဋ္ဌကထာကို ကျေညက်စွာ လေ့လာပြီးဖြစ်ကြောင်း ဟောပြော ရေးသားချက်တို့ကို ဖတ်ရှုလေ့လာကြည့်ရှုမှုဖြင့် သိသာပါသည်။ ပြောသမျှ စကား အများစုမှာ ပါဠိအဋ္ဌကထာစကား အရှိကို ကပ်၍ ဗို၍ ရှောင်တိမ်း ကြံဆကာ လောကလူသားပန်းကို လက်ခံနိုင်လောက်သော ခေတ်လူတို့ ကြိုက်နှစ်သက်လောက်သော စကားမျိုးကို ရွေးချယ် ဟောပြောရေးသားထားသည်။ ပြောသမျှ စကား အများစုမှာ ပါဠိအဋ္ဌကထာစကား အရှိနှင့် အလွန်ဝေးဝေး ကွာကွာ ပြောဆိုသည်ကား အလွန်နည်းပါးပါ၏။

ယခုခေတ်ရှိ သံဃာတော်တို့က လူတို့လှူသည့် ပစ္စည်းလေးပါးတို့ကို ရယူခွင့် မရှိကြောင်း-ဆိုထားသော "ရပိုင်ခွင့်တွေ သူတို့မှာ ရှိလို့လား ဘုရား"။ (ဓမ္မကထာစာအုပ်-နှာ-၅၄။) စကားကိုကြည့်၍ အတော်အတန် နားလည်သူများကပင် "ယခုခေတ်ရဟန်းတော်များသည် ဈာန်မဂ်ဖိုလ် ရနေသူများလည်း မဟုတ်ကြ။ ရအောင် ကြိုးစားနေသူများလည်း မဟုတ်ကြသောကြောင့် လူတို့ လှူသည့် ပစ္စည်းလေးပါးတို့ကို မခံယူထိုက်ဘူး"ဟု ထင်သွားအောင် "ဥတ္တရိမနုဿဓမ္မ"ဟူသောဝေါဟာရကို ခုတုံးလုပ်ထားကြောင်း တွေ့ရသည်။ အဓိပ္ပါယ်မှန်နှင့် ရောထွေးဝေဝါးပြီး ပစ်မှားခြင်းသာတည်း။

အရှင်ဉာဏ၏ ဝေါဟာရတူကို သုံး၍ အနက်အဓိပ္ပါယ် ကွဲကို ယူပြီးလျှင် -

(က) "ယခုရှိနေဆဲ သံဃာတော်တို့သည် ဈာန်မဂ်ဖိုလ်တရားမြတ်တို့ကို မရသူများဖြစ်သောကြောင့် ဥတ္တရိမနုဿဓမ္မ=လူတို့ထက်မြတ်သောတရားရှိသူ မဟုတ်"ဟု ဥတ္တရိမနုဿဓမ္မပုဒ်၏ အနက်အမှန်ဖြင့်ပင် ရှုတ်ချကြပါသည်။

http://www.dhammadownload.com


(ခ) "ရှင်မိုးပြာသည်ကား လူ့မှာဖြစ်သည့် ပြဿနာတို့က လွတ်မြောက်အောင် မြင်နိုင်ခြင်း သိနိုင်ခြင်းကြောင့် ဥတ္တရိမနုဿဓမ္မ-လူတို့ထက်ပြတ်သောတရား ရှိသူ ဖြစ်၏"ဟု ဥတ္တရိမနုဿဓမ္မပုဒ်၏ အနက်အမှားဖြင့် ဂုဏ်ယူကြပါသည်။

(ရှင်မိုးပြာရရှိထားသည့် ဥတ္တရိမနုဿဓမ္မမျိုးကိုတော့ ရဟန်းသံဃာ မဆိုထားလင့်။ လူသားများပင်-အများအပြား ရထားကြသည်-ဆိုတာကို သတိမမူမိသူများ အလိမ်ခံနေကြရရှာပေသည်။)

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အရှင်ဉာဏတို့၏ မနုဿဓမ္မ-ဥတ္တရိမနုဿဓမ္မတို့နှင့် ပတ်သက်သော ဟောပြောရေးသားချက်များသည် ကိုယ်လိုရာကို ဆိုထားသော စကားများဖြစ်၍ ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောဝါဒဖြစ်သောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒ-ဟု နိုင်ငံတော်သီခြားဝိနည်းခုံရုံး အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

-------------------

http://www.dhammadownload.com



## အမှတ်(၃၄)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

(ဓမ္မကထာစာအုပ်-နှာ-၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆)၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"လူဆိုတာ တစ်ဦးက တစ်ဦးကို လွန်ကျူးတာ(ကံ)တွေ လုပ်ဖို့ **အကြောင်းမရှိရဘူး။** (ပ)

လူမှာ လက်တွေခြေတွေနဲ့ မျက်စိမျက်နှာတွေ ရှိတယ်။ **ခေါင်းမှာ ဦးနှောက်လည်း ရှိတယ်။** မျက်စိ နား နှာ စတာတွေလည်း ရှိတယ်။ လူ အလုပ်လုပ်မယ်-(ဆိုတဲ့အခါ)

မျက်စိနဲ့ကြည့်မယ်။ နားနဲ့လည်း နားထောင်မယ်။ မျက်စိ နား နှာ စတာတွေမှာ ပတ်ဝန်းကျင်မှာရှိတဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့တွေ ထင်လာပြီပေါ့။ မျက်စိမှာ ထင်လာတဲ့ ပတ်ဝန်းကျင်က အဆင်းကို မျက်စိကတဆင့် ဦးနှောက်ပို့တယ်။ ဒီလိုပဲ အသံအနံ့ စတာတွေလည်း ဦးနှောက်ထဲ ရောက်ကြတယ်။

(လူကို ထောက်ပံ့တာတွေဆိုရင်)ဆောင်ဖို့၊ (လူကို ဖျက်ဆီးတာတွေ ဆိုရင်) ရှောင်ဖို့ ဦးနှောက်က တွက်ချက်ရတယ်။ **အဲဒါကို လူဆိုတဲ့ဇီဝစက်လည်ပတ်မှုက လုပ်တာပဲ။** (ပ)

အတွက်မှားပြီး တုံ့ပြန်တဲ့အခါ ဦးနှောက်ပျက်နဲ့ တုံ့ပြန်တာ။ (ဦးနှောက်ပျက်နဲ့ တုံ့ပြန်တာဟာလည်း လူက တုံ့ပြန်တာ မဟုတ်တာဘဲ။)

လွန်ကျူးတာ(ကံ)ဟာ လွန်ကျူးသူကို အကျိုးနည်းစေမှာပေါ့။ အကျိုးနည်းစေမယ့် လွန်ကျူးမှုကို အကျိုးများစေမယ် သိတာဟာ အသိအမှား။ **အမှားအသိနဲ့ လုပ်တာဟာ လူလုပ်တာ မဟုတ်ဘူး။ (လူမှာ လွန်ကျူးနိုင်တဲ့ သတ္တိမရှိဘူး။)**

ဒါ့ကြောင့် လွန်ကျူးတာ(ကံ)ဟာ လူက ဖြစ်စေလိုက်တဲ့ ဖြစ်ရပ် မဟုတ်ဘူး။ (ပ) ကိလေသာက လွန်ကျူးတာ(ကံ)ကို ဖြစ်စေတာပဲ။

လူက လွန်ကျူးတာကို ဖြစ်စေတာလား။ ကိလေသာက လွန်ကျူးတာကို ဖြစ်စေတာလား။ ဆိုတာသိဖို့ ကိလေသာကို နုတ်ကြည့်တော့ မရှင်းဘူးလား။ (ပ) ကိလေသာဟာ အညစ်အကြေးပဲ။ လူတိုင်းပဲ ကိုယ့်အပေါ် လွန်ကျူးတာကို မခံချင်ဘူး။ သူများအပေါ်လည်း မကျူးလွန်ချင်ဘူး" (ဓမ္မကထာစာအုပ်-နှာ-၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆) ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထားတင်ပြချက်

အထက်ပါ အရှင်ဉာဏ ဟောပြောရေးသားသော စကားရပ်တို့တွင်-

(က) မျက်စိဖြင့် အဆင်းကို ကြည့်ခြင်း၊ နားဖြင့် အသံကို နားထောင်ခြင်း၊ နှာဖြင့် အနံ့ကို နမ်းခြင်း၊ လျှာဖြင့် အရသာကို ခံယူခြင်း၊ ကိုယ်ဖြင့် အတွေ့ကို ခံယူခြင်းတို့သည် လူကလုပ်သည့် အလုပ်တို့ ဖြစ်သည်ဟု လည်းကောင်း။

(ခ) ၎င်းတို့ကို ဦးနှောက်သို့ ပို့၍ ဆောင်ဖို့ ရှောင်ဖို့ ဦးနှောက်က တွက်ချက်ပါသည်ဟုလည်းကောင်း၊

(ဂ) ဇီဝစက်လည်ပတ်မှုသည် လူ မည်၏ဟု လည်းကောင်း။

(ဃ) ဦးနှောက်က အတွက်မှားပြီး တုံ့ပြန်ခြင်းကို အမှားလုပ်သော် ထိုကို လူက လုပ်သည် မဟုတ်၊ ဦးနှောက်ပျက်က လုပ်ခြင်းဖြစ်သည်ဟု လည်းကောင်း။

(င) လွန်ကျူးမှုကို လူက မလုပ်။ ကိလေသာက လုပ်သည်- ဟုလည်းကောင်း။ ရှင်ဉာဏက ဆိုနေပါကြောင်း လိုရင်းအချုပ်ကို ထုတ်ပြ၍ ဤအဓိပ္ပါယ်သက်ရောက်သော အမှတ် (၃၄) စောဒနာလွှာ၌ စောဒနာထားသော (ဓမ္မကထာစာအုပ်-နှာ-၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆)ပါ အရှင်ဉာဏ၏ ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေပါကြောင်း ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ကိုးကား၍ တင်ပြကြသည်။

http://www.dhammadownload.com


(နိဿတ္တ)- လူ နတ် ဗြဟ္မာ တိရစ္ဆာန် စသည်ဟူ၍ အယူမှားဖြင့် ယူအပ်သော(ချစ်စရာ မုန်းစရာ) သတ္တဝါမျိုးလည်း မဟုတ်ပါ။ စင်စစ်မှာ- ကြမ်းတမ်းခက်မာသော ပထဝီဓာတ်တစ်မျိုးသည်သာ ဦးနှောက် ဖြစ်ပါသည်"။

**မတ္ထလုင်္ဂံ သီသကဋာဟဗ္ဘန္တရေ ဌိတံ၊ တတ္ထ ယထာ ပုရာဏလာဗုကဋာဟေ ပက္ခိတ္တာယ ပိဋ္ဌပိဏ္ဍိယာ န လာဗုကဋာဟံ ဇာနာတိ မယိ ပိဋ္ဌပိဏ္ဍိ ဌိတာတိ၊ နပိ ပိဋ္ဌပိဏ္ဍိ ဇာနာတိ အဟံ လာဗုကဋာဟေ ဌိတာတိ, ဧဝမေဝ န သီသကဋာဟဗ္ဘန္တရံ ဇာနာတိ မယိ မတ္ထလုင်္ဂံ ဌိတန္တိ၊ နပိ မတ္ထလုင်္ဂံ ဇာနာတိ အဟံ သီသကဋာဟဗ္ဘန္တရေ ဌိတန္တိ၊ အညမညံ အာဘောဂပစ္စဝေက္ခဏ-ရဟိတာ ဧတေ ဓမ္မာ၊ ဣတိ မတ္ထလုင်္ဂံ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော ထဒ္ဓေါ ပထဝီဓာတူတိ၊** (ဝိသုဒ္ဓိ၊၁၊၃၅၃-၃၅၄၊)

"ဦးနှောက်သည် ဦးခေါင်း၏ အရိုးခွံအတွင်း၌တည်ရှိသော ချဉ်ဆီအစု(ရုပ်ဓာတ်)မျှသာ ဖြစ်၏။ မှိုဖြူ ပွင့်ချပ် ဆင့်ထပ် စုပုံနေသကဲ့သို့ ရှိ၏။ နို့ခမ်းမဖြစ်သေးသော နွားနို့ပျက်၏ အဆင်းနှင့် တူ၏။ ဦးခေါင်းရိုးခွံအတွင်း ချုပ်စပ်ကြောင်းကြီးလေးခုတို့ကို မှီ၍ တည်ရှိ၏။ ဆံပင်နှင့် အလားတူ ရုပ်ဓာတ်သာတည်း။

**မတ္ထလုင်္ဂန္တိ သီသကဋာဟဗ္ဘန္တရေ ဌိတမိဉ္ဇရာသိ၊ တံ ဝဏ္ဏတော သေတံ အဟိစ္ဆတ္တက-ပိဏ္ဍဝဏ္ဏံ၊ ဒဓိဘာဝံ အသမ္ပတ္တံ ဒုဋ္ဌခီရဝဏ္ဏန္တိပိ ဝတ္တုံ ဝဋ္ဋတိ၊ သဏ္ဌာနတော ဩကာသသဏ္ဌာနံ၊ ဒိသတော ဥပရိမာယ ဒိသာယ ဇာတံ၊ ဩကာသတော သီသကဋာဟဗ္ဘန္တရေ စတ္တာရော သိဗ္ဗိနိ-မဂ္ဂေ နိဿာယ သမောဓာနေတွာ ဌပိတာ စတ္တာရော ပိဋ္ဌပိဏ္ဍာ ဝိယ သမောဟိတံ တိဋ္ဌတိ၊ ပရိစ္ဆေဒတော သီသကဋာဟဿ အဗ္ဘန္တရတလေဟိ စေဝ မတ္ထလုင်္ဂဘာဂေန စ ပရိစ္ဆိန္နံ, အယမဿ သဘာဂပရိစ္ဆေဒေါ၊ ဝိသဘာဂပရိစ္ဆေဒေါ ပန ကေသသဒိသောယေဝ၊**

(ဝိသုဒ္ဓိ၊၁၊၂၅၁၊)

အထက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာအရ ဦးနှောက်သည် ဆံပင်ကဲ့သို့ ဘာမျှမသိတတ်သော ရုပ်တရားသာ ဖြစ်ပါသည်။ ထို့ကြောင့်

(၁) ပတ်ဝန်းကျင်က အဆင်းကို မျက်စိက တစ်ဆင့် ဦးနှောက်သို့ ပို့သည်။
(၂) ပတ်ဝန်းကျင်က အသံကို နားက တဆင့် ဦးနှောက်သို့ ပို့သည်။
(၃) ပတ်ဝန်းကျင်က အနံ့ကို နှာခေါင်းက တဆင့် ဦးနှောက်သို့ ပို့သည်။
(၄) ပတ်ဝန်းကျင်က အရသာကို လျှာက တဆင့် ဦးနှောက်သို့ ပို့သည်။
(၅) ပတ်ဝန်းကျင်က အထိအတွေ့ကို ကိုယ်တဆင့် ဦးနှောက်သို့ ပို့သည်- ဟူသော အရှင်ဉာဏ၏ စကားငါးခွန်းသည် အဋ္ဌကထာစကားနှင့် ဆန့်ကျင်ပါသည်။

အဓိပ္ပာယ်ကား- မျက်စိက ဦးနှောက်ဆီသို့ ဘာကိုမှ မပို့နိုင်။ ဦးနှောက်ကလည်း ဘာကိုမှ မခံယူနိုင်ပါ။
နားက ဦးနှောက်ဆီသို့ ဘာကိုမှ မပို့နိုင်။ ဦးနှောက်ကလည်း ဘာကိုမှ မခံယူနိုင်ပါ။
နှာခေါင်းက ဦးနှောက်ဆီသို့ ဘာကိုမှ မပို့နိုင်။ ဦးနှောက်ကလည်း ဘာကိုမှ မခံယူနိုင်ပါ။
လျှာကလည်း ဦးနှောက်ဆီသို့ ဘာကိုမှ မပို့နိုင်။ ဦးနှောက်ကလည်း ဘာကိုမှ မခံယူနိုင်ပါ။
ကိုယ်ကလည်း ဦးနှောက်ဆီသို့ ဘာကိုမှ မပို့နိုင်။ ဦးနှောက်ကလည်း ဘာကိုမှ မခံယူနိုင်ပါ။

ဦးနှောက်သည် အဆင်းစသည်ကို ခံယူပြီး အဆင်းစသည်ကို သိဖို့ ဆုံးဖြတ်ဖို့ နေနေသာသာ ဦးခေါင်းရိုးခွံ အတွင်းမှာ ဦးနှောက်ရှိကြောင်းကိုပင် ဦးနှောက်က မသိပေ။ မုံ့ညက်ခဲ-မုံ့လုံးကဲ့သို့ ဘာကိုမှ မသိတတ်သော ရုပ်တရားသာ ဖြစ်ပါသည်။

http://www.dhammadownload.com


## စောဒကပုဂ္ဂိုလ်များ၏ သုံးသပ်ချက်

မျက်စိနဲ့ ကြည့်မယ်-ဟု အရှင်ဉာဏက ဆိုရာ၌

မျက်စိသည် စိတ်မရှိသော တရား၊ မသိတတ်သော တရားဖြစ်၍ မမြင်တတ်ပေ။ မကြည့်တတ်ပေ။ တစ်ဖန် စိတ်သည်လည်း မျက်စိ-မဟုတ်သော တရားဖြစ်၍ မမြင်တတ်ပေ။ မကြည့်တတ်ပေ။ အမှန်သော်ကား စက္ခုဒွါရနှင့် ရူပါရုံတို့ ထိခတ်မိခြင်းကြောင့် စက္ခုပသာဒ၌ မှီ၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်စိတ်ကသာ ရူပါရုံကို မြင်ခြင်း ဖြစ်ပါသည်။

စက္ခု ရူပံ န ပဿတိ၊ အစိတ္တကတ္တာ။ စိတ္တံ န ပဿတိ၊ အစက္ခုကတ္တာ။ ဒွါရာရမ္မဏ-
သယံဃဋ္ဋနေန ပန ပသာဒဝတ္ထုကေန စိတ္တေန ပဿတိ။ (အဘိ၊ ဌ၊ ၁၊ ၄၂၆။)

ဤအဝိပ္ပာယ်သည် အမှန် ဖြစ်ပါသည်။ လူသေကောင်၌ မျက်စိ ရှိပါ၏။ မမြင်တတ်ပေ။ မျက်စိကွယ်သူ များ၌ စိတ် ရှိပါ၏။ မမြင်တတ်ပေ။ နားဖြင့်ကြားရာ၌ သောတပသာဒ၌ မှီ၍ဖြစ်သော သောတဝိညာဏ်စိတ်ကသာ ကြားပါသည်။ နားက မကြားပါ။ နှာဖြင့် နမ်းရာ၌လည်း ဃာနပသာဒ၌ မှီ၍ဖြစ်သော ဃာနဝိညာဏ်စိတ်ကသာ နံပါသည်။ နှာခေါင်းက မနံတတ်ပါ။ လျှာဖြင့် အရသာ ခံရာ၌လည်း ဇိဝှါပသာဒ၌မှီ၍ဖြစ်သော ဇိဝှါဝိညာဏ် စိတ်ကသာ အရသာသိခြင်း ဖြစ်ပါသည်။ လျှာက အရသာကို မသိပါ။ ကိုယ်ဖြင့် တွေ့ထိသိရာမှာလည်း ကာယ ပသာဒ၌မှီ၍ဖြစ်သော ကာယဝိညာဏ်စိတ်ကသာ အတွေ့အထိကို သိခြင်းဖြစ်ပါသည်။ ကိုယ်ကြီးက မသိတတ်ပါ။ မှန်၏။ မျက်စိ နား နှာ လျှာ ကိုယ်သည် ရုပ်တရားဖြစ်၍ အကန်း အပင်း အ-အ,သာ ဖြစ်ပါသည်။

သို့ရာတွင် မျက်စိစသော ရုပ်မရှိလျှင် စက္ခုပသာဒ၌ မှီသော စိတ်မျိုး မဖြစ်၍ မြင်ခြင်းစသော အသိများလည်း မဖြစ်နိုင်ပါ။

အရှင်ဉာဏတို့သည် ဘုရားရှင် မိန့်တော်မူထားသော ဤသို့သော အဘိဓမ္မာတရားတို့၏ သဘောသွား, နက်နဲသော စိတ် အကြောင်းကို ဗုဒ္ဓအလိုကျ လက်ခံလိုသူများမဟုတ်။ လူသတ္တဝါတို့၌ စိတ်ရှိကြောင်းကို စိတ်သည် အရာရာကို ဆောင်ရွက်ကြောင်း ဆုံးဖြတ်ကြောင်းကို သိသိကြီးနှင့်ပင် အသိကို ရှောင်လွှဲ၍ ဦးနှောက်က ဆုံးဖြတ်သည်ဟု ဆိုနေပါသည်။

ဦးနှောက်သည် ရုပ်သာဖြစ်၍ ဘာမှ သိတတ်သော အရာ မဟုတ်ပါ။ မှန်၏။

ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၌- "ဦးနှောက်သည် ဦးခေါင်း၏ အရိုးခွံအတွင်း၌ တည်ရှိ၏။ ဗူးသီးခြောက် အခွံဟောင်း အတွင်း၌ မုံ့ညက်ခဲ မုံ့လုံးကို ထည့်သွင်းထား အပ်သည်ရှိသော် ဗူးသီးခြောက်အခွံဟောင်းက ငါ့ထဲမှာ မုံ့ညက်ခဲ-မုံ့လုံးရှိ၏ဟု မသိတတ်ပေ။ မုံ့ညက်ခဲ-မုံ့လုံးကလည်း ငါသည် ဗူးသီးခြောက် အခွံဟောင်းအတွင်း၌ တည်ရှိ၏ဟု မသိတတ်ပေ။ ထို့အတူ ဦးခေါင်းခွံ၏ အတွင်းပိုင်းက ငါ့ထဲမှာ ဦးနှောက် တည်ရှိ၏ဟု မသိတတ်ပေ။ ဦးနှောက်ကလည်း ငါသည် ဦးခေါင်း၏ အရိုးခွံအတွင်း တည်ရှိ၏ဟု မသိတတ်ပေ။ ဦးခေါင်း၏အရိုးခွံနှင့် ဦးနှောက်တို့သည် အချင်းချင်း နှလုံးသွင်း(ဆင်ခြင်)ခြင်းမှ ကင်းကုန်၏။ စင်စစ်အားဖြင့် ဦးနှောက်မည်သည်ကား ဤခန္ဓာကိုယ်၌ သီးသန့်ဖြစ်သော အဖို့အစု တစ်ခုသာ ဖြစ်ပါသည်။

ယင်းဦးနှောက်သည်-

(အစေတန)- သိတတ်သော စိတ် စေတနာ ဉာဏ် စသည်တို့ မရှိချေ။ (ဦးနှောက်က ဘာကိုမျှ မသိတတ်ပါ)

(အဗျာကတ)- ကုသိုလ်အကုသိုလ်ဟု မဆိုထိုက်သော ရုပ်တရားသာတည်း။

(သုည)- ပရမအတ္တ ဇီဝအတ္တနှစ်မျိုးတို့မှ ကင်း၏။ (ဖန်ဆင်းတတ်သောအကောင်မျိုးလည်း မဟုတ်ပါ။ အမြဲ အသက်ရှင်နေသော အကောင်မျိုးလည်း မဟုတ်ပါ။)

http://www.dhammadownload.com


ဦးနှောက်သည် ရုပ်တို့တွင် ပထဝီဓာတ်ဖြစ်၍ မာခြင်းပျော့ခြင်းသဘော ရှိသည်။ ကံကြောင့်ဖြစ်သော ဦးနှောက်ရုပ်၊ စိတ်ကြောင့်ဖြစ်သော ဦးနှောက်ရုပ်၊ ဥတုကြောင့်ဖြစ်သော ဦးနှောက်ရုပ်၊ အာဟာရကြောင့်ဖြစ်သော ဦးနှောက်ရုပ်ဟု လေးမျိုးရှိသည်။ ဦးနှောက်သည် ရုပ်တရား(ပထဝီဓာတ်)ဖြစ်သောကြောင့် -

"အဝိနိဗ္ဘောဂရူပါနိစေဝ အာကာသဓာတု စ စတူဟိ သမ္မုတာနိ"။ သင်္ဂဟဋ္ဌကထာ။ ရူပပရိစ္ဆေဒ။ စာခေါင်း-၄၁။

"အရူပဓမ္မာနံ ဝိယ ကဿစိ အာရမ္မဏဿ အဂ္ဂဟနတော နာဿ အာရမ္မဏန္တိ အနာရမ္မဏံ " ဟူသော ဋီကာကျော် စာမျက်နှာ(၂၀၃)၊

..."အာရမ္မဏံ အဂ္ဂဟေတွာ ပဝတ္တနတော နတ္ထိ ဧတေသံ အာရမ္မဏန္တိ အနာရမ္မဏာ" ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ(၉၂)တို့နှင့်အညီ

တစ်စုံတစ်ခုသော သိစရာ(အာရုံ)ကိုမယူခြင်း(ယူ၍မဖြစ်ခြင်း)ကြောင့် အာရုံ(သိခြင်း) မရှိသောတရား ဖြစ်ပါသည်။ တစ်စုံတစ်ခုသောအာရုံကို သိခြင်းသည် နာမ်တရားတို့၏ သိခြင်းသာ ဖြစ်ပါသည်။ အဓိကအားဖြင့် စိတ်က သိပါသည်။

စက္ခုဝိညာဏ်စိတ်က ပစ္စုပ္ပန်ရူပါရုံကို သိသည်။ သောတဝိညာဏ်စိတ်က ပစ္စုပ္ပန်သဒ္ဒါရုံကို သိသည်။ ဃာနဝိညာဏ်စိတ်က ပစ္စုပ္ပန်ဂန္ဓာရုံကို သိသည်။ ဇိဝှါဝိညာဏ်စိတ်က ပစ္စုပ္ပန်ရသာရုံကို သိသည်။ ကာယဝိညာဏ်စိတ်က ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗအာရုံကို သိသည်။ မနောဝိညာဏ်စိတ်က အတိတ်ဖြစ်သော အာရုံခြောက်ပါး၊ ပစ္စုပ္ပန်ဖြစ်သော အာရုံခြောက်ပါး၊ အနာဂတ်ဖြစ်သော အာရုံခြောက်ပါး၊ ကာလလွတ်ဖြစ်သော ဓမ္မာရုံတို့ကို သိပါသည်။

သို့ဖြစ်၍ "မျက်စိက ကြည့်သည်၊ မြင်သည်-စသော စကားများနှင့် ဦးနှောက်ကခံယူပြီး တွက်ချက်တုံ့ပြန်သည်"စသော စကားများသည် အရှင်ဉာဏတို့၏ အယူအဆသက်သက်သာ ဖြစ်သည်။ ဗုဒ္ဓ၏ အယူဝါဒနှင့် ဆန့်ကျင်သည်ဟု ပါဠိအဋ္ဌကထာတို့ကို ကိုးကားလျက် စောဒကတို့က မိမိသဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

### စောဒကသဘောထား က,ခတို့၌ စိစစ်သုံးသပ်ချက်

စောဒကတို့ သဘောထားတင်ပြသည့်အတိုင်း စောဒကဆရာတော်များသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်-ဟူသော ပသာဒတို့သည် ရုပ်တရားတို့သာဖြစ်၍ အာရုံကို မသိနိုင်ခြင်းကြောင့် ပသာဒ၌ မှီသော စက္ခု ဝိညာဏ် စသည်တို့ကသာ အာရုံကိုသိနိုင်ကြောင်း ၊ ဦးနှောက်သည်လည်း ရုပ်အစုအဝေးမျှသာ ဖြစ်၍ အခြား အာရုံကို သိဖို့နေနေ သာသာ ဦးခေါင်းခွံအတွင်း၌ ဦးနှောက်ရှိနေကြောင်းကိုပင် မသိနိုင်ကြောင်း ကျမ်းဂန် ပါဠိအကိုးအကားများဖြင့် တင်ပြကြသည့်အတိုင်း မှန်ကန်ကြောင်း ဝိနည်းခိုရ်ဆရာတော်များက သုံးသပ် တော်မူကြသည်။

### ကျမ်းဂန်များ၏ အဆို

အာရုံခြောက်ပါး၊ ဒွါရခြောက်တန်၊ ဝိညာဏ်ခြောက်သွယ်တို့၏ အကြောင်းကို ပြဆိုရာ၌ - သုတ္တန်နည်း၊ အဘိဓမ္မာနည်း-ဟု နည်းနှစ်ဖြာဖြင့် ပြဆိုထားပေသည်။

ဣန္ဒြိယသံဝရအကြောင်းကို ပြဆိုရာ၌ -

http://www.dhammadownload.com



ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ န **နိမိတ္တဂ္ဂါဟီ** ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ **အဘိဇ္ဈာ**ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ သောတေန သဒ္ဒံ သုတွာ။ ဃာနေန **ဂန္ဓံ** ဃာယိတွာ။ ဇိဝှါယ ရသံ သာယိတွာ။ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ။ မနသာ ဓမ္မံ ဝိညာယ န နိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏမေနံ မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ မနိန္ဒြိယံ၊ မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ။ (အံ၊၁။၁၁၁-စသည်)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သော် (ယောက်ျား မိန်းမစသော) သဏ္ဍာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) **အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းဘဲနေလျှင် ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့် ထိုရဟန်းသည် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။**

နားဖြင့် သဒ္ဒါရုံကို ကြားသော်။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ လျှာဖြင့် ရသာရုံကို လျက်သော်။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် (ယောက်ျား မိန်းမစသော) သဏ္ဍာန်နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။

အကယ်၍မနိန္ဒြေကို မစောင့်စည်းဘဲ နေလျှင် ယင်းမနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏။

ထို့ကြောင့် ထိုရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားအပ်သော တံခါးရှိ၏။

မျက်စိဖြင့် (ဝါ) စက္ခုဝိညာဏ်ဖြင့် အဆင်းရောင် ရူပါရုံကို မြင်လျှင် သတိတည်း ဟူသော တံခါးရွက်ဖြင့် ပိတ်ဆီးစောင့်ရှောက်ရ၏။ ထိုအခါ ဣတ္ထိ, ပုရိသ, သုဘနိမိတ်စသော အာရုံနိမိတ်ကို ဆန္ဒ ရာဂဖြင့်မှတ်ယူမှု မရှိတော့ပေ။ အကြင်စက္ခုန္ဒြေကို မပိတ်ဆီး မစောင့်ရှောက်ခြင်းကြောင့် အဘိဇ္ဈာ၊ ဒေါမနဿ ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို သတိဟူသော တံခါးရွက်ဖြင့် ပိတ်ဆီးစောင့်ရှောက်ခြင်းငှာ ကျင့်၏။

သောတဖြင့် သဒ္ဒါရုံ၊ ဃာနဖြင့် ဂန္ဓာရုံ၊ ဇိဝှာဖြင့် ရသာရုံ၊ ကာယဖြင့် ဖောဋ္ဌဗ္ဗာရုံ၊ မနောဝိညာဏ်ဖြင့် ဓမ္မာရုံတို့၌ နည်းတူပင် ဖြစ်သည်။

ဤသုတ္တန်ဒေသနာတော်များအရ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ဓမ္မာရုံတို့ကို မြင်၊ ကြား၊ နမ်း၊ လျက်၊ တွေ့၊ သိ၍ သတိဖြင့် မတားဆီး မပိတ်ဆို့ပါက အဘိဇ္ဈာနှင့် ဒေါမနဿ ဟူသော အကုသိုလ်(လွန်ကျူးမှု)တရားများဖြစ်ပုံကိုသာ ဟောတော်မူထားပေသည်။

http://www.dhammadownload.com


မျက်စိစသည်တို့မှ ဦးနှောက်သို့ ပို့၍ ဦးနှောက်က ရှောင်ဖို့ ဆောင်ဖို့တွက်ပြပုံများ-ဟောတော်မူထားခြင်း မရှိပေ။

ထို့ပြင်- သံယုတ်ပါဠိတော် ဒုတိယအုပ် (နှာ-၂၉၄)မာလုကျပုတ္တသုတ်၌လည်း ' ယေ တေ စက္ခုဝိညေယျာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ၊ န စ ပဿတိ၊ န စ တေ ဟောတိ ပဿေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါတိ၊ နော ဟေတံ ဘန္တေ။ (ပ)

## အကျဉ်းချုပ် မြန်မာပြန်

မြင်လည်း မမြင်ဘူးသေး၊ မြင်ဆဲလည်း မဟုတ်၊ မြင်နိုင်တယ် မြင်ရလိမ့်မယ်-ဟု စိတ်ကူးထဲမှာ မပေါ်သေးတဲ့ ထိုအဆင်းရူပါရုံတို့၌ သင့်အား လိုချင် နှစ်သက်မှု ဆန္ဒ၊ တပ်မက်စွဲလမ်းမှု ရာဂ၊ ချစ်ခင်မှု ပေမ၊ ရှိပါသလား? ဖြစ်ပါသလား? ဟု မြတ်ဗုဒ္ဓက မေးတော်မူရာ မာလုကျပုတ္တရဟန်းက မရှိပါ၊ မဖြစ်ပါ-ဟု လျှောက်ထားတော်မူသည်။ (ပ)

## (ဆိုလိုရင်းအဓိပ္ပါယ်မှာ)

ရှေးကလဲ မမြင်ဘူးသေးဘူး၊ ယခုလဲ မြင်နေဆဲ မဟုတ်ဘူး၊ ဒီလို အဆင်းကို မြင်နိုင်တယ် မြင်ရလိမ့်မယ် ဟု စိတ်ကူးကြံစည်မှုလဲ မဖြစ်သေးဘူး။ (ဤနေရာ၌ အဆင်းဆိုသော်လည်း အဆင်း သက်သက် မဟုတ်၊ မိန်းမ ယောက်ျား ပုဂ္ဂိုလ်တွေကို ပြောလိုရင်းဖြစ်သည်။) အဲဒီလို မမြင်ဘူးတဲ့၊ မြင်ဆဲလဲ မဟုတ်တဲ့၊ မြင်ရလိမ့်မယ်-ဟု စိတ်ကူးထဲမှာပင် မပေါ်သေးတဲ့ အဆင်း-မိန်းမ ယောက်ျား ဖြစ်သူကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း၊ တပ်မက်ခြင်း၊ ချစ်ခင်ခြင်း ဖြစ်ပါ့မလား? ဟု မေးတော်မူလိုရင်းဖြစ်သည်။ မာလုကျပုတ္တမထေရ်က ' နော ဟေ တံ ဘန္တေ- မဖြစ်နိုင်ပါ' ဟု လျှောက်ထားဖြေကြားသည်။

မှတ်ချက်။ မြတ်စွာဘုရား၏ မေးခွန်းမှာ တဏှာ ရာဂကို ပဓာနပြုပြီး မေးထားခြင်း ဖြစ်၏။

အပ္ပဓာနအားဖြင့် ဒေါသ၊ မောဟ၊ ဒိဋ္ဌိ စသော ကိလေသာများလည်း မဖြစ်နိုင်ဘူး-ဟု သိစေပါသည်။

**အပြန်အားဖြင့်** - မြင်လဲ မြင်ဘူး၊ မြင်ဆဲလဲ ဟုတ်၊ မြင်နိုင်တယ် မြင်ရလိမ့်မယ် ဟု စိတ်ကူးကြံစည်မှု ဖြစ်ခဲ့ဘူးတဲ့ အဆင်း-ပုဂ္ဂိုလ်များကို အာရုံပြုပြီး လိုချင်နှစ်သက်မှုစသော ကိလေသာတွေ ဖြစ်နိုင်သည်-ဟု သိအပ်ပေသည်။

- ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။
  သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
- တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
- အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
- ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။ (ပ)

အညတရော စ ပနာယသ္မာ မာလုကျပုတ္တော အရဟတံ အဟောသီတိ။ (သံ၊ ၂၊ ၂၉၆)

မြန်မာပြန်-

ချစ်ဖွယ်အာရုံကို နှလုံးသွင်းနေသောသူအား အဆင်းကို မြင်ပြီးလျှင် အမှတ်ရမှု သတိ မေ့ပျောက်သွား၏။ ထိုပုဂ္ဂိုလ်သည် တပ်မက်သာယာသော စိတ်ရှိလျက် ခံစား၏။ ထိုမြင်ရသော အဆင်း အာရုံကိုလည်း မျို၍ သိမ်းထားသကဲ့သို့ စိတ်ထဲ၌ သိမ်းပိုက်လျက် တည်၏။ ထိုပုဂ္ဂိုလ်အား စွဲလျက် သိမ်းပိုက်ထားသည့် အဆင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော(အကောင်း အဆိုး အမျိုးမျိုးသော)ခံစားမှုတို့သည် ဖြစ်ပွါးကုန်၏။ ရလိုသမှုရှေးရှုကြံစည်သော လောဘသည်လည်းကောင်း၊ ညှင်းဆဲလိုသော ဒေါသသည် လည်းကောင်း ဖြစ်ပွါးကြကုန်၏။ ထိုပုဂ္ဂိုလ်၏ စိတ်သည် လောဘ ဒေါသတို့ကြောင့် ပင်ပန်း၏။

http://www.dhammadownload.com


(မရှုမမှတ်ဘဲနေသော) ဤနည်းဖြင့် ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲကို လက်ခံ၍ ဆည်းပူးစုဆောင်းနေသော သူအား နိဗ္ဗာန်ဝေးသည် ဟူ၍ ဆိုအပ်၏။ (အခြားသောအာရုံများ၌လည်း နည်းတူပင်)

## ဆိုလိုရင်းအဓိပ္ပါယ်

တရားရှုမှတ်ခြင်းမရှိတဲ့ သာမန်လူများမှာ ချစ်ဖွယ်အာရုံကို မြင်ပြီးရင် ချစ်စရာပဲ-စသည်ဖြင့် နှလုံးသွင်းပြီး သတိမေ့ပျောက်သွားတတ်၏။ (အားထုတ်နေဆဲ ယောဂီများလည်း သတိ သမာဓိ အား မကောင်းသေးရင် မရှုနိုင်ဘဲ ချစ်ဖွယ်ထင်ပြီး မေ့လျော့နေတတ်၏။ မြင်စဉ်ကအတိုင်း ရုပ်ပုံကလေးကို စိတ်ထဲမှာ စွဲမှတ်ထားကာ စဉ်းစားပိတိုင်း စိတ်ထဲမှာပေါ်လာပြီး ထိုရုပ်ပုံကလေးကို တပ်မက်သာယာလျက် ခံစားနေ၏။ (ပဓာနနည်းအားဖြင့် သာယာတပ်စွဲမှုကို ပြဆိုထားခြင်းဖြစ်သည်)

မြင်ရတဲ့အဆင်းကို မုန်းဖွယ်ထင်ပြီး နှလုံးမသာမယာဖြစ်လျက် ခံစားနေခြင်းလည်းဖြစ်တတ်၏။ အလယ်အလတ်ရိုးရိုးအဆင်းကိုမြင်ပြီး မချစ်မမုန်းဘဲ အမြဲရှိနေတဲ့ ပုဂ္ဂိုလ်အနေအားဖြင့်လည်း အမြင် မှားလျက် ခံစားစွဲလမ်းခြင်းလည်း ဖြစ်တတ်၏။

ဤသို့မြင်ရသော အဆင်းကို စိတ်ထဲစွဲပြီး သိမ်းပိုက်ထားလျှင် အဲဒီအဆင်း အဲဒီမိန်းမ အဲဒီယောက်ျားစသည်ကို အံ့ကြောင်းပြုပြီး ချမ်းသာ ဆင်းရဲ ဝေဒနာ အမျိုးမျိုး ဖြစ်ပွါး၏။ လောဘ၊ ဒေါသ စသော ကိလေသာတွေ၊ ကံတွေ၊ ကံ၏အကျိုးဝိပါက်ဝဋ်ဆင်းရဲတွေ ဖြစ်ပွါးတော့၏။)

မြင်ရတဲ့အဆင်းအာရုံကို ရလိုသော လောဘ၊ ရပြီးကို ခင်မင်တွယ်တာတဲ့ လောဘ၊ အဆင်းအာရုံကို မရအောင်ဖြစ်စေ၊ ပျက်စီးဆုံးရှုံးအောင်ဖြစ်စေ ပြုလုပ်သူများကို ညှင်းဆဲလိုတဲ့ ဒေါသတွေ ဖြစ်ပွါးကြ၏။

ထိုလောဘ၊ ဒေါသတွေက စေခိုင်းတိုက်တွန်းတဲ့အတိုင်း ကြောင့်ကြစိုက်ထုတ်ပြုလုပ်နေရတဲ့ အတွက် စိတ်ပင်ပန်းဆင်းရဲရ၏။ မြင်ဆဲမှာ သတိကပ် မရှုမှတ်နိုင်ဘဲ မေ့လာသည့် အတွက်ကြောင့် မြင်ရတဲ့အာရုံကို ချစ်ဖွယ် မုန်းဖွယ် ထင်မှတ်မှုသည် အလွဲသိ၊ အမှားသိတဲ့ အဝိဇ္ဇာတည်း။

ထိုအဝိဇ္ဇာကြောင့် လိုချင်တဲ့ လောဘ၊ ညှင်းဆဲလိုတဲ့ ဒေါသတွေ ဖြစ်ပွါးကြ၏။ ထိုလောဘ၊ ဒေါသတို့က တိုက်တွန်းသည့်အတိုင်း အဆိုး အကောင်း အမှုတွေ ပြုလုပ်နေကြရ၏။

ပြုလုပ်မှုကံကြောင့် အပါယ်လေးပါး ကျရောက်ပြီး ဆင်းရဲနေကြရ၏။ ဘဝချမ်းသာကို တောင့်တပြီး ပြုလုပ်မှုကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝ၌ ဖြစ်ပြီး အို၊ နာ၊ သေ ဆိုတဲ့ ဆင်းရဲတွေ ခံစားနေကြရ၏။

ထို့ကြောင့် မြင်ဆဲမှာ သတိကပ် မရှုမှတ်ဘဲ မေ့လျော့နေခြင်းသည် ထိုဆင်းရဲတွေကို လက်ခံ စုဆောင်း နေသည် မည်၏။ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေကို လက်ခံဆည်းပူး စုဆောင်းနေ တဲ့ သူမှာ နိဗ္ဗာန်နှင့် ဝေးသည်-ဟု ဆိုလိုပါသည်။ (အခြားအာရုံတွေမှာလည်း နည်းတူပင်)

ဤပြဆိုခဲ့သော ဒေသနာတော်များအရ မျက်စိ၊ နား၊ နှာ စသည်တို့ဖြင့် ရူပါရုံ၊ သဒ္ဒါရုံ စသော အာရုံ ခြောက်ပါးကို မြင်၊ ကြား စသည်ပြု၍ နိမိတ်၊ အနုဗျဥ္ဇနကို မှတ်ယူမှုမရှိဘဲ သတိဖြင့် ပိတ်ဆို့ စောင့်စည်းပုံ၊ သတိဖြင့် ပိတ်ဆို့စောင့်စည်းမှုမပြုပါက အဘိဇ္ဈာ ဒေါမနဿ ဟူသော အကုသိုလ် တရားများ (လွန်ကျူးမှု ကံများ) ဖြစ်တတ်ပုံကိုလည်းကောင်း၊ အဘိဇ္ဈာ ဒေါမနဿတို့၏ စေ့ဆော် တိုက်တွန်းမှုကြောင့် ကြောင့်ကြ စိုက်ထုတ်ပြုလုပ်မှု (အကုသိုလ်၊ ကုသိုလ်ကံ)ပြုမိကြပုံနှင့် ၎င်းကံတို့ကြောင့် ကိလေသာဒုက္ခ၊ ဝဋ်ဒုက္ခတွေ ရကြရပုံကိုလည်းကောင်း အတိအလင်းမိန့်ဆိုထားသည်ကို တွေ့ရပါသည်။

မိုးပြာအရှင်ဉာဏပြောသကဲ့သို့ "မျက်စိ၊ နား စသည်တို့က ဦးနှောက်သို့ ပို့၊ ဦးနှောက်က ရှောင်ဖို့ ဆောင်ဖို့ ဆုံးဖြတ်၏။ ဦးနှောက်ပျက်၏ တုံ့ပြန်မှုကြောင့် အမှားလွန်ကျူးရပုံများ"ကို လုံးဝမတွေ့ရပါချေ။

http://www.dhammadownload.com


## အဘိဓမ္မာနည်းဖြင့် လေ့လာခြင်း

လူတစ်ယောက်၏သန္တာန်၌ မြင်သိစိတ်၊ ကြားသိစိတ် စသော **ဝီထိစိတ်ဖြစ်ပုံ**ကို အဘိဓမ္မတ္ထသင်္ဂဟ ဝီထိပိုင်း၌ -' **စေတိတ္တက္ခဏာတိတာနိ** ဝါ ။ပ ။ အတိမဟန္တ နာမ **ဂေါစရံ**။ ။ပ။ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ ' ဟူ၍ ပြဆိုတော်မူထားပေသည်။

**ဆိုလိုရင်းအဓိပ္ပါယ်မှာ -**

လူတစ်ယောက်၏ သန္တာန်၌ (အိပ်ပျော်နေသည့်အခါ ဖြစ်သည့် စိတ်မျိုးကဲ့သို့) ဘဝင်စိတ်တွေ ဖြစ်နေ၏။ ထိုဘဝင်စိတ်သည် ယခုလောလောဆယ် ဒွါရခြောက်ပါး၌ ဖြစ်ပေါ်လာသောအာရုံကို အာရုံ မပြုပေ။ ရှေးဘဝက သေခါနီးမှာ ဈွဲလမ်းလာခဲ့တဲ့ အာရုံကိုသာ အာရုံပြုပေသည်။ ၎င်းအာရုံများကား ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများတည်း။

**ဒီဘဝ၌ အစဆုံးဖြစ်သော ပဋိသန္ဓေစိတ်နှင့် အာရုံချင်းအတူပင်ဖြစ်သည်။** ဘဝင်စိတ်သည် မြင်သိစိတ်၊ ကြားသိစိတ် စသော လတ်တလော အသိစိတ်တွေ ပြတ်စဲနေတဲ့ အကြားအကြား ကာလမှာလဲ သူက မပြတ်ဖြစ်နေရ၏။

(သူမှ မဖြစ်လျှင် ဘဝပြတ်စဲသွားဖို့ရှိရာ) ဘဝဿ အင်္ဂဘာဝေန- ဘဝ၏ အကြောင်း၏ အဖြစ်ကြောင့် ဘဝင်ခေါ်ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဘဝင်စိတ်တွေ မပြတ်ဖြစ်နေရာ၌ မျက်စိထဲ၌ (စက္ခုပသာဒ၌) အဆင်းရိပ် ထင်ပေါ် လာလျှင် ထိုဘဝင်စိတ်အစဉ်ပြတ်စဲပြီး(ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဖြစ်ပြီး) ပေါ်လာသော အဆင်းကို 'ဘာပါလိမ့်' ဟု ဆင်ခြင်သည့်အနေဖြင့် စိတ်အထူးဖြစ်ပေါ်လာပေသည်။ ထိုစိတ်ကို အာဝဇ္ဇန်း ဟု ခေါ်သည်။ ထိုဆင်ခြင်သည့် အာဝဇ္ဇန်းစိတ်သည် ဖြစ်ပြီး ချက်ခြင်းချုပ်ပျောက်သွား၏။ ထို့နောက် မျက်စိထဲ၌(စက္ခုပသာဒ၌) ထင်ပေါ်နေသော အဆင်းကို မြင်သောစိတ် ဖြစ်ပေါ်၏။ ၎င်းကို စက္ခုဝိညာဏ် စိတ်ဟု ခေါ်သည်။ ထိုမြင်သိစိတ် ချုပ်သွားပြီးနောက် မြင်ရတဲ့ အဆင်းကို လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ် ဖြစ်ပေါ်လာသည်။ ၎င်းစိတ် ချုပ်သွားပြီးနောက် စူးစမ်းဆင်ခြင်တဲ့ သန္တီရဏစိတ် ဖြစ်ပေါ်လာ၏။ ထိုစိတ် ချုပ်သွားသည့်နောက် ဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ် ဖြစ်ပေါ်လာ၏။ (၎င်းဝုဋ္ဌောစိတ်က ချစ်စရာ၊ မုန်းစရာ၊ ကြည်ညိုစရာ၊ သနားစရာ-စသည်ဖြင့် ဆုံးဖြတ်လိုက်သည့် အားလျော်စွာ ချစ်တဲ့ မုန်းတဲ့ အကုသိုလ် ဇောစိတ်၊ ကြည်ညိုတဲ့ သနားတဲ့ ကုသိုလ်ဇောစိတ်စသည် ခုနစ်ကြိမ်(ယေဘုယျ) ဆက်ဖြစ်သွားသည်။ ထို့နောက် ဇောစိတ်၏ အာရုံကိုပင် ဆက်ပြီး အာရုံပြုသွားတဲ့ တဒါရုံစိတ် နှစ်ကြိမ် ဆက်ဖြစ်၏။ ၎င်းနောက်တွင်ကား တဖန် အိပ်မောကျသွားသလိုပင် ဘဝင်စိတ်များ ဖြစ်သွားလေသည်။ (တဒါရမ္မဏဝါရ၊ အတိမဟန္တာရုံဝီထိမျှသာ ပုံစံအနေဖြင့် ထုတ်ပြသည်။) ထိုတွင် အာဝဇ္ဇန်းမှ စ၍ ဝုဋ္ဌောတိုင်အောင် နှစ်သက်မှုစသော ကိလေသာတွေ ဘာတစ်ခုမျှ မပါသေးပေ။

သာမန်ပုဂ္ဂိုလ်များ၌ အယောနိသော မနသိကာရ(ရှေးက ဖြစ်နှင့်သော အကုသိုလ်ဇောကြောင့်) ဝုဋ္ဌောစိတ်က ချစ်စရာ၊ မုန်းစရာဟု ဆုံးဖြတ်လိုက်သည့်အတိုင်း အကုသိုလ်ဇောစိတ် (လွန်ကျူးမှုကံ) ဖြစ်ကြရ၏။ ရှေးက 'ပဋိရူပဒေသဝါသ' စသော သမ္ပတ္တိစက်ကြောင့်လည်းကောင်း၊ ယောနိသော မနသိကာရ(-ရှေးကဖြစ်နှင့်သော ကုသိုလ်ဇော) ကြောင့် လည်းကောင်း၊ ဝုဋ္ဌောစိတ်က -ကြည်ညိုစရာ၊ သနားစရာ ဟု ဆုံးဖြတ်လိုက်သည့်အတိုင်း ကုသိုလ်ဇောတွေ ဖြစ်ကြပေသည်။

ဤစိတ်အစဉ်၌ ပါဝင်သော စိတ်တို့သည် ပရမတ်အဆင်းအာရုံမျှကိုသာ အာရုံပြုပြီး ဖြစ်ကြ သေး၏။ မိန်းမ ယောကျ်ား စသောပညတ်ပုံသဏ္ဌာန်ကို အာရုံမပြုသေးပေ။ ထို့ကြောင့် အကုသိုလ်ဇော ဖြစ်သော်လည်း ထက်သန်သော အကုသိုလ်ဇောကား မဟုတ်သေး၊ (ကမ္မပထမြောက်သော အကုသိုလ်ကံ မဖြစ်သေးပေ)

http://www.dhammadownload.com



ထိုစိတ်အစဉ် (စက္ခုဒွါရိကဝီထိ)ဖြစ်ပြီးနောက် 'မြင်သိ'သည်ကို ပြန်လည် ဆင်ခြင်သော ' ကြံသိ 'ဝီထိ ဖြစ်ပေါ်၏။

**ဖြစ်ပုံကား**- ဘဝင်မှ ထပြီးနောက် (ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဖြစ်ပြီးနောက်) ဆင်ခြင်သည့် မနောဒွါရာဝဇ္ဇန်းစိတ် ရှေးဦးစွာ ဖြစ်၏။ ထို့နောက် ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ် ဖြစ်ပြီး ဘဝင်စိတ်တွေ ဖြစ်သွားကြပေသည်။ 'တဒနုဝတ္တိက မနောဒွါရိက ဝီထိ' ဟု ခေါ်၏။

**ပြဆိုခဲ့ပြီး စက္ခုဒွါရိကဝီထိ၊ တဒနုဝတ္တိက မနောဒွါရိကဝီထိ နှစ်မျိုးလုံးပင် ပရမတ်အဆင်းမျှကိုသာ အာရုံပြုကြသေးသည်။ 'စက္ခုဒွါရိကဝီထိ' က ပစ္စုပ္ပန်တဆင်းရူပါရုံကို အာရုံပြု၏။ 'တဒနုဝတ္တိကမနောဒွါရိက ဝီထိ ' က အတိတ် အဆင်းရူပါရုံကို အာရုံပြု၏။ ဤမျှသာ ခြားနားပေသည်။**

ပထမကြံသိဝီထိ(တဒနုဝတ္တိက မနောဒွါရိကဝီထိ)ဖြစ်ပြီးနောက် ဒုတိယကြံသိဝီထိ (သုဒ္ဓမနောဒွါရိကဝီထိ) ဆက်၍ ဖြစ်၏။ ၎င်းဝီထိစိတ်အစဉ်များသည် မိန်းမ၊ ယောက်ျား စသော ပုံသဏ္ဌာန်ပညတ်ကို အာရုံပြုဖြစ်ပေါ်လာပေသည်။ ၎င်းနောက် တတိယကြံသိ ဝီထိ(သုဒ္ဓမနောဒွါရိကဝီထိ) ဆက်၍ ဖြစ်၏။ ၎င်းဝီထိစိတ်အစဉ်များသည်လည်း မိန်းမ၊ ယောက်ျားစသော အမည်ပညတ်ကို အာရုံပြု ဖြစ်ပေါ်လာပေသည်။ ထို ဒုတိယ၊ တတိယ ကြံသိဝီထိများဖြင့် ပုံသဏ္ဌာန်ပညတ်၊ အမည်ပညတ်တွေကို သိသွားခြင်းသည် မောဟ၏ အစွမ်းဖြင့် သိသွားခြင်းဖြစ်သည်။ မောဟသည် (အာရမ္မဏသဘာဝစ္ဆာဒနရသော-) အာရုံ၏သဘောမှန်ကို ဖုံးလွှမ်းခြင်းကိစ္စရှိသည့်အတိုင်း အလွဲအမှားကို လက်ဦးသိသွားခြင်း ဖြစ်သည်။ ထို့ကြောင့် သာယာ တပ်မက်တဲ့ ရာဂ၊ ရွံမုန်း ပြစ်မှားတဲ့ ဒေါသ၊ 'အမြဲတည်နေတယ်' စသည်ဖြင့် အသိမှားတဲ့ မောဟတို့နှင့်အတူ အကုသိုလ်တရားများ ဖြစ်ပေါ်လာကြပေသည်။ ( 'ကြားသိ' စသည် တို့၌လည်း နည်းတူပင်၊ ပညတ်ကို သိရာ၌ အတ္ထပညတ်ကို 'ဒုတိယဝီထိ'ကလည်းကောင်း၊ နာမပညတ်ကို 'တတိယဝီထိ'ကလည်းကောင်း သိရုံမျှသာ ထူးပေသည်။)

**ဤပြဆိုချက်သည်ကား အဘိဓမ္မာကျမ်းလာအရ မျက်စိ၊ နား၊ နှာ-စသည်တို့၌ အဆင်း၊ အသံစသော အာရုံများ ပေါ်လာသောအခါ စိတ္တနိယာမအတိုင်း ပရမတ် အဆင်းအာရုံ စသည်ကို သိပုံ၊ ပညတ် များကို တဆင့်သိရှိပုံနှင့် ကုသိုလ်၊ အကုသိုလ်ကံတရားများ ဖြစ်ပေါ်လာကြပုံများ ဖြစ်သည်။**

မိုးပြာရှင်ဉာဏပြောသကဲ့သို့ မျက်စိ၊ နား-စသည်တို့က ဦးနှောက်သို့ ပို့၍ ဦးနှောက်က ဆောင်ရန် ရှောင်ရန် တွက်ချက်ပုံများ မပါရှိပေ။ ထို့ကြောင့်-မိုးပြာရှင်ဉာဏ၏ ရေးသားချက်၊ ဟောပြောချက်သည် ပိဋကတ်ကျမ်းလာ စကားရပ်များနှင့် ဆန့်ကျင်၍ အဓမ္မဝါဒသာဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

အနည်းငယ်သုံးသပ်တင်ပြပါဦးအံ့ -

စက္ခုဝိညာဏ်က အဆင်း=ရူပါရုံကို သိဖို့အတွက် စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက(=အရောင်အလင်း)၊ မနသိကာရ ဟူသော အကြောင်းလေးပါး။

သောတဝိညာဏ်က အသံ=သဒ္ဒါရုံကို သိဖို့အတွက် သောတပသာဒ၊ သဒ္ဒါရုံ၊ အာကာသ၊ မနသိကာရ ဟူသော အကြောင်းလေးပါး။

ဃာနဝိညာဏ်က အနံ့=ဂန္ဓာရုံကို သိဖို့အတွက် ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဝါယော၊ မနသိကာရဟူသော အကြောင်းလေးပါး။

ဇိဝှါဝိညာဏ်က အရသာ=ရသာရုံကို သိဖို့အတွက် ဇိဝှါပသာဒ၊ ရသာရုံ၊ အာပေါ၊ မနသိကာရဟူသော အကြောင်းလေးပါး။

http://www.dhammadownload.com


ကာယဝိညာဏ်က အတွေ့-ဖောဋ္ဌဗ္ဗာရုံကို သိဖို့အတွက် ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ ပထဝီဓာတ်၊ မနသိကာရဟူသော အကြောင်းလေးပါးတို့သည် အသီးအသီး ပေါင်းဆုံညီညွတ်ကြဖို့ လိုပေသည်။ ပေါင်းဆုံညီညွတ်ခြင်းဟူသည်ကား စက္ခုဝိညာဏ်စသည့် ဝိညာဏ်တို့အား စက္ခုပသာဒစသော ပသာဒရုပ်များက နိဿယသတ္တိများဖြင့် ကျေးဇူးပြုခြင်း၊ ရူပါရုံစသည်က အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုခြင်း၊ အာလောကစသည်တို့က ပကတူနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း၊ ကျေးဇူးပြုနိုင်လောက်အောင် တည်ခြင်းပင် ဖြစ်သည်။

ယင်းသို့ ကျေးဇူးပြုလျှင်ကား စက္ခုဝိညာဏ်စသည်တို့က ရူပါရုံ စသည်တို့ကို မြင်ခြင်း စသောကိစ္စပြီးစီးရလေသည်။ စက္ခုပသာဒ၊ သောတပသာဒ-စသည်တို့ သက်သက်ကား ရုပ်တရားများသာဖြစ်၍ ရူပါရုံ၊ သဒ္ဒါရုံ-စသည်တို့ကို မြင်၊ ကြား-စသော ကိစ္စတို့ကို ဆောင်ရွက်နိုင်ခြင်း မရှိပေ။

ထို့ကြောင့်-စောဒကဆရာတော်များ၏ တင်ပြချက်များသည် အဘိဓမ္မာကျမ်းဂန်များနှင့် လိုက်လျောညီညွတ်ကြပါပေသည်-ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

ထို့ကြောင့် အမှတ် (၃၄) စောဒနာလွှာ၌ စောဒနာထားသော **"မျက်စိကအဆင်းကို ကြည့်ခြင်း စသည်နှင့် ၎င်းတို့ကို ဦးနှောက်က တွက်ချက်သည်။"** ဟူသော အဓိပ္ပါယ် သက်ရောက်သော (ဓမ္မကထာစာအုပ်-နှာ-၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆)ပါ အရှင်ဉာဏ၏ ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒ-ဟု နိုင်ငံတော်သီခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

-----

http://www.dhammadownload.com


၃၄-စောဒနာ၊ စောဒကသဘောထား (ဂ-ဃ- င)တို့၌ စိစစ်သုံးသပ်ချက်

မိုးပြာရှင်ဉာဏ-က 'အဲဒါကို လူဆိုတဲ့ ဇီဝစက် လည်ပတ်မှုက လုပ်တာပဲ' ဟု ရေးသားထား၏။ ထိုရေးသားချက်သည် ' ဇီဝစက် လည်ပတ်မှုသည် လူ၊ လူ ဟူသည် ဇီဝစက် လည်ပတ်မှု' ဟု အဖြောင့် အဓိပ္ပါယ် ထွက်နေ၏။ ထို့ကြောင့် စောဒကဆရာတော်များက "ရှင်ဉာဏပြောသည့် ဇီဝစက်လည်ပတ်မှုသည် လူတွင်သာ ရှိသည် မဟုတ်၊ ကျွဲ၊ နွား၊ ခွေး-စသော တိရစ္ဆာန်များ၌လည်း ရှိကြပေရာ ၎င်း တိရစ္ဆာန်များလည်း လူမည်သည်၊ တိရစ္ဆာန်များနှင့် ရှင်မိုးပြာတို့ မခြားနားသည် ဖြစ်စရာရှိကြောင်း တင်ပြကြသည်။

"သဟဇာတရူပါနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ။ တေသံ ပဝတ္တနရသံ။ တေသံယေဝ ဌပနပစ္စုပဋ္ဌာနံ။ ယာပယိတဗ္ဗဘူတပဒဋ္ဌာနံ"။ (အဋ္ဌသာလိနီအဋ္ဌကထာ။ ၃၅၉။)

"တသ္မိံ့ သတိ အရူပဓမ္မာ ဧကကမ္မနိဗ္ဗတ္တမနုသ္သာဒိသန္တတိဝသေန အာယတ္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ တသ္မာ အာယူတိ ဝုစ္စတိ"။ (အဋ္ဌသာလိနီအဋ္ဌကထာ။ ၁၉၃။ )

"ဤဇီဝိတနှစ်ပါးကိုပင် ဇီဝစက်ဟု ခေါ်ရခြင်း ဖြစ်ပါသည်။ ဤဇီဝစက်သည် သက်ရှိသတ္တဝါမှန်သမျှ၌ ရှိနေသောကြောင့် ဇီဝစက်လည်ပတ်မှုသည် လူမည်၏ဟူသောအနက်သည် အလွန်မှားလှပါသည်ဟုလည်း တင်ပြကြသည်။

<u>တင်ပြထိုက်ပါပေသည်၊</u> ရှင်မိုးပြာသည် မြင်သိ၊ ကြားသိ- စသော အကြောင်းအရာများကို ပိဋကတ် ကျမ်းစာ များနှင့်အညီ ယုတ္တိယုတ္တာ ကျကျ အဖြေထုတ်နိုင်ပါလျက် ပိဋကတ်ကျမ်းလာ အဆိုတို့ကို ပစ်ပယ်ပြီး ဆေးသိပ္ပံ ပညာရှင်တို့၏ အဆိုကို သံယောင်လိုက်ကာ ဆိုမှားခြင်းဖြစ်သည်။

စောဒကဆရာတော်များက ဇီဝ(=ဇီဝိတ)နှင့် ပတ်သက်၍ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ နှစ်မျိုး၏ - စွမ်းဆောင်ချက်များကို အဋ္ဌသာလိနီကျမ်းလာစကားကို အကိုးအကားပြု၍ တင်ပြစောဒနာကြပေသည်။

တစ်ဖန် မိုးပြာရှင်ဉာဏသည် 'အမှားလုပ်သော် ထိုကို လူက လုပ်သည် မဟုတ်၊ ဦးနှောက်ပျက်က လုပ်ခြင်းဖြစ်သည်'ဟု လည်းကောင်း၊ 'လွန်ကျူးမှုများကို လူက လွန်ကျူးတာ မဟုတ်၊ ကိလေသာ,က လွန်ကျူးတာ'ဟု လည်းကောင်း ဆိုထားသည်ကား တကယ့်ပရမတ်သမား၊ ဓာတ်သမားကြီးတစ်ယောက်၏ ဆိုက် ဂိုက် မိပါပေသည်။ မိုးပြာရှင်ဉာဏသည် မိမိ၏ မှားယွင်းသော အတွေးအခေါ် အယူအဆ အပြုအမူ များက ခြောက်လှန့်ခြင်း ခံနေရပုံ ရပေသည်၊ သူ၏နောက်တွင် အရိပ်မဲကြီးပမာလိုက်နေဟန်လည်းရှိ၏။ 'ငါသည် တွေးမှား ပြုမှား ပြောမှားမိ၏။ ဤလွန်ကျူးမှုများက ငါ့ကို အပါယ်ငရဲသို့- အဝီစိသို့ ပို့ဆောင်ပေတော့လတ္တံ့. 'ဤသို့ ကြောက်လန့်ရာမှ အားကိုးခြေကို မျှော်တွေးပြန်၏။

ထိုအခါ၌ 'လူ မဟုတ်၊ ရုပ် နာမ်သာ ဟုတ်၏၊ ငါ သူတပါး ယောကျ်ား မိန်းမဆိုတာ မရှိ ရုပ်နာမ်သာရှိ၏'ဆိုသော တကယ့် ပရမတ်အမြင်သန် ပုဂ္ဂိုလ်ထူးများ၏ တရားပေတည်း။ ထို့ကြောင့် လွန်ကျူးသော ရှင်မိုးပြာကို ဖျောက်၍ ကြည့်လိုက်ရာ အကုသိုလ် ကိလေသာ တွေသာ ကျန်တော့၏။ ဒီလိုဆိုလျှင် -

*လွန်ကျူးသော ရှင်မိုးပြာ ခံစရာ မလိုတော့ပါ။ အလွတ်ကြီး ဖြစ်သွားပြီ။*
*ကိလေသာကိုသာ တရားခံအဖြစ် ရှုမြင်လိုက်ရာ သက်သာရာ ရသွားလေဟန် ရှိလေသည်။*

http://www.dhammadownload.com


ဤနေရာ၌ မိုးပြာဝါဒီတို့ သတိပြု မှတ်သား ခံယူထားရမည့် ကျမ်းဂန်အဆိုကို ထုတ်ပြပါဦးမည်၊ မိလိန္ဒပဉှာ ပါဠိတော် (နှာ-၂၄၊ ၂၅၊ ၂၆)တို့၌ မိလိန္ဒမင်းကြီးက ' သစေ ဘန္တေ နာဂသေန ပုဂ္ဂလော နုပလဗ္ဘတိ၊ ကော စရဟိ တုမှာကံ စီဝရပိဏ္ဍပါတ ။ပ။ နတ္ထိ နာဂသေနောတိ' ဟူ၍ မေးလျှောက်ပုံနှင့် ' တွံ ခေါသိ မဟာရာဇ ။ပ။ သတ္တောတိ သမ္မုတိတိ'ဟူ၍ ဖြေဆိုထားပုံကို ပြဆိုထားပေသည်။ ၎င်း ပါဠိတော်၏

မြန်မာပြန်ကား -

' အသျှင်ဘုရား နာဂသေန ပုဂ္ဂိုလ်သတ္တဝါတို့ အကယ်၍ မရနိုင်သည်ဖြစ်အံ့၊ အဘယ်သူသည် အသျှင်ဘုရားတို့အား သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ဆေး၊ အသုံးအဆောင်ကို ပေးလှူပါသနည်း?၊ အဘယ်သူသည် ထိုပေးလှူသောပစ္စည်းကို သုံးဆောင်ပါသနည်း ?၊ အဘယ်သူသည် သီလကို စောင့်ထိန်းပါသနည်း?၊ အဘယ်သူသည် ဘာဝနာကို အားထုတ်ပါသနည်း ?၊ အဘယ်သူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုပါသနည်း?၊ အဘယ်သူသည် သတ္တဝါကို သတ်ပါသနည်း ?၊ အဘယ်သူသည် အရှင် မပေးသော သူတပါးဥစ္စာကို ခိုးယူပါသနည်း?၊ အဘယ်သူသည် ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်ကို ကျင့်ပါသနည်း?၊ အဘယ်သူသည် မမှန်ချွတ်ယွင်းသော စကားကို ပြောဆိုပါသနည်း?၊ အဘယ်သူသည် သေအရက်ကို သောက်ပါသနည်း?၊ အဘယ်သူသည် မာတုဃာတက ကံ စသော ပဉ္စာနန္တရိယကံကို ပြုလုပ်ပါသနည်း?၊ ထို့ကြောင့် -ကုသိုလ်မည်သည် မရှိ၊ အကုသိုလ်မည်သည် မရှိ၊ ကုသိုလ် အကုသိုလ်ကံတို့ကို ပြုလုပ်သူသည်လည်းကောင်း၊ ပြုလုပ်စေသူသည်လည်းကောင်း မရှိပြီ။ ကောင်းစွာပြုအပ်၊ မကောင်းသဖြင့်ပြုအပ်သော ကံတို့၏ အကျိုးဝိပါက်သည် မရှိပြီ။

အသျှင်ဘုရား နာဂသေန အကြင်သူသည် အသျှင်ဘုရားတို့ကို အကယ်၍ သတ်သည် ဖြစ်အံ့၊ ထိုသတ်သော သူအားလည်း ပါဏာတိပါတကံ မရှိတော့ပြီ၊ အသျှင်ဘုရား နာဂသေန အသျှင်ဘုရားတို့အားလည်း ဆရာသည် မရှိပြီ၊ ဥပဇ္ဈာယ်သည် မရှိတော့ပြီ၊ ပဉ္စင်းအဖြစ်သည် မရှိတော့ပြီ၊

မင်းမြတ် သီတင်းသုံးဖော်တို့သည် ငါ့ကို နာဂသေနဟူ၍ ခေါ်ဝေါ်ကုန်၏ဟု ပြောဆိုသော အသျှင်ဘုရား၏စကား၌ အဘယ်သည် နာဂသေနမည်ပါသနည်း?၊ အသျှင်ဘုရား- အသို့ပါနည်း ဆံပင်တို့သည် နာဂသေနလော? ဟု မေးလျှောက်၏။ မင်းမြတ် ဆံပင်သည် နာဂသေနမမည်ချေ၊

အမွေးတို့သည် နာဂသေနလော?၊ မင်းမြတ် အမွေးတို့သည် နာဂသေန မမည်ချေ၊

ခြေသည်းလက်သည်း တို့သည် ။ ပ။ ဦးနှောက်သည် နာဂသေန မည်ပါသလော?၊ မင်းမြတ် ဦးနှောက်သည် နာဂသေနမမည်ချေ။

အသျှင်ဘုရား အသို့ပါနည်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်မှတပါးသောတရားသည် နာဂသေန မည်ပါသလော?၊ မင်းမြတ် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်မှ တပါးသောတရားသည် နာဂသေန မမည်ချေ။

အသျှင်ဘုရား အကျွန်ုပ်သည် မေးတိုင်း မေးတိုင်း ထိုနာဂသေနကို မမြင်ရပါ။ အသျှင်ဘုရား နာဂသေန-ဟု ပြောဆိုသော အသံသည်ပင် နာဂသေနမည်ပါသလော?၊မင်းမြတ် နာဂသေနဟု ပြောဆိုသော အသံသည်ပင် နာဂသေန မမည်ပါ။

ဤအရာ၌ အဘယ်သည် နာဂသေနမည်ပါသနည်း?၊ အသျှင်ဘုရား အသျှင်ဘုရားသည် မမှန်ချွတ်ယွင်းသော စကားကို ဆိုဘိ၏။ နာဂသေနသည် မရှိချေတကား ဟု (လျှောက်၏)။

ထိုအခါ အသျှင်နာဂသေနသည် မိလိန္ဒမင်းအား ဤစကားကို ဆို၏၊ ' မင်းမြတ် သင်မင်းမြတ်သည် မင်းမျိုးတို့၏ နူးညံ့ခြင်းရှိ၍ စင်စစ် နူးညံ့လှ၏။ မင်းမြတ် သင်မင်းမြတ်သည် မွန်းတည့်ရှိန်ရှိန် ပူလောင်လှသော မြေအပြင်ဝယ် ပူပြင်းလှသော သဲပြင်၊ ကြမ်းတမ်းသော ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲ၌ နင်း၍ ခြေဖြင့် လာခဲ့ရလျှင်

http://www.dhammadownload.com



ခြေထောက်တို့သည် နာကျင်ကျိန်းစပ်ကုန်လိမ့်မည်၊ ဆင်းရဲနှင့်တကွသော ကာယဝိညာဏ်စိတ်သည် ဖြစ်ပေါ်ပေလိမ့်မည်၊ အသို့နည်း သင်မင်းမြတ်သည် ခြေဖြင့်လာခဲ့သလော၊ သို့မဟုတ် ယာဉ်ဖြင့် လာခဲ့သလော' ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ခြေဖြင့် မလာခဲ့ပါ၊ ရထားဖြင့် လာခဲ့ပါ၏။ မင်းမြတ် သင်မင်းမြတ်သည် ရထားဖြင့် လာခဲ့သည်ဖြစ်အံ့၊ ငါ့အား ရထားကို ပြောကြားပါလော့။ မင်းမြတ် အသို့နည်း ရထားထိန်းသည် ရထားပေလော။ မဟုတ်ပါ အသျှင်ဘုရား။ ဝင်ရိုးသည်။ ရထားဘီး။ ရထားအိမ်။ ရထားထောက်။ ထမ်းပိုးတုံး။ ကြိုး။ နှင်တံ။ ကြိမ်လုံးသည် ရထားပေလော။ မဟုတ်ပါအသျှင်ဘုရား။ မင်းမြတ် အသို့နည်း၊ ရထားသန် ။ ပ ။ နှင်တံ။ ကြိမ်လုံးတို့ကို ထား၍ ရထားရှိသလော။ မရှိပါ အရှင်ဘုရား။ မင်းမြတ် ငါသည် သင်မင်းမြတ်ကို မေးတိုင်းမေးတိုင်း ရထားကို မမြင်တွေ့ရ။ မင်းမြတ် ရထားဟု ခေါ်ဝေါ်ပြောဆိုသော အသံသည်ပင် ရထားလေလော၊ မဟုတ်ပါ အသျှင်ဘုရား။ ဤအရာ၌ အဘယ်သည် ရထားပေနည်း?၊ မင်းမြတ် သင်မင်းမြတ်သည် မမှန်ချွတ်ယွင်းသော စကားကို ဆိုဘိ၏။ ရထားသည် မရှိချေတကား။ မင်းမြတ် သင်မင်းမြတ်သည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ မြတ်သော မင်းဖြစ်ပေ၏။ သို့ပါလျက် အဘယ်သူကို ကြောက်၍ မမှန်သော စကားကို ဆိုတုံဘိသနည်း ? ။ ပ ။

အသျှင်ဘုရား နာဂသေန အကျွန်ုပ်သည် မမှန်စကားကို ဆိုသည် မဟုတ်ပါ။ ရထားသန်ကိုလည်းကောင်း၊ ရထားဝင်ရိုးကိုလည်းကောင်း၊ ရထားဘီးကို လည်းကောင်း၊ ရထားအိမ်ကို လည်းကောင်း၊ ရထားထောက်ကိုလည်းကောင်း အစွဲပြု၍ ရထားဟူသော အရေအတွက်၊ ရထားဟု သမုတ်ခြင်း၊ ရထားဟု ပညတ်ခြင်း၊ ရထားဟူသော အခေါ်အဝေါ်၊ ရထားဟူသော အမည်မျှသာ ဖြစ်ပါ၏'ဟု လျှောက်၏။

မင်းမြတ် သင်မင်းမြတ်သည် ရထားကို ကောင်းစွာ သိပါပေ၏။ မင်းမြတ် ဤအတူသာလျှင် ဆံပင်တို့ကိုလည်းကောင်း၊ အမွေးတို့ကိုလည်းကောင်း၊ ။ပ။ ဦးနှောက်ကိုလည်းကောင်း အစွဲပြု၍ ရုပ်ကိုလည်းကောင်း၊ ဝေဒနာကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သင်္ခါရကိုလည်းကောင်း၊ ဝိညာဏ်ကိုလည်းကောင်း၊ အစွဲပြု၍ ငါ့အားလည်း နာဂသေနဟူသော အရေအတွက်၊ နာဂသေနဟု သမုတ်ခြင်း၊ နာဂသေနဟူသော ပညတ်၊ နာဂသေနဟူသော အခေါ်အဝေါ်၊ နာဂသေနဟူသော အမည်မျှသာ ဖြစ်ပေ၏။ စင်စစ်သော်ကား ဤနာဂသေနဟူရာ၌ မဖေါက်မပြန်မှန်သော အနက်သဘောအားဖြင့် ပုဂ္ဂိုလ်သတ္တဝါကို မရကောင်းပေ။ မင်းမြတ် ဝဇိရာမည်သော ဘိက္ခုနီသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌

'ရထားသန်၊ ဝင်ရိုး၊ ထမ်းပိုး စသော ရထား၏ အစိတ်အပိုင်း အဆောက်အဦကြောင့် ရထားဟူသော သဒ္ဒပညတ်သည် ဖြစ်သကဲ့သို့ ဤအတူ ရူပက္ခန္ဓာစသော ခန္ဓာတို့ရှိကုန်လတ်သော် သတ္တဝါဟူသော သမုတ်ခြင်း၊ သတ္တဝါဟူသော အခေါ်အဝေါ်၊ သတ္တဝါဟူသော ပညတ်တရားသည် ဖြစ်ရလေ၏' ဟု မြွက်ဆိုကျူးရင့်အပ်၏။ (မိလိန္ဒပဥှာပါဠိတော် မြန်မာပြန်- ၂၇၊ ၂၈၊ ၂၉)

တဖန် လယ်တီဆရာတော်ဘုရားကြီး ရေးသားအပ်သော ဝိပဿနာဒီပနီ၌ သစ္စကထာကိုလည်း ရှင်မိုးပြာတို့အုပ်စု မှတ်သားလေ့လာထားသင့်၏။ ၎င်း ဒီပနီ၌ **"သစ္စာတရား (၂)ပါး"** ခေါင်းစဉ်ဖြင့် ဖေါ်ပြပါ အတိုင်း ရေးသားတော်မူထား၏။

> သစ္စာတို့သည်ကား-သူ့အမည်သညာနှင့် သူ့သဘာဝ အစဉ်ထာဝရ ညီညွတ်ဖြောင့်မှန်သည်ကို ဆိုသတည်း။ ထိုသစ္စာသည် (၁) သမ္မုတိသစ္စာ တစ်ပါး၊ (၂) ပရမတ္ထသစ္စာတစ်ပါး- ဟူ၍ နှစ်ပါးအပြားရှိ၏။
>
> ထိုနှစ်ပါးတို့တွင် -(၁) သမ္မုတိသစ္စာသည်ကား လောကီဘုံသား လူအများတို့ ခေါ်ရိုး၊ ပြောရိုးဖြစ်သော သမ္မုတိပညတ်တို့၏ အလယ်၌ အဖြောင့်အမှန်မျိုးသည်

http://www.dhammadownload.com



သမ္မုတိသစ္စာမည်၏။ အတ္တရှိ၏၊ ဇီဝရှိ၏၊ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ လူရှိ၏၊ နတ်ရှိ၏၊ သိကြားရှိ၏၊ ဗြဟ္မာရှိ၏၊ဆင်, မြင်း, ကျွဲ, နွား ရှိ၏၊ ဦးခေါင်း, လက်, ခြေ စသော အင်္ဂါကြီးငယ်ရှိ၏။ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းရှိ၏၊ စသည်တို့ပေတည်း။ ဤသမ္မုတိသစ္စာသည် မုသာဝါဒ၏ ဆန့်ကျင်ဘက်ပေတည်း။ မုသာဝါဒကို ပယ်နိုင်၏။ တစ်ဘဝအတွင်းတွင် အခါခါဖြစ်ခြင်း၊ အခါခါချုပ်ခြင်းဟူ၍ မရှိဘဲ တစ်ခုတည်းနှင့် တစ်သက်လုံး ခိုင်မြဲ၍နေသော အတ္တအမည်သည် ဧကန်အမှန်ရှိ၏။ ဇီဝမည်သည် ဧကန်အမှန်ရှိ၏-ဟု -ပြောဆိုကြသော စကားမျိုးတို့သည် လောကီဘုံသားလူအများတို့၏ ပြောရိုး ဆိုရိုးအတိုင်း ပြောဆိုကြသော စကားဖြစ်၍ ပြောဆိုသူမှာ မုသာဝါဒမဖြစ်၊ ဘယ်သူတစ်ဦး တစ်ယောက်ကိုမျှ လှည့်စားခြင်း မဖြစ်။ ပရမတ္ထသစ္စာအလိုအားဖြင့်မူကား ထိုစကားမျိုးသည် အနိစ္စ၌ နိစ္စဟူ၍ ဖေါက်ပြန်ခြင်း၊ အနတ္တ၌ အတ္တဟူ၍ ဖေါက်ပြန်ခြင်းတည်းဟူသော ဝိပလ္လာသ အမှန်ဖြစ်၏။ ထိုဝိပလ္လာသတရားကို မပယ်နိုင်သေးသမျှကာလပတ်လုံး သံသရာဝဋ္ဋဒုက္ခမှ မလွတ်နိုင်။ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း ရှိ၏။ တို့ရာတို့၌လည်း ထိုနည်းအတူဆိုလေ။

(၂) ပရမတ္ထသစ္စာတို့သည်ကား ဓာတ်သဘာဝ၊ ဓမ္မသဘာဝအလိုအားဖြင့် အလွန်ဟုတ်မှန် လှသော ရှိ/မရှိ စကားမျိုး၊ တရားမျိုးသည် ပရမတ္ထသစ္စာမည်၏။ ရှိ / မရှိ နှစ်ပါးတို့တွင်-

<u>ရှိဆိုသည်ကား -</u> ပထဝီဓာတ်ရှိ၏၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ရှိ၏။ စိတ်ဝိညာဏ် ရှိ၏၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာရှိ၏။ ရုပ်ခန္ဓာရှိ၏၊ နာမ်ခန္ဓာရှိ၏၊ စသည်တို့ပေတည်း။<u>မရှိဆိုသည်ကား-</u> အတ္တမရှိ ဇီဝမရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ လူမရှိ နတ်မရှိ သိကြားမရှိ၊ ဗြဟ္မာမရှိ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားမရှိ၊ ဦးခေါင်းဟူ၍ မရှိ၊ လက်ခြေစသော အင်္ဂါကြီးငယ်ဟူ၍ မရှိ၊ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်းဟူ၍ မရှိ၊ စသည်တို့ပေတည်း။ <u>အတ္တမရှိ၊ ဇီဝမရှိ ဆိုသည်ကား</u>-တစ်ဘဝအတွင်းတွင် အခါခါဖြစ်ခြင်း၊ ချုပ်ခြင်းဟူ၍ မရှိဘဲ တစ်ခုတည်းနှင့်တစ်သက်လုံး ခိုင်မြဲ၍နေသော အတ္တ, ဇီဝဟူ၍ မရှိဟု ဆိုလိုသည်။

<u>ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ စသည်တို့၌လည်း</u> ရုပ်ဓာတ်၊ နာမ်ဓာတ်တို့သည်သာရှိကုန်၏။ ထိုရုပ်ဓာတ် နာမ်ဓာတ်တို့သည်လည်း ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်။ နတ်ဗြဟ္မာ စသည်မဟုတ်။ ထိုရုပ်ဓာတ်၊ နာမ်ဓာတ်တို့မှတပါး ပုဂ္ဂိုလ်, သတ္တဝါဟူ၍ အသီးအခြားမရှိ။ လူ, နတ်, ဗြဟ္မာစသည်လည်း မရှိ ဟု ဆိုလေ။ ဤပရမတ္ထသစ္စာသည် ဝိပလ္လာသတရား၏ ဆန့်ကျင်ဖက်ပေတည်း။ ဤပရမတ္ထသစ္စာ တရားမှသာလျှင် ဝိပလ္လာသတရားကို ပယ်နိုင်၏။ ဝိပလ္လာသတရားကို ပယ်နိုင်မှသာလျှင် သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်နိုင်၏။

<u>သမ္မုတိသစ္စာအလိုအားဖြင့် -</u> ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါ ရှိ၏။ ပုဂ္ဂိုလ်၊ သတ္တဝါတို့သည် သံသရာ၌ တစ်ဘဝမှ တစ်ဘဝသို့ ကျင်လည်ပြောင်းသွားနေကြ၏။

<u>ပရမတ္ထသစ္စာအလိုအားဖြင့်-</u> ပုဂ္ဂိုလ် မရှိ၊ သတ္တဝါ မရှိ၊ တစ်ဘဝမှ တစ်ဘဝသို့ ကျင်လည်ပြောင်းသွားသည် ဟူ၍ မရှိ။ သို့သော်-ဤသစ္စာနှစ်ပါးသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်နေဘိ၏တကားဟု ဆိုရန် ရှိ၏။ ဖြောင့်ဖြောင့်ဆန့်ကျင်ဖက် မဖြစ်ကြစေရန် အဖြေမှာမူကား- သမ္မုတိသစ္စာအလို၊ ပရမတ္ထသစ္စာအလို ဟူ၍ အလိုနှစ်ပါး သီးသန့်ခြားလျက်ရှိလေပြီ။ သမ္မုတိသစ္စာအလိုနှင့် ပုဂ္ဂိုလ်သတ္တဝါရှိ၏ ဟု ပြောဆိုခဲ့သော် သမ္မုတိသစ္စာအလိုဆိုသောကြောင့်

http://www.dhammadownload.com


ပရမတ္ထသစ္စာဆရာက မငြင်းပယ်ရ။ ပုဂ္ဂိုလ်သတ္တဝါဟု သမ္မုတိပညတ်ရှိသည်ကား အမှန်ပင် ဖြစ်၏။

ပရမတ္ထသစ္စာအလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ မရှိဟူ၍ ပြောဆိုခဲ့သော် ပရမတ္ထသစ္စာအလို့ ဆိုသောကြောင့် သမ္မုတိဆရာက မငြင်းပယ်ရ။ ပရမတ္ထသစ္စာဟူသည် ရုပ်တရား၊ နာမ်တရား သည်သာ အမှန်ဖြစ်၏။ ပရမတ္ထသစ္စာမှာ ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ။

ဥပမာကား- တစ်ခုသော မြေအရပ်မှ မြေစိုင်ခဲတို့ကို တူးယူ၍ အမှုန့်ပြုပြီးလျှင် အိုးအမျိုးမျိုး ခွက်အမျိုးမျိုး ပြုလုပ် သုံးဆောင်ကြသဖြင့် လောကကြီး၌ မြေအိုးအမျိုးမျိုး၊ မြေခွက်အမျိုးမျိုး ရှိကြ၏။ တရားစကား ပြောဆိုရာ၌ ဤလောကမှာ မြေအိုးမြေခွက်မည်သည် ရှိ၏လော? ဟု မေးခဲ့သော်-သမ္မုတိသစ္စာ အလိုအားဖြင့် မြေအိုးမြေခွက်မည်သည် ဧကန်အမှန်ပင်ရှိ၏-ဟူ၍ ဖြေဆိုရမည်။

ပရမတ္ထသစ္စာ အလိုအားဖြင့် မြေသာရှိ၍ အိုးခွက်မရှိ-ဟု ဖြေဆိုရမည်။ ထိုနှစ်ပါးတို့တွင် သမ္မုတိသစ္စာ အလိုမှာ လောကီဘုံသားလူအများတို့၏ ပြောဆိုရိုးထင်ရှားရှိသည့်အတိုင်းပင် ဖြေဆိုသည်ဖြစ်၍ ရှင်းလင်းဖွယ် မရှိ၊ ပရမတ္ထသစ္စာအလို၌မူကား ရှင်းလင်းဖွယ် ရှိချေ၏။

ပရမတ္ထသစ္စာအလိုအားဖြင့်-မြေအိုး မြေခွက်ဟူသောစကား၌မြေသည်သာရှိ၏။ အိုးဟူ၍ ခွက်ဟူ၍ မရှိ။ အကြောင်းမူကား-မြေဟူသော အမည်သည် အိုး၊ ခွက်၏ အမည် မဟုတ်။ မြေမျိုး မြေစစ်၏ အမည်သရုပ်သာ ဖြစ်၏။ အကြောင်း မူကား- သံအိုး၊ သံခွက်၊ ကြေးအိုး၊ ကြေးခွက်၊ ရွှေအိုး၊ ရွှေခွက်၊ ငွေအိုး၊ ငွေခွက်များလည်း ရှိ၏။ ထိုအိုး၊ ထိုခွက်များကို မြေအိုး၊ မြေခွက်ဟူ၍ မခေါ်ရ။ အဘယ့်ကြောင့်နည်း- မြေမဟုတ်သောကြောင့် တည်း။

အိုးခွက်ဟူသောအမည်သည်လည်း မြေ၏ အမည် မဟုတ်။ အိုးသဏ္ဌာန်၊ ခွက်သဏ္ဌာန် ဟူသော အဝန်း အဝိုင်း စသော သဏ္ဌာန်ပညတ်၏ အမည်သာဖြစ်၏။ အကြောင်းမူကား- အိုးခွက် သဏ္ဌာန်မရှိကြသော မြေစိုင်ခဲမည်သည်ကို အိုးခွက်ဟူ၍ မခေါ်ရ။ ထို့ကြောင့် မြေဟူသော အမည်သည် အိုးခွက်၏ အမည် မဟုတ်။ မြေဇာတိ၏ အမည်သာ ဖြစ်၏။ အိုးခွက်ဟူသော အမည်သည် ထိုမြေ၏ အမည် မဟုတ်။ သဏ္ဌာန်ပညတ်၏ အမည်သာ ဖြစ်၏။ သဏ္ဌာန်ပညတ် ဟူသော မြေမှုန့်တို့မှ အသီးအခြား ဓာတ်သားဝတ္ထု ရှိသည် မဟုတ်။ မြေမှုန့်တို့၏ ပေါင်းဖွဲ့တည်နေပုံ အထူးကို အမှီပြု၍ စိတ်ထဲတွင် ထင်မြင်ရသော သဏ္ဌာန်နိမိတ် အရိပ်အသွင် အမျိုးမျိုးမျှသာ ဖြစ်၏။ ထို့ကြောင့် ပရမတ္ထအလိုအားဖြင့် မြေသည်သာ ရှိသည်။ အိုးခွက်ဟူ၍ မရှိရ-ဟု ဖြေဆိုပေသည်။ (လယ်တီဒီပနီပေါင်းချုပ်၊ ပထမတွဲ၊ တတိယအကြိမ်ရိုက်၊ နှာ-၁၇၊ ၁၈၊ ၁၉၊ ၂၀)

ဤပြဆိုခဲ့ပြီးသော မိလိန္ဒပဉှာပါဠိတော်နှင့် ဝိပဿနာဒီပနီလာ စကားတို့ကို ထောက်ထား၍ သမ္မုတိသစ္စာ ပရမတ္ထသစ္စာအလိုအားဖြင့်သာ သူနေရာဌာနအားလျော်စွာ ပြောဆိုသုံးစွဲကြရပေသည်။ မိမိတို့ လွန်းကျူးပြစ်မှား မိသော အကုသိုလ်ကံတရားများ၏ အကျိုးဝိပါက်များကို ကြောက်လန့်ကာ အကာအကွယ်ယူလိုတိုင်း 'ငါတို့ ကျူးလွန်တာ မဟုတ်၊ ကိလေသာတွေသာ ကျူးလွန်တာ'ဟု လွှဲမချသင့်ပေ။ ဒီလိုဆိုလျှင် မိုးပြာရှင်ဉာဏက သူ၏ အမေနှင့်အဖေကိုပင် 'လူတွေ မဟုတ်ကြဘူးဗျ' ဟု ဆိုလိုချင်ပုံ၊ ရှင်ဉာဏမည်ခေါ် ကျွန်တော်မျိုးလည်း 'လူမဟုတ်ပါ'ဟု ဆိုလိုချင်ပုံ ရပေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားဟောကြားတော်မူသော သုတ္တန်တရား ဒေသနာတော် မြောက်များစွာကို လေ့လာကြည့်ပါ လျှင် 'ဤပုဂ္ဂိုလ်သည် ဒုစရိုက်တရားများကို လွန်ကျူးပြစ်မှား၍ အပါယ်ဒုဂ္ဂတိသို့ ရောက်၏။ ဤပုဂ္ဂိုလ်သည်ကား သုစရိုက်ကုသိုလ်တရားတို့ကို ပြုကျင့်၍ သုဂတိဘုံသို့ ရောက်၏။ 'စသည်ဖြင့် ဟောထားရာ ပုံစံထုတ်ပြစရာ မလိုလောက်အောင်ပင် များပြားစွာ တွေ့ မြင်နိုင်ပေသည်။

အထူးအားဖြင့် အခြားပါဠိတော်များကို မညွှန်းဆိုတော့ဘဲ အဘိဓမ္မာခုနစ်ကျမ်း အဝင်အပါ-ပုဂ္ဂလပညတ် ကျမ်းတစ်ခုကိုသာ ညွှန်းဆိုလိုက်ပါမည်။ စေတနာအမှန်၊ နှလုံးသွင်းအမှန်များဖြင့် ကြည့်ရှုကြပါလေ။

ဤနေရာ၌ မြတ်စွာဘုရားသည် သမ္မုတိဒေသနာကို မိန့်တော်မူရခြင်းအကြောင်း ထုတ်ပြလို ပါသည်-

၁။ မကောင်းမှုမှ ရှက်ကြောက်တတ်ရန်၊
၂။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်ကြောင်းပြရန်၊
၃။ သတ္တဝါတို့၏ စွမ်းဆောင်ချက်ကို ပြရန်၊
၄။ အာနန္တရိယကံကို ပြရန်၊
၅။ ဗြဟ္မဝိဟာရတရားလေးပါးကို ပြရန်၊
၆။ ပုဗ္ဗေနိဝါသ(ရှေးရှေးဘဝများ)ကို(အောက်မေ့မှုကို) ပြရန်၊
၇။ အလှူ၏ စင်ကြယ်မှုကို ပြရန်၊
၈။ လောကပြောရိုးထုံးစံကို မပယ်စွန့်ကြောင်းပြရန်၊

ဤအကြောင်းရှစ်မျိုးတို့ဖြင့် သမ္မုတိဒေသနာကို ဟောတော်မူပေသည်။ (အံ၊ ဋ၊ ပ၊ ၇၄)

၁။ ဝေဒနာတို့သည် ရှက်ကုန်၏၊ ကြောက်ကုန်၏၊ သညာတို့သည် ရှက် ကြောက်ကုန်၏။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ရှက်ကြောက်ကုန်၏-ဟု ဟောကြားပါက တရားနာသူတို့ နားလည်မည် မဟုတ်ပေ။ အဘယ့်ကြောင့် ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ရှက် ကြောက်ကုန်သနည်း ဟု ပြန်လှန် မေးဖွယ်ရှိ၏။ ခန္ဓာ၊ အာယတန၊ ဓာတ် အချင်းချင်း ရှက်စရာ ဟု အောက်မေ့ကြမည် မဟုတ်။ ယောက်ျား၊ မိန်းမ၊ မင်း၊ ပုဏ္ဏားတို့သည် ရှက်တတ် ကြောက်တတ်ကုန်၏ ဟု သိနားလည်ကြ သည်။ ထို့ကြောင့် အရှက် အကြောက်တရားနှစ်ပါးကို ပြတော်မူရန်အတွက် သမ္မုတိသစ္စာအားဖြင့် ဝေါဟာရအသုံးအနှုန်းပြု၍ မိန်းမ၊ ယောက်ျားစသော ပုဂ္ဂလကထာကို ဟောကြားရပေသည်။

၂။ 'ခန္ဓာ ကမ္မဿကာ၊ ဓာတုယော အာယတနာနိ' 'ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏' ဟု ဟောကြားခဲ့သော် တရားနာသူများ မသိ၊ နားမလည်နိုင်ပေ။ သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ သတ္တဝါတို့ကို သတ်လျှင် အကုသိုလ်ကံဖြစ်၏။ ကျွေးမွေး ထောက်ပံ့ကယ်ဆယ်လျှင် ကုသိုလ်ကံဖြစ်၏-စသည်ဖြင့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြခြင်းငှာ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ပုဂ္ဂလကထာကို ဟောတော်မူ၏။

၃။ ဝေဠုဝန်စသော ကျောင်းတို့ကို ခန္ဓာ၊ အာယတန၊ ဓာတ်တို့က ဆောက်လုပ်စေကုန်၏-စသည်ဖြင့် ဟောကြားပါက လူတို့၏လုံ့လဝီရိယ စွမ်းဆောင်ချက်များသည် မထင်ရှားနိုင်ပေ။ ဗိမ္ဗိသာရမင်း၊ အနာထပိဏ်သူဌေးစသည်တို့က ဆောက်လုပ်စေအပ်ကုန်၏- စသည်ဖြင့် ဟောကြားပါမှ လူတို့၏ စွမ်းဆောင်ချက်ထင်ရှား၍ နာကြားရသူတို့သည် ကုသိုလ်စေတနာများ ပေါ်ပေါက်လာနိုင်ကြပေသည်။ ထိုသို့ လူတို့၏ စွမ်းဆောင်ချက်ကို ဖော်ပြရန် ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ပုဂ္ဂလကထာကို ဟောတော်မူသည်။

http://www.dhammadownload.com



၄။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် အမိ အဖ ရဟန္တာတို့ကို သတ်ကုန်၏။ ဘုရားရှင်အား (ပဒုဋ္ဌစိတ်ဖြင့်) သွေးစိမ်းဖြစ်စေသော မကောင်းမှုကံကို ပြုကုန်၏ ဟု ဟောကြားပါက နားမလည်နိုင်။ အမိအဖတို့သည် ကျေးဇူးကြီးမားသူများဖြစ်ကြ၍ သတ်သူ၌ ကြီးလေးသော အကုသိုလ် ကံကြီးထိုက်သည်ဟု ဟောကြားပါမှ ကြားနာသူတို့နားလည်၍ ရှောင်ကြဉ်ကြပေမည်။ ထိုသို့အခြားမဲ့ဘဝ၌ မလွဲမသွေ အကျိုးပေးမည့် ကြီးလေးသော အာနန္တရိယကံကို ပြခြင်းငှာ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ပုဂ္ဂလကထာကို ဟောတော်မူသည်။

၅။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ချစ်ခင်ပြတ်နိုးကြကုန်၏။ (ဝါ) ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ကျန်းမာ ချမ်းသာကြပါစေ-စသည်ဖြင့် ဟောကြားပါက ဗြဟ္မဝိဟာရ ဗြဟ္မစိုရ်တရားကို နားမလည်နိုင်ကြပေ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား စသောသူတွေ ကျန်းမာချမ်းသာ ကြပါစေ စသည်ဖြင့် ဟောကြားပါမှ ဗြဟ္မဝိဟာရတရားအကြောင်း သိနားလည်ကာ လက်ခံကျင့်သုံးပေလိမ့်မည်။ ထိုသို့ ဗြဟ္မစိုရ် တရားများကို ပြရန်အလို့ငှာ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ပုဂ္ဂလကထာကို ဟောတော်မူသည်။

၆။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ပုဗ္ဗေနိဝါသကို ပြန်လည်အောက်မေ့ကြကုန်၏-စသည်ဖြင့် ဟောကြားပါက မသိနားမလည်နိုင်ပေ။ အဘယ်ပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသကို ပြန်လည် အောက်မေ့နိုင်၏ စသည်ဖြင့် ဟောမှသာ နားလည်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသ ကို ပြဆိုရန်အလို့ငှာ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ပုဂ္ဂလကထာကို ဟောတော်မူသည်။

၇။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် အလှူကိုခံယူကြကုန်၏ စသည်ဖြင့် ဟောကြားပါက နားမလည်နိုင်။ ဘယ့်နှယ်လဲ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် အလှူကို ခံယူကြသည်မည်ကြကုန်၏လော-ဟု တုန့်ပြန်မေးခွန်းထုတ်စရာ ဖြစ်ပေလိမ့်မည်။ သီလဝန္တ ကလျာဏဓမ္မပုဂ္ဂိုလ်တို့သည် အလှူကို ခံယူကြကုန်၏ စသည်ဖြင့် ဟောမှသာ သိနားလည်နိုင်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဒက္ခိဏာဝိသုဒ္ဓိကို ပြရန်အကျိုးငှာ ပုဂ္ဂလကထာကို ဟောတော်မူသည်။

၈။ လောကလူအပေါင်းသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ဆရာ၊ မိဘ စသည်ဖြင့် ပြောဆိုသုံးနှုန်းရာ ယင်းအစဉ်အလာ ပြောရိုးထုံးစံကို မပယ်ကြောင်းကို ပြရန်အလို့ငှာ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် ပုဂ္ဂလကထာကို ဟောတော်မူရပေသည်။

ဤပြဆိုခဲ့သော ကျမ်းစာများကို ထောက်ထား၍ မိုးပြာရှင်ဉာဏ၏ 'လူက လွန်းကျူးတာ မဟုတ်၊ ကိလေသာ က လွန်းကျူးတာ' ဟူသော စကားသည် ပရမတ္ထဒေသနာရှုဒေါင့်က ကြည့်လျှင် မှန်ကောင်းမှန်ပေမည့် သမ္မုတိဒေသနာတော်ရှုဒေါင့်က ကြည့်လျှင် မမှန်ကန်ပါ။

ရုပ်၊ ဝေဒနာ၊ သညာ စသော ခန္ဓာငါးပါးအစုအဝေးကိုပင် ပုဂ္ဂိုလ်ဟု ခေါ်ထားခြင်းဖြစ်၍ မိမိတို့ ကျူးလွန် မှောက်မှားထားသော အကုသိုလ်ကံများကို ထိတ်လန့်ကာ ကိလေသာအပေါ် အပြစ်ပုံချလိုတိုင်း ခန္ဓာငါးပါးမှ သီးခြားကင်းလွတ်သော ပုဂ္ဂိုလ်သတ္တဝါကို ခွဲခြားမထုတ်အပ်ပေ။

ရှင်ဉာဏ၏ ခန္ဓာငါးပါးအစုအဝေးကို အစွဲပြု၍ ရှင်ဉာဏ ဟု ခေါ်၏၊ ထိုခန္ဓာငါးပါး၏ လွန်ကျူးမှု သည်လည်း ရှင်ဉာဏ၏လွန်ကျူးမှုပင်ဖြစ်သည်။ 'နှစ်သိ နှစ်မြင်၊ ဒိဋ္ဌိစင်' ဟူသော စကား အတိုင်း ပညတ် ပရမတ် နှစ်သိနှစ်မြင် ကန်းနေသူ၊ တစ်ဖက်အမြင် ကန်းနေသူ မိုးပြာရှင်ဉာဏသည်ကား မိစ္ဆာအမြင် မစင်ဘဲ လွဲမြဲလွဲနေဦးမည်သာ ဖြစ်သည်။ ထို့ကြောင့်- လူက လွန်ကျူးတာမဟုတ်၊ ကိလေသာက လွန်ကျူးတာ ဆိုသော လူ့ပါးစပ်က နတ်စကားသံသည် အမြင်တစ်မျိုးတည်း၌သာရပ်တည်ဆိုသောစကားဖြစ်၍ လွဲမှားသော စကားသာဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက သုံး သပ်တော်မူကြပါသည်။

http://www.dhammadownload.com


## စောဒကသဘောထား (ဂ)အတွက် ပေါင်းရုံးသုံးသပ်ချက်

'ရထားသန်၊ ဝင်ရိုး၊ ထမ်းပိုး စသော ရထား၏ အစိတ်အပိုင်း အဆောက်အဦကြောင့် ရထားဟူသော သဒ္ဒပညတ်သည် ဖြစ်သကဲ့သို့ ဤအတူ ရုပ်ကန္ဓာစသော ခန္ဓာတို့ရှိကုန်လတ်သော် သတ္တဝါဟူသော သမုတ်ခြင်း၊ သတ္တဝါဟူသော အခေါ်အဝေါ်၊ သတ္တဝါဟူသော ပညတ်တရားသည် ဖြစ်ရလေသောကြောင့် လည်းကောင်း။

"ဇီဝိတနှစ်ပါးကိုပင် ဇီဝစက်ဟု ခေါ်ရခြင်း ဖြစ်၍ ဤဇီဝစက်သည် သက်ရှိသတ္တဝါမှန်သမျှ၌ ရှိနေသောကြောင့်လည်းကောင်း **"ဇီဝစက်လည်ပတ်မှုသည် လူ မည်သည်။"** ဟူသော အဓိပ္ပါယ် သက်ရောက်သော မိုးပြာရှင်ဥာဏ၏ ဟောပြောရေးသားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်၏ဟု သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

ထို့ကြောင့် အမှတ် (၃၄) စောဒနာလွှာ၌ စောဒနာထားသော **"ဇီဝစက်လည်ပတ်မှုသည် လူ မည်သည်။"** ဟူသော အဓိပ္ပါယ် သက်ရောက်သော (ဓမ္မကထာစာအုပ်-နှာ-၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆)ပါ အရှင်ဥာဏ၏ ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒ-ဟု နိုင်ငံတော်သီြခားဝိနည်းဓိုရ် အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

-----

## စောဒကသဘောထား (ဃ)အတွက် ပေါင်းရုံးသုံးသပ်ချက်

ကိလေသာကသာ လွန်ကျူးမှု(ဒုစရိုက်)တို့ကို ပြုလုပ်နိုင်သည်။ (၎င်းအမှုတို့ကို လူကလည်း မလုပ်နိုင်၊ ဇီဝစက်လည်ပတ်မှုကလည်း မလုပ်နိုင်။ ဦးနှောက်ကလည်းမလုပ်နိုင်။) ထို့ကြောင့် လူက လူကို လွန်ကျူးမှု-မပြုနိုင်ဟု အရှင်ဥာဏ ဆို၏။ ဤအဆိုသည် လောကုတ္တရာရေးအတွက် သမုတိသစ္စာ အမြင်အရမှာမူ မှားပါသည်။

လူက လူ့အလုပ်ကို လုပ်သည်ဆိုသော အချက်နှင့်စပ်၍ အကုသိုလ်ဇောစိတ်တို့ဖြစ်ပေါ်ပုံပြ ကာမဇောဝါရဝီထိတို့တွင် လောဘကို အရင်းခံ၍ လွန်ကျူးမှုတို့ကို ပြုသောအခါ၌ လောဘဇောများ ဖြစ်ပေါ်ကြ၏။ ဒေါသကို အရင်းခံ၍ လွန်ကျူးမှုတို့ကို ပြုသောအခါ၌ ဒေါသဇောများ ဖြစ်ပေါ်ကြ၏။ (မောဟသည်ကား လောဘ၊ ဒေါသတစ်ခုခုကို ကူညီပံ့ပိုးရုံမျှသာ အစွမ်းရှိသည်။(ဋီကာကျော်၊ စာမျက်နှာ-၈၁။) လောဘဇောအလျောက် အာရုံတို့ကို ရဇ္ဇန-တပ်မက်သိမ်းယူခြင်း ဖြစ်၍ ဒေါသဇောအလျောက် အာရုံတို့ကို ဒုဿန-ပြစ်မှားဖျက်ဆီးခြင်းဖြစ်သောကြောင့် လောဘ၊ ဒေါသဖြစ်နေရာ ကာယကံရှင် လူပုဂ္ဂိုလ်က လွန်ကျူးမှုတို့ကို ပြုမိကြပါသည်။ လွန်ကျူးရန်ဆုံးဖြတ်ချက်တို့ကို ချမိကြပါသည်။ လွန်ကျူးသည့် တုံ့ပြန်မှုတို့ကို ပြုကြပါသည်။ လောဘဒေါသအရင်းခံရှိ၍ အမှားတုံ့ပြန်ကြပါသည်။ (ဦးနှောက်က အတွက်လွဲသောကြောင့် အမှားတုံ့ပြန်ခြင်း မဟုတ်-ဟု ဆိုလိုပါသည်။) အမှားတုံ့ပြန်ရာမှာ လောဘမူဇော ဒေါသမူဇောခေါ် မနောဝိညာဏ်စိတ်တို့က တကယ့်အခရာ ဖြစ်ပါသည်။

(ဤသို့ မနောဝိညာဏ် စိတ်က တုံ့ပြန်ခြင်းကို ပရမတ်ဉာဏ်အမြင်သန်သူတို့က လောကုတ္တရာရေး အမြင်ဖြင့်ရှု၍ အကုသိုလ်စေတနာတို့၏ လုပ်ဆောင်ချက်ဟု ဆိုကြပါသည်။ ပရမတ်ဉာဏ်မသန်သူတို့ကမူ လောကီရေးအမြင်ဖြင့်ရှု၍ ကာယကံရှင်လူပုဂ္ဂိုလ်က လုပ်ဆောင် သည်ဟု ဆိုကြပါသည်။ သို့ရာတွင်

http://www.dhammadownload.com



လောကီရေးကိစ္စအရပ်ရပ်၌ လောကီအမြင်ဖြင့် ချဉ်းကပ်ရမည်မှာ ဓမ္မတာဖြစ်၍ လူပုဂ္ဂိုလ်က လုပ်ဆောင်ကြောင်း တုံ့ပြန်ကြောင်း၊ တွက်ချက်ကြောင်း လွန်ကျူးကြောင်းအဆိုသာ မှန်ပါသည်။ နမူနာတစ်ခုမျှ ပြပါဦးမည်။

**စက္ခုနာ ရူပံ ဒိသွာ**တိ (ပ) ရူပဒဿနသမတ္ထေန **စက္ခုဝိညာဏေန** ရူပံ ဒိသွာ။ (ပ) **နိမိတ္တဂ္ဂါဟီ**-တိ ဣတ္ထိပုရိသနိမိတ္တံ ဝါ သုဘနိမိတ္တာဒိကံ ဝါ ကိလေသဝတ္ထုဘူတံ နိမိတ္တံ ဆန္ဒရာဂဝသေန ဂဏှာတိ။ ဒိဋ္ဌမတ္တေယေဝ န သဏ္ဌာတိ။ **အနုဗျဉ္ဇနဂ္ဂါဟီ**-တိ ကိလေသာနံ အနုဗျဉ္ဇနတော ပါကဋဘာဝကရဏတော အနုဗျဉ္ဇနန္တိ လဒ္ဓဝေါဟာရံ ဟတ္ထပါဒသိတဟသိတ-ကထိတအာလောကိတဝိလောကိတာဒိဘေဒံ အာကာရံ ဂဏှာတိ။ (အဘိ၊ ဋ္ဌ၊ ၁၊ ၄၂၈)

ဟူသည်နှင့်အညီ -- **စက္ခုနာ ရူပံ ဒိသွာ**ဟူသည်ကား- **အဆင်းကို မြင်နိုင်သော** စက္ခုဝိညာဏ် စိတ်ဖြင့် အဆင်းကိုမြင်ပြီး၍ မိန်းမပုံအသွင်ကြီးကိုဖြစ်စေ ယောကျ်ားပုံအသွင်ကြီးကိုဖြစ်စေ တင့်တယ်လှပပုံ အသွင်ကြီး စသည်ကိုဖြစ်စေ ကိလေသာ၏တည်ရာဖြစ်ထိုက်သော အသွင်အပြင် ပုံသဏ္ဌာန်ကြီးကို ဆန္ဒရာဂခေါ် တဏှာထကြွခြင်းဖြင့် စွဲယူမိသည်။ ထို့အတူ အသံ အနံ့ အရသာ အတွေ့အထိတို့နှင့် စပ်၍လည်း ကိလေသာ၏ တည်ရာဖြစ်ထိုက်သော **အသံပုံစံ(တို ရှည် ပျော့ သွက် စသည်။)** အနံ့ပုံစံ(ပျော့ နု ပြင်း ရှ စသည်။) အရသာပုံစံ (စပ်-ချဉ်-ချို-စသည်။) အတွေ့အထိပုံရိပ်(နူးညက်-ပွတ်သပ်စသည်) အသီးသီး ရှိကြသည်။ ထိုသို့ရှိရာတွင် မျက်စိ+မြင်ကာမျှ၌ ဆန္ဒရာဂသည် မဖြစ်တည်သေး။ နား+ကြားကာမျှ၌ ဆန္ဒရာဂသည် မဖြစ်တည်သေး။ နှာ+နံကာမျှ၌ ဆန္ဒရာဂသည် မဖြစ်တည်သေး။ လျှာ+လျက်ကာမျှ၌ ဆန္ဒရာဂသည် မဖြစ်တည်သေး။ ကိုယ်+တွေ့ထိကာမျှ၌ ဆန္ဒရာဂသည် မဖြစ်တည်သေး။

**အမှန်အားဖြင့်** ဆန္ဒရာဂဝသေန ဂဏှာတိ၌ ပုဂ္ဂလကတ္တားအရ စက္ခုန္ဒြေကို မစောင့်စည်းသော ပုဂ္ဂိုလ်က (အဆိုပါ နိမိတ်ပုံကြီးကို ယူသည်)ဟု ဆိုလိုပါသည်။ **အဆိုပါ ပုဂ္ဂလကတ္တားပုဒ်၏** ကြိယာနိပ္ဖါဒနသတ္တိ အားမရှိခြင်းကြောင့် ဆန္ဒရာဂဝသေနဖြင့် ကရိဏ်းပုဒ်ထည့်စွက်ကာ အားဖြည့်ပေးထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဓမ္မကတ္တားပုဒ် အနေဖြင့်ဆိုလျှင် ဆန္ဒရာဂေါ ဂဏှာတိဟု ဖြစ်၍ ဆန္ဒရာဂသည် (အဆိုပါ နိမိတ်ပုံကြီးကို ယူသည်)ဟု ဆိုလိုပါသည်။ ထို့ကြောင့် ဒိဋ္ဌမတ္တေယေဝ န သဏ္ဌာတိ၌ ကတ္တားပုဒ်မှာ ဓမ္မကတ္တား(ဆန္ဒရာဂေါ) ဖြစ်ပါသည်။ ဤသည်ကား အဘိဓမ္မာနည်းကျ ပရမတ္ထဒေသနာနည်းတည်း။

ဤမျှလောက်လေးနက်သောအနက်ကို ရှင်မိုးပြာတို့ မသိနိုင်ပါ။

စက္ခုန္ဒြေကို သတိဖြင့် မစောင့်စည်းသော ပုဂ္ဂိုလ်သည် လက်၏အခြင်းအရာ၊ ခြေ၏ အခြင်းအရာ၊ ပြုံးပုံရယ်ပုံ အခြင်းအရာ၊ စကားပြောပုံအခြင်းအရာ ရှေးကြည့်ပုံအခြင်းအရာ၊ နောက်လှည့်ကြည့်ပုံ အခြင်းအရာ စသည်စသည်ကို ဆန္ဒရာဂဖြင့် ယူပါသည်။

အထူးမှာ-လက်လှုပ်ပုံအခြင်းအရာ အစရှိသော အသွင်ပုံရိပ်အသေးစားအငယ်စားများသည် ကိလေသာ တို့ကို ထင်ထင်ရှားရှား ဖြစ်ပေါ်ထကြွလာအောင် ပြုလုပ်နှိုးဆွပေးတတ်သောကြောင့် အနုဗျဉ္ဇနအမည် ရကြပါ သည်။ (မိန်းမပုံရိပ် အသွင်ကြီးကလည်း ကိလေသာ(တဏှာ)တို့ကို ဖြစ်စေတတ်သည်။ မိန်းမ၏လက်လှုပ်ပုံ ပုံရိပ်သွင်ပြင် အသေးစားကလည်း ကိလေသာ(တဏှာ)တို့ကို ဖြစ်ပေါ်လာစေတတ်ပါသည်။ ကြောက်စရာ ကောင်းလှ၏။) ဤသို့သော နိမိတ္တ(ပုံရိပ်သွင်ပြင်ကြီး)နှင့်

http://www.dhammadownload.com



အနုဗျဉ္ဇန(ပုံရိပ်သွင်ပြင်အသေးစား)တို့ကို မြင်ရသော အခါ၌ **သတိ မရှိ၍** ပရမတ်ဉာဏ်မဲ့သူတို့အား လောဘဒေါသ အကုသိုလ်မနောဝိညာဏ်စိတ်များ **ဆက်ကာ ဆက်ကာ** ဖြစ်ကြပါသည်။ ဤစိတ်များကြောင့် တပ်မက်စွဲလမ်းသူပုဂ္ဂိုလ်က ဤစိတ်များဖြင့် ဆုံးဖြတ်မှု လွန်ကျူးမှု တုံ့ပြန်မှု အကျိုးမဲ့မှုတို့ကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ထိုသို့ပြုကြရာတွင် မနောဝိညာဏ်စိတ်တို့က ရာဂဒေါသ အခြေခံ အလျောက် တပ်မက်မှုဆိုင်ရာ လွန်ကျူးမှုများ၊ ပြစ်မှားမှုဆိုင်ရာ လွန်ကျူးမှုများကို ဖြစ်စေကြသည်ဟူ၍ ဆိုလိုပါသည်။ (ကုသိုလ်စိတ်နှင့် ကောင်းမှုများ၌လည်း အလားတူပင်ဖြစ်ပါသည်။)

ဤမနော ဝိညာဏ်စိတ်အကြောင်းကို အရှင်ဉာဏတို့ ရှောင်လွှဲလိုသောကြောင့် ဦးနှောက်က အာရုံ လက်ခံတတ်ပုံ တုံ့ပြန်တတ်ပုံ လွန်ကျူးတတ်ပုံ စသည်တို့ကို ကြံဆမိကြ ဆိုမိကြပါသည်။ စင်စစ်သော်ကား လောဘ ဒေါသ ဖြစ်ပေါ်နေသော မနော ဝိညာဏ်စိတ် (စေတနာ)ရှိနေသူ လူပုဂ္ဂိုလ်ကသာ အဆိုပါအမှုတို့ကို ပြုခြင်းဖြစ်၍ လူတစ်ဦးက အခြားလူတစ်ဦးကို ကျူးလွန်ခြင်းဖြစ်ကြောင်း သမုတိသစ္စာနည်းအရ မှတ်ယူရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် "လူတစ်ဦးက လူတစ်ဦးကို ကျူးလွန်တာလုပ်ဖို့ **အကြောင်းမရှိကြောင်း။** လူတိုင်းက ကျူးလွန်တာ မခံချင်ကြောင်း၊ လူတိုင်း-မကျူးလွန်ချင်ကြောင်း **အစရှိသည်ဖြင့်** ရေးသားထားသည့် အရှင်ဉာဏ၏ စကားများသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သည်ဟု သုံးသပ်တော်မူကြသည်။

**ဆုံးဖြတ်ချက်**

ဤစကားများကို သက်သေပြု၍ အရှင်ဉာဏပြောဟော ရေးသားသော လူတစ်ဦးက လူတစ်ဦးကို ကျူးလွန်တာ လုပ်ဖို့ အကြောင်းမရှိကြောင်း။ လူတိုင်းက ကျူးလွန်တာ မခံချင်ကြောင်း၊ လူတိုင်း- မကျူးလွန် ချင်ကြောင်း အစရှိသော အရှင်ဉာဏ၏ ဟောပြော ရေးသားချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို **အဓမ္မဝါဒ**-ဟု နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com



"အမှတ်(၃၅)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်"

(ဓမ္မကထာစာအုပ်၊ ၉၇၊ ၉၈၊ ၉၉။)၌ အရှင်ဉာဏဟောပြောရေးသားထားသော-

"(ကိုယ့်ကိုယ်ဟာ တကယ်အရှိ မဟုတ်ဘူးလို့) စာထဲက **အတိုင်းမြင်ရင်** မပြုစု (မစောင့်ရှောက်)နဲ့။ ပြုစုရင် စာထဲကအတိုင်း မမြင်နဲ့။"(၉၇)(လို့ ဖြစ်ပေမဲ့ နှစ်ခုလုံး မလုပ်ဘဲ မနေနိုင်ဖြစ်ပါတယ်)

တပည့်တော်တို့ လူတွေအားလုံး (ပ) လူညံ့တွေဖြစ်နေတော့ (ပ) **ဒီလို** (လူညံ့တွေ၊ သံသယဝါဒီတွေ၊ ဓမ္မကျွသူတွေ) မဖြစ်ချင်ရင် ပဏ္ဏာဝစရ တရားတွေကို မဆည်းကပ်နဲ့။ (ပ) တက္ကဆိုတာ စိတ်ကူးကြံဆမှု။ အဝစရဆိုတာ အာရုံ။ တရားဆိုတာ ဆောင်စရာပေါ့။ ကြံစည်မှု အာရုံကို တရားလုပ်ထားတဲ့ တရားဟာ တက္ကာဝစရတရား-(ဖြစ်တယ်။) အဲဒါ (တက္ကာဝစရတရား)ကို အားထားမှီဝဲတာ မလုပ်ရဘူးပေါ့။ တက္ကာဝစရ ဓမ္မဖြစ်တာတွေကို ထင်ရှားအောင် (မိန့်ရရင်တော့)-

တက္ကာဝစရဓမ္မဆိုတာ- သန္ဒိဋ္ဌိကာဝစရဓမ္မ မဟုတ်တာတွေလို့ ပြောရအောင်။

သန္ဒိဋ္ဌိကာဝစရဆိုတာ ကိုယ်တိုင် မြင်ရတဲ့အာရုံ(ပဲ ဖြစ်တယ်)။

**ကိုယ်တွေ့ အာရုံနဲ့ ကြံဆရတဲ့အာရုံလို့ နှစ်မျိုးပေါ့ဘုရား။**

(၁) ရုပ်နာမ်မြင်။ (၂) ရုပ်နာမ်မုန်းပြီး။ (၃) ရုပ်နာမ်ဆုံးတော့ (၄) **အဲဒီ ဆုံးရာဟာ** နိဗ္ဗာန်ပဲ။ (၅) ဒါ မြင်ရင် နောင်ဘဝ မဖြစ်တော့ဘူးဆိုတာ ကြားဘူးမှာပေါ့။ (ဒါတွေ တက္ကာဝစရတရားတွေပဲ။)

ရုပ်နာမ်ဆုံးတော့ ဘာမှ မရှိဘူးဆိုပြီး အနတ္တပဲ လုပ်တာ။

အနတ္တဆိုတာ သုညဖြစ်တာကြောင့် သုညသိသူဟာ အစွဲပြုတ်လို့ အစွဲကြောင့်ဖြစ်တဲ့ နောင်ဘဝ မရှိသူလို့ ယူတာ (မဟုတ်လား)

ဒါတွေဟာ သန္ဒိဋ္ဌိက မဟုတ်ကြပါဘူး ဘုရား။ တက္ကတွေပေါ့။"ဟူသော (ဓမ္မကထာစာအုပ်၊ ၉၇၊ ၉၈၊ ၉၉။) ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထားတင်ပြချက်

အထက်ပါအရှင်ဉာဏဟောပြောရေးသားသော စကား၌

တက္ကာဝစရဓမ္မ၊ သန္ဒိဋ္ဌိကာဝစရဓမ္မဟု ဓမ္မနှစ်မျိုးကို ဆိုထားသည်။

စိတ်ကူးကြံစည်မှုအာရုံကို တရားဟု လုပ်ယူထားသော တရားသည် တက္ကာဝစရ ဓမ္မမည်၏ဟု ဆိုကြပါသည်။

အရှင်ဉာဏ ဆိုထားသော "တက္ကာဝစရဓမ္မ-ကြံစည်မှု အာရုံကို တရားလုပ်ထားသည့် တရား"ဟူသော စကား၌- ကြံစည်မှုနှင့် အာရုံကို ပူးတွဲလျက် တစ်ခုတည်းကဲ့သို့ ယူထားသည်။ ၎င်းနှစ်ပါး (တက္က+အဝစရ) ကြောင့် နိဗ္ဗာန်ရခြင်း ဖြစ်ပေါ်လာကြောင်း ဆိုပါသည်။ ထို့ကြောင့် ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရသည် တက္ကာဝစရဓမ္မ ဖြစ်သည်-ဟု ဆိုထားသည်။ တက္ကာဝစရဓမ္မ ဖြစ်၍ "ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ" လမ်းစဉ်ကို မဆည်းကပ်ရဘူး၊ အားထားမှီဝဲတာ မလုပ်ရဘူး-ဟုပင် ဆိုထားပါသည်။

မြတ်ဗုဒ္ဓ ဟောပြသည့် တက္ကီဝါဒ၌

ကြံစည်မှုသည် သက်သက်။ အာရမ္မဏိကနာမ်တရား ဖြစ်၏။

အာရုံသည် သက်သက်။ တဆင့်ကြားစကား စသည်ပင် ဖြစ်၏။

၎င်းနှစ်ပါး (တက္က+အဝစရ)ကြောင့် သဿတ(မြဲ)ဝါဒ ဖြစ်ပေါ်လာကြောင်း သိရပါသည်။

http://www.dhammadownload.com



ထို့ကြောင့် အမှတ် (၃၅) စောဒနာလွှာပါ စောဒနာထားသော (ဓမ္မကထာစာအုပ်-နှာ-၉၇၊၉၈၊၉၉)တို့၌ ပါရှိသော အရှင်ဉာဏ၏ ဟောပြောချက်များသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေပါကြောင်း ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ကိုးကား၍ တင်ပြကြသည်။

အရှင်ဉာဏအလိုတက္ကာဝစရဓမ္မဟူသည်-

"ရုပ်နာမ်မြင်။ ရုပ်နာမ်မုန်းပြီး။ ရုပ်နာမ်ဆုံးတော့ အဲဒီ ဆုံးရာဟာ နိဗ္ဗာန်ပဲ။ ဒါ မြင်ရင် နောင်ဘဝ မဖြစ်တော့ဘူးဆိုတာ ကြားဘူးမှာပေါ့။ (ဒါတွေ တက္ကာဝစရတရားတွေပဲ။) ရုပ်နာမ်ဆုံးတော့ ဘာမှ မရှိဘူးဆိုပြီး အနတ္တပဲ လုပ်တာ။ အနတ္တဆိုတာ သုညဖြစ်တာကြောင့် သုည သိသူဟာ အစွဲပြုတ်လို့ အစွဲကြောင့်ဖြစ်တဲ့ နောင်ဘဝ မရှိသူလို့ ယူတာ (မဟုတ်လား) ဒါတွေဟာ သန္ဒိဋ္ဌိကတွေ မဟုတ်ကြဘူး။ တက္ကတွေပေါ့" ဟူသော စကား၌ "ရုပ်နာမ်မြင်၍ ရုပ်နာမ် မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ"ဟူသော တရားစကားသည် သန္ဒိဋ္ဌိက မဟုတ်၊ စိတ်ကူးကြံစည်မှုအာရုံကို တရားဟု လုပ်ယူထားသော တရားဖြစ်သောကြောင့် တက္ကာဝစရ ဓမ္မမည်၏ဟု ဆိုကြပါသည်။

## ဗုဒ္ဓအလိုကျ တက္ကာဝစရဓမ္မ/အတက္ကာဝစရဓမ္မ

"တက္ကယတီတိ တက္ကီ။ တက္ကော ဝါ အဿ အတ္ထီတိ တက္ကီ။ တက္ကေတွာ ဝိတက္ကေတွာ ဒိဋ္ဌိဂါဟိနော ဧတံ အဓိဝစနံ။ (ဒီ၊ ဋ္ဌ၊ ၁။ ၉၈။)

" ကြံစည်၍ အထူးထူးအပြားပြား ကြံစည်၍ မိစ္ဆာအယူကို ယူတတ်သူသည် ကြံစည် တတ်သော ကြောင့်လည်းကောင်း။ ကြံစည်ခြင်း(တက္က)ရှိသောကြောင့်လည်းကောင်း တက္ကီ မည်ပါသည်။ ဤနေရာ၌ မိစ္ဆာအယူ ဖြစ်ပေါ်လာအောင်ကြံ၍ တက္ကီဖြစ်သူ(တက္ကီဝါဒမိစ္ဆာဒိဋ္ဌိက ဖြစ်သူ) လေးဦး ရှိပါသည်။ ၎င်းတို့ကား-

"အနုဿုတိကော၊ ဇာတိဿရော၊ လာဘီ၊ သုဒ္ဓတက္ကိကောတိ။ တတ္ထ-

၁။ ယော "ဝေဿန္တရော နာမ ရာဇာ အဟောသိ"တိအာဒီနိ သုတွာ "တေန ဟိ ယဒိ ဝေဿန္တရော ဘဂဝါ၊ သဿတော အတ္တာ"တိ တက္ကယန္တော ဒိဋ္ဌိံ ဂဏှာတိ။ အယံ အနုဿုတိကော နာမ။

၂။ ဒွေ တိဿော ဇာတိယော သရိတွာ "အဟမေဝ ပုဗ္ဗေ အသုကသ္မိံ နာမ အဟောသိံ။ တသ္မာ သဿတော အတ္တာ"တိ တက္ကယန္တော ဇာတိဿရတက္ကိကော နာမ။

၃။ ယော ပန လာဘိတာယ "ယထာ မေ ဣဒါနိ အတ္တာ သုခီ ဟောတိ။ အတီတေပိ ဧဝံ အဟောသိ။ အနာဂတေပိ ဘဝိဿတိ"တိ တက္ကယိတွာ ဒိဋ္ဌိံ ဂဏှာတိ။ အယံ လာဘီ တက္ကိကော နာမ။

၄။ "ဧဝံသတိ ဣဒံ ဟောတိ"-တိ တက္ကမတ္တေနေဝ ဂဏှန္တော ပန သုဒ္ဓတက္ကိကော နာမ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၉၉။)

(၁) အနုဿုတိကတက္ကိက॰ ငါဘုရားသည် ရှေးအခါ၌ ဝေဿန္တရာမည်သောမင်းကြီး ဖြစ်ခဲ့ပြီ အစရှိသော စကားတို့ကို ကြားရ၍ အကြင်အကြောင်းကြောင့် မြတ်ဘုရားသည် ဝေဿန္တရာမင်းကြီး ဖြစ်ခဲ့၏။ ထိုသို့ဖြစ်ခဲ့ခြင်း ကြောင့် ဝေဿန္တရာသည်ပင် မြတ်ဘုရားဖြစ်လာသည်ရှိသော် အတ္တသည် မြဲ၏ဟု ကြံစည်လျက် သဿတမိစ္ဆာ အယူကို ယူမိသောသူသည် အနုဿုတိကတက္ကိက(=တဆင့်စကားကြားရ၍ ကြံစည်ခြင်းရှိသူ)မည်ပါသည်။

http://www.dhammadownload.com



(၂) ဇာတိဿရတက္ကိက=ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်ရရှိထားသော အတ္တဝါဒီအဘိညာဏ်ရ ပုဂ္ဂိုလ်သည် ရှေးနှစ်ဘဝသုံးဘဝတို့ကို အောက်မေ့သိမြင်ရ၍ ငါသည်ပင်လျှင် ရှေးအခါ၌ ဤမည်သောဘဝ၌ ဖြစ်ခဲ့ဖူးပြီ။ ထို့ကြောင့် အတ္တသည် မြဲ၏-ဟု ကြံစည်မိသောကြောင့် **ဇာတိဿရတက္ကိက**(-ဘဝဟောင်းတို့ကို အောက်မေ့ သိမြင်၍ ကြံစည်ခြင်းရှိသူ) မည်ပါသည်။

(၃) လာဘီတက္ကိက- ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ **ဓမ္မာရုံ**(တစ်ခုခု)ကို ရရှိခြင်းကြောင့် (ချမ်းသာကို ခံစားရသောအခါ) ယခုအခါ၌ ငါ၏အတ္တသည် ချမ်းသာသကဲ့သို့ ရှေးတုန်းကလည်း ငါ၏အတ္တသည် ဤနည်း အတိုင်း ချမ်းသာခဲ့ ဖူးပြီ။ နောင်အခါမှာလည်း **ငါ၏အတ္တသည်** ဤအနည်းအတိုင်း ချမ်းသာလိမ့်မည်ဟုကြံစည်၍ သဿတမိစ္ဆာ အယူကို ယူသောသူသည် လာဘီတက္ကိက(-အာရုံတစ်ခုခုကို ရရှိ၍ ကြံစည်ခြင်းရှိသူ)မည်ပါသည်။

(၄) သုဒ္ဓတက္ကိက= ဤသို့(အနိစ္စဟူ၍)ဖြစ်သည်ရှိသော် ဤသို့သောအပြစ်သည် ဖြစ်၏။ ဤသို့ (နိစ္စဟူ၍) ဖြစ်သည်ရှိသော် ဤသို့သော အကျိုးသည် ဖြစ်၏ဟု **ကြံစည်ခြင်းသက်သက်မျှသာဖြစ်လျှင်-** သဿတမိစ္ဆာအယူကို ယူမိသောသူသည် သုဒ္ဓတက္ကိက (အနုဿုတ၊ **ဇာတိဿရ** လာဘီတို့နှင့်မရောယှက်ဘဲ သက်သက်ကြံစည်ခြင်း ရှိသူ) မည်ပါသည်။

ဤလေးမျိုးတို့တွင် ပုဂ္ဂိုလ်များသာ ပါဝင်ကြပါသည်။ သို့သော်လည်း ပုဂ္ဂိုလ်ကိုကြည့်၍ ၎င်းတို့၏ ဓမ္မကိုလည်း သိရမြင်ရပါသည်။ သို့ဖြစ်၍

**တက္ကာဝစရဓမ္မဟူသည်မှာ–**

အနုဿုတ=တဆင့်ကြား၍ ကြံစည်ခြင်းဖြင့် သဿတမိစ္ဆာအယူကိုယူခြင်း။

ဇာတိဿရ=ရှေးဘဝတို့ကို အောက်မေ့သိမြင်၍ ကြံစည်ခြင်းဖြင့် **သဿတမိစ္ဆာအယူကို** ယူခြင်း၊

လာဘ= ရူပါရုံစသည်ကိုရရှိ၍ ကြံစည်ခြင်းဖြင့် သဿတမိစ္ဆာအယူကိုယူခြင်း၊

သုဒ္ဓ= ဤသို့ဖြစ်သော် ဤသို့ ဖြစ်လတ္တံ့ဟု ကြံစည်ခြင်းသက်သက်ဖြင့် သဿတမိစ္ဆာအယူကို ယူခြင်းတို့ပင် ဖြစ်ပါသည်။

အနုဿုတသဿတမိစ္ဆာဒိဋ္ဌိ၊ဇာတိဿရသဿတမိစ္ဆာဒိဋ္ဌိ၊ လာဘသဿတမိစ္ဆာဒိဋ္ဌိ၊ သုဒ္ဓသဿတ-မိစ္ဆာဒိဋ္ဌိ ဤလေးပါးသော တရားသည် တက္ကီဝါဒ(တက္ကာဝစရဓမ္မ)= သဿတမိစ္ဆာဒိဋ္ဌိ (တရား) ဖြစ်ပါသည်။

**သုညတခေါ် အနတ္တကို ထင်ရှားအောင်ပြတတ်သော မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်တို့သည်** မြတ်သော ဉာဏ်တို့၏အာရုံ (ကျက်စားရာ) ဖြစ်ခြင်းကြောင့် တက္ကဉာဏ်ခေါ် ကြံစည်ခြင်းသည် မသက်ဝင်အပ်၊ မကျင်လည်အပ်သောကြောင့် **အတက္ကာဝစရဓမ္မ** မည်ပါသည်။ လူမိုက်တို့၏အရာ မဟုတ်သောကြောင့် ပညာရှိ တို့သည်သာလျှင် (ထိုးထွင်း၍) သိအပ်သောကြောင့် ပဏ္ဍိတဝေဒနီယမည်ပါသည်။

ဥတ္တမဉာဏဝိသယတ္တာ န တက္ကေန အဝစရိတဗ္ဗာတိ အတက္ကာဝစရာ။ ဗာလာနံ အဝိသယတ္တာ ပဏ္ဍိတေဟိယေဝ ဝေဒိတဗ္ဗာတိ ပဏ္ဍိတဝေဒနီယာ။ (ဒီ၊ ဋ္ဌ၊ ၁။ ၉၃။)

**'အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။လ။ ဣဒမ္ပိ ခေါ ဌာနံ ဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ၊**

ဒီ၊ ၂။၃၁။

http://www.dhammadownload.com



## "ဝိနည်းမိုရ်ဆရာတော်များ၏ သုံးသပ်ချက်"

အမှန်အားဖြင့် ဗုဒ္ဓမိန့်ကြားသော ဗုဒ္ဓအမြင်ဖြင့် ဆိုထားသော တက္ကာဝစရမမ္မ အတက္ကာဝစရမမ္မ ပဏ္ဍိတဝေဒနီယဓမ္မတို့၏ အဓိပ္ပါယ် အရှိအတိုင်း ဆိုသည်မှန်လျှင် စောဒကတို့ တင်ပြသော တက္ကီဝါဒ လေးမျိုးသည် ပမာဏလောက်သော သာဓကမြောက်သော တင်ပြချက်များ **ဖြစ်တန်ရာပါ၏။**
**(ပမာဏလောက်၏။ မိုးပြာက တက္ကာဝစရဓမ္မဆို၏။ တက္ကာဝစရဓမ္မသရုပ်၌ မပါလျှင် အဓမ္မ)**

<u>အဘယ့်ကြောင့်ဆိုသော်</u> "ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ" ဟူသောဝါဒသည်- နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ နိဗ္ဗိဒါဉာဏ်-သင်္ခါရုပေက္ခာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ပြဆိုထားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် သွက္ခာတတာ၊ သန္ဒိဋ္ဌိကတာ၊ အကာလိကတာ၊ ဧဟိပဿိကတာ၊ ဩပနေယျိကတာ၊ ပစ္စတ္တံဝေဒိတဗ္ဗတာ(ဝိညူနံ)ဂုဏ်တို့နှင့် ပြည့်စုံသော ဝါဒသာ ဖြစ်သောကြောင့် လည်းကောင်း "ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ ဟူသောဝါဒ"သည်အထက်တွင် တင်ပြအပ်သော တက္ကီဝါဒ (တက္ကာဝစရဓမ္မ) လေးပါးတို့တွင် မပါဝင်သောကြောင့်လည်းကောင်းတည်း။

သို့သော်- အမှန်စင်စစ် မိုးပြာရှင်ဉာဏ ပြောဆိုလိုခြင်းမှာ-

'ရုပ်နာမ်မြင်၍၊ ရုပ်နာမ်မုန်းပြီး၊ ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ'ဟူသော စကားသည် မိုးပြာ "တွေးတော ကြံဆမှုတို့ဖြင့် ပြောကြားအပ်သော စကား၊ လက်တွေ့သိမြင်အပ်သည် မဟုတ်သော စကားများ ဖြစ်သည်"ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။

**[ထို့ကြောင့် စောဒကတို့ တင်ပြသော တက္ကီဝါဒလေးမျိုးကို ပမာဏလောက်သော သာဓကမြောက်သော တင်ပြချက်များအဖြစ် မယူဆနိုင်ပေ။]**

## စောဒကတို့၏ စောဒနာကြွင်းကို သုံးသပ်ချက်

အရှင်ဉာဏတို့၏ "တရားလုပ်ထားသည့် တရား"ဟူသော **စကားဖြင့် တကယ် တရားမဟုတ်ဟု** ဆိုခြင်းပင်တည်း။ ၎င်းတို့အလိုအရဆိုလျှင် "**ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ**"သည် တရား မဟုတ်ပါပဲ တရားလုပ်ထားသော တရားသာ ဖြစ်၏။

"ယင်းဖြင့် ဗုဒ္ဓဘာသာကြီး တစ်ခုလုံးကို (သို့မဟုတ် အထူးအားဖြင့် မြန်မာနိုင်ငံရှိ မိုးကုတ်ဝိပဿနာ တရားတို့ကို) အပြုတ်နှံထားခြင်းပင် ဖြစ်ပါသည်။"ဟူသော စောဒကတို့၏ စကား-

"အရှင်ဉာဏတို့သည် ပရမတ္ထခေါ် ရုပ်နာမ်တို့ကိုလည်းကောင်း၊ ပရမတ္ထသစ္စာတို့ကိုလည်းကောင်း၊ အဘိဓမ္မာကျမ်းတို့ကိုလည်းကောင်း လုံးဝပယ်ထားသူများသာတည်း။ ဤသို့သော ရုပ်နာမ်တို့ကိုပယ်ခြင်းဖြင့် အရှင်ဉာဏတို့သည် အဓမ္မဝါဒီများဖြစ်၍

အနတ္တကို ပယ်သူများ၊ ဒုက္ခကို ပယ်သူများ၊ အနိစ္စကို ပယ်သူများ
တဖန် အနိမိတ္တမဂ်ဖိုလ်နိဗ္ဗာန်ကို ပယ်သူများ၊ အပ္ပဏိဟိတမဂ်ဖိုလ်နိဗ္ဗာန်ကို ပယ်သူများ၊
သုညတမဂ်ဖိုလ်နိဗ္ဗာန်ကို ပယ်သူများ၊ တဖန် သဒ္ဓိန္ဒြေကို ပယ်သူများ၊ သမာဓိန္ဒြေကို ပယ်သူများ၊
ပညိန္ဒြေကို ပယ်သူများ၊ တဖန် အလောဘကို မသိသူများ၊ အဒေါသကို မသိသူများ၊
အမောဟကို မသိသူများ ဖြစ်ကြပါသည်။ လောဘ ဒေါသ မောဟတို့ကို နားမလည်သူများ
ပေတည်း။

http://www.dhammadownload.com


ထို့ကြောင့် ခန္ဓာငါးပါးခေါ် အနတ္တ၏ သုညတအဖြစ် (**အနတ္တလက္ခဏာ**)ကို မြင်သော ယောဂီသည် သင်္ကာယခေါ် ခန္ဓာငါးပါးတို့၌ အတ္တဒိဋ္ဌိစွဲ(တဏှာစွဲ **မာနစွဲ**) ကင်းပြတ်ပြီး နိဗ္ဗာန်ရကြောင်းကိုလည်း နားမလည် သူများပင် ဖြစ်ကြပါတော့သည်။"**ဟူသော စောဒကတို့၏ စကား**။

ဤအထက်ပါ စောဒကတို့၏ စကားများသည် အရှင်ဉာဏ**၏** ဟောပြောချက်များအပေါ် စောဒနာမှုနှင့် မသက်ဆိုင်သကဲ့သို့ ရှိ၏။

## စောဒကတို့၏ စောဒနာအချို့ကို သုံးသပ်ချက်

"ဤနေရာ၌ နောင်ဘဝ မရှိဟုယူခြင်းသည် တက္ကဝစရမှုဖြစ်ကြောင်း ရှင်မိုးပြာက ဆိုလေရာ- ၎င်းတက္ကာဝစရမှုကို မဆည်းကပ်ရဟုလည်း ဆိုထားခြင်းကြောင့် နောက်ဘဝရှိ၏ဟု ယူမှသာ အတက္ကာဝစရမှု သို့မဟုတ် သန္ဒိဋ္ဌိကာဝစရမှုဖြစ်သည်ဟုပင် အဓိပ္ပာယ် ပေါက်လျက်ရှိပါသည်။ ရှင်မိုးပြာသည် ပုဗ္ဗာပရပက္ခ= ရှေ့စကားမှ နောက်စကားစုမျှကိုပင် တည့်အောင်ဆိုနိုင်သောသူ မဟုတ်ကြောင်းတွေ့ရပြီး အပဋိဃာတ၊ မုဋ္ဌသစ္စပုဂ္ဂိုလ် ဖြစ်ကြောင်း **သိရပါသည်ဘုရား**။"ဟူသော စောဒကတို့၏ စကားသည် အရှင်ဉာဏ၏ စကားလိုရင်း မမိသကဲ့သို့ ရှိ၏။ **အကြောင်းကား**- "နောင်ဘဝ မရှိဟု ယူခြင်းသည် တက္ကဝစရမှုဖြစ်ကြောင်း" အရှင်ဉာဏဆိုသော စကားသည် ၎င်းကိုယ်တိုင် ယင်းသို့ နောက်ဘဝ ရှိသည်ဟု ယူသည်ကို ဆိုသည် မဟုတ်။

"ရုပ်နာမ်ဆုံးတော့ ဘာမှ မရှိဘူးဆိုပြီး အနတ္တပဲ လုပ်တာ။ **အနတ္တ**ဆိုတာ သုညဖြစ်တာကြောင့် သုည သိသူဟာ အစွဲပြုတ်လို့ အစွဲကြောင့်ဖြစ်တဲ့ နောင်ဘဝ မရှိသူလို့ ယူတာ (မဟုတ်လား) ဒါတွေဟာ သန္ဒိဋ္ဌိကတွေ မဟုတ်ကြဘူး။ တက္ကတွေပေါ့"ဟူသော စကားကို သေချာ **စိစစ်ကြည့်လျှင် "အစွဲကြောင့်ဖြစ်တဲ့** နောင်ဘဝ မရှိသူလို့ ယူတာ။လ။ ဒါတွေဟာ တက္ကတွေပေါ့" ဟု **ပါရှိ၏**။ ရုပ်နာမ်ဆုံးတာကို **အနတ္တလို့** လုပ်သူ။ သုညကို သိသူ၏ အတ္တဟု စွဲလန်းမှုကြောင့် နောင်ဘဝ ရှိတယ်လို့ ယူဆထားသော နောင်ဘဝကို ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် စောဒကတို့၏ အထက်ပါ စကားသည် **အရှင်ဉာဏ၏** စကားလိုရင်း မမိသကဲ့သို့ ရှိ၏။

---

ရှင်မိုးပြာသည် တက္ကာဝစရတရားကို အဓိပ္ပါယ်ဖွင့်ရာ၌ 'တက္ကဆိုတာ စိတ်ကူးကြံစည်မှု၊ အဝစရဆိုတာ အာရုံ၊ တရားဆိုတာ ဆောင်စရာပေါ့၊ ကြံစည်မှုအာရုံကို တရားလုပ်ထားတဲ့တရားဟာ တက္ကာဝစရဖြစ်တယ်' ဟု **အဓိပ္ပါယ်ဖွင့်ဆိုထားရာ ပါဠိသဒ္ဒါ အခြေခံကို သင်ခဲ့ရဟန် မရှိ။ သင်ခဲ့ရပြန်လျှင်လည်း ဂရုမစိုက်သူ** ဟု သိရပြန်၏။ 'တက္ကာဝစရမှု= ကြံစည်မှုဟူသော အာရုံ' ဟူ၍ လွဲမှားသော အဓိပ္ပါယ်ထွက်နေပေသည်။ မိုးပြာ ရှင်ဉာဏကို မေးခွန်းထုတ်သင့်၏။ 'အို အရှင်မိုးပြာ၊ အရှင်ပြောဟောနေသော စကားများသည်သာ တက္ကာဝစရတွေ၊ ကြံစည်တွေးဆ စိတ်ကူးစိတ်သန်း ဖြန်းရမ်း နေသော စကားတွေ မဟုတ်ပေဘူးလား ? ' ဟု မေးခွန်း ထုတ်သင့်၏။

' **ရုပ်နာမ်မြင်၍၊ ရုပ်နာမ်မုန်းပြီး၊ ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ'ဆိုသော စကားများသည်** သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်များနှင့် အညီ ပြောဆိုအပ်သော စကားများ၊ မိမိတို့ကိုယ်တိုင် ဝိပဿနာကမ္မဋ္ဌာန်းတရားများကို **ကြိုးစားအားထုတ်၍ အာဂမသုတ အဓိဂမသုတနှင့် ပြည့်စုံတော်မူသော သူတော်ကောင်းကြီးများ၏** တကယ်လက်တွေ့ သိမြင်အပ်သည့်အတိုင်း ပြောဆို အပ်သော စကားများသာ ဖြစ်သည်။

http://www.dhammadownload.com



ရှင်မိုးပြာသည် ကျမ်းဂန်သုတ၊ နည်းမှန်လမ်းမှန် ရရှိအောင်လည်း မလေ့လာ၊ နည်းမှန်လမ်းမှန်စွာဖြင့် အဓိဂမသုတရှိအောင်လည်း အားထုတ်ခြင်း မရှိဘဲ 'စာထဲကအတိုင်းမြင်ရင် မပြုစုနဲ့၊ ပြုစုရင် စာထဲကအတိုင်း မမြင်နဲ့။ တပည့်တော်တို့တတွေအားလုံး (ပ) လူညံ့တွေ ဖြစ်နေကြတာ။ (ပ) ဒီလို လူညံ့တွေ၊ သံသယဝါဒီတွေ၊ ခွကျသူတွေ မဖြစ်ချင်ရင် တက္ကာဝစရတရားတွေကို မဆည်းကပ်နဲ့'ဟု ဟောပြောရေးသားခြင်းသည် သင်္ဂါယနာ ခြောက်တန် တင်ထားအပ်သော ပိဋကတ်စာပေတွေကို တော်လှန်ဖျက်ဆီးဖို့ အားထုတ်နေသူကြီး ဖြစ်ပေသည်။

တကယ်စင်စစ် မိုးပြာရှင်ဉာဏသည်သာလျှင် စာလာပေလာအတိုင်း မသိရှိ၊ မလိုက်နာ၍ သံသယဝါဒီ ဖြစ်နေရ၏။ ခွကျသူမျှမက လူ့စောက်ထိုးမိုးမျှော် သွားနေသူကြီး ဖြစ်ရ၏။ ဒီလို အဖြစ် ရောက်နေသည်ကိုပင် ရောက်မှန်း သိဟန် မတူ။ ပိဋကတ် စာလာပေလာ ကျင့်ကြံ နေထိုင်သူများ၊ အမြင်မှန်ရှိသူများကိုပင် လူညံ့တွေ လူနုံတွေ အဖြစ်ရောက်အောင် စော်ကားပြလိုက် ပေသေးသည်။

ဤနေရာ၌ မိုးပြာရှင်ဉာဏက တက္ကာဝစရတရားတွေပါ ဟု စွပ်စွဲပြောဆိုထားသော 'ရုပ်နာမ် မြင်၊ ရုပ်နာမ်မုန်း၊ ရုပ်နာမ်ဆုံးတော့၊ နိဗ္ဗာန်ရ'ဟူသော စကားရပ်ကို ပိဋကတ်လာအတိုင်း ထုတ်ပြ ရှင်းပြဦးအံ့-

## ၆။ ကျမ်းဂန်များ၏ အဆို

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားရှင်အဖြစ် ရောက်တော် မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားဦးဒေသနာတော်ကို ဟောတော်မူ၏။ ၎င်းရဟန်းတော်ငါးပါးတို့အား ဝါဆိုလပြည့်ကျော်ငါးရက်နေ့တွင် အနတ္တလက္ခဏသုတ္တန်တရားတော်ကို ဟောတော်မူ၏။ ၎င်းသုတ္တန်၏ အဆုံးပိုင်းတွင် -

> ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ 'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယ ' တိ ပဇာနာတိ။ (ဝိ၊ ၃၊ ၂၀)
>
> **မြန်မာပြန်** -
>
> ရဟန်းတို့ အကြားအမြင်နှင့်ပြည့်စုံသော ဘုရားတပည့်အရိယသာဝကသည် ဤပြခဲ့သည့် အတိုင်း (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို ငါမဟုတ်၊ ငါ့အတ္တမဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားမျှသာ ဟု) သိမြင်လျှင် ရုပ်၌လည်း မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ ဝေဒနာ၌လည်း မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ သညာ၌လည်း မပျော်မွေ့ ငြီးငွေ့လေတော့ သည်၊ စိတ်ဝိညာဏ်၌လည်း မပျော်မွေ့ ငြီးငွေ့လေတော့သည်။ ငြီးငွေ့လတ်သော် တပ်မက်မှု ကင်းကာ အရိယမဂ် ဖြစ်လေတော့၏။ တပ်မက်ကင်းကာ အရိယမဂ်ဖြစ်ခြင်းကြောင့် (အာသဝေါ ကိလေသာတို့မှ) လွတ်မြောက်သွားလေတော့၏။ လွတ်မြောက်ပြီးလတ်သော် ကိလေသာမှ စိတ်လွတ်သွားပြီ ဟု ဆင်ခြင်လျက် အသိဉာဏ်ဖြစ်လေတော့သည်။ ဘဝအသစ်ဖြစ်မှုကုန်ပြီ။ ရှုသိမှုဟူသော အကျင့်မြတ်ကို ကျင့်သုံးပြီးဖြစ်လေပြီ။ (သိသင့်သမျှ သိအောင်) ပြုမှုကိစ္စကို ပြုလေပြီ။ ဤကိစ္စအတွက် အခြားပြုဖွယ်သည် မရှိတော့ပြီ။ ဤသို့ ဆင်ခြင်လျက်သိလေတော့သည်။
>
> **ဤဒေသနာတော်၌**- 'ဧဝံ ပဿံ' ဖြင့် **ရုပ်နာမ်မြင်ခြင်းကို** ပြ၏။
>
> 'ရူပသ္မိမ္ပိ ။ပ။ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ'ဖြင့် **ရုပ်နာမ်မုန်းခြင်းကို** ပြ၏။
>
> 'နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ'ဖြင့် **ရုပ်နာမ်ဆုံး၍ မဂ်ဖိုလ်နိဗ္ဗာန်ရပုံကို** ပြ၏။

http://www.dhammadownload.com


ထို့ကြောင့်-မြတ်စွာဘုရားက သမ္မသနဉာဏ်မှ ဘင်ဉာဏ်အထိ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာအားဖြင့် ရှုမြင်သိရှိပုံကို 'ဇဝံ ပဿံ=ဤသို့ မြင်လျှင်'ဟူသော စကားဖြင့် ဟောတော်မူပြီး ဘင်ဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်အထိ ဖြစ်ပုံကို 'နိဗ္ဗိန္ဒတိ=ငြီးငွေ့၏'ဟူသော စကားဖြင့် ဟောတော်မူသည်။ 'နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ=ဟူသော စကားဖြင့် ရုပ်နာမ် အာရုံဆုံး၍ နိဗ္ဗာန်အာရုံပြုကာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရပုံကို ဟောတော်မူသည်။

ထို့ကြောင့်-'ရုပ်နာမ်မြင်၊ ရုပ်နာမ်မုန်း၊ ရုပ်နာမ်ဆုံးတော့ နိဗ္ဗာန်ရ'ဟူသော စကားသည် မြတ်ဗုဒ္ဓ ဒေသနာတော်နှင့် ညီညွတ်သော စကားတော်ဖြစ်ပေသည်။

သို့ပါ၍ စောဒကဆရာတော်များဆိုထားသော "နာမရူပပရိစ္ဆေဒဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ပြဆိုထားသော စကားဖြစ်ကြောင်းနှင့် သွက္ခာတတာ၊ သန္နိဋ္ဌိကတာ-စသော တရားဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံသောဝါဒသာဖြစ်ကြောင်း" စောဒနာထားသော စကားရပ်သည်လည်း အလွန်ပင် တိကျ မှန်ကန်လှကြောင်း သုံးသပ်ရပေသည်။

ထိုကဲ့သို့ သိမြင်သည့် ဉာဏ်အမြင်ကို ရရာ၌လည်း ရှင်မိုးပြာပြောသကဲ့သို့ တက္ကာဝစရဖြင့်-သိမြင်နိုင်သော အရာမဟုတ်ပေ။ ထို့ကြောင့် ဘုရားရှင်က'သုတဝါ'ဟု ဟောတော်မူထားခြင်းဖြစ်၏။

'သုတ'ဟူသည် အာဂမသုတ၊ အဓိဂမသုတ ဟု နှစ်မျိုးရှိရာ ဤနေရာ၌ ဥပါဒါနက္ခန္ဓာ ရုပ်နာမ်နှစ်ပါးတို့ကို ဝိပဿနာရှုမှတ်ပွါးများပုံကို နည်းလမ်းမှန်စွာ ဆရာသမားကောင်းများထံ၌ လေ့လာမှတ်သားနာယူခြင်းသည် အာဂမသုတ(အကြား=သုတ)ဖြစ်၏။ နည်းလမ်းမှန်စွာ လေ့လာမှတ်သားထားသည့်အတိုင်း ကျင့်ကြံကြိုးစား အားထုတ်သဖြင့် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဝိပဿနာ ဉာဏ်စဉ်များ အဆင့်ဆင့် မြင့်တက်ကာ ပိုင်းခြား သိမြင်ခြင်းသည် အဓိဂမသုတ(အမြင်=သုတ)ဖြစ်၏။ ဤသို့ အာဂမသုတ၊ အဓိဂမသုတ နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ' သုတဝါ 'ဟု ခေါ်ပေသည်။

ထိုကဲ့သို့သော သုတနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ရုပ်နာမ်၊ ရုပ်နာမ်သဘာဝ၊ အကြောင်း အကျိုး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိမြင်ခြင်းကား တွေးတောကြံဆ၍ သိအပ်သော တက္ကာဝစရ မဟုတ်။ လက်ပေါ် တင်ထား ပတ္တမြားကဲ့သို့ ထင်ရှားစွာ သိမြင် အပ်သော အသိအမြင်များပင် ဖြစ်ပေသည်။ ယင်းသို့ ထင်ရှားစွာ သိမြင်လျက် တသွင်သွင် မပြတ်စီးနေသော ရေအလျဉ်ကို ကြည့်ရှုနေရသကဲ့သို့ ဝိပဿနာ ဉာဏ်ဖြစ်ဆဲ၌ တစ်ခုပြီးတစ်ခု မကုန်ဆုံးနိုင်အောင် ဖြစ်ပျက်လျက် ထင်ရှားနေသော ရုပ်နာမ်အလျဉ်ကို အဆင့်ဆင့် နှလုံးသွင်း ကြည့်ရှု မှတ်သိလျက် ရှိပေသည်။

ထိုသို့ မှတ်သိနေဆဲမှာပင် အထူးသွက်လက် ထင်ရှားစွာသော ဝုဋ္ဌာနဂါမိနီ အသိများဖြစ်ပေါ်ပြီးလျှင် ယောဂီ၏စိတ်သည် မှတ်သိနေကျဖြစ်သော ရုပ်နာမ်အလျဉ်ကို နှလုံးမသွင်းမိတော့ဘဲ ထိုမပြတ်ဖြစ်နေသော ရုပ်နာမ်အလျဉ်မှ ပြောင်းပြန်ဆန့်ကျင်သောသဘောထဲသို့ ဝင်သွားသလိုပင် ကျရောက်သွား၏။ မပြတ်ဖြစ်နေသော ရုပ်နာမ်အလျဉ်မှ ပြောင်းပြန်ဆန့်ကျင်သောသဘောဟူသည်မှာ မပြတ်ဖြစ်နေသော ရုပ်နာမ်အာရုံနှင့် မှတ်သိမှုတို့၏ ချုပ်ငြိမ်းခြင်း ကင်းဆိတ်ခြင်း (=နိဗ္ဗာန်)ပင်တည်း။ ကျရောက်သွားသော စိတ်ဟူသည်မှာလည်း ဂေါတြဘုစိတ်၊ မဂ်စိတ်၊ ဖိုလ်စိတ်ပင်တည်း။ ဤသို့ကျရောက်သွားလျှင် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မျက်မှောက် ပြုသည် မည်ပေသည်။ ( မိလိန္ဒပဉ္စာပါဠိတော် ။၃၁၁။) (မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်း ကျမ်း၊ ဒုတိယအုပ်။ ၂၅၂။)

http://www.dhammadownload.com



ရှင်မိုးပြာက " ဒါမြင်လျှင် နောင်ဘဝ မဖြစ်တော့ဘူး ဆိုတာ တက္ကတရားပဲ။ ရုပ်နာမ်ဆုံးတော့ ဘာမှ မရှိဘူးဆိုပြီး အနုတ္တပဲ လုပ်တာ။ အနုတ္တဆိုတာသုညဖြစ်တာကြောင့် သုညသိသူဟာ အစွဲပြတ်လို့ အစွဲကြောင့် ဖြစ်တဲ့ နောင်ဘဝမရှိသူလို့ ယူတာပဲ။ ဒါတွေဟာ သန္တိဋ္ဌိက မဟုတ်ကြပါဘူး။ တက္က-တွေပေါ့" ဟု ဆိုထားပြန်သေးသည်။

ယင်း စကားရပ်၌ စောဒကဆရာတော်များက 'နောင်ဘဝမရှိ'ဟု ယူခြင်းသည် တက္ကာဝစရဓမ္မ ဖြစ်သည်ဟု ဆိုသည့်အတွက် 'နောင်ဘဝ ရှိ၏'ဟု ယူမှုသာ အတက္ကာဝစရဓမ္မ (သို့မဟုတ်) သန္တိဋ္ဌိကဓမ္မ ဖြစ်သည်ဟု အဓိပ္ပါယ်စကားကျ ထွက်နေကြောင်း၊ ရှေ့နောက်စကားကိုမျှ တည့်အောင် ဆိုနိုင်သူ မဟုတ်ကြောင်း စောဒနာကြပေသည်။ တကယ်ပင် စောဒနာထိုက်သော စကားဖြစ်ပေသည်။

ရှေ့တွင် ထုတ်ပြအပ်သော ပါဠိတော်၌ -

'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ'

ဟု ဟောတော်မူထား၏။

ထိုတွင် 'ခီဏာ ဇာတိ= ဘဝသစ်ဖြစ်မှု ကုန်ပြီ' ဟု ဆိုရခြင်းမှာ 'ရဟန္တာဟု ခေါ်ရသည့် ရုပ်နာမ်ခန္ဓာ အစဉ်သည် ပရိနိဗ္ဗာနစုတိစိတ်ဖြင့် ဆီမီးတောက်ကလေး ငြိမ်းသလိုပင် ငြိမ်းသွားပေသည်။ ဆီနှင့် မီးစာထည့်ပြီး ထွန်းရသော ဆီမီးခွက်ကလေး၌ ဆီလည်း ရှိ၊ မီးစာလည်း ရှိနေမည်ဆိုပါက မီးတောက် အသစ် အသစ်ကလေးတွေသည် မပြတ် ဖြစ်နေပေသည်။ အောက်မှ တောက်လောင်ပြီး တက်တက်လာကာ အထက်၌ အခိုးအငွေ့ ဖြစ်ကာ ပျောက်ပျောက်သွား၏။ သို့သော်- သာမန်အမြင်အားဖြင့်ကား မီးတောက်ကလေး တစ်ခုတည်း အမြဲ တည်ရှိ နေသည်ဟု ထင်ရပေသည်။ ဤအတူပင် သတ္တဝါတို့၏ သန္တာန်၌ ရုပ်နာမ်ခန္ဓာများသည်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသော အကြောင်းများရှိနေသမျှ ကာလပတ်လုံး အသစ်အသစ်ဖြစ်ပြီး ခဏမစဲ ပျောက်ပျက် သွားကြ၏။ သို့သော်- ပုဂ္ဂိုလ်များ၏ အမြင်အားဖြင့်ကား မြင်တာ၊ ကြားတာ စသည်များကို အမြဲတည်ရှိနေသည် ဟု ထင်မှတ်တတ်ကြသည်။ ဆီမီးတောက်ကလေး အသစ်အသစ် ဖြစ်ပျက်ပုံနှင့် ရုပ်နာမ်ခန္ဓာတို့၏ အသစ်အသစ် ဖြစ်ပျက်ပုံ တူညီနေကြောင်း သိရပေသည်။

ဆီမီးခွက်၌ ဆီနှင့်မီးစာ ကုန်သွားသည့်အခါ၌ကား နောက်ဆုံးတောက်လောင်သော မီးတောက် ကလေး အထက်မှာ အခိုးအငွေ့ဖြစ်ပြီး ငြိမ်းပျောက်သွားလျှင် မီးတောက်အသစ်လည်း မပေါ်လာတော့သည့် အတွက် တစ်ခါတည်း လုံးဝ ပျောက်ပျက်သွားပေသည်။ ရဟန္တာပုဂ္ဂိုလ်များ၏ ရုပ်နာမ်ခန္ဓာတွေ ချုပ်ငြိမ်း သွားပုံသည်လည်း ထိုနောက်ဆုံး မီးတောက်ကလေး ချုပ်ငြိမ်းသွားသကဲ့ပင် ဖြစ်ပေသည်။ ဝိပဿနာ ရှုမှတ် ပွါးများ၍ အရဟတ္တမဂ်ဉာဏ်ဖြင့် အငြိမ်းဓာတ်နိဗ္ဗာန်ကို မြင်တွေ့ရသောအခါ အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသာတွေ မဖြစ်နိုင်တော့ဘဲ လုံးဝ ငြိမ်းသွားကြပေသည်။ ကိလေသာတွေ ငြိမ်းသွားခြင်းကြောင့် ရှိပြီးကံများလည်း ဘဝသစ်ကို အကျိုးမပေးနိုင်တော့ဘဲ ငြိမ်းသွားကြပေသည်။ ဘဝသစ်ကို ဖြစ်စေတတ်သော ကံလည်း မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော ဘဝသစ် ရုပ်နာမ် များလည်း မဖြစ်နိုင်တော့ခြင်း ဖြစ်သည်။ ဤသို့ ကိလေသာ၊ ကံ၊ ဝိပါက် ဟူသော ဝဋ်ဆင်းရဲအားလုံး ငြိမ်းပျောက် သွားခြင်းသည် အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အငြိမ်းဓာတ်ကို မျက်မှောက်ပြုနိုင်သောအခါ၌ ပြီးစီး သွားရပေသည်။ ဤသို့ပြီးစီးသွားခြင်းဖြင့် ဘဝသစ်ကိုဖြစ်စေတတ်သော ကံ၊ ကိလေသာတရားတွေ ကင်းငြိမ်းသွားကြောင်း သိလိုက်ရသည်ဖြစ်ရာ ဘဝသစ်ဖြစ်မှုကုန်ပြီ ဟု သိမြင်လိုက်ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ပရိနိဗ္ဗာနစုတိနှင့်တကွ နောက်ဆုံးရုပ်နာမ်တွေ ချုပ်ပျောက်**သွားသော (=အနုပါဒိသေသ ပရိနိဗ္ဗာန်)** အခါ၌ကား ဘဝသစ်ရုပ်နာမ် မဖြစ်လာတော့သည့်အတွက် တစ်ခါ**တည်း ငြိမ်း**ပျောက်သွား တော့သည်။ ဤသည်မှာ ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာများ **ငြိမ်းသွားခြင်း ဖြစ်**ပေသည်။

**ဆက်၍ ဆိုရန်ရှိသေး၏**- ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာတွေ ငြိမ်းသွားခြင်းသာ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ ပျောက်ကွယ်သွားသည်ကား မဟုတ်ပေ။ ပုဂ္ဂိုလ်သတ္တဝါဟု အစွဲအလမ်း ရှိနေကြသူများ အတွက် ရဟန္တာပုဂ္ဂိုလ် ကွယ်ပျောက်သွားသည်ဟု ထင်မှတ်ပြောဆို နေကြ၏။ 'ပုဂ္ဂိုလ်သတ္တဝါ ကွယ်ပျောက် သွားတယ်' ဟု ထင်မြင်စွဲလမ်းလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

စင်စစ်မှာကား- ပုဂ္ဂိုလ်သတ္တဝါဟူသည် မူလကပင် **တကယ်အရှိ မဟုတ်၊ အသစ် အသစ်** မပြတ် ဖြစ်နေသော ရုပ်နာမ်အစဉ်သန္တာန်ကိုပင် ပုဂ္ဂိုလ်သတ္တဝါ ဟု ခေါ်ဝေါ်**ခြင်းဖြစ်သည်**။ ရဟန္တာ ဟူသည်မှာလည်း ရုပ်နာမ်ခန္ဓာအစဉ်မျှသာတည်း။ ရုပ်နာမ်ခန္ဓာအစဉ်မှအလွတ် ပုဂ္ဂိုလ်သတ္တဝါဟူ၍ အသီးအခြားရှိသည်ကား မဟုတ်ပေ။

ထို့ကြောင့်-'ရဟန္တာပုဂ္ဂိုလ် ငြိမ်းသွားသည်' ဟူသည်မှာ **ရဟန္တာဟု ခေါ်ဝေါ်ရသော ရုပ်နာမ် ခန္ဓာအစဉ်အသစ် ဖြစ်ပေါ်မလာ**တော့ဘဲ ပြတ်စဲချုပ်ငြိမ်းသွားခြင်းသာ **ဖြစ်သည်**-ဟု ဆိုရခြင်းဖြစ် ပေသည်။

မိုးပြာရှင်ဉာဏသည်ကား ဤမျှလေးနက်၍ ယုတ္တိလည်းခိုင်မာသော သဘောတရားများကို လက်ခံနိုင်ခြင်း မရှိသည်ကို တွေ့မြင်ကြရပေသည်။ သူသည် သဒ္ဓါတရားဟူသော **လက်နှစ်ဖက်လုံး အရင်းမှပင် ပြတ်နေသူ ဖြစ်ရာ ရတနာသဖွယ်ဖြစ်သော တရားသဘောများကို ကောက်ယူသုံးစွဲနိုင်ခြင်း ရှိသူ** မဖြစ်ရသည်မှာကား အံ့ဩစရာတော့ မဟုတ်လှပေ။ ထို့ကြောင့်ပင်-'ရုပ်နာမ်မြင်၊ ရုပ်နာမ်မုန်း၊ ရုပ်နာမ်ဆုံးတော့ ဘာမှမရှိဘူး'ဆိုပြီး အနတ္တပဲ လုပ်တာ၊ အနတ္တဆိုတာ သုညဖြစ်တာကြောင့် သုညသိသူဟာ အစွဲပြတ်လို့ အစွဲကြောင့်ဖြစ်တဲ့ နောက်ဘဝမရှိဘူးလို့ ယူတာပဲ။ ဒါတွေဟာ **သန္ဒိဋ္ဌိက မဟုတ်ကြဘူး၊** တက္ကတွေပေါ့' ဟု တွေးမှား၊ ကြံမှား၊ ပြောမှား၊ ရေးမှား ရှာပေသည်။

တကယ်တော့ မိုးပြာရှင်ဉာဏ ပြောစကားများသည်သာ **တက္ကဖြစ်ရုံမျှမက** မိစ္ဆာဝိတက္ကများ ဖြစ်နေ ပေသည်။ ရှေး၌သုံးသပ်တင်ပြခဲ့သည့်အတိုင်း-ရုပ်နာမ်မြင်၊ ရုပ်နာမ်မုန်း၊ ရုပ်နာမ်ဆုံးတော့ နိဗ္ဗာန်ရသော ဝါဒသည် **'ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော' စသော တရားတော်နှင့်အညီ ပြောဆိုထားသော** ဝါဒဖြစ်သည်။ တက္ကမဟုတ်။ 'အာဂမသုတ'သာ မက 'အဓိဂမသုတ'ပါ ပြည့်စုံတော် မူကြသော အရိယာ သူတော်ကောင်းတွေ မုချဆတ်ဆတ် မြင်တွေ့အပ်သော တရားသဘောတွေဖြစ်၍ 'ပဏ္ဍိတဝေဒနီယတရားများ' ဖြစ်ကြ၏။ **တွေးတောကြံစည်အပ်သော ဉာဏ်သည် သက်ဝင်နိုင်သော** အရာများ မဟုတ်ကြ၍ 'အတက္ကာဝစရဓမ္မများ' ဖြစ်ကြပါပေသည်။

ထို့ကြောင့်- ဤအမှတ်(၃၅)ပါ စောဒနာအပ်သော ရှင်မိုးပြာ ဟောပြောရေးသားထားသော စကားများသည် ပိဋကတ်ကျမ်းနှင့် အရှေ့ အနောက်ပမာ လွဲချော်တိမ်းယိမ်းနေသော စကားများ **ဖြစ်နေကြကြောင်း ဝိနည်းဓိုရ်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြပါသည်။**

အထက်တွင် တင်ပြအပ်သော တက္ကီဝါဒ(တက္ကာဝစရဓမ္မ)လေးပါးတို့တွင် (ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရဟူသောဝါဒ)သည် မပါဝင်ပါဘဲလျက် **"ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ"ဟူသော ဝါဒကို အရှင်ဉာဏတို့က တက္ကာဝစရဓမ္မဟု ဆိုထားခြင်းသည်** ပါဠိတော်အဋ္ဌကထာစကား တို့နှင့် ဆန့်ကျင်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



## ဆုံးဖြတ်ချက်

ထို့ကြောင့် "ရုပ်နာမ်မြင်၍ ရုပ်နာမ်မုန်းပြီး ရုပ်နာမ်ဆုံးက နိဗ္ဗာန်ရ-"ဟူသည် တက္ကာဝစရစမ္မဖြစ်သည်- ဟူသော အရှင်ဉာဏ၏ ဟောပြော ရေးသားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၃၆)စောဒနာလွှာ စိစစ်သုံးသပ်ချက်

ဓမ္မဝိဟာရီဋ္ဌေရတုပူဇာ၊ ရှေ့ဖုံးအတွင်း၌ မိုးပြာရှင်ဉာဏ စိတ်ကြိုက် ဘာသာပြန်ဆိုထားသော-

(က) ၁။ "ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

ခံနိုင်ရည်ထား၊ ခံစားစွဲကွာ။
အခွင့်ပေးလွှတ်၊ ညှဉ်းသတ်အရာ၊
ပဗ္ဗဇိတ၊ သမဏမည်စွာ၊
ဩဝါဒ၊ ဗုဒ္ဓသာသနာ။

(ခ)၂။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

လောကီမဂ်ဆိုး၊ ကံမျိုးပယ်ခွါ၊
လောကုတ်ကံပဂ်၊ ဖြည့်စွက်ကျင့်ရာ၊
အာရုံသိကြ၊ ပမာဏမှန်စွာ၊
ဩဝါဒ၊ ဗုဒ္ဓဒေသနာ။

(ဂ) ၃။ အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသနံ။

မစွပ်မစွဲ၊ ညှဉ်းဆဲရှောင်ရာ၊
အိပ် စား သမ္မ၊ ပမာဏသိခါ၊
လွတ်မြောက်စိတ်ဓါတ်၊ မချွတ်ယှဉ်ပါ၊
ဩဝါဒ၊ ဗုဒ္ဓသာသနာ" ဟူသော

ဓမ္မဝိဟာရီဋ္ဌေရတုပူဇာ၊ ရှေ့ဖုံးအတွင်း။ ဘာသာပြန်စကားသည် ဩဝါဒပါတိမောက်ပါဠိတော်ကို ရှင်မိုးပြာ ဂိုဏ်းဝင်တို့က သူတို့ကြိုက်သလို ဘာသာပြန်ထားခြင်းဖြစ်၍ ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဘာသာပြန်စကားကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

(က) ခန္တီတိ ယာ ဧသာ တိတိက္ခာသင်္ခါတာ ခန္တီ နာမ၊ ဣဒံ ဣမသ္မိံ သာသနေ ပရမံ ဥတ္တမံ တပေါ။ ဓမ္မ၊ ဋ္ဌ၊၂။ ၁၅၄။

အထက်ပါ အဋ္ဌကထာအဖွင့်နှင့်အညီ-

http://www.dhammadownload.com


သည်းခံခြင်းဟုဆိုအပ်သော ခန္တီသည် မြတ်သောအကျင့်တည်း၊ တဏှာမှ လွတ်မြောက်သော နိဗ္ဗာန်ကို အမြတ်ဆုံးဟု မြတ်စွာ ဘုရားရှင်တို့ ဟောကြားတော်မူခဲ့ကြပါသည်။

သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်သူသည် ရဟန်းမဟုတ်၊ ရဟန်းသည် သူတစ်ပါးကို မညှင်းဆဲ မသတ်ဖြတ်ဟု အဓိပ္ပါယ်ရပါမည်။

(ခ) "သဗ္ဗပါပဿာတိ သဗ္ဗဿ အကုသလကမ္မဿ၊ ဥပသမ္ပဒါတိ အဘိနိက္ခမနတော ပဋ္ဌာယ ယာဝ အရဟတ္တမဂ္ဂါ ကုသလဿ ဥပ္ပါဒနံစေဝ ဥပ္ပါဒိတဿ စ ဘာဝနာ။ သစိတ္တပရိယောဒပနန္တိ ပဉ္စဟိ နီဝရဏေဟိ အတ္တနော စိတ္တဿ ဝေါဒါပနံ။ ဧတံ ဗုဒ္ဓါနသာသနန္တိ သဗ္ဗဗုဒ္ဓါနံ အယမနုသိဋ္ဌိ"။ (ဓမ္မ၊ ဋ၊ ၂။ ၁၅၄။)

အထက်ပါ အဋ္ဌကထာအဖွင့်နှင့်အညီ-

"အလုံးစုံသော အကုသိုလ်တရားကို မပြုခြင်းသည်လည်းကောင်း၊ အလုံးစုံသော ကုသိုလ် တရားကို ပြည့်စုံအောင် ပွါးများအားထုတ်ခြင်းသည်လည်းကောင်း၊ မိမိစိတ်ကို နီဝရဏငါးပါးတို့မှ စင်ကြယ်စေခြင်းသည် လည်းကောင်း ဤသုံးပါးသည် အလုံးစုံသောမြတ်စွာဘုရားရှင်တို့၏ အဆုံးအမတော်တည်း"ဟု ပြန်ဆိုရပါမည်။

(ဂ) "အနုပဝါဒေါတိ အနုပဝါဒနဉ္စေဝ အနူပဝါဒါပနဉ္စ"။ (ဓမ္မ၊ ဋ၊ ၂။ ၁၅၄။)

အထက်ပါ အဋ္ဌကထာအဖွင့်နှင့်အညီ-

သူတစ်ပါးကိုမစွပ်စွဲ-မပြစ်မှားခြင်း၊ မစွပ်စွဲ-မပြစ်မှားစေခြင်း၊ သူတစ်ပါးကို မညှဉ်းဆဲခြင်း၊ မညှင်းဆဲစေခြင်း၊ ပါတိမောက္ခသီလ၌ စောင့်စည်းထိန်းသိမ်းခြင်း၊ ဆွမ်းစသော အာဟာရ၌ အတိုင်း အရှည်ကိုသိခြင်း၊ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာနေရာသို့ ကပ်ခြင်း၊ သမာပတ်ရှစ်ပါးဟု ဆိုအပ်သော စိတ်၌ ကြိုးစားအားထုတ်ခြင်း၊ ဤတရားတို့သည် အလုံးစုံသော ဘုရားရှင်တို့၏ အဆုံးအမတော်တည်း"ဟု ဘာသာပြန်ဆိုရမည် ဖြစ်ပါကြောင်း စောဒကတို့က သဘောထားကို တင်ပြကြသည်။

## "ဝိနည်းမိုရ်ဆရာတော်များ၏ သုံးသပ်ချက်"

ထိုဂါထာတော်သုံးပုဒ်သည်ကား သာမန်ဂါထာတော်များ မဟုတ်။ ဂေါတမ မြတ်ဗုဒ္ဓသည် ပထမဝါတော် အရ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တွဲလပြည့်နေ့ အင္ဂသာဝက ရာထူးဌာနန္တရ ပေးအပ်ခဲ့သည့် ဥပုသ်နေ့မှ စ၍ လပြည့် လကွယ်ဥပုသ်နေ့တိုင်း ဟောတော် မူခဲ့သော (ဩဝါဒပေးတော်မူခဲ့သော) ဂါထာတော်များဖြစ်သည်။ ပထမဗောဓိ ခေါ် (ဝါတော် ၂၀)တိုင်သည်အထိ ဖြစ်ပေသည်။

သက်တော်ရှည် ဘုရားရှင်တို့သည်လည်း ဤဂါထာတော်သုံးပုဒ်ဖြင့်သာ ဩဝါဒ ပေးတော် မူကြ၏။ ကာလဘေဒမျှသာ ဖြစ်၏။ ကထာဘေဒကား မဖြစ်ပေ။ ဤဩဝါဒဂါထာ သုံးပုဒ်ဖြင့် ရဟန်း ဘဝ ရဟန်းအလုပ်ကို အချုပ်မိန့်ဆိုဖော်ပြ ဩဝါဒပေးတော်မူထားခြင်း ဖြစ်၏။ ဘုရားရှင်တိုင်း လက်စွဲပြု ဩဝါဒပေးတော်မူခြင်း၊ သတ်မှတ်ထားသော ဥပုသ်နေ့များ၌ ရဟန်းတော်တိုင်း နာယူမှတ်သားစေခြင်းကို ထောက်ထား၍လည်း ရဟန်းဘဝအတွက် အလေးအနက်လိုက်နာအပ်သော ဩဝါဒတော်များအဖြစ် သိမြင်နိုင်ပေသည်။

http://www.dhammadownload.com



ဤသို့သောဂါထာတော်များကို ရှင်မိုးပြာတို့ ရပ်ပျက် ဆင်းပျက် မြန်မာမှု ပြုထားသည်များကို မတင်ပြမီ ရှေးဦးစွာ အမှန်သိရှိအပ်သော နိဿယမြန်မာနက်ကို တင်ပြ၍ ရှင်မိုးပြာ၏ မြန်မာပြန်ဆိုချက်ကို နောက်တွင် အသီးသီးယှဉ်တွဲ ဖော်ပြပါအံ့ -

၁။ ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(ဒီ၊ ၂၊ ၄၂။ ဓမ္မပဒဂါထာနံပါတ် - ၁၈၄)

<u>မှတ်ချက်။</u> ဓမ္မပဒ၌ 'သဗ္ဗပါပဿ'ဂါထာကို ရှေ့၌ ပြ၏။ ဒီဃနိကာယ် သုတ်မဟာဝါပါဠိ၌ 'ခန္တီ ပရမံ' ဂါထာကို ရှေ့၌ ပြ၏။ ဘာဏကမထေရ်တို့၏ ဆောင်ရွက် မှတ်သားထားသည့် အတိုင်း ထားသည်-ဟူ၍ မှတ်သင့်၏။

## နိဿယမြန်မာပြန် အနက်မှန်

တီတိက္ခာ- အရာရာဝယ် အနာခံခြင်းဟူသော၊ ခန္တီ- အဓိဝါသနခန္တီသည်၊ ပရမံ- မွန်မြတ်သော၊ တပေါ- အကျင့်တည်း။ ဗုဒ္ဓါ- မြတ်ဘုရားတို့သည်၊ နိဗ္ဗာနံ- နိဗ္ဗာန်ကို၊ ပရမံ- အမြတ်ဆုံးဟူ၍၊ ဝဒန္တိ-ဟောတော်မူကုန်၏။

ပရူပဃာတီ-သူတပါးကို ညှဥ်းဆဲတတ်သောပုဂ္ဂိုလ်သည်၊ န ဟိ ပဗ္ဗဇိတော- ပဗ္ဗဇိတ အစစ် မဖြစ်နိုင်၊ ပရံ- သူတပါးကို၊ ဝိဟေဌယန္တော- ညှဥ်းဆဲတတ်သောပုဂ္ဂိုလ်သည်၊ သမဏော- သမဏအစစ်သည်၊ န ဟောတိ- မဖြစ်နိုင်။ (ပါရာဇိကကဏ်ဘာသာဋီကာအနက်)

မိုးပြာရှင်ဉာဏ မြန်မာဘာသာပြန်ထားပုံကား--

ခံနိုင်ရည်ထား၊ ခံစား စွဲကြာ။
အခွင့် ပေးလွှတ်၊ ညှဥ်းသတ်အရာ။
ပဗ္ဗဇိတ၊ သမဏ မည်စွာ။
ဩဝါဒ၊ ဗုဒ္ဓဒေသနာ။ ဤသို့ ရှစ်လုံးဖွဲ့ မြန်မာကဗျာပြန်ဆိုထားပေသည်။

သူ၏ပြန်ဆိုချက်၌ "ခံနိုင်ရည်ရှိသူ၊ အစွဲကင်းသူ၊ ညှဥ်းသတ်သူကို ခွင့်လွှတ်တတ် သူသည် ပဗ္ဗဇိတ သမဏမည်သည်"ဟု အဓိပ္ပါယ် ရကောင်း ရနိုင်သော်လည်း တကယ့် အဓိပ္ပါယ်မှန်ကို မျက်ကွယ် ပြုကာ မြန်မာပြန်ဆိုထားကြောင်းကား သိသာလှပေသည်။

ထို့ကြောင့် (ဓမ္မပဒ၊ ၌၊ ဒု၊ ၁၅၄)ကို ကိုးကား၍ အနက်အဓိပ္ပါယ် ပြန်ဆိုပြလျက် မိုးပြာရှင်ဉာဏ မြန်မာဘာသာ ပြန်ထားပုံသည် အဖွင့်နှင့် ဆန့်ကျင်နေကြောင်း စောဒကဆရာတော်များက စောဒနာထားကြသည်။

ဤနေရာ၌ ဓမ္မပဒအဋ္ဌကထာ၊ မဟာဝဂ္ဂအဋ္ဌကထာတို့ကို တိုက်ဆိုင်၍ အဓိပ္ပါယ် အမှန်များကို ရှင်းလင်းတင်ပြပါဦးအံ့-

ခန္တီ- ဟူသည် သူတပါးတို့၏ စွပ်စွဲ ကဲ့ရဲ့ ခြင်း၊ သူတပါးတို့၏ ကျေးဇူးမဲ့ပြုခြင်း၊ သီတ၊ ဥဏှ၊ ဇိဃစ္ဆာ၊ ပိပါသ-စသည်တို့နှင့် အကောင်းဂုဏ်ကို နှောင့်ယှက်ဖျက်ဆီးခြင်းကို သည်းခံတတ်၊ ပြန်၍ မပြော၊ ပြန်၍ မပြုဘဲ သူတပါးက ပြောသမျှ ပြုသမျှကို မိမိအပေါ်၌ တည်နေစေတတ် (မိမိကသာ အနစ်နာခံတတ်)သောကြောင့် ခန္တီ မည်၏။

http://www.dhammadownload.com



ပရမံ တပေါ တိတိက္ခာ-ဖြင့် ဆာလောင်မွတ်သိပ်ခြင်းကို သည်းမခံနိုင်လျှင်၊ သည်းမခံနိုင်၍ စိတ်လည်း ဆင်းရဲလျှင် စားသောက်ချင်သော လောဘ၊ လိုတာမရ၍ ဆင်းရဲသော ဒေါသ ဒေါမနဿ ဖြစ်တတ်၏။ သူတပါးက စွပ်စွဲလျှင် ဒေါသဖြစ်၏။ ဤသို့ လောဘ၊ ဒေါသ စသော တရားများဖြစ်လျှင် ပါဏာတိပါတ စသော သီလပျက်မှုဖြစ်တော့၏။ ထိုသီလပျက်ကြောင်းတရားတို့ကို လောင်မြိုက်တတ်သောကြောင့် ခန္တီသည် အမြတ်ဆုံးအကျင့်ဖြစ်၏-ဟု ပြ၏။

<u>မှတ်ချက်။</u> **ဥပနိဇ္ဈာယနခန္တီ**= အာရုံ၌ ရှုဆင်ခြင်လျက် နှစ်သက်တတ်သော ဉာဏ်ကိုလည်း ခန္တီ ဟု ခေါ်ရကား ထို'ဥပနိဇ္ဈာယနခန္တီ'ကို တားမြစ်လို၍ တိတိက္ခာဟု ဝိသေသန ကူ,မ ရသည်။

**'နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ'** ဖြင့် ဝါန ခေါ် တဏှာမှ ထွက်မြောက်သောကြောင့် နိဗ္ဗာနမည်သော တရား သည် သန္တ-ငြိမ်သက်၊ ပဏီတ-မွန်မြတ်၊ နိပုဏ-သိမ်မွေ့၊ သိဝ-အေးမြ၊ ခေမ-ဘေးမရှိဟူသော အားလုံးသော အခြင်းအရာအားဖြင့် ဘယ်တရားနှင့်ယှဉ်ယှဉ် အသာဆုံး ဟု ဘုရားရှင်တို့ ဟောတော်မူကြသည်-ဟု ပြ၏။ဓမ္မပဒအဋ္ဌကထာ၌ ဗုဒ္ဓါ အရ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အနုဗုဒ္ဓ-ဟု ဗုဒ္ဓသုံးမျိုးဖွင့်ပြ၏။

**'န ဟိ ပဗ္ဗဇိတော ပရူပဃာတီ'**ဖြင့် ပြခဲ့သော အဓိဝါသနခန္တီမရှိသောကြောင့် သူတပါးကို ညှင်းဆဲနှိပ်စက်သူသည် ပဗ္ဗဇိတ မမည်နိုင်။ မှန်၏၊ ပရံ ဥပဃာတေတီတိ ပရူပဃာတီနှင့် အညီ သူတပါးကို နှိပ်စက်သူသည် 'ပဗ္ဗာဇေတီတိ-အကုသိုလ်တရားတို့ကို မိမိသန္တာန်မှ ထွက်သွားစေတတ်၏' ဟူသော ဝစနတ္ထနှင့် မကိုက်ညီရကား ပဗ္ဗဇိတအစစ် မဖြစ်နိုင်ချေ။

န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော-ဟူသော စတုတ္ထပါဒသည် တတိယပါဒ၏ ဝေဝုစ်ပရိယာယ် တည်း။ သူတပါးကို ညှင်းဆဲသူသည် **'သမေတိ- ဒေါသ စသော ကိလေသာတို့ကို ငြိမ်းစေတတ်၏'ဟူသော ဝစနတ္ထနှင့် မကိုက်ညီသောကြောင့် သမဏအစစ် မဖြစ်နိုင်-ဟု ပြဆို၏။**

(တစ်နည်း) ပရူပဃာတီ-၌ 'ပရ' ကို ဥတ္တမ(အမြတ်)ဟု အနက်ယူ၍ 'ပရူပဃာတီ- မြတ်သော သီလကို ဖျက်ဆီးသူ'ဟု အနက်ပေးကာ အခြားသတ္တဝါကို ညှင်းဆဲလျက် မိမိ၏ မြတ်သောသီလကို ဖျက်ဆီးတတ်သော သမဏသည် ပဗ္ဗဇိတ မဟုတ်-ဟု ပြ၏။ (ဤနည်း၌ 'န'တစ်လုံး အနက်မရှိ၊ စတုတ္ထပါဒလည်း ပရိယာယ် မဟုတ်)

၂။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။ (ဒီ၊ ၂၊ ၄၂။ ဓမ္မပဒ၊ ၄၊ ၁၅၃)

## နိဿယမြန်မာပြန် အနက်မှန်ကား

သဗ္ဗပါပဿ- အလုံးစုံသော အကုသိုလ်ကို၊ အကရဏံ- မပြု မကျင့် ရှောင်ကြဉ်ခြင်း သည်လည်းကောင်း၊ ကုသလဿ- စတုဘူမကကုသိုလ်ကို၊ ဥပသမ္ပဒါ- ပြီးစေခြင်းသည် လည်းကောင်း၊ သစိတ္တပရိယောဒပနံ- မိမိစိတ်ကို ဖြူစင်စေခြင်းသည်လည်းကောင်း၊ ဧတံ- ဤသုံးမျိုးသည်၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏၊ သာသနံ-အဆုံးအမတော်ပေတည်း။ (ပါရာဇိကဏ် ဘာသာဋီကာ၊ ဒု၊ ၁၂၈)

**ဎင်းဂါထာကို ရှင်မိုးပြာ မြန်မာပြန်ကဗျာဖွဲ့ထားပုံကား-**

လောကီမင်္ဂဆိုး ၊ ကံမျိုး ပယ်ခွါ။
လောကုတ် ကံမင်္ဂ၊ ဖြည့်စွက်ကျင့်ရာ။
အာရုံသိကြ၊ ပမာဏမှန်စွာ။
ဩဝါဒ၊ ဗုဒ္ဓ ဒေသနာ။ - ဟူ၍ ပြန်ဆိုထားပေသည်။

http://www.dhammadownload.com


ဓောဒကဆရာတော်များက

'သဗ္ဗပါပဿာတိ သဗ္ဗဿ အကုသလကမ္မဿ။ ဥပသမ္ပဒါတိ အဘိနိက္ခမနတော ပဋ္ဌာယ ယာဝ အရဟတ္တမဂ္ဂါ ကုသလဿ ဥပ္ပါဒနံ စေဝ ဥပ္ပါဒိတဿ စ ဘာဝနာ။ သစိတ္တပရိယောဒပနန္တိ ပဉ္စဟိ နီဝရဏေဟိ အတ္တနော စိတ္တဿ ဝေါဒါပနံ။ ဧတံ ဗုဒ္ဓါနသာသနန္တိ သဗ္ဗဗုဒ္ဓါနံ အယမနုသိဋ္ဌိ' ဟူ၍ (ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ ၁၅၄)၌ ဖွင့်ဆိုထားချက်နှင့်အညီ အနက်မြန်မာ ပြန်ရလျှင် ---

အလုံးစုံသော အကုသိုလ်တရားကို မပြုခြင်းသည်လည်းကောင်း၊ အလုံးစုံသော ကုသိုလ်တရားကို ပြည့်စုံအောင် ပွါးများအားထုတ်ခြင်းသည်လည်းကောင်း၊ မိမိစိတ်ကို နီဝရဏငါးပါးတို့မှ စင်ကြယ်စေခြင်းသည်လည်းကောင်း ဤသုံးပါးသည် အလုံးစုံသော မြတ်စွာဘုရားရှင်တို့၏ အဆုံး အမတော်ပေတည်း' ဟူ၍ ပြန်ဆိုရမည်ဖြစ်ကြောင်း တင်ပြကြပေသည်။

မှန်ပေသည် ၊ အကုသိုလ်စိတ္တုပ္ပါဒ်တွင်ပါဝင်သော အပြစ်ရှိသော အကုသိုလ်တရားအားလုံးကို မိမိသန္တာန်၌ မဖြစ်အောင် ရှောင်ကြဉ်ခြင်းကို 'အကရဏ' ဟု ဆိုသည်။

'ကုသလ'အရ ကာမ ရူပ၊ အရူပ၊ လောကုတ္တရာ ဟူသော စတုဘူမက ကုသိုလ်ကိုယူ၍ ထိုကုသိုလ်များကို မိမိသန္တာန်၌ ဖြစ်စေခြင်းသည် 'ဥပသမ္ပဒါ' ဟု ဆိုသည်။ အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို ဖြူစင်စေခြင်းကို 'သစိတ္တပရိယောဒပန' ဟု ဆိုသည်။ ထို့ကြောင့်- **သီလသံဝရဖြင့် အကုသိုလ်ကို ပယ်၍** သမထ၊ ဝိပဿနာတို့ဖြင့် ကုသိုလ်ကို ပြည့်စုံစေ၍ အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို စင်ကြယ်စေခြင်းသည် ဘုရားရှင်တို့၏ အဆုံးအမတော်-ဟု ဆိုလိုပေသည်။

ဣတိ သီလသံဝရေန သဗ္ဗပါပံ ပဟာယ သမထဝိပဿနာဟိ ကုသလံ သမ္ပာဒေတွာ အရဟတ္တဖလေန စိတ္တံ ပရိယောဒါပေတဗ္ဗန္တိ ဧတံ ဗုဒ္ဓါနံ သာသနံ ဩဝါဒေါ အနုသိဋ္ဌီ တိ ။ (ဒီ၊ဌ၊၂။၆၉။)

ဤသို့သော ဖွင့်ပြချက်များကို ထောက်ထား၍ မိုးပြာရှင်ဉာဏ၏ မြန်မာပြန်ဆိုချက်များသည် ပိဋကတ်ကျမ်းဂန်များနှင့် ညီညွတ်ခြင်း မရှိ။ မိမိ၏ အယူအဆ(=အတ္တနောမတိ)ဖြင့် လိုရာဆွဲကာ လွဲမှားစွာ ပြန်ဆိုထားချက်များသာ ဖြစ်သည်-ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော်မူကြပေသည်။

၃။ အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။
(ဒီ။၂။၄၂။ ဓမ္မ၊ဋ္ဌ၊၂။၁၅၃။)

## နိဿယမြန်မာပြန် အနက်မှန်ကား

အနုပဝါဒေါ-နှုတ်ဖြင့် မစွပ်စွဲခြင်းသည်လည်းကောင်း၊ အနုပဃာတော - ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲ မနှိပ်စက်ခြင်းသည်လည်းကောင်း၊ ပါတိမောက္ခေ- ပါတိမောက္ခသီလ၌၊ သံဝရော စ- စောင့်စည်းခြင်းသည်လည်းကောင်း၊ ဘတ္တသ္မိံ- ဆွမ်း၌၊ မတ္တညုတာ စ- ခံယူသုံးဆောင်ခြင်း၌ အတိုင်းအရှည်ပမာဏကို သိသူ၏အဖြစ်သည်လည်းကောင်း၊ ပန္တံ- အစွန်အဖျားကျ၍ ဆိတ်ငြိမ် သော၊ သယနာသနံ စ- အိပ်ရာနေရာ ကျောင်းသည်လည်းကောင်း၊ (ဝါ) အိပ်ရာနေရာကျောင်း၌ ကိန်းအောင်းခြင်းသည်

http://www.dhammadownload.com


လည်းကောင်း၊ အဓိစိတ္တေ- ဝိပဿနာ၏ အခြေခံဖြစ်သော လွန်ကဲသော သမာပတ်စိတ်၌၊ (ဝါ) မဂ်ဖိုလ်စိတ်၌၊ အာယောဂေါ စ- လွန်စွာကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း၊ ဧတံ- ဤခြောက်မျိုးသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သာသနံ- အဆုံးအမတော် ပေတည်း။
(ပါရာဇိကကဏ်ဘာသာဋီကာ၊ ၁၊ ၁၂၈)

၎င်းဂါထာကို ရှင်မိုးပြာ မြန်မာပြန် ကဗျာစီထားပုံကား-

"မစွပ် မစွဲ ညှဉ်းဆဲ ရှောင်ရာ။ အိပ်စားသမျှ ပမာဏသိကာ။
လွတ်မြောက်စိတ်နှင့် မချွတ်ယှဉ်ပါ။ ဩဝါဒ၊ ဗုဒ္ဓသာသနာ"ဟူ၍ ဖြစ်ပေသည်။

ရှင်မိုးပြာ မြန်မာပြန်ဆိုချက်သည် ပိဋကတ်ကျမ်းလာ စကားရပ်များနှင့် ညီညွတ်သည်ဟု ထင်ရသော်လည်း 'ပါတိမောက္ခေ စ သံဝရော နှင့် ပန္တဉ္စ သယနာသနံတို့၏ စကားရပ်တို့ကို ဖြုတ်ပယ် ပြန်ဆိုထားသည်ကို တွေ့ မြင်နိုင်၏။ သူသည် သီလတရားကို ပယ်ရှားလေ့ရှိသူဖြစ်ရာ ပါတိမောက္ခေ စ သံဝရော'ပုဒ်ကို သိသိကြီးနှင့် ဖြုတ်ပယ်ထားခြင်းသာ ဖြစ်၏။ ထို့ပြင်- လူသူတိတ်ဆိတ်သော တောကျောင်း တောင်ကျောင်းများနှင့် ဝိဝေကဌာနများကို ကမ္မဋ္ဌာန်းဘာဝနာ ကိစ္စအတွက် သင့်လျော်သော ဌာနများ အနေဖြင့် လက်ခံလိုဟန် မရှိ။ ထို့ကြောင့်-'ပန္တဉ္စ သယနာသနံ'ပုဒ်၏ မြန်မာပြန်ကိုလည်း ဖြုတ်ချ ထားခဲ့ပေသည်။

ထိုဂါထာ၏ အဓိပ္ပါယ်မှန် ဖွင့်ဆိုချက်ကို အနည်းငယ် ပြပါဦးအံ့-

'<u>**အနူပဝါဒေါ အနူပဃာတော**</u>။ တစ်စုံတစ်ယောက်ကိုမျှ နှုတ်ဖြင့် မစွပ်စွဲခြင်းသည် အနုပဝါဒ မည်၏။ ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲ၊ ညှဉ်းဆဲဖို့ရန် မကြံစည်ခြင်းသည် အနုပဃာတမည်၏။ (ဒီ၊၄၊၂။၇၀။)

**(တစ်နည်း)** အနုပဝါဒေါ။ ဟူသည် မစွပ်စွဲခြင်း၊ မစွပ်စွဲစေခြင်းတည်း။

အနုပဃာတော။ ဟူသည် မညှဉ်းဆဲခြင်း၊ မညှဉ်းဆဲစေခြင်းတည်း။ (ဓမ္မ၊၄၊၂။၁၃၄)

<u>ပါတိမောက္ခေ စ သံဝရော</u>။ သုဂတိဘဝ၌ ဖြစ်တတ်သော အတ္တာနုဝါဒ စသောဘေး တို့မှ စောင့်ရှောက်တတ်သော ဒုဂ္ဂတိဘေးတို့မှ လွတ်စေတတ်သောကြောင့် ပါတိမောက္ခ သီလ(ဝိနည်းပိဋကာ၌လာသော သီလအားလုံး)ကို မလွန်ကျူးခြင်းသည် ပါတိမောက္ခသီလ၌ စောင့်စည်းခြင်း မည်၏။

<u>မတ္တညုတာ စ ဘတ္တသ္မိံ</u>။ဖြင့် ဘောဇနေ မတ္တညုတာမည်သော စရဏ(အကျင့်)ကို ပြ၏။

၁။ လှူသောအခါ၌ မိမိအား မျှတလောက်ရုံမျှကိုသာ ခံယူခြင်းဟူသော ပဋိဂ္ဂဟဏမတ္တညုတာ။

၂။ သုံးဆောင်သောအခါ၌ မိမိနှင့်သင့်လျော်သောအစာကို စားခြင်းဟူသော ပရိဘောဂမတ္တညုတာ ဟု နှစ်မျိုးရှိ၏။ ထိုသို့ ခံယူ၊ သုံးဆောင်ခြင်း၌ အတိုင်းအရှည် ပမာဏကို သိခြင်းကို ပြဆို၏။

<u>**ပန္တဉ္စ သယနာသနံ**</u>။ဖြင့် လူအများ၏ ရှုတ်ထွေး၊ ထိပါးခြင်းမှ ကင်းသော လူအပေါင်းဖြင့် ကျဉ်းမြောင်းခြင်း မရှိသော လူတို့မှ ဆိတ်ငြိမ်သော ကျောင်းမျိုး၌ နေခြင်းကို ပြသည်။ ဤ 'မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ' ဖြင့် ဆွမ်း၊ ကျောင်းဟူသော ပစ္စည်းနှစ်ပါး၌ သန္တောသ (တင်းတိမ်ရောင့်ရဲမှု)အကျင့်ကို ပြ၏။ ထိုနှစ်ပါးကို တိုက်ရိုက်ပြသဖြင့် သင်္ကန်း၊ ဆေးဟူသော အခြားနှစ်ပါး၌ သန္တောသဖြစ်ပုံကိုလည်း ပြပြီး ဖြစ်ပေသည်။

http://www.dhammadownload.com



အမိစိတ္တေ စ အာယောဂေါ= ဈာန်သမာပတ်ကို အခြေခံ၍ ဝိပဿနာအားထုတ်ရာ၌ ဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ်ရှစ်ပါးသည် **အဓိစိတ္တ၊ (ဝါ)** မဂ်၊ ဖိုလ်စိတ်သည် အဓိစိတ္တ=လွန်ကဲသောစိတ်)မည်၏။ ထိုအဓိစိတ္တ၌ လွန်စွာကြိုးကုတ်အားထုတ်ခြင်းဖြစ်သည်။

ဤဂါထာပါ အနုပဝါဒန၊ အနုပဃာတန၊ ပါတိမောက္ခသံဝရ၊ ပဋိဂ္ဂဟဏပရိဘောဂေသု မတ္တညုတာ၊ ပန္တသေနာသနသေဝန၊ အဓိစိတ္တာနုယောဂ၊ ဤခြောက်ပါးသည် ဘုရားရှင်တို့၏ ဩဝါဒတော်တည်း။ ဓမ္မပဒအဋ္ဌကထာ၌ -

အနုပဝါဒဖြင့် = ဝါစသိကသီလ။ အနုပဃာတ ဖြင့် = ကာယိကသီလ၊

ပါဟိမောက္ခေ စ သံဝရော ဖြင့် = ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ။

မတ္တညုတာ ဖြင့် = အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ။

ပန္တသေနာသနဖြင့် = သပ္ပါယသေနာသန။ အဓိစိတ္တ ဖြင့် =သမာပတ်ရှစ်ပါးတို့ကို မိန့်ဆိုထား၏။

ဤသို့လျှင် ဤဂါထာဖြင့် သိက္ခာသုံးပါးတို့ကိုလည်း မိန့်ဆိုတော်မူအပ်ကုန်သည် ဖြစ်သည်-ဟု ဖွင့်ဆိုတော်မူထားပေသည်။

ယခုပြဆိုအပ်သော ဂါထာတော်သုံးပုဒ်သည် ရဟန်းဘဝ၊ ရဟန်းအလုပ်ကို အကျဉ်းချုပ် ဖော်ထုတ်ပြဆိုသော ဩဝါဒဒေသနာတော်များဖြစ်၍ သာသနာတော်၌ မရှိမဖြစ် အရေးကြီး လိုက်နာအပ်သော တရားတော်များဖြစ်သည်။ ထို့ကြောင့်-မြတ်ဗုဒ္ဓသည် ပဌမဗောဓိအတွင်း လပြည့် လကွယ် ဥပုသ်နေ့တိုင်း ဟောပြတော်မူခဲ့သည်။ သက်တော်ရှည်ရှေးဘုရားရှင်များလည်း ဤဂါထာတို့ဖြင့်သာ ဟောပြတော်မူခဲ့ပေသည်။ ကာလမျှသာ ကွဲပြားပေသည်။ ယင်းသို့ ဟောပြတော်မူသောအခါ၌လည်း မနာယူဘဲ မနေကြရ။ နောက်ဆုံး အာသဝေါကုန်ခန်း ရဟန္တာဖြစ်စေကာမူ နာကြားတော်မူကြရပေသည်။

ဤသို့ အလေးအနက်ထား ဟောပြောအပ်၊ လိုက်နာအပ်သော အဆုံးအမဂါထာတော်များ ဖြစ်ပါလျက် မိုးပြာရှင်ဉာဏသည် အဓိပ္ပါယ်ပေါ့လျော့အောင်၊ အဓိပ္ပါယ်ပျက်အောင် မပြုလုပ်သင့်။

အတ္တနောမတိဖြင့် လိုသလို ဖျက်၊ စွက်ကာ ပြန်ဆိုခြင်းမျိုးလည်း မပြုလုပ်ထိုက်။

ယခုတော့ ရှင်မိုးပြာသည် ဓမ္မကို အဓမ္မ၊ ဝိနယကို အဝိနယအဖြစ်မျိုးရောက်အောင်ပင် ပြုလုပ်နေပေပြီ။ မိုက်တွင်းနက်လှချေကကား။

အထက်ပါ အဋ္ဌကထာ ဋီကာဖွင့်တို့နှင့် မညီညွတ်သောကြောင့် ဓမ္မဝိဟာရီဌေးရတုပူဇာ၊ ရွှေဖုံး အတွင်း၌ ပါဝင်သော ဩဝါဒပါတိမောက်ပါဠိတော်၏ ဘာသာပြန်စကားသည် ဩဝါဒပါတိမောက် ပါဠိတော်ကို မိုးပြာအရှင်ဉာဏ ကြိုက်သလို ဘာသာပြန်ထားခြင်းဖြစ်၍ ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်သည်ဟု သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၃၆) စောဒနာလွှာပါ အရှင်ဉာဏ၏ "(ဓမ္မဝိဟာရီဌေးရတုပူဇာ၊ ရွှေဖုံးအတွင်း) ပါ ဩဝါဒပါတိမောက်ပါဠိတော် ဘာသာပြန်စကားသည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက် ဘာသာပြန် စကားတို့ကို အဓမ္မဝါဒဟု နိုင်ငံတော်သီခြားဝိနိစ္ဆယအဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက တညီ တညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၃၇)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဓမ္မဝိဟာရီငွေရတုပူဇာစာအုပ် နှာ-၄၃-၄၄-၌ မိုးပြာဂိုဏ်းသား အေးငြိမ်းကျော်က

"လူသေပြီးနောင်မှ ချမ်းသာကင်းသော အပါယ်လေးဘုံသို့ ကျရောက်ခြင်းဟု မှားမှားယွင်းယွင်း ခံယူထားမိ ခဲ့ပါသည်ဘုရား။ ချမ်းသာကင်းသော အကုသိုလ်ကံ ကာမကုသိုလ်ကံ ရူပကုသိုလ်ကံ အရူပကုသိုလ်ကံ လေးမျိုး သည်သာ အပါယ်လေးဘုံဖြစ်ကြောင်း ဉာဏ်သက်ဝင်မိပါသည်အရှင်ဘုရား။

ဝတ်မွတ်ခေါင်းပါးခြင်းဘေး စသည်တို့ကို ကပ်သုံးပါးဟု အလွဲအလွဲအချော်ချော် မှတ်သားထားမိခဲ့ ပါသည် အရှင်ဘုရား။ အရိယာနယ်တွင် ဝဋ်သုံးပါး မြဲမြံစွာ လည်နေသော သံသရာ ဘေးဆိုးသည်သာ ကပ်သုံးပါး ဖြစ်သည်ဟု အနက်ထင်မိပါသည် အရှင်ဘုရား။

အရူပဘုံစသည်များကို ရပ်ပြစ်ရှစ်ပါးဟူ၍ ပြောသမျှယုံ လူနုံဖြစ်ခဲ့ရပါသည် အရှင်ဘုရား။ အရိယာ နယ်တွင် အစွန်းငြိအမြင်(ပ)အစွန်းငြိစိတ်ထားဟူသော လူမှု ဆက်ဆံရေးအမှားများသည်သာ ရပ်ပစ်ရမည့် တရားရှစ်ပါး ဖြစ်ကြောင်း(ရပ်ပြစ်ရှစ်ပါးဖြစ်ကြောင်း) ကောင်းကောင်းကြီး သိမြင်နေပါသည် အရှင်ဘုရား။

ခိုးသူ စသည်တို့ကို ရန်သူမျိုးငါးပါးဟု လက်ခံခဲ့၍ ရန်သူ ငါးပါးမက ရှိရမည်ဟုလည်း ပေါက်ပေါက်ရှာရှာ အတွေး ပွင့်မိခဲ့ဖူးပါသည် အရှင်ဘုရား။ အရိယာနယ်တွင် အစွဲသိရှိ-စသော ဥပါဒါနက္ခန္ဓာ ငါးပါးသည်သာလျှင် ရန်သူမျိုးငါးပါး အစစ်အမှန် ဖြစ်သည်ဟု သိမြင်လာပါသည် အရှင်ဘုရား။

အချိန်ကာလ ဖောက်ပြန် ပျက်စီးခြင်းစသည်ကို ဝိပတ္တိတရားလေးပါး ဖြစ်ကြောင်း မှတ်သား နားဝင်ခဲ့ဖူး ပါသည် အရှင်ဘုရား။ အရိယနယ်တွင် ဒုက္ခအသိဖောက်ပြန်ခြင်း စသည်တို့သည်သာ ဝိပတ္တိတရားလေးပါး အစစ်ဖြစ်သည်ဟု နှလုံးသွင်းမိပါသည် အရှင်ဘုရား။

ဆွေမျိုးပျက်စီးခြင်း စသည်တို့ကို ဗျာသနတရားငါးပါးဟု ကြောက်လန့်မိခဲ့ဖူးပါသည်အရှင်ဘုရား။ အရိယနယ်တွင် အစွဲခန္ဓာငါးပါးတို့၏ ဖိစီးနှိပ်စပ်မှုကို ခံရ၍ မူလဇီဝခန္ဓာငါးပါးတို့ကို ပျက်စီး ဆိုးဝါးစေခြင်းသည် သာလျှင် ဗျာသနတရားငါးဖြစ်သည်ဟု သိမြင်ခံယူမိပါသည်အရှင်ဘုရား"ဟူသော (ဓမ္မဝိဟာရီ ငွေရတုပူဇာ စာအုပ် နှာ-၄၃-၄၄။) ဟောပြောရေးသားထားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြော ရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အေးငြိမ်းကျော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ပါရှိသော အပါယ်လေးပါး၊ ကပ်သုံးပါး အစရှိသည်ကို ပါဠိတော်၊ အဋ္ဌကထာတို့နှင့်အညီ ဘာသာပြန်ဆိုခြင်းမပြုဘဲ မှားမှားယွင်းယွင်း ဘာသာပြန်ဆို ထားသည်ကို တွေ့ရသောကြောင့် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်ပါကြောင်း ပါဠိအဋ္ဌကထာ အကိုးသာဓကပြ၍ တင်ပြကြသည်။

## "ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်"

အထက်ပါ မိုးပြာဂိုဏ်းသား၏ ရေးသားချက်ကို ကြည့်ခြင်းအားဖြင့် မိုးပြာဂိုဏ်းသားတို့သည် ဆရာ့လက်ကျလက်န ရကြသူများ၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေကြသူတွေ ပါတကား ဟု အတိုင်းသားပင် သိမြင်ကြရပေသည်။

ပိဋကတ်ကျမ်းလာ စကားတော်များနှင့်အညီ ရှေးပညာရှိသူတော်ကောင်းများ စီစဉ်ရေးသား အပ်သော ဩကာသကန်တော့ချိုးလာ စကားရပ်များကို ကမောက်ကမ အတွေးချော်၍ အပါယ်လေးပါး စသည်တို့ကို အဓိပ္ပါယ်မှားယွင်းစွာ ဖွင့်လည်းဖွင့်တတ်ကြပါပေသည်။

http://www.dhammadownload.com



## လူပြက်နောင် သံယောင်လိုက်သူ လူပျက်များ

မိုးပြာဂိုဏ်းသားတို့သည် လူပြက်(လူရွှင်တော်)တို့၏ ပြက်လုံးထုတ်သံကို သံယောင်လိုက်ကြဟန် ရှိပေသည်။ လူပြက်တစ်ယောက်က 'ဟေ့လူ၊ မင်း အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါးကို သိရဲ့လားကွ ဟု မေး၏။' ဒီတော့ 'သိတာပေါ့ကွ' ဟု ဖြေလေ၏။ 'ဒီလိုဆိုရင် ပြောပြစမ်းပါကွ' ဟု ဆိုရာ 'သူငယ်ချင်းရေ ဒီလိုကွ၊ တခါက ဒကာတယောက်ဆွမ်းစားပင့်တယ်၊ ဆယ့်တစ်ပါး ကြွပါတဲ့၊ ဒီတော့ ကြွလာတာက တစ်ဆယ့်ငါးပါး ဖြစ်နေရောကွ၊ ဒီတော့ အကြီးအကဲဘုန်းကြီးက ပိုနေတဲ့ လေးပါးကို မလိုက်နဲ့ဆိုပြီး ပယ်လိုက်တယ်၊ အဲဒါ- အပါယ် လေးပါးကွ။ ပြီးတော့ ဆက်ကြွရော ဆိုပါတော့ကွာ၊ ဒီအခါမှာ အိမ်တစ်အိမ်က ခွေးက လိုက်ဆွဲတယ်၊ ဘုန်းကြီးတွေ ကြောက်အား လန့်အားနဲ့ ရှစ်ပါးက ယပ်တောင်တွေ ပစ်ပြီး ပြေးကြတယ်၊ အဲဒါ-ရပ်ပြစ်ရှစ်ပါး ခေါ်တယ်' 'အင်း-သုံးပါး ဆက်ပြောပါအုံးဆိုတော့' 'ကျန်သုံးပါးက မပြေးဘဲ မန်ကျည်းပင်ကြီး ကပ်နေတယ်၊ အဲဒါ-မသေမချင်း မှတ်ထား၊ ကပ်သုံးပါးခေါ်တယ်' ဟုပေ၏။

မိုးပြာဂိုဏ်းသားတို့သည် ပြောစရာတွေ ရှားပါးနေကြ၏။ မကြံအပ်၊ မစည်အပ်တာတွေကို တွေးတောကြံစည် ပြောဆို ရေးသားကြသည်မှာ လူပြက်တွေနှင့် ထူး မခြားနား၊ တကယ့်လူပျက်တွေ ပါတကား။

### အပါယ် လေးပါး

မိုးပြာဂိုဏ်းသားတို့က 'လူသေပြီးနောင်မှ ချမ်းသားကင်းသော အပါယ်လေးဘုံသို့ ကျရောက်ခြင်း ဟု မှားမှားယွင်းယွင်း ခံယူထားမိခဲ့ပါသည်ဘုရား။ ချမ်းသာကင်းသော အကုသိုလ်ကံ၊ ကာမကုသိုလ်ကံ၊ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံ လေးမျိုးသည်သာ အပါယ်လေးဘုံဖြစ်ကြောင်း ဉာဏ်သက်ဝင်မိပါသည် ဘုရား' ဟု ဆို၏။

သူတို့ကား (၃၁)ဘုံဝါဒကို ပယ်ရှားလိုကြသော ပုဂ္ဂိုလ်များ ဖြစ်သည်အားလျော်စွာ နီတတ္ထ အားဖြင့် တည်ရာဌာန ဘုံအနေအားဖြင့် ပြောဆိုထားသည်ကို နေယျတ္ထအားဖြင့် မလိုအပ်ဘဲ တလွဲ အဓိပ္ပါယ် ဖွင့်ဆိုကြ၏။

## ဌာနဘုံနှင့် အဝတ္ထာဘုံ

သတ္တဝါတို့၏ ဖြစ်ရာတည်ရာ အရပ်ဌာနကိုသာ ဘုံ-ဟု ခေါ်ဆိုရသည် မဟုတ်။ ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာတို့၏ အာရုံပြုရာ နယ်ပယ်ဟုသတ်မှတ်အပ်သော စိတ် စေတသိက်များလည်း ကာမ၊ ရူပ၊ အရူပ အဝတ္ထာဘုံအနေအားဖြင့် ဘုံ-ဟု ခေါ်ဆိုနိုင်ပေသည်။

ထို့ပြင်-ဝိပဿနာ၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးကိုလည်း ဘူမိလဒ္ဓုပ္ပန္န အရာ၌ ဘူမိ-ဟု ပြဆိုထားချက်လည်း ရှိ၏။

'ဘူမိဘေဒတောတိ ဘဝန္တိ ဧတ္ထ ဓမ္မာတိ ဘူမိ၊ ဌာနံ , အဝတ္ထာ စ။ အဝတ္ထာပိ ဟိ အဂတ္တာဂန္တာနံ ပဝတ္တိဌာနံ ဝိယ ဂယှတိ၊ ဧဂံ နေသံ သုခဂ္ဂဟဏံ ဟောတီတိ။ တတ္ထ လောကိယာ ဘူမိဌာနဝသေနေဝ ဝေဒိတဗ္ဗာ၊ လောကုတ္တရာ အဝတ္ထာဝသေန။ လောကိယာ ဝါ ဌာနဝတ္ထာဝသေန။ လောကုတ္တရာ အဝတ္ထာဝသေနေဝ။'-ဟု ပြဆိုထားချက်ရှိ၏။ ဝိသုဒ္ဓိ၊ဋီ၊၂။ ၁၁၄၊၁၁၅။

http://www.dhammadownload.com



သို့သော်- အပါယ်လေးပါးဟု ပြဆိုထားသော (ဩကာသကန်တော့ချိုးလာ) စကားသည်ကား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော သတ္တဝါတို့၏ ဖြစ်ရာဌာန ဘုံကိုသာ ရည်ရွယ်၍ ဆိုထားခြင်းမှာ သူငယ်နှပ်စား ကလေးများပင် သိရှိနိုင်သော စကားဖြစ်ပေသည်။

**"အပါယောတိ နိရယတိရစ္ဆာနယောနိပေတ္တိဝိသယအသုရကာယော၊ သဗ္ဗေပိ ဟိ တေ ဝုမိုသခ်ါတဿ အယဿ အဘာဝတော "အပါယော"တိ ဝုစ္စတိ။ သံ၊ ဋ၊ ၂။ ၈၉။**

ထို့ပြင် - ၎င်းတို့ဆိုသော စကားထဲ၌ 'ချမ်းသာကင်းသော' ဟု ဝိသေသန မ, ထားပြန်၏။

'ချမ်းသာ'ဟူရာ၌ ကာယိကသုခ၊ စေတသိကသုခ ဟု နှစ်မျိုးရှိရာ ကာယိကသုခကို အဟိတ်ကုသလ ဝိပါက် သုခသဟဂုတ်ကာယဝိညာဏ် စိတ်၌သာ ရနိုင်၏။ စေတသိကသုခကိုကား သောမနဿဝေဒနာ ယှဉ်ရာ စိတ်တို့၌ ရနိုင်ပေသည်။ ဤသို့ဆိုလျှင် သောမနဿဝေဒနာနှင့် မယှဉ်သော ဒေါမနဿ ဥပေက္ခာ အကုသိုလ်၊ ဥပေက္ခာသဟဂုတ် မဟာကုသိုလ်နှင့် ပဉ္စမဈာန်ရူပ၊ အရူပကုသိုလ်တို့ကိုသာ အပါယ်လေးဘုံ၊ (ဝါ) ပယ်သတ်ရမည့် ဘုံ။ သောမနဿယှဉ်လျှင်ကား အပါယ်ဘုံ မဟုတ်၊ (ဝါ) ပယ်သတ်ရန် မလိုဟု အဓိပ္ပါယ် ထွက်နေပြန်သည်။

သို့ပါ၍ မိုးပြာဝါဒ အပါယ်လေးပါးသရုပ်သည် ဩကာသကန်တော့ချိုးကို စီမံခဲ့ကြသော ရှေးပညာရှင်တို့၏ အလိုနှင့် ဆန့်ကျင် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဝါဒဖြစ်သည်ဟု ဝိနည်းမှိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ကပ်သုံးပါး

မိုးပြာဂိုဏ်းသားတို့က ကပ်သုံးပါးကို-

' ဝတ်မွတ်ခေါင်းပါးခြင်း ဘေး စသည်တို့ကို ကပ်သုံးပါးဟု အလွဲလွဲ အချော်ချော် မှတ်သား ထားခဲ့မိပါသည် အရှင်ဘုရား။ အရိယာနယ်တွင် ဝဋ်သုံးပါး မြဲမြဲစွာ လည်နေသော သံသရာဘေးဆိုး သည်သာ ကပ်သုံးပါးဖြစ်သည် ဟု အနက်ထင်မိပါသည် အရှင်ဘုရား' ဟု ဖွင့်ဆိုကြသည်။ လာပုံတွေက ပြာပုံရွှေချ ထားတယ် ဆိုသလိုပင် ဖြစ်ပေသည်။

စောဒကဆရာတော်များက 'ဒုဗ္ဘိက္ခန္တရကပ္ပေါ ရောဂန္တရကပ္ပေါ သတ္ထန္တရကပ္ပေါတိ တိဝိဓော' (ဒီ၊ဋ၊ ၃။၃၈) ဟူသော အဋ္ဌကထာအဖွင့်ကို ကိုးကား၍ ကပ်သုံးပါးဟူသည် ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္ထန္တရကပ်-ဟူ၍ ကပ်သုံးပါးသာ ဖြစ်သည့် အကြောင်း ကျမ်းဂန်နှင့်အညီ စောဒနာကြပေသည်။

'အန္တရကပ္ပ' ဟူသည် သံဝဋ္ဋကပ်သို့မရောက်မီ အကြားကာလ၌ သတ္တလောက၏ သေကျေပျက်စီးခြင်း ကို ဆိုပေသည်။ ထို့ကြောင့်- အစာရေစာဝတ်မွတ်ခေါင်းပါးခြင်းဖြင့်(ဝါ)အစာရေစာ ဝတ်မွတ်ခေါင်းပါးခြင်း ကြောင့် သံဝဋ္ဋကပ်သို့ မရောက်မီ အကြားကာလ၌ သတ္တလောက၏ သေကျေပျက်စီးခြင်းသည် ဒုဗ္ဘိက္ခန္တရကပ်၊ အနာရောဂါဖြင့် (ဝါ)အနာရောဂါကြောင့် သံဝဋ္ဋကပ်သို့ မရောက်မီ အကြားကာလ၌ သတ္တလောက၏ သေကျေ ပျက်စီးခြင်းသည် ရောဂန္တရကပ်၊ ဓားလက်နက် စသည်ဖြင့်(ဝါ)ဓားလက်နက် စသည်ကြောင့် သံဝဋ္ဋကပ်သို့ မရောက်မီ အကြားကာလ၌ သတ္တလောက၏ သေကျေပျက်စီးခြင်းသည် သတ္ထန္တရကပ်မည်၏။

သတ္တဝါများ လောဘအားကြီးသောအခါ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်တတ်၏။ သတ္တဝါများ မောဟ အားကြီးသောအခါ ရောဂန္တရကပ်ကြီး ဆိုက်ရောက်တတ်ပြီး၊ ဒေါသ အားကြီးသောအခါ၌ သတ္ထန္တရကပ်ကြီး ဆိုက်ရောက်တတ်ပေသည်။ (ဒီ၊ ဋ၊ ၃။ ၃၈။)

http://www.dhammadownload.com


(တစ်နည်း) သတ္တဝါများ ရာဂအားကြီးသောအခါ ရောဂန္တရကပ်၊ ဒေါသအားကြီးသောအခါ သတ္ထန္တရကပ်၊ မောဟ အားကြီးသောအခါ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်တတ်ပေသည်။ (ဝိသုဒ္ဓိ၊ဋီ၊၂။ ၅၄။)

## ကပ်နေသော သုံးပါးကို ကပ်သုံးပါးဟု ဆိုပါသည်?

မိုးပြာဂိုဏ်းသားတို့ကား - အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော ကိလေသာဝဋ်ကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဝဋ်ဖြစ်ရပါသည်။ ယင်းကမ္မဝဋ်ကြောင့် (ဘဝသစ်၌) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟုဆိုအပ်သော ဝိပါကဝဋ် ဖြစ်ရ၏။ ဤ ဝဋ်သုံးပါး လည်ပတ်၊ ကပ်နေသည်ကိုများ ကပ်သုံးပါးဟု ဆိုလိုချင်သလော? မသိပေ။ တိုက်ရိုက်ရှင်းလင်းစွာ ပြထားအပ်သော စကားကြီးကိုပင် ကွေ့ကောက် အဓိပ္ပါယ် ဖေါ်ယူနေခြင်းအားဖြင့် သူတို့၏ မူမမှန်သော သဘောထားကို သိနိုင်ပေသည်။

## ကိုယ့်ဂူဏ်ကို ကိုယ်ဖေါ်

နောက်ထပ်တဖန်- 'အရိယာနယ်တွင်'ဟူသော စကားဖြင့် ကန့်သတ်ချက်ပြထား လိုက်ပြန် သေး၏။ ဆိုလိုသည်မှာ- ယူရိုး ယူစဉ်ကမှာ အရိယာမဟုတ်သူတို့ အယူ၊ ယခုကဲ့သို့ ယူခြင်းကား အရိယာဖြစ်နေသူ အကျွန်ုပ်(မိုးပြာ)တို့၏ ယူဆချက်ဟု ပြောလိုက်ရာလည်း ရောက်ပေသည်။

တခါက မိုးပြာဆရာကြီးသည် သူ့ကိုယ်သူ ရဟန္တာဆိုက် အပြည့်အဝ ယူလိုက်ပြီး ရှင်ဒဗ္ဗအား ပေးသော သတိဝိနယသမထ ပေးကြပါဟုပင် ဟစ်အော်ခဲ့ဘူးလေသည်။ သတိဝိနည်းဟူသည် အစွပ်စွဲခံ သတိဝေပုလ္လပတ္တ ရဟန္တာအားသာ ပေးရသော သမထဖြစ်၏။ မိုးပြာရှင်ဉာဏက ရဟန္တာဖြစ်နေလို့-တဲ့။ ယခုလည်း မိုးပြာ၏ တပည့်များက 'အရိယာနယ်တွင်'ဟူသော စကားဖြင့် သူ့ကိုယ်သူ အရိယာဟု ဆိုနေပြန်ချေပြီ။ အင်း-တန်ရာ တန်ရာလဲ ပြောကြပါအုံး-ဟု သတိပေးစကား ပြောကြားလိုပေသည်။

သို့ပါ၍ မိုးပြာဝါဒ ကပ်သုံးပါးသရုပ်သည် ဩကာသကန်တော့ချီးကို စီမံခဲ့ကြသော ရှေးပညာရှင်တို့၏ အလိုနှင့် ဆန့်ကျင် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဝါဒဖြစ်သည်ဟု ဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ရပ်ပြစ်ရမည့် ရှစ်ပါးတဲ့

ရပ်ပြစ်ရှစ်ပါးနှင့်စပ်၍ မိုးပြာဂိုဏ်းသားတို့က

'အရှုပဘုံစသည်များကို ရပ်ပြစ်ရှစ်ပါးဟူ၍ ပြောသမျှ ယုံ၊ လူနုံ ဖြစ်ခဲ့ရပါသည် အရှင်ဘုရား။ အရိယာနယ်တွင် အစွန်းငြိအမြင် (ပ)အစွန်းငြိစိတ်ထား ဟူသော လူမှုဆက်ဆံရေး အမှားများသည်သာ ရပ်ပစ်ရမည့် ဟရားရှစ်ပါးဖြစ်ကြောင်း-(ရပ်ပြစ်ရှစ်ပါး)ဖြစ်ကြောင်း ကောင်းကောင်းကြီး သိနေပါသည် အရှင်ဘုရား' ဟု ဖွင့်ဆိုရေးသားထားကြပေသည်။

ရှေ့၌ တင်ပြခဲ့သော လူပြက်(လူရွှင်တော်)များနှင့် အဘယ်အရာများ ကွာခြားသေးသနည်း? လူပြက်များက ယပ်တောင်ပစ်ပြေးသော ကိုယ်တော်ရှစ်ပါးကို ယပ်ပစ်(ရပ်ပစ်)ရှစ်ပါးဟု ဆို၏။ ဤမိုးပြာ လူပျက်တို့သည် လူမှုဆက်ဆံရေးအမှားများကို ရပ်ပစ်(ရပ်ပြစ်)ရှစ်ပါး ဟု ဆိုကြသည်။ ယပက်လက်နှင့် ရ-ကောက်သာ ကွာခြားပေသည်။ ရရစ်မဲ့နှင့် 'ပစ်'ကား အတူတူနှင့် အနူနူပေတည်း။

http://www.dhammadownload.com


ရှေးပညာရှိသူတော်ကောင်းတို့သည် အင်္ဂုတ္တရသုတ်တော် (အံ၊ ၃။ ၆၀။ ဒီ၊ ၃။ ၂၄၉)၌ မြတ်ဗုဒ္ဓ ဟောတော်မူအပ်သော

**"'ခဏကိစ္စော လောကော, ခဏကိစ္စော လောကော'တိ, ဘိက္ခဝေ, အဿုတဝါ ပုထုဇ္ဇနော ဘာသတိ, နော စ ခေါ သော ဇာနာတိ ခဏံ ဝါ အက္ခဏံ ဝါ။ အဋ္ဌိမေ, ဘိက္ခဝေ, အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ၊**

**ကတမေ အဋ္ဌ? ဣဓ, ဘိက္ခဝေ,** ။လ။

**"ပုန စပရံ, ဘိက္ခဝေ, တထာဂတော စ လောကေ အနုပ္ပန္နော ဟောတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။ ဓမ္မော စ န ဒေသီယတိ ဩပသမိကော ပရိနိဗ္ဗာနိကော သမ္ဗောဓဂါမီ သုဂတပ္ပဝေဒိတော၊ အယဉ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ, သော စ ဟောတိ ပညဝါ အဇဠော အနေဠမူဂေါ ပဋိဗလော သုဘာသိတဒုဗ္ဘာသိတဿ အတ္ထမညာတုံ။ အယံ, ဘိက္ခဝေ, အဋ္ဌမော အက္ခဏော အသမယော ဗြဟ္မစရိယဝါသာယ၊ 'ဣမေ ခေါ, ဘိက္ခဝေ, အဋ္ဌ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ"'၊**

**အံ၊၃။၅၈။**

## ရပ်ပြစ် (၈) ပါး

"၁။ ဘုရားပွင့်တော်မူရာအခါဝယ် ငရဲဘုံ၌ဖြစ်သောသူ၊

၂။ ဘုရားပွင့်တော်မူရာအခါဝယ် တိရစ္ဆာန်ဘုံ၌ဖြစ်သောသူ၊

၃။ ဘုရားပွင့်တော်မူရာအခါဝယ် ပြိတ္တာဘုံ၌ဖြစ်သောသူ၊

၄။ ဘုရားပွင့်တော်မူရာအခါဝယ် အသညသတ်ဘုံ၊ အရူပဘုံတို့၌ဖြစ်သောသူ၊

၅။ ဘုရားပွင့်တော်မူရာအခါဝယ် ပစ္စန္တရစ်ခေါ် သာသနာမရှိသော အရပ်၌ဖြစ်သောသူ၊

၆။ ဘုရားပွင့်တော်မူရာအခါ မဇ္ဈိမဒေသဝယ် မိစ္ဆာဒိဋ္ဌိဖြစ်နေသူ၊

၇။ ဘုရားပွင့်တော်မူရာအခါ မဇ္ဈိမဒေသဝယ် သုဂတိအဟိတ်ပဋိသန္ဓေနေခဲ့သူ၊ (ဝါ) လူစဉ်မမီသူ၊

၈။ တိဟိတ်ပဋိသန္ဓေနေခဲ့သော်လည်း ဘုရားရှင်တို့ မဖြစ်ထွန်းသော ကမ္ဘာ၌ဖြစ်သောသူ"ဟူ၍ အက္ခဏ(=မဂ်ဖြဗြဟ္မစရိယကို ကျင့်သုံးရန် အခွင့်အလမ်း ဆုံးရှုံးနေသော) အဖြစ်ဆိုး ရှစ်မျိုးကို ရပ်ပြစ်ရှစ်ပါး၊ (ဝါ) အပြစ်ရှိသော အရပ်ရှစ်ပါး- ဟူ၍ မိန့်ဆိုတော်မူထားကြပေသည်။

မိုးပြာဂိုဏ်းသားတို့ကား အာဒီနဝ၏ ဟောနက်ဖြစ်သော 'အပြစ်'ကိုပင် ပရိစ္စာဂ၊ ပစ္စက္ခာန၊ ခိတ္တ-အနက်ဖြစ်သော ပစ်စွန့်၊ ပစ်ပယ်ခြင်းနှင့် ဖလှယ်ကာ 'ရပ်ပစ်ရမည့် အရာရှစ်မျိုး'ဟု ထွင်လည်း ထွင်တတ်ကြပါပေသည်။

၎င်းတို့ ထွင်လုံးစကားထဲ၌ အစွန်းငြိအမြင်၊ (ပ) အစွန်းငြိစိတ်ထားတို့ကို လူမှုဆက်ဆံရေး အမှားများအနေဖြင့် သတ်မှတ်ထား၏။ အစွန်းငြိကင်းစင်မှ လူမှုဆက်ဆံရေး အမှန်ဖြစ်မည်ဟု ဆိုရာရောက်သည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် အစွန်းငြိကင်းစင်သော အမြင်စသည်ကို တွေ့မြင်နိုင်မည် မဟုတ်။ ယင်းသို့ ကင်းစင်သွားပြီ ဆိုလျှင်လည်း လူမှုဆက်ဆံရေးတွေလည်း ဆိတ်သုဉ်းသွားဖို့ပင် ရှိတော့သည်။

သို့ပါ၍ မိုးပြာဝါဒ ရပ်ပြစ်ရှစ်ပါးသရုပ်သည် ဩကာသကန်တော့ချိုးကို စီမံခဲ့ကြသော ရှေးပညာရှင်တို့၏ အလိုနှင့် ဆန့်ကျင် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဝါဒဖြစ်သည်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



## ရန်သူမျိုးငါးပါး

ရန်သူမျိုးငါးပါးနှင့်စပ်လျဥ်း၍ မိုးပြာဂိုဏ်းသားတို့က ' ခိုးသူ စသည်တို့ကို ရန်သူမျိုးငါးပါး ဟု လက်ခံခဲ့၍ ရန်သူငါးပါးမက ရှိရမည် ဟုလည်းပေါက်ပေါက်ရှာရှာ **အတွေးဝင်မိခဲ့ဘူးပါသည် အရှင်ဘုရား။** အရိယာနယ်တွင် အစွဲသိရှိ စသော ဥပါဒါနက္ခန္ဓာငါးပါးသည်သာလျှင် **ရန်သူမျိုးငါးပါး အစစ်အမှန် ဖြစ်သည်-** ဟု သိမြင်လာပါသည်ဘုရား' ဟူ၍ ဖွင့်ဆိုကြသည်။

မိုးပြာဂိုဏ်းသားတို့ကား-ရန်သူမျိုးငါးပါးနှင့်စပ်လျဥ်း၍ **ရန်သူအစစ်၊** ရန်သူအတုဟု လည်းကောင်း၊ အရိယာနယ်က ရန်သူနှင့် အနရိယနယ်က ရန်သူဟုလည်းကောင်း ခွဲခြားလိုဟန် ရှိသည်။

ဥပါဒါနက္ခန္ဓာငါးပါးသည် အရိယာနယ်က ရန်သူမျိုးငါးပါးဟုဆိုလျှင် အနရိယနယ်တွင် ရန်သူမဟုတ်ဘူး-ဟုလည်း ဆိုလိုရာ ရောက်ပေသည်။ ပိဋကတ်ကျမ်းဂန်များ၌ ဥပါဒါနက္ခန္ဓာငါးပါးကို ရန်သူမျိုး-ငါးပါး ဟု ဟောထားသည်ကို မည်သည့်နေရာ၌မျှ မတွေ့ရပေ။

ရှေးပညာရှိ သူတော်ကောင်းတို့သည် အန္တရာယ်၊ အနှောက်အယှက်၊ အကျိုးမဲ့ကိုပြုတတ် ဖြစ်စေတတ်သော မင်း၊ ခိုးသူ၊ မီး၊ ရေ၊ အမွေခံသားသမီးဆိုး(သံ၊ ၁။ ၉၀-အစဥ်အတိုင်း)တို့ကိုသာ ရန်သူမျိုးငါးပါး ဟူ၍ ရည်ရွယ်ကာ မိန့်တော်မူထားကြပါသည်။

၎င်းရန်သူမျိုးငါးပါးကို' အာပဒါ-ဘေးရန်များ' ဟု ပြဆိုထားပြီး အစဥ်ကိုလည်း မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံ သားသမီးဆိုး-ဟူ၍ ဟောတော်မူထားပေသည်။ (အံ၊ ၁။ ၃၇၉။ အံ၊ ၂။ ၃၉။)

(အံ-၂။ ၁၈၀။) ဝေရသုတ်နှင့် (အဘိ၊ ၂။ ၃၉၂။)တို့၌ကား ပါဏာတိပါတ၊ အဒိန္နာဒါန စသော ဒုဿီလျငါးပါးကို ဘယ၊ ဝေရ ဟူ၍ ဟောထားချက်လည်း ရှိပေသေးသည်။ ၎င်းငါးပါးကို လွန်ကျူးသော ပုဂ္ဂိုလ်အား မျက်မှောက်၊ တမလွန် နှစ်တန်၌ဖြစ်သော အကုသိုလ်ရန်၊ ပုဂ္ဂိုလ်ရန်များ ပွါးစေနိုင် သောကြောင့် 'ဘေးရန်'ဟူ၍ ဟောထားတော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သြကာသ ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြပြီး သီလကို ဆက်လက် ခံယူ ဆောက်တည်ကြမည် ဖြစ်သောကြောင့် ကိုဂုဒါဂီလျကြောင့် ဖြစ်မည့် ဘေးရန်များ ကင်းရှင်းသွားပြီဟု ဆိုနိုင်ရာ ဒုဿီလျငါးပါးကို ဆုတောင်းခန်း၌ ထည့်စွက်ရန် မလိုအပ်တော့ပေ။

ထို့ကြောင့်-"တဿ တေ ဘောဂေ ဇဝံ သမ္မာ အပရိဘုဉ္ဇိယမာနေ ရာဇာနော ဝါ ဟရန္တိ၊ စောရာနော ဝါ ဟရန္တိ၊ အဂ္ဂိ ဝါ ဍဟတိ၊ ဥဒကံ ဝါ ဝဟတိ၊ အပ္ပိယာ ဝါ ဒါယာဒါ ဟရန္တိ"။ (သံ၊ ၁။ ၉၀။)သုတ်ကို ကိုးကား၍ စောဒကပုဂ္ဂိုလ်များ ထုတ်ဖေါ်ထားသော "မင်း၊ သူခိုး၊ မီး၊ ရေ၊ အမွေခံသားဆိုး သမီးဆိုး-ဟူသော ငါးပါးတို့ကိုသာ ရန်သူမျိုးငါးပါးဟု ဆိုခြင်းက အသင့်မြတ်ဆုံးဖြစ်သည်ဟု သုံးသပ်ရပေသည်။

သို့ပါ၍ မိုးပြာဝါဒ ရန်သူမျိုးငါးပါးသရုပ်သည် သြကာသကန်တော့ချိုးကို စီမံခဲ့ကြသော ရှေးပညာရှင်တို့၏ အလိုနှင့် ဆန့်ကျင် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဝါဒဖြစ်သည်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဝိပတ္တိတရား လေးပါး

မိုးပြာဂိုဏ်းသားတို့သည် "ဝိပတ္တိတရားလေးပါးနှင့်စပ်လျဥ်း၍ 'အချိန်ကာလ ဖေါက်ပြန် ပျက်စီးခြင်း စသည်ကို ဝိပတ္တိတရားလေးပါးဖြစ်ကြောင်း မှတ်သားနားဝင်ခဲ့ဘူးပါသည် အရှင်ဘုရား။ အရိယာနယ်တွင် ဒုက္ခအသိ ဖေါက်ပြန်ခြင်းစသည်တို့သည်သာ ဝိပတ္တိတရားလေးပါး အစစ်ဖြစ်သည်ဟု နှလုံးသွင်းမိပါသည် အရှင်ဘုရား' ဟု မဆီမဆိုင် ဖွင့်ဆိုရေးသားကြပြန်သည်။

http://www.dhammadownload.com


ရှေးပညာရှိသူတော်ကောင်းတို့သည် ဝိပတ္တိတရားလေးပါးဟူရာ၌ ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ကာလဝိပတ္တိ၊ ပယောဂဝိပတ္တိ-ဟူသော ဝိပတ္တိလေးပါးကို ဆိုလိုခြင်းဖြစ်ကြောင်း စောဒကဆရာတော် များက (အဘိ၊ ၄၊ ၂၊ ၄၂၁)အရ ထုတ်ပြစောဒနာတော်မူကြပေသည်။

**တတ္ထ စ ဂတိသမ္ပတ္တီတိ သမ္ပန္နာ ဂတိ ဒေဝလောကော စ မနုဿလောကော စ၊ ဂတိဝိပတ္တီတိ ဝိပန္နာ ဂတိ စတ္တာရော အပါယာ၊ ဥပဓိသမ္ပတ္တီတိ အတ္တဘာဝသမိဒ္ဓိ၊ ဥပဓိဝိပတ္တီတိ ဟီနအတ္တဘာဝတာ၊ ကာလသမ္ပတ္တီတိ သုရာဇသုမနုဿကာလသင်္ခါတော သမ္ပန္နကာလော၊ ကာလဝိပတ္တီတိ ဒုရာဇဒုမနုဿကာလသင်္ခါတော ဝိပန္နကာလော၊ ပယောဂသမ္ပတ္တီတိ သမ္မာပယောဂေါ၊ ပယောဂဝိပတ္တီတိ မိစ္ဆာပယောဂေါ၊** (အဘိ၊ ၄၊ ၂၊ ၄၂၁)

စောဒကဆရာတော်များ တင်ပြထားသော ဝိပတ္တိလေးပါးသည်သာ ရှေးပညာရှိသူတော်ကောင်းတို့၏ အာဘော်ကျ ဖြစ်ပါပေသည်။

## ဝိပတ္တိကြုံလျှင် အကုသိုလ်ကံ အကျိုးပေးခွင့်သာ

ဤဝိပတ္တိလေးပါးတို့သည် အကုသိုလ်ကံများ အကျိုးပေးခွင့်သာရာ အရာဌာနများ ဖြစ်ကြသည်။

ချဲ့ပြဦးအံ့- အပါယ်လေးဘုံ၌ ဖြစ်ရခြင်းသည် (ကုသိုလ်ကံများ အကျိုးပေးခွင့်မသာရာ) ဂတိဝိပတ္တိ မည်၏။ ယင်းဂတိဝိပတ္တိနှင့် ကြုံရသောအခါ အကုသိုလ်ကံများ ဝိုင်းဝန်း၍ အကျိုးပေးချင်တိုင်း ပေးရန် အခွင့်သာ ကြသည်မှာ ပြောပြစရာမလိုအောင်ပင် ထင်ရှားလှသည်။ အထိုက်အလျောက် သက်သာပါသေး၏ဟု ဆိုနိုင်သော တိရစ္ဆာန်၌ပင် အစာရေစာငတ်ခြင်း၊ နေပူမိုးရွာ လွန်စွာဆင်းရဲခြင်း၊ ဒုတ်ဓားစသည်ဖြင့် အရိုက်အနှက် အသတ်အဖြတ်ခံရခြင်း၊ အချင်းချင်း နှိပ်စက်သတ်ဖြတ် စားသောက်ခြင်းစသော ဒုက္ခတွေ စုပြုံခံရဖို့အတွက် အလွန်ပင် အကျိုးပေးခွင့်သာလေ၏။ ထိုဂတိဝိပတ္တိ ဆိုက်ရောက်နေသောအခါ ရှေးရှေးဘဝက ကုသိုလ်ကံတွေ ပါရှိနေကြသော်လည်း ကယ်ဆယ်ဖို့ရန် အခွင့်မရတော့။ ကုသိုလ်ကံများအကျိုးပေးခွင့် မသာတော့ပေ။

ရုပ်ဆင်းအင်္ဂါချွတ်ယွင်းခြင်းသည် ဥပဓိဝိပတ္တိမည်၏။ ဂတိဝိပတ္တိဖြစ်နေသော တိရစ္ဆာန်တို့၌ ရုပ်အဆင်း မလှမှုဟူသော ဥပဓိဝိပတ္တိကြောင့် ကုသိုလ်ကံအကျိုးပေးခွင့် မသာသည်မှာ ထင်ရှားလှ၏။ ဂတိသမ္ပတ္တိဖြစ်သော လူ့ဘုံမှာပင် ဥပဓိဝိပတ္တိဖြစ်နေလျှင် ကုသိုလ်ကံ၏အကျိုးကိုရသင့်သလောက် မရဘဲ ရှိတတ်သည်။ အမျိုးမြတ် ဥစ္စာရှင်ပင် ဖြစ်စေကာမူ အမျိုးတူဥစ္စာရှင်များက ကြည်ဖြူလေးမြတ် နိုင်ခြင်း မရှိကြပေ။အလောင်းတော် ကုသမင်းကြီး၏ ဘဝကို ပုံစံထုတ်ကြည့်နိုင်ပေ၏။ ထို့ကဲ့သို့ ဥပဓိဝိပတ္တိဖြစ်သောအခါ အကုသိုလ်ကံတို့က အကျိုးပေးခွင့်သာပြီး ကုသိုလ်ကံတို့က အကျိုး ပေးခွင့်မရဘဲ ရှိတတ်ပေသည်။

ယုတ်မာဆိုးဝါးသော ပုဂ္ဂိုလ်များ ခေါင်းဆောင်အုပ်စိုးရာကာလသည် ကာလဝိပတ္တိ(=အခါကာလ မကောင်းခြင်း)မည်၏။ (တစ်နည်း) တိုင်းပြည် ပျက်သောအခါ၊ စစ်ဖြစ်နေကြသောအခါများသည် ကာလဝိပတ္တိ မည်၏။ ထိုအခါ၌ ရှေးကပါလာခဲ့သော အကုသိုလ်ကံများသည် အကျိုးပေးခွင့် သာနေကြသောကြောင့် ပြေးရ လွှားရ၊ ဒုက္ခ၊ ဒေါမနဿ၊ သောက၊ ပရိဒေဝ တွေ ကြုံရ၊ အစာရေစာ ငတ်မွတ်ခေါင်းပါးဖြစ်ကြရ၏။ ကုသိုလ်ကံကြီးမားသူတို့ပင် ထိုကုသိုလ်ကံအကျိုးပေးခွင့် မရကြဘဲ အကုသိုလ်ကံ၏ဒဏ်ကို ခံစားကြရသည်။

http://www.dhammadownload.com


အသိ အလိမ္မာ ဉာဏ်ပညာ၊ သတိ၊ ဝီရိယ မရှိခြင်းသည် **ပယောဂဝိပတ္တိမည်၏။** ဉာဏ်ပညာကင်း၍ ဖွင်းအထိုင်းမှိုင်းခြင်း၊ သတိကင်းပေါ့ မေ့လျော့ခြင်း၊ ဝီရိယကင်း၍ ပျင်းရိခြင်းဟူသော ပယောဂဝိပတ္တိကြောင့် ဥစ္စာခန ဆင်းရဲရခြင်း၊ အတတ်ပညာများ မတတ်မြောက်ခြင်း၊ ကျန်းမာရေး မပြည့်စုံခြင်း စသော မကောင်းကျိုးများ ကြုံတွေ့ကြရ၏။ နတ်ဗြဟ္မာများ၌ ပယောဂဝိပတ္တိ၊ ပယောဂသမ္ပတ္တိသည် အရေးမပါလှသော်လည်း လူ့ဘဝ လူ့လောကတွင်မူကား များစွာအရေးပါ၏။ ပယောဂသမ္ပတ္တိဖြစ်က ဖးစဖးရားရာ အထက်တန်း ရောက်သလောက် ပယောဂဝိပတ္တိဖြစ်က အောက်တန်းကျ ဆင်းရဲ ဒုက္ခရောက်ကြရပေသည်။

ရှေးပညာရှိသူတော်ကောင်းတို့သည် ဤဝိပတ္တိလေးပါးကင်း၍ သမ္ပတ္တိလေးပါး ပြည့်စုံစေရန်အတွက် ကုသိုလ်ကံတရားများ ဆည်းပူးအားထုတ်စေလိုခြင်း ရှိသည့်အားလျော်စွာ ဝိပတ္တိလေးပါးမှလည်း လွတ်မြောက် စေလိုကြ၏။ ထို့ကြောင့် - ဤဩကာသကန်တော့ချိုးလာ ဆုတောင်းခန်း၌ ဝိပတ္တိတရားလေးပါးကို ထည့်သွင်းတော် မူထားကြခြင်းဖြစ်သည်။

## ဝိပတ္တိ သုံးပါး လေးပါး

ဝိနည်းအရာ၌-သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ အာဇီဝဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ ဟူ၍ လေးမျိုး၊ အင်္ဂုတ္တရနိကာယ် တိကနိပါတ်၌ သီလဝိပတ္တိ, စိတ္တဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ,ဟုလည်းကောင်း။ ကမ္မန္တဝိပတ္တိ, အာဇီဝဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ,ဟုလည်းကောင်း။ သုံးမျိုး ရှိပေသေး၏။ ဤ၌ ထိုလေးမျိုး သုံးမျိုးတို့ကို ဆိုလိုခြင်း မရှိပါပေ။

**မေထုနံ ဓမ္မံ ပဋိသေဝန္တဿ အာပတ္တိယော စတုန္နံ ဝိပတ္တီနံ ကတိ ဝိပတ္တိယော ဘဇန္တိ? မေထုနံ ဓမ္မံ ပဋိသေဝန္တဿ အာပတ္တိယော စတုန္နံ ဝိပတ္တီနံ ဒွေ ဝိပတ္တိယော ဘဇန္တိ- သိယာ သီလဝိပတ္တိ, သိယာ အာစာရဝိပတ္တိ၊ပ။ အနာဒရိယံ ပဋိစ္စ ဥဒကေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရောန္တဿ အာပတ္တိ စတုန္နံ ဝိပတ္တီနံ ကတိ ဝိပတ္တိယော ဘဇတိ? အနာဒရိယံ ပဋိစ္စ ဥဒကေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရောန္တဿ အာပတ္တိ စတုန္နံ ဝိပတ္တီနံ ဧကံ ဝိပတ္တိံ ဘဇတိ အာစာရဝိပတ္တိ၊** (ဝိ၊၅။၅၄။)

**"တိဿော ဣမာ, ဘိက္ခဝေ, ဝိပတ္တိယော၊ ကတမာ တိဿော? သီလဝိပတ္တိ, စိတ္တဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ၊** (အံ၊၁။၂၇၁။)

**၁၂၀. "တိဿော ဣမာ, ဘိက္ခဝေ, ဝိပတ္တိယော၊ ကတမာ တိဿော? ကမ္မန္တဝိပတ္တိ, အာဇီဝဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ၊** (အံ၊၁။၂၇၄။)

## ဖေါက်ပြန်ခြင်း ဝိပလ္လာသ

မိုးပြာဂိုဏ်းသားတို့သည် - "အရိယာနယ်တွင် ဒုက္ခအသိဖေါက်ပြန်ခြင်း စသည်တို့သည် ဝိပတ္တိတရား လေးပါးအစစ်ဖြစ်သည် ဟု နှလုံးသွင်းမိပါသည်အရှင်ဘုရား"ဟု ဖွင့်ဆိုထားကြ၏။ ၎င်းတို့ ဆိုထားသော စကားကို ၎င်းတို့မှ နားလည်ကြပါ၏လော? မသိပေ။ ဒုက္ခအသိဖေါက်ပြန်ခြင်း ဟူသတတ်။

ဝိပလ္လာသ ခေါ် ဖေါက်ပြန်မှုနှင့်စပ်လျဉ်း၍ အခြေခံအားဖြင့် -

၁။ သညာဝိပလ္လာသ- သညာ၏ဖေါက်ပြန်ခြင်း၊ (ဝါ)ဖေါက်ပြန်သော သညာ။

၂။ စိတ္တဝိပလ္လာသ- စိတ်၏ဖေါက်ပြန်ခြင်း၊ (ဝါ)ဖေါက်ပြန်သော စိတ်။

၃။ ဒိဋ္ဌိဝိပလ္လာသ- အယူ၏ဖေါက်ပြန်ခြင်း၊ (ဝါ)ဖေါက်ပြန်သော အယူ -ဟူ၍ သုံးပါးရှိ၏။

http://www.dhammadownload.com


ငင်းသုံးပါးတို့သည် -

၁။ မမြဲသောခန္ဓာငါးပါး၌ မြဲ၏ ဟူ၍ လည်းကောင်း၊ **(အနိစ္စေ နိစ္စ)**

၂။ ဒုက္ခဖြစ်သောခန္ဓာငါးပါး၌ သုခ ဟူ၍ လည်းကောင်း၊ **(ဒုက္ခေ သုခ)**

၃။ (ခိုင်မြဲသော အနှစ်သာရအမာခံ)အသက်ရှင်အတ္တကောင် မဟုတ်သော ခန္ဓာငါးပါး၌ (ခိုင်မြဲသော အနှစ်သာရ အမာခံ)အသက်ရှင်အတ္တကောင်ဟူ၍လည်းကောင်း၊ (အနတ္တနိ အတ္တ)

၄။ မတင့်တယ်သောခန္ဓာငါးပါး၌ တင့်တယ်၏ဟူ၍လည်းကောင်း၊ (အသုဘေ သုဘ)။ ဤသို့ လေးမျိုးစီရှိ၍ ဖေါက်ပြန်မှုခေါ် ရသော ဝိပလ္လာသသည်(၄×၃=) ၁၂-ပါး ရှိနိုင်ပေသည်။ (အံ၊ ၁။ ၃၆၁။)

ထို့ကြောင့်-'ဒုက္ခဖြစ်သောခန္ဓာငါးပါး၌ သုခ ဟု အမှတ်သညာ၊ ကြံသိစိတ်၊ အမြင်အယူဒိဋ္ဌိ၏ ဖေါက်ပြန်ခြင်း' ဟု ဆိုမှသာလျှင် သဒ္ဒါ၊ အနက် နှစ်ချက်လုံး မှန်ကန်ပေသည်။

မိုးပြာဂိုဏ်းသားတို့သည် ပြောချင်တာကလည်း ပြာလို့၊ မှားလိုက်တာကလည်း ချာတူးလန် လို့ ဟုပင် ဆိုရပေတော့မည်။ သဒ္ဒါမှ မမှန်လျှင် သဘောတရားအနက်မှန်ကိုလည်း အဘယ်မှာ ရတော့အံ့နည်း။

အမှားနှစ်ခုပေါင်းလျှင် အမှန်တစ်ခု မဖြစ်နိုင်သောသဘောကိုပင် လေးနက်စွာ ခံယူထားဟန် မရှိကြ-ဟုပင် သုံးသပ်ရပေသည်။

သို့ပါ၍ မိုးပြာဝါဒ၏ဝိပတ္တိတရားလေးပါးသရုပ်သည် ဩကာသကန်တော့ချိုးကို စီမံခဲ့ကြသော ရှေးပညာရှင်တို့၏ အလိုနှင့် ဆန့်ကျင် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဝါဒဖြစ်သည်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

### ဗျသနတရား ငါးပါး

မိုးပြာဂိုဏ်းသားတို့က -'ဆွေမျိုးပျက်စီးခြင်း စသည်တို့ကို ဗျသနတရားငါးပါး ဟု ကြောက်လန့် မိခဲ့ပါသည် အရှင်ဘုရား။ အရိယာနယ်တွင် အစွဲခန္ဓာငါးပါးတို့၏ ဖိစီးနှိပ်စက်မှုကိုခံရ၍ မူလဗီဇခန္ဓာငါးပါးတို့ကို ပျက်စီး ဆိုးဝါးစေခြင်းသည်သာလျှင် ဗျသနတရားငါးပါးဖြစ်သည်ဟု သိမြင်ခံယူမိပါသည် အရှင်ဘုရား' ဟု ရေးသား ထားကာ ဗျသနတရားငါးပါးသရုပ်တို့ကို အရှုးချေးပန်း ရမ်းထားကြပြန်သည်။

ပဉ္စိမာနိ ဘိက္ခဝေ ဗျသနာနိ၊ ကတမာနိ ပဉ္စ ဉာတိဗျသနံ ဘောဂဗျသနံ ရောဂဗျသနံ သီလဗျသနံ ဒိဋ္ဌိဗျသနံ"။ (အံ၊ ၂။ ၁၂၉။ဗျသနသုတ်။)ကို ကိုးကား၍ စောဒကပုဂ္ဂိုလ်တို့က

၁။ ဉာတိဗျသန  ၂။ ဘောဂဗျသန  ၃။ ရောဂဗျသန

၄။ သီလဗျသန  ၅။ ဒိဋ္ဌိဗျသနဟု ဗျသနတရားငါးပါးတို့ကို ထုတ်ပြကြပါသည်။

ဤ ဗျသနတရား ငါးပါးသည် သိသာထင်ရှားသည်ဖြစ်၍ အထူးရှင်းပြစရာ မလိုပေ။

သို့သော်- မိုးပြာဂိုဏ်းသားတို့၏ စကားကိုကား စိစစ်ဖွယ်ရာ လိုပေလိမ့်မည်။

မိုးပြာဂိုဏ်းသားတို့က 'အရိယာနယ်တွင် အစွဲခန္ဓာငါးပါးတို့၏ ဖိစီးနှိပ်စက်မှုကို ခံရ၍ မူလဗီဇခန္ဓာငါးပါး တို့ကို ပျက်စီးဆိုးဝါးစေခြင်းသည်သာလျှင် ဗျသနတရားငါးပါး ဖြစ်သည်' ဟု သိမြင် ခံယူမိပါသည်အရှင်ဘုရား' ဟု ဆိုကြ၏။

ငင်းတို့ အဆိုအားဖြင့် အစွဲခန္ဓာငါးပါးက တစ်မျိုး၊ မူလဗီဇခန္ဓာငါးပါးက တစ်မျိုးဟု သတ္တဝါတို့သန္တာန်၌ နှစ်မျိုးရှိနေရာ ရောက်ပါသည်။ အစွဲနှင့် ခန္ဓာကို အရတူအနေအားဖြင့် 'အစွဲခန္ဓာငါးပါး'ဟု ဆိုထားသည် မှာလည်း မသင့်ပေ။ တစ်ခြားစီပါဆိုလျှင်လည်း သေချာကွဲပြားအောင် သုံးစွဲသင့်ပေသည်။

http://www.dhammadownload.com


မြတ်စွာဘုရားဟောကြားအပ်သော 'ဥပါဒါနက္ခန္ဓာ' ဟူရာ၌ ဥပါဒါန်တရားတို့၏ အာရုံ ဝါ-ဥပါဒါန်တရားတို့၏ အကြောင်းဖြစ်သော ခန္ဓာငါးပါး၊ (တစ်နည်း) ဥပါဒါန်တရားတို့သည် အာရုံပြုခြင်းစသည်တို့၏ အစွမ်းအားဖြင့် ကပ်၍ယူအပ်၊ စွဲလမ်းအပ်သော ခန္ဓာငါးပါးဖြစ်သည်။

ထို့ကြောင့်-စွဲလမ်းတတ်သော ဥပါဒါန်က တစ်ခြား၊ ခန္ဓာက တစ်ခြား၊ အရကွဲပေသည်။

သတ္တဝါတို့သည် ခန္ဓာငါးပါးကို လိုချင်နှစ်သက်ပြီး စွဲလမ်းတတ်၏၊ ကာမုပါဒါန်ခေါ်သည်။

အတ္တကောင် ငါကောင်အနေဖြင့် စွဲလမ်းတတ်၏၊ အတ္တဝါဒုပါဒါန်ခေါ်သည်။

မဂ္ဂင်ရှစ်ပါးကို ဖြစ်ပွါးစေသည်လည်း မဟုတ်ပါဘဲ တစ်စုံတစ်ခုသော အလေ့အကျင့်မျှဖြင့် သံသရာဆင်းရဲမှ လွတ်သည်ဟု လည်းကောင်း၊ မအို, မနာ, မသေ အမြဲချမ်းသာသွားသည်ဟု လည်းကောင်း ယုံကြည်ကာ အကျင့်မှားကို အကျင့်မှန် ဟု ယုံကြည်စွဲလမ်းတတ်၏။ သီလဗ္ဗတုပါဒါန် ခေါ်သည်။

ယင်း ဒိဋ္ဌိ နှစ်မျိုးမှ တပါးသော ကံ၊ ကံ၏အကျိုးကိုပယ်ခြင်း စသော ယူဆစွဲလမ်းမှု မှန်သမျှသည် ဒိဋ္ဌုပါဒါန်မည်၏။

ၒင်းဥပါဒါန်လေးပါးတို့၏ အာရုံဖြစ်သောစွဲလမ်းအပ်သော ရုပ် နာမ် အဖို့အစုများသည် ဥပါဒါနက္ခန္ဓာ မည်ပေသည်။

မိုးပြာဂိုဏ်းသားတို့သည် ဥပါဒါနက္ခန္ဓာကို တိကျစွာ မြန်မာဝေါဟာရ ဖလှယ်ခြင်းမပြုဘဲ လုံးရိုက်ကြ၏။

နောက်တဖန်- ၎င်းတို့သည် တမလွန်ဘဝကို ပယ်ရှားသူများဖြစ်ရာ 'ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ'ကိုလည်း ပစ္စုပ္ပန်ဘဝတစ်ခုအနေဖြင့် အဓိပ္ပါယ်ဖွင့်ဆိုလိုဟန်လည်း ရှိပေသည်။

ဆိုလိုသည်မှာ- ဥပါဒါန်ကြောင့် ကုသိုလ်၊ အကုသိုလ် ကမ္မဘဝဖြစ်၏။ ၎င်းကမ္မဘဝကြောင့် အနာဂတ် တမလွန်တွင် ဘဝဇာတိ(ဒုဂ္ဂတိ၊ သုဂတိ)ဖြစ်၏-ဟူသော ပဋိစ္စသမုပ္ပါဒ် သဘောမှန်ကို ဖုံးကွယ်ထားကြပြီး မိမိလိုရာ အဓိပ္ပါယ်ကို ဆွဲယူကြကာ ဗုဒ္ဓသာသနတရားငါးပါးကိုပင် ယူရိုးယူစဉ် မယူဘဲ မူလဇီဇ ခန္ဓာငါးပါး ပျက်စီးခြင်း-ဟု ယူမှား၊ ရေးမှား၊ ဆိုမှားကြပါပေသည်။

သို့ပါ၍ မိုးပြာဝါဒ ဗုဒ္ဓသာသနတရားငါးပါးသရုပ်သည် ဩကာသကန်တော့ချိုးကို စီမံခဲ့ကြသော ရှေးပညာရှင်တို့၏ အလိုနှင့် ဆန့်ကျင် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သော ဝါဒဖြစ်သည်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၁၇) စောဒနာလွှာပါ (ဓမ္မဝိဟာရီဌေးရတုပူဇာစာအုပ် နှာ-၄၃-၄၄။)၌ အရှင်ဉာဏ၏ တပည့် မိုးပြာဂိုဏ်းသား အေးငြိမ်းကျော်၏ ဟောပြောရေးသားချက်များသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ပါရှိသော အပါယ်လေးပါး၊ ကပ်သုံးပါး စသည်တို့ကို ဖျက်ဆီးထားသော ဟောပြောရေးသား ချက်များ ဖြစ်သောကြောင့် ယင်းဟောပြောရေးသားချက်တို့ကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနိစ္ဆယ အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

------------------

http://www.dhammadownload.com


## အမှတ်(၃၈)စောဒနာလွှာ စိစစ်ဆုံးဖြတ်ချက်

(မဟာပေါ္ဌကစာအုပ် နှာ ၂၁-၃၁။)၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"ရာဇဂြိုဟ်နှင့်နာလန္ဒာအကြား အမ္ဗလဋ္ဌိကာသရက်ဥယျာဉ်၌ ရဟန်းတို့အား ဘုရားဟောသော ဒေသနာ ကွန်ယက်တရား။ ရဟန်းတို့ ငါကြွလာတာနဲ့ပဲ ရပ်လိုက်ကြရတဲ့ မပြီးဆုံးသေးတဲ့ ပြောဆို စကားတွေဟာ ဘာလဲ။ သည်မင်းကွန်းမှာပဲ တည်းခိုနေတဲ့ တပည့်တော်တို့ ခရီးနောက်က လိုက်လာကြတဲ့ ဆရာတပည့် နှစ်ဦး အကြောင်းပါပဲ ဗုဒ္ဓအသျှင်။ သူတို့ဟာ ဘာပြောစရာရှိလို့လဲ ရဟန်းတို့။ သူတို့ဆရာတပည့်တွေဟာ အတူသွား အတူနေပြီး စကားများ စိတ်ဝမ်းကွဲနေကြပါတယ်။ ဘယ်အကြောင်းကြောင့်လဲ ရဟန်းတို့။ ဗုဒ္ဓအသျှင်နဲ့ သံဃာတို့ အကြောင်းမှာပါ။ ဘယ်လိုဖြစ်ကြတာ တဲ့လဲ။ ဆရာပရိဗိုဇ်သုပ္ပိယက ဗုဒ္ဓအသျှင်နဲ့သံဃာကို ကဲ့ရဲ့ရှုတ်ချစကား ဆိုပါတယ်။ တပည့်ဗြဟ္မဒတ္တ လူငယ်က ချီးမွမ်းကျေးဇူးစကား ဆိုပါတယ်။ သည်လိုဖြောင့်ဖြောင့်ဆန့်ကျင် ငြင်းခုံကြတာပါ။ (ပ) အတွေ့အကြုံ ဖဿတွေရယ် အတွေ့အကြုံဖဿရဲ့သာယာဖွယ်ရယ် အတွေ့အကြုံ ဖဿရဲ့အပြစ်ရယ် အတွေ့အကြုံ ဖဿက လွတ်မြောက်ရာရယ်ကို သိအောင်လုပ်ရမယ်။ ဒါဟာ အမြတ်ဆုံးပဲ။ ငါ့ကို ချီးမွမ်းနေရင် ဒါနဲ့ချီးမွမ်းမှ ပြည့်စုံမယ်။ ဝမ်းသာပါတယ်အရှင်"ဟူသော (မဟာပေါ္ဌကစာအုပ် နှာ ၂၁-၃၁။) ဟောပြောရေးသား ထားချက်သည် ဗုဒ္ဓတရားတော်လိုရာယူ မလိုရာကို ပယ်၍ ဟောပြော ရေးသား ထားသောကြောင့် ယင်းဟောပြောရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

အထက်ပါ မဟာပေါ္ဌကစာအုပ် နှာ ၂၁-၃၁။လာ အရှင်ဉာဏ၏ ဟောပြောရေးသား ထားချက်သည် သီလက္ခန္ဓဝဂ္ဂပါဠိတော် ဗြဟ္မဇာလသုတ်ကို ဘာသာပြန်ထားကြောင်း သိရပါသည်။ ယင်းကို ဘာသာပြန်ရာ၌ ထေရဝါဒသံဃာတော်တို့ သံဂါယနာတင်ထားသည့် မူအတိုင်း မပြန်ဆိုဘဲ မိမိကြိုက် သလောက်သာ ရွေးကောက်၍ ပြန်ဆိုထားပါသည်။ ယင်းသို့ပြန်ဆိုထားခြင်းဖြင့် မူရင်းဖြစ်သော ဒေသနာတော်ကို ဖျက်ဆီးခြင်း ပင်တည်း။ သို့ဖြစ်ပါ၍ မဟာပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရား မိန့်မှာ ထားသည့် တရားတို့ကိုလည်း ဖျက်ဆီးရာ ရောက်ပါသည်။

"အပညတ္တံ န ပညာပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊ ယထာပညတ္တေသု သမာဒါယ ဝတ္တိတဗ္ဗံ- မြတ်စွာဘုရား မပညတ်သည်ကို မပညတ်အပ်။ မြတ်စွာဘုရား ပညတ်အပ်ပြီးသည်ကိုလည်း မပယ်စွန့်အပ်။ ပညတ်တိုင်းကုန်သော သိက္ခာပုဒ်(တရား)တို့၌ ကောင်းစွာတည်၍ ကျင့်အပ်၏"ဟူသော တရားတော်ကိုလည်း ဖျက်ဆီးရာရောက်ပါ၏။

မဟာပေါ္ဌက စာအုပ်ကြီးအရ စာမျက်နှာပေါင်း(၁၇၀၀)ကျော်အတွင်း၌ ထေရဝါဒပိဋကတ်လာ သုတ္တန်ပေါင်း မြောက်များစွာတို့ကို ရယူ၍ အပိုအလိုများဖြင့် စိတ်ကြိုက်အတိုင်း ဘာသာပြန်ဆို ထားပါသည်။ ထို့ကြောင့် အဆိုပါ မဟာပေါ္ဌက ကျမ်းစာအတွင်းရှိ မြန်မာပြန်အားလုံးသည် အထက်ပါထေရဝါဒ (ဝါ) ဗုဒ္ဓဝါဒအရဖြစ်သော (၁) အသစ်ထပ်မံ၍ မထည့်ရ၊ (၂) ရှိပြီးသားတရားကို မဖျက်ရ၊ (၃) ရှိပြီးသားကို အပိုအလို ဖြစ်အောင် အတိမ်းအစောင်းဖြစ်အောင် မပြင်ရဟူသော စည်းကမ်းတို့နှင့် မညီညွတ်သောကြောင့် အဓမ္မဝါဒသာ ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ မဟာပေါ္ဌကပါရေးသားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးသင့်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com



## "ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်ချက်"

စောဒကတို့ တင်ပြသော သက်သေစာရင်း၌ မဟာပေါ်ဋ္ဌကပဌမတွဲကို တွေ့ရသည်။ ယင်း၌
မဟာပေါ်ဋ္ဌက ပဋ္ဌမအစု နှာ ၁၇၀။ မဟာပေါ်ဋ္ဌက ဒုတိယအစု နှာ ၃၉၄။
မဟာပေါ်ဋ္ဌက အပိုင်း(၃)နှာ ၂၀၄။ မဟာပေါ်ဋ္ဌက အပိုင်း(၄) နှာ ၃၀၂။
စာမျက်နှာပေါင်း ၁၀၇၀။ ပါရှိသည်။

အချို့ကိုသာ ဖတ်ရှုကြည့်မိသည်။ ပါဠိတော် အရှိအတိုင်း မြန်မာဘာသာ ပြန်ဆိုခြင်း မဟုတ်သည်များကို တွေ့ရ၏။ အရှိကို အရှိအတိုင်း ဘာသာပြန်ဆိုသင့်သည်။ ဘာသာပြန်ဆိုမှု မှားလျှင် အပိုထည့်လျှင် ဖတ်ရှုသူများ အသိမှားနိုင်သည်။ အသိမှားလျှင် အကျင့်မှားမည်။ အကျင့်မှားလျှင် လိုရာ ငြိမ်းချမ်းမှုကို မရောက်နိုင်၊ မရနိုင်။

စာမျက်နှာတွေများလွန်းသောကြောင့် အချိန်တို့ ကာလအတွင်း စေ့စပ်သေချာ မလေ့လာနိုင်။

**စောဒကဆရာတော်များက** မိုးပြာရှင်ဉာဏ၏ မဟာပေါ်ဋ္ဌကစာအုပ်(နှာ-၂၁၊ ၃၁)လာ ရေးသားပြောဆို ချက်များကို (ဥပလက္ခဏနည်းအားဖြင့်) နမူနာထုတ် ပဓာနဋ္ဌပနာပြု၍ မြတ်ဗုဒ္ဓ၏ဒေသိတဓမ္မ (နှုတ်တော်ထွက် တရား)ဂို့ကို လိုချင်သလို လုပ်ထားချက်များ(များစွာ)တို့နှင့် စပ်လျဉ်း၍ တင်သွင်းစောဒနာထားကြပေသည်။

**စောဒကဆရာတော်များ** သက်သေအဖြစ်ထုတ်ပြအပ်သော **မဟာပေါ်ဋ္ဌက**(မဟာပေါ်တ္ထက?) စာအုပ်သည် စာမျက်နှာပေါင်း (၁၇၀၀)ကျော်ပင် ရှိသည့်အတွက် ကမ္ဘာ့အထူဆုံး စာအုပ်ကြီးဟု ဆိုနိုင်လောက်သည်။ စောဒကဆရာတော်များက "ထိုစာအုပ်ကြီး၌ ထေရဝါဒပိဋကတ်လာ သုတ္တန်ပေါင်းမြောက်များစွာတို့ကို အပိုအလိုများဖြင့် မှာယွင်းစွာ ဘာသာပြန်ဆိုထားကြောင်း" တင်ပြကြသည်။ ၎င်းစာအုပ်ကြီးတွင် မိုးပြာရှင်ဉာဏသည် သူ၏ မှားယွင်းသော တွေးခေါ်ယူဆချက် သောင်းခြောက်ထောင်တို့ဖြင့် ရမ်းချင်တိုင်းရမ်း၊ ဖြန်းချင်တိုင်းဖြန်း၍ ကွန့်မြူးထားဟန်လည်း ရှိပေသည်။

စောဒကဆရာတော်များက မိုးပြာကြီး၏ အမှားတွေကို များစွာထုတ်ပြတော် မမူကြ။ တစ်ခုမျှသာ ထုတ်ပြကြ၏။ မဟာသမုဒ္ဒရာ၏ ရေများကို အကုန်သောက်ကြည့်စရာမလို တစ်စက်မျှသာ တို့ကြည့်ခြင်းအားဖြင့် ငန်တူး စပ်ရှားသော အရသာအားဖြင့် မဟာသမုဒ္ဒရာရေအားလုံးသည် အတူတူပင်ဟု သိရှိနိုင်သလို သဘောမနော ဆိုး၍ အတွေးအခေါ် တိမ်းယိမ်းနေသော မိုးပြာကြီး၏ တစ်ခုသော ဘာသာပြန်ချက်ကို ကြည့်ခြင်းဖြင့် ကျန်သည့်ရေးသားပြန်ဆိုထားချက်များသည်လည်း ဤနည်းတူ အပိုအလိုတွေ မှားယွင်းတိမ်းယိမ်းနေသော အရာတွေသာဟု ပြဆိုလိုက်ခြင်းဖြစ်သည် ဟု သုံးသပ်ကြရ ပေသည်။

မိုးပြာရှင်ဉာဏ၏ လက်ရာကို လေ့လာကြည့်ပါဦး-

'ရာဇဂြိုဟ်နှင့် နာလန္ဒာ အကြား အမ္ဗလဋ္ဌိကာသရက်ဥယျာဉ်၌ ရဟန်းတို့အား ဘုရားဟောသော ဒေသနာကွန်ယက်တရား -ရဟန်းတို့ ငါ ကြွလာတာနဲ့ပဲ ရပ်လိုက်ကြရတဲ့ မပြီးဆုံးသေးတဲ့ ပြောဆိုစကားတွေဟာ ဘာလဲ ?၊ သည်မင်းကွန်းမှာပဲ တည်းခိုနေတဲ့ တပည့်တော်တို့ ခရီးနောက်က လိုက်လာကြတဲ့ ဆရာတပည့်နှစ်ဦး အကြောင်းပါပဲ ဗုဒ္ဓအသျှင်။ သူတို့ဟာ ဘာပြောစရာရှိလို့လဲ ရဟန်းတို့ ?၊ သူတို့ဆရာတပည့်တွေဟာ အတူသွားအတူနေပြီး စကားများစိတ်ဝမ်းကွဲနေကြပါတယ်။ ဘာအကြောင်းကြောင့်လဲ ရဟန်းတို့ ?၊ ဗုဒ္ဓအသျှင်နဲ့ သံဃာတော်တို့ အကြောင်းများပါ။ ဘယ်လို ဖြစ်ကြတာတဲ့လဲ?၊ ဆရာပရိဗိုဇ်သုပ္ပိယက ဗုဒ္ဓအသျှင်နဲ့ သံဃာတော်ကို ကဲ့ရဲ့ရှုတ်ချ စကားဆိုပါတယ်၊ တပည့်ဗြဟ္မဒတ္တလုလင်က ချီးမွမ်းကျေးဇူးစကား ဆိုပါတယ်၊ သည်လို ဖြောင့်ဖြောင့် ဆန့်ကျင် ငြင်းခုံကြတာပါ' ဟု ရေးသား

http://www.dhammadownload.com


ထားသော ရှင်ဉာဏ၏ ဘာသာပြန်စာသားကို စာဒက ဆရာတော်များက နမူနာအဖြစ် ထုတ်ပြထားပေသည်။

မိုးပြာရှင်ဉာဏ၏ ဘာသာပြန်ဆိုချက်သည် မူရင်းဘာသာပြန်နှင့် မည်မျှကွဲလွဲနေကြောင်း လေ့လာနိုင်ရန် (ဆဌ-မူ၊ သီလက္ခန်)ဗြဟ္မဇာလသုတ် မြန်မာပြန်ကို ထုတ်ပြပေဦးအံ့-

၁။ အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ငါးရာခန့်မျှသော ရဟန်းသံဃာနှင့် တကွ ရာဇဂြိုဟ်(ပြည်)နှင့် နာဠန္ဒာ(မြို့)အကြား၌ ခရီးရှည်ကြွသွား၏။ သုပ္ပိယပရိဗ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့်အတူ ရာဇဂြိုဟ်(ပြည်)နှင့် နာဠန္ဒာ(မြို့) အကြား၌ပင် ခရီးရှည်သွား၏။ ထိုခရီး၌ သုပ္ပိယပရိဗ်သည် ဘုရား၊ တရား၊ သံဃာ၏ အပြစ်ကို များစွာသော အကြောင်းဖြင့် ပြော၏။ သုပ္ပိယပရိဗ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင် သည်ကား ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကို များစွာသောအကြောင်းဖြင့် ပြော၏။ ဤသို့လျှင် ဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက်ဆန့်ကျင်သောစကားကို ပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏ နောက်မှနောက်မှ အစဉ်လိုက်ကုန်၏။

၂။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ အမ္ဗလဋ္ဌိကာ(ဥယျာဉ်) မင်းကွန်း၌ တစ်ညဥ့် တည်းခိုရန် ချဉ်းကပ်တော်မူ၏။ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့် အတူ အမ္ဗလဋ္ဌိကာ(ဥယျာဉ်)မင်းကွန်း၌ တစ်ညဥ့် တည်းခိုရန် ချဉ်းကပ်၏။ ထိုအမ္ဗလဋ္ဌိကာ (ဥယျာဉ်)၌လည်း သုပ္ပိယပရိဗိုဇ်သည် ဘုရား၊ တရား၊ သံဃာ၏ အပြစ်ကို များစွာသောအကြောင်းဖြင့် ပြော၏။ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင် သည်ကား ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကို များစွာသော အကြောင်းဖြင့် ပြော၏။ ဤသို့လျှင် ဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက် ဆန့်ကျင်သောစကားကို ပြောလျက် နေကုန်၏။

၃။ ထိုအခါ ညဥ့်၏(အဆုံး)မိုးသောက်ချိန်၌ (အိပ်ရာမှ)ထကြ၍ တန်ဆောင်းဝန်း၌ များစွာသော ရဟန်းတို့ စုဝေးထိုင်နေကြရာတွင် ဤစကားဖြစ်ပေါ်၏။

'အံ့ဖွယ်ရှိပါပေစွ ငါ့သျှင်တို့၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ ငါ့သျှင်တို့၊ သိတော်မူသော မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာ ဘုရားသည် သတ္တဝါတို့၏ အထူးထူးသော အလိုဆန္ဒကို (အတိုင်းမသိ) ကောင်းစွာ ထိုးထွင်းသိတော်မူပါပေ၏။ ဤသုပ္ပိယပရိဗိုဇ်သည် ဘုရား၊ တရား၊ သံဃာ၏ အပြစ်ကို များစွာသောအကြောင်းဖြင့် ပြော၏။ သုပ္ပိယပရိဗ်၏ တပည့် ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကို များစွာသော အကြောင်းဖြင့် ပြော၏။ ဤသို့လျှင် ဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက် ဆန့်ကျင်သောစကားကို ပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏ နောက်မှနောက်မှ အစဉ်လိုက်ကုန်၏။' ဟု စကား ဖြစ်ပေါ်၏။

၄။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုသိတော်မူသဖြင့် တန်ဆောင်ဝန်းသို့ ကြွတော်မူ၍ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် 'ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေး ထိုင်နေကုန်သနည်း?၊ သင်တို့၏မပြီးသေးသော အကြားစကားသည်ကား အဘယ်နည်း?'ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသောအခါ

http://www.dhammadownload.com


ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြကုန်၏။

'အသျှင်ဘုရား ညဉ့်၏(အဆုံး)မိုးသောက်ချိန်၌ (အိပ်ရာမှ) ထကြ၍ ဤတန်ဆောင်းဝန်း၌ အကျွန်ုပ်တို့ စုဝေးထိုင်နေကြရာတွင် **ဤစကားတို့** ဖြစ်ပေါ်ပါသည် **'အံ့ဖွယ်ရှိပါပေစွ ငါ့သျှင်တို့၊ (ပ) နောက်မှနောက်မှ အစဉ့်လိုက်ကုန်၏။'** ဟု **စကား**ဖြစ်ပေါ်ပါသည်။ ဤသည်ကား အကျွန်ုပ် တို့၏ မပြီးသေးသော **အကြားစကား** ဖြစ်ပါသည်။ ထိုအခါ မြတ်စွာဘုရားကြွရောက်တော် မူလာပါသည် အသျှင်ဘုရား' ဟု လျှောက်ကြကုန်၏။

ဤကား မူရင်းဘာသာပြန် စာသားများဖြစ်ပါသည်။ မိုးပြာရှင်ဉာဏ၏ ပြန်ဆိုချက်နှင့် တိုက်ဆိုင်ကြည့်လျှင် အပိုအလိုတွေ ဘယ်မျှရှိနေသည်ကို သိမြင်နိုင်ပေသည်။ **အထူးကွဲလွဲချက်မှာ** -

## ဘာသာပြန်ရန် ဓမ္မသဒ္ဒါကျန်

**မူရင်းစာသား၌** ဘုရား၊ တရား၊ သံဃာ ဟု ပါရှိပါလျက် **'တရား'ကို သိသိကြီးနှင့်** ဖယ်ထားခဲ့လေသလော-ဟု ဆိုဖွယ်ရာ ရှိပေသည်။ 'တရား' မပါဘဲ ဖြစ်နေ၏။ **စကား**အကျဉ်းရုံး၍ ဘာသာပြန်ထားပါသည်ဟု ဆိုလျှင်ကား ဆိုနိုင်ဖွယ်သော အနေအထားတွင် ရှိပါ၏။ မူရင်း**စာသားများ**နှင့် အဓိပ္ပါယ်ထပ်တူထပ်မျှ ရှိပေသည်ဟု ကား သုံးသပ်ရပေသည်။

ဆက်လက်၍ စောဒကဆရာတော်များက မိုးပြာကြီး၏ ၎င်းဗြဟ္မဇာလသုတ် ပြန်ဆိုထားချက်ကိုလည်း သက်သေအဖြစ် ပေယျာလထိုး၍ ဖော်ပြထားပေသည်။ တင်ပြထားသည့် မိုးပြာကြီး၏ ပြန်ဆိုချက်ကား -' (ပ) ' အတွေ့အကြုံ ဖဿတွေရယ်၊ အတွေ့အကြုံဖဿရဲ့ သာယာဖွယ်ရယ်၊ အတွေ့အကြုံ ဖဿရဲ့ အပြစ်ရယ်၊ အတွေ့အကြုံဖဿက လွတ်မြောက်ရာ ရယ် ကို သိအောင်လုပ်ရမယ်။ ဒါဟာ အမြတ်ဆုံးပဲ။ ငါ့ကို ချီးမွမ်းနေရင် ဒါနဲ့ ချီးမွမ်းမှ ပြည့်စုံမယ်၊ ဝမ်းသာပါတယ်အရှင်။'

ဤသည်မှာ မိုးပြာကြီး၏ ဘာသာပြန်ဆိုထားချက်များဖြစ်သည်။ သူ၏ ဘာသာပြန်ဆိုထားချက်များသည် မူရင်းစကားများနှင့် အဘယ်မျှ လွဲချော်နေသည်ကို **သိသာနိုင်ရန်** မူရင်းမြန်မာပြန်ကို **ထုတ်ပြပါဦးမည်။**

မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်၌ သဿတဒိဋ္ဌိ၊ ဧကစ္စသဿတဒိဋ္ဌိ-စသော မိစ္ဆာဒိဋ္ဌိ(၆၂) မျိုးတို့ကို အခြေခံအကြောင်းရင်းများနှင့်တကွ ထုတ်ဖော်ဟောပြတော်မူ၏။ ထိုသဿတဒိဋ္ဌိစသည်တို့ကို သရုပ်ထုတ်ဆို ဟောပြတော်မူသည်၏ အဆုံးတိုင်း၌ -

'ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ (ဝေဒနာတို့မှ) ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်မှန်သောအတိုင်း သိတော်မူသဖြင့် (တစုံတရာ)မစွဲလမ်းမူ၍ လွတ်မြောက်တော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်(တရား)တို့ကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်(တရား)တို့ဖြင့် ပြောကြရာ၏။ နက်နဲကုန်သော၊ မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော၊ သိမ်မွေ့ကုန်သော၊ ပညာရှိတို့သာသိနိုင်ကုန်သော ထိုတရားတို့သည် ဤသည်တို့ပင်တည်း' ဟု ဟောကြားတော်မူခဲ့ ပေသည်။

http://www.dhammadownload.com


ယင်းစကားရပ်ထဲ၌ 'ဖဿ'ဟူ၍ တစ်လုံးမျှ မပါ၊ ဝေဒနာသာ ပါ၏။ ဤဝေဒနာတစ်မျိုးတည်း ကိုသာ ဟောရခြင်း၏ ရည်ရွယ်ချက်ကိုလည်း အောက်ဖေါ်ပြပါ အဋ္ဌကထာစကားရပ်ဖြင့် သိနိုင်ပေသည်။

> ဣဒါနိ ယထာပဋိပန္နေန တထာဂတေန သာ နိဗ္ဗုတိ အဓိဂတာ၊ တံ ပပဋိပတ္တိံ ဒဿေတုံ ယာသု ဝေဒနာသု ရတ္တာ တိတ္ထိယာ ' ဣဓ သုခိနော ဘဝိဿာမ၊ ဇတ္တ သုခိနော ဘဝိဿာမာ'တိ ဒိဋ္ဌိဂဟနံ ပဝိသန္တိ၊ တာသံ ယေဝ ဝေဒနာနံ ဝသေန ကမ္မဋ္ဌာနံ အာစိက္ခန္တော 'ဝေဒနာသမုဒယဉ္စာ'တိ အာဒိမာဟ။ (ဒီ၊ ၁၊ ၄၊ ၁၀၀)
>
> (မြန်မာပြန်) ဤယခုအခါ၌ အကြင်အကျင့်ကို ကျင့်တော်မူသော မြတ်စွာဘုရားသည် ထိုပရာမာသကိလေသာတို့၏ ငြိမ်းအေးခြင်းကို ရတော်မူအပ်ပြီ။ ထိုကျင့်တော်မူအပ်သော အကျင့်ကို ပြတော်မူခြင်းငှာ အကြင်ဝေဒနာတို့၌ တပ်မက် ကုန်သော တိတ္ထိတို့သည် ဤအယူ၌ ငါတို့သည် ချမ်းသာခြင်းရှိကုန်သည် ဖြစ်ရကုန်လိမ့်အံ့၊ ထိုအယူ၌ ငါတို့သည် ချမ်းသာခြင်းရှိကုန်သည် ဖြစ်ရ ကုန်လိမ့်အံ့။ ဤသို့ မြော်တွေး၍ မိစ္ဆာအယူတည်းဟူသော တောရှုပ်သို့ ဝင်ကြကုန်၏။ ထိုဝေဒနာ တို့၏ အစွမ်းဖြင့်ပင်(ထိုဝေဒနာတို့နှင့်ပင် စပ်သဖြင့်) စတုသစ္စကမ္မဋ္ဌာန်းကို ဟောမိတော်မူလို သောကြောင့် 'ဝေဒနာနံ သမုဒယဉ္စ'အစရှိသော စကားရပ်ကို မိန့်တော်မူ၏။ (ဘာသာဋီကာ နိဿယ)

ဆိုလိုရင်းကား-ဗုဒ္ဓမြတ်စွာသည် ကမ္မဋ္ဌာန်းကို ဟောတော်မူလိုလျှင် ခန္ဓာ အာယတန စသည်တို့နှင့် စပ်သဖြင့် ဟောဘို့ရာ များစွာရှိပါသော်လည်း တိတ္ထိတို့သည် ခံစားမှု ဝေဒနာ၌ တဏှာဖြင့် မက်မောကြကုန်သည့် အတွက် 'ဣဓ သုခိနော ဘဝိဿာမ၊ ဇတ္တ သုခိနော ဘဝိဿာမ'ဟု ခံစားမှု ချမ်းသာရေးကို မြော်တွေးကာ မိစ္ဆာတောရှုပ်သို့ ဝင်မိကြရှာပေသည်။

ထို့ကြောင့် - အခြားတရားနှင့်စပ်၍ ကမ္မဋ္ဌာန်းကို ဟောတော်မမူဘဲ ဤနေရာ၌ ဝေဒနာနှင့်စပ်၍ ကမ္မဋ္ဌာန်းကို ဟောတော်မူလို၍ 'ဝေဒနာနံ သမုဒယဉ္စ' စသော စကားရပ်ကို မိန့်ဆိုတော်မူ၏ - ဟူလို။

ဖေါ်ပြပါ အဋ္ဌကထာစကား အရအားဖြင့် ဝေဒနာသာ ပါ၍ ဖဿ-စသောတရားများ မပါကြောင်း ထင်ရှားပေသည်။ ၎င်းဗြဟ္မဇာလသုတ် နောက်ပိုင်းတွင်ကား 'ဖဿပစ္စယဝါရ' ဟူသော ခေါင်းစဉ်အောက်၌

> 'ရဟန်းတို့ ထိုသူတို့သည် တည်မြဲအယူရှိကုန်သော အကြင်သမဏဗြာဟ္မဏတို့သည် ။ ပ။ အကြောင်းတို့ဖြင့် ပြကုန်၏။ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿဟူသော အကြောင်းကြောင့်ဖြစ်၏'

ဤသို့ဟောတော်မူရာတွင်ကား ဖဿပါရှိ၏။ ယင်းသို့ ဖဿကို ဟောတော်မူရာမှာလည်း 'ဖဿပစ္စယာ ဝေဒနာ'ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီ ဝေဒနာ၏အကြောင်းတရား အနေဖြင့်သာ ဟောတော် မူထားခြင်း ဖြစ်သည်။

တစ်ဖန်-ဗြဟ္မဇာလသုတ်၏ နောက်ဆုံး 'ဝိဝဋ္ဋကထာဒိ'ဟူသော ခေါင်းစဉ်အောက်၌ကား-

> 'ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ဖဿဖြစ်ကြောင်း ဌါနခြောက်ပါးတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ဖဿာယတနတို့မှ လွတ်မြောက်ရာကိုလည်းကောင်း ဟုတ်မှန်သော အတိုင်းသိ၏။ ဤရဟန်းသည် ဤမိစ္ဆာအယူ အလုံးစုံတို့ထက် အထူးသဖြင့် လွန်မြတ်

http://www.dhammadownload.com



သော တရားကိုလည်း သိ၏' ဟူ၍ ဟောထားချက် ပါရှိပေသည်။ ၎င်းစကားရပ်၌လည်း-

**'ဆန္ဒ ဖဿာယတနာနံ' ဟူ၍သာ ဟောထားတော်မူသည်။ ဖဿ သက်သက်ကို ဟောထား ချက်ကား** လုံးဝ မပါရှိပေ။ သို့ပါလျက် မိုးပြာရှင်ဉာဏသည် -

'အတွေ့အကြုံဖဿတွေရယ်၊ အတွေ့အကြုံဖဿရဲ့ သာယာဖွယ်ရယ်၊ အတွေ့အကြုံ ဖဿရဲ့ အပြစ်ရယ်၊ အတွေ့အကြုံ ဖဿက လွတ်မြောက်ရာရယ်ကို သိအောင် လုပ်ရမယ်၊ ဒါဟာ အမြတ်ဆုံးပဲ။ ငါ့ကို ချီးမွမ်းနေရင် ဒါနဲ့ ချီးမွမ်းမှ ပြည့်စုံမယ်။ ဝမ်းသာပါတယ်အရှင်'ဟု ရေးလည်း ရေးမှားပါပေ၏။

ထို့ကြောင့် - စောဒကဆရာတော်များက ထေရဝါဒသံဃာတော်တို့ သံဂါယနာတင်ထားသည့် မူအတိုင်း မပြန်ဆိုဘဲ မိမိကြိုက်သလောက်သာ ရွေးကောက်၍ ပြန်ဆိုထားပါကြောင်း၊ ယင်းသို့ ပြန်ဆိုထားခြင်းဖြင့် မူရင်းဖြစ်သော ဒေသနာတော်ကို ဖျက်ဆီးရာရောက်ကြောင်း -

'ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ၊ ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။ ' (ဒီ၊ ၂၊ ၆၅)-ဟူသော မဟာပရိနိဗ္ဗာနသုတ်လာ ဘိက္ခုအပရိဟာနိယ တရားတော်များကို ဖျက်ဆီးရာရောက်ကြောင်း စောဒနာတော်မူကြ ပေသည်။

မိုးပြာရှင်ဉာဏတို့လို ပုဂ္ဂိုလ်မျိုးကို ကြိုကြိုတင်တင် သိမြင်တော်မူကြသော ပဌမသင်္ဂါယနာ ပဓာနဦးဆောင် အရှင်မဟာကဿပထေရ်ကြီးကလည်း-

'သံဃော အပညတ္တံ န ပညပေယျ၊ ပညတ္တံ န သမုစ္ဆိန္ဒေယျ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တေယျ' - စသည်ဖြင့် ဥတ္တိဒုတိယကမ္မဝါစာရွတ်ဖတ်ကာ သံဃာတော်များ၏ သဘောတူချက်ဖြင့် အတည်ပြုထားတော် မူခဲ့ကြပေသည်။

ထို့ကြောင့် မိုးပြာရှင်ဉာဏ၏ ဘာသာပြန်ဆိုချက်များသည် ပိဋကတ်ကျမ်းဂန် မူရင်းစကား များနှင့် ညီညွတ်ခြင်း မရှိကြောင်း ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြပေသည်။

## ဆုံးဖြတ်ချက်

**သို့ဖြစ်ပါ၍ အမှတ်(၃၈) စောဒနာလွှာပါ (မဟာပေါ်ဌကစာအုပ် နှာ ၂၁-၃၁။)စသည်၌ အရှင်ဉာဏ** ရေးသားပြန်ဆိုထားသော- ဘာသာပြန်ချက်များသည် ပိဋကတ်ကျမ်းဂန် မူရင်းစကားများနှင့် ညီညွတ်ခြင်းမရှိသော ဟောပြော ရေးသားချက်များ ပါရှိသောကြောင့် ယင်းပိဋကတ်ကျမ်းဂန် မူရင်းစကားများနှင့် ညီညွတ်ခြင်း မရှိသော ဟောပြော ရေးသားချက်များကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---------------------

http://www.dhammadownload.com


## "အမှတ်(၃၉)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်"

(အရိယသစ္စကထာစာအုပ် နှာ ၈၄-၉၉။)၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"အဲသည်ဓမ္မကို ဖော်ပြတဲ့ စကားတစ်လုံးတိုင်းကို သူ့အနက် အဖော်မခံရတာ မရှိအောင်ကို အနက်ဖော်ပေးခဲ့တယ်။ စကားတွေ အနက်ဖော်ပေးတာ အများတွေဆိုတော့ လူကို ဒုက္ခလှလှ ပေးတာနော်။ သူဖွင့်လို့ အနရိယအနက်ထွက်ပုံ နည်းနည်းလောက် ပြနိုင်မလား။ (ပ) မင်္ဂလသုတ်မှာ လာတဲ့ ဗာလ ပဏ္ဍိတ ပူဇနေယျ ပုဂ္ဂိုလ်တွေ အရမှာ ကြည့်ပါ။ ဗာလအနက်ဟာ အကုသိုလ်မှုရှိသူ လောက်ပဲ။ ပဏ္ဍိတအနက်ဟာ ကုသိုလ်မှုရှိသူ လောက်ပဲ။ ပူဇနေယျအနက်ဟာ လောကီဂုဏ်ရှိသူ လောက်ပဲ။ ဒီလို အရကောက်တာ တွေဟာ အနရိယတ္ထတွေပဲ။ ဒီပုဒ်တွေရဲ့ အရိယတ္ထတွေကတော့ ဗာလအနက်က ပုထုဇဉ်။ ပဏ္ဍိတအနက်က အရိယာ။ ပူဇနေယျအနက်က လောကုတ္တရာဂုဏ် ရှိသူပေါ့။ မင်္ဂလာရဲ့ အရိယအနက်ကတော့ နိဗ္ဗာန်။ (ပ) နိရောဓရဲ့ အရိယအနက်က ဝဋ်သုံးပါးငြိမ်းရာပဲ။ (ပ) တဏှာရဲ့ အနရိယအနက်က အာရုံငါးပါး ဆာတာ။ အရိယအနက် ကတော့ ကံ လုပ်ချင်တာ"ဟူသော (အရိယသစ္စကထာစာအုပ် နှာ ၈၄-၉၉။) ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားချက်ကို အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

"ဗာလာ နာမ ယေကေစိ ပါဏာတိပါတာဒိအကုသလကမ္မပထသမန္နာဂတာ သတ္တာ၊ တေ တီဟာကာရေဟိ ဇာနိတဗ္ဗာ။ ယထာဟ-"တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ"တိ သုတ္တံ" သုတ္တနိ၊၄၊၂။၁၀။

"ပဏ္ဍိတာ နာမ ယေကေစိ ပါဏာတိပါတာဝေရမဏီအာဒိဒသကုသလကမ္မပထ-သမန္နာဂတာ သတ္တာ။ တေ တီဟာကာရေဟိ ဇာနိတဗ္ဗာ။ ယထာဟ-"တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတဿ ပဏ္ဍိတလက္ခဏာနိ"တိ သုတ္တံ" သုတ္တနိ၊၄၊၂။၁၀။

"ပူဇနေယျာ နာမ သဗ္ဗဒေါသဝိရဟိတတ္တာ သဗ္ဗဂုဏသမန္နာဂတတ္တာ စ ဗုဒ္ဓါ ဘဂဝန္တော၊ တတော ပစ္ဆာ ပစ္စေကဗုဒ္ဓါ အရိယသာဝကာ စ" သုတ္တနိ၊၄၊၂။၁၄။

မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဒ္ဓိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ။" သုတ္တနိ၊၄၊၂။၉။ တို့ကို ကိုးကား၍ အရှင်ဉာဏ၏ "ဗာလအနက်က ပုထုဇဉ်"ဟူသော ဟောပြောရေးသားချက်၊

"ပဏ္ဍိတအနက်က အရိယာ" ဟူသော ဟောပြောရေးသားချက်၊

ပူဇနေယျအနက်ကို "အဋ္ဌကထာ၌ လောကီဂုဏ်ရှိသူလောက်ပဲ" ဟူသော ဟောပြောရေးသားချက်။

"မင်္ဂလာရဲ့ အရိယာအနက်ကတော့ နိဗ္ဗာန်"ဟူသော ဟောပြောရေးသားချက်များသည် အဋ္ဌကထာနှင့် ဆန့်ကျင်နေပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

### ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်ချက်

စောဒကတို့ ကိုးကားသော သာဓကများမှန်ကန်သည်။

**"တီဏိမာနိ, ဘိက္ခဝေ, ဗာလဿ ဗာလလက္ခဏာနိ ဗာလနိမိတ္တာနိ ဗာလာပဒါနာနိ၊ ကတမာနိ တီဏိ? ဣဓ, ဘိက္ခဝေ, ဗာလော ဒုစ္စိန္တိတစိန္တီ စ ဟောတိ ဒုဗ္ဘာသိတဘာသီ စ ဒုက္កဋကမ္မကာရီ စ၊** မ၊၃။၂၀၁။ အံ၊၁။၁၀၀။နေတ္တိ။၁၄၈။

http://www.dhammadownload.com



**"တီဏိမာနိ, ဘိက္ခဝေ, ပဏ္ဍိတဿ ပဏ္ဍိတလက္ခဏာနိ ပဏ္ဍိတနိမိတ္တာနိ ပဏ္ဍိတာပဒါနာနိ။ ကတမာနိ တီဏိ? ဣဓ, ဘိက္ခဝေ, ပဏ္ဍိတော သုစိန္တိတစိန္တီ စ ဟောတိ သုဘာသိတဘာသီ စ သုကတကမ္မကာရီ စ။** (မ၊၃။၂၀၈။အံ၊၁။၁၀၁။ နေတ္တိ။၁၄၈။)

ဗာလပုဒ် ပဏ္ဍိတပုဒ်တို့ကို စောဒကတို့ အနက်ယောဇနာချက်သည် ဗာလလက္ခဏာ, ပဏ္ဍိတလက္ခဏာ တို့နှင့် ပြည့်စုံသူများကို အရကောက်နိုင်သည်။

စောဒကဆရာတော်များသည် သုတ္တနိပါတ်အဋ္ဌကထာ မင်္ဂလသုတ်အဖွင့်(နှာ-၁၀)စသည်တို့ကို ကိုးကား၍ အရှင်ဉာဏ၏ 'ဗာလအနက်က ပုထုဇဉ်၊ ပဏ္ဍိတအနက်က အရိယာ'-ဟူသော ရေးသားချက်သည် မှားယွင်းနေကြောင်း တင်ပြစောဒနာကြသည်ကို တွေ့ရသည်။

## ဗာလနှင့် ပဏ္ဍိတ

ဤမင်္ဂလသုတ်ဒေသနာတော်အရ ဗာလကို မပေါင်းသင်း၊ မဆည်းကပ်သင့်၊ ရှောင်ကြဉ်ရမည်ဖြစ်ပြီး ပဏ္ဍိတပုဂ္ဂိုလ်ကို ပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်ကြရမည် ဖြစ်ရာ ' ဤသူကား ဗာလ၊ ဤသူကား ပဏ္ဍိတ' ဟု သိရှိဖို့ရန် လိုအပ်ပေသည်။

## "အသေဝနာ စ ဗာလာနံ"

ထို့ကြောင့်-မြတ်စွာဘုရားသည် 'တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ၊ (ပ) တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတဿ ပဏ္ဍိတလက္ခဏာနိ'-စသည်ဖြင့်(အံ၊ ၁၊ ၁၀၀)စိန္တိသုတ်၌ ဟောထားတော်မူခြင်းဖြစ်သည်။

## ဗာလ=လူမိုက်ဟု သိနိုင်ကြောင်း အမှတ်အသား

၁။ ဒုစ္စိန္တိတစိန္တီ=အဘိဇ္ဈာစသည်တို့သည် ဖျက်ဆီးအပ်သော အကြံဆိုးကိုသာ ကြံစည်တတ်သူ၊

၂။ ဒုဗ္ဘာသိတဘာသီ=လောဘစသည်တို့သည် ဖျက်ဆီးအပ်သော မုသာဝါဒစသော ပြောဖွယ် စကားကိုသာ ပြောဆိုတတ်သူ။

၃။ ဒုက္ကဋကမ္မကာရီ=မကောင်းသဖြင့်ပြုလုပ်အပ်သော ပါဏာတိပါတစသော အလုပ်ကိုသာ ပြုလုပ်တတ်သူ။ ဤသို့သော ပုဂ္ဂိုလ်မျိုးကို ပဏ္ဍိတပုဂ္ဂိုလ်တို့က 'ဗာလ=လူမိုက်'ဟု သိရှိကြပေသည်။

**ထို့ကြောင့်- ဗာလသည် ကမ္မလက္ခဏော = မိမိပြုလုပ်အပ်သော ကာယကံစသော မကောင်းကံ** ဟူသော သိကြောင်း အမှတ်အသား ရှိ၏-ဟု မိန့်တော်မူခြင်း ဖြစ်သည်။

ဤသို့သောပုဂ္ဂိုလ်များသည် ဤလောက၌ ဘေးဒဏ်ရန်မာန် အန္တရာယ်ကင်းရှင်း အေးချမ်းခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ အများချစ်ခင်လေးစားခံရခြင်း၊ ပရိသတ်အလယ်ကြောက်ရွံ့ခြင်း ကင်း ရဲတင်းခြင်း-စသော ကောင်းသောအကျိုးများ မရနိုင်ကြပေ။

ယခုဘဝတွင် လောကအနေအားဖြင့် အထက်တန်းရောက်နေသူပင်ဖြစ်စေကာမူ တမလွန် ဘဝ၌ကား သုဂတိဘုံသို့ မရောက်နိုင်ပေ။ ထို့ကြောင့်-'ဒွေ အတ္ထေ လုနန္တီတိ ဗာလာ' အရ အကျိုးနှစ်မျိုးကို ဖြတ်တောက်တတ်သူ= ဗာလ=လူမိုက် ဟု အနက်ဖွင့်ဆိုကြပေသည်။

မိုးပြာရှင်ဉာဏနှင့်တကွ လက်ရုံးသာဝကကြီးတို့သည် ပညာတွေသင်ယူထားကြ၏။ မည်သို့ပင် ပိဋကတ် ပညာတွေ သင်ယူထားကြစေကာမူ ကောင်း/မကောင်းကို လိုက်နာ/ရှောင်ကြဉ်ခြင်း မရှိကြပေ။ တလွဲတွေး၊ တလွဲရေး၍ တလွဲကျင့်နေကြသူများဖြစ်၏။ ထို့ကြောင့်- သူတို့သည် ပိဋကတ်ပညာများဖြင့် အသက်ရှင်နေကြ သူများ မဟုတ်ကြဘဲ အသက်ရှူရုံမျှဖြင့် အသက်ရှင်နေကြသူတွေ-ဟု ဆိုကြရသည်။

http://www.dhammadownload.com


ယင်းသို့ဆိုလျှင် -

'ဗလန္တိ အဿာသပဿာသမတ္တေန ဇီဝန္တီတိ ဗာလာ' အရ

အသက်ရှူရုံမျှ အသက်ရှင်နေကြသူ 'ဗာလ=လူမိုက်များမည်ကြသည်'ဟု ဆိုထိုက်ပေသည်။

ဤပြဆိုအပ်ပြီးသော ပုဂ္ဂိုလ်များကိုသာလျှင် 'အသေဝနာ စ ဗာလာနံ'ဟူသော မင်္ဂလသုတ်ဒေသနာတော်၌ ဗာလ,ဟု ခေါ်ဆိုရပေသည်။ ရှင်မိုးပြာ ဖွင့်ဆိုသကဲ့သို့ 'ဗာလ အနက်က ပုထုဇဉ်'ဟု ယူလိုက်လျှင်' ပုထုဇဉ်ကို မပေါင်းသင်းရ'ဟု အဓိပ္ပါယ်ထွက်ရာ၏။ တစ်ရွာလုံး တစ်ရပ်လုံး ရှာလို့မှ အရိယာတွေ့ဘို့ရန် ခဲယဉ်းလှ ရှားပါးလှသော ယနေ့ခေတ်ကြီး၌ အချင်းချင်း ပေါင်းသင်းဆက်ဆံရမည့် ပုဂ္ဂိုလ်မရှိသည့် အခြေအနေ၊ အချင်းချင်း မပေါင်းသင်းဘဲ တစ်ယောက်ထည်းသာ နေထိုင်ရမည်ဆိုသည့် အခြေအနေ၊ လူမှုဆက်ဆံရေးတွေ ဆိတ်သုဉ်းသွားရမည့် အခြေအနေ ဆိုက်ရောက်ရပေတော့မည်။

ထို့ကြောင့် -စောဒကဆရာတော်များက သုတ္တနိပါတ်လာ အဋ္ဌကထာ စကားနှင့် - တင်ပြစောဒနာအပ်သော ဗာလအနက်သည် အလွန်ပင် သင့်လျော် မှန်ကန်သောအနက်ဖြစ်သည်-ဟု သုံးသပ်ကြပေသည်။

## "ပဏ္ဍိတာနဉ္စ သေဝနာ"

'ပဏ္ဍိတာနဉ္စ သေဝနာ'ဟူသော မင်္ဂလသုတ်ဒေသနာတော်အရ၌လည်း ပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်အပ်သည့် ပဏ္ဍိတကို ထင်ရှားစွာ သိမြင်နိုင်ဖို့ လိုပေသည်။ သို့မှသာ- ၎င်းပဏ္ဍိတကို ပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်နေပေမည်။ ထို့ကြောင့်-မြတ်စွာဘုရားသည် 'ပဏ္ဍိတ=ပညာရှိ'ဟု သိနိုင်ကြောင်း အမှတ်အသားတို့ကို အောက်ပါအတိုင်း (အံ၊ ၁၊ ၁၀၀)၌ ဟောတော်မူထားပေသည်။

၁။ သုစိန္တိတစိန္တီ=အနဘိဇ္ဈာ စသော မနောသုစရိတ်အစွမ်းဖြင့် ကောင်းသောအကြံအစည်ကိုသာ ကြံစည်တတ်သူ၊

၂။ သုဘာသိတဘာသီ=အလောဘစသည်တို့၏ အစွမ်းဖြင့် ကောင်းသောပြောဆိုဖွယ်စကားကိုသာ ပြောဆိုတတ်သူ၊

၃။ သုကတကမ္မကာရီ=ကောင်းစွာပြုလုပ်အပ်သော ကာယသုစရိတ်အလုပ်ကိုသာ ပြုလုပ်တတ်သူ။

ဤသို့သော ပုဂ္ဂိုလ်မျိုးကို ပညာရှိပုဂ္ဂိုလ်များက 'ပဏ္ဍိတမည်သော ပုဂ္ဂိုလ်'ဟု သိရှိကြပေသည်။ ထို့ကြောင့် -ပဏ္ဍိတသည်လည်း ကမ္မလက္ခဏော- မိမိပြုလုပ်အပ်သော ကာယကံ စသော သိကြောင်း အမှတ်အသားရှိ၏-ဟု ဟောတော်မူခြင်းဖြစ်သည်။

ဤသို့သော ပုဂ္ဂိုလ်မျိုးသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးကို ရရှိနိုင်သောကြောင့် 'ပဏ္ဍိတ=ပညာရှိ'ဟု ဆိုရကြောင်း၊ (သံ၊ ၁၊ ၉၀)

မကြီးပွါးမှု=အနတ္ထကို ရှောင်ရှား၍ ကြီးပွါးမှု=အတ္ထကို ရယူသူဖြစ်ရာ ကြီးပွါးတိုးတက်မှုနှင့် ပေါင်းဆုံခြင်း၊ ဝါ-ကြီးပွါးမှုကိုရခြင်းကြောင့် 'ပဏ္ဍိတ=ပညာရှိ'ဟု ဆိုရကြောင်း အံ၊ ၁၊ ၃၅၅-၌ ဟောကြားဖွင့်ဆိုတော်မူသည်။

မိုးပြာရှင်ဉာဏနှင့် လက်ရုံးသာဝကကြီးတို့ကဲ့သို့ စာပေနှင့်အခြားအတတ်တွေ တတ်မြောက်သောကြောင့် ပဏ္ဍိတစာရင်းတွင် ဒွတ်အတင်း စာရင်းသွင်းရန် ဖြစ်နိုင်သော်လည်း ပြဆိုခဲ့ပြီး ပဏ္ဍိတလက္ခဏာသုံးပါး မရှိလျှင် 'ပဏ္ဍိတာနဉ္စ သေဝနာ' မင်္ဂလာတရားတော် အရ ပဏ္ဍိတစာရင်းဝင်နိုင်မည် မဟုတ်ပေ။

http://www.dhammadownload.com



စာပေပညာတတ်ပညာ များပြားစွာ မတတ်သော်လည်း ကောင်းကောင်း ဆိုးဆိုး သိနားလည်၍ သိနားလည်သည့် အတိုင်း ကျင့်ကြံ လိမ္မာသော သူတော်ကောင်းများကိုသာ ပဏ္ဍိတ ဟု ဆိုလိုသည်။

အတတ်ပညာလည်းပြည့်စုံ၊ အကျင့်လည်းကောင်းမည်ဆိုလျှင်ကား တကယ့်မိုဝဲအပ်သည့် ပဏ္ဍိတပုဂ္ဂိုလ် ဖြစ်တော့သည်။ မိုးပြာရှင်ဉာဏကား 'ပဏ္ဍိတ၏ အနက်က အရိယာ'တဲ့။ ပေါင်းဖို့၊ သင်းဖို့၊ မှီဝဲဆည်းကပ်ဖို့ ဟောကြားတော်မူထားသည့် ဒေသနာဖြစ်ပေရာ အရိယာအဖြစ်ကို ဘယ်လိုလုပ်၍ သိရှိနိုင်လေမည်နည်း။ ထူးကဲသောပုဂ္ဂိုလ်အချို့လောက်သာ သိနိုင်ခွင့်ရှိပေသည်။

ပုံစံအားဖြင့် ပြောရပါမူ-မြတ်ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစကြာ ဟောတော်မူရန် ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ အကြွ၊ ဂယာနှင့် ဗောဓိအကြား၌ မြတ်ဗုဒ္ဓကို မြင်တွေ့ရသော ဥပကအာဇီဝကကြီးသည် မြတ်ဗုဒ္ဓ၏ ထူးခြားသောရုပ်ရည် ဣန္ဒြေတို့ကို မြင်တွေ့လိုက်ရသောအခါ တကယ့်ထူးခြားသောပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုသွားခဲ့ပြီး မြတ်ဗုဒ္ဓအား မေးခွန်းများ မေးလျှောက်၍ အဖြေ၏အဆုံး၌ မြတ်ဗုဒ္ဓကို အနန္တဇိနပုဂ္ဂိုလ်ဖြစ်နိုင်ကြောင်း လျှောက်ထားသွားခဲ့ဖူး၏။(ဝိ၊၃။၁၂။)

ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံကြွဝင်နေသော ပဉ္စဝဂ္ဂီငါးဦးတွင် ပါဝင်သော ရဟန္တာအရှင်အဿဇိကို မြင်တွေ့ရသော အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿပရိဗိုဇ်သည် 'ဤမထေရ်၏သန္တာန်၌ ငါရှာဖွေနေသော အမတဓာတ်သည် မလွဲမသွေရှိနိုင်ပေမည်' ဟု သိရှိသွားပြီး မေးခွန်းများ ထုတ်ခဲ့ဖူးသည်။ 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' စသော ဂါထာဖြင့် မြတ်ဗုဒ္ဓ၏သစ္စာလေးပါးဝါဒကို အချုပ်ဖြေဆိုလိုက်ရာ သောတာပန်အရိယာ ဖြစ်သွားခဲ့ဖူး၏။ (ဝိ၊ ၃၊ ၅၁) ဤသို့သော သိနိုင်ချေရှိသူများကား အနည်းငယ်မျှသာ ဖြစ်၏။

ဤသို့ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်မှာ အလွန်ယဉ်ကျေးပြီးဖြစ်ခဲ့ရာ ကိုယ်အမူအရာ ဣန္ဒြေများလည်း ထူးခြားသိမ်မွေ့ ၍ နေပေလိမ့်မည်။ ထို့ကြောင့်-မြင်ရသူပုဂ္ဂိုလ်တို့၏ စိတ်မှာ ကြည်ညိုဖွယ်ရာ ချီးမွမ်းဖွယ်ရာပုဂ္ဂိုလ်များ ဖြစ်တော်မူကြပါပေသည်။

သို့သော်-တခါတရံ မိမိက အမှတ်တမဲ့နေသောကြောင့်ဖြစ်စေ၊ ထိုရဟန္တာ၏ သာမန်ပုဂ္ဂိုလ် များနှင့် မထူးခြားသော အပြုအမူ စသည်ကြောင့်ဖြစ်စေ သာမန်ပုဂ္ဂိုလ်အနေအားဖြင့် ထင်မြင်ခံရ သည်လည်း ရှိတတ်ပါသေးသည်။

မထေရ်ကြီးတစ်ပါးနှင့်အတူ ဆွမ်းခံကြွသော ရဟန်းငယ်တစ်ပါးသည် လေနာရှိ၍ မိမိနှင့် သပ္ပါယဖြစ်သော ယာဂုကို 'မအေးမီ ဘုဉ်းပေးမှပဲ'ကြံကာ သစ်တုံးတစ်ခုမှာထိုင်၍ ဘုဉ်းပေးနေသော မထေရ်ကြီးကို ကဲ့ရဲ့၏။ ကျောင်းပြန်ရောက်သောအခါ မထေရ်ကြီးက 'ငါ့ရှင် ဤသာသနာမှာ အဘယ်မျှ ထောက်တည်ရာ ရနေပြီလဲ' ဟု မေး၏။ မိမိ သောတာပန်ဖြစ်ကြောင်း လျှောက်ထားသောအခါ 'သို့ဖြစ်လျှင် အထက်မဂ်အတွက် အားမထုတ်နှင့်တော့' ဟု မိန့်၏။ 'အဘယ်ကြောင့်ပါနည်း' ဟု လျှောက်သော် 'ငါ့ရှင်သည် ရဟန္တာကို ကဲ့ရဲ့စွပ်စွဲမိချေပြီ' ဟု အမိန့်ရှိကာမှ ဝန်ချကန်တော့လေတော့၏။ (ဝိသုဒ္ဓိမဂ္ဂ၊ ဒု၊ ၅၅)

ထိုမှတပါး ရဟန္တာမထေရ်ကြီးနှင့်အတူ ဆွမ်းခံသွားစဉ် ထိုရဟန္တာ၏အလုပ်အကျွေး တောထွက် ရဟန်းကြီးက 'အရှင်ဘုရား အရိယာဆိုသည်မှာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ' ဟု မေး၏။

'ဤလောက၌ အချို့သော သက်ကြီးအိုမှာ အရိယာတို့၏ သပိတ်သက်နန်းကိုကိုင်ကာ ဝတ်ကြီးဝတ်ငယ်ပြုလျက် အတူသွားနေရပါသော်လည်း အရိယာမှန်း မသိ၊ ဤမျှ အသိခက်သည်' ဟု မိန့်၏။သို့မိန့်လျက် ပင် ထိုရဟန်းကြီးက မသိ ဆိုပါ၏။ (မ၊ ဋ၊ ၁၊ ၂၃)

http://www.dhammadownload.com


တခါကလည်း ဒါရုကမ္မိကမည်သော အိမ်ရှင်ဒါယကာတစ်ယောက်သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားဖြေကြားခဲ့ဘူး၏။ 'မှန်လှပါ မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏အမျိုး(အိမ်)၌ အာရညိက၊ ပိဏ္ဍပါတိက၊ ပံသုကူလိက ဖြစ်တော်မူကြ၍ ရဟန္တာပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ် ဖြစ်ခြင်းသဘောရှိကုန်သော ရဟန်းတို့အား ပေးလှူအပ်ပါကြောင်း' လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က 'အိမ်ရှင်ဒါယကာ ကာမဂုဏ်ခံစားသော သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိပ်စက်ရာနေရာ၌ နေထိုင်သော ။ပ။ လူဖြစ်သော သင်သည် ဤပုဂ္ဂိုလ်တို့သည် ရဟန္တာတို့တည်း၊ ဤပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်သို့ ရောက်နေသော ပုဂ္ဂိုလ်တည်း'ဟု သိနိုင်ခဲကြောင်း မိန့်တော်မူခဲ့ဖူးလေသည်။ (အံ၊ ၂၊ ၃၄)

ဤဆိုခဲ့သည့်အတိုင်း အရိယာပုဂ္ဂိုလ်အဖြစ်ကို သိနိုင်ခဲလှသည်ဖြစ်ရာ ရှင်မိုးပြာဆိုသကဲ့သို့ 'ပဏ္ဍိတ အနက်က အရိယာ'ဟု ဆိုလျှင် ဘယ်လိုရှာဖွေ၍ ပေါင်းသင်းမှီဝဲဆည်းကပ်ကြရပေတော့ မည်နည်း။ အရိယာဆိုသည်မှာ နေရာတိုင်းတွင် ရှိချင်မှလည်း ရှိမည်။ ရှိပြန်ပေဦးတော့ သိနိုင်ဖို့လည်း ခက်ခဲလှသည်။ ဒီလိုဆိုလျှင် 'ပဏ္ဍိတာနဉ္စ သေဝနာ' မင်္ဂလာဒေသနာတော်အရ ကျင့်သုံးနိုင်သည့်အခြေအနေ မရှိတော့ပေ။

ထို့ကြောင့်-စာဒဂ္ဂဆရာတော်များ သုတ္တနိပါတ်အဋ္ဌကထာအဖွင့်နှင့်အညီ တင်ပြအပ်သော ပဏ္ဍိတ၏အနက်သည် သာလျှင် သင့်လျော်မှန်ကန်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## "ပူဇာ စ ပူဇနေယျာနံ"

'ပူဇနေယျ အနက်ဟာ လောကီဂုဏ်ရှိသူလောက်ပဲ၊ ဒီအနက်ဟာ အနရိယတ္တဖြစ်တယ်၊ အရိယတ္တကတော့ လောကုတ္တရာဂုဏ်ရှိသူပေါ့' ဟု မိုးပြာရှင်ဉာဏက ဆက်ပြန်သေး၏- ပေါက်ပေါက်ရှာရှာ ရှာလည်း ရှာတတ်ပါပေ၏။ ဆိုလည်း ဆိုတတ်ပါပေ၏။

'ပူဇနေယျာ နာမ သဗ္ဗဒေါသဝိရဟိတတ္တာ သဗ္ဗဂုဏသမန္နာဂတတ္တာ စ ဗုဒ္ဓါ ဘဂဝန္တော၊ တတော ပစ္ဆာ ပစ္စေကဗုဒ္ဓါ အရိယသာဝကာ စ။ တေသဉ္စိ ပူဇာ အပ္ပကာပိ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ၊ သုမနမာလာကာရမလ္လိကာဒယော စေတ္ထ နိဒဿနံ'။ (သုတ္တနိ၊၄၊၂။၁၄)

' အပိ စ ဂဟဋ္ဌာနံ ကနိဋ္ဌဿ ဇေဋ္ဌော ဘာတာပိ ဘဂိနီပိ ပူဇနေယျာ၊ ပုတ္တဿ မာတာပိတရော၊ ကုလဝဓူနံ သာမိကသသုရသသုရာတိ ဧဝမ္မေတ္ထ ပူဇနေယျာ ဝေဒိတဗ္ဗာ။ ဧတေသမ္ပိ ဟိ ပူဇာ ကုသလဓမ္မသင်္ခါတတ္တာ အာယုအာဒိဝမိုဟေတုတ္တာ စ မင်္ဂလမေဝ' - ဟူ၍လည်း ဖွင့်ပြထားပေသေးသည်။

သုတ္တနိပါတ် အဋ္ဌကထာ(ဒုတိယ၊ ၁၄)၌အဋ္ဌကထာပါဌ်တို့၏ ဆိုလိုရင်းကား-ပူဇော်ခြင်းကို ခံယူတော်မူထိုက်သော (ပူဇနေယျ)-ပုဂ္ဂိုလ်တို့မည်သည် အလုံးစုံသော ကိလေသာအပြစ်ဒေါသတို့မှ ကင်းတော်မူကြကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အလုံးစုံသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း အလုံးစုံကို သိမြင်တော်မူကြကုန်သော ဘုရားရှင်တို့တည်း။ ထိုမှ နောက်၌ ပစ္စေကဗုဒ္ဓါ၊ အရိယသာဝကတို့တည်း။

မှန်၏၊ ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယသာဝကတို့အား အနည်းငယ်သော ပူဇော်ခြင်းသည်လည်း ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာအလို့ငှာဖြစ်၏။

ဤစကားရပ်၌ ညွှန်ပြကြောင်းဝတ္ထုများကား သုမနပန်းသည်၊ မလ္လိကာမိဖုရား စသည်တို့ ပေတည်း။

http://www.dhammadownload.com


(ထိုမှတပါးလည်း) အိမ်၌နေသူလူတို့အတွက် အစ်ကိုကြီး၊ **အစ်မကြီးသည်** ညီငယ် ညီမငယ်၏ ပူဇော်မှုကို ခံယူထိုက်သူတို့ပေတည်း။ မိဘတို့သည် သားသမီး**တို့၏ ပူဇော်မှုကို ခံယူထိုက်သော** (ပူဇနေယျ)ပုဂ္ဂိုလ်တို့တည်း။ လင်ယောကျ်ား၊ ယောက္ခမများသည် **အမျိုးချွေးမတို့၏** ပူဇော်ထိုက်သူ (ပူဇနေယျ) ပုဂ္ဂိုလ်တို့တည်း။ မှန်၏၊ ထိုပုဂ္ဂိုလ်တို့အား ပူဇော်ခြင်းသည် ကုသိုလ်တရားဟု ဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အသက်ရှည်ခြင်းစသည်တို့၏ အကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း မင်္ဂလာဖြစ်သည်သာတည်း' ဟူ၍ ဆိုလိုပေသည်။

ဤအဖွင့်ကို ကောက်ရှုခြင်းအားဖြင့် 'ပူဇနေယျ ဟူသည် **လောကီဂုဏ်ရှိသူလောက်ပဲ'** ဟု(မဟ္တ၊ ၈၀)သဒ္ဒါတို့ဖြင့် မြစ်ကန့်ကာ မိုးပြာကြီး၏ ရေးသားချက်သည် **အလွဲစင်စစ်သာ** ဖြစ်ပေသည်။

အဋ္ဌကထာဆရာသည် ပူဇနေယျပုဂ္ဂိုလ်ကို အရာဌာနအားလျော်စွာ ရေးသားဖွင့်ပြတော်မူ၏။ အားလုံးသောပုဂ္ဂိုလ်တို့အတွက် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယသာဝကပုဂ္ဂိုလ်အားဖြင့် ထုတ်ပြ၏။ လောကလူတို့အဖို့ကား ငယ်သူအတွက် ကြီးသောသူ၊ သားသမီးများအတွက် မိဘများ၊ အလျော်အားဖြင့် တပည့်များအတွက် ဆရာသမားများ၊ ချွေးမများအတွက် လင်သားနှင့်ယောက္ခမ များသည် လေးစားထိုက်သူတွေ အနေဖြင့် ဖွင့်ပြထားပေသည်။ ရှင်မိုးပြာ ပြောသလို လောကီဂုဏ်ရှိသူ လောက်ကိုသာ ဖွင့်ပြ **ထားခြင်း မရှိ။ အလွန်ပင် ဇော်ဇော်ပ် ပြည့်စုံလှ၏။**

ထို့ကြောင့်-ရှင်မိုးပြာ၏ ပူဇနေယျ အဓိပ္ပါယ်ယူဆချက်သည် **ကျမ်းဂန်နှင့် ညီညွတ်ခြင်း** မရှိကြောင်း သုံးသပ်တော်မူကြပေသည်။

## မင်္ဂလာသဒ္ဒါ၏ အနက်

ထို့နောက်- ရှင်မိုးပြာက ဆိုပြန်သေး၏။ 'မင်္ဂလာရဲ့ အရိယအနက်က နိဗ္ဗာန်' တဲ့။

မင်္ဂလန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ။ ဣဒ္ဓိ ဝုဒ္ဓိ စ ပါပုဏန္တီတိ အတ္ထော။(မင်္ဂလန္တိ **နေရာ၌ 'မင်္ဂလန္တိ မဟန္တိ' ဟု လည်းကောင်း၊ 'မင်္ဂလာနီတိ မဟန္တိ ' ဟုလည်းကောင်း မူကွဲပါင်၌** ရှိတတ်၏)

'မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဒ္ဓိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ' ဟူ၍ သုတ္တနိပါတ်အဋ္ဌကထာ(၁၊ ၉) ၌ ဖွင့်ပြထားရာ ရှင်မိုးပြာ ဖွင့်ပြသော နိဗ္ဗာန်ကား မပါဝင်ပေ။

**'အသေဝနာ စ ဗာလာနံ ' ဒေသနာတော်အရ လူမိုက်ကို မပေါင်းသင်းခြင်းသည် သတ္တဝါ တို့ကို** တိုးတက်ကြီးပွါးစေတတ်၏။ ချမ်းသာသုခ ရစေတတ်၏။

**ထို့ကြောင့်-လူမိုက်ကို မပေါင်းသင်းခြင်းကို တိုးတက်ကြီးပွါးခြင်း၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်၍ မင်္ဂလာ ဟု ဆိုရပေသည်။**

မှန်၏၊ မကောင်းသောအကြံကို ကြံစည်၊ မကောင်းသောစကားကို ပြောဆို၊ မကောင်းသော အလုပ်ကို ပြုလုပ်သော လူ့ဗာလတို့သည်ကား ဤလောက၌ ဘေးရန်အမျိုးမျိုးကြုံတွေ့ ကြရတတ်၏။ သူတပါးကိုလည်း ဘေးရန်အမျိုးမျိုး ကြုံတွေ့စေတတ်ကြ၏။ မီးလောင်သောအိမ်၌ မီးသည် အိမ်ကိုလည်းကောင်း၊ အိမ်ကို မှီနေသော သူများကို လည်းကောင်း လောင်တတ်သကဲ့သို့ လူ့ဗာလတို့သည် မိမိ၏ အယူမှား၊ အပြုမှားတို့ဖြင့် မိမိကိုလည်း ဖျက်ဆီး၍ မိမိစကားကို လိုက်နာသူတို့ကိုလည်း ပျက်စီး ဆုံးရှုံးစေတတ်၏။ ထို့ကြောင့် - ထိုလူမိုက်များကို မပေါင်းသင်း မဆက်ဆံခြင်းသည် ဘေးရန်အမျိုးမျိုး အန္တရာယ်အဝဝတို့မှ ကင်းပ၍ ကြီးပွါးချမ်းသာမှုကို ရရှိစေနိုင်သည့်အတွက် မင်္ဂလာ ဟု ခေါ်ဆိုရပေသည်။

http://www.dhammadownload.com



ထို့အတူ 'ပဏ္ဍိတာနဉ္စ သေဝနာ' ဒေသနာတော်အရ ပညာရှိသူတော်ကောင်း တို့ကို ပေါင်းသင်း၊ ဆက်ဆံ၊ ဆည်းကပ် မှီဝဲခြင်းသည် သတ္တဝါတို့ကို ပစ္စုပ္ပန်၊တမလွန် နှစ်တန်အကျိုး တိုးပွါးစေနိုင်၊ ရရှိစေနိုင်၏။

**ထို့ကြောင့်-ပညာရှိသူတော်ကောင်းကို ပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်ခြင်းကို တိုးတက်၊ ကြီးပွါး၊ ချမ်းသာခြင်း၏အကြောင်းဖြစ်၍ မင်္ဂလာ ဟု ဆိုရပေသည်။**

**မှန်၏။ လောက၌ ဘေးရန်အန္တရာယ်များသည် လူမိုက်များကြောင့်သာ ဖြစ်ကြရ၏။** ပညာရှိများကြောင့် ဖြစ်ကြရသည် မဟုတ် ဟု ဘုရားရှင်မိန့်တော်မူထား၏။ ဘေးရန်ဖြစ်သောအခါ အကာအကွယ်၊ အစောင့်အရှောက် ကောင်းကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကိုရစေတတ်သော ဆီမီးကဲ့သို့ လည်းကောင်း၊ မှန်ကန် သင့်မြတ်သော အပြုအမူ၊ အယူအဆရှိသူပညာရှိများသည် မိမိကိုလည်းကောင်း၊ မိမိအားမှီခိုသူများကို လည်းကောင်း ဘေးအန္တရာယ်ကင်းစေ၊ ကြီးပွါးချမ်းသာ စေတတ်၏။ ယင်းသို့ ကြီးပွါး ချမ်းသာစေတတ်သောကြောင့် ပညာရှိသူတော်ကောင်းကိုပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်ခြင်းသည် မင်္ဂလာမည်ခြင်း ဖြစ်ပေသည်။

'ပူဇာ စ ပူဇနေယျာနံ'-ဒေသနာတော်အရ ပူဇော်ထိုက်သောပုဂ္ဂိုလ်များကို ပူဇော်ခြင်းသည် မျက်မှောက်ဘဝ၌ အသက်ရှည်ခြင်းစသော အကျိုး၊ တမလွန်ဘဝ၌ သုဂတိဘဝရောက်ရခြင်း အကျိုးများကို ရစေနိုင်၏။

**ယင်းသို့ ကြီးပွါး ချမ်းသာခြင်းကို ရစေတတ်သောကြောင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်များကို ပူဇော်ခြင်းကို မင်္ဂလာဟု ဆိုရသည်။**

မှန်၏။ စက္ကဝတ္တိသုတ်၌ မိဘကို ပြုစုလုပ်ကျွေးသူ၊ အမျိုး၌ ကြီးသူတို့ကို ရိုသေလေးစား၊ ပူဇော်၊ မြတ်နိုးသူတို့အား အသက်၊ အဆင်း၊ ခွန်အား၊ ချမ်းသာ၊ အသိပညာ-ဤငါးပါးတိုးပွါးကြောင်းကို ဟောတော်မူ၏။ ပူဇော်ထိုက်သူတို့ကို ပူဇော်ရာခေတ်အခါ၌ ပူဇော်တတ်သူတို့၏ စေတနာမေတ္တာ၊ အပူဇော်ခံပုဂ္ဂိုလ်တို့၏ မေတ္တာ ကရုဏာဓာတ်များ အချင်းချင်းကူးစက်ပြန့်ပွါးရုံမျှမက ဗဟိဒ္ဓကိုပါ ဓာတ်များခိုက်ကြသည်ဖြစ်ရာ ရာသီဥတု မျှတ၊ မိုးလေဝသ မှန်ကန်၍ အသီးအနှံကောင်းမွန်ပြီး အစာအာဟာရတို့မှာ အဆီဩဇာပြည့်ဝကြပေသည်။ ထို့ကြောင့် ထိုခေတ်လူများ၌ ကျန်းမာခြင်းကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အား ဗလတို့နှင့် ပြည့်စုံကြ၍ ပညာများလည်း တိုးတက်ကောင်းမွန်နိုင်ကြသည်။

**ထို့ကြောင့်ပင်-ပူဇော်ထိုက်သူ တို့ကို ပူဇော်ခြင်းသည် ကြီးပွါးချမ်းသာခြင်း၏ အကြောင်း ဖြစ်၍ မင်္ဂလာဟု ဆိုရခြင်းဖြစ်ပေသည်။**

စောဒကဆရာတော်များကလည်း အဆိုပါ သုတ္တနိပါတ်အဋ္ဌကထာဖွင့်အရ အလုံးစုံသော သမ္ပတ္တိနှင့် ပြည့်စုံခြင်းအကျိုး၊ သုဂတိဘဝ၌ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံခြင်းအကျိုးတို့ကို ဖြစ်ပေါ်လာအောင် ကုသိုလ်ကံစေတနာမှန်သမျှသည် (ပြည့်စုံခြင်း၊ ကြီးပွါးခြင်း၊ အလုံးစုံသော သုဂတိဘဝ ၊ သုခတို့နှင့် ပြည့်စုံခြင်း၏ အကြောင်း ဖြစ်သော ကုသိုလ်ကံစေတနာမှန်သမျှသည်) မင်္ဂလာမည်၏-ဟု ဖွင့်ဆိုထား သောကြောင့် အရှင်ဉာဏ၏ 'မင်္ဂလာရဲ့ အရိယာအနက်ကတော့ နိဗ္ဗာန်ပဲ'ဟူသော ဟောပြောရေးသား ချက်သည် မှားယွင်းနေကြောင်း စောဒနာကြပေသည်။

စောဒကဆရာတော်များ၏ စောဒနာသည် အဖွင့်ပိဋကတ်ကျမ်းဂန်နှင့် ညီညွတ်သည် ဖြစ်၏-ဟု လည်းကောင်း၊ အရှင်ဉာဏ၏ 'မင်္ဂလာရဲ့ အရိယာအနက်ကတော့ နိဗ္ဗာန်ပဲ'ဟူသော ဟောပြော ရေးသားချက်သည် အဖွင့်ပိဋကတ်ကျမ်းဂန်နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်ဖြစ်၏ဟု လည်းကောင်း၊ ဝိနည်းမိုရ် ဆရာတော်များ သုံးသပ်တော်မူကြပေသည်။

http://www.dhammadownload.com



## "နိရောဓသစ္စာ၏ အနက်"

မိုးပြာရှင်ဉာဏသည် 'နိရောဓ,ရဲ့ အရိယအနက်က ဝဋ်သုံးပါးငြိမ်းရာပဲ' ဟု ဆိုသေး၏။ ၎င်းအဆိုနှင့် ပတ်သက်၍ စောဒကဆရာတော်များက စောဒနာထားခြင်းကား မရှိပေ။

နိရောဓအနက်သည် အရာဌာနအားလျော်စွာ

-ကာမကုသိုလ်သည်ပယ်အပ်သော ကိလေသာ၏ အဘာဝ ဟုဆိုအပ်သော **တဒင်္ဂနိရောဓ၊**

-မဟဂ္ဂုတ်ကုသိုလ်သည်ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော **ဝိက္ခမ္ဘနနိရောဓ၊** -

မဂ်သည်ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော **သမုစ္ဆေဒနိရောဓ၊**

-ဖိုလ်သည်ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော **ပဋိပဿဒ္ဓိနိရောဓ၊**

-စိတ် စေတသိက်တို့၏ ဘင် ဟု ဆိုအပ်သော **ခဏနိရောဓ** စသော **နိရောဓသာမညနှင့်** နိဗ္ဗာန်ဟု ဆိုအပ်သော **နိရောဓသစ္စာ** ဟူ၍ ရှိနိုင်၏။ (ယမိုက်အရကောက်။) (အနရိယအနက်၊ အရိယအနက် ဟူ၍ကား သတ်မှတ်ချက် မရှိပေ။)

အရိယာသူတော်ကောင်းတို့၏ နယ်ပယ်တွင်လည်း အရာဌာနအားလျော်စွာ နိရောဓသာမည၊ နိရောဓသစ္စာ ဟု နှစ်မျိုးလုံးပင် ရှိနိုင်ပေသည်။ 'နိရောဓော နာမ နိဗ္ဗာနံ'ဟူသည်နှင့်အညီ နိဗ္ဗာန်ကို ရည်ရွယ်၍ နိရောဓ ဟုဆိုပါသည် ဆိုလျှင်ကား 'သန္တိလက္ခဏံ နိဗ္ဗာနံ' အရ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့၏ ငြိမ်းရာ၊ ငြိမ်းကြောင်း။ ငြိမ်းခြင်းသဘောသည် (နိရောဓ)နိဗ္ဗာန်မည်ပါပေ၏။

**ချဲ့. ဦးအံ့**- ယခု မြင်တိုင်း၊ ကြားတိုင်း၊ နံ၊ စား၊ ထိ၊ ကြံသိတိုင်း ထင်ရှားဖြစ်နေသော ရုပ်နာမ် တရားများသည် **ဝိပါကဝဋ်(အကျိုးတရား)**များဖြစ်၏။

ယင်းတရားတို့ဖြစ်ပေါ်သောအခါ အမှန်အတိုင်း မသိ။ ငါမြင်၊ ငါကြား- စသည်ဖြင့် အလွဲသိမြင်ခြင်း၊ မြင်တာ၊ ကြားတာ-စသည်ကို မြဲတယ်၊ ကောင်းတယ်စသည်ဖြင့် အလွဲသိမြင်ခြင်းသည် **အဝိဇ္ဇာ**ဖြစ်၏။

ထိုသို့ မြင်တာ၊ ကြားတာ၊ မြင်ရတာ၊ ကြားရတာ-စသည်ကို နှစ်သက်သာယာခြင်းသည် **တဏှာ**ဖြစ်ပြီး၊ နှစ်သက်သာယာစွဲလမ်းခြင်းသည် **ဥပါဒါန်**ဖြစ်၏။

ထိုသို့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်(**ကိလေသဝဋ်**)များ မပြတ် ဖြစ်နေကြပေသည်။

ယင်းသို့ နှစ်သက် သာယာပြီး စွဲလမ်းသောအခါ မိမိအလိုအတိုင်း ပြီးစီးအောင် ကောင်း၊ မကောင်း အမှုများ ပြုလုပ်အားထုတ်ခြင်းသည် သင်္ခါရ၊ ကမ္မဘဝ ဟူသော **ကမ္မဝဋ်**ဖြစ်ပေသည်။

ထိုကမ္မဝဋ်ကြောင့် သေသည်၏ အခြားမဲ့၌ ပဋိသန္ဓေမှ စ၍ ဘဝသစ်ဖြစ်ရ၏။ ထိုဖြစ်သော တရားများကား ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုးတရား **(ဝိပါကဝဋ်)**များပင်တည်း။

ဤသို့လျှင်-မြင်မှု၊ ကြားမှု-စသော ဝိပါကဝဋ်ကို မှီပြီးလျှင် အဝိဇ္ဇာ စသော **ကိလေသဝဋ်**များ ဖြစ်ရပြန်၏။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်များဖြစ်ရပြန်၏။ ထိုကမ္မဝဋ်ကြောင့် ဘဝသစ်၌ ဝိပါကဝဋ်တွေ ဖြစ်ရပြန်၏။

ဤသို့ ဝဋ်သုံးပါး မပြတ်လည်ပတ်လျက် ဖြစ်နေရာ ရှုမှတ်မှုဝိပဿနာဉာဏ်၏ အစွမ်းကြောင့် အရိယမဂ်ဖြစ်ပေါ်လာပြီး နိဗ္ဗာန်ကို မြင်သွားသောအခါ အဝိဇ္ဇာအစရှိသော ကိလေသဝဋ်များ မဖြစ်နိုင်တော့ပေ။ ကိလေသဝဋ် မရှိတော့လျှင်ကား ကမ္မဝဋ်ဖြစ်သော ကံတရားများလည်း မဖြစ်နိုင်ကြ၊ ဖြစ်ပြီး ကံများလည်း အကျိုးမပေးနိုင်ကြတော့ပေ။

ထို့ကြောင့် - ရဟန္တာပုဂ္ဂိုလ်များသည် ပရိနိဗ္ဗာနစုတိမှ နောက်၌ ဘဝသစ် ရုပ်နာမ်အကျိုး တရားတွေ

http://www.dhammadownload.com



မဖြစ်ပေါ်လာတော့ဘဲ လုံးဝ ပြတ်စဲ ချုပ်ငြိမ်းသွားလေသည်။

ဤသို့ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မြင်တွေ့လျက် ရောက်ရှိသောအခါ၌ ဝဋ်ဆင်းရဲသုံးပါးလုံး ငြိမ်းသွားသောကြောင့် အငြိမ်းဓာတ်ကို ငြိမ်းရာ၊ ငြိမ်းကြောင်း၊ ငြိမ်းခြင်း နိရောဓ(=နိဗ္ဗာန်)ဟု ထေရဝါဒလမ်းကြောင်းပေါ်မှ ဝဋ်သုံးပါးငြိမ်းခြင်းကို ယူဆလျှင်ကား မှန်ကန်သောယူဆချက်ဟု ဆိုနိုင်၏။

သို့သော် - မိုးပြာရှင်ဉာဏသည် သူ့ကိုယ်သူ 'ပစ္စုပ္ပန္နကမ္မဝါဒီ' ဟု ကင်ပွန်းတပ်ထားသည့်အတိုင်း ပစ္စုပ္ပန်ဘဝတည်း၌သာ ဝဋ်သုံးပါးလည်ပတ်မှု၊ ငြိမ်းပြတ်မှု ဟု ယူဆနေလျှင်ကား မိုးပြာကြီး၏ အငြိမ်းဓာတ်မှာ မှန်ကန်သည့် အငြိမ်းဓာတ်မဖြစ်နိုင်၊ 'တက္က'တောကြီး၏ အလယ်မှ တံလျှပ်ပမာ ဗလချာ အငြိမ်းဓာတ်သာ ဖြစ်နိုင်သည်ဟု သုံးသပ်တော်မူကြပေသည်။

## တဏှာသဒ္ဒါ၏ အနက်

မိုးပြာကြီး၏ 'တဏှာရဲ့ အနရိယအနက်က အာရုံငါးပါး ဆာတာ။ အရိယအနက်ကတော့ ကံလုပ်ချင်တာ' ဟူသော ရေးသားချက်ကိုလည်း စောဒကဆရာတော်များက သုံးသပ် စောဒနာသွားခြင်း မရှိကြပေ။ မိုးပြာရှင်ဉာဏကြီး၏ တဏှာ၏ သဘောကို ဖေါ်ပြထားသည်မှာ ထိမိလွန်းလှ၏၊ 'အာရုံငါးပါး ဆာတာ'ဟူ၏။

တဏှာ ဟူသည် (တသ+ဏှာ = တဏှာ) ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ သာယာပျော်ရွှင်ခြင်း၊ လိုချင်တောင့်တခြင်း၊ ချစ်ခင်ခြင်း-စသည်မှာ တဏှာ၏ အမည် နာမများ ဖြစ်ကြ၏။ အစာရေစာ ငတ်မွတ်နေသော၊ ဆာလောင်နေသောသူသည် ၎င်းအစာရေစာ ကိုပင် လိုချင်တောင့်တနေသကဲ့သို့ အာရုံကို အမြဲ တောင့်တနေခြင်းကိုပင် ဆာလောင်နေခြင်းဟု ခေါ်ခြင်းဖြစ်သည်။

သို့သော်-တဏှာသည် အာရုံငါးပါးကိုသာ ဆာနေသည် မဟုတ်။ အာရုံ(၆)ပါးလုံးကိုပင် ဆာနေခြင်း ဖြစ်၏။ တဏှာဖြစ်လျှင် ကိုယ့်သန္တာန်၊ သူ့သန္တာန်မှာ ဖြစ်လာသည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့ကို သာယာနှစ်သက်ပြီး ဖြစ်ပေသည်။ ကိုယ့်မှာ အသက်ရှည်မှု၊ အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံမှု စသည့် သာယာဖွယ်ရာ သဘောအာရုံ(ဓမ္မာရုံ)တို့ကိုလည်း ကိုယ့်သန္တာန်ကပဲ ဖြစ်ဖြစ်၊ သူများသန္တာန်ကပဲ ဖြစ်ဖြစ်၊ သာယာနှစ်သက် သဘောကျလျက်ရှိ၏။

ထို့အတူ-စက္ခုဝိညာဏ်၊ သောတဝိညာဏ် စသည်ဖြင့် မြင်သိမှု၊ ကြားသိမှု၊ နံသိမှု၊ စားသိမှု၊ တွေ့ထိသိမှု၊ စိတ်ကူးကြံသိမှု-ဟူသော ဝိညာဏ်(၆)ပါး စသည်ကိုလည်း 'ကောင်းတယ်'လို့ ထင်တာတွေ အားလုံးကိုပင် သာယာနှစ်သက်ခြင်းဖြစ်၏။

သို့ဆိုလျှင် - ' အာရုံငါးပါးကိုသာ ဆာတာ'ဟု ပြောလျှင် မပြည့်စုံ၊ 'အာရုံခြောက်ပါးလုံးကို ဆာတာ'ဟု ပြောမှသာ ပြည့်စုံနိုင်ပေသည်။ထို့ပြင်- ပရမတ်တရားတို့၏ သဘောတရားအရ ပုဂ္ဂိုလ် သတ္တဝါ အဘယ်မျှပင် ခြားနားပါစေ၊ ပြောင်းလွဲရိုး ထုံးစံမရှိ။ မိမိတို့၏ သဘောတရားအတိုင်းသာ ဖြစ်လေ့ရှိပေသည်။

အနရိယအနက်က တစ်မျိုး၊ အရိယအနက်က တစ်မျိုး-ဟု ပြောင်းလဲ၍ အနက်ထွက်ရိုး ထုံးစံမရှိ။

ရှင်မိုးပြာသည် ယင်းသို့ ပြောင်းလဲခြင်းမရှိသည့် ပရမတ်သဘောတရားတွေကို အပြောင်း အလဲပြုလုပ်လို၍ 'အနရိယ၊ အရိယ'ဟူသော အပိုင်းအခြားများဖြင့် သဘောတရားသစ်ကို လူအထင်ကြီးအောင် ထွင်သုံးနေခြင်း ဖြစ်သည်။

ထို့ပြင်-'အရိယအနက်ကတော့ ကံ လုပ်ချင်တာ'တဲ့။

http://www.dhammadownload.com


မေးပါရစေ ရှင်မိုးပြာ။ ကံရယ်၊ လုပ်ချင်တာ(တဏှာ)ရယ် နှစ်ခုခွဲကြည့်လျှင် ကံသည် တဏှာ၏ အာရုံ မဟုတ်ပေဘူးလား ?၊ ဤသို့ဆိုလျှင် 'အာရုံကို ဆာတာ တဏှာပဲ'လို့ ဆိုလိုလိုက်လျှင် ပြည့်စုံသွားရုံမျှမက စာဒကတက်စရာလည်း မရှိတော့ဘူး မဟုတ်လား ?။

'နိရောဓရဲ့ အရိယအနက်က ဝဋ်သုံးပါး ငြိမ်းခြင်းပဲ။ တဏှာရဲ့ အနရိယအနက်က အာရုံငါးပါးကို ဆာတာ။ အရိယအနက်က ကံလုပ်ချင်တာ'ဟူသော ရှင်မိုးပြာ၏ သဘောတရားအသစ်များသည် သာမန်အားဖြင့်ကြည့်လျှင် ဟုတ်နိုးနိုး ထင်ရသော်လည်း တကယ့်တကယ် လေ့လာဆန်းစစ်လျှင် အပြစ်တင်ဖွယ် ထွင်လုံးတွေသာ ဖြစ်၏ဟု ဝိည်းမိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ပေါင်းရုံးသုံးသပ်ချက်

အရှင်ဉာဏ၏ (အရိယသစ္စကထာစာအုပ် နှာ ၈၄-၉၉။) ဟောပြောရေးသားထားချက်တို့သည် ယင်းပုဒ်တို့၏ အဖွင့် အဋ္ဌကထာနှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များဖြစ်၏ဟု ဝိနည်းမိုရ် **ဆရာတော်များက သုံးသပ်တော်မူကြသည်။**

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၃၉)စောဒနာလွှာပါ (အရိယသစ္စကထာစာအုပ် နှာ ၈၄-၉၉။)စသည်၌ အရှင်ဉာဏ ရေးသားပြန်ဆိုထားသော -ဘာသာပြန်ချက်များသည် အဋ္ဌကထာအဖွင့်တို့နှင့် ဆန့်ကျင်သော ဘာသာပြန်ချက်များ ဖြစ်သောကြောင့် ယင်းဟောပြော ရေးသားချက်ပြန်ဆိုချက်များကို အစမွဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင်ဆရာတော်များက ဆုံးဖြတ်တော်မူကြသည် ။

---

http://www.dhammadownload.com


## အမှတ်(၄၀)စောဒနာလွှာ၌ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

(အရိယသစ္စကထာ၊ နှာ၊ ၈၄။)၌ အရှင်ဉာဏ ဟောပြောရေးသားထားသော-

"ဒီသာသနာကို အနရိယကြီးစိုးပုံ နည်းနည်းမိန့်ပါဦးဘုရား။

သည်သာသနာမှာ ဆရာ၊ ဒကာရယ်လို့ နှစ်ဖြာပဲ ရှိတာ။

ဓမ္မပေးသူနဲ့ အာမိသပေးသူ အပြန်အလှန်ပေးပြီး ရပ်တည်သူ သည်နှစ်ဦးပဲ ရှိတာပါ။

ဆရာက အရိယာမဖြစ်ဘဲ အနရိယပဲဖြစ်တော့ ဒကာလည်း မဖြစ်ဘဲ အနရိယပဲ ဖြစ်နေတာပဲ။

ကတယ်လို့ ဒကာက အရိယာ ဖြစ်ရင် ဆရာလည်း အရိယာဖြစ်မှာလားဘုရား။ ဖြစ်မှာပေါ့။ (ပ) **အာသဝက္ခယံ ဝဟံ, မလုပ်ဘဲ အာသဝက္ခယာ အာရာ, လုပ်နေသူတွေ •**

အာမိသဒါနတွေ လုပ်နေကြတာ ဒုနဲ့ဒေး။ (ပ)

အာသဝက္ခယာ အာရာ- ဆိုတာက အာသူဝေါကုန်ဖို့ကနေ ဝေးတဲ့သူပေါ့။

**အရိယာဒကာဆိုရင် အာသဝက္ခယံ ဝဟံဖြစ်မှပဲ ပေးမှာ။ မဖြစ်တာပေးရင် သူတို့ပစ္စည်း အလကား ဆုံးရှုံးတာ ဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ။**

သည်သာသနာကို အနရိယတွေ မကြီးစိုးအောင် ဒကာတွေလည်း လုပ်လို့ရတယ်။ အခုတော့ ဆရာ ဒကာနှစ်ဖြာလုံးက အနရိယဖြစ်နေကြတော့ တောင်မင်းမြောက်မင်း မကယ်နိုင် ဖြစ်နေတာ။ သည်တော့လည်း သည်သာသနာကို အနရိယကြီးစိုး နေတော့တာပေါ"ဟူသော (အရိယသစ္စကထာ၊ နှာ၊ ၈၄။) ဟောပြော ရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြော ရေးသားချက်ကို အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကတို့၏ သဘောထား

"သံဃေ ဂေါတမီ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စာတိ"။ မ၊၃။ ၂၉၅။

ဥပရိပဏ္ဏာသပါဠိတော်(စာ၊ ၂၉၅)၌ မြတ်စွာဘုရားက မိထွေးတော် ဂေါတမီအား "ဂေါတမီ **သံဃာအား လှူလော့။ သင်သည် သံဃာအား လှူသည်ရှိသော် ငါဘုရားကိုလည်း ပူဇော်အပ်ပြီး ဖြစ်လိမ့်မည်။ သံဃာကိုလည်း ပူဇော်အပ်ပြီး ဖြစ်လိမ့်မည်"ဟု ဟောထားပါသည်။**

မြတ်စွာဘုရားက အလှူခံ သံဃာအရကို ပုထုဇဉ် အရိယာဟု မခွဲခြားပါ။ သံဃာကို လှူစေတော်မူပါသည်။ ယင်းသို့ လှူစေတော်မူခြင်း၏ ရည်ရွယ်ချက်တို့ကို-

"မိထွေးတော်ဂေါတမီအပေါ်၌ သနားခြင်းကရုဏာဖြင့် သံဃာတော်အား လှူစေတော်မူခြင်း ဖြစ်ပါသည်။ ဤမိထွေးတော် ဂေါတမီအား ငါဘုရားကို အကြောင်းပြု၍ ပုဗ္ဗ၊ မုဥ္စ၊ ပရ စေတနာ သုံးကြိမ် ဖြစ်ပြီးပြီ၊ သံဃာကို အကြောင်းပြု၍လည်း စေတနာသုံးကြိမ် ဖြစ်လိမ့်မည်။ ဤသို့စေတနာ(၆)ကြိမ် တစ်ပေါင်းတည်းဖြစ်၍ ရှည်စွာသော နေ့ညဥ့်ပတ်လုံး အကျိုးစီးပွါးချမ်းသာများ ဖြစ်ကြလိမ့်မည်ဟုလည်းကောင်း၊

နောင်လာနောက်သားလူအများက သံဃာတော်အား ကြည်ညိုမှု ဖြစ်စေခြင်းငှါ သံဃာတော်အား လှူစေတော်မူခြင်း ဖြစ်ပါသည်။ ငါဘုရားသည် ကြာမြင့်စွာ တည်နိုင်လိမ့်မည် မဟုတ်ပေ။ ငါဘုရား၏ သာသနာတော်ကို သံဃာတော်၌ တည်စေအံ့။ နောင်လာနောက်သား တို့သည် သံဃာတော်အား ကြည်ညိုမှု ဖြစ်စေအံ့ဟု ရည်ရွယ်၍ သံဃာတော်အား

http://www.dhammadownload.com


လှူစေတော်မူခြင်းဖြစ်ပါသည်။ ဤသို့နောင်လာနောက်သားလူအများက သံဃာတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ကြသည် ရှိသော် သံဃာတော်သည် မပင်မပန်း ချပ်ချပ်[illegible]ဖြင့် မြတ်စွာဘုရား၏ဟောအပ်သော (ပိဋကတ် သုံးပုံ)တို့ကို သင်ယူကြပြီး ရဟန်းတရားတို့ကို ကြိုးစား ပွါးများကြလိမ့်မည်။ ငါဘုရား၏ သာသနာတော်လည်း အနှစ်(၅၀၀၀) တည်ရစ်လိမ့်မည်ဟု လည်းကောင်း ရည်ရွယ်၍ မိထွေးတော်ဂေါတမီလှူသော သင်္ကန်းကို သံဃာတော်အား လှူခိုင်းခြင်း ဖြစ်ပါကြောင်း၊ [ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့် (စာ၊ ၂၂၀-၂၂၁)]

သို့ဖြစ်ပါ၍ အရှင်ဉာဏ၏ဟောပြောရေးသားချက်သည် မြတ်စွာဘုရား၏ ရည်ရွယ်ချက်ကို ပျက်စီးအောင် ဖျက်ဆီးနေသော ဟောပြောရေးသားချက်ဖြစ်ကြောင်း ထင်ရှားလှပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းခိုင်ရ်ဆရာတော်များသုံးသပ်ချက်

စောဒကဆရာတော်များသည် အရှင်ဉာဏ၏ ရေးသားချက်အပေါ် စောဒနာရာ၌ အလှူခံ ပုဂ္ဂိုလ်ဖြစ်သည့် သံဃာအရ ပုထုဇဉ်၊ အရိယာ နှစ်ပါးလုံးနှင့် ဆက်ဆံ၊ သက်ဆိုင်နေပုံ မှုလောက်ကိုသာ 'သံဃေ တွံ ဂေါတမီ ဒေဟိ'စသော စကားရပ်များဖြင့် စောဒနာထားသည်ကို တွေ့ရ၏။

စောဒကဆရာတော်များ ပဓာနဌပနာပြုစောဒနာအပ်သော အရှင်ဉာဏ၏ ရေးသားချက်ကို အနည်းငယ်စိတ်ဖြာကြည့်မည်ဆိုလျှင် -

၁။ ဤသာသနာ၌ ဓမ္မပေးသူဆရာနှင့် အာမိသပေးသူဒကာတို့သည် အနရိယတွေသာ ဖြစ်၏။ ဆရာက အနရိယဖြစ်၍ ဒကာလည်း အနရိယ ဖြစ်ရ၊ ဒကာအရိယာဖြစ်လျှင် ဆရာလည်း အရိယာ ဖြစ်မည်။

၂။ အရိယာဒကာဆိုလျှင် အာသဝက္ခယ ဝဟ် ဖြစ်မှ ပေးမည်ဖြစ်၏။ မဖြစ်ဘဲ ပေးလျှင် ပစ္စည်း အလကား ဆုံးရှုံးခြင်းသာဖြစ်လို့ အရိယာဒကာ လုပ်မည် မဟုတ်။

၃။ ဤသာသနာကို အနရိယတွေကြီးစိုးနေသည်။ ဟု တွေ့ရှိနိုင်ပါသည်။

## ဤအချိန်ခါ ဤသာသနာမှာ အရိယာ ဆိပ်သုဉ်းပြီလော?

၁။ အထက်ပါစကားရပ်၌ အမှတ်(၁)ကို ဆွဲထုတ်ကြည့်လျှင်လည်း 'ဤ သာသနာတော်၌ အရိယာ မရှိ၊ အနရိယ(ပုထုဇဉ်)တွေသာ ရှိကြသည်' ဟူသော စကားတစ်ရပ် ထွက်လာသည်။

'အို - ရှင်ဉာဏ သင်သည် ပြောလည်း ပြောဝံ့ပါဘိ၏။ ဤသာသနာတော်၌ မြတ်ဗုဒ္ဓ ဒေသနာတော်နှင့်အညီ ကိုယ်တိုင်လည်း ကျင့်ကြံတော်မူကြပြီး တပည့် ဒကာတွေကို ကျင့်ကြံအားထုတ် စေကြ၊ အားထုတ်နေကြတာတွေ မမြင် မတွေ့ပေဘူးလား၊ သင့်မှာ အသိအမြင်မှန် မျက်လုံး စုန်းစုန်း ကန်း၍ နေလျှင်ကား တွေ့မည် မြင်မည်တော့ မဟုတ်ပေဘူးပေါ့။

မြတ်ဗုဒ္ဓသည် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါ အရ ရွှေအားတော် နည်းလှ၍တရားပွဲကြီး သိမ်းအံ့ဆဲဆဲ၊ (ဝါ) ပရိနိဗ္ဗာန်စံတော်မူခါနီးဆဲဆဲ၌ မြတ်ဗုဒ္ဓ၏ ပစ္ဆိမသက္ခိသာဝကတစ်ပါး ဖြစ်တော်မူ သွားသော သုဘဒ္ဒပရိဗိုဇ်အား ဟောတော်မူသော တရားစကားတော်ကို အမှတ်ရသင့်ပေသည်။

http://www.dhammadownload.com


ယင်းစကားတော်ကို အကျဉ်းချုပ်အားဖြင့် တင်ပြရပါလျှင် -

၁။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားရှိသော ဤသာသနာတော်၌သာ သောတာပန်ရဟန်း၊ သကဒါဂါမ်ရဟန်း၊ အနာဂါမ်ရဟန်း၊ **ရဟန္တာရဟန်း** ရှိပေသည်။

၂။ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ ( = **အရိယမဂ္ဂင်ရှစ်ပါး မရှိသောကြောင့်**) ဤသာသနာတော်မှတပါးသော အယူဝါဒ(သာသနာ)တို့သည် တရားကိုသိမြင်သော ရဟန်းမြတ်(တစ်ကျိပ်နှစ်ယောက်)တို့မှ ဆိတ်သုဉ်းကုန်၏။

၃။ ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။ ဤရဟန်းမြတ်(တစ်ကျိပ်နှစ်ယောက်)တို့သည် မှန်စွာ(အဆင့်ဆင့် ဟောပြောလျက်) နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းသည်သာ ဖြစ်ရာ၏။ (ဒီ၊ ၂။ ၁၂၅။) ဤသို့ ဟောကြားတော်မူခဲ့ပေသည်။

ထိုတွင်-'သမ္မာ ဝိဟရေယျုံ= မှန်စွာ အဆင့်ဆင့် ဟောပြောလျက် နေကုန်ငြားအံ့'ဟူသော စကားတော်ကို အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။ ၁၈၁။)ဖွင့်ဆိုထားပုံမှာ -

'သမ္မာ ဝိဟရေယျုန္တိ ဧတ္ထ သောတာပန္နော အတ္တနော အဓိဂတဋ္ဌာနံ အညဿ ကထေတွာ တံ သောတာပန္နံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ ဧသ နယော သကဒါဂါမိတ္ဘာဒီသု။'

(မြန်မာပြန်) သမ္မာ ဝိဟရေယျုံ-ဟူသော ဤပါဌ်၌ သောတာပန်ပုဂ္ဂိုလ်သည် မိမိ၏ ရခြင်း၏ အကြောင်းဖြစ်သော ဝိပဿနာကို တစ်ပါးသော ပုဂ္ဂိုလ်အား ဟောပြော၍ ထိုတစ်ပါးသော ပုဂ္ဂိုလ်ကို သောတာပန်ကို ပြုလျက်နေသည်ရှိသော် ကောင်းစွာနေသည် မည်၏။ သကဒါမ်စသည်တို့၌ ဤနည်းကို မှတ်အပ်၏။

**'သောတာပတ္တိမဂ္ဂဋ္ဌော အညမ္ပိ သောတာပတ္တိမဂ္ဂဋ္ဌံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ ဧသ နယော သေသမဂ္ဂဋ္ဌေသု။'**

(မြန်မာပြန်) သောတာပတ္တိမဂ်၌တည်သောပုဂ္ဂိုလ်သည် တစ်ပါးသောပုဂ္ဂိုလ်ကိုလည်း သောတာပတ္တိမဂ်၌တည်သည်ကို ပြုလျက် နေသည်ရှိသော်ကောင်းစွာ နေသည် မည်၏။ ကြွင်းသောမဂ္ဂဋ္ဌတို့၌ ဤနည်းကို မှတ်အပ်၏။

'သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ ဧသ နယော သေသမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကေသု။ ဣဒံ သန္ဓာယာဟ 'သမ္မာ ဝိဟရေယျုန္တိ'။

(မြန်မာပြန်) သောတာပတ္တိမဂ်အလို့ငှာ အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်သည် မိမိ၏(ဝါ)မိမိသည် လေ့လာအပ်သောကမ္မဋ္ဌာန်းကို ဟောပြော၍ တစ်ပါးသောပုဂ္ဂိုလ်ကိုလည်း သောတာပတ္တိမဂ်အကျိုးငှာ အားထုတ်အပ်သော ဝိပဿနာရှိသောပုဂ္ဂိုလ်ကို ပြုလျက်နေသည် ရှိသော် ကောင်းစွာနေသည်မည်၏။ ကြွင်းသောမဂ်အကျိုးငှာ အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်တို့၌ ဤနည်းကိုမှတ်အပ်၏။ ဤသို့နေခြင်းကို ရည်ရွယ်၍ 'သမ္မာ ဝိဟရေယျုံ'ဟူ၍ ဟောတော်မူ၏။

'အသုညော လောကော အရဟန္တေဟိ အဿာတိ နဠဝနံ သရဝနံ ဝိယ နိရန္တရော အဿ'

http://www.dhammadownload.com



(မြန်မာပြန်) အသုညော လောကော အရဟန္တေဟိ အသုံ-ဟူသည်ကား ကျူးတောကဲ့သို့လည်းကောင်း၊ ကိုင်းတောကဲ့သို့လည်းကောင်း **အကြားမရှိသည်**(ဝါ) မပြတ်သည် ဖြစ်ရာ၏။ (ဒီ၊ ၂၊ ၄၊ ၁၈၁)

ဝဿသဟဿမေဝ သဒ္ဓမ္မော တိဋ္ဌေယျာတိ ဧတ္ထ 'ဝဿသဟဿန္တိ စေတံ ပဋိသမ္ဘိဒါပဘေဒပတ္တခီဏာသဝါနံ ဝသေနေဝ ဝုတ္တံ၊ တတော ပန ဥတ္တရိပိ သုက္ခဝိပဿကခီဏာသဝဝသေန ဝဿသဟဿံ၊ အနာဂါမိဝသေန ဝဿသဟဿံ၊ သကဒါဂါမိဝသေန ဝဿသဟဿံ၊သောတာပန္နဝသေန ဝဿသဟဿန္တိ ဧဝံ ပဉ္စဝဿ-သဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ၊ ပရိယတ္တိဓမ္မောတိ တာနိယေဝ။ န ဟိ ပရိယတ္တိယာ အသတိ ပဋိဝေဓော အတ္ထိ၊ နာပိ ပရိယတ္တိယာ သတိ ပဋိဝေဓော န ဟောတိ။ လိင်္ဂံ ပန ပရိယတ္တိယာ အန္တရဟိတာယပိ စိရံ ပဝတ္တိဿတီတိ။ (အံ၊ ၄၊ ၃။ ၂၃၈) (ဝိ၊ ၄၊၄။ ၁၂၇)

(မြန်မာပြန်) ဆက်ဦးအံ့၊ 'ဝဿသဟဿံ'ဟူသော ဤစကားကို ပဋိသမ္ဘိဒါ အပြားသို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့်သာ ဟောတော်မူအပ်ပြီ။

ဆက်ဦးအံ့၊ ထို့အနှစ်တစ်ထောင်မှအလွန်လည်း (ဝါ) အထက်၌လည်း သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အနှစ်တစ်ထောင်ပတ်လုံးလည်းကောင်း၊ အနာဂါမ် ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် အနှစ်တစ်ထောင်ပတ်လုံးလည်းကောင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် အနှစ်တစ်ထောင် ပတ်လုံးလည်းကောင်း၊ သောတာပန်ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အနှစ်တစ်ထောင် ပတ်လုံးလည်းကောင်း၊ ဤသို့ အနှစ်ငါးထောင်တို့ပတ်လုံး **ပဋိဝေဓသဒ္ဓမ္မ** သည် တည်လတ္တံ့။ ပရိယတ္တိသဒ္ဓမ္မသည်လည်း ထိုအနှစ်ငါးထောင်တို့ပတ်လုံးပင် တည်လတ္တံ့။ မှန်၏၊ ပရိယတ္တိ မရှိလတ်သော် ပဋိဝေဓသဒ္ဓမ္မသည် မရှိနိုင်၊ ပရိယတ္တိရှိလတ်သော် ပဋိဝေဓ သဒ္ဓမ္မသည်လည်း မဖြစ်မဟုတ်(ဖြစ်နိုင်သည်သာ)။ ဆက်ဦးအံ့၊ ရဟန်း၏အသွင်အပြင်သည် ပရိယတ္တိ ကွယ်ပါသော်လည်း ကြာမြင့်စွာ ဖြစ်ရစ်လတ္တံ့။ ဤသို့ မှတ်အပ်၏။

## "မဂ္ဂင်ရှစ်ဖြာ တည်ရှိရာ"

အချင်းခပ်သိမ်း မဂ္ဂင်ရှစ်ပါး မြတ်စွာဘုရား၏ အဆုံးအမ သာသနာကို သိကုန်သော မြတ်စွာဘုရား၏ သာဝကတို့သည် ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ပင်လျှင် အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြကုန်၏။

**ယေ ခေါ ပန မေ, ပဉ္စသိခ, သာဝကာ သဗ္ဗေန သဗ္ဗံ သာသနံ အာဇာနန္တိ, တေ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရန္တိ; ။ပ။ ဣတိ ခေါ, ပဉ္စသိခ, သဗ္ဗေသံယေဝ ဣမေသံ ကုလပုတ္တာနံ အမောဃာ ပဗ္ဗဇ္ဇာ အဝဉ္ဈာ သဖလာ သဉ္ဒြယာ" တိ။ ဒီ၊ ၂။ ၂၀၁။**

(မြန်မာပြန်) ပဉ္စသိခ ငါ၏ အဆုံးအမကို အကြွင်းမဲ့သိသော တပည့်တို့သည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်လျက် (ရဟန္တာ ဖြစ်၍) နေရကုန်၏။

ငါ၏ အဆုံးအမကို အကြွင်းမဲ့ မသိသော တပည့်တို့သည် အောက် (ကာမဘုံ) ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသော ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့

http://www.dhammadownload.com


ကုန်ခြင်းကြောင့် (ဖြဟ္မာ့ဘုံ) ၌ဥပပါတ် ပဋိသန္ဓေနေ၍ ထို (ဘုံ) ၌သာလျှင် ပရိနိဗ္ဗာန်ပြုသော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသောအနာဂါမ် ဖြစ်ရကုန်၏။ ငါ၏ အဆုံးအမကို အကြွင်းမဲ့ မသိသော ထိုတပည့်အချို့တို့သည် သုံးပါးသောသံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်လည်းကောင်း၊ တပ်မက်ခြင်း 'ရာဂ', ပြစ်မှားခြင်း 'ဒေါသ', တွေဝေခြင်း 'မောဟ' တို့၏ ခေါင်းပါးခြင်းကြောင့်လည်းကောင်း ဤလူ့ပြည်သို့ တစ်ကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ်ဖြစ်ရကုန်၏။ ငါ၏ အဆုံးအမကို အကြွင်းမဲ့မသိသော တပည့် အချို့ တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသောသောတာပန် ဖြစ်ရကုန်၏။ ပဉ္စသိခ ဤသို့သာလျှင် ဤအမျိုးသားအားလုံးတို့၏ ရဟန်းပြုခြင်းသည်အချည်းနှီး မဖြစ်၊ မမြုံ၊ အကျိုးရှိ၏၊ အစီးအပွါးရှိ၏ဟု (ဟောတော်မူ၏)။

မြန်။၂၄၃။

ဖော်ပြပါ ဘုရားစကားတော်၏အဖွင့် အဋ္ဌကထာဆရာတို့အလိုမူ-- ယခုအချိန်သည် တေဝိဇ္ဇရဟန္တာ ရှိနိုင်သော သာသနာ ထောင်စုနှစ် ဖြစ်ပါ၏။

**ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ၊ ဆဠဘိညေဟိ ဝဿသဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿသဟဿံ၊ ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌာသိ၊ ပစ္ဆိမကဿ ပန သစ္စပ္ပဋိဝေဓတော ပစ္ဆိမကဿ သီလဘေဒတော ပဋ္ဌာယ သာသနံ ဩသက္ကိတံ နာမ ဟောတိ၊ တတော ပဋ္ဌာယ အညဿ ဗုဒ္ဓဿ ဥပ္ပတ္တိ န နိဝါရိတာ၊** ဒီ၊ဋ္ဌ၊၃။၈၂။

(မြန်မာပြန်) မြတ်ဗုဒ္ဓသာသနာတော်သည် ပဋိသမ္ဘိဒါပတ္တရဟန္တာပုဂ္ဂိုလ်တို့ဖြင့် နှစ်ပေါင်း တစ်ထောင် တည်၏။ ဆဠာဘိညရဟန္တာပုဂ္ဂိုလ်တို့ဖြင့် အနှစ် တစ်ထောင်၊ တေဝိဇ္ဇရဟန္တာတို့ဖြင့် အနှစ် တစ်ထောင်၊ သုက္ခဝိပဿက ရဟန္တာတို့ဖြင့် အနှစ်တစ်ထောင်၊ ပါတိမောက်ကို စောင့်ထိန်းသူတို့ဖြင့် အနှစ် တစ်ထောင် တည်၏။ နောက်ဆုံး သစ္စာလေးပါးကို ထိုးထွင်းသိမြင်သူ မရှိသည့်နောက်၊ နောက်ဆုံး သီလရှိသူ သီလ ပျက်စီးပြီးနောက်မှ စ၍ သာသနာ ပျက်စီးဆုတ်ယုတ်သည် မည်၏။ ထိုအချိန်မှစ၍ အခြားဘုရားတစ်ဆူ၏ ပွင့်ထွန်းဖြစ်ပေါ်မှုကို မတားမြစ်အပ်။

သို့ပါ၍ "ဤသာသနာ၌ ဓမ္မပေးသူဆရာနှင့် အာမိသပေးသူဒကာတို့သည် အနရိယတွေသာ ဖြစ်၏"ဟု လည်းကောင်း၊ "ဒီသာသနာကို အနရိယကြီးစိုးနေတယ်"ဟုလည်းကောင်း မုချ မပြောဆိုနိုင်။

သို့ပါ၍ မိုးပြာရှင်ဉာဏ၏ 'ဤသာသနာတော်၌ ဆရာဒကာ နှစ်ဖြာလုံး အနရိယတွေချည်းသာ' ဟူသော စကားနှင့် "ဒီသာသနာကို အနရိယကြီးစိုးနေတယ်" ဟူသော စကားတို့သည် ပါဠိ၊ အဋ္ဌကထာ စကားရပ်တို့နှင့် ဆန့်ကျင်သော စကားများ ဖြစ်၏ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

မိုးပြာရှင်ဉာဏ၏ အထက်ဖော်ပြပါ စကားအသုံးအနှုန်းတို့ကို မြင်တွေ့ရသဖြင့် မိုးပြာ ရှင်ဉာဏသည် မြတ်ဗုဒ္ဓ၏ စကားတို့ကိုလည်း မယုံကြည်၊ အဖွင့်အဋ္ဌကထာစကားတို့ကိုလည်း လက်မခံ၊ သာသနာတော်ကို သမ္မောသဖြစ်အောင် ကြံဆောင်နေသော တကယ့် သာသနအန္တရာယကရ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သိမြင်နိုင်ပေသည်။

http://www.dhammadownload.com



မြတ်ဗုဒ္ဓ၏ ပရိယတ္တိသဒ္ဓမ္မနှင့်လျော်ညီစွာ ကျင့်ကြံနေထိုင်လျက်ရှိသော သူတော်ကောင်းကြီး များ၏ ကိုယ်တွင်းသန္တာန်တော်က သာသနိကဂုဏ်ရည်များကိုလည်း စော်ကားပုတ်ခတ်ရာ ရောက်သည့် အတွက် မိုးပြာ ရှင်ဉာဏသည် အရိယူပဝါဒကံ ထိုက်မည့် ကိန်းလည်း ဆိုက်လျက်ရှိနေကြောင်းကိုလည်း ကရုဏာသက်ဖွယ် မြင်တွေ့နေရကြောင်း သုံးသပ်ကြရပေသည်။

## ဆရာ အရိယာဖြစ်မှ ဒကာ အရိယာ ဖြစ်သလော?

မိုးပြာရှင်ဉာဏ၏ရေးသားချက်၌ 'ဆရာက အနရိယဖြစ်၍ ဒကာလည်း အနရိယ ဖြစ်ရတယ်။ ဒကာကအရိယာဖြစ်လျှင် ဆရာလည်း အရိယာဖြစ်မည်'ဟု အဓိပ္ပါယ် သက်ရောက်သော စကားကို ဆိုပေသေး၏။

သာသနာတော်၌ တရားပေးသူ၊ ကျင့်သူ နှစ်ဦးတို့သည် ဘုရားဒေသနာတော်နှင့် အညီ ပေးရ၊ ကျင့်ရ၏။ သို့ပင် ပေးပါ၊ ကျင့်ပါသော်လည်း မိမိတို့ပါရမီအရသာ တရားထူးရနိုင်၏။ တစ်ချို့ ပုဂ္ဂိုလ်များအနေအားဖြင့် (ဥပမာ-ပဒပရမလိုပုဂ္ဂိုလ်မျိုး ကား)ဤဘဝ၌ တရားထူးမရနိုင်ဘဲ အထုံဝါသနာ ပါရမီဓာတ်ခံမျှလောက်သာရသော ပုဂ္ဂိုလ်ရှိ၏။ တစ်ချို့ပုဂ္ဂိုလ်များကား-တရား ပေးသူက ပုထုဇဉ်ပုဂ္ဂိုလ်မျှသာဖြစ်သော်လည်း သူပေးသည့်အတိုင်း ကျင့်ကြံအားထုတ်ကြသော တပည့်-သာဝကတွေ အရိယာ ဖြစ်သူ၊ ရဟန္တာဖြစ်သူများ ရှိကြ၏။ ဥပမာ-မဟာသိဝထေရ် ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ (ဒီ၊ ၂၊ ၄၊ ၃၁၉)

ဓမ္မပဒအဋ္ဌကထာ (ပထမအုပ်၊ နှာ- ၁၈၃- ၄-၅-၆)အညတရဘိက္ခုဝတ္ထုကို လေ့လာ ကြည့်ရာ ရဟန်းတော်ခြောက်ဆယ်တို့သည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတောင်း၍ မာတိကရွာကို ဂေါစရဂါမ်ပြု တရားဘာဝနာများ ကြိုးစားအားထုတ်နေစဉ် မိမိတို့၏ သမဏဓမ္မများကို မာတိကမာတာ ဥပါသိကာ မကြီးအား ဟောပြတော်မူကြ၏။ ထိုအချိန်တွင် ရဟန်းတော်များမှာ ပုထုဇဉ်သာ ဖြစ်ကြသေး၏။ ထို့နောက် ရဟန်းတော်များ ဟောကြားသော တရားဓမ္မများကို ကြိုးစားအားထုတ်သော ဥပါသိကာ မကြီးသည် အနာဂါမ်အရိယာအဆင့် ရောက်သွားပါသော်လည်း တရားပေးသူ ရဟန်းများကား ပုထုဇဉ်တွေမျှသာ ဖြစ်ကြသေးသည်ကို တွေ့ရသည်။ ထို့နောက်မှ-

ဥပါသိကာမကြီးလှူဒါန်းအပ်သော မျှတသောအာဟာရများကို ဘုဉ်းပေးကြ၍ ရဟန်းတော်များ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူသွားကြပေသည်။

ဖော်ပြပါ အကြောင်းအရာများကို ထောက်ထား၍ တရားပေးသူ (အလှူခံသူ)အနရိယဖြစ်တိုင်း ဒကာ (အလှူပေးသူ၊ တရားနာသူ)သည် အနရိယ ဖြစ်ရသည် မဟုတ်ကြောင်း သိသာထင်ရှားလှပါ၏။

ရှင်မိုးပြာကြီး၏ ' ဆရာက အနရိယဖြစ်လို့ ဒကာလဲ အနရိယ ဖြစ်ရ'ဟူသော စကားသည် ကျမ်းဂန်နှင့် ညီညွတ်ခြင်း မရှိ၊ ချွတ်ချော် တိမ်းယိမ်းနေသော စကားဖြစ်၏ဟု သုံးသပ်တော်မူကြပေသည်။

## "ဒကာအရိယာဖြစ်လျှင် အရိယာဆရာတွေ့မှ လှူရမည်လော?"

၂။ "အရိယာဒကာဆိုရင် အာသဝက္ခယ ဝဟ်ဖြစ်မှပဲ ပေးမှာ။ မဖြစ်တာပေးရင် သူတို့ပစ္စည်း အလကား ဆုံးရှုံးတာ ဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ။"ဟု မိုးပြာအရှင်ဉာဏ ဆို၏။

ဝနဝါသီ တိဿထေရ်ဝတ္ထု၌- တောရွာကြီးတစ်ရွာက ဒါယကာ၊ ဒါယိကာမတို့သည် ပုထုဇဉ် တွေသာ ဖြစ်ကြပေသည်။ ကြွရောက်လာသော ခုနစ်နှစ်အရွယ် တိဿကိုရင်ကလေးလည်း ပုထုဇဉ်သာ ဖြစ်သည်။

http://www.dhammadownload.com



ဤသို့ ဒကာ၊ ဒကာမများကလည်း ပေးကြ လှူကြသည်။ ကိုရင်ကလေးသည် သူသိသည့် 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ' တရားလေးကိုအမြဲတန်း ဟော၍ ဆုပေး၏။ ဝါတွင်းသုံးလရောက်မှ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူသွား၏။ (ဓမ္မပဒ၊ ဌ၊ ၁၊ ၃၃၇-၈)

စိတ္တသူကြွယ်ဝတ္ထု၌လည်း ကျောင်းဒါယကာက အနာဂါမ် အရိယာ၊ ကျောင်းထိုင် ဆရာတော် အရှင်သုဓမ္မကပုထုဇဉ်။ (နောင် မှရဟန္တာဖြစ်၏။) (ဓမ္မပဒ၊ ဌ၊ ၁၊ ၃၂၇) (ဝိ၊ ၄၊ ၃၇)

ဝေလာမသုတ္တန်ကိုကြည့်ပါ၊ လှူသူဘုရားလောင်း ပုဏ္ဏားကြီးသည် ပုထုဇဉ်။ အလှူခံပုဂ္ဂိုလ်များ လည်း ပုထုဇဉ်တွေချည်းသာ ဖြစ်ကြပေသည်။ (အံ၊ ၃၊ ၁၉၅)

မြတ်စွာဘုရားသည် (ဥပရိပဏ္ဏာသပါဠိ၊ ဒက္ခိဏာဝိဘင်္ဂသုတ်၊ နှာ-၂၉၇) ၌ ' အလှူခံ တစ်ကိုယ်လေး'(ပုဂ္ဂလိကဖြစ်သော အလှူတစ်ဆယ့်လေးပါး)ကို ဟောကြားရာ၌ အရိယာအဆင့် ကိုးပါး၊ ပုထုဇဉ်အဆင့် ငါးပါး ပါဝင်ပေသည်။ ပုထုဇဉ်အဆင့်၌ကား' တိရစ္ဆာနဂတေ ဒါနံ ဒေတိ၊ အယံ စုဒ္ဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ' ဟူ၍ တိရစ္ဆာန်ပင် ပါဝင်ကြောင်း သိရှိနိုင်ပေသည်။

ဤသာဓကတို့ကိုရှုလျှင် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်မှု မရှိသည်ကို သိနိုင်ပါသည်။

## အရိယာဒကာဖြစ်လျှင် ဝိစေယျ ဒါနံ ဒါတဗ္ဗံ မလို

"အရိယာဒကာဆိုရင် အာသဝက္ခယ ဝဟ်ဖြစ်မှပဲ ပေးမှာ။ မဖြစ်တာပေးရင် သူတို့ပစ္စည်း အလကား ဆုံးရှုံးတာ ဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ။"- ဟူသော အရှင်ဉာဏဆိုသော စကား၌ အရိယာဒကာဆိုရင် ရဟန္တာအလှူခံဖြစ်မှ ပေးမည်၊ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ် လှူမည်-ဟု ဆိုသည် ဖြစ်တန်ရာ၏။

ဝိစေယျ ဒါနံ ဒါတဗ္ဗံ-ဟူသော ဒေသနာသည် သဒ္ဓါတရား မခိုင်မြဲသူများအတွက် အလှူခံ ပုဂ္ဂိုလ်ကြောင့် သဒ္ဓါမပျက်စေလိုသောကြောင့် ဟောသော ဒေသနာဖြစ်၏။ အဝေစ္စပသာဒဂုဏ်ရှင် အရိယာအလှူရှင် ပုဂ္ဂိုလ် များနှင့် သက်ဆိုင်သော ဒေသနာ မဟုတ်ပါ။ အဝေစ္စပသာဒဂုဏ်ရှင် အရိယာအလှူရှင် ပုဂ္ဂိုလ်များသည် သံဃဂတဒက္ခိဏာ- သံဃာသို့ရောက်သော အလှူမျိုးကို စေန် လှူတတ်သူများသာ ဖြစ်ပါသည်။ အရိယာဖြစ်လျှင် အလှူခံပုဂ္ဂိုလ်ကြောင့် သဒ္ဓါပျက်ရန် အကြောင်းမရှိပါ။

သို့ပါ၍ "အရိယာဒကာဆိုရင် အာသဝက္ခယ ဝဟ်ဖြစ်မှပဲ ပေးမှာ။ မဖြစ်တာပေးရင် သူတို့ပစ္စည်း အလကား ဆုံးရှုံးတာ ဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ။"ဟူသော ဟောပြော ရေးသား ချက်သည် ဘုရားဟော စကားတော်နှင့် ဆန့်ကျင်သည်ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော် မူကြပါသည်။

### "လှူတတ်ဖို့က အဓိက"

သံဃာ၌ ရောက်သော အလှူသည် သံဃာ၌ အလေးဂရု ပြုခြင်းငှါ စွမ်းနိုင်သူအားသာလျှင် ဖြစ်၏။ သံဃာ၌ အလေးဂရု ပြုခြင်းသည် ပြုနိုင်ခဲ၏။

**သံဃဂတာ ဒက္ခိဏာ ဟိ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟောတိ, သံဃေ ပန စိတ္တီကာရော ဒုက္ကရော ဟောတိ။**

http://www.dhammadownload.com



သာမဏေဖြစ်စေ ရဟန်းဖြစ်စေ ငယ်သည်ဖြစ်စေ ကြီးသူဖြစ်စေ ဗာလဖြစ်စေ ပဏ္ဍိတဖြစ်စေ အမှတ် မရှိသော ပုဂ္ဂိုလ်ကို သံဃာထံမှ သံဃာညွှန်ကြား၍ ရပြီးသည်ရှိသော် ယုံမှားသံသယမရှိဘဲ သံဃာအား ပေးလှူပါ၏ဟု သံဃာ၌ အလေးအမြတ်ပြုခြင်း ကြည်ညိုခြင်းကို ပြုစွမ်းနိုင်သောသူ၏ အလှူသည် သံဃာထံသို့ ရောက်သည် မည်ပါသည်။

**ယော ပန သာမဏေရံ ဝါ ဥပသမ္ပန္နံ ဝါ ဒဟရံ ဝါ ထေရံ ဝါ ဗာလံ ဝါ ပဏ္ဍိတံ ဝါ ယံကိဉ္စိ သံဃတော လဘိတွာ နိဗ္ဗေမတိကော ဟုတွာ သံဃဿ ဒေမိတိ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောတိ, တဿ ဒက္ခိဏာ သံဃဂတာ နာမ ဟောတိ။** မ၊၄၊၄။၂၂၅။

### "မိစ္ဆာပဋိပဒါ အလှူ မဖြစ်စေနဲ့"

မည်သည့်ကုသိုလ်မဆို ဝဋ်ဆင်းရဲမှ မထုတ်ဆောင်တတ်, ဝဋ်ကို အဦးမူ၍ ပြုအပ်သော ကောင်းမှု ဖြစ်လျှင် ထိုကောင်းမှုသည် (ကုသိုလ်ကောင်းမှုပြုသည် မှန်သော်လည်း) မိစ္ဆာပဋိပဒါ= မှားသော အကျင့်ဖြစ်ပါသည်။

**မိစ္ဆာပဋိပဒန္တိ အယံ တာဝ အနိယျာနိကပဋိပဒါ၊ နနု စ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရောပိ အာနေဉ္ဇာဘိသင်္ခါရောပိ, သော ကထံ မိစ္ဆာပဋိပဒါ ဟောတီတိ၊ ဝဋ္ဋသီသတ္တာ၊** သံ၊၄၊၂။၁၈၊

အမှတ်မထား တပါးပါးသော ကောင်းမှုကို ဘဝသုံးပါးဟု ဆိုအပ်သော ဝဋ်ကို တောင့်တ၍ ပြုသော အကျင့်ဖြစ်လျှင် အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် အဘိညာဉ် ငါးပါးဖြစ်စေ သမာပတ်ရှစ်ပါး ဖြစ်စေ, ထိုအလုံးစုံသည် ဝဋ်၏ အသင်းအပင်း၊ ဝဋ်ကို အဦးပြုသည်သာ ဖြစ်သောကြောင့် မိစ္ဆာပဋိပဒါ=မှားသော အကျင့်ဖြစ်ပါသည်။

**ယဉ္ဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ, အန္တမသော ပဉ္စာဘိညာ အဋ္ဌ ဝါ ပန သမာပတ္တိယော, သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ၊** သံ၊၄၊၂။၁၈၊

ဝိဝဋ္ဋဖြစ်သော နိဗ္ဗာန်ကို တောင့်တ၍ ဖြစ်စေအပ်သော အယုတ်ဆုံးအားဖြင့် ယာဂုတစ်ဇွန်း မျှလည်း ဖြစ်သော သစ်ရွက်တစ်ဆုပ်မျှလည်းဖြစ်သော အလုံးစုံသော ဝိဝဋ္ဋအဘို့သို့ရောက် ဝိဝဋ္ဋကိုမှီသော ကောင်းမှုသည် ဝိဝဋ္ဋ၏ အသင်းအပင်း၏ အဖြစ်ကြောင့် သမ္မာပဋိပဒါ=မှန်သော အကျင့်ဖြစ်ပါသည်။

**ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ, အန္တမသော ဥဠုင်္ကယာဂုမတ္တဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ, သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတံ, ဝိဝဋ္ဋပက္ခိကတ္တာ သမ္မာပဋိပဒါဝ ဟောတိ၊** သံ၊၄၊၂။၁၈၊

အနည်းနယ်မျှလည်းဖြစ်သော သစ်ရွက်တစ်ဆုပ်မျှဒါနကုသိုလ် ဖြစ်စေ၊ ကြီးမားသော ဝေလာမပုဏ္ဏား၏ ကောင်းမှုမျိုးဖြစ်စေ၊ အကယ်၍ ဘဝသုံးပါးဟု ဆိုအပ်သော ဝဋ်၏ ပြည့်စုံမှုကို တောင့်တ၍ ဝဋ်ကိုမှီသည်၏ အစွမ်းဖြင့် မှားမှားယွင်းယွင်း ထားအပ်သော ကောင်းမှုဖြစ်လျှင် ဝဋ်ကိုသာလျှင် ဆောင်ခြင်းငှါ စွမ်းနိုင်၏။ ဝိဝဋ္ဋဖြစ်သော နိဗ္ဗာန်ကို ဆောင်ခြင်းငှါ မစွမ်းနိုင်ပါ။

အပ္ပမတ္တကမ္ပိ ဟိ ပဏ္ဏမုဋ္ဌိမတ္တဒါန ကုသလံ ဝါ ဟောတု မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ, သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ, ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ, နော ဝိဝဋ္ဋံ။ သံ၊၄၊၂။၁၈၊

http://www.dhammadownload.com


ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု-ဟု ဝိဝဋ္ဋ ဖြစ်သော နိဗ္ဗာန်ကို တောင့်တသဖြင့် ဝိဝဋ္ဋဖြစ်သော နိဗ္ဗာန်၏ အစွမ်းအားဖြင့် ကောင်းစွာ ထားအပ်သော ကောင်းမှုသည် အရဟတ္တဖိုလ်ကိုလည်းကောင်း၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း၊ ပေးခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။ အရဟတ္တဖိုလ်သို့ မရောက်မူ၍ အပြီးအဆုံးသို့ မရောက်။

''ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူ''တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဋ္ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတညာဏမ္ပိ ဒါတုံ သက္ကောတိယေဝ, န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။ သံ၊ ၄၊ ၂။ ၁၈။

အထက်ပါ ပါဠိအဋ္ဌကထာတို့ကို ထောက်ထား၍ အလှူခံပုဂ္ဂိုလ်သည် ပဓာနမဟုတ်၊ လှူသူက လှူတတ်ဖို့သာ အရေးကြီးသည်ကိုလည်းကောင်း၊ **အရိယာဒကာဖြစ်ခဲ့သော် အလှူခံပုဂ္ဂိုလ်ကို စိစစ် လှူနေရလောက်အောင် သဒ္ဓါတရား မညံ့**ဟုလည်းကောင်း သိသာ ထင်ရှားသောကြောင့် "အရိယာ ဒကာဆိုလျှင် အာသဝက္ခယံ ဝဟံ ဖြစ်မှုပဲ ပေးမှာ။ မဖြစ်တာ ပေးရင် သူတို့ပစ္စည်း အလကားဆုံးရှုံးတာ ဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ' ဆိုထားသော မိုးပြာအရှင်ဉာဏ၏ စကားသည် မြတ်စွာဗုဒ္ဓ၏ ရည်ရွယ်ချက်ကို ပျက်စီးအောင် ဖျက်ဆီးနေသော ဟောပြောရေးသားချက် ဖြစ်၏ ပါဠိအဋ္ဌကထာစကားတို့နှင့် ဆန့်ကျင်၏ဟု ဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

### "အာသဝက္ခယံ ဝဟံ, အာသဝက္ခယာ အာရာ"

၃။ "အာသဝက္ခယံ ဝဟံ, မလုပ်ဘဲ အာသဝက္ခယာ အာရာ, လုပ်နေသူတွေ - အာမိသဒါနတွေ လုပ်နေကြတာ ဒုန်းဒေး။ အာသဝက္ခယာ အာရာ- ဆိုတာက အာသဝေါကုန်ဖို့ကနေ ဝေးတဲ့သူပေါ့။"ဟူသော အရှင်ဉာဏ၏ စကားနှင့် ပတ်သက်၍ စောဒကတို့၏ သဘောထားကို မတွေ့ရ။

ပါဠိအသုံးအနှုန်းတွေ ရောနှောနေသည်။ အာသဝက္ခယံ ဝဟံ-၏ ပါဠိအနေအထားအရ ကောင်းမှုကုသိုလ် ပုညကို ပြောဆိုသုံးနှုန်းရာ ဌာနဖြစ်သည်။

### "အာသဝက္ခယံ ဝဟံ"

ကုသိုလ်ပွဲများ၌ ဆရာတော်သံဃာတော်များသည် 'ဝိဝဋ္ဋနိဿိတနှင့် ဝဋ္ဋနိဿိတ'နှစ်မျိုးကို ဟောပြတော်မူကြပြီး ဝိဝဋ္ဋနိဿိတဒါန ဖြစ်အောင် လှူဒါန်းကြဖို့ ဟောတော်မူသည်။ ဤအချက်နှင့် ပတ်သက်၍ ကျမ်းဂန်အဆိုကို ထုတ်ပြဦးအံ့-

> 'ကသ္မာ ပန အညေ သေပဏ္ဏိကဏ္ဍကမဒနကဏ္ဍကာဒယော မဟန္တေ အဂ္ဂဟေတွာ သုခုမံ ဒုဗ္ဗလံ သာလိသူကယဝသူကမေဝ ဂဟိတန္တိ ?၊ အပ္ပမတ္တကဿာပိ ကုသလကမ္မဿ ဝိဝဋ္ဋာယ သမတ္ထဘာဝဒဿနတ္ထံ။ ယထာ ဟိ သုခုမံ ဒုဗ္ဗလံ သာလိသူကံ ဝါ ယဝသူကံ ဝါ ဟောတု မဟန္တမဟန္တာ သေပဏ္ဏိကဏ္ဍကမဒနကဏ္ဍကာဒယော ဝါ၊ ဧတေသု ယံကိဉ္စိ မိစ္ဆာဋ္ဌပိတံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘိန္ဒိတုံ လောဟိတံ ဝါ ဥပ္ပါဒေတုံ န သက္ကောတိ၊ သမ္မာ ဋ္ဌပိတံ ပန သက္ကောတိ။ ဧဝမေဝ အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တဒါနကုသလံ ဝါ ဟောတု၊ မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာ ဋ္ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ နော ဝိဝဋ္ဋံ။ 'ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူ'တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဋ္ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိ ယေဝ။ (အံ၊ ဋ္ဌ၊ ၁။ ၄၃)

http://www.dhammadownload.com


(မြန်မာပြန်) စောဒနာစကားရပ်ကို ဆိုဦးအံ့၊ အဘယ့်ကြောင့် အခြားကုန်သော ယမနေဆူး၊ သမင်စာဆူး အစရှိကုန်သော ကြီးကုန်သောဆူးတို့ကို မယူမူ၍ သိမ်မွေ့သော အားနည်းသော သလေးစပါးဆူး၊ မုယောစပါးဆူးကိုသာ ယူအပ်ပါသနည်း?၊ ဤကား အမေးတည်း။ အနည်းငယ်မျှလည်း ဖြစ်သော ကုသိုလ်ကံ၏ ဝဋ်ကင်းရာ နိဗ္ဗာန်အလို့ငှာ စွမ်းနိုင်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ယူအပ်ပါ၏။

ချဲ့ဦးအံ့၊ သိမ်မွေ့သော အားနည်းသော သလေးစပါးဆူး၊ မုယောစပါးဆူးသည် မူလည်း ဖြစ်စေ၊ ကြီးကုန်ကြီးကုန်သော ယမနေဆူး၊ သမင်စာဆူး စသည်တို့မူလည်း ဖြစ်စေကုန်၊ ထိုဆူးတို့တွင် လွဲမှားစွာထားအပ်သော (အမြီးချွန်ကို အထက်သို့ လှည့်ထောင်၍ မထားအပ်သော) အမှတ်မထား တပါးပါးသော ဆူးသည် လက်ကိုလည်းကောင်း၊ ခြေကို လည်းကောင်း ထိုးဖေါက်ခြင်းငှာလည်းကောင်း၊ သွေးကို ဖြစ်စေခြင်းငှာလည်းကောင်း မစွမ်းနိုင်သကဲ့သို့။ ကောင်းစွာထားအပ်လျှင်ကား(အမြီးချွန်ကို အထက်သို့ လှည့်ထောင်၍ ထားအပ်လျှင်ကား) စွမ်းနိုင်သကဲ့သို့၊ ဤအတူသာလျှင် အနည်းငယ်မျှသော မြက်ဆုပ်မျှ ပေးလှူသောကုသိုလ်မူလည်းဖြစ်စေ၊ ကြီးစွာသော ဝေလာမပုဏ္ဏား၏ အလှူစသော ကုသိုလ်မူလည်းဖြစ်စေ၊ အကယ်၍ ဝဋ်ဆင်းရဲသမ္ပတ္တိကို တောင့်တ၍ ဝဋ်၌မှီခြင်း၏ အစွမ်းဖြင့် လွဲမှားစွာထားအပ်သည်ဖြစ်အံ့။ ဝဋ်ကိုသာလျှင် ဆောင်ခြင်းငှာ စွမ်းနိုင်၏။ ဝဋ်ကင်းရာနိဗ္ဗာန်ကို ဆောင်ခြင်းငှာ မစွမ်းနိုင်။ 'ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု'ငါ၏ ဤအလှူဒါနသည် အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို ဆောင်ရွက် နိုင်သည် ဖြစ်ပါစေသတည်း' ဟု ဤသို့ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တသော ပုဂ္ဂိုလ်သည် ဝဋ်ကင်းရာ နိဗ္ဗာန်၏အစွမ်းဖြင့် မှန်ကန်စွာထားအပ်လျှင်ကား အရဟတ္တဖိုလ်ကို လည်းကောင်း၊

ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်ကို လည်းကောင်း ပေးခြင်းငှာ စွမ်းနိုင်သည်သာတည်း။

**ဤဖေါ်ပြပါ အဋ္ဌကထာစကားရပ်များနှင့် အညီ ဆရာတော်သံဃာတော်များက ဟောကြား ညွှန်ပြ၍ ဝိဝဋ္ဋနိဿိတဒါန ဖြစ်အောင် လှူဒါန်းစေတော်မူကြသည်။ ထို့ကြောင့်- လှူဒါန်းသူ ဒါယကာ ဒါယိကာမ များသည် ယင်းသို့ လှူဒါန်းကြသည်ပင်ဖြစ်ရာ 'အာသဝက္ခယာဝဟံ' ဖြစ်ပါ၏။**

သို့ပါ၍ မိုးပြာအရှင်ဉာဏ ဟောပြောရေးသားသော "အာသဝက္ခယံ ဝဟံ, မလုပ်ဘဲ"ဟူသော ဟောပြောရေးသားချက်သည် ပါဠိအဋ္ဌကထာနှင့် ဆန့်ကျင်၏ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## "အာသဝက္ခယာ အာရာ"

"အာသဝက္ခယာ အာရာ- ဆိုတာက အာသဝေါကုန်ဖို့ကနေ ဝေးတဲ့သူပေါ့"

ဤအခါ ဤသာသနာအတွင်း၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည် "အာသဝက္ခယာ အာရာ" မဟုတ်ဘဲ အာသဝက္ခယ သစ္ဆိကရဏပြုနိုင်ခွင့်ရှိသော မဂ္ဂင်ရှစ်ပါးအကျင့်မှန်ရှိရာသာသနာလည်းဖြစ်၊ ထိုအကျင့်မှန်ကိုလည်း ထေရဝါဒကို မတိမ်းမဖဲ့ တည့်မတ်စွာ ဟောပြောပြသပေးနေသည်လည်းဖြစ်၊ ထိုကျင့်စဉ်မှန်အတိုင်း ကျင့်ကြံကြသူများလည်းရှိ ရှေ့၌ဆိုပြီးအတိုင်း (အံ၊ ၃၊ ၃။ ၂၃၈) (ဝိ၊ ၃၄။ ၁၂၇)တို့အလို အနာဂါမိဝဿသဟဿအခါကာလ၊ တေဝိဇ္ဇပတ္တရဟန္တာ ပေါ်ထွန်းနိုင်ရာကာလ ဖြစ်သောကြောင့် "အာသဝက္ခယာ အာရာ- ဆိုတာက အာသဝေါကုန်ဖို့ကနေ ဝေးတဲ့သူပေါ့"ဟူသော မိုးပြာအရှင်ဉာဏဆိုသော စကားသည် ပါဠိအဋ္ဌကထာစကားတို့နှင့် ဆန့်ကျင်သော စကားဖြစ်၏ဟု

http://www.dhammadownload.com


ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

"ဒီသာသနာကို အနရိယကြီးစိုးနေတယ်" ဤစကားတို့ဖြင့် ပုဂ္ဂိုလ်ကို ဆိုနေပြန်သည်။ ယင်းစကားနှင့် ပတ်သက်၍ ရှေ့၌ ပေါင်းလျက် သုံးသပ်ခဲ့ပြီး ဖြစ်သည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၄၀) စောဒနာလွှာပါ အရိယသစ္စကထာ၊နှာ၊၈၄။၌ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့မှုကိုတားမြစ်ခြင်းနှင့် စပ်လျဉ်း၍ အရှင်ဉာဏ၏ ဟောပြောချက်များ, သာသနာတော်ကို အနရိယကြီးစိုးနေတယ်ဟူသော ဟောပြောချက်များသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များ ဖြစ်သောကြောင့် ယင်းဟောပြောရေးသားချက်တို့ကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

----------------------

http://www.dhammadownload.com



## အမှတ်(၄၁)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

သဒ္ဓမ္မသုံးဖြာသာသနာစာအုပ်၊ ပထမတွဲ၊ စာ-၃၅-၌အရှင်ဉာဏ၏ နောက်လိုက် အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြောရေးသားထားသော-

"ပရိယတ် ပဋိပတ်နဲ့ ပဋိဝေဓက သည်သာသနာမှာပဲ ရှိတာမဟုတ်လား? ဘယ်ဟုတ်မလဲ။

ဘယ် သာသနာမှာ ရှိသေးလို့လဲ? သာသနာမှ မဟုတ်ပါဘူး။ အရပ်ထဲမှာ နေ့စဉ် ပြောဆိုပြုလုပ်နေကြတာတွေထဲ မှာလဲ ရှိတယ်။

လူတစ်ယောက်က စကားပြောတိုင်း အသိပေးတာချည်းပဲ ဖြစ်တယ်။ ဒါဟာ ပရိယတ်ပဲ။ (ပ) ဟုတ်တယ်။ ဘယ်သွားနဲ့.။ ဘယ်ကို ကျော်တို့၊ ဘယ်လိုသွားတို့.ရဲ့. အနက်ကို နားလည်အောင် ကြည့်တာ ဆင်ခြင်တာဟာ ဝဋိပတ်ပဲ။ အဲသည်ဆင်ခြင်မှုကြောင့် အမှန်သိပြီး အဲသည်ကို အရောက်သွားတတ်သွားတာဟာ ပဋိဝေဓပဲ"ဟူသော

(သဒ္ဓမ္မသုံးဖြာသာသနာစာအုပ်၊ ပထမတွဲ၊ စာ-၃၅။) ဟောပြောရေးသား ထားချက်တို့သည် 'ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထားတင်ပြချက်

ပရိယတ္တီတိ တီဏိ ပိဋကာနိ။ (ဒီ၊ဋ၊၃။၈၂။) ပရိယတ်ဆိုတာ ပိဋကတ်သုံးပုံပဲ"ဟု လည်းကောင်း။

ပရိယတ်ဟူသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အင်္ဂါ(၉)ပါးအတွင်း အကျုံးဝင်ရမည်ဟုလည်းကောင်း၊ (မူလပဏ္ဏာသအဋ္ဌကထာ-၁၂) ဖွင့်ဆိုထားပါသည်ဘုရား။

အရှင်ဉာဏိန္ဒာလင်္ကာရရေးသားသော "လူတစ်ယောက်က စကားပြောတိုင်း အသိပေးတာချည်းပဲ ဖြစ်တယ်။ ဒါ ပရိယတ်ပဲ"ဟူသော ရေးသားချက်သည် ဖော်ပြပါ ပဏ္ဏာသအဋ္ဌကထာလာ ပရိယတ်အင်္ဂါ (၉)ပါးတွင် အကျုံးမဝင်သောကြောင့် မှားယွင်းသောဟောပြောရေးသားမှု ဖြစ်ပါသည်ဘုရား။

"ပဋိပတ္တီတိ ပဋိပဒါ (ဒီ၊ဋ၊၃။၈၂။) = ပဋိပတ်ဆိုတာ အကျင့်ပဲ"ဟုလည်းကောင်း၊

သုတ်မဟာဝါပါဠိတော် (၁၂၄-၁၂၅)တို့၌-

"သုဘဒ္ဒ အကြင်တရားဝိနည်းဟူသော သာသနာ၌ အင်္ဂါ(၈)ပါးရှိသော အရိယမဂ် တရားသည် မရှိ။ ထို အရိယမဂ် တရားမရှိသောသာသနာ၌ သောတာပန်ရဟန်းသည်လည်း မရှိ။ ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည်လည်း မရှိ။ တတိယအဆင့် အနာဂါမ် ရဟန်းသည်လည်း မရှိ။ စတုတ္ထအဆင့် ရဟန္တာသည်လည်း မရှိ။

သုဘဒ္ဒ အကြင်တရားဝိနည်းဟူသောသာသနာ၌ အင်္ဂါ(၈)ပါးရှိသော အရိယမဂ် တရားသည် ရှိ၏။ ထိုအရိယမဂ် တရားရှိသောသာသနာ၌ သောတာပန်ရဟန်းသည်လည်း ရှိ၏။ ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည်လည်း ရှိ၏။ တတိယအဆင့် အနာဂါမ်ရဟန်း သည်လည်း ရှိ၏။ စတုတ္ထအဆင့် ရဟန္တာသည်လည်း ရှိ၏။

သုဘဒ္ဒ ငါ၏တရားဝိနည်းဟူသောဤသာသနာ၌ အင်္ဂါ(၈)ပါးရှိသော အရိယမဂ် တရားသည် ရှိပေ၏။ ဤအရိယာဂ်တရားရှိသောသာသနာ၌သာလျှင် သောတာပန် ရဟန်းသည်

http://www.dhammadownload.com



ရှိပေ၏။ ဤသာသနာ၌သာလျှင် ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည် ရှိပေ၏။ ဤသာသနာ၌သာလျှင်တတိယအဆင့် အနာဂါမ်ရဟန်းသည် ရှိပေ၏။ ဤသာသနာ၌သာလျှင် စတုတ္ထအဆင့် ရဟန္တာသည် ရှိပေ၏။ ဤငါ၏သာသနာတော်မှ တစ်ပါးသော အယူဝါဒသာသနာ တို့သည် တရားကို သိမြင်သော ရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်တို့မှ ဆိတ်ကုန်၏။ သုဘဒ္ဒ ဤရဟန်းမြတ်တစ်ကျိပ်နှစ် ယောက်တို့သည် မှန်စွာအဆင့်ဆင့် ဟောပြောလျက် နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းသည်သာ ဖြစ်ရာ၏"ဟုလည်းကောင်း၊

မိန့်ဆိုထားသဖြင့် အရှင်ဉာဏိန္ဒာလင်္ကာရ ရေးသားထားသော "ဘယ်သွားနဲ့၊ ဘယ်ကိုကျော်တို့၊ ဘယ်လိုသွားတို့ရဲ့အနက်ကို နားလည်အောင်ကြည့်တာ ဆင်ခြင်တာဟာ ပဋိပတ်ပဲ"ဟူသော ဟောပြော ရေးသားချက်တို့ သည် မှားယွင်းနေကြောင်း ထင်ရှားလှပါသည်ဘုရား။

**ပဋိဝေဓနှင့်စပ်၍-**

**"ပဋိဝေဓောတိ သစ္စပ္ပဋိဝေဓော (ဒီ၊ဌ၊၃။၈၂။) ပဋိဝေဓဆိုတာ သစ္စာလေးပါးတို့ကို အရိယမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်ခြင်းပဲ" ဟုလည်းကောင်း၊**

"ပဋိဝေဓောတိ တန္တိယာ, တန္တိအတ္ထဿ စ, ယထာဘူတာဝဗောဓော (အဘိ၊ဌ၊၁။၂၃။)၊ ပါဠိတော်မွေ့ကိုလည်းကောင်း၊ ပါဠိတော်၏ အနက်အဓိပ္ပါယ်အတ္ထကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာသိခြင်းသည် ပဋိဝေဓမည်၏"ဟုလည်းကောင်း ဖွင့်ဆိုထားကြပါသည်ဘုရား။

သို့ပါ၍ အရှင်ဉာဏိန္ဒာလင်္ကာရသည် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတို့၏ အဓိပ္ပါယ်ကို လွဲမှားစွာ ဟောပြော ရေးသားပါကြောင်း စာဒကတို့၏ သဘောထားကို တင်ပြကြသည်။

## အရှင်ဉာဏိန္ဒာလင်္ကာရလဲ မိုးပြာပါပဲ

မိုးပြာအရှင်ဉာဏ၏ လက်ရုံးသာဝကကြီးများ နောက်လိုက် မိုးပြာဂိုဏ်းသားများ၏ သဘောသဘာဝကို ဦးစွာ သုံးသပ်လိုပါ၏။

မြတ်စွာဘုရားသည်-

'ဓာတုသောဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ ကလျာဏာဓိမုတ္တိကာ ကလျာဏာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ ' ဟူ၍ (သံ၊ ၁၊ ၃၆၈) ဟောတော်မူထားပေသည်။

<u>အဓိပ္ပါယ်ကား</u>- ယုတ္တာပါတို့သည် မာတ်အားဖြင့်သာလျှင် တစ်ပေါင်းတည်း ဖြစ်ကုန်၏။ တစ်သားတည်းဖြစ်ကုန်၏။ ယုတ်ညံ့သောနှလုံးသွင်းရှိသော သူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိသော သူတို့နှင့် အတူ တစ်ပေါင်းတည်းဖြစ်ကုန်၏။ ကောင်းသော နှလုံးသွင်းရှိသောသူတို့သည် ကောင်းသောနှလုံးသွင်းရှိသောသူတို့နှင့်အတူ တစ်ပေါင်းတည်း တစ်သားတည်း ဖြစ်ကုန်၏'တဲ့။

ထို့ကြောင့်-မိုးပြာအရှင်ဉာဏနှင့် အရှင်ဉာဏိန္ဒာလင်္ကာရစသော မိုးပြာဂိုဏ်းသားတို့၏ အနေအထားကား ဖော်ပြပါ သုံးလောကထွဋ်ထားသဗ္ဗညု မြတ်စွာဘုရား၏ စကားတော်ကို အထင်အရှား ပြနေသကဲ့သို့ ရှိပါပေသည်။

http://www.dhammadownload.com



ဤနေရာ၌ ဓာတ်-ဟူသည်မှာ အလိုအကြိုက် အတွင်းဓာတ်ခံစိတ်ထား ဖြစ်ပေသည်။

ထိုဓာတ်သည် ကူးစက်တတ်သော သဘောရှိ၏။ အချင်းချင်း နှီးနှောမိဖို့ ဖန်တီးတတ်သော အခြေခံ သဘာဝဓာတ်တစ်မျိုးဖြစ်၏။ 'အဇ္ဈာသယဓာတု' ဟု ဆိုရပေသည်။

ပုံစံကိုထုတ်ကြည့်ပါ-

ဘုရားရှင်လက်ထက်တော်က အရှင်သာရိပုတ္တရာသည် ပညာဉာဏ် ကြီးမားတော်မူသလို သူ၏တပည့်များသည်လည်း ပညာကြီးကြ၊ ပညာချွန်ကြ၏။

အရှင်မောဂ္ဂလာန်၏ တပည့်သာဝကများကား အားလုံးတန်ခိုးအရာ နိုင်နင်းတော်မူကြ၏။ ဓုတင်တေရသဆောင် အရှင်မဟာကဿပကိုယ်တော်ကြီး၏ တပည့်သာဝကများကား ဓုတင်ဆောင် ပုဂ္ဂိုလ်တွေချည်းဖြစ်တော်မူကြပေသည်။ ဤကား- ကလျာဏာဓိမုတ္တိကပုဂ္ဂိုလ်တွေ ဓာတ်တူချင်းချင်း ပေါင်းစပ် နှီးနှောမိခြင်း ဖြစ်ပေသည်။

ဟီနာဓိမုတ္တိကပုဂ္ဂိုလ်များဘက်ကိုကြည့်-

ရှင်ဒေဝဒတ်၏တပည့်တို့သည် သူ့ဆရာကဲ့သို့ အလိုဆိုး ရှိသူတွေချည်း ဖြစ်ကြ၏။

မေတ္တိယ ဘူမဇကနှင့် အဿဇိပုနဗ္ဗသုက ခေါ် ဆဗ္ဗဂ္ဂီ အပေါင်းပါတို့သည်ကား အားလုံး ဒုဿီလရဟန်းဆိုးတွေချည်းသာ ဖြစ်ကြသည်။

ယခုလည်း မိုးပြာ ရှင်ဉာဏ၊ သူ၏လက်ရုံးသာဝကကြီးများဖြစ်ကြသော အရှင်ဉာဏိန္ဒ(တောင်ငူ)၊ အရှင်ဝိစိတ္တ စသော မိုးပြာသာဝကတို့သည် ဓာတ်သဘောအချင်းချင်း တွေ့ဆုံနှီးနှော ပေါင်းစပ်နေကြပြီ မဟုတ်ပါလား။ မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်းစာများအပေါ် မှန်ကန်စွာယူဆနိုင်ခြင်း မရှိ၊ တလွဲတချော် မိုးမျှော်စောက်ထိုး ကိုးလို့ကန့်လန့် လွဲမှားစွာ ယူဆပြောဟော ရေးသားနေကြသည်မှာ တစ်သဘော တစ်လေသံတည်း ညီလည်း ညီကြပါပေသည်။

သို့ပါသောကြောင့် အရှင်ဉာဏိန္ဒာလင်္ကာရ၏ ဟောပြောရေးသားချက်တို့ကို မိုးပြာအရှင်ဉာဏ၏ ဝါဒနှင့် အတူထား၍ စောဒကတို့က စောဒနာကြခြင်းဖြစ်ပါသည်။

## ဝိနည်းခိုရ်ဆရာတော်များ သုံးသပ်ချက်

အရှင်ဉာဏိန္ဒာလင်္ကာရ၏ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတို့၏ အဓိပ္ပါယ်ဖော် ဟောပြော ရေးသားချက်သည် တကယ့် လေးနက်လည်း လေးနက်၊ မှန်လည်း မှန်၊ မြတ်လည်း မြတ်သည့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓများကို ကရော် ချော်မယ် မလေးမစား ဝိဝဏ္ဏနပုံစံဖြင့် ရေးသားပြောဆိုခြင်းသာ ဖြစ်သည်။

အရှင် ဉာဏိန္ဒာလင်္ကာရ ပြောသကဲ့သို့ ဆိုလျှင်-'ဒီလိုခိုး၊ ဒီလိုဆိုး'လို့ ပြောတာ အသိပေးတာကို ပရိယတ်၊ 'ဒီလိုခိုး၊ ဒီလိုဆိုး'တို့ရဲ့ ခိုးပုံ ဆိုးပုံ အနက်အဓိပ္ပါယ်ကို သိနားလည်အောင် ကြည့်တာ ဆင်ခြင်တာ ပဋိပတ်၊ ဆင်ခြင်မှုကြောင့် ခိုးနည်းအမှန်ကို သိပြီး သိနားလည်သည့်အတိုင်း ခိုးဆိုးတာက ပဋိဝေဓ-လို့ ပြောရမည်လောဟုသာ မေးရန်သင့်သည်။

http://www.dhammadownload.com


## အရောဌာနတိုင်း၌ သဒ္ဒါဟောနိုင်သမျှ မယူရ

"လူတစ်ယောက်က စကားပြောတိုင်း အသိပေးတာချည်းပဲ ဖြစ်တယ်။ ဒါဟာ ပရိယတ်ပဲ။ (ပ) ဟုတ်တယ်။ ဘယ်သွားနဲ့။ ဘယ်ကို ကျော်တို့၊ ဘယ်လိုသွားတို့ရဲ့ အနက်ကို နားလည်အောင် ကြည့်တာ ဆင်ခြင်တာဟာ ပဋိပတ်ပဲ။ အဲသည်ဆင်ခြင်မှုကြောင့် အမှန်သိပြီး အဲသည်ကို အရောက် သွားတတ် သွားတာဟာ ပဋိဝေဓပဲ"ဟူသော အရှင် ဉာဏိန္ဒာလင်္ကာရ ပြောသည့်စကားအတိုင်း-

သာမညပရိယတ္တိသဒ္ဒါသည် အသိပေးတာ မှန်သမျှကို၊

သာမညပဋိပတ္တိသဒ္ဒါသည် အနက်ကို နားလည်အောင် ကြည့်တာ ဆင်ခြင်တာ မှန်သမျှကို၊

သာမညပဋိဝေဓသဒ္ဒါသည် ဆင်ခြင်မှုကြောင့် အမှန်သိပြီး အဲသည်ကို အရောက် သွားတတ် သွားတာ မှန်သမျှကို ဟောနိုင်သော်လည်း သူ့နေရာနှင့်သူ အတ္ထပကရဏစသည်ကို ထောက်ချင့်၍ ဟောသင့်သည်ကိုသာ ဟောကြ၏။ နေရာတိုင်း၌ ဟောနိုင်သမျှကို မဟောပါ။ နေရာတိုင်းမှာ ဟောနိုင်သမျှကို မယူရပါ။

ဥပမာ - ဂစ္ဆတီတိ ဂေါ၊ ဂေါဏော။ သွားတတ်သောကြောင့် ဂေါ၊ ဂေါဏ မည်၏။ အရှင် ဉာဏိန္ဒာလင်္ကာရကဲ့သို့ ပြောရမည်ဆိုလျှင် သွားတတ်သော သတ္တဝါအားလုံးကိုလည်း သွားတတ်သောကြောင့် ဂေါ၊ ဂေါဏ-ဟု ဆိုရတော့မည်လော ?

သုဏာတီတိ သောဏော၊ အရှင်သခင်စကားကို နားထောင်တတ်သောကြောင့် သောဏမည်၏။ အရှင်ဉာဏိန္ဒာလင်္ကာရကဲ့သို့ ပြောရမည်ဆိုလျှင်- ပြောဆိုသူ၏ စကားကို နာယူတတ်သော သတ္တဝါ အားလုံးသည်လည်း သောဏ-ဟု ဆိုရမည့် အနေအထား ရောက်မနေပေဘူးလား၊ လောကတွင် ရုဠ္ဟီသဒ္ဒါ အမျိုးမျိုး ရှိကြပေသည်။ ဆိုင်ရာဆိုင်ရာ အနက်များအပေါ်မှာ တက်ရောက်ထင်ရှားသည့်သဒ္ဒါဖြစ်လျှင် ၎င်းအနက်နှင့်ဆိုင်ရာကိုသာ သုံးစွဲကြရပေသည်။

ပြီးတော့-အတ္ထပ္ပကရဏာ လိင်္ဂါ၊ ဩစိတျာကာလဒေသတော။

**သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလံ။(ဇာလိနီ)**

(မြန်မာပြန်) 'အကျိုးရ-မရ၊ အရာဌာန ဟုတ်-မဟုတ် အားဖြင့်လည်းကောင်း၊ (ဤလိင်သည် ဤအနက်ကို ဟောနိုင်-မဟောနိုင်) လိင်အားဖြင့်လည်းကောင်း၊ အသင့်ယုတ္တိ ရှိ-မရှိအားဖြင့်လည်းကောင်း၊ သဒ္ဒါအနက် နှစ်ချက်တို့ကို ခွဲခြားဝေဘန်အပ်ကုန်၏။ အနက်ကို မထောက်စာဘဲ တစ်ဖက်သတ် သဒ္ဒါတို့ကိုသာ မဝေဘန်ထိုက်ကုန်။'တဲ့။ အဆိုရှိပါပေသည်။

ထေရော အဘိဓမ္မံ ဘာသတိ-ဆိုရာ၌ ထေရော-ဟု သာမန်ဆိုထားသော်လည်း လာဠုဒါယီထေရ်စသည်ကို မယူရ၊ 'အဘိဓမ္မံ ဘာသတိ'ကို ထောက်၍ အရှင်သာရိပုတ္တရာကို ယူရသည်။

ထို့အတူ- ဒိဋ္ဌိဆိုတိုင်းလည်း အားလုံး မိစ္ဆာဒိဋ္ဌိချည်း မဟုတ်၊ အကုသိုလ်အရာ၌သာ မိစ္ဆာဒိဋ္ဌိဖြစ်ပြီး ကုသိုလ်အရာ၌ သောတာပတ္တိမဂ်ဉာဏ်နှင့် ဆိုင်ပေသည်။ ဤသို့ အရာဌာန အားလျော်စွာ ယူရပေသည်။

သင်ယူခြင်းပဲ ဆိုကာ ခွေးလက်ပေးသင်တာက အစ ပရိယတ်လို့ မဆိုသင့်ပေ။

သင်တဲ့အတိုင်း သိနားလည်တာ မှန်သမျှကိုလည်း ပဋိပတ်လို့ မဆိုထိုက်ပေ။

ထို့အတူ -သိတဲ့အတိုင်း လိုက်လုပ်တာမှန်သမျှ ပဋိဝေဓ ဟု မဆိုအပ်ပေ။

အရှင်ဉာဏိန္ဒာလင်္ကာရသည် သိသိကြီးနှင့် ပြောဆို ရေးသားနေသည်ဖြစ်ရာ သဘောက မစင်၊ အပြောက မဆင်ခြင်၊ အမြင်ကလည်း မှား၊ အပါယ်ခရီးသို့ လမ်းသလားလိုသူပင် ဖြစ်ယောင်တကား-ဆိုလျှင် မလွန်နိုင်တန်ရာပါ။

http://www.dhammadownload.com



ထို့ကြောင့် စောဒကဆရာတော်များသည် -

'ပရိယတ္တီတိ တီဏိ ပိဋကာနိ၊ ပဋိဝေဓောတိ သစ္စပဋိဝေဓော၊ ပဋိပတ္တီတိ ပဋိပဒါ။' (ဒီ၊ ဋ၊ ၄၊ ၈၂) ဟူသော အဖွင့်အဋ္ဌကထာပါဠိများကို ကိုးကား၍ 'ပရိယတ် ဟူသည် ပိဋကတ်သုံးပုံတို့တည်း၊ ပဋိဝေဓ ဟူသည် သစ္စာလေးပါးတို့ကို အရိယမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းတည်း။ ပဋိပတ္တိဟူသည် အကျင့်တည်း။' စသည်ဖြင့် ကျမ်းဂန်နှင့်အညီ အကျယ်တင်ပြကာ အရှင် ဉာဏိန္ဒာလင်္ကာရ၏ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတို့၏ သရုပ်ဖော် ချက်များကို အဓမ္မဝါဒအဖြစ် အဆုံးအဖြတ်ပေးရန် စောဒနာတော်မူကြပေသည်။

စောဒကပုဂ္ဂိုလ်များ ညွှန်ပြသည့်အတိုင်း အဋ္ဌကထာဆရာတော်များ ဖွင့်ဆိုကြသည်ကိုလည်း တွေ့ရ၏။ အောက်ဖော်ပြပါ အဋ္ဌကထာအဖွင့်များလည်း ရှိ၏။

**ကတမံ ပရိယတ္တိသာသနံ? ယံ တဿ ပရိယာပုဋံ- သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထာ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ- ဣဒံ ပရိယတ္တိသာသနံ၊ ပ။**

**ကတမံ ပဋိပတ္တိသာသနံ? သမ္မာပဋိပဒါ အနုလောမပဋိပဒါ အပစ္စနီကပဋိပဒါ အန္ဝတ္ထပဋိပဒါ ဓမ္မာနုဓမ္မပဋိပဒါ သီလေသု ပရိပူရကာရိတာ ဣန္ဒြိယေသု ဂုတ္တဒွါရတာ ဘောဇနေ မတ္တညုတာ ဇာဂရိယာနုယောဂေါ သတိသမ္ပဇညံ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စ ဗလာနိ သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ- ဣဒံ ပဋိပတ္တိသာသနံ၊ မဟာနိ။၁၁၁။**

ယင်းစောဒနာချက်အတိုင်း အဓမ္မဝါဒအဖြစ်ဆုံးဖြတ်သင့်ကြောင်း သုံးသပ်တော်မူကြပေသည်။

<u>ဆက်လက်၍ သုံးသပ်တင်ပြလိုပေသေး၏-</u>

ပရိယတ်ဟူသည် သင်ယူအပ်သော ပိဋကသုံးပုံ တရားတော်များ၊ (ဝါ) ပိဋကသုံးပုံတရား တော်များကို လေ့လာသင်ယူခြင်းဖြစ်၏။ ယင်းပိဋကသုံးပုံတရားတော်များသည်-'ရသဝသေန ဧကဝိဓံ' (ဝိ၊ ဋ၊ ၁၊ ၁၄) နှင့်အညီ ရသအားဖြင့်တစ်မျိုးတည်းသာ ဖြစ်သည်။

ချဲ့ ပြဦးအံ့-မြတ်ဗုဒ္ဓသည် ဗောဓိပင်နှင့်ရွှေပလ္လင်တော်ကို အောင်မြင်တော်မူ၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည့်အခါမှ စ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်တိုင်အောင် (၄၅)ဝါပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါတို့အား ပိဋကတ် ဓမ္မက္ခန်တရားတော်များသည် ကိလေသာတို့မှလွတ်သော အရဟတ္တဖိုလ် ချမ်းသာကို ရွက်ဆောင်ခြင်းအားဖြင့် (သို့မဟုတ်) ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်ကို ဖြစ်စေ ပြီးစေခြင်း ကိစ္စအားဖြင့် ရေတွက်လျှင် ဝိမုတ္တိရသတစ်မျိုးတည်းသာ ဖြစ်ပေသည်။

ထို့ကြောင့်-မြင့်မြတ်တော်မူ၏။ မြင့်မြတ်သည့်အတွက်ကြောင့်ပင်-

'ပကဋ္ဌာနံ ဥက္ကဋ္ဌာနံ သီလာဒိအတ္ထာနံ ဗောဓနတော သဘာဝနိရုတ္တိဝသေန ဗုဒ္ဓါဒီဟိ ဘာသိတတ္တာ စ ပကဋ္ဌာနံ ဝစနပ္ပဗန္ဓာနံ အာဠီတိ ပါဠိ၊ ပရိယတ္တိဓမ္မော။'

(မ၊ ဋီ၊ ၂၊ ၁၈၈။ အံ၊ ဋီ၊ ၂၊ ၂၄၇)-

ဖွင့်ဆိုထားချက်နှင့်အညီ ပိဋကတ်သုံးပုံ ပရိယတ်တရားတော်များသည် ပါဠိမည်ခြင်းဖြစ်သည်။

(မြန်မာပြန်) မြင့်မြတ်ကုန်သော သီလအစရှိကုန်သောအနက်တို့ကို သိစေတတ် သောကြောင့်လည်းကောင်း၊ သဘာဝနိရုတ္တိ(=ပင်ကိုယ်သဘောအတိုင်း ရွတ်ဆိုအပ်သော ဘာသာ၊ ဝါ-အမြဲထင်ရှားရှိသော ဘာသာ)၏အစွမ်းဖြင့် ဘုရားရှင်အစရှိသူတို့သည် ဟောကြားပြောဆိုအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း မြင့်မြတ်ကုန်သောစကား (အဆက်)တို့၏ အစဉ်ဖြစ်သောကြောင့် ပါဠိမည်၏။ ပရိယတ္တိတရားတော်ပေတည်း။

http://www.dhammadownload.com



ထို့ကြောင့်-ပရိယတ်ဟူသည် အရှင်ဉာဏိန္ဒာလင်္ကာရ ရေးသားထားသကဲ့သို့ 'ယံ ဝါ တံ ဝါ' ပေါက်တတ်ကရ လေးဆယ်၊ တွေ့ကရ သောင်းခြောက်ထောင် သင်ယူခြင်းမျိုးကို မဆိုထိုက်။ လောက ထွတ်ထား မြတ်ဘုရား၏မွန်မြတ်လှသော ပိဋကတ်ကျမ်းဂန်တို့ကို သင်ယူခြင်း၊ (ဝါ)သင်ယူအပ်သော ပိဋကတ်သုံးပုံ တရားတော်များကိုသာ ဆိုသင့် ဆိုထိုက်သည်။ ထို့အတူ- ပဋိပတ္တိအရ ကျင့်ဆောင်ခြင်းနှင့် စပ်လျဉ်း၍လည်း ဘုရား ဟောဖော် ပိဋကတ်ကျမ်းဂန်နှင့်အညီကျင့်သုံးခြင်းသာဖြစ်၍ အကျင့်ကောင်း အကျင့်မြတ်သာ ဖြစ်၏။ အကျင့်ဟူသမျှ ဘယ်လိုကျင့်ကျင့် ပဋိပတ်မည်၏ ဟု မဆိုကောင်းပါ။ မြတ်ဗုဒ္ဓသည် တရားဦးဓမ္မစကြာဒေသနာတော်၌ပင် 'အကျင့်'ဟူသော အမည်ဖြင့် ခေါ်ဆိုရပေမည့် ဟီန၊ ဂမ္မ၊ ပေါထုဇ္ဇနိက-စသည်ဖြင့် ရှုတ်ချကာ ပယ်မြစ်ထားသည် မဟုတ်လော။ ၎င်းအကျင့်များကား-

၁။ ကာမသုခလ္လိကာနုယောဂ=လိုချင်စရာ၊ နှစ်သက်စရာ၊ ငါးပြာအာရုံ ကာမဂုဏ်နှင့် ထိုအာရုံတို့၏တည်ရာ မိန်းမ၊ ယောကျ်ားစသော ဝတ္ထုတွေကို နှစ်သက်သာယာပြီးခံစားသောအကျင့်။

၂။ အတ္တကိလမထာနုယောဂ=မိမိကိုယ်ကို ပင်ပန်းအောင်ပြုလုပ်သောအကျင့်

ဤအကျင့်နှစ်မျိုးလုံးသည်ပင် အနရိယ= အရိယာသူတော်သူမြတ်တို့၏ အကျင့် မဟုတ်၊

အနတ္ထသံဟိတ=မိမိတို့လိုလားအပ်သည့် သီလ၊ သမာဓိ၊ ပညာအစရှိသော လောကုတ္တရာအကျိုးနှင့်လည်း မစပ်ဆိုင်၊ လောကီအကျိုးစီးပွါးနှင့်လည်း မစပ်ဆိုင်သော အကျိုးမဲ့ကို ဖြစ်စေတတ်သော အကျင့်များဖြစ်သည်။ ထို့ကြောင့် - အကျင့်ဆိုလျှင် ပြီးစတမ်း၊ ဘယ်အကျင့်ကိုပဲ ကျင့်ကျင့်၊ ကျင့်လျှင် ပဋိပတ်-ဟု မဆိုရ။ သီလ၊ သမာဓိ၊ ပညာစသော အကျိုးစီးပွါးနှင့်စပ်ဆိုင်သော အကျင့်မြတ်တို့ကိုသာ ပဋိပတ်-ဟု ဆိုရပေသည်။ထို့ကြောင့်-

ဓမ္မာနုဓမ္မပ္ပဋိပတ္တိတိ လောကုတ္တရဓမ္မဿ အနုဘူတာယ ပုဗ္ဗဘာဂပဋိပတ္တိယာ ပဋိပန္နံ။

(ဒီ၊ ၃၊ ၄၊ ၂၀၃)

ပုဗ္ဗဘာဂပဋိပတ္တိယာတိ ဝိပဿနာနုယောဂဿ၊ (ဒီ၊ ၃၊ ဋီ၊ ၂၃၆)

ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ နဝန္နံ လောကုတ္တရဓမ္မာနံ ပုဗ္ဗဘာဂပဋိပဒံ ပဋိပန္နော။

(အံ၊ ၃၊ ၄၊ ၁၈၄)

ဓမ္မဿ ဟောတိ အနုဓမ္မစာရီတိ အတ္ထမညာယ ဓမ္မမညာယ နဝလောကုတ္တရဓမ္မဿ အနုရူပံ ဓမ္မံ ပုဗ္ဗဘာဂပဋိပဒါသင်္ခါတံ စတုပါရိသုဒ္ဓိသီလဓုတင်္ဂအသုဘကမ္မဋ္ဌာနာဒိဘေဒံ စရန္တော အနုဓမ္မစာရီ ဟောတိ။ (ဓမ္မ၊၄၊၁။ ၁၀၂) ဟူ၍ ဖွင့်ဆိုတော်မူကြခြင်း ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် လောကုတ္တရာတရားတို့အား လျော်သော (မဂ်ဖိုလ်တို့၏ရှေ့အဖို့၌ဖြစ်သော) ပုဗ္ဗဘာဂပဋိပဒါ ဖြစ်သည့် သီလ၊သမာဓိ၊ပညာ အကျင့်မြတ်တို့ကိုသာ ပဋိပတ်ဟု မှချဆတ်ဆတ် ခေါ်ဆိုအပ်ပေသည်။

ပဋိဝေဓတရားနှင့် စပ်လျဉ်း၍လည်း 'ပဋိဝေဓောတိ သစ္စပဋိဝေဓော' ဟု ဖွင့်ပြထားသည့်အတိုင်း သစ္စာလေးပါးတို့ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ခြင်း ဖြစ်သည်။ ဤနေရာ၌ 'အသိ'ဟူသည် 'အနုဗောဓ အသိ' နှင့် 'ပဋိဝေဓအသိ' ဟူ၍ နှစ်မျိုးရှိ၏။

အနုဗောဓော ပုဗ္ဗဘာဂိယံ ဉာဏံ၊ ပဋိဝေဓော မဂ္ဂဉာဏေန အဘိသမယော။ တတ္ထ ယသ္မာ အနုဗောဓပုဗ္ဗကော ပဋိဝေဓော အနုဗောဓေန ဝိနာ န ဟောတိ၊ အနုဗောဓောပိ ဧကစ္စော ပဋိဝေဓေန သမ္ဗန္ဓော။ (ဒီ၊ ၂၊ ဋီ၊ ၁၄၀)

http://www.dhammadownload.com



အကျဉ်းချုပ်အားဖြင့်-လောကီဝိပဿနာဉာဏ်ဖြင့် သိခြင်းသည် **အနုဗောဓအသိ၊** လျော် ကန်စွာ သိခြင်းတည်း။ မဂ်ဉာဏ်ဖြင့် ကိလေသာကို ဖြိုခွဲ ဖျက်ဆီး ဖေါက်ထွင်းပြီး **သိခြင်းသည်** ပဋိဝေဓ အသိတည်း။ ထိုထွင်း၍ သိခြင်းတည်း။

ယင်းသို့ သိရာ၌လည်း မဂ်ဉာဏ်သည် နိရောဓသစ္စာဖြစ်သော **နိဗ္ဗာန်အငြိမ်းဓာတ်ကို** မျက်မှောက် အာရုံပြု၍ သိရှိပေသည်။ အငြိမ်းဓာတ်နိဗ္ဗာန်ကို သိမြင်လိုက်ရသည့်**အတွက်** ဖြစ်လိုက်၊ ပျက်လိုက်ဖြင့် မငြိမ်းသည့် လောကီရုပ်နာမ် သင်္ခါရတွေကို (ဝါ) ဒုက္ခသစ္စာကို ပိုင်းခြား၍ **သိခြင်းကိစ္စပြီးသော** အနေအားဖြင့် သိ၏။ ဒုက္ခသစ္စာကို ဆင်ရဲဒုက္ခမှန်း သိနိုင်သည့်အတွက် ဆင်းရဲဒုက္ခဖြစ်သော ဒုက္ခသစ္စာ၌ နှစ်သက်သာယာမှုတဏှာတို့ကို မဂ်လေးပါးတို့ဖြင့် အဆင့်ဆင့်**ပယ်သောအားဖြင့်** သိခြင်းကိစ္စ ပြီး၏။ အရိယမဂ္ဂင်ရှစ်ပါးသည်ကား မိမိသန္တာန်၌ ဖြစ်ပေါ်သွားသည့်အတွက် ဖြစ်ပွါးစေသောအားဖြင့် သိခြင်းကိစ္စ **ပြီးစီးသွား၏။** ဤသို့-နိရောဓသစ္စာကို မျက်မှောက်ပြု၍ သိခြင်း၊ ကျန်သည့် ဒုက္ခ၊ သမုဒယ၊ မဂ္ဂသစ္စာတို့၏ ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ ဘာဝနာကိစ္စ ပြီးခြင်းအားဖြင့် သိခြင်းကို **'ပဋိဝေဓောတိ သစ္စပဋိဝေဓော'**-အရ သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်သိခြင်းသည် ပဋိဝေဓမည်၏-ဟု ဆိုရပေသည်။

အရှင်ဉာဏိန္ဒာလင်္ကာရသည် ဤသို့ အဆင့်မြင့်ဆုံးဖြစ်သော သိခြင်းများကိုပင် ကချော် ကချွတ် မလေးမစား **'အဲသည်ကို အရောက်သွားတတ်တာဟာ ပဋိဝေဓပဲ'ဟု ရေးလည်း ရေးပါ၏။** သူ၏ ရေးသားချက်သည် ဓမ္မကို မလေးစားသည့်သဘော ကဲ့ရဲ့သည့်သဘောလည်း ဆောင်နေရုံမျှ မက သဘောအဓိပ္ပါယ်များလည်း မှားယွင်းနေပေသည်။

ထို့ကြောင့်- အရှင်ဉာဏိန္ဒာလင်္ကာရ၏ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓနှင့် စပ်လျဉ်းသည့် အဓိပ္ပါယ်များသည် အဓမ္မဝါဒများသာဖြစ်သည် ဟု သုံးသပ်တော်မူကြပေသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ အမှတ်(၄၁)စောဒနာပါ အရှင်ဉာဏိန္ဒာလင်္ကာရ၏ ဟောပြောရေးသားချက်တို့သည် အဋ္ဌကထာအဖွင့်တို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြောရေးသားချက်တို့ကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---------------------

http://www.dhammadownload.com


## အမှတ်(၄၂)စောဒနာလွှာ၌ စိစစ်ဆုံးဖြတ်ချက်

သဒ္ဓမ္မသုံးဖြာသာသနာ၊ (၃၆)၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြောရေးသားသော-

"ဗုဒ္ဓဘာသာလောကမှာ တရားအားထုတ်ကြမည့်သူတွေနဲ့ တရားအားထုတ်ကြသူတွေရော အများအပြား ရှိနေကြတယ်။ ကိုယ်တိုင် ဝိနယကို အပြည့်ကျင့်နေသူတွေလဲ အများအပြား ရှိနေတယ်နော်။ တရားအားထုတ် ပြီးကြပြီဆိုသူတွေရော တရားပြရာစခန်းတွေရော အများအပြားပဲ ရှိနေတယ်။ သည်သာသနာမှာ ပရိယတ္တိစာသင်တိုက်ဆိုပြီး ဘုရားဟောထားခဲ့တာတွေနဲ့ အဋ္ဌကထာဋီကာ ဆိုတာတွေကိုရော အဲဒါတွေကို နားလည်နိုင်ဖို့ဆိုပြီး သဒ္ဒါ အလင်္ကာဆိုတာတွေကိုပါ သင်ကြားပေးနေသူနဲ့ သင်ကြားဆည်းပူးနေသူတွေလဲ အများအပြားပဲ ရှိနေတယ်။

အဲဒါတွေကို သာသနာ့လုပ်ငန်းဆိုပြီး လုပ်နေကြတာပဲဘုရား။ အဲဒါတွေက သာသနာ့လုပ်ငန်း မဟုတ်ဘူးလား။? အင်း အဲဒါတွေကတော့ သာသနာ့လုပ်ငန်း မဟုတ်ကြဘူးဗျ"ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာ၊ (၃၆) ဟောပြောရေးသားချက်သည် ပရိယတ္တိပို့ချသင်ယူမှုကို စော်ကားခြင်းဖြစ်၍ ဗုဒ္ဓ တရားတော်နှင့် ဆန့်ကျင်နေသောကြောင့် ယင်းဟောပြောရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

## စောဒကို၏ သဘောထား

အရှင်ဉာဏိန္ဒာလင်္ကာရ၏ အထက်ပါ ဟောပြောရေးသားချက်တို့သည် ပရိယတ္တိဝန်ဆောင် တို့အား ကဲ့ရဲ့ရှုတ်ချထားသော ဟောပြောရေးသားချက်များဖြစ်ကြောင်း ထင်ရှားလှပါသည်ဘုရား။ ဓမ္မပဒအဋ္ဌကထာလာ စက္ခုပါလဝတ္ထု (စာ၊ ၅)၌-

"ဘန္တေ ဣမသ္မိံ သာသနေ ကတိ ဓုရာနီတိ။ ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခူတိ။ ကတမံ ပန ဘန္တေ ဂန္ထဓုရံ ကတမံ ဝိပဿနာဓုရန္တိ။ အတ္တနော ပညာနုရူပေန ဧကံ ဝါ ဒွေ ဝါ နိကာယေ သကလံ ဝါ ပန တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တဿ ဓာရဏံ ကထနံ ဝါစနန္တိ။ ဣဒံ ဂန္ထဓုရံ နာမ။

အရှင်ဘုရား တပည့်တော်တို့ သာသနာတော်၌ ဆောင်ရွက်ဖွယ်ရာ ဓုရတို့သည် အဘယ်မျှ ရှိပါသနည်းဟု မေးပါ၏။ ထိုအခါ မြတ်စွာဘုရားက ငါ၏သာသနာတော်၌ ရဟန်းတို့ဆောင်ရွက်ဖွယ်ရာ ဓုရတို့သည် ဂန္ထဓုရ ဝိပဿနာဓုရဟူ၍ နှစ်မျိုးရှိ၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား ဂန္ထဓုရဟူသည်ကား အဘယ်နည်း၊ ဝိပဿနာဓုရ ဟူသည်ကား အဘယ်နည်းဟု တစ်ဖန်မေးလျှောက်သော် မြတ်စွာဘုရားက ချစ်သားရဟန်း ဂန္ထဓုရ မည်သည်ကား မိမိပညာအားလျှောက်ပတ်စွာ တစ်ခုသော နှစ်ခုသော နိကာယ်ဟု ဆိုအပ်သော ဘုရားစကားတော်ကို လည်းကောင်း၊ စွမ်းနိုင်လျှင် အလုံးစုံသော ပိဋကတ်သုံးပုံ ဟုဆိုအပ်သော ဘုရားစကားတော်ကိုလည်းကောင်း သင်အံလေ့ကျက်ဆောင်ရွက်ပို့ချမှု ပြုခြင်းပေတည်းဟု မိန့်တော်မူ၏"။

တစ်ဖန် သမ္မောဟဝိနောဒနီအဋ္ဌကထာ(စာ၊ ၄၅၇)၌လည်း-

"ပရိယတ္တိကို သင်ယူခြင်းဖြင့် ဒုက္ခမှ မလွတ်နိုင်၍ ငါတို့ကတော့ မသင်ယူဟု ပြောဆိုသူမှာ သာသနာတော်ကို စော်ကားသူဖြစ်ကြောင်း၊ အတုမရှိသော သူခိုးကြီး ဖြစ်ကြောင်း" မိန့်ဆိုထားပါသည်ဘုရား။

http://www.dhammadownload.com


**ဒုပ္ပဉ္ဉော ဝိ ဉပဒ္ဒာကာနံ မဇ္ဈေ နိသိန္နော 'မဇ္ဈိမနိကာယေ မေ ပဉ္စတ္ထယံ ဩလောကေန္တဿ သဟိဒ္ဓိယာ၀ မဂ္ဂေါ အာဂတော၊ ပရိယတ္တိ နာမ အမှာကံ န ဒုက္ကရာ၊ ပရိယတ္တိ၀ါ၀န္နော ပန ဒုက္ခတော န မုစ္စတီတိ ပရိယတ္တိ ဝိဿဇ္ဇယိမှာ' တိအာဒိနိ ဝဒန္တော အတ္တနော မဟာပညတံ ဒီပေတိ၊ ဝဝံ ဝဒန္တော ပနဿ သာသနေ ပဟာရံ ဒေတိ၊ တသ္မိံနာ သဒိသော မဟာစောရော နာမ နတ္ထိ၊ န ဟိ ပရိယတ္တိစရော ဒုက္ခတော န မုစ္စတီတိ၊**

ဝိဘင်္ဂ၊၄၊၄၅၇၊

သို့ဖြစ်၍ အရှင်ဉာဏိန္ဒာလင်္ကာရအား ဤအဋ္ဌကထာစကားအရ သုံးသပ်ရလျှင် သာသနာတော်ကို စော်ကားသူဖြစ်ကြောင်း အတူမရှိသော သူခိုးကြီးဖြစ်ကြောင်း စောဒကတို့က တင်ပြထားသည်။

## ဝိနည်းခိုရ်ဆရာတော်များသုံးသပ်ချက်

စောဒကဆရာတော်များသည် (သဒ္ဓမ္မသုံးဖြာသာသနာ စာအုပ်၊ စာ-၃၆) လာ အရှင် ဉာဏိန္ဒာလင်္ကာရ၏ ရေးသားချက်တို့ကို ပမာနဋ္ဌပနာပြု၍ ပရိယတ္တိပို့ချသင်ယူမှုကို စော်ကားခြင်းနှင့် စပ်လျဉ်း၍ စောဒနာဖွင့်သွင်းကြပေသည်။

အရှင်ဉာဏိန္ဒာလင်္ကာရ၏ ရေးသားချက်နှင့် ဆက်စပ်၍ အရှင်ဉာဏိန္ဒာလင်္ကာရကို မေးစရာ ဖြစ်လာသည်။ သာသနာ့လုပ်ငန်း ဆိုတာတွေဟာ ဘာတွေပါလဲ ?။ စု-စော နှစ်ဖက်မှ ငွေတောင်း၍ စောဒနာ သောဓနာ ရေးပေးသည့် အလုပ်ကိုသာ သာသနာ့လုပ်ငန်းဟု ဆိုလိုသလား?၊ သို့မဟုတ် ရဟန်းဘ၀နှင့် မအပ်မရာ စီးပွါးရေးလုပ်ငန်းများဖြင့် ငွေကြေးပေါ်များအောင် ဆောင်ရွက်ခြင်းကို သာသနာ့လုပ်ငန်း ဟု ဆိုချင်သလား?၊အစိုးရဥပဒေများနှင့် ငြိစွန်းနိုင်သော စီးပွါးရေး၊ နိုင်ငံရေး အလုပ်များကို သာသနာ့လုပ်ငန်း ဟု ဆိုလိုချင်လေသလား?၊ ဤသို့ ဤသို့ လားပေါင်းများစွာဖြင့် မေးသင့်သည်မှာ အမှန်ပင်ဖြစ်ပေသည်။

ထို့ကြောင့်ပင်- စောဒကဆရာတော်များက သာသနာ့လုပ်ငန်း တာဝန်နှစ်ရပ်ကို ထုတ်နှုတ် ဖေါ်ပြကာ စောဒနာကြခြင်း ဖြစ်သည်။

စောဒကဆရာတော်များ၏ စောဒနာလွှာသည် ကျမ်းဂန်နှင့်အညီ မှန်ကန်စွာ စောဒနာထားခြင်း ဖြစ်သည် ဟု သုံးသပ်တော်မူကြသည်။

ဤစုရနှစ်ပါးနှင့်စပ်လျဉ်း၍ ဇာတ်၀တ္ထုများတွင် အခါအားလျော်စွာ တွေ့ မြင်နိုင်သည်ဖြစ်၍ ထပ်မံညွှန်းဆိုခြင်း မပြုတော့ပါ။ သို့သော်-စောဒကဆရာတော်များ ချန်ထားခဲ့သော ဝိပဿနာစုရကိုကား ဖေါ် ပြဦးအံ့-

သလ္လဟုကဝုတ္တိနော ပန ပန္တသေနာသနာဘိရတဿ အတ္တဘာဝေ ခယဝယံ ပဋ္ဌပေတွာ သာတစ္စကိရိယဝသေန ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တဂ္ဂဟဏန္တိ ဣဒံ ဝိပဿနာဓုရံ နာမ။ (ဓမ္မပဒ၊ ၄၊ ၁၊ ၅)

(မြန်မာပြန်) ပေါ့ပါးသောအသက်မွေးခြင်းရှိလျက် အစွန်အဖျားကျသော ကျောင်း၌ ကိန်းအောင်း မွေ့လျော်သော ရဟန်း၏ ခန္ဓာကိုယ်အတ္တဘော၌ ကုန်ခြင်း ပျက်ခြင်းကို (ခယဝယကမ္မဋ္ဌာန်းကို) ဖြစ်စေ၍ အမြဲပြုလုပ်အားထုတ်ခြင်း၏ အစွမ်းဖြင့် ဝိပဿနာကို ပွါးများ၍ အရဟတ္တဖိုလ်ကို ရယူခြင်းသည် ဝိပဿနာဓုရမည်၏။

ဤကား ဝိပဿနာဓုရဖြစ်ပေသည်။

http://www.dhammadownload.com


'ခုရ-တာဝန်ဆိုသည်မှာ' မုချဆတ်ဆတ် ဆောင်ရွက်အပ်သော အလုပ်ကိုဆိုခြင်း ဖြစ်သည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းမှန်လျှင် ဤတာဝန်နှစ်ရပ်ကို မလွဲမသွေ အားထုတ်အပ်၏။ အားမထုတ်ဘဲ မနေရ ဟု ဆိုလိုသည်။ ဘုရားရှင်သည် မိမိတပည့်သာဝကတို့ကို ဤတာဝန်နှစ်ရပ် မပြတ်ဆောင်ရွက်ရန် မိန့်မှာ ညွှန်ကြားတော်မူခဲ့လေသည်။ အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ်လာ သဒ္ဓမ္မသမ္မောသသုတ်တော် (ပ၊ ဒု၊ တ)သုံးသုတ်ပင် ဟောတော်မူသည်။ ထိုသုတ်တို့တွင် ပဌမသုတ်တော်၌ -

၁။ ရိုသေစွာ တရားတော်ကို နာယူခြင်း၊

၂။ ရိုသေစွာ တရားတော်ကို သင်ယူခြင်း၊

၃။ ရိုသေစွာ တရားတော်ကို နှုတ်တက်ဆောင်ထားခြင်း၊

၄။ ရိုသေစွာ ဆောင်ထားအပ်သောတရားတို့၏ အနက်အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင်ခြင်း၊

၅။ ရိုသေစွာ အနက်ပါဠိသိမြင်၍ လောကုတ္တရာတရားအားလျော်သော သီလ၊ သမထ၊ ဝိပဿနာအကျင့်ကို ကျင့်ခြင်း။

ဤတရားငါးမျိုးကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အားမထုတ်ကြလျှင် သာသနာတော် ကွယ်ပျောက်သွားနိုင်ပြီး အားထုတ်ခြင်းပြုကြပါလျှင် သာသနာတော် မကွယ်မပျောက် တည်တံ့ နိုင်ကြောင်း ဟောတော်မူခဲ့ပါသည်။

ဤသုတ်တော်၌ တရားတော်ကို သရုပ်ထုတ်ဆိုမဟောဘဲ ဓမ္မဟူ၍သာ ဟောတော်မူပြီး ပဌမအင်္ဂါလေးပါးဖြင့် ဂန္ထဓုရကိုပြ၍ နောက်ဆုံးအင်္ဂါတစ်ပါးဖြင့် ဝိပဿနာဓုရကို ပြတော်မူခဲ့ပါပေသည်။

ဒုတိယသုတ်တော်၌ကား -သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ - ဟူသော ပရိယတ်တရားတော်ကို-

၁။သင်ယူကြခြင်း၊ ၂။ အကျယ်ဟောပြောခြင်း၊ ၃။ အကျယ်ပို့ချခြင်း၊ ၄။ အကျယ်ရွတ်အံ သရဇ္ဈာယ်ခြင်း၊ ၅။အကျယ်အထပ်ထပ် ကြံစည်သုံးသပ် ရှုဆင်ခြင်ခြင်း။

ဤတရားငါးမျိုးကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အားထုတ်ခြင်း မပြုကြလျှင် သာသနာတော် ကွယ်ပျောက်နိုင်ပြီး၊ အားထုတ်ခြင်းပြုကြပါလျှင် သာသနာတော်မကွယ်မပျောက် တည်တံ့နိုင်ကြောင်း ဟောတော်မူခဲ့ပါသည်။ ဤဒုတိယသုတ်တော်၌ ဓမ္မကို သုတ္တ၊ ဂေယျ-စသည်ဖြင့် အင်္ဂါကိုးပါး၏ အစွမ်းဖြင့် ပရိယတ္တိဓမ္မကို ဖော်ပြ၍ အင်္ဂါရပ်ငါးပါးလုံးတို့ဖြင့် ဂန္ထဓုရ သာသနတာဝန်ကို ပြဆိုထားကြောင်း သိရှိနိုင်ပေသည်။

တတိယသုတ်တော်၌-

၁။ဒုဂ္ဂဟိတပါဠိတော်ကို ဒုန္နိက္ခိတ္တ ပါဠိပုဒ်တို့ဖြင့် နှုတ်တက်၊ ဆောင်ထား၊ ဟောကြားပို့ချခြင်း၊

၂။ အပြောအဆိုခက်၍ အဆုံးအမကို ရိုသေစွာ မနာယူခြင်း၊

၃။ ဗဟုဿုတရှိသော ရဟန်းတို့က ဂရုစိုက်၍ မပို့ချကြခြင်းကြောင့် ပါဠိတော်၏ ဆိန္နမူလကဖြစ်ခြင်း၊

၄။ ပစ္စည်းလေးပါး များပြားစွာခံယူ၍ ဈာန်ဝိပဿနာ၊ မဂ်ဖိုလ်ရအောင် အားမထုတ်ခြင်း၊

၅။ သံဃာသင်းကွဲခြင်း။

ဤတရားငါးမျိုး သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ ပြုကျင့်အားထုတ်နေကြလျှင် သာသနာတော် ကွယ်ပျောက်သွားနိုင်ပြီး၊ ပြုကျင့်အားထုတ်ခြင်း မရှိကြပါက သာသနာတော် မကွယ်မပျောက် တည်တံ့နိုင်ကြောင်း ဟောတော်မူပါသည်။

http://www.dhammadownload.com


ဤသုတ်တော်၌ အမှတ်(၁၊ ၃)အင်္ဂါရပ်တို့ဖြင့် ဂန္ထဓုရကို ပြဆိုပြီး ကျန်အင်္ဂါရပ်တို့ဖြင့် ဝိပဿနာဓုရကို(အလျော်အားဖြင့်)ပြသည်-ဟု သိနိုင်ပေသည်။

ထို့ကြောင့်-ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်မျိုးလုံးသည် သာသနာတော်အရှည်ခန့်၍ တည်တံ့ ပြန့်ပွါးရေးအတွက် မုချဆတ်ဆတ် ဆောင်ရွက်အပ်သော လုပ်ငန်းများဖြစ်ပေသည်။

ထိုဓုရနှစ်ပါးတို့တွင်လည်း

'ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ၊ ပဋိပတ္တိယာ အန္တရဟိတာယ အဓိဂမော အန္တရဓာယတိ။ ကိံ ကာရဏာ ? အယံ ဟိ ပရိယတ္တိ ပဋိပတ္တိယာ ပစ္စယော ဟောတိ၊ ပဋိပတ္တိ အဓိဂမဿ။ ဣတိ ပဋိပတ္တိတောပိ ပရိယတ္တိမေဝ ပမာဏံ။

(သံ၊ ၂၊ ၄၊ ၁၈၇)

(မြန်မာပြန်) မှန်၏၊ ပရိယတ္တိကွယ်ပသည်ရှိသော် ပဋိပတ်ကွယ်ပ၏။ ပဋိပတ်ကွယ်ပသည်ရှိသော် အဓိဂမသည် ကွယ်ပ၏။ အဘယ့်ကြောင့်နည်း ? ဤပရိယတ္တိသည် ပဋိပတ်၏ အကြောင်းဖြစ်၏။ ပဋိပတ်သည် အဓိဂမ၏အကြောင်းဖြစ်၏။ ထို့ကြောင့်တည်း။ ဤသို့လျှင် ပဋိပတ်ထက်လည်း ပရိယတ္တိသည်သာလျှင် လိုရင်းပဓာန ပမာဏဖြစ်သည်။

ဤအဖွင့်စကားအရ ဂန္ထဓုရသည် သာသနာတော်၏ အရင်းမူလ ပဓာနကျပေသည်။

ထို့ကြောင့်ပင်လျှင် မြတ်ဗုဒ္ဓ၏သာသနာတော်ကြီးကို နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သည့် ယနေ့ကာလ တိုင်အောင် ပထမသင်္ဂါယနာခေတ်မှ စ၍ ဂန္ထဓုရပရိယတ္တိဝန်ဆောင် ဆရာတပည့် အဆက်ဆက်တို့သည် မပျောက်မပျက်ကြရအောင် သယ်ဆောင်တော်မူလာနိုင်ကြခြင်းဖြစ်ပေသည်။

သုတ္တန်ဆောင် အဘိဓမ္မာဆောင် ဝိနည်းဆောင်ပုဂ္ဂိုလ်တို့သည် တန္တိပဝေဏိဃဋနကာ-ပါဠိတော်အစဉ်ကို အစေ့အစပ်ပြုကြသူများ။ သာသနဇောတကာ- သာသနာ့အရောင်ကို ထွန်းပြောင်စေကြသူများဖြစ်ကြ၍ ပရိယတ္တိလုပ်ငန်းသည် သာသနာတော်၏ အခြေခံအကျဆုံးဖြစ်သော သာသနာ့လုပ်ငန်းကြီးဖြစ်ပါလျက် အမှတ်(၄၂)စောဒနာ၏ ပဓာနဥပနာ၌ ပါဝင်သော ဖျက်ဆီးလိုသော ဆန္ဒဆိုးများဖြင့် ပရိယတ္တိကို စော်ကားပုတ်ခတ် ရေးသားအပ်သော အရှင်ဉာဏိန္ဒာလင်္ကာရ၏ စကားရပ်များသည် အဓမ္မဝါဒတွေသာ ဖြစ်ကြောင်း ဝိနည်းခိုရ်ဆရာတော်များက သုံးသပ်တော် မူကြသည်။

**ယေ ပန သုတ္တန္တိကာ ဝါ အာဘိဓမ္မိကာ ဝါ ဝိနယဓရာ ဝါ ဘိက္ခူ ဘိက္ခုစာရေ အသမ္ပဇ္ဇမာနေ ပါဠိံ ဝါစေန္တာ အဋ္ဌကထံ ကထေန္တာ အနုမောဒနာယ ဓမ္မကထာယ တ္တရိယာပထသမ္ပတ္တိယာ စ လောကံ ပသာဒေန္တာ ဧနပဒစာရိကံ စရန္တိ သတ္တတာ ဂရုကတာ မာနိတာ ပူဇိတာ အပစိတာ, တေ "တန္တိပဝေဏိဃဋနကာ သာသနဇောတကာ"တိ ဝေဒိတဗ္ဗာ။ ဝိ၊၄၊၂။၇၅။**

http://www.dhammadownload.com


ရှင်သာမဏေများ အာဂုံရရှိနေသည့် ရှင်ကျင့်ဝတ်၌ပါသော အထက်ပါဂါထာတို့အရ ကြည့်ရှုသုံးသပ်လျှင် ဝိနည်းသီလသည် ပရိယတ်သာသနာ ပဋိပတ်သာသနာ (၂)ခုစလုံး၌ပင် အကျုံးဝင်ပါသည်။

ဖော်ပြပါအဋ္ဌကထာတို့အရပင် ဝိနည်းသီလက အရဟတ္တဖိုလ်အကျိုးတို့ကို ဖြစ်စေကြောင်း (ဝါ) နိဗ္ဗာန်ရောက်စေကြောင်း သိရပါသည်။ ထို့ကြောင့် ဝိနည်းသီလသည် ပဋိဝေဓသာသနာနှင့်လည်း တိုက်ရိုက်ပင် အကြောင်းအကျိုး ဆက်စပ် နေပါသည်။

"ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ ဟောတိ။

(ဒီ၊ ဋ္ဌ၊ ၁၊ ၁၂။ ဝိ၊ ဋ္ဌ၊ ၁၊ ၁၁။ ထေရ၊ ဋ္ဌ၊ ၁၊ ၄၇၆။ အဘိ၊ ဋ္ဌ၊ ၂၊ ၄၁၃)

ဝိနည်းသီလသည် သာသနာတော် သုံးရပ်တို့၏အသက်၊ ဝိနည်းသီလတည်ရှိသော် သာသနာတော်သုံးရပ် တည်သည် မည်၏"ဟု ဖွင့်ဆိုထားသောကြောင့် အရှင်ဉာဏိန္ဒာလင်္ကာရ၏ ဟောပြောရေးသားချက်များသည် မှားပြီးရင်းမှား ဖြစ်နေကြပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

### "ဝိနည်းမိုရ်ဆရာတော်များ၏ သုံးသပ်ချက်"

စောဒကဆရာတော်များသည် အရှင်ဉာဏိန္ဒာလင်္ကာရ၏(သဒ္ဓမ္မသုံးဖြာသာသနာ စာအုပ်၊စာ-၄၀ စသည်) ပါ ရေးသားချက်ကို ပမာဏဥပနာပြု၍ ဝိနည်းသီလသည် သာသာနတော်သုံးရပ်လုံးနှင့် မဆိုင် ဟု ဟောပြောရေးသားထားခြင်းနှင့် စပ်လျဉ်း၍ စောဒနာတင်သွင်းကြပေသည်။

စောဒကဆရာတော်များသည် ပါဠိတော်၊ အဋ္ဌကထာ စကားရပ်များကို ကိုးကား၍ -

၁။ ဝိနည်းဟူသည် အာပတ်(၇)ပါး၊ မသင့်ရောက်ခြင်း၊ မသင့်ရောက်အောင် ကျင့်ခြင်း ဖြစ်သည် ဟု လည်းကောင်း။

(တစ်နည်း) အနာဂါရိက(ရဟန်း)ဝိနည်းဟူသည် စတုပါရိသုဒ္ဓိသီလဖြစ်သည် ဟူ၍ လည်းကောင်း။

၂။ ၎င်းဝိနည်း၌တည်၍ ဝိဇ္ဇာသုံးပါးသို့လည်းကောင်း၊ အရဟတ္တဖိုလ်သို့လည်းကောင်း။ နိဗ္ဗာန်တိုင်သို့ လည်းကောင်း ရောက်ရှိနိုင်သော အကျိုးတို့ကိုလည်းကောင်း၊

၃။ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်၍ ဝိနည်းပျက်က သာသနာပျက်၏ ဟူ၍လည်းကောင်း၊ အချုပ်အားဖြင့် တင်ပြစောဒနာထားကြခြင်းဖြစ်သည်။

### "အသေးစိတ် ကောက်ချက်ချ သုံးသပ်ချက်"

အရှင်ဉာဏိန္ဒာလင်္ကာရ၏ စကားများကို ပြန်လည်၍ အသေးစိတ် ကောက်ချက်ချကြည့်ကြ ကုန်အံ့။ သူ၏ ဆိုလိုချက်များကား -

၁။ ဝိနည်းကို ကျင့်ခြင်းသည် ဘုန်းကြီးအဖြစ်က အလျှော့ထိ မခံရအောင်သာ ကျင့်ရခြင်း ဖြစ်သည်။ ( အခြား ဘာ အကျိုးမျှ မရှိ ဟု ဆိုလိုခြင်းဖြစ်၏။)

၂။ ဝိနည်းမပညတ်ခင်က ချိုးဖေါက်သူတွေမှာ တရားရသူ အများအပြား ရှိနေသည့် အတွက် ဝိနည်းကျင့်မှ တရားရတယ် ဆိုတာ အဓိပ္ပါယ်မရှိနိုင်-ဟု ဆိုလိုလိုက်ခြင်းဖြစ်သည်။

၃။ သီလဟူသည် ကျောက်တိုင် ကျောက်တောင်-ဟု အဓိပ္ပါယ်ရှိရာ တရားရတဲ့သီလမှန်ရင် မယိုင် မလဲ မြဲမြံနေမှ သီလမည်၏။ (ပျက်လျှင် သီလမခေါ်ရ-ဟု ဆိုလိုခြင်းဖြစ်၏)

၄။ ဝိနည်းသီလ၏ အခန်းကဏ္ဍသည် ကျယ်လည်း မကျယ်၊ နက်လည်း မနက်။ (အကျဉ်းကလေး၊ အတိမ်ကလေး၊ (ဝါ) အသေးအမွှားလုပ်ငန်းမျှသာ ဟု ဆိုလို၏)

http://www.dhammadownload.com



၅။ မိမိကိုယ်၊ မိမိကျောင်း၊ မိမိဂိုဏ်း ဂုဏ်တင်ရုံသက်သက် **အတွက်သာ** ဝိနည်းလေးစား သူတွေ လုပ်နေကြ၏။ ဘုရားလက်ထက်မှာ ဒီလိုဝိနည်းနဲ့ ချီးမွမ်းခံရတဲ့ဘုန်း**ကြီး** ထူးထူးခြားခြား မရှိ-ဟု ဆိုလို၏။

၆။ ဝိနည်းသင်တာ ပရိယတ် မဟုတ်၊ ဝိနည်းကျင့်တာ **ပဋိပတ်** မဟုတ်၊ ဝိနည်းဆောင်တာ ပဋိဝေဓ မဟုတ်။ (ဝိနည်းသည် သာသနာသုံးရပ်နှင့် ဘာမျှ မဆိုင်-ဟု ပြောဆိုလိုက်ခြင်း ဖြစ်၏။)

အရှင်ဉာဏိန္ဒာလင်္ကာရ ၏ ရေးသားချက်ကို လေ့လာစိစစ်ကြည့်သောအခါ အထက်ပါအတိုင်း ဆိုလိုချက်များကို သိရှိရပေသည်။ အဆိုပါ သူ၏ဆိုလိုချက်တို့ကို အကျယ်သုံးသပ်ကြည့်ရန်လည်း လိုအပ်ပါလိမ့်မည်။ သူက -

၁။ ဝိနည်းကို ကျင့်ခြင်းသည် ဘုန်းကြီးအဖြစ်က အလျှော့ထိ မခံရအောင်သာ ကျင့်ရတာ။ အခြား ဘာမှ အကျိုးမရှိ-ဟု ဆိုလိုသည်ဖြစ်ရာ ဟုတ်သလိုလိုတော့ ရှိပေသား-ဟု ထင်စရာ ရှိပေသည်။

## ဝိနည်းလည်း ဓမ္မပါပဲ

ဝိနည်းတရားတော်**အာ**ရ ရဟန်းသံဃာဟူ၍ သမ္မုတိသံဃာ**စာရင်း**ဝင် ဖြစ်ရ၏။

အခြား ပကတတ်ရဟန်းကောင်းများနှင့် **ကေကမ္မ၊ ကေုဒ္ဒေသ၊ သမသိက္ခတာ** အခွင့်ရေးများ ရရှိသွား၏။ မိမိတို့ သီတင်းသုံးဖေါ် အချင်းချင်း ယထာဝုမ္ဗ ရှိခိုးပူဇော် **အလေးပြုခံယူထိုက်သွား၏။**

အခြားနတ်လူတို့၏ ကြည်ဖြူဦးခိုက် ပူဇော်ခံထိုက်သွား၏။ ဤသည်မှာ ဝိနည်းတော်က စွမ်းဆောင် မြှင့်တင်ပေးလိုက်ခြင်း ဖြစ်၏။ ယင်းသို့ ဝိနည်းတော်ကို လိုက်နာကျင့်ကြံ၍ ရဟန်းတော်ဘဝ၌ တင့်တယ်မွန်မြတ်စွာ ရပ်တည်နေသောပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌လည်း ရဟန်း (ဘုန်းကြီး) အဖြစ်တည်ရှိကာ မလျော မသက်သကဲ့သို့ ထိုဝိနည်းကပင် ထူးမြတ်သော လောကုတ္တရာ တရားသို့ ပို့ဆောင်ခြင်း၊ တမလွန်ဘဝ၌လည်း သုဂတိဘုံဘဝသို့ ပို့ဆောင်ပေးခြင်းအားဖြင့် ပစ္စုပ္ပန် တမလွန် နှစ်တန်လုံးမှာပင် အဆင့်မြင့်သူအဖြစ်ဖြင့် တင့်တင့်တယ်တယ် ရပ်တည်နိုင်ပေသည်။ ဤသည်ပင် ဝိနည်းဟူသော တရား(ဓမ္မ)က အောက်မကျအောင် ဆောင်ထားခြင်းဖြစ်၏။ (ဓာရေတီတိ ဓမ္မော။)

သမ္မုဒ္ဓိ စေတံ ဓမ္မော စေဝ ဝိနယော စ။ (ဒီ၊ဌ၊၁။၁၆။)

၂။ ဝိနည်းမပညတ်ခင်က ချီးဖေါက်သူတွေမှာ တရားရသူ အများအပြား ရှိနေသည့်အတွက် ဝိနည်းကျင့်မှ တရားရတယ်ဆိုတာ အဓိပ္ပါယ် မရှိ-ဟု ဆိုလိုပြန်ချေ၏။

ဤနေရာ၌ လောကဥပမာကိုပင် ကြည့်လျှင် သိနိုင်၏။ မိမိတို့သည် ပစ္စည်းဥစ္စာတို့ကို အမွေအနှစ် ပေးကြရာ၌ မိဘစကားကို နားထောင်သော သားသမီးကိုသာ ပေးရိုးဖြစ်၏။ နားမထောင်သော သားသမီးအား မပေးလို။ မပေးချင်ကြပေ။ ထို့အတူ-သုံးလောကထွတ်ထား မြတ်စွာဘုရားသည် အဖ ဘုရားဖြစ်ပြီး ရဟန်းသံဃာများကား သားတော်များပင် ဖြစ်ကြသည်။ အမွေအနှစ်ဟူသည်မှာ သီလ၊ သမာဓိ၊ ပညာ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားထူးများပင်ဖြစ်၏။ မြတ်ဗုဒ္ဓ၏ ပညတ်တော်တို့ကို ကျော်နင်းသော ရဟန်းသံဃာသည် မိဘစကား မလိုက်နာသူနှင့် တူ၏။ ထို့ကြောင့် ဓမ္မအမွေများ ရနိုင်ခွင့်မရှိ၊ ဝိနည်းပညတ်တော်ကို လိုက်နာသော ရဟန်းသံဃာများသည်သာ ဘဘုရား၏ စကားကို နာခံသူတွေဖြစ်၍ ဓမ္မအမွေခံယူထိုက်ကြပါပေ့သည်။

http://www.dhammadownload.com


## ဝိနည်းမပညတ်မီ ကျင့်သည်ဟူ၍လည်း မဆိုနိုင် လွန်ကျူးသည်ဟူ၍လည်း မဆိုထိုက်

သူက- ဒုတိယပါရာဇိကသိက္ခာပုဒ်လွန်ကျူးသူ ရှင်ဓနိယ ရဟန္တာဖြစ်သွားတာကို ရည်ညွှန်းပုံ ရ၏။ မှန်၏၊ ရ၏၊ သူသည် အဖဘုရားရှင် စကားကို (မပညတ်ခင်ဖြစ်၍) လွန်ကျူးနေခြင်း မရှိ။ထို့ကြောင့်- **ဓမ္မအမွေ ရသင့်သူသာဖြစ်၍ ရဟန္တာဖြစ်နိုင်ခြင်း ဖြစ်ပေသည်။**

သက်တော်ရှည် ရှေးဘုရားရှင်တို့ သာသနာမှာ သက်တော်ရှည် ဘုရားရှင် တို့၏ တပည့်ရဟန်းတို့မှာ အာသဝဋ္ဌာနိယတရားတွေ ကင်းဝေးတော်မူကြ၏။

ဝိနည်းသိက္ခာပုဒ် ပညတ်လောက်အောင် လွန်ကျူးမှု မရှိ။

မရှိသောကြောင့် သိက္ခာပုဒ် ပညတ်ရန် မလို။

သိက္ခာပုဒ် မပညတ်သောကြောင့် စောင့်ထိန်းစရာ မလို၊

ကျိုးပေါက်သည်ဟူသည်လည်း မရှိ။

ထိုရဟန်းတို့၏သန္တာန်၌ ဝိနည်းသိက္ခာတွေ အလိုအလျောက် ပြည့်စုံသည်။

ဤနေရာ၌ အရှင်ဥာဏ်ကို ပြောနိုင်ပေသေး၏။ သက်တော်ရှည် ရှေးဘုရားရှင်များသည် တပည့် သာဝကတို့အား ဝိနည်းပညတ်ချက်တွေ မပညတ်ခဲ့ဘူး မဟုတ်လား။ အဲဒီ ဝိနည်းပညတ် မရှိပါဘဲ ဘာ့ကြောင့် အာသဝေါ ကုန်ခမ်း ရဟန္တာတွေဖြစ်ကြသလဲ? ပြောပါဦးလေ။ တကယ်မှာ သက်တော်ရှည် ဘုရားရှင်တို့၏ တပည့်ရဟန်းတို့မှာ အာသဝဋ္ဌာနိယတရားတွေ ကင်းဝေးတော်မူကြ၏။ ထို့ကြောင့်- **ထိုရဟန်းတို့၏ သန္တာန်၌ ဝိနည်းသိက္ခာတွေ အလိုအလျောက် ပြည့်စုံ နေတော်မူကြ၏။**

ထပ်မေးပါဦးမည်။ ဂေါတမဘုရားအတွက် အဘယ်မှာ ဝိနည်းရှိလို့လဲ။ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ် ရောက်သွားတာပဲ။ ဝိနည်း မလိုပါဘူးလို့။ တင်ပြခဲ့ပြီးသည့်အတိုင်း အနာဂါမ်တို့သည် ဥပုသ်ဆောက်တည်စရာ မလို၊ မဂ်ဖြင့်ပင် ဥပုသ်သည် ဖြစ်သကဲ့သို့ အလိုအလျောက် ဝိနည်းသီလများ ပြည့်စုံတော်မူပြီး ဖြစ်၏။ အခြားသော ကာယကံ၊ ဝစီကံလွန်ကျူးမှုကို ထားပါလေ။ ဒုက္ကရစရိယာကျင့်စဉ် အခိုက်မှာပင် အလောင်းတော်၏ သန္တာန်၌ မိစ္ဆာဝိတက် တစ်စက်ကလေးမှ မတွေ့လို့ အမြိတန်း ထောက်လှမ်းနေသည့် မာရ်နတ်ကြီး လက်လျှော့ခဲ့ရဘူးသည် မဟုတ်ပါလား။

## ဝိနည်းကို ပညတ်ပြီးလျှင်ကား ဝိနည်းကျင့်မှ တရားရမည်

ဝိနည်းပညတ်ပြီးလျှင်ကား မကျင့်လျှင် မစောင့်ထိန်းလျှင် လွန်ကျူးလျှင် လွန်ကျူးမှု အကုသိုလ် စေတနာ ပါလာမည်။ ယင်းကြောင့် လွန်ကျူးမှု ဖြစ်မည်။ လွန်ကျူး၍ ဒုသီလဖြစ်၊ ဖြစ်လျှင် ဝိနယကုက္ကုစ္စ ဝိပ္ပဋိသာရ ဖြစ်မည်။ ဖြစ်လျှင် အကျိုးဆက်ကား ဒုက္ခ ဒေါမနဿစသည်သာတည်း။

ဝိနည်းပညတ်ကို လိုက်နာ စောင့်ထိန်းသူအား မိမိ၏ သီလကို ဆင်ခြင်၍ အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏ် အစဉ်တက်၍ တရားထူးကို သိမြင်နိုင်သည်။

http://www.dhammadownload.com


## သီလပုဒ်နဲ့ ပတ်သက်သော မိုးပြာအယူအဆ

၃။ သီလ ဟူသည် ကျောက်တိုင်၊ ကျောက်တောင်-ဟု အဓိပ္ပါယ်ရှိရာ တရားရသူ၏ သီလမှန်ရင် မယိုင်မလဲ မြဲမတ်နေမှ သီလမည်၏-တဲ့။

ရှင်ဉာဏိန် ကတော့ လုပ်ချလိုက်ပြန်ပြီ၊ သူများ မကြံစည်တဲ့ သဒ္ဒါရေးကို ကြံလိုပြန်သည် ထင်၏။

'သီလာ ဝိယာတိ သီလံ'-ဟု ဝိဂ္ဂဟကြံကာ ကျောက်တိုင် ကျောက်တောင်နှင့် တူသောကြောင့် သီလ မည်၏။

'အင်း-ငါ့ရှင် သဘောသာ မဟုတ် သဒ္ဒါကိုပါ ဆန်းဆန်းကြယ်ကြယ် ကြံတတ်သူ'ဟု ချီးမွမ်းရမလို ဖြစ်ပေသည်။ (ဝိသုဒ္ဓိမဂ်၊ ပထမအုပ်၊ နှာ-၈)၌ကား အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

## ကျမ်းဂန်အလို သီလဟူသည်

'កេនដ្ឋេន' 

'ကေနဋ္ဌေန သီလန္တိ သီလနဋ္ဌေန သီလံ။ ကိမိဒံ သီလနံ နာမ၊ သမောဓာနံ ဝါ၊ ကာယကမ္မာဒီနံ သုသီလျဝသေန အဝိပ္ပကိဏ္ဏတာတိ အတ္ထော။ ဥပဓာရဏံ ဝါ၊ ကုသလာနံ ဓမ္မာနံ ပတိဋ္ဌာနဝသေန အာဓာရဘာဝေါတိ အတ္ထော။ ဧတဒေဝ ဟေတ္ထ အတ္ထဒွယံ သဒ္ဒလက္ခဏဝိဒူ အနုဇာနန္တိ။ အညေ ပန သိရဋ္ဌော သီလဋ္ဌော၊ သီတလဋ္ဌော သီလဋ္ဌောတိ ဧဝမာဒိနာပိ နယေနေတ္ထ အတ္ထံ ဝဏ္ဏယန္တိ။

(မြန်မာပြန်) အဘယ်အနက်သဘောကြောင့် သီလမည်သနည်း? ဟူသော မေးခွန်း၌ သီလန အနက်သဘောကြောင့် သီလမည်၏။ ဤသီလနအနက်မည်သည် အဘယ်နည်း ? -

(သမာဓာန)ကောင်းစွာထားခြင်းသည်မူလည်း (သီလနမည်၏)။ ကိုယ်အမှု နှုတ်အမှုတို့ကို ကောင်းသော သီလရှိသူဖြစ်ကြောင်း(သီလစောင့်မှု)အလိုအားဖြင့် ဖရိုဖရဲ မကြဲစေခြင်း(ပရမ်းပတာ မဖြစ်စေခြင်း)သည် (ကောင်းစွာထားခြင်းဟူသောပုဒ်၏) ဆိုလိုရင်းအနက်ဖြစ်သည်။

(ဥပဓာရဏ)လွန်စွာ ဆောင်ခြင်းသည်မူလည်း(သီလနမည်၏။) (သမာဓိ၊ ပညာ)ကုသိုလ်တရားတို့၏ အရင်းခံ တည်ရာအလိုအားဖြင့် တည်ရာ၏အဖြစ်သည် (လွန်စွာဆောင်ခြင်းဟူသောပုဒ်၏) ဆိုလိုရင်း အနက်ဖြစ်သည်။ ဤအနက်နှစ်ပါးကိုသာလျှင် ဤအရာ၌ သဒ္ဒလက္ခဏာကို သိတတ်သောပညာရှိတို့သည် အခွင့်ပြုလက်ခံကြကုန်၏။

အခြားတစ်ပါးသော ဆရာတို့သည်ကား(သိရ) ဦးခေါင်းဟူသော အနက်သည် သီလ၏ အနက်၊ (သီတလ)အေးမြခြင်းအနက်သည် သီလ၏အနက်'ဟူ၍ ဤသို့ အစရှိသောနည်းဖြင့်လည်း သီလ၏အနက်ကို ဖွင့်ဆိုကြကုန်သေး၏။

ဤသည်မှာ ဝိသုဒ္ဓိမဂ်လာ သီလ၏အဓိပ္ပါယ်ဖြစ်ပေသည်။

အရှင်ဉာဏိန္ဒာလင်္ကာရ ၏ ကျောက်တိုင် ကျောက်တောင်ဆိုတဲ့ အဓိပ္ပါယ်ကိုကား မတွေ့ရပါလေ။

## တရားရတဲ့ သီလဆိုတာ ဘာကို ဆိုလိုသလဲ?

ပြီးတော့- သူကပြောသေး၏။ 'တရားရတဲ့ သီလနဲ့' တဲ့။ တရားရဆိုတာ ဘာကို ဆိုလိုသလဲ၊ မဂ်ဖိုလ်တရားထူး ရတာကို ဆိုလိုသည် ဆိုပါလျှင် ထိုသီလမျိုးသည် ဘဝတစ်ပါး ရောက်သည့်တိုင် အောင် လိုက်ပါပြည့်စုံနိုင်သည်ဖြစ်ရာ မျက်မှောက်ဘဝ၌ ပျက်ဖို့ရာကား အကြောင်းမရှိတော့။ မည်သည့် အဖျက်ဆီးမျိုးနှင့်တွေ့တွေ့ လုံးဝပျက်စီးနိုင်ခြင်း မရှိတော့ပါ။

http://www.dhammadownload.com


## "နက်,ကျယ်လှစွာ ပါဝစနာ"

၄။ ဝိနည်းသီလ၏ အခန်းကဏ္ဍကား ကျယ်လည်း မကျယ်၊ နက်လည်း မနက်၊ (အကျဉ်းကလေး၊ အတိမ်ကလေး၊ ဝါ-အသေးအမွှား လုပ်ငန်းမျှသာ) ဟု ဆိုလိုပြန်သေး၏။

အို-ရှင်ဉာဏိန်၊ ငါ့ရှင်သည် ဤသို့ဆိုရအောင် သာဂရလေးမျိုးကို သင် မဖတ်ဖူး၊ မကြားဖူး လေရော့သလား။ လေ့လာရအောင် အညွှန်းမျှ ပြဆိုလိုက်ပါမည်။

အင်္ဂုတ္တရ အဋ္ဌကထာ(နှာ-၁၂)၌ ဆုံး,စ မမြင်နိုင်အောင် နက်နဲကျယ်ဝန်းသော အရာကား ပိဋကတ်သုံးပုံ ဘုရားစကားတော်ဖြစ်ကြောင်း၊ သဒ္ဓါသမ္ပန္န ပသာဒဗဟုလ ဉာဏုတ္တရကုလပုတ္တတို့သည် ဝိနည်းနှင့် အဘိဓမ္မာပါဠိတော်တို့ကို ဆင်ခြင်သောအခါ အနန္တပီတိသောမနဿဖြစ်ပုံကို ပြဆိုထား၏။

ဆိုလိုသည်မှာ ဇလသာဂရဖြစ်သော ရေပင်လယ်ကြီးသည် ဆုံး,စ မမြင်နိုင်အောင် ကျယ်ဝန်း၏၊ ထောက်၍ မမှီနိုင်လောက်အောင် နက်၏။ ထို့အတူ ပိဋကတ်သုံးပုံ ဘုရားစကားတော်၊ ဝိနည်းနှင့် အဘိဓမ္မာပါဠိတော်တို့သည်လည်း ကျယ်ဝန်း နက်နဲလှပေသည်။

ထို့ကြောင့်-အရှင်ဉာဏိန္ဒာလင်္ကာရ၏ 'ဒါကို သိတော့ ဝိနည်းသီလရဲ့ အခန်းကဏ္ဍက အကျယ်ကြီး အနက်ကြီး မဟုတ်ဘူး'လို့ ပြောစကားများသည် အဓမ္မဝါဒတွေသာ ဟုသုံးသပ်တော် မူကြသည်။

၅။ မိမိကိုယ်၊ ကျောင်း၊ ဂိုဏ်း ဂုဏ်တင်ရုံသက်သက် အတွက်သာ ဝိနည်းကို လေးစား လိုက်နာသူတွေ လုပ်နေကြ၏။ ဘုရားလက်ထက်မှာ ဒီလိုဝိနည်းနဲ့ ချီးမွမ်းခံရတဲ့ ဘုန်းကြီး ထူးထူးခြားခြား မရှိ-ဟု ဆိုလိုထားပြန်၏။

ဒါဖြင့်လျှင် -အရှင်ဥပါလိမထေရ်ကို ဝိနယဓရေတဒဂ် ဘာ့ကြောင့် ချီးမြှင့်တော်မူပါသနည်း?၊

ဝိနည်းအရာ ထူးခြားစွာ ကျွမ်းကျင်၍ သံဃာတော်ပိုလ်ပုံအလယ်တွင် ချီးကျူးမွှက်ကြား ပေးထားခြင်း မဟုတ်ပါလား။ ထိုနည်းတူ- ပဋာစာရာထေရီမကိုလည်း ဝိနယဓရေတဒဂ်ဖြင့် ချီးမြှင့်မြှောက်စား ထားသည်မှာလည်း အထင်အရှားပင် မဟုတ်ပါလား။

မြတ်ဗုဒ္ဓ၏ ပါဠိတော်များကို လေ့လာကြည့်ပါ။ မှုခင်းတစ်ခုပေါ် ပေါက်လာရာ၌အဆုံးအဖြတ် ခံရန်အတွက် မထေရ်များ၏ ဂုဏ်ရည်များကို ဖော်ပြရာ၌- ဗဟုဿုတ၊ အာဂတာဂမ၊ ဓမ္မဓရ၊ ဝိနယဓရ၊ မာတိကာဓရ၊ ပဏ္ဍိတ၊ ဝိယတ္တ၊ မေဓာဝီ၊ လဇ္ဇီ၊ ကုက္ကုစ္စက၊ သိက္ခာကာမ-ဟူသော ဂုဏ်ပုဒ်များဖြင့် ပြဆိုထားပါသည်။

ထို့အတူ- ဥဗ္ဗာဟိကာသမ္မုတိပေးရန်၊ ဘိက္ခုနောဝါဒကသမ္မုတိ ပေးရန် အင်္ဂါရပ်များကို ပြဆိုရာ၌-

'သီလဝါ ဟောတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု'

ဝိ။၂။၇၃။ဝိ၄။၂၂၃။

ဝိနည်းသီလဂုဏ်အင်္ဂါကို ပထမဆုံးထုတ်ပြထားတာကို တွေ့ မြင်နိုင်သည်။ ဒီအချက်တွေကို ထောက်ထား၍ ဘုရားလက်ထက်မှာ ဝိနည်းနဲ့ ချီးမွမ်းခံရတဲ့ဘုန်းကြီး မရှိ-ဟု မဆိုသင့်၊ မဆိုထိုက်ပေ။

ပြီးတော့-အရှင်ဉာဏိန္ဒာလင်္ကာရ က ဆိုသေး၏၊' ဝိနည်းလိုက်နာ လေးစားတယ်ဆိုတာဟာ မိမိကိုယ်၊ မိမိကျောင်း၊ မိမိဂိုဏ်း ဂုဏ်တင်ချင်လို့လေးစားပြနေကြတာ'-တဲ့။ ဆိုလည်း ဆိုရက်ပါပေ့။ ဝိနည်းကိုလေးစားတော်မူကြသော ဆရာတော်ကြီးတွေကို လေ့လာကြည့်ပါ၊ ဒီလိုရည်ရွယ်ချက်တွေနှင့် လေးစားတော်မူကြလေသလား-လို့။ မဟုတ်ပါ။ သဒ္ဓါသမ္ပန္နဖြစ်တော်မူကြသည်အားလျော်စွာ

http://www.dhammadownload.com


ဝိနည်းပညတ်တော်ကို လေးစားပူဇော် ကျင့်သုံးသောအားဖြင့် လေးစားတော်မူကြခြင်း ဖြစ်ပါသည်။ ထင်ပေါ်လို၊ ဂုဏ်တင်လို၍ ကျင့်သူဆိုတာဟာ မာယာ သာဌေယျသဘောဆောင်၏။

ဝိနည်းကိုလေးစားခြင်းသည် ထိုမာယာ သာဌေယျနှင့် မသက်ဆိုင်။ မိမိတို့ကျင့်အပ်သည့် ဝိနည်းသီလတော်မြတ်ကို ကောင်းမြတ်သော ကုသိုလ်စိတ်ထားဖြင့် လိုက်နာတော်မူကြခြင်းဖြစ်၍ အဖြူနှင့်အမဲကဲ့သို့ များစွာပင် ကွဲလွဲပါသည်။

ထို့ကြောင့် - အရှင်ဉာဏိန္ဒာလင်္ကာရ၏ ဖော်ပြပါ ရေးသားချက်များသည် အဓမ္မဝါဒများသာ ဖြစ်သည်-ဟု သုံးသပ်တော်မူကြပေသည်။

## "ဝိနည်းသင်တာ ပရိယတ္တိ ပါပဲ"

၆။ ဝိနည်းသင်တာ ပရိယတ်မဟုတ်။ ဝိနည်းကျင့်တာ ပဋိပတ် မဟုတ်။ ဝိနည်းဆောင် တာ ပဋိဝေဓ မဟုတ်။ (ဝိနည်းသည် သာသနာသုံးရပ်နှင့် ဘာမျှမဆိုင်-ဟုဆိုလိုခြင်းဖြစ်၏။) -ဟူ၍ ရေးသားထားပြန်သည်။

သူသည် ကိုယ့်စကားကို ကိုယ်ပြန်၍ မမှတ်မိ၊ စိတ်မှ ကောင်းပါလေစ-ဟု တွေးထင်စရာ ဖြစ်တော့သည်။

အမှတ်(၄၁)စောဒနာ၏ ပဓာနဌပနာစကားရပ်တွင် ' နေ့စဉ် ပြောဆို ပြုလုပ်နေကြ တာတွေ ထဲမှာလဲ ရှိတယ်။ လူတစ်ယောက်က စကားပြောတိုင်း အသိပေးတာချည်းပဲ ဖြစ်တယ်။ ဒါဟာ ပရိယတ်ပဲ' တဲ့။ သူပြောခဲ့တဲ့ စကား။

ယခု 'ဝိနည်းသင်တာ ပရိယတ် မဟုတ်ပြန်ဘူး'တဲ့။

ရှေ့မှာ ဒီအချက်နှင့်ပတ်သက်၍ သုံးသပ်တင်ပြခဲ့ပြီးပြီ။ သင်ယူမှု မှန်သမျှကို ပရိယတ် ဟု မခေါ်ရ။ မြတ်ဗုဒ္ဓ၏ ပါဠိစန သုံးပုံပိဋကကိုသင်ယူခြင်းမျိုးသာ ပရိယတ် ခေါ်ရကြောင်း တင်ပြခဲ့ပြီ။

ဤဝိနည်းသင်ခြင်းနှင့်စပ်၍ အနည်းငယ် သုံးသပ်တင်ပြလို၏။

အခါတပါး မြတ်စွာဘုရားသည် ရဟန်းတော်များအား ဝိနည်းနှင့်စပ်သောစကားကို မိန့်တော် မူ၏။ ဝိနည်း၏ ဂုဏ်ကျေးဇူး၊ ဝိနည်းသင်ယူခြင်း၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူ၏။ ရည်၍ ရည်၍လည်း အရှင်ဥပါလိ၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူ၏။ ထို့ကြောင့်-ရဟန်းတော်များသည် အရှင်ဥပါလိထံ ဝိနည်းသင်ယူကြမည်-ဟု အကြံရကြပြီး အရှင်ဥပါလိထံ ဝိနည်းကို သင်ယူကြလေသည်။ ထိုအခါ အရှင်ဥပါလိသည် မထေရ်ရဟန်းတို့အား လေးစားသောအားဖြင့် ရပ်လျက်သာ သင်ပြ၏။ ရဟန်းတော် များလည်း ဓမ္မဂါရဝဖြင့် ရပ်လျက်သာ သင်ယူကြလေသည်။ သို့အတွက်- ပင်ပန်းမှု ရှိကြသည်ဖြစ်ရာ မြတ်စွာဘုရားက 'သီတင်းငယ် ရဟန်းက သင်ပြလျှင် ညီမျှသော နေရာ၊ ဓမ္မဂါရဝအားဖြင့် မြင့်သော နေရာ၌ ထိုင်၍ သင်ပြနိုင်ကြောင်း၊ မထေရ်ကြီးက သင်ယူလျှင်ကား သင်ပြသူနှင့် ညီမျှသောနေရာ၊ ဓမ္မဂါရဝအားဖြင့် နိမ့်သောနေရာ၌ထိုင်၍ သင်ယူခွင့်ပြုကြောင်း' မိန့်တော်မူချက်ရှိပေသည်။(ဝိ၄။၃၁၉)

ထို့ပြင်-ဝိနည်းပရိယတ်၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်သည် သာသနာတော်၌ ရအပ်သော သဒ္ဓါတရားရှိကုန်သော အမျိုးကောင်းသားတို့၏ မိဘအရာ၌ တည်၏။

မှန်၏။ ထိုအမျိုးကောင်းသားတို့၏ ရှင်ရဟန်းအဖြစ် ဝတ္တာနုဝတ္တပဋိပတ္တိ၊ အာစာရဂေါစရ-

http://www.dhammadownload.com


ကုသလဝဏ္ဏတို့သည် ထိုဝိနည်းကျွမ်းကျင် ပညာရှင်နှင့် ဆက်စပ်၏-စသည်ဖြင့် ဝိနယပရိယတ္တိ၏ အကျိုးအာနိသင်များကို ပြဆိုထားပေသည်။ (ဝိ၊ ၁၊ ဋ၊ ၇၇)

တသ္မာ ဝိနယပတိဋ္ဌာပနတ္ထံ ဝိနယပရိယတ္တိယာ အာနိသံသံ သလ္လက္ခေတွာ သိက္ခာကာမေန ဘိက္ခုနာ ဝိနယော ပရိယာပုဏိတဗ္ဗော။ (ဝိ၊ ၁၊ ဋ၊ ၇၇)

ဝိနည်းတရားတော် တည်ရှိရန် အကျိုးငှာ ဝိနည်းပရိယတ်၏ အကျိုးအာနိသင်ကို မှတ်သား၍ သိက္ခာကို လိုလားသောရဟန်းသည် ဝိနည်းကို သင်ယူထိုက်ပေသည်-ဟု မိန့်တော်မူထားခြင်းဖြစ်သည်။

ဤစကားများကို ထောက်ထား၍ ဝိနည်းတော်ကို သင်ယူသင့် သင်ယူထိုက်၏။ သင်ယူအပ်သော ဝိနည်းသည်လည်းကောင်း၊ ဝိနည်းကို သင်ယူခြင်းသည်လည်းကောင်း ဝိနည်းပရိယတ်မည်၏-ဟု မှတ်အပ်ပေသည်။

## "ဝိနည်းကျင့်တာလဲ ပဋိပတ် ပါပဲ"

အရှင်ဉာဏိန္ဒာလင်္ကာရ က 'ဝိနည်းကို ကျင့်တာ ပဋိပတ်မဟုတ်ဘူး'တဲ့။ ဆိုလိုက်ပြန်၏။

အမှတ်(၄၁)စောဒနာ၏ ဥပနာစကားရပ်များတွင် 'ဘယ်သွား' နဲ့ 'ဘယ်ကိုကျော်'တို့ 'ဘယ်လိုသွား' တို့ရဲ့ အနက်ကို နားလည်အောင် ကြည့်တာ ဆင်ခြင်တာဟာ ပဋိပတ်ပဲ'-ဟု ပဋိပတ်၏ အဓိပ္ပါယ်ကို ဖွင့်ခဲ့၏။ တကယ့်အရှူးချေးပန်း ပရမ်းပတာ ပြောနေကြသူတွေပါတကား။

'ယော ပန သဗ္ဗံ အတ္တနော ပညတ္တံ သိက္ခာပဒံ ဇိနဝေလံ ဇိနမရိယာဒံ ဇိနကာဋသုတ္တံ အဏုမတ္တမ္ပိ န ဝီတိက္ကမတိ။ အယံ ဓမ္မာနုဓမ္မပဋိပန္နော နာမ။' (ဒီ၊ ၂၊ ဋ၊ ၁၆၉)

မြတ်စွာဘုရားရှင်၏ အပိုင်းအခြား တမျဉ်းကြိုးသဖွယ်ဖြစ်သော မိမိ၏အလုံးစုံသော ပညတ်အပ်သော သိက္ခာပုဒ်တော်ကို အဏုမြူမျှလောက်ပင် မလွန်ကျူးသောရဟန်းသည် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သူမည်၏။ -ဟူ၍ ဖွင့်ဆိုထား၏။

မြတ်ဗုဒ္ဓပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်များကို မလွန်မကျူး ဖြည့်ကျင့်ခြင်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည်မည်၏။ ယင်းသို့ကျင့်ခြင်းသည် ပဋိပတ်မည်ပေသည်။ လောကုတ္တရာတရားအားလျော်သော အကျင့်မြတ်လည်း မည်ပေသည်။

## "ဝိနည်းကို ဘယ်လိုဆောင်ဆောင် ပဋိဝေဓ မဟုတ်"

(တစ်ဖန်) ' ဝိနည်းကိုဆောင်ခြင်းသည် ပဋိဝေဓ မဟုတ်'-တဲ့၊ သူက ဆိုပြန်၏။

သူ၏ စကား၌ 'ဆောင်'ဆိုသည်မှာ 'အာဂုံဆောင်သည်'ဆိုလျှင် ပရိယတ်၊ ကျင့်ဆောင်သည် ဆိုလျှင်ကား ပဋိပတ်၌ အကျုံးဝင်သည်။ ပဋိဝေဓ-ဟု မဆိုထိုက်ပါ။ သူက ပဋိသေဓ ခံ၍ ကန့်ကွက်ထားသော်လည်း သူတို့ မိုးပြာအုပ်စုကလွဲလျှင် ယင်းသို့ဆောင်ခြင်းမျိုးကို ပဋိဝေဓခေါ်သူ ရှိမည် မဟုတ်ပေ။

http://www.dhammadownload.com



## "သို့သော် ဝိနည်းဆောင်က နိဗ္ဗာန်ရနိုင်သည်"

သို့သော် ဝိနည်းကို ဆောင်မှုသည် ပဋိဝေဓဖြစ်မှုနှင့် တိုက်ရိုက် ဆက်စပ်ပါ၏။

'ဝိနည်း၌ ကောင်းစွာကျင့်သောရဟန်းတော်သည် သီလ၏ပြည့်စုံခြင်း(ပဋိပတ်)ကို မှီ၍ သုံးပါးသော ဝိဇ္ဇာဉာဏ်(ပဋိဝေဓ)သို့ ရောက်၏' ဟူသည်နှင့်အညီ

ဝိနည်းကိုသင်ခြင်း ပရိယတ်ကြောင့် အကျင့်သီလ ပဋိပတ်ပြည့်စုံ၏။ ထိုသီလကိုမှီ၍ ဝိဇ္ဇာဉာဏ်သုံးပါး(ပဋိဝေဓ)တရားသို့ ရောက်ရှိပေရာ ဝိနည်းတရားတော်သည် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ သာသနာသုံးရပ်လုံးနှင့် ဆက်စပ်နေပေသည်။

'ဝိနယေ ပန သုပ္ပဋိပန္နော ဘိက္ခု သီလသမ္ပဒံ နိဿာယ တိဿော ဝိဇ္ဇာ ပါပုဏာတိ။'

(အဋ္ဌသာလိနီ၊ ၂၄)

## ပေါင်းရုံးသုံးသပ်

ထို့ကြောင့်- စောဒကဆရာတော်များ တင်သွင်းအပ်သော ပဓာနဥပနာ၌ ပါဝင်သော အရှင်ဉာဏိန္ဒာလင်္ကာရ၏ စကားရပ်တို့သည် ပါဠိအဋ္ဌကထာစကားတို့နှင့် ဆန့်ကျင်သော စကားများ ဖြစ်သည်-ဟု ဝိနည်းမိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၄၃) စောဒနာလွှာပါ သဒ္ဓမ္မသုံးဖြာသာသနာ၊ နှာ၊ ၄၀-စသည်၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြော ရေးသားသော- "ဝိနည်းသင်တာဟာ ပရိယတ်သာသနာ မဟုတ်ဘူး။ ဝိနည်းကျင့်တာဟာ ပဋိပတ်သာသနာ မဟုတ်ဘူး။ ဝိနည်းဆောင်တာဟာ ပဋိဝေဓသာသနာလည်း မဟုတ်ဘူးပေါ့" စသော ဟောပြောချက်များသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် ဆန့်ကျင်သော ဟောပြော ရေးသားချက်များ ဖြစ်သောကြောင့် ယင်းဟောပြောရေးသားချက်တို့ကို "အဓမ္မဝါဒ" ဟု နိုင်ငံတော်သီခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၄၄)ခေတ်ကာလသာ စိတ်သုံးသပ်ဆုံးဖြတ်ချက်

သဒ္ဓမ္မသုံးဖြာသာသနာစာအုပ်၊ ဒုတိယတွဲ၊ နှာ၊ ၃၃၅-၃၄၃။တို့၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြောရေးသားထားသော-

"အရဟန္တရဲ့ မဂ္ဂအရိယသစ္စာဘာဝိတပဋိဝေဓ,က ကာလ-ဌာနအာရုံတွေနဲ့ မွေ့စက်နေမှ ရတာရဲ့ အပြစ် အနာအဆာတွေကို မြင်နိုင်တာ တွေးနိုင်တာတွေ ဖြစ်တယ်။ အဲသည်အမြင်အတွေးတွေနဲ့ ညီညွတ်တဲ့ အပြောအလုပ်အနေကြိုးစားနိုးကြားစိတ်ထားတွေလဲ ဖြစ်ပြီပေါ့။ ဒါ အရဟန်ရဲ့ မဂ္ဂအရိယသစ္စာဘာဝိတပဋိဝေဓပဲ။

ဒုက္ခအရိယသစ္စာပရိညာတပဋိဘာဝိတကတော့ အရဟန်ရဲ့ အမြင်အတွေးမှာ ရှုပါရှုပက်တစ်ခုခုတိုင်းဟာ ကာလ-ဌာနအာရုံ တစ်ခုခုကို ယူပြီး ဝေဒနာ ထနေချက်တွေပဲ ဖြစ်တယ်။ ဒါတွေဟာ ကိလေသာပေါက်ပြီး သံသရာက မလွတ်ဘဲ ဒုက္ခအဖြစ် ဖြစ်တယ်။ သည်ရှုပါရှုပက်တွေဟာ ငါမဟုတ်ပါလားလို့ လုပ်တာ။

အရဟန်က သမုဒယအရိယသစ္စာပဟီနပဋိဝေဓကတော့ အရဟန်ဟာ ရှုပါရှုပက်တွေနဲ့ ဝိပါက်တွေရဲ့ အနိစ္စဒုက္ခအနတ္တတွေကိုမြင်တွေ့ အဲသည်ရှုပါရှုပက်ဖြစ်စေကြောင်း ကိလေသ ဝဋ်တွေ ပြတ်တော့တာပေါ့။

အရဟန်ရဲ့ နိရောဓအရိယသစ္စာ သစ္ဆိကတပဋိဝေဓကတော့ ရှုပါရှုပက်ကိလေသာချုပ်လို့ ရှုပါရှုပက်နဲ့ ဝိပါက်တွေလည်း ကိလေသာနဲ့အတူ မဖြစ်ပွါးတော့တာလို့ ပြောရမယ်။ (ပ)

အရဟန်ကို မြတ်နိုးသူနဲ့ ရန်လုပ်သူတွေရဲ့ ဆက်ဆံခံရရင် တူညီတဲ့စိတ်ဖြစ်မလား-မဖြစ်ဘူးလား။ မတူညီ လောက်ပါဘူး။ ရန်သူရဲ့ မတော်တရော် ဆက်ဆံခံရရင် အရဟန်ရဲ့ စိတ်ဟာ စိတ်တိုမှာပေါ့။

အရဟန်ပဲ စိတ်တိုသေးသလား။ တိုတာ ပေါ့။

စိတ်တိုတာကို အရဟန်က မပယ်ဘူးလား။ မပယ်ဘူး။

ခံစားချက်ဆိုးရင် စိတ်တိုတယ်။ ရုပ်ပါတောင် တိုတယ်။

ဥပါသကာ ဥပါသိကာ တစ်ဦးဦးဟာ အရဟန်အရောက် ပေါက်မြောက်အောင်မြင်ပြီးသူ ဆိုရင် လင်ယူသားမွေး အိမ်ထောင်ရေး လုပ်ဦးမလား။

အဲဒါ အပြောရခက်တယ်။ သည်နေ့အိမ်ထောင်ရေးမျိုး မဟုတ်လို့ပေါ့။

အရဟန်အဖိုအမနှစ်ဦးဟာ အတူတော့ ပေါင်းနေကြမှာပဲ။ ဒါပေမဲ့ အဖိုက အမကိုဖြစ်စေ-အမက အဖိုကိုဖြစ်စေ ယူထားတာနဲ့ အယူခံရတာမျိုး မဟုတ်ဘူး။(ပ)

သူတို့(အရဟန်)တွေက မယူကြတော့ဘူးလားဘုရား။

ဟုတ်တယ်။ ယူလဲမယူဘူး။ အယူလဲမခံဘူး။

သည်လိုဆိုတော့ သူတို့မပေါင်းကြရတော့ဘူးလားဘုရား။

ပေါင်းကြရပါတယ်။ ကိုယ်ကသူ့ကို အဖော်လုပ်ပေးတော့ သူကလဲကိုယ့်ကို အဖော်လုပ်ပေးတော့ ပေါင်းတာပေါ့။

သူတို့အရဟန်တွေက သားသမီးမွေးအောင်ရော ဆောင်ရွက်ကြရဲ့လားဘုရား။

ဆောင်ရွက်မှာပါ။

မယူဘဲ ဘယ်လိုဆောင်ရွက်မလဲဘုရား။ ပေါင်းပြီးဆောင်ရွက်မှာပေါ့။(ပ)

သားသမီးရဖို့ဆောင်ရွက်မှုကိစ္စမှာ ယူထားသူတွေက တစ်ဦးဆန္ဒနဲ့ ပြုလို့ရတယ်။ ပေါင်းနေသူကတော့ နှစ်ဦးဆန္ဒညီမှ ပြုလို့ရတယ်။

http://www.dhammadownload.com


အရဟန်ဖြစ်တဲ့သူတွေဆီမှာ သည်လိုဆန္ဒက ပေါ်ဦးမှာမို့လားဘုရား။

မပေါ်ရမဲ့ အကြောင်းကို မြင်လို့လား။ အဲဒါတွေကို ပယ်ပြီးရှေ့မလားလို့ပါ။

သည်ကိစ္စက လူ့အလျှော်ကိစ္စ မဟုတ်ဘူးလား။ လွန်ကျူးတာဖြစ်သလား။ ဒါက လူမှာ မရှိ မဖြစ်တဲ့အရာ မဟုတ်ဘဲ မရှိဘဲဖြစ်တဲ့ အရာမို့လား။

မရှိလဲ ဖြစ်တဲ့ အရာတော့ မဟုတ်ဘူးဘုရား။

ဟုတ်တာပေါ့။ ဒါမရှိရင် လူမျိုးပြုတ်သွားမှာပေါ့။

ဘုရားရဲ့တရားဟာ လူမျိုး ပြုတ်တရားလား။ မဟုတ်ပါဘူး။

သည်တော့ သည်ကိစ္စကို တရားအဆုံးရောက်သူအရဟန်က စွန့်လွှတ်ရမှာ မဟုတ်တာ သေချာရဲ့လား။ စွန့်ရင် လူမျိုးပြုတ်မှာပဲ။(ပ)

သူတို့အရဟန်တွေမှာ ကိုယ့်သဘာဝကို ဖော်ပြနိုင်တဲ့ ဝတ်စားဆင်ယင်ချယ်သမှုမျိုး ရှိနိုင်သလားဘုရား။

ရှိနိုင် တာပေါ့။ မြူဆွယ်ဖို့လား။(ပ)

သူတို့ရဲ့စီးပွါးဥစ္စာ ရှာဖွေစုဆောင်း သုံးစားမှုကကောဘုရား။

နှစ်ဦး လုပ်ဆောင်မှုနဲ့ နှစ်ဦး ပိုင်ဆိုင်မှု ဖြစ်လောက်ပါတယ်။

သားသမီးတွေ မွေးဖွါးပိုင်ဆိုင်မှုကရောဘုရား။

လိုအပ်သလောက် မွေးဖွါး ပြီးတော့ နှစ်ဦးပိုင် ဆိုင်ကြမှာပါပဲ" ဟူသော (သဒ္ဓမ္မသုံးဖြာသာသနာ စာအုပ်၊ ဒုတိယတွဲ၊ နှာ၊ ၃၃၅-၃၄၃။) ဟောပြောရေးသားထားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်း ဟောပြောရေးသားထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

**စောဒကပုဂ္ဂိုလ်တို့၏ သဘောထား**

အရှင်ဉာဏိန္ဒာလင်္ကာရ၏ အထက်ပါဟောပြောရေးသားချက်တို့သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ်(စာ-၃၁၈)၌ -

"ဧတ္တာဝတာ စေသ အရဟာ နာမ အဋ္ဌမော အရိယပုဂ္ဂလော ဟောတိ မဟာ-ခီဏာသဝေါ အန္တိမဒေဟဓာရီ ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝ-သံယောဇနော သမ္မာဒညာ ဝိမုတ္တော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယျောတိ"ဟု မိန့်ဆိုထားပါသည်။

မြန်မာပြန်- ထိုအရဟန္တာမည်သည် ရှစ်ယောက်မြောက် အရိယာပုဂ္ဂိုလ်ဖြစ်၏။ အာသဝေါ တရားလေးပါးစလုံး ကုန်ပြီးသူဖြစ်၏။ နောက်ဆုံးဘဝ၌ဖြစ်သော ခန္ဓာကိုယ်ကို ဆောင်ထားသူဖြစ်၏။ ခန္ဓာဝန်ကို ပယ်ချ အပ်ပြီးသူဖြစ်၏။ အစဉ်အားဖြင့်ရအပ်သော အရဟတ္တဖိုလ်ဟူသော အကျိုးရှိသူဖြစ်၏။ ဘဝသံယောဇဉ်အားလုံး ကုန်ပြီး သူဖြစ်၏။ ကောင်းစွာ သိပြီး၍ ကိလေသာအားလုံးတို့မှ လွတ်သူဖြစ်၏။ နတ်နှင့်တကွသော လောက၏ အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်ဖြစ်၏။ " ဟုဆိုထားသောကြောင့်လည်းကောင်း၊

"အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ နလဗ္ဘန္တိ ။ (သင်္ဂဟ၊ စာ- ၆၉)

အနာဂါမိမဂ္ဂ ဘာဝေတွာ ကာမရာဂဗျာပါဒမနဝသေသပ္ပဟာနေန အနာဂါမီ နာမ ဟောတိ အနာဂန္တာ ဣတ္ထတ္တံ။ (သင်္ဂဟ၊ စာ- ၁၆၄)

http://www.dhammadownload.com


'မြန်မာပြန်- အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သတ် ထား၏"ဟု ဆိုထားသောကြောင့်လည်းကောင်း၊ ရဟန္တာတို့၌ ဒေါသဖြစ်ခြင်း မရှိ၊ စိတ်တိုခြင်း လုံးဝမရှိပါ ဘုရား။ ထို့အတူ ကာမရာဂ မရှိသဖြင့် လင်ယူ သားမွေး အိမ်ထောင်ရေးကိစ္စကိုလည်း လုံးဝ မဆောင်ရွက်ပါ ဘုရား။ ထို့အတူ ဝတ်စား ဆင်ယင် ခြယ်သမှုကိုလည်း လုံးဝမပြုတော့ပါဘုရား။

သို့အတွက်ကြောင့် အမှတ်(၄၄)စောဒနာပါ အရှင်ဉာဏိန္ဒာလင်္ကာရ၏ ဟောပြောရေးသား ချက်တို့သည် ဗုဒ္ဓမိန့်မှာ ဒေသနာတော်များနှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

## "ဝိနည်းဓိုရ်ဆရာတော်များ သုံးသပ်ချက်"

စောဒကဆရာတော်များက အရှင်ဉာဏိန္ဒာလင်္ကာရ၏ (သဒ္ဓမ္မသုံးဖြာသာသနာ စာအုပ်၊ ဒုတိယတွဲ၊ စာ-၃၃၅၊ ၃၄၃) လာ ရေးသားချက်တို့ကို ပစာနဋ္ဌပနာပြု၍ ရဟန္တာများ ဒေါသရှိသေးကြောင်း၊ အိမ်ထောင်ရေးကိစ္စဆောင်ရွက်ကြောင်း၊ အလှပြင်သေးကြောင်း ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓမိန့်မှာ ဒေသနာတော်များနှင့် ဆန့်ကျင်ပါကြောင်း ပါဠိအဋ္ဌကထာတို့ကို ကိုးကားလျက် စောဒနာ တင်သွင်းကြပေသည်။

## ရဟန္တာပုဂ္ဂိုလ်၏ သစ္စာလေးပါး (မိုးပြာနည်းအားဖြင့်) သိပုံ၌ စောဒနာကျန်

စောဒကဆရာတော်များသည် စုဒိတက အရှင်ဉာဏိန္ဒာလင်္ကာရ၏ ရေးသားချက် အတော် များများကို ပစာနဋ္ဌပနာပြုထားသော်လည်း ထိုစကားများထဲမှ ဒုတိယပိုင်းကိုသာ စောဒနာထားသည်ကို တွေ့ရ၏။ ပထမပိုင်း- ဖြစ်သည့် ရဟန္တာပုဂ္ဂိုလ်၏ သစ္စာလေးပါး(မိုးပြာနည်းအားဖြင့်) သိပုံကို စောဒနာခြင်း မပြုခဲ့ပေ။

စောဒကဆရာတော်များ စောဒနာထားသော ဒုတိယပိုင်းကို သုံးသပ်ဖော်ပြပြီးမှ ကျန်ရှိနေသော ပဌမပိုင်း စုဒိတက အရှင်ဉာဏိန္ဒ၏ ရေးသားချက်တို့ကို သုံးသပ်ဖော်ပြပါအံ့။

## ရဟန္တာ ဒေါသ မရှိ (စိတ် မတို)

စုဒိတက အရှင်ဉာဏိန္ဒာလင်္ကာရသည် ရဟန္တာပုဂ္ဂိုလ်များ လောဘ၊ ဒေါသဖြစ်သေးပုံ၊ အိမ်ထောင်သားမွေးပြုသေးပုံနှင့် မိမိကိုယ်ကို ခြယ်သအလှဆင်တတ်သေးပုံတို့ကို ကွေ့လည်ချောင်ပတ် ရေးသားထား၏။ မည်သို့ပင် ရေးသားထားပါစေ၊ အဖြောင့်အားဖြင့်ကား- စောဒကဆရာတော်များ တင်ပြထားသည့်အတိုင်းသာ သိရှိနိုင်ပါသည်။

ထို့ကြောင့်-စောဒကဆရာတော်များက -

'ဓတ္တာဝတာ စေသ အရဟာ နာမ (ပ) ဒက္ခိဏေယျောတိ' ဟူသော ဝိသုဒ္ဓိမဂ်လာ စကားဖြင့် သုံးသပ်စောဒနာတော်မူကြခြင်းဖြစ်သည်။ ပို၍ခိုင်မာသော ပါဠိတော်စကားကို ထုတ်ပြရပါလျှင်-

http://www.dhammadownload.com


ဂ္ဂုတ္တိဝုတ်၊ ၂၂၁-၌ -

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသနိဗ္ဗာနဓာတု။ - ဟူ၍ ဟောတော်မူထားပါ၏။

**ဘိက္ခု အရဟံ (ပ)ကတကရဏီယော** -တို့ဖြင့် ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်သဖြင့် အရဟတ္တမဂ်ရောက်ပြီး ကိလေသာကုန်ခန်း ရဟန္တာဖြစ်ပြီး အကျင့်မြတ်ကို အပြည့်အစုံ ပြုသင့်သော ပွါးများမှုမဂ်ကိစ္စကို ပြုကျင့်ပြီးဖြစ်ကြောင်းကို ပြဆိုသည်။

## " ရဟန္တာ၏ ဩဟိတဘာရဂုဏ် "

ထိုရဟန္တာပုဂ္ဂိုလ်သည် **ဩဟိတဘာရော**= ချထားအပ်ပြီးသော ဝန်ထုပ်ဝန်ပိုး ရှိပါသည်-တဲ့။ မည်သည့် ဝန်ထုပ်များပါနည်း ဟူမူ-

၁။ ကိလေသာဘာရ= ဖြစ်သည်။ လောကပုထုဇဉ် သတ္တဝါတို့သည် လောဘ၊ ဒေါသ အစရှိသော ကိလေသာများ၏ စေခိုင်းသမျှ လုပ်နေကြရသူတွေ ဖြစ်၏။ ယင်းသို့ ပြုလုပ်နေရခြင်းသည်ပင် ကိလေသာဝန်ထုပ်ကြီး ထမ်းနေကြသည်ပင် မည်၏။ ပါဏာတိပါတ၊ အဒိန္နာဒါနစသော မကောင်းမှုတို့ကို ပြုလုပ်ကြရခြင်းသည် ကိလေသာတို့ကြောင့် ကိလေသာအလိုလိုက်ကာ ပြုလုပ်ကြရခြင်း ဖြစ်၏။ ထို့ကြောင့်- ကိလေသာဝန် ပိပြီး အပါယ်ဘုံသို့ကျ ဒုက္ခရောက်ကြရ၏။

၂။ **အဘိသင်္ခါရဘာရ**= **လောကီကုသိုလ်၊ အကုသိုလ်ကံ ဝန်ထုပ်ကြီးဖြစ်၏။** ယင်းအဘိသင်္ခါရ ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ်ကံတွေကို ပြုမိသည့်အတွက် တဖန် ဘဝသစ်၌ ဖြစ်ကြရ၏။ အကုသိုလ် ကံကြောင့် အပါယ်၌ဖြစ်၍ ကြီးစွာ ဆင်းရဲကြရ၏။ လောကီကုသိုလ်ကံကြောင့် သုဂတိဘုံဘဝ၌ ဖြစ်ပြီး အတော်အသင့် သက်သာသော်လည်း အို၊ နာ၊ သေ အစရှိသောဆင်းရဲများကို ခံစားကြရ၏။

ထို့ပြင်-အကုသိုလ်ကံကြောင့် လူ့ဘဝ၌ အသက်တိုခြင်း၊ အနာများခြင်း၊ ငတ်မွတ်ဆင်းရဲခြင်း စသော ဒုက္ခများကိုလည်း ခံစားရသေး၏။ ကုသိုလ်ကံမြင့်တင်၍ လူနတ်ဘဝရောက်ရပါသော်လည်း အကုသိုလ်ကံများက အကျိုးမပေးရသေးလျှင် မကောင်းကျိုးပေးဖို့ အသင့်ရှိနေကြ၏။

အရဟတ္တမဂ် ဖိုလ်ပေါက် ရဟန္တာဘဝရောက်၍ ပရိနိဗ္ဗာန်ဝင်စံနိုင်ခြင်း မရှိသေးမီအတွင်း၌ ရှေးကုသိုလ်ကံများက ကောင်းကျိုးပေးသလို အကုသိုလ်ကံများက မကောင်းကျိုးတွေပေးကြဦးမည် ဖြစ်သည်။ ယင်းသို့ အကျိုးပေးနိုင်သော အဘိသင်္ခါရဟုဆိုအပ်သော ကံတရားများသည် သတ္တဝါများ၌ ရှိနေကြ၏။ ယင်းအဘိသင်္ခါရဘာရကို သတ္တဝါတို့ ထမ်းနေ ကြရပေသည်။

၃။ ခန္ဓာဘာရ= ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးဖြစ်၏။ **အဘိသင်္ခါရရှိနေသည့်အတွက် ဘဝဟောင်းက သေတိုင်းသေတိုင်း ဘဝသစ်ဖြစ်ကြရ၏။ ဘဝသစ်ဖြစ်လျှင် ခန္ဓာငါးပါး (လေးပါး၊ တစ်ပါး) ဝန်ထုပ်ကြီး ရလာခြင်းဖြစ်၏။ ရုပ်ခန္ဓာဝန်ကြီးကို ဣရိယာပုထ်လေးပါးဖြင့် ပြောင်းလဲထမ်းဆောင်ကြရ၏။ ကောင်းသော** ခံစားမှုတွေ ဖြစ်ရအောင် ရှာကြံပေးရသောအားဖြင့် ဝေဒနာဝန်ထုပ်ဝန်ပိုး ထမ်းကြရ ပြန်၏။ ထို့အတူ သညာကောင်း၊ သင်္ခါရကောင်း၊ စိတ်ဝိညာဏ်ကောင်းတွေ ဖြစ်ရအောင် ပင်ပန်းကြီးစွာ လုပ်ကိုင် ထမ်းဆောင်ကြရ၏။ အိုမင်း ယိုယွင်းလာသောအခါ၌ အသိသာဆုံး ဖြစ်၏။ ဤသည်မှာ ခဏတာမျှ တစ်ဘဝတာမျှ မဟုတ်၊ တစ်သံသရာလုံး ထမ်းနေရသော ခန္ဓာ ဝန်ထုပ်ကြီး ဖြစ်သည်။

http://www.dhammadownload.com


ရဟန္တာပုဂ္ဂိုလ်မှာကား အရဟတ္တမဂ်ဖြင့် ကိလေသာကို ပယ်ပြီးဖြစ်သောကြောင့် ကိလေသ ဘာရကို ချလိုက်ပြီ။ ကိလေသာဝန် မရှိတော့။

ကံဟောင်းတွေ အကျိုးပေးခွင့် မရတော့။ ကံသစ်များလည်း ဖြစ်ခွင့်မရတော့ပေ။ ထိုကြောင့် အဘိသင်္ခါရဘာရကို ချလိုက်ပြီ။

အဘိသင်္ခါရကို ချထားလိုက်ပြီး ဖြစ်သောကြောင့် ဘဝသစ်ရုပ်နာမ်ခန္ဓာ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့်-ခန္ဓာဝန်ကို ချထားပြီးဖြစ်၏။

ထို့ကြောင့် ရဟန္တာအရှင်မြတ်များသည် ဝန်ထုပ်ကြီးသုံးခုစလုံးကို ချတော်မူပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို 'ဩဟိတဘာရော 'ဟု ချီးကျူးထားခြင်းဖြစ်သည်။

ရဟန္တာအရှင်မြတ်တို့သည် ကိလေသာဝန်ကို လုံးဝ ချထားလိုက်ပြီးဖြစ်သောကြောင့် လောဘ ကိလေသာ၊ ဒေါသကိလေသာ လုံးဝ(လုံးဝ)ဖြစ်ပေါ်လာခြင်း မရှိတော့။ လောဘတဏှာ အရင်းခံ၍ ဖိုမပေါင်းသင်း ဆက်ဆံ၊ လင်ယူ သားမွေး၊ အလှပြင်ချယ်လှယ်မှု အဝဝများသည်လည်း စိတ်ကူးထဲမှာပင် မထည့်တော့သော ကိစ္စများဖြစ်သည်။

သို့ပါလျက်-အရှင်ဉာဏိန္ဒာလင်္ကာရကား -

အရိယာရဟန္တာ သူမိတ်ကောင်းကြီးတို့အပေါ် မတော်မလျော် တွေးခေါ်၊ ပြောဆို၊ ရေးသားလည်း ရေးသားရက်ပါပေ၏။ အော်- ကျင်းတူးစရာ မလိုဘဲ ဝင်သွားမှုကို ဖြစ်စေမည့် တွေးခေါ်၊ ရေးသားချက်တို့ပါတကား။

နောက်ထပ် ရဟန္တာ၏ဂုဏ်တော်ကား **'အနုပတ္တသဒတ္ထော'** ဖြစ်သည်။

အရိယာပုဂ္ဂိုလ်များ အလိုရှိအပ်သော အကျိုးစီးပွါးကား အရဟတ္တဖိုလ်ဖြစ်သည်။ ထိုအကျိုးစီးပွါး ဖြစ်သော အရဟတ္တဖိုလ်ကိုလည်း ရောက်ပြီး ရပြီးဖြစ်သောပုဂ္ဂိုလ်-ဟု ဆိုလို၏။

ထို့နောက်-'ပရိက္ခီဏဘဝသံယောဇနော-ဘဝနှောင်ကြိုး မရှိတော့ပေ။' ယင်းသံယောဇဉ် နှောင်ကြိုးများ ရှိနေသေးပါက ဘဝဟောင်းက ကွယ်လွန်၍ ဘဝသစ်၌ ဖြစ်ကြရ၏။

ဘဝသစ်တွင်ဖြစ်ပြန်လည်း အပါယ်ဘုံဘဝ ရောက်ရသည်က များ၏။ တစ်ခါတစ်ရံ ကုသိုလ်ကံကြောင့် သုဂတိဘဝရောက်ရသော်လည်း အပါယ်အိမ်သို့ ပြန်ကြရသည်က များ၏။ ရဟန္တာပုဂ္ဂိုလ်များကား ၎င်းဘဝသံယောဇဉ်များ ကုန်ခမ်းသွားပြီ-ဟု ဆိုလို၏။

ထို့နောင်-'သမ္မဒညာဝိမုတ္တော-သင်္ခါရဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို အမှန်အတိုင်း အပြည့်အစုံ သိပြီးမှ လွတ်မြောက်တော်မူ၏။'

သောတာပန်ပုဂ္ဂိုလ်များလည်း နိဗ္ဗာန်ကို သိပြီး၊ အပါယဂမနီယ ကိလေသာကံ၊ ခုနစ်ဘဝထက် အလွန် ဖြစ်စေနိုင်သော ကိလေသာကံတို့မှ လွတ်မြောက်၏။

သကဒါဂါမ်မှာလည်း နှစ်ဘဝထက်အလွန်ဖြစ်စေနိုင်သော ကိလေသာ ကံတို့မှ လွတ်မြောက်၏။

အနာဂါမ်ပုဂ္ဂိုလ်မှာလည်း ကာမဘဝဆိုင်ရာ ကိလေသာ ကံတို့မှ လွတ်မြောက်သော်လည်း ရူပ အရူပဘဝ၌ ဖြစ်စေနိုင်သော ကိလေသာကံတို့မှ မလွတ်မြောက်သေးပေ။

ရဟန္တာပုဂ္ဂိုလ်မှာကား ဘဝသစ်ဖြစ်စေနိုင်သော ကိလေသာ ကံအားလုံးမှ လွတ်မြောက်တော် မူ၏။ ထို့ကြောင့် -'သမ္မဒညာဝိမုတ္တော' ဟု ဂုဏ်ပြု ချီးကျူးခံရခြင်းဖြစ်သည်။

ထို့နောက်-'တဿ တိဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ' တဲ့။

http://www.dhammadownload.com


ဆိုလိုတာက-ထိုရဟန္တာပုဂ္ဂိုလ်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် အကြည်-ဟု ဆိုအပ်သော ဣန္ဒြေငါးပါးတို့ကား တည်ရှိနေကြသေးသည်သာ။ ရဟန္တာဟူသည်မှာ **ကိလေသာကင်းပင် ကင်းသော်လည်း** မျက်စိအကြည်-အစရှိသော ရုပ်ဟို့ကား ဖြစ်မြဲ၊ ရှိမြဲ ဖြစ်မနေ၊ **ရှိနေကြပေသေးသည်**။ ယင်း ဣန္ဒြေငါးပါး မပျက်စီးခြင်းကြောင့် မနာပ မနာပ = ကောင်းကောင်း ဆိုးဆိုး အာရုံမျိုးကို မြင်ခြင်း ကြားခြင်း စသည်ဖြင့် သုံးဆောင်ရ၊ သိရပေသည်။

ရဟန္တာ၌ ဝေဒနာကလည်း ရှိနေသည့်အတွက် အာရုံငါးပါးကိုသိပြီး ချမ်းသာ၊ ဆင်းရဲကိုလည်း ခံစားရပေသည်။သို့သော်- ဒေါသကိလေသာ မရှိသောကြောင့် စိတ် ဆင်းရဲမှုကိုကား မခံစားရပေ။ ကိုယ်ဆင်းရဲခြင်း ဒုက္ခဝေဒနာကား ဖြစ်နိုင်၏။ အဘယ်မျှ ကောင်းသော **အာရုံပင်ဖြစ်စေ** နှစ်သက်သာယာမှု လောဘ မဖြစ်တော့ပါ။ ဒေါသ၊ မောဟလည်း မဖြစ်တော့ပါ။

ထို့ကြောင့်- **တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သဥပါဒိသေသနိဗ္ဗာနဓာတု။** - ဟု ဟောတော်မူထားခြင်းဖြစ်၏။

'ဆိုလိုသည်မှာ-ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ရာဂ၊ ဒေါသ၊ **မောဟ၏** ကုန်ခြင်း ငြိမ်းခြင်းကို **'သဥပါဒိသေသနိဗ္ဗာနဓာတု=ခန္ဓာအကြွင်းရှိသော အငြိမ်းဓာတ်နိဗ္ဗာန်'ဟူ၍ ခေါ် ဆိုအပ်၏ဟု ဆိုလိုသည်။**

အထက်ဖော်ပြပါ ပါဠိတော်၌ အဓိပ္ပါယ်အချုပ်ကား - **ရဟန္တာပုဂ္ဂိုလ်များမှာ** မျက်စိစသော ဣန္ဒြေငါးပါး ရှိနေသည့်အတွက် ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်များကဲ့သို့ပင် **အကောင်း အဆိုးအာရုံများကို** မြင်၊ ကြား၊ တွေ့သိ နေကြ၏။ အကောင်းအဆိုး ခံစားမှု **ဝေဒနာလည်း ဖြစ်၏**။

သို့သော်- အရဟတ္တမဂ်၏အစွမ်းကြောင့် ရာဂ၊ ဒေါသ၊ **မောဟ-စသော ကိလေသာတွေကား လုံးဝ မဖြစ်နိုင်တော့ပေ။ ၎င်းရာဂ စသော ကိလေသာများ မဖြစ်နိုင်ဘဲ ငြိမ်းနေခြင်းကို 'နိဗ္ဗာန်'ဟု ခေါ်သည်။ ပရိနိဗ္ဗာန်မစံရသေးမီ ပဋိသန္ဓေမှ စ၍ ရလာသော ရုပ်နာမ်အစဉ်ခန္ဓာအကြွင်းက ရှိနေသေးသောကြောင့် 'သဥပါဒိသေသနိဗ္ဗာန် = ခန္ဓာအကြွင်းရှိနေတဲ့ နိဗ္ဗာန်' မည်၏-ဟု ဆိုလိုပေသည်။**

ဤမျှသောစကားတို့ကို ထောက်ထား၍ မိုးပြာတို့အုပ်စုသည် ရဟန္တာများ လောဘ၊ ဒေါသ မဖြစ်တော့ကြောင်း၊ လောဘ မဖြစ်၊ မရှိတော့လျှင် လောဘကြောင့်ဖြစ်ရသော လင်ယူသားမွေးကိစ္စနှင့် အလုပြင်ခြယ်သ တန်ဆာဆင်မှု မရှိနိုင်တော့ကြောင်း နားကောင်းသူတို့ ကြားနိုင်၍ ဉာဏ်ရှိသူတိုင်း သိနိုင်ပြီဖြစ်ရာ အရှင်ဉာဏိန္ဒာလင်္ကာရ၏ ရဟန္တာအရှင်သူမြတ်တွေအပေါ် မတော်တရော် တွေးခေါ် ရေးသားခြင်းများသည် ဗုဒ္ဓမိန့်မှာ ဒေသနာဓမ္မ သဘာဝနှင့် ဆန့်ကျင်၏ဟု သုံးသပ်တော်မူကြသည်။

## "အရှင်ဉာဏိန္ဒာလင်္ကာရအလို ပဋိဝေဓလေးမျိုး"

စောဒကဆရာတော်များ တင်ပြထားသော စုဒိတက အရှင်ဉာဏိန္ဒာလင်္ကာရ၏ ပထမပိုင်း စကားရပ်တို့ကို ပြန်ကောက် လေ့လာသုံးသပ်ရန် လိုပါလိမ့်ဦးမည်။

စုဒိတက အရှင်ဉာဏိန္ဒာလင်္ကာရ က-

၁။ ' အရဟန္တတို့ရဲ့ မဂ္ဂအရိယသစ္စာ ဘာဝိတ ပဋိဝေဓ-က ကာလ၊ ဌာန၊ အာရုံတွေနဲ့ မွေ့စက်နေမှု ရတာရဲ့ အပြစ်အနာအဆာတွေကို မြင်နိုင်၊ တွေးနိုင်တာတွေ ဖြစ်တယ်။

အဲသည် အမြင်အတွေးတွေနဲ့ ညီညွတ်တဲ့ အပြော၊ အလုပ်၊ အနေ၊ ကြိုးစား၊ နိုးကြား၊ စိတ်ထားတွေလဲ ဖြစ်ပြီပေါ့။ ဒါ- အရဟန်တွေရဲ့ မဂ္ဂအရိယသစ္စာ ဘာဝိတ ပဋိဝေဓ ပဲ'တဲ့။

မိုးပြာတို့အုပ်စုသည် အများနားလည်နိုင်သော စကားကို မသုံးကြ၊ သူတို့ပင်လျှင် နားမလည် နိုင်သော စကာများကို ခပ်တည်တည် သုံးကြ၏။ ဘာတဲ့-'ကာလ၊ ဌာန၊ အာရုံတွေနဲ့ မွေ့စက်နေမှု ရတာရဲ့ အပြစ်အနာအဆာတွေကို မြင်နိုင်၊ တွေးနိုင်တာဖြစ်တယ်' တဲ့။

http://www.dhammadownload.com


သစ္စာလေးပါးကို ပြရာ၌ ဘုရားရှင်ကား ဒုက္ခသစ္စာက စ၍ ပြတော်မူ၏။ သူ(မိုးပြာ၏တပည့်)ကတော့ မဂ္ဂသစ္စာက စ၍ ပြ၏။

ဤမဂ္ဂသစ္စာသည် မဂ်အခိုက်အတန့်နှင့် မဂ်၏ရှေ့အဖို့ အခိုက်အတန့် ဟူ၍ နှစ်မျိုးရှိ၏။

မဂ်၏ ရှေ့အဖို့ ပုဗ္ဗဘာဂမဂ္ဂင်အခိုက်အတန့်၌ ရုပ်နာမ်သင်္ခါရကို အာရုံပြု၍ ဖြစ်၏။

မဂ်အခိုက်အတန့်၌ကား နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓအရိယသစ္စာကို အာရုံပြု၍ ဖြစ်၏။

ထို့ကြောင့်-အပြစ်အနာအဆာတွေကို မြင်နိုင်တာ၊ တွေးနိုင်တာ-ဆိုတာ ရုပ်နာမ်သင်္ခါရကို အာရုံပြုရာ ရောက်နေပေသည်။

၂။ 'ဒုက္ခအရိယသစ္စာ ပရိညာတ ပဋိဝေဓကတော့ အရဟန်ရဲ့ အမြင်အတွေးမှာ ရူပါရူပကံ တစ်ခုခုတိုင်းဟာ ကာလ၊ ဌာန၊ အာရုံ တစ်ခုခုကိုယူပြီး ဝေဒနာထနေချက်တွေပဲ ဖြစ်တယ်။ ဒါတွေဟာ ကိလေသာပေါက်ပြီး သံသရာက မလွတ်ဘဲ ဒုက္ခအပြစ် ဖြစ်တယ်' တဲ့။

သူပြောလိုတာကို ဖြောင့်ကြည့်ရင် ရူပါရူပကံတို့က ကာလ၊ ဌာန၊ အာရုံ တစ်ခုခုကို ယူပြီး ဝေဒနာတွေ ဖြစ်နေတာ။ ထိုဝေဒနာမှ ကိလေသာဖြစ်လို့ သံသရာက မလွတ်ဘဲ ဒုက္ခဖြစ်တာ၊ ထို ရူပါရူပကံများသည် ငါ မဟုတ်လို့ ပွါးတာ။

မိုးပြာတို့အဖွဲ့သည် ပါဠိသဒ္ဒါ မြန်မာသဒ္ဒါကို မှန်ကန်စွာ အသုံးမပြုကြ။ သူ ရူး၊ သူ အ၊ တို့၏ စကား များကဲ့သို့ အစပ်အဟပ် အဆီအငေါ် မတည့်။ အဓိပ္ပါယ်ကလည်း ပီပီပြင်ပြင် မထွက်။

တကယ်တော့ ဒေသနာတော်က ရှင်းပြီး လင်းပြီးသား။ ဒုက္ခသစ္စာဆိုတာ လောကီရုပ်နာမ် ခန္ဓာများ ဖြစ်သည်။ (တစ်နည်းအားဖြင့်) ဒွါရခြောက်ပါးတွင် ဖြစ်ပေါ်လာသော မြင်၊ သိ၊ ကြား-စသော အာရုံ အာရမ္မဏိက ဉပါဒါနက္ခန္ဓာငါးပါးတို့သာ ဖြစ်၏။ ယင်းတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို အခြေခံမှ စ၍ ကောင်းစွာသိမြင်ခြင်းသည် ဒုက္ခသစ္စာကို သိမြင်ခြင်းဖြစ်သည်။

ၾငင်းအမြင်(ဝိပဿနာဉာဏ်)ရင့်သန်လာသောအခါ နိဗ္ဗာန်(=နိရောဓသစ္စာ)ကို အာရုံပြုကာ အရိယမဂ္ဂသစ္စာဖြစ်သည်။ ဤသည်မှာ ရှင်းနေ၊ လင်းနေ၊ မှန်နေပါလျက် ရှုတ်ထွေးသော အတွေးအခေါ် လမ်းပေါ်၌ ဘာဝနာအမြင်မသန်ဘဲ လမ်းလျှောက်နေကြသူတွေပင် ဖြစ်သည်။

၃။ 'အရဟန်ရဲ့ သမုဒယ အရိယသစ္စာ ပဟီနပဋိဝေဓကတော့ အရဟန်ဟာ ရူပါရူပကံတွေနဲ့ ဝိပါက်တွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို မြင်တော့ အဲသည် ရူပါရူပကံဖြစ်စေကြောင်း ကိလေသဝဋ်တွေ ပြတ်တော့တာပေါ့။'

စုဒိတကအရှင်ဉာဏိန္ဒာလင်္ကာရသည် ဒုက္ခသစ္စာကို ပြောရာမှာ ဝေဒနာထချက်၊ ကိလေသာပေါက်၊ သံသရာဒုက္ခဖြစ်တယ်လို့ အထက်၌ ပြောခဲ့ပြီ။ ယခုတော့ ရူပါရူပကံနှင့် ဝိပါက်တွေကို ပြောရာ ရောက်နေပြန်ပြီ။ ယင်းသို့ဖြစ်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ဖို့အတွက် ကာမကုသိုလ်၊ အကုသိုလ်ကံ၊ ကြိယာတရားတွေကို မြင်ဖို့မလို-ဟုလည်း ဆိုရာရောက်နေသည်။ သူ့စကား၌ပါဝင်ခြင်း မရှိပေ။

အမှန်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ဝိပဿနာရှုမြင်ရာ၌ လောကီစိတ်၊ စေတသိက်၊ ရုပ်၊ ဘယ်အရာမဆို ရှုမှတ်နိုင်သည်သာ ဖြစ်၏။ ထို့ပြင်-သမုဒယသစ္စာဖြစ်သော တဏှာကို ပယ်ရာ၌ ရူပါရူပကံကိုသာ မဟုတ်၊ လောကီကုသိုလ် အကုသိုလ်ကံနှင့် ကိလေသာအားလုံးကိုပင် ပယ်ပါသည်။ ရှေ့သုံးသပ်ချက်များ၌ ဝဋ်သုံးပါးလည်ပုံ၊ ပြတ်ပုံ ရေးခဲ့ပြီးဖြစ်၍ ထပ်မံ မရေးသားတော့ပေ။

၄။ 'အရဟန်ရဲ့ နိရောဓအရိယသစ္စာ သစ္ဆိကတ ပဋိဝေဓကတော့ ရူပါရူပ ကိလေသာ ချုပ်လို့ ရူပါရူပကံနဲ့ ဝိပါက်တွေလည်း ကိလေသာနဲ့အတူ မဖြစ်ပွါးတော့-ဟု ပြောလို့ ရတယ်။'

http://www.dhammadownload.com


စုဒိတကအရှင်ဉာဏိန္ဒာလင်္ကာရ၏ သစ္စာလေးပါးသိပုံကား မဂ်အခိုက်အတန့် သစ္စာလေးပါး သိပုံမျိုး ပေါက်၊ ရဟန္တာ၏ သန္တာန်၌ ဝင်သုံးပါးငြိမ်းပြက်ပုံကို ပစ္စဝေက္ခဏာ ပြောကြားနေခြင်းမျိုး ဖြစ်၏။

ပြီးတော့-ကံဆိုရာ၌လည်း ကာမကုသိုလ်၊ အကုသိုလ်ကံတို့ကို ချန်လှပ်ထားလေ့ရှိ၏။

မိုးပြာတို့အဖွဲ့ကား-ရူပါရူပကံကိုသာ ကုန်ချင် ကုန်ပါစေ၊ ကာမကံကို ကုန်စေလိုဟန် မရှိကြ။

အထူးသဖြင့် အကုသိုလ်ကံကို ကုန်စေလိုဟန် မရှိကြ။

ထို့ကြောင့်'အစမ္ဘော နိရယံ နေတိ' တဲ့။ သတိသမ္ပဇဉ်ဖြင့် အယူအမြင်မှန်အောင် ကြိုတင်ပြင်ဆင်သင့်ကြပေသည်။

အရှင်ဉာဏိန္ဒာလင်္ကာရ သုံးတဲ့ 'ပဋိဝေဓ'ဆိုသည့် စကားမှာ ' မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော'အရ ဒုက္ခသစ္စာကို ပိုင်းခြားသိလျက် ဖြစ်သည်-ဟူသော စကားအရ မဂ်တို့မည်သည် နိဗ္ဗာန်ကိုသာ အာရုံပြုပါလျက် ဒုက္ခသစ္စာကို (အာရုံပြု)သိသည့်သဘောဖြင့် ဆိုထားသောစကားနှင့် စပ်လျက် ကျမ်းဂန်များတွင် ရှင်းလင်းချက်ပေးရာ၌ သုံးထားသော စကားလုံးဖြစ်သည်။

ပဋိဝေဓသည် အာရမ္မဏပဋိဝေဓ, အသမ္မောဟပဋိဝေဓ-ဟု နှစ်မျိုးရှိ၏။ မဂ်ခဏ၌ နိဗ္ဗာန်ကို သိရခြင်းသည် အာရုံပြုလျက်သိရသော အာရမ္မဏပဋိဝေဓအသိတည်း။ ဒုက္ခသစ္စာကို သိရခြင်းကား-ယုံမှားတွေဝေခြင်း မရှိဘဲ ရှင်းလင်းပြီးသားဖြစ်သော အသမ္မောဟပဋိဝေဓတည်း။

ဆိုလိုရင်းမှာ-မဂ်သည် နိဗ္ဗာန်ကို အာရုံပြုရင်းပင် ဒုက္ခသစ္စာအပေါ်၌ တွေဝေခြင်းမရှိဘဲ ရှင်းလင်းပြီး ဖြစ်သွားသောကြောင့် အသမ္မောဟပဋိဝေဓအသိဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည်-ဟု ဆိုလိုသည်။ ဤနေရာက ပဋိဝေဓကို မှန်မှန်ကန်ကန် မသုံးဘဲ ကိုယ်လိုသလို ဆွဲကာ တစ်လွဲတစ်ချော် သုံးစွဲတတ်ကြ ပါပေ၏။

ထို့ကြောင့်-စုဒိတကအရှင်ဉာဏိန္ဒာလင်္ကာရ၏ သစ္စာလေးပါး အသိအမြင်နှင့် စပ်လျဉ်း၍- ရေးသား ချက်များသည် ကျမ်းဂန်နှင့်မလျော် တစ်လွဲတစ်ချော် တွေးခေါ်ရေးသားထားသော ကျမ်းဂန်နှင့် ဆန့်ကျင်သော ရေးသားချက်များသာဖြစ်သည်-ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ဆုံးဖြတ်ချက်

သို့ဖြစ်ပါ၍ အမှတ်(၄၄) စောဒနာလွှာပါ 'ရဟန္တာများ ဒေါသရှိသေးကြောင်း၊ အိမ်ထောင်ရေး ကိစ္စ ဆောင်ရွက်ကြောင်း၊ အလှပြင်သေးကြောင်း စွပ်စွဲခြင်း' တို့နှင့်စပ်လျဉ်း၍ သဒ္ဓမ္မသုံးဖြာသာသနာ စာအုပ်၊ ဒုတိယတွဲ၊ နှာ၊ ၃၃၅-၃၄၃။တို့၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြောရေးသားထားသော ဟောပြောရေးသားချက်တို့သည် ပါဠိအဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်တို့ကို "အဓမ္မဝါဒ" ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

------------------

http://www.dhammadownload.com


## အမှတ်(၄၅)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ပစ္စုပ္ပန်ကမ္မဝါဒဘာသာလမ်းညွှန်စာအုပ် နှာ ၇၂-၇၄။ အရှင်ဉာဏဟောပြောရေးသားသော-

"သပ္ပုရိသကို ဆည်းကပ်မိမှ တရားက သိမှာဆိုတော့ သပ္ပုရိသကလည်း လောကမှာမရှိတော့ ဘယ်လို ကျော်လွှားတော့မလဲပေါ့။ သပ္ပုရိသက လောကမှာ မရှိတော့ဘူးလားဘုရား။ အင်း မရှိတော့ဘူး။

ပရိယတ်တွေ သင်ယူ ပဋိပတ်တွေကျင့်။ သည်သူတွေဟာ သပ္ပုရိသ မဖြစ်နိုင်ဘူးလားဘုရား။ ဘယ်ဖြစ်မလဲ။ သူတို့က အရိယာမှ မဟုတ်တာ။ အရိယာမဟုတ်ပေမယ့် အရိယာနွယ်ဝင်တွေပဲ မဟုတ်လားဘုရား။ သည်လိုဆိုတော့ သပ္ပုရိသ မဖြစ်ထိုက်ဘူးလားဘုရား။ မထိုက်ဘူး" ဟူသော (ပစ္စုပ္ပန်ကမ္မဝါဒဘာသာလမ်းညွှန်စာအုပ် နှာ ၇၂-၇၄။) ဟောပြောရေးသားချက်များသည် ပိဋကတ်စာပေများနှင့် မညီသဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြကြသည်။

## စောဒကပုဂ္ဂိုလ်တို့၏ သဘောထား

**" ကတမော စ ဘိက္ခဝေ သပ္ပုရိသော၊ ဣဓ ဘိက္ခဝေ ကေစ္စောပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သပ္ပုရိသော၊ အံ၊၁၊၅၃၉။** အလို-

**သပ္ပုရိသ=** သူတော်ကောင်းဆိုတာ ပါဏာတိပါတစသောကံငါးပါးကို လုံခြုံအောင် စောင့်ထိန်းသူ။

တစ်ဖန် အဿဒ္ဓသုတ်စသည်တို့အလို

**သပ္ပုရိသ=**သဒ္ဓါ ဟိရီ ဩတ္တပ္ပ ဗဟုသုတ အာရဒ္ဓဝီရိယ သတိ ပညာ ဤ(၇)ပါးတို့နှင့် ပြည့်စုံသူ။

**သပ္ပုရိသ=** ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါးတို့နှင့် ပြည့်စုံသူ။

**သပ္ပုရိသ=** သုစရိုက်ဆယ်ပါးလုံးနှင့် ပြည့်စုံသူ။

**သပ္ပုရိသ=** မဂ္ဂင်ရှစ်ပါးတို့နှင့်ပြည့်စုံသူ။ ဟု သိရှိနိုင်ပါသည်။

၄င်းပါဠိတော် မိန့်ဆိုချက်တို့ကို ကြည့်လျှင် ထေရဝါဒဗုဒ္ဓသာသနာတော်၌ သပ္ပုရိသများရှိကြောင်း ထင်ရှားသောကြောင့် အမှတ်(၄၅ )စောဒနာပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်သည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

http://www.dhammadownload.com


## ဝိနည်းစိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၅)စောဒနာလွှာပါ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

မိုးပြာ ရှင်ဉာဏ၏ ရေးသားချက်များကို စိစစ်ကြည့်သောအခါ-

၁။ သပ္ပုရိသ-ကို ဆည်းကပ်မိမှ တရားက သိမှာ-ဆိုရာ၌ သပ္ပုရိသ ဟူသည် အရိယာသာ ဖြစ်သည်။
၂။ အဆိုပါ သပ္ပုရိသမည်သော အရိယာပုဂ္ဂိုလ်များ လောကမှာ မရှိ၊ ထို့ကြောင့် တရားရသူလည်း မရှိ။
၃။ တရားရရေးအတွက် ဆည်းကပ်ရာပုဂ္ဂိုလ် (ဝါ) တရားနည်းလမ်း ကမ္မဋ္ဌာန်းပေးပုဂ္ဂိုလ်မှန်လျှင် သပ္ပုရိသခေါ် အရိယာသာ ဖြစ်ရသည်-ဟု ကောက်ချက်ချနိုင်ပေသည်။

### ၁+၂။ ဤသာသနာ ရဟန္တာ မဆိတ်

မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ဝင်စံခါနီးအချိန်၌ မြတ်ဗုဒ္ဓ၏ ပစ္ဆိမသက္ခိသာဝကဖြစ်သော သုဘဒ္ဒအား-

**"ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ။ပ။ အသုညော လောကော အရဟန္တေဟိ အဿ။"** ဒီ၊ ၂။ ၁၂၄။

ဟူ၍ ဟောတော်မူခဲ့သည် မဟုတ်ပါလော။

ဆိုလိုသည်မှာ အရိယအဋ္ဌင်္ဂိကမဂ် မရအပ်သော ဓမ္မဝိနယ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ (အရိယာ)ရဟန်းတော်များ မရအပ် မရနိုင်။ ဤဓမ္မဝိနယသာသနာ၌ကား အရိယာ **အဋ္ဌင်္ဂိကမဂ်ကို ရအပ်၏။ ထို့ကြောင့်သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ(အရိယာ) ရဟန်းတော်များ ရနိုင်သည်** (ဝါ) ရှိနိုင်သည်။

### အရေးကြီးတာ ကောင်းစွာကျင့်ဖို့

ရဟန်းတော်များသည် **သမ္မာ ဝိဟရေယျုံ**-ကောင်းစွာ ကျင့်ကြံနေထိုင်ကြမည်ဆိုပါက လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ဟူ၍ ဆိုလိုရင်းဖြစ်ပါသည်။

အထက်ပါ စကားရပ်၌ သမ္မာ ဝိဟရေယျုံ-ဟူသော ပါဌ်ကို-အဋ္ဌကထာ၌(ဒီ၊ဋ္ဌ၊၂။၁၈၁။)

**"သမ္မာ ဝိဟရေယျုန္တိ ဧတ္ထ သောတာပန္နော အတ္တနော အဓိဂတဋ္ဌာနံ အညဿ ကထေတွာ တံ သောတာပန္နံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ ပ။ အာရဒ္ဓ-ဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ ဧသ နယော သေသမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကေသု။ ဣဒံ သန္ဓာယာဟ "သမ္မာ ဝိဟရေယျုံ"န္တိ။** ဟု ဖွင့်သည်။

http://www.dhammadownload.com


ဆိုလိုရင်းကား-သောတာပန်ပုဂ္ဂိုလ်သည် မိမိ၏ ရခြင်း၏အကြောင်းဖြစ်သော ဝိပဿနာကို သူတပါးအား ဟောပြော၍ ထိုသူတပါးကို သောတာပန်ဖြစ်အောင်ပြုလျှင် သမ္မာဝိဟရတိ-မည်၏။ (ပ)အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အလေ့အလာပြုအပ်သော ကမ္မဋ္ဌာန်းကို ဟောပြော၍ အခြားသူကိုလည်း သောတာပတ္တိမဂ်အကျိုးငှာ အားထုတ်အပ်သော ဝိပဿနာရှိသူဖြစ်အောင် ပြုလျှင် သမ္မာဝိဟရတိ-မည်၏။

ကြွင်းသော မဂ္ဂတို့၏ အကျိုးငှာ အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်တို့၌ ဤနည်းအတိုင်း ပင်တည်း"ဟူ၍ ဖွင့်ဆိုထားပေသည်။ (ဒီ၊ဋ္ဌ၊၂။၁၈၁။)

ကောင်းစွာ နေထိုင်ကျင့်ကြံကြလျှင်ကား လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ရာ။ ကျူတော ကိုင်းတောများကဲ့သို့ အဆက်မပြတ် ဖြစ်နေရာ၏။"

**"အသုညော လောကော အရဟန္တေဟိ အဿာတိ နဠဝနံ သရဝနံ ဝိယ နိရန္တရော အဿ။"** (ဒီ၊ဋ္ဌ၊၂။၁၈၁။)

ဤစကားများကို ထောက်ထား၍ ဤသာသနာတော်၌ မရွှိမပဇ္ဇိပဒါ အကျင့်မြတ်ဖြစ်သော အရိယအဋ္ဌင်္ဂိကမဂ်ရှိနေ၏။ ထို့ကြောင့် သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ရဟန်းရှိသည်။ ထိုအရိယာရဟန်းများသည် မိမိတို့ သိမြင်အပ်သည့်အတိုင်း တဆင့်ဟောပြောခြင်းဖြင့် အခြားသော ပုဂ္ဂိုလ်များကိုလည်း သောတာပန် စသော ပုဂ္ဂိုလ်များ ဖြစ်အောင် အားထုတ်ကြကာ ကောင်းစွာ ကျင့်ကြံနေထိုင် တော်မူကြသည်ဖြစ်ရာ ရဟန္တာစသော အရိယာသူတော်စင်များ အဆက်မပြတ် ပေါ်ထွန်းနေကြသည်မှာ ယုံမှားဖွယ်ရာမရှိပေ။

ထို့ကြောင့် မိုးပြာ ရှင်ဉာဏ၏ "လောက၌ သပ္ပုရိသခေါ် အရိယာများ မရှိ၊ အရိယာမရှိ သောကြောင့် တရားရသူလည်းမရှိနိုင်"- ဟူသော အဓိပ္ပါယ်ဆောင်သည့် ဟောပြောရေးသားချက် များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်၊အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များသာ ဖြစ်ကြသည်ဟု သုံးသပ်တော်မူကြသည်။

## ၃။ သပ္ပုရိသ ကလျာဏမိတ္တာ

မိုးပြာရှင် ဉာဏ၏ - စကား၌ "တရားရရေးအတွက် ဆည်းကပ်ရာပုဂ္ဂိုလ်၊ ဝါ-တရားနည်းလမ်း ကမ္မဋ္ဌာန်းပေးပုဂ္ဂိုလ်မှန်လျှင် သပ္ပုရိသခေါ် အရိယာပုဂ္ဂိုလ်သာ ပေးရသည်"ဟုလည်း အဓိပ္ပာယ် ထွက်နေရာ ယင်းစကားရပ်ကိုလည်း သုံးသပ်ပေအံ့-

သူသည် သောတာပတ္တိယင်္ဂခေါ် သောတာပတ္တိမဂ်ရခြင်း၏ အကြောင်းတရားလေးပါးတို့တွင် သပ္ပုရိသသံသေဝကို ရည်ညွှန်းလိုဟန် ရှိပေသည်။

သပ္ပုရိသသံသေဝေါတိ ဗုဒ္ဓါဒီနံ သပ္ပုရိသာနံ ဥပသင်္ကမိတွာ သေဝနံ။ (ဒီ၊ဋ္ဌ၊၃။၂၀၃။)

http://www.dhammadownload.com


ဤ၌ သပ္ပုရိသ-ဟူသည် ဘုရားအစရှိသော ပုဂ္ဂိုလ်များကို **(အာဒိသဒ္ဒါ သတိပြု)** ဆိုလို၏။ ၎င်းသူတော်ကောင်းတို့ကို ချဉ်းကပ်၍ မှီဝဲခြင်း-ဟု ဖွင့်ဆိုပါသည်။ ထို့ကြောင့် သပ္ပုရိသ-အရ ဘုရားရှင်, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက, ရဟန္တာများမှ စ၍(မှန်ကန်စွာ ဟောပြောပြသနိုင်သည့်) ပုထုဇဉ်သူတော်ကောင်းများကိုပါ ယူနိုင်ပေသည်။

ထို့ကြောင့်-ဝိသုဒ္ဓိမဂ်၊ ပဌမအုပ်၊နှာ-(၉၄၊၉၅)တို့၌ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ ဟူသော တည်ပုဒ်၏ အနက်, အဓိပ္ပာယ်တို့ကို ဖွင့်ပြရာတွင်-

**"ကလျာဏမိတ္တ'န္တိ- ပိယော ဂရု ။ပ။ နိယောဇကောတိ။**

**ဧဝမာဒိဂုဏသမန္နာဂတံ ဧကန္တေန ဟိတေသိံ ဝုဍ္ဎိပက္ခေ ဋ္ဌိတံ ကလျာဏမိတ္တံ။**

မမံ ဟိ အာနန္ဒ ။ပ။ သမ္မာသမ္ဗုဒ္ဓေါယေဝ သဗ္ဗာကာရသမ္ပန္နော ကလျာဏမိတ္တော' ။ပ။ တသ္မာ သစေ ဓိဏာသဝံ ဟောတိ။ ဣစ္စေတံ ကုသလံ။ နော စေ လဘတိ။ အနာဂါမိ သကဒါဂါမိ သောတာပန္န ဈာနလာဘီ ပုထုဇ္ဇန- **တိပိဋကဓရဒွိပိဋကဓရဧကပိဋကဓရေသု ပုရိမဿ ပုရိမဿ သန္တိကေ။ပ။**

ပုဗ္ဗေ ဝုတ္တခီဏာသဝါဒယော စေတ္ထ၊ အတ္တနာ **အဓိဂတမဂ္ဂမေဝ အာစိက္ခန္တိ။** ဗဟုဿုတော ပန တံ တံ အာစရိယံ ဥပသင်္ကမိတွာ ဥဂ္ဂဟပရိပုစ္ဆာနံ ဝိသောဓိတတ္တာ ဣတော စိတော စ သုတ္တဉ္စ ကာရဏဉ္စ သလ္လက္ခေတွာ သပ္ပါယာသပ္ပါယံ ယောဇေတွာ **ဂဟနဋ္ဌာနေ ဂစ္ဆန္တော မဟာဟတ္ထီ ဝိယ မဟာမဂ္ဂံ ဒဿေန္တော ကမ္မဋ္ဌာနံ ကထေဿတိ၊ တသ္မာ ဧဝရူပံ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ တဿ ဝတ္တပဋိပတ္တိံ ကတွာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ**- ဟူ၍ ဖွင့်ပြထားပေသည်။ (ဝိသုဒ္ဓိ၊၁။၉၄၊၉၅။)

မြန်မာပြန်- ကမ္မဋ္ဌာန်းကို ပေးတတ်သော မိတ်ဆွေကောင်းဟူသည်မှာ ပိယ၊ဂရု၊ ဘာဝနီယ စသော ဂုဏ်တို့နှင့်ပြည့်စုံသော ဧကန်မုချ အကျိုးစီးပွားကို ရှာတတ်သော သီလ, သမာဓိ, ပညာ ကြီးပွားရေးအဖို့၌ တည်သော မိတ်ဆွေကောင်းပေတည်း။

အာနန္ဒာ "ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို အကြောင်းပြု၍ **ပဋိသန္ဓေနေခြင်းသဘော ရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကြကုန်၏"** ဤသို့အစရှိသည်ကို ဟောတော်မူခြင်းကြောင့် မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော မိတ်ဆွေကောင်းမည်ပေသည်။ ထို့ကြောင့်- မြတ်စွာဘုရားရှိတော်မူလျှင် ထိုမြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးဖြစ်လျှင်မူကား ရှစ်ကျိပ်သော မဟာသာဝက တို့တွင် ။လ။ သက်တော်ထင်ရှားရှိသော ။လ ။ မဟာသာဝက၏ အထံ၌ ကမ္မဋ္ဌာန်းကို ယူခြင်းငှာ သင့်ပေသည်။ (ပ)ထို့ကြောင့် အကယ်၍ ကမ္မဋ္ဌာန်းပေးတတ်သူ ရဟန္တာကို ရငြားအံ့ ဤသို့ရခြင်းသည် ကောင်းလှပေ၏။ အကယ်၍ မရငြားအံ့ အနာဂါမ် ၊သကဒါဂါမ်၊ သောတာပန်၊ ဈာန်ရပုထုဇဉ်နှင့် ပိဋကသုံးပုံဆောင်၊ နှစ်ပုံဆောင်၊ တစ်ပုံဆောင်ပုထုဇဉ် ပုဂ္ဂိုလ်တို့တွင် ရှေးရှေးပုဂ္ဂိုလ်၏ အထံ၌ ယူသင့်ပေသည်။

http://www.dhammadownload.com


ပိဋကတစ်ပုံဆောင် ပုဂ္ဂိုလ်ပင် မရှိလသော် နိကာယ်တစ်ခုမျှသော်လည်း အဌကထာနှင့် တကွ ကျေပွန်စွာ လေ့လာထား၍ လဇ္ဇီပုဂ္ဂိုလ်လည်းဖြစ်သော သူ၏အထံ၌ ကမ္မဋ္ဌာန်းကို ယူသင့်ပေသည်။ သုတ်ပါဠိတော်ကို ဆောင်သော ဘုရားနှင့် ဘုရားတပည့် သာဝကတို့၏ ဂုဏ်ကျေးဇူးအနွယ်ကို အစဉ်စောင့်ရှောက်သော ဆရာအစဉ်အဆက်၏ သင်ရိုးကို အစဉ်ထိန်းသိမ်းသော ဤကဲ့သို့သော ဆရာသည် မိမိဆရာ၏ အယူအဆကိုသာ ပြတတ်၏။ မိမိ၏ အယူကို မပြတတ်ပေ။ ထို့ကြောင့်ပင် ရှေးမထေရ်ကျော်တို့သည် "လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ" ဟု သုံးကြိမ်တိုင်တိုင် မိန့်ဆိုကြလေပြီ။

ဤဖော်ပြခဲ့ပြီးသော ဤကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းတို့တွင် ရှေး၌ ဆိုခဲ့သော ရဟန္တာ အစရှိသည်တို့သည် မိမိရထားသော အကျင့်လမ်းကိုသာလျှင် ပြောဆိုတတ်ကြသည်။

အကြားအမြင်များသော ကမ္မဋ္ဌာန်းဆရာသည်ကား ထိုထိုဆရာ သို့ ချဉ်းကပ်၍ ပါဠိ အဌကထာတို့ကို ကျေပွန်စွာ လေ့လာခြင်းဖြင့် သုတ်သင်ထားပြီးဖြစ်သောကြောင့် ထိုထိုနိကာယ် ထိုထိုကမ္မဋ္ဌာန်းနှင့် လျော်သော သုတ်ကိုလည်းကောင်း၊ ထိုသုတ်သို့ အစဉ်လိုက်သော အကြောင်းယုတ္တိကိုလည်းကောင်း ကောင်းစွာ မှတ်သားလျက် လျော်သည် မလျော်သည်ကို ယှဉ်စေ၍ ခြုံပိတ်ပေါင်းထူသော အရပ်၌သွားသော ဆင်ပြောင်ကြီးကဲ့သို့ ကမ္မဋ္ဌာန်းအစီအရင် ဟူသော လမ်းမကြီးကို ပြလျက် ကမ္မဋ္ဌာန်းကို ဟောပေလိမ့်မည်။

ထို့ကြောင့်-ကမ္မဋ္ဌာန်းပေးတတ်သော ဤသို့သဘောရှိသော မိတ်ဆွေကောင်းသို့ ချဉ်းကပ်၍ ထိုကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းအား ပြုသင့်သော ဝတ်အကျင့်ကို ပြု၍ ကမ္မဋ္ဌာန်းကို ယူသင့်ပေသည်။

(မဟာစည်ဆရာတော် ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ပထမအုပ်၊ နှာ-၂၆၅-၉)

## ခြုံငုံသုံးသပ်ချက်

ဤမိန့်ဆိုချက်များကို ထောက်၍ ကမ္မဋ္ဌာန်းတရားပေးသူ တရားပြသူသည် သပ္ပုရိသခေါ် အရိယာသာ မဟုတ် ဗဟုသုတပြည့်စုံသော ပုထုဇဉ်ပုဂ္ဂိုလ်များလည်း ပေးနိုင်ကြောင်း သိရပေသည်။

ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ရပ်တည်လျက် ကမ္မဋ္ဌာန်းပေးသည့်အတွက် ကျင့်ကြံအားထုတ်သူများ အရိယာဖြစ်သွားကြပုံများကို ရှေ့တွင် သုံးသပ်တင်ပြခဲ့ပြီး ဖြစ်ပေသည်။

ရှင်မိုးပြာ ရေးသားထားသော စကားရပ်များသည်ကား သာသနာတော်ကိုအထင်သေး စော်ကားလျက် ရေးသားပုတ်ခတ်ထားရုံမျှမက မဟာသာဝဇ္ဇဖြစ်သည့် အရိယူပဝါဒကံပါ ထိုက်ဖွယ်အခြေအနေ ဆိုက်နေပေ၏။

ထို့ကြောင့်- စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၅)စောဒနာလွှာပါ "ထေရဝါဒဗုဒ္ဓသာသနာတော်၌သပ္ပုရိသ(အရိယာ)မရှိ"ဟု စွပ်စွဲခြင်းနှင့် စပ်လျဉ်း၍ ဟောပြော ရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များဖြစ်သည်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော် မူကြသည်။

စောဒကဆရာတော်များ တင်ပြသော သပ္ပုရိသအမည်ရသူ ပုဂ္ဂိုလ်များ၏ ပါဠိသာဓကများကား ဤနေရာ၌ ပမာဏမမြောက်-ဟုလည်း သုံးသပ်တော်မူကြ၏။

http://www.dhammadownload.com

## ဆုံးဖြတ်ချက်

သို့ပါ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၅)စောဒနာလွှာပါ "ထေရဝါဒဗုဒ္ဓသာသနာတော်၌ သပ္ပုရိသ(အရိယာ)မရှိ"ဟု စွပ်စွဲခြင်းနှင့် စပ်လျဉ်း၍ ဟောပြောရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြောရေးသားချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် ( ၁၇ ) အဖွဲ့ဝင် ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၄၆)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

မိုးပြာကျောင်းမှ ပေးစာများ-၁ (မိုးပေါက်ကျချောင်) စာအုပ် နှာ -၃၃၀-၌ အရှင်ဉာဏ ဟောပြော ရေးသားထားသော-

"ပဋ္ဌာန်းရွတ်ပွဲတွေက ထေရဝါဒဘုန်းကြီးတွေ ရွတ်ကြတာဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်ကလည်း ထေရဝါဒက ခွဲလာကာစဆိုတော့ သူတို့လုပ်တာကို ကိုယ်လုပ်တာလိုလို မမှတ်မိအောင် မတတ်နိုင် ဖြစ်ကြရတယ်။ ဓမ္မဝိဟာရီတို့အမြင်မှာ ပဋ္ဌာန်းဟာ ဘုရားဟောတာ မဟုတ်ပါဘူး။ ဒါပေမယ့် ထေရဝါဒ ဗုဒ္ဓဘာသာတွေရဲ့ အမြင်မှာတော့ ပဋ္ဌာန်းဟာ ဘုရားဟောရုံတင်မကဘဲ သာသနာတော်အတွက် အလွန်အရေးကြီးကျမ်းတော် ဖြစ်ပါတယ်။သာသနာကွယ်လျှင် ပဋ္ဌာန်းကစပြီး ကွယ်ပျောက်မယ် ဆိုလို့တောင် အမှတ်အသား ရှိကြပါတယ်။ ဒါကြောင့် သာသနာမကွယ်အောင်လို့ အသံမစဲအောင် ရွတ်ပွဲတွေ ကျင်းပကြတာ ဖြစ်ပါသည်။" ဟူသော (မိုးပြာကျောင်းမှပေးစာများ-၁ (မိုးပေါက်ကျချောင်) စာအုပ် နှာ - ၃၃၀) ဟောပြောရေးသားချက်သည် ထေရဝါဒ ပါဠိအဋ္ဌကထာ စသည်တို့၌ လာရှိသော ပိဋကတ်စာပေများနှင့် မညီသဖြင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြ လျှောက်ထားကြသည်။

### ၁။ စောဒကတို့၏ သဘောထား

" အနာပတ္တိ န ဝိဝဏ္ဏေတုကာမော "ဣင်္ဃ တွံ သုတ္တန္တေ ဝါ ဂါထာယော ဝါ အဘိဓမ္မံ ဝါ ပရိယာပုဏဿု၊ ပစ္ဆာ ဝိနယံ ပရိယာ ပုဏိဿသီတိ ဘဏတိ၊ ဉမ္မတ္တကဿ အာဒိကမ္မိကဿာတိ။ (ဝိ၊၂။၁၈၉။)

မြန်မာပြန်

ဝိနည်းကို ကဲ့ရဲ့လိုသော စိတ်မရှိဘဲ"သင်သည် ရှေးဦးစွာ သုတ္တန်ပါဠိတော်များ, ဂါထာများကို ဖြစ်စေ၊ အဘိဓမ္မာကိုဖြစ်စေ သင်နှင့်ပါ၊ နောက်အခါ ဝိနည်းကို သင်ရပါလိမ့်မည်၊ ဤသို့ပြောလျှင် အာပတ်မသင့်၊ ရူးသွပ်၍ ပြောမိပြောရာ ပြောသော ရဟန်း, လက်ဦး လွန်ကျူးပြောမိသော ရဟန်းအား အာပတ်မသင့်။ (ဝိလေခနသိက္ခာပုဒ်)။

ပဥ္စံ ပုစ္ဆေယျာတိ သုတ္တန္တေ ဩကာသံ ကာရာပေတွာ ဝိနယံ ဝါ အဘိဓမ္မံ ဝါ ပုစ္ဆတိ၊ အာပတ္တိ ပါစိတ္တိယဿ၊ ဝိနယေ ဩကာသံ ကာရာပေတွာ သုတ္တန္တံ ဝါ အဘိဓမ္မံ ဝါ ပုစ္ဆတိ၊ အာပတ္တိ ပါစိတ္တိယဿ၊ အဘိဓမ္မေ ဩကာသံ ကာရာပေတွာ သုတ္တန္တံ ဝါ ဝိနယံ ဝါ ပုစ္ဆတိ၊ အာပတ္တိ ပါစိတ္တိယဿ။ (ဝိ၊၂။၄၆၀။)

မြန်မာပြန်

ပဥ္စံ ပုစ္ဆေယျ-ဟူသည်ကား သုတ္တန်၌ အခွင့်တောင်းပြီး ဝိနည်းကိုဖြစ်စေ၊ အဘိဓမ္မာ ကို ဖြစ်စေ မေးလျှင် ပါစိတ်အာပတ် သင့်၏၊ ဝိနည်း၌ အခွင့်တောင်းပြီး သုတ္တန်ကိုဖြစ်စေ၊ အဘိဓမ္မာကိုဖြစ်စေ မေးလျှင် ပါစိတ်အာပတ် သင့်၏၊ အဘိဓမ္မာ၌ခွင့်တောင်းပြီး သုတ္တန်ကို ဖြစ်စေ ဝိနည်းကိုဖြစ်စေ မေးလျှင် ပါစိတ်အာပတ်သင့်၏ (ဘိက္ခုနီ ပဉှာပုစ္ဆန သိက္ခာပုဒ်)" ဟု ဟောတော်မူထားသောကြောင့်လည်းကောင်း၊

တဒနန္တရံ မဟာပကရဏံ နာမ။ ပဋ္ဌာနန္တိပိ တဿေဝ နာမံ။ တံ "ဟေတုပစ္စယော အာရမ္မဏပစ္စယော (ပ) အဝိဂတပစ္စယော" တိ ပစ္စယဝသေန တာဝ စတုဝီသတိဝိဓေန ဝိဘတ္တံ။ (အဘိ၊၄၊၁။၉။)

http://www.dhammadownload.com


ထိုယမိုက်ကျမ်း၏ အခြားမဲ့၌ (ဟောတော်မူအပ်သော အဘိဓမ္မာကျမ်းသည်) မဟာပကရဏ မည်၏။ ပဋ္ဌာန (ပဋ္ဌာန်း) လည်းမည်၏။ ဟေတုပစ္စယော အာရမ္မဏပစ္စယော (ပ) အဝိဂတပစ္စယော ဟူ၍ပစ္စယ၏အစွမ်းဖြင့် (၂၄)ပါး အပြားအားဖြင့်ဝေဖန်အပ်သောကျမ်းဖြစ်၏ဟု မိန့်ဆိုထားသောကြောင့်လည်းကောင်း ပဋ္ဌာန်းကျမ်းသည်ဘုရားဟောဖြစ်ကြောင်း ထင်ရှားလှပါ သည်ဘုရား။

သို့အတွက်ကြောင့် အမှတ်(၄၆)စောဒနာလွှာပါ အရှင်ဉာဏ၏ ဟောပြောရေးသားချက်တို့သည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်ပါကြောင်း စောဒကတို့၏ သဘောတားကို တင်ပြကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၆)စောဒနာလွှာပါ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

## "လူသေလူဖြစ် နောက်လိုက် မိုးပြာ"

မိုးပြာရှင်ဉာဏသည်- လူသေလူဖြစ်ဝါဒကို မျိုးစေ့ချပေးသွားသော ဦးဥက္ကဋ္ဌနှင့် သမ္မာဒိဋ္ဌိ သုတေသနဆိုသူတို့၏ အဘိဓမ္မာကို ဘုရားမဟော-ဟု ပြောဆိုချက်များနောက် သံယောင်လိုက်ကာ ပဋ္ဌာန်းအဘိဓမ္မာကို ဘုရားမဟောဟု ပြောဆိုရေးသားခြင်းသာ ဖြစ်သည်။

ထိုသူတို့သည် ဝိနည်းစူဠဝါ ပါဠိတော်ပဉ္စသတိက သင်္ဂီတိက္ခန္ဓက၌-

**"ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ၊ ပုရေ အဓမ္မော ဒိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယျတိ"**

**ငါ့ရှင်တို့. အဓမ္မမထွန်းပမီ ဓမ္မပစ်ပယ်ခြင်း မခံရမီ ဓမ္မနှင့် ဝိနယကို ပေါင်းစုရွတ်ကာ သင်္ဂါယနာတင်ကြကုန်အံ့**-ဟူသော အရှင်မဟာကဿပထေရ်၏ မိန့်တော်မူချက်ကို အခိုင်အမာ ဆုပ်ကိုင်ကြကာ အဘိဓမ္မာပိဋကကို ဘုရားမဟော၊ နောက်မှ သာဝကတွေ ထွင်ထားတာ-ဟူသော သူများပြောစကား နားစွန်နားဖျား ကြားသဖြင့် ပြောခဲ့ကြဘူးပေသည်။ ဆိုလိုသည်မှာ- အဘိဓမ္မာကို ဘုရားဟောခဲ့ပါလျှင် ဓမ္မဉ္စ ဝိနယဉ္စ အဘိဓမ္မဉ္စသင်္ဂါယာမ-ဟု မလွဲမသွေ မိန့်ဆိုပေလိမ့်မည်။ အဘိဓမ္မာသည် ဘုရားဟောအနေဖြင့် မရှိခဲ့၍သာ မဆိုခြင်းဖြစ်သည်-ဟု ယူဆပြောဆိုခြင်းဖြစ်၏။

## နေယျတ္ထနည်း အာဒိဒီပကနည်း ဧကဒေသနည်း ဥပလက္ခဏနည်း

စင်စစ်မူကား- ဤအရာဌာနသည် ပြသမျှကို နီတတ္ထ အထင်အရှိအတိုင်း သိရ ယူရမည့် အရာ မဟုတ်။ ဆောင်၍ သိအပ်သောနည်း၊ အစကို ဆို၍ အလယ်အဆုံး အားလုံးကို သိရသောနည်း၊ အစိတ်ကို ဆိုသဖြင့် အပေါင်းအားလုံးကို သိရသောနည်း၊ အစိတ်ကို မှတ်၍ဆိုသဖြင့် အပေါင်းကို သိရသောနည်းတို့ဖြင့် ပြဆိုထားသော အရာဌာန ဖြစ်သည်။

http://www.dhammadownload.com


အဆိုပါ ပဌမသင်္ဂါယနာမှတ်တမ်းတွင် ဝိနယနှင့် စပ်လျဉ်း၍ ပဌမပါရာဇိက သိက္ခာပုဒ်ကို အစပြုလျက် နိဒါန ပုဂ္ဂလ ဝတ္ထုစသည်တို့ကို ရှင်မဟာကဿပမထေရ်က မေးမြန်း၏။ အရှင်ဥပါလိ မထေရ်က မေးမြန်းသမျှ ဖြေတော်မူ၏။ ယင်းနောက် ငါးရာသော သံဃာတော်များက စုပေါင်းရွတ်ဆိုကာ သင်္ဂါယနာ တင်တော်မူကြသည်။ ဤအစဉ်မျှလောက်သာ ထင်ရှားစေရန်အတွက် အမြွက်လောက်ပင် မှတ်တမ်းတင်ထားပေသည်။

ဓမ္မနှင့် စပ်ဆိုင်ရာ၌လည်း အရှင်မဟာကဿပမထေရ်သည် အရှင်အာနန္ဒာထေရ်အား ဗြဟ္မဇာလသုတ် ဟောတော်မူရာဌာန, အကြောင်းပြု၍ ဟောရာပုဂ္ဂိုလ်, ဟောရခြင်းအကြောင်းများကို မေးမြန်းဖြေကြား၍ ပြီးသောအခါ စုပေါင်းရွတ်ဆို၍ သင်္ဂါယနာ တင်တော်မူကြပုံကို အမြွက်မျှသာ မှတ်တမ်းတင်ထားပေသည်။

ထိုအမေးအဖြေတို့တွင် ပါဝင်သော သိက္ခာပုဒ်တို့ကိုသာ ဘုရားဟောဟု ယူရသည် မဟုတ်၊ ယင်းတို့ကို ဘုရားဟောသကဲ့သို့ ကြွင်း သိက္ခာပုဒ်တို့ကိုလည်း အမေး အဖြေတွင် ပါဝင်သော သိက္ခာပုဒ်တို့နည်းတူ ဘုရားဟောသာဟု သိစေနိုင် သော နေယျတ္ထနည်း စသည်တို့ဖြင့် သင်္ဂါယနာ မှတ်တမ်း၌ ဆိုထားပါသည်။

သုတ္တန်ဓမ္မဆိုင်ရာ၌ သုတ်တစ်သုတ်မျှ နမူနာအဖြစ် မေးဖြေပြလျှင် ကြွင်းသုတ်တို့ကိုလည်း မေးဖြေပုံကို သိရှိရသကဲ့သို့ပင် ဓမ္မဟူသော စကားလုံး၌ အကျုံးဝင်လျက် ပါရှိသော အဘိဓမ္မာနှင့် စပ်၍လည်း မေးကာဖြေကာ သင်္ဂါယနာတင်တော်မူ သွားကြသည်ကို သိရှိနိုင်ပါပေသည်။

## "ဘုရားကို မဟုတ်မမှန် စွပ်စွဲသူ မိုးပြာ"

ပိဋကကျမ်းဂန်များကို လေ့လာရာ၌ နီတတ္ထ-မုချအနက်၊ နေယျတ္ထ-ဆောင်၍သိအပ်သောအနက် ဝါ-ဥပစာအနက်ဟု နှစ်မျိုးခြားနားလေ့လာကြရင် နီတတ္ထစကားကို နေယျတ္ထဟု မလုပ်ကောင်း၊ နေယျတ္ထစကားကိုလည်း နီတတ္ထဟု မလုပ်ကောင်းပေ။ ထို့ကြောင့်- (အံ၊၁။၆၁)၌-

ဒွေ မေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ? ယော စ နေယျတ္ထံ သုတ္တန္တံ နီတတ္ထော သုတ္တန္တောတိ ဒီပေတိ။ ယော စ နီတတ္ထံ သုတ္တန္တံ နေယျတ္ထော သုတ္တန္တောတိ ဒီပေတိ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ တထာဂတံ အဗ္ဘာစိက္ခန္တိ။

ဆိုလိုရင်းကား- ဆောင်၍သိအပ်သော အနက်ရှိသော ပါဠိကို တိုက်ရိုက် သိအပ်သော အနက်ရှိသော ပါဠိဟု ပြသူ၊ တိုက်ရိုက်သိအပ်သောအနက်ရှိသော ပါဠိကို ဆောင်၍ သိအပ်သော အနက်ရှိသော ပါဠိဟုပြသူ၊ ပုဂ္ဂိုလ်နှစ်ယောက်တို့သည် မြတ်စွာဘုရားကို စွပ်စွဲကြသူတွေဖြစ်ကြောင်း ဟောတော်မူခြင်း ဖြစ်သည်။

## ဓမ္မအရကောက်နှစ်မျိုး

ဤနေရာ၌-ဓမ္မချည်းသက်သက် "ဓမ္မံ ပရိယာပုဏန္တိ"-စသည်ဖြင့် ဆိုရာ၌ ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ်သုံးပုံလုံးကို ဆိုသော်လည်း ဝိနည်းနှင့် တွဲဘက်ဆိုရာ၌ကား ဝိနည်းမပါတော့ပေ။ သုတ္တန် အဘိဓမ္မာ ပိဋကတ် နှစ်မျိုးကိုသာ ယူရ၏။ (ဓမ္မအရတွင်လည်း သုတ္တန်ပိဋကတ်ကိုသာ ဆိုသည်။ အဘိဓမ္မာပိဋကတ်မပါဝင်ဟုလည်း မဆိုရပေ။ )

http://www.dhammadownload.com


**အဝိသေသေန သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ကိလေသဝိနယနေန ဝိနယော, ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရဏေန ဓမ္မော။ပ။**

**အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော, ခန္ဓာဒိဝသေန သဘာဝဓမ္မဒေသနာဘာဟုလ္လတော၊ အထ ဝါ ယဒိပိ ဓမ္မောယေဝ ဝိနယောပိ, ပရိယတ္တိယာဒိဘာဝတော, ဝိနယသဒ္ဒ- သန္နိဓာနေ ပန ဘိန္နာဓိကရဏဘာဝေန ပယုတ္တော ဓမ္မ-သဒ္ဒေါ ဝိနယတန္တိဝိရဟံ တန္တိံ ဒီပေတိ ယထာ "ပုညဉာဏသမ္ဘာရာ, ဂေါဗလိဗဒ္ဒ" န္တိ စ၊** (ဒီ၊ဋီ၊၁။၂၄။)

တစ်ချို့က ဆိုကြပေသေး၏။ ဘာဏကစာရင်းတွင် အဘိဓမ္မာဘာဏကဟူ၍ မရှိသောကြောင့်- ဘုရားလက်ထက်တွင် အဘိဓမ္မပိဋကတ်မရှိ၊ ထို့ကြောင့် အဘိဓမ္မာဘာဏက-ဟု မသုံးနှုန်းခြင်းဖြစ်သည် ဟုလည်း ဆိုကြသေး၏။

ဘုရားဟော ပါဠိတော်များ၌ အဘိဓမ္မာဟူ၍ အသုံးနှုန်းရှိခဲ့ကြောင်းကို ဓောဒကဆရာတော် များက ဂိနယပိဋကတ် ပါစိတ်ပါဠိတော်လာ-

၁။ ဝိလေခနသိက္ခာပုဒ်(ဝိ၊၂။၁၈၉။)စကားရပ်တို့ဖြင့်လည်းကောင်း၊

၂။ ဘိက္ခုနီ ပဥှာပုစ္ဆနသိက္ခာပုဒ်(ဝိ၊၂။၄၆၀)စကားရပ်တို့ဖြင့်လည်းကောင်း သာဓကပြခဲ့ကြပြီး ဖြစ်ပေသည်။ ယခုဆက်လက်၍ သုတ္တန်ပါဠိစကားရပ်တို့ဖြင့် ပိဋကတ်သုံးပုံထဲမှ အဘိဓမ္မာ ပိဋကကို အထင်အရှား ညွှန်ပြနေပုံကို သာဓကပြပေဦးအံ့။

**သုတ္တန္တံ အဘိဓမ္မဉ္စ၊ ဝိနယဉ္စာပိ ကေဝလံ။**
**နဝင်္ဂံ ဗုဒ္ဓဝစနံ၊ ဧသော ဓမ္မသဘာ တဝ။** (အပ၊၁။၄၈။)

(မြန်မာပြန်)သုတ္တန်၊ အဘိဓမ္မာနှင့် ဝိနယပိဋကတစ်ခုလုံးသည်လည်းကောင်း၊ ကိုးပါးသော အင်္ဂါရှိသော ဘုရားစကားတော်သည်လည်းကောင်း၊ ဤအလုံးစုံသည် သင်၏ ဓမ္မသဘင်ဖြစ်သည်။

မြတ်စွာဘုရားကိုယ်တော်တိုင် ဥပါလိထေရ်အား မိန့်တော်မူအပ်သော အထက်ပါဂါထာ၌ ပိဋကသုံးပုံကို တိုက်ရိုက်မြွက်ဆိုထားကြောင်း တွေ့မြင်နိုင်သည်။

တစ်ဖန် မူလပဏ္ဏာသ မဟာဂေါသိင်္ဂသုတ်၌ အရှင်မောဂ္ဂလာန်၏ လျှောက်ထားချက်ကိုလည်း လေ့လာကြည့်နိုင်ပေသည်။

"ဣဓာဝုသော သာရိပုတ္တ ဒွေ ဘိက္ခူ အဘိဓမ္မကထံ ကထေန္တိ၊ တေ အညမညံ ပဉှံ ပုစ္ဆန္တိ၊ အညမညဿ ပဉှံ ပုဋ္ဌာ ဝိဿဇ္ဇေန္တိ၊ နော စ သံသာဒေန္တိ၊ ဓမ္မီ စ နေသံ ကထာ ပဝတ္တိနီ ဟောတိ၊ ဧဝရူပေန ခေါ အာဝုသော သာရိပုတ္တ ဘိက္ခုနာ ဂေါသိင်္ဂသာလဝနံ သောဘေယျ" (မ၊၁၊၂၇၅)

(မြန်မာပြန်) ငါ့သျှင် သာရိပုတြာ ဤသာသနာတော်၌ ရဟန်းနှစ်ပါးတို့သည် အဘိဓမ္မာစကားကို ပြောဆိုကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း ပြဿနာကိုလည်း

http://www.dhammadownload.com



မေးကြကုန်၏။ အချင်းချင်းမေးအပ်သော ပြဿနာကိုလည်း ဖြေဆိုကြကုန်၏။ မေးရန်ဖြေရန် မစွမ်းနိုင်သည် မဟုတ်ကုန်၊ ထိုရဟန်းတို့အား တရားနှင့် စပ်သော စကားသည်လည်း မပြတ်ဖြစ်ခြင်းရှိ၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏-ဟု လျှောက်၏။

ဂေါသိင်္ဂ အင်ကြင်းတောကြီးအတွင်း၌ အလွန်ကျော်စောထင်ရှားသော ထေရ်တပည့်သာဝက ဖြစ်ကြသည့် အသျှင်သာရိပုတြာ, အသျှင်မဟာမောဂ္ဂလ္လာန်, အသျှင်မဟာကဿပ, အသျှင်အနုရုဒ္ဓါ, အသျှင်ရေဝတ, အသျှင်အာနန္ဒာတို့၏ ဆွေးနွေးပွဲ၌ အသျှင်သာရိပုတြာ၏မေးမြန်းချက်ကို အသျှင်မဟာမောဂ္ဂလ္လာန်ဖြေဆိုလျှောက်ထားချက်ဖြစ်သည်။

ဤအသျှင်မဟာမောဂ္ဂလ္လာန်၏ လျှောက်ထားချက်၌ အဘိဓမ္မာပိဋကကို ရည်ညွှန်းသော အဘိဓမ္မကထံ- ဟူသောစကားကို တွေ့မြင်ရမည်ဖြစ်သည်။

တစ်ဖန် အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယအုပ်(၉၄)၌-

**"ပုန စ ပရံ ဘိက္ခဝေ ဘဝိဿန္တိ ဘိက္ခူ အနာဂတမဒ္ဓါနံ ။ပ။ အဘာဝိတပညာ အဘိဓမ္မကထံ ဝေဒလ္လကထံ ကထေန္တာ ကဏှဓမ္မံ ဩက္ကမမာနာ န ဗုဇ္ဈိဿန္တိ"။**

(မြန်မာပြန်) ရဟန်းတို့ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ။ ပ။ ပညာကို မပွါးကြကုန်သည်ဖြစ်ပါလျက် အဘိဓမ္မကထာနှင့် ဝေဒလ္လကထာကို ပြောဟော ကုန်လျက် မည်းညစ်သော အကုသိုလ်တရားများသို့ သက်ရောက်ကြကုန်သည်ဖြစ်၍ သိမြင်နိုင်ကြလိမ့်မည် မဟုတ်ကုန်။ ဤသို့ ဟောတော်မူ အပ်သော အနာဂတဘယသုတ်၌ လည်း အဘိဓမ္မကထံ-ဟူသော စကားကို တွေ့မြင်နိုင်ပေသည်။

တစ်ဖန် အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယအုပ် (အံ၊၂၃၄၄)၌-

**"တေန ခေါ ပန သမယေန သမ္ဗဟုလာ ထေရာ ဘိက္ခူ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာ မဏ္ဍလမာဠေ သန္နိသိန္နာ သန္နိပတိတာ အဘိဓမ္မကထံ ကထေန္တိ တတြာသုဒံ အာယသ္မာ စိတ္တော ဟတ္ထိသာရိပုတ္တော ထေရာနံ ဘိက္ခူနံ အဘိဓမ္မကထံ ကထေန္တာနံ အန္တရန္တရာ ကထံ ဩပါတေတိ"။**

(မြန်မာပြန်) ထိုအခါ များစွာသော မထေရ်ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွာခဲ့၍ တန်ဆောင်းဝန်း၌ စုဝေးနေထိုင်ကြလျှက် အဘိဓမ္မာနှင့် စပ်သောစကားကို ပြောဆိုကုန်၏။ ထိုသို့ပြောဆိုရာ၌ ဆင်ဆရာသား အသျှင်စိတ္တသည် မထေရ်ကြီးတို့ အဘိဓမ္မာနှင့် စပ်သောစကားကို ပြောဆိုနေကြကုန်စဉ် အကြားအကြား၌ စကားဝင်ရောက်ပြောဆို၏။-ဟူ၍ မိန့်ဆိုအပ်သောစကား၌လည်း အဘိဓမ္မာပိဋကကို ရည်ညွှန်းသော အဘိဓမ္မကထံကို တွေ့မြင်နိုင်ပေသည်။

http://www.dhammadownload.com



ဤပြဆိုပြီးသော ပါဠိအထောက်အကားများအရ ဘုရားရှင်လက်ထက်တော်၌ပင် အဘိဓမ္မာ ပိဋက ထင်ရှားရှိခဲ့ကြောင်း သိနိုင်ပေသည်။ အဋ္ဌသာလိနီ အဋ္ဌကထာ(စာ-၄)၌-

**" ပကရဏပရိစ္ဆေဒတော ပနေသ ဓမ္မသင်္ဂဏီဝိဘင်္ဂဓာတုကထာပုဂ္ဂလပညတ္တိ-ကထာဝတ္ထုယမကပဋ္ဌာနာနံ သတ္တန္နံ ပကရဏာနံ ဝသေန ဋ္ဌိတော အယမေတ္ထ အာစရိယာနံ သမာနကထာ" ။ (အဘိ၊ဋ္ဌ၊၁။၄။)**

(မြန်မာပြန်) အဖို့တစ်ပါးကား ဤအဘိဓမ္မာပါဠိတော်သည် ကျမ်း၏ ပိုင်းခြား ကြောင်း သချာအားဖြင့် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ် ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းဟူကုန်သော (၇)ကျမ်းတို့၏ အပြား အားဖြင့် တည်၏။ ဤစကားသည် ဤပကရဏပရိစ္ဆေဒကို ပြရာ၌ အဋ္ဌကထာဆရာတို့၏ တူမျှသော စကားတည်း-ဟူသော မိန့်ဆိုချက်အရ အဘိဓမ္မာကျမ်း**ပေါင်း**(၇)ကျမ်း ဖြစ်ကြောင်း ၎င်းအဘိဓမ္မာ(၇)ကျမ်းတွင် ပဋ္ဌာန်းကျမ်းသည် ၇-ခုမြောက်ကျမ်းတော်ကြီး ဖြစ်ကြောင်း သိသာထင်ရှားပေပြီ။

အဋ္ဌသာလိနီ အဋ္ဌကထာ(နှာ-၉)၌- (အဘိ၊ဋ္ဌ၊၁။၉။)

**'တဒနန္တရံ မဟာပကရဏံ နာမ။ ပဋ္ဌာနန္တိပိ တဿေဝ နာမံ။ တံ "ဟေတု-ပစ္စယော အာရမ္မဏပစ္စယော ။ပ။ အဝိဂတပစ္စယောတိ"ပစ္စယဝသေန တာဝ စတုဝီသတိဝိဓေန ဝိဘတ္တံ"**

(မြန်မာပြန်) ထိုယမိုက်ကျမ်း၏ အခြားမဲ့၌ (ဟောတော်မူအပ်သော အဘိဓမ္မာ ကျမ်းသည်) မဟာပကရဏ-ကြီးစွာသောကျမ်းမည်၏။ ပဋ္ဌာန်းဟူသော အမည်သည်လည်း ထိုမဟာပကရဏ၏ပင် အမည်တည်း။

ထိုပဋ္ဌာန်းကျမ်းကို ဟေတုပစ္စည်းလည်းကောင်း (ပ) အဝိဂတပစ္စည်းလည်းကောင်း ဤသို့ ရှေးဦးစွာ ပစ္စည်း၏ အစွမ်းဖြင့် (၂၄)ပါး အပြားအားဖြင့် ဝေဖန်အပ်ပြီဟူ၍ မိန့်တော်မူအပ်သည့်အတိုင်း (၇)ခုမြောက် ဟောကြားအပ်သော အဘိဓမ္မာကျမ်းသည်ကား မဟာပကရဏလည်း မည်၏။ ပဋ္ဌာန်းကျမ်းလည်း မည်ပါပေသည်။

ဤပြဆိုအပ်ခဲ့ပြီးသော စကားများအရ-

(က) ပဋ္ဌာန်းကျမ်းသည် အဘိဓမ္မာ(၇)ကျမ်းတွင် အကျုံးဝင်သည်။
(ခ) ပဋ္ဌာန်းကျမ်းပါဝင်သော အဘိဓမ္မာ(၇)ကျမ်းသည် ဗုဒ္ဓဘာသိတဖြစ်သည်ဟု ပြဆိုလိုရင်း ဖြစ်၏။

ဤဗုဒ္ဓဘာသိတနှင့် စပ်လျဉ်း၍ အဋ္ဌသာလိနီ အဋ္ဌကထာ(နှာ-၂၉)၌ ဤသို့မိန့်ဆိုထားသည်ကို တွေ့ရ၏။အဘိဓမ္မာဆောင် ရဟန်းတို့တွင်ရှေး၌ ရဟန်းတစ်ပါးသည် အလုံးစုံ နိကာယ်ဆောင်

http://www.dhammadownload.com


ပရိသတ်၌ထိုင်၍ အဘိဓမ္မာမှ ပါဠိကို ထုတ်ဆောင်ကာ တရားဟော၏။ ထိုပရိသတ်၌ ရဟန်းတစ်ပါးသည် ထိုင်လျက်-

(မေး)အို ဓမ္မကထိက သင်သည် မြင့်မိုရ်တောင်ကို ရစ်ပတ်သကဲ့သို့ ရှည်စွာသော ပါဠိကို ထုတ်ဆောင်ဘိ၏။ ထိုပါဠိသည် အဘယ်ပါဠိမည်ပါသနည်း?။

(ဖြေ)ငါ့ရှင်. . အဘိဓမ္မာပါဠိတော်မည်၏။

(မေး)အဘယ့်ကြောင့် အဘိဓမ္မာပါဠိကို ဆောင်ဘိသနည်း? အဘိဓမ္မာမှ တပါးသော ဗုဒ္ဓဘာသိတပါဠိကို ဆောင်ခြင်းငှာ မသင့်ပါသလော?။

(ပြန်မေး)အဘိဓမ္မာကို အဘယ်သူသည် ဟောတော်မူအပ်ပါသနည်း?။

(ဖြေ)ဤအဘိဓမ္မာပါဠိတော်ကို မြတ်စွာဘုရားဟောအပ်သည် မဟုတ်ပါ။

(မေး)ငါ့ရှင်. . သင်သည် ဝိနည်းပိဋကကို သင်ယူအပ်ပြီးပါပြီလော?။

(ဖြေ)ငါ့ရှင်. . သင်ယူအပ်ပြီးမဟုတ်ပါ။

(ပြောဆိုပြစ်တင်ပုံ) ဝိနည်းဆောင် မဟုတ်သည်၏ အဖြစ်ကြောင့် သင်သည် အဘိဓမ္မာ၏ ဗုဒ္ဓဘာသိတအဖြစ်ကို မသိသည်ဖြစ်၍ ဤသို့ပြော၏-ဟု မှတ်ထင်၏။

(ဝန်ခံစကားပြန်ပြောပုံ) ငါ့ရှင် ဥဘတောဝိဘင်းဟူသော ဝိနည်းမျှကို သင်ယူအပ်ပါပြီ။

(နှိပ်ကွပ်၍ဆိုပုံ) ထိုအနည်းငယ်သော ဝိနည်းကိုလည်း သင်သည် မကောင်းသဖြင့် သင်ယူအပ်သည် ပရိသတ်အစွန်း၌ ထိုင်၍ငိုက်မျည်းလျက် နာယူအပ်သည် ဖြစ်ပါလိမ့်မည်။ မှန်၏၊ အနည်းငယ်သော ဝိနည်းကိုလည်း မကောင်းသဖြင့် နာယူအပ်သည်၏ အဖြစ်ကြောင့် သင်ကဲ့သို့သော ပုဂ္ဂိုလ်သည် ရှင်ပြုရဟန်းခံပေးသော် အပြစ်ရှိပေ၏။ မှန်၏။ အသင်ပရဝါဒီ သင်ယူပြီးသည့် အနည်းငယ်သော ဝိနည်း၌-

**'အနာပတ္တိ န ဝိဝဏ္ဏေတုကာမော (ပ) ပရိယာပုဏာဿသိ'ဟူ၍ လည်းကောင်း၊'**

**'သုတ္တန္တေ ဩကာသံ (ပ) အဘိဓမ္မံ ဝါ ပုစ္ဆတိ'** ဟူ၍လည်းကောင်း၊ ဤပါဠိကို မြတ်စွာဘုရားဟောတော်မူအပ်ပြီ၊ သင်သည်ကား ဤမျှကိုလည်းမသိဟု ဆို၍ ဤမျှအတိုင်းအရှည်ရှိသော စကားဖြင့်လည်း ပရဝါဒီကို နှိပ်ကွပ်အပ်ပေ၏။

ဤစကားရပ်တို့ဖြင့် အဘိဓမ္မာ၏ ဗုဒ္ဓဘာသိတအဖြစ်ကို ဤဝိနည်းလာ စကားရပ်တို့ဖြင့် ပြီးစေသည်ဟု မှတ်လေ။

အဋ္ဌသာလိနီ အဋ္ဌကထာ (နှာ-၂၉)၌ပင် အဘိဓမ္မာ၏ ဗုဒ္ဓဘာသိတဖြစ်ကြောင်းကို မဟာဂေါသိင်္ဂသုတ်ဖြင့် ပြီးစေပုံကို တင်ပြထား၏။ ဆိုလိုရင်းကိုသာ ရေးသားဖော်ပြပါမည်။

http://www.dhammadownload.com


ဂေါသိင်္ဂအင်ကြင်းတော၌ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာစသော သာဝကကြီးများအပြင် သုံးထောင်ခန့်မျှသော ရဟန်းတော်များနှင့်အတူ သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာ၏ အထံ၌ အရှင်မဟာကဿပ၊ အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာတို့ စုမိကြလေရာ အရှင်သာရိပုတ္တရာက "ဤတောသည် ဘယ်လိုပုဂ္ဂိုလ်နေလျှင် တင့်တယ်သာယာဖွယ် ရှိပါမည်နည်း?"ဟု မေးလတ်သော် ရဟန္တာကြီးများသည် မိမိသဘောကျအတိုင်း ဖြေဆိုကြ၏။ ထို့နောက် အရှင်သာရိပုတ္တရာကို ပြန်၍ မေးသောအခါ အရှင်သာရိပုတ္တရာသည် မိမိဆန္ဒတော် အတိုင်းပင် ဖြေဆိုတော်မူ၏။

အရှင်သာရိပုတ္တရာသည် ထိုအရှင်များကို ဘုရားအထံသို့ ခေါ်သွား၍ အသီးသီး ဖြေကြားပုံကို လျှောက်သောအခါ အရှင်မဟာမေဂ္ဂလာန်၏ ဖြေဆိုပုံကို လျှောက်လိုလတ်သော်-

'ဣဓာဝုသော သာရိပုတ္တ(ပ) သောဘေယျ' ဟူ၍ လျှောက်၏။ (ရှေ့တွင် ပါဠိမြန်မာ ဖော်ပြပြီး)

မြတ်စွာဘုရားသည် အာဘိဓမ္မိက- အဘိဓမ္မာဆောင်ရဟန်းတို့မည်သည် သာသနာတော်၌ ပြင်ပဖြစ်သူတို့တည်း-ဟု မိန့်တော်မမူဘဲ ရွှေမုရိုးစည်ငယ်နှင့်တူသော လည်တော်ကို ဖော်တော်မူ၍ လပြည့်ဝန်းနှင့်တူသော အသရေရှိသော မြတ်သော ခံတွင်းတော်ကို ပြည့်စေ၍ မြတ်သော အသံတော်ကို ပိန့်မြွက်ကော်ပူလျက် 'သာဓု သာဓု သာရိပုတ္တ' ဟူ၍ မဟာမောဂ္ဂလာန်ထေရ်အား ကောင်းချီးပေးတော်မူ၍ အရှင်မဟာမေဂ္ဂလာန်သည်လည်း အကြောင်းအခြင်းအရာအားဖြင့် ဖြေလတ်သော် ကောင်းစွာဖြေသူဖြစ်ရာ၏။ ဤသို့ဖြစ်လောက်အောင်သော အခြင်းအရာအားဖြင့် ဖြေအပ်ပေပြီ။ မှန်ပေ၏။ သာရိပုတ္တရာ မောဂ္ဂလာန်သည် ဓမ္မကထိကတည်း။ (အဘိဓမ္မာဆောင်ရဟန်းသည်သာ ဧကန်ဓမ္မကထိက ဖြစ်သည်။ ကြွင်းသောရဟန်းတို့သည် တရားဟောပါကုန်သော်လည်း ဓမ္မကထိကအစစ်မဟုတ်ကြကုန်။) ဤဧကန်ဓမ္မကထိက၏ အဖြစ်ကို ရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် 'သုကထိတံ မောဂ္ဂလ္လာနေန' ဟူ၍ မိန့်တော်မူ၏။

ဤမိန့်တော်မူချက်သည်ကား အဘိဓမ္မာ၏ ဗုဒ္ဓဘာသိတအဖြစ်ကို ဝိနည်းထက်ပင် ပို၍ အားကောင်းသော သိစေချက်ဖြစ်သည်ဟု ဆိုလိုသည်။

ထို့ကြောင့်- အဘိဓမ္မာပိဋကသည် ဗုဒ္ဓဘာသိတ- ဘုရားဟောဖြစ်သည်။

အဘိဓမ္မာတွင် အကျုံးဝင်သော ပဋ္ဌာန်းကျမ်းသည်- ဗုဒ္ဓဘာသိတ ဘုရားဟောဖြစ်သည် ဟူ၍ မလွဲမသွေ မှတ်အပ်သည်ဖြစ်ရာ မိုးပြာ ရှင်ဉာဏ၏ ပဋ္ဌာန်းကို ဘုရားမဟော-ဟု ရေးသား ပြောဟောချက်သည် အဓမ္မဝါဒသာ ဖြစ်သည်-ဟု သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com


မိုးပြာအုပ်စုတို့ သတိပြုကြရန်အတွက် အဋ္ဌသာလိနီ **အဋ္ဌကထာ(နှာ-၃၀)၌** မိန့်ဆိုချက်များကို တင်ပြပါဦးမည်။

၁။ **အဘိဓမ္မာကို တားမြစ်သောပုဂ္ဂိုလ်သည် ဤမြတ်စွာဘုရားသာသနာတော်ဟူသော စက်၌ ပုတ်ခတ်ရာရောက်၏။**

၂။ သဗ္ဗညုတဉာဏ်ကို တားမြစ်ရာရောက်၏။

၃။ မြတ်စွာဘုရား၏ ဝေသာရဇ္ဇဉာဏ်တော်ကို ဆုတ်နစ်**စေ၏။**

၄။ ကြားနာခြင်းကို အလိုရှိသော ပရိသတ်ကို အမှားမှား အယွင်းယွင်းပြောဆိုစေ၏။

၅။ အရိယာဖြစ်ကြောင်း လမ်းစဉ်၌ တားဆီးကြောင်းဖြစ်သော စည်းကို ဖွဲ့၏။

၆။ အဋ္ဌာရသဘေဒကရဝတ္ထုတို့တွင် တစ်ခုခုသောဝတ္ထု၌ **ထင်ရှား၏။**

၇။ ဥက္ခေပနိယကံ တဇ္ဇနိယကံထိုက်၏။

၈။ ဥက္ခေပနိယကံ တဇ္ဇနိယကံကိုပြု၍ သွားလော့၊ **စားကြွင်းစားဖြစ်၍** အသက်မွေးရလတံ့-ဟု ဤသို့ပြော၍ နှင်လွှတ်ထိုက်၏။

ဤကား အဘိဓမ္မာဒ္ဓေ့တော်လှန်ရေးသမားများဖြစ်ကြသည့် မိုးပြာဂိုဏ်းသားများ သတိပြု၍ အချိန်မီ ပြင်ဆင်နိုင်ရေးအတွက် တင်ပြလိုက်ခြင်းဖြစ်ပေသည်။ **အချိန်မနှောင်းမီ ပြုပြင်ကြစေလို။**

## ပေါင်းချုံးသုံးသပ်ချက်

အထက်ဖော်ပြပါ အကိုးသာဓက အကြောင်းယုတ္တိတို့ကို **ထောက်ရှု၍ စောဒကဆရာတော်များ** တင်ပြလျှောက်ထားသော မိုးပြာကျောင်းမှ ပေးစာများ-၁ (မိုးပေါက်ကျချောင်) စာအုပ် နှာ -၃၃၀-၌ အရှင်ဉာဏ ဟောပြော ရေးသားထားသော- အမှတ်(၄၆)စောဒနာလွှာပါ မိုးပြာအရှင်ဉာဏ၏ "ပဋ္ဌာန်းတရားသည် ဘုရားဟော မဟုတ်"စသော ဟောပြောရေးသားချက်များသည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များ ဖြစ်သည်ဟု ဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၆)စောဒနာလွှာပါ "မိုးပြာအရှင်ဉာဏ၏ "ပဋ္ဌာန်းတရားသည် ဘုရားဟော မဟုတ်-စသော ဟောပြောရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၄၇)စာဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ဝင်းသင်တန်းသုံး သင်ခန်းစာ စာအုပ်-၌ ဓမ္မနာယက ဦးရန်အောင် ဟောပြောရေးသားသော-

" ၁။ ဤတွင် လောကီပုညကြိယာဝတ္ထုဆယ်ပါးနှင့် လောကုတ္တရာပုညကြိယာဝတ္ထုဆယ်ပါး ဟူ၍ ရှိသည်။

၂။ လောကီပုညကြိယာဝတ္ထုဆယ်ပါးသည် "လောကီဒါန လောကီသီလ လောကီဘာဝနာ" ဖြစ်သည်။ ထိုဘာဝနာကို အနရိယဘာဝနာ(ဝါ) ပုထုဇဉ်ဘာဝနာဟု ဆိုရ၏။

လောကုတ္တရာပုညကြိယာဝတ္ထုဆယ်ပါးသည် လောကီကံကို အာရုံပြု၍ ထိုကံမဖြစ်အောင် ပြုသော "ဒါန သီလ ဘာဝနာ"ဖြစ်သည်။ မဂ်ဒါန မဂ်သီလ မဂ်ဘာဝနာ ဖြစ်သည်။ အရိယဘာဝနာဟု ဆိုရ၏။

၃။ လောကီဒါနသီလဘာဝနာတို့တွင် ပေးကမ်းမှုမှန်သမျှသည် ဒါန-ဖြစ်သည်။ ဈေးဝယ်၍ ပစ္စည်းဖိုး ပေးချေခြင်းသည်ပင် ဒါန-ဖြစ်သည်။ ပေးသမျှသည် ဒါန၌ အကျုံးဝင်သည်။

အကျင့်ကို သီလဟု-ဆိုရ၏။ အကျင့်=အလေ့ပင် ဖြစ်၏။ ကောင်းကျင့်ဖြစ်စေ ဆိုးကျင့်ဖြစ်စေ အထပ်ထပ် ပြုလျှင် ဓလေ့-စရိုက်-သီလ ဖြစ်သွား၏။

ထိုဓလေ့ရှိသူကို ယုံကြည်အားထား၍ ရိုသေကိုင်းညွတ်လျှင် အပစာယန-ဖြစ်၏။

ရွာဓလေ့ ရပ်ဓလေ့သည်ပင် ရပ်ရွာသီလ-မည်၏။

မကောင်းအကျင့် သီလကို ဒုစရိုက်ဆယ်ပါးအဖြစ် အကုသလကမ္မပထဆယ်ပါး၌ ဒုသီလအဖြစ် ဖော်ပြခဲ့ပြီ။ (ဤသည်တို့ကား ကာမသီလများ ဖြစ်ကုန်၏ဟု ဆိုလိုသည်။)

အလားတူပင် ကာမသညာဝိရတီဖြစ်သော အချိန်(လှုပ်ရှားမှု)ကိုသာ အာရုံပြုသော အကျင့်သည် ရူပသီလ-မည်၏။

ပဋိဃသညာဝိရတီဖြစ်သော ဒြပ်မဲ့ကိုသာ အာရုံပြုသောအကျင့်သည် အရူပသီလ-မည်၏။ ယင်းသီလသည် အစွဲကိလေသာများကြောင့် လောကီသီလမျှသာ-ဖြစ်သည်။

ပေါက်မြောက်အောင် အထပ်ထပ် ကျင့်ပွါးခြင်းကို ဘာဝနာဟု-ဆိုရ၏။

လူနှင့်လူချင်း ဆက်ဆံရေး၌ ကာမအမြင် ရူပအမြင် အရူပအမြင်ဖြင့် ကိုယ့်အမြင်အတိုင်းမြင်၍ ထိုအမြင်အတိုင်း အကြိမ်ကြိမ်အထပ်ထပ် ကြံစည်တွေးတော ပြောဆိုပြုမူ နေထိုင်လုပ်ကိုင် ကြိုးစားနိုးကြားကာ စိတ်ထားဖြစ်စေမှုကို ဘာဝနာဟု-ဆိုရ၏။

ဘာဝနာဟူသည် ပေါက်မြောက်ခြင်းပင် ဖြစ်၏။

ကာမဘာဝနာသည် ကာမသုခလ္လိကာနုယောဂအစွန်း၌ ဆိုက်၏။

ရူပဘာဝနာနှင့် အရူပဘာဝနာသည် အတ္တကိလမထာနုယောဂအစွန်း၌ ဆိုက်၏။

ပေါက်မြောက်အောင် ကျင့်ပွါးလိုသူသည် တတ်ကျွမ်းသူ့ထံမှ သင်ကြားနာယူခြင်းကို ဓမ္မသဝနဟု-ဆိုရ၏။

မိမိတတ်ကျွမ်း ပေါက်မြောက် လာသောအခါ ထိုအသိကို သူတစ်ပါးအား သင်ကြား ဟောပြောခြင်းကို ဓမ္မဒေသနာဟု-ဆိုရ၏။

မိမိနားလည် တတ်မြောက် ပေါက်ရောက်ထားသည်များကို မမေ့အောင်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အလေ့အကျင့် မပြတ်ပြုလုပ်ခြင်း၊ အပြောအဆို အပြုအမူ အနေအထိုင် အလုပ်အကိုင်၌ ထိုစိတ်ဓာတ်အတိုင်း မယိမ်းအယိုင် တည့်တည့် မတ်မတ် ကျင့်သုံးခြင်းကို ဒိဋ္ဌိုဇုကမ္မဟု-ဆိုရ၏။

http://www.dhammadownload.com


၄။ လောကုတ္တရာဒါနသီလဘာဝနာတို့တွင် ပေးကမ်းသည့်**အခါတွင်** အလှူခံပုဂ္ဂိုလ်နှင့်လုပ်ငန်း၊ အလှူပစ္စည်း၊ ပေးလှူသည့်စိတ်ထား(စေတနာ)၊ ပေးလှူခြင်း၏**အကျိုးတို့ကို စိစစ်ပေးကမ်းသော**ဒါနသည် လောကုတ္တရာဒါန- မည်၏။

အလှူခံပုဂ္ဂိုလ်နှင့်လုပ်ငန်း၌ ပေးလှူသင့်သောသူဟုတ်-မဟုတ် ခွဲယူမှတ်သားပုံကား-

လောကအကျိုးဆောင် သူဖြစ်၍ လောကကို အလှဆင်သောလုပ်ငန်းကို ပေးလှူသင့်၏။

အလှူပစ္စည်းကို အလှူခံပုဂ္ဂိုလ်က အမှန်တကယ် **သုံးစွဲရန် လိုအပ်သောပစ္စည်း လိုအပ်သော** ပမာဏကိုသာ ပေးလှူ၏။

ပေးလှူသည့်အခါ အလှူခံပုဂ္ဂိုလ်၏ လုပ်ငန်းပြီးမြောက်ခြင်း၏ အကျိုးကို ကောင်းစွာ သိသည် ဖြစ်၍/ အသုံးလိုအပ်သည့် အလှူပစ္စည်းကိုလည်း ကောင်းစွာ ပြင်ဆင်၍/ ထိုလုပ်ငန်းပြီးမြောက် အောင်မြင်ရေးအတွက် အထောက်အကူအဖြစ် ပေးခြင်းသည် လောကကို အလှဆင်သော လူ့ဝတ္တရားကို ကျင့်သုံးခြင်း-ဖြစ်သည်။

အလှူရှင်ပုဂ္ဂိုလ်၏ စိတ်ဓာတ်ကို အလှဆင်သောအလှူ- **စိတ်ဓာတ်ကောင်း၏ အခြံအရံဖြစ်သော** အလှူလည်း ဖြစ်သည်။ 'ဤအလှူကို မဂ်စိတ်ဓာတ်ဖြင့် လှူသောမဂ်အလှူ ဟု-ဆိုရ၏။

အရှိအမှန်အတိုင်း မြင်-ကြား-တွေ့ထိ-သိခြင်းကို အမှန်မြင်ဟု-ဆိုရ၏။

လူအချင်းချင်းဆက်ဆံ ရေးတွင် ယင်းကဲ့သို့မြင်ခြင်းကို **အမြင်မှန်ဟု-ဆိုရ၏။**

လူသည် ထိုအမြင်အတိုင်း ကြံစည်တွေးတောခါ ပြောဆို-ပြုမူ-နေထိုင်ခြင်းကို ပြု၏။

**ယင်းသည်ပင် လောကုတ္တရာသီလ-မည်၏။**

**လောကုတ္တရာသီလသည် အပြောအဆို အပြုအမူ အနေအထိုင်-ဖြစ်၏။**

**ထို့ကြောင့် လောကုတ္တရာသည် လူ၏အမူကံကိုသာ အာရုံ-ပြု၏။**

လူကောင်ဒြပ်၊ အချိန်(လှုပ်ရှားမှု)နှင့် ဒြပ်မဲ့နေရာ-ဘာမှမရှိ(နေရာ)ကို **အာရုံ-မပြု။**

**ချုပ်၍ဆိုရလျှင် ဗြဟ္မဝိဟာရလေးပါးသည် လောကုတ္တရာသီလပင် ဖြစ်၏။**

ဒြပ်အမြင်(ကာမအာရုံ) အချိန်အမြင်(အချိန်အာရုံ) ဒြပ်မဲ့အမြင်တို့၌ **လောကလူသား အကျိုးဖြစ်ထွန်း** စေရေး၊ လောကလူသား ချမ်းသာသုခ ရကြစေရေး၊ လောကလူသားများ ငြိမ်းချမ်းအောင် ဓမ္မဖြင့် အစဉ်စောင့် ရှောက်ရေး-စိတ်ဓာတ်ဖြင့် ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သော လောကုတ္တရာ သီလကို နှီးကြားသောသတိဖြင့် မပြတ်ကြိုးပမ်းအားထုတ်ခြင်းသည်ပင် **လောကုတ္တရာဘာဝနာ-မည်၏။**

ထိုသို့သော လောကုတ္တရာအမြင်ကို မသိသေးလျှင် **သိပြီးသူ့ထံ တပည့်ခံ၍** သူသင်ကြား သည်ကို ရိုသေကျိုးနွံစွာဖြင့် နာယူခြင်းသည် ဓမ္မသဝန-မည်၏။(လောကုတ္တရာဓမ္မသဝန-ဟူ၏။)

သင်ကြားပြီးသည်ကို မမေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အမှားအမှန်ဆင်ခြင်နှိုင်းဆခြင်း၊ ကိုယ်ပိုင်ဓမ္မ ဖြစ်အောင် ကြိုးပမ်းခြင်း၊ ကိုယ်ပိုင်ဓမ္မဖြစ်လာ၍ တရားအားလျော်စွာ ပြုမူ-ပြောဆို-နေထိုင်ခြင်းသည် ဓမ္မာနုဓမ္မပဋိပတ္တိမည်သည်ဖြစ်၍ ဒိဋ္ဌိဇုကမ္မ-မည်၏။ (လောကုတ္တရာဒိဋ္ဌိဇုကမ္မ-ဟူ၏)

ထိုတရားကို လူအများသို့ အသိထပ်မံ ဖြန့်ဝေပေးခြင်းသည် ဓမ္မဒေသနာ-မည်၏။ (လောကုတ္တရာဓမ္မဒေသနာ-ဟူ၏။) ဟူသော (ၐင်းသင်တန်းသုံး သင်ခန်းစာ စာအုပ်။) မိုးပြာ ဂိုဏ်းသားကြီး ဓမ္မနာယက ဦးရန်အောင်၏ ပုညကိရိယဝတ္ထုဆိုင်ရာ ဟောပြော ရေးသားပို့ချ ဖွင့်ဆိုချက်များသည် ထေရဝါဒ ပါဠိအဋ္ဌကထာ စသည်တို့၌ လာရှိသော ပိဋကတ်စာပေ များနှင့် မညီသဖြင့် ယင်းဟောပြောပို့ချရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြ လျှောက်ထားကြသည်။

## စောဒကတို့၏ သဘောထား

ဣကိုဝုက်ပါဠိတော်(၂၃၀)၌ -

"တီဏိမာနိဘိက္ခဝေ ပုညကိရိယာဝတ္ထူနိ။ ကတမာနိ **တီဏိ** ဒါနမယံ ပုညကိရိယဝတ္ထု သီလမယံ ပုညကိရိယဝတ္ထု ဘာဝနာမယံ ပုညကိရိယဝတ္ထု။" **ဟု ပုညကိရိယာဝတ္ထု** (၃)ပါးရှိပုံကို မိန့်ဆိုထားပါသည်။

ဣတိဝုတ်အဋ္ဌကထာ (၁၉၆)၌-

" ဧတ္ထ စ အဋ္ဌန္နံ ကာမာဝစရကုသလစေတနာနံ ဝသေန တိဏ္ဏမ္ပိ ပုညကိရိယဝတ္ထူနံ ပဝတ္တိ ဟောတိ။

ဤသုတ်၌ ကာမာဝစရကုသိုလ်စေတနာရှစ်ပါးတို့၏ အစွမ်းဖြင့် ပုညကြိယာဝတ္ထုသုံးပါး ဖြစ်သည်ဟု ပုညကြိယာဝတ္ထု၏အရ ကာမာဝစရကုသိုလ်စေတနာကို ကောက်ပြထားပါသည်။ ပုညကြိယာဝတ္ထု၏အရ လောကုတ္တရာမဂ်ကုသိုလ်ဟူ၍ ကောက်ပြချက် မရှိပါဘုရား။

သို့အတွက်ကြောင့် အမှတ်(၄၇)စောဒနာပါ ဦးရန်အောင်၏ **ဟောပြောပို့ချ** ရေးသားချက်တို့သည် ထေရဝါဒ ပါဠိအဋ္ဌကထာ စသည်တို့၌ လာရှိသော ပိဋကတ်စာပေများနှင့် ဆန့်ကျင်ပါကြောင်း ယင်းတို့၏ သဘောထားကို တင်ပြကြသည်။

## ဝိနည်းမိုရ် ဆရာတော်များ၏ သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော **အမှတ်(၄၇)စောဒနာလွှာပါ မိုးပြာဂိုဏ်းသားကြီး** ဓမ္မနာယက ဦးရန်အောင်၏ ပုညကိရိယဝတ္ထုဆိုင်ရာ ဟောပြော ရေးသား ပို့ချ ဖွင့်ဆိုချက်များကို ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

စောဒက ဆရာတော်များသည် ဣတိဝုတ် ပါဠိတော်လာ **စကားရပ်များကို ကိုးကား၍ ပုညကိရိယ** ဝတ္ထုသုံးပါးကို (ပါဠိတော် တိုက်ရိုက်အားဖြင့်) ဟောကြားတော်မူကြောင်း **တင်ပြထားသည်မှာ မှန်ကန်ပါပေသည်။**

( ဒီ၊ ၃၊ ၁၈၂ ) နှင့် ( အံ၊ ၃၊ ၇၂ ) တို့၌လည်း ပုညကိရိယဝတ္ထု သုံးပါးသာ ဟောတော်မူထားပေသည်။ ယင်းသို့ သုံးပါးကိုသာ ဟောတော်မူထားကြောင်း ဖော်ပြပါ အဋ္ဌသာလိနီ အဋ္ဌကထာ (၂၀၃)အရ အားဖြင့်လည်း သိသာပေသည်။

## ကျမ်းဂန်အလို ပုညကြိယဝတ္ထု (၁၀)ပါး

" သုတ္တေ ပန တီဏိယေဝ ပုညကိရိယဝတ္ထူနိ **အာဂတာနိ**၊ တေသု ဣတရေသမ္ပိ သင်္ဂဟော ဝေဒိတဗ္ဗော"

သုတ်ပါဠိ၌ကား သုံးပါးတို့သာလျှင် ဖြစ်ကုန်သော ပုညကိရိယဝတ္ထုတို့သည် လာကုန်၏။ ထိုသုံးပါးကုန်သော ပုညကိရိယဝတ္ထုတို့၌ ထိုမှ တစ်ပါးကုန်သော အပစာယန-စသော ပုညကိရိယဝတ္ထုတို့ကိုလည်း သွင်းယူခြင်းကို သိအပ်၏ " ဟူ၍ ဖွင့်ဆိုထားပေသည်။

http://www.dhammadownload.com


ပုညကိရိယဝတ္ထု ဆယ်ပါးတို့၏ တရားကိုယ်ကိုလည်း **စောဒကဆရာတော်များက**

"**ဧတ္ထ စ** အဠန္နံ ကာမာဝစရကုသလစေတနာနံ ဝသေန **တိဏ္ဏမ္ပိ** ပုညကိရိယဝတ္ထူနံ ပဝတ္တိ ဟောတိ " (ဣတိဝုတ်၊ ဋ၊ ၁၉၆) ကို ကိုးကား၍ **ကာမာဝစရကုသိုလ် စေတနာ** ရှစ်ပါးကိုသာ ကောက်ယူရကြောင်း၊ မဂ်ကုသိုလ်ကို မကောက်ရ ကြောင်း တင်ပြကြသည်မှာလည်း ကျမ်းဂန်နှင့်ညီညွတ်ကြပါပေသည်။

**ထို့ကြောင့်** - တံ ပနေတံ ဝီသတိဝိဓမ္ပိ ကာမာဝစရကမ္မမိစ္စေဝ သင်္ ဂစ္ဆတိ။ (အဘိဓမ္မတ္ထသင်္ဂဟ)ဟူ၍လည်းကောင်း၊

တေသု "ဒါနံ ဒဿာမိ"တိ **စိန္တေန္တော အဠန္နံ ကာမာဝစရကုသလစိတ္တာနံ** အညတရေနေဝ စိန္တေတိ၊ ဒဒမာနောပိ တေသံယေဝ **အညတရေန ဒေတိ** ။ပ။ " ဒိဋ္ဌိံ ဥဇုံ ကရိဿာမိ"တိ စိန္တေန္တောပိ တေသံယေဝ အညတရေန **စိန္တေတိ**၊ ဥဇုံ ကရောန္တော ပန စတုန္နံ ဉာဏသမ္ပယုတ္တာနံ အညတရေန ကရောတိ။ (အဋ္ဌသာလိနီ-၂၀၄) ဟူ၍လည်းကောင်း မိန့်တော်မူထားကြပေသည်။

## ပုညကိရိယဝတ္ထုဆယ်ပါး

ပါဠိတော်၌ ဒါန၊ သီလ၊ ဘာဝနာ သုံးပါးကိုသာ **ဟောထားခြင်းသည် ပဓာနနည်း**၊ ဥပလက္ခဏနည်းအားဖြင့် ဟောတော်မူထားခြင်းဖြစ်သည်။ ထို့ကြောင့်-

**အပစိတိဝေယျာဝစ္စာနိ ဟိ သီလမယေ သင်္ဂဟံ ဂစ္ဆန္တိ။ ပတ္တာနုပ္ပဒါနအဗ္ဘနုမောဒနာနိ ဒါနမယေ၊ ဒေသနာသဝနဒိဋ္ဌိဇုကမ္မာနိ ဘာဝနာမယေ။ ယေ ပန " ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမလက္ခဏန္တိ"ဝဒန္တိ၊ တေသံ တံ တီသုပိ သင်္ဂဟံ ဂစ္ဆတိ။ ဧဝမေတာနိ သင်္ခေပတော တီဏိ ဟုတွာ ဝိတ္ထာရတော ဒသ ဟောန္တိ။** (အဋ္ဌသာလိနီ အဋ္ဌကထာ-၂၀၃) ဟူ၍ မိန့်ဆိုထားပေသည်။

ဆိုလိုရင်းကား - အပစိတိ (အပစာယန) ဝေယျာဝစ္စတို့ကို (စာရိတ္တသီလ ဖြစ်သောကြောင့်)သီလ၌ သွင်းယူအပ်ကုန်၏။

ပတ္တာနုပ္ပါဒါန (ပတ္တိဒါန)၊ အဗ္ဘနုမောဒန (ပတ္တာနုမောဒန) တို့ကို (ဣဿာ၊ မစ္ဆရိယ-၏ ဆန့်ကျင်ဘက် ဖြစ်ခြင်းအားဖြင့် တူသောကြောင့်) ဒါန၌ သွင်းယူအပ်ကုန်၏။

ဓမ္မဒေသနာ၊ ဓမ္မဿဝန၊ ဒိဋ္ဌိဇုကမ္မ-တို့ကို (ကုသိုလ်တရားတို့ကို အဖန်ဖန် မှီဝဲတတ်သည်၏ အဖြစ်ကြောင့်) ဘာဝနာပုညကိရိယဝတ္ထု၌ သွင်းယူအပ်ကုန်၏။

(တစ်နည်း) ဒိဋ္ဌိဇုကမ္မကို (အလုံးစုံသော ပုညကိရိယဝတ္ထုတို့၏ အကျိုးကြီးရန် မှတ်ကြောင်း လက္ခဏာ၏ အဖြစ်ကြောင့်) ဒါန၊ သီလ၊ ဘာဝနာ ပုညကိရိယဝတ္ထုသုံးပါးလုံးတို့၌လည်း သွင်းယူအပ်ပေသည်။

ဤအဋ္ဌကထာ ဖွင့်ပြချက်အရ-ဒါနပုညကိရိယဝတ္ထုကို ဆိုသဖြင့် ပတ္တိဒါန ပတ္တာနုမောဒန ပုညကိရိယဝတ္ထု နှစ်ပါးကိုလည်း ယူရသည်။

သီလပုညကိရိယဝတ္ထုကို ဆိုသဖြင့် အပစာယန၊ ဝေယျာဝစ္စပုညကိရိယဝတ္ထုနှစ်ပါးကိုလည်း ယူရသည်။

ဘာဝနာပုညကိရိယဝတ္ထုကိုဆိုသဖြင့် ဓမ္မဒေသနာ၊ ဓမ္မဿဝန၊ ဒိဋ္ဌိဇုကမ္မပုညကိရိယဝတ္ထု

http://www.dhammadownload.com


သုံးပါးတို့ကိုလည်း ယူရသည်။ သို့အတွက် အဋ္ဌကထာများ၌ ပုညကိရိယဝတ္ထု ဆယ်ပါးဖြစ်ပေသည်။ အကျဉ်းအားဖြင့်ကား ဒါန၊ သီလ၊ ဘာဝနာ သုံးပါးသာဖြစ်သည်ဟု မှတ်အပ်ပေသည်။

## မိုးပြာအလို ပုညကြိယဝတ္ထု (၇)ပါး၊ (၆)ပါး

ဆက်လက်၍ မိုးပြာဂိုဏ်းသားတို့၏ ပုညကိရိယဝတ္ထု ဆယ်ပါးဖွင့်ဆိုချက်ကို လေ့လာကြည့်ကြကုန်အံ့။

ပုညကိရိယဝတ္ထုကို ဆယ်ပါး-ဟု ခေါင်းစဉ်၌ ဆိုထားသော်လည်း

လောကီဘက်၌ - ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဓမ္မဒေသနာ၊ ဓမ္မဿဝန၊ ဒိဋ္ဌိဇုကမ္မ-ဟု (ခုနစ်ပါးကိုသာ) တွေ့ရသည်။

လောကုတ္တရာဘက်၌ ဒါန၊ သီလ၊ ဘာဝနာ၊ ဓမ္မဒေသနာ၊ ဓမ္မဿဝန၊ ဒိဋ္ဌိဇုကမ္မ-ဟု (ခြောက်ပါးကိုသာ) ပြဆိုထားသည်။

ကျန်သော ပုညကိရိယဝတ္ထုများကို မိုးပြာဂိုဏ်းသားတို့ အဘယ်၌ သွင်းထားလိုကြသလဲ?။ မိုးပြာဂိုဏ်းသားတို့သာ သိကြလိမ့်မည်ထင်၏။ သွင်းပါဆိုလျှင်လည်း မဖြစ်မနေ သွင်းယူကြမည့် သူမွေသာ ဖြစ်သည်။

သူတို့၏ ပုညကိရိယဝတ္ထုများကို ဖွင့်ဆိုထားပုံကို ကြည့်ပါလေဦး။ လောကီ၊ လောကုတ္တရာ ပုညကိရိယဝတ္ထု နှစ်မျိုးရှိလေသတဲ့။

## ကျမ်းဂန်အလို့မှာ ပုညကိရိယာ လောကီသာ

အထက်တွင် တင်ပြထားသည့်အတိုင်း ပုညကိရိယဝတ္ထုမှန်လျှင် ကာမာဝစရကုသိုလ်စိတ် စေတနာ ရှစ်ပါးနှင့်သာ ဆိုင်ပေသည်။ ယင်းသို့ဆိုလျှင် လောကုတ္တရာ ပုညကိရိယဝတ္ထု ဟူ၍ ရှိပါဦးတော့ မည်လော။ အမြင့်ဆုံးဖြစ်သည့် ဘာဝနာမယ ပုညကိရိယဝတ္ထုသည်ပင် ကာမာဝစရကုသိုလ်စေတနာသာ ဖြစ်သည်။ ထို့ကြောင့် -

ပဋိသမ္ဘိဒါယံ ဝုတ္တေန ဝိပဿနာမဂ္ဂေန စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဘာဝေန္တဿ ။ပ။ ပဝတ္တာ စေတနာ အဋ္ဌတိံသာယ ဝါ အာရမ္မဏေသု အပ္ပနံ အပ္ပတ္တာ သဗ္ဗာပိ စေတနာ ဘာဝနာမယံ ပုညကိရိယဝတ္ထုနာမ။ (အဋ္ဌသာလိနီ-အဋ္ဌကထာ ၂၀၂)ဟူ၍ မိန့်တော်မူထားပေသည်။

ဆိုလိုရင်းကား- ဝိပဿနာ(ကုသိုလ်)စေတနာ သမထဘာဝနာ၌ အပ္ပနာသို့ မရောက်သေးသော (ကုသိုလ်)စေတနာသည် ဘာဝနာမယ မည်၏ဟူ၍ ဆိုလို၏။

ထို့ကြောင့် - ပုညကိရိယဝတ္ထုသည် ကာမကုသိုလ်သာ ဖြစ်၍ လောကီသာဖြစ်၏။ လောကုတ္တရာ ဟူ၍ မရှိပေ။

ဤသို့ ကျမ်းဂန်အဆိုအရ လောကီ၊ လောကုတ် ခွဲထုတ်ရှင်းပြသော်လည်း မိုးပြာဂိုဏ်းသား တို့သည် **ပုခက်နှင့် ခေါင်းတလား နှစ်ခုအကြားကိုသာ လက်ခံကြသော သူများ၊ လွဲမှားသော အတွေးအမြင်** ရှိကြသူများ ဖြစ်၍ ရှင်းနေသောလမ်းကြောင်းပေါ် မလျှောက်လိုကြ၊ မိုးပြာခြံ တောအုပ် မှောင်မှောင်ကြီးထဲ၌ အလင်းမရှိ အကန်းအတိဖြင့် လှည့်လည်နေကြသူတွေသာဖြစ်ရာ ပုညကိရိယဝတ္ထု ဆယ်ပါးကို အရှုံးချေးပန်း ဖြန်းသန်း ပြောဆိုတတ်ကြပါပေသည်။ (ဆယ်ပါးကိုပင် ပြည့်စုံအောင် ရေတွက် မပြနိုင်သည်ကို မြင်၍ အရှုံးချေးပန်း ပြောဆိုနေကြောင်းသိနိုင်သည်။)

http://www.dhammadownload.com


လောကီဒါနကို သူတို့ဖွင့်ပုံကား - လောကမှာ ပေးချင်ရာပေး (နောက်ဆုံး ဈေးဝယ်၍ ငွေပေးတာလဲ) ဒါန-ပဲတဲ့။ ရှင်းပ ရှင်းပ ဒါဖြင့် **တရားခံ တစ်ယောက်အား ' ကြိုးပေးတော့အံ့ ' ကိုင်း- ဒါနပဲလား?**

## ဒါနနှင့်ပတ်သက်၍ ကျမ်းဂန်များ၌ ဖွင့်ပြထားပုံကား –

သာနုသယသန္တနဝတော ပရေသံ ပူဇာနုဂ္ဂဟကာမတာယ အတ္တနော ဝိဇ္ဇမာန- ဝတ္ထုပရိစ္စဇနဝသပ္ပဝတ္တစေတနာ ဒါနံ နာမ။ (ဋီကာကျော်)

ပုထုဇဉ်သေက္ခ၏ သန္တာန်၌ သူတစ်ပါးတို့ကို ပူဇော်ခြင်း၊ ချီးမြှောက်ခြင်းကို အလိုရှိသူ၏ အဖြစ်ကြောင့် မိမိ၏ ထင်ရှားသောဝတ္ထုကို စွန့်လွှတ်ခြင်း၏**အစွမ်းဖြင့်ဖြစ်သော စေတနာသည်** ဒါနမည်၏။ (ဋီကာကျော်) ဟူ၍ ဖွင့်ဆိုထားပေသည်။

ဤသည်သာလျှင် ပညာရှိသူတော်ကောင်းတို့၏ ဘုရားအလိုတော်ကျ ဖွင့်ပြအပ်သော ဒါနဖြစ်ပေသည်။

## မိုးပြာဝါဒီတို့အလို ဒါန

မိုးပြာဝါဒီတို့ကား လောကီဒါန-ဟူသည် ပေးချင်ရာပေး ဒါနပုညကိရိယဝတ္ထု တဲ့။

နောက်ထပ်တစ်ဖန် လောကုတ္တရာ ဒါနပုညကိရိယဝတ္ထု **ဆိုပြီး လာပြန်သေး၏။**

လှူသင့်သူကို လှူရမယ် (လှူသင့်သူဆိုတာ ငါတို့မိုးပြာ ရှင်ဉာဏဟေ့-ဟု ဆိုချင်သေးသလား မသိ) အလှူခံပုဂ္ဂိုလ် အမှန်တကယ် အသုံးပြုတာလဲ ဖြစ်ရမယ်တဲ့ (မတော်တဲ့နေရာ သုံးရင်လဲ လောကုတ္တရာ ဒါနပဲပေါ့နော်) အလှူခံပုဂ္ဂိုလ် လုပ်ငန်းပြီးမြောက်ရေး အတွက်လည်း ဖြစ်ရမယ်တဲ့ - ဒါတွေဟာ မဂ်ဒါနပဲတဲ့။

မိုးပြာဂိုဏ်းသားတို့သည် လောကီ၊ လောကုတ် မကွဲကြပေ။ သူတို့ပြောသော လောကုတ္တရာ ဆိုသည်ကပင် လောကထဲ၌ ဝဲလည်နေသည်ကို နားမလည်ကြ။ လောကုတ္တရာဖြစ်သော မဂ်ဒါန-ဟူ၍ မရှိပေ။ လောကုတ္တရာမှန်လျှင် နိဗ္ဗာန်ကိုသာ အာရုံကေန် ပြုရသည်ကိုလည်း သူတို့နားလည်နိုင်တဲ့ အသိဉာဏ်ကင်းပ နေကြသည်။

မိုးပြာဝါဒီတို့ သီလပုညကိရိယဝတ္ထုကို အဓိပ္ပါယ်ဖွင့်ဆိုပုံကား -

လောကီသီလ-ကား ဆိုးဆိုးကောင်းကောင်း အလေ့စရိုက် မှန်သမျှ သီလပုညကိရိယဝတ္ထု တဲ့။ တွဲပြီးဆိုထားတဲ့ ပုညကိရိယဝတ္ထု -ဟူသော စကားကိုမှ သတိမပြုမိကြပါတကား။

## ကျမ်းဂန်အလို ပုညကြိယဝတ္ထုဟူသည်

"ပုညကိရိယာ စ သာ တေသံ တေသံ အာနိသံသာနံ ဝတ္ထု စာတိ ပုညကိရိယဝတ္ထု။"

ဤ ဒါန၊ သီလ အစရှိသော တရားဆယ်ပါးတို့သည် ပြုအပ်သော ကုသိုလ်ကောင်းမှု များ ဖြစ်၍ ထိုထို အကျိုးအာနိသင်တို့၏ အကြောင်းဖြစ်သောကြောင့် ပုညကိရိယဝတ္ထု အမည်ကို ရကြသည်။

http://www.dhammadownload.com


**မိုးပြာဝါဒီတို့အလို လောကီသီလပုညကိရိယဖြစ်သော-**

ဓလေ့စရိုက်ဟူသမျှ ကုသိုလ်မဖြစ်နိုင်။ ထို့ပြင်- ဒီရပ်ရွာဓလေ့များက **ကာမသီလ၊**

ကာမသညာဝိရတီ ဖြစ်သောအချိန် (လှုပ်ရှားမှု) ကိုသာ အာရုံပြုသော အကျင့်သည် **ရူပသီလ။**

ပဋိဃသညာဝိရတီ ဖြစ်သော ဒြပ်မဲ့ကိုသာ အာရုံပြုသော အကျင့်သည် **အရူပသီလ။**

ဒီသီလများသည် အစွဲကိလေသာများကြောင့် **လောကီသီလ**-ဟု ခွဲပြန်သေးသည်။

မိုးပြာဂိုဏ်းသားတို့သည် - ဝိရတီစေတသိက်တို့ မှန်လျှင် ရူပ၊ အရူပ စိတ်များနှင့် မယှဉ်ရ၍ ရူပ၊ အရူပ စိတ်များ၌ ဝိရတီမရှိသော အဘိဓမ္မာ သဘောကို သိနားလည်နိုင်သော နားပါကြသူများ မဟုတ်ကြပေ။ မိုးပြာဂိုဏ်းသားတို့သည် သူတို့၏ ခေါင်းဆောင်ကြီး၏ မူဝါဒအတိုင်း မြတ်ဗုဒ္ဓဘုရားရှင်၏ အဘိဓမ္မာသဘော တရားများနှင့် ဆန့်ကျင့်ကာ ထင်ရာမြင်ရာ ဝေါဟာရသစ်တွေ တီထွင်သုံးနှုန်း ပြောဆိုရေးသားနေကြသူများဖြစ်ကြ၏။ ဒြပ်ရှိ ဒြပ်မဲ့တို့ အချိန် (လှုပ်ရှားမှု)တို့ဆိုတဲ့ ဝေါဟာရအသစ်တွေ လိုင်လိုင်သုံးကာ သူတို့ကိုယ်တိုင်ပင် သူတို့နားမလည်ကြဘဲ လူပြိန်းတွေ အထင်ကြီးအောင် သရုပ် ဆောင်နေကြသူတွေ ဖြစ်ကြ၏။

**မိုးပြာဝါဒီတို့အလို လောကုတ္တရာသီလပုညကိရိယ-**

သူတို့၏ လောကုတ္တရာသီလ ဖွင့်ထားပုံကို ဖတ်ကြည့်ပါဦး-

-အရှိအမှန်အတိုင်း မြင်၊ ကြား၊ တွေ့ထိ၊ သိခြင်းကို **အမှန်မြင်ဟု ဆိုရ၏။**

-လောကုတ္တရာသည် လူ၏အမူကိုသာ အာရုံပြု၏ လူကောင်ဒြပ် အချိန်(လှုပ်ရှားမှု) နှင့် ဒြပ်မဲ့နေရာ ဘာမှမရှိ(နေရာ)ကို အာရုံမပြု။ ချုပ်၍ဆိုရလျှင် ဗြဟ္မဝိဟာရလေးပါးသည် လောကုတ္တရာ သီလဖြစ်၏။

(သင်တန်းသုံး သင်ခန်းစာ စာအုပ်။)

" 'မြင်၊ ကြား၊ တွေ့ထိ၊ သိခြင်း'ဟူသော လူအချင်းချင်းဆက်ဆံရေး၌ အရှိအမှန်အတိုင်း မြင်၊ ကြား၊ တွေ့ထိ၊ သိခြင်းသည် အမှန်မြင်ဖြစ်၍ လူ၏ ထိုအမြင်အတိုင်း ကြံစည်တွေးတောကာ ပြောဆိုပြုမူ နေထိုင်ခြင်းသည် လောကုတ္တရာသီလ"တဲ့။

သူတို့ဖွင့်ဆိုထားသော သီလအဓိပ္ပါယ်သည် ဗုဒ္ဓစာပေကျမ်းဂန်များနှင့် ဝေးကွာလျက်ရှိသည်ကို ယှဉ်ကြည့်ရန် ထုတ်ပြဦးအံ့။

## ကျမ်းဂန်အလိုကျ မြတ်သီလ

**သီလယတီတိ သီလံ။ ကာယဝစီကမ္မာနိ သမာဒဟတိ၊ သမ္မာ ဌပေတီတျတ္ထော။ သီလယတိ ဝါ ဥပဓာရေတီတိ သီလံ၊ ဥပဓာရဏံ ပနေတ္ထ ကုသလာနံ အဓိဋ္ဌာနဘာဝေါ။ တထာ ဟိ ဝုတ္တံ "သီလေ ပတိဋ္ဌာယာ "တျာဒိ။ နိစ္စ သီလာဒိဝသေန ပဉ္စ၊ အဋ္ဌ၊ ဒသဝါ သီလာနိ သမာဒိယန္တဿ ပရိပူရေန္တဿ အသမာဒိယိတွာပိ သမ္ပတ္တကာယဝစီ-ဒုစ္စရိတတော ဝိရမန္တဿ ပဗ္ဗဇန္တဿ ဥပသမ္ပဒမာဠကေ သံဝရံ သမာဒိယန္တဿ စတုပါရိ-သုဒ္ဓိသီလံ ပရိပူရေန္တဿ စ ပဝတ္တစေတနာ သီလံ နာမ။ (ဋီကာကျော်-သီလအဖွင့်)**

(မြန်မာပြန်) ကောင်းစွာထားတတ်သောကြောင့် သီလမည်၏။ ကာယကံ ဝစီကံတို့ကို ကောင်းစွာထား တတ်၏ ကောင်းစွာ(ဝါ)အပြစ်မရှိအောင်ထားတတ်၏။ (ဤကား အနက်။)

http://www.dhammadownload.com


(တစ်နည်း) ကပ်၍ဆောင်ထားတတ်၏၊ ထို့ကြောင့် သီလမည်၏။ ဆက်ဦးအံ့ - ဤ ဥပဓာရေတိ ဟူသော ပါဌ်၌ ကပ်၍ဆောင်ခြင်းဟူသည် ကုသိုလ်တရားတို့၏ တည်ရာ၏အဖြစ်တည်း။ ထို့ကြောင့်ပင် သီလေ ပတိဋ္ဌာယ -အစရှိသော စကားတော်ကို မြတ်စွာဘုရား ဟောတော်မူအပ်ပြီ။ နိစ္စသီလ-အစရှိသည်တို့၏ အစွမ်းဖြင့် ငါးပါးသော်လည်း ဖြစ်ကုန်သော ရှစ်ပါးသော်လည်း ဖြစ်ကုန်သော ဆယ်ပါးသော်လည်း ဖြစ်ကုန်သော သီလတို့ကို ဆောက်တည်သောသူ၏လည်းကောင်း ဖြည့်ကျင့်သူ၏လည်းကောင်း , မဆောက်တည်မူ၍လည်း ရောက်လာသော ကာယဒုစရိုက် ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောသူ၏ လည်းကောင်း ရှင်သာမဏေပြုသူ၏လည်းကောင်း ရဟန်းခံရာ သိမ်တန်ဆောင်းဝန်း၌ စောင့်စည်းကြောင်း သီလကို ဆောက်တည်သူ၏လည်းကောင်း စတုပါရိသုဒ္ဓိသီလ-ကို ဖြည့်ကျင့်သူ၏လည်းကောင်း သန္တာန်၌ဖြစ်သော စေတနာသည် သီလမည်၏။ "ဟူ၍ ဖွင့်ပြထားပေသည်။ ဤသည်မှာ မြတ်စွာဘုရား၏ အလိုတော်ကျ ဖွင့်ပြထားသော သီလအဓိပ္ပါယ် ဖြစ်ပေသည်။

မိုးပြာဂိုဏ်းသားတို့အလို ရွာဓလေ့ ရပ်ဓလေ့ စရိုက်ဝါသနာသည်လည်းကောင်း သီလဗ္ဗတပရာမာသ-ဒိဋ္ဌိ-လာ ခွေးကျင့် နွားအကျင့် ဓလေ့များသည်လည်းကောင်း စသည် စသည်တို့သည် အခြားနေရာတို့၌ သီလ(အလေ့အကျင့်)ဟူ၍ ခေါ်လိုက ခေါ်နိုင်သော်လည်း ပုညကိရိယဝတ္ထု အရာ၌ သီလအတွင်း မပါဝင်နိုင်ပေ။

သီလပုညကိရိယဝတ္ထု မှန်လျှင်လည်း ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ မည်သည့် အစွန်းတရားသို့ မျှ မဆိုက်ဘဲ မဇ္ဈိမပဋိပဒါ အရိယမဂ္ဂင်၏ မူလမဂ္ဂင်၌ အလျော်အားဖြင့် အကျုံးဝင်ပေသည်။ ပြီးတော့- လောကုတ္တရာ (သီလ)သည် လူ၏ အမှုကံကိုသာ အာရုံပြုသည်-ဟု ဆိုပြန်သေး၏။ငင်းအဆိုသည်-

လောကုတ္တရ စိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။ (အဘိဓမ္မတ္ထသင်္ဂဟ)

နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော (ပဋ္ဌာနပါဠိ ၊၁၊ ၁၃၅) ဟူသော ကျမ်းဂန်အဆိုများနှင့် မညီညွတ်ပေ၊ လောကုတ္တရာ မဂ် ဖိုလ် စိတ်တို့သည် နိဗ္ဗာန်ကိုသာ ကေန် အာရုံပြုကြသည် အခြားမည်သည့်တရားကိုမျှ အာရုံမပြု။

တစ်ဖန် မိုးပြာဂိုဏ်းသားကြီးက ဆိုပြန်သေး၏။

" လောကုတ္တရာသီလ ဆိုတာ ဗြဟ္မဝိဟာရတရားလေးပါး " တဲ့။

အမှန်စင်စစ် ဗြဟ္မဝိဟာရ ဟူသည် သတ္တဝါပညတ်ကို အာရုံပြုသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများဖြစ်၏။ လောကုတ္တရာသီလမှန်လျှင် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ဝိရတီ တရားတို့ဖြစ်သည်။ ထို့ကြောင့် - အဘယ်သို့မှ မပေါင်းစပ်နိုင်။

မိုးပြာဂိုဏ်းသားများကား သူတို့ဆရာကြီး ကဲ့သို့ စာလွတ်ပေလွတ် ဘ၍တ်၍တ်တ ပြောချင်ရာပြော ရေးချင်တာ ရေးတတ်ကြသူတွေပါတကား။

**မိုးပြာအလို ဘာဝနာပုညကိရိယ-**

ဘာဝနာပုညကိရိယဝတ္ထုကို မိုးပြာဂိုဏ်းသားကြီး ဖွင့်ဆိုပုံကို ကြည့်ပါဦး။

လူနှင့်လူချင်း ဆက်ဆံရေး၌ ကာမအမြင် ရူပအမြင် အရူပအမြင်ဖြင့် ကိုယ့်အမြင်တိုင်းမြင်၍ ထိုအမြင်အတိုင်း အကြိမ်ကြိမ် အထပ်ထပ် ကြံစည်တွေးတော ပြောဆိုပြုမူ နေထိုင်လုပ်ကိုင် ကြိုးစားနိုးကြားကာ စိတ်ထားဖြစ်စေမှုကို ဘာဝနာ-ဟုဆိုရ ၏။ ဘာဝနာ-ဟူသည် ပေါက်မြောက်ခြင်းပင် ဖြစ်၏"တဲ့ ဒါက လောကီဘာဝနာရဲ့ အဓိပ္ပါယ် ဟူ၏။

သူတို့အလို မည်သည့်အာရုံ မည်သည့်အရာကိုပဲဖြစ်ဖြစ် ဆိုးဆိုးကောင်းကောင်း ဘယ်အာရုံ ဘယ်အရာကိုပဲဖြစ်ဖြစ် လူမှုဆက်ဆံရေး နယ်ပယ်ဖြစ်လျှင် အကြိမ်ကြိမ် အထပ်ထပ် စိတ်ဖြစ်စေမှုရှိလျှင် ဘာဝနာ-ဟု ခေါ်တယ်တဲ့။ ဒီလိုဆိုရင် လင်နှင့်မယား အချင်းချင်း (ဖိုမ)စိတ်ဓာတ်များ ဖြစ်စေခြင်းသည်လည်း ဘာဝနာ-မည်တယ်လို့ ဆိုရာ ရောက်မနေပေဘူးလား။ ရဟန္တာပုဂ္ဂိုလ်များသည်ပင် အိမ်ထောင်သားမွေး လုပ်ကြ သေးသည်- ဟု ဆိုရက်တဲ့ ဂိုဏ်းဖြစ်လေတော့ ဤသို့သော အဓိပ္ပါယ်ရောက်စေခြင်းမျိုးလည်း မဖြစ်နိုင်ပါ- ဟု ပြော၍ မရပေ။

လောကုတ္တရာဘာဝနာ ပုညကိရိယဝတ္ထု အဓိပ္ပါယ်ဖွင့်ပုံကို ကြည့်ပါဦး- ဖြပ်အမြင်(ကာမအာရုံ) အချိန်အမြင်(အချိန်အာရုံ) ငြိမ်မဲ့အမြင်တို့၌ လောကလူသား အကျိုးဖြစ်ထွန်းစေရေး လောကလူသား ချမ်းသာသုခရကြစေရေး လောကလူသားများ ငြိမ်းချမ်းအောင် ဓမ္မဖြင့် အစဉ်စောင့်ရှောက်ရေး စိတ်ဓာတ်ဖြင့် ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သော လောကုတ္တရာသီလ-ကို နိုးကြားသော သတိဖြင့် မပြတ်ကြိုးပမ်း အားထုတ်ခြင်း သည်ပင် လောကုတ္တရာဘာဝနာ- မည်၏ တဲ့။

မိုးပြာတို့ အဆိုကို အဖြောင့်ပြောရလျှင် ဗြဟ္မဝိဟာရ တရားလေးပါး ဟူသော လောကုတ္တရာ သီလကို မပြတ်ကြိုးပမ်း အားထုတ်ခြင်းသည်ပင် လောကုတ္တရာဘာဝနာ ဟူ၍ ဆိုလိုခြင်းဖြစ်၏။

ရှေ့တွင်ပြောခဲ့သည့်အတိုင်း ဗြဟ္မဝိဟာရ တရားဟူသည် သီလ-မဟုတ် ဗြဟ္မဝိဟာရတရား မှန်လျှင်သတ္တဝါပညတ်ကို အာရုံပြု၏။ လောကုတ္တရာမှန်လျှင် နိဗ္ဗာန်ကို အာရုံပြု၏။ ဘိန္နာရမ္မဏဖြစ်သော တရားများသည် အဘိဓမ္မာနယ်ပယ်၌ ပေါင်းစပ်ယှဉ်တွဲနိုင်ခြင်း မရှိကြပေ။

ပြီးတော့ - ပုညကိရိယဝတ္ထု မှန်လျှင်လည်းစာဒကဆရာတော်များ တင်ပြအပ်ခဲ့သည့်အတိုင်း ကာမာဝစရကုသိုလ်သာ ဖြစ်ရသည်။ ထို့ကြောင့် လောကုတ္တရာ ဟူ၍လည်း ရှိကား မရှိနိုင်ပါပေ။

မိုးပြာဂိုဏ်းသားကြီး၏ ဖွင့်ဆိုချက်များသည် ကျမ်းဂန်အဆိုများနှင့် မည်မျှကွဲလွဲသည်ကို နှိုင်းချိန်နိုင်ရန်ထုတ်ပြပါဦးအံ့။

" စတ္တာလီသာယ ကမ္မဋ္ဌာနေသု ခန္ဓာဒီသု စ ဘူမိသု ပရိကမ္မသမ္မသနဝသပ္ပတ္တတာ အပ္ပနံ အပ္ပတ္တာ ဂေါတြဘုပရိယောသာနစေတနာ ဘာဝနာ နာမ "

(မြန်မာပြန်) လေးဆယ်သော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း ခန္ဓာအစရှိကုန်သော ဘုံတို့၌လည်းကောင်း ပရိကမ်ပြုခြင်း သုံးသပ်ခြင်း၏အစွမ်းဖြင့်ဖြစ်သော အပ္ပနာသို့ မရောက်သေးသော ဂေါတြဘုအဆုံးရှိသော စေတနာသည် ဘာဝနာ မည်၏။ (ဋီကာကျော်- ဘာဝနာအဖွင့်)ဟူ၍ ဖွင့်ပြထားပေသည်။ ဤဖွင့်ပြချက်သည်သာလျှင် ဘုရားရှင် အလိုတော်နှင့် ညီညွတ်သော ဖွင့်ဆိုချက် ဖြစ်ပါပေသည်။

http://www.dhammadownload.com


မိုးပြာဂိုဏ်းသားတို့သည် လောကုတ္တရာ (လောကမှ လွန်မြောက်သော တရား)ဟု ဆိုပါသော်လည်း လောကထဲတွင် တစ်ဝဲလည်လည် လည်ပတ်နေသော တရားများသာ ဖြစ်နေသည်ကိုလည်း သတိပြုမိကြဟန် မရှိကြပေ။

ယုံကြည်မှု သဒ္ဓါအစစ်အမှန် ခေါင်းပါးနေကြပြီး မိစ္ဆာဉာဏ်အမြင် ဖုံးလွှမ်းနေကြကာ ဗုဒ္ဓဘာသာ အရေခြုံလျက် တကယ့် မြတ်ဗုဒ္ဓသာသနာတော်ကြီးကို တွန်းလှန်ဖြိုဖျက်ရန် ကျိုးပမ်းအားထုတ်ကြသည့် အတွင်းရန်သူတွေလည်း ဖြစ်ကြသည်။

## ပစ္စုပ္ပန္နကမ္မဝါဒဟူသည်

စင်စစ် ပစ္စုပ္ပန္နကမ္မဝါဒ-ဟူသည်မှာ ဥစ္ဆေဒဝါဒ တစ်မျိုးသာလျှင် ဖြစ်၏။

**အထ ဝါ ပုရိမာဝိ တီသု ကာလေသု အတ္ထီတိ ဂဟဏတော သဿတဒိဋ္ဌိ, ပစ္စုပ္ပန္နမေဝ အတ္ထီတိ ဂဏှန္တိ ဥစ္ဆေဒဒိဋ္ဌိ,** (ပဋိသံ၊ဌ၊၂။၂၆။ဝိဘင်၊ဌ၊၄၉၀။)

ယင်းဝါဒကို လက်ခံယုံ ကြည်ပါသည်ဆိုလျှင်ကား မိမိတို့၏ဝါဒကို ဘုရားရှင် နှုတ်တော်ထွက် မုခပါဌ်တော်များနှင့် လုံးဝ ဆက်စပ်ခြင်း မရှိဘဲ သီးခြားစွာ ရပ်တည်၍ သီးခြားဝေါဟာရများဖြင့် တီထွင်သင့်ကြ၏။ ယခုသော်ကား ပိဋကတ်ကျမ်းစာ စကားများဖြင့် ဒါတွေမှ ဘုရားအလိုတော်နှင့် အညီဟု ဆိုကာ သဒ္ဓါခေါင်းပါး မိစ္ဆာဉာဏ်များသူ လူတစ်သိုက်ကိုပါ အပါယ်လမ်းသို့ အဖော်ခေါ်ယူခြင်းသည် အလွန်ပင် မိုက်တွင်းနက်လှပါပေသည်။

## ပေါင်းချုပ်သုံးသပ်ချက်

ယခုအမှတ်(၄၇)စောဒနာ၌ မိုးပြာဂိုဏ်းသားတို့၏ လွဲမှားစွာ ဖွင့်ဆိုထားသော ပုညကိရိယ ဝတ္ထုများအနက် (ဒါန၊ သီလ၊ ဘာဝနာ) သုံးရပ်မျှကိုသာ သုံးသပ်ပြီးခဲ့ပါသည်။ သမုဒ္ဒရာရေ၏ ငန်တူးလှသော သဘောကို သိရှိရန်အတွက် အကုန်သောက်ကြည့်စရာမလို တစ်စက်မျှ လျှာပေါ် တင်ကြည့်ယုံမျှဖြင့် သိနိုင်သကဲ့သို့ ကျန်သော ပုညကိရိယဝတ္ထုများကိုလည်း လွဲချော်တိမ်းယိမ်း နေကြသည်ချည်း-ဟုသာ သိနိုင်ကြပေသည်။

ထို့ကြောင့်အမှတ်(၄၇) စောဒနာပါ မိုးပြာဂိုဏ်းသားကြီး ဓမ္မနာယက ဦးရန်အောင်၏ ပုညကိရိယဝတ္ထု ဆယ်ပါးဆိုင်ရာ ဟောပြောရေးသားပို့ချ ဖွင့်ဆိုချက်များသည် ထေရဝါဒပိဋကတ် တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားပို့ချဖွင့်ဆိုချက်များ ဖြစ်သည်ဟု ဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၇)စောဒနာလွှာပါ မိုးပြာဂိုဏ်းသားကြီး ဓမ္မနာယက ဦးရန်အောင်၏ ပုညကိရိယဝတ္ထု ဆယ်ပါးဆိုင်ရာ ဟောပြော ရေးသားပို့ချ ဖွင့်ဆိုချက်များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားပို့ချ ဖွင့်ဆိုချက်များဖြစ်သောကြောင့် ယင်းဟောပြော ရေးသားပို့ချ ဖွင့်ဆိုချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၄၈)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ၊ နှာ၊ ၁၄။၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြော ရေးသားသော-

"နတ်ဆိုတာ နာထဆိုတဲ့ ပါဠိစကားလုံးကို နတ်လို့ ဗမာစကားလုံးအနေနဲ့ ဖလှယ်ပြီး သုံးထားတာ။ အောက်မေ့ဖွယ် လေးစားအားကိုးလောက်တဲ့ ဂုဏ်အရည်အချင်းရှိသူကို နတ်လို့ပြောတာ၊ အခု မောင်တင့်တယ်တို့ မောင်နှမတွေရဲ့ ညီအစ်ကို မောင်နှမ မိသားစုစိတ်ဓာတ်ဟာ ဘယ်လောက် အံ့ဖွယ်သရဲ ရှိလိုက်သလဲ၊ ဘယ်လောက်လေးစား ဂုဏ်ယူဖို့ ကောင်းလိုက်သလဲဗျာ"ဟူသော (ငြိမ်းချမ်းရေးသစ္စာ ဓမ္မစကြာဒေသနာ၊ နှာ၊ ၁၄။) ဟောပြောရေးသားချက်သည် ထေရဝါဒ ပါဠိ အဋ္ဌကထာ စသည်တို့၌ လာရှိသော ပိဋကတ်စာပေများနှင့် မကိုက်ညီ၊ မြတ်စွာဘုရားကို အလေးဂရု မပြုရုံမက ဂုဏ်ယုတ်အောင် သေးသေးသိမ်သိမ် နှိမ့်နှိမ့်ချချ ချိုးချိုးဖွဲ့ဖွဲ့ အလွန့်အလွန် စော်စော်ကားကား ရေးသားဟောပြောခြင်း ဖြစ်ပါသောကြောင့် ယင်းဟောပြော ရေးသားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြ လျှောက်ထားကြသည်။

### စောဒကတို့၏ သဘောထား

စောဒကဆရာတော်များက -

နာထ-သဒ္ဒါကို နတ်-ဟု ဗမာစကားလုံးနဲ့ ဖလှယ်ပြီး သုံးထားခြင်းသည် အဘိဓာန်ပါဠိနှင့် မညီညွတ်ပါကြောင်း ၊ နတ်ဟော ဗမာသံ အနက်ကို ဟောသောပါဠိ (၁၄) ပုဒ်ကို ထုတ်ပြထားသည့် အဘိဓာန်ဂါထာ(၁၁)၌-

တိဒသာ တွမရာ ဒေဝါ ၊ ဝိဗုဓာ စ သုဓာသိနော။

သုရာမရူ ဒိဝေါကာ စာ ၊ မတပါ သဂ္ဂဝါသိနော။

နိဇ္ဇရာ နိမိသာ ဒိဗ္ဗာ ၊ အပုမေ ဒေဝတာနိ စ -

ဟူ၍ လာရှိရာ ထိုတွင် နာထ-သဒ္ဒါ မပါရှိကြောင်း။

နာထ-သဒ္ဒါသည် ဘုရားဟူသော မြန်မာအနက်ကို ဟောကြောင်း အဘိဓာန် ဂါထာ (၁)၌ -

ဗုဒ္ဓေါ ဒသဗလော သတ္ထာ ၊ သဗ္ဗညူ ဒွိပဒုတ္တမော။

မုနိန္ဒော ဘဂဝါ နာထော ၊ စက္ခုမင်္ဂီရသော မုနိ။

အစရှိသည်ဖြင့် ဘုရားဟောပါဠိ (၃၂)ပုဒ် ဖော်ပြထားကြောင်း။ ထို့ကြောင့် နာထ-သဒ္ဒါကို မြန်မာစကားနှင့် ဖလှယ်ပြီး နတ်-ဟု မသုံးသင့် ၊ မြတ်စွာဘုရား-ဟုသာ သုံးသင့်ပါကြောင်း ။ နတ်-ဆိုလျှင်လည်း မောင်တင့်တယ် တို့ကဲ့သို့ အညတြနတ်မျိုး မဟုတ်ပါ။ ဘုရားတည်းဟူသော ဝိသုဒ္ဓိနတ်သာ ဖြစ်သင့်ပါကြောင်း။

ဓမ္မစကြာဒေသနာတော်၌ ဒေဝေန ဝါ-ဟု နတ်-ကိုဟောသော ဒေဝ-သဒ္ဒါ ပါပါလျက် မဟော မပြော မရေးသားဘဲ ဘုရားအနက်ကို ဟောသော နာထ-သဒ္ဒါကိုမှ နတ်ဟုသုံးခြင်း မောင်တင့်တယ် ကဲ့သို့သော အောက်တန်းစားနတ်နှင့် ယှဉ်တွဲဖော်ပြထားခြင်းသည် အလွန့်အလွန် မှားယွင်းကြောင်း။ မောင်တင့်တယ်ကိုသာ အလေးဂရုပြု၍ ဂုဏ်တင်ပြီး မြတ်စွာဘုရားကို အလေးဂရုမပြုရုံမက ဂုဏ်ယုတ်အောင် သေးသေးသိမ်သိမ် နှိမ့်နှိမ့်ချချ ချိုးချိုးဖွဲ့ဖွဲ့ စော်စော်ကားကား ရေးသားဟောပြော ဖြန့်ဝေနေသော အရှင်ဉာဏိန္ဒာလင်္ကာရ တို့၏ အယူအဆကို မိစ္ဆာဒိဋ္ဌိ ပရဝါဒီ အဓမ္မဝါဒ စစ်စစ်ဟုသာ ထင်မြင်ယူဆ မိပါကြောင်း။

http://www.dhammadownload.com


သို့ပါ၍ အမှတ်(၄၈) စောဒနာလွှာပါ အရှင်ဉာဏိန္ဒာလင်္ကာရ၏ အယူဝါဒကို အဓမ္မဝါဒအဖြစ် စိစစ် ဆုံးဖြတ်ပေးရန် စောဒနာ တင်သွင်းကြပေသည်။

## ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၈)စောဒနာလွှာပါ ဟောပြော ရေးသားချက်များနှင့် ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

နတ်- ဟူသော ဝေါဟာရနှင့် လဲလှယ်နိုင်သော ပါဠိဝေါဟာရများမှာ စောဒကဆရာတော်များ တင်ပြသည့်အတိုင်း (၁၄) ပုဒ်ဖြစ်ပေသည်။ ၎င်းဝေါဟာရတို့တွင် နာထ- ဟူသော ဝေါဟာရ မပါရှိပေ။

နာထ- သဒ္ဒါသည် (က) ဘုရားရှင် (ခ) အရပဟတ္တဖိုလ် (ဂ) ရှင်ဘုရင် (ဃ) လင်ယောကျ်ား ခင်ပွန်းသည် (င) မိမိ၏ခန္ဓာကိုယ်-ဟူ၍ အရာဌာနအားလျော်စွာ အနက်ငါးမျိုး ဟောနိုင်သော်လည်း မောင့်တင့်တယ်တို့လို မောင်နှမနတ်မျိုး ၊ စတုမဟာရာဇ်စသော နတ်ပြဟ္မာမျိုးတို့ကို ဟောနိုင်ကြောင်း မတွေ့ရပေ။ နာထ- သဒ္ဒါသည် ယင်းသို့ အနက်ငါးမျိုးကို ဟောပင်ဟောနိုင်သော်လည်း လောကထွင်ရှားထား မြတ်ဘုရားကို ဟောသော သဒ္ဒါအဖြစ်ဖြင့်သာ အဓိကအားဖြင့် သုံးသော သဒ္ဒါဖြစ်ပေသည်။

"အထဝါ နာထတီတိ နာထော။ ဝေနေယျာနံ ဟိတသုခံ မေတ္တာယနဝသေန အာသီသတိ ပတ္ထေတီတိ အတ္ထော။ အထဝါ နာထတိ ဝေနေယျဂတေ ကိလေသေ ဥပတာပေတီတိ အတ္ထော။ အထဝါ ယာစတီတိ အတ္ထော။ " ပရမေန ဝါ ။ပ။ ဘဂဝါ နာထောတိ ဝုစ္စတိ။ သဗ္ဗောပိ အယမတ္ထော သဒ္ဒသတ္ထာနုသာရတော ဝေဒိတဗ္ဗော။

(သာရတ္ထ၊၁၊ ၈။ ဝိမတိ၊၁။ ၂။)

နာထ= ဝေနေယျတို့၏ စီးပွါးချမ်းသာကို မေတ္တာ၏ အစွမ်းဖြင့် လိုလားတောင့်တ တတ်သော မြတ်စွာဘုရား။

နာထ= ရဟန်းတို့၏ လွန်ကျူးမှုအားလျော်စွာ သိက္ခာပုဒ်ဥပဒေတော်ကို ပညတ်တော်မူခြင်း အားဖြင့် မျက်မှောက်တမလွန်ဖြစ်သော ဘေးရန်တို့ကို ကရုဏာဖြင့် ပူပန်စေတတ် ရှောင်မြှက်တတ်သော မြတ်စွာဘုရား။

နာထ= သုတ္တန်ဒေသနာ၏ အစွမ်းဖြင့် သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော ကိလေသာတို့ကို ကရုဏာပညာဖြင့် ပူပန်စေတတ် လောက်မြှက်တတ်သော မြတ်စွာဘုရား။

နာထ= အဘိဓမ္မာဒေသနာတော်၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့်ရှုလျှက် ကိုယ့်တော့်သန္တာန်၌ဖြစ်သော ကိလေသာတို့ကို ပညာဖြင့် ပိုင်းခြားပြီး သိ၍ ပူပန်စေတတ်သော မြတ်စွာဘုရား။

" ပရမေန ဝါ စိတ္တိဿရိယေန သမန္နာဂတော သဗ္ဗသတ္တေ ဝါ သီလာဒိဂုဏေဟိ ဉ္ဇသတိ အဘိဘဝတီတိ ပရမိဿရော ဘဂဝါ "နာထော"တိ ဝုစ္စတိ။ (နေတ္တိ-ဋီ။ ၁။)

နာထ= လွန်မြတ်သော စိတ်ကိုအစိုးရခြင်းနှင့် ပြည့်စုံသောကြောင့်(ဝါ) အလုံးစုံသော သတ္တဝါတို့ကို သီလအစရှိသော ဂုဏ်တို့ဖြင့် လွှမ်းမိုးတော်မူတတ်သော မြတ်စွာဘုရား။

"နာထောတိ ဘိက္ခုဘိက္ခုနီနံ ဟိတပဋိပတ္တိံ ယာစနဋ္ဌေန စ ဝေနေယျာနံ ဟိတသုခံ အာသီသနဋ္ဌေန စ စိတ္တိဿရိယဋ္ဌေန စ နာထော"။ (ပါစိတျာဒိယောဇနာ။၆၄၈။)

နာထ= ဘိက္ခုဘိက္ခုနီတို့၏ ဟိတပဋိပတ်ကို ကျင့်ခြင်း၌ တောင်းပန်တိုက်တွန်း နှိုးဆော်တတ်သော မြတ်စွာဘုရား- ဟူ၍ နာထပုဒ်အဖွင့် ယင်းအဖွင့်နှင့်လျော်သော အနက်တို့ကို သိနိုင်သည်။

ထို့ကြောင့် နာထ-ဟူသော ပုဒ်မှ ပါဠိသက် မြန်မာဝေါဟာရအားဖြင့် နထ်/နတ် ဟူ၍ ပြောင်းလဲလာသည် ဆိုသည့်တိုင်အောင် ဘုရားရှင်မှ လွဲ၍ နာထ-နထ်/နတ် ဟူသော ဝေါဟာရကို မသုံးစွဲအပ်ပေ။

ဤနေရာ၌ မိုးပြာဂိုဏ်း နောက်တော်ပါကြီး အရှင်ဉာဏိန္ဒာလင်္ကာရသည် လောကသုံးပါး၏ ရှိခိုးဦးခိုက် ပူဇော်ထိုက်သော သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်ကို နတ်-ဟု စာရင်းသွင်းထားသော်လည်း ဗုဒ္ဓတရားတော်အရ ဖြစ်နိုင်ချေ အလွန်ပင် အားနည်းသော ရှိသည်ဆိုသည့်တိုင်အောင် အောက်တန်းရောက်နေသော မောင်တင့်တယ် မောင်နှမနှင့် ယှဉ်တွဲကာ သုံးစွဲထား၏။ ဤသို့ သုံးစွဲထားခြင်းသည် သူ၏သန္တာန်၌ ဗုဒ္ဓဂါရဝတရား ခေါင်းပါးနေကြောင်း ဖော်ပြရာရောက်ပေသည်။

မိုးပြာဂိုဏ်းသားတို့သည် ပစ္စုပ္ပန္နကမ္မဝါဒီ-ဟု ခံယူထားကြသော်လည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင် ကျော်က နတ်အဖြစ် ပြောင်းလဲ တည်ရှိနေပါသည် ဆိုသော (ဖြစ်နိုင်ချေလည်း မရှိသော) မောင်တင့်တယ် နတ်မောင်နှမကို အမွန်းတင် ပြောဆိုရေးသားနေကြပြန်ရာ အတိတ်၊ ပစ္စုပ္ပန် ရောပြွမ်းသော ကမ္မဝါဒီသမားများဟု ပြောင်းလဲခေါ်ဝေါ်ရန် ဖြစ်လာပေသည်။

## နတ်သုံးမျိုး

ဤနေရာ၌ " ဒေဝ=နတ် "ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ နေရာဌာနအားလျော်စွာ ခေါ်ဝေါ်သုံးစွဲရန် နတ်သုံးမျိုး (တယော ဒေဝါ)ကို တင်ပြဦးအံ့ -

" ဒေဝါတိ တယော ဒေဝါ သမ္မုတိဒေဝါ ဥပပတ္တိဒေဝါ ဝိသုဒ္ဓိဒေဝါ။ သမ္မုတိဒေဝါ နာမ ရာဇာနော ဒေဝိယော ကုမာရာ။ ဥပပတ္တိဒေဝါ နာမ စာတုမဟာရာဇိကေ ဒေဝေ ဥပါဒါယ တဒုပရိ ဘဝါ။ ဝိသုဒ္ဓိဒေဝါ နာမ အရဟန္တော ဝုစ္စန္တိ။" (ဝိဘင်္ဂ။၄၃၇။)

ပဥ္စဟိ ကာမဂုဏေဟိ နာနပ္ပကာရေဟိ ဝါ ဣဒ္ဓိဝိသေသေဟိ ဒိဗ္ဗန္တီတိ ဒေဝါ။ သမ္မုတိဒေဝါတိ 'ဒေဝေါ ဒေဝီ'တိ ဧဝံ လောကသမ္မုတိယာ ဒေဝါ။ ဥပပတ္တိဒေဝါတိ ဒေဝလောကေ ဥပ္ပန္နတ္တာ ဥပပတ္တိယာ ဒေဝါ။ ဝိသုဒ္ဓိဒေဝါတိ သဗ္ဗေသံ ဒေဝါနံ ပူဇာရဟာ သဗ္ဗကိလေသဝိသုဒ္ဓိယာ ဒေဝါ။ ရာဇာနောတိ ဗုဒ္ဓါဘိသိတ္တခတ္တိယာ။ ဒေဝိယောတိ တေသံ မဟေသိယော။ ကုမာရာတိ အဘိသိတ္တရာဇူနံ အဘိသိတ္တဒေဝိယာ ကုစ္ဆိသ္မိံ ဥပ္ပန္နကုမာရာ။ (သမ္မော၊၄။၅၀၁။)

ဒေဝ= နတ်တို့သည် သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်-ဟူ၍ သုံးမျိုးတို့ဖြစ်ကုန်၏။

မင်း မိဖုရား မင်းသား ဟူ၍ လောကသမ္မုတိအားဖြင့် ဖြစ်သောသူတို့သည် သမ္မုတိဒေဝ= သမ္မုတိနတ် မည်ကုန်၏။

ဥပပတ် ပဋိသန္ဓေနေသော အားဖြင့်ဖြစ်သော စာတုမဟာရာဇ်မှ စ၍ အထက်ဖြစ်သော နတ်ဗြဟ္မာတို့သည် ဥပပတ္တိဒေဝ= ဥပပတ္တိနတ် မည်ကုန်၏။

အလုံးစုံသော နတ်တို့၏ ပူဇော်ခြင်းကို ထိုက်ကုန်သော ကိလေသာအားလုံးစင်ကြယ်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ဝိသုဒ္ဓိဒေဝ= ဝိသုဒ္ဓိနတ် မည်ကုန်၏။

http://www.dhammadownload.com



ဤသို့ နတ်သုံးမျိုး ဟောတော်မူထားရာ၌ ဘုရားရှင်သည် **ဝိသုဒ္ဓိနတ်တွင်** အကျုံးဝင်ပေသည်။ ထို့ကြောင့် - ဘုရားရှင်ကို ဆိုလိုသောအခါ အခြားသော နတ်တွေနှင့် ရောယှက်ခြင်း မရှိစေရန်အတွက် ဝိသုဒ္ဓိနတ်- ဟု သေချာစွာ ရေးသားပြောဆိုသင့်ပေသည်။

## "ဒေဝဒေဝ သို့မဟုတ် ဒေဝါတိဒေဝ"

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏသခင် ဘုရားရှင်ဖြစ် တော်မူပြီးနောက် ပဉ္စမသတ္တာဟဝယ် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် လောက၌ လေးစားမှီခို အားထားစရာမရှိဘဲ နေထိုင်ရခြင်းသည် ဆင်းရဲ၏။ သို့အတွက်- ငါ၏ မပြည့်စုံသေးသော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ တရားများ ပြည့်စုံ စေရန်အတွက် ငါ့ထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ အားဖြင့်သာလွန်ပြည့်စုံသော အဘယ်မည်သော သမဏဗြာဟ္မဏကို လေးစားမှီခို၍ နေရပါအံ့နည်းဟု လောကကြီးကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကြည့်ရှုတော် မူသောအခါ မြတ်စွာဘုရားထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိအားဖြင့် သာလွန်သော ပုဂ္ဂိုလ်မရှိကြောင်း သိမြင်တော် မူပါပေသည်။ (အံ၊ ၁။ ၃၂၇။)

ထို့ကြောင့် ဘုရားရှင်သည် အနုတ္တရ-အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသည်။ အနုတ္တရဖြစ်တော်မူသော ဘုရားရှင်သည် ဒေဝ-နတ်ဟု ဆိုသော်လည်း-

**၁။ သဗ္ဗေ တေ ဒေဝေ တေဟိ ဂုဏေဟိ အတိက္ကန္တော အတိသယော ဝါ ဒေဝေါတိ ဒေဝါတိဒေဝေါ။**

**၂။ သဗ္ဗဒေဝေဟိ ပူဇနီယတရော ဒေဝေါတိ ဝါ ဒေဝါတိဒေဝေါ။**

**၃။ ဝိသုဒ္ဓိဒေဝဘာဝံ ဝါ သဗ္ဗညုဂုဏာလင်္ကာရံ ပတ္တတ္တာ အညဒေဝေဟိ အတိရေကတရော ဝါ ဒေဝေါ ဒေဝါတိဒေဝေါ။**

(ပဥ္စပကရဏမူလဋီကာ။၁၆၅။)

**ဒေဝါတိဒေဝ**=အလုံးစုံသော နတ်တို့ကို ဂုဏ်တို့ဖြင့် ကျော်လွန်သော (ဝါ) ကျော်လွန်၍ဖြစ်သော နတ်။
**ဒေဝါတိဒေဝ**= အလုံးစုံသော နတ်တို့ထက် အထူးသဖြင့် ပူဇော်ထိုက်သော နတ်။
**ဒေဝါတိဒေဝ**= ဝိသုဒ္ဓိနတ်၏ အဖြစ်ဟုဆိုအပ်သော သဗ္ဗညုဂုဏ်ဟူသော အဆင်တန်ဆာသို့ ရောက်တော်မူသောကြောင့် အခြားနတ်တို့ထက် ထူးကဲသာလွန်သောနတ်။

## ခြုံငုံသုံးသပ်ချက်

၁။ နတ်ဟော ပရိယာယ်ပုဒ်များတွင် နာထ-ဟူသော ပုဒ်မပါရှိပေ။
၂။ နာထ-ဟူသော ပုဒ်သည် ဘုရားဟော ပရိယာယ်ပုဒ်များ၌သာ ပါဝင်၏။
၃။ နာထ-ကို နတ်ဟု ပါဠိသက်ဝေါဟာရ ပြန်နိုင်သော်လည်း နာထပုဒ်မှ ပြောင်းလဲလာသော ဝေါဟာရဖြစ်ပါက ယင်းဝေါဟာရကို ဘုရားအရာ ဝိသုဒ္ဓိနတ်ကို ဆိုလိုရာ၌သာ သုံးစွဲခေါ်ဝေါ်ထိုက်။ တခြားနတ်များကို ဆိုလိုရာ၌ မသုံးထိုက်။
၄။ မြတ်စွာဘုရားသည် ဝိသုဒ္ဓိဒေဝ-အရ နတ်ဟုခေါ်ဆိုနိုင်သော်လည်း အနုတ္တရဂုဏ်ရှင် ဖြစ်သည့်အတွက် နတ်တကာတို့ထက် ထူးခြားသာလွန်သော နတ်မြတ်သာ ဖြစ်တော်မူသည်။

ထို့ကြောင့်- အမှတ်(၄၈) စောဒနာပါ မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို မထီလေးစား ဂုဏ်သေးသိမ် ရအောင် ရည်ရွယ်ချက် ရှိရှိဖြင့် မောင်တင့်တယ်တို့လို အောက်တန်းစား နတ်များနှင့် တန်းတူထားကာ ရေးသားပြောဆိုသော မိုးပြာဂိုဏ်း၏ နောက်တော်ပါကြီး အရှင်ဉာဏိန္ဒာလင်္ကာရ၏ ရေးသားချက် များသည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားပို့ချဖွင့်ဆိုချက်များ ဖြစ်သည်ဟု ဝိနည်းမှိုရ် ဆရာတော်များက သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၈)စောဒနာလွှာပါ မိုးပြာဂိုဏ်းသားကြီး မိုးပြာဂိုဏ်း၏ နောက်တော်ပါကြီး အရှင်ဉာဏိန္ဒာလင်္ကာရ၏ နာထသဒ္ဒါ၏ အနက်ကို လွဲမှားစွာ ရေးသားချက်နှင့် စပ်လျဉ်း၍ ဟောပြော ရေးသားချက်များသည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားပို့ချ ဖွင့်ဆိုချက်များဖြစ်သောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၄၉)စောဒနာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ- နှာ၊ ၅၆။၌ အရှင်ဉာဏိန္ဒာလင်္ကာရ ရေးသားထားသော- "အဲဒီသစ္စာဟာ သမုတိသစ္စာ၊ ပရမတ္ထသစ္စာဆိုပြီး ၂ မျိုးရှိဆို မဟုတ်လားဘုရား"။

"၂-မျိုး မဟုတ်ဘူး၊ ၃-မျိုးပါ"။

"ဘာတွေလဲ ဘုရား"? "ပရမတ္ထသစ္စာ၊ သမုတိသစ္စာ၊ **အရိယသစ္စာလို့ပါ**"။

"ပရမတ္ထသစ္စာနဲ့ အရိယသစ္စာဟာ အတူတူပဲလို့ ပြောတယ်ဆိုဘုရား"။

"ဘုရား **မပြောပါဘူး**၊ ဘုရားက သမုတိ၊ ပရမတ်တို့ကို စကားလုပ်ပြီးတောင် **သိပ်မပြောပါဘူး**"။ "အရိယသစ္စာကိုသာ ပြောတာပါ။ ပရမတ္ထ၊ အရိယဆိုတဲ့ စကား အနက် အတ္ထအရကိုပဲ တူဖို့ ခဲယဉ်းပါတယ် ဒကာကြီး"ဟူသော ဟောပြောရေးသားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြော ရေးသား ထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ် ပေးပါရန် စောဒကပုဂ္ဂိုလ်များက တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

စောဒကဆရာတော်တို့က အရှင်ဉာဏိန္ဒာလင်္ကာရသည် ရှေးဦးစွာ ဘုရားမပြောပါဘူးဟုဆိုပြီး နောက်တစ်ခါ သိပ်မပြောပါဘူးဟု ဆိုပြန်ကြောင်း၊ မပြောခြင်းသည် လုံးဝမပြောခြင်းဖြစ်၍ သိပ်မပြောခြင်း သည် နည်းနည်းပါးပါးပြောခြင်း ဖြစ်သောကြောင့် **မပြောပါဘူး**ဟူသော ရှေ့စကားနှင့် **သိပ်မပြောပါဘူး**ဟူသော နောက်စကားသည် လုံးဝဆန့်ကျင်နေပါကြောင်း၊ **နှစ်မျိုးမဟုတ်ဘူး၊ သုံးမျိုး**ဟူသော ရှေ့စကားနှင့် **ဘုရား မပြောပါဘူး**ဟူသော နောက်စကားကလည်း လုံးဝ ဆန့်ကျင် နေပါကြောင်းနှင့် သမုတိသစ္စာ ပရမတ္ထသစ္စာမှ တတိယသစ္စာကို မရထိုက်ကြောင်းကို ပါဠိအဋ္ဌကထာတို့ကို ကိုးကား၍ တင်ပြကြသည်။

### ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်ချက်

စောဒကဆရာတော်များ တင်ပြထားသော သက်သေခံ စာအုပ်များကို အညွန်းပါအတိုင်း လေ့လာကြည့်ရှုကြရာ စောဒကဆရာတို့ စောဒနာချက်အတိုင်း ရေးသားထားသည်ကို တွေ့ရှိတော်မူကြသောကြောင့်လည်းကောင်း၊ စုဒိတကပုဂ္ဂိုလ်၏ သောနောချက် မရှိသော်လည်း အရှင်ဉာဏိန္ဒာလင်္ကာရ၏ သဘောထားသည် "သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ကို ဘုရား မဟော၊ အရိယသစ္စာကိုသာ ဟော၏"ဟု သဘောထားကြောင်း ၎င်း၏ ရေးသားချက်၌ပင် သိသာထင်ရှားနေပြီး ဖြစ်သောကြောင့် လည်းကောင်း၊ ဤစောဒနာ အမှတ်(၄၉)၌ ပဓာနအချက်သည် သစ္စာသုံးပါး ရှိသည်ဟု ပြောဆို ရေးသားခြင်းပင် ဖြစ်သည်။

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၉)စောဒနာလွှာပါ မိုးပြာ နောက်တော်ပါကြီး အရှင်ဉာဏိန္ဒာလင်္ကာရ၏ သစ္စာသုံးပါး ဘုရားဟောကြောင်းနှင့် ပတ်သက်၍ ဟောပြော ရေးသားချက်များကို ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်၊အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်၊မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

စုဒိတက,က "ပရမတ္ထသစ္စာ၊ သမုတိသစ္စာ၊ အရိယသစ္စာလို့" သစ္စာသုံးပါး ဘုရားဟောကြောင်း ဆိုသည်။ သို့သော် ထေရဝါဒ ဒေသနာတော်တို့၌ သစ္စာနှစ်မျိုးသာ တွေ့ရသည်။

http://www.dhammadownload.com


## "သစ္စာ နှစ်မျိုး"

လောကသင်္ကေတမျှဖြင့်ပြီးသော အမည်နာမပညတ်သက်သက်သည် သမ္မုတိ။

မြတ်သော သို့မဟုတ် မဖောက်မပြန်မှန်သော သဘောသည် ပရမတ္ထ။

**လောကသင်္ကေတမတ္တသိဒ္ဓါ သမ္မုတိ၊ ပရမော ဥတ္တမော အဝိပရီတော ယထာဘူတသဘာဝေါ ပရမတ္ထော၊** (သီဋီသစ်၊၂။၄၀၀။)

-လောက၏ သမုတ်ခြင်း၏ အကြောင်းဖြစ်၍ သမ္မုတိ သို့မဟုတ် သင်္ကေတစကားသည်လည်း သစ္စာ။

-ပရမတ္ထတရားတို့၏ ဟုတ်တိုင်းမှန်စွာသော လက္ခဏာဖြစ်၍ ပရမတ္ထစကားသည်လည်း သစ္စာ ဖြစ်၏။

**သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ၊**

**ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏန္တိ၊** (ဒီ၊ဌ၊၁၊၃၁၅။)

မြတ်စွာဘုရားတို့၏ တရားစကားတော်သည် သမ္မုတိကထာ= သမ္မုတိစကားနှင့် ပရမတ္ထကထာ= ပရမတ္ထစကားဟု (၂)မျိုးရှိ၏။

ထိုတွင် သတ္တဝါဟူ၍လည်းကောင်း၊ ယောကျ်ားဟုလည်းကောင်း၊ နတ်ဟု လည်းကောင်း၊ ဗြဟ္မာဟုလည်းကောင်း အမည်တပ်၍ ဟောခြင်းသည် သမ္မုတိကထာ=သမုတိစကား မည်၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခန္ဓာ၊ ဓာတ်၊ အာယတန၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓါန် အစရှိသည်တို့ဖြင့် ဟောခြင်းသည် ပရမတ္ထကထာ= ပရမတ္ထစကား မည်၏။

**ဗုဒ္ဓါနံ ပန ဒွေ ကထာ သမ္မုတိကထာ စ ပရမတ္ထကထာ စ၊ တတ္ထ "သတ္တော ပေါသော ဒေဝေါ ဗြဟ္မာ"တိအာဒိကာ "သမ္မုတိကထာ" နာမ၊ "အနိစ္စံ ဒုက္ခမနတ္တာ ခန္ဓာ ဓာတုယော အာယတနာနိ သတိပဋ္ဌာနာ သမ္မပ္ပဓာနာ"တိအာဒိကာ ပရမတ္ထကထာ နာမ၊** (ဒီ၊ဌ၊၁၊၃၁၅။)

### တရားဟောခြင်းသည် သိနားလည်ပြီး ကျွတ်တမ်းဝင်နိုင်ဖို့

မြတ်စွာဘုရားသည် တရားဟောရာ၌ သတ္တဝါဟုလည်းကောင်း၊ ယောကျ်ားဟု လည်းကောင်း၊ နတ်ဟုလည်းကောင်း၊ ဗြဟ္မာဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲ၍ ဟောပါမှ တရားရနိုင် ကျွတ်တမ်း ဝင်နိုင်သူများကို သတ္တဝါဟုခေါ်၍ လူဟုခေါ်၍ နတ်ဟုခေါ်၍ ဗြဟ္မာဟုခေါ်၍ တရားဟော၏။ အနိစ္စ၊ ဒုက္ခ အစရှိသည်တို့ကို ကြား၍ တရားရနိုင်၊ ကျွတ်တမ်းဝင်နိုင်သူများကို အနိစ္စ၊ ဒုက္ခ အစရှိသည်ဖြင့် ခေါ်တော်မူလျက် တရားဓမ္မ ဟောကြားတော်မူ၏။ မြတ်စွာဘုရားသည် သမုတိသစ္စာ၊ ပရမတ္ထသစ္စာဟု သစ္စာ ၂-ပါးကို ဟောကြားတော်မူ၏။

**တတ္ထ ယော သမ္မုတိဒေသနာယ "သတ္တော"တိ ဝါ "ပေါသော"တိ ဝါ "ဒေဝေါ"တိ ဝါ "ဗြဟ္မာ"တိ ဝါ ဝုတ္တေ ဝိဇာနိတုံ ပဋိဝိဇ္ဈိတုံ နိယျာတုံ အရဟတ္တဇယဂ္ဂါဟံ ဂဟေတုံ သက္ကောတိ, တဿ ဘဂဝါ အာဒိတောဝ "သတ္တော"တိ ဝါ "ပေါသော"တိ ဝါ "ဒေဝေါ"တိ ဝါ "ဗြဟ္မာ"တိ ဝါ ကထေတိ, ယော ပရမတ္ထဒေသနာယ "အနိစ္စ"န္တိ ဝါ "ဒုက္ခ"န္တိ ဝါတိအာဒိသု အညတရံ သုတွာ ဝိဇာနိတုံ ပဋိဝိဇ္ဈိတုံ နိယျာတုံ အရဟတ္တဇယဂ္ဂါဟံ ဂဟေတုံ သက္ကောတိ, တဿ "အနိစ္စ"န္တိ ဝါ "ဒုက္ခ"န္တိ ဝါတိအာဒိသု အညတရမေဝ ကထေတိဝိနယပိဋကေ စ ၊** (ဒီ၊ဌ၊၁၊၃၁၅။၃၁၆။)

http://www.dhammadownload.com


**"သမ္မုတိပရမတ္ထ သစ္စာ ဒေသနာ နမ္မနာ"**

သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိန္တိ-ဟု သမ္မုတိသစ္စာဒေသနာများကိုလည်းကောင်း,

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ- အစရှိသည်ဖြင့် (ဓမ္မစကြာ ဒေသနာတော်)

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ စသည်ဖြင့် (ပဋိစ္စသမုပ္ပါဒ်ဒေသနာ)

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော- စသည်ဖြင့် (ဝိဘင်္ဂ၊၆၉-စသည်) ပရမတ္ထသစ္စာဒေသနာ များကို လည်းကောင်း, ဘုရားရှင် ဟောကြားတော်မူထားသည်။

## တတိယသစ္စာ ဘုရားမဟော

**ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော၊**

**သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နူပလဗ္ဘတိ၊** (ဒီ၊ဋ္ဌ၊၁၊ ၃၁၆။ သံ၊ဋ္ဌ၊၂။၇၂။)

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်မျိုးကိုသာ မြတ်သော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် မိန့်ဆိုတော်မူသောကြောင့် သုံးခုမြောက်သစ္စာ-တတိယသစ္စာကို မရအပ်။

အထက်ဖေါ်ပြပါ ပါဠိအဋ္ဌကထာတို့ကို ထောက်၍ ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ- နှာ၊ ၅၆။ ၌ အရှင်ဉာဏိန္ဒာလင်္ကာရ ရေးသားထားသော-

"အဲဒီသစ္စာဟာ သမုတိသစ္စာ၊ ပရမတ္ထသစ္စာဆိုပြီး ၂ မျိုးရှိဆို မဟုတ်လားဘုရား"။

"၂-မျိုး မဟုတ်ဘူး၊ ၃-မျိုးပါ"။

"ဘာတွေလဲ ဘုရား"? "ပရမတ္ထသစ္စာ၊ သမုတိသစ္စာ၊ အရိယသစ္စာလို့ပါ"။ စသော ဟောပြော ရေးသားချက်သည် ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားချက် ဖြစ်သည်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော် မူကြသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၄၉)စောဒနာလွှာပါ ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ- နှာ၊ ၅၆။၌ မိုးပြာ၏ နောက်တော်ပါတပည့်ကြီး အရှင်ဉာဏိန္ဒာလင်္ကာရ ရေးသားထားသော-

"အဲဒီသစ္စာဟာ သမုတိသစ္စာ၊ ပရမတ္ထသစ္စာဆိုပြီး ၂ မျိုးရှိဆို မဟုတ်လားဘုရား"။

"၂-မျိုး မဟုတ်ဘူး၊ ၃-မျိုးပါ"။

"ဘာတွေလဲ ဘုရား"? "ပရမတ္ထသစ္စာ၊ သမုတိသစ္စာ၊ အရိယသစ္စာလို့ပါ" စသော ဟောပြော ရေးသားချက်သည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့နှင့် ဆန့်ကျင်သော ဟောပြောရေးသားပို့ချ ဖွင့်ဆိုချက်များဖြစ်သောကြောင့် ယင်းဟောပြော ရေးသားချက်များကို နိုင်ငံတော်သီးခြား ဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက အဓမ္မဝါဒဟု ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com



## အမှတ်(၅၀)စောဒနာလွှာ စိစစ်သုံးသပ် ဆုံးဖြတ်ချက်

(ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ၊ နှာ၊ ၁၇၅။)၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောကြားရေးသား ထားသော - "သမ္မာသမ္ဗုဒ္ဓရဲ့ အဓိပ္ပာယ်က ဘာလဲဘုရား"။

'သမ္မာသမ္ဗုဒ္ဓဆိုတာ ဘုရားရဲ့ နာမည်တစ်မျိုးပါ။ ဒါကို ဝိဂြိုဟ်ကျင်းပြီး အဓိပ္ပာယ် ဖော်ကြည့်ရအောင်'။

"တင်ပါ၊ လုပ်ပါဘုရား'။

'သမ္မာသမ္ဗုဒ္ဓက သမ္မာက တစ်ပုဒ်၊ သံတစ်ပုဒ်၊ ဗုဒ္ဓတစ်ပုဒ် (၃-ပုဒ်) ပေါင်းထားတာပါ'။

'သမ္မာစမ္မံ သယံ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ-လို့ ဝိဂြိုဟ်ကျင်းရမှာပေါ့'။ 'တင်ပါ့ဘုရား'။

'ယော၊ အကြင်မြတ်စွာ ဘုရားသည်။ သမ္မာစမ္မံ၊ သမ္မာတရားကို။ သယံ၊ ကိုယ်တိုင်။ ဗုဇ္ဈတိ၊ သိတော်မူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏-လို့ အနက်ပေးရတာပေါ့နော်။ သမ္မာ တရားကို ကိုယ်တိုင် သိသူဖြစ်လို့ သမ္မာသမ္ဗုဒ္ဓ ခေါ်ရတယ်ပေါ့ဗျာ" ဟူသော (ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ၊နှာ၊၁၇၅။) ဟောပြောရေးသား ချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ် ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထွားသည်။

## စောဒကတို့၏ သဘောထား

သမ္မာသမ္ဗုဒ္ဓ၌ သမ္မာကို ဓမ္မနှင့် ယှဉ်တွဲ၍ အနက်အဓိပ္ပာယ် မဖော်ဆောင်သင့်။ တစ်ပုဒ်စီသာ သီးခြား အနက်အဓိပ္ပာယ် ဖော်ဆောင်ရမည်ဖြစ်ကြောင်း,

သမ္မာပုဒ်၏ အနက်ကို အဝိပရီတံဟူသော သာရတ္ထဒီပနီဋီကာနှင့်အညီ မချို့မယွင်း မဖောက်မပြန် မှန်ကန်စွာ ကောင်းမွန်စွာ ဟု အနက်အဓိပ္ပာယ် ပေးသင့်ပါကြောင်း,

ဓမ္မအရ သဗ္ဗဓမ္မာနံဟူသော အဋ္ဌကထာအဖွင့်ကိုရှု၍ အလုံးစုံသောတရားတို့ကိုသာ ယူရမည် ဖြစ်ပါကြောင်း,

ယင်းအလုံးစုံသောတရားဆိုသည်မှာလည်း အနဝသေသာနံ ဉေယျဓမ္မာနံ ဟူသော ဋီကာအဖွင့် ကို ထောက်ရှု၍ အကြွင်းအကျန် မရှိသောတရား ဉေယျဓံတရား သစ္စာလေးပါးတရားသာ ဖြစ်ပါကြောင်း,

အရှင်ဉာဏိန္ဒာလင်္ကာရဆိုထားသော "သမ္မာစမ္မံ သယံ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ-ဝိဂြိုဟ်သည် ကတ္တု သာဓနဝိဂြိုဟ်ဖြစ်ပါသော်လည်း "သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ"ဟူသော အဋ္ဌကထာအဖွင့် ဋီကာအဖွင့် တို့နှင့် ပါဠိအစဉ် မညီပါကြောင်း,

"ယော၊ အကြင်မြတ်စွာဘုရားသည်။ သမ္မာစမ္မံ၊ သမ္မာတရားကို။ သယံ၊ ကိုယ်တိုင်။ ဗုဇ္ဈတိ၊ သိတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ ဟု အရှင်ဉာဏိန္ဒာလင်္ကာရ ပေးထားသောအနက်နှင့် သမ္မာတရားကို ကိုယ်တိုင်သိသူ ဖြစ်လို့ သမ္မာသမ္ဗုဒ္ဓ ခေါ်ရတယ်ဟူသော သမ္မာသမ္ဗုဒ္ဓ၏ အနက်အဓိပ္ပာယ် အယူအဆတို့သည် သီလက္ခန် အဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာတို့မှ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အဖွင့်တို့နှင့် လုံးဝ ဆန့်ကျင်နေပါကြောင်း, ပါဠိအဋ္ဌကထာတို့ကို ကိုးကား၍ တင်ပြကြသည်။

http://www.dhammadownload.com


## ဝိနည်းဇိုရ်ဆရာတော်များ၏ စိစစ်သုံးသပ်ချက်

ဤစောဒနာအမှတ်(၅၀)၌ ပဓာနအချက်သည် 'သမ္မာဓမ္မံ သယံ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ' စသည်ဖြင့် သမ္မာသမ္ဗုဒ္ဓပုဒ်၏ အဓိပ္ပါယ်ကို လွဲမှားစွာဟောပြောရေးသားထားခြင်းပင် ဖြစ်သည်။

စောဒကဆရာတော်များ တင်ပြလျှောက်ထားသော အမှတ်(၅၀)စောဒနာလွှာပါ မိုးပြာနောက်တော်ပါကြီး အရှင်ဉာဏိန္ဒာလင်္ကာရ၏ သမ္မာသမ္ဗုဒ္ဓပုဒ်နှင့် ပတ်သက်၍ ဟောပြောရေးသားချက်များကို ထေရဝါဒပိဋကတ်တော်လာ ပါဠိတော်,အဋ္ဌကထာ-စသည်တို့ကို လေ့လာကြည့်ရှုပြီး အဓမ္မဝါဒ ဖြစ်,မဖြစ် စိစစ်သုံးသပ်တော်မူကြပါမည်။

### "သမ္မာသမ္ဗုဒ္ဓပုဒ်၏ အဖွင့်များ"

**သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ။ တထာ ဟေသ သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ, အဘိညေယျေ ဓမ္မေ အဘိညေယျတော ဗုဒ္ဓေါ, ပရိညေယျေ ဓမ္မေ ပရိညေယျတော, ပဟာတဗ္ဗေ ဓမ္မေ ပဟာတဗ္ဗတော, သစ္ဆိကာတဗ္ဗေ ဓမ္မေ သစ္ဆိကာတဗ္ဗတော, ဘာဝေတဗ္ဗေ ဓမ္မေ ဘာဝေတဗ္ဗတော။ တေနေဝ စာဟ-**

**"အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။**
**ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏာ"တိ။**

**(မ. နိ. ၂.၃၉၉၊ သု. နိ. ၅၆၃)။**

**အပိစ စက္ခု ဒုက္ခသစ္စံ, တဿ မူလကာရဏဘာဝေန တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ, ဥဘိန္နမပ္ပဝတ္တိ နိရောဓသစ္စံ, နိရောဓပ္ပဇာနနာ ပဋိပဒါ မဂ္ဂသစ္စန္တိ ဧဝံ ဧကေကပဒုဒ္ဓါရေနာပိ သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ။ သေ နယော သောတ-ဃာန-ဇိဝှါ-ကာယမနေသုပိ။ ဧတေနေဝ နယေန ရူပါဒီနိ ဆ အာယတနာနိ, စက္ခုဝိညာဏာ-ဒယော ဆ ဝိညာဏကာယာ, စက္ခုသမ္ဖဿာဒယော ဆ ဖဿာ, စက္ခုသမ္ဖဿဇာဒယော ဆ ဝေဒနာ, ရူပသညာဒယော ဆ သညာ, ရူပသဉ္စေတနာဒယော ဆ စေတနာ, ရူပတဏှာဒယော ဆ တဏှာကာယာ, ရူပဝိတက္ကာဒယော ဆ ဝိတက္ကာ, ရူပဝိစာရာဒယော ဆ ဝိစာရာ, ရူပက္ခန္ဓာဒယော ပဉ္စက္ခန္ဓာ, ဒသ ကသိဏာနိ, ဒသ အနုဿတိယော, ဥဒ္ဓုမာတကသညာဒိဝသေန ဒသ သညာ, ကေသာဒယော ဒွတ္တိံသာကာရာ, ဒွါဒသာယတနာနိ, အဋ္ဌာရသ ဓာတုယော, ကာမဘဝါဒယော နဝ ဘဝါ, ပဌမာဒီနိ စတ္တာရိ ဈာနာနိ, မေတ္တာဘာဝနာဒယော စတဿော အပ္ပမညာ, စတဿော အရူပသမာပတ္တိယော, ပဋိလောမတော ဇရာမရဏာဒီနိ, အနုလောမတော အဝိဇ္ဇာဒီနိ ပဋိစ္စသမုပ္ပါဒင်္ဂါနိ စ ယောဇေတဗ္ဗာနိ။**

**တတြာယံ ဧကပဒယောဇနာ-"ဇရာမရဏံ ဒုက္ခသစ္စံ, ဇာတိ သမုဒယသစ္စံ, ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ, နိရောဓပ္ပဇာနနာ ပဋိပဒါ မဂ္ဂသစ္စ"န္တိ။ ဧဝံ ဧကေကပဒုဒ္ဓါရေန သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ အနုဗုဒ္ဓေါ ပဋိဝိဒ္ဓေါ။ တေန ဝုတ္တံ- သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါတိ။**

"သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ၊ တထာဟေသ သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ(ပ) သမ္မာသမ္ဗုဒ္ဓေါတိ။ (ဝိဋ္ဌ၁။၈၇။၈၈။ ဝိသုဒ္ဓိ ၁။၁၉၆။)

http://www.dhammadownload.com


သမ္မာတိ အဝိပရီတံ။ **သာမန္တိ** သယမေဝ။ **အပရနေယျော ဟုတွာတိ** အတ္ထော။ သမ္မာသမ္ဗုဒ္ဓေါ ဟိ ဧတ္ထ သံသဒ္ဓေါ သယန္တိ ဧတဿ အတ္ထဿ ဇောတကောတိ ဒဋ္ဌဗ္ဗော။ **သစ္စဓမ္မာနန္တိ** အနဝသေသာနံ ဉေယျဓမ္မာနံ"။ (သာရတ္ထ၊၁။၂၂၉။)

စောဒကပုဂ္ဂိုလ်တို့က "အဋ္ဌကထာဋီကာအဖွင့်တို့ကို ထောက်ရှုခြင်းအားဖြင့် သမ္မာသမ္ဗုဒ္ဓ၌ သမ္မာကို ဓမ္မနှင့်ယှဉ်တွဲ၍ အနက်အဓိပ္ပာယ် မဖော်ဆောင်သင့်ပါ။ တစ်ပုဒ်**စီသာ** သီးခြား အနက်အဓိပ္ပာယ် ဖော်ဆောင်ရပါမည်။ သမ္မာပုဒ်၏ အနက်ကို အဝိပရီတံဟူသော သာရတ္ထဒီပနီဋီကာနှင့်အညီ မချို့မယွင်း မဖောက်မပြန် မှန်ကန်စွာ ကောင်းမွန်စွာ ဟု အနက်အဓိပ္ပာယ် ပေးသင့်ပါသည်ဘုရား။ **ဓမ္မအရ** သစ္စဓမ္မာနံဟူသော အဋ္ဌကထာအဖွင့်ကိုရှု၍ အလုံးစုံသော တရားတို့ကိုသာ ယူရပါမည်။ ယင်းအလုံးစုံသောတရားဆိုသည်မှာလည်း အနဝသေသာနံ ဉေယျဓမ္မာနံ ဟူသော ဋီကာအဖွင့်ကို ထောက်ရှု၍ အကြွင်းအကျန် မရှိသောတရား ဧေယျဓံတရား သစ္စာလေးပါးတရားသာ ဖြစ်ပါ၏ ဟူ၍လည်းကောင်း,

အရှင်ဉာဏိန္ဒာလင်္ကာရဆိုထားသော "သမ္မာဓမ္မံ သယံ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ-ဝိဂ္ဂြိုဟ်သည် ကတ္တု သာဓနဝိဂ္ဂြိုဟ်ဖြစ်ပါသော်လည်း **"သမ္မာ သာမဥ္စ သစ္စဓမ္မာနံ ဗုဒ္ဓတ္တာ"**ဟူသော အဋ္ဌကထာအဖွင့် ဋီကာအဖွင့် တို့နှင့် ပါဠိအစဉ် မညီပါဟုလည်းကောင်း,

သမ္မာ သယံ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါဟုလည်းကောင်း၊ **သမ္မာ သာမံ သစ္စဓမ္မာနံ ဗုဇ္ဈတီတိ** သမ္မာသမ္ဗုဒ္ဓေါ-ဟုလည်းကောင်း၊ အဋ္ဌကထာအဖွင့် ဋီကာအဖွင့်တို့နှင့်အညီ ပါဠိအစဉ် မှန်မှန် ဝိဂ္ဂြိုဟ် ဆိုသင့်ပါကြောင်း ဆိုထား ကြသည်။

## ဝိနည်းဓိုရ်ဆရာတော်များ၏ သုံးသပ်ချက်ချက်

မိုးပြာ အရှင်ဉာဏိန္ဒသည် "ဤသမ္မာသမ္ဗုဒ္ဓအဖွင့်သည် အတွေ့နည်းပါး အသိခက်သော အဖွင့်မျိုး မဟုတ်သောကြောင့်" အဖွင့်ကို မမြင်၍ မှားခြင်း မဖြစ်နိုင်၊ မမြင်ချင်ယောင် ဆောင်ကာ မှားချင်၍ မှားခြင်း သို့မဟုတ် ကြိုတင်ပြင်ဆင်ချက်ပါသော အမှားကို ကျူးလွန်ကြောင်းထင်ရှားသည်။

**သမ္မာတိ** အဝိပရီတံ-ဟူသော သာရတ္ထဋီကာအဖွင့် တစ်ခုမျှဖြင့် ပင်လျှင် သမ္မာပုဒ်ကို ဗုဒ္ဓ၌ ကြိယာဝိသေသန-သျှ စပ်လျှက် သမ္မာဗုဒ္ဓ- မဖေါက်မပြန် ဟုတ်မှန်စွာ သိသည်-ဟု သိပုံအခြင်းအရာ ကိုသာ သိစေကြောင်း ထင်ရှားပါ၏။

သစ္စဓမ္မာနံဟု ဖြစ်စေ, နောက်အကျယ်ဖွင့်ကို ရှု၍ သစ္စဓမ္မေဟု ဖြစ်စေ ဗုဓာတ်၏ ကံပုဒ်ကို ထည့်စေလို၍ အထက်ပါအတိုင်း အဋ္ဌကထာ ဖွင့်ခြင်း ဖြစ်ပါ၏။

သမ္မာပုဒ်၏ အရကို သမ္မာဓမ္မကို ယူနိုင်အောင် မည်သည့် အဋ္ဌကထာ ဋီကာမျှ မဖွင့်ပါ။

## ဆုံးဖြတ်ချက်

သို့ပါ၍ -"သမ္မာဓမ္မံ သယံ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ"စသည်ဖြင့် "(ငြိမ်းချမ်းရေးသစ္စာ ဓမ္မစကြာဒေသနာ၊ နှာ၊ ၁၇၅။)၌ ဟောကြားရေးသားထားသော အရှင်ဉာဏိန္ဒာလင်္ကာရ၏ သမ္မာသမ္ဗုဒ္ဓပုဒ်ကို ဝိဂ္ဂြိုဟ်ကျင်း အနက် အဓိပ္ပါယ် ပြန်ဆိုထားခြင်းသည် သင်္ဂါယနာသုံးတန်တင် ပါဠိတော် အဋ္ဌကထာဋီကာတို့နှင့် လုံးဝဆန့်ကျင်နေသဖြင့် အဓမ္မဝါဒ စစ်စစ်သာ ဖြစ်ကြောင်း ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com


အမှတ်(၅၁)စောဒနာလွှာ၌ စိစစ်ချက်

(ငြိမ်းချမ်းရေးသစ္စာဓမ္မကြာဒေသနာ၊ နှာ။၂၅၅။)၌ ဟောကြားရေးသားထားသော အရှင်ဉာဏိန္ဒာလင်္ကာရ၏- "ဇာတိ ဇရာ ဗျာဓိ မရဏ ဟာ
(၁။) လူ၊ တိရစ္ဆာန်၊ အိုးအိမ် စတဲ့ သမုတိတရားတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ။
(၂။) ရုပ်၊ နာမ်ဆိုတဲ့ ပရမတ်တရားတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ။
(၃။) လူ့ အပြုအမူတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ-ဆိုပြီး (၃) မျိုး (၃) စား အထိရှိပါသည်"ဟု ဟောပြောရေးသားချက်သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသားထားချက်ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

စောဒကတို့၏ သဘောထား

အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြောရေးသားယူဆဖြန့်ဝေထားသကဲ့သို့ ဇာတိ ဇရာ ဗျာဓိ မရဏတို့သည် အထက်ပါအတိုင်း ၃-မျိုး ၃-စားရှိကြောင်း ဟောပြဖွင့်ဆိုချက် မရှိပါကြောင်း,

အရှင်ဉာဏိန္ဒာလင်္ကာရသည် ပါဠိတော်အဋ္ဌကထာဋီကာတို့၌ ဟောပြဖွင့်ဆိုထားသည်ကို မဟောပါ မပြောပါဟု ပါ/ဠ တို့ကို ပစ်ပယ်နေ၏။ ဘုရား မဟောသည်ကို ဟောသယောင်ယောင် အဋ္ဌကထာမဖွင့်သည်ကို ဖွင့်သယောင်ယောင် အမှားမှား အယွင်းယွင်း အမျိုးမျိုးအဖုံဖုံ ရေးသားဟောပြော ဖြန့်ဝေနေပါသဖြင့် အလွန့် အလွန် မှားသော မိစ္ဆာဒိဋ္ဌိ၊ ပရဝါဒ၊ အဓမ္မဝါဒဟုသာ ထင်မြင်ယူဆမိကြပါကြောင်း, စောဒကတို့၏ သဘောထားကို တင်ပြကြသည်။

ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်ချက်

**"ကတမာ စ, ဘိက္ခဝေ, ဇာတိ? ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော, အယံ ဝုစ္စတိ, ဘိက္ခဝေ, ဇာတိ။**

**"ကတမာ စ, ဘိက္ခဝေ, ဇရာ? ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော, အယံ ဝုစ္စတိ, ဘိက္ခဝေ, ဇရာ။**

**"ကတမဉ္စ, ဘိက္ခဝေ, မရဏံ? ယံ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ, ဣဒံ ဝုစ္စတိ, ဘိက္ခဝေ, မရဏံ။** (ဒီ၊၂။၂၄၃။)

**ဧနနံ ဇာတိ သဝိကာရာနံ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓာနမေတံ အဓိဝစနံ၊ သဉ္ဇာတီတိ ဣဒံ တဿာ ဝေ ဥပသဂ္ဂမဏ္ဍိတဝေဝစနံ၊ သာ ဝေ အနုပဝိဋ္ဌာကာရေန ဩက္ကမနဋ္ဌေန ဩက္ကန္တိ၊ နိဗ္ဗတ္တိ-သင်္ခါတေန အဘိနိဗ္ဗတ္တနဋ္ဌေန အဘိနိဗ္ဗတ္တိ၊ ဣတိ အယံ စတုဗ္ဗိဓာပိ သမ္မုတိကထာ နာမ၊ ခန္ဓာနံ ပါတုဘာဝေါတိ အယံ ပန ပရမတ္ထကထာ၊ ဧကဝေါကာရာဒိသု ဧကစတုပဉ္စဘေဒါနံ ခန္ဓာနံယေဝ ပါတုဘာဝေါ, န ပုဂ္ဂလဿ, တသ္မိံ ပန သတိ ပုဂ္ဂလော ပါတုဘူတောတိ ဝေါဟာရမတ္တံ ဟောတိ၊ အာယတနာနံ ပဋိလာဘောတိ အာယတနာနိ ပါတုဘာဝဝသေနေဝ ပဋိလဒ္ဓါနိ နာမ ဟောန္တိ, သော တေသံ ပါတုဘာဝသင်္ခါတော ပဋိလာဘောတိ အတ္ထော။** (ဒီ၊ဋ္ဌ၊၂။၃၈၆။)

http://www.dhammadownload.com



**တတ္ထဒါနိ ပရမတ္ထကထာ ဟောတိ၊ ခန္ဓာ ဝေ ဟိ ပရမတ္ထတော ပါတုဘာဝန္တိ, န သတ္တာ၊ တတ္ထ စ ခန္ဓာနန္တိ ကေဝေါကာရဘဝေ ကေသံ, စတုဝေါကာရဘဝေ စတုန္နံ, ပဉ္စဝေါကာရဘဝေ ပဉ္စန္နံ ဂဟဏံ ဝေဒိတဗ္ဗံ၊** (သမ္မော။၉၀)

ဇာတိ-ဖြစ်မှု၊ ဇရာ-အိုမှု၊ မရဏ-သေမှုသည် ခန္ဓာငါးပါး, အာယတန စသည်တို့၌သာ မုချအားဖြင့် ဖြစ်၏။

သတ္တဝါစသည်တို့၌ ဥပစာအားဖြင့်သာ ဖြစ်၏။ မုချအားဖြင့် မရနိုင်၊ မရကောင်း။

ဇနန် ဇာတိ၊ သဝိကာရာနံ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓာနမေတံ အဓိဝစနံ။ (ဒီ၊ဋ္ဌ၊၂။၃၈၆။)

ဇာတိဟူသော အမည်သည် ဥပါဒ်နှင့် တကွဖြစ်သော ခန္ဓာငါးပါး၏ အမည်ဖြစ်၏။

**နိပ္ပရိယာယတော ခန္ဓာနံ ပဌမာဘိနိဗ္ဗတ္တိ ဇာတိတိ ကတွာ "ဇနနံ ဇာတိ"တိ ဝတွာ သွာယံ ဥပ္ပါဒဝိကာရော အပရိနိပ္ဖန္နော ယေသံ ခန္ဓေသု တတ္ထန္တိတဗ္ဗော, တေ တေနေဝ သဒ္ဒိ ဒဿေတုံ "သဝိကာရာန"န္တိအာဒိ ဝုတ္တံ၊ သဝိကာရာနန္တိ ဥပ္ပါဒသင်္ခါတေန ဝိကာရေန သဝိကာရာနံ၊ ဇာတိအာဒီနိ ဟိ တီဏိ လက္ခဏာနိ ဓမ္မာနံ ဝိကာရဝိသေသာတိ၊**

(ဒီ၊ဋီ၊၄။၃၄၆။)

ခန္ဓာငါးပါးစသည့် ရုပ်နာမ်တို့၏ ဖြစ်မှု အိုမှု နာမှုတို့ကြောင့် အပြုအမူများ ဖြစ်မှု အိုမှု နာမှု သေမှုတို့ ဖြစ်ရ၏။ ပါဠိ+အဋ္ဌကထာတို့၌ အသုံး မရှိပါ။

တသ္မာ ဇရာ "အာယုနော သံဟာနီတိ ဖလူပစာရေန ဝုတ္တာ။ တသ္မာ "ဣန္ဒြိယာနံ ပရိပါကော"တိပိ ဖလူပစာရေနေဝ ဝုတ္တာ။

ဇရာသည် ပါကဋဇရာ- သွားကျိုးမှု အရေတွန့်မှု စသည်။

ပဋိစ္ဆန္နဇရာ- နာမ်တရားတို့၏ ရင့်ရော်မှု။

တနည်း။ ။ အဝိစိဇရာ- ပတ္တမြားစသည်တို့၌ အဆင်းဖောက်ပြန်မှုသည် အလွန်သိနိုင်ခဲသောကြောင့် အဝိစိဇရာမည်၏။

သဝိစိဇရာ- ပတ္တမြားစသည်တို့မှ တပါးကုန်သော ဝတ္ထုတို့၌ အကြားအကြား၌ အဆင်းထူး အစရှိသည်တို့၏ ဖောက်ပြန်မှုသည် သိလွယ်သောကြောင့် သဝိစိဇရာမည်၏။

**တတ္ထ ယသ္မာ ဇရံ ပတ္တဿ အာယု ဟာယတိ, တသ္မာ ဇရာ "အာယုနော သံဟာနိ"တိ ဖလူပစာရေန ဝုတ္တာ၊ ယသ္မာ စ ဒဟရကာလေ သုပ္ပသန္နာနိ သုခုမမ္ပိ အတ္တနော ဝိသယံ သုခေနေဝ ဂဏှနသမတ္ထာနိ စက္ခာဒီနိ ဣန္ဒြိယာနိ ဇရံ ပတ္တဿ ပရိပက္ကာနိ အာလုဠိတာနိ အဝိသဒါနိ ဩဠာရိကမ္ပိ အတ္တနော ဝိသယံ ဂဟေတုံ အသမတ္ထာနိ ဟောန္တိ, တသ္မာ "ဣန္ဒြိယာနံ ပရိပါကော"တိပိ ဖလူပစာရေနေဝ ဝုတ္တာ၊ သာ ပနာယံ ဝေ နိဒ္ဒိဋ္ဌာ သဗ္ဗာပိ ဇရာ ပါကဋာ ပဋိစ္ဆန္နာတိ ဒုဝိဓာ ဟောတိ၊**

**တတ္ထ ဒန္တာဒီသု ခဏ္ဍာဘာဝါဒိဒဿနတော ရူပဓမ္မေသု ဇရာ ပါကဋဇရာ နာမ၊ အရူပ-ဓမ္မေသု ပန တာဒိသဿ ဝိကာရဿ အဒဿနတော ပဋိစ္ဆန္နဇရာ နာမ၊ တတ္ထ ယွာယံ ခဏ္ဍာဒိ-ဘာဝေါ ဒိဿတိ, သော တာဒိသာနံ ဒန္တာဒီနံ သုဝိညေယျတ္တာ ဝဏ္ဏောယေဝ,တံ စက္ခုနာ ဒိသွာ မနောဒွါရေန စိန္တေတွာ "ဣမေ ဒန္တာ ဇရာယ ပဟဋာ"တိ ဇရံ ဇာနာတိ ဥဒကဋ္ဌာနေ ဗဒ္ဓါနိ ဂေါသီသာဒီနိ ဩလောကေတွာ ဟေဋ္ဌာ ဥဒကဿ အတ္ထိဘာဝံ ဇာနနံ ဝိယ၊ ပုန အဝီစိ သဝီစီတိ ဧဝမ္ပိ ဒုဝိဓာ ဟောတိ၊ တတ္ထ မဏိကနကရဇတပဝါဠစန္ဒသူရိယာဒီနံ မန္ဒဒသကာဒီသု ပါဏီနံ ဝိယ ပုပ္ဖဖလပလ္လဝါဒီသု စ**

http://www.dhammadownload.com


**အပါဏိနံ ဝိယ အန္တရန္တရာ ဝဏ္ဏဝိသေသာဒီနံ ဒုဝိညေယျတ္တာ ဇရာ အဝီစိဇရာ နာမ, နိရန္တရဇရာတိ အတ္ထော။ တတော အညေသု ပန ယထာဝုတ္တေသု အန္တရန္တရာ ဝဏ္ဏဝိသေသာဒီနံ သုဝိညေယျတ္တာ ဇရာ သဝီစိဇရာ နာမာတိ ဝေဒိတဗ္ဗာ။** (မ၊ဋ၊၁။ ၂၀၀။)

**သာ ပနာယံ ဇေ နိဒ္ဒိဋ္ဌာ သဗ္ဗာပိ ဇရာ ပါကဋာ ပဋိစ္ဆန္နာတိ ဒုဝိဓာ ဟောတိ၊ တတ္ထ ဒန္တာဒီသု ခဏ္ဍဘာဝါဒိဒဿနတော ရူပဓမ္မေသု ဇရာ ပါကဋဇရာ နာမ၊ အရူပဓမ္မေသု ပန ဇရာ တာဒိသဿ ဝိကာရဿ အဒဿနတော ပဋိစ္ဆန္နဇရာ နာမ။ ပုန အဝီစိ သဝီစိတိ ဧဝမ္ပိ ဒုဝိဓာ ဟောတိ၊ တတ္ထ မဏိကနကရဇတပဝါဠစန္ဒိမသူရိယာဒီနံ ဝိယ, မန္ဒဒသကာဒီသု ပါဏီနံ ဝိယ စ, ပုပ္ဖဖလပလ္လဝါဒီသု စ အပါဏီနံ ဝိယ, အန္တရန္တရာ ဝဏ္ဏဝိသေသာဒီနံ ဒုဝိညေယျတ္တာ ဇရာအဝီစိဇရာ နာမ; နိရန္တရဇရာတိ အတ္ထော၊ တတော အညေသု ပန ယထာဝုတ္တေသု အန္တရန္တရာ ဝဏ္ဏဝိသေသာဒီနံ သုဝိညေယျတ္တာ ဇရာ သဝီစိဇရာ နာမာတိ ဝေဒိတဗ္ဗာ ။**

(အဘိ၊ဋ္ဌ၊၁။၃၆၅။ ဝိဘင်၊ဋ္ဌ။၉၂-၃။)

ထို့ကြောင့် အရှင်ဉာဏိဿရလင်္ကာရ ဟောပြောရေးသားသော "လူ့ အပြုအမူတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ"ဟူသော နံပါတ်(၃) အမျိုးအစားသည် ပါဠိတော် အဋ္ဌကထာစသည်တို့၌ မရှိပါ။

ဆုံးဖြတ်ချက်

သို့ပါ၍ -(ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ၊ နှာ။၂၅၅။)၌ ဟောကြားရေးသားထားသော အရှင်ဉာဏိဿရလင်္ကာရ၏- "ဇာတိ ဇရာ ဗျာဓိ မရဏ ဟာ

(၁။) လူ၊ တိရစ္ဆာန်၊ အိုးအိမ် စတဲ့ သမုတိတရားတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ။

(၂။) ရုပ်၊ နာမ်ဆိုတဲ့ ပရမတ်တရားတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ။

(၃။) လူ့ အပြုအမူတွေရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ-ဆိုပြီး (၃) မျိုး (၃) စား အထိရှိပါသည်"ဟူသော ဟောပြောရေးသားချက်သည် သင်္ဂါယနာသုံးတန်တင် ပါဠိတော် အဋ္ဌကထာဋီကာတို့နှင့် လုံးဝဆန့်ကျင်နေသဖြင့် အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းခုံရုံးအဖွဲ့ အမှတ်(၁၇)အဖွဲ့ဝင် ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၅၂)စောဒနာလွှာ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

သဒ္ဓမ္မသုံးဖြာ၊ ပထမတွဲ၊ ၇၀။၌ အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြော ရေသားသော-

"ဘုရားရဲ့စကားတော်တွေ အနက်ဖွင့်တဲ့ အဋ္ဌကထာတွေဟာ ကံကို အမှန်မကောက်နိုင်ဘူး။ ဝိပါက် ကိလေသာတွေလည်း သည်လိုပဲ။ ဒါ့ကြောင့် ဒါတွေ တစ်ခုကိုတစ်ခု ထောက်ပြီး စက်ဖြစ်ပြီး သံသရာအဖြစ်ကို အရမကောက်နိုင်ဘူး။ သည်-မသိတော့ ထင်ရှားပေါ်လာတဲ့ သတ္တဝါကို မမြင်ဘူး။ သတ္တဝါတွေရဲ့ အနိစ္စစတဲ့ လက္ခဏာတွေလည်း မထင်ဘူး။ ဒါကြောင့် ဒုက္ခသစ္စာကို ပိုင်းခြားသိတာ မဖြစ်ဘူး။ သမုဒယသစ္စာလည်း မပယ် နိုင်ဘူး။ ဒါကြောင့် သံသရာပြတ်ရာ နိဗ္ဗာန်လည်း မရောက်ဘူး။ ဒုက္ခသိဖို့ မဂ္ဂင်တွေလည်း မပွါးနိုင်ဘူး။ ဒါတွေကြောင့် ဘုရားဒဿနနဲ့ ချွတ်ယွင်းချို့တဲ့ နေတယ်။ သည်လို သဘာဝယုတ္တိအရ ပဋိဝေဓနဲ့ ကွာဟနေတာ သိရပါတယ်ဘုရား။

'သည်အဋ္ဌကထာတွေဟာ သူမှ ပဋိဝေဓမရပဲ။ ပဋိဝေဓရဖို့ သင်ကြားချက်ဖြစ်တဲ့ ပရိယတ္တိတွေကို အနက် ဖွင့်ပေးနေဖို့ တော်ပါ့မလား။

'ကိုယ်မသိဘဲ ပြောတာဟာ ကြားရသူကို ချောက်တွန်းသလို ဖြစ်တာပေါ့ဘုရား"ဟူသော ဟောပြောရေးသားချက်တို့သည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ ယင်းဟောပြောရေးသား ထားချက်တို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသည်။

### စောဒကတို့၏ သဘောထား

အရှင်ဉာဏိန္ဒာလင်္ကာရ၏ အထက်ပါဟောပြောရေးသားချက်တို့သည် အဋ္ဌကထာကို အလွန့်အလွန် ပုတ်ခတ် စော်ကားရာ ရောက်ပါကြောင်း, ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ကိုးကား၍ အဋ္ဌကထာသည် ဘုရားရှင်လက်ထက်ကပင် ရှိခဲ့ကြောင်း တင်ပြတော် မူကြသည်။

### ဝိနည်းမိုရ်ဆရာတော်များ၏ စိစစ်ချက်

ဘုရားကိုယ်တိုင်ပင်လျှင် ပိဋကတ်သုံးပုံတို့၏ (ဝါ) ထိုထို ပိဋကတ်တော်၌ မပေါ်လွင် မထင်ရှားသော အနက်ရှိကုန်သော ပုဒ်တို့၏ အနက်အဓိပ္ပါယ်ဖွင့် သံဝဏ္ဏနာအစဉ်ကို ပကိဏ္ဏကကထာ- ဟု ခေါ်သည်။ ယင်းပိဋကတ်သုံးပုံတို့၏ အနက်ဖွင့်သံဝဏ္ဏနာအစဉ် (အဋ္ဌကထာ)ကို နောင်အခါ သင်္ဂါယနာတင်ခြင်း စသည်ဖြင့် သာဝကတို့သည် ပေါင်းစုရွတ်ကာ သင်္ဂါယနာတင်ခဲ့ကြသည်။

**သမ္မာသမ္ဗုဒ္ဓေနေဝ ဟိ တိဏ္ဏမ္ပိ ပိဋကာနံ အတ္ထသံဝဏ္ဏနာက္ကမော ဘာသိတော၊**

(ဝိမတိ၊ ၂။၄။)

**သမ္မာသမ္ဗုဒ္ဓေနေဝ ဟိ တိဏ္ဏမ္ပိ ပိဋကာနံ အတ္ထဝဏ္ဏနာက္ကမော ဘာသိတော, ယာ "ပကိဏ္ဏကဒေသနာ"တိ ဝုစ္စတိ, တတော သင်္ဂါယနာဒိဝသေန သာဝကေဟိတိ အာစရိယာ ဝဒန္တိ၊**

(ဒီ၊ ဋီ၊ ၁၊၁၅။)

**သမ္မာသမ္ဗုဒ္ဓေနေဝ ဟိ တိဏ္ဏမ္ပိ ပိဋကာနံ အတ္ထသံဝဏ္ဏနာက္ကမော ဘာသိတော, တတော ပရံ သင်္ဂါယနာဒိဝသေန သာဝကေဟိတိ အာစရိယာ ဝဒန္တိ၊** (သီဋီသစ်၊၁။၂၇။)

ထိုထိုပိဋကတ်တော်၌ မြတ်စွာဘုရားသည် ဖြစ်စေအပ် ဟောတော်မူအပ်သော ပကိဏ္ဏက ဒေသနာတော်သည်ပင်လျှင် ဘုရားဟောဖေါ် အဋ္ဌကထာတော် မည်ပါသည်။

**တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တိတပကိဏ္ဏကဒေသနာယေဝ ဟိ အဋ္ဌကထာ၊**

(ဝိမတိ၊ ၁။၆။)

http://www.dhammadownload.com


မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင်လျှင် အဋ္ဌကထာသည် ထင်ရှားရှိသည်။ ထို့ကြောင့် ပါဠိတော်သည် ဘုရားရှင်လျှင် အရင်းမူလ ဖြစ်သကဲ့သို့ ထို့အတူပင် **အဋ္ဌကထာသည်**လည်း ဘုရားရှင်လျှင် အရင်းမူလရှိပါသည်။

**ပဌမသင်္ဂီတိယံ ယာ အဋ္ဌကထာ သင်္ဂီတာတိ ဝစနေန သာ ဘဂဝတော ဓရမာနကာလေပိ အဋ္ဌကထာ သံဝိဇ္ဇတိ, တေန ပါဠော ဝိယ ဘဂဝံမူလိကာဝါတိ ဝိညာယတိ။**

(အနုဋီ၊၁။၁၁။)

လိုရင်းချုပ်သော်- ဘုရားဟောဖေါ် ပါဠိတော်၏ အနက်ဖွင့်ဆိုချက် အစဉ်ဖြစ်သော ပကိဏ္ဏကကထာဟု ဆိုအပ်သော အစဆုံး အဋ္ဌကထာကို ဘုရားပင် ဟောခဲ့သည် ဖွင့်ဆိုခဲ့ပါသည်။ အဋ္ဌကထာသည် ဘုရားဟောဖြစ်ပါ၏-ဟူလို။

သရုပ်ထုတ်ပြပါဟူပါလျှင်ကား- ထိုထိုပါဠိတော်၌ ပဒဘာဇနီသည် ထင်ရှား ပေါ်လွင်သော အတ္ထသံဝဏ္ဏနာ အဋ္ဌကထာဖြစ်ပါ၏။

## ပါဠိတော်၌ တိုက်ရိုက် အသုံးဝေါဟာရ

အဋ္ဌကထာဟူသော ဝေါဟာရကို ပါဠိတော်၌ 'အတ္ထ'ဟုသာ ဘုရားရှင် သုံးနှုန်းတော်မူခဲ့သည်။

အထောက်သာဓကကား-

**ဓမ္မော နာမ ဗုဒ္ဓဘာသိတော, သာဝကဘာသိတော, ဣသိဘာသိတော, ဒေဝတာဘာသိတော, အတ္ထူပသဉ္ဟိတော, ဓမ္မူပသဉ္ဟိတော။** (ဝိ၊၂။၂၆။၂၆၂။)

**အတ္ထူပသဉ္ဟိတောတိ အဋ္ဌကထာနိဿိတော။** (ဝိ၊၄။၃။၈။)

**အဋ္ဌကထာနိဿိတောတိ ပုဗ္ဗေ မဂဓဘာသာယ ဝုတ္တံ ဓမ္မသင်္ဂဟာရုဠံ အဋ္ဌကထံ သန္ဓာယ ဝဒတိ။** (သာရတ္ထ၊၃။၈။)

**အဋ္ဌကထာနိဿိတောတိ သင်္ဂီတိတ္တယာရုဠံ ပေါရာဏဋ္ဌကထံ သန္ဓာယ ဝဒတိ သမ္မာသမ္ဗုဒ္ဓေနေဝ ဟိ တိဏ္ဏံပိ ပိဋကာနံ အတ္ထသံဝဏ္ဏနာက္ကမော ဘာသိတော, တတော ပရံ သင်္ဂါယနာဒိဝသေန သာဝကေဟီတိ အာစရိယာ ဝဒန္တိ။** (ဝိမတိ၊၂။၄။) ဟူသော အဖွင့်သာဓကတို့ကို ရှုလျှင် သိနိုင်ပါ၏။

ရှင်းဦးအံ့။ အတ္ထူပသဉ္ဟိတော၌ အတ္ထ+ဥပသဉ္ဟိတော = အဋ္ဌကထာ+နိဿိတော။

ထိုတွင် အတ္ထ= အဋ္ဌကထာ ။ ဥပသဉ္ဟိတော= နိဿိတော ဖြစ်၏။

ထို့ကြောင့် အဋ္ဌကထာဟူသော ဝေါဟာရကို ပါဠိတော်၌ 'အတ္ထ'ဟုသာ ဘုရားရှင် သုံးနှုန်းတော်မူခဲ့သည်။

## "မူလအဋ္ဌကထာသည် ဘုရားဟော ဖြစ်သည်"

ထို့ကြောင့် ပါစိတ်ပါဠိတော် ပဒသောဓမ္မသိက္ခာပုဒ်လာ ဓမ္မဟူသည် အတ္ထူပသဉ္ဟိတ-အဋ္ဌကထာနိဿိတဓမ္မ ဖြစ်ပါသည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဓမ္မပုဒ်၏ ပဒဘာဇနီယအရာ၌ သုံးနှုန်းဟောကြားထားသည်။

http://www.dhammadownload.com


## ပကိဏ္ဏကဒေသနာ = အဋ္ဌကထာ = အာစရိယဝါဒ

ထိုဘုရားဟောဖော် အဋ္ဌကထာတော်ဟူသော ပကိဏ္ဏကဒေသနာတော်သည် သင်္ဂါယနာတင် ထေရ်တို့သည် ရှေးဦးစွာ ပိဋကသုံးပုံကို ပေါင်းစုရွတ်ကာ သင်္ဂါယနာတင်ကြကုန်ပြီး၍ ထိုထိုပုဒ်၏ အနက်အဖွင့်သံဝဏ္ဏနာအားလျော်စွာသာလျှင် ရွတ်ဆိုပို့ချစဉ်လမ်းခရီးသို့ တင်အပ်သည်၏အဖြစ်ကြောင့် "အာစရိယာ ဝဒန္တိ သံဝဏ္ဏေန္တိ ပါဠိံ ဧတေနာတိ အာစရိယဝါဒေါ"ဟု ဝိဂ္ဂဟကြံ၍ ဆရာတို့သည် ပါဠိကို ဖွင့်ဆိုကြောင်း ဖြစ်သောကြောင့် အာစရိယဝါဒမည် ပါသည်။

**ယဒိပိ တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာဝ အဋ္ဌကထာ, သာ ပန ဓမ္မသင်္ဂါဟကေဟိ ပဌမံ တီဏိ ပိဋကာနိ သင်္ဂါယိတွာ တဿ အတ္ထဝဏ္ဏနာနုရူပေနေဝ ဝါစနာမဂ္ဂံ အာရောပိတတ္တာ "အာစရိယဝါဒေါ"တိ ဝုစ္စတိ အာစရိယာ ဝဒန္တိ သံဝဏ္ဏေန္တိ ပါဠိံ ဧတေနာတိ ကတွာ။** (သာရတ္ထ၊၂။၄၅။)

**တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာယေဝ ဟိ အဋ္ဌကထာ။**

(သာရတ္ထ၊၁။ ၂၁)။

## လက်ရှိ ဆင့်မှု အဋ္ဌကထာများ အနေအထား

ပါဠိတော်နှင့် ပကိဏ္ဏကဒေသနာ မည်သော အဋ္ဌကထာကို ဘုရား ဟောခဲ့၏။

ယင်းပါဠိတော်နှင့် အဋ္ဌကထာတို့ကို အရှင်မဟာကဿပအမှူးရှိသော ပဋိသမ္ဘိဒပတ္တ, ဆဠဘိညရဟန္တာအရှင်မြတ် ငါးရာတို့က ပေါင်းစုရွတ်ကာ ပဌမသင်္ဂါယနာ တင်တော်မူခဲ့ကြ၏။

ထိုပဌမသင်္ဂါယနာမူကို ဒုတိယအကြိမ် ပေါင်းစုရွတ်ကာသင်္ဂါယနာတင်ကြရာ၌လည်း ပဌမသင်္ဂါယနာတင်ပွဲ၌ကဲ့သို့ ပဋိသမ္ဘိဒပတ္တ, ဆဠဘိည ရဟန္တာအရှင်မြတ် ခုနစ်ရာတို့က ပေါင်းစု ရွတ်ကာ ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ကြ၏။

ထို့အတူ တတိယသင်္ဂါယနာတင်ပွဲ၌ ပဋိသမ္ဘိဒပတ္တ, ဆဠဘိည ရဟန္တာအရှင်မြတ် တစ်ထောင် တို့က ပေါင်းစုရွတ်ကာ တတိယသင်္ဂါယနာ တင်တော်မူခဲ့ကြ၏။

**အတ္ထပ္ပကာသနတ္ထံ၊ အဋ္ဌကထာ အာဒိတော ဝသိသတေဟိ၊**
**ပဉ္စဟိ ယာ သင်္ဂီတာ၊ အနုသင်္ဂီတာ စ ပစ္ဆာပိ၊** (ဒီ၊ဋ၊၁။၁။)
**"တတော စ ဘာသန္တရမေဝ ဟိတွာ၊ ဝိတ္ထာရမဂ္ဂဉ္စ သမာသယိတွာ၊**
**ဝိနိစ္ဆယံ သဗ္ဗမသေသယိတွာ၊ တန္တိက္ကမံ ကိဉ္စိ အဝေါက္ကမိတွာ"၊** (ဝိ၊ ဋ၊ ၁၊ ၃။)

## အိန္ဒိယမှသည် သီဟိုဠ်ဆီသို့

သင်္ဂါယနာသုံးတန်တင် ပါဠိတော်များ အဋ္ဌကထာများကို သီရိဓမ္မာသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒ ရဟန္တာအရှင်မြတ်က သီဟိုဠ်ကျွန်းသို့ ဆောင်ယူလာခဲ့သည်။ သီဟိုဠ်ကျွန်းသားတို့အကျိုးငှါ သီဟဠဘာသာဖြင့် ထားခဲ့သည်။

**သီဟဠဒီပံ ပန အာဘတာထ၊ ဝသိနာ မဟာမဟိန္ဒေန၊**
**ဌပိတာ သီဟဠဘာသာယ၊ ဒီပဝါသီနမတ္ထာယ၊**

(ဒီ၊ဋ၊၁။၁။ မ၊ဋ၊၁။၁။ သံ၊ဋ၊၁။၁။ အံ၊ဋ၊၁။၁။)

http://www.dhammadownload.com


ထိုမှ အဋ္ဌကထာကို မှီ၍ အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းတို့ကို ပါဠိဘာသာဖြင့် ပြုစီရင်ခဲ့၊ ထိုမှ တစ်ဆင့် မဟာဝိဟာရဝါသီ မထေရ်မြတ်တို့အဆက်ဆက် စောင့်ရှောက်ထိန်းသိမ်း၍ ထိုမှ တစ်ဆင့် မဟာဝိဟာရဝါသီမထေရ်တို့၏ မျိုးနွယ်ကို တန်ဆာဆင်တတ်သော အလွန်မွန်မြတ်စင်ကြယ်သော သဒ္ဓါ ပညာ ဝီရိယရှိ၍ ဖြောင့်မတ်ခြင်း သိမ်မွေ့ခြင်း စင်ကြယ်သော သီလရှိခြင်း အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံတို့၌ ထွင်းဖောက်သိမြင်သော ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းဟူသော ဂုဏ်တို့ဖြင့် ချီးမွမ်းအပ်သော မိမိ၏အယူဟူသော ဗုဒ္ဓဝါဒနှင့် တစ်ပါးသော အယူ ဟူသော သမယန္တရ(ဘာသာဝါဒအမျိုးမျိုး)၌ သက်ဝင်နိုင်သော ဉာဏ်လည်းရှိသော အရှင်မဟာဗုဒ္ဓ ဃောသက မူလရှိပြီးဖြစ်သော အဋ္ဌကထာ ကျမ်းဟောင်းများမှ သီဟိုဠ်အက္ခရာတို့ကို ဖယ်ရှားပြီးလျှင် ပါဠိဘာသာဖြင့် အဋ္ဌကထာသစ်များကို ရေးသားပြုစုခဲ့ပါသည်။ အသစ်တည်ထွင် ရေးသားခြင်းမျိုး မဟုတ်ပါပေ။

**ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယပဋိမဏ္ဍိတေန သီလာစာရဇ္ဇဝမဒ္ဒဝါဒိဂုဏသမုဒယသမုဒိတေန သကသမယသမယန္တရဂဟနဇ္ဈောဂါဟဏသမတ္ထေန ပညာဝေယျတ္တိယသမန္နာဂတေန တိပိဋကပရိယတ္တိပ္ပဘေဒေ သာဋ္ဌကထေ သတ္ထုသာသနေ အပ္ပဋိဟတဉာဏပ္ပဘာဝေန မဟာဝေယျာကရဏေန ကရဏသမ္ပတ္တိဇနိတသုခဝိနိဂ္ဂတမဓုရောဒါရဝစနလာဝဏ္ဏယုတ္တေန ယုတ္တမုတ္တဝါဒိနာ ဝါဒိဝရေန မဟာကဝိနာ ပဘိန္န-ပ-အသမ္ဘိဒါပရိဝါရေ ဆဠဘိညာဒိပဘေဒဂုဏပဋိမဏ္ဍိတေ ဥတ္တရိမနုဿဓမ္မေ သုပ္ပတိဋ္ဌိတဗုဒ္ဓိနံ ထေရဝံသပ္ပဒီပါနံ ထေရာနံ မဟာဝိဟာရဝါသီနံ ဝံသာလင်္ကာရဘူတေန ဝိပုလဝိသုဒ္ဓဗုဒ္ဓိနာ ဗုဒ္ဓဃောသောတိ ဂရူဟိ ဂဟိတနာမဓေယျေန ထေရေန ကတာ အယံ သမန္တပါသာဒိကာ နာမ ဝိနယသံဝဏ္ဏနာ-**

(ဝိ၊ဌ၊၄။ ၂၆၅။)

စတုတ္ထသံဂါယနာတင်ခြင်း၊ ပဉ္စမသံဂါယနာတင်ခြင်း၊ ဆဋ္ဌသံဂါယနာတင်ခြင်းတို့ကိုလည်း ထိုထိုသံဃာအဆင့်ဆင့် မူရင်းကျကျ သန့်သန့်ရှင်းရှင်း စောင့်ရှောက်ထိန်းသိမ်း လက်ဆင့်ကမ်း သယ်ဆောင်လာသော ပါဠိအဋ္ဌကထာဋီကာကျမ်းများကို ထေရဝါဒနိုင်ငံများရှိ ပုဂ္ဂိုလ်အသီးသီး စာမူအသီးသီးတို့ကို သယ်ယူ ညှိနှိုင်းကြလျက် အဆင့်ဆင့် သုတ်သင် အတည်ပြုထားသော မူကောင်းမူသန့်ဖြစ်၍ အလေးဂရု ပြုထိုက်သော အဆင့်အတန်းတွင် တည်ရှိပါသည်။

အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းများကို ပြုစုချိန်ကာလ၌ အရဟန္တပုဂ္ဂိုလ် မဟုတ်သော်လည်း ၎င်းရေးသားသော အဋ္ဌကထာကျမ်းများသည် ၎င်း၏ ဉာဏ်စွမ်းသက်သက်ဖြင့် ရေးသားထားသော ကျမ်းစာများ မဟုတ်၊ ဘုရားစတင် ဟောကြားဖွင့်ဆိုခဲ့သည်မှ စ၍ ပဋိသမ္ဘိဒါပတ္တရဟန္တာစသော မထေရ်ကြီးများ အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သော ပေါရာဏအဋ္ဌကထာကျမ်းများကို မှီ၍ ဘာသာပရိဝတ္တန- ဘာသာစကားပြောင်းလဲရုံမျှ ရေးစီရင် ထားသော အဋ္ဌကထာကျမ်းများဖြစ်၍ "သည်အဋ္ဌကထာတွေဟာ သူမှ ပဋိဝေဓ မရပဲ။ ပဋိဝေဓ ရဖို့ သင်ကြားချက်ဖြစ်တဲ့ ပရိယတ္တိတွေကို အနက်ဖွင့်ပေးနေဖို့ တော်ပါ့မလား။ 'ကိုယ်မသိဘဲ ပြောတာဟာ ကြားရသူကို ချောက်တွန်းသလို ဖြစ်တာပေါ့ဘုရား" ဟူသော စကားဖြင့် စကားနာ ထိုးထိုက်သော ကျမ်းပြုဆရာတော်လည်း မဟုတ်၊ ကျမ်းလည်း မဟုတ်ဟု အလွယ် သိမြင်နိုင်သည်။

ဖွင့်ဆိုချက်အရ- အဋ္ဌကထာမည်သည်မှာ ရှေးအဋ္ဌကထာဟု ခေါ်ဆိုအပ်ကုန်သော ပကိဏ္ဏကကထာ (မြတ်စွာဘုရားဟောစကားတော်များ)ပင် ဖြစ်ပါသည်။ ထို့ကြောင့် အဋ္ဌကထာတို့သည် အဋ္ဌကထာဆရာတို့က ဘုရားရှင်ကဲ့သို့ သိမြင်သူ မဟုတ်သော်ငြားလည်း ဘုရားဟော စကားအတိုင်း သာလျှင် ဖြစ်ပါသည်။ သို့ပါ၍ အဋ္ဌကထာသည် မသိဘဲ ရေးထားသည့် ချောက်တွန်း စာပေများ မဟုတ်ကြပါ။

http://www.dhammadownload.com


## အရှင်ဉာဏိန္ဒာလင်္ကာရကလဲ ဆရာမိုးပြာကဲ့သို့ ပါပဲ

ဘုရားဟော ပါဠိတော်ဖြစ်စေ, အဋ္ဌကထာဖြစ်စေ, ဋီကာဖြစ်စေ မိုးပြာ အရှင်ဉာဏသည် မိမိအယူအဆနှင့် ကိုက်ညီလျှင် လိုလျှင် သုံး၏၊ မိမိအယူအဆနှင့် မကိုက်ညီလျှင် မလိုလျှင် မသုံး။

"တဏှာ ရှင်းတမ်း နှာ ၁၁-စသည်တို့၌ သဗ္ဗေ ဓမ္မ **အနတ္တာ**- ဆိုထားတဲ့ ဓမ္မပဒက ဂါထာပိုဒ်ကို ကြည့်လိုက်မယ် ဆိုရင် (လ) နိဗ္ဗာန် မပါတဲ့ ဓမ္မအားလုံးကို ဆိုလိုတာလို့ သေသေချာချာ ဖွင့်ဆိုထားတာ တွေ့ရပါလိမ့်မယ်။ ဒါ အာဂမယုတ္တိပေါ့"- ဤစကားကို ကြည့်လျှင်ပင် ပါဠိ,အဋ္ဌကထာကို လိုလျှင် သုံးကြောင်း သိနိုင်ပါ၏။

သို့ဖြစ်ပါ၍ အရှင်ဉာဏိန္ဒာလင်္ကာရ၏ အမှတ်(၅၂)စောဒနာလွှာပါ ဟောပြောရေးသားချက်များသည် အဋ္ဌကထာပုတ်ခတ်စော်ကားချက်များ ထေရဝါဒ ပိဋကတ်တော်လာ ကျမ်းဂန်များနှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များ ဖြစ်ကုန်၏ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြပါသည်။

## ဆုံးဖြတ်ချက်

သို့ပါ၍ အမှတ် (၅၂)စောဒနာလွှာပါ သဒ္ဒမ္မသုံးဖြာ၊ ပထမတွဲ၊ ၇၀။၌ မိုးပြာအရှင်ဉာဏ၏ တပည့် အရှင်ဉာဏိန္ဒာလင်္ကာရ ဟောပြော ရေးသားထားသော "ဘုရားရဲ့စကားတော်တွေ အနက်ဖွင့်တဲ့ အဋ္ဌကထာတွေဟာ ကံကို အမှန်မကောက်နိုင်ဘူး။" "သည်အဋ္ဌကထာတွေဟာ သူမှ ပဋိဝေဓမရပဲ။ ပဋိဝေဓရဖို့ သင်ကြားချက်ဖြစ်တဲ့ ပရိယတ္တိတွေကို အနက် ဖွင့်ပေးနေဖို့ တော်ပါ့မလား" "ကိုယ်မသိဘဲ ပြောတာဟာ ကြားရသူကို ချောက်တွန်းသလို ဖြစ်တာပေါ့"ဟူသော ဟောပြောရေးသား ချက်များသည် အဋ္ဌကထာကို ပုတ်ခတ်စော်ကားချက်များလည်းဖြစ် ထေရဝါဒ ပိဋကတ်တော်လာ ကျမ်းဂန်များနှင့် ဆန့်ကျင်သော ဟောပြောရေးသားချက်များလည်း ဖြစ်, ဓမ္မ၏ဆန့်ကျင်ဘက် ဟောပြောရေးသားချက်များသာ ဖြစ်သောကြောင့် ယင်းဟောပြောရေးသားချက်များကို "အဓမ္မဝါဒ"ဟု နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များက ဆုံးဖြတ်တော် မူကြသည်။

---

http://www.dhammadownload.com


## အစမ္မဝါဒအဟောင်းများကို ပြန်လည်ဟောပြောရေးသားထားခြင်း ဟုတ်/မဟုတ် စိစစ် ဆုံးဖြတ်ချက်

မိုးပြာအဖွဲ့ ခေါင်းဆောင် ဓမ္မဝိဟာရီ အရှင်ဉာဏသည် အဓမ္မဝါဒအဟောင်းများကို အသစ်တစ်ဖန် ပြန်လည်ဟောပြောရေးသားထားပါကြောင်း စောဒနာ နောက်ဆက်တွဲအဖြစ် တင်ပြထားကြသည်။

စောဒကတို့ တင်ပြလာသော မိုးပြာအဖွဲ့ ခေါင်းဆောင် ဓမ္မဝိဟာရီ အရှင်ဉာဏ၏ ဟောပြော ရေးသားချက်တို့ကို စောဒကတို့ ညွှန်ပြထားသော ဝိနိစ္ဆယ စာတမ်းများ၌ ပါဝင်ပြီးဖြစ်သော အဓမ္မဝါဒများ ဟုတ်/မဟုတ်သာ နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များက စိစစ်၍ ဆုံးဖြတ်ချက်ချပါအံ့။

### အမှတ်(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့်စပ်၍ ဟောပြောရေးသားချက်

" ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ပေါက် ဒီဈာန်တရားတွေ အထပ်ထပ်ပွါးနေတဲ့ သိဒ္ဓတ္ထရဲ့ စိတ်ဓာတ်ဟာ အဘိဇ္ဈာ ဒေါမနဿနဲ့စပ်တဲ့ အပိုင်းမှာ အလွန်ချွန်မြထက်မြက်တယ်။ လက်ငင်းဖြစ်မှားနေတဲ့ အဘိဇ္ဈာ ဒေါမနဿရဲ့ လက္ခဏာများကို သိရုံမျှမက အတိတ်က ဖြစ်ခဲ့ဖူးတဲ့ အဘိဇ္ဈာ ဒေါမနဿနဲ့ အဘိဇ္ဈာ ဒေါမနဿကို အကြောင်းရင်းခံပြီး ဖြစ်ပွားခဲ့တဲ့ ကံ သင်္ခါရများရဲ့လက္ခဏာများကိုပင် အလွယ်တကူ ထင်နိုင်တဲ့အဖြစ် ရှိနေခဲ့ပြီ။ နီးနီး အတိတ် သာမက အလွန်ဝေးလံလှတဲ့ ငယ်ရွယ်စဉ် အတိတ်အထိ အားလုံးကို လက်ဝါးပေါ် ထင်ပြီး မြင်ရသလို ဖြစ်နိုင်ခဲ့တယ် "ဟု ရေးသားထား ပါသည်ဘုရား။

( ဘုရား၊ စာ-၂၅ )

" ဤတစ်လံမျှလူ၌ပင် ဘဝဖြစ်ခြင်း၊ ဘဝဇာတ်သိမ်းချုပ်ခြင်းကို မြတ်စွာဘုရား ဟောကြား ခဲ့ခြင်းဖြစ်ပါသည်။ ဤတစ်လံမျှလူ၌ပင် ဘဝပေါင်းမရေနိုင်ဖြစ်ခဲ့၍ ဖြစ်ခဲ့သောဘဝများမှ တစ်ဘဝ နှစ်ဘဝ စသည်၌ အမျိုးအမည်၊ အစားအစာနှင့်ချမ်းသာဆင်းရဲကို အောက်မေ့နိုင်ခြင်းသည် ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ဖြစ်ပါသည် " ( ဓမ္မပူဇာ- ၁၃၉ ) ဟူသော

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များသည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၆၇-၉၇၃)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြထားကြသည်။

**စိစစ်တွေ့ရှိချက်**

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၆၇-၉၇၃)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ကြောင်း နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၂) ဘုရားဟာ သဗ္ဗညုတအဖြစ် လက်မခံ

"ဘုရားကို လူတွေက အားလုံးကိုသိတဲ့သူ (သဗ္ဗညုတ)ဖြစ်တယ်လို့ ပြောနေကြပါတယ်။ အဲဒါ မေးပါရစေ။ သူတို့ပြောတာ အမှန်လား။ အမှားလားလို့ ဖြစ်တယ်၊ ဘုရားက အမှားဖြစ်တယ်လို့ဖြေတယ်။ ဒီလိုဆိုရင် ဘယ်လိုပြောမှ ဘုရားကို အမှန်ပြောတာဖြစ်မလဲလို့ ကောသလက ထပ်မေးတယ်။ 'တေဝိဇ္ဇာ' (သုံးထပ်ကွမ်းဝိဇ္ဇာ)လို့ ပြောမှ အမှန် ပြောတာဖြစ်မယ်လို့ ဘုရားကပြန်ဖြေတယ် " ဟု ဟောပြော ရေးသားထားပါသည်ဘုရား။ ( ဘုရား၊ စာ-၁၁၃ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များသည် နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၇၃၄)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြထားကြသည်။

### စိစစ်တွေ့ရှိချက်

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက **လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၇၃၄)**စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ကြောင်း နိုင်ငံတော်သီခြားဝိနည်းမိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၃) ဆုတောင်းလက်မခံ

" ဘုရားလက်ထက်က ဘုရားတပည့်တွေဟာ ဘုရားဆီမှာ ဆုတောင်းတာတွေ လုပ်ဖူးကြတယ်။ ဘုရားတုန့်ပြန်ချက်က ပါဠိလိုဘဲ ပြောရအောင် "အတိက္ကာမေဟိ" လို့ဖြစ်တယ်။

အဲဒီအချိန်က ဆွမ်းခံလာသူကို အိမ်ရှင်က မပေးလောင်းချင်လို့ပြောတဲ့ စကားဟာ အတိက္ကာမေဟိ လို့ဘဲဖြစ်တယ်။ ကန်တော့ဆွမ်းပေါ့။

ဘုရားကလည်း ဆုတောင်းတဲ့သူကို အတိက္ကာမေဟိလို့ဘဲ ပြောလိုက်တာချည်းဘဲ။ အဓိပ္ပါယ်ကတော့ သွားပေဦးရှော့လို့ပေါ့။ ဘုရားဟာ တကယ်ဘဲ မပေးခဲ့ဘူး။ ပစ္စေကဗုဒ္ဓါတွေဟာ ဆုဘဲပေးတယ်။ ပေးတဲ့ဆုကလည်း အမြန်ပြည့်စေလို့ဘဲတဲ့။ ပြည့်တယ်လို့လည်း သိထားကြတယ်။ မကောင်းတာရော ကောင်းတာရော ပြည့်တယ် လို့တောင် သိကြတယ်။

အခုခေတ် ဘာသာရေးတွေမှာလည်း ဆုတောင်းတာ ပဓာနလုပ်ငန်းဖြစ်နေတယ်။ သူတို့ကလည်း ပြည့်တယ် လို့ ထင်ထားကြတယ်။ ဒါပေမယ့် ဘုရားကတော့ တမူထူးခြားပြီး ဒါတွေကို ဖယ်ရှားခဲ့တယ်။ ဆုတောင်းသူကို ကန်တော့ဆွမ်းဘဲ ပေးတာဘဲ။ ( ဘုရား၊ စာ-၁၁၆ )

"ရဟန်းမတွေ အဝတ်မဲ့ ရေချိုးကြောင်း ဝိသာခါ သိသွားတယ်။ ဒီလို မသင့်ဆိုပြီး ဘုရားဆီမှာ သူဆုတောင်း တာပဲ။ ဘုရားက တခြားတောင်းမှာထင်လို့ အတိက္ကာမေဟိ တားလိုက်တာဘဲ။

ဒါဟာ ဆုတောင်းတာကို ဘုရားလက်မခံကြောင်း သိရမယ့်အချက်ဖြစ်တယ်။ ဘုရားဟာ ဒီအချက်အရ လူနားမလည်စရာကောင်းသူ မဟုတ်တာ ထင်ရှားတယ် " ဟု ဟောကြားရေးသား ထားပါသည်ဘုရား။ ( ဘုရား၊ စာ-၁၁၇ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များသည် နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၆)ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် **စာမျက်နှာ**

http://www.dhammadownload.com


(၈၉၉/၉၀၂)စသည်တို့၌လည်းကောင်း၊ ဓမ္မနီတိဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၀၀) စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြထားကြသည်။

**စိစစ်တွေ့ရှိချက်**

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၆)ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၈၉၉/၉၀၂) စသည်တို့၌လည်းကောင်း၊ ဓမ္မနီတိဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၀၀) စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၄) ဘုရားရှင်၏ကမ္မဝါဒသည် ပစ္စုပ္ပန်ကမ္မဝါဒ

အရှင်ဉာဏက -

" ဘုရားရှင်ရဲ့ လှုပ်ရှားမှုဟာလည်း လူနဲ့အတူဆုံး လှုပ်ရှားမှုတွေပဲ ဖြစ်တယ်။ သူဟာကမ္မဝါဒကို ကျင့်သုံး လှုပ်ရှားခဲ့တယ်။ သူ့ရဲ့ ကမ္မဝါဒဟာ ရှေးကမပေါ်ဖူးသေးတဲ့ ကမ္မဝါဒပဲ။ သူ့ရှေ့က ပေါ်ခဲ့တဲ့ 'နိဂဏ္ဌ'ရဲ့ ကမ္မဝါဒဟာ သူ့ကမ္မဝါဒနဲ့ မတူဘူး။ မမွေးမီဘဝ၊ အခုဘဝ၊ သေပြီးဘဝ သုံးဘဝဆက်နေတဲ့ ကမ္မဝါဒပဲ။ သူ့ကမ္မဝါဒက ဒီလို မဟုတ်ဘူး။ လူပေါ်မှာပဲ သတ်မှတ်တာ။ လူမရှိမှီနဲ့ လူသေပြီးမပါဘူး။ အခုရှိနေတဲ့ လူတောင် မပါဘူး။" (ဘုရား၊ စာ- ၉၅။)

" ဘုရားက သူတို့ရဲ့ကမ္မဝါဒပုံစံကို လက်မခံဘဲ ငြင်းဆန်တဲ့အတွက် စွပ်စွဲကြတာပဲ။ သူတို့ ကမ္မဝါဒက မမွေးမီဘဝက ပြုခဲ့တဲ့ကံတွေအလျောက် ဒီဘဝမှာ ဖြစ်နေရတယ်။ ဒီဘဝ ပြုတဲ့ကံတွေ အလျောက်သေပြီး နောက်ဘဝမှာ ဖြစ်ရမှာဖြစ်တယ်ဆိုတဲ့ အယူအဆပဲ။ ဒါကို ဘုရားက လက်မခံခဲ့ဘူး။

ဒါကို လက်မခံသူဟာ ဘာသာရေးမရှိသူ အကြိယဝါဒီကြီးဖြစ်တယ်။ ဒီသူကို သူတို့ စက်ဆုတ်ရွံရှာကြတယ်။ ဘုရားကို ဒီလိုသူဆိုပြီး သူတို့စက်ဆုတ်ရွံရှာကြတယ်။ ဘုရားရဲ့ ကမ္မဝါဒက ပစ္စုပ္ပန်ကမ္မဝါဒ ဖြစ်တယ်။ ဒါ့ကြောင့် ဘုရားဟာ သူ့ကိုယ်သူ အကြိယဝါဒီမဟုတ်သူ ဆိုတာသိခဲ့တယ်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာ ဆိုပြီး သူ့ရဲ့ကမ္မဝါဒကို တခမ်းတနားဟောခဲ့တယ်။ "ဟု ဟောပြောရေးသားထားပါသည်ဘုရား။

(ဘုရား၊ စာ- ၁၇။)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၁၄) စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၆၁၄) စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၅) ဒါန၏အကျိုးနှင့်စပ်၍ဟောပြောရေးသားချက်

" ဒီလောက်တန်ဘိုး များပြားတဲ့ အလှူကြီးအတွက် ဘုရားဟောခဲ့တဲ့ တရားဟာဂါထာလေး နည်းနည်းကလေး ပဲရှိတယ်။ တစ်ဂါထာမှာ အက္ခရာသုံးဆယ့်နှစ်လုံးဘဲ၊ ဒီဂါထာလေးထဲမှာ နတ်ပြည်လည်း မပါဘူး လူ့ပြည်လည်း မပါဘူး။ ငရဲပြည်လည်းမပါဘူး။ ဗြဟ္မာ့ပြည်လည်းမပါဘူး။ နောင်ဘဝလည်းမပါဘူး။ ဘာစည်းစိမ်ဥစ္စာ လာဘသက္ကာရ သိလောကမှ မပါဘူး။

ဘုရားဟာ ဒါနကို ကျယ်ထက်ကျယ်အောင် အဆွယ်အမြူတွေ မလုပ်ဘူး။ လိုအပ်သလောက်ပဲ ဟောတယ်။ ဟောတာတွေကလည်း ပြဿနာရှင်းဘို့ အတွက်ပဲ "ဟု ဟောပြောရေးသားထားပါသည်ဘုရား။ ( ဘုရား၊ စာ- ၁၂၄ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၁၆)ဆရာတော်များက **လူသေလူဖြစ်ဝါဒါနဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၃၈) စသည်တို့၌လည်းကောင်း၊ မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၁၂) စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က** တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၁၆)ဆရာတော်များက **လူသေလူဖြစ်ဝါဒါနဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၃၈) စသည်တို့၌လည်းကောင်း၊ မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၁၂) စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း** နိုင်ငံတော်သီခြားဝိနည်းမှုခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ **စိစစ်တွေ့ရှိတော်မူကြသည်။**

---

## အမှတ်(၆) ဘုရားရှိခိုးခြင်းအားကဲ့ရဲ့ရှုတ်ချသောဟောပြောရေးသားချက်

"တရားမမြင်ဘဲ ရှိခိုးတာ ဝမ်းနည်းရဖွယ်

"တရားမမြင်သူတွေဟာ ဘုရားကိုမြင်နေသူတွေပဲ။ တရားမမြင်သူတွေဟာ ဘုရားကိုမြင်ဖို့ ဘုရားချီးကျူး စာတွေနဲ့ ဘုရားဟောစာတွေကို ဖတ်ပြီး ဝတ်တက်ဖူးမြင်သော်လည်း ဘုရာမမြင်နိုင်ဘူးလို့ အမိပ္ပါယ်ရတယ်။ ဘုရားမမြင် ဘဲ ဝတ်တက် ဝတ်ပြုသူနှင့် ဘုရားဖူးနေခြင်းဟာ ဘုရားရဲ့အပြောအဆိုခံရတဲ့ ရဟန်းလို သိပ်တုန်လှုပ်သွားခံရဖို့ ဖြစ်လိမ့်မယ်။ အဲဒီရဟန်းဟာ ဘယ်လောက်တုန်လှုပ်သလဲဆိုရင် ကြီးစွဲချပြီး သေသွားတဲ့အထိဖြစ်တယ်လို့သိရတယ်။ များစွာဝမ်းနည်းဖွယ်ပဲ။" ( ဘုရား၊ စာ-၂၀၄ )

"သူစကားပြောနိုင်မှု နိဂုံးချုပ်ခါနီးမည် ရှင်အာနန္ဒာကို ဖြေကြားခဲ့တဲ့ စကားရှိတယ်။ စကား"အာနန္ဒာသင်တို့ ကို တရားတွေလည်း ငါဟောခဲ့ပြီ၊ ဝိနည်းတွေလည်းငါပညတ်ခဲ့ပြီ၊ ဒါတွေဟာ ငါလွန်ပြီးနောက် သင်တို့ရဲ့ ဆရာ ဘုရားပဲ" လို့ဖြစ်တယ်။"

စေတီလေးမျိုး

ဒါကိုကြည့်ရင် ဘုရားမရှိတော့ဘဲ တရားဟာဘုရားပဲလို့ အမှတ်ပြုတာ စဉ်းစားစရာပဲ။ ဒီလိုအမှတ်ပြုပြီး ဒီစေတီတွေကို ရှိခိုးနေတာလည်း ဘုရားအလို ဘယ်လောက်ကျမဘဲ။ ဘုရားဟာ စေတီတိုက်တာတွေကို ညွှန်ပြခဲ့ဖူးတယ်။ လေးခုတောင်ရှိတယ်။ သူဟောပြောတဲ့ ဓမ္မတွေဟာလည်း

http://www.dhammadownload.com


စေတီတစ်ခုဖြစ်တယ်။ သူ့အသုံးအဆောင်ကျောင်း၊ သင်္ကန်းစသာတွေဟာလည်း စေတီတစ်ခုဖြစ်တယ်။ သူ့ရဲ့ကိုယ်ကြွင်း ကိုယ်ကျန်တွေလည်း စေတီတစ်ခုဖြစ်တယ်။ သူ့အထိန်းအမှတ် လုပ်ထားတဲ့ကျောက်တိုင် အုတ်တိုင် အဆောက်အဦးတစ်ခုခုလည်း စေတီတစ်ခုဖြစ်တယ်။ အခုဆိုရင် တော့ သူ့ရုပ်လုံး ရုပ်ပုံတွေလည်း အဲဒီစေတီထဲပါမှာပေါ့။ ဒါပေမယ့် ဘုရားခေတ်က အဲဒီသူတွေရဲ့ ရုပ်ထု၊ ရုပ်လုံးတွေ လုပ်ကြတဲ့ အလေ့အထရှိပုံမရဘူး။ လူသေပြီး နှစ်လေးငါးရာကြာမှ သူ့ရုပ်ထု၊ ရုပ်လုံးစပေါ်တာ သိရတယ်။ အခုအခါမှာတော့ ဒါတွေက ဘာသာရေးပစ္စည်းအဖြစ် ရှိခိုးဦးတင်ဖို့ မရှိမဖြစ်သလို ဖြစ်နေတယ်။

( ဘုရား၊ စာ- ၂၀၆/၇ )

**စေတီထက် ကိုးကွယ်စရာ ဘုရားညွှန်ပြ**

ဘုရားဟာ ဒါတွေကို ဒီလိုမျှော်လင့်ဖို့ရှိတယ်။ စေတီအဖြစ် ထိုက်တန်ပုံ ဟောခဲ့တယ်ဆိုပေမယ့် လေးစားစရာ တစ်ခုလောက်ထပ် ပိုဖို့ မရှိဘူး။ သူဟောခဲ့တဲ့ ဓမ္မပိုဒ် တစ်ခုက ဒါကို ညွှန်နေတယ်။ အဲဒါက ကိုယ့်ကိုသာ ကိုယ့်ရဲ့ ကိုးကွယ်ရာ ဖြစ်တယ်။ တခြားဘယ်သူ ကိုးကွယ်ရာဖြစ်ပါမလဲ။ ကိုယ်ကသာ ယဉ်ကျေးပြီးရင် ရခဲ့တဲ့ ကိုးကွယ်ရာကို ရတာပဲလို့ ဖြစ်တယ်။

ဘုရားဟာသူ မရှိတဲ့နောက် သူ့ကို ကိုးကွယ်ဖို့မညွှန်ကြားတာ ဒီစကားက သိသာတယ်။ သူ့အသက်ရှိထင်စဉ်မှာတောင် သူ့ကို ကိုးကွယ်ဖို့ မညွှန်ဘဲ ကိုယ့်ကိုယ် ကိုးကွယ်ဖို့ ညွှန်တာ တွေ့ရတယ်မဟုတ်လား။ " ဟု ဟောပြော ရေးသား ထားပါသည်ဘုရား။ ( ဘုရား၊ စာ- ၂၀၇/၈ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၆)ဆရာတော်များက လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၈၇၉) စသည်တို့၌လည်းကောင်း၊ ဓမ္မနီတိဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၁/၉၆)စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာ တော်များနှင့် အမှတ်(၆)ဆရာတော်များက လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၈၇၉) စသည်တို့၌လည်းကောင်း၊ ဓမ္မနီတိဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၁/၉၆)စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြားဝိနည်းမိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၇) မြင်းမိုရ်တောင် တကယ်မရှိ

"နတ်ပြည်တည်ရာက မြင့်မိုရ်တောင်ထိပ်ပဲ။ အဲသည်တောင်က ဥတုဇရုပ်ဖြစ်လို့ ပကတိမျက်စေ့နဲ့ မြင်ခွင့်ရှိတဲ့ အရာပဲ။ သည်တောင်ဟာ ကမ္ဘာ့ပထဝီမှာ တကယ်မရှိတဲ့ တောင်ပဲ။ ဒါကြောင့် သည်လောက် ယုတ္တိမဲ့တဲ့ အရာဖြစ်တယ်လို့ပဲ ပြောပါရစေ"ဟု ဟောပြောရေးသားထားပါသည်ဘုရား။

( မိုးပြာကျောင်းမှ ပေးစာများ(၁)၊ ၃၄၁ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၈၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

http://www.dhammadownload.com



## စိစစ်တွေ့ရှိချက်

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့ အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၈၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

--------------- -------

## အမှတ်(၈) လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုတာ စေတနာကံတွေ အမျိုးပေါင်း လေးအသင်္ချေမက ဖြစ်ကြောင်း ဟောထားခြင်းသာ ဖြစ်သည်ဟူသော ဟောပြောရေးသားချက်

"ဦးသောင်းဉာဏ်တို့ရဲ့ စာကို ပြန်ကြားပါတယ်။

အမေးက 'ဘုရားဖြစ်အောင် ကျင့်ရတဲ့ဘဝတွေဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုတော့ သည်အဆိုဟာ သဿတမိစ္ဆာဒိဋ္ဌိ ငြိမနေဘူးလား'- လို့ပါပဲ။

အဖြေက ပြောသူရဲ့ဘဝ အနက်ကောက်နဲ့ သည်နေ့သိကြသူတွေရဲ့ဘဝအနက်ကောက် မတူကြလို့ သည်လိုဖြစ်တာပါ။ ဘဝရဲ့အနက်ကို ဘုရားကောက်တာက တစ်မျိုး၊ သည်နေ့ သိနေကြတာက တစ်မျိုး၊ နှစ်မျိုး ဖြစ်နေပါတယ်။

ဘုရားရဲ့ ဘဝအနက်ကောက်ဟာ စေတနာဖြစ်ပါတယ်။ သတ္တဝါတစ်ခုရဲ့ မွေးကနေ သေအထိ-လို့ မဟုတ်ပါဘူး။ သည်နေ့ ဘာသာရေးသမားတွေရဲ့ ဘဝအနက်ကောက်ကသာ မွေးကသေအတွင်း-လို့ ဖြစ်ပါတယ်။ဘုရားက သူဟာ ဘုရားဖြစ်အောင် ဘဝတွေ လေးသင်္ချေမက ကျင့်ရတယ်လို့ ဟောတာဟာ မွေးကနေသေအထိပေါင်း လေးအသင်္ချေမက ဖြစ်တယ်လို့ ဟောတာမဟုတ်ပါဘူး။ စေတနာကံတွေ အမျိုးပေါင်း လေးသင်္ချေမကဖြစ်ကြောင်း ဟောတာသာ ဖြစ်ပါတယ်။ဘုရားရဲ့ အယူအကောက်အရ စေတနာကံတွေ လေးအသင်္ချေမကဆိုတာဟာ ကာလ အားဖြင့် မရှည်လျားလှပါဘူး။ စေတနာကံဟာ စိတ်အစဉ်အတိုင်း လျှင်မြန်ဖြတ်လတ်တဲ့တရား ဖြစ်လို့ပါပဲ။ ဒါကြောင့် ဘုရားအလောင်းကာလဖြစ်တဲ့ နှစ်ပေါင်းနှစ်ဆယ် ကျော်လောက်ဆိုလျှင် လုံလောက်တာ ဖြစ်ပါတယ်။ ဒါကြောင့် သဿတဒိဋ္ဌိအဖြစ်အထိ အနက်အဓိပ္ပါယ် မရောက်ပါဘူးလို့ တိုတိုပဲ ဖြေလိုက်ပါတယ်။" ဟု ဟောပြောရေးသား ထားပါသည်ဘုရား။

( မိုးပြာကျောင်းမှ ပေးစာများ၊ ၃၃၁/၂ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၀၇၁)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အထက်ပါ အရှင်ဉာဏ၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂) ဆရာ တော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၀၇၁)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့ အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

----------------------

http://www.dhammadownload.com


## အမှတ်(၉) "ကံကို မယုံရ၊ နောက်ဘဝကိုလည်း မယုံရ"ဟူသောဟောပြောရေးသားချက်

အရှင်ဉာဏက -

" မြတ်စွာဘုရားက မြတ်စွာဘုရားရဲ့ဝါဒဟာ ကမ္မဝါဒပဲ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေဟာ ရိုးရာဗုဒ္ဓဘာသာ ဖြစ်တောင်မှလည်း ကံတော့ယုံတယ်လို့ဆိုတာမျိုးကို တော်တော်ပြောတတ်ကြတယ်။ "

" ကံတော့ ယုံတယ်။ ဒို့က ဗုဒ္ဓဘာသာဖြစ်တဲ့တွက် ကံကို ယုံတယ်။ ကံယုံတော့လည်း မှားကြတဲ့ အတွက် ကံမသိဘဲနဲ့ ကံယုံတော့ ဘာတဲ့ . . ကံယုံယင်တဲ့ နောက်ဘဝကို လက်ခံရမယ်။ ဩော် . . . ဗုဒ္ဓဘာသာဖြစ်ရင် ကံယုံရမယ်။ ကံယုံယင် နောင်ဘဝကိုလက်ခံရမယ်။ " (ဝိမုတ္တိဒေသနာ၊ စာ- ၁၀)

မှားလိုက်တာဗျာ။ ဗုဒ္ဓဘာသာဖြစ်ရင် ကံယုံရမယ်။ ကံယုံရင် နောင်ဘဝလက်ခံရမယ် မပြောရဘူး။ ဘာလို့ဆို ဒီကံကို ယုံလို့ရှိယင် ဒီကံကို မြင်ပဲနေမှ ဥစ္စာကြီးပဲ။ ဒါဆိုယင် နောင်ဘဝကို ဘယ်လက်ခံဖို့ ကောင်းပါ့မလဲ။ နောင်ဘဝ လက်ခံနေပြီဆိုကတည်းက ကံအမှားကြီးတွေလုပ်တာလို့ ဒီလိုပြောရမှာပေါ့နော်" ဟု ဟောပြောရေးသားထားပါသည်ဘုရား။ (ဝိမုတ္တိဒေသနာ၊ စာ- ၁၁)

အဲဒီတော့ တို့ဗုဒ္ဓဘာသာတွေက ကံဆိုးဆိုတာကို ဒီကံက ဘယ်တုန်းက ဆိုးတာလည်းလို့မေးရင် တို့မမွေးခင်တုန်းက အစမထင် သံသရာဘဝါဘဝတွေက တုန်းက ကံတွေက ဆိုးခဲ့တာပေါ့။ အဲဒီကံတွေက တို့မွေးတဲ့ဆီထိ ပါလာတာပေါ့လို့ ပြောတတ်ကြတယ်။

နောက်ကံကောင်းတယ်ဆိုရင်လည်းပဲ အဲဒီမမွေးခင်က အစမထင်သံသရာဘဝတွေ၊ ကံတွေ ပြုလုပ်ခဲ့လို့ တို့ဆီမှာ ပါလာတာလို့ တို့ဆီမှာဖြစ်ကြရတယ်လို့၊ အဲဒီလိုမျိုး တို့ဗုဒ္ဓဘာသာရဲ့ကံအယူအဆတွေ ကို ယူဆကြတယ်။

တကယ်တော့ အဲဒီလိုမဟုတ်ဘူး။ တို့ဗုဒ္ဓဘုရားက ကံကို အဲဒီလိုမပြောဘူး။

(စိတ်စိတ်ဖြာဖြာ ဥပါဒါနက္ခန္ဓာ-၁၆၂)

အဲဒီတော့ ဟိုအစမထင် သံသရာကနေပြီးတော့ တို့လာခဲ့ကြတဲ့သူတွေဖြစ်တယ်။ အဲဒီတုန်းက လည်းပဲ တဲ့ တို့တစ်ဘဝတစ်ဘဝမှာ တို့ကံတွေလုပ်တယ်။ အဲဒီကံတွေကတဲ့ အကျိုးမပေးရသေးဘူးတဲ့။ နည်းနည်းပါးပါးပဲ အကျိုးပေးနေတာတွေရှိတယ်တဲ့။ အကျိုးမပေးရသေးတာတွေဟာ တစ်ဘဝ တစ်ဘဝမှာ အကျိုးမပေးရသေး တဲ့ကံတွေဟာ အများကြီး လက်ကျန်တွေရှိသေးတယ်တဲ့။ အဲဒီတော့ ဘဝပေါင်းကလည်း အစမထင် သံသရာက လုပ်ခဲ့ တာ ဆိုတော့ ကံတွေဟာ တစ်သီကြီးဖြစ်နေတယ်တဲ့။ ဂျိန်းတွေခံယူတာနော်။

တို့ဗုဒ္ဓဘာသာတွေဒီကနေ့ ခံယူတာလည်း ဂျိန်းတွေခံယူတာလိုပဲ ခံယူတာမဟုတ်လား (ခံယူပါတယ် ဘုရား)။ (စိတ်စိတ်ဖြာဖြာ ဥပါဒါနက္ခန္ဓာ-၁၆၈)

" ဘုရားဟာ သတ္တဝါတွေကို ချွတ်လွှတ်ဖို့ရန် ခွေးတွေ၊ ဝက်တွေ၊ နွားတွေလည်း ဖြစ်ခဲ့ဖူးတယ်။ သူတောင်းစား၊ အလုပ်သမား၊ မင်း၊ အမတ်တွေအဖြစ် တပြောင်းတပြန် ပြုလုပ်နေသူဖြစ်တယ်။ ဒီလို အစစတွေ ပေါင်းလိုက်ရင် ဘုရားဟာ လူနားလည်စရာ မရှိတော့တဲ့အဖြစ် ရောက်သွားတယ်။ လူဟာသူသိဖူးတာနဲ့ ဆက်စပ်မရရင် ဘာသိလို့ရမှာလည်း။ (ဘုရား၊ စာ- ၂)

" ပေးကမ်းလှူဒါန်းမှုတွေနဲ့စပ်ပြီး ဘုရားရဲ့သဘောထားဟာလည်း အလွန်ဘဲ လူသားဆန်တာတွေ မြင်ခွင့်ရှိတယ်။ မသိရာတွေဖြစ်တဲ့ နောင်ဘဝတွေကို လက်ညှိုးမထိုးမဘူး။ အဲဒီတော့ မိုးပေါ်တို့ မြေအောက် တို့ကို လည်း လက်ညှိုးမထိုး ပြဘူး။ သူ့ရဲ့ဒါနအကျိုး ပြပုံတွေဟာ တကယ်ပဲလူသားဆန်တယ်။ "

(ဘုရား၊ စာ- ၁၁၇)

" လူ့ရဲ့ကျူးလွန်မှုသာ အညစ်အကြေးဖြစ်တယ်လို့ အဖြေထွက်တယ် " (ဘုရား၊ စာ၊ ၄၆)

http://www.dhammadownload.com


" ဒီလိုနားမလည်တော့ ဒီအညစ်အကြေးတွေဟာ အကျိုးရှိတယ်လို့ခံယူသူကလည်း သေပြီးနောင်ဘဝ အဆက်ဆက်တွေမှာမှ အကျိုးက ဖြစ်တာလို့ခံယူတဲ့အဖြစ် ရောက်တော့တာပေါ့။"ဟု ဟောပြော ရေးသားထားပါသည်ဘုရား။ (ဘုရား၊ စာ၊ ၅၆)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၅၇)စသည်တို့၌လည်းကောင်း၊ (၉၅)စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၅၇)စသည်တို့၌လည်းကောင်း၊ (၉၅)စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၁၀) ကုသိုလ်လုပ်၍သံသရာလည်တယ်ဟူသောဟောပြောရေးသားချက်

အရှင်ဉာဏက

" လူကလည်းပဲ လုပ်တတ်တဲ့သတ္တဝါ။ လူဆိုတာပြုမူတတ်တဲ့သတ္တဝါ။ ပြုမူတတ်တဲ့ သတ္တဝါဖြစ်တဲ့အတိုင်း ကိုယ်ပြုမူတဲ့ဟာက ဒီဟာကနေ ဒီပြန်ပြီးတော့ရောက်နေပြီ။ ဒီဟာကနေ ဒီပြန်ပြီးတော့ ရောက်ဆိုတာက ဒါသံသရာ မဟုတ်ဘူးလားဗျာ။ ကဲ- ဒီလိုဖြင့် ဒီလူ ဒီသံသရာက ခရီးပေါက်ပဲ့မလား။ (မပေါက်ပါဘူးဘုရား)။ ဘယ်ခရီးမှ မပေါက်ဘူး။ ဘယ်ခရီးမှ မရောက်ဘူး။ ဒီလိုသာဖြင့် ဒီလူ ဘယ်ခရီးမှ မပေါက်ဘူး၊ ဘယ်ခရီးမှ မရောက်ဘူးဆိုယင် ဒီလူ လွတ်လပ်ပြီလား၊ မလွတ်လပ်ဘူးလား။ (မလွတ်လပ်ပါဘူးဘုရား)။"
( ဝိမုတ္တဒေသနာ၊ စာ- ၁၀/၁၁ )

"တကယ်တော့ကျုပ်တို့က ရှောင်ရမှာ လွတ်လပ်ရမှာက မကောင်းတဲ့အကုသိုလ်လေးတွေတင် ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)။ မဟုတ်ဘူးနော်။ ကောင်းမှုကုသိုလ်ဆိုတဲ့ ခုနတုန်းက မသိနိုးနားနဲ့လုပ်နေတဲ့။"
( ဝိမုတ္တဒေသနာ၊ စာ- ၃၂ )

"အကုသိုလ်သံသရာရှိရင်လည်း ခင်ဗျားတို့တွေ မလွတ်ဘူး၊ ကုသိုလ်သံသရာရှိရင်ကော။ (မလွတ်လပ်ပါဘူး ဘုရား)။မလွတ်လပ်ဘူး။ အဲဒီတော့ ကုသိုလ်သံသရာ၊ အကုသိုလ်သံသရာဆိုတာတွေက လုပ်ကောင်းတဲ့အရာ တွေလား ဆိုတာ ကျုပ်တို့ဗုဒ္ဓဘာသာတွေမသိဘူး။ ဘယ်သူ့ခေါ် မေးကြမလဲ။ ဒကာဒကာမတို့ ကုသိုလ်ရော၊ အကုသိုလ်ရောဆိုတဲ့ သံသရာတွေက လုပ်ကောင်းတဲ့အရာတွေတဲ့လား၊ မလုပ်ကောင်းတဲ့အရာ တွေတဲ့လား။(မလုပ်ကောင်းတဲ့အရာတွေပါ)" ( ဝိမုတ္တဒေသနာ၊ စာ- ၃၄ )

"အေး . . ကုသိုလ်ကော သံသရာ မလည်ဘူးလား။ (လည်ပါတယ်ဘုရား)။ လည်တာဗျ။ အဲဒီတော့ ဒီသံသရာ က ကျုပ်တို့စွပ်နေပြီ။ ကျုပ်တို့ကို တုတ်နှောင်နေပြီ။ ကျုပ်တို့ကိုချုပ်မြှောပြီးနေပြီဆိုယင် ကျုပ်တို့လွတ်လပ်ပဲ့မလား။(မလွတ်လပ်ပါဘူးဘုရား)။" ( ဝိမုတ္တဒေသနာ၊ စာ- ၃၄ )

" ဒီသံသရာကလည်းပဲ ကုသိုလ်လုပ်ရင်လည်း သံသရာတွေလည်တယ်၊ ကာမ ရူပ အရူပလို့ဆိုတဲ့ ကုသိုလ်တွေ လုပ်ယင်လည်း သံသရာတွေလည်တယ်။ အဲဒီသံသရာ လည်ပြီလို့ဆိုတော့ အကုသိုလ်မှ

http://www.dhammadownload.com


သံသရာလည်တာမဟုတ်ဘဲနဲ့ ကုသိုလ်ပြုလည်းသံသရာလည်တယ်ဆိုတော့ အကုသိုလ်နဲ့ ကုသိုလ်က လူကို တုတ်နှောင်တာခြင်း မတူဘူးလား၊တူသလား။(တူပါတယ်ဘုရား)။တူတယ်နော်။"(ဝိမုတ္တဒေသနာ၊စာ-၃၅ )

"အပြစ်ဆိုတာ ဘာတုန်းလို့ ဘယ်သူမှမသိဘူး။ တကယ်တော့အပြစ်ဆိုတာက အကုသိုလ်ရဲ့ မကောင်းတဲ့အကျိုး တွေကို အပြစ်လို့ပြောတာမဟုတ်ဘူး။ ဟုတ်ပြီနော်။ အပြစ်ဆိုတာ သံသရာလည်ပြီး သူ့ပတ်နေတာ။ အဲဒါ အပြစ်။ သံသရာလည်တာဟာ အပြစ်ပဲဗျာ။" ( ဝိမုတ္တဒေသနာ၊ စာ- ၃၆)

"ဒီလိုဆိုရင် ကာမ ရူပ အရူပ ကုသိုလ်တွေကကော သံသရာမဖြစ်ဘူးလား (ဖြစ်ပါတယ်)။ ဖြစ်တယ် ဆိုတော့ သူကော အပြစ်မရှိဘူးလား။(ရှိပါတယ်ဘုရား)။ အတူတူပဲနော်။ အဲဒီလိုဆိုတော့ ဒီအကုသိုလ်တွေ မလုပ်ရဘူး။ ကာမကုသိုလ်တွေ မလုပ်ရဘူး။ ရူပကုသိုလ်တွေ မလုပ်ရဘူး။"(ဝိမုတ္တဒေသနာ၊စာ-၃၆/၃၇ )

"အဲဒီတော့ အကုသိုလ်နဲ့ မလွတ်လပ်တာလေးမှ မလွတ်တာမဟုတ်ဘူး။ ကာမကုသိုလ်ကံနဲ့ မလွတ်လပ်တာလည်း မလွတ်လပ်တာ မဟုတ်ဘူး။ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံတွေနဲ့ မလွတ်လပ်တာလဲ မလွတ်လပ်ဘူးပဲ။ အဲဒီလိုမလွတ်လပ်တာ ဖြစ်တဲ့အတွက် အပြစ်လို့ပြောတာ။"(ဝိမုတ္တဒေသနာ၊ စာ- ၃၉ )

"အဲဒီတော့ လူဟာနော် ကိုယ့်အတိုင်းအတာ ပမာဏမှန်လေးနဲ့ သိဖို့မလိုဘူးလား။ (လိုပါတယ် ဘုရား)။ လိုတယ်နော်။ တကယ်လို့များ ပမာဏမှန်လေးနဲ့ မသိဘူးဆိုလို့ရှိယင် ဟိုလူ့အတုယူ၊ ဒီလူ့အတုယူ ကိုယ်လုပ်မိတဲ့ဟာလေးကို ကိုယ်ကနေပြီးတော့ ကွင်းကလေးစွပ်နေတော့ ဒါလေးကိုချည်းပဲ ဆက်ကာ ဆက်ကာ လုပ်နေမိရင် ဒီလူသံသရာထဲမှာ မမျောဘူးလား။ (မျောပါတယ်ဘုရား)။မျောတယ်ဗျ။"

( ဝိမုတ္တိဒေသနာ၊ စာ- ၄၂ )

"ဒီသံသရာကို သိရုံနဲ့တောင် မဟုတ်ဘူးနော်။ ဒီသံသရာကိုလည်ပုံ၊ ဟုတ်လား။ အရက်သေစာကို ဆက်တိုက်သောက်ကြည့်။ အရက်သမားပုံပေါ်မှာလား၊ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ ဘိန်းတွေကို ဆက်တိုက် ရှူကြည့်၊ ဒီလို ဘိန်းစားပုံပေါက်မှာလား၊ မပေါက်ဘူးလား။ (ပေါက်ပါတယ်ဘုရား)။ တရားကို လချီပြီးတော့ ဆက်တိုက်ထိုင်ကြည့်။ ဒီလိုဟာ တရားထိုင်တဲ့ တရားသမားပုံပေါက်မှာလား၊ မပေါက်ဘူးလား။ (ပေါက်မှာပါဘုရား)။ ကြည့်စမ်း၊ လုပ်ရင်လုပ်တဲ့ဟာ ပုံကတော့ ပေါ်တာပဲဗျာ။ "

"ကဲ . . သူ့မှာ သံသရာလည်နေပြီ ဆိုလို့ရှိယင် သူ့ရော ပုံမပေါ်ပေဘူးလား။(ပေါ်ပါတယ်)။ ကိုယ်လည်း သံသရာက ပုံမပေါ်ဘူးလား။(ပေါ်ပါတယ်ဘုရား)။သတ္တဝါဗျ။ အဲဒီသတ္တဝါမှ မသိဘူးဆိုယင် ဒီသတ္တဝါမှ မသိတဲ့သူဟာ လွတ်လပ်ချင်တာကို မပြောစေနဲ့။ မင်းပါးစပ်ပိတ်ထားစမ်းလို့သာပြော။" ဟုဟောပြောရေးသား ထားပါသည်ဘုရား။ ( ဝိမုတ္တဒေသနာ၊စာ- ၄၇ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခုံရုံးအဖွဲ့အမှတ်(၁၆) ဆရာ တော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၆)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခုံရုံးအဖွဲ့အမှတ်(၁၆) ဆရာ တော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၆)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းခုံရုံး အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၁၁) နတ်ပြိတ္တာမရှိဟူသောဟောပြောရေးသားချက်

အရှင်ဉာဏ -

" လုလင်တစ်ယောက် ဘုရားကို မေးတယ်။ နတ်ရှိသလားလို့ဘဲ။ ဘုရားကဖြေတယ်။ ရှိတဲ့နတ်ကို ငါသိတယ်လို့ဘဲ။ အရှင်ဘုရားဖြေလိုက်တာက ဘယ်လိုလဲလို့ လုလင်က ပြန်မေးတယ်။ ရှိတဲ့နတ်ကို ငါသိတယ်ဆိုတာနဲ့ နတ်ရှိတယ်ဆိုတာ သိပ်ကြီးမထူးပါဘူးလို့ ဘုရားကပြောတယ်။ လုလင်က နားမလည်ဟန် ရှိတော့ ဒီစကားကို ဘုရားက ထပ်ရှင်းတယ်။ ဘုရားရှင် ရှင်းချက်ဟာ ဘုရားရဲ့နတ်အရကောက်ဘဲ။ ရှင်းချက်က နတ်ဆိုတာ မြင့်မြတ်တဲ့သူတွေရဲ့အမည် ဖြစ်တယ်လို့ ဖြစ်တယ်။

ဘုရားရဲ့ နတ်အရကောက်ဟာ မိုးကောင်းကင်ပေါ်က သူတွေ မဟုတ်ဘူးဆိုတာ ပေါ်လွင်တယ်။ ဘုရားယူတဲ့နတ်နဲ့ လူတွေယူတဲ့နတ်မတူတာလည်း ထင်ရှားတယ်။" (ဘုရား၊ စာ-၁၁၄)

"ဒါနဲ့စပ်ပြီး ကောသလက မေးစရာကို ဆက်မေးပြန်တယ်။ ပြိတ္တာဆိုတာ ရှိသလားလို့ ဖြစ်တယ်။ ရှိတဲ့ပြိတ္တာကို ငါသိတယ်လို့ ဘုရားကဖြေတယ်။ အဖြေက မဝေ့နေဘူးလားလို့ ကောသလကပြန်မေးတယ်။ ရှိတဲ့ပြိတ္တာကို ငါသိတယ်ဆိုတာနဲ့ ပြိတ္တာရှိတယ်ဆိုတာ သိပ်ကြီးမထူးပါဘူးလို့ ဘုရားကဖြေပြီး ပြိတ္တာအရကို ကောက်ပြတာကို ဘုရားက ဆက်ပြောတယ်။ ပြောပုံက ပြိတ္တာဆိုတာ မြင့်မြတ်တဲ့ လူတွေရဲ့အမည်လို့ဘဲ ဖြစ်တယ်။ အဲဒီမှာ ကောသလနဲ့ တူပါလာတဲ့ ကောသလရဲ့သား"ဝိဋူဋဘ"စစ်သူကြီးက ဘုရားကို ဆက်မေး လိုက်တယ်။ အဲဒီ ပြိတ္တာတွေ ဒီကို မလာဘူးလားလို့ဘဲ။ ဝိဋူဋဘကို သူ့အမေဆုံးတဲ့အခါ အာနန္ဒာက ဝင်တားတယ်။ ဝိဋူဋဘ ဘုရားကို ဘုရင် ပြောပါစေ။ စစ်သူကြီးက ဘုရားနှင့် မပြောဘဲ ငါနဲ့ပြောမယ်လို့ဘဲ။ ဝိဋူဋဘက ဘုရားမေးတဲ့ မေးခွန်းအတိုင်း အာနန္ဒာကို မေးလိုက်တယ်။ အာနန္ဒာက ပြိတ္တာကို မင်းမှမသိဘဲ လာတော့ဘာလုပ်ဖို့လဲလို့ မေးတယ်။ လာရင် တိုက်ရအောင်လို့ပေါ့ ဖြေတယ်။ တိုက်ဖို့ထားလို့ မြင်တောင် မမြင်နိုင်ဘူး။ မမြင်ဘဲ ဘယ်လို တိုက်မှာလဲလို့ အာနန္ဒာက ပြောတယ်။

ဒါတွေဟာ ဘုရားပြောတဲ့ နတ်ဒေဝါတွေရဲ့ အရတွေပါဘဲ။ လူတွေသိတဲ့ နတ်ဒေဝါမျိုးတွေ မဟုတ်ကြဘူး။ ဘုရားပြောတဲ့ နတ်ဒေဝါဟာ တကယ့်အရှိနဲ့ ဆက်စပ်တယ်။ လူတွေရဲ့နတ်ဒေဝါက စိတ္တဇ တွေဘဲ။ သူတို့စိတ်ထဲမှာ ရှိတာတွေပေါ့။ " ( ဘုရား၊ စာ- ၁၁၄ )

"ဆိုလိုတာကတော့ ဒါ နတ်လုပ်ငန်းကိုလုပ်လို့ နတ်ဖြစ်တာနော်။ ပြိတ္တာလုပ်ငန်းကိုလုပ်ရင်လည်း သူ ပြိတ္တာ ဖြစ်မယ်။ လူပေါ်မှာ ပြိတ္တာဖြစ်တာ။လူပေါ်မှာ နတ်ဖြစ်တာ။ငရဲလုပ်ငန်းလုပ်ရင်လည်း လူငရဲဖြစ်မယ် နော်။တိရစ္ဆာန်လုပ်ငန်းလုပ်ရင်လည်း လူတိရစ္ဆာန်ဖြစ်မယ်နော်။ (၃၁-ဘုံ ကြီးဟာလူပေါ်မှာ ဖြစ်နေတာ။) ဟု ဟောပြောရေး သားထားပါသည်ဘုရား။ (စိတ်စိတ်ဖြာဖြာ ဥပါဒါနက္ခန္ဓာ-၃၃)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂) ဆရာတော်များ၊ အမှတ်(၆)ဆရာတော်များနှင့် အမှတ်(၁၆)ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ စာအုပ် စာမျက်နှာ (၅၂၆) စသည်တို့၌လည်းကောင်း၊မဓမ္မနီတိဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၄)စသည်တို့၌ လည်းကောင်း၊ မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၅၇)စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂) ဆရာတော်များ၊ အမှတ်(၆)ဆရာတော်များနှင့် အမှတ်(၁၆)ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ စာအုပ် စာမျက်နှာ (၅၂၆) စသည်တို့၌လည်းကောင်း၊မဓမ္မနီတိဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၄)စသည်တို့၌

http://www.dhammadownload.com



လည်းကောင်း၊ မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၅၇)စသည်တို့၌လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၁၂) ပါဏာတိပါတအရ မသတ်ရဘူးဆိုတာ လူ့အသက်ပဲဟောတာ ဖြစ်တယ် ဟူသောဟောပြောရေးသားချက်

အရှင်ဉာဏက -

" ဘုရားရဲ့ သမာတဲ့အပြုအမူထဲက အသက်ရှောင်မှုဆိုတာ လူ့အသက်သတ်တာရှောင်မှုလို့ အဓိပ္ပါယ် ထင်ရှား တယ်။ "

" ဘုရားဟောတဲ့အသက်သတ်ရဲ့ အနက်ဟာ ရောဟိတသကို ဟောချက် လူ့မှုစက်ဆံရေးနယ်ပယ် ဟောချက် ဒီအချက်တွေကြောင့် လူ့အသက်ဘဲ ဟောတာဖြစ်တယ် လူကတခြားဖြစ်သူတွေရဲ့ အသက် မဟုတ်ပါဘူး" ( ဘုရား၊ စာ-၁၃၀ )

"ဒါနဲ့စပ်လို့ တွေးစရာရှိပါတယ်။ ဘုရားဟော ဒီလိုမဟုတ်ဘူး ထင်တယ်လို့ပါဘဲ။ လူသိများတာက ဘုရားဟာ သတ်မှုကရှောင်ရမယ် အသက်ကိုအားလုံးရဲ့အသက်အဖြစ် ဟောတာလို့သိနေကြတယ် ဒီလို သိမှား တာကတော့ ဟိန္ဒူနဲ့ နွယ်ပြီး သိမိလို့ပါဘဲ။ ဟိန္ဒူက မသတ်ရတဲ့အဟာ အားလုံးရဲ့အသက်ပါဘဲ။ သစ်ပင်လောက်ဘဲ ကျန်ပါတယ်။ ( ဘုရား၊ စာ-၁၃၁ )

"ဒါတွေကြောင့် ဘုရားရဲ့ မသတ်ရမယ့်အချက်ရဲ့ အနက်ဟာ လူ့အသက်ပဲ ဖြစ်တယ်။ အခြားအကောင် ပလောင်တွေရဲ့ အသက်မဟုတ်ဘူး။" ( ဘုရား၊ စာ-၁၃၅ )

"ဒါကြောင့် ဒီကနေ့ ဗုဒ္ဓဘာသာတွေ အသားစားရှောင်မှုဟာ ဘုရားနဲ့ အလားလားမျှ မဆိုင်ဘူး။ ဘုရားက အသားစားတာကို ခွင့်ပြုခဲ့တယ် ဒါကိုထောက်ရင် ရှောင်ရှားမယ့်အသက်ဟာ အသက် အားလုံးမဟုတ်ဘူးလို့ ပေါ်လွင်တယ်။ စားတာဟာ သတ်တာမဟုတ်ပေမယ့် သတ်တာကို သွယ်ဝိုက် အားပေး တာပဲ။ မသတ်သင့်ဘူးဆိုရင် မစားသင့် ဘူးလို့ ပညတ်တန်ရာတယ်။ မပညတ်တာကို ထောက်ရင် မသတ်ရ မယ့် အသက်ဟာ အားလုံးမဟုတ်လို့ဘဲ။ အဲဒီအချက်တွေအရ ဘုရားရဲ့သတ်မှုက ရှောင်ကြဉ်ရမယ့် အသက်ဟာ လူ့အသက်ပဲဆိုတာ ထင်ရှား တယ်" ( ဘုရား၊ စာ-၁၃၉ )

"ဒါကြောင့် ဓမ္မမှာ ဘုရားရဲ့ မသတ်ကောင်းတဲ့အသက် ဟောချက်ဟာ လူ့အသက်ဖြစ်တယ်။ ဒါ ကြောင့် ဘုရားဟောတဲ့ သီလမှာပါတဲ့ မသတ်ဘူးဆိုတဲ့အသက်ဟာ လူ့အသက်ပဲဖြစ်တယ်။ အခြားအကောင် ပလောင်တွေရဲ့ အသက်တွေ အကျုံးမဝင်ပါဘူး။ လူမဟုတ်သူတွေရဲ့ အသက်သတ်ဖြတ်မှုဟာ ဓမ္မအရာ မဝင်တဲ့ အမှုတာဖြစ်တယ်။ မပြောပလောက်တဲ့ အမှုပေါ့။ သို့မဟုတ် အမှုမမြောက်တဲ့ အမှုဖြစ်တယ်။ ( ဘုရား၊ စာ-၁၄၂ )

"ဘုရားဟာ ဂရုဓမ္မသီလမှာပါတဲ့ အသက်သတ်ရှောင်ရှားမှုအဓိပ္ပါယ်ကို အလွန်အချက်ကျကျ ဟောပြောသူ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟောပြောချက်ဟာ လူလက်လှမ်းမီပါတယ်။ လူမလိုက်နိုင်အောင် မကျယ်ဝန်းပါဘူး၊ ပိုးသတ်ဆေး၊ သားစားတိရစ္ဆာန် ဒါတွေဟာ လူနဲ့ မကင်းတာတွေဘဲ ဒါတွေကို လူ ရှောင်ရှားရမယ်ဆိုရင် လူကမ္ဘာဟာ ကျဉ်းမြောင်းလိမ့်မယ်။ ဒါကြောင့် ဒါတွေဟာ လူလက်လှမ်း မမီတာတွေဘဲ။ " ( ဘုရား၊ စာ- ၁၄၂/ ၁၄၃ )

http://www.dhammadownload.com



အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၃၃)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၃၃)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၁၃) သတ်သူနှင့်စားသူ အပြစ်တူတူဟူသောဟောပြောရေးသားချက်

အရှင်ဉာဏ -

" တန်ဘိုးကြီးကြီးပေးပြီး ရယူခဲ့ရတဲ့ အချက်တွေထဲမှာ အသားစားရှောင်ကြဉ်မှု မပညတ်တာပါတယ်။ ဘုရား ဟာ အသားစားမှုနဲ့စပ်ပြီး အမှတ်သမယ်ရပ်တည်ခဲ့တာမဟုတ်ပါဘူး။ ဒါကို ဒီအချက်တွေက သက်သေခံတယ်။ ဒီလိုဖြစ်ပေမယ့် ဗုဒ္ဓဘာသာတွေဟာ ဘုရားကအသက်အားလုံး မသတ်ရဘူးလို့ ပညတ်တယ် ယူကြတယ်။ ဒီတော့ လူတွေဟာ တွေးကြတယ်။ မသတ်ကောင်းရင်တော့ စားဖို့လည်းမကောင်းလောက်ဘူး။ စားတာဟာ သတ်တာကို အားပေးတယ်။ စားသူရှိလို့သတ်သူရှိတာ၊ စားသူမရှိရင် သတ်သူလည်းမရှိဘူး။ သတ်သူဟာ စားသူကြောင့်သတ်တာ သတ်သူမှာအပြစ်ရှိရင် စားသူလည်းအပြစ်ရှိတယ်။ စားသူဟာ သတ်ရတဲ့အပြစ် တစ်ဝက်ရသူဖြစ်မယ်။ ဒါဟာ သဘာဝပဲ။ ဒီအပြင် လွဲဖယ်တွေးစရာမရှိဘူး။"ဟု ဟောပြောရေးသားထားပါသည်ဘုရား။ ( ဘုရား၊ စာ- ၁၃၇ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၀၀)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၁၀၀)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

http://www.dhammadownload.com


## အမှတ်(၁၄) နိုင်ငံဖတော်ပိုင် အဖွဲ့အစည်းပိုင် ပစ္စည်းခိုးတာဟာ အဒိန္နာဒါနကံ မထိုက်၊ သီလမပျက် ဟူသော ဟောပြောရေးသားချက်

အရှင်ဉာဏက -

"ဂရုဓမ္မသီလထဲက မခိုးရသိက္ခာပုဒ်ရဲ့ အနက်မှာနည်းနည်းပါး ခိုးယူမှု မပါဝင်ဘူး။ ဒါသိဖို့လိုတယ်။ ဒါကလေး လောက်တောင် လိုက်နာဖို့ဖြစ်လာရင် ဒီသီလဟာ လူတွေမလိုက်နာနိုင်ဖြစ်လာမယ် လူမလိုက်နာတဲ့ဟာကို ဘုရားက တရားလို့မလုပ်ဘူး။" ( ဘုရား၊ စာ- ၁၄၅ )

" ဒါတွေကိုထောက်ပြီး အသေးအမွှားခိုးမှုဟာ မတ်သီလဖြစ်တဲ့ ဂရုဓမ္မသီလ မဖြတ်ဘူး။ ဒါဟာ ဘုရားဖွင့်တဲ့ ဂရုဓမ္မသီလ မခိုးရ၊ သိက္ခာရဲ့အနက်ပဲ ဒါရဲ့အနက်ကို ဘုရားဖွင့်တာကျန်ပါသေးတယ် ဆက်ဖွင့် ရအောင်။" ( ဘုရား၊ စာ- ၁၄၇ )

"မဂ်သီလဖြစ်တဲ့ ဂရုဓမ္မသီလ မခိုးရ သိက္ခာပုဒ်အရမှာ လူပိုင်မဟုတ်တဲ့ ပစ္စည်းအများအပြား ခိုးယူခြင်း မပါဝင်ဘူး။ သူပိုင်မဟုတ်တဲ့ပစ္စည်းအများအပြားကို ခိုးယူပေမယ့် ခိုးရင်သီလမပျက်ဘူးလို့ ဆိုလိုတယ်။ ဒါကိုတော် တော်ကြီး သိဖို့ကောင်းတယ်။ သူမဟုတ် သူပိုင်တဲ့ပစ္စည်း ခိုးမိပြီး စိတ်ပျက်နေကြသူတွေ အများကြီးရှိတယ်။ ဒါဆုတ်နှုတ်ဖို့ပေး။ " ( ဘုရား၊ စာ- ၁၄၇/၈ )

" နိုင်ငံတော်ဆိုတာ နတ်ကြီးတစ်ပါးပဲ။ မြို့ ရွာဆိုတာတွေလည်း နတ်တွေပဲ သမဝါယမအဖွဲ့ ရဲအဖွဲ့၊ မီးသတ်အဖွဲ့၊ စစ်တပ်အဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ကူးသန်းရောင်းဝယ်ရေးအဖွဲ့၊ ဒါတွေလည်း နတ်တွေပဲ နတ်တွေနတ်ဖြစ်ကြောင်း ရှင်းရင်သိပ်ရှည်သွားမယ် အကျဉ်းချုပ်လိုက်ရင်တော့ လူတစ်ဦးချင်း ပုဂ္ဂလိကပိုင် မဟုတ်တဲ့ ပစ္စည်းတွေဟာ နတ်ပိုင်ပစ္စည်းတွေပဲ။ ( ဘုရား၊ စာ- ၁၄၉ )

"လူနဲ့နတ်တို့ ဒီလိုခွဲရမှာဖြစ်တယ်။ လူအစုအမှတ်တွေဟာ လူဆိုတဲ့ဂုဏ်ရည်က ကျော်သွားပြီ။ အဲဒီလူတွေ ပိုင်တဲ့ ပစ္စည်းဟာ လူပိုင်ပစ္စည်းအဖြစ်ကိုကျော်ပြီး နတ်ပိုင်ပစ္စည်းဖြစ်သွားတယ် အဲဒီပစ္စည်းကို ခိုးယူခြင်းဟာ ဒီသီလ သိက္ခာမှာ အခိုးမမြောက်ဘူး သီလမပျက်သေးဘူးပေါ့။ ( ဘုရား၊ စာ- ၁၅၀ )

" နိုင်ငံပစ္စည်းခိုးတာဟာ ဂရုဓမ္မသီလ မခိုးရသိက္ခာပုဒ်မပျက်ဘူး။ ပစ္စည်းပိုင်သူဟာ ပုဂ္ဂလိကမဟုတ်ဘဲ နိုင်ငံတော်ဖြစ်နေလို့ပဲ။ သမဝါယမပိုင်၊ မြို့ပိုင်၊ ရွာပိုင်၊ အဖွဲ့အစည်းပိုင်၊ ဌာနဆိုင်ရာပိုင် ပစ္စည်းတွေ ခိုးတာလည်း ဂရုဓမ္မသီလမခိုးရ သိက္ခာပုဒ်အရ အခိုးမမြောက်ဘူး။ " ( ဘုရား၊ စာ- ၁၅၁ )

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၃၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၃၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

http://www.dhammadownload.com


**အမှတ်(၁၅) ဥပုသ်သီလဟာ ဘုန်းကြီးနှင့် ကင်းကွာသွားရင် အသက်ဝင်ဖို့ မလိုတော့ဘူး ဟူသောဟောပြော ရေးသားချက်**

အရှင်ဉာဏက -

"ဥပေါသထသီလဟာ ဘုန်းကြီးအနီးအပါး ဆည်းကပ်တဲ့အခါ လိုက်နာရမယ့် စည်းကမ်းဖြစ်တယ်"

" ဥပေါသထသီလဟာ ဥပသကာတွေ ဘုန်းကြီးတွေထံ တစ်လလေးကြိမ် တရားအဆုံးအမ နာယူဖို့ ဆည်းကပ်တဲ့အခါ မြဲမြဲလိုက်နာမယ့် စည်းကမ်းပေါ့၊ ပုံစံပေါ့ ဒီစည်းကမ်းတွေကို ဥပေါသထသီလခေါ်တာ ဒီသီလဟာ ဘုန်းကြီးနား ကပ်တုန်း တန်ဖို့ပဲလိုတယ်။ ဘုန်းကြီးနဲ့ကင်းကွာသွားရင် ဒီသီလအသက်ဝင်ဖို့ မလိုတော့ဘူး "ဟု ဟောပြောရေးသား ထားပါသည်ဘုရား။ ( ဘုရား၊ စာ- ၁၇၈)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာ တော်များက မြစ်ကြီးနားဝိစိတ္တသာရဂါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၂၆)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာ တော်များက မြစ်ကြီးနားဝိစိတ္တသာရဂါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၂၆)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

**အမှတ်(၁၆) လက္ခဏာရေးသုံးပါးအယူအဆကို လွဲမှားစွာ ဟောပြောရေးသားခြင်း**

အရှင်ဉာဏက -

**လွန်ကျူးမှုတွေဟာ အနတ္တတွေ**

"လူ့အစိတ်အပိုင်းဖြစ်တဲ့ ဒီလွန်ကျူးမှုတွေဟာ အပြစ်တွေဖြစ်တယ်။ လူက စွန့်ပစ်ရမယ့်အရာဖြစ်လို့ ခေါ်ရတဲ့ နာမည်ပေါ့။ အနာအဆာလို့ခေါ်ရတဲ့ အာဗာဓတွေဖြစ်တယ်။ ရောဂါဘယတွေဖြစ်တယ်။ ပရလို့ ခေါ်ရတဲ့ သူ့စိမ်းပြင်းပ ရန်သူတွေ ဖြစ်တယ်။ ကိုယ်မဟုတ်တဲ့ အနတ္တဖြစ်တယ်။အညစ်အကြေးတွေပေါ့။"

( ဘုရား၊ ၄၉ )

" ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တရားတို့၏ လူမှုအဖြစ်၌ အစွဲဥပါဒါန်အဝင်ခံရသောကြောင့် မတည် ဖောက်ပြား ရွေ့လျားကျဆုံးခြင်း၊ ပူဆာလောင်ပြီး ကြပ်တည်းဆင်းရဲခြင်း၊ ကိုယ်စိုးမနိုင် ကိုယ်ပိုင်မရ အနှစ်သာရ မရှိခြင်း ဖြစ်သော အနိစ္စ,ဒုက္ခ,အနတ္တ သဘောလက္ခဏာ။ ဤလက္ခဏာများသာ ဒုက္ခအရိယသစ္စာ၏လက္ခဏာများ ဖြစ်ပါသည်" ( ဓမ္မပူဇာ၊ ၁၆၇ )

"သတ္တဝါမမြင်တော့ လက္ခဏာလည်းမမြင်တော့ဘူး။ ဥပမာအားဖြင့် ဒီလူဟာ နံပါတ်ဖိုးရှုနေတဲ့ သူပဲဆိုရင် သာမန်အားဖြင့် သူ့သိလိုက်ရင် ဒီကောင်ကတော့ ပျက်စီးနေတဲ့ အကောင်ပဲလို့ လက္ခဏာ မသိဘူး လားဗျာ။ ပျက်စီးနေတဲ့အကောင်ပဲလို့ သိနေပြီဆိုရင် အနိစ္စလက္ခဏာမြင်တာပေါ့။

ဒီကောင်ကတော့ အသုံးမကျတဲ့အကောင်ပါ။ ဘိန်းစာဆိုရင် ဒီလိုသိမှာပေါ့ အသုံးမကျဘူးဆိုတဲ့စကားနဲ့ အနတ္တဟာ အတူတူပဲ။ အနှစ်သာရမရှိတဲ့ကောင်။ ဒီကောင်တော်တော်ဆိုးဝါးတဲ့အကောင်။ ဆိုးဝါးတယ်ဆိုတာ ဒုက္ခလို့ပြောတာ။"ဟု ဟောပြောရေးသားထားပါသည်ဘုရား။ (စိတ်စိတ်ဖြာ ဥပါဒါနက္ခန္ဓာ-၃၅)

http://www.dhammadownload.com


အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်**သီးခြားဝိနည်းခုံရုံးအဖွဲ့**အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဂိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် **စာမျက်နှာ(၄၂)**စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခုံရုံးအဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဂိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၄၂)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြားဝိနည်းခုံရုံး အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၁၇) အဗျာကတ(၁၀)ချက်တို့ကို ဓမ္မဟု စွဲယူခြင်း

အရှင်ဉာဏနှင့် ဦးမြင့်ဝင်းမောင်တို့က ဘာသာတရားကပေးသောဆုလာဘ်စာအုပ်တွင်-

"၁၀၇၈။ ရဟန်းတို့ "လောကသည်မြဲ၏" ဟူ၍လည်းကောင်း၊ "လောကသည်မမြဲ" ဟူ၍လည်းကောင်း၊ "လောကသည်အဆုံးရှိ၏"ဟူ၍လည်းကောင်း၊ "လောကသည်အဆုံးမရှိ"ဟူ၍လည်းကောင်း၊ "ထိုအသက်သည်ပင် ထိုကိုယ်ဖြစ်၏" ဟူ၍လည်းကောင်း၊ "အသက်သည်တခြား ကိုယ်သည်တခြား"ဟူ၍လည်းကောင်း၊ "သတ္တဝါသည် သေပြီးသည့်မှနောက်၌ဖြစ်၏"ဟူ၍လည်းကောင်း၊ "သတ္တဝါသည် သေပြီးသည်မှနောက်၌မဖြစ်"ဟူ၍လည်းကောင်း၊ "သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်းမဖြစ်"ဟူ၍လည်းကောင်း၊ "သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်"ဟူ၍လည်းကောင်း၊ ဤသို့ ယုတ်ညံ့သော အကုသိုလ်စိတ်ကို မကြံစည်ရာ။ ထိုသို့ မကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း။ "ရဟန်းတို့ ဤအကြံအစည်သည် အကျိုးစီးပွားနှင့်မစပ် မဂ်တည်းဟူသောအကျင့်မြတ်၏ အစမဟုတ် ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသော ဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန် တဏှာမှထွက်မြောက်ရန်မဖြစ်။

"ရဟန်းတို့ သင်တို့သည် ကြံစည်လိုကြကုန်သော် "ဤကားဆင်းရဲတည်း"ဟု ကြံစည်ကုန်ရာ၏။ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း" ဟု ကြံစည်ကုန်ရာ၏။ "ဤကားဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း"ဟု ကြံစည်ကုန်ရာ၏။ "ဤကားဆင်းရဲချုပ်ရာနိဗ္ဗာန် သို့ရောက်ကြောင်းအကျင့်တည်း"ဟု ကြံစည်ကုန်ရာ၏။ ထိုသို့ ကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ ဤအကြံအစည်သည် အကျိုးစီးပွားနှင့်စပ်၏။ မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်၏။ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် ဖြစ်၏။ ရဟန်းတို့ ထို့ကြောင့် "ဤကားဆင်းရဲတည်း" ဟု သိရန်အားထုတ်ရမည်။ ပ။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် တည်း"ဟု သိရန်အားထုတ်ရမည်ဟု မိန့်တော်မူ၏။ (ဤကား စိန္တသုတ်။)

အရှင်ဂေါတမ လောကသည်မြဲ၏။ ပ။ မိန့်တော်မူ၏"ဟု ကိုးကားပြပြီး "ဘုရားရှင်က မကြံရ"ဟု မိန့်ဆိုထားသည့်အဗျာကတဓမ္မ(၁၀)တို့ကိုသာလျှင် ကြံဆစွဲယူလျက် တရားဟုဆိုကာ 'ဘာသာတရား က ပေးသောဆုလာဘ်'စာအုပ်ကို ဟောပြောရေးသားထားကြပါသည်ဘုရား။

(ဘာသာတရားကပေးသောဆုလာဘ် က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ။)

http://www.dhammadownload.com



အရှင်ဉာဏနှင့် ဦးမြင့်ဝင်းမောင်တို့၏ အထက်ပါဟောပြောချက်(အဗျာကတဌာန(၁၀)များ)ကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆)ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၄၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏနှင့် ဦးမြင့်ဝင်းမောင်တို့၏ အထက်ပါဟောပြောချက်(အဗျာကတဌာန(၁၀)များ)ကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆)ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ (၄၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၁၈)တရားဓမ္မ၏အကျိုးကျေးဇူးကိုတစ်ဘဝတည်းမြင့်သတ်မှတ်ဟောပြောရေးသားထားခြင်း

အရှင်ဉာဏက ဘာသာတရားကပေးသောဆုလာဘ်စာအုပ်တွင်-

"လူမှာ ဖြစ်နေတာက ကောင်းကျိုးပဲဖြစ်ဖြစ်၊ ဆိုးပြစ်ပဲဖြစ်ဖြစ် ဒီမှာ(ဒီဘဝမှာ)ပြုလုပ်လို့ ဖြစ်တာ-ဆိုတာကို အရင်ခံယူရမှာပဲ။ ကျုပ်တို့ပြောကြတယ်။ (ပ) တရားဓမ္မတွေက အခုရောက်နေတဲ့ လူ့ဘဝ၊ စားရေး ဝတ်ရေး နေရေး ပေါင်းသင်းရေး ဆက်ဆံရေး အဲဒီအရေးတွေမှာ အသုံးချဖို့အတွက်သာ ဖြစ်တယ်။ အစွမ်းထက်မယ် ဆိုရင်လဲပဲ အဲဒီအရေးတွေမှာပဲ အစွမ်းထက်ရမှာ ဖြစ်တယ်။ (ဆိုတာကို ကျုပ်တို့ပြောကြတယ်။) (ဂုဏ်းစာအုပ် ၃-၄)

"တို့များဟောပြောနေတယ်ဆိုတဲ့ တရားဓမ္မဟာ အဲဒီမှာ အသုံးချရမှာ။ ဒီပြင်ဘယ်မှာမှ အသုံးမချရဘူး။ ဒီမှာပဲ အသုံးကျရမှာပဲ။ လူရေးလူရာရဲ့ ဆက်ဆံရေးမှာပဲ အသုံးကျရမှာပဲ။ လူရေးလူရာရဲ့ နေထိုင်ရေးမှာပဲ အသုံးကျရမှာပဲ။ အဲဒီအသုံးချရမှာကို (ပ) စနစ်ရှိရှိနဲ့ ကိုယ့်ဘဝ မကျဆုံးတဲ့ လမ်းကြောင်းကို ကိုယ့်ဘာသာ ကိုယ်ထင်မြင်ပြီးတော့ (ပ) အဲဒီလို အသုံးကျစေချင်လွန်းလို့ ဒီတရားဓမ္မကိုဟောနေတာ။

(ဂုဏ်းစာအုပ်- နှာ-၆-၇)

"အဲဒီတော့ တရားဓမ္မ ဘယ်အခါမှာ အသုံးကျဖို့မှ မဟုတ်ဘူး။ ဘာအသုံးကျဖို့မှ မဟုတ်ဘူး။ လူရဲ့ ဟောဒီကိုယ်ကောင်ကြီး ဖြစ်တဲ့လူ။ ကိုယ့်ကိုယ်ကို ကိုယ်ဖြစ်စေတဲ့လူ။ အဲဒီလူလေး မသေခင်အတွင်းမှာ ဘယ်လို ဘေးအန္တရာယ်မှ မတွေ့ဘဲနဲ့ လင်နဲ့ ပေါင်းရရင်လည်း ပေါင်းရတဲ့ ချမ်းသာသုခ (ပ) နောက်ဆုံးပိတ် အိုဘေး နာဘေးလို့ဆိုတဲ့ အအို အနာတွေ ဖြစ်တောင်မှ ချမ်းသာသုခပဲလို့။ အဲဒီလို ချမ်းသာသုခရနေတဲ့ အဖြစ်ကို ရောက်စေချင်တယ်။ အဲဒါကို ရနေဖို့ရန် အတွက်လဲပဲ ဒါ (တရားဓမ္မ)ဟောပြော နေတာဖြစ်တယ်။ တရားဓမ္မက အဲဒီမှာပဲ အသုံးချရမှာပဲ။ မသေခင်မှာပဲ အသုံးချရမှာ။

(ဂုဏ်းစာအုပ်-နှာ-၇)

"အဲဒီတော့ ဒီက တရားပြောတယ်။ တရားပြောတယ်ဆိုတာ အဓိက ဘာပြောတာတုန်းဆိုတော့ ဒီမှာ (ဒီဘဝမှာ) ချမ်းသာဖို့ရန် ဒီမှာရဲ့ (ဒီဘဝမှာရဲ့) နေနည်းကား ထိုင်နည်းကား စည်းကမ်းကလနားတွေ ပြောတာ။ နားထောင်တဲ့ သူရဲ့နားက ဒီမှာ (ဒီဘဝမှာ) မရှိဘူး ဆိုပါတော့။ နောက်ဘဝပဲ။ နောက်ဘဝပဲ။ ငါတို့ဖြစ်ရတာလဲ နောက်ဘဝပဲ။ နောက်ဘဝက ပြုခဲ့တဲ့အတိုင်း တို့ ဒီမှာ (ဒီဘဝမှာ) ဖြစ်လာတာလို့ ခံယူထားပြီ

ဆိုရင်ကတော့ ဘာပဲဖြစ်ဖြစ် နောက်ဘဝမှာပဲ သူက ရှာဖွေတော့မှာ ဆိုတော့ ဒီမှာ (ဒီဘဝမှာ) ဖြစ်တာတွေရဲ့ လက်သည်ဟာ နောက်ဘဝပဲလို့ လုပ်လိုက်တော့ ကျုပ်ပြောသမျှဟာ သူ့နားထဲမှာ တစ်လုံးမှ မဝင်ဘူး။
(ဌင်းစာအုပ်-နှာ-၉)

"ဒါ-အကျိုးရှိတယ်လို့ပြောရင် ဘယ်လိုတုန်း မေးခွန်းထုတ်ရမယ်။ တကယ့်အကျိုးကို မပြနိုင်ဘူးဆိုလို့ရှိရင် အေး-အကျိုးရှိတယ်လို့ ဆိုတဲ့ဟာ-ဒါ-ညာတဲ့အရာပဲ-လို့ မှတ်ရမယ်။

ဒါ-အပြစ်ရှိတယ်လို့ပြောရင်လဲပဲ ဘယ်လိုအပြစ်ရှိတာတုန်း မေးရမယ်။ တကယ့်ကို အပြစ်ရှိတာရဲ့ အတိုင်းအထွာကို လူမြင်နိုင်တဲ့အဆင့်အထိ မပြနိုင်ဘူးလို့ဆိုရင် အဲဒီအပြစ်ရှိတဲ့အရာဟာ ညာတာပဲဖြစ်တယ်--ဆိုတဲ့ဟာမျိုးနဲ့ ခေါင်းမာမာနဲ့ကိုပဲ ခါရမ်းပြီး ငြင်းရမယ်။ အဲဒီလိုမှ ခေါင်းမမာဘူး၊ မငြင်းဆန်နိုင်ဘူး (ဆွဲကောင်းငင်ပါ-ဖြစ်တယ်)ဆိုရင် သူများက အကျိုးရှိတယ်ဆိုရင် အကျိုးရှိတယ်။ သူများက အပြစ်ရှိရင် အပြစ် ရှိတယ်ဆိုပြီး ကိုယ်မသိတဲ့ဟာတွေက ကိုယ့်ကို တစ်စတစ်စနဲ့ လွှမ်းမိုးသွားလိုက်တာ နောက်ပိတ်ဆုံးတော့ ကိုယ် သိတာဆိုတာတောင် ဘာမှမရှိတော့ဘူး"ဟု ဟောပြောရေးသားထားပါသည်။ (ဌင်းစာမျက်နှာ-နှာ-၁၉-၂၀)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၅၅၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၅၅၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြား ဝိနည်းခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

**အမှတ်(၁၉) <u>ပဿံ နရော အစရှိသော ဂါထာ၏ မူလအဓိပ္ပါယ်ကို ပျက်စေလျက် အတ္တဝါဒဖြင့် ပြဆိုခြင်း</u>**

အရှင်ဉာဏက ဓမ္မကထာစာအုပ်တွင်-

"(ပါဠိ) ပဿံ နရော ဒက္ခတိ နာမရူပံ၊
ဒိသွာန ဝါ ဉဿတိ တာနိမေဝ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊
န ဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ။

(မြန်မာပြန်) ရုပ်နာမ်ရှုပွား၊ တရားကိုရှာ
ရုပ်နာမ်ဖြစ်ပျက်၊ မြင်လျက်သိမှာ
ဘယ်လောက်ရှုမှတ်၊ ပရမတ်သစ္စာ
ပွားသော်ငြား၊ တရား-မရပါ။

http://www.dhammadownload.com



(ပါဠိ) ဝစသာ မနသာစ ကမ္မုနာစ
အဝိရုဒ္ဓေါ သမ္မာ ဝိဒိတွာန ဓမ္မံ
နိဗ္ဗာနပဒါဘိပတ္ထယာနော
သမ္မာ-သော လောကေ ပရိဗ္ဗဇေယျ။

(မြန်မာပြန်) ကိုယ်နှုတ်စိတ်ထား၊ အမှားရှောင်ခွာ
တရား မတရား၊ ပြတ်သားသိကာ
လှူငြိမ်းအေးမှု၊ ရှေးရှုလို့သာ
မြတ်တရား၊ မမှား-ကျင့်ရမှာ"ဟု ဟောပြောရေးသားထားပါသည်ဘုရား။
(ဓမ္မကထာ-နှာ-၁။)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၅) ဆရာတော်များက ဦးခေမိန္ဒနှင့် ဦးဝိစိတ္တသာရာဘိဝံသတို့ ဟောပြောရေးသားချက်များ ဓမ္မ-အဓမ္မမှုခင်းဆုံးဖြတ်ချက်စာအုပ် စာမျက်နှာ(၇၅)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၅) ဆရာတော်များက ဦးခေမိန္ဒနှင့် ဦးဝိစိတ္တသာရာဘိဝံသတို့ ဟောပြောရေးသားချက်များ ဓမ္မ-အဓမ္မမှုခင်းဆုံးဖြတ်ချက်စာအုပ် စာမျက်နှာ(၇၅)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြား ဝိနည်းခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၂၀) <u>ယခုလက်ရှိပိဋကသုံးပုံတို့ကို ပုံပြင်များသဖွယ်ဖြစ်အောင်ရေးသားထားခြင်း</u>

အရှင်ဉာဏက ဓမ္မကထာစာအုပ်တွင်-

"မြင်ရကြားရ အစစအသိတွေနဲ့ မြင်ဖူးကြားဖူး အစစ အသိတွေ၊ မြင်ပြ ကြားပြ အစစအသိတွေနဲ့ သိရတဲ့အသိတွေဟာ စိတ်သိတွေပေါ့။ (ပ)။ ဖြစ်ချင်တာဖြစ်တဲ့အထိ အာရုံကိုသိတဲ့အသိတွေကို ဆက်စပ်တည်ဆောက်ပြီးသိတဲ့အသိဟာ ဉာဏ်သိပဲ။ (ပ) ဘုရားရဲ့အသိဉာဏ်တော်တွေဟာ တရားဓမ္မတွေပဲဖြစ်ကြတယ်။ ဘုရားက အဲဒီအသိဉာဏ်တွေ(တရားဓမ္မတွေ)ကို လူတွေကို မပေးခဲ့ဘူးလား။ ပေးခဲ့တာပေါ့ဘုရား။ (ပ)

"တရား စာတွေကကော ဘုရားရဲ့တရားတွေပဲလားဘုရား။ ဘုရားရဲ့တရားတွေကို မှတ်တမ်းပြုထားတဲ့ မှတ်စာတွေပေါ့။ အဲဒါတွေလဲ ဘုရားရဲ့အသိဉာဏ်တွေပဲလားဘုရား။ ဘုရားအသိဉာဏ်တွေကို မှတ်တမ်းပြုထား တာတွေပဲပေါ့။ ဘုရားက တရားဟောတာနဲ့ အဲဒီတရားမှတ်တမ်းစာတွေ အတူတူပဲလားဘုရား။ (ပ)

"ကာလ၊ ဌာန၊ ပုဂ္ဂလတွေက ပြောင်းခဲ့လှပြီပဲ။ (ပ) ဘုရားက ကိုယ်တိုင်ဟောပေမယ့် ရသူမှပဲရတာ မဟုတ်လား။ နှလုံးသွင်းလို့ မဝင်ရင် မရဘူးပေါ့ဘုရား။ မှတ်စာဆိုတော့ ပိုဆိုးတာပေါ့။

http://www.dhammadownload.com


မှတ်တမ်းစာအုပ်တွေက သိပ်ကြီးအိုဟောင်းနေပြီပဲ။ မှတ်တမ်းမတင်ခင်က အဆင့်ဆင့်ပြောင်းပြီး ဆောင်ခဲ့ကြရတာ။အဲဒါနှစ်ပေါင်း (၄၀၀) လောက်ဆိုတော့ ပြောင်းတဲ့အဆင့်က မနည်းဘူး။ ပြောင်းတာများတော့ ချွတ်ချော်ပြီးဆောင်စရာရှိတယ်လို့။(ပ)

"ဆောင်သူဟာ အသိဉာဏ်ရပြီး ဆောင်တာလား။ စကားရပြီးဆောင်တာလား။ အသိဉာဏ်မရဘဲ အသိဉာဏ်ကို မှတ်တမ်းပြုထားတဲ့ စကားပဲ ဆောင်သူဆိုရင် လွဲရမှာပဲ။ ကြည့်ရတာအရဆိုရင် အသိဉာဏ်မရဘဲ ဆောင်သူပဲ များစရာရှိတယ် တွေ့ရတယ်။ အသိဉာဏ်ရသူဟာ စကားလုံးကို ဆောင်ရိုးမတွေ့ရဘူး။ (ပ) ပုံပြင်ကို သိတော့ ပြောချင်ရင် ကိုယ့်စကားနဲ့ ပြောတာပဲ မဟုတ်လား။ (ဋ္ဌင်းစာအုပ်-နှာ-၂၁၊၂၂၊၂၃၊၂၄၊၂၅၊၂၆၊၂၇၊၂၈)

"ပုံပြောသူတွေဟာ ပုံပြင်ကို အရမဆောင်ကြဘူး။ ပြောချင်ရင် ကိုယ့်စကားနဲ့ကိုယ် ပြောတာပဲ။ ဒါ့ကြောင့် အသိဉာဏ်မရပဲ ဆောင်သူသာ များစရာရှိတယ်။ **(ဒါက အကြောင်း-၁။)**

အခုခေတ် သတင်းပို့တာမှာ သတင်းမသိဘဲ ဆောင်ပြီး ပို့ရင် ချွတ်ချော်တာတွေအထင်အရှား-ဆိုတော့ ဒီလိုမျိုး ချွတ်ယွင်းနိုင်တယ်။ **(ဒါက အကြောင်း-၂။)**

ဒီဓမ္မမှတ်စာတွေထဲမှာ နောက်မှပေါက်တဲ့ ရွှေကြာပင်(အဘိဓမ္မာတရား)တွေ ရှိတယ်။

**(ဒါက အကြောင်း-၃။)**

ကြာပင်လို့သာ နာမည်ရတာ ပေါက်တာက နောက်မှဖြစ်တဲ့ မှတ်တမ်းပေါ့။ အဲဒါ-ဘုရားကို အရောင်တော် ဖွင့်ပေးတဲ့တရား(အဘိဓမ္မာ) ဆိုတာပေါ့။ (ပ) အဲဒီတရားကို ဘုရားဟောတယ်ဆိုတဲ့ နိဒါန်းပါတဲ့မှတ်စာတွေထဲမှာ လုံးဝ(လုံးဝ)မတွေ့ရဘူး။ ဓမ္မဟာ ဘုရားရဲ့အသိဉာဏ်တော်ကိုလို့ ပြောခဲ့တယ်နော်။ အဲဒီဓမ္မဖြစ်တဲ့ ဘုရား အသိ ဉာဏ်တော်ထက် လွန်တဲ့တရား မြတ်တဲ့တရားဆိုတာ ခေတ်စားနေတယ်။ (အဘိ-ဓမ္မာကို ဆိုလိုတာပါ။) ဓမ္မထက်လွန်တဲ့တရား ဆိုရင်တော့ တရားလွန်ပဲ ဖြစ်ရတော့မှာပေါ့ ဘုရား။ အဲသလို သိရင်မှန်ပြီပေါ့။ (ပ) တရားမဟုတ်တာ တရားလုပ်ရင် တရားအပျောက်ခံရမှာပေါ့ ဘုရား။ လုပ်ရင် ခံရမှာပဲ။ ဒီလိုဆိုရင် တရားမှတ်စာ လေ့လာရတဲ့သူတွေ ဘုရားအသိဉာဏ်တော် သိဖို့ အန္တရာယ်ပဲ ဘုရား။ **(ဒါက အကြောင်း-၄။)**

နောက်တစ်ကြောင်းက ဘုရားရဲ့အသိဉာဏ်တော်ကိုပြတဲ့ စကားတွေရဲ့အရဖော်ပြချက်တွေ ပြောရမယ်။ **(ဒါက အကြောင်း-၅။)** (ပ)

"ဘုရားရဲ့အသိဉာဏ်တွေဖြစ်တဲ့ ဓမ္မတွေအားလုံးမှာ ဒုက္ခပြချက်တွေပါတယ်။ အဲဒီ ဒုက္ခရဲ့အရတွေဟာ အတ္တမဟုတ်ကြဘဲ ပရတွေ အနတ္တတွေသာ ဖြစ်ကြတယ်။ (ဤသည်ကား ရှင်မိုးပြာဝါဒအရ ဒုက္ခယူပုံပင်။) အဲဒါကို မဖော်ပဲ အရဖော်တဲ့ဆရာတွေက အတ္တတွေ ဖြစ်တယ်ပဲ ဖော်ပြတယ်။ (ပ) အဲဒီလိုကြီးတော့ တည့်တည့်ကြီး ဘယ်ပြောဝံ့ပါ့မလဲ။

ဘုရားက ဒုက္ခဟာ အနတ္တလို့ ပြောတာကို အတ္တလို့ တည့်တည့်ပြောရင် ဘုရားကို ကန့်လန့်တိုက်ရာ ရောက်သွားမှာပေါ့။ (ပ)

"ဒီလိုဖြစ်ရက်နဲ့ ဘာကြောင့်ပြောသူ(ဘုရား)ရဲ့ဆိုလိုချက်နဲ့ တစ်ခြားစီဖြစ်အောင် အနက် ဖော်ရတာလဲ ဘုရား. . . မသိလို့ပေါ့"ဟု ဟောပြောရေးသားထားပါသည်ဘုရား။

(ဋ္ဌင်းစာအုပ်-၂၇. ၂၈. ၂၉. ၃၀)

http://www.dhammadownload.com


အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်ိ အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၃၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်ိ အဖွဲ့အမှတ်(၂) ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၃၇)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြား ဝိနည်းခိုရ်ိ အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူ ကြသည်။

---

## အမှတ်(၂၁) သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကြောင့် ကိလေသာမကုန်နိုင်ဟု ဆိုထားခြင်း

အရှင်ဉာဏက ဓမ္မကထာစာအုပ်တွင်

"ဟုတ်တာပေါ့ဘုရား။ ရုပ်၊ နာမ်နဲ့ရုပ်၊ နာမ်-ငြိမ်းရာမြင်ပြီး ငါ သူ ပုဂ္ဂိုလ် သတ္တဝါ ပျောက်တာငြိမ်းတယ်လို့ နိဗ္ဗာန်လို့ဆိုပြီး လုပ်ကြတာပဲဘုရား။ ရုပ်၊ နာမ်ငြိမ်းတာ ရုပ်မဲ့ချာန်ပဲ။ လူက မရှိဘူး။ ရုပ်နာမ်ပဲ ရှိတယ်(လို့) မှတ်နေရာက ရုပ်နာမ်ပါငြိမ်းတော့ ဘာမှမရှိ-ဖြစ်ပြီပေါ့ဘုရား။ ဟုတ်ပ၊ နတ္ထိကိဉ္စိပေါ့။ အဲဒါက- နိဗ္ဗာန်။ အဲဒါ သိတာက မဂ်ဉာဏ်။ ဒီလိုလုပ်မိတော့တာဘုရား။ (ပ)

"အဲဒီအာရုံက မြင့်မြတ်တယ်။ အဲဒီအာရုံကို တော်တော့လူက အာရုံမပြုနိုင်ဘူး။ အဲဒီအာရုံဟာ မပျက်စီး ဘူး။ ဒါ့ကြောင့် အဲဒီအာရုံဟာ မြင့်မြတ်လို့(ရုပ်မဲ့ချာန်ခေါ် နတ္ထိကိဉ္စိခေါ်)နိဗ္ဗာန်လို့ လုပ်မိတာ။ အဲလိုလုပ်မိတာတော့ ဟုတ်တယ်။ ဒါပေမယ့် အဲဒါဟာ နိဗ္ဗာန်တော့ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ကိလေသာငြိမ်းတာ မဟုတ်လို့ နိဗ္ဗာန်မဟုတ်တာပဲ။ (ပ)

"ကိလေသာ-မဖြစ်ပေမယ့် အသိနဲ့ကိလေသာကို မသတ်ရသေးတော့ အဲဒီအာရုံဟာ နိဗ္ဗာန်မဟုတ်ဘူး။ ကိလေသာဆိုတာ လူ့လွန်ကျူးမှုတွေကို လုပ်ချင်တာ-ဖျက်ဆီးချင်တာ အကောင်းထင်တာ မာန်ထတာ အမြင်မှား တာ တွေးတောတာ အစစတွေပဲ။

ရုပ်နာမ်ငြိမ်းတော့ ကိလေသာတွေက မငြိမ်းဘူးလား။ မငြိမ်းဘူး။ ကိလေသာက နာမ်မဟုတ်သော်လည်း (နာမ် ငြိမ်းပြီဆိုရာမှာ နာမ်က တကယ်မငြိမ်းဘဲ နာမ်ငြိမ်းရာကို မြင်တာပဲဖြစ်လို့ နာမ်က ဖြစ်နေတာပဲ။)"

(ဇင်းစာအုပ်- နှာ- ၇၂၊ ၇၃၊ ၇၄။)

"ငြိမ်းရာမြင်တာပဲ ဟုတ်တယ်။

ငြိမ်းရာမြင်ရင် နာမ်က အရှိမဲ့ မဟုတ်ဘူးလား ဘုရား။ (ဇင်းစာအုပ်-နှာ-၇၄။)

"ရုပ်နာမ်ငြိမ်းရာမြင်တော့ ငြိမ်းရာပဲရှိတယ် ထင်တာကို စိတ္တဇလို့ ဆိုလိုတာလား ဘုရား။ ငြိမ်းရာပဲရှိတာ မဟုတ်ဘဲ-ရုပ်နာမ်ဖြစ်တာကလည်း ရှိတာဆိုတော့ (ပ)

"ရုပ်နာမ်က ပြန်ဖြစ်အုံးမှာပဲ ဘုရား။ အဲဒီရုပ်နာမ်ထဲမှာ လွန်ချင်တာ(ကိလေသာ)ဆိုတာတွေက ပါမလာနိုင်ဘူးလား။ ပါမှာပဲ။ သူ့(အဲဒီကိလေသာ)ကို အရှိမဟုတ်ဘူး(အရှိမဲ့ချာန်)ဆိုပြီး အရေးမထားလို့ ရမလား။ (ပ) ဒါ့ကြောင့် ရုပ်နာမ် ငြိမ်းပေမယ့် ကိလေသာမငြိမ်းဘူးလို့ ပြောတာ"ဟုဟောပြော ရေးသားထားပါသည်ဘုရား။ (ဇင်းစာအုပ်-နှာ-၇၅)

http://www.dhammadownload.com


အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၉) ဆရာတော်များက အနုဝါဒါဓိကရုဏ်းဝိနိစ္ဆယစာအုပ် စာမျက်နှာ(၅၅-၅၆)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

## စိစစ်တွေ့ရှိချက်

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၉) ဆရာတော်များက အနုဝါဒါဓိကရုဏ်းဝိနိစ္ဆယစာအုပ် စာမျက်နှာ(၅၅-၅၆)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြား ဝိနည်းခိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## အမှတ်(၂၂) သံသရာဝဋ်သုံးပါး၊ လက္ခဏာရေးသုံးပါးတို့ကို အလေးစိတ်အခိပ္ပါယ်မှစ၍ ပျက်ဆီးထားခြင်း

အရှင်ဉာဏက ဓမ္မကထာစာအုပ်တွင်

"ကိလေသာကို ဘယ်လိုပယ်ရမှာလဲဘုရား။ ကိလေသာကိုပယ်နိုင်ချင်ရင် ကိလေသာကို မကြည့်နဲ့။ ကိလေသာကိုဖြစ်ပွားစေတဲ့အရာ-ကံရဲ့ဝိပါတ်တွေ-အဲဒါတွေနဲ့ ဒုက္ခအသွင်လက္ခဏာတွေကို မြင်အောင် ကြည့်ရ မယ်။ အဲဒါတွေ(ကံရဲ့ဝိပါတ်တွေ)က ရိုးရိုးဖြစ်ပွားတာမှ မဟုတ်တာ။ လွန်ကျူးထားတဲ့အဖြစ်(ကံ)ရဲ့ဖြစ်ပွားချက်ပဲ။ လွန်ကျူးတာ(ကံ)က ဒုက္ခအသွင်ဆောင်သလို ဒီအဖြစ်ရဲ့ဖြစ်ပွားချက်(ဝိပါက်)ကလည်း ဒုက္ခအသွင်ဆောင်တယ်။ ဒုက္ခအသွင်ဆောင်တာကို(မကြည့်လို့)မမြင်ရင် ခံစားချက်က ပြတာကိုပဲ မြင်လိမ့်မယ်။ ခံစားချက်က ချမ်းသာတယ်လို့ ပြတယ်။ အဲသလို ပြောင်းပြန်ကြီးမြင်ပြီ ဆိုတော့။ အဲဒါ(ချမ်းသာတယ်ဆိုတာ)ပျက်တော့ ခံစားချက်ဆိုးတာ ဖြစ်တာပေါ့။ ခံစားချက်ကောင်းဖြစ်တဲ့ အဲဒါမျိုးကို ထပ်လိုချင်လာရော။ (ကိလေသာ ဖြစ်လာရော။) ထပ်လိုချင်တာ ကိလေသာဖြစ်တာပဲ။ လွန်ကျူးတာ(ကံ)ကြောင့် ဖြစ်တဲ့ဖြစ်ပွားချက်(ဝိပါက်)ရဲ့ ဒုက္ခအသွင်ဆောင်တာကို မြင်ရင် လွန်ကျူးမိတာ(ကံ)အပေါ်မှာ စိတ်မကောင်း ဖြစ်လာတာပေါ့။ ဒီတော့ ဖြစ်ပွားချက်(ဝိပါက်)ကပေးတဲ့ သာယာတဲ့ ခံစားချက်(ချမ်းသာတယ်ဆိုတာ)မဖြစ်တော့ဘူး။ ပြောင်းလဲဖြစ်ပွားတာကြောင့် ထပ်လွန်ချင်တာ(ကိလေသာ)လည်း မပေါ်တော့ဘူး။ အဲဒါမှ ကိလေသာကို ပယ်တာ ဖြစ်တယ်။ ကိလေသာကို ပယ်ချင်ရင် ကိလေသာကို မကြည့်ဘဲ ကိလေသာကို ဖြစ်စေတဲ့ (အရာ-ကံရဲ့ဝိပါက်) ဒုက္ခ (အသွင်လက္ခဏာတွေ)ကို ကြည့်ရမယ်။ ဒီဒုက္ခသိမှ ဒီဒုက္ခကို လိုချင်တာ(ကိလေသာ)ကို ပယ်နိုင်မှာပဲ။ (ပ) စိတ်ခုတာဟာ (ပ) မနောကံပဲ။ (ပ) ဒီလိုဆိုတော့ စိတ်ခုတယ် ဆိုတဲ့(မနော)ကံကို ဖြစ်စေတာဟာ ကိလေသာပေါ့။ ကိလေသာဟာ ကံရဲ့အကြောင်းဟေတုပဲ။ အဲဒီ စိတ်ခုတယ် ဆိုတဲ့ မနောကံကို စိတ်ခုသူပုဂ္ဂိုလ်က လုပ်လိုက်တာ မဟုတ်လားဘုရား။ မဟုတ်ဘူး"ဟု ရေးသားထားပါသည်။

(ဥင်းစာအုပ်-နှာ-၇၇၊ ၇၈၊ ၇၉၊ ၈၀။)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၈၅-၈၈)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

http://www.dhammadownload.com



**စိစစ်တွေ့ရှိချက်**

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၁၆) ဆရာတော်များက မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၈၅-၈၈)စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြား ဝိနည်းမိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူ ကြသည်။

---

**အမှတ်(၂၃) ထေရဝါဒပိဋကတ်တော်ထဲကအတိုင်း အနတ္တဟုမြင်လျှင်မှားနေကြောင်း စွပ်စွဲထားခြင်း**

အရှင်ဉာဏက ဓမ္မကထာစာအုပ်တွင်-

"ဇီဇကို တိတိကျကျ သိတော့ ရှေးက်တွေ ဖန်ဆင်းရှင်တွေ အကြောင်းမဲ့တွေ (ကြောင့် လူဖြစ်လာတာဆိုတဲ့) ဒီအယူမှား မိစ္ဆာအမြင်တွေ ဘယ်လိုဖြစ်မှာလဲ။ (မဖြစ်ကြတော့ဘူး)ဘုရား။ (ပ) ဇီဇ သိသူက လူပဲ သိမှာပဲ။ (ဇီဇ ဆိုတာ လူပဲ ဟူလို။) လူကို(ဇီဇကို)အမှန်အတိုင်း မသိတာဟာ မိစ္ဆာဖြစ်တာ-မဟုတ်ဘူး။ လူကို(ဇီဇကို) အမှန် အတိုင်း သိတာဟာ မိစ္ဆာပြုတ်တာ-မဟုတ်ဘူး။ (ပ) လူ့ရဲ့ လွန်ကျူးမှုတွေနဲ့ အဲဒါရဲ့ အကျိုးအပြစ်တွေကို လူလို့ ထင်လို့ မိစ္ဆာအမြင် ဖြစ်တာပါ။ မိစ္ဆာအမြင် ဖြစ်တာဟာ လူနဲ့(ဇီဇနဲ့)မဆိုင်ဘူး။ သမ္မာအမြင် ဖြစ်တာလည်း လူနဲ့ မဆိုင်ဘူး။ ဇီဇ(လူ)ကို အမှန်အတိုင်းသိတာဟာ မိစ္ဆာပျောက်ဖို့အတွက် သမ္မာဖြစ်ဖို့အတွက် အပိုပဲ။ ဇီဇအသိ (လူအသိ)က ဥစ္ဆေဒအမြင်ကို ဖြစ်စေတယ်။ (ပ) သဿတအမြင်နဲ့ ဥစ္ဆေဒအမြင် မိစ္ဆာတွေဟာ အတ္တအမြင် မိစ္ဆာနဲ့ စပ်နေတယ်ဆိုတာကို ကြားဖူးတာဘုရား။ (ပ) အတ္တအမြင်မိစ္ဆာရဲ့အနက်က ကိုယ့်ကိုယ်ကို ငါပဲလို့ မြင်တာ ပေါ့ဘုရား။ အဲဒါ(ကိုယ့်ကိုယ်ကို ငါပဲလို့မြင်တာ)ဟာ မိစ္ဆာဖြစ်လို့လား။

(ပ) စာ(ပိဋကတ်)က ငါလို့အမှတ်ခံရတဲ့ ကိုယ့်ကိုယ်ဟာ အစိတ်အပိုင်းတွေရဲ့ အစုအဝေးအသွင်မျိုး တကယ်မရှိဘူးလို့ (ပ) စာ(ပိဋကတ်)က ကိုယ့်ကိုယ်ကို စိတ်ဖြာပြတယ်။ ဒီတော့(ပ) ကိုယ့်ကိုယ်မဟုတ်ဘူးလို့ သိတဲ့အတိုင်း အမှန်ဖြစ်ရင် ပြုစုစောင့်ရှောက်တာတွေလုပ်ဖို့ မလိုဘူးလို့ တွေးမိတာပေါ့ဘုရား။ စာ(ပိဋကတ်)ထဲက အတိုင်း မြင်ရင် မပြုစုနဲ့။ ပြုစုရင် စာ(ပိဋကတ်)ထဲကအတိုင်း မမြင်နဲ့။ (ပ) တပည့်တော်တို့ လူတွေအားလုံး ဒီဒုဿန(ကိုယ့်ကိုယ်ဟာ တကယ်အရှိမဟုတ်ဘူးဆိုတာ)နဲ့ချည်း နေကြတာဘုရား"ဟု ဟောပြောရေးသားထားပါ သည်ဘုရား။ (၎င်းစာအုပ်-နှာ-၉၄၊ ၉၅၊ ၉၆၊ ၉၇၊ ၉၈။)

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၁၆)ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၃၇) စသည်တို့၌လည်းကောင်း၊ မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၁-၉၄)စသည်တို့၌ လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အရှင်ဉာဏ၏ အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၂) ဆရာတော်များနှင့် အမှတ်(၁၆)ဆရာတော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၆၃၇) စသည်တို့၌လည်းကောင်း၊ မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၁-၉၄)စသည်တို့၌ လည်းကောင်း အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီးခြား ဝိနည်းမိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူ ကြသည်။

---

http://www.dhammadownload.com


**အမှတ်(၂၄) လောကုတ္တရာအဘိညာဉ်ခေါ် ဝိဇ္ဇာသုံးပါးကိုလွဲမှားစွာဟောထားခြင်း**

အရှင်ဝိစိတ္တသာရာဘိဝံသက-

(၁) **အတိတ်ကံကိုသိခြင်းသည် ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဉ်ဖြစ်သည်။**

(၂) **ကံ၏အနာဂါတ်ကိုသိခြင်းသည် ဒိဗ္ဗစက္ခုအဘိဉာဉ်ဖြစ်သည်။**

(၃) **ကံ၏အကြောင်းငြိမ်းသည်ကိုသိခြင်းသည် အာသဝက္ခယအဘိဉာဉ်ဖြစ်သည်။** ထို့ပြင် ကိုယ့်ဘဝသမိုင်း-ကိုယ်ပြန်ကြည့်ပြီးသိသည်မှာ ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဉ်ဖြစ်ပါသည်။ ဤ၌ သေပြီး နောင်ဘဝဖြစ်အယူ မဖြစ်အယူစသည်သည် သညာဂတဖြစ်နေခြင်းကြောင့် ပုဗ္ဗေနိဝါသနုဿတိအဘိဉာဉ် ဝင်မရပါ။ ထို့ကြောင့် သေပြီးနောက်ဘဝဖြစ်အယူ မဖြစ်အယူ စသည်ကို ဘုရားမဟောကြားခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။ သေပြီးနောင်ဘဝ ဖြစ်အယူ မဖြစ်အယူ စသည်များအပေါ် ဒိဗ္ဗစက္ခုအဘိဉာဉ်လဲ ဝင်မရပါ။ စုတူပပါတဉာဏ်နှင့်ဒိဗ္ဗစက္ခုဉာဏ် အတူတူပင်။ အာသဝက္ခယဉာဏ်ဖြင့် အမှန်အတိုင်း အသိဉာဏ်များ မဖြစ်ပွားကြပေ။ ဤသို့ပင် ဤအယူဝါဒလေးပါး တစ်ပါးပါးကို ယူသူများသည် လောကုတ္တရာ အဘိဉာဉ် အသိထူး မဖြစ်နိုင်ကြခြင်း ဖြစ်ပါသည်"ဟု ဟောပြောရေးသားထားပါသည်။ (ဂုဏ်းစာအုပ် နှာ ၆၄-၆၅။)

အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းမှုခိုရှိအဖွဲ့အမှတ်(၂) ဆရာ တော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၆၇) စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဆရာ တော်များက လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၉၆၇) စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင် ဆရာတော်များ စိစစ်တွေ့ရှိတော်မူ ကြသည်။

---

**အမှတ်(၂၅) နိဗ္ဗာန်သည် ခန္ဓာကိုယ်ထဲမှာရှိသည်ဟုဟောပြောရေးသားခြင်း**

အရှင်ဝိစိတ္တသာရာဘိဝံသက-

"အပိစာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညာပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။(**အံ၊ ၁။ ၃၅၇-၃၅၈/သံ၊ ၁။၆၈။**)

ဒါယကာ ရောဟိတဿနတ်သား စင်စစ်အားဖြင့် သညာလည်းရှိ အသိစိတ်ဝါတ်လည်းရှိသော တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် လောကကိုလည်းကောင်း၊ လောကဖြစ်ပေါ်ကြောင်းကိုလည်း ကောင်း၊ လောက၏ချုပ်ရာနိဗ္ဗာန်ကိုလည်းကောင်း၊ လောက၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို လည်းကောင်း ငါ ပညတ်၏ဟု မိန့်တော်မူ၏။ (အံ၊ ၁။ မြန်မာပြန်။ ၃၇၁။)

ရောဟိတဿနတ်သား စင်စစ်သော်ကား မှတ်သားခြင်းအမှတ်သညာ အသိစိတ်နှင့်တကွဖြစ်သည့် တစ်လံ မျှလောက်ပမာဏရှိသော'မျက်မှောက်ဘဝ' ဤ'လူ'ကိုယ်ကာယ၌သာလျှင် လောက လောကသမုဒယ လောကနိရောဓ လောကနိရောဓဂါမိနီ ပဋိပဒါကို ငါ အသိပေး-ပညတ်၏ဟု မိန့်တော်မူပါသည်"။

(**အရိယသစ္စ ဓမ္မပေတံ၏** မြန်မာပြန်ပုံ။)ဟု ဟောပြောရေးသားထားပါသည်။

(ဂုဏ်းစာအုပ် နှာ ၂၂၁-၂၂၂။)

http://www.dhammadownload.com


အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁) ဆရာ တော်များက ကျောက်သဘော်ဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၃၂၀) စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်ထားသော ဝါဒဖြစ်ပါကြောင်း စောဒကတို့က တင်ပြကြသည်။

**စိစစ်တွေ့ရှိချက်**

အထက်ပါဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁) ဆရာ တော်များက ကျောက်သဘော်ဝါဒဝိနိစ္ဆယစာအုပ် စာမျက်နှာ(၃၂၀) စသည်တို့၌ အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်မှာ မှန်ကန်ပါကြောင်း နိုင်ငံတော်သီခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၇) အဖွဲ့ဝင်ဆရာတော်များ စိစစ်တွေ့ရှိတော်မူကြသည်။

---

## "နိဂမနကထာနှင့် ဥယျောဇနကထာ"

ဤသို့လျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရွာ၊ အနုပါဒယဉ်ကျေးမှုမိုးပြာခြံ၌ သီတင်းသုံးနေထိုင်သော ရှင်ဉာဏဦးဆောင်သည့် ပစ္စုပ္ပန်ကမ္မဝါဒအမည်ခံ မိုးပြာဂိုဏ်းသားတို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်အား အခြေခံမှုစ၍ စော်ကားပုတ်ခတ်သည့် စာအုပ်စာတမ်းများထုတ်ဝေခြင်း၊ ဟောပြောပြသခြင်း၊ သင်တန်းများဖွင့်လှစ် ၍ပို့ချခြင်း၊ အင်တာနက်သို့တင်၍ ကမ္ဘာအရပ်ရပ်သို့ဖြန့်လွှင့်ခြင်းများ ပြုလုပ်နေသဖြင့် ယင်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဓမ္မ-အဓမ္မစိစစ်ပေးရန် စောဒကဆရာတော်များက စောဒနာလွှာတင်သွင်းခဲ့ကြသည်။ စုဒိတကအဖွဲ့က သောဓနာလွှာတင်သွင်းခြင်းမပြုခဲ့ပေ။

ထိုသို့စုဒိတကအဖွဲ့က သောဓနာလွှာမတင်သွင်းသော်လည်း စောဒကဆရာတော်များတင်ပြထားသည့် (ဝိမုတ္တိဒေသနာ) စသော မိုးပြာဂိုဏ်းဝါဒစာအုပ်များကို ကြည့်ရှုသုံးသပ်တော်မူကြပြီး ယင်းမိုးပြာဂိုဏ်း၏ဝါဒတို့ကို မြတ်စွာဘုရားဟောကြားတော်မူအပ်သော (ပါဠိတော်) များကို အခြေခံပမာနထား၍ အဋ္ဌကထာ ဋီကာအဆိုများကို သင့်လျော်ရုံမျှသာ အကိုးသာဓကပြကာ စိစစ်သုံးသပ်ပြီး မိုးပြာဂိုဏ်း၏ဟောပြောရေးသားချက်များ အားလုံးတို့ကို (အဓမ္မ) ဝါဒအဖြစ် ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်၍ပြီးပေပြီ။

## "မိုးပြာဝါဒ ဝိနိစ္ဆယဖြစ်ပေါ်လာပုံ"

မိုးပြာဂိုဏ်းသားတို့၏ ပိဋကတ်စာပေနှင့်ဆန့်ကျင်သော တရားစာပေတို့ကို ကြည့်ရှုနာယူကြ ရသော စောဒကဆရာတော်တို့သည် ဤတရားစာပေများ ပြန့်ပွားသွားပါက ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ဆုတ်ယုတ်ပျက်စီးမည့်အရေးကို တွေးတောကြံစည်မိကြပေသည်။

ဥပမာ-အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် "ဤယခုအခါ၌ ငါတို့အလိုရှိသောအလုပ်ကို ပြုလုပ်ကြရကုန်အံ့၊ အလိုမရှိသောအလုပ်ကို မပြုလုပ်ကြရကုန်အံ့" ဟု သုဘဒ္ဒရဟန်းကြီးပြောဆိုသော စကားကိုအောက်မေ့တော်မူသည်ဖြစ်၍ ယုတ်မာသော အလိုရမ္မက်ရှိသောရဟန်းတို့သည် ဘုရားရှင်၏ စကားတော်ဟူသော ပိဋကသုံးပုံသည် ဘုရားလွန်ပြီဟုမှတ်ထင်ကုန်သည်ဖြစ်၍ မကြာမတင်ပင် သူတော်ကောင်းတရားဟူသော ပိဋကသုံးပုံကိုကွယ်စေကုန်ရာ၏ဟု ကြံတော်မူသကဲ့သို့လည်းကောင်း။

အရှင်ယသမထေရ်သည် ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဝေသာလီပြည်၌ သားချို၌ဆားကိုသိုမှီး၍ ဆားမရှိသောဆွမ်းနှင့် စားခြင်းငှာအပ်၏-စသည်ဖြင့်ဆယ်ပါးသောဝတ္ထုတို့ကို ပြကြကုန်၏ဟုကြားရသော ငါသည်မြတ်စွာဘုရား၏ သာသနာတော်ပျက်စီးခြင်းကိုကြားရလျက် ကြောင့်ကြမဲ့နေခြင်းသည်မသင့်၊ ငါသည် (အဓမ္မဝါဒီ) တို့ကိုနှိမ်နင်း၍ တရားဓမ္မကို ထွန်းလင်းစေအံ့ဟု ကြံတော်မူသကဲ့သို့လည်းကောင်း တွေးတော ကြံစည်မိကြလေသည်။

http://www.dhammadownload.com


ဤသို့ကြံစည်တော်မူကြပြီးသည့်အခါ ကြောင့်ကြမဲ့နေတော်မမူကြပဲ စောဒနာလွှာများရေးသား ကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံတော်သို့ တင်သွင်းခဲ့ကြပေသည်။ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်များကလည်း ဒုတိယသံဂါယနာတင် အရှင်မြတ်တို့က နောင်ဖြစ်ပေါ်လာမည့် ဘေးကို တားဆီးကာကွယ်ရန် တိဿပြဟ္မာကြီးအား တောင်းပန်ကြပြီး သိဂ္ဂဝထေရ်နှင့် စဏ္ဍဝဇ္ဇီတထေရ် တို့အား လွှဲအပ်တော်မူသကဲ့သို့ပင် မိမိတို့သီးခြားသံဃဝိနိစ္ဆယအဖွဲ့အမှတ် (၁၇/၂၀၁၁) အား တာဝန် ပေးလွှဲအပ်တော်မူသည်။

ထိုသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးလွှဲအပ်သည်ကို လက်ခံရရှိကြသော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင်ဆရာတော်များ ဆရာတော်များကလည်း သိဂ္ဂဝထေရ်နှင့် စဏ္ဍဝဇ္ဇီတထေရ်တို့က (တိဿ) သူငယ်အား ငဲမောဂ္ဂလိပုဏ္ဏား၏အိမ်မှထုတ်၍ သာသနာ့ဘောင်သို့ ရောက်အောင် ဆောင်ရွက်တော်မူကြပြီး ပိဋကသုံးသွယ် ပါဠိ အဋ္ဌကထာများ သင်ကြားပေးပြီးသော တိဿထေရ်သည် ပေါ်ပေါက်လာသော သာသနာဘေးကို တားဆီးကာကွယ်သကဲ့သို့ပင် သင်ကြား ထားသော ပိဋက ပါဠိ အဋ္ဌကထာများနှင့် တိုက်ဆိုင်ညှိနှိုင်း၍ စောဒနာလွှာအဖြာဖြာတို့ကို ကြည့်ရှုသုံးသပ် ဆုံးဖြတ်တော်မူကြသဖြင့် ဤမိုးပြာဝိနိစ္ဆယဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

## "မိုးပြာဂိုဏ်းသားတို့အား တိုက်တွန်းခြင်း"

မိုးပြာဂိုဏ်းသားတို့သည် မိမိတို့၏စိတ်အစဉ်ကို ယောနိသောမနသိကာရ သမ္မာဆန္ဒတို့ဖြင့် ပြုပြင်ကြပြီး ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာတော်၏ ပျက်စီးရာပျက်စီးကြောင်းတရားများကို ဟောပြော ရေးသားခြင်း၊ ဝါဒဖြန့်ခြင်းများမှ ရပ်နားသင့်ပြီဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါသည်။

မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဟောကြားတော်မူသည့် ပုဂ္ဂိုလ်လေးယောက် ကိုလည်း မှတ်သားနာယူပြီး ပြုပြင်သင့်ကြပေသည်။

## "ပုဂ္ဂိုလ်လေးယောက်"

**စတ္တာရော မေ မဟာရာဇ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ တမောတမပရာယနော တမောဇောတိပရာယနော ဇောတိတမ ပရာယနော ဇောတိဇောတိပရာယနော။** (သံ-၁၊ ၉၄)

မင်းကြီး လောက၌ ဤသို့သောပုဂ္ဂိုလ်လေးယောက်တို့သည် ထင်ရှားရှိကုန်၏။ အဘယ် လေးယောက်တို့နည်းဟူမူ -

(၁) အမှောင်မှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်
(၂) အမှောင်မှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်
(၃) အလင်းမှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်

(၄) အလင်းမှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်

ဤလေးယောက်တို့တည်း။

**"ပုဂ္ဂိုလ်လေးယောက် ရှင်းလင်းချက်"**

၁။ **ဒလိဒ္ဒေါ ပုရိသော ရာဇ ၊ အသဒ္ဓေါ ဟောတိ မစ္ဆရီ ။**
**ကဒရိယော ပါပသင်္ကပ္ပေါ ၊ မိစ္ဆာဒိဋ္ဌိ အနာဒရော ။** (သံ-၁၊ ၉၆)

မင်းကြီး ပုဂ္ဂိုလ်သည် ဆင်းရဲ၏၊ သဒ္ဓါတရားမရှိ ဝန်တို၏၊ စေးနဲ၏၊ ယုတ်ညံ့သောအကြံရှိ၏၊ မှားသော မကောင်းသောအယူရှိ၏၊ ရိုသေခြင်းမရှိ။

**သာမဏေ ဗြာဟ္မဏေ ဝါပိ ၊ အညေ ဝါပိ ဝဏိဗ္ဗကေ ။**
**အက္ကောသတိ ပရိဘာသတိ ၊ နတ္ထိကော ဟောတိ ရောသကော ။** (သံ-၁၊ ၉၆)

သမဏတို့ကိုလည်းကောင်း၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားသူတို့ကို လည်းကောင်း ဆဲရေတတ်၏၊ ရေရွတ်ဘတ်၏၊ အလိုမရှိချုပ်ချယ်တတ်၏။

**ဒဒမာနံ နိဝါရေတိ ၊ ယာစမာနာန ဘောဇနံ ။**
**တာဒိသော ပုရိသော ရာဇ ၊ မီယမာနော ဇနာဓိပ ။**
**ဥပေတိ နိရယံ ဃောရံ ၊ တမောတမပရာယနော ။** (သံ-၁၊ ၉၆)

အစာကိုတောင်းကုန်သော သူတို့အားပေးလှူသည်ကို တားမြစ်တတ်၏။ လူတို့ကိုအစိုးရသော မင်းကြီး ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကြမ်းတမ်းလှစွာသော ငရဲသို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် အမှောင်လှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်မည်၏။

၂။ **ဒလိဒ္ဒေါ ပုရိသော ရာဇ ၊ သဒ္ဓေါ ဟောတိ အမစ္ဆရီ ။**
**ဒဒါတိ သေဋ္ဌသင်္ကပ္ပေါ ၊ အဗျဂ္ဂမနသော နရော။** (သံ- ၁၊ ၉၆)

မင်းကြီးပုဂ္ဂိုလ်သည် ဆင်းရဲ၏၊ သဒ္ဓါတရားရှိ၏၊ ဝန်တိုခြင်းမရှိ ပေးလှူတတ်၏၊ မြတ်သော အကြံကို ကြံတတ်၏၊ တည်ကြည်သော စိတ်ရှိ၏။

**သမဏေဗြာဟ္မဏေ ဝါပိ ၊ အညေ ဝါပိ ဝဏိဗ္ဗကေ ။**
**ဥဋ္ဌာယ အဘိဝါဒေတိ ၊ သမစရိယာယ သိက္ခတိ ။** (သံ-၁၊ ၉၆)

သာမဏတို့ကိုလည်းကောင်း၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားသော သူတို့ကို လည်းကောင်း၊ နေရာထ၍ ရိုသေစွာရှိခိုးတတ်၏၊ ညီမျှသောအကျင့်ကို ကျင့်၏။

**ဒဒမာနံ န ဝါရေတိ ၊ ယာစမာနာန ဘောဇနံ ။**
**တာဒိသော ပုရိသော ရာဇ ၊ မီယမာနေ ဇနာဓိပ ။**
**ဥပေတိ တိဒိဝံ ဌာနံ ၊ တမောဇောတိပရာယနော ။** (သံ-၁၊ ၉၆)

http://www.dhammadownload.com


အစာကိုတောင်းကုန်သော သူတို့အား မတားမြစ်။ လူတို့ကိုအစိုးရသောမင်းကြီး ထိုသို့သဘော ရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကောင်းသောလာရာဖြစ်သော နတ်ပြည်ဌာနသို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် အမှောင်လာ၍ အလင်းသို့သွားသော ပုဂ္ဂိုလ်မည်၏။

၃။ **အမှော စေ ပုရိသော ရာဇ ၊ အသဒ္ဓေါ ဟောတိ မစ္ဆရီ ။**
**ကဒရိယော ပါပသင်္ကပ္ပေါ ၊ မိစ္ဆာဒိဋ္ဌိ အနာဒရော ။** (သံ-၁၊ ၉၇)

မင်းကြီးပုဂ္ဂိုလ်သည် ကြွယ်ဝ၏။ သဒ္ဓါတရားမရှိ ဝန်တို၏၊ စေးနဲ၏၊ ယုတ်ညံ့သော အကြံရှိ၏၊ မှားသော မကောင်းသော အယူရှိ၏၊ ရိုသေခြင်းမရှိ။

**သမဏေ ဗြာဟ္မဏေ ဝါပိ ၊ အညေ ဝါပိ ဝနိဗ္ဗကေ ။**
**အက္ကောသတိ ပရိဘာသတိ ၊ နတ္ထိကော ဟောတိ ရောသကော ။** (သံ-၁၊ ၉၇)

သမဏတို့ကိုလည်းကောင်း၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားတတ်သော သူတို့ကိုလည်းကောင်း ဆဲဲရေးတတ်၏၊ ရေရွတ်တတ်၏၊ အလိုမရှိ၊ ချုပ်ချယ်တတ်၏။

**ဒဒမာနံ နိဝါရေတိ ၊ ယာစမာနာန ဘောဇနံ ။**
**တာဒိသော ပုရိသော ရာဇ ၊ မီယမာနော ဇနာဓိပ ။**
**ဥပေတိ နိရယံ ဃောရံ ၊ ဇောတိတမပရာယနော ။** (သံ-၁ ၉၇)

အစာကိုတောင်းကုန်သော သူတို့အားပေးလှူသည်ကို တားမြစ်တတ်၏၊ လူတို့ကိုအစိုးရသောမင်းကြီး၊ ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကြမ်းတမ်းလှစွာသော ငရဲသို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် အလင်းမှလာ၍ အမှောင်သို့သွားသော ပုဂ္ဂိုလ်မည်၏။

၄။ **အမှော စေ ပုရိသော ရာဇ ၊ သဒ္ဓေါ ဟောတိ အမစ္ဆရီ ။**
**ဒဒါတိ သေဋ္ဌသင်္ကပ္ပေါ ၊ အဗျဂ္ဂမာနသော နရော ။**

မင်းကြီး ပုဂ္ဂိုလ်သည်ကြွယ်ဝ၏၊ သဒ္ဓါတရားရှိ၏၊ ဝန်တိုခြင်းမရှိ၊ ပေးလှူတတ်၏၊ မြတ်သော အကြံကို ကြံတတ်၏၊ တည်ကြည်သောစိတ်ရှိ၏။

**သမဏေ ဗြာဟ္မဏေ ဝါပိ ၊ အညေ ဝါပိ ဝနိဗ္ဗကေ ။**
**ဥဋ္ဌာယ အဘိဝါဒေတိ ၊ သမစရိယာယ သိက္ခတိ ။** (သံ-၁၊ ၉၇)

သမဏတို့ကိုလည်းကောင်း၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားတတ်သော သူတို့ကိုလည်းကောင်း နေရာမှထ၍ ရိုသေစွာရှိခိုးတတ်၏၊ ညီမျှသောအကျင့်ကို ကျင့်၏။

**ဒဒမာနံ န ဝါရေတိ ၊ ယာစမာနာန ဘောဇနံ ။**
**တာဒိသော ပုရိသော ရာဇ ၊ မီယမာနော ဇနာဓိပ ။**
**ဥပေတိ တိဒိဝံဌာနံ ၊ ဇောတိဇောတိပရာယနော ။** (သံ-၁၊ ၉၇)

ဂုံးစကားမှရှောင်ကြဉ်တော်မူ၏ ။ပ။ ကွဲပြားသူတို့ကိုလည်း စေ့စပ်တော်မူတတ်၏။ ညီညွတ်ခြင်း၌ ပျော်ပိုက်တော်မူ၏။ ညီညွတ်ခြင်းကို နှစ်သက်တော်မူ၏။ ညီညွတ်ခြင်းကိုပြုသောစကားကို ဆိုတော်မူတတ်၏။ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်းပြောနိုင်ရာ၏။ (သီ၊ မြန်-၄)

## ညီညွတ်ရေးတရားများ

မြတ်ဗုဒ္ဓသည် တကယ့်ညီညွတ်ပုဂ္ဂိုလ်ထူးကြီး ဖြစ်သည့်အားလျော်စွာ အကြောင်းအားလျော်စွာ ညီညွတ်ရေးတရားတော်များကို ဟောကြားတော်မူထား၏။ ထိုတရားတော်များကို အမြွက်မျှထုတ်ပြရပါမူ -

(အံ-၂၊ ၂၅၆) ဒုတိယသာရဏီယသုတ်၌ "ဆယိမေ ဘိက္ခဝေ ဓမ္မာ သာရဏီယာ ပိယကရဏာ ဂရုကရဏာ သင်္ဂဟာယ အဝိဝါဒါယ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တန္တိ" စသည်ဖြင့် ဟောတော်မူထား၏။ "သီတင်းသုံးဖော်တို့၏ ချစ်ခင်မြတ်နိုးခြင်းကိုပြုတတ်, လေးစားခြင်းကိုပြုတတ်ကုန်သော ဤသာရဏီယတရားခြောက်ပါးတို့သည် သင်္ဂြိုဟ်ထောက်ပံ့ရန်၊ မငြင်းခုံရန်၊ ညီညွတ်ရန်၊ တစ်ပေါင်းတည်း ဖြစ်ရန် ဖြစ်ကုန်၏" စသည်ဖြင့် အချင်းချင်းညီညွတ်ရန်အတွက် သာရဏီယတရားလက်ကိုင်ထားကြဖို့ ဟောကြားတော်မူခဲ့ပေသည်။

တစ်ဖန် အပါဒါန်ပါဠိတော် (ပဥ္စမအုပ်၊ နှာ-၇) ၌ -

**ဝိဝါဒံ ဘယတော ဒိသွာ ၊ အဝိဝါဒဉ္စ ခေမတော ။**
**သမဂ္ဂါ သခိလာ ဟောထ ၊ ဧသာ ဗုဒ္ဓါနုသာသနီ-**

ဟူ၍ ဟောတော်မူထားပြန်၏။

"အယူအဆ မတူမျှ၍ ဝါဒကွဲပြား အငြင်းပွားခြင်းကို အပါယ်လမ်းပေါက် အမှန်ရောက်မည့် ရွံ့ကြောက်ထိပ်ဖွယ် ဘေးအန္တရာယ်အားဖြင့်လည်းကောင်း၊ အယူအဆ တူညီမျှ၍ ဝါဒမကွဲ အမြဲမငြင်း ညီညွတ်ခြင်းကို ဘေးအန္တရာယ် မတွယ်မကပ် မွန်မြတ်လှစွာ ချမ်းသာရာအားဖြင့်လည်းကောင်း၊ ပိုင်းခြားဝေဖန် ပညာဉာဏ်ဖြင့် အမှန်ထင်ထင် ကောင်းစွာမြင်ကြ၍ ရွှေစင်နှစ်ပြား စပ်သောလားသို့ တစ်သားတည်း ညီညွတ်ကြကုန်သည် ကြမ်းတမ်းမဖက် နှစ်သက်စိတ်နေ ချောမောနူးညံ့သော သဘောရှိကြကုန်သည် ဖြစ်ကြကုန်လော့-ဤသို့မြွက်ဟ လမ်းညွှန်ပြခြင်းသည် မဟာကရုဏာရှင် ဘုရားသခင်တို့၏ အစဉ်ဟောကြား အဆုံးအမစကားပါပေတည်း။" (မြန်မာပြန်)

## မြတ်ဗုဒ္ဓသာသနာတော်အတွက် အန္တရာယ်လက္ခဏာပြခဲ့သော ဝိဝါဒများ

အချို့ရဟန်းတော်များသည် သမဂ္ဂါရာမ, သမဂ္ဂရတမြတ်ဗုဒ္ဓ၏ တပည့်သာဝကဖြစ်ကြပါလျက် ကိုယ့်သန္တာန်၌ ဒေါသ, မာန်မာန, ဒိဋ္ဌိဂါဟတရားများ ပူးဝင်ကပ်ရောက်လာခြင်းကြောင့် လွဲမှားသောအမြင် အယူအဆများကို မစွန့်လွှတ်နိုင်ကြဘဲ အခြားသံဃာကောင်းများနှင့် အယူသီလ မမျှနိုင်ကြ ကွဲကြပြားကြ၏။ ဤသို့ကွဲပြားခြင်းသည် ကွဲပြားသူအသိုင်းအဝိုင်းမျှသာမက တစ်သာသနာလုံးမှာပင် ရိုက်ခတ်

http://www.dhammadownload.com


အစာကိုတောင်းကုန်သောသူတို့အား ပေးလှူသည်ကိုမတားမြစ်တတ်၊ လူတို့ကိုအစိုးရသော မင်းကြီး ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော်လည်း ကောင်းသောလားရာဖြစ်သော နတ်ပြည်ဌာနသို့ရောက်၏၊ ထိုပုဂ္ဂိုလ်သည် အလင်းမှလာ၍ အလင်းသို့သွားသော ပုဂ္ဂိုလ်မည်၏။

ဤသို့ပြဆိုအပ်ပြီးသော ပုဂ္ဂိုလ်လေးယောက်တို့နှင့် (ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာ) အမည်ခံ မိုးပြာဂိုဏ်းသားတို့ကို နှိုင်းယှဉ်၍ကြည့်ခဲ့သော် (ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာ) အမည်ခံပုဂ္ဂိုလ်တို့သည် များသောအားဖြင့် လက်ရှိပစ္စက္ခဘဝ၌ စားဝတ်နေရေးပြည့်စုံကြပြီး ပိဋကစာပေများကို ကိုယ်တိုင် သင်ကြားပို့ချခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်သည့်အပြင် ပိဋကစာပေများကို ဝေဖန်နိုင်ကြသည်ကိုတွေ့ရှိရသည့် အတွက် (ဇောတိ) အလင်းမှလာသောပုဂ္ဂိုလ်များဖြစ်သည်ဟု ဆိုပါကမမှားနိုင်ပေ။

(ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာ) အမည်ခံပုဂ္ဂိုလ်များသည် ကိုယ်တိုင်အသိဉာဏ်ဖြင့်ဆင်ခြင်ကြပြီး (တမ) အမှောင်လမ်းမှ သွေဖီရှောင်လွှဲ၍ (ဇောတိ) အလင်းလမ်းသို့လျှောက်လှမ်းနိုင်ကြကာ ဇောတိဇောတိပရာယန=အလင်းမှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေဟု ကရုဏာတရားလက်ကိုင်ထားလျက် (နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် -၁၇/၂၀၁၁) ဝိနည်းဓိုရ် ဆရာတော်များက တိုက်တွန်းအပ်ပါသည်။

## သမေတု =အယူသီလ တူမျှလော့

ညီညွတ်ရေးတရားသည် သတ္တဝါအားလုံးလိုက်နာ ကျင့်သုံးအပ်သောတရားဖြစ်၏။ ညီညွတ်ရေးမရှိပါက လူသားကိုမဆိုထားဘိ၊ အဟိတ်တိရစ္ဆာန်များပင် ဒုက္ခအဝဝနှင့်ရင်ဆိုင်ကြရမည် ဖြစ်သည်။ လူသားတို့တွင် လူဝတ်ကြောင်းများညီညွတ်ရေးပျက်ပြားကြလျှင် "လူဝတ်ကြောင်တွေမို့" ဟုဆို၍ ရှောင်လွှဲကရှောင်လွှဲသာသော်လည်း သာသနာ့ဝန်ထမ်းရှင်ရဟန်းများကာ အဆိုပါဆင်ခြေဖြင့် အကြောင်းပြရှောင်လွှဲခြင်းငှာ မသင့်ပေ။ ညီညွတ်ကြရမည်၊ ပို၍ညီညွတ်စွာနေထိုင်ကြရမည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် ရဟန်းတော်များ၏ဝိနည်းဥပဒေသဖြစ်သော ပါတိမောက်တွင် **"သမေတု အာယသ္မာ သံဃေန၊ သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟရတိ**=အရှင်သည် သံဃာတော်နှင့် အယူသီလတူမျှခြင်းသို့ ရောက်ပါစေလော့၊ (ဝါ) ညီညွတ်ပါလော့၊ ညီညွတ်သောသံဃာသည် သမဂ္ဂ, သမ္မောဒမာန, အဝိဝဒမာန, ဧကုဒ္ဒေသဖြစ်၍ ချမ်းသာစွာနေရ'" ဟု အယူဝါဒကွဲပြားခြားနားရန် ကြိုးပမ်းအားထုတ်နေသောရဟန်းကို ပြောဆိုဆုံးမရန် မိန့်တော်မူထား ခဲ့ပေသည်။

## ညီညွတ်ရေးပုဂ္ဂိုလ်ထူးကြီး

ပညာရှိသူတော်ကောင်းတို့သည် ညီညွတ်ကြ၏။ ညီညွတ်စေလိုကြ၏။ ထိုပုဂ္ဂိုလ်တို့တွင် မြတ်စွာဘုရားရှင်သည် တကယ့်ညီညွတ်ရေးပုဂ္ဂိုလ်ထူးကြီးပင်ဖြစ်သည်။ မှန်၏။ သီလက္ခန်ပါဠိတော် (နှာ-၄) ၌ **"ဝိသုဋ္ဌာဝါစံ ပဟာယ ။ပ။ သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ သမဂ္ဂကရဏိံ ဝါစံ ဘာသိတာ'တိ ဣတိ ဝါ ဟိ ဘိက္ခဝေ ပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ"** ဟူ၍ ဟောတော်မူထားပေသည်။ (မြန်မာပြန်) ရဟန်းဂေါတမသည် ဂုံးစကားကိုပယ်၍

http://www.dhammadownload.com

လာကြကာ မြတ်ဗုဒ္ဓသာသနာတော်အတွက် ကြီးမားသောအနှုတ်လက္ခဏာ ပြခဲ့ကြပေသည်။ ယင်းသို့ အနှုတ်လက္ခဏာပြသည့်ဖြစ်ရပ်များကို အကျဉ်းချုပ်၍ ထုတ်နုတ်ပြပါဦးအံ့။

## ပထမဝိဝါဒ

ပထမဆုံးဝိဝါဒဘေးကြီးမှာ မြတ်ဗုဒ္ဓဝါတော် (၉/၁၀) ကဖြစ်ပါသည်။ ကောသမ္ဗီပြည်၌ ဝိနည်းဆောင်ရဟန်းနှင့် တပည့်များကတစ်ဖက်၊ သုတ္တန်ဆောင်ရဟန်းနှင့် တပည့်များကတစ်ဖက် ကွဲခဲ့ကြ၏။ ထိုသို့ကွဲခဲ့ကြခြင်းသည် ဝစ္စကုဋီ၌ သန့်သက်ရေချန်ထားမိခဲ့သည့် သုတ္တန်ဆောင်ရဟန်း၏ အမှုကိစ္စအပေါ် ဝိနည်းဆောင်ရဟန်း၏ နှုတ်မစောင့်စည်းမှုကြောင့် ဝိဝါဒကြီး မကြီးထွားသင့်ဘဲ ကြီးထွားခဲ့ရခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓသည် ထိုဝါဒကိစ္စအတွက် အမျိုးမျိုးနားချဆုံးမတော်မူခဲ့ရ၏။ သို့သော် ဒေါသ, မာနထကြွနေကြသော ကောသမ္ဗီရဟန်းတို့သည် နားမှလေသံ မကြားဟန်ဖြင့် လိုက်နာရန်ပျက်ကွက် ခဲ့ကြသည်။ ထို့ကြောင့် ထိုနှစ်ဝါတွင်မြတ်ဗုဒ္ဓသည် ပလလဲတောခို ကိုယ်တော်တစ်ပါးတည်းဝါကပ်ရသည် အထိ ဖြစ်ခဲ့ရပေသည်။ ထိုအခြေအနေကိုသည်းမခံနိုင်ကြသည့် ဒါယကာ, ဒါယိကာမများက ဆွမ်းလောင်းခြင်း စသည်အမှုမပြုကြဘဲ ဆန္ဒပြသည့်အတွက် နောက်ဆုံးလက်လျှော့၍ ဝိဝါဒကြီး ငြိမ်းပျောက်သွားရပေသည်။

## ဒုတိယဝိဝါဒ

ဒုတိယဝိဝါဒဘေးကြီးကား သာသနာတော်နှစ်တစ်ရာက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဝေသာလီပြည်၌ ဝဇ္ဇီပုတ္တကရဟန်းများသည် အဓမ္မဝတ္ထု (၁၀) မျိုးကို ယူဆဟောပြောကြ၏။ သူတို့၏ အယူအဆများသည် အဓမ္မ, အဝိနယတွေဖြစ်ကြောင်း ဟောပြောသောအရှင်မဟာယသထေရ်ကိုပင် ပထမ ပဋိသာရဏီယကံ ပြုကြ၏။ ထို့နောက် ဥက္ခေပနီယကံပြုကြပြန်၏။ ရှင်မဟာယသထေရ်သည် အရှင်သမ္ဘုတ, အရှင်ရေဝတ စသော မဟာထေရ်တို့ကိုတင်ပြလျှောက်ထား၍ အခြားသောဓမ္မဝါဒီမထေရ်များကို စည်းရုံးလျှောက်ထား ကာ ဝဇ္ဇီပုတ္တကရဟန်းတို့၏ ဟောပြောချက်များသည် အဓမ္မဝါဒတွေဖြစ်ကြောင်းမိန့်ကြားကာ ပယ်ရှား တော်မူခဲ့ကြပေသည်။ ထိုနောက် ရဟန်းတော်တစ်သိန်းနှစ်သောင်းထဲမှ ပဋိသမ္ဘိဒါပတ္တရဟန္တာခုနစ်ရာကို ရွေးကောက်ကာ ကာဠာသောကမင်း၏အကူအညီဖြင့် ဒုတိယသံဂါယနာတင်တော်မူခဲ့ကြပေသည်။

ထိုစဉ်ကရှုံးနိမ့်သွားခဲ့သော (တစ်သောင်းသော) အဓမ္မဝါဒီရဟန်းတို့သည်လည်း မိမိတို့ စည်းရုံးထားသော မင်းတစ်ပါးကိုအမှီပြု၍ စင်ပြိုင်သံဂါယနာတင်ကြကာ သူတို့သံဃာ့အဖွဲ့အစည်း ကိုလည်း မဟာသံဃိကဂိုဏ်းဟု ကင်းပွန်းတပ်ခဲ့ကြပေသည်။ အရှင်မဟာယသထေရ်အမှူးပြုသော ဓမ္မဝါဒီသံဃာ့အဖွဲ့အစည်းသည်ကား (အရှင်မဟာကဿပစသော မဟာထေရ်ကြီးများမှ သက်ဆင်း လာသောဝါဒကို ကျင့်သုံးတော်မူကြသောကြောင့်) ထေရဝါဒီဂိုဏ်းဟု (အလိုအလျောက်) အမည် ရရှိသွားခဲ့ပေသည်။

http://www.dhammadownload.com


ဤဒုတိယအကြိမ်ကွဲပြားသည့် ဝိဝါဒဘေးကြီးသည်ကား သာသနာတော်အား အလွန်ကြီးမား သည့်ကပ်ဘေးကြီး ဆိုက်ခြင်းဟုဆိုသင့်၏။ အကြောင်းမူ မြတ်ဗုဒ္ဓ၏အဆုံးအမ ဓမ္မဝိနယများကို နှစ်ပေါင်း တစ်ရာလုံးလုံး မသွေမဖီ မယိမ်းမယိုင်ရအောင် ထိန်းထားနိုင်ကြသော်လည်း ဤနှစ်ပေါင်းတစ်ရာမှစ၍ ကွဲပြားခြားနားကုန်ကြခြင်းကြောင့်ပေတည်း။

ဤသို့ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်းဟူ၍ ကွဲပြားပြီးနောက် ထေရဝါဒဂိုဏ်းမှ (၁၁)ဂိုဏ်း၊ မဟာသံဃိကဂိုဏ်းမှ (၅) ဂိုဏ်း ထပ်မံကွဲကြပြန်ရာ ဂိုဏ်းကွဲပေါင်း (၁၈) ဂိုဏ်းအထိကွဲပြားသွားကြ၏။ အဆိုပါဂိုဏ်းတို့သည် မျက်မှောက်ခေတ်၌ရှိသော ဂိုဏ်းကြီး (၉) ဂိုဏ်းကဲ့သို့ ထေရဝါဒ, ဓမ္မဝိနယအရိပ် အောက်၌ အတူတကွ ယူဆကျင့်ကြံကြသည်မဟုတ်ကြပေ။ မိမိတို့လိုအပ်သလို အဓိပ္ပါယ်ဖွင့်ဆိုကြကာ ထေရဝါဒနှင့်မတူညီသည့် ဆန့်ကျင်သည့်ဓမ္မဝိနယများကို တီထွင်ဟောပြော ကျင့်သုံးကြပေသည်။ ဗုဒ္ဓဘာသာဟူသောအမည်ကို ခံယူနေကြသော်လည်း ဗုဒ္ဓဝါဒီအစစ်အမှန်များဟု ဆို၍မရနိုင်ကြပေ။

## တတိယဝိဝါဒ

ဤသို့ သာသနာတော်နှစ်ပေါင်း (၁၀၀) ကျော်မှစ၍ အကွဲကွဲအပြားပြား ဂိုဏ်းများ ပေါ်ပေါက် လာကြပြီးနောက် သာသနာတော်နှစ် (၂၀၈) ခုဝန်းကျင်လောက်တွင် အလှည့်အပြောင်းတစ်ခု တဒင်္ဂ ကြုံတွေ့ခဲ့ကြရ၏။ အကြောင်းမှာ ထိုနှစ်တွင်ပါဋ္ဌလိပုတ်ပြည်၌ အသောကမင်းတရားဧကရာဇ်ဘုရင် ဖြစ်လာခြင်းပင်တည်း။ အသောကမင်းသည် မင်းဖြစ်စတွင် မိဘအစဉ်အလာဗြာဟ္မဏဝါဒကို လက်ခံကျင့်သုံး သူဖြစ်၍ ဗုဒ္ဓဘာသာမင်းတစ်ပါးကားမဟုတ်ခဲ့ပါ။ သို့သော် တူတော်နိဂြောဓသာမဏေလေး၏ ထူးခြား သောအမူအရာနှင့် ဟောသည့်တရားကြောင့် ဗုဒ္ဓဘာသာဖြစ်လာခဲ့သည်။ ဗုဒ္ဓသာသနာတော်ကို သူမတူအောင် အားပေးထောက်ပံ့ပြုစုခဲ့ပေသည်။ ထို့ကြောင့် စားဝတ်နေရေး အခက်အခဲကြုံတွေ့ ကြရသော မိစ္ဆာဝါဒီတို့သည် မြတ်ဗုဒ္ဓသာသနာတော်သို့ အရေခြုံကာဝင်ရောက်ပူးကြသည်။ သူတို့၏ မိစ္ဆာဝါဒ, အဓမ္မတွေကို ဘုရားရှင်ဟောသောတရားများအနေဖြင့် ဟောပြောပြသကြသည်။ အဆိုပါ အတုအယောင်တွေနှင့် ကံကြီးကံငယ်မပြုနိုင်ကြသည့်အတွက် အသောကာရုံကျောင်းတိုက်၌ (၇) နှစ်တိုင်အောင်ပင် ဥပုသ်, ပဝါရဏာများပြတ်စဲခဲ့ရပေသည်။

ဤအခြေအနေကို အသောကမင်းတရားကြီးသိရှိသောအခါ ပိဋကတ်တတ်သိကျွမ်းကျင်၍ အကျင့်သီလနှင့်ပြည့်စုံသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်နှင့်တိုင်ပင်ကာ ရဟန်းအတု/အစစ် ခွဲခြားခြင်း၊ ဓမ္မ-အဓမ္မစစ်ဆေးခြင်းများကိုပြုလုပ်၍ ရဟန်းအတုအယောင်များကိုပယ်ရှားကာ မိစ္ဆာဝါဒ များကိုလည်း သုတ်သင်ခဲ့ပေသည်။ ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ခေါင်းဆောင်တော် မူကာ ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇရဟန္တာပေါင်းတစ်ထောင်ကိုရွေးကောက်၍ တတိယသင်္ဂါယနာတင်တော် မူခဲ့ကြပေသည်။ ဤအသောကမင်းကြီး၏နောက်၌ကား မြတ်ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက် သည့်မင်းများ ဣန္ဒိယတိုက်၌ကင်းမဲ့လာကြရာ မြတ်ဗုဒ္ဓသာသနာတော်သည်လည်း တဖြည်းဖြည်းမှေးမှိန် လာခဲ့ရသည်။ သို့နှင့် မြတ်ဗုဒ္ဓသာသနာတော်သည် ဣန္ဒိယတိုက်မှသည် သီဟိုဠ်ကျွန်းခေါ် သီရိလင်္ကာ, မြန်မာ, ယိုးဒယားစသော နိုင်ငံတို့သို့ရောက်ရှိထွန်းလင်းခဲ့ပေသည်။

## စာတမ်းဝိဝါဒ

သာသနာတော်နှစ် (၂၃၆) ခုနှစ်ရောက်သောအခါ အသောကမင်းတရား၏သားတော် အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းခေါ် သီရိလင်္ကာနိုင်ငံသို့ သာသနာပြုကြွတော်မူ၏။ ထိုစဉ်က သီဟိုဠ်ကျွန်း၌ မင်းမြစ်သော ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်မဟိန္ဒထေရ်ကြောင့် ဗုဒ္ဓဘာသာဝင်မင်းဖြစ်လာသလို သာသနာပြုမင်းတစ်ပါးလည်းဖြစ်လာခဲ့သည်။ ပစ္စည်းလေးပါးဒါယကာခံ၍ ကျောင်းဆောက်လှူဒါန်းသည်။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ မြတ်ဗုဒ္ဓသာသနာတော်ကြီး အခြေခိုင်မာစည်ပင် ပြန့်ပွားလာခဲ့ပေသည်။

သာသနာတော်နှစ် (၄၅၀) ဝန်းကျင်၌ ဝဋ္ဋဂါမဏိအဘယမင်းနန်းတက်၏။ ထိုမင်းသည် ကျေးကုလားတို့နှင့်စစ်ဖြစ်စဉ် စစ်ရှုံး၍ထွက်ပြေးရသည်ဖြစ်ရာ မဟာတိဿအမည်ရှိရဟန်းတစ်ပါးက စောင့်ရှောက်ကူညီခဲ့ပေသည်။ ထိုကျေးဇူးကြောင့် သူစစ်ပြန်နိုင်သောအခါ "ဂိရိ" အမည်ရှိ နိဂဏ္ဌတတ္တတွန်းများပိုင်သော နေရာကိုသိမ်း၍ ကျောင်းတိုက်တည်ထောင်ပြီး အဆိုပါမဟာတိဿ ရဟန်းအား လှူဒါန်ခဲ့သည်။ ကျောင်းတိုကအမည်ကိုလည်း မူလနာမည်"ဂိရိ" နှင့် သူ့နာမည် "အဘယ" ပေါင်းစပ်ကာ "အဘယဂိရိကျောင်းတိုက်" ဟုနာမည်ပေးလေသည်။

ထိုမဟာတိဿရဟန်းသည် ရာဇဝလ္လဘ, အနနုလောမိက, ဂိဟိသံသဂ္ဂအမှုပြုခြင်းကြောင့် မဟာဝိဟာရသံဃာတော်များက လက်မခံ၊ နှင်ထုတ်ကြ၏။ ထိုအခါ အရှင်မဟာတိဿ၏တပည့်များက မခံမရပ်နိုင်ဖြစ်ကြကာ (တပည့်ကြီးမုတ်ဆိတ်ထူ) အရှင်တိဿကဦးဆောင်ပြီး ဂိုဏ်းခွဲထွက်သည်။ "အဘယဂိရိဂိုဏ်း" ဟုအမည်တွင်သည်။ ထိုအခါမှ သီဟိုဠ်ကျွန်း၌ "မဟာဝိဟာရဝါသီဂိုဏ်း" နှင့် "အဘယဂိရိဂိုဏ်း" ဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲလာခဲ့ပေသည်။

သာသနာတော်နှစ် (၈၁၉) ခုနှစ်ခန့်ရောက်သောအခါ သီဟိုဠ်ထီးနန်းကို မဟာသေနမင်းစိုးစံခဲ့၏။ ထိုမင်းသည် နန်းတက်ဘိသိတ်ပွဲဆင်နွဲသောအခါ အိန္ဒိယပြည်မှမြေကြန်လက္ခဏာစသော လောကီအတတ်မျိုးစုံတတ်ကျွမ်းသော အရှင်သံဃမိတ္တသည် ဘိသိတ်ပွဲကိုကြီးမှူးစီမံခဲ့၏။ မင်း၏အခြားအမှုကိစ္စများကိုလည်း အကြံပေးစီစဉ်ကာ အဘယဂိရိကျောင်းတိုက်၌နေသည်။

ထိုအရှင်သံဃမိတ္တသည် အကျင့်ယုတ်မာ၏။ ရန်ငြိုးထား၍ မဟာဝိဟာရဝါသီရဟန်းကောင်းများကို အလဇ္ဇီ ဒုသီလတွေဖြစ်ကြောင်း မင်းထံကုန်းချောကာနှောက်ယှက်၏။ မဟာသေနမင်းသည်လည်း ထိုရဟန်းယုတ်နှောင့်ယှက်ပြောဆိုသည်ကိုပင်လက်ခံကာ မဟာဝိဟာရဝါသီရဟန်းကောင်း များကို ကျောင်းတွင်မနေနိုင်အောင် နှောင့်ယှက်လေတော့သည်။ မဟာဝိဟာရဝါသီရဟန်းတစ်ပါးကို ဆွမ်းလောင်းလျှင်ဒဏ်ငွေ (၁၀၀) တပ်၍ပင်နှောင့်ယှက်ခဲ့လေသည်။ ထို့ကြောင့် ကျောင်းပစ်၍ပြေးကြလေရာ (၉) နှစ်တိုင်မျှ မဟာဝိဟာရ၌ သံဃာပြတ်လပ်ခဲ့ရသည်။

သံဃမိတ္တရဟန်းယုတ်သည် မဟာဝိဟာရကျောင်းနှင့် အသုံးအဆောင်များကို ပိုင်ရှင်မဲ့ဖြစ်သည်ဟု မင်းအားပြောကာသိမ်းယူပြီး အဘယဂိရိကျောင်းတိုက်သို့ သယ်ယူလေတော့သည်။ များမကြာမီ ထိုရဟန်းယုတ်အသတ်ခံရ၏။ ထိုမဟာသေနမင်းသည် အဲ့ဩဖွယ်များကိုပြုလုပ်တတ်သည့်

http://www.myanmarebookdownload.com



စဉ်းလဲကောက်ကျစ်သူ အရှင်တိဿအမည်ရှိရဟန်းတစ်ပါးကို ကြည်ညိုဆည်းကပ်ပြန်၏။ ထိုရဟန်းအတွက် မဟာဝိဟာရကျောင်းအနီးဥယျာဉ်တစ်ခု၌ ကျောင်းဆောက်ပြီး "ဇေတဝန" အမည်ပေးကာ ထိုရဟန်းယုတ်အားလှူ၏။ ထိုအခါမှစ၍ "ဇေတဝနဝါသီဂိုဏ်း" ဟုပေါ်ခဲ့ပြန်လေသည်။ ထို့နောက် အခြားရဟန်းများက ပါရာဇိကအာပတ်ဖြင့်စွပ်စွဲ၍ စစ်ဆေးသောအခါ မမွိကအမတ်ကြီးက အမှုထင်ရှားသောကြောင့် လူဝတ်လဲစေရပေသည်။

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ ဂိုဏ်းကြီးသုံးဂိုဏ်းကွဲ၍ ငြင်းခုံမှုဖြစ်ကြကာ သာသနာ၌အညစ်အကြေးများစွာဖြစ်ခဲ့ရပေသည်။ ကံကြီးကံငယ်အတူဆောင်ဖို့မဆိုထားဘိ မျက်နှာချင်းဆိုင်မကြည့်နိုင်ဖြစ်နေကြပေသည်။ မဟာဝိဟာဂရဝါသီဂိုဏ်းမှ ကျန်ဂိုဏ်းသားတို့သည် သားမယားများယူ လုပ်ကျွေးမွေးမြူနေကြသည်အထိ ပျက်ပြားနေသူများဖြစ်ကြသတတ်။

## အလှည့်အပြောင်းတစ်ရပ်

သီဟိုဠ်ကျွန်း၌မြတ်ဗုဒ္ဓသာသနာတော်ကြီး ဆုတ်ယုတ်ပျက်ပြားလျက်ရှိနေရာ သာသနာတော်နှစ် (၁၇၀၀) ကျော်၌ ပရက္ကမဗာဟုအမည်ရှိ သာသနာပြုမင်းတစ်ပါးပေါ်ထွန်းလာခဲ့၏။ ထိုမင်းသည် ဘိသိတ်ခံပြီးသည်နှင့်တပြိုင်နက် သာသနာသန့်ရှင်းရေးဆောင်ရွက်တော်မူသည်။ တိပိဋကဓရ၊ ဝိနယကောဝိဒဖြစ်တော်မူသော အရှင်မဟာကဿပကိုအမှူးပြု၍ အရှင်ဉာဏပါလ၊ အရှင်မေဂ္ဂလာနစသော မဟာထေရ်ကြီးများနှင့်တိုင်ပင်၍ -

(၁) ဂိုဏ်းကြီးသုံးဂိုဏ်း ညီညွတ်ရေးကိုအားထုတ်၏။ သို့သော် အလဇ္ဇီ ဒုဿီလတွေပေါ်များနေသောကြောင့် ညှိနှိုင်းမရပေ။ တစ်ချို့အရပ်တစ်ပါးထွက်သွားကြ၏။ တစ်ချို့လူထွက်ကြ၏။ တစ်ချို့ဝိနိစ္ဆယဖြင့်အဆုံးအဖြတ်မခံလိုဘဲ ငြင်းဆန်ကြ၏။ ထို့နောက် -

(၂) အဆိုပါမထေရ်ကြီးများနှင့် မင်းတရားကိုယ်တိုင်ရုံးထိုင်စစ်ဆေးကာ ကုစား၍ရနိုင်သောရဟန်းများကို ကုစားစေခြင်း၊ မရနိုင်သူများကိုလူထွက်စေခြင်းတို့ကိုပြုလုပ်သည်။ ထို့နောက် -

(၃) သာသနာတော်နှင့်ဆန့်ကျင်သည့် ဝေတုလ္လပိဋကစသော အဓမ္မဝါဒကျမ်းစာများကို သုတ်သင်ရှင်းလင်းပစ်လေသည်။

ဤသို့ပရက္ကမဗာဟုမင်းကြီး၏ သာသနာပြုလုပ်ငန်းကြောင့် သီဟိုဠ်ကျွန်း၌ ဘုရားရှင် လက်ထက်တော်ကကဲ့သို့ပင် သာသနာတော်သန့်ရှင်းစည်ပင်သွားရသည်များကား မြတ်ဗုဒ္ဓသာသနာတော်အတွက် ကောင်းမြတ်သည့်အလှည့်အပြောင်းတစ်ရပ်ပင်ဖြစ်လေသည်။

## ပဋ္ဌမဝါဒ

သီဟိုဠ်ကျွန်း၌ သာသနာတော်နှစ် (၂၃၉၀) ကျော်ခန့်တွင် မြပဟွဝံသိကခေါ် အမရပူရဂိုဏ်းနှင့် ဥပါလိဝံသကခေါ် သျာမဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ခုရှိခဲ့သည်။ မြပဟွဝံသိကဂိုဏ်းဝင်ရဟန်းတော်များသည် မြစ်တစ်ခုအတွင်းရေသိမ်၌ ကံကြီးကံငယ်ဆောင်ရွက်ကြ၏။ ထိုကိစ္စအပေါ် (သိမ်တန်ဆောင်းသည်

http://www.dhammadownload.com


ရှာမလာသောတံတားအနီး ရေတကျအတွင်းတည်ရှိနေသောကြောင့်) ဂါမသိမ်နှင့်ရောယှက်သည်ဟု ယူဆကြပြီး ကံပျက်သည်ဟုလည်းကောင်း၊ ဂါမသိမ်နှင့်မရောယှက် ကံမပျက်ဟုလည်းကောင်း အငြင်းပွားကြသည်။

ရောယှက်သည်ဟုယူဆသောဂိုဏ်းမှာ သက်ရဝါဒီဂိုဏ်း၊ မရောယှက်ဟုယူဆသောဂိုဏ်းမှာ အသက်ရဝါဒီဂိုဏ်းဖြစ်၏။ ထိုမှတဖန် ၎င်းရေသိမ်တွင်ရဟန်းခံသောပုဂ္ဂိုလ်များကို ထပ်မံရဟန်းခံ သင့်သည်ဟုယူဆသော ဒဠှီကမ္မဝါဒီဂိုဏ်း၊ ထပ်မံရဟန်းခံဖွယ်မလိုဟုယူဆသော အဒဠှီကမ္မဝါဒီဂိုဏ်းဟု နှစ်ဂိုဏ်းထပ်ကွဲပြန်၏။

ထိုအကွဲသည် သာမန်မျှမဟုတ်၊ ကိုးကွယ်သူဒါယကာ, ဒါယိကာမများပါ လိုက်ပါကွဲကြခြင်း ဖြစ်၏။ ငြင်းကြ ခုံကြ ရိုက်ကြ နှက်ကြ သတ်ကြ ဖြတ်ကြသည်အထိပြင်းထန်၏။ အဆိုပါအဓိကရုဏ်း ငြိမ်းအေးစေရေးအတွက် မြန်မာပြည်မှရဟန်းတော်များက **"သီမာသင်္ကရဝိနိစ္ဆယ"** အမည်ရှိသိမ်အဆုံး အဖြတ် ကျမ်းတစ်စောင်ကိုရေးသားပေးပို့ကြ၏။ သို့သော် ဝိဝါဒကားမငြိမ်းအေးပေ။ ထိုခေတ်ကား သာသနာပြုမင်းများ ဆိတ်သုဉ်းလျက် နယ်ချဲ့အင်္ဂလိပ်ကြီးစိုးသော ခေတ်ရောက်နေချိန်ဖြစ်သည်။ ဘာသာခြားများလည်း နေရာအနှံ့အပြားရောက်ရှိနေကြကာ ၎င်းတို့ကလည်း ဝိဝါဒကြီးပိုမိုပြင်းထန် အောင် မြှောက်ပေးကြသည်ဟူသတတ်။

ဂဏသမုဒ္ဒပကရွှေကျောင်းဆရာတော်ကြီးသည် သီဟိုဠ်သို့မြတ်ဗုဒ္ဓစွယ်တော် ဖူးမြော်ရန် ရောက်ခိုက် ထိုဝိဝါဒကြီးကိုမြင်တွေ့ကြားသိတော်မူခဲ့ရာ "သီရိလင်္ကာသာသနာစင်ကြယ်ရေးကျမ်း" ဟုအဓိပ္ပါယ်ရသော "လင်္ကာသာသနာဝိသုဒ္ဓိကထာ" ကို ပါဠိဘာသာဖြင့်ရေးသားပေးပို့ခဲ့ပေသည်။ ထို့နောက် အဆိုပါဝိဝါဒါဓိကရုဏ်းသည် တစ်စတစ်စပျောက်ပြယ်ငြိမ်းအေးသွားခဲ့ပေသည်။

## ဆဋ္ဌဝိဝါဒ

သာသနာတော်နှစ် (၂၂၄၂) ခုနှစ်တွင် မြန်မာနိုင်ငံ၊ အင်းဝနေပြည်တော်၌ မာရ်အောင် ရတနာစေတီဒါယကာ သီရိမဟာသူရ သုဓမ္မရာဇာ (စနေမင်း) မင်းပြုစဉ်အခါ၌ သလ္လာဝတီမြစ် တစ်ဖက်ကမ်းရှိ ဗန့်ကျီနယ်၊ တုံရွာ၌သီတင်းသုံးနေထိုင်သော အရှင်ဂုဏာလင်္ကာရဆရာတော်သည် "သာမဏေများ မြို့တွင်း, ရွာတွင်းဝင်သောအခါ သင်္ကန်းလက်သိပ်ထိုး၍ ရုံရန်မလို၊ လက်ကန်တော့ထိုး၍ အနံတစ်တောင် အလျားသုံးတောင်ရှိ ဒုကုဋ်သင်္ကန်းတုကိုပခုံးပေါ်တင်ပြီး ဝင်နိုင်သည်" ဟုယူဆကာ တပည့်သာမဏေများကို သင်ပြဆုံးမသည်။ ယင်းဝါဒသည် တစ်စထက်တစ်စပြန့်နှံ့လာကာ ကျင့်ဆောင် နေကြ၏။ ထိုဆရာတော်ကား ပါဠိ, အဋ္ဌကထာ, ဋီကာမကျွမ်းကျင်၊ အဘိဓမ္မာကိုသာအလေ့အလာ ပြုသူဖြစ်သည်။ ထိုဆရာတော်၏ဂိုဏ်းကိုလည်း တုံရွာကိုစွဲ၍ "တုံဂိုဏ်း" ဟုလည်းကောင်း၊ ဝတ်ဆင်ပုံကို စွဲ၍ "တင်ဂိုဏ်း" ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။

ရှေးအစဉ်အလာမပျက် သင်္ကန်းကိုလက်သိပ်ထိုးရုံ၍ မြို့တွင်းဝင်သည့်ဂိုဏ်းကိုမူ "ရုံဂိုဏ်း" ဟုခေါ်ကြသည်။ ထိုတုံဂိုဏ်း၊ ရုံဂိုဏ်းအငြင်းပွားမှုသည် ၎င်းမင်း၏လက်ထက်၌ ပြေငြိမ်းခြင်းမရှိခဲ့။ ထို့နောက် သာသနာတော်နှစ် (၂၂၄၉) ခုနှစ်တွင် ထိုမင်း၏သားတော် မဟာသီဟသူရဓမ္မရာဇာဓိ

http://www.dhammadownload.com


ရာဇာဘွဲ့ခံ တနင်္ဂနွေမင်းနန်းတက်၏။ ၎င်းမင်းလက်ထက်မှာလည်း တုံဂိုဏ်း ရုံဂိုဏ်းအငြင်းပွားမှုကား မပြေငြိမ်းခဲ့ပေ။

သာသနာတော်နှစ် (၂၂၇၇) ခုနှစ်တွင် တနင်္ဂနွေမင်း၏သားတော် ဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာဝတီမင်းနန်းတက်၏။ ထိုမင်းလက်ထက်မှာလည်း မပြေငြိမ်းခဲ့ပေ။

သာသနာတော်နှစ် (၂၂၉၇) ခုနှစ်တွင် ရွှေဘို၌အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နန်းတက်၏။ ထိုမင်းသာသနာပိုင်တင်မြှောက်ကိုးကွယ်အပ်သော "အတုလယသမဟာဓမ္မရာဇဂုရု" ဘွဲ့ရ မင်းဆရာအရှင်ယသသည် တုံဂိုဏ်းဝင်ပုဂ္ဂိုလ်တည်း။ ထို့ကြောင့် ထိုမင်းလက်ထက်၌တုံဂိုဏ်းဘက်က အရေးသာသည်။

သာသနာတော်နှစ် (၂၃၀၄) ခုနှစ်တွင် အလောင်းမင်းတရားကြီး၏သားကြီး နောင်တော်ကြီး မင်းနန်းတက်၏။ ထိုမင်းလက်ထက်၌ရုံဂိုဏ်းဝင် အရှင်ဉာဏဘွဲ့ခံ ခင်ကြီးဖျော်မင်းဆရာ သာသနာပိုင်ဖြစ်သော်လည်း သာသနာပိုင်ဟောင်း အရှင်ယသက ပြီးပြီးသားအဓိကရုဏ်းဖြစ်ကြောင်း မင်းအားပြောကြားသဖြင့် မဆုံးဖြတ်နိုင်ဖြစ်ခဲ့ရပြန်သည်။

သာသနာတော်နှစ် (၂၃၁၇) ခုနှစ်တွင် ညီတော်ဆင်ဖြူရှင်မင်းနန်းတက်၏။ ထိုမင်းသည် စရစ်ရွာနေအရှင်စန္ဒာဝရကို မင်းဆရာသာသနာပိုင်တင်မြှောက်၏။ သို့သော် ထိုမင်းလက်ထက်၌လည်း ကွဲမြဲလျက်ပင်ရှိပေသည်။

သာသနာတော်နှစ် (၂၃၂၀) ခုနှစ်သို့ရောက်သောအခါ ဆင်ဖြူရှင်မင်း၏သားတော် စဉ့်ကူးမင်း နန်းတက်၏။ ထိုမင်းလက်ထက်၌ ဝိနိစ္ဆယတွင်ရုံးဂိုဏ်းကနိုင်၍ တုံဂိုဏ်းရှုံးသွားရသော်လည်း အပြီးအပြတ်ငြိမ်းအေးသွားခြင်းကား မရှိခဲ့ပေ။

သာသနာတော်နှစ် (၂၃၂၅) ခုနှစ်တွင် အလောင်းမင်းတရား၏သားတော် ဦးဝိုင်းခေါ် ဗဒုံမင်းနန်းတက်၏။ ထိုမင်းလက်ထက်၌ စဉ့်ကူးမင်းလက်ထက်ကပြေငြိမ်းခဲ့သော တုံဂိုဏ်း, ရုံဂိုဏ်းကိစ္စ တရားမျှတမှုရှိ/မရှိ လေ့လာစစ်ဆေးစုံစမ်းခိုင်းရာ တရားမျှတမှုရှိ၍ ဓမ္မဝိနယနှင့်အညီပြီးဆုံးကြောင်းသိသောအခါ သာမဏေများမြို့ရွာတွင်းသို့ သင်္ကန်းရုံဝင်ရန်အမိန့်ထုတ်ဆင့်သည်။ အလောင်းမင်းတရားလက်ထက်က သာသနာပိုင်ဟောင်း အရှင်ယသကိုလည်း အဓိကရုဏ်းပြန်လည်ကြီးထွားအောင် ပြုလုပ်လာပြန်သည့်အတွက် လူဝတ်လဲစေကာ အပြီးအပြတ်နှိမ်နင်းခဲ့ပေသည်။ ထိုအခါမှာပင် တုံဂိုဏ်း (တင်ဂိုဏ်း) နှင့်ရုံဂိုဏ်းတို့၏ အငြင်းပွားမှုသည်ပြီးငြိမ်းသွားခဲ့၏။ နှစ်ပေါင်း (၈၆) နှစ်၊ မင်းဆက်ပေါင်း (၈) ဆက်ပြောင်းပြီးမှ ငြိမ်းအေးသွားခဲ့ရပါပေသည်။

ဤပြဆိုအပ်ခဲ့ပြီသော ဝိဝါဒါဓိကရုဏ်းများတွင် ပထမ၊ ဒုတိယ၊ တတိယ ဝိဝါဒါကရုဏ်းများသည် အိန္ဒိယနိုင်ငံသာသနာထွန်းကားစဉ်ကဖြစ်ပေါ်ခဲ့ပြီး စတုတ္ထ၊ ပဉ္စမဝိဝါဒါဓိကရုဏ်းများသည်ကား သီဟိုဠ်ကျွန်းခေါ် သီရိလင်္ကာနိုင်ငံ၌ဖြစ်ပေါ်ခဲ့သည်။ ဆဋ္ဌဝိဝါဒါဓိကရုဏ်းတစ်ခုမှာ မြန်မာနိုင်ငံ၌ဖြစ်ပေါ်ခဲ့ပေသည်။ ထိုအဓိကရုဏ်းများအနက် ဒုတိယဝိဝါဒါဓိကရုဏ်းသည် သာသနာတော်အတွက် ကြီးမားသောထိုးနှက်ချက်တစ်ရပ်ဖြစ်သလို ကြီးမားသောအနုတ်လက္ခဏာပြခဲ့သည့် ဝိဝါဒါဓိကရုဏ်းကြီး

http://www.dhammadownload.com


ဖြစ်၏။ မျက်မှောက်ခေတ်ရောက်သည့်တိုင်အောင် ဖြစ်တည်နေသည့်ဗုဒ္ဓဘာသာဂိုဏ်းကွဲများစွာတို့သည် အဆိုပါဒုတိယဝိဝါဒါဓိကရုဏ်းမှ မြစ်ဖျားခံခဲ့ကြပေသည်။ အလွန်ပင်ဝမ်းနည်းဖွယ်ကောင်းလှပေသည်။

[မှတ်ချက်။ မျက်မှောက်ခေတ်၌ ဂိုဏ်းကြီး (၉) ဂိုဏ်းရှိနေသော်လည်း သံဃနာခြောက်တန်တင် ဓမ္မဝိနယများအပေါ် တူညီသော လက်ခံကျင့်သုံးမှုရှိနေကြသည်ဖြစ်၍ ကွဲပြားခြားနားသည်ဟုကား မဆိုထိုက်။ မိမိတို့ဆရာစဉ်သမားဆက်အားဖြင့် ကျင့်သုံးပုံရှိကြသဖြင့် ကွဲပြားဟန်ရှိသော်လည်း နောက်ဆုံးတူရှုရာကား ထေရဝါဒ ဓမ္မဝိနယသာလျှင်တည်း။]

## လှုပ်နှဲ့လာသော အဓမ္မဝါဒများ

လောကတွင် ဓမ္မနှင့်အဓမ္မ၊ ဓမ္မဝါဒီနှင့်အဓမ္မဝါဒီ၊ ဝိနယနှင့်အဝိနယ၊ ဝိနယဝါဒီနှင့်အဝိနယဝါဒီ တို့သည် အစဉ်အမြဲဒွန်တွဲလျက်ရှိနေကြပေသည်။ ဒွန်တွဲနေခြင်းသည်ကား သဘာဝအနေအားဖြင့် မဟုတ်၊ ဝိရောဓိအနေအထားဖြင့်သာ ဒွန်တွဲနေကြ၏။ ဓမ္မဝိနယကား ရေ၊ အဓမ္မ အဝိနယကား မီး၊ ဤနည်းဖြင့်တွဲနေကြသည်ဟုဆိုနိုင်၏။ လောကတွင်ရေများရေနိုင်၊ မီးများမီးနိုင်ဟု သဘောတရားပေး ဆိုရိုးရှိ၏။ အမှန်ပင်ဖြစ်ပေသည်။ ဓမ္မ, ဝိနယတွေထွန်းပနေလျှင် ဓမ္မဝိနယဝါဒီတွေ အားကောင်းနေလျှင် အဓမ္မ, အဝိနယများ၊ အဓမ္မဝိနယဝါဒီများ ပျောက်ကွယ်နေကြပေသည်။ တစ်ဖန် ထိုအဓမ္မစသည်တို့ အားကောင်းလာပြန်လာလျှင်ကား ဓမ္မ, ဝိနယတို့ မလင်းလက်နိုင်တော့၊ ဓမ္မဝိနယဝါဒီတို့ငုတ်လျှိုး၍ နေကြရတော့သည်။ ဤသည့်သဘောကို နက်နက်နောနောသိမြင်တော်မူကြသော အရှင်မြတ်တို့သည် သံဃနာအတန်တန်တင်တော်မူကြကာ မြတ်ဗုဒ္ဓ၏အဆုံးအမ ဓမ္မဝိနယများကို ကျောက်တိုင်ကြီးသဖွယ် ခိုင်မာစွာစိုက်ထူးတော်မူထားခဲ့ကြပေသည်။ အမြော်အမြင်ကြီးမားတော်မူကြပါပေစွ။

ယင်းသို့အခိုင်အမာစိုက်ထူးအပ်သော ဓမ္မဝိနယကျောက်တိုက်ကြီးကို မြတ်ဗုဒ္ဓသာသနာတော် (၁၀၀) မှသည် ယနေ့ခေတ်တိုင်အောင် အဓမ္မ အဝိနယဝါဒီများသည် လှုပ်ယိုင်တွန်းနှဲ့လာကြ၏။ နှုတ်ပစ်ဖို့အားထုတ်လာကြ၏။ သို့သော် ယင်းဝါဒီများကိုတွန်းလှန်ပယ်ရှားတော်မူခဲ့ကြပြီး သံဃနာခြောက်တန်တို့ဖြင့် ပို၍ပို၍ခိုင်မာအောင် မွမ်းမံပေးတော်မူကြပေသည်။ သို့သော် အဓမ္မ အဝိနယဝါဒီများကား အမြဲတမ်းအကွက်, အချက်ရခိုက် ခေါင်းထောင်လာကြပြန်သည် မဟုတ်ပါလား။ ယင်းတို့ကား လူသေလူဖြစ်၊ ကျောက်သင်္ဘော စသည် စသည်အားဖြင့် ဖြစ်ပေါ်လာကြသော အဓမ္မဝါဒများပေတည်း။ ထေရဝါဒ ဓမ္မဝိနယများကို လှုပ်ယိုင်, နှဲ့နှုတ်ရန် ခေတ်ပေါ်အဓမ္မဝါဒီများ ကြိုးစားကြသော်လည်း ဘေးအမျိုးမျိုးမှကာကွယ်ရန် ဝန်းရံစောင့်ကြပ်နေကြသောပုဂ္ဂိုလ်များ ရှိ၍ နေကြပြီဖြစ်သည်။ ၎င်းပုဂ္ဂိုလ်များကား မြန်မာသက္ကရာဇ် (၁၃၄၂) ခုနှစ်တွင် စတင်ပေါ်ထွန်းလာသော ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးပင်ဖြစ်သတည်း။

မြတ်ဗုဒ္ဓ၏ဓမ္မဝိနယကျောက်တိုက်တော်ကြီးကို နှုတ်ပစ်ဖို့မဆိုထားနှင့် လှုပ်ယိုင်ရန်အတွက်ပင် မချဉ်းကပ်လာကြလေနှင့်ဟု ဆိုသကဲ့သို့ပင်ရှိနေတော့သည်။ ထို့ကြောင့်ပင် (၁၃၄၂) ခုနှစ်မှစ၍ အဓမ္မဝါဒီများကို စိစစ်ဖယ်ရှားခဲ့သည်မှာ (၁၇) မျိုးပင်ရှိနေပေပြီမဟုတ်ပါလား။

http://www.dhammadownload.com


ဤနေရာ၌ သာသနာတော်နှစ် (၂၁၈) ခုနှစ်၊ အသောကမင်းတရားကြီးခေတ်ကို ပြန်လည်ဆင်ခြင်သင့်၏။ အဓမ္မဝါဒီတို့သည် သံဃာထုအတွင်းသို့ အမျိုးမျိုးပုံးဝင်လျှပ်ရှားတတ်၏။ မူလအမည်များဖျောက်၍ အမည်သစ်များဖြင့်ဖုံးကွယ်တတ်ကြ၏။ သတိထားရမည့်အချက်ပင် ဖြစ်သတည်း။

## ဝိဝါဒမူလ ပယ်ရှားကြ

မြတ်ဗုဒ္ဓသည် ငြင်းခုံခြင်း၏အကြောင်းရင်း မူလတရားများကို (အံ၊ ၃-၂၉၄။ ဝိ-၄၊ ၂၁၂။ ဒီ-၃၊ ၂၀၄ စသည်) ဟောကြားတော်မူထားခဲ့ပေသည်။

ယင်းတရားများကာ (ပုဂ္ဂိုလ်အားဖြင့်) -

| | | | |
|---|---|---|---|
| (၁) | ကောဓန | = | အမျက်ထွက်လေ့ရှိသူ |
| | ဥပနာဟီ | = | ရန်ငြိုးဖွဲ့လေ့ရှိသူ |
| (၂) | မက္ခီ | = | သူတစ်ပါးဂုဏ်ကျေးဇူးကို ချေဖျက်တတ်သူ |
| | ပဠာသီ | = | ဂုဏ်ပြိုင်တတ်သူ |
| (၃) | ဣဿုကီ | = | ငြူစူတတ်သူ (ဣဿာရှိသူ) |
| | မစ္ဆရီ | = | ဝတ်တိုတတ်သူ (မစ္ဆရိယရှိသူ) |
| (၄) | သဌော | = | မရှိဂုဏ်ကို အရှိလုပ်စဉ်းလဲသူ |
| | မာယာဝီ | = | မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်သူ |
| (၅) | ပါပိစ္ဆော | = | ယုတ်မာသော လောဘရမက်ရှိသူ |
| | မိစ္ဆာဒိဋ္ဌိ | = | လွဲမှားယုတ်မာသော အယူရှိသူ |
| (၆) | သန္ဒိဋ္ဌိပရာမာသီ | = | မိမိအယူဝါဒကို မှားယွင်းစွာသုံးသပ်တတ်သူ |
| | အာဓာနဂ္ဂါဟီ | = | ငါ့အယူဝါဒသာ အမှန်ဟု မြဲမြံစွာဆုပ်ကိုင်တတ်သူ |
| | ဒုပ္ပဋိနိဿဂ္ဂီ | = | မိမိအယူများကို မစွန့်လွှတ်နိုင်သူ |

ဤတရားများကိုလက်ကိုင်ထားကြသောပုဂ္ဂိုလ်များသည် ဘုရား, တရား သံဃာတို့၌ လေးစားခြင်း၊ ရိုသေတုပ်ကွ ဦးနှိမ်ချခြင်းမရှိတတ်ကြ။ အကျင့်သိက္ခာနှင့်လည်း ပြည့်စုံအောင်ဖြည့်ကျင့်သူများမဟုတ်ကြပေ။ ရဟန်းသံဃာများ၌ ဆန့်ကျင်ဘက်ပြောခြင်း၊ ငြင်းခုံခြင်းကို ဖြစ်စေတတ်သူများဖြစ်ကြပေသည်။

သို့ဖြစ်၍ အဆိုပါဝိဝါဒမူလတရားများကို ကိုယ့်သန္တာန်၊ သူတစ်ပါးသန္တာန်၊ မိမိပရိသတ်၊ သူတစ်ပါးပရိသတ်၌ မြင်တွေ့ကြမည်ဆိုပါက ကြိုးစားရမည်ဖြစ်သည်။ အကယ်၍ မမြင်တွေ့ပါလျှင်လည်း နောင်မဖြစ်ပေါ်ရန်ကျင့်ကြံ ကြရမည်။ ဤသို့ကျင့်ခြင်းဖြင့် ဝိဝါဒမူလတရားများကို ပယ်ရှားခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ပယ်ခြင်းဖြင့် ဝိဝါဒမူလတရားများ နောင်မဖြစ်နိုင်တော့ကြောင်း မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ပေသည်။

အို- သီတင်းသုံးဖော်အပေါင်းတို့၊ မိမိတို့ဆရာဘုရားသည် ညီညွတ်ရေးကိုလိုလား၍ ညီညွတ်မှု၌ မွေ့ပျော်တော်မူသော ပုဂ္ဂိုလ်အရှင်မြတ်ကြီးဖြစ်တော်မူ၏။ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး

သည် ညီညွတ်ရေးတရား, ငြိမ်းချမ်းရေးတရားများစွာကို ဟောပြောပြသဆုံးမတော်မူခဲ့၏။ ထိုဘုရားရှင်၏ တပည့်သာဝကဖြစ်သူ အပေါင်းတို့သည်ကား "ဘုရားရှင်၏စကားကို နားထောင်သူ=သာဝက" အမည်နှင့် ညီစေသင့်ကြပေသည်။

အငြင်းပွားမှု ဝိဝါဒအစုစုတို့သည် ဒေါသ, မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ ပါပိစ္ဆာ, မိစ္ဆာဒိဋ္ဌိ, အာဓာနဂ္ဂါဟီ, ဒုပ္ပဋိနိဿဂ္ဂီ ဟူသောတရားဆိုးများ တစ်ခုမဟုတ်တစ်ခု အကြောင်းရင်းခံလျက်ရှိနေကြပေသည်။

ငြင်းခုံခြင်းဝိဝါဒသည် သတ္တဝါတို့၏အကျိုးစီးပွား, ချမ်းသာအလို့ငှာမဖြစ်ဘဲ အကျိုးမဲ့ဖြစ်ရန်, စီးပွားမဲ့ဖြစ်ရန်, ဆင်းရဲရန်သာဖြစ်ပေသည်။ ငြင်းခုံမှုဝိဝါဒတစ်ခုဖြစ်ပေါ်လာပါက တစ်ဦးမဟုတ်တစ်ဦး သို့မဟုတ် တစ်ဖွဲ့သည်ဓမ္မဖြစ်လျှင် အခြားတစ်ဦး သို့မဟုတ် တစ်ဖွဲ့သည် အဓမ္မဖြစ်မည်။ တနည်း ပြောပါက တစ်ဦး တစ်ဖွဲ့နိုင်မည် တစ်ဦးတစ်ဖွဲ့က ရှုံးမည်သာဖြစ်ပါ၏။ သူတစ်ပြန် ကိုယ်တစ်ပြန် အပြန်ပြန် အလှန်လှန် စွပ်စွဲနေကြခြင်းဖြင့်လည်း ဝိဝါဒဟူသည် ငြိမ်းရိုးထုံးစံမရှိ၊ အပြန်ပြန်အလှန်လှန် စွပ်စွဲလိုက်၊ စစ်ဆေးလိုက်လုပ်နေတာကြာလာလျှင် ဝိနည်းခိုရိမ့်များပင် စုဒိတကာဘဝရောက်လာနိုင်သည်။ သာသနာအတွက်အကျိုးစီးပွား မဖြစ်နိုင်၊ သာသနာမှီခိုသူများလည်း အကျိုးစီးပွားမဖြစ်နိုင်။

အယူအဆမတူကြလျှင် ဗုဒ္ဓ၏မိန့်မှာချက်တွေအတိုင်း တွေ့ဆုံဆွေးနွေး၊ တိုင်ပင်ညှိနှိုင်းကြ ထပ်ခါထပ်ခါတွေ့ဆုံဆွေးနွေးကြခြင်းဖြင့် အယူဝါဒတူမျှကြလျှင်သာ ဝိဝါဒ၏စင်စစ်ငြိမ်းချမ်းမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

သို့အတွက် ဝိဝါဒမူလတရားဆိုးများကို မိမိသန္တာန်မှာရော မိမိပတ်ဝန်းကျင်၌ပါ မမြင်တွေ့ရအောင် အားထုတ်ကြကာ -

**ဩဝါဒကော ဝိညာပကော၊ တာရကော သဗ္ဗပါဏိနံ။**

**ဒေသနာကုသလော ဗုဒ္ဓေါ၊ တာရေသိ ဇနတံ ဗဟုံ။** (ခု-၄၊ ၁၃၁)

မြန်မာပြန်- နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို နှစ်ထောင်းကြည်ဖြူ ဟောကြားတော်မူခြင်း၌ ကျွမ်းကျင်လိမ္မာတော်မူသော သစ္စာလေးပါး ဥေ ယျဓမ်တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်၍ သုံးပြင်ဘုံသား ဝေနေယျတို့အားလည်း မခြားအတူ သိစေတော်မူတတ်သော မြတ်စွာဘုရားသည် ထွက်သက်ဝင်သက် ဤနှစ်ချက်ဖြင့် အသက်ရှိသူ ပိုလ်လူများစွာ သတ္တဝါအပေါင်း တို့ကို ရှေးဦးမဆွ အကြောင်းကိစ္စမဖြစ်ပေါ်ခင် ကြိုတင်ဆုံးမတော်မူလျက် သစ္စာလေးရပ် တရားမြတ်ကို ထူးခြာစွာသိစေတော်မူလျက် ဒိဋ္ဌိ ဝိစိကိစ္ဆာ သံသရာကြောင်းမှ မဂ်ဉာဏ်တည်းဟူသော လှေလောင်းဖြင့် ကူးမြောက်စေတော်မူလျက် အရေအတွက်သင်္ချာ များလှစွာသော သံသရာခရီး ပင်ပန်းကြီးစွာ သွားလာကျင်လည်နေကြရသော သတ္တဝါအပေါင်းကို ဒုက္ခသမုဒယ=နှစ်ဝသိ, ပယ် ပွားဖွယ်မဂ္ဂ ပွားစေကြလျက် နိရောဓ-နိဗ္ဗာန် ကေန်ထုတ်ချောက် အရောက်ဆောင်ငင် ကယ်တင်တော်မူခဲ့လေပြီ-ဟူသောအပါဒါန်ပါဠိတော်လာ စကားတော်အရ မြတ်စွာဗုဒ္ဓ မိန့်ဟထုတ်ဖော် စစ်မှန်သောတရားတော်ကို ယုံကြည်စွာနာယူမှတ်သား ကျင့်ကြံပွားများ အားထုတ်နိုင်ကြလျက် သူတော်ကောင်းတို့ ဦးတည်သတ်မှတ် အလိုရှိအပ်သော နိဗ္ဗာန်ချမ်းသာကို သိမြင်ရရှိနိုင်ကြမည်ဖြစ်ကြောင်း ပြောကြားရင်း သဘာပတိဆရာတော်၏

နိဂမနဥယျောဇနကထာကို အောက်ပါအာသီသ ပဋ္ဌနာဂါထာဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည်။

**မိစ္ဆာဒိဋ္ဌိ ဝိနောဒေတွာ၊ ဓမ္မေ စိတ္တံ ပသာဒယံ၊**

**ဓမ္မာဓမ္မံ ဝိစာရေတွာ၊ ဇဟန္တု ဝါဒပါပကံ။**

**သာဓဝေါ**=မိမိသူတစ်ပါး နှစ်ဦးသားတို့၏ စီးပွားချမ်းသာ အဖြာဖြာကို မှန်စွာဆောင်မှတ် ပြီးစေတတ်သည့် သူတော်ကောင်း သူမြတ်လောင်းအပေါင်းတို့၊ **မိစ္ဆာဒိဋ္ဌိ**=ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သည့် အမြင်ဉာဏ်အယူအဆ ဟူသမျှကို၊ **ဝိနောဒေတွာ**=ဓမ္မစွန်စမှန် အသိဉာဏ်ဖြင့် တွန်းလှန်ဖြိုခွင်း နှိပ်နင်းပယ်ဖျောက်ကြကုန်၍၊ **ဓမ္မေ**=မိမိဟုဆိုအပ် ဓမ္မသတ်ကို လေးလေးမြတ်မြတ် ကျင့်ဆောင်တတ်သူကို လေးရပ်အပါယ ဝဋ်ဒုက္ခသို့ မကျရောက်ရအောင် ဆောင်ထားနိုင်ဘိ သတ္တိထူးရှိသည့် စစ်မှန်သောတရား၌၊ **စိတ္တံ**=အာရုံမျိုးစုံ အဖုံဖုံကို ခုံမင်လိုက်စား ထူးခြားစွာသိတတ် လှည့်လည်ကျက်စားတတ်သော မိမိ၏စိတ်ကို၊ **ပသာဒယံ**=ရတနာသုံးတန် ကံ+ကံ၏အကျိုး နှစ်မျိုးဘဝ ကျိုးဖလကို မုချခံ့တည် ယုံကြည်ကြောင်းဖြစ်သော သဒ္ဓါတရားဖြင့် ဖြောင့်မတ်ဖြူစင် ရွှင်လန်းကြည်လင် စေကြကုန်ရာ၏။ **ဓမ္မာဓမ္မံ**=ထင်ရှားစေကန် ဟုတ်မှန်ကျိုးစပ် **စစ်မှန်သောဓမ္မနှင့်** (ဝါ) ထင်ရှားစေကန် ဟုတ်မှန်သော ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်သော အဓမ္မဝါဒကို၊ **ဝိစာရေတွာ**=သမ္မာသမ္ဗုဒ္ဓ သာဝကတို့၏ ဥပနိဿရည်း ပစ္စည်းထောက်ကူ ကြားနာယူကာ သေချာစွာရွေးချယ် စိစစ်ကြကုန်ပြီး၍၊ **ဝါဒပါပကံ**=အဓမ္မဝါဒ နိစ္စကိန်းရာ သတ္တဝါကို လေးဖြာပါယ်ဘုံ ဒုက္ခဇုန်သို့ ခိုလှုံသွားရောက်စေတတ် သော မိစ္ဆာခေါ်ရ အဓမ္မဝါဒကို၊ **ဇဟန္တု**=သဒ္ဓါဗလဝ သောမဿဖြင့် ဓမ္မဝါဒ လက်ခံကြလျက် မင်္ဂလမ်းမှန် နိဗ္ဗာန်ရောက်ရေး ရှမျှော်တွေးကာ မနှေးလျှင်စွာ ရဲရဲကြီးစွန့်လွှတ်နိုင်ကြပါစေကုန်သတည်း။

ဘဒ္ဒန္တကဝိန္ဒာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
သဘာပတိဆရာတော်
နိုင်ငံတော်သီးခြားဝိနည်းမှုခုံရုံးအဖွဲ့အမှတ် (၁၇/၂၀၁၁)

http://www.dhammadownload.com


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအား တိုက်တွန်းခြင်း

ဤသို့အားဖြင့် (ဓမ္မ-အဓမ္မ) အငြင်းပွားမှုကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၇/၂၀၁၁) ဝိနည်းဓိုရ်ဆရာတော်များသည် စောဒနာလွှာများကို သေချာစွာလေ့လာကြည့်ရှုကြပြီး ပါဠိ, အဋ္ဌကထာ, ဋီကာအဖြာဖြာတို့နှင့်ညီနိုင်းလျက် ဖြစ်သင့်သည့်အတိုင်း ဆုံးဖြတ်ထားကြသော အဆုံးအဖြတ်ဖြစ်သည်။

ဤဝိနိစ္ဆယချမှတ်ပြီးသည့်အခါ အကောင်အထည်ဖော်ရာ၌ ချောမွေ့စေရေး ဝိနိစ္ဆယတည်ရှိရေး သာသနာတော်၏ ဆန့်ကျင်ဘက်အကျင့်တို့ကို ဆက်လက်မကျင့်စေရေးတို့သည် (ရာဇာပဓာန်) မင်းပြဋ္ဌာန်း၏ဆိုသည့်အတိုင်း အာဏာစက်လိုက်ပါဆောင်ရွက်မှသာဖြစ်ပေမည်။ ထို့ကြောင့် ပထမသင်္ဂါယနာတင်စဉ်အခါ၌ အဇာတသတ်မင်းကြီးသည် -

**သာဓု ဘန္တေ ဝိဿတ္ထာ ကရောထ၊ မယှံ အာဏာစက္ကံ၊ တုမှာကံ ဓမ္မစက္ကံ ဟောတု၊ အာဏာပေထ ဘန္တေ ကိံကရောမိ။** (ဝိ၊ ဋ္ဌ-၁၊ ၉။ ဒီ၊ ဋ္ဌ-၁၊ ၉)

အရှင်ဘုရားတို့ ကောင်းပါပြီ ရွံ့ရှာခြင်းကင်းသော နှလုံးရှိသည်ဖြစ်၍ ဆောင်ရွက်တော်မူကြပါ။ တပည့်တော်၏ အာဏာစက်ဖြစ်ပါစေ။ အရှင်ဘုရားတို့၏ ဓမ္မစက်ဖြစ်ပါစေ၊ အရှင်ဘုရားတို့စေခိုင်းတော်မူကြပါ။ အဘယ်ကိုပြုရပါမည်နည်းဟု လျှောက်ထားသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့်လည်း (အဓမ္မဝိနိစ္ဆယ) ဓမ္မစက်၏နောက်က အာဏာစက်လိုက်ပါဆောင်ရွက်ပေးပါရန် အထူးအားဖြင့် မေတ္တာ ရပ်ခံတိုက်တွန်းအပ်ပါသည်။

ဤသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအား မေတ္တာရပ်ခံတိုက်တွန်းပြီး၍ အောက်ပါအာသီသ ပတ္ထနာဂါထာဖြင့် (အဓမ္မဝိနိစ္ဆယ) နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည်-

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ အသဒ္ဓမ္မော ဝိနဿတု။**

**သဒ္ဓမ္မဂရုနော နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။**

**သဒ္ဓမော**=ပိဋကသုံးဖြာသာသနာတော်သည်၊ ဝါ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သုံးဝမှန်စွာ သာသနာတော်သည်၊ **စိရံ**=ကြာမြင့်စွာ (ဝါ) ငါးထောင်သာသနာ မြင့်ရှည်ကြာအောင်၊ **တိဋ္ဌတု**= ကောင်းစွာမသွေ တည်ပါစေသတည်း။ **အသဒ္ဓမ္မော**=သူတော်မဟုတ် သူယုတ်တို့၏တရားသည်၊ **ဝိနဿတု**=ပျောက်ပျက်ပါစေသတည်း။ (ဝါ) နေရောင်ထွက်က အမိုက်ပယ်ရှင်း အလင်းထွက်သကဲ့သို့ ပျက်ကွယ်ပပျောက်ပါစေသတည်း။ **သဗ္ဗေ**=အလုံးစုံကုန်သော၊ **ပါဏိနောပိ**=သက်ရှိထင်ရှား သတ္တဝါ အများတို့သည်လည်း၊ **နိစ္စံ**=အမြဲ၊ **သဒ္ဓမ္မဂရုနော**=သူတော်ကောင်းတရား အလေးထားကြကုန်သည် (ဝါ) သဒ္ဓမ္မသုံးဖြာ သာသနာကို ရှည်စွာတည်ရေး အလေးထားကြကုန်သည်၊ **ဟောန္တု**=ဖြစ်ကြပါစေကုန် သတည်း။ (ဝါ) သမ္မာဆန္ဒ သမ္မပ္ပဓာန် ဝီရိယဖြင့် ကြိုးစားစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

မိုးပြာဝိနိစ္ဆယ
http://www.dhammadownload.com

# အမှား၊ အမှန်ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| က | ၈ | အဖြစ်စေအပ် | မဖြစ်စေအပ် |
| ၁၇ | ၁၆ | (ထည့်ရန်) | (ထည့်ရန်) ဟူသောစကားကို ဖျက်ရန် |
| ၆၅ | အောက်ဆုံးကြောင်း | အမျှားအားဖြင့် | အပြားအားဖြင့် သိစေတော်မူ၏။ |
| ၈၉ | ၉ | ပထဝိယော | ပထဝိတော |
| ၉၉ | ၃၁ | အိုးခြမ်းခွဲ | အိုးခြမ်းကွဲ |
| ၁၃၈ | အောက်ဆုံးကြောင်း | ရေးသားထားခြင်းသည်တို့ကို | ရေးသားထားခြင်းတို့ကို |
| ၁၅၆ | ၁၂ | ပဝတ္တိတိပိ | ပဝတ္တာတီတိပိ |
| ၁၉၈ | ၂၃ | ခံနေရသူကိုလည်းင်း | ခံနေရသူကိုလည်းကောင်း |
| ၃၃၀ | ၂၀ | သမ္ဗမ္ဗိ | သဗ္ဗမ္ဗိ |
| ၃၃၀ | ၂၄ | မိမိတို့သည် | မိဘတို့သည် |
| ၄၂၂ | ၈ | မဟာဝိဟာဂရဝါသီ | မဟာဝိဟာရဝါသီ |
| ၄၂၄ | ၄ | ဟံသာဝတီမင်း | ဟံသာဝတီရောက်မင်း |
| ၄၂၆ | ၂၆ | ဆိုပါက ကြိုးစားရမည်ဖြစ်သည်။ | ဆိုပါက ပယ်ရှားရန်ကြိုးစားရမည်ဖြစ်သည်။ |
| ၄၂၈ | ၁၆ | သောမသဿဖြင့် | သောမနဿဖြင့် |
| ၄၂၉ | ၁၄/၁၇ | အဝမ္မဝိနိစ္ဆယ | အဝမ္မဝါဒဝိနိစ္ဆယ |
| ၄၂၉ | ၂၀ | သဒ္ဓမ္မော | သဒ္ဓမ္မော |

http://www.dhammadownload.com